# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၁၉၉၄

၂၂၄၇၃

# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၁၉၉၄

ပထမအကြိမ် ပုံနှိပ်ခြင်း၊ ၁၉၉၄ ခုနှစ်၊ အုပ်ရေ ၁၀,၀၀၀

အမှတ် ၅၂၉–၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊
စာပေဗိမာန်အဖွဲ့၊ စာတည်းမှူး ဦးဝင်းဖေ က
(မှတ်ပုံတင်အမှတ် ၄၁၆–ယာယီ) ဖြင့် ဗိုတိုလစ်သိုပုံနှိပ်စက်ရုံတွင်
ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၂၈၅–ယာယီ) ဖြင့် ထုတ်ဝေသည်။

# ကျမ်းဦးစကား

မြန်မာ့စွယ်စုံကျမ်းကြီးကို စာပေပညာရှင်တို့၏အကူအညီဖြင့် စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ရာ ၁၉၇၆ ခုနှစ်တွင် ၁၅ တွဲ ပြည့်သည်အထိ အောင်မြင်စွာ ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ အတွဲပြည့် ထုတ်ဝေပြီးသည့်တိုင် စာပေဗိမာန်သည် မြန်မာ့ရည်ညွှန်းစာပေ ထွန်းကားရေးတာဝန်ကို ဆတက်ထမ်းပိုး သယ်ပိုးသွားရန်လိုအပ်နေဆဲပင် ဖြစ်သည်ဟု ခံယူပါသည်။

ဤလူ့ဘောင်သမိုင်းစဉ်သည် မရပ်မနား ပြောင်းလဲရွေ့လျားနေလေသည်။ ၁၉၉၂ ခုနှစ်အတွင်း ဖြစ်ပျက်ခဲ့သော သမိုင်းစဉ်သည် ၁၉၉၃ ခုနှစ်နှင့် မတူနိုင်တော့ချေ။ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနယ်ပယ်ကို လေ့လာကြည့်ပါ။ ၁၉၉၂ ခုနှစ်က ပဋိပက္ခဖြစ်ခဲ့ကြရာမှ ၁၉၉၃ ခုနှစ်တွင် ငြိမ်းချမ်းရေးသို့ ရှေးရှုလာကြသည့် နိုင်ငံများလည်းရှိသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပြီးစ အချိန်မှစ၍ အရှိန်မြင့်လာခဲ့သော စစ်အေးတိုက်ပွဲသည်ပင်လျှင် သမိုင်းအလှည့်အပြောင်း တစ်ရပ်သို့ ဦးတည်နေပြီဖြစ်သည်။ အရှေ့နှင့် အနောက်ကို ပိုင်းခြားထားသည့် 'သံကန့်လန့်ကာ' အစိတ်အပိုင်း အချို့ ပွင့်လာကြပြီဖြစ်သည်။ စီးပွားရေးနယ်ပယ်ကိုလည်း လေ့လာကြည့်ပါ။ ကြွေးမြီပြဿနာပြေလည်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်လာသည့် ဖြစ်ရပ်လည်းရှိသကဲ့သို့ ကုန်သွယ်ရေးမညီမျှမှုကြောင့် အပြန်အလှန် ပိတ်ဆို့ တုံ့ပြန်နေကြသည့် ဖြစ်ရပ်လည်းရှိသည်။ စားနပ်ရိက္ခာဖူလုံရေးအတွက်ပင် အထူးကြိုးပမ်းနေရသည့် ဖြစ်ရပ်များရှိသည့်နည်းတူ ပြည်ပရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် တံခါးဖွင့်မူဝါဒကျင့်သုံးလာကြသည့် ဖြစ်ရပ်များလည်း ရှိသည်။ စီးပွားရေးနှင့် နိုင်ငံရေးသည် သဟဇာတဖြစ်ရသည့်သဘောရှိသည့်အလျောက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု များလည်း ၁၉၉၃ ခုနှစ်တွင် ထူးထူးခြားခြားဖြစ်ထွန်းသည်။ သိပ္ပံနှင့် စက်မှုနည်းပညာ၊ ဆေးပညာ၊ စာပေအနုပညာ၊ လူမှုရေးသိပ္ပံပညာ စသည့် နယ်ပယ်အသီးသီးတွင်လည်း တီထွင်ဆန်းသစ်မှုများ၊ တိုးချဲ့သုတေသနပြုမှုများ၊ ထူးခြား ပြောင်မြောက်သော ဖန်တီးမှုများ ပေါ်ထွန်းလျက်ရှိသည်။

သို့ဖြစ်၍ စွယ်စုံကျမ်းဖတ် ပရိသတ်များအား ယင်းသမိုင်းစဉ်များကို နောက်ဆုံးအခြေအနေထိ သုတေသနပြုလျက် မြန်မာ့စွယ်စုံကျမ်းကြီး၏ အဖြည့်ကျမ်းများအဖြစ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ၁၉၇၈ ခုနှစ်မှစ၍ နှစ်စဉ် ပုံနှိပ် ထုတ်ဝေခဲ့ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၄ ကို မြန်မာ့ရည်ညွှန်းကျမ်းများ စီစဉ်ရေးအဖွဲ့၏ ကူညီလမ်းညွှန် မှုဖြင့် ပြုစုပုံနှိပ်ထုတ်ဝေနိုင်ခဲ့သဖြင့် စာပေဗိမာန်က များစွာဝမ်းမြောက်ရပါသည်။ ရည်ညွှန်းကိုးကားလိုသူတိုင်း အတွက် လိုလေသေးမရှိအောင် ပြီးပြည့်စုံသည့် ရည်ညွှန်းကျမ်းအဆင့်ထိ ပြုစုနိုင်ခြင်းမရှိသော်လည်း အထိုက် အလျောက် အထောက်အကူပြုနိုင်သည့် ကျမ်းတစ်အုပ်အဖြစ် ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။

ယင်းသို့ ပြုစုပုံနှိပ်ထုတ်ဝေရာ၌ ကူညီလမ်းညွှန်ခဲ့ကြသူ စာပေပညာရှင်များနှင့် ပုံနှိပ်ပညာရှင်များကို အထူးကျေးဇူး တင်ရှိပါကြောင်း ဖော်ပြပါသည်။

**စာပေဗိမာန်**

# ဤကျမ်းကို မရှုစားမီ

ဖော်ပြပါလမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်းနှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်းတစ်ဆူအဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ပါမည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၄ ကို ယခင်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၃ ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း အများအပြားပါဝင်ပါသည်။

ဤကျမ်းသည် ၁၉၉၃ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၁၉၉၄ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။ ၁၉၉၄ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၅ ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည်ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်း ခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၉၃ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ် သတင်းလွှာများနှင့် ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် စက်မှု၊ သိပ္ပံ၊ ယဉ်ကျေးမှုနှင့် အခြား နှစ်ချုပ်အထူးဆောင်းပါးသုံးပုဒ် ပါဝင်ပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသောဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်းဖြစ်ပါသည်။ တတိယပိုင်း၌ ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၃ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာအကြောင်းများ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် သက်ဆိုင်ရာ တစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားလာသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင် ၁၉၉၃ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော နိုင်ငံတကာမှ ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို အကြောင်းမညီညွတ်၍ အတ္ထုပ္ပတ္တိအဖြစ် သီးခြားမဖော်ပြတော့ဘဲ ထင်ရှားသော ကွယ်လွန်သူပုဂ္ဂိုလ်များစာရင်းတွင်သာ ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကို ပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် (ဥပမာ – စွယ်စုံနှစ်ချုပ် ၁၉၉၃) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၄ ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။

**စာပေဗိမာန်**

# မာတိကာ


ကျမ်းဦးစကား

ဤကျမ်းကို မရှုစားမီ

အပိုင်း ၁

၁၉၉၃ ခုနှစ် ဖြစ်ရပ်များ .... .... .... .... .... .... .... ၁

အပိုင်း ၂

စက်မှု၊ သိပ္ပံ၊ ယဉ်ကျေးမှုနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ

—ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ .... .... .... .... ၃၄

—ပထမအကြိမ် မြန်မာ့ရိုးရာမြင်းခင်းသဘင် .... .... .... .... ၄၂

—နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏
၁၉၉၃ ခုနှစ် ဥပဒေ၊ နည်းဥပဒေများ .... .... .... .... ၅၅

—အမျိုးသားညီလာခံ (၁၉၉၃) .... .... .... .... .... ... ၆၂

—ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း .... .... .... ၇၁

—ဗိုင်းရပ်စ် အသည်းရောင်အသားဝါရောဂါ (ဘီ) .... .... .... ၈၁

—ကမ္ဘာ့စီးပွားရေး .... .... .... .... .... .... .... .. ၈၆

—မြန်မာနိုင်ငံနှင့် ကျန်းမာရေး စောင့်ရှောက်မှု
စနစ်အမျိုးမျိုး .... .... .... .... .. .... .... .... ၉၂

—လော့်ကားဥယျာဉ် .... .... .... .... ... .... .... ၁၀၆

အပိုင်း ၃

၁၉၉၃ ခုနှစ် အကြောင်းရပ်များ .... .... .... .... ... ၁၁၄

အက္ခရာစဉ်အညွှန်း ... . .... .... .... .... ... ၃၂၆

အပိုင်း – ၁

# ၁၉၉၃ – ခုနှစ် ဖြစ်ရပ်များ

၁၉၉၃ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံတကာမှ ထင်ရှားသည့် ဖြစ်ရပ်အချို့ကို သတင်းမှတ်တမ်းများအဖြစ် ရေးသားပြုစု ဖော်ပြထားပါသည်။



၂၇၀



၂၇၉

# မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် ( ၁၉၉၄ )

## မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များ




၂၆၆



၁၁၁





# ၁၉၉၃ ခုနှစ် ဖြစ်ရပ်များ

## ဇန်နဝါရီလ

၁ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ကုန်သွယ်ရေး ဝန်ကြီးဌာန ကုမ္ပဏီများ မှတ်ပုံတင်ရုံးက ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ ဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်ပြုခဲ့သမျှအရေအတွက် စုစုပေါင်းမှာ လီမိတက်ကုမ္ပဏီပေါင်း ၁၉၇၂ ခု၊ နိုင်ငံခြားကုမ္ပဏီရုံးခွဲပေါင်း ၁၇၆ ခုနှင့် အစုစပ်လုပ်ငန်းပေါင်း ၈၁၈ ခုဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

၄ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ၄၅ နှစ်မြောက်လွတ်လပ်ရေးနေ့ ဖြစ်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကိုဆက်ကပ်လှူဒါန်းအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် ၁/၉၃ ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များနှင့်ဂုဏ်ထူးဆောင် တံဆိပ်များအပ်နှင်းချီးမြှင့်သည့် အမိန့်ကြော်ငြာစာ အမှတ် ၂/၉၃ ကိုလည်းကောင်း၊စစ်မှုထမ်းကောင်း တံဆိပ် အပ်နှင်းချီးမြှင့်သည့် အမိန့်ကြော်ငြာစာ အမှတ် ၃/၉၃ ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်အပ်နှင်းချီးမြှင့်သည့် အမိန့်ကြော်ငြာစာ အမှတ် ၄/၉၃ ကိုလည်းကောင်း၊ ရဲမှုထမ်းကောင်းတံဆိပ်အပ်နှင်းချီးမြှင့်သည့် အမိန့်ကြော်ငြာစာ အမှတ် ၅/၉၃ ကိုလည်းကောင်း၊နိုင်ငံတော်ရဲမှုထမ်း တံဆိပ်အပ်နှင်းချီးမြှင့်သည့် အမိန့်ကြော်ငြာစာ အမှတ် ၆/၉၃ ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်း တံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး တံဆိပ်အပ်နှင်းချီးမြှင့်သည့် အမိန့်ကြော်ငြာစာအမှတ် ၇/၉၃ ကိုလည်းကောင်း၊ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၊ လွတ်လပ်ရေးနှစ်ပတ်လည်အောင်ပွဲနေ့တွင် ထုတ်ပြန်ကြေညာသည်။

အမျိုးသားညီလာခံကျင်းပ နေစဉ်



၅ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီ တော်မြတ်၏ကင်မွန်းစခန်းတောင်ခြေမှ ရသေ့တောင်ခြေသို့ မော်တော်ကားလမ်း သစ်ဖွင့်လှစ် သည်။

၅ မြန် မာ့ သ မ ဝါ ယ မ ကုန် စည်ပြပွဲ
၁၆ ဖွင့်ပွဲ အ ခမ်း အ နား ကို ရန် ကုန် မြို့ ဦး ဝိစာရ လမ်းရှိ တပ်မတော် ခန်းမ၌ ကျင်းပရာ သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မြသင်း တက်ရောက် ဖွင့်လှစ်ပေးသည်။ ပြပွဲတွင် ဗဟိုသမဝါယမအသင်း၊ သမဝါယမအသင်းစုများ၊ ကုန်ထုတ် သမဝါယမအသင်းများမှ သစ်တောထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ လယ်ယာထွက် ပစ္စည်းနှင့် စက်မှုလက်မှုပစ္စည်း အမျိုးပေါင်း ၁၀၀၀ ကျော်ခင်းကျင်းပြသ ရောင်းချခဲ့ရာ စာချုပ်များချုပ်ဆိုပြီး ရောင်းချရသည့် တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၃၃ သမ ၄၃၃၅ ဖြစ်သည်။

၇ အောင်ပန်း–ပင်ဒေ လောင်းရထားလမ်း သစ် ဖွင့်ပွဲကျင်းပသည်။

၉ အမျိုးသားညီလာခံကို နံနက် ၁၀ နာရီ ၃၅ မိနစ်တွင်ရန်ကုန်မြို့၊ သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။ ညီလာခံ သဘာပတိ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ သာသနာ ရေးဝန်ကြီးဌာန ဝန်ကြီး ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးညွန့် အဖွင့်မိန့်ခွန်း ပြောကြားသည်။

၁၁ အမျိုးသားညီလာခံကို ဇန်နဝါရီလ ၁၂ ရက်မှစတင်၍ ရပ်နားထားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁ ရက်နေ့တွင်ပြန်လည်ကျင်းပမည်ဖြစ်ကြောင်းကြေညာသည်။

၁၈ စင်ကာပူနိုင်ငံတွင် အ သက် ၁၈ နှစ်အောက် လူငယ်များကို စီးကရက် ဝယ်ယူခွင့်မပြုသော ဥပဒေကြမ်းတစ်ရပ်ကို ပါလီမန်သို့ တင်သွင်းသည်။

၁၉ လူဦးရေ ၁၀ သန်းရှိသော ဇင်ဘာဘွေ နိုင်ငံတွင် ၁ ဒသမ ၅ သန်းခန့်သည် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (အေအိုင်ဒီအက်စ်) ခံစားနေရကြောင်း စစ်တမ်းကောက်ယူချက် တစ်ရပ်တွင်ဖော်ပြသည်။

၂၀ ဗြိတိန် နိုင်ငံ အကောက်ခွန် ဝန်ထမ်းများသည် ၁၉၉၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါး ပေါင်ငွေသန်း ၅၀၀ (ဒေါ်လာသန်း ၇၇၀) ဖိုး ဖမ်းဆီးရမိခဲ့ရာ ၁၉၉၁ ခုနှစ်ထက် စံချိန်သစ် တင်ခဲ့ကြောင်း ကြေညာသည်။

၂၃ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်
၂၄ ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲကို မင်္ဂလာဒုံ တပ်မတော်ဂေါက်ကွင်း၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ် ကြီး သန်းရွှေကြည့်ရှုအားပေးပြီး ကိုယ်တိုင် ပါဝင် ယှဉ်ပြိုင်ကစားသည်။ ပြိုင်ပွဲတွင် တပ်မတော် (လေ) အသင်းကတံခွန်စိုက်ဒိုင်း ဆွတ်ခူးရရှိသွားသည်။

၂၃ အကြိမ် ၅၀ မြောက် ရွှေကမ္ဘာလုံး ရုပ်ရှင်ထူးချွန်ဆုကိုပေးအပ်ချီးမြှင့်ရာ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို "စကင့်အော့ဖ်အေရူး မင်း" ဇာတ်ကားက ရရှိပြီးအဆိုပါဇာတ်ကား တွင်ပါဝင်သည့် အယ်လ်ဖာစီနိုကအကောင်းဆုံး သရုပ်ဆောင်မင်းသားဆုကိုလည်းကောင်း၊ "ဟောင်းဝပ်ဒ်အင်း" ဇာတ်ကားမှ အမ်မာ သွမ်ဆန်က အကောင်းဆုံးသရုပ်ဆောင် မင်းသမီးဆုကို လည်းကောင်း၊ "အန်ဖော ဂစ်ဗင်" ဇာတ်ကားရိုက်ကူးသည့် ကလင့်အီစဝုဒ်က အကောင်းဆုံး ဒါရိုက်တာဆုနှင့် ဂျင်းဟက်မင်းက အကောင်းဆုံး ဇာတ်ပို့ဆုကိုလည်း ရရှိကြသည်။

၂၆ ကမ္ဘာ့လက်ဝှေ့ကောင်စီ (ဒဗလျူဘီစီ) ၏ ဆူပါလိုက်ဝိတ် ချန်ပီယံ မက္ကဆီကိုနိုင်ငံသား ဂျူလီယိုဆီဇာချာဗက်ဇ်သည် ချန်ပီယံသရဖူဆုကိုယနေ့အထိ ၁၂ နှစ် ၁၁ လ ၁၂ ရက် ကြာထိန်းထားနိုင်ခဲ့ခြင်းအတွက် လက်ဝှေ့သမိုင်းတွင် သရဖူကို ရှုံးပွဲမရှိအချိန်အကြာဆုံးထိန်းသိမ်းနိုင်သည့် လက်ဝှေ့သမား ဖြစ်လာသည်။

၃၀ နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေသည်အဖွဲ့ဝင်များလိုက်ပါလျက် ငမိုးရိပ် ရေလှောင်တမံစီမံကိန်း လုပ်ငန်းများ၊ ဇောင်းတူရေအားလျှပ်စစ် စီမံကိန်း လုပ်ငန်း၊ တောင်နဝင်း ရေလှောင်တမံ စီမံကိန်း လုပ်ငန်းနှင့် တဘူးလု (ဥက္ကံ) ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

# ဖေဖော်ဝါရီလ

၁ အမျိုးသားညီလာခံ အစည်းအဝေး ကိုကျိုက္ကဆံကွင်းအစည်းဝေးခန်းမ (၁) ဆရာစံခန်းမ၌ စတင်ကျင်းပသည်။ အစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက အမျိုးသားညီလာခံ ကျင်းပ ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။ ထို့နောက် အမျိုးသားညီလာခံ အစည်းအဝေးတွင် အစုအဖွဲ့အလိုက် ကျင်းပမည့် ဆွေးနွေးခန်းမများကို အခမ်းအနားမှူးက ရှင်းလင်းတင်ပြပြီးအစည်းအဝေးကို ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ အစည်းအဝေးသို့ တက်ရောက်လျက်ရှိကြသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အစုအဖွဲ့ ရှစ်ဖွဲ့ ခွဲကာ ဆွေးနွေးညှိနှိုင်း အစည်းအဝေးပွဲများကို သက်ဆိုင်ရာ ကိုယ်စားလှယ် အစုအဖွဲ့အတွက် သတ်မှတ်ထားသည့် အစည်းအဝေးခန်းမများ၌ ကျင်းပကြသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး မစ္စတာချန်ချီချင်းသည် အဖွဲ့ဝင် ၁၀ ဦးနှင့်အတူ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ပြည်ထောင်စု မြန် မာ နိုင် ငံ တော် နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေအား ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးအလည်အပတ် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာချန်ချီချင်း ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ကပြည်သူ့လွှတ်တော် အဆောက်အအုံ သံတမန်ခန်းမသို့ သွားရောက်တွေ့ဆုံဂါရဝပြုသည်။

ကမ္ဘာ့လက်ဝှေ့ကောင်စီ (ဒဗလျူဘီစီ)၏ ကမ္ဘာ့ဖယ်သာဝိတ်တန်း လက်ဝှေ့ သရဖူလုပွဲအဖြစ် လက်ရှိချန်ပီယံ ပေါလ်ဟော့ကင်ဆန်နှင့်စိန်ခေါ်သူ ရိုကာဒို

ဒီပီဒါတို့ ထိုးသတ်ခဲ့ကြရာ အင်္ဂလိပ်လက်ဝှေ့သမား ပေါလ်ဟော့ကင်ဆန်က စတုတ္ထအချီတွင်ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိသွားသည်။ ဤပွဲမှာ ချန်ပီယံဟော့ကင်ဆန်၏ တတိယအကြိမ် သရဖူကာကွယ်ပွဲဖြစ်သည်။ ချန်ပီယံဟော့ကင်ဆန်သည်နိုင်ပွဲ ၂၃ပွဲရှုံးပွဲတစ်ပွဲစံချိန်ထူထားသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့၌ကျင်းပမည့် တတိယအကြိမ်မြောက် နိုင်ငံတကာကုန်စည်ပြပွဲတွင် ပြသရောင်းချမည့် ကုန်စည်များ အကြိုခင်းကျင်းပြသပွဲနှင့် ပြည်ထောင်စုခုံးကျော်တံတားတည်ဆောက်မှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးသန်းရွှေသည် ရေဝတီတိုင်းသို့ လှည့်လည်သွားရောက်၍ စပါး၊ ငါး ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် စပါးသီးထပ်စိုက်ပျိုးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူလယ်သမားများနှင့်လည်း ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့တော်တွင် လူမျိုးရေးဝါဒနှင့် လူမျိုးခွဲခြားဆက်ဆံရေး ဝါဒဆန့်ကျင်ရေးလူထုဆန္ဒပြပွဲကို ကျင်းပရာ ပြင်သစ်လူထု ထောင်ပေါင်းများစွာ ပါဝင်ချီတက်ခဲ့ကြသည်။ချီတက်ပွဲကို ဦးဆောင်စည်းရုံးသူများက ကြေညာချက်တစ်ရပ်ထုတ်ပြန်ရာတွင် ပြင်သစ်နိုင်ငံက နိုင်ငံရေးခိုလှုံခွင့်ကိုလေးစားရန်၊ပြည်ပမှဝင်ရောက်နေထိုင်သူများအား ဆန္ဒမဲပေးခွင့်ပြုရန်နှင့် လူမျိုးခွဲခြားရေးရည်ရွယ်ချက်ဖြင့်ကျူးလွန်သည့်ရာဇဝတ်မှုများအတွက်ကြီးလေးသောပြစ်ဒဏ် သတ်မှတ်ပေးရန် တိုက်တွန်းထားသည်။

ထင်ရှားကျော်ကြားသော တင်းနစ်အားကစားသမားတစ်ဦးလည်းဖြစ်ပြီး လူ့အခွင့်အရေးတိုက်ပွဲနှင့်အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးတွင် ရှေ့တန်းမှပါဝင်ခဲ့သူလည်းဖြစ်သည့်အာသာအက်ရှ်ကွယ်လွန်သွားသည်။

အထက်မြန်မာပြည် ဒုတိယအကြိမ်မြောက် မြန်မာ့ရိုးရာနွားလှည်းနှင့်နွားအလှပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို မန္တလေးမြို့ ဆင်ဖြူကန် အားကစားပြိုင်ကွင်းကြီးတွင် ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်နှင့် ဝန်ကြီးများ တက်ရောက် ချီးမြှင့်ကြသည်။

ပြင်သစ်သမ္မတ မီးထရောင်းသည် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားသည်။ ၁၉၅၄ခုနှစ်၊ဒင်ဘင်ဖူး ခံတပ်တွင် ပြင်သစ်တို့ အရေးနိမ့်ပြီးနောက် အနောက်အုပ်စုခေါင်းဆောင်တစ်ဦးအနေဖြင့် ဗီယက်နမ်နိုင်ငံသို့ပထမဆုံးသွားရောက်ခြင်းဖြစ်သည်။ မီးထရောင်းသည် ဗီယက်နမ်ခရီးစဉ် အပြီးတွင် ကမ္ဘောဒီးယား နိုင်ငံသို့ ဆက်လက်ခရီးလှည့်ဦးမည်ဟု သိရသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌ ဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ သက်တော်(၈၁)နှစ်၊ သိက္ခာတော် (၆၁)ဝါသည် စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းဓမ္မနာဒ ကျောင်းတိုက်တွင် ၁၃၅၄ ခုနှစ်၊ တပို့တွဲ လပြည့်ကျော် ၃ရက်၊(၉-၂-၉၃) အင်္ဂါနေ့ ညနေ ၄ နာရီ မိနစ် ၄၀ အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာမီးရထားမှ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ် လေးဒေါင့်ကန်လမ်းနှင့် သုဝဏ္ဏလမ်းဆုံတွင် တည်ဆောက်ပြီးစီးသွားသော ပြည်ထောင်စုတံတားသစ်ကြီးဖွင့်ပွဲ အခမ်းအနားကို အဆိုပါတံတားကြီးထိပ်တွင် ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၂) ဗိုလ်ချုပ်တင်ဦး တက်ရောက်အားပေးသည်။

ဗဟိုဝန်ထမ်း တက္ကသိုလ်၌ ဖွင့်လှစ်သော ဆရာဝန်များ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၄) သင်တန်းဆင်းပွဲ အခမ်းအနားကို လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် အန်းတောခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု



ဗီယက်နမ်နိုင်ငံသို့ ပထမဆုံး
အကြိမ်ရောက်ရှိခဲ့သော
ပြင်သစ်သမ္မတ မီးထရောင်း
အား ဒင်ဘင်ဖူးခံတပ်တွင်
တွေ့ရစဉ်

တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ၁၉၉၃ ခုနှစ် (၄၆) နှစ် မြောက်ပြည်ထောင်စုနေ့ ညစာစားပွဲနှင့် ညစာစားပွဲကို အလုံလမ်းရှိ သမ္မတအိမ်တော်၌ ကျင်းပသည်။

၁၉၉၃ ခုနှစ် (၄၆) နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို ရန်ကုန်မြို့တော်ခန်းမနှင့် ပြည်သူ့ရင်ပြင်တို့၌ ကျင်းပသည်။ အခမ်းအနားတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မျိုးညွန့်က ဖတ်ကြားသည်။

အာရှပစိဖိတ်ဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ကြီး (အေပက်) ၏ အမြဲတမ်းအတွင်းရေးမှူးများအဖွဲ့ရုံးကို စင်ကာပူတွင် စတင်ဖွင့်လှစ်သည်။အဖွဲ့ဝင်

၁၅ ဦးပါဝင်သော ဒေသဆိုင်ရာ စီးပွားရေး အုပ်စု၏ ဒေသစီးပွားရေးရာ ကိစ္စများတွင် ပိုမိုသြဇာကြီးမားသော အခန်းကဏ္ဍမှ ပါဝင်ရေးကို တာစူလိုက်ခြင်းဖြစ်သည်။ အေပက်ကို၁၉၈၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ရည်ရွယ်ချက်မှာ ပစိဖိတ်သမုဒ္ဒရာနှင့် ဆက်စပ်လျက်ရှိသော ဒေသအတွင်းကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အားပေးရန်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံမနီလာမြို့တော်အရှေ့တောင်ဘက်မိုင်၂၂၀ခန့်ရှိမာယွန်မီးတောင်ကြီးသည်ထပ်မံပေါက်ကွဲခဲ့သည်။ မှုတ်ထုတ်လိုက်သောမီးခိုးပြာများသည်မီးတောင်ကြီးမှ အနောက်တောင်ဘက်ရှိ လူနေဒေသများ ပေါ် သို့ ကျ ရောက်  လျက် ရှိ သည်။ ဖေဖော်ဝါရီ ၂ ရက်နေ့က ယင်းမီးတောင်ပေါက်ကွဲခဲ့စဉ်ကလူ ၆၈ ဦးသေဆုံးခဲ့ရသည်။

၁၃ အိန္ဒိယနိုင်ငံဘုံဘေမြို့လူထုထောင်ပေါင်းများစွာတို့သည် တစ်နိုင်ငံလုံးတွင် လူ ၁,၇၀၀ ခန့် သေဆုံးခဲ့ရသော မကြာသေးမီက ဖြစ်ပွားခဲ့သည့် ဟိန္ဒူ–မွတ်ဆလင် သွေးထွက်သံယို အဓိကရုဏ်းဆန့်ကျင်ရေး အတွက် လက်ချင်းချိတ်ဆက်ဆန္ဒပြပွဲ တစ်ရပ် ကျင်းပခဲ့သည်။

၁၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၂) ဗိုလ်ချုပ်တင်ဦးနှင့်ဝန်ကြီးများသည်အကြမ်းဖက်သောင်းကျန်းသူများ၏ အကြောင်းမဲ့ ဝင်ရောက်တိုက်ခိုက် မီးရှို့ဖျက်ဆီးခြင်း ခံခဲ့ရသည့် ရှမ်းပြည်နယ်၊ လင်းခေးမြို့နယ် ပန်တဝိကျေးရွာသို့သွားရောက်ကာ ကျေးရွာသူ ကျေးရွာသား များအားတွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားပြီး နမ့်စန်မြို့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်း လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေး ခဲ့သည်။

(၃၄)ကြိမ်မြောက် မလေးရှားနိုင်ငံ၏ မာဒေးကား(လွှတ်လပ်ရေး)ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ကွာလာလမ်ပူတွင်ကျင်းပရာ အိမ်ရှင်မလေးရှားက တောင်ကိုရီးယားကို ၃ဂိုး ၁ဂိုး ဖြင့် အနိုင်ရရှိသွားသည်။

ဆိုက်ပရပ်နိုင်ငံ သမ္မတရွေးပွဲ ဒုတိယ အကြိမ်မဲပေးပွဲကျင်းပရာ ဝါရင့်လက်ယာ အုပ်စုခေါင်းဆောင်ဂလပ်ကော့စ်ကလာရိုက်က မဲအနည်းငယ်အသာဖြင့် အနိုင်ရရှိသွားသည်။ ၄င်းသည်နိုင်ငံရေးလောက၌ နှစ်၄၀ မျှ ကျက်စားခဲ့ပြီး အတွေ့အကြုံအများဆုံး ပုဂ္ဂိုလ်တစ်ဦးအဖြစ် လည်းကောင်း၊ ရှုပ်ထွေးပွေလီနေသော ဆိုက်ပရပ် ပြဿနာများ အပေါ် နားလည်မှုအရှိဆုံး ပုဂ္ဂိုလ်အဖြစ် လည်းကောင်းအများကလက်ခံသူဖြစ်သည်။

၁၅ ဖိလစ်ပိုင် အထက်လွှတ်တော်က ဖိလစ်ပိုင်နိုင်ငံတွင် သေဒဏ်ပြန်လည်ပြဋ္ဌာန်းရေးကို အတည်ပြု လိုက်သည်။ ဖိလစ်ပိုင်နိုင်ငံ၏ တရားရေးစနစ်တွင်ပြစ်ဒဏ်တစ်ရပ်အဖြစ်သေဒဏ်ချမှတ်ခြင်းကိုထည့်သွင်းရန်အထက်လွှတ်တော်က ထောက်ခံမဲ ၁၇ မဲ၊ ကန့်ကွက်မဲ ခုနစ်မဲဖြင့် အတည်ပြုလိုက်ခြင်းဖြစ်သည်။ ၁၉၈၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေက သေဒဏ်ချမှတ်ခြင်းကို ပယ်ဖျက်ခဲ့သည်။

၁၆ ပြည် ထောင် စု မြန် မာ နိုင် ငံ တော် နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ရန် ကုန် မြို့ အင်း လျား ကန် ဟို တယ် ၌ ခင်းကျင်း ပြသမည့် (၃၀) ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာ ပြပွဲအကြိုခင်းကျင်း ပြသမှုများကို ကြည့်ရှု စစ်ဆေးသည်။

၁၇ နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည် ဆော က် ရေး အ ဖွဲ့ သည် ကြေညာချက်အမှတ် ၁/၉၃ ဖြင့် ဗိုလ်မှူးချုပ် အေးဘယ်လ်အား အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးအဖြစ် လည်းကောင်း၊ ဗိုလ်ချုပ် မြသင်းအားပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးအဖြစ်လည်းကောင်း ပြောင်းလဲ ခန့်အပ်လိုက်ပြီး ကြေညာချက်အမှတ် ၂/၉၃ ဖြင့် ဗိုလ်မှူးချုပ် ဝင်းတင်အား ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဝန်ကြီးအဖြစ် လည်းကောင်း၊ ဦးသန်းအောင်အား  သမဝါယမဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးလိုက်သည်။ ထို့ပြင် အမိန့်ကြော်ငြာစာ အမှတ် ၁၂/၉၃ ဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာနကို (၁) အမျိုးသားစီမံကိန်းနှင့် စီးပွား ရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ (၂) ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာနအဖြစ်  ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၁၈–၂၁ ပြည်ထောင်စုမြန် မာ နိုင် ငံ တော် – အ စိုး ရ ၏ ဖိတ် ကြား ချက် အ ရ အင်ဒိုနီးရှား သမ္မတနိုင်ငံ ညှိနှိုင်းရေးဝန်ကြီး မစ္စတာရေဒီးယပ်စ်ပရာ ဝီရိုခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိလာသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသန်းရွှေသည် မစ္စတာရေဒီးယပ်စ်ပရာဝိရို ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဖေဖော်ဝါရီ ၁၉ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

၁၈ – ၂၇ အကြိမ် (၃၀) မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်၌ ခင်းကျင်း ပြသသည်။

၂၁ အာဂျင်တီးနား ဘောလုံးအဖွဲ့ချုပ် နှစ် ၁၀၀ ပြည့် အခမ်းအနားကို ကျင်းပရာဘောလုံးရူပါစတား ဒီဂိုမာရာဒိုနာအား အာဂျင်တီးနားဘောလုံးသမိုင်းတစ်လျှောက်လုံးတွင် အကောင်းဆုံးဘောလုံးသမားအဖြစ် သတ်မှတ်ရွေးချယ်ကာ ဆုတံဆိပ် ချီးမြှင့်လိုက်သည်။

၂၂ တောင်ကိုရီးယားသမ္မတအဖြစ် အရွေးခံထားရသော ကင်မ်ယုံဆမ်းသည် စီးပွားရေးကျွမ်းကျင်သူတစ်ဦးဖြစ်ပြီး အာဏာရပါတီ၏ မူဝါဒရေးရာအကြီးအကဲဖြစ်သူ ဟွမ်အင်ဆမ်းအား ဝန်ကြီးချုပ်အဖြစ် ခန့်ထားလိုက်သည်။ တောင်ကိုရီးယားနိုင်ငံ၏ အကျပ်တွေ့နေသော စီးပွားရေး ပြန်လည်ရှင်သန်လာစေရန် ကြိုးပမ်းချက် တစ်ရပ်အဖြစ် ထိုသို့ခန့်ထားလိုက်ခြင်း ဖြစ်သည်။

၂၄ – ၂၅ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ပြည်နယ်၊ တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့များ၏ ညှိနှိုင်းအစည်းအဝေးကိုကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေတက်ရောက်အမှာစကားပြော ကြားသည်။

၂၄ – ၂၆ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို အလုံလမ်း သမ္မတ အိမ်တော်ဝင်းအတွင်း ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင်နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာ၌ ပါဝင်သင့်သော အခန်းအလိုက်ခေါင်းစဉ်များ စာတမ်းကို အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ အသီးသီးက ဖတ်ကြားတင်ပြကြသည်။

၂၄ တောင်ကိုရီးယားနိုင်ငံတောင်ပိုင်း ပြည်နယ်မြို့တော် ကွမ်ဂျူးမြို့တွင် ကျောင်းသား၃၀၀ ခန့်က အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြပွဲတစ်ရပ်ပြုလုပ်ရာတွင် မီးလောင်ဗုံးများ ပစ်ခွဲပြီး တောင်ကိုရီးယားနိုင်ငံအားနိုင်ငံခြားဆန်စျေးကွက် ဖွင့်ပေးရေးအတွက် ဝါရှင်တန်က ဖိအားပေးနေမှု ရပ်စဲရန်ဆန္ဒပြ ကျောင်းသားများက ကြွေးကြော် တောင်းဆိုကြသည်။

၂၅ မစ္စတာကင်မ်ယုံဆမ်းသည် တောင်ကိုရီးယားသမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုကာ ရာထူးလက်ခံလိုက်သည်။ သမ္မတရာထူး လက်ခံသည့် အခမ်းအနားကို သမိုင်းတွင် လုံခြုံရေးအထူးထပ်ဆုံးချ၍ ကျင်းပသည်။

၂၆ နယူးယောက်မြို့ရှိ ကမ္ဘာ့ဒုတိယအမြင့်မားဆုံးအဆောက်အအုံကြီးဖြစ်ပြီး ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံကြီးလည်းဖြစ်သောအထပ် ၁၁၀ ရှိ အဆိုပါ အဆောက်အအုံကြီးတွင် ပေါက်ကွဲမှုကြီးတစ်ရပ်ဖြစ်ပွားခဲ့ရာ အဆောက်အအုံအုက်မြစ်မှစ၍ ထိပ်ဆုံးအထိတုန်ခါသွားခဲ့သည်။ ယင်းပေါက်ကွဲမှု၌ ငါးဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိသည်။ ထို့ပြင်လူ၁၀၀၀ ကျော်လည်း ဒဏ်ရာ ရရှိသွားသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
တည်ဆောက်ရေးအဖွဲ့နှင့်
ပြည်နယ်၊ တိုင်း
ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး
အဖွဲ့များ၏အစည်းအဝေး





**ပေါက်ကွဲမှုကြီးဖြစ်များခဲ့သော နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံအတွင်းမှ ဒဏ်ရာရသူ တစ်ဦးအား သယ်ထုတ်လာစဉ်**

တောင်ကိုရီးယား သမ္မတ သစ်ကင်မ်ယုံဆမ်းက ၄င်းနှင့် မိသားစု ပိုင်ဆိုင် သမျှ ပစ္စည်းဥစ္စာသည် ပေါင်ငွေ ၁ ဒသမ ၇၇ ဘီလီယံ ( ဒေါ်လာ ၂ ဒသမ ၂သန်း) ရှိကြောင်းဖြင့်ပြည်သူသို့ ထုတ်ဖော် ပြောကြားလိုက်သည်။ ယင်းသို့ထုတ်ဖော် ပြောကြားလိုက်ခြင်းသည် ၄င်း၏အစိုးရ သည် အဂတိလိုက်စားမှု ကင်းရှင်းသော၊ သန့်ရှင်းသော အစိုးရဖြစ်စေရမည်ဟု ရွေးကောက်ပွဲ မဲဆွယ်စဉ်က ပေးခဲ့သည့် ကတိကို အကောင်အထည်ဖော်ပြချက် တစ်ရပ်အဖြစ် ရှုမြင်ကြသည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်ချုပ် မောင်သင့်အား မြန်မာ နိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး မစ္စတာ အိုရီနို့ဂ်းက ဝန်ကြီး၏ ရုံးခန်းတွင် တွေ့ဆုံ သည်။ နည်းပညာပူးပေါင်းဆောင်ရွက်ရေး နှင့် နည်းပညာလွှဲပြောင်းရေးဆိုင်ရာ သင်တန်းများ အစ္စရေးနိုင်ငံတွင် တက်ရောက်ရေးနှင့် ဆင့်ပွားသင်တန်းများ မြန်မာနိုင်ငံတွင် လာရောက်ဖွင့်လှစ်ရေး ကိစ္စများကို ဆွေးနွေးကြသည်။

အနောက်အုပ်စု နိုင်ငံများတွင် ကျင့်သုံးသော ဥပဒေများထက် အချို့သော အင်ဒိုနီးရှားဥပဒေများသည်လူ့အခွင့်အရေးကို ပိုမိုအကာအကွယ်ပေးကြောင်း အင်ဒိုနီးရှား သမ္မတ ဆူဟာတိုက ပြောကြားလိုက်သည်။

ဗြိတိန်နိုင်ငံရှိ မိဘပြည်သူများအား တုန်လှုပ်ချောက်ချားသွားစေသည့်လူသတ်မှု တစ်ခုမှ အသတ်ခံရသူကလေးငယ်၏ အလောင်းကို သင်္ဂြိုဟ်လိုက်သည်။ ယင်းလူ သတ်မှုနှင့် ပတ်သက်၍ ၁၀ နှစ်ရွယ် လူငယ် နှစ်ဦးအား ပြန်ပေးဆွဲမှု၊ လူသတ်မှုဖြင့် အရေးယူလိုက်သည်။

သာသနာရေးဝန်ကြီးဌာန၊ သာသနာ တော်ထွန်းကားပြန့်ပွားရေး ဦးစီး ဌာန၏ ဖိတ်ကြားချက်အရ ရုရှား ဖယ်ဒ ရေးရှင်းမှ ရုရှား ဗုဒ္ဓဘာသာကိုဏ်းချုပ် ရှာဒါရောဗ်ဇာမြန်မီတီပိုဗစ်ရှ် ဦးဆောင် သော အဖွဲ့ဝင်နှစ်ဦးပါ ရုရှားဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက် ရှိသည်။

မြောက်ကိုရီးယား ကွန်မြူနစ်အစိုးရ ရုတ်တရက်ပြိုကွဲသွားပါက စီမံဆောင်ရွက် နိုင်ရန် ကြိုတင်မှုအစီအစဉ်တစ်ရပ်ကို ဂျပန် နိုင်ငံက တောင်ကိုရီးယား၊ အမေရိကန် တို့နှင့်အတူ ရေးဆွဲထားကြောင်းယိုမိယူရီ သတင်းစာကဖော် ပြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေသည် ရန်ကုန်တွင် ရောက်ရှိ နေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ရေးရာဝန်ကြီးဌာနဝန်ကြီး မစ္စတာ ချွေနိုင်ဖူးအား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပီကင်း မြို့တော်ရှိ တက္ကသိုလ်များတွင် တစ်နှစ် စိစစ်သင်တန်းမဆင်းမနေရ ပြဋ္ဌာန်းချက်ကို ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း တက္ကသိုလ် အာဏာပိုင်တစ်ဦးက ထုတ်ဖော်ပြော ကြားသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့၏ သတင်းထုတ် ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့်သည် ရန်ကုန်တွင်ရောက်ရှိ နေသော စင်ကာပူ ရုပ်မြင်သံကြားအဖွဲ့အား မြန်မာ့ရုပ်မြင် သံကြားနှင့် အသံလွှင့်ဦးစီးဌာနအစည်း အဝေးခန်းမတွင် လက်ခံတွေ့ဆုံသည်။

ကမ္ဘောဒီးယားကုလသမဂ္ဂ ငြိမ်းချမ်းရေး တပ်ဖွဲ့တွင် တာဝန်ထမ်း ဆောင်မည့် တပ်သားတစ်ဦး၌ အေအိုင် ဒီအက်စ်ရောဂါ ဖြစ်စေသော အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်ပိုး ကူးစက်နေသည်ကိုတွေ့ရပြီး နောက် ဖိလစ်ပိုင်တပ်မတော်ရှိ တပ်သား အားလုံးအား ရောဂါစစ်ဆေးရန် ကာကွယ်ရေး ဦးစီးချုပ်က အမိန့်ထုတ် ပြန်လိုက်သည်။

သမ္မတအဖြစ်တာဝန်ထမ်းဆောင် နေစဉ်အတွင်း နိုင်ငံရေးရန်ပုံငွေများ မိမိကောက်ခံမည် မဟုတ်ကြောင်း တောင်ကိုရီးယားသမ္မတကင်မ်ယွန်းဆမ်က



ရုပ်ရှင်၊ သဘင်၊ ဂီတ၊ အနုပညာ ရှင်များ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ တည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုနေကြစဉ်

ပြောကြားလိုက်ပြီးအဂတိလိုက်စားမှုများကို မိမိတို့ လူအဖွဲ့အစည်းမှ ဖယ်ရှားပစ်ရန် သန္နိဋ္ဌာန် ချထားကြောင်းထပ်လောင်း ပြောကြားလိုက်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး သန်းရွှေ အားပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းအမှတ်စဉ် (၂၄) နောက်ဆုံးနှစ် သင်တန်းသား၊ သင်ကန်းသူများက ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ မင်္ဂလာခန်းမ၌ တွေ့ဆုံ ဂါရဝပြုသည်။ ဂါရဝပြုအခမ်းအနားတွင် ဗိုလ်ချုပ်ကြီး သန်းရွှေက သြဝါဒစကား ပြောကြား သည်။

ဆိုမာလီပြည်သူများထံ ထောက်ပံ့ရေး ပစ္စည်းများပေးပို့ကူညီရေးနှင့် သောင်းကျန်း သူများလက်နက်ဖြုတ်သိမ်းရေး၌ တာဝန်ယူ ဆောင်ရွက်နေသော အမေရိကန် ဦးဆောင် သည့် တပ်များနေရာတွင် ကုလသမဂ္ဂတပ် များက မေလ ၁ ရက်နေ့မှစ၍ အစားထိုး တာဝန်ယူရေးကိုကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူထရိုစ်ဂါလီက လုံခြုံရေးကောင်စီသို့ အဆို ပြုလိုက်သည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ အနုပညာ ရှင်များသည် ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်း အတွင်းရှိ ဆည်မြောင်း တာတမံ တည်ဆောက်ရေးလုပ်ငန်းများ၊ ရေအား လျှပ်စစ်စီမံကိန်းလုပ်ငန်းများနှင့် ရန်ကုန်မြို့တော် ရေပေးဝေရေးလုပ်ငန်း များကို အထူးအစီအစဉ်အဖြစ် လှည့်လည် ကြည့်ရှု လေ့လာကြသည်။

ကနေဒါနိုင်ငံသား တာတိုအပြေး သမား ဘင်ဂျွန်ဆင် ၃၁ နှစ်သည် ၁၉၈၈ ခုနှစ် ဆိုးလ်အိုလံပစ်တွင် တားမြစ်ဆေး သုံးစွဲကြောင်း စစ်ဆေးတွေ့ရှိခဲ့ရ၍ ရရှိ ထားပြီး ရွှေတံဆိပ် ရုပ်သိမ်းခံရရုံသာမက တင်ထားသည့်စံချိန်များလည်းပယ်ဖျက်ခံရ သည်။ ၄င်းအား နိုင်ငံတကာပြေးခုန်ပစ် ပြိုင်ပွဲများမှ ရာသက်ပန် ထုတ်ပယ်ရန် နိုင်ငံ



နိုင်ငံတကာပြေးခုန်ပစ်ပြိုင်ပွဲများမှ
ရာသက်ပန်ထုတ်ပယ်ခံရသော
တာတိုအပြေးသမား
ဘင်ဂျွန်ဆင်

တကာ ပြေးခုန်ပစ် အဖွဲ့ချုပ်က ဆုံးဖြတ်လိုက်ကြောင်း အိုင်အေအေအက်ဖ်၏ ကြေညာချက်တွင် ဖော်ပြသည်။

၇ နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက် ရေးအဖွဲ့၊ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်များဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်မောင်ခင်နှင့် ဒုတိယ ဗိုလ်ချုပ်ကြီးတင်ထွန်းတို့ အမှူးပြုသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင်များသည် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်ကြပြီး ဘွဲ့တံဆိပ်တော်ရ ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ကြည်ညိုကြသည်။

စပိန်လယ်သမား ထောင်သောင်း သည် အမတော်ကြေး ပိုပေးရေးအတွက် မဒရစ်မြို့တွင် ဆန္ဒပြကြသည်။ ဆန္ဒပြရခြင်းသည် ဘုံဈေး(အီးစီ)ရှိအခြားနိုင်ငံများမှ လယ်သမားများနှင့် ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရက အကူအညီမပေးသည်ကို ပေါ်လွင်စေရန်ဖြစ်သည်ဟု ဆန္ဒပြပွဲစီစဉ်သူများက ပြောကြားသည်။

၈ နိုင် ငံ တော် ငြိမ် ဝပ် ပိပြား မှု တည် ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ် ချုပ်ကြီး သန်းရွှေသည် အမျိုးသား ပြတိုက် တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းများ၊ ပြည်ထောင်စု အေးရိပ်ငြိမ်နှင့် ပြည်သူ့ဥယျာဉ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၉ အ မျိုး သား ကျန်း မာ ရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်သည် ဗဟိုဝန်ထမ်းတက္ကသိုလ်၌ ဖွင့်လှစ်သော ဆရာဝန်များ အထူးမွမ်းမံ သင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

မီးသင့်၍ အများအပြားပျက်စီး သွားသည့် ဝင်ဆာရဲတိုက် ပြုပြင်ထိန်းသိမ်း ရေးအတွက်ရန်ပုံငွေထည့်ဝင်ရန် ဗြိတိန် ဘုရင်မ အယ်လီဇဘက်က ငြင်းဆိုကြောင်း၊ ပြည်သူများကသာ ကုန်ကျစရိတ်အားလုံး ထည့်ဝင်ကြလိမ့်မည်ဖြစ်ကြောင်း အော့ဗ်ဇာဗားသတင်းစာတွင် ဖော်ပြသည်။

အခွန်လွှဲရှောင်မှုဖြင့် အဖမ်းခံနေရသော ဂျပန်နိုင်ငံရေးလောကတွင် ဩဇာတိက္ကမ ကြီးမားသည့် ရှင်ကန်နီမာရူး၏ ရုံးခန်းအတွင်းတွင် ယန်းငွေတစ်ဘီလီယံ (ဒေါ်လာ ၈ ဒသမ ၅ သန်း) ဖိုးမျှရှိမည့် ရွှေချောင်းများနှင့် ငွေသားများ သိမ်းဆည်းထားသည်ကို တွေ့ရကြောင်း မအီနီချီ သတင်းစာကြီးက ရေးသားဖော်ပြလိုက်သည်။

၁၀ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ပြန်ဆိုသည့် ဘာသာပြန်သင်တန်း အမှတ်စဉ် (၂/၉၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ဗိုလ်တထောင်သတင်းစာတိုက်သင်တန်းခန်းမတွင် ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

၁၂ အိန္ဒိယဝန်ကြီးချုပ် နာရာဆင်ဟာရောင်း၏ သား၊ ဒါရိုက်တာအဖြစ် ဆောင်ရွက်သော ကုမ္ပဏီတစ်ခုသို့ တရင်းပျောက်ငွေရူဘီ သန်း ၂၀ ( ဒေါ်လာ ၆၄၅၀၀၀) ဘဏ်ချေးငွေတစ်ရပ်နှင့် စပ်လျဉ်း၍ ရဲအဖွဲ့က စုံစမ်းစစ်ဆေးသည်။

၁၃ ဆီ ယာ လီ ယွန် စစ် အ စိုး ရ သည် အာဏာ သိမ်းရန်ကြံစည်မှုတစ်ရပ်ကို ဖော်ထုတ်ဖြိုခွင်းလိုက်သည်။ ဆန်ကျင်ဘက် အာဏာသိမ်းအုပ်စုက ယူကရိန်းနိုင်ငံမှ လက်နက်ဝယ်ယူသည့်မိတ္တူတစ်စောင်သည် ကာကွယ်ရေးဝန်ကြီးဌာနသို့ မှားယွင်းရောက်ရှိလာခဲ့သောကြောင့် ယင်းသို့ဖြိုခွင်းနိုင်ခြင်းဖြစ်သည်။

၁၅ သက္ကရာဇ် ၂၀၀၀ အိုလံပစ်ပြိုင်ပွဲများ လက်ခံကျင်းပခွင့်ပေးရန် နိုင်ငံတကာ အိုလံပစ်ကော်မတီ (အိုင်အိုစီ) သို့ တင်ပြတောင်းခံထားသည့်အီတလီနိုင်ငံက တင်ပြတောင်းခံချက်ကို ပြန်လည်ရုပ်သိမ်းသည်။

၁၇ ချင်းပြည်နယ် မင်းတပ်မြို့ တောင်ပုလုပရိယတ္တိပဋိပတ္တိ တိုက်ခွဲ အတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ကမ္ဘာအေးကုန်းမြေဝိဇယမင်္ဂလာဝမ္မသဘင်၌ ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကိတ္တိ၊ မင်းတပ်မြို့ တောင်ပုလုပရိယတ္တိ ပဋိပတ္တိတိုက်ခွဲ ပဓာနဆရာတော် အရှင် ပညာသိရိတို့ ကြွရောက်တော်မူကြသည်။ ကုန်သွယ်ရေးဝန်ကြီးဌာနက ရုပ်မြင်သံကြားစက်တစ်လုံး၊ လွင်မိသားစု ဆောက်လုပ်ရေးလုပ်ငန်းပိုင်ရှင် ဦးမောင်မောင်လွင်–ဒေါ်စိန်စိန် မိသားစုက ငွေကျပ် ၁,၀၀,၀၀၀၊ ဖက်စပ်ကော်ပိုရေးရှင်းအမှတ်(၂)က ကျပ် ၁,၀၀,၀၀၀၊ စန္ဒပရဆေးမိသားစုက ကျပ် ၅၀,၀၅၀ အသီးသီး လှူဒါန်းသည်။

စပိန်နိုင်ငံ လီနာရက်စ်မြို့ စစ်တုရင် အကျော်အမော် ဂရင်းမာစတာများ၏ စစ်တုရင်ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံ ဂါရီကက်စပါရော့ဗ်က ၁၃ ပွဲ ၁၀ မှတ်ရကာ ဗိုလ်စွဲသည်။ ဆုကြေး ၆၇၄၅ ဒေါ်လာရရှိသည်။

၁၈ နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်၊ ဝန်ကြီးများနှင့် အဖွဲ့သည် စစ်ကိုင်းမြို့နယ် မင်းကွန်းတွင် ကျင်းပသော မင်းကွန်း ဆရာတော်ကြီး၏ အန္တိမအဂ္ဂိဈာပနပူဇာအခမ်းအနားသို့ တက်ရောက်ပူဇော်ကြသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းစိန်၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ၏ အထူးကိုယ်စားလှယ် အငြိမ်းစား ဗိုလ်မှူးကြီး အိုလီအာမက် ရန်ကုန်သို့ ရောက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေသည် ရန်ကုန်တွင်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်အငြိမ်းစားဗိုလ်မှူးကြီး အိုလီအာမက်အား ကာကွယ်ရေး ဝန်ကြီးဌာန၊ ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၂၁ ကမ္ဘာ့ လက်ဝှေ့ ကောင်စီ၏ ဖလိုင်းဝိတ်တန်း သရဖူလုပွဲအဖြစ် ချန်ပီယံ ရုရှား လက်ဝှေ့ကျော် ယူရီအာကာ ရှကောဗ်နှင့် စိန်ခေါ်သူ ထိုင်းလက်ဝှေ့သမား ကစ်တီကာဆမ်တို့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ထိုးသတ်ကြရာ နဝမအချီတွင် ဒိုင်ပွဲရပ်ဖြင့် ချန်ပီယံက အနိုင်ရသည်။

၂၂ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဦးစီးဖွင့်လှစ်သော စာကြည့်တိုက် ပညာသင်တန်း အမှတ်စဉ် (၁/၉၂)ဆင်းပွဲအခမ်းအနားကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အစည်းအဝေးခန်းမတွင်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မျိုးသန့် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

၂၃ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးသန်းရွှေသည် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမသို့ သွားရောက်၍ (၄၈)နှစ်မြောက် တပ်မတော်နေ့ပြပွဲ အကြိုခင်းကျင်းပြသမှုများကို ကြည့်ရှုစစ်ဆေးသည်။

မြောက်ကိုရီးယားနိုင်ငံက ပြောဆိုထားသည့်အတိုင်း ချူကလီးယား မပြန့်ပွားရေး စာချုပ်အဖွဲ့ဝင် အဖြစ်မှ နုတ်ထွက်လျှင် ကုလသမဂ္ဂက မြောက်ကိုရီးယားကို တစ်စုံတစ်ရာ အရေးယူမည်ဆိုပါက တရုတ်ပြည်က ဆန့်ကျင်မည်ဖြစ်ကြောင်း ကြေညာသည်။

၂၄ အစ္စရေးပါလီမန်အစည်းအဝေးက အစ္စရေးနိုင်ငံ၏ သတ္တမမြောက် သမ္မတအဖြစ် ဝိုက်ဇမန်း ၆၈ နှစ်အား ထောက်ခံ ၆၆ မဲ၊ ကန့်ကွက် ၅၃ မဲဖြင့် ရွေးချယ်လိုက်သည်။ ဝိုက်ဇမန်း၏ ဦးလေး ချိမ်းဝိုက်ဇမန်းသည် အစ္စရေးနိုင်ငံ၏ ပထမဆုံးသမ္မတအဖြစ် ၁၉၄၈ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ ဆောင်ရွက်ခဲ့ဖူးသည်။

၂၆ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံးက အစိုးရဝန်ထမ်း များ၏ လစာနှုန်း၊ ပင်စင်လစာနှင့် လုပ်ခများတိုး မြှင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ အမိန့်ကြော်ငြာစာအမှတ် (၁၅/၉၃) ကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းတင် လက်မှတ်ရေးထိုး၍ ထုတ်ပြန်သည်။

တိုက်ပွဲများကြောင့် ကယ်ဆယ်ရေး ပစ္စည်းများ မရောက်နိုင်ဖြစ်နေသည့် ဆိုမာလီနိုင်ငံတောင်ပိုင်းသည် ငတ်မွတ်ခေါင်းပါးလျက်ပင် ရှိနေဆဲဟု ကုလသမဂ္ဂ နိုင်ငံတကာကလေးများအရေးပေါ် ရန်ပုံငွေအဖွဲ့ (ယူနီဆက်) မှ အရာရှိတစ်ဦးက ပြောကြား သည်။

၂၇ (၄၈) နှစ် မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ဦးဝိစာရလမ်း၊ တော်လှန်ရေးပန်းခြံတွင် ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်ကြီးသန်းရွှေတက်ရောက် မိန့်ခွန်းပြောကြားသည်။

ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် ဆက်သွယ်သည့် ပြည်ထောင်စုရထားလမ်း ဖွင့်ပွဲ အခမ်းအနားကို ကယားပြည်နယ် လွိုင်ကော်မြို့ ဘူတာရုံဝင်းအတွင်း မင်္ဂလာမဏ္ဍပ်တွင်ကျင်းပသည်။

တရုတ်ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူးကျန်ဇီမင်းကိုတရုတ်ပြည်သူ့ ကွန်ကရက်လွှတ်တော်က သမ္မတအဖြစ် ရွေးချယ်တင်မြောက်လိုက်သည်။ ကျန်ဇီမင်းသည် ပါတီအကြီးအကဲ ရာထူးကိုလည်းကောင်း၊ နိုင်ငံတော်နှင့် စစ်ဘက်ဆိုင်ရာတို့တွင် နံပါတ်(၁) အကြီးအကဲ ရာထူးကို လည်းကောင်း ယူထားသည်။

၂၈ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်လီပင်းအား ဒုတိယ အကြိမ် ဝန်ကြီးချုပ်ရာထူးသက်တမ်း အတွက် ထပ်မံရွေးချယ်လိုက်ကြောင်း တရုတ်ပြည်လုံးဆိုင်ရာပြည်သူ့ကွန်ကရက် ဥက္ကဋ္ဌသစ် ရှောင်ချိုက ကြေညာသည်။

၂၉ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ (၂/၉၃) ညှိနှိုင်းအစည်းအဝေးကိုကာကွယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပသည်။ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေ တက်ရောက်အမှာစကားပြောကြားသည်။

ပြင်သစ်နိုင်ငံ ပါလီမန် ရွေးကောက်ပွဲများတွင် အတိုက်အခံကွန်ဆာဗေးတစ် ညွန့်ပေါင်းအဖွဲ့က အမတ်နေရာ ၅၇၇နေရာ ရှိသည့်အနက် ၄၈၄ နေရာ အနိုင်ရရှိသွားသဖြင့် သမ္မတ ဖရန်စွာမီးတရောင်းက ဝန်ကြီးချုပ်သစ်အဖြစ် ကွန်ဆာဗေးတစ် ရီပတ်ဘလစ်ပါတီမှ အီဒွပ်ဘယ်လာဒါ ၆၃နှစ် အား ရွေးချယ်လိုက်သည်။

# ဧပြီလ

၁ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး တင်ထွန်းအား အမေရိကန်ပြည်ထောင်စုအစိုးရ၏ မြို့ပြလေကြောင်းသံမှူး၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ (အက်ဖ် အေ အေ) ညွှန်ကြားရေးမှူး မစ္စတာဒေါ်နယ်ဗွိုရှမစ်က ဝန်ကြီးများရုံးတွင် တွေ့ဆုံနှုတ်ဆက် ဂါရဝပြုသည်။ ဒေသဆိုင်ရာ မြို့ပြလေကြောင်းကိစ္စရပ်များ၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သော အထောက်အကူများပေးလိုကြောင်း မစ္စတာရှမစ်က ဆွေးနွေးပြောကြားသည်။

အဖွဲ့ဝင် ၁၄ ဦး ပါဝင်သည့် တောင်အာဖရိက ခွဲစိတ်ဆရာဝန်များက ၁၀ လအရွယ် တင်ပါးဆုံချင်းဆက် အမြွှာညီအစ်မကို ကိတ်တောင်းမြို့၌ ၁၄ နာရီကြာ ခွဲစိတ်ရာတွင် အောင်မြင်စွာ ခွဲစိတ်ကုသပြီးစီးသည်။

ပြည်ထောင်စု မြန်မာ နိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေ (ယခု ဗိုလ်ချုပ်မှူးကြီး) သည် တာဝန်ပြီးဆုံး၍ ပြန်လည် ထွက်ခွာတော့မည့် မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တိုမိုယာကာဝါမူရာအား ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

ကမ္ဘောဒီးယားနိုင်ငံ မြောက်ပိုင်းတွင် ဗီယက်နမ်လူမျိုးများ ရက်စက်စွာ သတ်ဖြတ်ခံနေရရာ ၎င်းတို့အား အကာအကွယ်ပေးရန် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းသူများက အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကွယ်လွန်သူ ရုပ်ရှင်မင်းသား ဘရုစ်လီ၏ သား မင်းသား ဘရန်ဒွန်လီသည် "သည်ခရိုး" အမည်ရှိ ရုပ်ရှင်ဇာတ်ကားရိုက်ကူးစဉ် ဒသမ ၄၄ ပစ္စတို ကျည်ဆန် ထိမှန်၍ သေဆုံးသည်။

၃ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရန်ကုန်တွင် ရောက်ရှိနေကြသော အမေရိကန်ပြည်ထောင်စု အမျိုးသား လုံခြုံရေးကောင်စီ အဖွဲ့ဝင်ဟောင်း မစ္စတာ ဒေါနယ်အေမက်ဒေါနယ်၊ အောက်လွှတ်တော်အမတ်ဟောင်းများဖြစ်ကြသည့် မစ္စတာရောဘတ် အယ်လ်လက်ဂက်နှင့် မစ္စတာ ဆီမောဟယ်လ်ပန်းတို့ကို ကာကွယ်ရေးဝန်ကြီးဌာန၊ ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

မျူကလီးယား သို့မဟုတ် ဓာတုလက်နက်များ တည်ဆောက်ရန် သို့မဟုတ် ဝယ်ယူရန် အီရန်နိုင်ငံက ကြိုးပမ်းနေသည်ဆိုခြင်းမှာ မမှန်ကန်ကြောင်း အီရန်သမ္မတ ရပ်ဖ်ဆန်ဂျာနီက ထပ်လောင်းငြင်းဆိုလိုက်သည်။

၄ ခုခံအား ကျဆင်းမှု ကူးစက်ရောဂါ (အေ အိုင် ဒီ အက်စ်) ကုသဆေးတစ်မျိုးဖြစ်သော အေ ဇက် တီ ဆေးအာနိသင် အပေါ် သံသယရှိကြောင်း ဖော်ပြထားလင့်ကစား အေအိုင်ဒီအက်စ် လက္ခဏာများ ပေါ်လွင်မှု နှေးကွေးစေရန် အေဇက်တီဆေးကို ဆက်လက် သုံးစွဲသင့်ကြောင်း အမေရိကန် ပြည်ထောင်စုမှ သုတေသနပြုသူများက ပြောသည်။

၅ ရန်ကုန်တိုင်း အတွင်းရှိ ကုန်သည်ကြီးများကို ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်က ရန်ကုန်မြို့တော်ခန်းမတွင် တွေ့ဆုံ၍ ရှင်းလင်းပွဲ ပြုလုပ်သည်။ သိလစောင့်သော ကုန်သည်ကြီးများက ဆန်စျေးနှုန်းကို မတက်ဘဲ လျှော့ချရောင်းပေးသည့်နည်းဖြင့် ဒါနပြုလျှင် မြန်မာနိုင်ငံ အတွင်းရှိ လူအများစုက ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုကြမည် ဖြစ်ကြောင်း ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်က ရှင်းလင်းပွဲတွင် ပြောကြားသည်။

ရွေးကောက်ပွဲ ဆောလျင်စွာ ကျင်းပခြင်းက အီတလီနိုင်ငံ အစိတ်စိတ် အမြွှာမြွှာ ပြိုကွဲသွားနိုင်ကြောင်း အီတလီ ဆိုရှယ်လစ်များနှင့် ကွန်မြူနစ်ဟောင်းများက ပြောကြားလိုက်ပြီး လက်ရှိနိုင်ငံရေး အကျပ်အတည်းကို အစိုးရသစ် ဖွဲ့စည်းခြင်းဖြင့် ဖြေရှင်းရန် တိုက်တွန်းလိုက်သည်။

၆ ဒဂုံမြို့သစ် မြို့ဦးစေတီတော် တည်ဆောက်ရေး အုတ်မြစ်ချမင်္ဂလာ အခမ်းအနားကို ဒဂုံမြို့သစ် မြောက်ပိုင်းနှင့် တောင်ပိုင်း လမ်းဆုံအနီး စေတီ တည်ဆောက်မည့် နေရာတွင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ပြီး အုတ်မြစ်ချပေးသည်။

အီရတ်နိုင်ငံတွင် စီးပွားရေး သောင်းကျန်းသူများနှိမ်နင်းရေး တပ်ဖွဲ့ဝင်များက ကုန်ပစ္စည်းများ ဈေးတင် ရောင်းချမှု တိုက်ဖျက်ရေး အစီအစဉ်အရ ကုန်သည် ၃၀၀ ကို ဖမ်းဆီးလိုက်ကြောင်း ရိုက်တာ သတင်းက ဖော်ပြသည်။

၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေး အ ဖွဲ့ ဥ က္က ဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေ (ယခု ဗိုလ်ချုပ်မှူးကြီး) သည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးနှင့်တကွ တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေး လေဆိပ်သို့ ရောက်ရှိကြသည်။ ထိုမှတစ်ဆင့် ပြင်ဦးလွင်မြို့ တပ်မတော်ညှိဂေဟာသို့ ရောက်ရှိကြသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် အမျိုးသား ညီလာခံ ရပ်နားစဉ်ကာလအတွင်း နေရပ်ဒေသ အသီးသီးသို့ ပြန်လည်ထွက်ခွာကြမည့် အထူးဒေသ တိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသည့် "ဝ" တိုင်းရင်းသားခေါင်းဆောင် ဦးကျောက်ညီလိုင်၊ ရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးဆေထင်၊ ပအိုဝ်း တိုင်းရင်းသား ခေါင်းဆောင် ဦးအောင်ခမ်းထိ၊ ပန်ဝါ ဒေသ ကချင်တိုင်းရင်းသားခေါင်းဆောင် ဦးစခုံတိန်ယိမ်း၊ ကောင်းခါးဒေသ ကချင် တိုင်းရင်းသားခေါင်းဆောင် ဦးမထုနော်၊ ပလောင်တိုင်းရင်းသားခေါင်းဆောင် ဦးအိုက်မွန်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း တိုင်းရင်းသားခေါင်းဆောင် အဖွဲ့ဝင် ဦးချဲဗွီနှင့် ကိုးကန့်ဒေသ တိုင်းရင်းသား ကိုယ်စားလှယ် ဦးခင်မောင်စန်းတို့အား အင်းလျားလမ်းရှိ တပ်မတော်ညှိဂေဟာတွင် လက်ခံတွေ့ဆုံသည်။

၈ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေး အ ဖွဲ့ ဥ က္က ဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေ (ယခု ဗိုလ်ချုပ်မှူးကြီး) နှင့် အဖွဲ့ဝင်များသည် စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် စစ်တက္ကသိုလ် တိုးချဲ့စာပေဆောင်သစ်၊ ဗိုလ်လောင်းစုပေါင်း စားရိပ်သာသစ်၊ အောင်စစ်သည်ဆောင်နှင့် ဗိုလ်လောင်းအိပ်ဆောင် အခင်းအကျင်း နမူနာပုံစံတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့အပြင် အမှတ် (၁) အခြေခံ စစ်ဆေးရုံ တိုးချဲ့သုံးထပ်ဆေးရုံ အဆောင်သစ်၊ ပြင်ဦးလွင်မြို့နယ်ရှိ ဒိုးကွင် ကော်ဖီခြံတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

အမေရိကန် သမ္မတ ကလင်တန်၏ လက်ထောက်တစ်ဦးက စစ်တပ်ကို မထိမဲ့မြင်ပြုလုပ်ကြောင်း ဝေဖန်ပြောဆိုခဲ့သူကြည်းတပ် ဒုတိယဗိုလ်ချုပ်ကြီး ဘယ်ရီမက်ကက်ဖရီအား အမေရိကန်ပူးတွဲစစ်ဦးစီးအဖွဲ့၊ ရေရှည်စီမံကိန်းဌာန ညွှန်ကြားရေးမှူးအဖြစ် သမ္မတ ကလင်တန်က ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (အေ အိုင် ဒီ အက်စ်) ကို ဖြစ်ပွားစေသည့်



ဝတိုင်းရင်းသားခေါင်းဆောင်များ
အား အတွင်းရေးမှူး (၁) က
လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်

အိတ်ချ် အိုင် ဗွီ ပိုးရပ်စ်ပိုး ကူးစက်နေသူ အမျိုးသမီးများသည် ၄င်းတို့၏ ရင်သွေးငယ်များကို နို့ချိုတိုက်ကျွေးခြင်းဖြင့် ရင်သွေးငယ်သို့ အိတ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ပြန့်ပွားနိုင်ကြောင်း လန်ဒန်မြို့က ထုတ်ပြန်သည့် လေ့လာချက်စာတမ်းတစ်ခုတွင် ဖော်ပြပါရှိသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေး အ ဖွဲ့ ဥ က္က ဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေ (ယခု ဗိုလ်ချုပ်မှူးကြီး)၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် စစ်တက္ကသိုလ်အမှတ်စဉ် (၃၄) ဗိုလ်လောင်းသင်တန်း ကျောင်းဆင်း ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေး အ ဖွဲ့ ဥ က္က ဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေ (ယခု ဗိုလ်ချုပ်မှူးကြီး) ဇနီးနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ မြနန်းစံကျော် ရွှေနန်းတော်ကြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းခွင်သို့သွားရောက်ကြည့်ရှု စစ်ဆေးသည်။ ထို့နောက် တကောင်းမြို့ဟောင်းတွင် တူးဖော်တွေ့ရှိသော ရွှေရုပ်ကြွ ဗုဒ္ဓရုပ်ပွားတော်၊ ရွှေပြားအပိုင်းအစနှင့် အုတ်ခွက်ဘုရားအားကြည့်ရှုလေ့လာ ကြည်ညိုသည်။ တစ်ဖန်ရန်ကင်းတောင် ငါးရံ့မင်း ဂူဘုရား၊ ပန်းပေါင်း မုနိရုပ်ရှင်တော် ဆုတောင်းပြည့်မြတ်စွာဘုရားနှင့် မန္တလေးတောင်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြသည်။ ညနေပိုင်းတွင် မဟာမုနိ ရုပ်ရှင်တော်၊ ရွှေကျီးမြင် စေတီတော်နှင့် နန်းမြို့ဆုတောင်းပြည့်ဘုရားများအား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

ဒါကာမြို့တွင် ကျင်းပသည့် တောင်အာရှ ခုနစ်နိုင်ငံ ထိပ်သီး ဆွေးနွေးပွဲသို့ တက်ရောက်လာသော အိန္ဒိယ ဝန်ကြီးချုပ် နာရာဆင်ဟာရောင်းအား သောင်းချီရှိသည့် မွတ်ဆလင်လူထုကြီးက ဆန္ဒပြကြသည်။

နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက် ရေး အ ဖွဲ့ ဥ က္က ဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေ (ယခု ဗိုလ်ချုပ်မှူးကြီး) နှင့် အဖွဲ့ဝင်များသည် မတ္တရာမြို့နယ် ဆည်တော်ကြီး ရေလှောင်တမံစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။ တာဝန်ရှိသူများက ဗိုလ်ချုပ်ကြီး သန်းရွှေအား ရေလှောင်တမံစီမံကိန်းနှင့် စပ်လျဉ်းသော ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ရွှေဘိုမြို့ရှိ အလောင်းမင်းတရားကြီး၏ ပြန်လည်မွမ်းမံပြင်ဆင်ထားသော နန်းဦးအောင်မြေနေရာ၊ အလောင်းမင်းတရားကြီး တည်ဆောက်ခဲ့သော မဟာနန္ဒာကန်တော်တို့ကို သွားရောက် ကြည့်ရှု စစ်ဆေးသည်။ ထို့နောက် မြင်းမူမြို့နယ် ညောင်ပင်ဝန်းတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း၊ ချောင်းဦးမြို့နယ် နွယ်ခွေရေလှောင်တမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဘုတလင်မြို့နယ် "တွင်း" ကျေးရွာရှိ အကာဗိဝ ဆေးဝါး ထုတ်လုပ်ရေး စီမံကိန်းလုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

တောင်အာရှ ခေါင်းဆောင်များ၏ နှစ်ရက်ကြာ ထိပ်သီးအစည်းအဝေး ပြီးဆုံးသည်။ ထိုအစည်းအဝေးက ကုန်သွယ်မှုဆိုင်ရာသဘောတူညီမှုတစ်ရပ်ချမှတ်နိုင်ပြီး တောင်အာရှအား စီးပွားရေး အင်အားကြီး ဒေသတစ်ခု အဖြစ် ပြောင်းလဲပစ်ရန် တိုက်တွန်း လိုက်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးသန်းရွှေ (ယခု ဗိုလ်ချုပ်မှူးကြီး)နှင့်အဖွဲ့ဝင်များသည်

မုံရွာ၊ ရေစကြို၊ ပခုက္ကူမြို့များရှိ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့ပြင် ပွင့်ဖြူမြို့နယ်ရှိ စနှဲကူးနံ့သာကျောင်းတော်ရာ စေတီတော်ကို ဖူးမြော်ကြည်ညိုသည်။ ထို့နောက် မိတ္ထီလာမြို့ တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကျော်ဂျီယာ ခေါင်းဆောင် အက်ဒွပ်ရှီဗာနာဒဇေသည် ရုရှားအား ဆန့်ကျင်သည့် နိုင်ငံရေးတပ်ဦး ဖွဲ့စည်းရေး ဦးတည်ဆွေးနွေးရန် ယူကရိန်းသို့ ရောက်ရှိသည်။

၁၃ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေ (ယခု ဗိုလ်ချုပ်မှူးကြီး) နှင့် အဖွဲ့သည် မိတ္ထီလာမြို့ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ၊ လေကြောင်းအတတ်သင် လေတပ်စခန်း၊ မိတ္ထီလာမြို့နယ်၊ အမြောက်နှင့် သံချပ်ကာ ယန္တရားကျောင်းများကို ကြည့်ရှု စစ်ဆေးသည်။ သာစည်မြို့နယ်၊ စမုံရေထိန်းတမံ စီမံကိန်းကိုလည်း ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပျဉ်းမနားမြို့သို့ ရောက်ရှိကြသည်။ နယ်မြေခံတပ်ရင်းဧည့်ရိပ်သာတွင် တာဝန်ရှိသူများက ဆည်မြောင်းတည်ဆောက်ရေးလုပ်ငန်းများနှင့် ပျဉ်းမနား–ပင်လောင်းလမ်း၊ ပျော်ဘွယ်–ဘုရားငါးဆူလမ်း၊ နတ်မောက်–ပျော်ဘွယ်လမ်း၊ ပျဉ်းမနား–တောင်တွင်းကြီးလမ်းများ ဖောက်လုပ်မှုလုပ်ငန်းများကို ဗိုလ်ချုပ်ကြီး သန်းရွှေအား ရှင်းလင်း တင်ပြကြသည်။

ဝန်ကြီးချုပ် နဝပ်ရှရစ်၏ အကြပေးပုဂ္ဂိုလ် ရိုးဒက်ခန်းသည် ပါကစ္စတန်အစိုးရအဖွဲ့မှ ထပ်မံနုတ်ထွက်သွားသည်။ တစ်ပတ်အတွင်း အစိုးရအဖွဲ့မှ နုတ်ထွက်သွားသည့် ဝန်ကြီးရှစ်ဦးရှိသည်။

၁၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေ (ယခုဗိုလ်ချုပ်မှူးကြီး) နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ ပေါင်းလောင်း ချောင်းပေါ်တွင် တည်ဆောက်ရန်လျာထားသည့် ရေကာတာရှိမည့်နေရာကို ရဟတ်ယာဉ်ဖြင့် စစ်ဆေးသည်။ ထို့နောက် ငလိုက် ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။

ကုလသမဂ္ဂက သစ်များ တင်ပို့ရောင်းချခြင်း မပြုရန် တားမြစ်ထားသည်ကို ချိုးဖောက်ပြီး ကမ္ဘောဒီးယားနိုင်ငံမှ သစ်များ တရားမဝင် တင်ပို့ရာတွင် ထိုင်းနိုင်ငံက အများဆုံး လက်ခံရယူနေကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ အဲရစ်ဖော့က ပြောကြားသည်။

ရဟူဒီ ဘုရားရှိခိုးကျောင်း အတွင်းရှိ ‘အပြန်’ အမည်ရှိ မတ်ချာဂေါလ်၏ ဆီဆေးပန်းချီကား တစ်ချပ်ကို အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့၌ ဒေါ်လာ ၁၆,၅၂,၅၀၀ ဖြင့် လေလံတင်ရောင်းချလိုက်သည်။

၁၅ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေး အဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေ (ယခုဗိုလ်ချုပ်မှူးကြီး) နှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်း၌ တောင်ငူမြို့ပတ်ဝန်းကျင်ရှိ တည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် မွန်းလွဲပိုင်းတွင်ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြသည်။

တရုတ် ထိပ်တန်း ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်၏ ဘဝနှင့် အတွေးအခေါ်များကို ဂုဏ်ပြုရေးသားထားသော အတွဲ ၂၀ စာအုပ်ကိုထုတ်ဝေလိုက်သည်။

၁၇ အိမ်နီးချင်းအိရတ်နိုင်ငံကို ဆန့်ကျင်ကာ အနောက်အုပ်စုလိုလားသော နိုင်ငံရေး လမ်းစဉ်ကို ချမှတ်ကျင့်သုံးသူ တူရကီသမ္မတ တာဂတ်အိုဇယ် (၆၆) နှစ်သည် အန်ကာရာမြို့ ဆေးရုံတစ်ရုံတွင် နှလုံးရောဂါကြောင့် ကွယ်လွန်သည်။

ကင်ဆာရောဂါဆိုင်ရာ သုတေသီ အသက် ၈၂ နှစ်ရှိ ဒေါက်တာ ဒင်းနစ်ဘားကစ်သည် လေသင်တုန်းဖြတ်ခံရပြီးနောက် ကွယ်လွန်သည်။

၁၈ ပါကစ္စတန်သမ္မတ ဂူလမ်အိရှတ်ခန်နှင့် ဝန်ကြီးချုပ် နဝပ်ရှရစ်ဖ်တို့၏ အာဏာလုပွဲ အထွတ်အထိပ် ရောက်ပြီးနောက် သမ္မတ အိရှတ်ခန်က ဝန်ကြီးချုပ် ရှရစ်ဖ်၏ အစိုးရအဖွဲ့အား ဖယ်ရှားလိုက်ပြီး ပါလီမန်ကို ဖျက်သိမ်းလိုက်သည်။

၁၉ ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် မြန်မာ့လက်နက်ကိုင်တပ်ဖွဲ့များမှ အဆင့်မြင့်အရာရှိများအတွက် နည်းပညာပြန့်ပွားရေး သင်တန်းဖွင့်ပွဲကို အမှတ် (၂) တပ်မတော်ဆေးရုံခုတင် (၅၀၀) ရောဂါရှာဖွေရေး အဆောက်အအုံ၌ ကျင်းပသည်။ စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက် အမှာစကားပြောကြားသည်။

၂၀ ပထမ အကြိမ်မြန်မာ့ရိုးရာ မြင်းခင်းသဘင်ကျင်းပရေးညှိနှိုင်းအစည်းအဝေးကို ကျိုက္ကဆံ အားကစားကွင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ အစည်းအဝေးခန်းမတွင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အမှာစကား ပြောကြားသည်။

ကမ္ဘာ့ပတ်ဝန်းကျင် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေး အသင်းသစ်တစ်ခုဖြစ်သော နိုင်ငံတကာ ကြက်ခြေစိမ်းအသင်း အမှုဆောင်ကော်မတီ အစည်းအဝေးကို ဂျပန်နိုင်ငံ ကျိုတိုမြို့တွင် ကျင်းပသည်။ ယခင် ဆိုဗီယက် သမ္မတဟောင်း ဂေါ်ဘာချော့ တက်ရောက် မိန့်ခွန်းပြောသည်။

၂၁ ကမာရွတ် လှည်းတန်း လမ်းမကြီးမှ အင်းစိန်မြို့နယ်ဒညင်းကုန်းလမ်းမကြီးသို့ ဆက်သွယ်ဖောက်လုပ်ထားသော အရှည် ခြောက်မိုင် သုံးဖာလုံရှိ ဘုရင့်နောင်ခြောက်လမ်းသွားတိုးချဲ့ ကတ္တရာလမ်းမကြီး ဖွင့်ပွဲအခမ်းအနားကို အဆိုပါလမ်းမကြီးပေါ်ရှိ ရိုးကြီးချောင်းတံတားအနီး မှန်ဦးတွင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက်သည်။

၂၂ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနနှင့် Ben Foods Ltd. တို့ပူးပေါင်း၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် အကောက်ခွန်လွတ်ဆိုင်ကြီး ဖွင့်လှစ်သည့် အခမ်းအနားကို ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)



ရာထူးမှ နုတ်ထွက်သွားသော
အီတလီဝန်ကြီးချုပ် အမာတို

ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး အမှူးပြု၍ ဝန်ကြီးများ၊ တာဝန်ရှိ သူများတက်ရောက်ကြသည်။

ပါကစ္စတန်ကြားဖြတ် အစိုးရ ဝန်ကြီးချုပ် မာဇာရီကမိမိ၏ တာဝန်မှာ ပါကစ္စတန်၏ နိုင်ငံရေး ဒဏ်ရာဒဏ်ချက်များကို ကုစားပေးရန်၊ အဂတိကင်းသော အစိုးရထူထောင်ပေးရန်နှင့် အစိုးရကအကြမ်းဖက်ဝါဒကျင့်သုံးနေသည်ဆိုသော စွပ်စွဲချက်များကို ချေဖျက်သွားရန် ဖြစ်ကြောင်းသတင်းထောက်များအား ပြောကြားသည်။

အီတလီနိုင်ငံရေးပြုပြင်ပြောင်းလဲရန် ပြည်သူတို့က တစ်ခဲနက် ဆန္ဒမဲပေးပြီးနောက် လေးရက်အကြာ ဤနေ့တွင် ဝန်ကြီးချုပ် အမာတိုက ရာထူးမှနုတ်ထွက်ကြောင်း ကြေညာသည်။

၂၃ အဆုတ် ရောဂါကြောင့် ကမ္ဘာ တစ်ဝန်းလုံးတွင် နေ့စဉ် လူ ၉၀၀၀ ခန့် သေဆုံးလျက်ရှိသည်။ ရောဂါဖြစ်မည့် လက္ခဏာကို ဂရုမစိုက်ဘဲနေမှုနှင့် ဆေးဝါးအလုံအလောက် မရှိမှုတို့သည် အဆုတ်ရောဂါဖြင့် သေဆုံးရခြင်း၏ အကြောင်းအချက်များဖြစ်ကြောင်း လန်ဒန်တွင်ကျင်းပသော နိုင်ငံတကာ အဆုတ်ရောဂါညီလာခံ၌ ဆရာဝန်များက ပြောသည်။

ကွယ်လွန်သွားသော တူရကီသမ္မတ ဘာဂွတ်အိုဇယ်၏ နေရာကို ဆက်ခံရန် ဝန်ကြီးချုပ် ဆူလေမန်ဒီမိရယ်အား ရွေးချယ်လိုက်သည်။

၂၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်အေး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများ လိုက်ပါလျက် ဇဟိုဝန်ထမ်းတက္ကသိုလ်၊ ငမိုးရိပ်ရေလှောင်တမံစီမံကိန်း၊ အမှတ်(၄) လမ်းမကြီး မွမ်းမံတိုးချဲ့ပြင်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်တိုင်း၊ လေးခရိုင်ရှိ ဝန်ထမ်းပေါင်းစုံသမဝါယမအသင်းလီမိတက်များ၏ (ဂျီးအီးစီ) အရောင်းဆိုင်များ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

၂၅ ပြည်ထောင်စု မြန်မာ နိုင်ငံတော် အစိုးရ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်ဆွေ၏ ဖိတ်ကြားချက်အရ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဗူခွမ်းသည် ဤလ ၂၈ ရက်အထိ လည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

တရုတ်ပြည်၊ ဖူကျန်ကမ်းရိုးတန်း ဒေသတွင် လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း ရက်စက်ကြမ်းကြုတ်သော နည်းလမ်းများကို အသုံးပြု၍ သင်္ဘောများကို တိုက်ခိုက်ခြင်း၊ ခရီးသည်များကို ကျောက်တုံးများတွင် ပူးတွဲချည်နှောင်ကာ ရေထဲပစ်ချခြင်း ဖြစ်မှုများကို ကျူးလွန်ခဲ့ကြသည့် ပင်လယ်ဓားပြကိုးဦးအား သေဒဏ်စီရင်လိုက်သည်။

၂၇ ရန်ဘက်နှစ်နိုင်ငံဖြစ်သော ထိုင်ဝမ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် နှစ်ရက်ကြာ ဆွေးနွေးပွဲကို စင်ကာပူတွင် စတင်ကျင်းပသည်။ ၁၉၄၉ ခုနှစ်နောက်ပိုင်း နှစ်နိုင်ငံ အဆင့်မြင့် ဆွေးနွေးပွဲဖြစ်သည်။

၂၈ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ပဲခူးမြို့မ ဆရာတော် ဘဒ္ဒန္တဉာဏာစာရ (သက်တော် ၉၇ နှစ်၊ သိက္ခာတော် ၇၇ ဝါ) သည် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တာဝန်ရှိသူများ လိုက်ပါလျက် တပ်မတော်ဆေးရုံကြီး ဇေတဝန်ဆောင်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ပဲခူးမြို့မဆရာတော် ဘုရားကြီး ဘဒ္ဒန္တဉာဏာစာရအား သွားရောက် ဖူးမြော်ကန်တော့သည်။

၂၆ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နှင့် ဇနီးတို့သည် တာဝန်ရှိသူများလိုက်ပါလျက်စစ်တွေမြို့သို့ ရောက်သည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အနောက်ပိုင်းတိုင်းစစ် ဌာနချုပ်အစည်းအဝေးခန်းမတွင် ဒေသခံ တာဝန်ရှိပုဂ္ဂိုလ်များအားတွေ့ဆုံကာနိုင်ငံရေး၊ စီးပွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည်။ ရခိုင်ပြည်နယ်ဗုဒ္ဓ ပြတိုက်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှု စစ်ဆေးသည်။ ဗိုင်းရှခင်းသာ တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ထားမှုများနှင့် ဆိပ်ကမ်းသာယာလှပရေး ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်စစ်ဆေးသည်။

တန်ဖိုးလေးငါးသန်းမျှရှိသည့် ထိုင်းနိုင်ငံသုံး ဘတ်ငွေအတုများ ကမ္ဘောဒီးယားသို့ လိမ့်ဝင်နေကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲ မတိုင်မီ စီးပွားရေး အကျပ်အတည်းတစ်ရပ် ပေါ်ပေါက်လာနိုင်ကြောင်း ဖနွမ်းပင် အစိုးရက ပြောကြားသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ရမ္မာဝတီရိပ်သာတွင် တပ်မတော်အရာရှိများနှင့် ဇနီးများအား တွေ့ဆုံပြီး လက်ဆောင်ပစ္စည်းများပေးအပ်သည်။ ထို့နောက်

## ၁၉၉၃ ခုနှစ် ဖြစ်ရပ်များ

ဗိုလ်ချုပ်မှူးကြီးသည် အဖွဲ့ဝင်များလိုက်ပါလျက် ဘူးသီးတောင်၊ ကျောက်တော်မြို့များသို့သွားရောက်၍နယ်မြေခံတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး၊ လိုအပ်ချက်များကို ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးသည်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့သည် မဟာမုနိ သီရိပဝရသကျ မာရဇိန်ရုပ်ပွားတော်မြတ်အား ပူဇော် ကန်တော့သည်။ ကုံလုံဆရာတော်ဘုရားကြီး လှူဒါန်းငွေများဖြင့် မဟာမုနိရုပ်ပွားတော်အတွက် ပူဇော်ပြုလုပ်ထားသည့် ရွှေစလွယ်တော်ကို ရုပ်ပွားတော်မြတ်အား ဆက်ကပ် လှူဒါန်းသည်။

တောင်အာဖရိက နိုင်ငံတွင် ပထမဆုံး အကြိမ် ရွေးကောက်ပွဲ ကျင်းပရေးရက်သတ်မှတ်နိုင်ရေးအတွက် လူမည်းနှင့် လူဖြူအုပ်စု ၂၆ အုပ်စုတို့၏ ပါတီစုံဆွေးနွေးပွဲကို ဂျိုဟန်နက်စဘတ်မြို့တွင်ပြန်လည်ကျင်းပသည်။

## မေလ

ရခိုင်ပြည်နယ်တွင် ရောက်ရှိနေသော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည် ဆောက် ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် အမ်း၊ ကျောက်ဖြူ၊ မြေပုံ၊ တောင်ကုတ်၊ သံတွဲမြို့များသို့ရောက်ရှိ၍ ဒေသဖွံ့ဖြိုးရေးနှင့် ဌာနဆိုင်ရာ လုပ်ငန်းကိစ္စများကို စစ်ဆေးကြည့်ရှုမှာကြားသည်။

၁ သီရိလင်္ကာနိုင်ငံတွင် အလုပ်သမားနေ့စီတန်းလှည့်လည်ပွဲပြုလုပ်စဉ် ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ သမ္မတ ရာနာဆင်ဂေပရီမာဒါဆာသည် အဆိုပါဗုံးပေါက်ကွဲမှုတွင် ရရှိခဲ့သည့် ဒဏ်ရာဖြင့်ကွယ်လွန်သွားသည်။

၅ ပဥ္စမ အကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက် ၂၀ နှစ် အောက် အမျိုးသား၊ အမျိုးသမီး လူငယ် ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် အမျိုးသမီးပွဲ၌ ရန်ကုန်တိုင်းက မကွေးတိုင်းကို သုံးပွဲ၊ နှစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသားပွဲ၌ ရေဝတီတိုင်းက စစ်ကိုင်းတိုင်းကို သုံးပွဲ၊ တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရဗိုလ်စွဲသွားသည်။ အကောင်းဆုံး အားကစားသမားဆုများကို ဧရာဝတီ တိုင်းမှ မောင်နိုင်နိုင်နှင့် ရန်ကုန်တိုင်းမှ မနွဲ့ရီ တို့က ဆွတ်ခူးရရှိသွားသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်သိန်းသည် ဧရာဝတီတိုင်း၊ ဖလွန်မြို့နယ် အဖျောက်ရေနံမြေသို့ ရောက်ရှိစစ်ဆေးသည်။ အဖျောက် ရေနံမြေတွင်း သုံးတွင်းမှ တစ်နေ့လျှင် သဘာဝဓာတ် ငွေ့ ကုဗပေ သန်းပေါင်း ၃၀ ခန့် ထွက်ရှိကြောင်း သတင်း ထုတ်ပြန်သည်။

၅–၆ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း မဏိပူရပြည်နယ်တွင် ဟိန္ဒူနှင့် မူဆလင် လူမျိုးများ အဓိကရုဏ်း ဖြစ်ပွားရာ လူ ၁၀၀ ကျော် သေဆုံးခဲ့သည်။

၆ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပသို့ အပြီးအပိုင် ထွက်ခွာ သွားပြီး နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏နိုင်ငံသားအဖြစ် ခံယူထားသူများအား မြန်မာ နိုင်ငံသို့ ပြန်လည် လာရောက် နေထိုင် နိုင်ရန် လျှောက်ထားခွင့်ပြုကြောင်းနှင့် စပ်လျဉ်းသည့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်အမှတ် ၃/၉၃ ကိုထုတ်ပြန်သည်။

၇ ကျူးဘားနိုင်ငံတွင်မျက်စိမှုန် ရာမှစသည့် ရောဂါဆန်းတစ်ခု မကြာမီလအနည်းငယ်အတွင်းက လူ ၁၀၀၀၀ ကျော်တွင် ဖြစ်ပေါ်ခဲ့ရာ ကျန်းမာရေးဌာနအဖို့ အကြံအိုက်နေရပြီး ပြည်သူအများအပြားလည်း စိုးရိမ် ထိတ်လန့်နေကြသည်။ ယင်းရောဂါ ခံစားနေရသူများမှာ ဦးခေါင်း၊ လက် နှင့် ခြေတောက်များ၌ အလွန်ကိုက်ခဲနာကျင်ပြီး လမ်းလျှောက်ရာ၌လည်း နှေးကွေးသွားစေသည်ဟု ဆိုသည်။

အမေရိကန်ဒေါ်လာ ၄၈ သန်း ဖိုးရှိ ဆေးခြောက် ၁၂ တန်ခန့်ကို ပါကစ္စတန်နိုင်ငံ၊ကရာချိလေဆိပ်တွင် ဖမ်းဆီးရမိခဲ့သည်။

သီရိလင်္ကာ ပါလီမန်သည် လုပ်ကြံသတ်ဖြတ်ခံလိုက်ရသော သမ္မတ ပရီမာဒါဆာ၏နေရာတွင် ဆက်ခံမည့်သူအဖြစ် ပရီမာဒါဆာ၏ ထိပ်တန်း မဟာမိတ်တစ်ဦးဖြစ်သော ဝန်ကြီးချုပ် ဒင်ဂီရီဘန်ဒါဝီဂျက်တွန်ဂါ အား သမ္မတအဖြစ် ရွေးချယ် တင်မြှောက်လိုက်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် အဖွဲ့ဝင်များလိုက်ပါလျက် ရှမ်းပြည်နယ်၊ ကျိုင်းတုံ၊ မိုင်းယန်း၊ မိုင်းခတ်၊ မိုင်းဖြတ်၊ တာချီလိတ်မြို့များသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



လုပ်ကြံသတ်ဖြတ်ခြင်းခံလိုက်ရသော သီရိလင်္ကာသမ္မတ ရာနာဆင်ဂေပရီမာဒါဆာ၏ ရုပ်အလောင်းအခမ်းအနား

၉ ပထမ အကြိမ် အရှေ့အာရှအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားကို တရုတ်နိုင်ငံ၊ ရှန်ဟဲမြို့တွင် ကျင်းပသည်။ ကိုးရက်ကြာကျင်းပမည့် ထိုပြိုင်ပွဲတွင် အားကစားသမား ၁၂၀၀ ခန့်ပါဝင်ယှဉ်ပြိုင်ကြသည်။

၁၀ မြောက် အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး)သည် ပေါ်တူဂီ ကမ်းရိုးတန်းအနီးတွင် ၁၀ နှစ်အတွင်း အကြီးမားဆုံး စစ်ရေးလေ့ကျင့်မှုကို စတင်ပြုလုပ်သည်။ စစ်ရေးလေ့ကျင့်မှုသည် ၁၁ ရက်ကြာမြင့်မည် ဖြစ်ပြီး စစ်သင်္ဘော ၆၆ စင်းနှင့် လေယာဉ် အစင်း ၁၀၀ ကျော်ပါဝင်သည်။

၁၁ လောပြည်သူ့ ဒီမိုကရက်တစ်သမ္မတ နိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ဒုတိယ ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် လောပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ရှင်းမြို့သို့ ချစ်ကြည်ရေးခရီး သွားရောက်သည်။

၁၂ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီမှ (၂)နှစ် တစ်ကြိမ်ချီးမြှင့်လျက်ရှိသည့် ဖလောရင့်နိုက်တင်းဂေး ဆုကို မြန်မာနိုင်ငံ၊ မူဆယ်မြို့နယ်ပြည်သူ့ဆေးရုံမှ သူနာပြုဆရာမကြီး ဒေါ်အမ်(န်)ယောနမ်က ရရှိသည်။

၁၃ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (အေအိုင်ဒီအက်စ်) ဖြစ်စေသော အိပ်ချ်အိုင်ဗွီ ပိုးရပ်စ်များ ကူးစက်နေသူများတွင် ဆေးလိပ်သောက်သော အိပ်ချ်အိုင်ဗွီ ဝေဒနာရှင်သည် ဆေးလိပ်မသောက်သော အိပ်ချ်အိုင်ဗွီ ဝေဒနာရှင်ထက် အေအိုင်ဒီအက်စ် ဝေဒနာရှင်အဖြစ်သို့ လုံးလုံးလျားလျားကူးပြောင်းရာတွင် နှစ်ဆပိုမြန်သည်ဆိုသော ကနဦးယူဆ ချက်ကို ဗြိတိသျှလေ့လာချက်စစ်တမ်း တစ်ရပ်က အတည်ပြုလိုက်သည်။

၁၅ နိုင်ငံတော် ငြိမ်ဝပ်ပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အဖွဲ့ဝင်များ လိုက်ပါလျက် ပဲခူးတိုင်း၊ ပဲခူးမြို့နယ်၊ ဇောင်းတူရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများနှင့် ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ တဘူးလှ(ဥက္ကံ) ရေလှောင်တမံစီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်ကြားသည်။

၂၀ အင်္ဂလန်နိုင်ငံ၊ လိဒ်မြို့တွင် အသက် ၂၉ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးသည် ခြောက်မြွာပူးမွေးခဲ့ရာ ကမ္ဘာတစ်ဝန်းလုံးတွင်ခုနစ်ကြိမ်မြောက် အသက်ရှင်မှုရှိသည့် ခြောက်မြွာပူး မွေးဖွားခြင်းဖြစ်သည်။

၂၁ ခုခံအား ကျဆင်းမှု ကူးစက် ရောဂါ (အေအိုင်ဒီအက်စ်)ကူးစက် ခံနေရသူပေါင်းမှာ ကမ္ဘာတစ်ဝန်းလုံးတွင် ၁၄ သန်းရှိသွားပြီဖြစ်ကြောင်းနှင့် ဤရာစု နှစ်ကုန်ချိန်တွင် သန်း ၃၀ မှ သန်း ၄၀ အထိ ရှိလာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာ တစ်စောင်တွင် ဖော်ပြသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသော ၁၉၉၂–၉၃ ခုနှစ် ဘောလုံးရာသီ နောက်ဆုံးပွဲစဉ်ဖြစ်သည့် အောင်ဆန်းဒိုင်းဗိုလ်လုပွဲတွင် ရထားပို့ဆောင်ရေး အသင်းက တပ်မတော်(ကြည်း)အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင်ရသွားသည်။ ထို့

ဘဝနတ်ထံပျံလွန်တော်မူသော ပဲခူးမြို့မဆရာတော်ကြီး၏ အရိုးတော်ကို ပင့်ဆောင်ကြစဉ်



အပြင်ပက်(ပ)စ်ပရောဒတ်မြန်မာ ကုမ္ပဏီ လီမိတက်မှ ချီးမြှင့်သည့် ဆုဖလားနှင့် ဂုဏ်ပြုဆုကြေးငွေကျပ် တစ်သိန်းဆွတ်ခူး ရရှိသွားသည်။

၂၂ ဘဝနတ်ထံပျံလွန်တော်မူသွားသည့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၏ အဓိပတိ ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓက ပဲခူးမြို့ ရွှေမော်ဓော စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ပဲခူးမြို့မ စာသင်တိုက်ကြီး၏ ပဓာန မဟာနာယကဖြစ်တော်မူသော သက်တော် (၉၇)နှစ်၊ သိက္ခာတော် (၇၇)ဝါရှိ ဘဒ္ဒန္တ ဣန္ဒာစာရ မဟာထေရ်မြတ်၏ ရုပ်ကလာပ်တော်ကို နိုင်ငံတော်ကကြီးမှူး၍ မြန်မာသက္ကရာဇ် ၁၃၅၅ ခုနှစ်၊ နယုန် လဆန်း ၂ရက် (ခရစ်သက္ကရာဇ် ၁၉၉၃ ခုနှစ်၊ မေ ၂၂ရက်) စနေနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေရှိ အဓိဋ္ဌာန အဂ္ဂိဈာပန ပြုရာဌာန (လောင်တိုက်တော်) သို့ သာသနာ တော်ထုံးတမ်းစဉ်လာနှင့်အညီ ခမ်းနားထည်ဝါစွာ ပင့်ဆောင်၍ တစ်ဘဝတာ နောက်ဆုံးတေဇောဓာတ် မီးပူဇော်ရာ ထောင်ပေါင်းများစွာသော ရဟန်း ရှင်လူ ပြည်သူပြည်သား တပည့်ဒါယကာ ဒါယိကာမများ တက်ရောက် ကြည်ညိုရှိခိုးပူဇော် ကန်တော့ကြ သည်။

၂၂ – ၂၃ ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ် တောင်တန်းဒေသ များတွင် မူးယစ်ဆေးမှောင်ခိုများ ခိုအောင်းနေသည့် နေရာများကို စီးနင်း တိုက်ခိုက်ခဲ့ရာ ဆေးခြောက်ကီလို ၄၀၀၀၀ (ပေါင် ၈၈,၀၀၀)စံချိန်တင် ဖမ်းရမိသည်။

၂၃ မွန်ပြည်နယ်၊ မော်လမြိုင်မြို့မှ တနင်္သာရီတိုင်း၊ ကော့သောင်းမြို့သို့ ထွက်ခွာလာသော အောင်ရတနာမြင့် စက်လှေသည် ချောင်းဆုံမြို့မှ ရွှစ်မိုင်ခန့် အကွာဟသာကျွန်းအနီးကျောက်ချထားစဉ် ည ၁၀ နာရီခွဲခန့်၌ နစ်မြုပ်သွားခဲ့ရာ လူ ၁၈၀ ဦး ပြန်လည် ဆယ်ယူရရှိပြီး လူ ၁၂၀ ဦးခန့် ပျောက်ဆုံးခဲ့သည်။

၂၃ – ၂၈ ကမ္ဘောဒီးယားနိုင်ငံတွင် ဒီမိုကရက်တစ်အစိုးရသစ်ဖွဲ့စည်းရေးအတွက် ကုလသမဂ္ဂ၏ ကြီးကြပ်မှုဖြင့် ပထမဆုံးအကြိမ် ပါတီစုံရွေးကောက်ပွဲများကျင်းပသည်။ ရွေးကောက်ပွဲကို အကြမ်းဖက်နှောင့်ယှက်ဖျက်ဆီးမည် ဟု ခမာနီတို့က ခြိမ်းခြောက်ထားသည့် ကြားမှ မဲဆန္ဒရှင် ၄ ဒသမ ၇ သန်းအနက် ၉၀ ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ကြသည်။

၂၄ – ၂၈ စင်ကာပူသမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ဗိုလ်မှူးချုပ်လီရှင်လွန်း ၏ ဖိတ်ကြားချက်အရ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် စင်ကာပူနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည်။

၂၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း၏ရတနာပြပွဲ ခန်းမဆောင် တည်ဆောက်ရေးလုပ်ငန်းများနှင့် တပ်မတော်ဓမ္မာရုံတည်ဆောက်ရေး လုပ်ငန်းများကိုလှည့်လည်ကြည့်ရှု စစ်ဆေးသည်။

၂၇ ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ဘက်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲ များတွင် အမျိုးသားပွဲစဉ်၌ မန္တလေးတိုင်းက ရန်ကုန်တိုင်း ကိုလည်းကောင်း၊ အမျိုးသမီးပွဲစဉ်၌ ရှမ်းပြည်နယ်က ရန်ကုန်တိုင်းကို လည်းကောင်း အနိုင်ရ ဗိုလ်စွဲသွားသည်။

၂၈ တရုတ် – မြန်မာ နှစ်နိုင်ငံ နယ်စပ်ရှိ ဝမ်တိန် – ကြူကုတ်တံတား သစ်ဖွင့်ပွဲကျင်းပရာနယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက် ရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး မောင်သင့်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ် လွန်းမောင်နှင့် ယူနန်ပြည်နယ် ဒုတိယ အုပ်ချုပ်ရေးမှူး မစ္စတာ ဝမ်ကွမ်ရှင်တို့ တက်ရောက်ကြသည်။

၂၉ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဒလ၊ တွံတေးနှင့် ကွမ်းခြံကုန်းမြို့နယ်များသို့ လှည့်လည်သွားရောက်ပြီး ဒေသဖွံ့ဖြိုး တိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

## ဇွန်လ

၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် ပြည်နယ်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ၏ ၁၉၉၃ ခုနှစ် ပထမလေးလပတ် ညှိနှိုင်း အစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်း အဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက် အမှာစကားပြောကြားသည်။

ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြန်မာ့ကုန်တိုက် ဖွင့်ပွဲ အခမ်းအနားကို ဒဂုံမြို့သစ် (တောင်ပိုင်း) အမှတ် ၂၀ ရပ်ကွက်၊ လှော်ကားလမ်းနှင့် မြိတ်လမ်းထောင့်ရှိ အဆိုပါ မြန်မာ့ကုန်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

ပြင်သစ်သမ္မတ မီးတရောင်းနှင့် ဂျာမနီ ဝန်ကြီးချုပ် ခိုးလ်တို့သည် (၆၁)ကြိမ်မြောက် ပြင်သစ်–ဂျာမနီထိပ်သီး ဆွေးနွေးပွဲအဖြစ် တွေ့ဆုံဆွေးနွေးကြသည်။ ထိပ်သီး ဆွေးနွေးပွဲက စီးပွားရေး နောက်ကျနေမှုကို တန်ပြန်ရန်အတွက် ဥရောပက အပြင်းအထန်ပြန်လည်ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းနှိုးဆော်လိုက်သည်။

အာဖရိကတိုက်အလယ်ပိုင်းမှ ဘူရွန်ဒီနိုင်ငံတွင် ပထမဆုံးအကြိမ် ပါတီစုံသမ္မတ ရွေးကောက်ပွဲကျင်းပ သည်။

၃ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့နှင့် ပြည်နယ်/တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ၏ ၁၉၉၃ ခုနှစ်၊ ပထမလေးလပတ် ညှိနှိုင်း အစည်းအဝေး ဒုတိယနေ့ကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက နိဂုံးချုပ် အမှာစကားပြောကြားသည်။

အမျိုးသား ပြန်လည်သင့်မြတ်ရေး ခေါင်းဆောင် မင်းသားကြီးသီဟာနုသည် ကမ္ဘောဒီးယား ကြားဖြတ်အစိုးရ အဖွဲ့တွင် ပြိုင်ဘက် အုပ်စုနှစ်စုကို ထည့်သွင်းကာ





ဂျပန်အိမ်ရှေ့မင်းသား
နာရူဟိတိုနှင့် သာမန်အရပ်သူ
မာဆာကိုအိုဝါဒါတို့၏
လက်ထပ်မင်္ဂလာအခမ်းအနား

ဖွဲ့စည်းလိုက်သည်။ ရွေးကောက်ပွဲကျင်းပပြီးစီးသည့်နောက် ပိုင်း ရုတ်တရက်ပေါ်ပေါက်လာနိုင်သော ပြောင်းလဲမှုများနှင့်ပတ်သက်၍ စိုးရိမ် ကြောက်လန့် ဖြစ်နေမှုများသည် ပြေပျောက်သွားခဲ့ရသည်။

၄ ဘော့စနီးယားမြို့ကြီးခြောက်မြို့ အားကာ ကွယ် စောင့် ရှောက် ရေးအတွက်တပ်ဖွဲ့ဝင် အင်အားထောင်ချီ စေလွှတ်ရန် လုံခြုံရေးကောင်စီက ဆုံးဖြတ်လိုက်သည်။ ရက်သတ္တပတ်ပေါင်း များစွာ အပေးအယူပြု စေ့စပ်ခဲ့ပြီးနောက် လုံခြုံရေးကောင်စီက ဘီဟက်၊ ဆာဘရင်နီဆာ၊ ဂိုရာဇစ်ဒေ၊ တူဇလာ၊ ဇီပါနှင့် မြို့တော်ဆာရာယေဗိုရှိ မွတ်စလင်များကို အကာအကွယ်ပေးရေးအတွက် အင်အားအသုံးပြုနိုင်မည့် တပ်များဆင့်ခေါ်နိုင်မည့် ဆုံးဖြတ်ချက်ကို အတည်ပြုချမှတ်လိုက်ခြင်းဖြစ်သည်။

၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီးများသည် မြန်အောင်ရေနံမြေနှင့် အဖျောက် သဘာဝ ဓာတ်ငွေ့မြေများသို့ လှည့်လည်သွားရောက်ပြီး တူးဖော်ပြီးနှင့် တူးဖော်ဆဲအစမ်းတွင်းများကို ကြည့်ရှု စစ်ဆေးကာ ရေနံမြေ ကာယ၊ ဉာဏလုပ်သားကြီးများအား တရင်းတနှီးတွေ့ဆုံနှုတ်ဆက်၍ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှုးမြို့တွင် စစ်အုပ်စုခေါင်းဆောင်၏ စစ်သားများနှင့်ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းသူများ တိုက်ပွဲဖြစ်ပွားရာ ကုလသမဂ္ဂ ပါကစ္စတန် စစ်သားငါးဦးအပါအဝင် ၂၈ ဦးထက်မနည်းသေဆုံးခဲ့ပြီး လူ ၁၃၀ ကျော်ဒဏ်ရာရရှိခဲ့သည်။

ရုရှားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အထူးညီလာခံ တစ်ရပ်ကို မော်စကိုကရင်မလင်နန်းတော်တွင် စတင်ကျင်းပရာ ညီလာခံသို့ ကိုယ်စားလှယ် ၇၀၀ ခန့် တက်ရောက်ကြသည်။

၇ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်မြို့၊ အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစီအစဉ်အရ သဘာပတိအမျိုးသား ညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်က မိန့်ခွန်းပြောကြားသည်။ ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက နိုင်ငံတော် အခြေခံမူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

၉ ဂျပန် အိမ်ရှေ့မင်းသား နာရူဟိတိုနှင့် သာမန်အရပ်သူ မာဆာကိုအိုဝါဒါတို့၏ လက်ထပ်မင်္ဂလာ အခမ်းအနားကို အမျိုးသားထိပ်တန်း ဘာသာရေးအဆောက်အအုံ တစ်ခုတွင်း၌ ကျင်းပသည်။ မင်္ဂလာအခမ်းအနား၌ အိမ်ရှေ့မင်းသား နာရူဟိတိုက သတို့သမီးအား သေတပန် သက်ဆုံးတိုင် ချစ်ကြည်စွာပေါင်းဖော်ပါမည်ဖြစ်ကြောင်း မင်္ဂလာကတိသစ္စာတိုင်သည့်အခါတွင် ညှိသည်ပရိသတ်က မတ်တတ်ရပ် ဂါရဝပြု နားထောင်ကြသည်။ မင်္ဂလာအခမ်းအနားဆင်ယင်ကျင်းပပုံကို နိုင်ငံတစ်ဝန်းလုံးသို့ ရုပ်မြင်သံကြားဌာနမှတစ်ဆင့် ထုတ်လွှင့်ပြသသည်။

၉ ကမ္ဘောဒီးယား ရွေးကောက်ပွဲ၏ အပြီးသတ်အနိုင်အရှုံးစာရင်းများကို ကြေညာခဲ့ရာတွင် ဖွန်ဆင်ပက်ပါတီက ၅၈ နေရာ၊ အာဏာရ စီပီပီပါတီက ၅၁ နေရာနှင့် ဗုဒ္ဓဝါဒီ အယ်ဒီပီပါတီက ၁၀ နေရာ အသီးသီးရရှိကြသည်။ ပါတီငယ်ကလေးတစ်ခုဖြစ်သည့် မိုလီနိကာက တစ်နေရာရရှိသည်။

၁၀ – ၁၁ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီး မောင်အေးသည် အဖွဲ့ဝင်များ လိုက်ပါလျက် ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်၊ ဗထူးတပ်မြို့၊ မိုင်းကိုင်မြို့၊ နမ့်စမ်မြို့များသို့ သွားရောက်ကာ ဒေသဖွံ့ဖြိုးရေး တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည် ကြည့်ရှု စစ်ဆေးသည်။

၁၂ တပ်မတော်(ကြည်း) ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၈၅) ဆင်းပွဲအခမ်းအနားကို ဗထူးတပ်မြို့ ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း)ဒုတိယ ဗိုလ်ချုပ်ကြီး မောင်အေး တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ၁၉၉၃ ခုနှစ် ဇွန် ၁၄ ရက်မှ ၂၅ ရက်အထိကျင်းပမည့်လူ့အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအုံးကျော်သည် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

(၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၂ ရက်နေ့က အမျိုးသားအားကစားကွင်းကြီး၌ ကျင်းပရာ စင်ကာပူ သမ္မတ နိုင်ငံ သမ္မတဝီကမ်ဝီး တက်ရောက် ဖွင့်လှစ်ပေးသည်။ အားကစားပြိုင်ပွဲကို ဇွန် ၂၀ အထိ



## (၁၇) ကြိမ်မြောက်အရှေ့တောင်အာရှ ပြိုင်ပွဲဝင် အားကစားသမားများကို ကြိုဆိုနေကြစဉ်

ကျင်းပပြီး ယင်းနေ့မှာပင် အားကစား ပြိုင်ပွဲ ပိတ်ပွဲ အခမ်းအနားကို ကျင်းပသည်။

ဗဟိုဝန်ထမ်း တက္ကသိုလ်၌ ဖွင့်လှစ်သော အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းပြဆရာ၊ ဆရာမ များအထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်း တက္ကသိုလ် သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

၂၅ နှစ်အတွင်းပထမအကြိမ် အဖြစ် နိုင်ငံတကာဆိုင်ရာ လူ့အခွင့်အရေး ညီလာခံကို ဗီယင်နာ၌ စတင် ဖွင့်လှစ်လိုက်သည်။ ယင်းညီလာခံကို ၁၁ ရက်ကြာ ကျင်းပမည်ဖြစ်သည်။

ကမ္ဘောဒီးယား တိုင်းပြုပြည်ပြုလွှတ်တော်သစ်က မင်းသားကြီး သီဟာနုအား နိုင်ငံ အကြီးအကဲအဖြစ် ပြန်လည်ခန့်အပ်လိုက်သည်။

ကွန်မြူနစ်ဆန့်ကျင်ရေး ဒီမိုကရက်တစ် အင်အားစုများ သမဂ္ဂပါတီကို ထောက်ခံသူ ထောင်ပေါင်းများစွာတို့က ဘူဂေးရီးယား သမ္မတ ဇီလက်အား ဖြုတ်ချရန် ဆန္ဒပြကြသည်။

ကမ္ဘာပေါ်တွင် အကြီးဆုံး နိုင်ငံတကာအကူအညီပေးရေး အဖွဲ့ဖြစ်သော ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ် (ယူအင်ဒီပီ) ၏ အကြီးအကဲသစ် အဖြစ် မစ္စတာဂါ့စ် စပတ်အား ကုလသမဂ္ဂ အထွေထွေ ညီလာခံက တညီတညွတ်တည်း အတည်ပြု ခန့်အပ်လိုက်သည်။ မစ္စတာစပတ်သည် အမေရိကန်သမ္မတကလင်တန်၏ အသွင်ကူးပြောင်းရေး အဖွဲ့တွင်ဝါရင့် အကြံပေး အရာရှိအဖြစ် ထမ်းဆောင်ခဲ့သူဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော စင်ကာပူ သမ္မတနိုင်ငံမှ မစ္စတာ ကွတ်ခွန်အီးန် ခေါင်းဆောင်သော စီးပွားရေး ကိုယ်စားလှယ် အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော် ခန်းမ၌ ခင်းကျင်းပြသမည့် မြန်မာ့ သမဝါယမ စက်မှုလက်မှုပြပွဲ အကြိုခင်းကျင်းပြသမှုကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဂျပန်အောက်လွှတ်တော်တွင် ဝန်ကြီးချုပ် မီယာဇာဝါအပေါ် အယုံအကြည် မရှိအဆိုကို မဲခွဲရာတွင် အဆိုဘက်မှ ၂၅၅ မဲ၊ ၂၂၀ မဲဖြင့် အနိုင်ရသွားခဲ့သဖြင့် ဝန်ကြီးချုပ် မီယာဇာဝါသည် ဂျပန်ပါလီမန်ကို မလွှဲမရှောင်သာ ဖျက်သိမ်းခဲ့ရသည်။

မြန်မာ့ သမဝါယမ စက်မှုလက်မှု ပြပွဲကျင်းပရေး ဗဟိုကော်မတီကကြီးမှူး ပြသသည့် မြန်မာ့သမဝါယမ စက်မှုလက်မှု ပြပွဲဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော် ခန်းမ၌ ကျင်းပသည်။

အမေရိကန် အာကာသလွန်းပျံယာဉ် အင်ဒဲဗားကို ဒေသစံတော်ချိန် နံနက် ၉ နာရီ ဝ၈ မိနစ် (ဂရင်းနစ် စံတော်ချိန် ၁၃၀၈ နာရီ) ဖလော်ရီဒါပြည်နယ်၊ ကိပ်ကာနာဗယ်ရယ်အငူရှိ အာကာသယာဉ် ပစ်လွှတ်ရေးစခန်းမှ အောင်မြင်စွာ ပစ်လွှတ်လိုက်သည်။ အင်ဒဲဗား အာကာသ လွန်းပြန်ယာဉ်တွင် အမျိုးသား အာကာသ ယာဉ်မှူးလေးဦးနှင့် အမျိုးသမီး အာကာသ ယာဉ်မှူးနှစ်ဦးတို့ လိုက်ပါသွားသည်။ အင်ဒဲဗား လွန်းပြန်ယာဉ်သည် အာကာသအတွင်း ခုနစ်ရက်ကြာ ဝန်းပတ်ပျံသန်းနေစဉ် လွန်ခဲ့သည့် ၁၀ လက အာကာသထဲ၌ အတ္တလန္တစ် လွန်းပြန်ယာဉ်က ချထားခဲ့သည့် ဥရောပ သုတေသနဂြိုဟ်တုကို လွန်းပြန်ယာဉ်၌ တပ်ဆင်ထားသည့် စက်လက်တံဖြင့် ပြန်လည်ဆယ်ယူမည် ဖြစ်သည်။

စင်ကာပူ သမ္မတနိုင်ငံ၊ စင်ကာပူမြို့တော်၌ ကျင်းပခဲ့သော (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အောင်ပွဲရ မြန်မာ အားကစား အဖွဲ့ဝင်များသည် စင်ကာပူမြို့မှ အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြရာ အောင်ပွဲရ မြန်မာအားကစား အဖွဲ့ဝင်များအား ရန်ကုန် လေဆိပ်မှ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့အတွင်းရေးမှူး(၁)၊ အတွင်းရေးမှူး (၂)နှင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ အပါအဝင် ကျောင်းသားကျောင်းသူ ကလေးများက စည်ကားသိုက်မြိုက်စွာ ကြိုဆိုကြသည်။

တာမွေမြို့နယ်အမှတ် ၃၀ နတ်မောက်လမ်းရှိ မျက်စိအထူးကုဆေးရုံကြီးဖွင့်ပွဲ အခမ်းအနားကို အဆိုပါဆေးရုံကြီး၌ ကျင်းပသည်။

မီးစ်ကင်ကင်း ဘဲလ် သည် ကနေဒါနိုင်ငံ ၏ ၁၉ ဦးမြောက် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုသည်။ ကနေဒါဝန်ကြီးချုပ်ရာထူးတွင်ပထမဆုံး တာဝန်ပေးခံရသည့် အမျိုးသမီးတစ်ဦး ဖြစ်သည်။

အမေရိကန် တပ်များသည် အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်ရှိ အီရတ်ထောက်လှမ်းရေးပစ်မှတ် တစ်ခုကို တိုမာဟော့စ် ဒုံးပျံဖြင့် ပစ်လွှတ် တိုက်ခိုက်ခဲ့သည်။ အမေရိကန် သမ္မတ ဟောင်းဘုရှ်အား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှုနှင့် ပက်သက်၍ မလွဲမရှောင်သာ သော အထောက် အထားများအပေါ် အခြေခံ၍ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်ဟု အမေရိကန်သမ္မတ ကလင်တန်က ကြေညာသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးမှူး၍ အ ပြည် ပြည် ဆိုင် ရာ ကြက်ခြေနီ ကော်မတီမှ ချီးမြှင့်သော ဖလောရင့်စ် နိုက်တင်ဂေး(လ်)ဆုတံဆိပ်ချီးမြှင့် ပေးအပ်ပွဲကို ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် (၆၇၇/၇၀၉) ရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ဖလောရင့်(စ်) နိုက်တင်ဂေး(လ်) ဆုတံဆိပ်နှင့် ဂုဏ်ပြုလွှာများကို မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥက္ကဋ္ဌက ဆုရရှိသူ ဒေါ်အမ်ယောနမ်သို့ ပေးအပ်သည်။

ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီး မောင်အေး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီးများ သည် လွိုင်ကော်မြို့သို့ ရောက်ရှိကြသည်။ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့သည် ဘီလူးချောင်း အမှတ် (၁) ရေအားလျှပ်စစ်စီမံကိန်း၊ ဒေသခံတပ်ရင်း၊ လောပီတ စံပြရွာသစ် တည်ဆောက်ရေးလုပ်ငန်း၊ ဆောက်လုပ်ဆဲ လွိုင်ကော်တပ်မတော်ဆေးရုံများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၆) ဆင်းပွဲ အခမ်းအနားကို ဗထူးတပ်မြို့၊ ဗိုလ်သင်တန်းကျောင်းစစ်ရေးပြကွင်းတွင်ကျင်းပသည်။ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီး မောင်အေး တက်ရောက်အမှာစကား ပြောသည်။

ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် ရှိမိုင်းပန်မြို့၊ မိုးနဲမြို့နှင့် ဆီဆိုင်မြို့များသို့ သွားရောက်ကြပြီး ဒေသခံတပ်ရင်းများကို စစ်ဆေးကာ တပ်မတော်မိသားစုများနှင့် တွေ့ဆုံသည်။ ထို့နောက် ဒေသခံတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

တရုတ် ခေါင်း ဆောင် များ က ကမ္ဘောဒီးယား ယာယီအစိုးရအဖွဲ့သစ်သို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အမေရိကန်ပြည်ထောင်စုက အီရတ်နိုင်ငံကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့လင့်ကစား အီရတ်သည် အမေရိကန်ကို ကလဲ့စားချေမည်မဟုတ်ကြောင်း အီရတ်ဒုတိယဝန်ကြီးချုပ်တာရစ်အဇစ်က အာမခံပြောကြားသည်။

ခရဲ အား ကျဆင်းမှုကူးစက်ရောဂါ (အေအိုင်ဒီအက်စ်) ဖြစ်ပွားသူ တစ်ကမ္ဘာလုံးတွင် ၂၅ သိန်း ကျော်ရှိမည်ဟု ကမ္ဘာ့ကျန်းမာရေး အဖွဲ့က ခန့်မှန်းလိုက်သည်။ အေအိုင်ဒီ အက်စ် ရောဂါဖြစ်စေသည့် အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုးတွေ့သူများတွင် အနောက် ဥရောပ၌ ၅၀၀၀၀၀ ခန့်၊ မြောက်အာဖရိက၌ ၁၀,၀၀,၀၀၀၊ လက်တင်အမေရိကနှင့်ကာရစ်ဘီယံဒေသ၌ ၁၅ သိန်း အသီးသီးရှိကြောင်း ရိုက်တာသတင်းကလည်း ဖော်ပြလိုက်သည်။

နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် တပ်မတော်ဆေးရုံကြီး၊ ခွဲစိတ်ဆောင်(၁) တွင်ဆေးကုသမှုခံယူတော်မူလျက်ရှိသော ပဲခူးတိုင်း ပြည်မြို့ရတနာမာရ်အောင် တောရကမ္မဋ္ဌာန်း အလင်းပြတိုက်မှ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဆရာတော် ဘဒ္ဒန္တဝိဇ္ဇာဗလ(ကမ္ဘာ့ရှေ့ရှင်အေး ဆရာတော် ဘုရားကြီး)၏ ၈၇ နှစ်မြောက်မွေးနေ့ အထိမ်းအမှတ် အဖြစ် ဆရာတော်ကြီးနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက တပ်မတော်ဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများ၊ အလှူငွေများ လှူဒါန်းသည့် အလှူတော်မင်္ဂလာ အခမ်းအနားသို့တက်ရောက်သည်။

ဂျပန် နိုင်ငံသို့ ရောက်ရှိသော အင်ဒိုနီးရှားသမ္မတ ဆူဟာတိုသည် ဂျပန်ဧကရာဇ် အကီဟီတိုနှင့် တွေ့ဆုံ သည်။

နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တပ်မတော် စစ်ဘီမိုင်းပြတိုက် တည်ဆောက်ရေး လုပ်ငန်းနှင့် မြန်မာ့ကုန်တိုက်အဆောင်(၁) ရှိ ဒဂုံကုန်တိုက်တို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။ ယင်းသို့စစ်ဆေးရာတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီး မောင်အေး၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး၊ ကာကွယ်ရေး ဦးစီးချုပ် (ရေ) ဒုတိယ ဗိုလ်ချုပ်ကြီး သန်းညွန့်နှင့် ကာကွယ်ရေး



**တရုတ်ပြည်သူ့သမ္မတနိုင်ငံအထူးကိုယ်စားလှယ် မစ္စတာဘူဟေ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရောက်ရှိလာစဉ်**

ဦးစီးချုပ် (လေ) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းဝင်း တို့လိုက်ပါကြသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ အသင်းက ချီးမြှင့်သော ဖလောရင့်(စ်)နိုက် တင်ဂေးလ်ဆုတံဆိပ်အပ်နှင်းခြင်းခံရသည့် ဒေါ်အမ်ယောနမ်အား မြန်မာနိုင်ငံသူနာပြု အသင်းက သူနာပြုတက္ကသိုလ်ခန်းမတွင် ဂုဏ်ပြုပွဲပြုလုပ်သည်။

မကြာမီကပြုလုပ်ခဲ့သည့် ပြည်သူ့ သဘောထားကောက်ခံမှုတွင် ဗြိတိသျှ ဝန်ကြီးချုပ် ဂျွန်မေဂျာအား မဲဆန္ဒရှင် ၁၄ ရာခိုင်နှုန်းကသာ နှစ်သက်ကြောင်း ထုတ်ဖော်ကြရာ သမိုင်းအဆက်ဆက်၌ ဂျွန်မေဂျာသည် လူကြိုက်အနည်းဆုံး ဝန်ကြီးချုပ်ဖြစ်ကြောင်းဂါဒီယန်သတင်းစာ ကဖော်ပြလိုက်သည်။

ဒ ဂုံ ကုန် တိုက် ဖွင့်ပွဲ အခမ်း
ဂ အနားကို သိမ်ကြီးဈေး ဒီဂုံရှိ ရွှေဝတ်မှုန်စားသောက်ဆိုင်ခန်းမဆောင်တွင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

၁၇ နှစ်ကြာ ကွာရှင်းပြတ်စဲထားကြသည့် ဒါလင်ပင်ကာတွန်နှင့် ပေါလ်ဟတ် အပ်အမည်ရှိ လင်မယားနှစ်ဦးသည် သားဖြစ်သူ ဆက်လက်အသက်ရှင်သန်နိုင်ရေးအတွက်မိမိတို့၏ အဆုတ်တစ်ခြမ်းစီကို ပေးလှူရန် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် တက္ကသိုလ်ဆေးရုံတစ်ရုံသို့ရောက်လာ ဆုံစည်းမိကြရာမှ တစ်ဦးနှင့်တစ်ဦးပြန်လည်သင့်မြတ်ပေါင်းထုတ်သွားကြသည်။

မြန်မာနိုင်ငံနယ်စပ်ဒေသမြို့များ
ဇ တွင် ၁၉၉၃ မေလနှင့် ဇွန်လများမှ စ၍ အမေရိကန်ဒေါ်လာ ၁၀၀ တန် ငွေစက္ကူအတုများကို မကြာခဏတွေ့ ရှိကြောင်း၊ ထို့ကြောင့် နယ်စပ်ဒေသများတွင် အရောင်းအဝယ်ပြုလုပ်ကြသော ကုန်သည်များသည် ဒေါ်လာငွေနှင့် အရောင်းအဝယ်ပြုရာတွင် နစ်နာမှုများ ရှိနိုင်ကြောင်း၊ သို့ဖြစ်၍ မသင်္ကာဖွယ် ဒေါ်လာငွေစက္ကူများတွေ့ရှိက တာဝန်ရှိ အဖွဲ့အစည်းများသို့ သတင်းပို့ရန် သက်ဆိုင်ရာက နှိုးဆော်ထားသည်ဟု သတင်းစဉ်က ဖော်ပြသည်။

တိုကျိုမြို့တွင် ကျင်းပသော စက်မှုခုနစ်နိုင်ငံသုံးရက်ကြာ ထိပ်သီးအစည်းအဝေးအပြီးကြေညာချက်တစ်ရပ်ထုတ်ပြန်သည်။ ကမ္ဘာ့ စီးပွားတိုးတက်ဖွံ့ဖြိုးရေးအတွက်ဆတက်ထမ်းပိုး ဆောင်ရွက်မည်။ တိုးတက်ကြီးထွားလာသော အလုပ်လက်မဲ့ ပြဿနာကို တိုက်ဖျက်သွားမည်ဟု ခုနစ်နိုင်ငံထိပ်သီးခေါင်းဆောင်များက ပဋိညာဉ်ပြုကြသည်။

အခြေခံပညာအထက်တန်းနှင့် အလယ်တန်းပြ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ဗဟိုဝန်ထမ်းတက္ကသိုလ် သင်တန်းခန်းမတွင် ကျင်းပသည်။ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အမှာစကားပြောသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည်ဥရောပတိုက်ရှိ မင်းသားအုပ်စိုးသော နိုင်ငံငယ်တစ်နိုင်ငံဖြစ်သည့်အင်ဒိုရာနိုင်ငံအား ၁၈၄ နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံအဖြစ်လက်ခံရေးအတွက်ထောက်ခံရန် တညီတညွတ်တည်း ဆုံးဖြတ်လိုက်သည်။ အင်ဒိုရာနိုင်ငံသည် ပြင်သစ်နှင့် စပိန်နိုင်ငံအကြားတွင်တည်ရှိသည်။ စတုရန်းမိုင် ၁၈၀ ကျယ်ဝန်း ပြီး လူဦးရေ ၅၆၀၀၀ ခန့်သာရှိသည်။

၁၉၉၃ ခုနှစ် အခြေခံပညာ အထက်တန်းစာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာသည်။

အီရတ်နိုင်ငံ၏ ဒုံးပျံစမ်းသပ်ရေး ကိရိယာများ အလုပ်လုပ်နိုင်ခြင်းမရှိစေရန်

ကုလသမဂ္ဂက ကြိုးပမ်းဆောင်ရွက်ရာတွင် အီရတ်ကပူးပေါင်းဆောင်ရွက်ခြင်းမပြုလျှင် အီရတ်အားစစ်ရေးအရ အရေးယူရေးကိစ္စသည်ဖြစ်နိုင်စရာရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဝါရင်းခရစ္စတိုဖာက ပြောလိုက်သည်။

မနန်းစိုး–မနန်းစံနှင့်အေးအေးငြိမ်း–အိအိငြိမ်း တို့ကဲ့သို့၊ နောက်ထပ်ရင်ချင်းဆက်အမြွှာညီအစ်မကိုလှည်းကူးမြို့နယ်၊ရဲမွန်ကျေးရွာအုပ်စု၊ အင်းထားဝယ်ကျေးရွာနေ လယ်သမားဦးညွန့်တင် (၃၀နှစ်)၏ ဇနီးမလှလှ(၁၉နှစ်)က အောင်မြင်စွာ မွေးဖွားသည်။

နိုင်ငံတကာပွဲပေါင်း ၅၀ ကျော်ကစားခဲ့၍ ၁၉၆၂ ခုနှစ်၌ ချီလီနိုင်ငံတွင်ကျင်းပသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝယ် အကောင်းဆုံးဂိုးသမားအဖြစ်ရွေးချယ်ခံရသူ ယူဂိုစလပ်လက်ရွေးစင်ဂိုးသမားဟောင်း မီလူတင်ဆော့စကစ်(၅၅နှစ်)အား အမေရိကန်လက်ရွေးစင်အသင်း၏ ဂိုးထိန်းသိမ်းကာကွယ်မှုဆိုင်ရာနည်းပြဆရာအဖြစ် ငှားရမ်းခန့်ထားကြောင်း အမေရိကန်ဘောလုံးအသင်းအထွေထွေမန်နေဂျာ ဘီလ်နက်တဲလ် ကကြေညာသည်။

နိုင်ငံတော်က ပြုစုစောင့်ရှောက်ထားသော တစ်နှစ်နှင့် ၁၁ လသမီးအရွယ် ရင်ချင်းဆက်အမြွှာညီအစ်မ အေးအေးငြိမ်းနှင့်အိအိငြိမ်းတို့အား ဤလ ၂၅ ရက်နေ့၌ အောင်မြင်စွာခွဲစိတ် ကုသနိုင်ရေးညှိနှိုင်းအစည်းအဝေးကို ကလေးဆေးရုံကြီးအစည်းအဝေးခန်းမတွင် ကျင်းပသည်။ ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါ်သိန်းသိန်းမြင့်၊ ခွဲစိတ်ကု ဆရာဝန်ကြီး ဦးမောင်မောင်၊ ခွဲစိတ်ကု ဆရာဝန်ကြီး ဦးအောင်ကြည်နှင့်ဆေးတက္ကသိုလ်(၁)နှင့်(၂) မှ ပါမောက္ခ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ မေ့ဆေး ပါမောက္ခ၊ မေ့ဆေးအထူးကု ဆရာဝန်ကြီးများ တက်ရောက်ကြကာ အကြံကောင်းဉာဏ်ကောင်းများပေး ဆွေးနွေးကြသည်။

ဆိုမာလီယာတွင် ကုလသမဂ္ဂဆောင်ရွက်မှုများကို အပြစ်တင်ဝေဖန်သူများသည်ကုလသမဂ္ဂ၏အောင်မြင်မှုများကိုဂရုမထားကြောင်းဆိုမာလီဆိုင်ရာကုလသမဂ္ဂအထူးသံတမန်ဂျိုနသန်ဟောင်းက ပြောကြားလိုက်သည်။

တရုတ်ပြည်တွင် သဘာဝဘေးအန္တရာယ်များကျရောက်မှုကြောင့် ယခုနှစ်ပထမခြောက်လတာကာလအတွင်း သေဆုံးသူ ၁၆၀၀ နှင့် ဒဏ်ရာရသူ ၅၁၀၀၀ ရှိခဲ့ကြောင်း တရုတ်အစိုးရပိုင် ချိုင်းနားဒေလီသတင်းစာက ရေးသားဖော်ပြသည်။

အင်ဒိုနီးရှား သမ္မတဆူဟာတိုနှင့် မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်တို့သည် ကွာလာလမ်ပူ မြို့တော်တောင်ဘက်မိုင် ၂၈၀ အကွာရှိ လန်ကာဝီကျွန်းတွင် တွေ့ဆုံဆွေးနွေးကြသည်။ ဆွေးနွေးသည့် အကြောင်းအရာကို ထုတ်ဖော်မပြောသော်လည်း သုံးပွင့်ဆိုင်ဖွံ့ဖြိုးရေးအစီအစဉ်၊ အင်ဒိုနီးရှား အလုပ်သမားများအရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များ ဆွေးနွေးကြမည်ဟုယုံကြည်ရကြောင်း အေပီကဖော်ပြလိုက်သည်။

ရန်ကုန် – မန္တလေး ခြောက်လမ်းသွားလမ်းတိုးချဲ့ခြင်းစီမံကိန်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကိုပဲခူးမြို့နယ်အင်းတကော်တပ်နယ်ရှိ ဒေသခံတပ်ရင်းအစည်းအဝေးခန်းမတွင်ကျင်းပသည်။ ပဲခူးတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးမြင့် အဖွင့်အမှာစကားပြောကြားရာ ရန်ကုန်–မန္တလေး ၁၀ နာရီ ပေါက်ခရီးရောက်နိုင်ရေးအတွက် ပထမခြေလှမ်းအဖြစ် ထောက်ကြံ့–ဇရပ်ကွင်း၊ ပဲခူးအပိုင်းကို စတင်တိုးချဲ့ဖောက်လုပ်ခဲ့ရာ မြေကြီးလုပ်ငန်းများ ၉၈ ရာခိုင်နှုန်း ပြီးစီး၍ လမ်းရပ်လုံးပေါ်လာပြီးဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ပါကစ္စတန် ဝန်ကြီးချုပ် နာဝပ်ဇ်ရှရစ်ဖ်သည် ဘီနာဇာဘူတို ဦးဆောင်သည့် အတိုက်အခံအမတ်များနှင့် စစ်တပ်၏ ဖိအားပေးမှုကြောင့် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်လိုက်သည်။ ပါလီမန်ကိုလည်း ဖျက်သိမ်းလိုက်သည်။ သမ္မတဂူလမ်အီရှတ်ခန်သည်လည်းသမ္မတရာထူးမှနုတ်ထွက်စာကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့ တင်သွင်းကာနုတ်ထွက်သွားသည်။

၁၉၉၃ ခုနှစ်၊ ၄၆ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို အာဇာနည်ဗိမာန်တွင် ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင်၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော် တက်ရောက်သည်။

ဂျပန်ပါလီမန်တွင် အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပီ)က ၃၈နှစ်ကြာ အမတ်ဦးရေအများစုရရှိထားခဲ့သည်ကို ဆန္ဒမဲပေးသူများက မဲပေးကာနိဂုံးချုပ်စေပြီးနောက် ဝန်ကြီးချုပ် ပီယာဇာဝါအား ရာထူးမှ နုတ်ထွက်ပေးရန် ပါတီခေါင်းဆောင် များက တောင်းဆိုလိုက်သည်။

'လမ်းမကြီးပေါ်မှဆိုင်တစ်ဆိုင်' အမည်ရှိ ချက်ရုပ်ရှင်ဇာတ်ကားဖြင့် အမေရိကန်ရုပ်ရှင်အကယ်ဒမီ အော်စကာဆုကိုဆွတ်ခူး ရရှိခဲ့သော ဒါရိုက်တာကြီး အဲလ်မာကေလို့ (၈၃နှစ်)သည် ပရာဟာမြို့တော်တွင် ကွယ်လွန်သည်။

ရင်ချင်းဆက် အမြွှာညီအစ်မ အေးအေးငြိမ်းနှင့် အိအိငြိမ်းတို့အား ဤလ ၂၅ ရက်နေ့၌ ခွဲစိတ်မည့်အတိုင်း ခွဲစိတ်ကုသခြင်းဆိုင်ရာ အစမ်းလေ့ကျင့်မှုကို ကလေးဆေးရုံကြီး၊ ခွဲစိတ်ဆောင် (၁) တွင် ပြုလုပ်သည်။

မျက်စိအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲ အခမ်းအနားကို နတ်မောက်လမ်းရှိ မျက်စိဆေးရုံ၊ မျက်စိဘဏ်ဌာနတွင် ကျင်းပသည်။ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သန်းညွန့် တက်ရောက်၍ အမှာစကား ပြောကြားပြီး မျက်စိအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

အီဂျစ်သမ္မတ ဟောစနီမူဘာရက် (၆၅နှစ်) သည် တတိယသက်တမ်းအတွက် အီဂျစ်ပြည်သူ့လွှတ်တော်က ၄၃၉ မဲ ခုနစ်မဲဖြင့် မဲခွဲပြီး လျာထားသတ်မှတ်ခဲ့သည်ကို လက်ခံလိုက်သည်။

ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ် (၇၁)ရှိ တောင်ကြီးပရိယတ္တိစာသင်တိုက်၏ ပထမအကြိမ်ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို အဆိုပါ ကျောင်းတိုက်တွင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး



၂၂၄၇၇



တိုကျိုမြို့၌ ကျင်းပခဲ့သော
စက်မှုခုနစ်နိုင်ငံ (ဂျီဆဲဗင်း)
ထိပ်သီးဆွေးနွေးပွဲ

အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

၂၅ ရင်ချင်းဆက် အမွှာညီအစ်မ အေးအေးငြိမ်းနှင့်အိအိငြိမ်း တို့ကို ရန်ကုန်မြို့ ကလေးဆေးရုံကြီး၊ ခွဲစိတ်ကုသဆောင်(၁)တွင် ခွဲစိတ်ကုသသည်။ နံနက်၆ နာရီ၁၅မိနစ်၌ အမွှာညီအစ်မအား မေ့ဆေးပေးပြီး နံနက် ၇ နာရီ ၅၄ မိနစ်၌ ခွဲစိတ်မှုကိုစတင်ရာ မွန်းလွဲ ၁ နာရီ ၄၇ မိနစ်၌ အောင်မြင်စွာခွဲစိတ်နိုင်ခဲ့ကာ ညနေ ၄ နာရီ ၁၅ မိနစ်၌ ခွဲစိတ်မှုအဝဝ အောင်မြင်စွာ ပြီးစီးသည်။ စုစုပေါင်း ခွဲစိတ်ချိန် ၈ နာရီ ၂၁ မိနစ်ကြာသည်။

၂၆ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ၄င်း၏ စစ်ရေးနှင့် စီးပွားရေး အင်အား မြင့်မားလာမှုနှင့် ပတ်သက်၍ အရှေ့တောင်အာရှနိုင်ငံ များက စိုးရိမ်ပူပန်မှု မရှိကြရန် အာမခံချက် ပေးလိုက်သည်။

အထူး စီမံကိန်းများ အကောင် အထည်ဖော်ရေးအဖွဲ့ (၃/၉၃) ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီး ချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမတွင် ကျင်းပသည်။ အထူးစီမံကိန်းများအကောင် အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၊ ဆွေးနွေး၊ လိုအပ်သည်များမှာကြားသည်။

လွန်ခဲ့သည့် သတင်းပတ်များက ဆိုမာ လီယာနိုင်ငံတွင် ဒေသခံစစ်အုပ်စု ခေါင်းဆောင်များနှင့် ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွား ခဲ့သည်ကို စုံစမ်းရန် အမေရိကန် ပြည်ထောင်စုက အဖွဲ့တစ်ဖွဲ့ စေလွှတ် လိုက်သည်။

၂၈ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အထူးကိုယ်စား လှယ် တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ ကွန်ဂရက်ဒုတိယဥက္ကဋ္ဌကြီး၊မစ္စတာဘူဟော ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စား လှယ်အဖွဲ့ရောက်ရှိသည်။

၂၉ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ် ပြည်သူ့သမ္မတ နိုင်ငံအထူးကိုယ်စားလှယ်၊ တရုတ်ပြည်လုံး ဆိုင်ရာ ပြည်သူ့ကွန်ဂရက် ဒုတိယ ဥက္ကဋ္ဌကြီး မစ္စတာဘူဟောခေါင်းဆောင်သော ချစ်ကြည် ရေး ကိုယ်စားလှယ် အဖွဲ့အား ပြည်သူ့လွှတ် တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဂျပန်အတိုက်အခံပါတီ ခုနစ်ခု တို့သည် ကျယ်ပြန့်သော မဟာမိတ်ညွန့် ပေါင်းဖွဲ့စည်းရန် သဘောတူလိုက်ကြသည်။ ၃၈ နှစ်ကြာ အာဏာရခဲ့သော ကွန်ဆာဗေး တစ်လစ်ဘရယ် ဒီမိုကရက်ပါတီ(အယ်ဒီပီ) ၏ အာဏာရရှိမှု အဆုံးသတ်သွားသည်။ မဟာမိတ်ညွန့်ပေါင်းအဖွဲ့က ဂျပန်ပါတီသစ် (ဂျေအင်ပီ) ပါတီခေါင်းဆောင် မိုရိဟိုရို ဟိုဆိုကာဝါအား နောက်လတွင်ဖွဲ့စည်းမည့် အစိုးရသစ်၏ ဝန်ကြီးချုပ်လောင်းအဖြစ် ရွေးချယ်လှာထားလိုက်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နှင့်တရုတ်ပြည်သူ့ သမ္မတနိုင်ငံ စီးပွားရေးနှင့်ကျွမ်းကျင်မှု ပူးပေါင်း ဆောင်ရွက်ရေးစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဥယျာဉ်လမ်း အမှတ်၂၀ တွင် ကျင်းပသည်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အေဘယ်လ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော် ကောင်စီ ဒုတိယအတွင်းရေးမှူးချုပ်မစ္စတာ လီရှိကျူးတို့က နှစ်နိုင်ငံကိုယ်စား လက်မှတ် ရေးထိုးကြသည်။

တရုတ်-မြန်မာ ချစ်ကြည်ရေး ပြယုဂ်ဖြစ်ပြီး မြန်မာ နိုင်ငံတွင် အကြီးမား၊အရှည်လျား၊အလှပဆုံးဖြစ်သည့် ရန်ကုန်-သံလျင် တံတားသစ်ကြီးဖွင့်ပွဲ အခမ်းအနားကို တံတားတည်ဆောက်ရေး စီမံကိန်းရုံးညှိခံမဏ္ဍာပ်တွင်ကျင်းပသည်။ အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်များ ဖြစ်ကြသော ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင် နှင့် ဒုတိယ ဗိုလ်ချုပ်ကြီး တင်ထွန်း၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ အထူးကိုယ်စားလှယ်တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယ ဥက္ကဋ္ဌကြီး မစ္စတာဘူဟောနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု

တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) နှင့် (၂)အမှူးပြုသောနိုင်ငံတော် အကြီးအကဲများ တက်ရောက်ကြသည်။

လက်ဘနွန်နိုင်ငံတွင် ပေါ်ပေါက်လာသည့် အကြမ်းဖက်တိုက်ခိုက်မှုကို အဆုံးသတ်သွားရေးအတွက်ပိုမိုအားထုတ်ကြရန်၊ ပျက်ပြားလွယ်သော အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ထိန်းသိမ်းကြရန် အစ္စရေးနှင့်၎င်း၏အိမ်နီးချင်းအာရပ်နိုင်ငံများကို အမေရိကန်သမ္မတ ဘီလ်ကလင်တန်က မေတ္တာရပ်ခံလိုက်သည်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဥရောပယူနီယံကြီးပေါ်ပေါက်လာစေရေးအတွက် နိုးစပ်စေသောမတ်စထရစ်ချိစာချုပ်ကို ဗြိတိန်နိုင်ငံက အတည်ပြုပေးလိုက်သည်။ မတ်စထရစ်ချိစာချုပ်နှင့် ပတ်သက်၍ တရားရုံး၌ ပုဂ္ဂိုလ်တစ်ဦးက ကန့်ကွက်ထားမှုကို ရုပ်သိမ်းသွားပြီး နာရီအနည်းငယ်အကြာတွင် ထိုသို့စာချုပ်ကို အတည်ပြုပေးလိုက်ခြင်းဖြစ်သည်။

တပ်မတော် ဆေးတက္ကသိုလ် ဆေးပညာဘွဲ့ ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် မင်္ဂလာဒုံရှိ တပ်မတော် အရိုးရောဂါနှင့် ကိုယ်အင်္ဂါပြန်လည်ပြုပြင်ရေး ဆေးရုံကြီး ခုတင် ၅၀၀ အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မြင့်အောင်တက်ရောက်၍ အမှာစကားပြောကြားသည်။ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနစစ်မဟာဗျူဟာ လေ့လာရေးဌာနကြီးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အမှတ်(၁) စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် ဗိုလ်လောင်း ၆၁ဦးတို့တက်ရောက်ကြသည်။

ဂျပန်နိုင်ငံမှ "ရုပ်"အီလက်ထရွန်းနစ်ကုမ္ပဏီသည် "နယူတန်" ဟုအမည်ပေးထားသော လက်ဝါးအရွယ်လောက်ရှိကွန်ပျူတာအငယ်စားကလေးကိုစတင်ထုတ်ဝေရောင်းချလိုက်သည်။ ယင်းကွန်ပျူတာကလေးကို အမေရိကန် "အက်ပယ်" ကွန်ပျူတာကုမ္ပဏီနှင့် ပူးတွဲထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ကွန်ပျူတာကလေးသည် ချိန်းဆိုချက်များ၊ မှတ်တမ်းများကို သိုမှီးသိမ်းဆည်းထားနိုင်သည်ဟုဆိုသည်။ အမေရိကန် အက်ပယ်ကုမ္ပဏီကလည်း ရုပ်ကုမ္ပဏီထက် နာရီအနည်းငယ်စော၍ ထုတ်ဝေဖြန့်ချိလိုက်သည်။ ယင်းနှစ်ခုစလုံးမှာ ရှပ်ကုမ္ပဏီက ထုတ်လုပ်ခြင်းဖြစ်သည်။ ယင်းကွန်ပျူတာကလေးမှာ အလေးချိန်တစ်ပေါင်မျှသာရှိသည်။ ယင်းကွန်ပျူတာကလေးထုတ်လုပ်ခြင်းဖြင့် အမေရိကန်နှင့် ဂျပန်ကုမ္ပဏီများ အီလက်ထရွန်းနစ်ကိရိယာများ ပူးပေါင်းထုတ်လုပ်လာမှု တိုးပွားလာသည့် နမူနာပင်ဖြစ်သည်။ သို့သော် ယင်းသို့ ပူးတွဲထုတ်လုပ်ရာတွင် များသောအားဖြင့် ဂျပန်တို့က ထုတ်လုပ်မှုအပိုင်းမှ တာဝန်ယူလေ့ရှိသည်။ နယူတန်ကွန်ပျူတာသည် ဖန်သားပြင်၌ မှတ်တမ်းများရေး၍ "ဖက်စ်" စက်ဖြင့် အခြားဒေသနေရာများသို့ ပေးပို့နိုင်သည်။ ပုံစံကို အက်ပယ် ကုမ္ပဏီကထုတ်လုပ်ပေးပြီး တည်ဆောက်မှုကို ရှပ်ကတာဝန်ယူခြင်းဖြစ်သည်။

ဗဲလဂျီယမ်နိုင်ငံ ဟက်ရှတဲလ်မြို့တွင် ကျင်းပသော နှစ်မိုင်ပြေးပွဲတွင် အိုလံပစ်မီတာ ၁၀၀၀၀ ချန်ပီယံ မော်ရိုကိုနိုင်ငံမှ ခါလစ်ဆကားက ၈မိနစ် ၁၂၃သမ ၁၇စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်သစ်တင်သွားသည်။ ယခင်စံချိန်မှာ တစ်နိုင်ငံတည်းသားအေအိုအီတာက ၁၉၈၇ ခုနှစ်တွင် အီတလီနိုင်ငံတူရင်မြို့၌ တင်ထားခဲ့သည့် ၈မိနစ် ၁၃၃သမ ၄၅စက္ကန့်ဖြစ်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုကိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ယနေ့နံနက်ပိုင်းတွင် သန်လျင်-ကျောက်တန်း

ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသား ဆေးဝါး ဥပဒေပုဒ်မ ၃၂ပုဒ်မခွဲ (ခ)ပါလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ဆေးဝါးမှတ်

**ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ထိုင်းဘုရင့် (ကြည်း) တပ်မတော်ဦးစီးချုပ်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်**



ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့်အမိန့်ကြော်ငြာစာအမှတ်၃/၉၃၊ဆေးဝါးထုတ်လုပ်ခြင်းနှင့် စပ်လျဉ်းသည့် အမိန့် ကြော်ငြာစာအမှတ်၄/၉၃၊ ဆေးဝါးတင်သွင်းခြင်းနှင့် စပ်လျဉ်းသည့် အမိန့်ကြော်ငြာစာအမှတ် ၅/၉၃၊ ဆေးဝါးရောင်းချခြင်းနှင့် စပ်လျဉ်းသည့် အမိန့်ကြော်ငြာစာအမှတ် ၆/၉၃၊ ဆေးဝါးကြော်ငြာခြင်းနှင့် စပ်လျဉ်းသည့် အမိန့်ကြော်ငြာစာအမှတ်၇/၉၃နှင့် အချိန်ကာလသတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့် အမိန့်ကြော်ငြာစာအမှတ် ၈/၉၃တို့ကို ထုတ်ပြန်သည်။

၆ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၇)ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ဗထူးတပ်မြို့ ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကိုယ်စား ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီး မောင်အေးတက်ရောက်၍ အမှာစကား ပြောကြားသည်။

၇ တောင်ကိုရီးယားနိုင်ငံသည် ရေတပ်အင်အားပိုတောင့်တင်းလာစေရေး စီမံချက်အရ နိုင်ငံတောင်ဘက်အိုပိမြို့တွင် တန်ချိန် ၁၂၀၀ရှိ တတိယမြောက် ရေငုပ်သင်္ဘော ချွီအီမူဆန်ကို သမ္မတကင်မ်ယုံဆမ်က ရေချပေးလိုက်သည်။ ယင်းရေငုပ်သင်္ဘောကို ဒေဝူးအုပ်စုမှ ဒေါ်လာ၁၈၆သန်း အကုန်အကျခံ တည်ဆောက်ခဲ့ပြီး ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ဒုံးကျည်များနှင့် အီလက်ထရွန်းနစ် စစ်ဆင်မှုများပြုလုပ်နိုင်စွမ်းရှိသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားသည်။ မိုင်၇၄၀၀ ခရီးကိုတောက်လျှောက် ခုတ်မောင်းနိုင်စွမ်းရှိသည်။

၈ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် အဖွဲ့ဝင်များလိုက်ပါလျက် ပဲခူးမြို့နယ်ရှိ ဘုရင့်နောင်မင်းတရားကြီး၏ နန်းတော်ရာ တူးဖော်မှုကို ကြည့်ရှုစစ်ဆေးသည်။

၉ – ၁၄ အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့၊ အလုံလမ်း သမ္မတအိမ်တော်ဝင်း အတွင်းရှိ ဗဟိုအစည်းအဝေးခန်းမတွင် ကျင်းပရာ ညီလာခံကိုယ်စားလှယ် ၆၉၈ဦးအနက် ၆၆၉ ဦးတက်ရောက်သည်။

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (အေ အိုင်ဒီအက်စ်) ကြောင့် သက္ကရာဇ် ၂၀၀၀ အတွင်းတွင် နောက်ထပ်လူ ခြောက်သန်း သေဆုံးလိမ့်မည်ဖြစ်ကြောင်းဖြင့် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို) ညွှန်ကြားရေးမှူး မိုက်ကယ်မာဆန်က ပြောကြားလိုက်သည်။ ၄င်းရောဂါကြောင့် သေဆုံးခဲ့ပြီးသူပေါင်းမှာ ယခုအချိန်အထိ နှစ်သန်းရှိခဲ့ပြီးဖြစ်သည်။

၉ – ၁၀ ထိုင်းဘုရင့်(ကြည်း)တပ်မတော် ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဝိမိုးဝန်ဝါနစ်ချ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရောက်ရှိသည်။

၁၃ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ဥပဒေအမှတ် ၁၁/၉၃ အဖြစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁၃ – ၁၆ ထိုင်းနိုင်ငံ ကာကွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး ဗီဂျစ်ဆွတ်ခ်မတ်ခ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရောက်ရှိသည်။

၁၅ ပို့ဆောင်ရေး ဝန်ကြီးဌာန အောက်ရှိ မြန်မာလေကြောင်းနှင့် စင်ကာပူ သမ္မတနိုင်ငံ ဟိုင်ဆိုနစ် အင်တာပရိုက်စ်ပိတ်အီးလီမိတက်တို့ပူးပေါင်း၍အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း၏ ဘိုရင်း (၇၅၇-၂၀၀) အီးအာရ်ခရီးသည်တင် သယ်ယူပို့ဆောင်ရေး လေယာဉ်ဖြင့် ရန်ကုန်-စင်ကာပူ-ရန်ကုန်ခရီးစဉ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁နာရီခွဲတွင် ရန်ကုန်လေဆိပ် ပြည်ပခန်းမဆောင်၌ ကျင်းပသည်။

၁၆ – ၂၀ စင်ကာပူ သမ္မတနိုင်ငံမှ ဘဏ္ဍာရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ကွန်မိုဒို၊ တီအိုချီဟန် ခေါင်းဆောင်၍ အဖွဲ့ဝင်၅၉ ဦးပါဝင်သော အဆင့်မြင့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့ ရောက်ရှိသည်။

၂၇ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေး ပညာပေးပြပွဲ (ဗဟိုအဆင့်)ကို ရန်ကုန်မြို့၊ဦးဝိစာရလမ်းရှိ တပ်မတော် ခန်းမ၌ ပြခန်းရှစ်ခန်းဖြင့် ဖွင့်လှစ်ပြသထားသည်။

၃၀ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးပြုလုပ်သော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ သတ္တမ အကြိမ်ဖျက်ဆီးသည့်ပြပွဲကို နံနက် ၈နာရီတွင် မရမ်းကုန်းမြို့နယ်ကျိုက်ဝိုင်းဘုရားလမ်း အောင်သပြေ ရဲရိပ်သာ၌ ကျင်းပသည်။

# စက်တင်ဘာလ

၁ ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်သည် ဒုတိယသမ္မတ အလက်ဇန္ဒား ရူစကွိုင်းနှင့် ဒုတိယဝန်ကြီးချုပ် ဗလာဒီမာရှူမိကိုတို့ နှစ်ဦးအား ရာထူးမှခေတ္တချထားလိုက်သည်။ အဂတိလိုက်စားသည် ဆိုသော စွဲချက်များကြောင့် ယခုလို လုပ်ဆောင်လိုက်ခြင်းဖြစ်သည်။ ရာထူးချထားခြင်းမှာ ယာယီသာဖြစ်ကြောင်း အမြဲတမ်းဖြစ်ရေး မဖြစ်ရေးမှာ စွပ်စွဲချက်များကို စစ်ဆေးနေသည့် စုံစမ်းစစ်ဆေးချက်များအပေါ်တွင် မူတည်ကြောင်းဖြင့် သမ္မတ ယဲ့လ်ဆင်၏ ရုံးမှ ကြေညာသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒဂုံမြို့နယ်မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်က ဖဲကြိုးကိုဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။

၅ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးပညာပေးပြပွဲ ပန်းချီ၊ ကာတွန်း၊ ပို့စကတ်ပြိုင်ပွဲဆုချီးမြှင့်သည့် အခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးမြသင်း တက်ရောက်၍အမှာစကားပြောကြားပြီး ဝန်ကြီးများကဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

၆ – ၉ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်မြို့ အလုံလမ်း သမ္မတ အိမ်တော်ဝင်း အတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေး တွင်နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးနှင့် စပ်လျဉ်း၍ နိုင်ငံမတော်

အခြေခံမူများသတ်မှတ်ရာတွင် အခြေခံရမည့်မူများချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ခြုံငုံသုံးသပ် တင်ပြကြသည်။

၁၀ အစ္စရေးဝန်ကြီးချုပ်ရာဘင်သည်ပီအယ်လ်အိုအား ပါလက်စတိုင်းပြည်သူတို့၏ ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုကြောင်း ဖော်ပြထားသည့် ယာဆာအာရာဖတ်ထံ ပေးသောစာတစ်စောင်ကို ဂျေရုဆလင်မြို့ရှိ ဝန်ကြီးချုပ်ရုံးခန်းတွင် လက်မှတ်ရေးထိုးခဲ့သည်။ ပီအယ်လ်အို ခေါင်းဆောင်အာရာဖတ်ကလည်း အစ္စရေးနိုင်ငံ၏ ငြိမ်းချမ်းလုံခြုံစွာ တည်ရှိခွင့်ကို အသိအမှတ်ပြုကြောင်းနှင့် အကြမ်းဖက်မှုကို ပီအယ်လ်အိုက စွန့်လွှတ်ကြောင်း ဖော်ပြထားသည့် စာတမ်းတစ်ရပ်ကို တူးနစ်မြို့တွင် လက်မှတ်ရေးထိုးခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် လွန်ခဲ့သည့် ခုနှစ်နှစ်ခန့်က ရာထူးမှ ဖယ်ရှားခြင်းခံရပြီး အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီကျွန်း၌ ခိုလှုံနေထိုင်စဉ် ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့က ကွယ်လွန်သွားခဲ့သည့် သမ္မတဟောင်း ဖာဒီနန်မာကို့စ်၏ ရုပ်အလောင်းကို ၄င်း၏ဇာတိ ဘာတက်မြို့တွင် မြှုပ်နှံသင်္ဂြိုဟ်လိုက်ပြီဖြစ်သည်။

၁၁ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ မြန်မာ့ရိုးရာ အဆို၊အက၊အရေး၊အတီးပြိုင် ပွဲကျင်းပရေးနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများချီးမြှင့်ပေးအပ်သည်။

၁၃ အစ္စရေးနှင့် ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ (ပီအယ်လ်အို) တို့သည် ပါလက်စတိုင်းကိုယ်ပိုင်အုပ်ချုပ်ရေးဆိုင်ရာ သမိုင်းဝင်သဘောတူစာချုပ်ကို အမေရိကန်သမ္မတအိမ်ဖြူ၌ လက်မှတ်ရေးထိုးလိုက်ကြသည်။ အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ အမေရိကန်သမ္မတ ကလင်တန်နှင့်အတူ အစ္စရေးဝန်ကြီးချုပ် ရာဘင်၊ ပီအယ်လ်အိုဥက္ကဋ္ဌ အာရာဖတ်တို့ တက်ရောက်ကြသည်။ အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ရှီမွန်ပဲရက်စ်နှင့် ပီအယ်လ်အိုအဖွဲ့ နိုင်ငံခြားဆက်ဆံရေးဌာနအကြီးအကဲ မာမွတ်အဘတ်စ်တို့က သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး လိုက်ကြခြင်းဖြစ်သည်။

၁၅ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့၌ လူမှုရေးအသင်းတစ်ခုအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်လျက် စတင်ဖွဲ့စည်းလိုက်သည်။

၁၆ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်မြို့၊ အလုံလမ်း၊ သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌဦးအောင်တိုးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် နိုင်ငံတော်အခြေခံမူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သဘာပတိ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်က မိန့်ခွန်းပြောကြားသည်။ အမျိုးသားညီလာခံအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့အထိ ရပ်နား၍ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင်ပြန်လည်ကျင်းပမည်ဖြစ်သည်။

၁၇ ပြည်ထောင်စုမြန်မာနိုင်ငံတော် -နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ပရာဆောင်စွန်စရိ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အားပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း အလုပ်သင် ဗိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၁) သင်တန်းဆင်းစစ်ရေးပြ အခမ်းအနားကို ဗထူးတပ်မြို့ ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ဒုတိယ တပ်မတော်ကာကွယ်ရေး

**ပါလက်စတိုင်းကိုယ်ပိုင်အုပ်ချုပ်ရေးဆိုင်ရာသမိုင်းဝင် စာချုပ်လက်မှတ် ရေးထိုးပွဲ အခမ်းအနားကို အမေရိကန်သမ္မတ အိမ်ဖြူရှေ့မြက်ခင်းပြင်တွင် ကျင်းပစဉ်**



ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး မောင်အေး တက်ရောက် အမှာစကား ပြောကြားသည်။

၁၇-၁၈ မြန်မာ – ထိုင်း ပူးတွဲ ကော်မ ရှင် ၏ ပထမအကြိမ် မျက်နှာစုံညီ အစည်း အဝေးကို အင်း လျား ကန် ဟိုတယ် ပတ္တမြား ခန်းမဆောင်တွင် ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအုံးကျော်၊ ထိုင်း နိုင်ငံခြားရေးဝန်ကြီး ပရာဆောင်စွန်စရီ၊ ပူးတွဲကော်မရှင်၏ မြန်မာနှင့် ထိုင်း အဖွဲ့ ဝင်များ၊ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများ တက်ရောက်ကြသည်။

၁၉ နိုင် ငံ ခြား ရေး ဝန် ကြီး ဌာနဝန်ကြီး ဦးအုံးကျော်သည် နီဂါရာ ဘရူနိုင်းဒါ ရုဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မင်းသား မူဒါဟာဂျီမိုဟာမက် ဘိုကီးယား၏ ဖိတ်ကြားချက်အရ ချစ်ကြည် ရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များ ဆွေးနွေးရန် လေကြောင်းခရီးဖြင့် နီဂါရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ ထွက်ခွာသွား သည်။

၂၀ ပြည် ထောင် စု မြန် မာ နိုင် ငံ တော် အစိုးရနှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် အစိုးရတို့သည် နှစ်နိုင်ငံ ပြည်သူများ၏အကျိုးစီးပွားနှင့် ဆန္ဒတို့နှင့် အညီ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက် နေ့မှအစပြု၍နှစ်နိုင်ငံအကြားသံအမတ်ကြီး များအဆင့် သံတမန်အဆက်အသွယ်ပြုလုပ် ရန် ဆုံးဖြတ်ခဲ့သည်။

ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်သည် ရုရှားကွန်ဂရက်လွှတ်တော်ကို ဖျက်သိမ်းပြီး ဒီဇင်ဘာလတွင် ပါလီမန်ရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်ကြောင်းဖြင့် ကြေညာ လိုက်သည်။ သမ္မတယဲ့လ်ဆင်၏ အမိန့်ကို ကွန်ဂရက်အမတ်များက ချက်ချင်းတုံ့ပြန်သည့် သဘောဖြင့်ဒုတိယသမ္မတ အလက်ဇန္ဒားရုစကိုင်း အား ယာယီသမ္မတအဖြစ် ခန့်အပ်လိုက်သည်။ ယဲ့လ်ဆင်၏အဓိကပြိုင်ဘက်ဖြစ်သော ပါလီ မန်ဥက္ကဋ္ဌ ခါစဘူလာတောဗ်သည် အိမ်ဖြူ ဟုခေါ်သော ရုရှားပါလီမန်အဆောက်အအုံ အတွင်းမှနေ၍ ယဲ့လ်ဆင်၏လုပ်ရပ်သည် အာဏာသိမ်းခြင်းဖြစ်သည်ဟု ဝေဖန်လိုက် သည်။ ယဲ့လ်ဆင်ကို ဆန့်ကျင်သူများက ရုရှားပါလီမန် အဆောက်အအုံရှေ့၌ စုရုံး ရောက်ရှိ လာကြပြီး အချို့က အစားအဆီး များ ပြုလုပ် နေခဲ့ကြသည်။

၂၃ တောင်အာဖရိက အုပ်ချုပ်ရေးတွင် လူမည်းများအား ပထမဆုံးအကြိမ် ပါဝင်ခွင့်ပြုသည့် ဥပဒေကြမ်းကို တောင် အာဖရိက ပါလီမန်ကမဲခွဲဆုံးဖြတ်လိုက်သည်။

၂၄ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာ ဦးစီးဌာန၏ ယဉ်ကျေးမှုတက္ကသိုလ် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ကမ္ဘာအေး ဘုရားလမ်း ကမ္ဘာဇရိပ်သာရှိ ယဉ်ကျေးမှု တက္ကသိုလ်၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ယဉ်ကျေးမှု ဝန်ကြီးဌာနဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ရဲကျော်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံ ပညာရေးကော် မတီ ဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်က အမှာစကားပြော ကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ အကြီးအကဲ မင်းသားကြီး သီဟာနုသည် နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို လက်မှတ်ရေးထိုး ပြဋ္ဌာန်းလိုက်သည်။

ဓနသဟာယအဖွဲ့သည် တောင်အာ ဖရိကနိုင်ငံအပေါ် တားမြစ်ပိတ်ပင်ထားမှုများ အနက် ကျန်ရှိသော ပိတ်ပင်တား မြစ်မှု များကို ရုပ်သိမ်းလိုက်သည်။ အာဖရိက အမျိုးသားကွန်ဂရက်ခေါင်းဆောင် နယ်လ်ဆင် မန်ဒဲလားက ကုလသမဂ္ဂ အထွေထွေညီလာ ခံ၌ လက်နက်နှင့် ချူကလီးယားပစ္စည်းများ မှတစ်ပါး တောင်အာဖရိကနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ပင်တားမြစ်ချက် အားလုံးကို ရုပ်သိမ်းပေးရန် မေတ္တာရပ်ခံ လိုက်စဉ် ဗြိတိန် နှင့် ၎င်း၏ ကိုလိုနီဟောင်း နိုင်ငံ ၅၀ တို့ပါဝင် ဖွဲ့စည်းထားသည့်ဗြိတိသျှ ဓနသဟာယနိုင်ငံများအသင်း၏ ကြေညာချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

၂၆ ဒုတိယတပ်မတော်ကာကွယ်ရေးဦး စီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်အေး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ ဝန်ကြီးများနှင့် အဖွဲ့သည် ရောဝတီတိုင်းအတွင်း ရှိဆည်မြောင်း တာတမံထိန်း သိမ်းမှုများနှင့် ဒေသဖွံ့ဖြိုး တိုးတက်မှု အခြေအနေများကို သွားရောက် ကြည့်ရှု စစ်ဆေးသည်။

၂၇ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်လမ်းရှိ လယ်ယာစိုက်ပျိုး ရေးဝန်ကြီးဌာန၏ လယ်ယာသုံး စက်ကိရိယာ ပစ္စည်းအရောင်းဆိုင်နှင့် ခြံထွက်သီးနှံ အရောင်းဆိုင် (၁) တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူ များအား မှာကြားသည်။

**ယဉ်ကျေးမှုတက္ကသိုလ်ဖွင့်ပွဲအခမ်းအနား**



ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ ကျောက်မျက်ရတနာခန်းမ ဖွင့်ပွဲ အခမ်းအနားကို ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမအဆောက် အအုံသစ်၌ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များတက်ရောက် အားပေး ကြည့်ရှုကြသည်။

အထူးစီမံကိန်းများ အကောင် အထည်ဖော်ရေးအဖွဲ့၏(၄/၉၃) ညှိနှိုင်း အစည်းအဝေးကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမတွင် ကျင်းပရာ အထူးစီမံကိန်းများ အကောင် အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊နိုင်ငံတော်ငြိမ် ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်အမှာ စကားပြောသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ် ငန်း ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိ သူများ လိုက်ပါလျက်ကချင်ပြည်နယ် မြစ်ကြီးနား မြို့သို့ ရောက်ရှိသည်။ အတွင်းရေးမှူး(၁) နှင့်အဖွဲ့သည်မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မလိခရိပ်သာတွင် ကချင်တိုင်းရင်းသား ခေါင်းဆောင်များ ဖြစ်ကြသော ဦးဇော်မိုင်၊ ဦးလမုန်တူးဂျိုင်၊ ဦးဇော်ဖန်၊ ဒေါက်တာ လဂျာ၊ဒေါက်တာ တူးဂျာ တို့နှင့် တွေ့ဆုံပြီး ကချင်ပြည်နယ် အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ညှိနှိုင်း ဆွေးနွေးကြသည်။ အတွင်းရေးမှူး (၁) နှင့် အဖွဲ့သည် ကျိန်ခရန်ခ ရေအားလျှပ်စစ်တတ်အားပေး စက်ရုံ၊ မြစ်ကြီးနား နှစ်ထပ်ဈေးသစ်၊ ပြည်သူ့ဆေးရုံ စသည် ကချင်ပြည်နယ် အတွင်းဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ကို ကြည့်ရှုစစ်ဆေးသည်။

ကမ္ဘာ့လက်ဝှေ့ကောင်စီ(ဒဗလျူ ဘီစီ)၏ဟဲဗီးဝိတ် သရဖူလုပွဲ အဖြစ် လက်ရှိချန်ပီယံလင်းနော့လူးဝစ်နှင့် စိန်ခေါ်သူဖရန်ဘရူနိုတို့ ဂါဒစ် (ဝေလနယ်) တွင် ယှဉ်ပြိုင် ထိုးသတ်ခဲ့ရာ လက်ရှိ ချန်ပီယံက သတ္တမအချီတွင် ခိုင်ပွဲရပ်ဖြင့် အနိုင်ရကာ သရဖူကို ဆက်လက်ထိန်းသိမ်း လိုက်သည်။

အီဂျစ် သမ္မတအဖြစ် သမ္မတ မူဘာရက် အား တတိယ ခြောက်နှစ် သက်တမ်း အတွက် အီဂျစ်ပြည်သူတို့က ရွေးချယ်လိုက်သည်။သမ္မတမူဘာရက်သည် မဲ ၉၄ ဒသမ ၉ ရာခိုင်နှုန်းရရှိသည်။

ရုရှား သဘောထား တင်းမာ သူ ပါလီမန်အမတ်များအား ထောက် ခံသည့် ဆန္ဒပြသမားများသည် ခဲများ၊ တုတ်များ၊စက်သေနတ်များကိုင်ဆောင်ကာ ရုရှားပါလီမန် ပတ်ပတ်လည်တွင် ဝိုင်းထား သော ရဲများကို တိုက်ခိုက်ထိုးဖောက် ကြသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့နှင့် ပြည်နယ် တိုင်း ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့ များ၏ ၁၉၉၃ ခုနှစ်၊ ဒုတိယလေးလပတ်ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်အမှာ စကားပြောသည်။ အဆိုပါအစည်းအဝေးကို ဤလလေးရက်နေ့မှခြောက်ရက်နေ့အထိ သုံးရက် ကျင်းပသည်။

၉ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး ရေးအသင်း ဆိုင်းဘုတ်တင်ပွဲနှင့် ဆွမ်းဆက် ကပ်လှူဒါန်းသည့် အခမ်းအနား ကိုရန်ကုန်မြို့တော်ခန်းမတွင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက် ရောက်၍ ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ပြီးရေစက်သွန်းချအမှျ ပေးဝေသည်။

အစ္စရေး ဝန်ကြီးချုပ် ယစ်ဇက် ရာဘင်သည်မနှစ်က အစ္စရေးနှင့် သံတမန် ဆက်ခဲ့သည့် တရုတ်ပြည်သူ့ သမ္မတ နိုင်ငံသို့ အလည်အပတ်ရောက် သည်။ ပီကင်းနိုင်ငံတကာ လေဆိပ်တွင် စိုက်ပျိုးရေး ဝန်ကြီးနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ကြိုဆို ညှိခံရေးကော်မတီ ဥက္ကဋ္ဌ လီယူကျင်းက ဝန်ကြီးချုပ် ရာဘင် အား ကြိုဆိုသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ ၊ တပ်မ တော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် လှည်းကူးမြို့နယ်၊ ရဲမွန် တပ်မြို့ရှိ ငါးပြေမဆည်တွင် သရုပ်ပြ တပ်ဆင်ထားသည့်တာဘိုင်ရေတင်စက်ဖြင့် အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။



ဆန္ဒပြသမားများက
ရဲများကိုတိုက်ခိုက်ထိုးဖောက်နေကြစဉ်
(အောက်တိုဘာ-၃)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဖွဲ့စည်းဆောင်ရွက်ခြင်း နှင့် ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေး ခန်းမတွင် ကျင်းပသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နာယက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက် ဆွေးနွေးမှာကြားသည်။ အစည်းအဝေးသို့ နာယကအဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အထွေထွေအတွင်းရေးမှူး၊ အတွင်း ရေးမှူး အဖွဲ့ဝင်များ စသည့် တာဝန်ရှိသူများ တက်ရောက်၍အကြံပြုဆွေးနွေးတင်ပြကြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင် အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် သည် အင်းလျားလမ်းရှိ တပ်မတော် ဧည့်ဂေဟာတွင် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၅) ကချင်တိုင်းရင်းသား ခေါင်းဆောင် ဦးမထုနော်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံသည်။

ထိုင်းနိုင်ငံ စားဖိုမှူးများအသင်း အချက်အပြုတ် အတတ်ပညာဆိုင်ရာ (၁၀) နှစ်မြောက် ပြိုင်ပွဲအထိမ်းအမှတ်အဖြစ် ထိုင်းစားဖိုမှူးများသည် ကမ္ဘာ့အကြီးဆုံး ထမင်းကြော်ပြီး ကျွေးမွေးသည့် အစီအစဉ် တစ်ရပ်ကိုကျင်းပလိုက်သည်။ ထိုင်းစားဖိုမှူး သုံးဒါဇင်တို့သည် ကြက်သား ၁၂၅ ကီလို၊ ကြက်ဥအလုံး ၂၅၀၀၊ ကြက်သွန်ဖြူ ၁၂ ကီလိုနှင့် အခြားအမျိုးအမည်များကို ချက်ပြီး ထမင်းကီလို ၅၀၀နှင့် ရောစပ်ကာ ကီလို ၁၆၀၀ လေးသည့် သံမဏိ မိုးဖြဲဒယ်ကြီးနှင့် ထည့်ကြော်သည်။ ယင်း ထမင်းကြော်ကို ဆင်းရဲသားများနေထိုင်ရာ ဗန်ကောက် ဆင်ခြေဖုံးရှိ ကလောင်တိုယေ ကျူးကျော် ရပ်ကွက်သို့ သယ်ဆောင်ကာ ဆင်းရဲသားများအား ဝေငှ ကျွေးမွေးသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဦးဝိစာရလမ်းရှိ၊ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသသော ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်ပြပွဲသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ပါကစ္စတန်ပြည်သူ့ပါတီခေါင်းဆောင် ဘနာဇီယာဘူတိုအား ဝန်ကြီးချုပ်အဖြစ်ပါကစ္စတန် အမျိုးသားလွှတ်တော်က ၁၂၁မဲ၊၇၂ မဲဖြင့် မဲခွဲရွေးချယ်လိုက်သည်။ ဘနာဇီယာဘူတိုသည်ငါးနှစ်တာသက်တမ်း တာဝန်ထမ်းဆောင်ရန် ကျမ်းသစ္စာ ကျိန်ဆိုသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တို့သည် ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ ကျောက်မျက်ရတနာ ခန်းမတွင်ကျင်းပမည့်နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲအကြိုခင်းကျင်း ပြသမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပထမအကြိမ် မြန်မာ့ရိုးရာ မြင်းခင်း သဘင်ပွဲတော် ဖွင့်ပွဲ အခမ်းအနားကို အောင်ဆန်းအားကစား ပြိုင်ကွင်းတွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး အမှူးပြု သော တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များတက်ရောက်ကြသည်။

ပထမ အကြိမ် မြန်မာ့ရိုးရာ မြင်း ခင်းသဘင်ပွဲတော် ပိတ်ပွဲ အခမ်းအနားကို အောင်ဆန်း အားကစား ပြိုင်ကွင်း တွင် ညနေပိုင်း၌ ကျင်းပသည်။ ဒုတိယ ဝန်ကြီး ချုပ်များ ဖြစ်ကြသော ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင်နှင့် ဒုတိယ ဗိုလ်ချုပ်ကြီး တင်ထွန်း ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

ပထမအကြိမ် မြန်မာ့ရိုးရာမြင်းခင်းသဘင်ပွဲတော်ဖွင့်ပွဲအခမ်းအနား



အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး နှင့်တာဝန်ရှိ သူများ၊ ဖိတ်ကြားထားသူများ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ၊ အိန္ဒိယ သမ္မတနိုင်ငံ အစိုးရနှင့် ထိုင်းနိုင်ငံအစိုးရတို့ ချုပ်ဆိုကြသော အန်ဒမန် ပင်လယ်ပြင်တွင် သုံးပြည်ထောင် ပင်လယ် နယ်နိမိတ်များဆုံရာ သုံးပွင့်ဆိုင် အမှတ် သတ်မှတ်ရေး သဘောတူစာချုပ်ကို အိန္ဒိယ သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းလွင်၊ အိန္ဒိယနိုင်ငံအစိုးရ ပူးတွဲအတွင်းဝန် ဒေါက်တာ ရှီးလ်ခန်ရှားမားနှင့် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး ဒေါက်တာ ပရာဖော့ နာရင်သရန်ဝူရာတို့က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် လက်မှတ် ရေးထိုးကြသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်များ ဖြစ်ကြသော ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင်နှင့် ဒုတိယ ဗိုလ်ချုပ်ကြီး တင်ထွန်းတို့သည် မြန်မာ့ကျောက်စိမ်းများကို မြန်မာ့ ကျောက်မျက်ရတနာခန်းမ၊ ဈေးပြိုင်ခန်းမ တွင်ဈေးပြိုင်စနစ်ဖြင့် ဒုတိယ နေ့ရောင်းချရာသို့ လာရောက် ကြည့်ရှု အားပေးကြသည်။

မလေးရှားနိုင်ငံကွာလာလာမ်ပူမြို့ရှိ အမြှာညီအစ်ကိုမိုဟာမက်ရာရှုဝါဟက်နှင့် ရှာရီဝါဟက်တို့သည် လျှပ်စစ်တတ်များ ၄င်းတို့ကိုယ်ခန္ဓာမှ ထူးဆန်းစွာ ထုတ်လွှင့်လျက်ရှိရာ မိဘများနှင့်သူငယ်ချင်းအပေါင်းအသင်းတို့မှာ တတ်လိုက်ခံနေကြရသည်ဟု ရိုက်တာကဖော်ပြသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဒဂုံတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်း၊ သဃ်န်းကျွန်းခုတင် ၃၀၀ ဆံ့ ဆေးရုံတည်ဆောက်ရေးလုပ်ငန်းနှင့်တပ်မတော် စစ်သမိုင်းပြတိုက် ဆောက်လုပ်ရေး လုပ်ငန်း များကို ကြည့်ရှုစစ်ဆေးသည်။

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန၏ ကမ်းနား ဟိုတယ် ဖွင့်ပွဲ အခမ်းအနားကို ညနေ ၅ နာရီတွင် ကျင်းပရာ ဒုတိယဝန်ကြီးချုပ်များ ဖြစ်ကြသော ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင် နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်ထွန်း တို့တက်ရောက် ကြသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဦးဝိစာရလမ်း တပ်မတော် ခန်းမတွင် နိုဝင်ဘာလ ၉ ရက်နေ့တွင်စတင်ခင်းကျင်းပြသမည့် "ထုပ်ပိုးမှု ပြပွဲ၊ ၁၉၉၃ ရန်ကုန် " ပြပွဲသို့ လာရောက်ကြည့်ရှု စစ်ဆေး သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)ဒဂုံတက္ကသိုလ်နယ်မြေဖွင့်ပွဲ အခမ်းအနားကို ဒဂုံတက္ကသိုလ်ပင်မ မှခ်ဦးရှေ့၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးတို့ တက်ရောက်သည်။

သူနာပြုတက္ကသိုလ် ပထမအကြိမ် သူနာပြုသိပ္ပံဘွဲ့ (ပေါင်းကူး) သင်တန်း ဆင်းပွဲ ကျင်းပသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်၏ကိုယ်စားလှယ် ပါမောက္ခ ယိုဇိုယိုကိုတာသည်အဖွဲ့ဝင်နှစ်ဦးနှင့်အတူ ရန်ကုန်မြို့သို့ ရောက်ရှိသည်။ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က ပါမောက္ခ ယိုဇိုယိုကိုတာအား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

စင်ကာပူ ၊ မလေးရှား ၊ ဟောင်ကောင်၊ထိုင်ဝမ်နှင့်ဂျပန်တို့ကိုဖန်သားမျှင်ကြိုးဖြင့် ပင်လယ်အောက်မှ ဆက်သွယ်၍ ကြေးနန်းဆက်သွယ်ရေးစနစ်ကို စတင်ဖွင့်လှစ်သည်။ ဖန်သားမျှင် ဆက်သွယ်သည့် အကွာအဝေးမှာ ၄၆၉၀ မိုင်ရှိပြီး တစ်ပြိုင်တည်းတယ်လီဖုန်းအလုံး ၅၂၀၀၀ အသုံးပြုပြောဆိုနိုင်မည် ဖြစ်သည်။ ကုန်ကျစရိတ် ဒေါ်လာ၃၃၅ သန်း ရှိခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၂)"ဝ"တိုင်းရင်းသားခေါင်းဆောင် ဦးပေါက် ယူချမ်းနှင့် အဖွဲ့အား အင်းလျားလမ်းရှိ တပ်မတော်စည်းဝေး ဂေဟာ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အဖွဲ့ဝင်များ လိုက်ပါလျက် ပဲခူးမြို့သို့ ရောက်ရှိပြီး ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းကြီး တည်ဆောက်ရန် မြေနေရာ စစ်ဆေးကြည့်ရှု ရွေးချယ်ခြင်းနှင့် ပဲခူးမြို့ တည်ဆောက်ရေးလုပ်ငန်းများနှင့် ဘုရင့်နောင်မင်းတရားကြီး၏နန်းတော်ရာတူးဖော်မှု လုပ်ငန်းများ လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ကမ္ဘာ့အဆင့်မီဟိုတယ်တည်ဆောက်လုပ်ကိုင်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနနှင့်စင်ကာပူနိုင်ငံမှ (Straits Steamship Land Ltd; Co.) ကုမ္ပဏီခွဲဖြစ်သော (Straits Green field Ltd) တို့ သဘောတူ စာချုပ်လက်မှတ်ရေးထိုးပွဲနှင့် အဆောက်အအုံ ပန္နက်ရိုက်မင်္ဂလာ အခမ်းအနားကိုရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းရှိ ယခင် ရွှေဥဒေါင်း အထည်စက်ရုံနေရာနှင့် ပြည်သူ့ရဲတပ်ဖွဲ့ မော်တော်ယာဉ်အလုပ်ရုံ မြေနေရာတို့၌ ကျင်းပရာ အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်သည်။

ဒဂုံမြို့သစ်မြို့နယ် မြောက်ပိုင်းတွင် တည်ရှိသော ဒဂုံတက္ကသိုလ် စတင်ဖွင့်လှစ်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များလိုက်ပါလျက် ကယားပြည်နယ်လွိုင်ကော်မြို့သို့ ရောက်ရှိပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊မြို့မိမြို့ဖများ၊ဒေသခံ



ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အဖွဲ့ဝင်များ တပ်မတော်စစ်သမိုင်းပြတိုက်ဆောက်လုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးနေစဉ်

တိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံ၍ တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ဝင်ရောက်ရေး အတွက် ဖိတ်ခေါ်ပြောကြားခဲ့သည်။

တရုတ်ပြည်တောင်ပိုင်း ဟောင်
၁၉ ကောင်နယ်စပ်အနီးရှိ ရှန်ကျင့်မြို့ ကျူယောင်စီးပွားဒေသတွင် ကလေးကစား စရာ စက်ရုံမီးလောင်ရာ၌ အလုပ်သမား ၈၃ ဦးသေဆုံးပြီး၊ ၃၆ဦး ဒဏ်ရာ ရရှိခဲ့ရာ အများစုမှာ အမျိုးသမီးများဖြစ်ပြီး ထွက် မပြေးနိုင်ခြင်းကြောင့် သေဆုံးခဲ့ ရခြင်း ဖြစ်သည်။

စ တု တ္ထအ ကြိမ် မြို့ တော် ဝန်
၂၀ မာရသွန် ပြိုင်ပွဲ ကျင်းပသည်။ ပြိုင်ပွဲဝင် စုစုပေါင်း ၅၀,၄၀၁ ဦးပါဝင် ယှဉ်ပြိုင်ရာ ၃၉,၈၇၇ ဦးပန်းဝင်သည်။

ယခုနှစ်တွင် အခြားကူးစက်ရောဂါ များထက် အဆုတ်ရောဂါကြောင့် ကမ္ဘာ တစ်ဝန်း၌ လူသုံးသန်းမျှ သေဆုံးကြလိမ့် မည်ဟု ကမ္ဘာ့ကျန်းမာရေး အဖွဲ့က ပြော ကြား လိုက်သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်
၂၅ ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)
၂၆ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် သည် အဖွဲ့ဝင်များလိုက်ပါလျက် မွန်ပြည် နယ်၊ မော်လမြိုင်မြို့ ၊ရေးမြို့၊ သံဖြူဇရပ် မြို့များနှင့် ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိ၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံ တိုင်းရင်း သားပြည်သူများ ၊ ရပ်မိ ရပ်ဖ များနှင့် တွေ့ဆုံဆွေးနွေးသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်
၂၅ ဆောက် ရေးအဖွဲ့ ဥပဒေ အမှတ် ၁၇/၉၃ တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေး ဥပဒေ ပြဋ္ဌာန်းသည်။

ဒုတိယ တပ်မတော်ကာကွယ်ရေး
၂၆ ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်ကြီး မောင်အေးနှင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးတို့သည် အဖွဲ့ဝင်များ လိုက်ပါလျက် တာချီလိတ်မြို့သို့ရောက်ရှိ၍ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ရှိတာဝန် ရှိသူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေး ကိစ္စများ မှာကြားသည်။

ထိုင်းနိုင်ငံ အယုဒ္ဓယမြို့တွင်
၂၇ ကျင်းပသော (၆) ကြိမ်မြောက်
၂၈ ထိုင်း ရိုးရာဖိတ်ခေါ်လှေလှော် ပြိုင်ပွဲတွင်မြန်မာ့ရိုးရာ လှေလှော် လက်ရွေး စဉ်အသင်း ပထမ ရရှိသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်
၂၈ ကျင်းပသောဗန်ကောက်မာရသွန် ပြိုင်တွင်မြန်မာအဖွဲ့က ရွှေတံဆိပ်ရှစ်ခု၊ ငွေ တံဆိပ်ငါးခုနှင့် ကြေးတံဆိပ် လေးခုရရှိ သည်။

ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်တွင် ၁၁သမ ၀၇ ဧက အကျယ်ရှိ မြေကွက်၌ ကြယ်ငါးပွင့် အဆင့် ခေတ်မီအထပ် ၂၀ ပါ ဟိုတယ်နှင့် ရုံးခန်း၊ လူနေခန်းများပါရှိမည့် အဆောက်အအုံ တည်ဆောက်လုပ်ကိုင် ရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ထိုင်းနိုင်ငံမှ L.P Holding Co., Ltd. တို့သဘောတူ စာချုပ်လက်မှတ်ရေးထိုးပွဲကို အင်းယားကန် ဟိုတယ် ပတ္တမြား ခန်းမ၌ ကျင်းပသည်။

## [illegible]

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တိုင်းအမျိုးသား လုံခြုံရေး ကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ချွရန်ကူလာဗာနစ်ခေါင်းဆောင်သည့်ကိုယ်စား လှယ်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံ ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

"ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့"အခမ်းအနားများကို ကမ္ဘာအရပ်ရပ်၌ ကျင်းပခဲ့ရာ ဩစတြေးလျ၌ ထင်ရှားသော အဆောက်အအုံကြီးများ၌ ညဘက်တွင် မီးမှိန်ထားခဲ့သည်။ ဗန်ကောက်မြို့တွင် သူနာပြုဆရာမများက နှင်းဆီပန်းဝါများ ရောင်းချကြသည်။

ကိုလံဘီယာ မူးယစ်ဆေးဂိုဏ်းခေါင်းဆောင် ပက်ဘလိုအက်စ်ကိုဘာသည် ရဲအဖွဲ့နှင့် အပြန်အလှန် ပစ်ခတ်ရာတွင် မယ်ဒယ်လင်မြို့၌ သေဆုံးသွားသည်။ အက်စ်ကိုဘာသည် အစိုးရက အလိုချင်ဆုံး ကရားခံပြေးဖြစ်သည်။ ၎င်းအားဖမ်းဆီးပေးနိုင်လျှင် သို့မဟုတ် သတင်းပေးနိုင်သူဖြစ်လျှင် ဆုငွေ ဒေါ်လာ ၆ သန်း ပေးမည်ဟု ဆုငွေထုတ်ထားခြင်းခံရသူလည်းဖြစ်သည်။

တောင်အာရှဒေသပူးပေါင်းဆောင်ရွက်ရေးအသင်း (ဆာအတ်) နိုင်ငံခြားရေးဝန်ကြီးများ နှစ်ရက်ကြာ အစည်းအဝေး တစ်ရပ်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ကျင်းပသည်။

၁၉၉၃ ခုနှစ် စတုတ္ထအကြိမ် ပြည်နယ်နှင့်တိုင်း အခြေခံပညာကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို စစ်တွေမြို့ရှိ ဝေသာလီရင်ပြင် အားကစားကွင်း၌ ကျင်းပသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မင်္ဂလာဒုံရှိ တပ်မတော်ဆေးရုံကြီးသို့ သွားရောက်ကာ ဆေးကုသမှုခံယူလျက်ရှိသည့် ဆရာတော်ကြီးများနှင့် တပ်မတော်သားများ၊ မိသားစုများ၏ ကျန်းမာရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်အေးသည် ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင်သစ်ကြီး၌ ပြည်နယ် / တိုင်း ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့ အတွင်းရေးမှူးများ၊ ခရိုင် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌများအား တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းမှာကြားသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမျိုးသားဆောင်ပုဒ်များ ရေးသားရေးဦးစီးကော်မတီမှ ကြီးမှူးကျင်းပသော စတုတ္ထအကြိမ်စာပေနှင့် တတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ - မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားပြီး ဆုများချီးမြှင့်သည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဆဲလ်လူလာတယ်လီဖုန်းစနစ် ဖွင့်ပွဲအခမ်းအနားကို ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ ရေဒီယိုစခန်း၌ ကျင်းပသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန စားသောက် ဆိုင်နှင့် အဖျော်ယမကာလုပ်ငန်း၏ လားရှိုး မိုတယ် ဖွင့်ပွဲအခမ်းအနားကို လားရှိုးမြို့ပြည်တော်သာ ရပ်ကွက် ဘူတာရုံလမ်းရှိလားရှိုးမိုတယ်ခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဝန်ကြီးများ တက်ရောက်၍ မိုတယ်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။ အဆိုပါမိုတယ်ကို စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ငွေ ကျပ်သန်း ၆၀ အကုန်အကျခံတည် ဆောက်ခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံတွင် ပါလီမန်ရွေးကောက်ပွဲများကျင်းပသည်။ ရုရှားဖက်ဒရေးရှင်း ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြည်သူ့ဆန္ဒခံယူပွဲကိုလည်း တစ်ပြိုင်နက်ကျင်းပခဲ့ရာ ထောက်ခံမဲရရှိခဲ့သည်။ သို့ရာတွင် ပွတ်ကာသီကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

'အင်ဒဲဗား' အာကာသ လွန်းပြန်ယာဉ်သည် ကမ္ဘာမြေပြင်သို့ ပြန်လည်ရောက်ရှိလာသည်။ မိုင် ၄ ဒသမ

**ကိုလံဘီယာ မူးယစ်ဆေးဝါးဂိုဏ်းခေါင်းဆောင် ပက်ဘလိုအက်စ်ကိုဘာအား အသေဖမ်းဆီးရမိစဉ်**



၄ သန်းရှိသော အာကာသ ခရီးစဉ်အတွင်း အာကာသယာဉ်မှူးများသည် ဟာဘယ် အာကာသ မှန်ပြောင်းကြီးအား ပြုပြင်ရန် အတွက် လေဟာနယ်ထဲသို့ ငါးကြိမ်တိုင် လမ်းထွက်လျှောက်ခဲ့ကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်အဖွဲ့၏ ၁၉၉၂ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပသည်။

အီဂျစ်နိုင်ငံမြို့တော် ကိုင်ရိုမြို့ ဆင်ခြေဖုံး ဆင်းရဲသားများနေထိုင်ရာရပ် ကွက်အနီး ထုံးကျောက်တောင်ကြီးမှ တစ်ချပ်လျှင် အိမ်တစ်လုံးစာမျှကြီးမားသော ထုံးကျောက်ပြားကြီးများ ပြိုကျလာရာ အနည်းဆုံး လူ ၃၄ ဦးမျှသေဆုံးသွားသည်။ ထုံးကျောက်တောင်ကြီးမှာ မီတာ ၂၀၀ ခန့် မြင့်မားသည်။

၁၉၉၃ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို မင်္ဂလာဒုံ တပ်မတော်ဂေါက်ကွင်း၌ ကျင်းပသည်။

ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) သည် ငြိမ်းချမ်းရေး ပညာပေးဆုအဖြစ် ဒေါ်လာ ၅၀,၀၀၀ တန်ချက်လက်မှတ်ကို အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့မှ ခရစ်ယာန် သီလရှင် မာသာထရီစာ (၈၃ နှစ်) အား ချီးမြှင့်လိုက်သည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ပူးပေါင်း ညှိနှိုင်းရေးဝန်ကြီး မစ္စတာ အိုင်၊ အာရ်၊ ဟာတာတို၏ ဖိတ်ကြားချက်အရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် အဖွဲ့ဝင်များလိုက်ပါလျက် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ်သွားရောက်သည်။ ၂၅ ရက် နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက် ရှိသည်။

**အမျိုးသားစာပေဆုနှင့် စာပေဗိမာန်**
**စာမူဆု**
**ဆုနှင်းသဘင်အခမ်းအနားတွင်**
**ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး**
**ဗိုလ်မှူးချုပ် မျိုးသန့် မိန့်ခွန်း**
**ပြောကြားစဉ်**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာ ကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သည် ရန်ကုန်လေဆိပ်အတွင်း ပြုပြင်မွမ်း မံရေးလုပ်ငန်းနှင့် ရတနာအိမ်ရာ စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များကိုတာဝန်ရှိသူများအား လမ်းညွှန် မှာကြားသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်း ဒေသကြီး နယ်မြေတာချီလိတ်မြန်မာ့ကုန်စည် ပြပွဲဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက်နေ့တွင် မြန်မာ့ကုန်စည် ပြပွဲ ခင်းကျင်းစီစဉ်ပြသရာ တာချီလိတ်မြို့ ရှမ်းရိုးမကုန်တိုက်ရှေ့၌ ကျင်းပသည်။ မြန်မာ့ ကုန်စည်ပြပွဲကို ဒီဇင်ဘာ ၃၁ ရက်နေ့အထိ ခင်းကျင်းပြသသည်။

ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ အမှတ် (၅) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းရှိ ကုန်သွယ်ရေးဝန်ကြီးဌာနမြန်မာ့ကုန်တိုက် ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ မြန်မာ့ ကုန်တိုက်၌ ကျင်းပသည်။

အထူးစီမံကိန်းများအကောင်အထည်
၂၄ ဖော်ရေးအဖွဲ့၏ (၅ / ၉၃) ညှိနှိုင်း အစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော် ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍တင်ပြချက်များအပေါ် လမ်းညွှန်ဆွေးနွေး မှာကြားသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်
၂၇ ရေးအဖွဲ့ဥက္ကဋ္ဌဖလားပဥ္စမအကြိမ်
၃၀ မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု



လေ့သဘင်ပွဲတော်ပြည်နယ်နှင့်တိုင်းအလိုက် နှင့် ဝန်ကြီးဌာနအလိုက် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲနှင့်အင်းလေးဒေသမှတိုင်းရင်း သား အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကိုဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကန်တော်ကြီး ကရဝိက်ကျွန်းဗဟိုမဏ္ဍပ် မှခ်ဦး ထိပ်၌ ကျင်းပသည်။ ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်နေ့တွင် ကျင်းပပြီး ဆုရရှိ ကြသည့် အသင်းများအား ဆုများကို ချီးမြှင့် လိုက်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပထမ အကြိမ်ညီလာခံကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမဆောင်၌ကျင်းပသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်
၃၀ ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့ဗိုလ်ချုပ်အောင်ဆန်း လမ်းရှိသူနာပြုတက္ကသိုလ်သို့လာရောက်ပြီး မြန်မာနိုင်ငံတော် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပထမ အကြိမ် ညီလာခံသို့အထူးဖိတ်ကြားချက် အရတက်ရောက်လာကြသည့် သက်ကြီးဝါကြီး စာပေပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။




အမျိုးသားညီလာခံ (စာမျက်နှာ ၆၂)



စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပထမအကြိမ်ညီလာခံ ဒုတိယနေ့တွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက
စာရေးဆရာကြီးတစ်ဦးကို ဂါရဝပြုလက်ဆောင်ပေးအပ်စဉ် (စာမျက်နှာ ၂၂၃)




မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (စာမျက်နှာ ၂၅၉)





အမျိုးသားဆောင်ပုဒ်များ အကောင်အထည်ဖော်သည့်စာပေနှင့် ဓာတ်ပုံပြိုင်ပွဲတွင် ဆေးရောင်စုံ ပထမဆုရသည့် တက္ကသိုလ်ဇော်ဇော်၏ ''ပြည်သူ့တပ်မတော်၊ တို့တပ်မတော်'' ခေါင်းစဉ်ပါဓာတ်ပုံ (စာမျက်နှာ ၁၁၀)



မြန်မာ့ရိုးရာ မြင်းခင်းသဘင်  ဖွင့်ပွဲအခမ်းအနား (စာမျက်နှာ ၄၂)



ရင်ချင်းဆက်အမြွှာညီအစ်မ  အေးအေးငြိမ်းနှင့်အိအိငြိမ်း (စာမျက်နှာ ၂၇၉)

အပိုင်း – ၂

# စက်မှု၊ သိပ္ပံ၊ ယဉ်ကျေးမှုနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ


ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်မြတ်များ .... ဦးဉာဏဝင်း .... ၃၄

ပထမအကြိမ် မြန်မာ့ရိုးရာ မြင်းခင်းသဘင် .... ဒေါက်တာ ခင်မောင်ညွန့် .... ၄၂

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏
၁၉၉၃ ခုနှစ် ဥပဒေ၊ နည်းဥပဒေများ .... ဦးအေးချို(တရားရုံးချုပ်ရှေ့နေ) ၅၅

အမျိုးသားညီလာခံ .... ဦးမျိုးသန့် .... ၆၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း .... ဦးအုန်းလွင် .... ၇၁

မိုင်းရပ်စ် အသည်းရောင် အသားဝါရောဂါ (ဘီ) ဆရာဝန် တင်ရွှေ .... ၈၁

ကမ္ဘာ့စီးပွားရေး .... ပါမောက္ခ ဦးမြတ်သိန်း .... ၈၆

မြန်မာနိုင်ငံနှင့် ကျန်းမာရေး စောင့်ရှောက်မှု
စနစ်အမျိုးမျိုး .... ဒေါက်တာ မောင်မောင်ညို ၉၂

လော်ကားဥယျာဉ် .... မောင်ခေတ်ထွန်း .... ၁၀၆



# ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် သာသနာတော်၌ နေလ သဖွယ်ထင်ရှား၍ သီလသမာဓိပညာဂုဏ် ကြီးမြင့်တော်မူသော ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချ ဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း၊ ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာ တော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့ လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလျက် ရှိသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၁/၉၃ ကို ၁၉၉၃ ခုနှစ်၊ (ဇန်နဝါရီလ ၄ ရက်၊ ၁၃၅၄ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်) နေ့တွင် ထုတ်ပြန်ကြေညာခဲ့ရာ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးတစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၅၃ ပါး၊ သီရိလင်္ကာနိုင်ငံမှတစ်ပါး၊ အိန္ဒိယနိုင်ငံမှနှစ်ပါး၊ ဩစတြေးလျနိုင်ငံမှတစ်ပါး၊ အမေရိကန်နိုင်ငံမှတစ်ပါး၊ စုစုပေါင်း ၅၈ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော် ၃၃ ပါး၊ သီလရှင် သုံးပါး၊ စုစုပေါင်း ၃၆ ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၉၇ ပါး၊ သီလရှင် ရှစ်ပါး၊ စုစုပေါင်း ၁၀၅ ပါး၊ စူဠဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်အပါး ၅၀၊ သီလရှင်ခုနစ်ပါး စုစုပေါင်း ၅၇ ပါး၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်တစ်ပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းခြင်းခံရသောဆရာတော် ရှစ်ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်များတွင် မြန်မာနိုင်ငံမှနှစ်ပါး၊ ထိုင်းနိုင်ငံမှတစ်ပါး၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၁၄ ပါး၊ စူဠကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ရှစ်ပါး၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်နှစ်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်များတွင် မြန်မာနိုင်ငံမှ ၁၄ ပါး၊ အိန္ဒိယနိုင်ငံမှနှစ်ပါး၊ စုစုပေါင်း ၁၆ ပါး၊ မဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၁၃ ပါး၊ ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်နှစ်ဦး၊ စုစုပေါင်း ၁၅ ပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၁၉ ပါး၊ သီလရှင်တစ်ပါး၊ ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်သုံးဦး၊ စုစုပေါင်း ၂၃ ပါး၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့ ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်တစ်ဦး၊ သီရိသုဓမ္မမဏိဇောတဓရဘွဲ့ ချီးမြှင့်ခြင်း



အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်
တော်ရ ဆရာတော် ဘဒ္ဒန္တပဏ္ဍိတသိရီ

ခံရသော လူပုဂ္ဂိုလ်တစ်ဦး၊ သီဟသုဓမ္မ မဏိဇောတဓရဘွဲ့ ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်နှစ်ဦး၊ သုဓမ္မမဏိဇောတဓရဘွဲ့ ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ် ခြောက်ဦး၊ အဂ္ဂမဟာသိရိသုဓမ္မသိင်္ဂီဘွဲ့ ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်သုံးဦး၊ သိရိသုဓမ္မသိင်္ဂီဘွဲ့ ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်လေးဦး၊ သီဟသုဓမ္မသိင်္ဂီဘွဲ့ ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်တစ်ဦး၊ သုဓမ္မသိင်္ဂီဘွဲ့ ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ် ခြောက်ဦး၊ စုစုပေါင်း ၃၇၁ ပါး ပါဝင်သည်။

ဘွဲ့တံဆိပ်ဆက်ကပ် လှူဒါန်းခံရတော်မူသော ဆရာတော်ကြီးများအနက် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းမှာ ဖော်ပြပါ အတိုင်းဖြစ်ပါသည်။



အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်
တော်ရ ဆရာတော် ဘဒ္ဒန္တ သေဋ္ဌိလာဘိဝံသ

### အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်

၁။ဘဒ္ဒန္တ ပဏ္ဍိတသိရီ၊ ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂။ဘဒ္ဒန္တ သေဋ္ဌိလာ ဘိဝံသ၊ အရှင်သေဋ္ဌိလ ဗိမာန်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

### အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဝါသေဋ္ဌာ ဘိဝံသ၊ ရွှေကျင်ကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း။



အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ
ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ

### အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ သူရိယ၊ ဥတ္တရာရာမ စာသင်တိုက်၊ မိုးကောင်း မြို့နယ်၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တနန္ဒိယ၊ကော့ဘိန်းကျောင်းကြီး၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်။

၃။ ဘဒ္ဒန္တ သိရိကုဏ္ဍလ၊ ဥမင်တောရရိပ်သာ၊ အရာတော်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၄။ ဘဒ္ဒန္တ သုမနာဘိဝံသ၊ ကမ္ဘားယံ ကျောင်းတိုက်၊ ရေဦးမြို့နယ်၊ စစ်ကိုင်းတိုင်း။

၅။ ဘဒ္ဒန္တ စန္ဒိမာ၊ ရှားပင်တိုက်သစ်၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၆။ ဘဒ္ဒန္တ သုစိတ္တ၊ ဓမ္မနာဒတိုက်၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၇။ ဘဒ္ဒန္တ သံဝရာ ဘိဝံသ၊ ရွှေဟင်္သာ တိုက်သစ်ကျောင်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၈။ ဘဒ္ဒန္တ လာဘ၊ ဝေဠုဝန် ပါဠိ တက္ကသိုလ် ကျောင်းတိုက်၊ ရွှေဘိုမြို့နယ်၊ စစ်ကိုင်းတိုင်း။

၉။ ဘဒ္ဒန္တနန္ဒဝံသ၊ ဟံသာဂီရိကျောင်းတိုက်၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၀။ ဘဒ္ဒန္တ ခေမာစာရာ ဘိဝံသ၊ အရှေ့ကျောင်း၊ ပုလောမြို့၊ တနင်္သာရီတိုင်း။

၁၁။ ဘဒ္ဒန္တ မာလာ ဘိဝံသ၊ ဃောသိတာ ရာမတိုက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။

၁၂။ ဘဒ္ဒန္တ စန္ဒောဘာသ၊ ရွှေတောင် ကျောင်း တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၁၃။ ဘဒ္ဒန္တဥတ္တမဝံသ၊ဝိသုဒ္ဓါရုံမြို့ထောင့်စာသင်တိုက်၊ တောင်ငူမြို့၊ ပဲခူးတိုင်း။

၁၄။ ဘဒ္ဒန္တ ကေလာသ၊ ကန်တောရ ပရိယတ္တိ စာသင်တိုက်၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်း။

၁၅။ ဘဒ္ဒန္တဥဿာဟ၊ဒက္ခိဏာရာမတိုက်၊မကွေးမြို့နယ်၊ မကွေးတိုင်း။

၁၆။ ဘဒ္ဒန္တကုဏ္ဍလ၊ တာဝတိံသာကျောင်းတိုက်၊ မြေထဲမြို့၊ မကွေးတိုင်း။

၁၇။ ဘဒ္ဒန္တပဏ္ဍဝ၊ ဖျောက်ဆိပ်ပင်စာသင်တိုက်၊ နတ်မောက် မြို့နယ်၊ မကွေးတိုင်း။

၁၈။ ဘဒ္ဒန္တတေဇနိယ၊ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်း။

၁၉။ ဘဒ္ဒန္တဉာဏိန္ဒ၊ မဟာဝိဇိတာရုံဆင်ဖြူကျွန်းကျောင်းတိုက်၊ ချောက်မြို့နယ်၊ မကွေးတိုင်း။

၂၀။ ဘဒ္ဒန္တသုန္ဒရ၊ ဆုတောင်းပြည့်ကျောင်းတိုက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

၂၁။ ဘဒ္ဒန္တဥတ္တမ၊ သုဓမ္မာကျောင်းတိုက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။

၂၂။ ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ၊ မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊ မန္တလေးအနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

၂၃။ ဘဒ္ဒန္တဥတ္တမာဘိဝံသ၊ ရတနာပုဂံတိုက်၊ စိန်ရွှေရတနာကျောင်း၊ မန္တလေးအနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

၂၄။ ဘဒ္ဒန္တသိဟဗလ၊ ထီးလှိုင်ရှာကျောင်း၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်း။

၂၅။ ဘဒ္ဒန္တမေဓိယ၊ တူးမောင်းတိုက်၊ ဦးဘမို ကျောင်း၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း။

၂၆။ ဘဒ္ဒန္တတေဇောသာရာဘိဝံသ၊မစိုးရိမ်ကျောင်းတိုက်၊ မန္တလေး အနောက်တောင် မြို့နယ်၊ မန္တလေးတိုင်း။

၂၇။ ဘဒ္ဒန္တကောဝိဒ၊ ပါဠိတက္ကသိုလ်၊ ရေလယ်ကျောင်းတိုက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း။

၂၈။ ဘဒ္ဒန္တကဝိသာရ၊ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်၊ ပျဉ်းမနားမြို့၊ မန္တလေးတိုင်း။

၂၉။ ဘဒ္ဒန္တဇာဂရ၊ဂူကျောင်းတိုက်၊ပုဂံညောင်ဦးမြို့နယ်၊ မန္တလေးတိုင်း။

၃၀။ ဘဒ္ဒန္တဥတ္တရ၊ သဒ္ဓမ္မဝံသာရုံတိုက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

၃၁။ ဘဒ္ဒန္တဝေဠုရိယ၊ မင်းကျောင်းပရိယတ္တိ စာသင်တိုက်၊ မြစ်သားမြို့၊ မန္တလေးတိုင်း။

၃၂။ ဘဒ္ဒန္တဝိဇယာဘိဝံသ၊ သာသနာ့မာန်အောင်ဝဲပျံကျောင်းတိုက်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။

၃၃။ ဘဒ္ဒန္တသာဂရ၊ ပန်းမြောင်းအောင်မင်္ဂလာ စာသင်တိုက်၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ်။

၃၄။ ဘဒ္ဒန္တဉာဏိန္ဒ၊ ကံပိုင်မဟာဝိဟာရတိုက်၊ တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်။

၃၅။ ဘဒ္ဒန္တစန္ဒ၊ ဒက္ခိဏာရာမ ပရိယတ္တိ စာသင်တိုက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

၃၆။ ဘဒ္ဒန္တကောသလ္လ ာဘိဝံသ၊ မစိုးရိမ်ကျောင်း တိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၇။ ဘဒ္ဒန္တကုမာရ၊ သာသနာ့ဝန်ဆောင်ကျောင်း တိုက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။

၃၈။ ဘဒ္ဒန္တနန္ဒောဘာသ၊ သိင်္ဂီဦးတိုက်ကျောင်း၊ ခြောက်ထပ်ကြီးတိုက်၊ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်း။

၃၉။ ဘဒ္ဒန္တကုဋမ္ဘာဝုဓာဘိဝံသ၊ ပစ္ဆိမာရုံပါဠိ တက္ကသိုလ်စာသင်တိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၀။ ဘဒ္ဒန္တသြဘာသ၊ သီရိမင်္ဂလာပျော်ဘွယ် ကျောင်းတိုက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း။

၄၁။ ဘဒ္ဒန္တ ဝိဇ္ဇောတ၊ ဝိဇ္ဇောတာရုံ စာသင်တိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၂။ ဘဒ္ဒန္တပဏ္ဍိတ၊ ပဏ္ဍိတာရာမစာသင်တိုက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၄၃။ ဘဒ္ဒန္တဂန္ဓမာဘိဝံသ၊ ဖက်ပင်အိုင်စာသင်တိုက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၄။ ဘဒ္ဒန္တပညာဝံသ၊ ကုန်းသာကျောင်းတိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၄၅။ ဘဒ္ဒန္တဝါရိန္ဒ၊ ပထမတောင်ကျောင်းကြီးတိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၄၆။ ဘဒ္ဒန္တလက္ခဏသာမိ၊ ဓမ္မဝိရဋ္ဌကျောင်းတိုက်၊ ဆီဆိုင်မြို့နယ်၊ ရှမ်းပြည်နယ်။

၄၇။ ဘဒ္ဒန္တဝိလာသ၊ ရန်အောင်မြင်ကျောင်းတိုက်၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ်။

၄၈။ ဘဒ္ဒန္တသောဘိတ၊မင်္ဂလာမွေတော် ကျောင်းတိုက်၊ ပင်လုံမြို့၊ ရှမ်းပြည်နယ်။

၄၉။ ဘဒ္ဒန္တ တိက္ခိန္ဒြိယ၊ အတွင်းပတ္တမြားပရိယတ္တိစာသင်တိုက်၊ ဟသ်ာတမြို့၊ ဧရာဝတီတိုင်း။

၅၀။ ဘဒ္ဒန္တဝိဇယ၊ ရွှေရေးဆောင်တိုက်၊ ငါးသိုင်းချောင်းမြို့၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်း။

၅၁။ ဘဒ္ဒန္တပညိန္ဒ၊ မဟာဗောဓိကျောင်းတိုက်၊မအူပင်မြို့၊ ဧရာဝတီတိုင်း။

၅၂။ ဘဒ္ဒန္တ ဣန္ဒြိယ၊ မဟိတာရုံ ကျောင်းတိုက်၊ ဟသ်ာတမြို့၊ ဧရာဝတီတိုင်း။

၅၃။ ဘဒ္ဒန္တပဏ္ဍဝံသ၊ ဇေယျာသီရိကျောင်းတိုက်၊ ဝါးခယ်မမြို့နယ်၊ ဧရာဝတီတိုင်း။

## ပြည်ပမှ ဘွဲ့ခံဆရာတော်ကြီးများ

၅၄။ ဘဒ္ဒန္တ ဉာဏိန္ဒ၊ ဓမ္မရတနာကျောင်းတိုက်၊ ဂေါလ်မြို့၊ သီရိလင်္ကာနိုင်ငံ။

၅၅။ ဘဒ္ဒန္တဝဇိရဗုဒ္ဓိ၊ ဆရိနိကေတန် ကျောင်းတိုက်၊ ဘုံဘေမြို့၊ အိန္ဒိယနိုင်ငံ။

၅၆။ ဘဒ္ဒန္တ ဒေါက်တာဇာဂရာ ဘိဝံသ၊ မြန်မာဘုန်းတော်ကြီး ကျောင်း၊ ဩစတြေးလျနိုင်ငံ။

၅၇။ ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ၊ဓမ္မာနန္ဒဝိဟာရကျောင်း၊ ဆန်ဖရန်စစ္စကိုမြို့၊ အမေရိကန်နိုင်ငံ။

၅၈။ ဘဒ္ဒန္တဉာဏိဿရ၊ ကုသိနာရုံ မြန်မာ ဘုန်းတော်ကြီးကျောင်း၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ။

ယခုနှစ် သာသနာတော်ဆိုင်ရာ အမြင့်ဆုံးဘွဲ့ တံဆိပ်တော်ကြီးများဖြစ်သော အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ကြီးများကို ဆက်ကပ်လှူဒါန်းခံယူ ရရှိတော်မူသော ဆရာတော်ကြီးသုံးပါး၏ ထေရုပ္ပတ္တိအကျဉ်းကို အများပြည်သူအပေါင်းတို့ကြည်ညိုသဒ္ဓါပွားစေရန် ဖော်ပြအပ်ပါသည်။ အမှန်စင်စစ်ဤထေရုပ္ပတ္တိအကျဉ်းများမှာ ဆရာတော်ကြီးများ၏ ဂုဏ်ကျေးဇူးအဖုံဖုံကို ပြည့်စုံအောင်ဖော်ပြနိုင်ရန်ဝေးစွ၊ အစိတ်ရာထောင်၏ တစ်စိတ်မျှကိုပင် ပေါ်လွင်အောင် ပြနိုင်ရန် ခက်လှပါသည်။ ထို့ပြင်စွယ်စုံကျမ်းနစ်ချုပ်၏ အခြေအနေသဘာဝနှင့် စာမျက်နှာအခက်အခဲတို့ရှိပြန်ရာ သမုဒ္ဒရာထဲမှရေတစ်ခွက်ခပ်ယူပြခြင်းဟုသာ ပမာပြုရပါလိမ့်မည်။ ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိများကို ယခင်မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များ၌ ဖော်ပြခဲ့ဖူးရာ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဆရာတော်ဘဒ္ဒန္တ ပဏ္ဍိတသီရိ၏ ထေရုပ္ပတ္တိကို နှစ်ချုပ် (၁၉၈၀)၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဆရာတော် ဘဒ္ဒန္တ သေဋ္ဌိလာဘိဝံသ၏ထေရုပ္ပတ္တိကိုနှစ်ချုပ်(၁၉၉၁)၊အဘိဓဇမဟာရဋ္ဌဂုရုဆရာတော် ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ၏ ထေရုပ္ပတ္တိကို နှစ်ချုပ်(၁၉၈၅)တို့တွင်လည်း ဖတ်ရှုကြည်ညိုနိုင်ပါသည်။

## ဆရာတော်ဘဒ္ဒန္တ ပဏ္ဍိသိရီ
## အဘိဓဇမဟာရဋ္ဌဂုရု
## အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
## ရွှေကျင်နိကာယဥက္ကဋ္ဌ၊ ရွှေကျင်သာသနာပိုင်
## စစ်ကိုင်းတောင်ရိုး၊ ရွှေဟသ်ာတိုက်သစ်

ဆရာတော်ဘဒ္ဒန္တပဏ္ဍိသိရီသည် ဧရာဝတီတိုင်း၊ လေးမျက်နှာမြို့ အလယ်ရပ် ခမည်းတော် ဦးကျောက်စိမ်း မယ်တော် ဒေါ်ရွှေသော့တို့မှ မြန်မာသက္ကရာဇ် ၁၂၅၅ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ ကြာသပတေးနေ့ ည ၉ နာရီ ၃၀ မိနစ်အချိန်တွင် ဖွားမြင်တော်မူသည်။

၁၄ နှစ်အရွယ်တွင် ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့်တစ်ကြိမ် ၊ ၁၆ နှစ် အရွယ်တွင် ဘကြီး၊ ဒေါ်ကြီးတို့၏ပစ္စယာနုဂ္ဂဟဖြင့်တစ်ကြိမ် ၊လေးမျက်နှာမြို့၊ မိချောင်းရဲဆရာတော်ကြီးထံတော်တွင် ရှင်သာမဏေအဖြစ် ရောက်တော်မူခဲ့၍ ၁၂၇၅ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်နေ့တွင် ညောင်တုန်းမြို့ ရွှေဟသ်ာတောရတိုက် သိလဝိသောဓနီ ခဏ္ဍသိမ်တော်ကြီးတွင် ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်သာသနာလင်္ကာရ သဒ္ဓမ္မာဘိဝံသကဝိဓဇ မဟာဓမ္မရာဇာဓိရာဇာဂုရု ဘွဲ့တံဆိပ်တော်ရ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ် ပြု လျက် လေးမျက်နှာမြို့ ပရိက္ခရာကုန်သည် ဦးလူကြီး–ဒေါ်ငွေမှုန် တို့၏ ပစ္စယာ နုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ဆရာတော်သည် ရန်ကုန်၊ လေးမျက်နှာ ၊ ညောင်တုန်း၊ မော်လမြိုင်၊ မန္တလေး၊ ဝမ်းတွင်း၊ အမရပူရ စသည့်မြို့ကြီးများ၌ ဆရာတော်ကြီးများထံတွင် ပိဋကကျမ်းစာများကို ပါရဂူရောက်တတ်မြောက်အောင် သင်ကြားဆည်းပူးတော်မူခဲ့သည်။ ထို့ပြင်သက္ကတစာပေကိုလည်း ဆည်းပူးတော်မူခဲ့သည်။

ဆရာတော်သည် ၁၂၈၀ ပြည့်နှစ် ရဟန်းသိက္ခာ ခြောက်ဝါ အရတွင်ညောင်တုန်းမြို့ ရွှေဟသ်ာတောရ တိုက်တွင် ကျောင်းတိုက်အကျိုးသယ်ပိုးထမ်းရွက်ပြီး စာပေကျမ်းဂန်များပို့ချခဲ့သည်။ ၁၂၈၉ ခုနှစ်တွင် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးတွင် ရွှေဟသ်ာတိုက်ဟောင်း၊ ရွှေဟသ်ာတိုက်သစ်ကျောင်းတိုက်ကြီးများကို တည်ထောင်တော်

မူလျက် စာပေများကို ဆက်လက်ပို့ချတော်မူခဲ့သည်။ တစ်ဘက်တွင်လည်း ကျမ်းပေါင်းများစွာကို ပြုစုတော်မူခဲ့သည်။ ၄င်းတို့အနက် မြန်မာအလင်္ကာကျမ်းသည် ထင်ရှားသောကျမ်းတစ်ဆူဖြစ်သည်။

ထို့ပြင် ၁၃၁၄ ခုနှစ်တွင် ရွှေကျင်ဂိုဏ်းကြီး၏ ဂိုဏ်းလုံးဝန်ဆောင်နာယကအဖြစ်လည်းကောင်း၊ ၁၃၃၇ ခုနှစ်တွင် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက ဒုတိယရွှေကျင်သာသနာပိုင်အဖြစ် လည်းကောင်း ၊ ရွှေဟင်္သာဝံသ သံဃမဟာနာယကာဓိပတိအဖြစ်လည်းကောင်း သာသနာတော်အကျိုးကို ဆောင်ရွက်တော်မူခဲ့သည်။

၁၃၂၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းတော်မူသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၄၀ ပြည့်နှစ်တွင် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၃၅၅ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းသော အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့ တံဆိပ်တော်ကိုလည်းကောင်း ခံယူရရှိတော်မူသည်။

## ဆရာတော်ဘဒ္ဒန္တ သေဋ္ဌိလာဘိဝံသ<br>အဘိဓဇမဟာရဋ္ဌဂုရု<br>အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက<br>ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ အရှင်သေဋ္ဌိလ<br>ဝိမာန်ကျောင်းတိုက်

ဆရာတော်လောင်းလျာကို မန္တလေးတိုင်း ပျော်ဘွယ်မြို့ အရှေ့ဘက် ငါးမိုင်ကွာ ပုတီးကုန်းရွာကြီးတွင် ခမည်းတော် ဦးအေး၊ မယ်တော်ဒေါ်ထွေးတို့မှ ၁၂၅၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်သောကြာနေ့တွင် ဖွားမြင်သည်။ အသက် ၁၃ နှစ်အရွယ် ၁၂၇၁ ခုနှစ်တွင်ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော်မှာ ရှင်သေဋ္ဌိလဖြစ်သည်။

၁၂၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့တွင် မော်လမြိုင်မြို့ တောင်လေးလုံးကျောင်းတိုက် ခဏ္ဍသိမ်တော်ကြီးတွင်ကြခင်းကျောင်းဆရာတော် အရှင်အာဒိစ္စဝံသကိုဥပဇ္ဈာယ်ပြုလျက်မော်လမြိုင်မြို့ ဦးဖိုးခင်၊ ဒေါ်ငြိမ်းမြတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် ကျမ်းတတ်အကျော် ဆရာတော်ကြီးများထံတွင် ပရိယတ္တိ စာပေများကို သင်ယူခဲ့သည်။ ဆရာတော်အရှင်အာဒိစ္စဝံသသည် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့၍ အရှင်အာဒိစ္စဝံသစာသင်တိုက်တည်ထောင်တော်မူသောအခါ ဆရာတော်ဘုရား၏ မိန့်မှာချက်အရ ဆရာတော်အရှင်သေဋ္ဌိလာဘိဝံသလောင်းလျာသည် စာပေပညာတို့ကို ဆည်းပူးရင်း ပထမတန်း စာချအဖြစ် ရှစ်နှစ်တာမျှ စာပေပို့ချခဲ့သည်။ ထို့ပြင်အိန္ဒိယနိုင်ငံ တဂိုးတက္ကသိုလ်တွင်လည်း သက္ကတဘာသာနှင့် အင်္ဂလိပ်ဘာသာကိုသင်ယူခဲ့သည်။

ဆရာတော်လောင်းလျာသည် ရဟန်းသိက္ခာ တစ်ဝါအရတွင် ရန်ကုန်မြို့ စေတိယင်္ဂဏစာမေးပွဲနှင့် မန္တလေးမြို့ သကျသီဟ ပရိယတ္တိ သာသနဟိတ စာသင်တန်းစာမေးပွဲနှစ်ခုကိုတစ်နှစ်ထဲတွင် အောင်မြင်တော်မူခဲ့သည်။ နှစ်ဝါအရတွင် အစိုးရပထမပြန် စာမေးပွဲတွင် ပထမကျော်အောင်မြင်တော်မူခဲ့သည်။ သုံးဝါအရတွင် သကျသီဟစာမေးပွဲနှင့် အဋ္ဌကထာကျမ်းကြီးသုံးကျမ်းလုံး အောင်မြင်တော်မူ၍ သေဋ္ဌိလာဘိဝံသ ပရိယတ္တိ သာသနဟိတဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့သည်။

ဆရာတော်အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့သော The Book of Analysis ကျမ်းကြီးကို လန်ဒန်ပါဠိအသင်းကြီးက ၁၉၇၁ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ထို့ပြင် ဆရာတော်သည် The Path of the Buddha ခေါ် ဗုဒ္ဓလမ်းစဉ်ကျမ်းကို အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ The Buddhism and Personal Life ခေါ် ဗုဒ္ဓဘာသာနှင့်ကိုယ်ပိုင်နေထိုင်ရေးကျမ်းကို အင်္ဂလိပ်–မြန်မာနှစ်ဘာသာဖြင့် လည်းကောင်း၊ ဓမ္မပဒပါဠိတော်ကို ခေတ်မြန်မာစကားဖြင့်လည်းကောင်း၊ ဆရာတော်ကိုယ်တိုင်ကမ္ဘာလှည့်သာသနာပြုရာ၌ အင်္ဂလိပ်ဘာသာဖြင့်ဟောကြားတော်မူခဲ့သော Essential Themes of Buddhist Lectures ကို အင်္ဂလိပ်ဘာသာဖြင့် လည်းကောင်း၊ စာပေကျမ်းဂန်များစွာကိုရေးသားပြုစုတော်မူခဲ့သည်။ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ အင်္ဂလိပ်လူမျိုးများအားပါဠိသင်တန်း၊နိကာယ်သင်တန်း၊အဘိဓမ္မာသင်တန်း၊ ကမ္မဋ္ဌာန်းသင်တန်းများဖွင့်၍ ၁၉၃၉ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ သာသနာအကျိုးသယ်ပိုးတော်မူခဲ့သည်။

ထို့ပြင်ဆရာတော်သည် ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံကြီးများသို့ မြန်မာနိုင်ငံတော်အစိုးရ ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်အဖြစ် တက်ရောက်ခဲ့ခြင်း၊ သံဃာ့တက္ကသိုလ်တွင် ကထိကချုပ်အဖြစ်ဆောင်ရွက်ခဲ့ခြင်း၊ ဗုဒ္ဓတရားတော်များကို ပြည်ပ၌ အင်္ဂလိပ်ဘာသာဖြင့် ဟောကြားပို့ချတော်မူခဲ့ခြင်း၊ အင်္ဂလန်နိုင်ငံတွင် မြန်မာရဟန်းတော်များထဲမှ ပထမဆုံး အာဒိကမ္မိကဗုဒ္ဓသာသနာပြုအဖြစ် ၁၆ နှစ်တိုင်တိုင် သီတင်းသုံးနေထိုင်လျက် ဥရောပနိုင်ငံအနှံ့အပြားသို့ ကြွ၍သာသနာပြုခဲ့ခြင်း၊ အမေရိကန်

နိုင်ငံ ပြည်နယ် ၃၂ ခုရှိ တက္ကသိုလ် ၁၆၀ ကျော်တွင် ဗုဒ္ဓဘာသာတရားကိုလှည့်လည်ဟောပြောပို့ချခဲ့ခြင်းစသည့် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

ရန်ကုန်တက္ကသိုလ်တွင် ဝိဇ္ဇာနှင့် မဟာဝိဇ္ဇာတန်းများ အတွက် အဘိဓမ္မာဘာသာရပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရှစ်နှစ်တိုင်တိုင် ပို့ချခဲ့သည်။ ယင်းသို့ဆောင်ရွက်နေစဉ် ၁၉၅၆ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း ခံခဲ့ရသည်။ ၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ကို လည်းကောင်း ဆက်ကပ်လှူဒါန်းခြင်း ခံယူရရှိတော်မူသည်။

## ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ
## အဘိဓဇမဟာရဋ္ဌဂုရု
## တွဲဖက် ရွှေကျင်သာသနာပိုင်ဆရာတော်
## ရန်ကုန်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
## ရွှေကျင်ကျောင်းတိုက်

ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသကို သန်လျင်မြို့နယ်၊ ချောင်းဝရွာ၌ ခမည်းတော် ဦးဘိုးစိန်၊ မယ်တော် ဒေါ်အိမ် တို့က ၁၂၇၂ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်နေ့တွင် ဖွားမြင်တော်မူသည်။

အသက် ၉ နှစ်အရွယ်တွင်ရှင်သာမဏေဝတ်၍မင်္ဂလွန်းရွာ ဘုန်းတော်ကြီးဦးရေဝတထံနှင့် နောင်တွင်မဟာဝမ္မိကာရာမ ကျောင်းတိုက်တွင် လောကုတ္တရာစာပေသင်ကြားသည်။ အသက် ၁၅ နှစ်အရွယ်တွင် ပထမငယ်တန်း၊ ၁၆ နှစ်၌ ပထမလတ်တန်း၊ ၁၇ နှစ်၌ ပထမကြီးတန်းကို အောင်မြင်ခဲ့သည့်အပြင် ကျောင်းတော်ရာ ရွှေကျင်တိုက်၊ ဝိနည်းစာပြန်ပွဲကြီး၌ ဝိနည်းပါဠိတော်နှစ်ကျမ်းကို ပြန်ဆိုအောင်မြင်ခဲ့၍ ဥဘတောဝိဘင်္ဂဓရဘွဲ့ ရခဲ့သည်။ ထိုစဉ်က တစ်နိုင်ငံလုံး အောင်မြင်ခဲ့သော ပထမကြီးတို့တွင် အသက်အငယ်ဆုံး ပထမကြီးဖြစ်သည့်ပြင် မဟာဝမ္မိကာရာမတိုက်၏ အာဓိကမ္မိက ပထမဆုံး ပထမကြီးအောင် သာမဏေအဖြစ် စံတင်ခံခဲ့ရသည်။ သာမဏေဘဝဖြစ်ပင် အသက် ၁၈ နှစ်ကျော်ခန့်တွင် ဝိနည်းငါးကျမ်းလုံး အပြည့်အဝပြန်ဆို အောင်မြင်၍ ဝိနယဓရဘွဲ့ကိုလည်း ခံယူရရှိခဲ့သည်။

၁၂၉၂ ခုနှစ်တွင် မဟာဝမ္မိကာရာမတိုက်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ရောက်တော်မူသည်။ သံယုတ်ငါးကျမ်းပြန်ဆိုအောင်မြင်ခဲ့၍ စေတိယင်္ဂဏအသင်းကြီးနှင့် ကျောင်းတော်ရာရွှေကျင်တိုက် ဝိနည်းစာပြန်ပွဲကြီးတို့က ဆက်ကပ်ချီးမြှင့်သော သံယုတ္တဘာဏက ဘွဲ့ကို နှစ်ထပ်ကွမ်း ရရှိတော်မူခဲ့သည်။ သကျသီဟ စာသင်တန်း၊ စာချတန်းများကို အောင်တော်မူခဲ့ပြန်၍ ဝါသေဋ္ဌာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယဘွဲ့ကို ရရှိတော်မူသည်။ အစိုးရစာချတန်းစာမေးပွဲကိုလည်း တစ်နှစ်တည်းကိုးဘာသာလုံးအောင်မြင်ပြီးဆုံးခဲ့၍ သာသနဓဇသိရီပဝရဓမ္မာစရိယ သိရောမဏိဘွဲ့ကို ပထမဆုံး ခံယူရရှိခဲ့သည်။

ဆရာတော်သည်ပါဠိဂါထာ၊ မြန်မာ စကားပြေ လင်္ကာရတုအရေးအသား၌လည်းပညာရှင်များ၏ ဂုဏ်ပြု ချီးကျူး မှုကို ခံယူရရှိတော်မူသည်။ ဆရာတော်၏ ပရိတ်ကြီးနိဿယသစ်သည် အလွန်ထင်ရှားသော ကျမ်းတစ်ဆူဖြစ်သည်။ ဆရာတော်သည်စာပေကျမ်းဂန်များရေးသားပြုစုရင်း သာသနာတော်ဆိုင်ရာတာဝန်များစွာကိုလည်း စွမ်းစွမ်းတမံသယ်ပိုးဆောင်ရွက်တော်မူခဲ့သည်။ ဆရာတော်သည် ၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်နိုင်ငံတော်ကောင်စီက ဆက်ကပ် လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်ကပ် လှူဒါန်းသော အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ခံယူရရှိတော်မူသည်။ဆရာတော်သည် ရွှေကျင်နိကာယ ဂိုဏ်းကြီး၏ တွဲဖက်သာသနာပိုင်အဖြစ် သာသနာ့ရေးကိစ္စ အကျိုးကို စွမ်းစွမ်းတမံ ဆောင် ရွက်တော်မူလျက် ရှိသည်။

## ခန္ဓာဝန်ချတော်မူခဲ့ကြသောဆရာတော်ကြီးများ

သာသနာတော်အကျိုးကို စွမ်းစွမ်း တမံဆောင်ရွက် တော်မူသော ဆရာ တော်ကြီးများအားဆက်ကပ် လှူဒါန်းသည့် ဘွဲ့တံဆိပ်တော်များအနက် အမြင့်ဆုံး ဘွဲ့တံဆိပ်တော်ဖြစ်သော အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ် တော်ရ ဆရာတော်ကြီးများမှာ ပထမ အကြိမ် (၁၉၉၁ ခုနှစ် ၊ နိုဝင်ဘာလ ၂၀ ရက် ) တွင် ရှစ်ပါး၊ ဒုတိယအကြိမ် ၁၉၉၂နှစ်၊ ဇန်နဝါရီလ ၄ ရက်တွင်မရှိခဲ့ဘဲ တတိယအကြိမ် (၁၉၉၃ ခုနှစ်) တွင်နှစ်ပါး စုစုပေါင်း ၁၀ပါးရှိခဲ့သည်။ ထိုဆရာတော်ကြီးများအနက် သုံးပါးမှာ ၁၉၉၃ ခုနှစ် အတွင်း ခန္ဓာဝန်ချတော်မူခဲ့ကြသည်။ ခန္ဓာဝန်ချတော်မူခဲ့ကြ သည့် ထိုဆရာတော်ကြီးသုံးပါးသည် တိုင်းပြည်၏အောင်လံတံခွန်သဖွယ် အကိုးကွယ်အပူဇော်ခံ ဆရာတော်ကြီး များအဖြစ် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ တံဆိပ်တော်မြတ်ကိုလည်း ဆက်ကပ် ခံယူရရှိ တော်မူပြီးဖြစ်သည်။

ထိုဆရာတော်ကြီးများ၏ သီလ၊ သမာဓိ၊ ပညာဂုဏ်နှင့် သာသနာ့ အကျိုးသည်ပိုးဆောင်ရွက်တော်မူခဲ့ သော

ကျေးဇူးဂုဏ်တို့မှာ ချီးကျူးပူဇော် ၍ မကုန်အောင် လွန်စွာကြီးမားများပြားတော်မူလှပါသည်။ ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိတော်များကို ယခင်မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် အကြိမ်ကြိမ် ဖော်ပြခဲ့ပြီးလည်း ဖြစ်၍ ဤတွင် အကျဉ်းချုပ်မျှကို ဖတ်ရှုကြည့်ညိုရန် ဖော်ပြအပ်ပါသည်။

## ပဲခူးမြို့မဆရာတော်ဘုရားကြီး

အဂ္ဂမဟာပဏ္ဍိတ၊အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌအဖြစ် သုံးသိန်းကျော် သံဃာထုကြီး တစ်ရပ်လုံး၏ မကိုဋ်ဦးသျှောင် ဖြစ်တော်မူသော ကျေးဇူးတော်ရှင် ပဲခူးမြို့မဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဣန္ဒာစာရသည် ၁၃၅၅ ခုနှစ်၊ ကဆုန် လဆန်း ၈ ရက် (၁၉၉၃ ခုနှစ်၊ ဧပြီလ ၂၇ ရက်) အင်္ဂါနေ့ နံနက် ၁၀ နာရီ ၁၄ မိနစ် အချိန်တွင် ဘဝနတ်ထံပျံလွန် တော်မူခဲ့သည်။

ဆရာတော်လောင်းလျာကို ပဲခူးတိုင်း၊ ပဲခူးမြို့နယ် ဝမ်းဘဲအင်းရွာနေ ခမည်းတော် ဦးရွှေအေး၊ မယ်တော် ဒေါ်လှညိမ်းတို့မှ မြန်မာသက္ကရာဇ် ၁၂၅၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။ ဆယ်နှစ်သားအရွယ်တွင် ရှင်ဣန္ဒဟူသော ဘွဲ့အမည်ဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူသည်။ ၁၂၇၈ ခုနှစ်တွင် မိဘနှစ်ပါး၏ ပစ္စယာ နုဂ္ဂဟကို ခံယူ၍ ဆရာတော်အရှင် သုဒဿနထေရ်ကို ဥပဇ္ဈာယ်ပြုလျက် ဣန္ဒာစာရဟူသော ဘွဲ့အမည်ဖြင့်ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ဆရာတော်သည် ပရိယတ္တိ ကျမ်းစာများကို နှံ့စပ်စုံလင်စွာ ဆည်းပူးခဲ့ပြီး ၁၂၉၅ ခုနှစ်တွင် ပဲခူးမြို့ မြို့မဝိဇ္ဇာလယ ခေါ် မြို့မပရိယတ္တိ စာသင်တိုက်ကြီးကို စတင်တည်ထောင်တော်မူသည်။

၁၉၈၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေဇမ္ဗူဒီပကျောင်းဆောင်တွင် ကျင်းပခဲ့သော သံဃဝန်ဆောင်ဆရာတော် ၆၆ ပါး အဖွဲ့တွင် ဥက္ကဋ္ဌဆရာတော်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ထိုမှတစ်ဖန် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံတော်သံဃ မဟာနာယက အဖွဲ့ကြီး၏ ဥက္ကဋ္ဌအဖြစ် အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။

ဆရာတော်ဘုရားကြီးသည် ၁၂၉၅ ခုနှစ်မှ သက်တော် ၈၀ ပြည့်သည်အထိ အနှစ် ၅၀ နီးပါး စာဝါများကိုမနားမနေ ပို့ချတော်မူခဲ့သည်။ စာပေကျမ်းဂန်များကိုလည်း ရေးသားပြုစုတော်မူခဲ့သည်။ ဆရာတော်ဘုရားကြီးသည် ၁၉၈၀ ပြည့်နှစ်နှင့်၊ ၁၉၈၃ ခုနှစ်တို့တွင် နိုင်ငံတော်ကောင်စီက ဆက်ကပ် လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်နှင့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ တံဆိပ်တော်မြတ်တို့ကိုလည်းကောင်း ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာ သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းသည့် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်မြတ်ကို လည်းကောင်း၊ ခံယူရရှိတော်မူခဲ့သည်။ ဆရာတော်ဘုရားကြီး၏ ထေရုပတ္တိကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ( ၁၉၈၁ နှင့် ၁၉၈၅ ) တို့တွင်ဖတ်ရှုကြည့်ညိုနိုင်ပါသည်။

## မင်းကွန်းဆရာတော်ဘုရားကြီး

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ ဆဋ္ဌသံဂါယနာ ဝိသဇ္ဇက၊ သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသသည် ၁၃၅၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက် ( ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် ) အင်္ဂါနေ့ညနေ ၄ နာရီ မိနစ် ၄၀ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။

ဆရာတော်လောင်းလျာကို မြင်းခြံမြို့နယ်၊ ကျည်ပင် ရွာသူကြီးဦးဆုံနှင့်ဒေါ်ဒေါ်ဆင်တို့က ၁၂၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့တွင်ဖွားမြင်သည်။ ခုနစ်နှစ်သားအရွယ်တွင် မြင်းခြံမြို့၊ မင်းကျောင်းတိုက်၊ ရာဟုထောင့် ကျောင်းဆရာတော် ဦးသောဘိတံအား ဥပဇ္ဈာယ်ပြု၍ သာမဏေအဖြစ်သို့ရောက်သည်။ ဘွဲ့အမည်မှာ ရှင်ဝိစိတ္တသာရဖြစ်သည်။

၁၆ နှစ်သားအရွယ်တွင် စစ်ကိုင်းတောင်ရိုးမင်းကွန်း ဓမ္မနာဒကျောင်းတိုက် ဆရာတော်အရှင်ပညာစက္ကထံ၌ ပိဋကတ်ကျမ်းစာများ သင်ယူသည်။ ၁၂၉၂ ခုနှစ်တွင် သူဌေးကြီးဆာဦးသွင်နှင့်ဒေါ်ဒေါ်သိန်းတို့၏ပစ္စယာနုဂ္ဂဟကိုခံယူလျက် မန္တလေးမြို့ ရွှေရေးဆောင်ဆရာတော်အရှင်အာဒိစ္စရံသိနှင့် မစိုးရိမ်ကျောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဦးသူရိယ အမှူးပြုသော သာသနာ့ဦးသျှောင် ဆရာတော်ကြီးများ၏ ချီးမြှောက်မှုဖြင့် ရဟန်းဘဝသို့ရောက်သည်။

၁၅ နှစ်သားအရွယ် ၁၂၈၈ ခုနှစ်တွင် ပထမငယ်တန်းကိုလည်းကောင်း၊ ၁၆ နှစ်သားအရွယ်တွင် ပထမလတ်တန်းကိုလည်းကောင်း အောင်မြင်တော်မူခဲ့သည်။ ၁၂၉၃ ခုနှစ်တွင် အစိုးရပထမကြီးတန်းနှင့် အိမ်တော်ရာအမျိုးသား စာမေးပွဲ ပထမကြီးတန်းတို့ကို ထူးချွန်စွာအောင်မြင်ခဲ့သည်။

၁၂၉၅ ခုနှစ်တွင် အစိုးရပထမကြီးတန်းကို ထပ်မံဖြေဆိုပြန်ရာ ပထမကျော်ဟူသော အမြင့်ဆုံးဘွဲ့ဖြင့် အောင်မြင်တော်မူသည်။ ထိုနှစ်တွင်ပင် သကျသီဟစာသင်တန်းကိုလည်းကောင်း၊ ၁၂၉၆ ခုနှစ်တွင် စာချတန်းကိုလည်းကောင်း တစ်ဆက်တည်းအောင်မြင်တော်မူခဲ့၍ ဦးဆောက်ပန်းဟု အဓိပ္ပာယ်ရသည့် ဝဋံသကာ ဘွဲ့ထူးဖြင့် ချီးကျူးပူဇော်ခြင်းခံယူတော်မူခဲ့ရသည်။

ဆရာတော်သည်တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး ပေါ်ပေါက်လာသောအခါ ၁၃၁၂ ခုနှစ် သုံးကြိမ်မြောက် စာမေးပွဲတွင် စတင်ဝင်ရောက်ပြန်ဆိုတော်မူခဲ့သည်။ ဆရာတော်သည် စာပြန်တော်မူရင်း ပုံနှိပ်တိုက်မှ အမျိုးမျိုးကိုထောက်ပြ၍ အမှားအမှန်ကိုပင် ဝေဖန်ဆုံးဖြတ်ပေးသွားနိုင်ခဲ့သဖြင့် ဩဝါဒါစရိယ ဆရာတော်ကြီးများပင် အံ့အားသင့်ခဲ့ကြရသည်။

ဆရာတော်သည် ပိဋကတ်သုံးပုံကို လေးနှစ်ဆက်တိုက် တစ်နှစ်မျှ အကျအရှုံးမရှိဘဲ အောင်မြင်တော်မူခဲ့သည်။ အာဂုံပြန်ဆိုတော်မူရာတွင် အထောက်အမကင်းစွာ အထစ်အငေါ့မရှိဘဲ ကြည်လင်ပြတ်သားသော အသံတော်ဖြင့် ပြန်ဆိုနိုင်ခြင်းကြောင့် ဝိသေသဂုဏ်ထူးကိုလည်းကောင်း၊ ရေးဖြေတွင်လည်း ၉၅ ရာခိုင်နှုန်း အောင်မှတ်ရကာ ဖြေဆိုနိုင်ခြင်းကြောင့် မဟာဂုဏ်ထူးကိုလည်းကောင်း ဆွတ်ခူး၍ ဗုဒ္ဓသာသနာ့ ဝိသေသ တိပိဋက ကောဝိဒ ဘွဲ့ထူးကို ပထမဆုံးရရှိတော်မူသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်အား တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ထူးဖြင့် ပူဇော်ခဲ့သည်။

ဆရာတော်ဘုရားကြီးသည် ဆဋ္ဌသံဂါယနာ တင်ပွဲကြီးတွင် ဝိသဇ္ဇက အဖြစ်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ၊ မင်းကွန်းလူအိုရုံအသင်းနာယကချုပ်၊ မိုးမိတ်တိပိဋကနိကာယကျောင်းတိုက် ဦးစီးပဓာန နာယက၊ မလွန်ဆန်လှူအသင်း ဩဝါဒါစရိယ ၊ နိကာယန္တရတကသမိတိအသင်း၊ အဘိဓမ္မာ ပြန့်ပွားရေးအသင်းတို့၏ဩဝါဒါစရိယ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ( ရန်ကုန်၊ မန္တလေး) တို့၏ ဒုတိယ အဓိပတိ အဖြစ်ဆောင်ရွက်တော်မူခဲ့သည်။ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၈၀၊ ၁၉၈၅၊ ၁၉၈၇) တို့တွင် ဖတ်ရှုကြည့်ရှုနိုင်ပါသည်။

## တောင်လေးလုံးဆရာတော်ဘုရားကြီး

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ ၊ နိုင်ငံတော်ဩဝါဒါ စရိယ မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်လေးလုံးကျောင်းတိုက် ပဓာနနာယက ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ နာဂသေနာဘိဝံသသည် ၁၃၅၅ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၄ ရက် ( ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်) စနေနေ့ နံနက်သို့အကူး ၁၂ နာရီ ၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

ဆရာတော်လောင်းလျာကိုစစ်ကိုင်းတိုင်း၊ဒီပဲယင်းမြို့နယ်၊ ပေါင်းထောင်ကူရွာနေ ခမည်းတော်ဦးဘိုးအံ့၊ မယ်တော်ဒေါ်သာမိတို့က သက္ကရာဇ် ၁၂၆၄ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ၉ ရက်နေ့တွင် ဖွားမြင်တော်မူသည်။ ရှစ်နှစ်သားအရွယ်တွင် မိဘနှစ်ပါး၏ပစ္စယာနုဂ္ဂဟဖြင့် ရွာသစ်ကျောင်းဆရာတော် ဦးလက္ခဏကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်တေဇဝန္တဖြစ်သည်။ ၁၀ နှစ်သားအရွယ်ခန့်တွင်မန္တလေးမြို့ရှိဘိုးတော်အရင်းဖြစ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပေါင်းထောင်ကူ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တပညာသာမိ ထံသို့ လိုက်ပါသွားသည်။ အဘိုးဆရာတော်ကြီးကပင် ဒုတိယအကြိမ် ပဗ္ဗဇ္ဇမင်္ဂလာပြု၍ ရှင်နာဂသေနဟူသော ဘွဲ့အမည်ကို ပေးတော်မူသည်။ သက်တော်နှစ်ဆယ်ပြည့်သောအချိန်တွင် အဘိုးဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်သည် ၁၂၈၈ခုနှစ်တွင် သကျသီဟ ဓမ္မာစရိယ၊ ၁၂၈၉ ခုနှစ်တွင် အမျိုးသား ပရိယတ္တိ ပထမကျော်၊ ၁၂၉၀ ပြည့်နှစ်တွင် ပရိယတ္တိသာသနာ နုဂ္ဂဟ ပထမကျော်၊ ၁၃၀၁ ခုနှစ်တွင် အစိုးရ ပထမကျော်၊ ၁၃၁၀ ပြည့်နှစ်တွင် အစိုးရစာချတန်းကိုးကျမ်း အဂ္ဂမဟာအကျော်စသော စာမေးပွဲများကို ဖြေဆိုအောင်မြင်တော်မူ၍ ကျော်လေးကျော်ဘွဲ့ရတော်မူခဲ့သည်။

ဆရာတော်သည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ပထမအကြိမ် သံဃအစည်းအဝေးကြီးက ရွေးချယ် သော သံဃ သမ္မုတိရ သံဃကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်နှင့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဖြစ်လည်းကောင်း ၊ အစိုးရပထမပြန် စာမေးပွဲ၊ ဓမ္မာစရိယ စာမေးပွဲ သထုံ၊ ထားဝယ်၊ ပဲခူး၊ မြိတ်၊ မော်လမြိုင်စသော မြို့များတွင်ကျင်းပသည့် ပရိယတ္တိ စာမေးပွဲများကို တာဝန်ယူဆောင်ရွက်ခြင်းဖြင့် လည်းကောင်း သာသနာ့ တာဝန်ကို ထမ်းရွက်တော်မူခဲ့သည်။ ဆရာတော်သည် လောကုတ္တရာ စာပေကျမ်းဂန်များစွာကိုလည်း ပြုစုတော်မူခဲ့ သည်။ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို မြန်မာ့စွယ်စုံ ကျမ်းနှစ်ချုပ် (၁၉၈၂၊ ၁၉၈၆) တို့တွင် ဖတ်ရှုကြည့်ရှုနိုင် ပါသည်။

**ဦးဉာဏ်ဝင်း**















# ပထမအကြိမ် မြန်မာရိုးရာ မြင်းခင်းသဘင်

## သမိုင်းနောက်ခံ

ယဉ်ကျေးမှုသက်တမ်းနှစ်ပေါင်းထောင်နှင့်ချီ၍ဝါရင့်နေပြီဖြစ်သော မြန်မာနိုင်ငံတွင် ရိုးရာရာသီပွဲတော်များကို စဉ်ဆက်မပြတ်ကျင်းပဆင်နွှဲခဲ့ကြသည်။ ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ ကိုးကွယ်ယုံကြည်မှု၊ ဘာသာရေး၊ မင်းခမ်းမင်းနားနှင့် စစ်ရေးစစ်ရာနှင့် ပတ်သက်သော ရာသီပွဲတော်များဖြစ်ပြီး လွယ်ကူစွာမှတ်သားနိုင်ရန်အတွက် "သင်္ကြန်တာကူး နှစ်ဦးညောင်ရေ၊ စာပလွေခင်း၊ ပဉ္စင်းတော်ခံ၊ စာရေးတံနှင့်၊ မြစ်ယံပွဲကြီး၊ ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း၊ မြင်းခင်းထွက်ဝင်၊ သဘင်မီးပုံး၊ ဂူလုံးသဲပုံ၊ စေ့စုံစလျှဉ်၊ ဤသို့ယှဉ်သား၊ လစဉ်စမြဲ၊ ဆယ့်နှစ်ပွဲဟု" လက်ဝဲသုန္ဒရ အမတ်ကြီးက သာဓိနပျို့တွင် ထည့်သွင်းရေးစပ်ထားသည်။

" မြစ်ယံပွဲကြီး" နှင့် " မြင်းခင်းထွက်ဝင်" တို့မှာ တော်သလင်းလတွင် ကျင်းပသော " ရေခင်းတော်" လှေသဘင်ပွဲကြီးနှင့် ပြာသိုလတွင် ကျင်းပသော "မြင်းခင်းတော်" ဆင်၊ မြင်း သဘင်ပွဲကြီးများဖြစ်သည်။ မြန်မာတိုင်းရင်းသား မင်းအပေါင်းတို့သည်၊ မြန်မာနိုင်ငံတော်ကြီးကို " ရေအား" "ကြည်းအား" နှင့် စည်းရုံးတည်ထောင်စိုးမိုးအုပ်ချုပ်ခဲ့သည်နှင့်အညီ "ရေခင်းတော်" ပွဲကြီးတွင် မြန်မာ့ရေတပ်အင်အား စွမ်းအားပကားပြခြင်းနှင့် လေ့ကျင့်ခြင်းပြုပြီး " မြင်းခင်းတော်" ပွဲကြီးတွင်မူ မြန်မာ့ကြည်းတပ်အင်အား စွမ်းပကားပြခြင်းနှင့် လေ့ကျင့်ခြင်းပြုသည်။ ရေခင်းတော်ကို မြစ်ကြီး၊ အင်းကြီး၊ ကန်ကြီးများတွင် ကျင်းပလေ့ရှိရာ အများပြည်သူတို့ ကမ်းလုံးညွတ်လာရောက် ကြည့်ရှုပါဝင်ကြသည်။ ပြည်ပမှ ရောက်လာသော သံကြီးတမန်ကြီးများကိုဂုဏ်ပြုသော အားဖြင့် ရေခင်းတော်ပွဲကြီးကို အထူးကျင်းပခဲ့ဖူးသည်။ မြင်းခင်းတော်ပွဲကြီးမှာ ရွှေမြို့တော်အတွင်း ရွှေနန်းတော်ရှေ့ ရင်ပြင်၌သော်လည်းကောင်း၊ လွှတ်တော်ကြီးရှေ့ရင်ပြင်၌သော်လည်းကောင်း ကျင်းပသော နန်းတွင်းသဘင်ကြီးသာ ဖြစ်သည်။

## စာပေနှင့် သမိုင်းအထောက်အထားများ

ရာသီပွဲတော်ကြီးများ အကြောင်းကိုမြန်မာ့သမိုင်းဆိုင်ရာ အထောက်အထားများဖြစ်သော ကျောက်စာ၊ မင်စာ၊ ပေစာ၊ ပုရပိုက်စာ၊ ရာဇဝင်များတွင်လည်းကောင်း၊ လင်္ကာစကားပြေ မြန်မာစာပေတို့တွင်လည်းကောင်း၊ တေးဂီတသီချင်းများတွင်လည်းကောင်း၊ ပန်းချီ၊ ပန်းပု၊ ပန်းဆယ်မျိုးတွင် လည်းကောင်း မော်ကွန်းတင်ခြင်း၊ ရေးစပ်သီကုံးဖွဲ့ဆိုခြင်း၊ လက်ရာမြောက် သရုပ်ဖော်ခြင်း ပြုခဲ့ကြသောကြောင့် မှိုင်မြမ်းပြု ကိုးကားစရာများအဖြစ် ကျန်ရစ်ခဲ့သည်။ ထို့ပြင် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ ယဉ်ကျေးမှုနှင့် ဘာသာရေးအတွက် မြန်မာတိုင်းရင်းသား မင်းများထံသို့ ရောက်လာ ခစားကြသော သံတမန်များ၊ ကုန်သည်ကြီးများနှင့် သာသနာပြုများတို့က မိမိတို့မြင်တွေ့ရသော မြန်မာ့ရိုးရာ ရာသီပွဲများအကြောင်းကိုမိမိတို့၏အစီရင်ခံစာ များ၊ နေ့စဉ်မှတ်တမ်းများနှင့် ခရီးသွားစာပေများတွင် ရေးသားဖော်ပြခဲ့သဖြင့် ယင်းတို့သည်ခေတ်ပြိုင် အထောက်အထားများဖြစ်သည်။

အထူးသဖြင့် ရေခင်းတော်နှင့် မြင်းခင်းတော် ပွဲကြီးများအကြောင်း ရေးစပ်ထားသော ကျမ်းများ၊ ကဗျာ လင်္ကာ အဖွဲ့အနွဲ့များ ၊ တေးဂီတ သီချင်းများ အမြောက်အမြားရှိသည့် အနက်၊ ၊

(၁) အင်ရုံဗွာစား၊ ဝန်ကြီး သီရိဥဇနာ၊ မြန်မာက္က ရာဇ် ၁၁၁၅ ခုနှစ် ခန့်က စီရင် ရေးသားသော လောကဗျူဟာ ကျမ်း (အင်ရုံစာတမ်း)၊

(၂) ဘိုးတော်ဘုရားလက်ထက်၊ အိမ်ရှေ့ အတွင်းဝန် ဇေယျ သင်္ခယာ၊ မြန်မာသက္ကရာဇ် ၁၁၄၅ ခုနှစ်က စီရင်ရေးသားသော ရွှေဘုံနိဒါန်းကျမ်း၊

(၃) ဘကြီးတော် ဘုရား လက်ထက် စာဆိုတော်ကြီး ဒုတိယ နဝဒေး ရေးစပ်သော တရုတ်သံရောက်မော်ကွန်း၊

(၄) ဘကြီးတော်ဘုရားလက်ထက် မှန်နန်းရာဇဝင်တော်ကြီး ပြုစုသော ရဟန်းပညာရှိတစ်ပါးဖြစ်သော မုံရွေး ဆရာတော် ရေးစပ်သော ကုသပျို့၊

(၅) ဘကြီးတော်ဘုရား လက်ထက် ၊ မောင်းထောင် သာသနာပိုင် လူထွက်မင်းတိုင်ပင်အမတ်မဟာဓမ္မသင်္ကြန် စပ်ဆိုသော အဲးမောင်းရေး ၃၇ ချင်း လူးတားပုဒ်ရေ၃၇ပုဒ်နှင့် သရုပ်ပြပုံ ၃၇ ပုံ၊ သံပေါက် ၃၇ပုဒ်၊

(၆) ဘကြီးတော်ဘုရား လက်ထက် မြန်မာသက္ကရာဇ် ၁၁၈၃ ခုနှစ်က၊ မြို့အုပ်မောင်စွန် ပြုစုပြီးစီးသော ဆေးရောင်စုံပုံများနှင့် မှတ်တမ်းတင်ထားသော လေ့တော် လော့်ကားတော်ပုံ စာရင်း ပုရပိုက်တို့မှာ ထင်ရှားသည်။

မြင်းခင်းသဘင်ဟုခေါ်သော်လည်း မြန်မာ့ကြည်းအားတွင် အကျုံးဝင်သော ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်၊ လေးသည်တော်တပ်၊ စစ်ရထား၊ ကာ၊ ဒိုင်း၊ လှံ၊ ဓါး၊ လှံ၊ အဲမောင်း၊ သေနတ်၊ အမြောက်၊ မီးကျီမီးပေါက် စသည်တို့ အားလုံးပါဝင် အစွမ်းပြ ပြိုင်ဆိုင်ကြသည်။ စက်တိုင်တွင် ချိတ်ထားသော စက်ဝိုင်းများနှင့် သတ်မှတ်ထားသော ပစ်မှတ်တွင်းသို့ လက်နက်မျိုးစုံနှင့် ပစ်သွင်းပြိုင်ဆိုင် အစွမ်းပြရသောကြောင့် မြင်းခင်းသဘင်ကို 'စက်ထိုးပွဲ' ဟုလည်းကောင်း၊ 'စက်သွင်းသဘင်' ဟုလည်းကောင်း ရေးသားဖော်ပြလေ့ရှိသည်။ မြန်မာတို့သည် မြင်းစီးတိုက်ခိုက်ခြင်းနှင့် မြင်းစီးရင်း အဲမောင်းလှံနှင့် ပစ်ထိုးတိုက်ခိုက်ကြခြင်းတွင်ကျွမ်းကျင်ခဲ့ကြသောကြောင့်မြန်မာ သေနင်္ဂဗျူဟာတွင် မြင်းစီးနည်း ၃၇ မျိုး၊ အဲမောင်း လှံရေး ၃၇ မျိုးဟု မှတ်တမ်းတင်ရစ်သည်။ ထို့ကြောင့် မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြန်က လွယ်ကူစွာ မှတ်သားနိုင်ရန် အောက်ပါအတိုင်း သံပေါက်စပ်ထားခဲ့ ပါသည်။

(က) စီးနည်းသုံးဆယ်၊ ခုနစ်သွယ်၊ ခြယ်လှယ်စိုင်းကာသာ။

(ခ) လွှတ်ကုန်းပြင်ဝယ်၊ သဘင်မြင်းခင်း၊ ခွာရေးကျင်း၊ စိုင်းလျှင်းဆိုဖွယ်သာ။

(၁) ပယ်ဝန်းစီးမူ၊ သက်တင်ဖြူ၊ နှိုင်းတူပုံပမာ။
(၂) ပယ်စိတ်စီးနဲ၊ နည်းလျှင်ကွဲ၊ လှံစွဲ ကေသရာ။
(၃) ပယ်ခွဲ စီးလျှင်၊ စလွယ်တင်၊ ကိုယ်လျှင်လက် မှာသာ။
(၄) စန္ဒရရှက်၊ သိကြားလက်၊ ကိုင်ချက်တန်းဆောင်မှာ။
(၅) လေးကျွန်းမှန်ကူ၊ လှံလက်တူ၊ မိုးသူဘုံဗြဟ္မာ။
(၆) ဘုံနန်းတန်းဆောင်၊ ကဦးထောင်၊ ယဉ်အောင်လက်ယာမှာ။
(၇) စွန်ဝဲစီးယောင်၊ ဟသ်ာတောင်၊ ရွယ်ဆောင်ဆွဲယူကာ။
(၈) ဆင်ထူးစီးဟန့်၊ စွန်တောင်ဖြန့်၊ ချီးအံ့ပုံပမာ။
(၉) ရွှေနန်းတိုင်မူ၊ ပြတင်းဖြူ၊ ကြင်သူလှကလျာ။
(၁၀) ကြာချပ်စီးဆိုက်၊ လှံတင်ပိုက်၊ မှတ်လိုက် ထုံးစဉ်လာ။
(၁၁) ရေသွန်အုန်းပုံ၊ ပမာခြုံ၊ ဂဠုန်တောင်ညှပ်ရာ။
(၁၂) နွယ်ထွက်စီးရှောင်၊ တိမ်ဖုံးယောင်၊ ဘုန်းခေါင်လှံကိုင်ကာ။
(၁၃) စွန်သုတ်လှံဝယ်၊ တံပိုးသွယ်၊ နှိုင်းဆွယ်ပုံဆိုကာ။
(၁၄) ရှစ်မြှောင့်စီးရေး၊အမြီးသွေး၊ လှံရေးယှူငင်ရာ။
(၁၅) လက်ဆက်ကြာဖူး၊ ဟန်ရေးထူး၊ လှံဦးဝဲရစ်ခါ။
(၁၆) နွယ်ဝင်စီးမည်၊ ရစ်ဝဲလည်၊ နှိုင်းရှည်အံ့စရာ။
(၁၇) ပြွန်နဝရတ်၊ ကြက်တောင်စွတ်၊ နှုန်းသတ်ပုံပမာ။
(၁၈) ရာဇမှတ်ရေရှင်၊ လှည့်သည်တွင်၊ စီးနှင့်မှတ်ဖွယ်ရာ။
(၁၉) ခိုနန်းပုံတွင်၊ ကညောင်းတင်၊ ကိုင်ငင်အဲမောင်းသာ။
(၂၀) ရွှေတံခွန်ဝဲ၊တောင်ဝှေးစွဲ၊စီးနဲနောက်ဝယ်မှာ။
(၂၁) မြင်းမိုရ်မြီးဆွဲ၊ ကဦးပဲ၊ ကိုင်စွဲလှံမတ်စွာ။
(၂၂) ကြာယပ်စီးနှင်၊ ဝဲရင်တွင်၊ လှံလျှင်ပိုက်ပွေ့ကာ။
(၂၃) နတ်သားဗိမာန်၊ လက်ယာပြန်၊ ကိုင်ဟန်ထို့ပမာ။
(၂၄) ရေပွက်စီးလျှင်၊ ကျွဲထုံးတင်၊လှံလျှင်ပိုက်ပွေ့ကာ။
(၂၅) ဝါကြိတ်လိမ်ဟန်၊မြင်းမှင်တန်၊တင်ရန်လှံခြင်းရာ။
(၂၆) ခြည်သွတ်စီးလျက်၊ ကွန်းရုံတက်၊ လှံချက်နေရောင်ကာ။
(၂၇) ခရုပတ်ပြ၊ ပုံအရ၊ စွဲတာဒဏ္ဍိနာ။
(၂၈) အောက်ချင်းတံဆိပ်၊မောက်တိုရိပ်၊မှတ်စိတ်စွဲကြပါ။
(၂၉) ကတ္တူသီးကြား၊ ပိုးချည်လွှား၊ မမှားပုံဆိုရာ။
(၃၀) ကြာသွတ်အိုးရောက်၊ ဝဲရစ်ထောက်၊ အံ့လောက် ဆိုဖွယ်ရာ။
(၃၁) တံဆိပ်စီးရိုး၊ဆင်ကန်းတိုး၊လှံရိုးလှည့်ဝင်ကာ။
(၃၂) သမက်စောင်ခေါ်၊ယာရှေ့ဖော်၊လှံပေါ်ပါးနားမှာ။
(၃၃) ဘီလူးကိုင်စွဲ၊ ကျားမြီးဆွဲ၊ ဆိုမြဲ၊ ရှေ့နောက်သာ။
(၃၄) ဘီလူးပခက်မှတ်၊ ကျွဲမြီးခတ်၊ စီးအပ်ပုံပမာ။
(၃၅) ဘီလူးနားထွင်း၊ဆံပင်ရှင်း၊လှံခင်းသွဲ့ဘွယ်ရာ။
(၃၆) ရေပြက်စီးခေါ်၊ယာရှေ့ဖော်၊လှံတော်လှပစွာ။
(၃၇) ရေကန်ဆင်းသက်၊ ခက်မလေးဖြာ၊ လက်ယာရစ်ခေါင်း၊ အံ့မညောင်း၊ ကောင်းကောင်းသွဲ့ယူရာ။



မြန်မာ့ မြင်းစီးသူရဲကောင်းတစ်ဦး စက်ထိုးပွဲ
ဝင်နေဟန် ပန်းပုရုပ်

(ဂ) အဲမောင်းရွှေလုံ၊ ဆင်ရန်ပြန့်မွှေး၊ မြင်းကွက်ပေး မြင်းရေးသုံးဆယ်၊ ခုနစ်သွယ်။

(ဃ) မြင်းခင်းညီလာ၊ စံ့ရွှင်ရာ၊ များစွာတသင်း၊ လူခပင်း၊ စိတ်တွင်းမှတ်ကြပါ။

မြန်မာတိုင်းရင်းသား မင်းတို့သည်၊ ရေခင်းတော်နှင့် မြင်းခင်းတော်သဘင်တို့ကိုမင်းခမ်းမင်းနားနှင့် ကိုယ်တော်တိုင် ပါဝင်ကာ၊ နှစ်စဉ်ကျင်းပခဲ့ကြကြောင်းကို ဦးကုလား မဟာရာဇဝင်ကြီး၊ မှန်နန်းရာဇဝင်တော်ကြီး၊ ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီး အစရှိသောရာဇဝင်ကြီး တို့တွင် ဖော်ပြထားသည်။

## မြန်မာ့ယဉ်ကျေးမှု အမွေထိန်းသိမ်းဖော်ထုတ်လာခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ၁၉၈၈ ခုနှစ်စက်တင်ဘာလတွင် နိုင်ငံတော်တာဝန်ကို စတင်ယူလာသည်မှစ၍ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စာပေ၊ မြန်မာရာဇဝင်သမိုင်းစသော မြန်မာမှုအထွေထွေကို ပြန်လည်ဖော်ထုတ် အသက်သွင်းပေးလာသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် မြန်မာ့မျိုးချစ်စိတ်ဓာတ် မွေးမြူလာကြပြီး နိုင်ငံတော်၏ လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာကို တည်တံ့ခိုင်မြဲစေရန် စောင့်ရှောက်ကာကွယ် လာကြမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာရိုးရာယဉ်ကျေးမှု လှေသဘင်ပွဲတော်ကြီးကို နိုင်ငံတော်အဆင့်နှင့် နှစ်စဉ်ကျင်းပခဲ့ရာ ပဥ္စမအကြိမ်ပင်မြောက်ခဲ့ပြီးဖြစ်သည်။ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလမှ နိုဝင်ဘာလကုန်အထိ သုံးလကြာ ရန်ကုန်မြို့တော် တပ်မတော်ခန်းမကြီးတွင် ခင်းကျင်းပြသသော မြန်မာရိုးရာ ကျေးလက်အနုပညာ ပြပွဲကြီးသည် လည်းကောင်း၊ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာ လ ၂၄ ရက်နေ့တွင် စတင်တည်ထောင် ဖွင့်လှစ်သော ယဉ်ကျေးမှု တက္ကသိုလ်ကြီးသည် လည်းကောင်း၊ ထိုလအတွင်း ရန်ကုန်မြို့တော်အမျိုးသားဇာတ်ရုံကြီးတွင် ကျင်းပသော မြန်မာ့ရိုးရာ ဆို၊က၊ရေး၊တီး ပြိုင်ပွဲကြီး သည်လည်းကောင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်သော ဆောင်ရွက် မှုများဖြစ်သည်။

## ပထမအကြိမ် မြန်မာရိုးရာ မြင်းခင်းသဘင်ပွဲတော်ကြီး ကျင်းပရခြင်း

ပထမအကြိမ်မြန်မာ့ရိုးရာမြင်းခင်းသဘင် ပွဲတော်ကြီးကို ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ၊ ရန်ကုန်မြို့တော်၊ အောင်ဆန်းအားကစားပြိုင်ဝင်း အတွင်း၌၊ နိုင်ငံတော်က ကြီးမှူးကျင်းပပါသည်။ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များမှာ–

(၁) မြန်မာလူမျိုးများ၏ဇာတိသွေး ဇာတိမာန်ပြန်လည်တက်ကြွရေး၊

(၂) မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(၃) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး၊

(၄) ပြည်ထောင်စု စိတ်ဓာတ်ဖော်ဆောင်ရေး၊

(၅) အနာဂတ်နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကို အထောက်အကူပြုရေး၊

တို့ဖြစ်သည်။

မြင်းခင်းသဘင်ပွဲတော် ကျင်းပရေးနာယကအဖွဲ့၊ ဗိုလ်မှူးကြီးစိန်ထွား တပ်မမှူး နလတမခ (၇၇)ဥက္ကဋ္ဌ အဖြစ် ပါဝင်ပြီး ဌာနဆိုင်ရာ အကြီးအကဲများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ သမိုင်းပညာရှင်၊ အနုပညာရှင်များနှင့် မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်မှ ပုဂ္ဂိုလ်များအဖွဲ့ဝင်အဖြစ်ပါဝင်သော မြင်းခင်းသဘင်ပွဲတော်ကျင်းပရေးဦးစီးကော်မတီ၊ ပြိုင်ပွဲကျင်းပရေး စီမံခန့်ခွဲမှု ဆပ်ကော်မတီ၊ လုံခြုံရေး

ဆပ်ကော်မတီ၊ ဖွင့်ပွဲပိတ်ပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီ၊ဖိတ်ကြားရေးကြိုဆိုရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး ဆပ်ကော်မတီ၊ ဖျော်ဖြေရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးနှင့် နေရာချထားရေးဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော် မတီ၊ ဆောက်လုပ်ရေးနှင့် ပြင်ဆင်ရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီနှင့် ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီများ ဖွဲ့စည်းပြီး ၁၉၉၃ ခု၊ ဧပြီလကပင် စတင်၍ စည်းလုံးမိမိတို့အရပ်ဒေသ၌လည်းကောင်း၊ ရန်ကုန် အောင်ဆန်းအားကစားပြိုင်ဝင်းနှင့် ကျိုက္ကဆံကွင်း၌လည်းကောင်း၊ စနစ်တကျ ပြုစုပျိုးထောင်လေ့ကျင့်ပေးခဲ့သည်။

အလားတူ ရှေးမြန်မာမင်းတို့၏မင်းခမ်းမင်းနားနန်းဝတ်နန်းစား များ၊ အသုံးအဆောင်ပစ္စည်းများ၊ အစီးအနင်းအဆောင်အရွက်များ၊ဝေါယာဉ်များ၊စစ်ရထားများ၊ဓါး၊လှံ၊ အဲးမောင်း၊ဒိုင်းကာ၊လွှား၊သေနတ်အမြောက်လက်နက်များ၊ ဆင်က မြင်းက တန်ဆာများ၊ နန်းမြို့၊ မုခ်ဦး၊ ပြာသာဒ်၊ ဘုရင့်ပွဲကြည့်ဆောင် စသည်တို့ကိုစာပေ၊သမိုင်းရာဇဝင်၊



**အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များက မြင်းခင်းသဘင်ပွဲ အသုံးအဆောင်ပစ္စည်းများကို လေ့လာကြည့်ရှုနေကြစဉ်**

ညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်ခဲ့ရာ ကျင်းပမည့်ရက်များမတိုင်မီ တစ်လ အလို ခန့်တွင် ကြိုတင်ပြင်ဆင်မှုများ ပြီးစီးခဲ့သည်။

## ကြိုတင်ပြင်ဆင် မွမ်းမံဆောင်ရွက်မှုများ

ရှေးမြန်မာမင်းများလက်ထက်က မြန်မာရိုးရာမြင်းခင်းသဘင်ပွဲတော်ကို ပြန်လည်ဖော်ထုတ်ခြင်းဖြစ်သောကြောင့် မင်းခမ်းမင်းနားနှင့်ပြပွဲပြိုင်ပွဲများတွင် မြန်မာရိုးရာ စစ်အင်္ဂါလေးပါးဖြစ်သော ဆင်၊ မြင်း၊ရထား၊ ခြေလျင်တပ်များတွင် လူ၊ ယာဉ်နှင့် တိရစ္ဆာန်တို့ပါဝင်ကြရမည်ဖြစ်ရာ တိုင်းနှင့်ပြည်နယ်အသီးသီး၌လည်းကောင်း၊ သစ်တော်ဌာန များ၌လည်းကောင်း၊ လော်ကားဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်များ၌လည်းကောင်း ရှိသော ဆင်လိမ္မာ၊ မြင်းလိမ္မာများ၊ ဆင်စီး၊ မြင်းစီး ကျွမ်းကျင်သူများ၊ ဆင်ထိန်း၊ မြင်းထိန်း၊ ရထားထိန်းများ၊ တိရစ္ဆာန်ဆေးကု ဆရာဝန်များတို့ကို သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၏လမ်းညွှန်စီမံမှုဖြင့် လပေါင်းအတော်ကြာပေပုရပိုက် အထောက်အထားများနှင့် သမိုင်းပညာရှင်၊ မြန်မာ့ပန်းဆယ်မျိုး ပညာရှင်တို့နှင့် တိုင်ပင်အကြံယူပြီး ယဉ်ကျေးမှု ဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က တာဝန်ယူကာ ချုပ်လုပ် ဖန်တီး၊ တည်ဆောက်ပေးပါသည်။

## ရွှေမြို့တော်ကြီးနှင့် မင်းရင်ပြင် ဖန်တီးခြင်း

ကျွမ်းကျင်မှုပြိုင်ပွဲများကို ၁၉၉၃ ခု၊ အောက်တိုဘာလ ၁၅ ရက်နေ့ကပင် စတင်၍ကျိုက္ကဆံကွင်းတွင် ကျင်းပသည်။ အောင်ဆန်းအားကစားဝင်းကြီးအတွင်း၌မူ ဖွင့်ပွဲပိတ်ပွဲ အခမ်းအနားများ၊ ရှေးမြန်မာရိုးရာ ဓါးရေး၊ လှံရေး၊ အဲးမောင်းရေး၊ မြင်းစီးရေးအလှပြနှင့် သရုပ်ပြပွဲများ ကျင်းပသည်။ မြင်းခင်းသဘင်သည် ရွှေ မြို့တော် အတွင်း၊ ရွှေနန်းတော်ရှေ့ရင်ပြင်၌သော်လည်းကောင်း၊ လွှတ်တော်ကြီးရှေ့ ရင်ပြင်၌သော်လည်းကောင်း ကျင်းပသောပွဲ ဖြစ်သည်နှင့်အညီ အောင်ဆန်းအားကစားပြိုင်ကွင်းကြီးကို

ရွှေမြို့တော်အသွင် ဖန်တီးလိုက်သည်။ အဝင်တွင် ပြာသာဒ်နှင့် မုခ်ဦးကြီးတစ်ခု၊ အတွင်းမြောက်နှင့်တောင်ဘက်တွင် ပြအိုး၊ မြို့တွင်းဝင် တံခါးပေါက်ကြီးနှင့် ပြာသာဒ်ကြီးများ၊ အရှေ့ဘက်စင်မြင့်တွင် ဘုရင်မိဖုရားတို့၏ပွဲကြည့်ဆောင်တို့ကို မြန်မာ့စပ် ပန်းချီပညာစွမ်းနှင့် ဖန်တီးတည်ဆောက်လိုက်သည်။ တောင်ဘက်စင်မြင့်ထိပ်၌ ရှေးမြန်မာမြင်းစစ်သည်တော်တစ်ဦး အဲမောင်းလှံတစ်စင်းကို စက်ဝိုင်းပစ်မှတ်သို့ အားမာန်နှင့် ပစ်သွင်းနေပုံ စပ်ပန်းချီ ရုပ်ကြွပုံကြီးကို ရန်ကုန်ဘူတာကြီး အမိုး၊ ပြာသာဒ်များ နောက်ခံနှင့်တွေ့ရသဖြင့် မြန်မာ့ဇာတိမာန် တက်ကြွဖွယ်ရာ ဖြစ်သည်။ အောင်ဆန်းအားကစားကွင်း မြက်ခင်းပြင်ကြီး၏ ပတ်လမ်းကို ရာဇမတ်ကာခြင်း၊ သဲဖြူခင်းခြင်း၊ ငှက်ပျောပင် များနှင့် အလံရောင်စုံများစိုက်ထူလိုက်ခြင်းဖြင့် မြန်မာ့ရိုးရာ မင်းလမ်းမကြီးအသွင် ဖန်တီးလိုက်သည်။

## ဖွင့်ပွဲ အခမ်းအနားကြီး

၁၉၉၃ခု၊ အောက်တိုဘာလ ၂၃ ရက်စနေနေ့၊ နံနက် ၇ နာရီအချိန်မှစ၍ အထူးဖိတ်ကြားထားသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းရုံးများမှ သံတမန်များ၊ အရာရှိများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အထူးဧည့်သည်တော်များ၊ ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီဝင်များသည် အထူးဧည့်သည်တော်များ ပွဲကြည့်စင်မြင့်သို့ ရောက်ရှိနေရာယူကြသည်။ အလားတူ အခြားစင်မြင့်များတွင် ပြည်သူလူထု ပွဲကြည့်ပရိတ်သတ်ကြီးသည် နေရာမလပ်ရောက်ရှိလာကြသည်။ ထိုအချိန်၌ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာ့နိုင်ငံ ဂီတအစည်းအရုံးနှင့်မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးများမှ အနုပညာရှင် တို့က တေးသံသာများနှင့် အလှည့်ကျဖျော်ဖြေကြသည်။

နံနက် ၈ နာရီ မင်္ဂလာအခါတော်အချိန်၌ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင်က ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ် အဝတ်အစား ဆင်ယင်ထုံးဖွဲ့မှုများနှင့် ဝတ်ဆင်ထားသော လုပျိုဖြူ ၁၂ ဦးနှင့် တိုင်းရင်းသူ ရှစ်ဦး ခြံရံလျက် ပထမအကြိမ် မြန်မာ့ရိုးရာမြင်းခင်းသဘင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်လိုက်ပါသည်။ သည့်နောက်မြန်မာနိုင်ငံ သဘင်အစည်းအရုံးဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဇာတ်မင်းသားကြီး ဦးစိန်အောင်မင်းက မြင်းခင်းသဘင်ပွဲတော်ဖွဲ့ လူ့တားကို ဖတ်ကြားကာ အရှေ့ဘက်စင်မြင့်တွင်ရှိသော မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာစည်တော်ကိုယွန်းသည်။ အခြေခံပညာဦးစီးဌာန အထက်တန်း ၊ အလယ်တန်းကျောင်းသူ ၆၀၀ တို့က မြန်မာ့ရိုးရာ အကများကို လည်းကောင်း၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်၏ အစီအစဉ်ဖြင့် သိုင်းအဖွဲ့ဝင် ၄၀၀ တို့က မြန်မာသိုင်းပညာများကိုလည်းကောင်း၊ အောင်ဆန်း အားကစားပြိုင်ဝင်းမြက်ခင်းပြင်ကြီးအတွင်း၌ မြန်မာ့ဆိုင်းနှင့် တွဲဖက်ကာ လှပခံ့ညား တက်ကြွစွာ ကပြကြရာ ပရိတ်သတ်တို့ ဩဘာသံများ ကွင်းလုံးပြည့် လျှံနေသည်။

## "ထွက်တော်မူကြီး" မင်းခမ်းမင်းနား

နံနက်၈ နာရီ၄၀ မိနစ်တွင် ပုဏ္ဏားဖြူ ငါးဦးတို့က အောင်မင်္ဂလာ ခရုသင်းများမှုတ်၍ အောင်စည်အောင်မောင်းများ တီးခတ်ကြသောအခါ မြန်မာမြင်းသည်တော်ဗိုလ်မှူး စစ်မြင်းစီး၍ မင်းလမ်းမထိပ်သို့ ထွက်လာပြီး ထွက်တော်မူကြီး အခမ်းအနားစတင်ရန် စစ်မိန့်ပေးသည်နှင့် တစ်ပြိုင်နက် ထွက်တော်မူကြီး အခမ်းအနားကိုမင်္ဂလာစည်တော်အဖွဲ့က ဘုရင်မင်းတရားကြီး ထွက်စည်တီးကာ စတင်ထွက်လာပါသည်။

မြန်မာသက္ကရာဇ် ၁၂၂၇ ခုနှစ်၊ ကဆုန်လ၊ ခရစ်နှစ် ၁၈၆၅ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ပဉ္စမ သင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးသည်မြနန်းစံကျော်၊ ရွှေနန်းတော်မှ ရွှေမြို့တော် အပြင်ဘက် မန္တလေးတောင်ခြေတွင်ရှိသော မဟာသကျမာရဇိန်ဘွဲ့ခံ ကျောက်တော်ကြီးဘုရားကြီးဆီသို့ မင်းခမ်းမင်းနားနှင့်ထွက်တော်မူလာခဲ့သည်။ မန္တလေးမြို့၏ မြောက်၊ မတ္တရာသွားလမ်းပေါ်မှ လှမ်းမျှော်မြင်ရသော ပတ္တမြားတွင်းတော်များရှိသော စကျင်တော်များမှ စကျင်ကျောက်တုံးကြီးတစ်တုံးကိုသယ်ရန်တူးမြောင်းဖောက်ပြီး လူအင်အားတစ်သောင်းနှင့် ၁၃ ရက်ကြာ မန္တလေးတောင်ခြေအရောက် သယ်ယူခဲ့သည်။ ထိုစကျင် ကျောက်တုံးကြီးကို သပ္ပာယ်လှသော ဗုဒ္ဓဆင်းတု ထိုင်တော်မူ ရုပ်တုကို ကျောက်ဆစ်ပညာရှင်တို့က ထုပြီးသောကြောင့် မင်းတုန်းမင်းကိုယ်တော်တိုင် အနေကဇာတင်၊ ရေစက်ချ၊ ကုသိုလ်ပြုရန်အတွက် " ထွက်တော်မူကြီး" ထွက်လာခြင်းဖြစ်သည်။ နန်းတွင်းပန်းချီဆရာနှင့် မော်ကွန်းဆရာတို့က "ထွက်တော်မူကြီး" မင်းခမ်းမင်းနားကို ရောင်စုံပန်းချီများ၊ စာများနှင့် ပုရပိုက်ဖြူတွင် မှတ်တမ်းတင်ခဲ့ကြသည်။ ပုံ ၁၅ ပုံပါသော ဤပုရပိုက်တွင် အခမ်းအနားအစီအစဉ်အတိုင်း မှတ်တမ်းတင်ထားသည်မှာ မင်းတရားကြီးစီးနင်းသော နစ်စီးက မြင်းရထား၊ ထီးဖြူမိုးက တင်ဆင်တော်နှင့် ဝေါယာဉ်တော်များကို ဗဟိုထားပြီး ရှေ့တော်မှ တပ်ပေါင်း ခြောက်တပ်၊ နောက်တော်မှတပ်ပေါင်းခြောက်တပ်၊ ဆိုင်ရာ တူရိယာ ဆိုင်းတော်များ ကချေသည်၊ ဇာတ်သဘင်တို့က တီးမှုတ်ကခုန်ဖျော်ဖြေအသုံးတော်ခံရင်းလိုက်ပါလာသည်။



ရှေးခေတ်မြင်းခင်းသဘင်ပွဲ သရုပ်ဖော်
ပုရပိုက် ပန်းချီကား

တပ်တစ်တပ်တွင် အခမ်းအနား ဝတ်စုံပြည့် ရဲမက် ၈၁၀ ကျစိ ပါဝင်ပြီး၊ ကကြိုးတန်ဆာဆင်ထားသော ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ လေးသည်တော်တပ်၊ အမြောက်တပ်၊ သေနတ်ကိုင်တပ်၊ ဒိုင်းတော်များရာထူးအလိုက် ချီးမြှင့်ခံရသော ရံရွှေတော်များ၊အဆောင်ကိုင်များ စုစုပေါင်း အင်အား နှစ်သောင်းကျော် သုံးသောင်း နီးပါး ပါဝင်သည်။ ဆင် မြင်းနှင့် ရထားအင်အား ဖော်ပြမထားသော်လည်း ပုရပိုက်ပုံများအရ မှန်းဆရလျှင် နှစ်ရာနှင့် သုံးရာကြားတွင် ရှိနိုင်သည်။ စစ်တိုက်ထွက်သော တပ်များမဟုတ်ပါ။ အခမ်းအနား စစ်ဝင်းခင်းခြင်းသာဖြစ်သည်။ ထို့ကြောင့် မင်းဟရားကြီး အပြင် အမျိုးသမီး အခြံအရံများနှင့် မိဖုရား၊ သားတော် သမီးတော်၊ မင်းညီမင်းသား၊ မင်းသမီး၊ သူဌေး သူကြွယ်၊ ဝန်ကြီးမှူးမတ်နှင့် ကတော်များ၊ ပုရောဟိတ် ပုဏ္ဏားများထို့၍ ရွှေနန်းတော်တစ်ရပ်လုံးပါဝင်သည်။ မြင်းတပ်များတွင် ကသည်းမြင်း၊ အဏ္ဏပတ်မြင်း၊ ရှမ်းမြင်း၊ လင်းဇင်းမြင်း၊ ဇင်းမယ်မြင်းဟူသော တပ်ဖွဲ့များပါဝင်သည်။ သေနတ်ကိုင်တပ်နှင့် အမြောက်တပ်များတွင် ကုလားပျိုနှင့် ဘရင်ဂျီ (ပေါ်တူဂီ ကပြား) များပါဝင်အမှုထမ်းကြသည်ကို တွေ့ရသည်။

## တော်ကြီးဖုရားနှစ်ပါး ထွက်တော်မူ

ဤမျှကြီးကျယ်ခမ်းနားလှသော မင်းခမ်းမင်းနား စစ်ဝင်းခင်း "ထွက်တော်မူကြီး" ကို အပြည့်အစုံမဖော်ထုတ်နိုင်သေး သော်လည်း ပထမအကြိမ် မြန်မာ့ရိုးရာ မြင်းခင်းသဘင်ပွဲတော်ကို ဂုဏ်ပြုပြီးမြန်မာပြည်သူတို့ တစေ့တစောင်း သိကောင်းစရာဖြစ်စေရန် လူအင်အား ၄၅၉၊ မြင်းစီးရေ ၁၅၈၊ ဆင်စီးရေ ၂၁၊ ရထားစီးရေ ၁၄နှင့် အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်း မင်းလမ်းမကြီးပေါ်သို့ ထွက်ချီလာသော "ထွက်တော်မူကြီး" ၌ (၁) ရှေ့ဖျားတပ် (၂) ပထမရှေ့ရံတပ် (၃) ဘုရင်ပြာသာဒ်တင် ရထားစီး၊ မိဖုရားခေါင်ကြီးပြာသာဒ်တင် ဝေါယာဉ်စီးလာသော အလယ်တပ်မကြီးနှင့် (၄) ပထမနောက်ရံတပ် ပါဝင်သည့် မင်းတပ်များကြားတွင် ပြည်ထောင်စု တိုင်းရင်းသူ တိုင်းရင်းသားများနှင့် မြန်မာ့ရိုးရာ သိုင်းပညာစွမ်းပြ သိုင်းသမားတို့လိုက်ပါလာသည်။ နံနက်နေခြည်အောက်၌ ရွှေရောင် ငွေရောင်၊ ပိုးဖဲ ကတ္တီပါ၊ ရတနာအရောင်တို့နှင့် ဖိတ်ဖိတ်တောက်နေသော ထွက်တော်မူကြီး အခမ်းအနား သည် တည်ငြိမ်ခံ့ညား၍ မဟာဆန်သော ထွက်စည်တော် အသံနှင့် လိုက်ဖက်စွာ မင်းလမ်းမကြီးကို တစ်ပတ်ပတ်ချီနေသည်ကို မျက်ဝါး ထင်ထင် ရှုမြင်ကြရသော ပွဲလာပရိတ်သတ်သည် လည်းကောင်း၊ တိုက်ရိုက်ထုတ်လွှင့်ပြနေသော မြန်မာ့ရုပ်မြင်သံကြားတွင်မြင်တွေ့ကြသော၊ ရေဒီယိုမြန်မာ အသံကိုကြားကြသော မြန်မာနိုင်ငံတစ်ဝန်းရှိ မြန်မာ တိုင်းရင်းသားပြည်သူလူထုသည်လည်းကောင်း ဇာတိသွေး၊ ဇာတိမာန် ပြန်လည်တက်ကြွနေကြမည်ကား မလွဲချေ။

မင်းလမ်းကြီးတစ်ပတ်ပတ်ချီပြီးသည်နှင့် ထွက်တော်မူကြီး ရပ်လိုက်ရာ အားလုံးငြိမ်သက်သွားသည်။ နံနက် ၉ နာရီ တိတိအချိန်တွင် ပထမအကြိမ် မြန်မာ့ရိုးရာ မြင်ခင်းသဘင် ပွဲတော် ကျင်းပရေးနာယကအဖွဲ့၊ နာယကကြီး၊ နိုင်ငံ တော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က ပွဲတော်အဖွင့်မိန့်ခွန်းကို မြွက်ကြားပါသည်။ မိန့်ခွန်းမြွက်ကြားနေသော ၁၅ မိနစ် အချိန်တွင် ပွဲကြည့်ပရိသတ်နှင့်တကွ ထွက်တော်မူကြီး အခမ်းအနားတွင်ပါဝင်နေသော ဆင်များမြင်းများ အားလုံး သည်စည်းကမ်းတကျ လေးစားတည်ငြိမ်စွာ အာရုံပြုနာခံနေ သည်ကို အံ့သြချီးကျူးစရာ မြင်တွေ့ရသည်။ မိန့်ခွန်း ပြီး၍

လက်ခုပ်ဩဘာသံများစဲသွားသောအခါ၊ ဝင်စည်ယွန်း၍ ထွက်တော်မူကြီးအခမ်းအနား တစ်ပတ် လှည့်ပတ်ကာ ထွက်ခွာသွားပါသည်။ သည့်နောက် သိုင်းအဖွဲ့ ဝင်များနှင့် အကကျောင်းသူကလေးများက ဂါရဝပြု နှုတ်ဆက် ထွက်ခွာကြသည်။

### မြင်းခင်းသဘင် ဆင်ယင်ရှုစားတော်မူခြင်း

အောင်ဆန်းကစားပြိုင်ဝင်းကြီး၏ အရှေ့ဘက်ပွဲကြည့်စင် မြင့်တွင် ကုန်းဘောင်ခေတ်နောင်းပရပိုက် ပန်းချီပုံအတိုင်း ဆောက်လုပ်ဖန်တီးထားသော မဏ္ဍာပ် ကနားကြီးအတွင်း မြင်တွေ့ရသော မြင်ကွင်းမှာ မြန်မာမင်း၊ မိဘုရား၊ မင်းညီမင်းသား၊ မှူးမတ်အပေါင်းတို့ မင်းခမ်းမင်းနားနှင့် မြင်းခင်းသဘင်စက်ထိုးပွဲကို ကြည့်ရှုတော်မူဟန်နှင့် အောင်ပန်းဆွတ်ခူးနိုင်သူတို့ကို ဒွေကျင်ခတ်ပဝါနှင့် သဇင်ပန်းတစ်ခိုင်စီ ဆုချဟန်သရုပ်ဖော်ပြကွက်ဖြစ်သည်။ နောက်ဆုံးမြန်မာမင်းဖြစ်သော သီပေါမင်းသည် သက္ကရာဇ် ၁၂၄၀ ပြည့် ပြာသိုလပြည့်ကျော် ၃ ရက်နေ့တွင် မန္တလေးရွှေမြို့တော်အတွင်း မြနန်းစံကျော် ရွှေနန်းတော် ရှေ့ရင်ပြင်ဝယ် မြင်းခင်းတော်နှင့် စက်ထိုးပွဲကို ကျင်းပပြီး ရှုစားကာ ဆုချီးမြှင့် သနားကြောင်းကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲတွင် မှတ်တမ်းတင်ထားခဲ့သည်။ ယင်းသမိုင်းမှတ်တမ်းကို ကိုးကားပြီး ယဉ်ကျေးမှု ဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန ကဇာတ်ဌာနခွဲက အနုပညာရှင်အင်အား ၃၀ နှင့် ဖန်တီးတင်ပြ သရုပ်ဖော်ပြကွက်ဖြစ်သည်။ သီပေါမင်းမှာ " အဘိုး အနဂ္ဃထိုက်တန်သော ရတနာအပေါင်းတို့ဖြင့်ပြီးသော မျဉ်းမောက်တို စစ်ဝတ်တန်ဆာ ဆင်ယင်တော်မူပြီးလျှင် အရှင်မိဖုရားခေါင်ကြီးနှင့် တကွ မင်းမိဖုရားမောင်းမမိဿံခြံရံ တော်မူလျက်မြေနန်းတော်အတက်ကန္နားဖျင်းတဲတော်သို့ ထွက်စံကြည့်ရှုတော်မူသည်။ စက်ထိုးသဘင်တော်တွင် စက်စွဲသည့် မင်းညီမင်းသား မှူးတော်မတ်တော် လက်သုံးတော် လက်စွဲတော်တို့မှာ တစ်လက်စွဲလျှင် ငွေပွင့်ထိုးပန်းပုဝါတစ် သဇင်ပန်းခိုင်တစ် စီ သနားတော်မူသည်" ဟူသော ရာဇဝင်မှတ်တမ်းပါအတိုင်း သရုပ်ဖော်ထားရာ ရှုမြင်ရသူ ပရိသတ်အဖို့ ရှေ့ခေတ်ဟောင်း အောက်မေ့ဖွယ်ရာဖြစ်သည်။

### မြင်းရေး၊ အဲမောင်းရေး စွမ်းရည်ပြ စက်သွင်းသဘင်

၉ နာရီ ၄၅မိနစ်မှ ၁၁နာရီအထိ စိတ်ကြိုက်စွမ်းရည်ပြပွဲများကို အောက်ပါအတိုင်းခင်းကျင်းပြသသည်။

(၁) ရှေ့မြန်မာတပ်တော်မြင်းရေး၁၇ချင်းကို ရှေးမင်းညီမင်းသား ဝတ်စုံ၊ မြင်းကကြိုးစုံတို့နှင့် ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းမှ မြင်းစီး ၁၂ ဦး၊ တို့က မင်းလမ်းပေါ်တွင် ကျွမ်းကျင်စွာ ခင်းကျင်းပြသည်။

(၂) မြင်းရေးနှင့် အဲမောင်းရေး ၃၇ ချင်းမှ (၁)ပယ်ခွဲစီးခြင်း(၂)ပယ်စိတ်စီးခြင်း(၃)စန္ဒရယုက်စီးခြင်း (၄) လေးကျွန်းမှန်ကူစီးခြင်းနှင့် (၅) ဆင်ထူးဟန်စီးခြင်း ငါးချင်းကို သက်ဆိုင်ရာ လူးတားငါးပုဒ်နှင့် တွဲဖက်ပြီး ပဲခူးတိုင်းမှမြင်းစီး၁၆ဦး၊ စစ်ကိုင်းတိုင်းမှ မြင်းစီး ၈ ဦး၊ ပေါင်း၂၄ ဦး တို့က ရှေးမြန်မာ စစ်သူကြီးဝတ်စုံမြင်းကကြိုးစုံတို့နှင့်ဘောလုံးကွင်း မြက်ခင်း၌ ကျွမ်းကျင်စွာ ခင်းပြ သည်။

(၃) ဓါးရေးသုံးချင်းဖြစ်သော (က) ငှက်ပျောပင်ခုတ်ခြင်း (ခ) စာခြောက်ရုပ်ခုတ်ခြင်းနှင့် (ဂ) ရေအိုးခွဲခြင်းကို မန္တလေးတိုင်းမှ မြင်းစီး ၁၂ ဦး၊ မွန်ပြည်နယ်မှ မြင်းစီး ၈ ဦးပေါင်း ၂၀ ဦးတို့က ရှေးမြန်မာ မင်းမှုထမ်းဝတ်စုံ၊ မြင်းကကြိုးစုံတို့နှင့် မင်းလမ်း ပေါ်တွင် မြင်းဒုန်းစီး ဓါးလွတ်ကိုင်၍ ကျွမ်းကျင်စွာ ခင်းပြသည်။

(၄) မြင်းစီးကျွမ်းကျင်မှုကို ရောဝတီတိုင်းမှ မြင်းစီးအဖွဲ့အင်အား၁၆ဦးက ရှေးခေတ်အရပ်သားဝတ်စုံဝတ်၍ဘောလုံးကွင်းမြက်ခင်းပေါ်တွင်မြင်းစီးစစ်ရေးပြ စီးနင်းခြင်းကို ကျွမ်းကျင်စွာ ခင်းပြသည်။

(၅) အဲမောင်းလှံရေးကို ရောဝတီတိုင်းမှ မြင်းစီး ၈ ဦး၊ မန္တလေးတိုင်းမှမြင်းစီး ၈ဦး၊ မွန်ပြည်နယ်မှမြင်းစီး ၄ဦး၊ မကွေးတိုင်းမှမြင်းစီး၄ဦး၊ ပေါင်း၂၄ဦးတို့က ရှေးမြန်မာစစ်သူကြီးဝတ်စုံ၊ မြင်း ကကြိုးစုံများနှင့် အဲမောင်းလှံရှည်ကိုကိုင်ကာ မင်းလမ်းပေါ်တွင် ဒုံးစိုင်းပတ်ပြီး ၁၀ ပေမြင့် စက်တိုင်၊ ၁၃ ပေမြင့် စက်တိုင်၊ ၁၅ ပေမြင့် စက်တိုင်များရှိ စက်ကွင်းများသို့ အဲမောင်းလှံကိုပစ်သွင်းကာ အဲမောင်းလှံရေးကို ကျွမ်းကျင်စွာ ခင်းပြသည်။

(၆) မြင်းစီးကျွမ်းကျင်မှုကို ပဲခူးတိုင်းမှ မြင်းစီး ၁၆ ဦးတို့က ရှေးမြန်မာ့စစ်သူကြီးဝတ်စုံ၊ မြင်းကကြိုးနှင့် ဘောလုံးကွင်းမြက်ခင်း၌ ခင်းပြသည်။

(၇) တစ်ဦးချင်းအလိုက်မြင်းစီးကျွမ်းကျင်မှုနှင့်စွန့်စားပြသမှုများဖြစ်သော (က) ဓါးနစ်လက်နှင့် မြင်းစီးခြင်း(ခ)စွန့်စားမြင်းစီးခြင်း(ဂ)ရေအိုးကိုက်မြင်းစီးခြင်း (ဃ) ၆ နှစ်သမီးငယ်၏ မြင်းစီးကျွမ်းကျင်မှု(င)ကလေးငယ်ဝမ်းဗိုက်ပေါ် သစ်သီးတင်၍ ဓါးနှင့် ခွဲပြခြင်းတို့ကို မန္တလေးတိုင်း၊

မကွေးတိုင်း၊ ရန်ကုန်တိုင်း၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ကာကွယ်ရေးဝန်ကြီးဌာနတို့မှ မြင်းစီးကျော် အမျိုးသား အမျိုးသမီး သားငယ် သမီးငယ်တို့က ရှေးခေတ်မြင်းထိန်းနှင့်မင်းမှုထမ်း ဝတ်စုံများဝတ်ကာ မင်းလမ်းပေါ်တွင် ကျွမ်းကျင်စွာ ပြကြသည်။

စွမ်းရည်ပြပွဲများပြီးဆုံးသောအခါ တိုင်းနှင့်ပြည်နယ် အလိုက်၊ ဝန်ကြီးဌာနအလိုက် မြင်းစီး၍ ပွဲကြည့်ပရိသတ်ကို ဂါရဝပြု မိတ်ဆက်ရာတွင် ပြည်သူ့ရဲတပ်ဖွဲ့ ဘင်ခရာ တီးဝိုင်းက တီးမှုတ်ပါဝင်သည်။ မြန်မာနိုင်ငံ မြင်းစီး အားကစားအဖွဲ့ချုပ်မှ အလံကိုင်တပ်ဖွဲ့က နိုင်ငံတော် အလံကိုကိုင်၍ဦးဆောင်ပြီး တိုင်းနှင့်ပြည်နယ်မြင်းစီးသမား တို့က တိုင်းနှင့်ပြည်နယ် အလံများ၊ ဌာနဆိုင်ရာ အလံများ ကိုင်ဆောင်၍ မင်းလမ်းတွင် နှစ်ပတ်စီးပြ၍ ပရိသတ်ကို ဂါရဝပြုနှုတ်ဆက်ကာ ထွက်ခွာသွားရာ ပြည်သူ့ရဲတပ်ဖွဲ့ ဘင်ခရာတီးဝိုင်းက နောက်မှတီးမှုတ် လိုက်ပါသွားရင်း ဖွင့်ပွဲအခမ်းအနားကြီးကို နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

### မြင်းခင်းသဘင်ပွဲတော်၊ စွမ်းရည်ပြိုင်ပွဲများ

အောက်တိုဘာလ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့ ညနေ၅ နာရီအထိ ကျင်းပသော ပြိုင်ပွဲများမှာ (၁) ရိုးရာအသားကျ မြင်းအပြေးပြိုင်ပွဲ (၂) မြင်းရေးစိတ်ကြိုက်ပြိုင်ပွဲ (၃) တားရေး စိတ်ကြိုက်ပြိုင်ပွဲ (၄) အဲမောင်းလုံ့ရေး စိတ်ကြိုက်ပြိုင်ပွဲ (၅) အပြည့်ပြည့်ဆိုင်ရာ တန်းခုန်ပြိုင်ပွဲများကို အောင်ဆန်း အားကစားပြိုင်ဝင်းတွင်လည်းကောင်း (၆) ကုန်းနီးမပါ ဒုန်းစီး ပြိုင်ပွဲကို ကျိုက္ကဆံကွင်းတွင် လည်းကောင်း (၇) အခက်အခဲ ကျော်စီးနင်း ပြိုင်ပွဲကို ကန်တော်ကြီးတွင် လည်းကောင်း ကျင်းပသောပွဲများဖြစ်သည်။

### ပထမအကြိမ် မြန်မာ့ရိုးရာ မြင်းခင်းသဘင်ပွဲတော် ပိတ်ပွဲအခမ်းအနား

အောက်တိုဘာလ ၂၅ ရက်နေ့ညနေတွင် ပထမအကြိမ် မြန်မာ့ရိုးရာ မြင်းခင်းသဘင်ပွဲတော် ဆုပေးပွဲနှင့် ပိတ်ပွဲ အခမ်းအနားကို တစ်မူထူးခြားသော အစီအစဉ်များနှင့် ကျင်းပသည်။ ညနေ ၄ နာရီမှ စပြီး လူထုပရိသတ်တို့ တဖွဲဖွဲ ရောက်ရှိလာရာ ညနေ ၅ နာရီတွင် အောင်ဆန်းအား ကစားပြိုင်ဝင်းကြီး တစ်ခုလုံးပြည့်လျှံလာသည်။ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ ဂီတ အစည်းအရုံးနှင့် ရုပ်ရှင်အစည်း အရုံးတို့မှ အနုပညာရှင်တို့က တေးသံသာများနှင့် ဖျော်ဖြေ တင်ဆက်နေကြသည်။ ညနေ ၅ နာရီ ၄၅ မိနစ်တွင် နိုင်ငံ တော်အကြီးအကဲများ၊ အထူးဧည့်သည်တော်ကြီးများ ရောက်ရှိနေရာယူပြီး ဖြစ်သောကြောင့် အခမ်းအနား စတင်ပါသည်။ ရှေးဦးစွာ အောင်ပွဲရ တပ်တော်ကြီးကို ကြိုဆိုရန် ကျောင်းသူကလေးများက ပန်းစည်း၊ ပန်းကုံးများ ကိုင်ဆောင်ကာ ကကွက်များကလျက် ထွက်လာပြီးနေရာယူ ကြသည်။ အလားတူ သိုင်းအဖွဲ့ဝင်တို့ကလည်း သိုင်းပြကွက် များ ပြလျက်ထွက်လာပြီး နေရာယူကြပါသည်။

### ဆုချီးမြှင့်ခြင်း

ညနေ ၅ နာရီ ၅၅ မိနစ် အချိန်မှစပြီး ဆုချီးမြှင့်သော အစီအစဉ်ကို ဆောင်ရွက်သည်။ ပထမအကြိမ် မြန်မာ့ရိုးရာ မြင်းခင်းသဘင် ပွဲတော်တွင် ဆုရရှိသူများကို ပွဲတော် ကျင်းပရေး နာယကအဖွဲ့ဝင်များနှင့် ဦးစီးကော်မတီ ဥက္ကဋ္ဌ တို့က အစီအစဉ်အရ ဆုချီးမြှင့်ကြရာ ပွဲကြည့်ပရိသတ်တို့က သောင်းသောင်းဖျဖျ လက်ခုတ်သြဘာပေးကြသည်။

### အောင်တပ်တော်ကြီးကို ဆီး၍ကြို

ညနေ ၆ နာရီ ၁၅ မိနစ်တွင် ဆုချီးမြှင့်ပွဲ အစီအစဉ် ပြီးသောအခါ ပိတ်ပွဲ အခမ်းအနား၏ ပထမ အစီအစဉ် ဖြစ်သော အောင်ပွဲရ ရှေး မြန်မာ့တပ်တော်ကို ကြိုဆိုခြင်း သရုပ်ဖော်မှုကို ပြသသည်။ ရှေးမြန်မာမင်းများ လက်ထက် က အောင်ပွဲရမြန်မာ့တပ်မတော်ကြီးပြန်လည်ရောက်ရှိလာ သဖြင့် ရွှေမြို့တော်မှခံဝမှ သောင်းသောင်းဖျဖျ ဆီးကြိုကာ သြဘာကောင်းချီး ပေးကြဟန်ကို သရုပ်ဖော်ပြသည်။ အကြပ်သွေးသောက်တို့က အောင်စည်အောင်မောင်းတံပိုး ခရာများမှုတ်ကာ တပ်အလိုက် ရွှေမြို့တော်တွင်းသို့ ချီတက် ဝင်ရောက်လာသောအခါ နန်းမြို့မုခ်ဦးဝမှ သမီးတော်များ၊ မြို့ဝန်၊ သူဌေးသူကြွယ်များ၊ တိုင်းရင်းသူလုပျိုဖြူများ၊ မြို့သူ မြို့သားများ၊ ကျောင်းသူကျောင်းသားများ၊ မြန်မာ့သိုင်းအဖွဲ့ သားများက အောင်သပြေပန်းများကမ်းခြင်း၊ ပန်းများကြဲ ခြင်းဖြင့် ကြိုဆိုသြဘာကောင်းချီးပေးဟန်ကို အနုပညာဦးစီး ဌာန၊ ကဇာတ်ဌာနခွဲက သရုပ်ပါပါ တင်ဆက်ပါသည်။

ညနေ ၆ နာရီ ၄၀ မိနစ်တွင် ယင်းအစီအစဉ်ပြီးဆုံး၍ ဆုရသူများက စိတ်ကြိုက်စွမ်းရည်များ ပြသရာ (က) မြင်းစီး ကျွမ်းကျင်မှု (ခ) တပ်မတော်မြင်းရေး စွမ်းရည်ပြမှုနှင့် (ဂ) တားလုံ၊ အဲမောင်းစွမ်းရည်ပြမှုတို့ကို တအံ့တသြ ရှုစား ကြရသည်။

### စစ်စခန်းချရာမြေ

ညနေ ၇ နာရီ ၁၀ မိနစ်တွင် မြင်းခင်းသဘင် ပွဲတော် ကြီးကို ဂုဏ်ပြုသော သမိုင်းပြကွက်တစ်ရပ်ကို အနုပညာ ဦးစီးဌာန ကဇာတ်ဌာနခွဲက ဘောလုံးကွင်း မြက်ခင်းပြင်တွင်

တင်ဆက်ပြသသည်။ သမိုင်းပြကွက်မှာ မြန်မာမင်းများလက်ထက် မြန်မာ့တပ်စစ်စခန်းချစဉ် မြင်ကွင်းဖြစ်သည်။ ဘကြီးတော်ဘုရားလက်ထက် ပထမ အင်္ဂလိပ်-မြန်မာစစ်ဖြစ်ရာ၌ မင်းကြီးမဟာ သီဟသူရဘွဲ့ခံ မြဝတီ မင်းကြီးဦးစသည် ရှေးပြေးမြန်မာ့တပ်ကို မှူး၍ပန်းဝါသို့ ချီခဲ့သည်။ စစ်ကြောင်းတစ်လျှောက်၌ စစ်စခန်းချစဉ် ထောက်လှမ်းပုံ၊ စစ်လေ့ကျင့်ပုံ၊အင်အားစုဆောင်းပုံတို့ကိုတစ်ခမ်းတစ်နား တင်ဆက် ကပြရာ ကွင်းလုံးပြည့်ထိုးထားသော လျှပ်စစ်မီးမောင်းဆလိုက်ကြီးများအောက်တွင် သဘာဝကျကျ သရုပ်ပီပီ ရှိလှသည်။

ထိုတင်ဆက်မှုအစီအစဉ်ပြီးသောအခါ ညနေ ၇ နာရီ ၄၀ မိနစ် မင်္ဂလာအချိန်တွင် ပထမအကြိမ် မြန်မာ့ရိုးရာ မြင်းခင်းသဘင်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နယ်လှဲ့အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်စိန်ထွားက မြင်းခင်းသဘင်ပွဲတော်အခမ်းအနား အောင်မြင်စွာ ကျင်းပပြီးဆုံးကြောင်း ကြေညာလိုက်သည်။ ဖျော်ဖြေရေးစင်မြင့်မှ အနုပညာဦးစီးဌာန မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ ရုပ်ရှင်အစည်းအရုံးနှင့် ဂီတအစည်းအရုံးအနုပညာရှင်တို့က ပိတ်ပွဲသီချင်းကို ပျော်ရွှင်စွာ ပူးပေါင်းသီဆိုကြသည်။ ပြည်နယ်၊ တိုင်းနှင့် ဝန်ကြီးဌာန မြင်းစီးပြိုင်ပွဲဝင် အားကစားအဖွဲ့များက ဂါရဝပြု နှုတ်ဆက်ကြသည်။ ည ၈ နာရီတိတိတွင် ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ပြီးဆုံးကြောင်း ကြေညာလိုက်ပါသည်။

### မဟာစွမ်းဆောင်မှု တစ်ရပ်

မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်၊ ခရစ်နှစ် ၁၈၈၅ ခုနှစ်၊ သီပေါမင်းနှင့်မိဖုရားကိုနန်းချပြီး ရတနာဂီရိသို့ ခေါ်ဆောင်သွား၍မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာရှုံးဆုံးခဲ့ရသော နှစ်မှစ၍ ၁၉၉၃ ခုနှစ်အထိ၊ နှစ်ပေါင်း ၁၀၈ ကြာကာလတွင် လုံးဝတိမ်မြုပ် ပျောက်ကွယ်ခဲ့ရသော မြန်မာ့ရိုးရာ မြင်းခင်းသဘင်ပွဲတော်ကြီးကို ၁၉၉၃ခု၊ အောက်တိုဘာလ ၂၃ ရက်မှ ၂၅ ရက်တွင် ပထမဆုံး အကြိမ် အောင်မြင်စွာ ဖော်ထုတ်ကျင်းပနိုင်ခဲ့သည်မှာ နိုင်ငံတော် အစိုးရနှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်လိုက်သော မြန်မာ့ယဉ်ကျေးမှု အမွေထိန်းသိမ်းဖော်ထုတ်ခြင်းဖြင့် မြန်မာ့ဇာတိသွေး ဇာတိမာန် ပြန်လည်ရှင်သန် ထက်မြက်လာစေမည့် စွမ်းဆောင်မှုကြီးတစ်ရပ်ဖြစ်ကြောင်း မှတ်တမ်းတင်ရပေမည်။

ဒေါက်တာခင်မောင်ညွန့်

### ပထမအကြိမ် မြန်မာ့ရိုးရာ မြင်းခင်းသဘင်ပွဲတော် ချီးမြှင့်သောဆုနှင့် ဆုရသော တိုင်းနှင့် ပြည်နယ်၊ ဌာန အသင်းအဖွဲ့နှင့် ပုဂ္ဂိုလ်များစာရင်း

တံခွန်စိုက်ဆု

| | | | |
|---|---|---|---|
| (က) | တံခွန်စိုက် | ပထမဆု | ဧရာဝတီတိုင်း |
| (ခ) | တံခွန်စိုက် | ဒုတိယဆု | မန္တလေးတိုင်း |
| (ဂ) | တံခွန်စိုက် | တတိယဆု | ကာကွယ်ရေးဝန်ကြီးဌာန |
| (ဃ) | တံခွန်စိုက် | စတုတ္ထဆု | ရန်ကုန်တိုင်း |
| (င) | တံခွန်စိုက် | ပဥ္စမဆု | မကွေးတိုင်း |

ကုန်းနီးမပါ ဒုန်းစီးပြိုင်ပွဲ

| စဉ် | ဆု | ပြည်နယ်/တိုင်း/ဌာန | အားကစားသမားအမည် | မြင်းအမည် |
|---|---|---|---|---|
| (က) | ပထမဆု | မကွေးတိုင်း | အောင်သန်း | ရွှေကျွန်းမယ် |
| (ခ) | ဒုတိယဆု | မန္တလေးတိုင်း | မင်းမင်း | ကျော်ကျော် |
| (ဂ) | တတိယဆု | ဧရာဝတီတိုင်း | ကြည်ဝင်း | ထိပ်ကန်း |
| (ဃ) | စတုတ္ထဆု | ပဲခူးတိုင်း | မောင်ညွန့် | ပူရူးမ |

## အဖွဲ့လိုက် သရုပ်ပြ စီးနင်းခြင်းပြိုင်ပွဲ

(က) ပထမဆု ကာကွယ်ရေးဝန်ကြီးဌာန
(ခ) ဒုတိယဆု မန္တလေးတိုင်း
(ဂ) တတိယဆု ရန်ကုန်တိုင်း (ခ) အသင်း
(ဃ) စတုတ္ထဆု ဧရာဝတီတိုင်း

## အခက်အခဲ အတားအဆီးကျော်ပြိုင်ပွဲ

| စဉ် | ဆု | ပြည်နယ်/တိုင်း/ဌာန | အားကစားသမားအမည် | မြင်းအမည် |
|---|---|---|---|---|
| (က) | ပထမဆု | မကွေးတိုင်း | သောင်းလွင် | မိချော |
| (ခ) | ဒုတိယဆု | ဧရာဝတီတိုင်း | ကျော်စိုး | ကျော်ဇေယျ |
| (ဂ) | တတိယဆု | ကာကွယ်ရေးဝန်ကြီးဌာန | သိန်းဝင်း | ၈၂၆၃ |
| (ဃ) | စတုတ္ထဆု | ကာကွယ်ရေးဝန်ကြီးဌာန | ဆန်းဝင်း | ၇၅၈၃ |
| (င) | ပဉ္စမဆု | ကာကွယ်ရေးဝန်ကြီးဌာန | လှအေး | ၈၂၇၁ |

## မြင်းရေးစိတ်ကြိုက်ပြိုင်ပွဲ

| စဉ် | ဆု | ပြည်နယ်/တိုင်း/ဌာန | အားကစားသမားအမည် | မြင်းအမည် |
|---|---|---|---|---|
| (က) | ပထမဆု | မန္တလေးတိုင်း | ပြုံးကျော် | မြန်မာ့အား |
| (ခ) | ဒုတိယဆု | မကွေးတိုင်း | ဝင်းဇော် | စောမြစိုး |
| (ဂ) | တတိယဆု | မကွေးတိုင်း | သောင်းသောင်းစိုး | ခေတ်မတိမ် |
| (ဃ) | စတုတ္ထဆု | ကာကွယ်ရေးဝန်ကြီးဌာန | မျိုးမင်း | ၅၈၂၃ |
| (င) | ပဉ္စမဆု | ကာကွယ်ရေးဝန်ကြီးဌာန | ဇော်နုး | ၅၇၆၁ |

## မြန်မာ့ရိုးရာ အသားကျပြိုင်ပွဲ

| စဉ် | ဆု | ပြည်နယ်/တိုင်း/ဌာန | အားကစားသမားအမည် | မြင်းအမည် |
|---|---|---|---|---|
| (က) | ပထမဆု | ရန်ကုန်တိုင်း | ဝင်းတင် | မေသကြိန် |
| (ခ) | ဒုတိယဆု | စစ်ကိုင်းတိုင်း | မှတ်ကြီး | ကြည်ကြည်ငွေ |
| (ဂ) | တတိယဆု | စစ်ကိုင်းတိုင်း | ချိုချို | နိုင်ဇင်မ |
| (ဃ) | စတုတ္ထဆု | စစ်ကိုင်းတိုင်း | ဝင်းဗိုလ် | ဇာနည်မော် |
| (င) | ပဉ္စမဆု | ဧရာဝတီတိုင်း | သန့်ဇင် | ဇာနည်မ |

## အပြည်ပြည်ဆိုင်ရာ တန်းခုန်ပြိုင်ပွဲ

| စဉ် | ဆု | ပြည်နယ်/တိုင်း/ဌာန | အားကစားသမားအမည် | မြင်းအမည် |
|---|---|---|---|---|
| (က) | ပထမဆု | မန္တလေးတိုင်း | ဦးတင်မောင် | ဂွတ်ဒေး |
| (ခ) | ဒုတိယဆု | ဧရာဝတီတိုင်း | သိန်းဇော် | ဂျက်မ |
| (ဂ) | တတိယဆု | ပဲခူးတိုင်း | လှစိုး | မင်းစိန် |
| (ဃ) | စတုတ္ထဆု | ရန်ကုန်တိုင်း | ကျော်ဝင်းထွန်း | ဝတ္တိယံ |
| (င) | ပဉ္စမဆု | ပဲခူးတိုင်း | မြင့်ထူး | အောင်သူမ |

## မြန်မာ့ရိုးရာမြင်းခင်းသဘင်

### တားရေး (ငှက်ပျောပင်ခုတ်ခြင်း) ပြိုင်ပွဲ

| စဉ် | ဆု | ပြည်နယ်/တိုင်း/ဌာန | အားကစားသမားအမည် | မြင်းအမည် |
|---|---|---|---|---|
| (က) | ပထမဆု | ရန်ကုန်တိုင်း | သန်းလှိုင် | ချောမ ချော |
| (ခ) | ဒုတိယဆု | မန္တလေးတိုင်း | လှဟန် | ပျံလွှားမ |
| (ဂ) | တတိယဆု | ဧရာဝတီတိုင်း | တင်ထွန်း | စနေမ |
| (ဃ) | စတုတ္ထဆု | ဧရာဝတီတိုင်း | မောင်မောင် | စနေမောင်မောင် |

### တားရေး(စာခြောက်ရုပ်ခုတ်ခြင်း) ပြိုင်ပွဲ

| စဉ် | ဆု | ပြည်နယ်/တိုင်း/ဌာန | အားကစားသမားအမည် | မြင်းအမည် |
|---|---|---|---|---|
| (က) | ပထမဆု | မန္တလေးတိုင်း | လှဟန် | ပျံလွှားမ |
| (ခ) | ဒုတိယဆု | ရန်ကုန်တိုင်း | အေးကြိုင် | စံနက်ကျော် |
| (ဂ) | တတိယဆု | ရန်ကုန်တိုင်း | တင်ထွန်း | ကျော်လေး |
| (ဃ) | စတုတ္ထဆု | စစ်ကိုင်းတိုင်း | ဝင်းဆွေ | အေးသက်ခိုင် |

### တားရေး စိတ်ကြိုက်ပြိုင်ပွဲ ( ရေအိုးခွဲ)

| စဉ် | ဆု | ပြည်နယ်/တိုင်း/ဌာန | အားကစားသမားအမည် | မြင်းအမည် |
|---|---|---|---|---|
| (က) | ပထမဆု | ဧရာဝတီတိုင်း | ရဲထွင့် | မိုးမမ |
| (ခ) | ဒုတိယဆု | မန္တလေးတိုင်း | လှဟန် | ပျံလွှားမ |
| (ဂ) | တတိယဆု | ဧရာဝတီတိုင်း | လှထွန်း | ရွှေဝါမောင် |
| (ဃ) | စတုတ္ထဆု | ကာကွယ်ရေးဝန်ကြီးဌာန | သိန်းလှိုင် | ၇၇၁၄ |

### အဲမောင်းလုံရေး ( ၁၅ ပေ စက်ဝိုင်းထိုး) ပြိုင်ပွဲ

| စဉ် | ဆု | ပြည်နယ်/တိုင်း/ဌာန | အားကစားသမားအမည် | မြင်းအမည် |
|---|---|---|---|---|
| (က) | ပထမဆု | ရှမ်းပြည်နယ် (မြောက်) | မောင်မောင်လွင် | ဒေဝီ |
| (ခ) | ဒုတိယဆု | ဧရာဝတီတိုင်း | ဇော်မိုး | လုံမလေး |
| (ဂ) | တတိယဆု | မန္တလေးတိုင်း | မြသန်း | ဘိုမ |
| (ဃ) | စတုတ္ထဆု | ဧရာဝတီတိုင်း | တင်ဝင်း | ဇေယျာမောင် |

### အဲမောင်းလုံရေး (၁၀ ပေ စက်ဝိုင်းထိုး) ပြိုင်ပွဲ

| စဉ် | ဆု | ပြည်နယ်/တိုင်း/ဌာန | အားကစားသမားအမည် | မြင်းအမည် |
|---|---|---|---|---|
| (က) | ပထမဆု | ဧရာဝတီတိုင်း | မောင်မောင် | စနေမောင်မောင် |
| (ခ) | ဒုတိယဆု | ကာကွယ်ရေးဝန်ကြီးဌာန | တင်အောင်ဝင်း | ၈၃၇၄ |
| (ဂ) | တတိယဆု | ရန်ကုန်တိုင်း | ဘခန့် | ရွှေမင်းသား |
| (ဃ) | စတုတ္ထဆု | ရှမ်းပြည်နယ် (မြောက်) | မောင်မောင်လွင် | ဂျက်မ |

**အဲမောင်းလှံ့ရေး (ဖော့ပြားထိုး) ပြိုင်ပွဲ**

| စဉ် | ဆု | ပြည်နယ်/တိုင်း/ဌာန | အားကစားသမားအမည် | မြင်းအမည် |
|---|---|---|---|---|
| (က) | ပထမဆု | ရှမ်းပြည်နယ်(မြောက်) | မောင်မောင်လွင် | ဒေဝီ |
| (ခ) | ဒုတိယဆု | ကာကွယ်ရေးဝန်ကြီးဌာန | မျိုးမင်း | ဖ၈၅၃ |
| (ဂ) | တတိယဆု | မကွေးတိုင်း | ဝင်းဇော် | စောမြမိုး |

**မြင်းအများဆုံး ပါဝင်ယှဉ်ပြိုင်သည့်ဆု**

မန္တလေးတိုင်း မြင်းစီးရေ ၈၁ စီး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

**အကောင်းဆုံး မြင်းစီးအားကစားသမားဆု**

| | |
|---|---|
| အဲမောင်းလှံ့ရေး ပြိုင်ပွဲ (၁၅– ပေ စက်ဝိုင်း) ပထမဆု<br>အဲမောင်းလှံ့ရေးပြိုင်ပွဲ ( ဖော့ပြားထိုး) ပထမဆု | မောင်မောင်လွင်<br>ရှမ်းပြည်နယ်(မြောက်ပိုင်း) |

**အကောင်းဆုံး မြင်းဆု**

| | |
|---|---|
| အဲမောင်းလှံ့ရေးပြိုင်ပွဲ (၁၅၄ပေ စက်ဝိုင်း) ပထမဆု<br>အဲမောင်းလှံ့ရေးပြိုင်ပွဲ( ဖော့ပြားထိုး) ပထမဆု | ဒေဝီ<br>ရှမ်းပြည်နယ်( မြောက်ပိုင်း) |

**အထူးဆု**

| | ပြည်နယ်/တိုင်း/ဝန်ကြီးဌာန | အားကစားသမားအမည် | ဆုတန်ဖိုး |
|---|---|---|---|
| (က) | မွန်ပြည်နယ် | ဦးမင်းတင်လှ | ၅၀၀၀ ကျပ် |
| (ခ) | မွန်ပြည်နယ် | အောင်အောင် | ၅၀၀၀ ကျပ် |
| (ဂ) | မန္တလေးတိုင်း | ပြုံးကျော် | ၃၀၀၀ ကျပ် |
| (ဃ) | ရန်ကုန်တိုင်း | နိုင်လတ်ဝင်း | ၃၀၀၀ ကျပ် |
| (င) | မကွေးတိုင်း | မသောင်းသောင်းစိုး | ၃၀၀၀ ကျပ် |
| (စ) | ကာကွယ်ရေးဝန်ကြီးဌာန | ဒုတပ်ကြပ်မျိုးမင်း | ၃၀၀၀ ကျပ် |
| (ဆ) | မန္တလေးတိုင်း | မြသန်း | ၃၀၀၀ ကျပ် |
| (ဇ) | မွန်ပြည်နယ် | မြင့်အောင် | ၃၀၀၀ ကျပ် |
| (ဈ) | ပဲခူးတိုင်း | ပွဲတော်ဖွင့်ပွဲ အခမ်းအနားတွင် မြင်းရေး (၃၇) ချင်း စီးနင်းပြသသော အဖွဲ့ | ဆုဖလား |

**မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်၏ ဂုဏ်ပြုဆုများ**

(က) မသောင်းသောင်းစိုး (မကွေးတိုင်း)

(မြင်းရေးစိတ်ကြိုက်ပြိုင်ပွဲတွင် မြင်း(ခေတ်မတိမ်)ကိုစီး၍ အမျိုးသားများနှင့် ရင်ဘောင်တန်းပါဝင်ယှဉ်ပြိုင်ရာ တတိယဆု ရခဲ့သော အမျိုးသမီးဖြစ်သည်)

(ခ) မမြင့်မြင့်တိုး (စစ်ကိုင်းတိုင်း)

( အသက် ၆ နှစ်သာရှိသေးသော အမျိုးသမီးငယ်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားတွင် မြင်းရေးစွမ်းရည် ပြသခဲ့သည်)

**ဒိုင်လူကြီးများဂုဏ်ပြုဆု**

ပထမအကြိမ် မြန်မာ့ရိုးရာ မြင်းခင်းသဘင်ပွဲတော်တွင် ဒိုင်လူကြီးများအဖြစ် ဆောင်ရွက်ခဲ့ကြသော ဒိုင်လူကြီး ၄၅ ဦးအား ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီက ဂုဏ်ပြုဆုများချီးမြှင့်ရာ ဒိုင်ချုပ်ဦးငြိမ်းကျော်က ဆုများကို လက်ခံရယူသည်။




# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၁၉၉၃ ခုနှစ်၊ ဥပဒေ၊ နည်းဥပဒေများ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် နေ့စွဲပါ အမိန့် အမှတ် ၁/၈၈ ဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့စွဲပါ ကြေညာချက်အမှတ် ၁/၈၈ ဖြင့် တပ်မတော်သည် ယင်းနေ့မှစ၍ နိုင်ငံတော် အာဏာ အရပ် ရပ်ကို လုံးဝတာဝန်ယူလိုက်ကြောင်း ကြေညာသည်။ (စွယ်စုံနှစ်ချုပ် – ၁၉၈၉၊ စာ – ၁၈၇ ရှု)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှစ၍ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဥပဒေ ၈၃ ခု၊ နည်းဥပဒေ ၄ ခု၊ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ၃ ခု၊ မာရှယ်လောအမိန့် ၁၅ ခု၊ အမိန့် ၃၉ ခုနှင့် ကြေညာချက် ၂၆ ခုကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ဖော်ပြပါဥပဒေ၊ နည်းဥပဒေ၊ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်၊ အမိန့်နှင့် ကြေညာချက်များကို ထုတ်ပြန် ခဲ့သည်။

## မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ (ဥပဒေအမှတ် ၁/၉၃)

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည် “၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ” ကို ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ သို့ရာတွင် မူးယစ်ဆေးဝါး အန္တရာယ်ကို ပိုမို ထိရောက်စွာ ဟန့်တားနိုင်ရန် ဤဥပဒေကို ပြဋ္ဌာန်းရခြင်းဖြစ်သည်။ ဤဥပဒေကို ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ပြဋ္ဌာန်းသည်။

ဤဥပဒေတွင် အခန်းပေါင်း ၉ ခန်း ပါဝင်သည်။ အခန်း ၁ တွင် အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်ကို ပြဋ္ဌာန်းထားသည်။ အခန်း ၂ တွင် ဤဥပဒေ၏ ရည်ရွယ်ချက်များကို ဖော်ပြထားသည်။ လူသားတို့အား အညွန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါး များ၏ ဘေးအန္တရာယ်ကို အမျိုးသားရေးတာဝန် အဖြစ် တားဆီးကာကွယ်ရန်၊ ယင်းဆေးဝါးများ တရားမဝင်

သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ယင်းဆေးဝါး၏ ဘေးအန္တရာယ်ကို အသိပညာပေးရေးနှင့် ဆေးဝါးသုံးစွဲသူများ အားကုသရေး၊ ပြန်လည်ထူထောင်ပေးရေးတို့အတွက် ပိုမိုထိရောက်စွာ ဆောင်ရွက်ရန်နှင့် ပြစ်မှုကျူးလွန်သူများအား ပိုမိုထိရောက်သော ပြစ်ဒဏ်များချမှတ်ရန်၊ ယင်းဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂကွန်ဗင်းရှင်းဝင် နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် စသည်ဖြင့် ပါဝင်လေသည်။

အခန်း ၃ တွင် ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းထားသည်။ အစိုးရအဖွဲ့သည် " မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့" ကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရဌာနနှင့်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအား အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်းပေးထားသည်။ ပုဒ်မ ၆ တွင် ဗဟိုအဖွဲ့၏ တာဝန်များကို ပြဋ္ဌာန်းထားသည်။ အခန်း ၄ တွင် "လုပ်ငန်းအဖွဲ့များနှင့် ဒေသဆိုင်ရာ အဖွဲ့များဖွဲ့စည်းခြင်း" ဖြစ်သည်။ ပုဒ်မ ၇ တွင် ဗဟိုအဖွဲ့သည် လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့ကို ဖွဲ့စည်းပေးရမည်ဖြစ်ပြီး ယင်းလုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ပေးရန် ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၈ တွင် ဗဟိုအဖွဲ့သည် ပြည်နယ်/ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့များနှင့် . တားဆီးနှိမ်နင်းရေး အထူးအဖွဲ့များ ဖွဲ့စည်းရန် ပြဋ္ဌာန်းထားသည်။

အခန်း ၆ တွင် ဆေးဝါးသုံးစွဲသူများအား ပြန်လည်ထူထောင်ရေးနှင့် ဆက်လက်စောင့်ရှောက်ရေး လုပ်ငန်းများဆောင်ရွက်ပေးရန် ပြဋ္ဌာန်းထားသည်။ အခန်း ၈ တွင် ပြစ်မှုနှင့် ပြစ်ဒဏ်များကို ပြဋ္ဌာန်းသည်။ ပုဒ်မ ၁၅ တွင် ဆေးဝါး သုံးစွဲသူများကို ချမှတ်ရမည့် ပြစ်ဒဏ်များ၊ ပုဒ်မ ၁၆ တွင် ယင်းဆေးဝါးများကို ခွင့်ပြုချက် မရှိဘဲ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့အတွက် ချမှတ်ရမည့်ပြစ်ဒဏ်ကို ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၁၇ ၌ ဘဏ်နှင့် ငွေကြေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအနေဖြင့် ပြစ်မှုကျူးလွန်သူ အားအရေးမယူနိုင်စေရန် ငွေကြေးစာရင်းများကို ဖျောက်ဖျက်ခြင်း၊ လွှဲပြောင်းပေးခြင်းတို့ကို ပြုလုပ်ပါက ချမှတ်ရမည့် ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၁၈ ၌ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ စုံစမ်းစစ်ဆေးခြင်းပြုသူများအနေဖြင့် တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် မရိုးမဖြောင့်ဘဲ ဆောင်ရွက်ပါက ချမှတ်ရမည့် ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားသည်။

အခန်း ၉ သည် အထွေထွေပြဋ္ဌာန်းချက်ဖြစ်သည်။ ပုဒ်မ ၂၆ တွင် ယင်းဆေးဝါးများကို ပြဋ္ဌာန်းထားသော အလေးချိန် ပမာဏ၊ အရေအတွက်ကို ဖြစ်စေ၊ ၎င်းသတ်မှတ်ချက်ထက်ပို၍ဖြစ်စေ လက်ဝယ်ထားလျှင်ရောင်းချရန်အလို့ငှါ လက်ဝယ်ထားခြင်း ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၂၈ တွင် ယင်းဆေးဝါးများကို ခွင့်ပြုချက်ဖြင့် သုတေသနပြုရန်၊ ဆေးကုသရန်အလို့ငှာ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း စသည်တို့အတွက် ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။

## ၁၉၉၃ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ (ဥပဒေအမှတ် ၂/၉၃)

ဤဥပဒေကို ၁၉၉၃ ခု၊ မတ်လ ၂၅ ရက်နေ့တွင် ပြဋ္ဌာန်းသည်။ ၁၉၉၂ - ၉၃ ခု၊ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ် ဘဏ္ဍာငွေခွဲဝေပေးသော ဥပဒေဖြစ်သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွက် သာမန်သုံးငွေ ၆ ဒသမ ၅ ကုဋေနှင့် ငွေလုံးငွေရင်းသုံးငွေ ၁ ဒသမ ၅ ကုဋေကိုလည်းကောင်း၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများအတွက် သာမန်သုံးငွေ ၃၀၉ ဒသမ ၉ ကုဋေ၊ ငွေလုံးငွေရင်းသုံးငွေ ၃၁၃ ဒသမ ၆ ကုဋေကိုလည်းကောင်း၊ နိုင်ငံတော်စီးပွားရေး အဖွဲ့အစည်းများအတွက် သာမန်သုံးငွေ ၆၈၇ ဒသမ ၉ ကုဋေ၊ ငွေလုံးငွေရင်းသုံးငွေ ၁၁၆ ဒသမ ၆ ကုဋေကိုလည်းကောင်း၊ စည်ပင်သာယာရေး ကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များအတွက် သာမန်သုံးငွေ ၁၇ ဒသမ ၅ ကုဋေ၊ ငွေလုံးငွေရင်းသုံးငွေ ၅၉ ဒသမ ၆ ကုဋေကိုလည်းကောင်း ခွင့်ပြုထားသည်။

## ၁၉၉၃ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ - အသုံးဆိုင်ရာဥပဒေ (ဥပဒေအမှတ် ၃/၉၃)

ဤဥပဒေကို ၁၉၉၃ ခု၊ မတ်လ ၂၉ ရက်နေ့တွင် ပြဋ္ဌာန်းသည်။ ၁၉၉၃ - ၉၄ ခု ဘဏ္ဍာရေးနှစ်အတွက်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရအဖွဲ့ အပါအဝင် ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ ခွဲဝေသုံးစွဲရန် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဤဥပဒေကိုပြဋ္ဌာန်းခြင်းဖြစ်သည်။

## ဥပဒေများ (ဒုတိယအကြိမ်) ရုပ်သိမ်းသည့်ဥပဒေ (ဥပဒေအမှတ် ၄/၉၃)

ဤဥပဒေကို ၁၉၉၃ ခု၊ မတ်လ ၃၁ ရက်နေ့တွင် ပြဋ္ဌာန်းသည်။ တည်ဆဲဥပဒေများအနက် အချို့ဥပဒေများသည် ပြောင်းလဲလာသည့်အခြေအနေနှင့် ဆီလျော်မှုမရှိခြင်းကြောင့်လည်းကောင်း၊ အချိန်ကာလကြာမြင့်စွာ ကျင့်သုံးမှုမရှိခြင်းကြောင့်လည်းကောင်း၊ အနာဂတ်ကာလတွင်လည်း ကျင့်သုံးရန် အကြောင်းမရှိတော့၍လည်းကောင်း ရုပ်သိမ်းသင့်သည့် ဥပဒေ ၁၄ ခုကို ရုပ်သိမ်းခြင်းဖြစ်သည်။ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁ ဖြင့် ဥပဒေ ၁၃၇ ခုကို ပထမအကြိမ်အဖြစ် ရုပ်သိမ်းခဲ့ပြီးဖြစ်သည်။

## စည်ပင်သာယာရေးအဖွဲ့များဥပဒေ (ဥပဒေအမှတ် ၅/၉၃)

ဤဥပဒေကို ၁၉၉၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ပြဋ္ဌာန်းသည်။ ဤဥပဒေတွင် အခန်းပေါင်း ၁၉ ခန်းပါဝင်သည်။ အခန်း ၁ တွင် အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်တို့ကို ပြဋ္ဌာန်းထားသည်။ အခန်း ၂ တွင် စည်ပင်သာယာရေးအဖွဲ့ ဖွဲ့စည်းခြင်းကို ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၃ အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်နှင့် မန္တလေးမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်တို့မှအပ ကျန်ဒေသများတွင် စည်ပင်သာယာရေးအဖွဲ့များ ဖွဲ့စည်းနိုင်သည်။ ဤသို့ဖွဲ့စည်းရာတွင် မြို့နယ်တစ်ခုကိုဖြစ်စေ၊ နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော မြို့နယ်များကို စုစည်း၍ ဖြစ်စေ ဖွဲ့စည်းနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွက် “ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေ ” ကို ၁၉၉၀ ပြည့်နှစ်၊ မေလ ၁၄ ရက်နေ့တွင် ဥပဒေအမှတ် ၁၁/ ၉၀ ဖြင့် လည်းကောင်း၊ မန္တလေးမြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွက် “မန္တလေးမြို့ စည်ပင်သာယာရေး ဥပဒေ” ကို ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ဥပဒေအမှတ် ၁၀/ ၉၂ ဖြင့်လည်းကောင်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်၍၊ ယခုဥပဒေတွင် ရန်ကုန်နှင့် မန္တလေးမြို့များကို ချန်လှပ် ထားခဲ့ခြင်းဖြစ်သည်။

အခန်း ၃ တွင် စည်ပင်သာယာရေး ကော်မတီဖွဲ့စည်းခြင်းအတွက် ပြဋ္ဌာန်းထားသည်။ အခန်း ၄ တွင် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းထားသည်။ ကော်မတီ၏ လုပ်ငန်းတာဝန်များတွင် မြို့ပြစီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း၊ လမ်းမီးပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မီးဘေး၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အထောက်အကူပြုလုပ်ငန်းများဆောင်ရွက်ခြင်း၊ လမ်းတံတားများ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း အစရှိသည်ဖြင့် လုပ်ငန်းတာဝန်ပေါင်း သုံးဆယ့်နှစ်မျိုး သတ်မှတ်ပြဋ္ဌာန်းပေးထားသည်။ အခန်း ၄ တွင် လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းထားသည်။ အခန်း ၅ တွင် ကော်မတီ၏ လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထား သည်။ ကော်မတီသည် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာ ရေးလုပ်ငန်းများနှင့် သက်ဆိုင်သော အခွန်အမျိုးအစားနှင့် နှုန်းထားသတ်မှတ်ခြင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့် သတ်မှတ် ထားသည့် အဆောက်အအုံများမှ အပ နိုင်ငံပိုင် အဆောက် အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို တင်ပြခြင်း စသည်တို့ပါဝင်သည်။ အခန်း ၆ တွင် အခွန်စည်းကြပ်ကောက်ခံခြင်းကို ပြဋ္ဌာန်းထားသည်။ အဆောက်အအုံနှင့် မြေခွန်၊ ရေခွန်၊ လမ်းမီးခွန်၊ အမှိုက်အညစ်အကြေးခွန်၊ ယာဉ်များ၊ လှေစီးနှင့် ဝန်တင်တိရစ္ဆာန်များ၊ အိမ်မွေးခွေးများ အပေါ် ကောက်ခံသည့် အခွန်များ စသည့်တို့ဖြစ်သည်။ အဆောက်အအုံနှင့် မြေခွန်တို့ကိုစည်းကြပ်ရာတွင် တစ်နှစ်ငှားရမ်းခ တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းထက် မပိုဘဲ စည်းကြပ်ရန်ဖြစ်သည်။ အခွန်တစ်ရပ်ရပ်ကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဖျက်သိမ်းခြင်း သို့မဟုတ် နှုန်းထားပြင်ဆင်ခြင်း သို့မဟုတ် ကောက်ခံခြင်းကို ခေတ္တရပ်ဆိုင်း ထားခြင်းလည်း ပြုနိုင်သည်။ အခွန်ကြွေးကျန် ကောက်ခံရာတွင် မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံနိုင်သည်။

အခန်း ၇ တွင် စည်ပင်သာယာရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်းကို ပြဋ္ဌာန်းထားသည်။ ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲ ဖြစ်စေ အဆောက်အအုံဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်မွမ်းမံသည်ကို သင့်လျော်သလို စီမံခန့်ခွဲနိုင်သည်။ အများပြည်သူနှင့် သက်ဆိုင်သောလမ်း၊ တံတားတည်ဆောက်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းပြုရာတွင် မလွတ်ကင်းသောအဆောက်အအုံ သို့မဟုတ် အစိတ်အပိုင်းကို ဖယ်ရှား

နိုင်ခွင့်ရှိသည်။ အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များ၊ ကျန်းမာရေးနှင့် မညီညွတ်သော ရေတွင်း၊ ရေကန်စသည်တို့ကို သင့်လျော်သလို စီမံခန့်ခွဲနိုင်ခွင့်ရှိသည်။ မြို့ ၁ပိုက်၊ ရေပိုက်နှင့် စွန့်ပစ်ပစ္စည်းများကိစ္စကိုလည်း လိုအပ်သလိုစီမံခန့်ခွဲနိုင်သည်။ တည်းခိုခန်းများကိုလည်း ကျန်းမာရေးနှင့် ညီညွတ်ခြင်းရှိ၊ ရှိ၊ မရှိကို စစ်ဆေးနိုင်ခွင့် စသည်တို့ကို ခွင့်ပြုထားသည်။ အခန်း ၈ တွင် အနေးယာဉ်များကို စီမံခန့်ခွဲပိုင်ခွင့်၊ အခန်း ၉ တွင် ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲပိုင်ခွင့်၊ အခန်း ၁၀ တွင် တိရစ္ဆာန်များ သတ်ဖြတ်မှုကို စီမံခန့်ခွဲရန် ပြဋ္ဌာန်းထားသည်။ အခန်း ၁၁ တွင် ကြိုးကြပ်ခြင်းများကို ပြဋ္ဌာန်းထားသည်။ ဝန်ကြီးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ချမှတ်ထားသော ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်များကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။ ညွန်ကြားရေးမှူးချုပ်သည် ပြည်နယ်/ တိုင်း အကြီးအကဲ သို့မဟုတ် ကော်မတီ၏ ဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ လိုအပ်သလိုစိစစ်ပြီး ဝန်ကြီးထံတင်ပြရမည်ဖြစ်သည်။

အခန်း ၁၄ တွင် အယူခံဝင်ခြင်းကို ပြဋ္ဌာန်းထားသည်။ ကော်မတီကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ရက်ပေါင်း ၃၀ အတွင်း ပြည်နယ်/တိုင်း အကြီးအကဲထံ အယူခံဝင်နိုင်သည်။ ပြည်နယ်/ တိုင်း အကြီးအကဲကချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်သည် အပြီးပြတ်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ အခန်း ၁၆ တွင် တားမြစ်ချက်များကို ပြဋ္ဌာန်းထားသည်။ အများပြည်သူများ သွားလာသည့် လမ်းပေါ်တွင် ကစားခြင်း၊ ဈေးရောင်းခြင်း၊ ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ သို့မဟုတ် စည်းကမ်းနှင့် မညီညွတ်ဘဲ တည်းခိုခန်းဖွင့်လှစ်ခြင်း၊ စားသောက်ဆိုင် လက်ဖက်ရည်ဆိုင်ဖွင့်လှစ်ခြင်း၊ အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းများလုပ်ကိုင်ခြင်း စသည်တို့အတွက် တားမြစ်ထားသည်။

အခန်း ၁၇ တွင် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းကို ပြဋ္ဌာန်းထားပြီး၊ အခန်း ၁၈ တွင် ပြစ်မှုနှင့် ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားသည်။ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်လျှင် ချမှတ်ရမည့် ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားသည်။ ပြစ်ဒဏ်များတွင် အနည်းဆုံး ဒဏ်ငွေ ၅၀၀ ကျပ်မှ ဒဏ်ငွေ ၂၀၀၀၀ ကျပ်အထိ ချမှတ်ခြင်း ခံရမည့် ပြစ်ဒဏ်များပါဝင်ပြီး ထောင်ဒဏ် တစ်နှစ်ထိ ချမှတ်ခြင်းခံရမည့် ပြစ်ဒဏ်များလည်းပါဝင်သည်။ အချို့ပြစ်ဒဏ်များသည် ဒဏ်ငွေချည်းသက်သက် ပေးဆောင်စေရမည်ဖြစ်ပြီး အချို့ပြစ်ဒဏ်များတွင် ထောင်ဒဏ်ရော ငွေဒဏ်ပါ နှစ်မျိုးလုံးချမှတ်ခြင်းခံရမည့် ပြစ်ဒဏ်များလည်းပါဝင်လေသည်။

အခန်း ၁၉ သည် အထွေထွေ ပြဋ္ဌာန်းချက်ဖြစ်သည်။ ပုဒ်မ ၈၈ တွင် မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို မန္တလေးမြို့စည်ပင်သာယာရေးဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

## မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥပဒေ (ဥပဒေအမှတ် ၆ /၉၃ )

ဤဥပဒေကို ၁၉၉၃ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့တွင် ပြဋ္ဌာန်းသည်။ ဤဥပဒေတွင် အခန်းပေါင်း ၁၁ ခန်းပါဝင်သည်။ အခန်း ၂ တွင် မြန်မာနိုင်ငံအမျိုးသား အိုလံပစ်ကောင်စီဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို ပြဋ္ဌာန်းထားသည်။ ရည်ရွယ်ချက်ခြောက်ချက်အနက်ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန်ရှင်သန်ထက်မြက်လာစေရေး ဦးတည်ချက်များဖြင့် အားကစားလှုပ်ရှားမှုများကိုဆောင်ရွက်ရန်၊ မြန်မာ့အားကစား ကမ္ဘာ့အဆင့်အတန်းမီစေရေးအတွက် အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ရန်စသည်တို့ပါဝင်သည်။ အခန်း ၃ တွင် ကောင်စီဖွဲ့စည်းခြင်းကိုပြဋ္ဌာန်းထားသည်။နိုင်ငံတော်ဝန်ကြီးချုပ်သည် သင့်လျော်သော နိုင်ငံသားများပါဝင်သည့် ကောင်စီတစ်ရပ်ကို ဖွဲ့စည်းရမည်ဖြစ်သည်။ ကောင်စီသည်အမြတ်အစွန်းကို မရည်ရွယ်သည့် အစိုးရမဟုတ်သော အားကစားဆိုင်ရာ အဖွဲ့အစည်းဖြစ်သည်။ အခန်း ၄ တွင် ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပြဋ္ဌာန်းထားသည်။ အခန်း ၅ တွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဖွဲ့စည်းရေးနှင့် အိုလံပစ်ကော်မတီ၏ လုပ်ငန်းများကို ပြဋ္ဌာန်းထားသည်။ အခန်း ၆ တွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်ရန် အားကစားအဖွဲ့ချုပ်များ ရွေးချယ်ဖွဲ့စည်းရေးကို ပြဋ္ဌာန်းထားသည်။ အခန်း ၇ တွင် မြန်မာနိုင်ငံ အားကစားနှင့် ကာယပညာကော်မတီ ဖွဲ့စည်းရေးနှင့် ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းထားသည်။

အခန်း ၉ တွင် ကောင်စီ၏ရန်ပုံငွေကိစ္စရပ်များအတွက် ပြဋ္ဌာန်းထားသည်။ ကောင်စီသည် မိမိရန်ပုံငွေဖြင့် ရပ်တည်ရမည် ဖြစ်သည်။ နိုင်ငံတော်က ခွဲဝေပေးသည့် ဘဏ္ဍာငွေကိုလည်း ရယူသုံးစွဲခွင့်ရှိသည်။ အခန်း ၁၀ တွင်

စားရင်းစစ်ဆေးခြင်းကို ပြဋ္ဌာန်းထားပြီး၊ အခန်း ၁၁ သည် အထွေထွေ ပြဋ္ဌာန်းချက် ဖြစ်သည်။ ကောင်စီသည် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်ဝန်ကြီးချုပ်၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်ပြီး လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကိုလည်း ထုတ်ပြန်နိုင်သည်။

## ယဉ်ကျေးမှုတက္ကသိုလ်ဥပဒေ (ဥပဒေအမှတ် ၇/၉၃)

မြန်မာနိုင်ငံတွင် ယခင်ကတည်ထောင်ခြင်း မရှိခဲ့သေးသော ယဉ်ကျေးမှုတက္ကသိုလ်ကို တည်ထောင်နိုင်ရန်အတွက် ဤဥပဒေကို ပြဋ္ဌာန်းခြင်းဖြစ်သည်။ ဤဥပဒေကို ၁၉၉၃ ခု၊ ဧပြီလ ၂၀ ရက်နေ့တွင်ပြဋ္ဌာန်းသည်။ ဤဥပဒေတွင် အခန်း ၇ ခန်းပါဝင်သည်။ အခန်း ၁ တွင် အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်ကို ပြဋ္ဌာန်းထားသည်။ အခန်း ၂ တွင် တက္ကသိုလ် တည်ထောင်ခြင်းကို ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၃ တွင် ယဉ်ကျေးမှု တက္ကသိုလ်ကို ဤဥပဒေ စတင်အာဏာသက်ရောက်သည့်နေ့မှ စ၍ တည်ထောင်လိုက်ကြောင်း ပြဋ္ဌာန်းထားသည်။ တက္ကသိုလ်တည်ထောင်သည့် အချိန်တွင် တည်ရှိနေသော ပန်းတျာကျောင်းများနှင့် ပန်းချီပန်းပုကျောင်းများသည် ယဉ်ကျေးမှုတက္ကသိုလ်နှင့် ပေါင်းကူး ဆက်သွယ်သည့် ကျောင်းများဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ပုဒ်မ ၅ တွင် ပြဋ္ဌာန်းထားသည်။

အခန်း ၃ တွင် တက္ကသိုလ်၏ ရည်မှန်းချက် ၅ ချက်ကို ပြဋ္ဌာန်းထားသည်။ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးနှင့် တိုးတက်ပြန့်ပွားရေး၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး စသည်တို့ပါဝင်သည်။ အခန်း ၄ တွင် ကောင်စီဖွဲ့စည်းခြင်းကို ပြဋ္ဌာန်းထားသည်။ ယဉ်ကျေးမှုတက္ကသိုလ်ကောင်စီကို ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူး အဖြစ်လည်းကောင်း ဆောင်ရွက်ပြီး၊ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဘာသာရပ်ဆိုင်ရာ ပညာရှင်များနှင့် သင့်လျော်သော နိုင်ငံသားများက ကောင်စီဝင်များ အဖြစ်ပါဝင်ဖွဲ့စည်း ရမည်ဖြစ်သည်။ အခန်း ၅ တွင် ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်။ ပညာပေးဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊ အပ်နှင်းမည့်ဘွဲ့၊ ဒီပလိုမာနှင့် ဂုဏ်ထူးဆောင်ဘွဲ့များ သတ်မှတ်ခြင်း စသည်တို့ပါဝင်သည်။ အခန်း ၆ တွင် ပညာရေးအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့များ ဖွဲ့စည်းခြင်းကို ပြဋ္ဌာန်းထားသည်။

အခန်း ၇ သည် အထွေထွေ ပြဋ္ဌာန်းချက်ဖြစ်သည်။ တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်း ပါရှိစေကာမူ ယဉ်ကျေးမှု တက္ကသိုလ်သည်ဘွဲ့၊ ဒီပလိုမာနှင့် ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခွင့် ရှိစေရမည်ဖြစ်ကြောင်းလည်း ပြဋ္ဌာန်းထားသည်။

## အပင်ပိုးမွှားကာကွယ်သည့်ဥပဒေ (ဥပဒေအမှတ် ၈/၉၃)

ဤဥပဒေကို ၁၉၉၃ ခု၊ ဇွန်လ ၁၆ ရက်နေ့တွင် ပြဋ္ဌာန်းသည်။ ဤဥပဒေတွင် အခန်းပေါင်း ၈ ခန်း ပါဝင်သည်။ အခန်း ၁ တွင် အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်ကို ပြဋ္ဌာန်းထားသည်။ ယင်းအခန်းတွင် အပင်၊ အပင်ထွက်ပစ္စည်း၊ ပိုးမွှား၊ တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်၊ ပိုးမွှားကင်းရှင်းကြောင်းလက်မှတ် အစရှိသည်တို့ကို အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ အခန်း ၂ တွင် ရည်ရွယ်ချက်များကို ဖော်ပြထားသည်။ ရည်ရွယ်ချက်များတွင် ထိန်းချုပ်ပိုးမွှားများ ပြည်ပမှ မြန်မာနိုင်ငံအတွင်းသို့ တစ်နည်းနည်းဖြင့် ရောက်ရှိမလာနိုင်ရေးအတွက် ကာကွယ်တားဆီးရန်လည်း ပါဝင်သည်။ အခန်း ၃ တွင် ပြည်ပမှတင်သွင်းခြင်းနှင့် ပြည်ပသို့တင်သွင်းခြင်းကို ပြဋ္ဌာန်းထားသည်။ အခန်း ၄ တွင် ပိုးမွှားစစ်ဆေးရေးစခန်းများကို ဖော်ပြထားသည်။ အခန်း ၅ တွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်။ ဦးဆောင်ညွှန်ကြားရေးမှူးသည် ပြည်ပမှတင်သွင်းလာသော အပင်၊ အပင်ထွက်ပစ္စည်း၊ ပိုးမွှား၊ အကျိုးပြုသက်ရှိအပင်ထွက်မဟုတ်သော ပစ္စည်း သို့မဟုတ် မြေကြီးနှင့် ပြည်ပသို့တင်ပို့မည့် ယင်းပစ္စည်းများတွင် ပိုးမွှားများကပ်ငြိပါလာခြင်း ရှိမရှိနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်း၊ သယ်ယူပို့ဆောင်ခြင်းအတွက် စည်းကမ်းချက်သတ်မှတ်ခြင်း၊ ပြည်ပမှတင်သွင်းခွင့်ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းအစရှိသည့်တို့အတွက် ပြဋ္ဌာန်းထားသည်။

အခန်း ၆ တွင် တားမြစ်ချက်နှင့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားသည်။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များတွင် အနည်းဆုံးငွေဒဏ် ကျပ် ၁၀၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၁၀၀၀၀ ထိ ပါဝင်သည်။ အခန်း ၇ တွင် အယူခံခြင်းအတွက် ပြဋ္ဌာန်းထားသည်။ ဦးဆောင်ညွှန်ကြားရေးမှူးက ချမှတ်သောအမိန့်၊ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မကျေနပ်သူသည် ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံတင်သွင်းခွင့်ရှိသည်။ ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။ အခန်း ၈ သည် အထွေထွေပြဋ္ဌာန်းချက်ဖြစ်သည်။

## ကလေးသူငယ်ဥပဒေ
## ( ဥပဒေအမှတ် ၉/၉၃ )

ဤဥပဒေကို ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် ပြဋ္ဌာန်းသည်။ ဤဥပဒေတွင် အခန်းပေါင်း ၁၉ ခန်း ပါဝင်သည်။ အခန်း ၁ တွင် အမည်နှင့်အဓိပ္ပာယ် ဖော်ပြချက်ကို ပြဋ္ဌာန်းထားသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ကလေးသူငယ်မှာ အသက် ၁၆ နှစ်မပြည့်သေးသောသူကို သတ်မှတ်ပြီး လူငယ်မှာ အသက် ၁၆ နှစ်ပြည့်ပြီး အသက် ၁၈ နှစ် မပြည့်သေးသူကို သတ်မှတ်ထားသည်။ အုပ်ထိန်းသူကိုလည်းဥပဒေအရဖြစ်စေ၊ လူမှုဝတ္တရားအရဖြစ်စေ ကလေးသူငယ်အား အုပ်ထိန်းသူကို သတ်မှတ်ထားသည်။ အခန်း ၂ တွင် ရည်ရွယ်ချက်များကို ဖော်ပြထားသည်။ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကလေးသူငယ်၏ အခွင့်အရေးများကို အကောင်အထည်ဖော်ရန်၊ ကလေးသူငယ်၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်၊ စောင့်ရှောက်မှု လိုအပ်သောကလေးသူငယ်အား ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊ ပြစ်မှုကျူးလွန်သောကလေးသူငယ်၏ အကျင့်စာရိတ္တပြုပြင်ရေးကိုဦးတည်စေရန် အစရှိသည်တို့ပါဝင်သည်။ အခန်း ၃ တွင် အစိုးရအဖွဲ့သည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်စေပြီး ဖွဲ့စည်းပေးရန်ဖြစ်သည်။ အခန်း ၄ တွင် ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်။ ကော်မတီသည် ပြည်နယ်၊ တိုင်း၊ ခရိုင် သို့မဟုတ် မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီများကို လိုအပ်သလိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင်သည်။ အခန်း ၅ တွင် ကလေးသူငယ်၏ အခွင့်အရေးများကို ပြဋ္ဌာန်းထားသည်။ ကလေးသူငယ်တိုင်း အသက်ရှင်သန်ရန်၊ ဖွံ့ဖြိုးတိုးတက်ရန်၊ ကာကွယ်စောင့်ရှောက်မှုရရှိရန်နှင့် လူ့အဖွဲ့အစည်းတွင် ပါဝင်ဆက်ဆံခွင့်ရရှိရန် အခွင့်အရေးများရှိကြောင်း နိုင်ငံတော်က အသိအမှတ်ပြုထားသည်။ ကလေးသူငယ်တိုင်း နိုင်ငံသားဖြစ်မှုဆိုင်ရာ အခွင့်အရေးကို တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရရှိစေရမည် စသည်တို့အပြင် စိတ် သို့မဟုတ် ကိုယ်အင်္ဂါချွတ်ယွင်းသော ကလေးသူငယ် များကို စောင့်ရှောက်ရန်လည်း ပြဋ္ဌာန်းထားသည်။ ဤအခန်းတွင် ကလေးသူငယ်များ၏ ကျန်းမာရေး၊ ပညာရေး၊ ကိုးကွယ်သည့်ဘာသာနှင့် ဓလေ့ထုံးတမ်းများကို စောင့်ထိန်းပိုင်ခွင့်ရှိစေရေး၊ အမွေဆက်ခံခွင့် ရှိရေးတို့အထိ ပြဋ္ဌာန်းထားသည်။

အခန်း ၆ တွင် ပြစ်မှုကြောင်းအရ အရေးယူခြင်းမှ ကင်းလွတ်ခွင့်ကို ပြဋ္ဌာန်းထားပြီး၊ အခန်း ၇ တွင် ကလေးသူငယ်၏ကျင့်ဝတ် စည်းကမ်းများကို ပြဋ္ဌာန်းထားသည်။ အခန်း ၈ တွင် ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်များနှင့် ကာကွယ်စောင့်ရှောက်မည့် အစီအစဉ်နှင့် လုပ်ငန်းများကို ပြဋ္ဌာန်းထားသည်။ အခန်း ၉ တွင် ကလေးသူငယ်အား ပြစ်မှုဖြင့် အရေးယူခြင်းကို ပြဋ္ဌာန်းထားပြီး၊ အခန်း ၁၀ တွင် စစ်ဆေးစီရင်ရာတွင် လိုက်နာရမည့်နည်းလမ်းများကို ပြဋ္ဌာန်းထားသည်။

အခန်း ၁၇ တွင် ကလေးသူငယ်များအား အန္တရာယ်ဖြစ်စေနိုင်သည့်၊ အကျင့်စာရိတ္တ ပျက်စီးစေနိုင်သည့် လုပ်ငန်းများတွင် စေခိုင်းခြင်း၊ ကလေးသူငယ်များအား တောင်းရမ်းခိုင်းခြင်း အစရှိသည်တို့ကို စေခိုင်းပါက စေခိုင်းသူများအား တရားစွဲဆိုစီရင်နိုင်သည့် ပြဋ္ဌာန်းချက်များကို ပြဋ္ဌာန်းထားသည်။ အခန်း ၁၈ တွင် ပြစ်မှုကျူးလွန်သော ကလေးလူငယ်များအား တရားစွဲဆိုရာတွင် လိုက်နာရမည့်နည်းလမ်းများကို ပြဋ္ဌာန်းထားသည်။

အထွေထွေအခန်းတွင် (က) The Young Offenders Act, 1930 နှင့် (ခ) ၁၉၅၅ ခုနှစ် ကလေးသူငယ်များ အက်ဥပဒေကို ရုပ်သိမ်းကြောင်း ပြဋ္ဌာန်းထားသည်။

## မြန်မာ့အာမခံဥပဒေ
## ( ဥပဒေအမှတ် ၁၀/၉၃ )

ဤဥပဒေကို ၁၉၉၃ခု၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ပြဋ္ဌာန်းသည်။ ဤဥပဒေတွင် အခန်းပေါင်း ၉ ခန်း ပါဝင်သည်။အခန်း(၁)တွင် အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်ကို ပြဋ္ဌာန်းထားသည်။ အခန်း ၂ တွင် တည်ထောင်ခြင်းနှင့် ရည်မှန်းချက်ကို ပြဋ္ဌာန်းထားသည်။ ရည်မှန်းချက်များတွင် ဖြစ်ပျက်တတ်သော ဘေးအန္တရာယ်များကြောင့် ပြည်သူများကြုံတွေ့နိုင်သည့် လူမှုရေး၊ စီးပွားရေး နစ်နာဆုံးရှုံးမှုများကို အာမခံထားခြင်းဖြင့် ငွေကြေး ပြေလည်မှုရရှိစေရန်၊ ငွေစုဆောင်းသည့် အလေ့အထ တိုးပွားစေပြီး နိုင်ငံတော်၏ အရင်းအနှီး စုဆောင်းမှုကို အထောက်အကူပြုစေရန် အစရှိသည်ဖြင့် ဖော်ပြထားသည်။ အခန်း ၃ တွင် ဒါရိုက်တာ ဖွဲ့စည်းခြင်း နှင့် စီမံခန့်ခွဲခြင်းကို ပြဋ္ဌာန်းထားသည်။ အခန်း ၄ တွင် အာမခံလုပ်ငန်းများကို ဖော်ပြထားသည်။ မြန်မာ့အာမခံ လုပ်ငန်းမှ တာဝန်ယူဆောင်မည့် အာမခံလုပ်ငန်း စုစုပေါင်း ၁၇ ခုရှိသည်။ အခန်း ၅ တွင် မြန်မာ့အာမခံ၏ လုပ်ပိုင်ခွင့် များကို ပြဋ္ဌာန်းထားသည်။ အခန်း ၆ တွင်

အာမခံထားရှိခြင်းနှင့် အကျိုးခံစားခွင့်ထုတ်ပေးခြင်းဖြစ်သည်။ ပုဒ်မ ၁၃ တွင် အစိုးရဝန်ထမ်းများသည် မြန်မာအာမခံ၌ အသက်အာမခံမထားမနေရ ထားရှိရမည်ဖြစ်ကြောင်းပြဋ္ဌာန်းထားသည်။ ပုဒ်မ ၂၀ တွင် အသက်အာမခံပေါ်လစီတိုင်းအတွက် အာမခံထားသူက လွှဲအပ်ခြင်းခံရသူသာလျှင် အကျိုးခံစားခွင့်ရှိစေရမည်ဟု ပြဋ္ဌာန်းထားသည်။ အခန်း ၇ တွင် မတည်ငွေရင်းနှင့် အမြတ်ခွဲဝေမှုကို ပြဋ္ဌာန်းထားသည်။ အခန်း ၈ တွင် ငွေစာရင်းများနှင့် စာရင်းစစ်ဆေးခြင်းကို ပြဋ္ဌာန်းထားသည်။

အခန်း ၉ သည် အထွေထွေပြဋ္ဌာန်းချက်ဖြစ်သည်။ ယင်းအခန်း ပုဒ်မ ၃၆ တွင် နိုင်ငံတော်ကဖြစ်စေ၊ မြန်မာ့အာမခံကဖြစ်စေ အာမခံပေါ်လစီရှင်ပေါ်တွင်တင်ရှိသော ကြွေးမြီမှတစ်ပါး အခြားကြွေးမြီ သို့မဟုတ် ကြွေးမြီတာဝန်တစ်ခုခုနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ပေါ်လစီရှင်သို့ ထုတ်ပေးရမည့်ငွေများကို မည်သည့်တရားရုံးကမျှ ပြစ်မှုကြောင်းဖြင့် သော်လည်းကောင်း၊ တရားမကြောင်းဖြင့်သော်လည်းကောင်း အမိန့် သို့မဟုတ် ဒီကရီချမှတ်၍ ဝရမ်းမကပ်ရကြောင်း ပြဋ္ဌာန်းထားသည်။ ၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၀ ဖြစ်သည့် အာမခံလုပ်ငန်းဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းထားလေသည်။

## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ( ဥပဒေအမှတ် ၁၁/၉၃ )

ဤဥပဒေကို ၁၉၉၃ ခု၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် ပြဋ္ဌာန်းထားသည်။ ဤဥပဒေတွင်အခန်း ၆ ခန်းပါဝင်သည်။ အခန်း ၁ တွင် အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်ကို ပြဋ္ဌာန်းထားသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ဖွံ့ဖြိုးရေးဒေသဆိုသည်မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ဆောင်ရွက်ရန်သတ်မှတ်သော နယ်စပ်ဒေသများကိုဆိုလိုကြောင်း ပြဋ္ဌာန်းထားသည်။

အခန်း ၂ တွင် ရည်ရွယ်ချက်များကို ပြဋ္ဌာန်းထားသည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များနှင့်အညီ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် စီးပွားရေးလုပ်ငန်းများထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှုလုံးဝချုပ်ငြိမ်းစေရန် အစရှိသောရည်ရွယ်ချက်များ ပါဝင်သည်။ အခန်း ၃ တွင် ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်။နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းပေးရမည်ဖြစ်သည်။ အခန်း ၄ တွင် လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်။ ဗဟိုကော်မတီသည် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပေးရမည်ဖြစ်သည်။

အခန်း ၅ တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်။ ယင်းတာဝန်များတွင် ဖွံ့ဖြိုးရေးဒေသရှိ တိုင်းရင်းသားလူမျိုးများ ဗဟုသုတပွားများစေရေး၊ ဘဝနောင်ရေးအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်များသင်ကြားပေးသည့်ကျောင်းများ ထူထောင်ပေးရေး၊ ဘိန်းစိုက်ပျိုးခြင်းအစား အခြားသီးနှံစိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ထူထောင်ပေးရေးအတွက် စီမံဆောင်ရွက်ပေးခြင်းလုပ်ငန်းများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများအား ပြန်လည်ထူထောင်ပေးရေးလုပ်ငန်းများလည်း ပါဝင်လေသည်။ အခန်း ၆ သည် အထွေထွေပြဋ္ဌာန်းချက်ဖြစ်သည်။

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ (ဥပဒေအမှတ် ၁၂/၉၃)

ဤဥပဒေကို ၁၉၉၃ ခု၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းထားသည်။ မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် ၂၁/၉၀)ကို ပြင်ဆင်သောဥပဒေဖြစ်သည်။ မူလဥပဒေမှ ပြင်ဆင်ရန်လိုအပ်သည်တို့ကို ပြင်ဆင်ထားခြင်းဖြစ်သည်။ ပြင်ဆင်ချက် ၉ ချက်ဖြင့် ဖြည့်စွက်ပြင်ဆင်ထားခြင်းဖြစ်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၁-၁-၉၃ နေ့မှ ၃၀-၉-၉၃ နေ့ထိ ဥပဒေ ၁၂ ရပ်ကို ပြဋ္ဌာန်းခဲ့သည်။

**ဦးအေးချို**
**(တရားရုံးချုပ်ရှေ့နေ)**




# အမျိုးသားညီလာခံ (၁၉၉၃)

နိုင်ငံတော်တွင် ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် စတင်ကျင်းပသည်။ ကျင်းပသောနေရာမှာ ရန်ကုန်မြို့ အလုံလမ်းရှိ သမ္မတအိမ်တော်ဝင်း အစည်းအဝေးခန်းမဋ္ဌဖြစ်သည်။

အမျိုးသားညီလာခံကို ခေါ်ယူကျင်းပခြင်းမပြုမီ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၉၂ ခုနှစ်၊ ဧပြီလ ၂၄ ရက် နေ့စွဲဖြင့် ကြေညာချက်အမှတ် ၁၁/၉၂ ကို ထုတ်ပြန်လျက် တရားဝင် တည်ရှိနေသော နိုင်ငံရေးပါတီများမှ ရွေးချယ်ခံထားရသော ကိုယ်စားလှယ်ခေါင်းဆောင်များ၊ တစ်သီးပုဂ္ဂလ ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များနှင့် နှစ်လအတွင်း တွေ့ဆုံညှိနှိုင်းမည်ဖြစ်ကြောင်း၊ ထိုသို့ တွေ့ဆုံညှိနှိုင်းမှု ပြုလုပ်ပြီးပါက ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများကို ချမှတ်နိုင်ရန် အမျိုးသားညီလာခံကို ခြောက်လအတွင်း ခေါ်ယူကျင်းပပေးမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ ဦးဆောင်ကျင်းပရေးကော်မတီကို ၁၉၉၂ ခုနှစ်၊ မေလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၅/၉၂ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လျက် ဗိုလ်ချုပ်မျိုးညွန့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ၁၅ ဦး ပါဝင်သည့် ကော်မတီသည် အမျိုးသားညီလာခံ ကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ အစည်းအဝေးခန်းမဋ္ဌ ၁၉၉၂ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့မှ ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့အထိ ကျင်းပခဲ့ရာ တက်ရောက်ရန် သတ်မှတ်သည့်ကိုယ်စားလှယ်ဦးရေမှာ ၂၉ ဦး ဖြစ်ပါသည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ကိုနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့စွဲပါ အမိန့်အမှတ် ၁၃/၉၂ ဖြင့် ဖွဲ့စည်းခဲ့ရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင် ဗိုလ်ချုပ်မျိုးညွန့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်အောင်သိန်းက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပါသည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်သည် မိမိအား ပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပိုမိုထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် တရားသူကြီးချုပ် ဦးအောင်တိုး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အဖွဲ့ဝင် ၂၇ ဦးပါဝင်သည့် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီကို ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ထိုကော်မတီတွင် နောက်ထပ်အဖွဲ့ဝင်တစ်ဦးကိုတိုးချဲ့ဖွဲ့စည်းရာ အဖွဲ့ဝင် ၂၈ ဦးဖြစ်သည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်သည် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် စစ်ဆေးရေး အရာရှိချုပ် ဗိုလ်မှူးချုပ်တင်အေး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အမျိုးသားညီလာခံ ကျင်းပမှု စီမံခန့်ခွဲရေးကော်မတီကို ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့သည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်သည် အမျိုးသားညီလာခံ ကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည့် ဆွေးနွေးချက်များကို အခြေခံ၍ ကိုယ်စားလှယ် အမျိုးအစား အစုအဖွဲ့ ၈ မျိုးကို အမျိုးသားညီလာခံသို့ တက်ရောက်ရေးအတွက် သတ်မှတ်ခဲ့ပါသည်။ ထိုသို့ သတ်မှတ်ရာ၌ နိုင်ငံရေးပါတီ ၁၀ ပါတီမှ ကိုယ်စားလှယ် ၅ ဦးစီဖြင့် ၅၀ ဦး၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များမှ ရွေးချယ်ခံထားရသော ကိုယ်စားလှယ်ဦးရေ အနည်းအများပေါ် မူတည်၍ ၉၉ ဦးတို့ကို ဖိတ်ကြားရန် လျာထားခဲ့ပါသည်။

တစ်ချိန်တည်းမှာပင် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များနှင့် အလုပ်သမား ကိုယ်စားလှယ်များ ရွေးချယ်ရေးအတွက် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်များတွင် ကြီးကြပ်မှုအဖွဲ့များကို ဖွဲ့စည်းပြီးနောက် ကြီးကြပ်မှုအဖွဲ့ဝင်များ၏ အရည်အချင်းများကို သတ်မှတ်ပေးခဲ့သည်။ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များကို သတ်မှတ်ရာတွင် ကိုယ်စားလှယ်လောင်းစာရင်း ပြုစု၍ စိစစ်ညှိနှိုင်း ရွေးချယ်ခဲ့ပါသည်။ တောင်သူလယ်သမား ကိုယ်စားလှယ်များနှင့် အလုပ်သမား ကိုယ်စားလှယ်များကို ရွေးချယ်ရာတွင်လည်း အရည်အချင်း သတ်မှတ်ခြင်း၊ စိစစ်ရွေးချယ်ခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

အလားတူပင် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ ရွေးချယ်ရန် သတ်မှတ်ခဲ့ရာ ကျွမ်းကျင်သော ဘာသာရပ်အလိုက် ကိုယ်စားလှယ်များ ရွေးချယ်ခဲ့သည်။ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များကို ရွေးချယ်ရာတွင်လည်း သတ်မှတ်ထားသော အရည်အချင်းများနှင့်အညီ ဦးစားပေး ရွေးချယ်ခဲ့ပါသည်။ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှာ သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံသူ ပုဂ္ဂိုလ် ၅၇ ဦးကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က တာဝန်ပေးအပ်ထားသည့် အဖွဲ့ဖြင့် တာဝန်ယူ စိစစ်ရွေးချယ်ခဲ့သည်။

ထိုသို့ ရွေးချယ်ပြီးနောက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၄၉ ဦး၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ် ၁၀၇ ဦး၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ၂၁၅ ဦး၊ တောင်သူလယ်သမား ကိုယ်စားလှယ် ၉၃ ဦး၊ အလုပ်သမား ကိုယ်စားလှယ် ၄၈ ဦး၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ် ၄၁ ဦး၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ် ၉၂ ဦးနှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ ၅၇ ဦး စုစုပေါင်း ၇၀၂ ဦး ရရှိပါသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်သည် အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့စွဲပါ

**အမျိုးသားညီလာခံသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များ**



အမိန့်အမှတ် ၁၃/၉၂ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် သတ်မှတ်ထုတ်ပြန်ခဲ့လေသည်။

အမျိုးသားညီလာခံကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်အမှတ် ၁၃/၉၂ တွင် ဖော်ညွှန်းထားသည့် ဦးတည်ချက် ၆ ရပ်နှင့်အညီ ကျင်းပသွားရန်ဖြစ်ကြောင်း အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌက ညီလာခံ ဖွင့်ပွဲနေ့တွင် မိန့်ခွန်းပြောကြားသည်။ ယင်းဦးတည်ချက် ၆ ရပ်မှာ–

(က) ပြည်ထောင်စု မပြိုကွဲရေး၊
(ခ) တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊
(ဂ) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
(ဃ) စစ်မှန်သော ပါတီစုံ ဒီမိုကရေစီစနစ် ထွန်းကားရေး၊
(င) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလ တရားများ ပိုမိုထွန်းကားရေး၊
(စ) အနာဂတ် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး

တို့ဖြစ်သည်။

အမျိုးသားညီလာခံသို့ တက်ရောက်လာကြသော နိုင်ငံခြား သံတမန်အချို့အား တွေ့ရစဉ်



အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်သည် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် ဆွေးနွေးရန်နှင့် စုံညီအစည်းအဝေးများ ကျင်းပရာတွင် စည်းကမ်းစနစ်တကျဖြစ်စေရန်အတွက် သဘာပတိအဖွဲ့ဝင်များကို ရွေးချယ်၍ တာဝန်ပေးအပ်ရန် လျာထားသတ်မှတ်ခဲ့သည်။

ညီလာခံသို့ တက်ရောက်သော ကိုယ်စားလှယ် အစုအဖွဲ့ ၈ ဖွဲ့မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊
(ခ) ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊
(ဂ) တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊
(ဃ) တောင်သူလယ်သမား ကိုယ်စားလှယ်များ၊
(င) အလုပ်သမား ကိုယ်စားလှယ်များ၊
(စ) အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊
(ဆ) နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊
(ဇ) အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များ။

အမျိုးသားညီလာခံကို ၉–၁–၉၃ နေ့တွင် စတင်မကျင်းပမီ ၇–၁–၉၃ နေ့၌ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌက တက်ရောက်လာသော ကိုယ်စားလှယ် ၇၀၂ ဦးနှင့် ဧည့်သည်တော်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။ ယင်းအခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌက "အမျိုးသားညီလာခံကြီးမှာ တက်ရောက်လာကြတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်တဲ့ ကိုယ်စားလှယ်တော်ကြီးများဟာ အမျိုးသားညီလာခံကြီး အစမှအဆုံးတိုင်အောင် အောင်အောင်မြင်မြင် ကျင်းပဆောင်ရွက်သွားနိုင်ကြရန်နဲ့ နိုင်ငံတော်အတွက် ရေရှည်ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာမှာ အခြေခံရမည့် အခြေခံမူများကို အညီအညွတ် စုပေါင်းချမှတ်နိုင်ကြမယ်လို့ မျှော်လင့်ထားပါတယ်။ ကျွန်တော်တို့ ကျင်းပရေးကော်မရှင်အနေနဲ့ မျှော်လင့်ထားသလို ပြည်သူလူထုအပေါင်းကလည်း မျှော်လင့်စောင့်စားနေကြပါတယ်" ဟူ၍ ပြောကြားသွားသည်။

ထို့ပြင် ၉–၁–၉၃ နေ့ ညီလာခံ ဖွင့်လှစ်သော အခမ်းအနား၌ မိန့်ခွန်းပြောကြားရာ၌လည်း "ယနေ့စတင်ကျင်းပတဲ့ အမျိုးသားညီလာခံကြီးဟာ အင်မတန် ထူးခြားလေးနက်တဲ့ ဝိသေသ လက္ခဏာတွေနဲ့ ပြည့်လျှမ်းနေပါတယ်။

အနာဂတ် နိုင်ငံတော်ကြီး အစွန့်ရှည် တည်တံ့ဖို့၊ တိုင်းရင်းသား ပြည်သူများရဲ့ဘဝ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်မှန်းထားပြီး နိုင်ငံတော်ကို တည်ဆောက်ကြတဲ့အခါ အဲဒီလို အောင်မြင်မှု ရရှိရေးရဲ့ အခြေခံအုတ်မြစ်နဲ့ ပမာတူတဲ့ မူတွေ၊ ဝါဒသဘောထားတွေကို ဒီညီလာခံကြီးမှာ ညှိနှိုင်းလျှာထားကြရမှာဖြစ်ပါတယ်။ ဒီညီလာခံကြီးက ရရှိအပ်တဲ့ အခြေခံမူတွေကို အနှစ်သာရအဖြစ် အမြဲတေထားရှိပြီး နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲကြရမှာဖြစ်ပါတယ်" ဟူ၍လည်းကောင်း၊

"အမျိုးသားညီလာခံကြီး ချောမောအောင်မြင်မှု ရရှိရေးရဲ့ သော့ချက် ပဓာန အကြောင်းတရားကတော့ ကျွန်တော်တို့ အပါအဝင် ညီလာခံ ကိုယ်စားလှယ်အားလုံး အပေါ်မှာ မူတည်နေပါတယ်"

"ကျွန်တော်တို့အားလုံးဟာ ဒီညီလာခံကြီး အောင်မြင်ရေးကို ရှေးရှုပြီး တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ လေးလေးစားစား စိတ်ရှည်ရှည်နဲ့ သဘောထားကြီးကြီး စာနာထောက်ထား ကူညီရိုင်းပင်း ဆောင်ရွက်သွားကြမယ်ဆိုရင် ကျွန်တော်တို့ အမျိုးသားညီလာခံကြီး အောင်မြင်မှုရမှာ သေချာပါတယ်" ဟူ၍လည်းကောင်း၊

"အမှန်စင်စစ် အမျိုးသားညီလာခံကြီးရဲ့ အဓိက အကျဆုံး ရည်ရွယ်ချက်ကတော့ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားများကို အစွမ်းဆောင်နိုင်ဆုံးနည်းနဲ့ ဖော်ဆောင်ပေးဖို့ပဲဖြစ်တယ်လို့ ကျွန်တော်တို့ ညီလာခံ ကျင်းပရေး ကော်မရှင်က အလေးအနက် ခံယူထားပါတယ်။ ညီလာခံ ကိုယ်စားလှယ်အသီးသီးမှာလည်း ဒီခံယူချက်အတိုင်းပဲ ရှိကြမယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်" ဟူ၍လည်းကောင်း၊

"ကိုယ်စားလှယ်ကြီးများ သိရှိနေတဲ့အတိုင်း ကျွန်တော်တို့ မြန်မာနိုင်ငံ ဆိုက်ရောက်နေတဲ့ အခြေအနေဟာ လမ်းဆုံလမ်းခွဖြစ်ပါတယ်။ တစ်ဖက်က ဘာကိုညွှန်ပြနေပါသလဲ ဆိုရင် ပြည်ထောင်စု ယိမ်းယိုင် အားနည်းရေးမှသည် ပြည်ထောင်စု ပြိုကွဲရေး၊ တိုင်းရင်းသား စည်းရုံးညီညွတ်မှု ဖရိုဖရဲ ပြိုကွဲရေး၊ အချုပ်အခြာအာဏာပိုင် လွတ်လပ်မှုဘဝကြီးကို ထိပါးခြိမ်းခြောက်ခံရရာက လွတ်လပ်ရေး ဆုံးရှုံးတဲ့ အခြေအနေအထိ ဆိုက်ရောက်သွားရေးဆိုတဲ့ဘက်ကို ညွှန်ပြနေပါတယ်"

"တစ်ဖက်ကတော့ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများအားလုံး စည်းလုံးညီညွတ်ကြပြီး ပြည်ထောင်စုကြီးကို ကမ္ဘာ့နိုင်ငံတကာအလယ်မှာ ဝင့်ဝင့်ထည်ထည် ခိုင်ခိုင်မာမာ တောင့်တောင့်တင်းတင်း ဖွဲ့စည်းနိုင်တာနဲ့အတူ



အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်က အဖွင့်မိန့်ခွန်း ပြောကြားစဉ်

ပြည်ထောင်စုသား တိုင်းရင်းသားလူမျိုးများအားလုံး သွေးချင်းသားချင်း ညီနောင်ရင်းချာစိတ်ဓာတ်တွေ ထားရှိရမယ်။ အမိနိုင်ငံတော်ကြီးကို ကာကွယ်လည်း ကာကွယ်ကြမယ်။ ဖွံ့ဖြိုးတိုးတက်သာယာဝပြောအောင် တည်ဆောက်လည်း တည်ဆောက်ကြမယ်။ အမိနိုင်ငံတော်ကြီးရဲ့ သယံဇာတ အရင်းအမြစ် အပါအဝင် ပေါ်ထွက်လာတဲ့ အကျိုးအမြတ်တွေကို ပြည်ထောင်စုသားအားလုံး မျှဝေသုံးဆောင်ကြမယ်။ ဒီလိုနဲ့ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ညီမျှခြင်း တည်းဟူသော လောကပါလတရားတွေ ပိုမိုထွန်းကားစေမယ့် မြန်မာ့လူ့အဖွဲ့အစည်းကို လက်တွေ့တည်ဆောက် အောင်မြင်နိုင်မယ်ဆိုတဲ့ဘက်က တစ်ဖက်ရှိနေပါတယ်"

"ဒါကြောင့် ယနေ့ လမ်းဆုံလမ်းခွရောက်နေချိန်မှာ ကျွန်တော်တို့ လမ်းမှားမလိုက်ကြဘဲ လမ်းမှန်လိုက်ကြဖို့ အလွန်အရေးကြီးပါတယ်"

စသည်ဖြင့် ထည့်သွင်းပြောကြားသွားသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် မိမိတို့အား အစုအဖွဲ့အလိုက် သဘာပတိများ ရွေးချယ်တင်မြှောက်ရန်ရှိရာ အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များအရ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံ

ထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့နှစ်ခုမှ သဘာပတိ ၁၀ ဦး၊ ကျန်အစုအဖွဲ့ခြောက်ခုမှ ကိုယ်စားလှယ် ၅ ဦးစီတို့ဖြင့် စုစုပေါင်း သဘာပတိ ၄၀ ဦး ရွေးချယ်ရရှိပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီမှ ရွေးချယ် တာဝန်ပေးသော သဘာပတိ ၅ ဦး အပါအဝင် စုစုပေါင်း သဘာပတိ ၄၅ ဦး ရရှိမည် ဖြစ်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၁၁-၁-၉၃ နေ့တွင် ပြန်လည်ကျင်းပရာ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေး အတွက် အခြေခံမူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားပါသည်။ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်းချက်တွင် "ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပကတိ အခြေအနေ၊ နိုင်ငံတော်ရဲ့ သဘာဝ အနေအထား၊ သမိုင်းကြောင်း အခြေခံ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ဓလေ့ထုံးစံ စတဲ့ အခြေအနေအရပ်ရပ်တွေနဲ့ လိုက်လျောညီထွေဖြစ်မယ့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲဖို့ရာ အခြေခံမူများ ချမှတ်ရေးအတွက် ဆွေးနွေးကြတဲ့ အခါမှာ ×××××××" ညီလာခံ ဦးတည်ချက် ၆ ရပ်နှင့် ပြည့်စုံသော အခြေခံမူများကို ပီပီပြင်ပြင် ချမှတ်နိုင်မည် ဆိုလျှင် နိုင်ငံတော်အတွက် ခိုင်မာသော အခြေခံဥပဒေ ရေးဆွဲရေးအတွက် ဘာမျှခက်ခဲဖွယ်ရာရှိမည် မဟုတ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ထူးခြားသည့် အခြေအနေအရ လိုအပ်သည့် ခေါင်းစဉ်များကို အခြေခံထားပြီး ခေါင်းစဉ်တစ်ခုချင်းအလိုက် ဆွေးနွေးကြသည့်အခါ ဦးတည်ချက် ၆ ရပ်နှင့် ပြည့်စုံမည့် အခြေခံမူတွေ ပါရှိအောင် ကြိုးပမ်းကြဖို့ တိုက်တွန်းနှိုးဆော်ကြောင်း ပြောကြားပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရန် အခြေခံမူများ ချမှတ်ရေးအတွက် မြန်မာနိုင်ငံတွင် ရှိခဲ့ဖူးသော ဖွဲ့စည်းပုံ အခြေခံဥပဒေများနှင့် နိုင်ငံတကာရှိ ဖွဲ့စည်းပုံ အခြေခံဥပဒေ အချို့ကို ကိုးကားလျက် ဆွေးနွေးသင့်သောခေါင်းစဉ်များကို ရှင်းလင်းပြောကြားပါသည်။ ထို့နောက် မြန်မာတိုင်းရင်းသားများသည် တူညီသော မျိုးရိုးဇာတိမှ တစ်အူထုံ့ဆင်း သွေးရင်းသားရင်း မျိုးနွယ်စုဝင်များဖြစ်ကြပြီး မြန်မာနိုင်ငံအတွင်း၌ မိမိတို့နှစ်သက်ကြည်နူးရာအရပ်ဒေသများတွင် လူမျိုးစုများ အတူယှဉ်တွဲ ပူးပေါင်းအခြေချ နေထိုင်လာခဲ့ကြပုံကို ပြည်နယ်နှင့်တိုင်းအသီးသီး၌ ၁၉၉၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် တည်ရှိသော လူဦးရေ ၄၁ သန်းနှင့် ၉ သိန်းကျော်တို့၏ လူမျိုးစုနှင့် လူမျိုးစုဝင်တို့၏ စာရင်းကို တင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံကြီးတွင် ခိုင်မာသော နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများကို မဆွေးနွေးမီ ပထမ ကနဦးအဆင့်ဖြစ်သော ခေါင်းစဉ်များကို ကိုယ်စားလှယ် အစုအဖွဲ့အလိုက် မိမိတို့စိတ်တိုင်းကျ ဆွေးနွေးညှိနှိုင်းကြပြီး အကြံပြုတင်ပြလိုတာတွေကို တင်ပြကြဖို့ဖြစ်ကြောင်း၊ ထိုသို့တင်ပြရာတွင် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ထုံးလုပ်နည်းများနှင့် အညီ စာတမ်းပြုစု တင်ပြကြဖို့ဖြစ်ကြောင်း၊ ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းခြင်းကို စိတ်တိုင်းကျ ဆွေးနွေးညှိနှိုင်းခွင့် ရစေဖို့ အချိန်ကန့်သတ်ခြင်း မရှိပါ။ ကိုယ်စားလှယ် အစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းရရှိချက် စာတမ်းများကို ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီက စုံလင်စွာရရှိသည့်အခါ ယင်းစာတမ်းများတွင် ဖော်ပြအကြံပြုထားသည့်ခေါင်းစဉ်များကို တတ်နိုင်သမျှ ညှိနှိုင်းသတ်မှတ်ကြဖို့ဖြစ်ကြောင်း နိဂုံးချုပ်စကား ပြောကြားပါသည်။

ထိုနေ့ ညီလာခံ စုံညီအစည်းအဝေးတွင် ညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်၍ ရှင်းလင်းပြောကြားချက်၌ ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ တင်ပြချက်အရ ဆက်လက်လေ့လာ ပြင်ဆင်ရန် အဓိကကျသည့် ခေါင်းစဉ်များနှင့်တကွ ဖွဲ့စည်းပုံ အခြေခံဥပဒေများ၏ သဘောသဘာဝအချို့ကိုလည်း တင်ပြထားပြီးဖြစ်သည့်အတွက် ထိုအခြေခံများအပေါ်တွင် ကိုယ်စားလှယ်တော်ကြီးများက ရှုထောင့်စုံမှ အကျိုးအကြောင်း အဆိုးအကောင်းတို့ကို ဆက်လက်လေ့လာကြရန်ဖြစ်ကြောင်း၊ သို့ဖြစ်သည့်အတွက် ကိုယ်စားလှယ်တော်ကြီးများ ဆက်လက်လေ့လာ ပြင်ဆင်နိုင်ရန် လုံလောက်သည့် လေ့လာပြင်ဆင်ချိန်ပေးဖို့ လိုအပ်နေပြီဟု အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က အလေးအနက် သတိပြု သုံးသပ်မိကြောင်း။

ထို့ပြင် အမျိုးသားညီလာခံသို့တက်ရောက်နေကြသည့် နိုင်ငံရေးပါတီ ၁၀ ခု၏ ကိုယ်စားလှယ်ကြီးများအဖို့လည်း မိမိတို့ သက်ဆိုင်ရာ ပါတီအဖွဲ့အစည်းနှင့် ပြန်လည်ဆွေးနွေး ညှိနှိုင်းလိုက ညှိနှိုင်းမှုတွေပြုလုပ်ရန် အချိန်လိုကောင်း လိုမည်ဟု မိမိတို့ သုံးသပ်ရရှိကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်တော်ကြီးများအားလုံး ဆက်လက်လေ့လာမှု ပြုနိုင်ရန်အတွက် လေ့လာချိန် ရရှိစေရန် ကျင်းပဆဲ အမျိုးသားညီလာခံကို ရပ်နားပေးထားရန် ဆုံးဖြတ်လိုက်ကြောင်း၊ နောက်တစ်နေ့ဖြစ်သော ၁၂-၁-၉၃ နေ့မှ စတင် ရပ်နားထားပြီး ၁-၂-၉၃ နေ့မှာ ပြန်လည်ကျင်းပမည် ဖြစ်ကြောင်း၊ ကိုယ်စားလှယ်တော်ကြီးများနှင့် မိမိတို့သည် ရက်သတ္တတစ်ပတ် အတူတကွ လက်ရေတစ်ပြင်တည်း

အတူနေထိုင်ခဲ့ကြကြောင်း၊ မြန်မာမှုဆိုရိုးစကားတွင် "သတ္တဖဝါး၊ အတူသွားက၊ မည်ကြား:မိတ်စစ်၊ ခင်ပွန်းဖြစ်၏" ဟူ၍လည်းရှိကြောင်း၊ ကိုယ်စားလှယ်တော်ကြီးများနှင့် မိမိတို့သည် သတ္တဖဝါးခြေလှမ်း ခုနစ်လှမ်းမက ခြေလှမ်းပေါင်းများစွာ အတူလျှောက်လှမ်းခဲ့ပြီးဖြစ်၍ အဆွေခင်ပွန်းကောင်းများစစ်စစ်ဖြစ်ခဲ့ကြပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နောင်ပြန်လည်ကျင်းပမည့် ညီလာခံတွင် နိုင်ငံတော်အတွက် ကောင်းမွန် အဖိုးတန်သည့် အကြံဉာဏ်များ အကြံပြု ဆွေးနွေးနိုင်အောင် လေ့လာမှုများကို အားပါးတရ ပြုနိုင်ကြပါစေဟု ဆန္ဒပြုပြီး ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စုံစုံညီညီ ကျန်းမာရွှင်လန်းစွာဖြင့် ပြန်လည်တွေ့ဆုံလိုပါကြောင်း နှုတ်ဆက်စကား ပြောကြားပါသည်။

အမျိုးသားညီလာခံ အစည်းအဝေးကို ၁-၂-၉၃ နေ့တွင် ကျိုက္ကဆံကွင်း ဆရာစံခန်းမ၌ ပြန်လည်စတင်သောအခါ ညီလာခံ ကျင်းပရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက ရှင်းလင်းပြောကြားပါသည်။ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ထိုနေ့မှအစပြုပြီး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ–

(၁) သဘာပတိအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ခြင်း၊

(၂) နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်စေရန် ဦးစွာပထမ အခန်းလိုက်ခေါင်းစဉ်များ ရနိုင်အောင် ညှိနှိုင်းဆွေးနွေးခြင်း၊

(၃) ကိုယ်စားလှယ်ကြီးများအချင်းချင်း အကျေအလည် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းပြီး အခန်းအလိုက် ခေါင်းစဉ်များ ရရှိအောင် ဆောင်ရွက်ရပါမည်။ ထိုသို့ ညှိနှိုင်း ရရှိပြီးသည့်အခါ အခန်းလိုက်ခေါင်းစဉ်တစ်ခုချင်းနှင့် အကျုံးဝင်သော အခြေခံမူများ ရရှိအောင် ညှိနှိုင်းဆွေးနွေးခြင်း

ဟူသည့် လုပ်ငန်းသဘာဝအဆင့်ကြီးသုံးဆင့် ရှိနေကြောင်း၊ သဘာပတိအဖွဲ့ဝင် ငါးဦးစီ ရွေးချယ်ခြင်းကို ထိုနေ့နံနက်ပိုင်းမှ စတင်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သဘာပတိအဖွဲ့ဝင်များအား ရွေးချယ်ရရှိပြီးသည့်နောက် အခန်းလိုက်ခေါင်းစဉ်များ ရရှိအောင် အစုအဖွဲ့အလိုက် ညှိနှိုင်းဆွေးနွေးကြဖို့ဖြစ်ကြောင်း၊ ခေါင်းစဉ်များ လျာထားရေးနှင့် ပတ်သက်ပြီး ၁၁-၁-၉၃ နေ့က မိမိရှင်းလင်းတင်ပြခဲ့သည့်အတိုင်း နိုင်ငံတိုင်း၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် ပါရှိကြသည့် ခေါင်းစဉ်များသည် အသုံးအနှုန်း အခေါ်အဝေါ် မတူညီကွဲလွဲကြသော်လည်း သဘောအားဖြင့် တူညီကြတာတွေကို တွေ့ရှိကြောင်း၊ ယင်းသို့ သဘောအားဖြင့် တူညီသည့် ခေါင်းစဉ်များတွင် ညီလာခံ၏ဦးတည်ချက် ၆ ချက်နှင့်အညီ ဆွေးနွေးရန်သင့်သည့် ခေါင်းစဉ်များတွင် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော် အခြေခံမူများ၊ နိုင်ငံတော် အကြီးအကဲ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ တပ်မတော်၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ်၊ ဒေသန္တရ အုပ်ချုပ်ရေး၊ နိုင်ငံသားများ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ရွေးကောက်တင်မြှောက်ခြင်း၊ နိုင်ငံရေးပါတီများနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်းတို့ဖြစ်ကြောင်း၊ ထိုခေါင်းစဉ်လျာထားမှုနှင့် ပတ်သက်ပြီး ပြောကြားစဉ်ကတည်းက အခြားဆွေးနွေးသင့်သည့် ခေါင်းစဉ်များရှိကြလျှင် ဖြည့်စွက်ဆွေးနွေးနိုင်သည့်အကြောင်း၊ နုတ်ပယ်သင့်သည့်ခေါင်းစဉ်များ ရှိလျှင်လည်း နုတ်ပယ်နိုင်ကြောင်း ပြောကြားခဲ့ပြီးဖြစ်သည်ကို ထပ်မံရှင်းလင်းပါသည်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌက ကိုယ်စားလှယ်များသည် မိမိတို့အစုအဖွဲ့များအလိုက် အခန်းခေါင်းစဉ်များရအောင် ဆွေးနွေးညှိနှိုင်းပြီး အစုအဖွဲ့အလိုက် စာတမ်းပြုစုကြဖို့ဖြစ်ကြောင်း၊ အခန်းလိုက်ခေါင်းစဉ်များ ရရှိရန် ရက်ကန့်သတ်မထားကြောင်း၊ ကိုယ်စားလှယ် အစုအဖွဲ့ ၈ ဖွဲ့စလုံး တင်ပြသည့် အဆိုပြုစာတမ်းများ ပြီးစီးစုံလင်ပြီးသည့်အခါမှ စုံညီအစည်းအဝေး ကျင်းပဖို့ စီစဉ်ဆောင်ရွက်ပေးမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ အစုအဖွဲ့အသီးသီးက တင်ပြကြရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ တူညီသည့်ခေါင်းစဉ်များ ပါရှိသလို ကွဲလွဲသည့်ခေါင်းစဉ်တွေလည်း ပါကောင်းပါကြလိမ့်မည်ဖြစ်ကြောင်း၊ ထိုအခါတွင် တူညီရာခေါင်းစဉ်များကို စုစည်းရယူပြီး ကွဲလွဲသည့်ခေါင်းစဉ်များကို အများလက်ခံသည်အထိ ရရှိအောင် အကျေအလည် ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်သွားကြမှာဖြစ်ကြောင်း၊ အများလက်ခံသည့် အခန်းလိုက်ခေါင်းစဉ်များကို ဆွေးနွေး ညှိနှိုင်းကြသည့်အခါ အစုအဖွဲ့များသည် မိမိတို့ ပါစေလိုသည့် ခေါင်းစဉ်များကို ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြကြဖို့လိုကြောင်း၊ ထိုသို့အစုအဖွဲ့ ၈ ဖွဲ့က ကျေနပ်လောက်အောင် ဆွေးနွေးကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီးတွင် ဦးတည်ချက် ၆ ချက်နှင့် ညီညွတ်ပြီး အားလုံးလက်ခံသည့် အခန်းလိုက်ခေါင်းစဉ်များ ရရှိပြီးသည့်အခါ အခန်းလိုက်ခေါင်းစဉ်စာရင်းထဲမှ ခေါင်းစဉ်တစ်ခုချင်းနှင့် ပတ်သက်သည့် အခြေခံမူများ ရရှိနိုင်အောင် ကျယ်ကျယ်

ပြန့်ပြန့် လေ့လာဆွေးနွေးမှု ပြင်ဆင်ပြုလုပ်နိုင်ရန်အတွက် ကိုယ်စားလှယ်များ အချိန်လုံလောက်မှုရှိအောင် အတတ်နိုင်ဆုံး စီစဉ်ပေးမည်ဖြစ်ကြောင်း၊ အခန်းအလိုက်ခေါင်းစဉ်ကို မှတည်ပြီး ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆွေးနွေးကြရာတွင် နိုင်ငံရေးပါတီများအဖို့ မိမိတို့ပါတီအဖွဲ့အစည်းကို ပြန်ချပြီး ဆွေးနွေးညှိနှိုင်းမှုပြုချင်လျှင်လည်း ပြုနိုင်မှာဖြစ်ကြောင်း၊ လိုအပ်သည့်အခြေခံမူများကို ညီညီညွတ်ညွတ် ဆွေးနွေးညှိနှိုင်း ရရှိသည်အထိ ကိုယ်စားလှယ်ကြီးများ အချင်းချင်း စိတ်ရှည်ရှည် သဘောထားကြီးကြီးနှင့် ညှိနှိုင်းမှုတွေကို ပြုလုပ်ကြဖို့ လိုအပ်မှာဖြစ်ကြောင်း၊ အခန်းအလိုက် ခေါင်းစဉ် ပထမတစ်ခုအတွက် သဘောကျ နှစ်ခြိုက်တဲ့ အခြေခံမူတွေကိုရပြီးပြီဆိုမှ နောက်ထပ် အခန်းလိုက် ခေါင်းစဉ်စာရင်းထဲမှ ဒုတိယခေါင်းစဉ်အတွက် အလားတူ စိတ်ရှည်လက်ရှည် ညှိနှိုင်းမှုတွေကို ဆက်လက်ပြုလုပ်ကြဖို့ ဖြစ်ကြောင်း၊ ကျန်ရှိသည့်ခေါင်းစဉ်အသီးသီးအတွက်လည်း တစ်ခုပြီးလျှင်တစ်ခု ထိုနည်းအတိုင်း ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားပါသည်။

ကိုယ်စားလှယ် အစုအဖွဲ့များသည် သဘာပတိများ ရွေးချယ်ပြီးနောက်၌ ၂၄-၂-၉၃ မှ ၂၆-၂-၉၃ အတွင်း ဖေဖော်ဝါရီလ၌ မိမိတို့ အစုအဖွဲ့များအလိုက် အခန်းခေါင်းစဉ်များကို ဆွေးနွေး၍ သဘာပတိအဖွဲ့မှတစ်ဆင့် စုံညီအစည်းအဝေးသို့ တင်ပြခဲ့ကြရာ နိုင်ငံရေးပါတီများ အစုအဖွဲ့မှ အကြံပြုချက်စာတမ်း ၁၀ စောင်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ အကြံပြုချက်စာတမ်းနှစ်စောင်နှင့် ကျန်အစုအဖွဲ့ ၆ ခုတို့မှ စာတမ်းတစ်စောင်စီ တင်သွင်းခဲ့ကြ၏။ စုစုပေါင်း စာတမ်း ၁၈ စောင်ဖြစ်သည်။

ညီလာခံ စုံညီအစည်းအဝေး သဘာပတိအဖွဲ့သည် ယင်းစာတမ်း ၁၆ စောင်ကို လေ့လာစိစစ်၍ ကြည့်ခဲ့ရာ ခေါင်းစဉ် စုစုပေါင်း ၃၆၇ ခု၊ ယင်းခေါင်းစဉ်များကို တူရာတူရာ စုစည်းလိုက်သောအခါ ခေါင်းစဉ်ပေါင်း ၁၆၀ ရရှိ၍ ယင်းတို့အနက်မှ သဘောသဘာဝချင်း တူညီသည့် အုပ်စုခေါင်းစဉ်များအဖြစ် အုပ်စုပေါင်း ၂၀ ရရှိပုံကို ၃-၃-၉၃ နေ့တွင် ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အလှည့်ကျ သဘာပတိ ဦးအောင်သန်းက အခြေခံမူများ အပေါ် သဘာပတိအဖွဲ့၏ သုံးသပ်ချက်အဖြစ် ကိုယ်စားလှယ် အစုအဖွဲ့များ၏ အကြံပြုသည့် ခေါင်းစဉ်များကို ဖတ်ကြားလျက် ဇယားနှင့်တကွ တင်ပြပါသည်။

အလှည့်ကျ သဘာပတိ ဦးအောင်သန်းက ကိုယ်စားလှယ်များ ဆွေးနွေး အကြံပြုချက်များထဲမှ အုပ်စု ၂၀ ကို အခြေခံထားပြီး နိဒါန်း၊ နိုင်ငံတော် အခြေခံမူများ၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော် အကြီးအကဲ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ တပ်မတော်၊ ဒေသန္တရ အုပ်ချုပ်ရေး၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ရွေးကောက် တင်မြှောက်ခြင်း၊ နိုင်ငံရေးပါတီများ၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ၊ အထွေထွေပြဋ္ဌာန်းချက်များဟူသော ခေါင်းစဉ် ၁၈ ခုကို အခန်းလိုက်ခေါင်းစဉ်အဖြစ် သတ်မှတ်သင့် မသင့်ကို ဆွေးနွေးရန် တင်ပြသည်။

ထို့ပြင် “ဝေါဟာရ အဓိပ္ပာယ် ဖွင့်ဆိုခြင်း” ကို သီးခြား အခန်းတစ်ခု မဖွင့်တော့ဘဲ သက်ဆိုင်ရာပုဒ်မများတွင် အဓိပ္ပာယ် ပြည့်စုံပြီး အများနားလည်စေရန်နှင့် နောင်အငြင်းမပွားနိုင်အောင် ရေးသားနည်းကို ကျင့်သုံးရန် သင့် မသင့်ကိုလည်းကောင်း၊ “ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အကြောင်းရပ်များအညွှန်း” ကိုလည်း သီးခြားအခန်းတစ်ခု မဖွင့်တော့ဘဲ အခြေခံဥပဒေ ပြဋ္ဌာန်းပြီး စာအုပ်ထုတ်ဝေသောအခါမှ အညွှန်းပြုစု ဖော်ပြသောနည်းကို ကျင့်သုံးရန် သင့် မသင့်ကိုလည်းကောင်း စဉ်းစားကြရန် ထည့်သွင်း တင်ပြသည်။

ဤသို့တင်ပြရာတွင် အစုအဖွဲ့အသီးသီးမှ တင်ပြသော အကြံပြုချက်ခေါင်းစဉ်များသည် အခန်းလိုက်ခေါင်းစဉ် အဖြစ် လျာထားသတ်မှတ်ခံရခြင်း ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ ယင်းခေါင်းစဉ်နှင့် သဘောသဘာဝ တူညီသည့် အခန်းအလိုက်ခေါင်းစဉ်ကို ဆွေးနွေးသောအခါတွင် ထည့်သွင်းဆွေးနွေးခွင့် ရရှိမှာဖြစ်ပြီး မိမိတို့ အကြံပြုထားသော ခေါင်းစဉ်ပါ အကြောင်းအရာများကို ယခုထက်ပင် ကျယ်ကျယ်ပြန့်ပြန့် စိတ်တိုင်းကျ အားပါးတရ ဆွေးနွေးခွင့် ရရှိမှာဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ထို့နောက် အခြေခံဥပဒေတွင် ပါဝင်သည့်ဟု အကြံပြုထားသော အခန်းလိုက်ခေါင်းစဉ်များနှင့် စပ်လျဉ်း၍ ထိုခေါင်းစဉ်များကို အခန်းလိုက်ခေါင်းစဉ်အဖြစ် လျာထား သတ်မှတ်ခံရရေးကို စိတ်ဆန္ဒမစောကြဘဲ အုပ်စုတစ်ခုချင်း အလိုက် ခြုံငုံအကျုံးဝင်မည့် ခေါင်းစဉ်များကို ဓမ္မဓိဋ္ဌာန်ကျကျ ဆွေးနွေးညှိနှိုင်း အကြံပြုကြရန်နှင့် ယင်းခေါင်းစဉ်များကို ရှေ့နောက်အစီအစဉ်ပြုရေးအတွက် အစုအဖွဲ့အလိုက် ဆက်လက်ဆွေးနွေးကြရန်အတွက် စုံညီအစည်းအဝေးကို ရပ်နားလိုက်ပါသည်။

ကိုယ်စားလှယ် အစုအဖွဲ့များသည် ဆွေးနွေးပွဲခန်းမ

များတွင် ဆက်လက်ဆွေးနွေးကြရာ အခန်းခေါင်းစဉ်များနှင့် စပ်လျဉ်း၍ သဘောထား ကွဲလွဲချက်များ ကျေလည်စေရန် သဘာပတိအဖွဲ့က ညှိနှိုင်းရယူပြီး မတ်လ ၂၇ ရက်နေ့ အရောက် စာတမ်းများ ပြန်လည်တင်ပြရေးအတွက် ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် သဘာပတိအဖွဲ့တို့၏ ၂၄-၃-၉၃ နေ့တွင် ကျင်းပသော တွေ့ဆုံညှိနှိုင်း အစည်းအဝေး၌ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက မေတ္တာရပ်ခံသည်။ ထိုမေတ္တာရပ်ခံချက်နှင့်အတူ အလုပ်ကျ သဘာပတိ မိန့်ခွန်းပါ ခေါင်းစဉ်များနှင့် ကိုယ်စားလှယ် အစုအဖွဲ့များက အကြံပြုသော ခေါင်းစဉ်များ ပါရှိသည့် ဇယားနှင့် အခန်းအလိုက် ရှေ့နောက်အစီအစဉ်ကို အလုပ်ကျ သဘာပတိမိန့်ခွန်းနှင့် ကိုယ်စားလှယ်များ အကြံပြုသည့် ခေါင်းစဉ်ဇယား အစီအစဉ်တို့ကို ထပ်မံဝေငှပါသည်။

၂၇-၃-၉၃ နေ့တွင် ညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့ အသီးသီး၏ သဘာပတိအဖွဲ့များမှတစ်ဆင့် စာတမ်းများကို ပြန်လည်ရရှိသည်။ ထိုစာတမ်းများကို ၃-၄-၉၃ နေ့တွင် ကျင်းပသော စုံညီအစည်းအဝေး၌ သက်ဆိုင်ရာ ကိုယ်စားလှယ်များက အသီးသီးဖတ်ကြား တင်ပြခဲ့သည်။ ၄-၄-၉၃ နေ့၌ လုပ်ငန်းကော်မတီဥက္ကဋ္ဌက စာတမ်းများတွင် လေ့လာတွေ့ရှိချက်များကို ညီလာခံကိုယ်စားလှယ်များအား ရှင်းလင်းတင်ပြရာတွင် အခန်းအလိုက်ခေါင်းစဉ်များအဖြစ် ခေါင်းစဉ် ၁၅ ခုကို လျာထားသတ်မှတ်ရေးအတွက် တင်ပြပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီသည် အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၉၊ အပိုဒ်ခွဲ (ဈ) တွင် သတ်မှတ်သည့်အတိုင်း တတ်နိုင်သမျှ ညှိနှိုင်းပြီးဖြစ်၍ ရှေ့ဆက်လက်ဆောင်ရွက်ရန်ရှိသည်များကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားပါသည်။

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက သတ်မှတ်ရန် တင်ပြခဲ့သော အခန်းအလိုက် ခေါင်းစဉ် ၁၅ ခုမှာ နိုင်ငံတော် အခြေခံမူများ၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော် အကြီးအကဲ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ တပ်မတော်၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ ရွေးကောက် တင်မြှောက်ခြင်း၊ နိုင်ငံရေးပါတီများ၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ခြင်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များနှင့် အထွေထွေပြဋ္ဌာန်းချက်များတို့ ဖြစ်သည်။

ထို့နောက် ၇-၄-၉၃ နေ့တွင် ကျင်းပသော စုံညီအစည်းအဝေးတွင် ကော်မရှင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးမျိုးညွန့်က အမျိုးသားညီလာခံမှာ စတင်ကျင်းပသည့် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့မှဆိုလျှင် ၃ လခန့် ကြာမြင့်ခဲ့ပြီဖြစ်ပြီး ကိုယ်စားလှယ်ကြီးများ၏ ကြိုးပမ်းအားထုတ်မှုကို အားရကြောင်း၊ ကိုယ်စားလှယ်ကြီးများ၏ အကြံပြုချက်များနှင့် အကိုက်ညီဆုံး အခန်းအလိုက် ခေါင်းစဉ်များ ရရှိခဲ့ပြီးဖြစ်ကြောင်း၊ ခေါင်းစဉ်အသီးသီးအတွက် ကိုယ်စီကိုယ်စီ လေ့လာနိုင်ရန် အမျိုးသားညီလာခံကို ဧပြီလ ၈ ရက်နေ့မှ ဇွန်လ ၆ ရက်နေ့အထိ ရပ်နားမည် ဖြစ်ကြောင်း ပြောကြားပါသည်။

အမျိုးသားညီလာခံကို ၇-၆-၉၃ နေ့တွင် ပြန်လည်စတင်၍ စုံညီအစည်းအဝေး ကျင်းပသောအခါ သဘာပတိအဖြစ် ဆောင်ရွက်သော အမျိုးသားညီလာခံ ကော်မရှင် ဥက္ကဋ္ဌက အခန်းအလိုက်ခေါင်းစဉ်ပေါင်း ၁၅ ခုရှိသည့်အနက် ပထမခေါင်းစဉ်ဖြစ်သော "နိုင်ငံတော် အခြေခံမူများ" ကို စတင်ဆွေးနွေး၍ အကြံပြုချက်စာတမ်းများ ရေးသားတင်ပြကြတော့မှာဖြစ်၍ ကျန်အခန်းအလိုက် ခေါင်းစဉ် ၁၄ ခုကို အခြေခံမူတည်၍ ထိုခေါင်းစဉ်အသီးသီး၏ အခြေခံကျသည့်မူများ ရရှိစေရန် ဆွေးနွေးညှိနှိုင်း အကြံပြုကြရန်ဖြစ်ကြောင်း ပြောကြားပါသည်။

ယင်းစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကလည်း ဆွေးနွေးညှိနှိုင်းရမည့် အခန်းအလိုက်ခေါင်းစဉ်နှင့် စပ်လျဉ်း၍ မိမိတို့လိုလားနှစ်သက်သည်များကို အကျိုးအကြောင်း စုံလင်စွာဖြင့် ဆွေးနွေးညှိနှိုင်းသတ်မှတ်နိုင်ရေးအတွက် အကျိုးအကြောင်း စုံလင်စွာဖြင့် လေ့လာကြရန် အလေးအနက် တိုက်တွန်းပြီး မိမိတို့၏ အကြံပြုချက်စာတမ်းများကို အမျိုးသားညီလာခံ ကျင်းပရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးပို့ကြရန် မှာကြားပါသည်။

"နိုင်ငံတော် အခြေခံမူများ" ခေါင်းစဉ်ကို ကိုယ်စားလှယ် အစုအဖွဲ့အသီးသီးက မိမိတို့ အစုအဖွဲ့အလိုက် ဆွေးနွေးကြပြီးနောက် ညီလာခံ စုံညီအစည်းအဝေးကို ၉-၈-၉၃ နေ့တွင် ပြန်လည်ကျင်းပသည်။ သဘာပတိအဖွဲ့ဝင် ၄၅ ဦးအနက် ၉ ဦးက ကြီးကြပ်ဆောင်ရွက်ရာ အလှည့်ကျ သဘာပတိ ဦးမျိုးသန့်နှင့် အဖွဲ့ဝင်များက ဆောင်ရွက်သည်။ ကိုယ်စားလှယ် အစုအဖွဲ့များက အကြံပြုချက် စာတမ်းအသီးသီးကို ၁၄-၈-၉၃ နေ့အထိ ဖတ်ကြားပြီးနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ခေတ္တရပ်နားခဲ့သည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို

၆-၉-၉၃ နေ့တွင် ပြန်လည်ကျင်းပရာ အလုပ်ညှိကျ သဘာပတိအဖွဲ့က နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် နိုင်ငံတော် အခြေခံမူအဖြစ် သတ်မှတ်ရေးအတွက် အခြေခံရမည့်မူများ ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက ဆွေးနွေးတင်ပြကြသည့် အကြံပြုချက်စာတမ်းများကို ခြုံငုံသုံးသပ် ဖတ်ကြားတင်ပြရာ ၉-၉-၉၃ နေ့အထိဖြစ်ပြီး ညီလာခံ စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

၁၆-၉-၉၃ နေ့တွင် ညီလာခံ စုံညီအစည်းအဝေးကို ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ကိုယ်စားလှယ် အစုအဖွဲ့ ၈ ဖွဲ့တို့ တင်ပြခဲ့သော ဆွေးနွေးချက်စာတမ်း ၂၂ စောင်ပါ အကြံပြုချက်များကို အလုပ်ညှိကျ သဘာပတိအဖွဲ့က သုံးသပ်ချက်များကို အခြေခံ၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက အခြေခံရမည့်မူများကို ချမှတ်ကြောင်းဖြင့် အခြေခံမူ ၁၀၄ ချက်တို့ကို ထည့်သွင်းပြောကြားပါသည်။

ထိုသို့ချမှတ်ခဲ့သည့် အခြေခံမူများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးက အောက်ပါအချက်များကို ရှင်းလင်းပြောကြားပါသည်။

- ထိုအခြေခံရမည့်မူများကို သက်ဆိုင်ရာအခန်းအတွက် အခြေခံရမည့်မူများ ဆွေးနွေးသည့်အခါ အခုချမှတ်ထားသောမူများအနက်မှ သက်ဆိုင်ရာမူများကို အခြေခံမူအဖြစ် ထားရှိဆောင်ရွက်ရန်၊
- အခြေခံရမည့်မူများအနက် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ နိဒါန်းမှာ ဖော်ပြသင့်သောမူများကို နိဒါန်းမှာလည်း ဖော်ပြရန်၊
- နိုင်ငံတော်နှင့် စပ်လျဉ်းသောမူများကို နိုင်ငံတော်ဟူသည့် အခန်းခေါင်းစဉ်နှင့် သီးခြားဖော်ပြရန်၊
- သက်ဆိုင်ရာအခန်းနှင့် စပ်လျဉ်းသောမူများကို သက်ဆိုင်ရာအခန်းအတွက် ဆွေးနွေးသောအခါ ထိုအခန်းသို့ ပြောင်းရွှေ့တင်ပြရန်၊
- နိုင်ငံတော်အခြေခံမူများအခန်းနှင့် စပ်လျဉ်းသောမူများကို နိုင်ငံတော် အခြေခံမူများအခန်းမှာပင် ဆက်လက်ဖော်ပြရန်

ဟူ၍ဖြစ်သည်။

ထို့နောက်တွင် အမျိုးသားညီလာခံ သဘာပတိ၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်က နိဂုံးချုပ် မိန့်ခွန်း ပြောကြားရာတွင် ယခုအချိန်၌ အမျိုးသားညီလာခံကြီး၏ ဆောင်ရွက်မှုအရှိန်အဟုန် အလွန်ကောင်းမွန်နေကြောင်း၊ ဤကဲ့သို့ အောင်မြင်မှုရခြင်းသည် ကိုယ်စားလှယ်ကြီးများနှင့် အဖွဲ့အစည်းအသီးသီးတို့ စနစ်တကျ အဆင့်ဆင့် ဆောင်ရွက်နိုင်မှု၊ အချင်းချင်းပူးပေါင်း ဆောင်ရွက်မှုတို့ကြောင့်ဖြစ်ကြောင်း၊ ညီလာခံ ကိုယ်စားလှယ်ကြီးများသည် နိုင်ငံတော်အခြေခံမူများဆိုင်ရာ အကြံပြုချက်စာတမ်းများကို စနစ်တကျ ဖတ်ကြားတင်ပြခဲ့ကြောင်း၊ ဆိုနောက် အလုပ်ညှိကျ သဘာပတိအဖွဲ့က အချိန်ယူ လေ့လာစိစစ်မှုပြု၍ နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရာတွင် အခြေခံရမည့်မူများ ရရှိရေးကို ခြုံငုံသုံးသပ်ချက်များပြုခဲ့ပြီး ပြည့်ပြည့်စုံစုံ တင်ပြခဲ့ကြောင်း၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီသည် ကိုယ်စားလှယ် အစုအဖွဲ့များက အကြံပြု တင်ပြထားသော အကြံပြုချက်များကို အလေးအနက် သုံးသပ်မှုပြုပြီး နိုင်ငံတော်အခြေခံမူများအတွက် အခြေခံရမည့်မူများနှင့်အတူ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ထံ ပြည့်ပြည့်စုံစုံ တင်ပြအစီရင်ခံခဲ့ကြောင်း၊ ကော်မရှင်သည် နိုင်ငံနှင့် ပြည်သူများဖြစ်ကြသော တိုင်းရင်းသားလူမျိုးအားလုံး၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို အခြေခံသဘောထားအဖြစ် ထားရှိပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ၏ တင်ပြချက်များကို လက်ခံအတည်ပြုခြင်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပရာမှာ အကြံပြု ဆွေးနွေးသွားရမည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ စတဲ့ အခန်းလိုက်ခေါင်းစဉ်တွေ အကျုံးဝင်မည့် အကြံကောင်း၊ ဉာဏ်ကောင်းများနှင့် စပ်လျဉ်းပြီး အကိုးအကား၊ အထောက်အထားများကို လေ့လာပြင်ဆင်မှုများပြုလုပ်နိုင်ရန် ရည်ရွယ်၍ အမျိုးသားညီလာခံကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့အထိ ရပ်နားပေးမည်ဖြစ်ကြောင်း ပြောကြားပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရပ်နားလိုက်ပါသည်။

အမျိုးသားညီလာခံ အစည်းအဝေးကို ၁၆-၉-၉၃ နေ့ ရပ်နားချိန်တွင် ညီလာခံသို့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်ဦးရေမှာ ၆၉၈ ဦး ဖြစ်ပါသည်။ -

**ဦးမျိုးသန့်**




# ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ နိုင်ငံတော် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး၊ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး ရေးရှုလျက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် ဆောင်ရွက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး ဟူသည့် ရည်ရွယ်ချက် ငါးရပ်ဖြင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့၌ လူမှုရေးအသင်းတစ်သင်းအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်လျက် စတင်ဖွဲ့စည်းခဲ့သည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်တိုင်းတွင် ကျေးရွာအုပ်စုအလိုက်၊ ရပ်ကွက်အလိုက်ဖွဲ့စည်းသည်။ ယင်းသို့ဖွဲ့စည်းရာတွင် ကျေးရွာအုပ်စု၊ ရပ်ကွက်အဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းအဆင့်ဟူ၍ စနစ်တကျ ဖွဲ့စည်းသည်။ တစ်နိုင်ငံလုံးရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများကို ဦးဆောင်မှုပြုသွားရန် ဗဟိုအဆင့်တွင် နာယကအဖွဲ့၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးများအဖွဲ့နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဟူ၍ အဆင့်ဆင့်ဖွဲ့စည်း ဆောင်ရွက်သည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ မြန်မာနိုင်ငံသား ယောကျ်ား၊ မိန်းမ မရွေး၊ ဘာသာမရွေး အသက် ၁၀ နှစ်မှ ၁၈ နှစ်အထိ၊ သက်ငယ်အသင်းသားအဖြစ်လည်းကောင်း၊ အသက် ၁၈ နှစ်အထက်ကို သက်ကြီးအသင်းသားအဖြစ်လည်းကောင်း မိမိတို့နေထိုင်ရာ ရပ်ကွက်၌ဖြစ်စေ၊ ကျေးရွာအုပ်စု၌ဖြစ်စေ လျှောက်လွှာပုံစံများ ရယူဖြည့်သွင်းပြီး အသင်းဝင်အဖြစ် လျှောက်ထားပါဝင်နိုင်သည်။ သက်ငယ်အသင်းသားများအတွက် ဝင်ကြေးနှင့် လစဉ်ကြေးမရှိချေ။ သက်ကြီးအသင်းသားများမှာမူ ဝင်ကြေးမပေးသွင်းရသော်လည်း လစဉ်ကြေး

ငါးကျပ် ပေးသွင်းရသည်။ နိုင်ငံ့ဝန်ထမ်းများလည်း အသင်းသားအဖြစ် ဝင်ရောက်ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိပေသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အထွေထွေအတွင်းရေးမှူးမှာ ဦးသန်းအောင် (ဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန ) ဖြစ်ပြီး အတွင်းရေးမှူးများအဖွဲ့တွင် ဦးခင်မောင်သိန်း (ဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)၊ ဦးဝင်းစိန် ( ဝန်ကြီး၊ ရထားပို့ဆောင် ရေးဝန်ကြီးဌာန )နှင့် ဦးကိုလေး ( မြို့တော်ဝန် ) တို့ပါဝင်ကြသည်။ ဗဟို အလုပ်အမှုဆောင်များမှာ ဦးစိုးသာ(ဝန်ကြီး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန)၊ ဦးသန်းရွှေ (ဝန်ကြီး၊ အမှတ် – ၂ စက်မှုဝန်ကြီးဌာန)၊ ဦးသိန်းစိန် (ဒုတိယ ဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန) ၊ ဦးပန်းအောင် (အတွင်းရေးမှူး၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေး ကော်မတီ) တို့ဖြစ်ကြသည်။

**အသင်းအခြေခံစည်းမျဉ်း**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို ဖွဲ့စည်းရာတွင် အခြေခံစည်းမျဉ်းများ ရေးဆွဲပြဋ္ဌာန်း ဖွဲ့စည်းခဲ့ပေသည်။ အဆိုပါအခြေခံစည်းမျဉ်းများမှာ အောက်ပါအတိုင်း ဖြစ်သည် –

## အခန်း (၁)
## အဝိဋ္ဌာန်

၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစွန့်ရှည် တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားလူမျိုးများ ချစ်ကြည်ရေး၊ နိုင်ငံတော်အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ ခိုင်မြဲရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်း သာယာသော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး တို့အတွက် ကာကွယ်စောင့်ရှောက်ဆောင်ရွက်ရန် အဝိဋ္ဌာန်ပြုသည်။

## အခန်း ( ၂)
## ရည်ရွယ်ချက်

၂။ အသင်း၏ ရည်ရွယ်ချက် များသည် –

(က) ပြည်ထောင်စု မပြိုကွဲရေး၊
(ခ ) တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊
(ဂ ) နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
(ဃ) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး ရှေးရှုလျက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် ဆောင်ရွက်ရေး၊
(င ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးတို့ဖြစ်သည်။

## အခန်း (၃)
## အခြေခံမူများ

၃။ အသင်း၏ အခြေခံမူများသည် အောက်ပါတို့ ဖြစ်သည် –

(က) **အမျိုးသားရေးဆိုင်ရာအခြေခံမူ၊** ဤအသင်းတွင် တစ်မျိုးသားလုံး ဝါဒသဘောထားမကွဲပြားဘဲ စည်းလုံးညီညွတ်စွာ ပါဝင်ဆောင်ရွက်နိုင်ရန် အမျိုးသားရေး သက်သက်ကိုသာ ဤအသင်းက ဆောင်ရွက်မည်ဖြစ်သည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေး ဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးသည် မည်သူမျှ မငြင်းဆန်နိုင်သော၊ ဝိဝါဒကွဲပြားခြားနားခြင်း မရှိသော၊ သမိုင်းက ပေးအပ်သော အမျိုးသားရေး တာဝန်ဖြစ်သည်။ ထို့ကြောင့် ထိုအမျိုးသားရေးကို ဤအသင်းက ကျေပွန်စွာထမ်းရွက်မည်။

(ခ ) **တိုင်းရင်းသားရေးဆိုင်ရာ အခြေခံမူ၊** သွေးရင်းသားရင်း အရင်းအချာများ ဖြစ်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသား အချင်းအချင်း ချစ်ကြည်လေးစားမှု၊ တိုင်းရင်းသားအသီးသီး၏ ဓလေ့ထုံးတမ်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ အနုပညာစသည်တို့ ရှင်သန်ပြန့်ပွားရေးနှင့် တိုင်းရင်းသားအားလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ရှိမှသာလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ထာဝစဉ်တည်တံ့ခိုင်မြဲနေမည်ဟု ဤအသင်းက ယုံကြည်သည်။ ထို့ကြောင့် တိုင်းရင်းသားဆိုင်ရာ ထိုယုံကြည်ချက်ကို အလေးအနက်ထားပြီး ရပ်လုံးပေါ်အောင် ကြိုးပမ်းဆောင်ရွက်မည်။

(ဂ ) **ဘာသာရေးဆိုင်ရာ အခြေခံမူ၊** လူသားအားလုံးလိုလို မိမိတို့ သက်ဝင်ယုံကြည်အားထားသည့် ဘာသာတစ်ခုခုကို ကိုးကွယ်ဆည်းကပ်

ကြမြဲဖြစ်သည်။ ထို့ကြောင့် ဘာသာရေးနှင့် ပတ်သက်၍ ဤအသင်းက တတ်စွမ်းသမျှ ကူညီအားပေးမည်။

(ဃ) **လူမှုရေးဆိုင်ရာ အခြေခံမူ ၊** ရပ်ရေးရွာရေးသည် အမျိုးသားရေး၏ လူမှုရေးဆိုင်ရာ အခြေခံအုတ်မြစ်ဖြစ်သည်။ ထို့ကြောင့် သာရေးနာရေး၊ ရပ်ရွာလုံခြုံရေး၊ အေးချမ်းသာယာရေး၊ စည်းလုံးညီညွတ်ရေး၊ စားဝတ်နေထိုင်လုပ်ကိုင်မှု သက်သာချောင်ချိရေး ပညာ ကျန်းမာ ဖွံ့ဖြိုးတိုးတက်ရေး အစရှိသည့် လူမှုရေးဆိုင်ရာ ရပ်ရေးရွာရေးဟူသမျှကို ဤအသင်းက ကမကထပြု၍ဖြစ်စေ၊ ပါဝင်၍ ဖြစ်စေ ဆောင်ရွက်ရမည်ဖြစ်သည်။

(င) **ငွေရေးကြေးရေးဆိုင်ရာ အခြေခံမူ ၊** ကိုယ့်အားကိုယ်ကိုး ကိုယ့်ဝန်ကိုယ်ထမ်းခြင်းသည် သန့်ရှင်းမှန်မြတ်ပြီး ရေရှည်တည်တံ့ ခိုင်မြဲပါသည်။ ထို့ကြောင့် ဤအသင်း၏ ရန်ပုံငွေကို အသင်းသားတို့၏ စုပေါင်းလုပ်အားဖြင့် ရှာဖွေသုံးစွဲမည်။

## အခန်း (၄)
## ကတိသစ္စာ

၄။ အသင်းသားတိုင်းသည် အောက်ပါအတိုင်းကတိသစ္စာ ပြုရမည် -

(က) ကျွန်ုပ်သည် ပြည်ထောင်စု မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့၏ သစ္စာကို စောင့်သိရိုသေပါမည်၊

(ခ) ကျွန်ုပ်သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကြိုးပမ်းထမ်းရွက်ပါမည်၊

(ဂ) ကျွန်ုပ်သည် ပြည်ထောင်စု မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးတို့အတွက် အစဉ်ကြိုးပမ်းဆောင်ရွက်ပါမည်၊

(ဃ) ကျွန်ုပ်သည် အသင်း၏ ကျင့်ဝတ်များကို စောင့်ထိန်းပါမည်။

## အခန်း (၅)
## ကျင့်ဝတ်

၅။ အသင်းသားတိုင်းသည် အောက်ပါကျင့်ဝတ်များကို စောင့်ထိန်းရမည် -

(က) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရမည်၊

(ခ) နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးကို စောင့်ရှောက်ကာကွယ်ရမည်၊

(ဂ) တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစည်းလုံးရေးကို အလေးအနက်ထား ဆောင်ရွက်ရမည်၊

(ဃ) အသင်းအပေါ် သစ္စာစောင့်သိရမည်၊

(င) အသင်းမှ ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာ ထမ်းရွက်ရမည်၊

(စ) အသင်းသားအချင်းချင်း ရဲဘော်စိတ်ထားရှိပြီး ကူညီရိုင်းပင်းရမည်၊

(ဆ) အကျင့်စာရိတ္တ အစဉ်ကောင်းမွန်ရေး အတွက် ထိန်းသိမ်းရမည်၊

(ဇ) အသင်း၏ ဂုဏ်သိက္ခာကို စောင့်ထိန်းရမည်၊

(ဈ) တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်း သာယာရေးကို စောင့်ရှောက်ရမည်၊

(ည) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး ရှေးရှုလျက် မျိုးချစ်စိတ်ဓာတ်ကို ရှင်သန်ထက်မြက်စေရန် မွေးမြူရမည်၊

(ဋ) အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရမည်။

## အခန်း (၆)
## တာဝန်နှင့်ဝတ္တရားများ

၆။ အသင်း၏ တာဝန်နှင့် ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရန်၊

(ခ) တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊

(ဂ) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး ရှေးရှုလျက် မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးကို ကြိုးပမ်းရန်၊

(ဃ) ပြည်ထောင်စုမြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးတို့အတွက် ရှေးရှုဆောင်ရွက်ရန်၊

(င) အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရန်၊

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလံလွှင့်ထူနေပုံကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ ကြည့်ရှုနေစဉ်



(စ) ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို အကူအညီပေးရန်၊
(ဆ) နိုင်ငံပိုင်ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန်၊
(ဇ) မူးယစ်ဆေးဝါး နှိမ်နင်းရေးတွင် ကူညီရန်၊
(ဈ) လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးရေးကို ကူညီဆောင်ရွက်ရန်၊
(ည) အများနှင့်သက်ဆိုင်သောလမ်း၊တံတား၊ ကျောင်း၊ဆေးရုံ၊ ဈေး၊ ဥယျာဉ်၊ ပန်းခြံစသည့် နေရာများ သန့်ရှင်းရေး၊ သာယာလှပရေးကို ကူညီဆောင်ရွက်ရန်၊
(ဋ) အများပြည်သူအပေါ် ကျရောက်တတ်သည့် ဘေးအန္တရာယ်အမျိုးမျိုး (မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ ရောဂါဘေးစသည်) ကို တားဆီးကာကွယ်ရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် တက်ကြွစွာ တာဝန်ထမ်းဆောင်ရန်၊
(ဌ) တောင်သူလယ်သမား၊ အလုပ်သမားများ၏ လူမှုဖွံ့ဖြိုးရေး အစီအစဉ်များတွင် ကူညီဆောင်ရွက်ရန်၊
(ဍ) တပ်မတော်အား အဘက်ဘက်က အားပေးကူညီစောင့်ရှောက်ရန်၊
(ဎ) မိမိတို့ အသင်းသား အချင်းချင်း၏ သာရေး၊ နာရေးကိစ္စများတွင် တက်တက်ကြွကြွ ကူညီစောင့်ရှောက်သွားရန်။

## အခန်း (၇)
## အသင်းသားအဖြစ် ပါဝင်ခွင့်

၇။ အသက် ၁၀ နှစ်ပြည့်ပြီးသည့် နိုင်ငံသားများသည် အောက်ပါတားမြစ်ချက် တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်းမရှိလျှင် လူမျိုးမရွေး၊ ဇာတိမရွေး၊ ကိုးကွယ်ရာဘာသာမရွေး၊ ကျားမမရွေး အသင်းသားအဖြစ် ပါဝင်ခွင့်ပြုရန် လျှောက်ထားနိုင်သည် –

(က) သာသနာ့ဝန်ထမ်း မဖြစ်ရ၊
(ခ) စိတ်ပေါ့သွပ်သူ မဖြစ်ရ၊
(ဂ) နိုင်ငံရေးအသင်း၊ အဖွဲ့အစည်း သို့မဟုတ် ပါတီဝင်မဖြစ်ရ၊
(ဃ) နိုင်ငံရေးပြစ်မှုဖြင့် ဖြစ်စေ၊ အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် စပ်လျဉ်းသည့် ပြစ်မှုဖြင့် ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသူမဖြစ်ရ၊
(င) မတရားအသင်းအဖြစ် ကြေညာခြင်းခံရသည့်

အသင်း၊ အဖွဲ့အစည်း သို့မဟုတ် ပါတီတွင် ပါဝင်ခဲ့ခြင်းမရှိရ၊

(စ) နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူသူ၊ ထိုအစိုးရ၏ နိုင်ငံသားဖြစ်သူ၊ ထိုအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် ထိုသူတို့ ခံစားခွင့်ရသော အခွင့်အရေးများ ခံစားခွင့်ရှိသူ မဖြစ်ရ။

၈။ ဤအသင်းသည် အမျိုးသားရေးကို ဆောင်ရွက်သည့်အသင်းဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့နေထိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အသင်းတွင် အသင်းသားအဖြစ် ဆန္ဒအလျောက် ပါဝင်ခွင့်ရှိသည်။

၉။ အသင်းသား အမျိုးအစားမှာ အောက်ပါအတိုင်း နှစ်မျိုး ခွဲခြားထားရှိသည် –

(က) အရွယ်ရောက်ပြီးသည့် သက်ကြီးအသင်းသား၊

(ခ) အရွယ်မရောက်သေးသည့် သက်ငယ်အသင်းသား။

၁၀။ အသက် ၁၈ နှစ်ပြည့်ပြီးသူများသည် သက်ကြီးအသင်းသားအဖြစ် ပါဝင်ခွင့်ရှိသည်။ သက်ကြီးအသင်းသားသည် သတ်မှတ်ထားသည့် လစဉ်ကြေးပေးရမည်။ လစဉ်ကြေး ပေးရန် အခက်အခဲရှိသည့် အသင်းသားအား လစဉ်ကြေးပေးခြင်းကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအသင်းသည် မြို့နယ်အသင်း၏ ခွင့်ပြုချက်ရယူပြီး ကင်းလွတ်ခွင့် ပြုနိုင်သည်။

၁၁။ အသက် ၁၀ နှစ်ပြည့်ပြီးသော်လည်း အသက် ၁၈ နှစ် မပြည့်သေးသောသူများသည် မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိလျှင် သက်ငယ်အသင်းသားအဖြစ်ပါဝင်ခွင့်ရှိသည်။ သက်ငယ်အသင်းသားသည် လစဉ်ကြေးပေးရန် မလိုပါ။ ထိုသက်ငယ် အသင်းသားသည် အသက် ၁၈ နှစ်ပြည့်သည့် အခါ လစဉ်ကြေးပေးသွင်းခြင်းအားဖြင့် သက်ကြီးအသင်းသားအဖြစ် အလိုအလျောက်ရရှိသည်။

၁၂။ သက်ကြီးအသင်းသားသည် လည်းကောင်း၊ သက်ငယ်အသင်းသားသည် လည်းကောင်း အသင်းဝင်ကြေးပေးရန်မလိုပါ။

၁၃။ အသင်းသားအဖြစ် ပါဝင်လိုလျှင် သတ်မှတ်ထားသည့် ပုံစံတွင် လိုအပ်သည်တို့ကို ဖြည့်သွင်း၍ လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု အသင်းသို့ လျှောက်လွှာတင်သွင်းရမည်။ လျှောက်လွှာ လက်ခံရရှိလျှင် သက်ဆိုင်ရာအသင်း အမှုဆောင်အဖွဲ့သည် လျှောက်လွှာပါအချက် အလက်များ မှန်ကန်ခြင်းရှိမရှိနှင့် အပိုဒ် ၇ ပါ တားမြစ်ထားချက် တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်း ရှိမရှိ စိစစ်၍ မှန်ကန်ကြောင်းနှင့် ငြိစွန်းခြင်း မရှိကြောင်း တွေ့ရှိလျှင် သက်ဆိုင်ရာမြို့နယ်အသင်း အလုပ်အမှုဆောင် အဖွဲ့သို့ ထောက်ခံတင်ပြရမည်။

၁၄။ ထိုတင်ပြချက်ကို သက်ဆိုင်ရာ မြို့နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့သည် ထပ်မံစိစစ်၍ မှန်ကန်ကြောင်းနှင့် ငြိစွန်းခြင်းမရှိကြောင်း တွေ့ရှိလျှင် ထိုလျှောက်ထားသူအား အသင်းသားအဖြစ် ဝင်ခွင့်ပြုကြောင်း တင်ပြသည့် အသင်းသို့ သုံးလအတွင်း အကြောင်းပြန်ကြားရမည်။

၁၅။ ယင်းတင်ပြချက်သည် မှန်ကန်ခြင်းမရှိလျှင်ဖြစ်စေ၊ တားမြစ်ချက်တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်းရှိလျှင်ဖြစ်စေ ထိုလျှောက်ထားသူအား အသင်းသားအဖြစ် ဝင်ခွင့်မပြုကြောင်း တင်ပြသည့် အသင်းသို့ သုံးလအတွင်း အကြောင်းပြန်ကြားရမည်။

၁၆။ မြို့နယ်အသင်း၏ ပြန်ကြားချက်သည် အသင်းဝင်ခွင့်ပြုခြင်းဖြစ်ပြီး လျှောက်ထားသူမှာ သက်ငယ်ဖြစ်လျှင် ထိုသက်ငယ်အသင်းသားအား တင်ပြသည့် အသင်းက ကတိသစ္စာပြုစေရမည်။ လျှောက်ထားသူမှာ အသက်ကြီးဖြစ်လျှင် ထိုသက်ကြီးအသင်းသားအား တင်ပြသည့် အသင်းက လစဉ်ကြေးပေးသွင်းစေပြီး ကတိသစ္စာပြုစေရမည်။ ထိုသို့ ဆောင်ရွက်ပြီးက ထိုဝင်ခွင့်ရသူအား အသင်းသားအဖြစ် ဝင်ခွင့်ပြုသည့် လက်မှတ်ထုတ်ပေးရမည်၊ ထိုအသင်းသား၏ အမည်၊ လိပ်စာ စသည်တို့ကို အသင်းသားမှတ်ပုံတင် စာရင်းတွင် တင်ပြသည့် အသင်းက လိုအပ်သလိုဖြည့် သွင်းရမည်။

၁၇။ မြို့နယ်အသင်း၏ ပြန်ကြားချက်သည် အသင်းဝင်ခွင့်မပြုခြင်းဖြစ်က လျှောက်ထားသူအား မည်သည့် အကြောင်းကြောင့် ဝင်ခွင့်မပြုကြောင်း သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုအသင်းက ရှင်းလင်းပြောပြရမည်။

## အခန်း (၈)
## အသင်းသားအဖြစ်မှ နုတ်ထွက်ခြင်းနှင့် ရပ်စဲခြင်း

၁၈။ အသင်းသားတစ်ဦးသည် အကြောင်းတစ်ရပ်ရပ်ကြောင့် အသင်းသားအဖြစ်မှ နုတ်ထွက်လိုလျှင် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုအသင်းသို့ နုတ်ထွက်လွှာတင်သွင်းခြင်းဖြင့် ဆန္ဒအလျောက် နုတ်ထွက်ခွင့်ရှိပါသည်။

၁၉။ အသင်းသားတစ်ဦးသည် အောက်ပါ ချွတ်ယွင်းချက်တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း သက်ဆိုင်ရာ ရပ်ကွက် ကျေးရွာအုပ်စုအသင်း အမှုဆောင်အဖွဲ့မှ သိရှိလျှင် ထိုအသင်းသားအား မှန်မမှန် ရှင်းလင်းစေပြီး မှန်ကန်ကြောင်းတွေ့ရှိက ထိုသူအား အသင်းသားအဖြစ်မှ ရပ်စဲသင့်ကြောင်း သက်ဆိုင်ရာ မြို့နယ်အသင်း၏ အလုပ်အမှုဆောင်အဖွဲ့သို့တင်ပြရမည် –

(က) အသင်းသားတစ်ဦးသည် အသင်း၏ ကတိသစ္စာ သို့မဟုတ် ကျင့်ဝတ် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ခ) အသင်းပျက်စီးရာ ပျက်စီးကြောင်း ပြောဆိုပြုမူခြင်း၊

(ဂ) အကျင့် စာရိတ္တ ပျက်ပြားခြင်း၊

(ဃ) နိုင်ငံရေးပြစ်မှုနှင့် ဖြစ်စေ၊ အကျင့်စာရိတ္တ ပျက်ပြားခြင်းနှင့် စပ်လျဉ်းသည့် ပြစ်မှုနှင့်ဖြစ်စေ ပြစ်မှုထင်ရှား စီရင်ခံရခြင်း၊

(င) နိုင်ငံရေးအသင်း၊ အဖွဲ့အစည်း သို့မဟုတ် ပါတီ တစ်ခုခုတွင် ပါဝင်ခြင်း။

၂၀။ သက်ဆိုင်ရာ မြို့နယ်အသင်း၏ အလုပ်အမှုဆောင်အဖွဲ့သည် ထိုတင်ပြချက်ကို ထပ်မံစိစစ်၍ မှန်ကန်ကြောင်း တွေ့ရှိလျှင် ထိုသူအားအသင်းသားအဖြစ်မှ ရပ်စဲရန် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုအသင်းသို့ညွှန်ကြားရမည်။ ထိုညွှန်ကြားချက်ရရှိလျှင် သက်ဆိုင်ရာ ရပ်ကွက် ကျေးရွာအုပ်စုအသင်းသည် ထိုသူအား အသင်းသားအဖြစ်မှ မည်သည့် အကြောင်းကြောင့် ရပ်စဲကြောင်း စာဖြင့် အကြောင်းကြားရမည်။

၂၁။ အသင်းသား တစ်ဦးဦး အသင်းသားအဖြစ်မှ ဆန္ဒအလျောက် နုတ်ထွက်လျှင်ဖြစ်စေ၊ ချို့ယွင်းချက် တစ်ရပ်ရပ်ကြောင့် အသင်းသားအဖြစ်မှ ရပ်စဲလျှင်ဖြစ်စေ ထိုနုတ်ထွက် သို့မဟုတ် ရပ်စဲသည့်အသင်းသား၏ အမည်ကို အသင်းသား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။ ထိုသို့နုတ်ထွက်သည့်သို့မဟုတ်ရပ်စဲသည့်အသင်းသားသည် အသင်းသို့ပြန်လည်ဝင်ခွင့် မရှိပါ။

## အခန်း (၉)
## အသင်းများဖွဲ့စည်းခြင်း
## နှင့်
## ကြီးကြပ်ခြင်း

၂၂။ အခြေခံအသင်းများကို ရပ်ကွက်အလိုက်၊ ကျေးရွာအုပ်စုအလိုက်ဖွဲ့စည်းရမည်။ သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ရပ်ကွက်အသင်းများနှင့် ကျေးရွာအုပ်စုအသင်းများ စုစည်း၍မြို့နယ်အသင်းကိုဖွဲ့စည်းရမည်။ သက်ဆိုင်ရာခရိုင်အတွင်းရှိ မြို့နယ်အသင်းများကို စုစည်း၍ ခရိုင်အသင်းဖွဲ့စည်းရမည်။ သက်ဆိုင်ရာခရိုင်အသင်းများကို စုစည်း၍ ပြည်နယ်နှင့် တိုင်းအသင်းများ ဖွဲ့စည်းရမည်။ ပြည်နယ်နှင့် တိုင်းအသင်းများကို စုစည်း၍ ဗဟိုအသင်း ဖွဲ့စည်းရမည်။

၂၃။ ကြီးကြပ်ကွပ်ကဲခြင်းကို ဗဟိုမှ ပြည်နယ်နှင့် တိုင်းအသင်းများကိုလည်းကောင်း၊ ပြည်နယ်နှင့်တိုင်းအသင်းများမှ ခရိုင်အသင်းများကိုလည်းကောင်း၊ ခရိုင်အသင်းများမှ မြို့နယ်အသင်းများကိုလည်းကောင်း၊ မြို့နယ်အသင်းများက ရပ်ကွက်နှင့် ကျေးရွာအုပ်စု အသင်းများကိုလည်းကောင်း အဆင့်ဆင့် ပြုလုပ်ရမည်။

## အခန်း (၁၀)
## နာယကအဖွဲ့

၂၄။ အသင်း၏ ဗဟိုနာယကအဖွဲ့ဝင်များ။

၂၅။ ပြည်နယ်နှင့် တိုင်းအသင်းများ၏ နာယကများ။

## အခန်း (၁၁)
## အထွေထွေအတွင်းရေးမှူး၊
## တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့်
## အတွင်းရေးမှူးအဖွဲ့

၂၆။ ဗဟိုအသင်းတွင် –

(က) အထွေထွေအတွင်းရေးမှူး၊

(ခ) တွဲဖက် အထွေထွေ အတွင်းရေးမှူးနှင့်

(ဂ) အဖွဲ့ဝင်သုံးဦးပါဝင်သော အတွင်းရေးမှူးအဖွဲ့တို့ ပါရှိသည်။

## အခန်း (၁၂)
## အလုပ်အမှုဆောင်အဖွဲ့များ
## နှင့်
## အမှုဆောင်အဖွဲ့များ

၂၇။ ဗဟိုအသင်းတွင် အဖွဲ့ဝင် (၁၅)ဦး ထက်မများသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ထားရှိသည်။

၂၈။ ပြည်နယ် သို့မဟုတ် တိုင်းအသင်းများတွင် အတွင်းရေးမှူး တစ်ဦးနှင့် အဖွဲ့ဝင်ရှစ်ဦး၊ ပေါင်း ကိုးဦး ပါဝင်သော ပြည်နယ်နှင့် တိုင်းအလုပ်အမှုဆောင်အဖွဲ့ ထားရှိသည်။

၂၉။ ခရိုင်အသင်းများတွင် အတွင်းရေးမှူး တစ်ဦးနှင့် အဖွဲ့ဝင် ခြောက်ဦး၊ ပေါင်း ခုနစ်ဦး ပါဝင်သော ခရိုင် အလုပ်အမှုဆောင်အဖွဲ့ ထားရှိသည်။

၃၀။ မြို့နယ်အသင်းများတွင် အတွင်းရေးမှူး တစ်ဦးနှင့် အဖွဲ့ဝင်ခြောက်ဦး၊ ပေါင်း ခုနစ်ဦးပါဝင်သော မြို့နယ် အလုပ် အမှုဆောင်အဖွဲ့ ထားရှိသည်။

၃၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအသင်းများတွင် စည်းရုံးရေးမှူး :တစ်ဦးနှင့် ၊ အဖွဲ့ဝင်နှစ်ဦး၊ ပေါင်း သုံးဦး ပါဝင်သော ရပ်ကွက်နှင့် ကျေးရွာအုပ်စု အမှုဆောင်အဖွဲ့ ထားရှိသည်။

၃၂။ အထက်အပိုဒ် ၂၆ မှ ၃၁ ထိ ပါရှိသည့် ပုဂ္ဂိုလ်များကို ရွေးချယ်တင်မြှောက်ခြင်းဖြင့် တာဝန်ပေးအပ်သည်။ သို့သော် အသင်းစတင်တည်ထောင်သည့် ပထမ ငါးနှစ်တွင်မူ ထိုပုဂ္ဂိုလ်များအား တစ်ဆင့်မြင့်သော အသင်းများက ဗဟို ဦးစီးစနစ်ဖြင့် တာဝန်ပေးအပ်သည်။

## အခန်း (၁၃)
## အလုပ်အမှုဆောင်အဖွဲ့အသီးသီးနှင့် အမှုဆောင်အဖွဲ့အသီးသီးတို့၏ တာဝန်များ

၃၃။ အလုပ်အမှုဆောင်အဖွဲ့အသီးသီးနှင့် အမှုဆောင် အဖွဲ့အသီးသီးတို့၏တာဝန်မှာ အခြေခံအားဖြင့် အောက်ပါ အတိုင်းဖြစ်သည် –

(က) အသင်း၏ ရည်ရွယ်ချက်များ၊ အခြေခံမူများ၊ ကျင့်ဝတ်များနှင့် တာဝန်ဝတ္တရားများကို မိမိတို့ ဒေသအလိုက် ပေါ်ပေါက်နေသည့် အခြေအနေ အချိန်အခါအရ အကောင်အထည်ဖော် ဆောင် ရွက်ရေးအတွက် ဦးစီးဦးဆောင်ပြုရန်၊

(ခ) မိမိ၏ အောက်ရှိအဖွဲ့များကို လိုအပ်သလို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊ အကြံ ဉာဏ်ပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ပေးခြင်းတို့ ပြုရန်၊

(ဂ) မိမိ၏ ဆောင်ရွက်ချက်များကို အထက်အဖွဲ့သို့ အစီရင်ခံရန်နှင့် လိုအပ်ပါက လမ်းညွှန်ချက်၊ အကြံပေးချက်တို့ တောင်းခံရန်၊

(ဃ) အသင်းသားများ၏ လုပ်အားဖြင့် အသင်း ရန်ပုံငွေ ရရှိစေမည့် နည်းလမ်းများရှာဖွေ၍ အသင်းရန်ပုံငွေ စုဆောင်းရန်၊

(င) အသင်းရန်ပုံငွေကို ဗဟိုအသင်းက သတ်မှတ်သည့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်း များနှင့် အညီ ထားရှိသုံးစွဲသုံးစွဲရန်။

၃၄။ အလုပ်အမှုဆောင်အဖွဲ့အသီးသီးနှင့် အမှုဆောင် အဖွဲ့အသီးသီးတို့၏ သက်တမ်းမှာ အောက်ပါအတိုင်း ဖြစ်သည် –

- ဗဟိုအလုပ်အမှုဆောင်အဖွဲ့ – ငါးနှစ်၊
- ကျန်အလုပ်အမှုဆောင်အဖွဲ့များနှင့် အမှု ဆောင်အဖွဲ့များ – နှစ် နှစ်၊

## အခန်း (၁၄)
## ရွေးချယ်တင်မြှောက်ခြင်း နှင့် ဦးဆောင်ခြင်း

၃၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအသင်းများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အသင်းသားများက မိမိ တို့အထဲမှ ရွေးချယ်တင်မြှောက်သည့် အမှုဆောင်အဖွဲ့က ဦးဆောင်သည်။

၃၆။ မြို့နယ်အသင်းများကို သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအသင်း စည်းရုံးရေးမှူးများက မိမိတို့ အသင်းသားများထဲမှ ရွေးချယ်တင်မြှောက်သည့် မြို့နယ် အလုပ်အမှုဆောင်အဖွဲ့ဝင်များက ဦးဆောင်သည်။

၃၇။ ခရိုင်အသင်းများကို သက်ဆိုင်ရာ ခရိုင်အတွင်းရှိ မြို့နယ်အသင်း အတွင်းရေးမှူးများက မိမိတို့အသင်းသား များထဲမှ ရွေး ချယ် တင် မြှောက် သည့် ခရိုင်အလုပ် အမှုဆောင်အဖွဲ့ဝင်များက ဦးဆောင်သည်။

၃၈။ ပြည်နယ် သို့မဟုတ် တိုင်းအသင်းများကို သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းအတွင်းရှိ ခရိုင် အသင်းအတွင်းရေးမှူးများက မိမိတို့ အသင်းသားများထဲမှ ရွေးချယ်တင်မြှောက်သည့် ပြည်နယ် သို့မဟုတ် တိုင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ ဗဟို နာယကအဖွဲ့ဝင်တို့က ဦးဆောင်သည်။

၃၉။ ဗဟို အသင်း ကို ပြည် နယ် နှင့် တိုင်း အသင်း အတွင်းရေးမှူးများက မိမိတို့ အသင်းသားများထဲမှ ရွေးချယ် တင်မြှောက်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ယင်းတို့က မိမိတို့အထဲမှ ရွေးချယ်တင်မြှောက်သည့် အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့်

အတွင်းရေးမှူးအဖွဲ့ဝင်များက ဗဟိုနာယကအဖွဲ့ဝင်များ၏ လမ်းညွှန်မှုခံယူ၍ ဦးဆောင်သည်။

၄၀။ အထက်အပိုဒ် ၃၅ မှ ၃၉ ထိ ပါရှိသည့် ရွေးချယ်တင်မြှောက်ခြင်းတို့ ထမြောက်မှုမရှိသည့် အလုပ်အမှုဆောင်အဖွဲ့ သို့မဟုတ် အမှုဆောင်အဖွဲ့ကို သင့်လျော်သောအသင်းသားများဖြင့် တစ်ဆင့်မြင့်သော အသင်းက ဖွဲ့စည်း၍ တာဝန်ပေးအပ်သည်။

၄၁။ အသင်းစတင် တည်ထောင်သည့် ပထမ ငါးနှစ်တွင်မူ အထက်အပိုဒ် ၃၅ မှ ၃၉ ထိ ပါရှိသည့် ရွေးချယ်တင်မြှောက်ခြင်းတို့ကို မပြုဘဲ တစ်ဆင့်မြင့်သော အသင်းများက ဗဟိုဦးစီးစနစ်ဖြင့် တာဝန်ပေးအပ်သည်။

## အခန်း (၁၅)
## အစည်းအဝေးများ

၄၂။ အလုပ်အမှုဆောင်အဖွဲ့အသီးသီးသည် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို လည်းကောင်း၊ အမှုဆောင်အဖွဲ့အသီးသီးသည် အမှုဆောင်အဖွဲ့ အစည်းအဝေးကို လည်းကောင်း ပုံမှန်အားဖြင့် တစ်လလျှင် တစ်ကြိမ်ကျင်းပရမည်။ အထူးကိစ္စ သို့မဟုတ် အရေးပေါ်ကိစ္စ ပေါ်ပေါက်လျှင်လည်း အထူး သို့မဟုတ် အရေးပေါ် အစည်းအဝေးကို လိုအပ်သလို ကျင်းပရမည်။

၄၃။ သင်းလုံးကျွတ်အစည်းအဝေးကို ပုံမှန်အားဖြင့် အောက်ပါအတိုင်းကျင်းပရမည် –

- ဗဟိုအသင်းသည် ငါးနှစ်လျှင် တစ်ကြိမ်၊
- ကျန်အသင်းများသည် နှစ် နှစ်လျှင် တစ်ကြိမ်။

၄၄။ အထူးကိစ္စ သို့မဟုတ် အရေးပေါ် ကိစ္စပေါ်ပေါက်လျှင် အထူး သို့မဟုတ် အရေးပေါ် သင်းလုံးကျွတ် အစည်းအဝေးကို လိုအပ်သလို ကျင်းပရမည်။

၄၅။ သင်းလုံးကျွတ် အစည်းအဝေးကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအသင်းဖြစ်လျှင် သက်ဆိုင်ရာ အမှုဆောင်အဖွဲ့က ခေါ်ယူကျင်းပရမည်။ ကျန်အသင်းများဖြစ်လျှင် သက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့က ခေါ်ယူကျင်းပရမည်။

၄၆။ သင်းလုံးကျွတ် ပုံမှန် အစည်းအဝေးကျင်းပလျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအသင်းဖြစ်က သက်ဆိုင်ရာ အမှုဆောင်အဖွဲ့ကလည်းကောင်း၊ ကျန်အသင်းများဖြစ်က သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့ကလည်းကောင်း မိမိဆောင်ရွက်ချက် အစီရင်ခံစာ၊ ရငွေသုံးငွေစာရင်းရှင်းတမ်းနှင့် ရှေ့လုပ်ငန်းစဉ်တို့ကို တင်ပြရမည်။ ထိုတင်ပြချက်များကို အစည်းအဝေးက လိုအပ်သလို ဆွေးနွေးပြီး ဆုံးဖြတ်ချက်ချမှတ်ရမည်။

၄၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အသင်း၏ သင်းလုံးကျွတ် ပုံမှန်အစည်းအဝေးတွင် သက်ဆိုင်ရာ အမှုဆောင်အဖွဲ့အသစ်ကိုလည်းကောင်း၊ ကျန်အသင်းများ၏ သင်းလုံးကျွတ် ပုံမှန်အစည်းအဝေးတွင် သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့အသစ်ကိုလည်းကောင်း ရွေးချယ်တင်မြှောက်ရမည်။ သို့သော် အသင်းစတင်တည်ထောင်သည့် ပထမ ငါးနှစ်တွင်မူ တစ်ဆင့်မြင့်သော အသင်းများက ဗဟိုဦးစီးစနစ်ဖြင့် တာဝန်ပေးအပ်သည်။

၄၈။ အထူးနှင့် အရေးပေါ် အစည်းအဝေးတွင် သက်ဆိုင်ရာ အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့သည် အစည်းအဝေးခေါ်ရခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စကိုသာ တင်ပြပြီး အစည်းအဝေး၏ ဆွေးနွေးဆုံးဖြတ်ချက် ရယူရမည်။

## အခန်း (၁၆)
## အသင်း၏ဌာနချုပ်

၄၉။ ဗဟိုအသင်း၏ ဌာနချုပ်ကို ရန်ကုန်မြို့ရှိ မြို့တော်ခန်းမတွင် ယာယီထားရှိသည်။

## အခန်း (၁၇)
## အသင်းတံဆိပ်

၅၀။ အသင်း၏ တံဆိပ်သည် အောက်ပါအတိုင်း ဖြစ်သည် –

- အစိမ်းခံ စတုဂံ (အလျား ၂ ၁/၂ လက်မ × အနံ ၃ ၁/၄ လက်မ) တွင် အနီခံဒိုင်းပါရှိပြီး ဒိုင်း၏ ဘေးပတ်လည်၌ ရွှေဝါရောင် သပြေခက်များ ပါရှိသည်၊
- ဒိုင်းအတွင်း၌ ခြသေ့ထိုင်နေပုံကို မြန်မာ့ရိုးရာကောက်ကြောင်းဖြင့် ရေးထားပါသည်၊
- ဒိုင်းပုံ၏ ထိပ်တည့်တည့်တွင် အဖြူရောင် ကြယ်တစ်လုံး ပါရှိသည်၊
- ဒိုင်းပုံ၏ အောက်ဘက် အနီရောင်ထဲတွင် အသင်း၏ဆောင်ပုဒ်ဖြစ်သော "စိတ်ဓာတ်၊ စည်းကမ်း၊ ကြံ့ခိုင်၊ စည်းလုံး" ကို အဖြူရောင်ဖြင့် ရေးသားထားပါသည်။




## အခန်း (၁၈)
## အသင်းအလံ

၅၁။ အသင်း၏ အလံသည် အောက်ပါအတိုင်း ဖြစ်သည် -

- အလံ၏ အရွယ်အစားမှာ အလျား ၁၀ ပေ၊ အနံ ၆ ပေရှိသော အစိမ်းရောင်တွင် လက်ဝဲဘက်အပေါ်ထောင့်၌ အနီရောင်အခန်း ရှိသည်။ ထိုအခန်း၏ အရွယ်မှာ အလျား ၄ ပေ၊ အနံ ၃ ပေ ဖြစ်သည်။ ထို အနီရောင်အခန်း၏ အလယ်တည့်တည့်တွင် အမြင့် ၁ ပေ ၈ လက်မရှိသော ငါးထောင့် ကြယ်ဖြူ တစ်လုံးရှိသည်၊
- အစိမ်းရောင်၏ သဘောမှာ အေးချမ်းသာယာခြင်းဖြစ်သည်၊
- အနီရောင်၏ သဘောမှာ ရဲစွမ်းသတ္တိရှိခြင်း ဖြစ်သည်၊
- ကြယ်ဖြူတစ်လုံး၏ သဘောမှာ တလုံးတစည်းတည်းရှိသော ပြည်ထောင်စု နိုင်ငံတော်ဖြစ်ခြင်း၊ ကြယ်တို့၏ ဂုဏ်ထူး ဝိသေသဖြစ်သော ကိုယ်ပိုင်အလင်းရှိခြင်း၊ မိမိ ခရီးလမ်းကို ဖြောင့်တန်းစွာသွားလေ့ရှိခြင်းတို့ ဖြစ်ပါသည်။

## အခန်း (၁၉)
## အသင်း၏ဆောင်ပုဒ်

၅၂။ အသင်း၏ ဆောင်ပုဒ်သည် အောက်ပါအတိုင်း ဖြစ်သည် -

- စိတ်ဓာတ်၊ စည်းကမ်း၊ ကြံ့ခိုင်၊ စည်းလုံး။

## အခန်း (၂၀)
## မှတ်ပုံတင်ခြင်း

၅၃။ အသင်းမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်က အခါအားလျော်စွာ ပြဋ္ဌာန်းသည့် ဥပဒေပါ သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ရမည်။

## အခန်း (၂၁)
## စည်းမျဉ်းများပြဋ္ဌာန်းခြင်းနှင့် ပြင်ဆင်ခြင်း

၅၄။ အသင်း၏ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အသင်းအတွက်လိုအပ်မည့် စည်းမျဉ်းများကို အသင်း၏ ရည်ရွယ်ချက်များနှင့် လည်းကောင်း၊ အသင်း၏ အခြေခံမူများနှင့် လည်းကောင်း မဆန့်ကျင်ဘဲရေးဆွဲပြီး ဗဟိုအသင်း၏ သင်းလုံးကျွတ် ပုံမှန်အစည်းအဝေးတွင် ဖြစ်စေ၊ အထူး သို့မဟုတ် အရေးပေါ် အစည်းအဝေးတွင် ဖြစ်စေ တင်ပြရမည်။ ထိုသို့ တင်ပြသည့် စည်းမျဉ်းကို ဗဟိုအသင်း၏ သက်ဆိုင်ရာသင်းလုံးကျွတ် အစည်းအဝေးသည် လိုအပ်သလို ဆွေးနွေးပြင်ဆင်ပြီး ပြဋ္ဌာန်းပေးရမည်။

၅၅။ အသင်း၏ အခြေခံစည်းမျဉ်းကိုဖြစ်စေ၊ အသင်း၏ အခြားစည်းမျဉ်းများကို ဖြစ်စေ ပြင်ဆင်ရန်ရှိက အသင်း၏ရည်ရွယ်ချက်များနှင့် လည်းကောင်း၊ အသင်း၏ အခြေခံမူများနှင့် လည်းကောင်း မဆန့်ကျင်ဘဲ လိုအပ်သည့် ပြင်ဆင်ချက်ကို အသင်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ရေးဆွဲပြီး ဗဟိုအသင်း၏ သင်းလုံးကျွတ် ပုံမှန်အစည်းအဝေး၊ အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး တစ်ရပ်ရပ်တွင် တင်ပြရမည်။ ထိုသို့ တင်ပြသည့် စည်းမျဉ်း ပြင်ဆင်ချက်ကို ဗဟိုအသင်း၏ သက်ဆိုင်ရာ သင်းလုံးကျွတ် အစည်းအဝေးသည် လိုအပ်သလို ဆွေးနွေး ပြင်ဆင်ပြီး ပြဋ္ဌာန်းပေးရမည်။

**အသင်းများအဆင့်ဆင့်ဖွဲ့စည်းပုံ**

**ဗဟိုအသင်း**

(နာယကအဖွဲ့၊
အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့်
အတွင်းရေးမှူးအဖွဲ့၊
ဗဟိုအလုပ်အမှုဆောင်အဖွဲ့)

|

**ပြည်နယ်နှင့်တိုင်းအသင်းများ**

(အလုပ်အမှုဆောင်အဖွဲ့)

|

**ခရိုင်အသင်းများ**

(အလုပ်အမှုဆောင်အဖွဲ့)

|

**မြို့နယ်အသင်းများ**

(အလုပ်အမှုဆောင်အဖွဲ့)

**ရပ်ကွက်အသင်းများ**
(အမှုဆောင်အဖွဲ့)

**ကျေးရွာအုပ်စုအသင်းများ**
(အမှုဆောင်အဖွဲ့)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို အောက်တိုဘာ ၉ ရက်နေ့ နံနက် ၈ နာရီ၌ မြို့တော်ခန်းမတွင် ခမ်းခမ်းနားနား ကျင်းပသည်။ အခမ်းအနားသို့ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးမောင်အေး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူထုလူတန်းစားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များနှင့် ဖိတ်ကြားထားသူများ၊ ပြည်သူလူထု စုစုပေါင်း ၅၀၀၀ ကျော် တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဆိုင်းဘုတ်တင်ပွဲနှင့် ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကိုနံနက်၉နာရီ၌ ရန်ကုန်မြို့တော်ခန်းမတွင် ဆက်လက်ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ သံဃာတော်များအား ဆွမ်းနှင့် လှူဖွယ်များ ဆက်ကပ်လှူဒါန်း၊ ရေစက်သွန်းချ၊ အမျှပေးဝေသည်။

သံဃာတော်များအား ဆွမ်း ဆက် ကပ် လှူ ဒါန်း ပွဲပြီးသည့်နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နံနက်ပိုင်းကမြို့တော်ခန်းမရှေ့တွင်အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဆိုင်းဘုတ်ကြီးကို စစ်ဆေးကြည့်ရှုခဲ့ပေသည်။

**ဦးအုန်းလွင်**



# ဗိုင်းရပ်စ် အသည်းရောင် အသားဝါရောဂါ (ဘီ)

ယခုအခါတွင် အသည်းရောဂါကို ဖြစ်စေနိုင်သော ဗိုင်းရပ်စ် အမျိုးပေါင်းငါးမျိုးရှိသည်ဟုသိရှိထား၏။ ၄င်းတို့မှာ –

(၁) အေအမျိုးအစားဗိုင်းရပ်စ် ရောဂါပိုး
(၂) ဘီအမျိုးအစားဗိုင်းရပ်စ် ရောဂါပိုး
(၃) စီအမျိုးအစားဗိုင်းရပ်စ် ရောဂါပိုး
(၄) ဒီအမျိုးအစား (ခေါ်) ဒယ်လတာဗိုင်းရပ်စ် ပိုးနှင့်
(၅) အီး. အမျိုးအစားဗိုင်းရပ်စ် ရောဂါပိုးတို့ဖြစ်သည်။

(စီ) အမျိုးအစားနှင့် (အီး) အမျိုးအစားဗိုင်းရပ်စ်ပိုးတို့ကို (အေ) မဟုတ် (ဘီ) မဟုတ် ဗိုင်းရပ်စ်ပိုးများဟု ယခင်ကခေါ်ခဲ့ကြသည်။ ယင်းတို့သည်တစ်မျိုးနှင့်တစ်မျိုး နီးစပ်မှုရှိကြသော်လည်း တူညီခြင်းမရှိကြချေ။ ကူးစက်ပုံ ကူးစက်နည်းနှင့် ရောဂါကြောင့်ထပ်ဆင့်ဖြစ်ပွားသော ရောဂါလက္ခဏာများလည်းကွာခြားကြသည်။

ယင်းသို့ ရောဂါအမျိုးအစားအသီးသီးရှိကြသည့်အနက် မြန်မာ နိုင်ငံ၌ အဖြစ်များပြီး အသည်းကင်ဆာရောဂါနှင့် ဆက်သွယ်နေသော ယခုဖော်ပြမည့်အသည်းရောင် အသားဝါ (ဘီ) အမျိုးအစားကို လူတိုင်းသိရှိသင့်သည်ဟု ထင်ပါသည်။

## ရောဂါဖြစ်စေသောအကြောင်းရင်း

အီလက်ထရွန်မှန်ဘီလူးအောက်တွင်သာ မြင်တွေ့နိုင်သော အလွန်သေးငယ်သည့် ဗိုင်းရပ်စ်ရောဂါပိုးကြောင့် ကူးစက်ဖြစ်ပွားခြင်းဖြစ်သည်။ အသည်းထဲတွင် ဝင်ရောက်နေသောရောဂါပိုးကိုရှာဖွေရန်မလွယ်ပါ။ ဤပညာအတွက် အထူးလေ့လာထားသော သုတေသီပညာရှင်များသာတွေ့မြင်နိုင်သော ရောဂါပိုးဖြစ်သည်။ သို့သော်သာမန်ဓာတ်ခွဲခန်းများ၌ HBsAg ဒြပ်ပေါင်းကို ရောဂါပိုးသယ်ဆောင်သောပုဂ္ဂိုလ်များ၌ အလွယ်တကူ စစ်ဆေးတွေ့ရှိနိုင်သည်။ မြန်မာနိုင်ငံတွင် သွေးလှူရှင်များအား ဤရောဂါပိုး၏ ပဋိပစ္စည်း HBsAg ပါရှိခြင်း ရှိ/မရှိကို ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေး ပေးလျက်ရှိသည်။

## ရောဂါကူးစက်ခံရသောလူတန်းစားများ

ဤရောဂါသည် လူသားတို့၏ သွေးနှင့်တိုက်ရိုက်တွေ့နေကြ သော လူတန်းစားတို့၌ ဤရောဂါဖြစ်ပွားသည့်နှုန်းမြင့်သည်။ ဤရောဂါပိုးသည် လူသားတို့၏ သွေးအပြင်တံတွေးနှင့် ယောက်ျား တို့၏ သုက်ရည်တွင်လည်းပါရှိသည်။ ထို့ကြောင့် ဤရောဂါမှာ အေအိုင်ဒီအက်စ် ရောဂါပြန့်ပွားပုံပြန့်ပွားနည်းနှင့် နီးစပ်သည်။ မိန်းမလျာများ၊ ပြည့်တန်ဆာများနှင့် မူးယစ်ဆေးထိုးခံရသူများ၊ သွေးသွင်းဆေးကုသခံယူသူများတွင် ပိုပြီးဖြစ်ပွားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းခြေအရ ယနေ့ကမ္ဘာ့တွင် ရောဂါပိုးရှိနေသူပေါင်းသန်း ၃၀၀နှင့် တစ်နှစ်လျှင် ဤရောဂါကြောင့် အသက်သေဆုံးသူပေါင်း



**အသားဝါအသည်းရောင်(ဘီ)အမျိုးအစားကို ဖြစ်စေတတ်သော ဗိုင်းရပ်စ်ရောဂါပိုးကို အီလက်ထရွန်မှန်ဘီလူးအောက်တွင် မြင်တွေ့ရသောပုံ**

နှစ်သန်းခန့် ရှိမည်ဟုခန့်မှန်းထားကြသည်။ အသေးစိတ်စာရင်းအားဖြင့် အသည်းရောင်အသားဝါအပြင်းအထန်ဖြစ်ပွားနေသူ လူတစ်သိန်း၊ အသည်းရောင် အသားဝါသာမန်အဆင့် ဖြစ်ပွားနေသူငါးသိန်း၊ နာတာရှည်အသည်းရောဂါဖြစ်နေသူ လေးသိန်း၊ အသည်းကင်ဆာဖြစ်ပွားနေသူသုံးသိန်း၊ အသည်းကြွပ်နှာ(ဝါ) အသည်းကျွမ်းနေသူ ခုနစ်သိန်းရှိမည်ဟု ခန့်မှန်းထားရာယင်းဝေဒနာအားလုံးသည် အသည်းရောင်အသားဝါ (ဘီ) အမျိုးအစားနှင့် ဆက်သွယ်နေသဖြင့် ဤရောဂါအကြောင်းကို လူတိုင်းကြားသိထားသင့်ပါသည်။ ဤရောဂါသည် အာဖရိကတိုက်တွင် အများဆုံးဖြစ်ပွားနေသည်။ အရှေ့တောင်အာရှနိုင်ငံများဖြစ်သော တရုတ်၊ ထိုင်း၊ ဂျပန်၊ မလေး ရှား ၊ မြန်မာစသည့် နိုင်ငံအားလုံး၌လည်း အတော်အတန်ပြန့်ပွားလျက်ရှိနေပါသည်။ ဥရောပတိုက်မှနိုင်ငံများနှင့် အမေရိကန်စသည့်နိုင်ငံတို့၌မူ ရောဂါပြန့်ပွားသည့်နှုန်းနိမ့်သည်။

### ဖြစ်ပေါ်လာတတ်သော ရောဂါလက္ခဏာများ

အချို့မှာရောဂါကူးစက်ခံရသော်လည်း မည့်သည့်လက္ခဏာမှမဖြစ်ပေါ်ဘဲ မိမိမှာရောဂါကူးစက်ခံလိုက်ရသည်ကို မသိလိုက်ဘဲ အလိုလိုရောဂါကင်းစင်သွားသူတွေလည်းမနည်းပါ။ အချို့မှာ အသည်းရောင်အသားဝါလက္ခဏာများကို အပြင်းအထန်ခံစားရပြီး တစ်ဆက်တည်းဆိုသလို အသက်သေဆုံးသွားတတ်သည်။ လူအချို့မှာ မအီမသာဖြစ်ပြီး ဆရာဝန်ဆီသွားရာက ဆရာဝန်က အသည်းစွမ်းအင်ကို Liver Function Test ဖြင့် စစ်ဆေးတော့မှ အသည်းများချို့ယွင်းနေသည်ကို တွေ့ရတတ်သည်။

လူအချို့တွင် အသည်းရောင်အသားဝါ ပြည့်ပြည့်ဝဝဖြစ်ပေါ်သည်။ ထိုရောဂါသည်မျိုးဆိုလျှင် ရင်ဘတ်ညာဘက်အသည်းတည်နေရာမှ အောင့်နေတတ်သည်။ မျက်လုံးမှာဝါလာတတ်သည်။ ဆီးမှာဝါလာသည်။ မစားချင်၊ မသောက်ချင်ဘဲတစ်လ၊နှစ်လ၊ သုံးလအထိ ဝေဒနာခံစားရတတ်သည်။ ထို့နောက် ပျောက်ကင်းသွားသူများလည်း မနည်းပါ။

အချို့၌မူ ရောဂါကူးစက်ခံရပြီး သုံးနှစ်မှ ငါးနှစ်အထိကြာမှ အသည်းမှာနာတာရှည်ရောင်ရမ်းနေတတ်သည်။ ဤသို့သောဝေဒနာများ၌မူအသားဝါလက္ခဏာ တိတိကျကျမပေါ်တော့ဘဲ အသည်း၏စွမ်းပကားကိုစစ်ဆေးသည့်အခါ၌သာ ပျက်စီးစပြုနေသည်ကိုသာတွေ့ရတတ်သည်။

အချို့တွင်အသည်းကင်ဆာရောဂါမှာ ရုတ်တရက်ပေါ်လာသည်။ ထိုအချိန်သွေးကိုစစ်လိုက်တော့မှ ဤရောဂါပိုး၏ ပဋိပစ္စည်းကိုရှာဖွေတွေ့ရှိရသည်။ ရောဂါသည်အချို့မှာမူ နာတာရှည်အရက်သမားတစ်ယောက်နှင့်မခြား အသည်းကြွပ်နှာ (ဝါ) အသည်းကျွမ်းသည့်ဝေဒနာကိုခံစားရသည်။ ဝမ်းဗိုက်တွင် ရေများစုလာရာမှ မကြာခဏဖောက်ပေးရင်းနှင့် ကာလကြာသောအခါလူမှာ တဖြည်းဖြည်းနုံးချွေလာပြီး အသက်ပါသွားတတ်သည်။ လူအချို့မှာအရက်ကို လုံးဝမသောက်ပါဘဲ အသည်းကြွပ်နှာဝေဒနာကိုခံစားရခြင်းမှာ ဤအသည်းရောင်အသားဝါပိုးကြောင့်ဖြစ်ရပါသည်။

အကြမ်းအားဖြင့် ဤရောဂါ၏ရောဂါပျိုးရက်မှာ ရက် ၄၀ မှ ၁၈၀ အတွင်းဖြစ်သည်။ ကလေးဘဝတွင် ဤရောဂါစတင်ဖြစ်ပွားပြီးဆိုပါက ကလေး ၉၅ ရာခိုင်နှုန်းမှာ ရောဂါပိုးကို သယ်ဆောင်ဖြန့်ဖြူးသူများအဆင့်ကို ရောက်သွားကြသည်။ ရောဂါပိုးကိုသယ်ဆောင်ရင်းသူတစ်ပါးစီကို ရောဂါဖြန့်ဖြူးရင်းနှင့် ရောဂါပိုးသယ်ဆောင်သူ ၁၀၀၀ လျှင် ၂၀၀ ခန့်မှာအသည်း၌ဝေဒနာတစ်မျိုးမျိုးဖြစ်ပေါ်လာကြသည်။ လူ ၄၀ ခန့်တွင် အသည်းကင်ဆာရောဂါစတင်ဖြစ်ပေါ်လာတတ်ကြသည်။ မည်သို့သောလူမျိုးမှာ အသည်းကင်ဆာ ရောဂါဖြစ်လာမည်ဆိုသည်ကိုမူ ကြိုတင်မပြောနိုင်ကြသေးပါ။

အသည်းရောင်အသားဝါ (ဘီ) ရောဂါသည် မိခင်မှရင်သွေးသို့တိုက်ရိုက်ကူးစက်လေ့ရှိသည်။ ဤရောဂါ ၂ည် အသည်းကင်ဆာရောဂါနှင့်ဆက်စပ်နေသည်။ ထို့ကြောင့်

အသည်းကင်ဆာရောဂါသည်မျိုးရိုးလိုက်ပြီး ဖြစ်ပေါ်တတ်သည်ဟု အချို့ကဆိုလေ့ ရှိကြသည်။

## ဤရောဂါကိုကာကွယ်ရန်

ဤရောဂါပိုးကိုရှာဖွေတွေ့ရှိသည်မှာ ကာလမကြာသေးပါ။ ရောဂါကူးစက်ပုံကူးစက်နည်းကိုလည်း တိတိကျကျမသိရသေးပါ။ သို့ကြောင့် ဤရောဂါကို ကာကွယ်ရန်မလွယ်လှပါ။ လူသားတို့၏ သွေးနှင့် တံတွေး၊ သုက်ရည်တို့ကို ရှောင်ကြဉ်ရပါမည်။ တကယ်တမ်းလက်တွေ့ကျတော့မလွယ်လှပါ။

ကံအားလျော်စွာ ဤရောဂါအတွက် ကာကွယ်ဆေးကိုထုတ်လုပ်နိုင်ပြီဖြစ်ပါသည်။ ပထမဆုံးပေါ်လာသောကာကွယ်ဆေးကိုလူ၏ သွေးရည်မှတစ်ဆင့် ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ Plasma Derived Vaccineဟုခေါ်သော ဤဆေးမှာထုတ်လုပ်ရ လွန်စွာခက်ခဲသည်။ ထို့ကြောင့် ကာကွယ်ဆေးတစ်လုံး၏ ဈေးနှုန်းမှာ လည်းဒေါ်လာ ၁၀၀ ခန့်ရှိသည်။

## နောက်ဆုံးပေါ်ကာကွယ်ဆေး

ယခုခေတ်မှာ မော်လီကျူးအဆင့် ဇီဝဗေဒပညာကို အသုံးချပြီးဆေးဝါးများကို ဖောဖောသီသီဈေးနှုန်းချိုသာစွာဖြင့် ထုတ်လုပ်ပေးနိုင်သောခေတ်ကိုရောက်နေပြီဖြစ်သည်။ ဤနည်းပညာဖြင့် ၁၉၈၂ ခုနှစ်မှစပြီး အင်ဆူလင်ဆေးကိုထုတ်လုပ်နိုင်ခဲ့ကြသည်။ ၁၉၈၅ ခုနှစ်တွင်လူသားတို့၏ ခန္ဓာကိုယ်ကိုကြီးထွားစေသော ဟိုမုန်းဆေးကို ထုတ်လုပ်နိုင်ကြသကဲ့သို့ ၁၉၈၆ ခုနှစ်တွင် ကင်ဆာရောဂါက အင်တာဖရွန်ဆေးကို ထုတ်လုပ်နိုင်ခဲ့ကြပြီဖြစ်သည်။ အလားတူပင် ဤအသည်းရောင်အသားဝါရောဂါ (ဘီ) အမျိုးအစားကာကွယ်ဆေးကိုလည်း ယခုအခါ ကျယ်ကျယ်ပြန့်ပြန့် ဖောဖောသီသီထုတ်လုပ်နိုင်မသော ခေတ်ကိုရောက်လာပြီဖြစ်သည်။

ဗိုင်းရပ်စ်ပိုးကို အကျယ်ချဲ့၍ ပန်းချီရေးဆွဲပြထားပုံ



## အသည်းကင်ဆာရောဂါ

### မြန်မာနိုင်ငံအခြေအနေ

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အသည်းကင်ဆာအဖြစ် အများဆုံးဖြစ်သော ၁၀ နိုင်ငံ၌ပါဝင်သည်။ မြန်မာနိုင်ငံရှိ လူဦးရေတစ်သိန်းလျှင် ၁၈ ဒသမ ၅ ယောက်ခန့်သည် အသည်းကင်ဆာဖြစ်လေ့ရှိကြောင်း စာရင်းဇယားများအရသိရှိရသည်။ အသည်းကင်ဆာရောဂါသည်ကမ္ဘာပေါ်တွင်အဖြစ်အများဆုံးကင်ဆာ ၁၀ ခုတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်အဖြစ်အများဆုံး ကင်ဆာရောဂါတစ်ခုလည်းဖြစ်သည်။

### အသည်းကြွပ်နာမှ တစ်ဆင့်ဖြစ်ခြင်း

မြန်မာနိုင်ငံတွင် အသည်းကင်ဆာရောဂါဖြစ်သူ လူဦးရေ၏ ၉၀ ရာခိုင်နှုန်းကျော်မှာ အသည်းကြွပ်နာမှ တစ်ဆင့်ဖြစ်ပွားရခြင်းဖြစ်သည်။ ယောကျ်ားများက မိန်းမများထက် အသည်းကင်ဆာဖြစ်နှုန်းမှာ နှစ်ဆမှ လေးဆအထိပိုမိုများပြားသည်။ ထို့ပြင်ယောကျ်ားများတွင်ဖြစ်သည့်ကင်ဆာများအနက် အသည်းကင်ဆာသည် ဒုတိယအပေါ်များဆုံးဖြစ်၏။

### ဗိုင်းရပ်စ် (ဘီ)

မြန်မာနိုင်ငံတွင်ဖြစ်ပွားသော အသည်းကင်ဆာရောဂါသည် အဓိကအားဖြင့် အသည်းရောင်ရောဂါ (ဘီ) အမျိုးအစားဗိုင်းရပ်စ်ကြောင့်ဖြစ်တတ်ကြောင်း သုတေသနတွေ့ရှိချက်များအရ သိရှိရသဖြင့် အသည်းရောင်ရောဂါ (ဘီ) အမျိုးအစားဖြစ်ပွားခြင်းကို ကာကွယ်နိုင်ပါက အသည်းကင်ဆာဖြစ်ပွားခြင်းကိုလည်း ကာကွယ်နိုင်မည်ဖြစ်ပါသည်။

အသည်းရောင်ရောဂါဖြစ်စေသောဗိုင်းရပ်စ်ပိုးများတွင် ဗိုင်းရပ်စ် အေ၊ ဘီ၊ စီ၊ ဒီ၊ အီး ဟူ၍ ငါးမျိုးရှိရာ (အေ)



လူသားတို့၏ အသည်းမှ ကလာပ်စည်း ထဲသို့ ဗိုင်းရပ်စ်ပိုး ဝင်ရောက်ခွင့်ရသျှင်



ဗိုင်းရပ်စ်ပိုးကပွားများလာပြီး အသည်းကလာပ်စည်းများကိုတစ်ခုပြီးတစ်ခု ဖျက်ဆီးပစ်သည်

အမျိုးအစား အသည်းရောင်ရောဂါမှာ ကလေးများတွင် အဖြစ် များပြီး၊ အသည်း ရောင်ရောဂါပျောက်ကင်းသည်နှင့် လုံးဝနေကောင်းသွားပါသည်။ နာတာရှည် အသည်းရောဂါများဆက်လက်ဖြစ်ပွားခြင်းမရှိပါ။

(အီး) အသည်းရောင်ရောဂါမှာလည်း ဆိုးဝါးသော နာတာရှည် အသည်းရောဂါများဖြစ်ပွားခြင်းလုံးဝ မတွေ့ရပါ။ (စီ) ဗိုင်းရပ်ပိုးကြောင့်ကား နာတာရှည် အသည်းရောဂါနှင့် အသည်းကင်ဆာရောဂါများဖြစ်ပွား နိုင်သည်။ သို့သော်မြန်မာနိုင်ငံတွင် ဤရောဂါအမျိုးတွဲ ဖြစ်ပွားသူနည်းပါသည်။

အသည်းရောင်ရောဂါ (ဘီ) အမျိုးအစားမှာမူ ခြောက်ရာခိုင်နှုန်းခန့်သေဆုံးပြီး ၈၀ ရာခိုင်နှုန်းခန့်မှာ အသည်းရောင်ရောဂါရှင်းရှင်းမပျောက်ဘဲ နာတာရှည် အသည်းရောင်ခြင်း၊ အသဲကြွပ်နာရခြင်းစသည်တို့ ဆက်လက်ဖြစ်ပွားတတ်ပါသည်။ ၁၀ ရာခိုင်နှုန်းခန့်တွင် အသည်းရောင်ရောဂါပျောက်ကင်းသွားသော်လည်း ဗိုင်းရပ်စ်ပိုးမှာမသေဘဲဆက်လက်ကိန်းအောင်း လျက်ရှိသဖြင့် ထိုသူများသည်အသည်းရောင်ရောဂါပိုး (ဘီ) ကို သယ်ဆောင်သူများအဖြစ်ရောက်ရှိသွားပါသည်။ ဗိုင်းရပ်စ် (ဘီ) အမျိုးအစားအသည်းရောင်ရောဂါခံစားနေရသူများနှင့် ဗိုင်းရပ်စ်ပိုးကိုသယ်ဆောင်နေသူများ၏ ကိုယ်ခန္ဓာမှ ထွက်သည့်သွေး၊ ချွေး၊ တံတွေး၊ နို့ရည်၊ မျက်ရည်၊ ကျင်ကြီး၊ ကျင်ငယ်၊ သုက်ရည်စသည့်တို့တွင် အသည်းရောင် ရောဂါပိုးများပါရှိသဖြင့် ၎င်းအရည်များနှင့် အခြားသူတစ်ဦး တစ်ယောက်၏ အရေပြားစူးရှပွန်းပဲ့သောနေရာများနှင့် ထိတွေ့ပါကရောဂါကူးစက် သွားနိုင်ပါသည်။ ထို့ကြောင့် ရောဂါရှိသူနှင့် လက်ပွန်းတတီးနေရသူများလည်း ရောဂါကာကွယ်ဆေးကို ကြိုတင်ထိုးနှံ ထားသင့်ပါ သည်။

## ဤရောဂါမှကင်းဝေးရအောင်

- ရောဂါသည်၏သွေး၊ ဆီး၊ သုက်ရည်တို့ကိုကိုင်တွယ် ရသူ များ အထူးသတိရှိပါ။
- အိမ်တွင် ရောဂါပိုးသယ်ဆောင်သူရှိပါက သွားပွတ်တံ၊ မုတ်ဆိတ်ရိတ်ဓား၊ ဇွန်းခက်ရင်းသီးသန့်သုံးပါ။ လင်မယားဖြစ်ပါက (ကွန်ဒွန်) ဖြင့်ဖုံးဆက်ဆံပါ။
- ရောဂါပြီးသွေးရည်ထိုးဆေး Immunoglobulin ဖြင့် ကာကွယ်၍ရပါသည် ။ သို့သော် ဆေး စွမ်းရည် ခြောက် လသာခံသည်။

- ကာကွယ်ထိုးဆေး Hepatitis B Vaccine ကို အသုံးပြုထားမှ စိတ်ချရမည်။

**ကာကွယ်ဆေး**

လောလောဆယ်အားဖြင့် ဤဆေးကိုရန်ကုန်မြို့၌ တစ်လုံးလျှင် ကျပ်ငွေတစ်ထောင်ကျော်ဖြင့် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။ ကလေးငယ်များကိုသုံးကြိမ်ခွဲပြီး သုံးလုံးထိုးပေးရန်လိုသည်။ ဤရောဂါပိုးနှင့် ထိတွေ့မှုရှိနေတတ်သော ဆရာဝန်၊ ဆရာမများ၊ သိပ္ပံပညာရှင်များ နှင့် ရောဂါပိုးသယ်ဆောင်နေသောယောကျ်ား၊ မိန်းမတို့မှ ခင်ပွန်းသည်၊ ဇနီးသည်များအတွက်လည်း ကာကွယ်ဆေးထိုးထားပေးသင့်သည်။

ဤရောဂါ၏ အန္တရာယ်ကိုကြိုတင်သိရှိရသဖြင့် စင်ကာပူနိုင်ငံတွင် မွေးစကလေးအားလုံးကိုကာကွယ်ဆေးထိုးပေးလျက်ရှိသည်။ တရုတ်နိုင်ငံတွင်လည်း ဤရောဂါကာကွယ်ဆေးကို ပြည်တွင်းမှာသာထုတ်လုပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲရန်စီစဉ်လျက်ရှိနေသည်ကို သိရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်ကလည်း ဤရောဂါကိုကာကွယ်ရန် ဝက်သက်၊ ဆုံဆို့နာ၊ မေးခိုင်စသည့်ကာကွယ်ဆေးများကို ကလေးတိုင်းသို့ထိုးပေးနိုင်ရန် နည်းလမ်းများကို စဉ်းစားနေသည်ဟုသိရသည်။

**ဤကာကွယ်ဆေးနှင့် မြန်မာနိုင်ငံ**

ယနေ့မြန်မာနိုင်ငံတွင် ဗိုင်းရပ်စ်အသည်းရောင်ခြင်းနှင့် ပတ်သက်၍ သုတေသနပြုမှုများကို အာရုံစိုက်ကာလုပ်ကိုင်နေကြသည်။ ဗိုင်းရ်စ် (ဘီ) ပိုးကိုသယ်ဆောင်ထားသူမှာ ၁၀ ရာခိုင်နှုန်းရှိသဖြင့် လူလေးသန်းမှာ ဗိုင်းရပ်စ်(ဘီ)ကို သယ်ဆောင်နေသူများဖြစ်နေကြပေပြီ။ ဗိုင်းရပ်စ်(ဘီ) ကြောင့်အသည်းရောင်ပြီးနောက် အသည်းကြွပ်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းတို့ ဆက်လက်ဖြစ်ပွားနိုင်သည်။ ကြောက်စရာကောင်းသော ဗိုင်းရပ်စ် (ဘီ) ကိုလူတစ်ဦးမှတစ်ဦးမကူးစက်ရန် ဟန့်တားဖို့လိုလာပါပြီ။

စာရေးသူတို့နိုင်ငံတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် တွဲဖက်၍ သုတေသနလုပ်ငန်းများလုပ်ကိုင်လျက်ရှိရာ၊ ဗိုင်းရပ်စ် (ဘီ) အသည်းရောင်အသားဝါကာကွယ်ဆေးကို သွေးရည်ကြည်မှတဆင့် ဖော်ထုတ်နိုင်ခဲ့ပါပြီ။ နှစ်စဉ် သွေးလှူဘဏ်မှ ပေးပို့သော ဗိုင်းရပ်စ် (ဘီ) သွေးရည်ကြည်မှ တစ်ဆင့်ကာကွယ်ဆေးဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ ကာကွယ်ဆေးထုတ်ပြီးနောက် မွေးကင်းစကလေးငယ်များကို ထိုးပေးရန် စီစဉ်နေပါသည်။ ဗိုင်းရပ်စ် (ဘီ) သယ်ဆောင်သူမိခင်မှ ကလေးငယ်များကိုကူးစက်သွားလျှင် အန္တရာယ်ရှိသည်။ ကလေးငယ်များသည် ကြောက်စရာကောင်းသော ဗိုင်းရပ်စ် (ဘီ) သယ်ဆောင်သူများဖြစ်လာကြမည်။ ထိုအန္တရာယ်ဆိုးမှကျော်လွှားနိုင်ရန် ဗိုင်းရပ်စ် (ဘီ) ကာကွယ်ဆေးကို မွေးကာစတွင် တစ်ကြိမ်၊ တစ်လသားတွင် တစ်ကြိမ်၊ ခြောက်လသား တွင်တစ်ကြိမ်ထိုးထားပါက အသည်းရောင်ရောဂါကိုငါးနှစ်ထိ ကာကွယ်နိုင်ကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော ကလေးသူငယ် ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အခြားသော မေးခိုင်၊ ဆုံဆို့၊ ကြက်ညှာကာကွယ်ဆေးများနှင့်အတူ ဗိုင်းရပ်စ် (ဘီ) အသည်းရောင်အသားဝါကာကွယ်ဆေးကိုလည်း ပူးတွဲထိုးပေးနိုင်ရန်ကြိုးပမ်းလျက်ရှိသည်။ ဤကာကွယ်ဆေးကို စာရေးသူတို့နိုင်ငံတွင်ထိုးနိုင်ရန် တစ်နှစ်လျှင် ကာကွယ်ဆေး ၂၁သမ၄ သန်းထုတ်လုပ်ရန်လိုအပ်သည်။

**ရောဂါသယ်ဆောင်ထားသူဖြစ်နေလျှင် ရှောင်ကြဉ်ရန်**

- သွေးလှူခြင်း၊
- သွားပွတ်တံ၊ ဘလိတ်ဓား၊ လက်သည်းညှပ်စသည့် အရေပြားပွန်းစေသည့် ပစ္စည်းများရောနှော သုံးစွဲခြင်း၊
- ရင်သွေးငယ်မွေးစအချိန်တွင် ကာကွယ်မှုပြုရန် ကြိုတင်စီစဉ် ထားခြင်း မပြုဘဲ ကလေးယူခြင်း။

**ရောဂါသယ်ဆောင်ထားသူဖြစ်နေလျှင်လုပ်ဆောင်ရန်**

- ကိုယ်ဝန်ဆောင်သည်နှင့် မိမိသည်ရောဂါ သယ်ဆောင်သူဖြစ်ကြောင်း ဆရာဝန်အား အသိပေးခြင်း၊
- မိမိ၏ ဆရာဝန်အားမှန်မှန်ပြသခြင်း၊
- သင်၏သွေးနှင့်ထိပြီးအသုံးအဆောင်တို့ကို သတိဖြင့် စွန့်ခြင်း၊
- သင့်မိသားစု ခင်ပွန်း/ ဇနီးတို့ကို ကာကွယ်ဆေး ထိုးစေခြင်း။

( ဤစာမူကိုစိစစ်ပေးသော ဆရာဝန်ကြီး ဦးခင်မောင်ဝင်း၊ MBBS, FRCP အသည်းရောဂါအထူးကု၊ ဆေးသုတေသန ဦးစီးဌာနအား ကျေးဇူးတင်ရှိပါသည်။)

ဆရာဝန်တင်ရွှေ


8 THE NEW LIGHT OF MYANMAR Tuesday, 24 August, 1993
ECONOMIC NEWS
Japan's surplus can destroy world economy
Tokyo, 23 Aug—Japan's new Trade Minister warned the action to reduce its surplus the yen could rise again.

# ကမ္ဘာ့စီးပွားရေး

၁၉၉၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် အမ်အင်အေ/ ရိုက်တာမှ ပေါ်ထွက်လာသော သတင်းတစ်ရပ်မှာ ဂျပန်ပို့ကုန် သာလွန်မှုသည် ကမ္ဘာ့စီးပွားရေး အဆောက်အအုံကို ပျက်ပြားစေနိုင်သည်ဟူသော သတင်းပင်ဖြစ်သည်။ အဆိုပါသတင်းတွင် ဂျပန်ပို့ကုန်သာလွန်မှု ဆက်လက်တည်ရှိနေမည်ဆိုပါက ၄င်းသည် ကမ္ဘာ့စီးပွားရေး ပျက်ပြားမှုတွင် အကြောင်းအချက်တစ်ရပ်ဖြစ်ပေမည်။ ဂျပန်နိုင်ငံ အနေဖြင့်လည်း ဒုက္ခရောက်မည်ဖြစ်ကြောင်းကို ငွေကြေးဈေးကွက်က သတိပေး အချက်ပြနေသည်ဟု ဂျပန်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် စက်မှုလက်မှုဝန်ကြီး ဟိရိုရှိကူမာဂါအိက ပြောကြားခဲ့ကြောင်း ဖော်ပြထားပေသည်။

စင်စစ် ထိုအချိန်ကာလအတွင်း၌ ဂျပန်နှင့် ကုန်သွယ်ရာတွင် အမေရိကန်တို့ဘက်မှ လိုငွေပြမှုမှာ မေလအတွင်း ဒေါ်လာသန်းပေါင်း ၃၇၅၀ ရှိခဲ့ရာမှ ဇွန်လတွင် ဒေါ်လာသန်းပေါင်း ၄၃၃၀ အထိ တိုးတက်လာခဲ့သည်။ ထို့ကြောင့် ယန်းငွေတန်ဖိုးမှာ တစ်ဒေါ်လာလျှင် ယန်း ၁၀၀ ဒသမ ၄၀ အထိ တက်ခဲ့ပြီး ကမ္ဘာ့စံချိန်သစ် တင်ခဲ့သည်။ ဤအခြေအနေကိုကြည့်၍ ယန်းငွေတန်ဖိုးသည် ၄င်းထက်ပိုတက်လျှင် ယင်းတို့၏ ထုတ်ကုန်များ မရောင်းရ၍ ဂျပန်နိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်း အမြောက်အမြား ပျက်ပြားကုန်မည်ဟု ဂျပန်ကုန်သည်ကြီးတစ်ဦးက ပြောပြန်သည်။

ကမ္ဘာ့စီးပွားရေး အဆောက်အအုံတွင် အမေရိကန်နှင့် ဂျပန်တို့မှာ အရေးပါကြောင်းကို လူအများပင် သိရှိကြသည်။ သို့သော် ကမ္ဘာ့စီးပွားရေး အဆောက်အအုံသည် မည်မျှကြီးမားသည်၊ အမေရိကန်၊ ဂျပန်၊ စက်မှုလက်မှုနိုင်ငံကြီးများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများသည် မည်သည့်အချိုးအစား အတိုင်းအတာနှင့် ပါဝင်နေသည်၊ ယန်း-ဒေါ်လာ လဲလှယ်နှုန်း ပြောင်းလဲမှုသည် နိုင်ငံအမြောက်အမြားပေါ်တွင် မည်သို့ ဂယက်ရိုက်မှုရှိနိုင်သည် စသည်တို့ကိုမူ လူအများ သိရှိကြမည် မဟုတ်ပေ။ ထို့ကြောင့် ကမ္ဘာ့စီးပွားရေး အဆောက်အအုံမှ အစပြု၍ ကမ္ဘာ့စီးပွားရေး အကြောင်းအရာတို့ကို အနည်းငယ် တင်ပြပါမည်။

## ကမ္ဘာ့စီးပွားရေး အဆောက်အအုံ

ကမ္ဘာ့စီးပွားရေးအဆောက်အအုံ မည်မျှကြီးမားသနည်း။ ဤမေးခွန်းမှာ လွယ်မယောင်နှင့် ခက်သောမေးခွန်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံတိုင်းမှ စီးပွားရေး လုပ်ဆောင်ချက်ဟူသရွေ့ကို တန်ဖိုးသတ်မှတ်ရာ၌ တူညီသောနည်းဖြင့် သတ်မှတ်ရန် လိုသည်သာမက တူညီသောယူနစ် (ငွေ) တစ်စုံတစ်ရာဖြင့် တိုင်းတာဖော်ပြရန် လိုပေသည်။ ကမ္ဘာ့ကုန်စည်နှင့် ဝန်ဆောင်မှုအလုံးစုံတို့ကို ဈေးကွက်တွင် ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်ခြင်းကြောင့် ဈေးကွက်ဈေးနှုန်းများဖြင့် ၄င်းတို့၏ တန်ဖိုးများကို သတ်မှတ်၍ရသည်ဆိုစေကာမူ ဈေးနှုန်းများ နှစ်စဉ်ပြောင်းလဲခြင်းကြောင့် အဆိုပါတန်ဖိုးများသည်လည်း နှစ်စဉ်ပင် ပြောင်းလဲနေမည်ဖြစ်သည်။ သို့ဖြစ်၍ နှစ်တစ်နှစ်၏ ဈေးနှုန်းများကို ပုံမှန်ဈေးနှုန်းအဖြစ် ရွေးချယ်၍ နှစ်အလိုက် ထုတ်လုပ်မှုတန်ဖိုးများကို နှိုင်းယှဉ်ဖော်ပြရန် လိုပေသည်။ ဤတွင် မည်သည့်နှစ်၏ ဈေးနှုန်းများကို ရွေးချယ်သင့်သည်ဟူသော အခက်အခဲရှိသည်သာမက အချိန်ကာလ ကြာမြင့်လာသည့်အခါ၌ "အခြေခံနှစ် (base year) ၏ ဈေးနှုန်းများသည် လတ်တလော အခြေအနေနှင့် ဆက်စပ်မှုမရှိဖြစ်လာနိုင်သောကြောင့် အခြေခံနှစ်အသစ် ရွေးချယ်ရန် လိုအပ်လာခြင်းလည်း ရှိပေသည်။

၁၉၈၀ ဆယ်စုနှစ်များအတွက် ကုလသမဂ္ဂမှ ထုတ်ပြန်သော ကမ္ဘာ့စီးပွားရေးစစ်တမ်း (World Economic Survey) တွင် ကမ္ဘာ့ထုတ်ကုန်အမှန်တန်ဖိုးများကို ဖော်ပြရာ၌ ၁၉၈၀ ပြည့်နှစ်ကို အခြေခံနှစ်အဖြစ် ရွေးချယ်ခဲ့ပေသည်။ သို့သော် အထက်ဖော်ပြပါ အကြောင်းအချက်များကြောင့် ၁၉၉၁ ခုနှစ်နောက်ပိုင်းထုတ် ကမ္ဘာ့စီးပွားရေးစစ်တမ်းများတွင် ၁၉၈၈ ခုနှစ်ကို အခြေခံနှစ်အသစ်အဖြစ် ရွေးချယ်ခဲ့ပေသည်။

၁၉၈၀ ပြည့်နှစ် ဈေးနှုန်းများဖြင့် တွက်ချက်ထားသော ၁၉၈၀ ပြည့်နှစ် ကမ္ဘာ့ထုတ်ကုန်၏တန်ဖိုးသည် ဒေါ်လာ ၁၃ ထရီလီယံ (ဘီလီယံပေါင်း ၁၃၀၀၀) ရှိပေသည်။ အဆိုပါထုတ်ကုန်များကိုပင် ၁၉၈၈ ခုနှစ် ဈေးနှုန်းများဖြင့်

တွက်ချက်သောအခါ အမှန်တန်ဖိုးမှာ ဒေါ်လာ ၁၅ ထရီလီယံရှိကြောင်း တွေ့ရပေသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တို့၏ ငွေကြေးဖောင်းပွမှု အတိုင်းအတာ ကွာခြားမှုများ အပြင် ဈေးနှုန်းအချိုးအစားများ ပြောင်းလဲမှုများလည်း ရှိခဲ့သောကြောင့် ကမ္ဘာ့ထုတ်ကုန်တွင် ဖွံ့ဖြိုးပြီး ဈေးကွက်စီးပွားရေး အဆောက်အအုံများ၏ ပါဝင်မှုမှာ ၁၉၈၀ ပြည့်နှစ်ဈေးနှုန်းများအရ ၆၁ ရာခိုင်နှုန်းမှ ၁၉၈၈ ခုနှစ်ဈေးနှုန်းများအရ ၇၁ ရာခိုင်နှုန်းဖြစ်လာပေသည်။ [ကားချပ် (၁) တွင် ကြည့်ပါ။]

ကားချပ် (၁) တွင် အသွင်ကူးပြောင်းနေ စီးပွားရေး အဆောက်အအုံများ ဆိုသည်မှာ တစ်ချိန်က ဗဟိုစီမံကိန်း ကျင့်သုံးခဲ့ပြီး ယခုအခါ ဈေးကွက်စီးပွားရေး အဆောက်အအုံများအသွင်ကူးပြောင်းနေသော ဆိုဗီယက်နှင့် အရှေ့ဥရောပ နိုင်ငံများကို ဆိုလိုသည်။

၁၉၉၀ ပြည့်နှစ်တွင် ကမ္ဘာ့စီးပွားရေး အဆောက်အအုံ၏ ထုတ်ကုန်တန်ဖိုးသည် ၁၉၈၈ ခုနှစ် ဈေးနှုန်းများအရ ဒေါ်လာ ၂၁ ထရီလီယံ ရှိပေသည်။ ၁၉၉၁ ခုနှစ်နှင့် ၁၉၉၂ ခုနှစ်တို့တွင် ကမ္ဘာ့စီးပွားရေး တိုးတက်မှုမှာ ပြောပလောက်အောင် မရှိသဖြင့် ထိုနှစ်များ၏ ကမ္ဘာ့ထုတ်ကုန်တန်ဖိုးမှာ ၁၉၉၀ ပြည့်နှစ်နှင့် အလားတူနီးပါးဖြစ်သည်။

အထက်ဖော်ပြပါ ကမ္ဘာ့ထုတ်ကုန်တန်ဖိုးများသည် ကမ္ဘာ့နိုင်ငံအသီးသီးတို့၏ ငွေကြေးဖြင့် တွက်ချက်ထားသော (Gross Domestic Product-GDP) ခေါ် စုစုပေါင်း ပြည်တွင်းထုတ်ကုန်များကို ဈေးကွက်နိုင်ငံခြားငွေ လဲလှယ်မှုနှုန်းများ (market exchange rates) ဖြင့် ဒေါ်လာအသွင်ပြောင်းယူထားသော တန်ဖိုးများဖြစ်သည်။ သို့သော် ဈေးကွက်နိုင်ငံခြားငွေ လဲလှယ်နှုန်းများသည် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံအသီးသီးမှ ငွေကြေး၏ ဝယ်နိုင်စွမ်းအား (Purchasing Power Parity-PPP) ကို အမြဲတစေ ကောင်းစွာပေါ်လွင် ထင်ဟပ်မှုရှိစေမည် မဟုတ်ပေ။ နိုင်ငံခြားငွေ လဲလှယ်နှုန်းနှင့် ဝယ်နိုင်စွမ်းအားတို့ ကွဲလွဲနေသော အခြေအနေ အမြောက်အမြားရှိနိုင်သည်။ ထိုအခါ မည်သည့်နည်းဖြင့် နိုင်ငံများ၏ စီးပွားရေး အဆောက်အအုံ အရွယ်အစားကို ဖော်ပြသင့်သနည်းဟူသော ရွေးချယ်မှု ပြဿနာတစ်ရပ် ပေါ်လာပေသည်။

ဆိုလိုသည်မှာ နိုင်ငံခြားငွေဈေးကွက်တွင် တစ်ဒေါ်လာသည် ၁၂ ယွမ်နှင့် လဲလှယ်ရသည်ဟုဆိုလျှင် ယွမ်ဖြင့် ဖော်ပြထားသော တရုတ်နိုင်ငံ (GDP) ကို ၁၂ ဖြင့် စားခြင်းဖြင့် ၄င်းဒေါ်လာ (GDP) အသွင်ပြောင်းနိုင်ပေသည်။ သို့သော် တစ်ဒေါ်လာသည် အမေရိကန်နိုင်ငံတွင် မက်ဒေါ်မာ ဟန်ဘာဂါတစ်ခုမျှသာ ဝယ်ယူနိုင်ပြီး တရုတ်နိုင်ငံတွင်မူ မက်ဒေါ်နာ ဟန်ဘာဂါ၏ ဈေးနှုန်းမှာ ရှစ်ယွမ်ဆိုခဲ့လျှင် တစ်ဒေါ်လာ၏ အမှန်တန်ဖိုးသည် (PPP) သဘောအရ ရှစ်ယွမ်နှင့် ညီမျှရမည်ဖြစ်သည်။ ထိုအခါ ယွမ်ဖြင့်ဖော်ပြထားသော တရုတ်နိုင်ငံ၏ (GDP) ကို ရှစ်ဖြင့်စားခြင်းဖြင့် ၄င်းကို ဒေါ်လာ (GDP) အသွင်ပြောင်းနိုင်မည်ဖြစ်သည်။ အကယ်၍ တရုတ်နိုင်ငံ၏ ယွမ် (GDP) သည် သန်းပေါင်း ၂၄၀၀ ဆိုခဲ့သော် နိုင်ငံခြားငွေ လဲလှယ်နှုန်း အခြေပြုအလေးများ (Exchange-rate-based weights) ဖြင့် တွက်ချက်သော ယင်း၏ဒေါ်လာ (GDP) သည် သန်းပေါင်း ၂၀၀ ဖြစ်ပြီး (PPP) အခြေပြုအလေးများ (PPP-based weights) ဖြင့် တွက်ချက်သော ယင်းဒေါ်လာ (GDP) သည် သန်းပေါင်း ၃၀၀ ဖြစ်ပေသည်။ သို့ဖြစ်၍ နိုင်ငံစီးပွားရေး အဆောက်အအုံ အရွယ်အစားကို ကောင်းစွာပေါ်လွင်စေရန်အတွက် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) သည် ယင်း၏ ကမ္ဘာ့စီးပွားရေးအမြင် (World Economic Outlook) တွင် ကမ္ဘာ့ထုတ်ကုန်တန်ဖိုးကို (PPP) အခြေပြုအလေးများဖြင့် တွက်ချက်ရန် ဖော်ပြထားပေသည်။

**ကားချပ် (၁)**

**၁၉၈၀ နှင့် ၁၉၉၀ ပြည့်နှစ်တို့၏ကမ္ဘာ့ထုတ်ကုန်**

**(ဒေါ်လာ ထရီလီယံပေါင်း)**



## ဇယား (၁)

### Comparison of Exchange-Rate-Based Weights and PPP-Based Weights[1]

*(In percent of world GDP)*

| | Exchange-Rate-Based Weights | PPP-Based Weights |
|---|---|---|
| **World** | **100.00** | **100.00** |
| **Industrial countries** | **73.21** | **54.44** |
| Major industrial countries | 63.06 | 46.86 |
| United States | 26.07 | 22.47 |
| Japan | 14.61 | 7.63 |
| Germany[2] | 6.23 | 4.26 |
| France | 4.99 | 3.50 |
| Italy | 4.38 | 3.39 |
| United Kingdom | 4.19 | 3.45 |
| Canada | 2.58 | 2.16 |
| Other industrial countries | 10.15 | 7.58 |
| *Memorandum* | | |
| European Community | 24.81 | 18.51 |
| **Developing countries** | **17.71** | **34.38** |
| By region | | |
| Africa | 1.72 | 4.05 |
| Asia | 7.29 | 17.67 |
| Middle East and Europe | 4.28 | 4.46 |
| Western Hemisphere | 4.42 | 8.21 |
| *Memorandum* | | |
| Four newly industrializing Asian economies (NIEs) | 2.00 | 2.39 |
| By analytical group | | |
| Fuel exporters | 5.26 | 8.04 |
| Nonfuel exporters | 12.45 | 26.35 |
| Net creditors | 3.33 | 2.39 |
| Net debtors | 14.38 | 31.99 |
| **Countries in transition** | **9.07** | **11.18** |
| Former Soviet Union[3] | 7.53 | 8.31 |
| Central Europe | 1.53 | 2.85 |

ကမ္ဘာ့စီးပွားရေး အခြေအနေသည် ၁၉၉၃ ခုနှစ်၏ ပထမနှစ်ဝက်ပိုင်းတွင် အနည်းငယ် ပြန်လည်နာလန်ထူခဲ့ပေသည်။ သို့သော် (GDP) ၏ နှစ်စဉ်တိုးတက်မှုနှုန်းမှာ ၂ ရာခိုင်နှုန်းနီးပါးခန့်သာရှိမည်ဖြစ်ပြီး အားရဖွယ် မကောင်းသေးပေ။ ကောင်းသော လက္ခဏာတစ်ရပ်မှာ ကုန်ဈေးနှုန်း ကျဆင်းတည်ငြိမ်လာခြင်းပင်ဖြစ်သည်။ [ကားချပ် (၂) တွင် ကြည့်ပါ။] ကားချပ် (၂) တွင် အဓိက စီးပွားရေးညွှန်ကိန်း

## ကားချပ် (၂)

### ကမ္ဘာ့ညွှန်ကိန်းများ (ရာခိုင်နှုန်းဖြင့်)




များဖြစ်သော ကမ္ဘာ့အမှန် (GDP) တိုးတက်မှု၊ ကမ္ဘာ့ကုန်သွယ်မှု တိုးတက်မှုနှင့် ငွေကြေးဖောင်းပွမှုနှုန်းများကို ဖော်ပြထားပါသည်။ ထိုကားချပ်၏ (GDP) နှင့် ကုန်သွယ်မှု အပိုင်းများတွင် ၁၉၇၀ ပြည့်နှစ်မှ ၁၉၉၄ ခုနှစ်အထိ ဆွဲထားသော သုညရာခိုင်နှုန်းများ ကိုယ်စားပြု မျဉ်းဖြောင့်များနှင့် မျဉ်းပြိုင်များဖြစ်သော မျဉ်းဖြောင့်များသည် ၁၉၇၀–၁၉၉၂ ခုနှစ်များအတွင်း နှစ်စဉ်ပျမ်းမျှ တိုးတက်မှုနှုန်းများကို ဖော်ပြနေသည်။ ထိုဖော်ပြချက်များအရ ကမ္ဘာ့အမှန် (GDP) ၏ နှစ်စဉ်ပျမ်းမျှ တိုးတက်မှုနှုန်းသည် ၁၉၇၀–၁၉၉၂ ခုနှစ်အတွင်း ၄ ရာခိုင်နှုန်းနီးပါးရှိပြီး ကမ္ဘာ့ကုန်သွယ်မှု၏ နှစ်စဉ်ပျမ်းမျှ တိုးတက်မှုနှုန်းမှာ ၄ ရာခိုင်နှုန်း ရှိကြောင်း တွေ့ရပေမည်။ ကားချပ်တွင် ၁၉၉၂ ခုနှစ်မှစပြီး အရောင်ခြယ်ထားသောအပိုင်းသည် အိုင်အင်အက်ဖ်၏ ခန့်မှန်းခြေ နှစ်စဉ်တိုးတက်မှုနှုန်းများကို ဖော်ပြနေပါသည်။

အဆိုပါ တိုးတက်မှုနှုန်းများသည် ကုလသမဂ္ဂမှ ထုတ်ပြန်သော ၁၉၉၃ ခုနှစ် ကမ္ဘာ့စီးပွားရေးစစ်တမ်း၏ ခန့်မှန်းခြေများထက် အနည်းငယ် မြင့်မားလျက်ရှိပေသည်။ ကမ္ဘာ့စီးပွားရေးစစ်တမ်းအရ ကမ္ဘာ့ထုတ်ကုန်သည် ၁၉၉၃ ခုနှစ်နှင့် ၁၉၉၄ ခုနှစ်တို့တွင် ၁ ဒသမ ၅ နှင့် ၃ ရာခိုင်နှုန်းခန့် အသီးအသီးရှိမည်ဖြစ်သည်။

ကားချပ်(၃)တွင် ကမ္ဘာ့ပို့ကုန်များနှင့် ကုန်စည်ထုတ်လုပ်မှုများ၏နှစ်စဉ်ပျမ်းမျှတိုးတက်မှုနှုန်းများကို ၁၉၅၁ခုနှစ်မှစ၍ ၁၉၉၀ ပြည့်နှစ်အထိ ၁၀ နှစ်စီယှဉ်တွဲဖော်ပြထားပါသည်။ ထိုကားချပ်သည် ကမ္ဘာ့ပို့ကုန်တိုးတက်မှုနှင့် ထုတ်လုပ်မှုတိုးတက်မှုတို့ ဆက်စပ်နေကြောင်းကိုကောင်းစွာဖော်ပြနိုင်စွမ်း ရှိပါသည်။ ၁၉၅၀ ဆယ်စုနှစ်နှင့် ၁၉၆၀ ဆယ်စုနှစ်များတွင် ကမ္ဘာ့စီးပွားရေးမကြုံစဖူးတိုးတက်ထွန်းကားလာခြင်းမှာတိုးတက်ဖွံ့ဖြိုးပြီးစက်မှုလက်မှုနိုင်ငံများအချင်းချင်း ကုန်သွယ်မှုတွင်တည်ရှိနေသော အကောက်ခွန်နှင့်အခြားပိတ်ပင်တားဆီးမှုများကိုလျှော့ချနိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်ဟု သုံးသပ်နိုင်ပါသည်။ ၁၉၇၀ ဆယ်စုနှင့် ၁၉၈၀ ဆယ်စုနှစ်များ၏တိုးတက်မှုမှာမူတံခါးဖွင့်စီးပွားရေးပေါ်လစီကျင့်သုံးလာသော ဖွံ့ဖြိုးဆဲနိုင်ငံများ တစ်နှစ်ထက် တစ်နှစ်များပြားလာပြီး တိုးတက်အောင်မြင်လာသောကြောင့်ဟု ဆိုနိုင်ပါသည်။

## ကားချပ် (၃)

### ကမ္ဘာ့ပို့ကုန်နှင့်ကုန်စည်ထုတ်လုပ်မှု




သို့သော် ကုန်သွယ်မှု၏အကျိုးကျေးဇူးများကို နှစ်ဦးနှစ်ဖက်အပြန်အလှန်ခံစားနိုင်ရန်အလို့ငှာမျှတသောပြိုင်ဆိုင်မှုရှိရပေမည်။ ထို့ပြင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများလည်း လိုအပ်ပေရာ မိမိနိုင်ငံ၏ပြည်တွင်းရေးရာကိစ္စများကိုပင် အရာရာတိုင်းတွင် မိမိစိတ်ကြိုက်ဆောင်ရွက်၍မရပေ။ လွတ်လပ်စွာလုပ်ပိုင်ခွင့်ကို တစ်စုံတစ်ရာသော အတိုင်းအတာဖြင့် စွန့်လွှတ်ရခြင်းမျိုး ရှိတတ်ပေသည်။ ဥပမာအားဖြင့် မတရားသည့်နည်းမျိုးစုံဖြင့် ကုန်သွယ်မှုတွင် အခွင့်သာစေရန်လုပ်ကိုင်ခြင်း၊ အကောက်အခွန်များဖြင့်လည်းကောင်း၊ အကောက်အခွန်မဟုတ်သောအတားအဆီးများဖြင့်လည်းကောင်း၊ နိုင်ငံခြားပြိုင်ဆိုင်မှုမှ အကာအကွယ်ယူခြင်းတို့ကို ရှောင်ရှားရန် လိုအပ်ပေသည်။ တစ်ဖန် ပြည်တွင်းဈေးနှုန်းများမြင့်တက်စေပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းကျဆင်းစေမည့် ပေါ်လစီများ ကျင့်သုံးခြင်းကိုလည်း ရှောင်ရှားရန်လိုအပ်ပေသည်။

ယနေ့ကမ္ဘာ့ကုန်သွယ်ရေးနှင့် စီးပွားရေးတွင် မရေရာမသေချာခြင်း မြောက်မြားစွာတို့ကြောင့် စိုးရိမ်ဖွယ်ရာကောင်းသောအခြေအနေသို့ ရောက်ရှိနေပြီဟူ၍ပင် ဆိုနိုင်စရာရှိပါသည်။

အဓိက မရေရာ မသေချာဖြစ်နေသည့် အကြောင်းတစ်ရပ်မှာ ကုန်သွယ်ရေးနှင့် အကောက်အခွန်ဆိုင်ရာ အထွေထွေသဘောတူညီမှုအဖွဲ့ (GATT) က ကြီးမှူးကျင်းပလျက်ရှိသော ဥရုဂွေးဝိုင်း (Uruguay Round) စေ့စပ်ဆွေးနွေးပွဲတွင် လယ်ယာကုန်ထွက်များကုန်သွယ်ရေးနှင့် ပတ်သက်ပြီး သဘောတူညီမှု မရနိုင်ခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍ အဆိုပါကုန်သွယ်ရေးနှင့် သက်ဆိုင်သော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များတွင် အခက်အခဲရှိနေပြန်သည်။

တစ်ဖန်နှစ်နိုင်ငံပေါင်း ကမ္ဘာ့ထုတ်ကုန်၏ ၄၀ ရာခိုင်နှုန်းကျော် ထုတ်လုပ်နေသော အမေရိကန်နှင့် ဂျပန်တို့၏ ကုန်သွယ်ရေးတွင် နှစ်စဉ်ဖြစ်နေသော ဂျပန်ပို့ကုန်သာလွန်မှုကို မဖြေရှင်းနိုင်ခြင်းသည် ကြီးမားသော အခက်အခဲတစ်ရပ်ဖြစ်လေသည်။ ယင်းသို့ ဖြစ်နေသည်မှာ ဂျပန်၏ အကောက်အခွန်မဟုတ်သော တားဆီးပိတ်ပင်မှုများကြောင့်ဟု အမေရိကန် အစိုးရပိုင်းကမြင်သည်။ ထို့ကြောင့် အမေရိကန်က ဂျပန်၏ဈေးကွက်များ တိုးချဲ့ဖွင့်ပေးရေးနှင့် ပတ်သက်၍ တိကျသောရာထားချက်များသတ်မှတ်၍ ဆောင်ရွက်စေလိုသည်။ ဂျပန်ဘက်ကမူပို့ကုန်သာလွန်မှုကို လျှော့ချရန်နှင့် ၎င်း၏ဈေးကွက်များ တိုးချဲ့ဖွင့်ပေးရန်ကို မူအားဖြင့် သဘောတူညီမှုရှိသည်။ သို့သော် ယင်းသို့ဖြစ်နေခြင်းမှာ အမေရိကန်ပြည်တွင်းစီးပွားရေး မပြေလည်မှုကြောင့်လည်း ဖြစ်သကဲ့သို့ တစ်ဖက်တွင်ကုန်သွယ်မှုကို လျာထားချက်များဖြင့် စီမံခန့်ခွဲခြင်းသည် လွတ်လပ်စွာကုန်သွယ်ရေးမူဝါဒကို ပျက်ပြားစေသည်ဟု မြင်သည်။ ထို့ကြောင့် စီမံခန့်ခွဲမှုပြုကုန်သွယ်ရေး (managed trade) ကို ယနေ့ထိ လက်ခံခြင်းမရှိသေးပေ။ မည်ကဲ့သို့ပင်ရှိစေ ဂျပန်ပို့ကုန် သာလွန်မှုကို မဖြေရှင်းနိုင်လျှင် တစ်နေ့ ကုန်သွယ်ရေးစစ် (trade war) များဖြစ်လာပြီးတစ်ကမ္ဘာလုံး နစ်နာဆုံးရှုံးဖွယ်ရာ ရှိပေသည်။

နောက်ဆိုးရိမ်ဖွယ်ရာကောင်းသောအကြောင်းတစ်ရပ်မှာ နိုင်ငံခြားငွေလဲလှယ်နှုန်းများ က မောက်ကမဖြစ်နေခြင်းနှင့် သက်ဆိုင်သည်။ နိုင်ငံခြားငွေလဲလှယ်နှုန်းသည် အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်ရေးတွင်အရေးပါလှပေသည်။ အကြောင်းမှာ နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုသည်ပို့ကုန်နှင့်သွင်းကုန်ဈေးနှုန်းများပေါ်တွင်တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိသောကြောင့်ဖြစ်သည်။ ယေဘုယျအားဖြင့်နိုင်ငံခြားငွေလဲလှယ်နှုန်း တန်ဖိုးမြင့်တက်သွားသော နိုင်ငံ၏ပို့ကုန်ဈေးနှုန်းများသည် မြင့်တက်သွာ.ပြီး ၄င်းတင်သွင်းသော သွင်းကုန်များ၏ ဈေးနှုန်းများသည် နိမ့်ကျသွားလေ့ရှိသည်။ ထိုအခါ သွင်းကုန်များတိုးဝင်လာမှုကို ပိတ်ပင်တားဆီးထားနိုင်သည့်တိုင် ပြိုင်ဆိုင်မှုအားလျော့ပြီး ပို့ကုန်များကျဆင်းဖွယ်ရာ ရှိပေသည်။ သို့ဖြစ်၍ နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်မှုရှိစေရေးအတွက်ဆောင်ရွက်နိုင်ရန် နိုင်ငံအများက သဘောတူထားပေသည်။ စင်စစ်နိုင်ငံကြီးများ အချင်းချင်းပူးပေါင်းဆောင်ရွက်မှုမှာ ဤနယ်ပယ်တစ်ရပ်၌သာလျှင် ရှိခဲ့သည်။ အီးအီးစီအဖွဲ့ဝင် နိုင်ငံများ၌ဆိုလျှင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း၏ အတက်အကျအနည်းငယ်မျှသာ ရှိစေရန်အတွက် ဘီးအာအမ် (ERM) ခေါ် နိုင်ငံခြားငွေလဲလှယ်နှုန်းယန္တရားကို ကျင့်သုံးခဲ့ကြသည်။

သို့သော် ယနေ့ကမ္ဘာ့စီးပွားရေးအခြေအနေအရ နိုင်ငံငွေလဲလှယ်နှုန်းများ ကမောက်ကမ ဖြစ်လာသောကြောင့် ပြင်သစ်၊ အီတလီ စသည့် အီးအီးစီအဖွဲ့ဝင်နိုင်ငံကြီးများကပင် ၄င်းတို့အမြတ်တနိုးတည်ဆောက်အလုပြထားသော အီးအာအမ်စနစ်မှထွက်ခဲ့ရပေသည်။တစ်ဖန်ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်းယန်းတန်ဖိုးအရှိန်အဟုန်မြင့်မားစွာ တက်နေခြင်းကို အမေရိကန်အစိုးရက လက်ပိုက်ကြည့်နေခဲ့သည်။ နောက်ဆုံး တစ်ဒေါ်လာလျှင် ယန်း ၁၀၀ အောက်ကျခါနီးတွင်မှ ၁၀၀ အောက်မကျစေရန် အမေရိကန်ဗဟိုဘဏ်ကနိုင်ငံခြားငွေဈေးကွက်တွင်ဝင်ရောက်စွက်ဖက်၍ ဒေါ်လာတန်ဖိုးကို ထိန်းခဲ့သည်။

အမှန်မှာ အထက်ကဖော်ပြပါအခြေအနေများ၏ အခြေခံအကြောင်းရင်းမှာ နိုင်ငံကြီးများ၏ ပြည်တွင်းစီးပွားရေးများ ထိုင်းမှိုင်းလာခြင်းကြောင့်ဟု ဆိုနိုင်သကဲ့သို့ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး၏ ပြောင်းလဲလာသော အသွင်သဏ္ဌာန်ကြောင့်ဟုလည်း ဆိုနိုင်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် စုစုပေါင်း ဝယ်လိုအားချို့တဲ့ပြီး ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ထိုင်းမှိုင်းလာသည့်အခါများတွင် အလုပ်လက်မဲ့ပြဿနာ ကြီးထွားလာတတ်ပေသည်။ ၁၉၉၂ ခုနှစ်တွင် တိုးတက်ဖွံ့ဖြိုးပြီးနိုင်ငံများ၌ အလုပ်လက်မဲ့ဦးရေမှာ ၅ ဒသမ ၅သန်းခန့်ရှိပြီး ရာခိုင်နှုန်းအားဖြင့် စုစုပေါင်းလုပ်သားဦးရေ၏ ၇ ဒသမ ၄ ရာခိုင်နှုန်းခန့် ရှိခဲ့ပေသည်။ ထိုအခါအလုပ်လက်မဲ့ ပြဿနာ မကြီးထွားလာစေရေးအတွက်ကိုယ်လွတ်ရုန်းလိုသည့်ဆန္ဒဖြင့် ပို့ကုန်များကိုတိုးချဲ့လိုပြီး သွင်းကုန်များကို လျှော့ချလိုကြပေသည်။ တစ်နည်းဆိုသော် ပြည်ပပြိုင်ဆိုင်မှုမှအကာအကွယ်ယူလာလိုကြခြင်းဖြစ်သည်။ သို့သော် အကာအကွယ်ယူမှုပေါ်လစီသည် နိုင်ငံတိုင်းကျင့်သုံးနိုင်သော ပေါ်လစီဖြစ်ပေရာ နိုင်ငံတိုင်းအပြန်အလှန်ကျင့်သုံးလာမည်ဆိုပါက ကမ္ဘာ့ကုန်သွယ်ရေးကျဆင်းလာပြီး ကမ္ဘာနှင့်အဝန်းဆုံးရှုံးနစ်နာမှုများနှင့် ရင်ဆိုင်လာရမည်ဖြစ်ပေသည်။

တစ်ဖက်တွင်ယနေ့အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး၏ အဓိကအစိတ်အပိုင်းမှာ ကောလိပ်သုံး သင်ရိုးစာအုပ်များမှ နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် နှိုင်းယှဉ်အကျိုးကျေးဇူးအပေါ် အခြေပြုသည့် ကုန်သွယ်မှုပုံသဏ္ဌာန်မျိုးမဟုတ်ပေ။ ကမ္ဘာ့ကုန်သွယ်မှု၏ ၇၀ ရာခိုင်နှုန်းကျော်မှာ တိုးတက်ဖွံ့ဖြိုးပြီးနိုင်ငံအချင်းချင်း၏ ကုန်သွယ်မှုဖြစ်သည်။ သို့ဖြစ်လေရာ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးသည် ပဲရောင်း၍ မော်တော်ကားဝယ်သည့် ပုံစံမျိုးထက် နှစ်ဦးနှစ်ဖက်စလုံးထုတ်လုပ်နိုင်သည့် အလားတူကုန်စည်များကို အပြိုင်အဆိုင်ထုတ်လုပ်ရောင်းချရသည့် အပြိုင်အဆိုင်ကုန်သွယ်ရေးအသွင်သဏ္ဌာန်ဖြစ်လာပေသည်။အပြိုင်အဆိုင်ကုန်သွယ်ရေးတွင် နိုင်သူများရှိမည်ဖြစ်သကဲ့သို့ ရှုံးသူများလည်းရှိမည်ဖြစ်သည်။ ဤသို့ဖြစ်ခြင်းသည် ရေတိုတွင်ရှုံးသူများအတွက်သာ အခက်အခဲဖြစ်စေသော်လည်း ရေရှည်တွင်မူ နိုင်သူများအတွက်ပါ နစ်နာဖွယ်ရာရှိပေသည်။ နိုင်သူအနေနှင့် ပို့ကုန်သာလွန်မှုမှ ပိုငွေ (ဒေါ်လာ) များ ပြန်လည်ရောင်းချသည့်အခါ ဒေါ်လာတန်ဖိုးကျပြီး ၄င်း၏ ငွေတန်ဖိုးတက်လာမည် ဖြစ်သည်။ ထိုအခါ ၄င်း၏ပို့ကုန်ဈေးနှုန်းများတက်လာပြီးအခြားနိုင်ငံများမှပို့ကုန်သို့မဟုတ်၄င်းတို့၏ပြည်တွင်းဖြစ်ကုန်များနှင့် မပြိုင်ဆိုင်နိုင်ခြင်းမှ နိုင်သူ၏ပို့ကုန်လုပ်ငန်းများ ပျက်ပြားသွားဖွယ်ရာ ရှိပေသည်။ တစ်ဖက်တွင် ထိုသို့မဟုတ်ဘဲ နိုင်သူကသာ နိုင်မြဲနိုင်နေမည်ဆိုပါကလည်း ရှုံးသူများ၏ စီးပွားရေးပျက်ပြားပြီး ဝယ်နိုင်စွမ်းအားလျော့ကျလာခြင်းမှ ပို့ကုန်သာလွန်မှုပေါ်တွင် တည်မှီလာသည့် နိုင်သူများပါ နစ်နာဆုံးရှုံးဖွယ်ရာ ရှိပေသည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အမှီသဟဲပြုနေရသည့် ဤကမ္ဘာကြီးတွင် ကောင်းကျိုးဖြစ်စေ၊ ဆိုးကျိုးဖြစ်စေ ရေရှည်၌ နိုင်ငံအများ အတူတကွပင်ခံစားရမည် ဖြစ်ပေသတည်း။ ။

ပါမောက္ခ ဦးမြတ်သိန်း


Viti

# မြန်မာနိုင်ငံနှင့် ကျန်းမာရေးစောင့်ရှောက်မှု စနစ်အမျိုးမျိုး

မြန်မာနိုင်ငံသည်၁၉၄၈ ခုနှစ်တွင်လွတ်လပ်ရေးရသည့် အချိန်မှစ၍ အခမဲ့ကျန်းမာရေးစနစ်ကို ပြဋ္ဌာန်းလုပ်ဆောင်ခဲ့သည်။ ဆိုလိုသည်မှာ ပြည်သူလူထုကျန်းမာရေးအတွက် နိုင်ငံတော်အစိုးရသည် ဆေးရုံ၊ ဆေးခန်းနှင့် ဒေသန္တရကျန်းမာရေးဆေးပေးခန်းများကို ဖွင့်လှစ်၍ ဆရာဝန်၊ သူနာပြုနှင့် အခြားကျန်းမာရေးဝန်ထမ်းများကို အစိုးရက ခန့်ထားကာ လာသမျှလူနာတိုင်းအား အခမဲ့ ကုသပေးခဲ့သည်။

လက်နက်ကိုင်ရဲအဖွဲ့၊ ထောင်အမှုထမ်းများနှင့် အခြားဘုတ်၊ ကော်ပိုရေးရှင်းအမှုထမ်းများနှင့် မိသားစုများကိုလည်း အစိုးရပိုင် ပြည်သူ့ဆေးရုံများကဖြစ်စေ၊ သီးခြားဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ ခန့်ထား၍ဖြစ်စေ အခမဲ့ကုသပေးခဲ့သည်။ ယခုတိုင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြန်မာ့မီးရထားနှင့် မြန်မာ့လျှပ်စစ်လုပ်ငန်းတို့၌ ဌာနပိုင်ဆေးရုံ၊ ဆေးခန်းများနှင့် ဆရာဝန်၊ သူနာပြုစသည့်တို့ကို သီးခြားခန့်ထား၍ သက်ဆိုင်သူဝန်ထမ်းများအား အခမဲ့ ဆေးကုသပေးနေပေသည်။

တပ်မတော်သားများနှင့် ၄င်းတို့၏ မိသားစုများအတွက် ဆိုလျှင် အထူးဆိုဖွယ်ရာမရှိ။ တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တာဝန်ခံကာစစ်ဆေးရုံများ၊ စစ်ဆေးခန်းများနှင့် ဆေးတပ်ရင်းများဖွဲ့ကာ နိုင်ငံအဝန်းမှ တပ်မတော်သားများနှင့် မိသားစုများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးလျက်ရှိ၏။ နိုင်ငံအတွင်း၌ အစစပြည့်စုံသော မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးမှာ ကမ္ဘာက အသိအမှတ်ပြုသော သင်ကြားရေးဆေးရုံကြီးဖြစ်၍ ယင်း၌ ရောဂါမျိုးစုံကိုကုသ၍ ရသည်။ ယင်း၌ မရပါက နိုင်ငံတကာရှိ ခေတ်မီဆေးရုံများသို့ဆက်ကုသနိုင်ရန် ဆောင်ရွက်ပေးတတ်လေသည်။

အလုပ်သမားဥပဒေနှင့်အကျုံးဝင်သော အလုပ်ဌာနနှင့် စက်ရုံအလုပ်ရုံများမှ အလုပ်သမားများကိုမူ လူမှုဖူလုံရေးစနစ်ဖြင့် ဆေးကုသပေးနေ၏။ လူမှုဖူလုံရေးအတွက် အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားသုံးဦးသုံးဖလှယ်အချိုးကျ ဝင်ငွေထည့်ရသည်။ ယင်းရန်ပုံငွေမှ အလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုစရိတ်ကိုကျခံ၏။ အလုပ်သမားဆေးရုံကြီးနှစ်ခုကိုလည်း ရန်ကုန်နှင့် မန္တလေးမှာခံ့ထည်စွာ တည်ဆောက်ပေးထားသည်။ အလုပ်သမားများအတွက် လူမှုဖူလုံရေးဆေးခန်းများကိုလည်း နိုင်ငံအနှံ့ မြို့ကြီးအချို့၌ ဖွင့်လှစ်ပေးထားလေသည်။

သို့ရာတွင်ယခုအခါမြန်မာနိုင်ငံ၏ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ လူနာတိုင်းကို အခမဲ့ကုပေးနိုင်လောက်အောင်အခြေအနေမရှိတော့ပေ။ ဤအချက်နှင့် ပတ်သက်၍ ၂၅-၇-၉၃ ရက်နေ့ကမြန်မာနိုင်ငံကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က “ မိမိတို့နိုင်ငံ၌ လက်ရှိဆေးဝါးကုသမှုစနစ်မှာ ပြောင်းလဲကျင့်သုံးနေသော စီးပွားရေးစနစ်နှင့် ဆီလျော်မှု မရှိတော့ကြောင်း၊ ထို့ကြောင့် လက်ရှိစနစ်ကိုပြောင်းလဲပြီး ဆေးဝါးကုသမှုတွင်လူနာများစိတ်ချမ်းသာစွာဆေးဝါးကုသနိုင်ပြီး မရှိမဖြစ်လိုအပ်သည့်ဆေးဝါးများကို ဈေးနှုန်း သက်သာစွာဖြင့်နေရာမရွေး၊ အချိန်အခါမရွေးဝယ်ယူသုံးစွဲနိုင်သည့် အဆင့်မျိုးရောက်အောင်ဆောင်ရွက်ပေးဖို့လိုကြောင်း” ပြောကြားခဲ့သည်။

ဤသည်မှာ အခြားကြောင့်မဟုတ်။ အစိုးရအနေဖြင့် နှစ်စဉ်ကျန်းမာရေးအသုံးစရိတ်များကို တိုးတက်သုံးစွဲလာသော်လည်း တိုးလာသောလူဦးရေနှင့် အမြဲမြင့်တက်နေသော ဆေးဖိုးဝါးခများကြောင့် လူတိုင်းကိုလုံလောက်အောင် အခမဲ့ဆေးကုသပေး၍ မရတော့သောကြောင့်ဖြစ် သည်။ ဤအချက်နှင့် ပတ်သက်၍ ပြည်သူလူထု၏ ညည်းညူမှု၊ မကျေနပ်မှုများကို နေ့စဉ်ကြားသိနေရရာ အစိုးရထုတ် နေ့စဉ်သတင်းစာများ၌ပင် အယ်ဒီတာထံ ပေးစာအခန်းများ၌ ဖတ်ရှုနေရ၏။ ကာတွန်းရုပ်ပြောင် များဆွဲ၍လည်း သရော်သံ၊ ကလော်သံများကိုကြားရ၏။

သို့ဖြစ်၍ ပြည်သူလူထုအများစုမှာ အစိုးရဆေးရုံများကိုလည်းတင်းပြည့်ကျပ်ပြည့်အားမကိုးနိုင်၊ အပြင်ဆေးရုံ ဆေးခန်းများကိုလည်း အားကိုးရန်ငွေမတတ်နိုင်၊ အနာရောဂါကြီးတစ်ခုခုဖြစ်လျှင် အခက်အခဲဖြစ်၍သာ နေကြရသည်။ ဤပြဿနာကို ပြေလည်စေရန် အတွက် နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပြည်သူ့ကျန်းမာရေးကော်မတီဖွဲ့ကာ ဆောင်ရွက်နေရခြင်းဖြစ်သည်။ ယင်းကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်ကပြဿနာပြေလည်စေရန် အမျိုးသားကျန်းမာရေးစီမံကိန်းတွင် ပညာပေးရေးနှင့် ကြိုတင် ကာကွယ်ရေးအပိုင်းကို ဦးစားပေးဆောင်ရွက်ပြီး ကုသရေးအပိုင်းကို

ဒုတိယ ဦးစားပေးအဖြစ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်နိုင်မှုကဏ္ဍကိုအလေးထားကြရန်လိုကြောင်း၊ စားစရိတ်မျှပေး ကျန်းမာရေးစနစ်ကို တဖြည်းဖြည်းအရှိန်မြှင့် တိုးချဲ့ဆောင်ရွက်သွားရန်လိုမည်ဖြစ်ကြောင်း၊ အဓိကကျသည့်ဆေးဝါးများဈေးနှုန်းသက်သာစွာဖြင့်ပေါပေါများများဝယ်ယူရရှိရေးအတွက် ဥပဒေအရဆောင်ရွက်ရမည့်ဆေးဝါးဆိုင်ရာ ကိစ္စရပ်များကို ကျန်းမာရေးဝန်ကြီးဌာနနှင့် တာဝန်ရှိအဖွဲ့အစည်းအဆင့်ဆင့်က အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်းပြောကြားခဲ့သည်။

ပြည်သူလူထု အနေဖြင့် ဆေးဝါးနှင့် ဆေးကိရိယာပစ္စည်းများကို လွယ်ကူပေါများစွာ ဝယ်ယူရရှိနိုင်ရေး အတွက် ကုန်သွယ်ရေးဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းကြည်ကလည်း ဆေးနှင့်ဆေးကိရိယာရောင်းဝယ်ရေး အနေဖြင့် မြို့နယ်တိုင်းတွင် ဆေးကုသခန်းများဖွင့်လှစ်သွားရန်လိုကြောင်း၊ ဆေးရုံကြီးများတွင်ဆေးအရောင်းဆိုင်များဖွင့်လှစ်သွားရန်နှင့် ဆေးကုသခန်းများနှင့် တွဲဖက်ဖွင့်လှစ်မည့်ဆေးအရောင်းဆိုင်များက ပြည်သူလူထုလိုအပ်မည့် ဆေးဝါးများကို ဖြန့်ဖြူးသွားရန် ဖြစ်ကြောင်း၊ သို့သော် စီးပွားရေးလုပ်ငန်းကို စီးပွားရေးမျက်စိဖြင့် စီးပွားရေးဆန်ဆန်လုပ်ကြရန်လိုကြောင်းပြောကြားခဲ့သည်။

အရေးကြီးနေသည်မှာကား ထိုဆေးဝါးနှင့် ဆေးပစ္စည်းများကိုဝယ်နိုင်ရန်နှင့် ဆေးရုံတက်လျှင် ကုန်ကျမည့်စရိတ်ကို မည်သူကကျခံမည်နည်း ဟူသည်ပင်ဖြစ်၏။ ငွေကြေးတတ်နိုင်သူ အနည်းစုမှအပ လုပ်သား ပြည်သူတိုင်းကား မတတ်နိုင်ပေ။ ဤအတွက် နိုင်ငံတကာ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကိုလေ့လာရန် လို၏။ သို့အတွက်ဤဆောင်းပါးကိုရေးသားရခြင်းဖြစ်လေသည်။

## နိုင်ငံတကာ၏ ဥပမာ

လူတို့၏ အသိပညာနှင့် လူနေမှုအဆင့်အတန်း တိုးတက်လာသည်နှင့်အညီ လူများ:စုသည်မိမိတို့၏ ကျန်းမာရေးကို ဂရုစိုက်ရန်သိလာကြသည်။ ဤသို့ ကျန်းမာရေးကို စောင့်ရှောက်ရာ၌ မကျန်းမာမှ စောင့်ရှောက်သည်ထက် ကျန်းမာစဉ်ကပင်လျှင် ကြိုတင်စောင့်ရှောက်ခြင်း၊ အာမခံထားခြင်းက ပိုအကျိုးသက်ရောက်ကြောင်း သိမြင်လာကြသည်။ ဤသို့ ကျန်းမာရေးစောင့်ရှောက်မှုကို အာမခံရန်အတွက် မိမိတို့တစ်ဦးချင်းငွေကြေးအကုန်အကျခံသည်ထက်နိုင်ငံတော်ကလုံးဝဖြစ်စေ၊ အချိုးကျဖြစ်စေကျခံခြင်း နှင့် အလုပ်ရှင် ၊ အလုပ်ကုမ္ပဏီနှင့် မိမိတို့ဘာသာစုပေါင်းကျခံခြင်း (သမဝါယမ) ကပိုမိုအကျိုးရှိ၊ တွက်ခြေကိုက်၊ ထိရောက်ကြောင်းကိုလည်းသိလာကြသည်။

သို့ဖြစ်၍ ယခုအခါတိုးတက်သောအနောက်နိုင်ငံများ၌ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပုံစံအမျိုးမျိုးဖြင့် နိုင်ငံတော် (ဝါ) အစိုးရ သို့မဟုတ် အလုပ်ရှင်၊ လုပ်ငန်း၊ စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များ၊ သမဝါယမများနှင့် အာမခံကုမ္ပဏီများကပုံစံအမျိုးမျိုးဖြင့် ပြုလုပ်ပေးလျက်ရှိသည်။ ဤသို့ ပြုလုပ်ရာ၌ အဓိကအားဖြင့် ပုံစံလေးမျိုးရှိသည် –

၁။ ပုဂ္ဂလိကငွေပေးဆေးကုသည့် စနစ်(Private Practice) ဥပမာ–ဆွစ်ဇလန်နှင့်အမေရိကန်ပြည်ထောင်စု

၂။ အစိုးရ၏ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုစနစ် ( National Health Service ) ဥပမာ–အင်္ဂလန်

၃။ ပြည်နယ်အစိုးရများက အာမခံသော ကျန်းမာရေးစောင့်ရှောက်မှုစနစ် (Provincial - Government Health Insurance) ဥပမာ– ကနေဒါနိုင်ငံ

၄။ လူမှုဖူလုံရေးစနစ် (Social Security and Insurance ) ဖြင့် ကျန်းမာရေး စောင့်ရှောက်ခြင်း၊ ဥပမာ– ပြင်သစ်နိုင်ငံ၊ နယ်သာလန်နိုင်ငံနှင့် ဂျာမနီနိုင်ငံ။

ထိုအပြင် ယခုအခါ ပြိုကွဲသွားပြီဖြစ်သော ဆိုဗီယက်ပြည်ထောင်စု၏ ဆိုရှယ်လစ်ကျန်းမာရေး စောင့်ရှောက်မှုစနစ်လည်း ရှိသေးသည်။ ဤပုံစံကို ယခုအခါ တရုတ်နိုင်ငံနှင့် မြောက်ကိုရီးယား၊ ဗီယက်နမ်၌ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ၎င်းတို့ကို အမှတ်စဉ် (၅) ဆိုရှယ်လစ်ကျန်းမာရေးစနစ်ဟု ဆိုကြပါစို့။

## ပုဂ္ဂလိက ငွေပေးဆေးကုသရေးစနစ်

အမေရိကန် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုစနစ်မှာ အဓိကအားဖြင့် ဆရာဝန်ကို လူနာက ပိုက်ဆံပေးကုရသော ပုဂ္ဂလိက ဆေးကုသမှုစနစ်ဖြစ်သည်။ ဤပိုက်ဆံကို လူနာကိုယ်တိုင်က ဖြစ်စေ၊ လူနာက အာမခံထားသော အာမခံအဖွဲ့က ဖြစ်စေ ပေးသွင်းနိုင်သည်။ လူနာများစွာ၏ ကျန်းမာရေး စောင့်ရှောက်မှုအာမခံခြင်းအလုပ်ကို ဒိုင်းပြာနှင့် ကြက်ခြေပြာအာမခံအဖွဲ့ ( Blue Shield Blue Cross )၊ မယ်ဒီကဲ( Medicare) နှင့် မယ်ဒီကိတ် (Medicaid ) အာမခံအဖွဲ့တို့က ပြုလုပ်ပေး

သည်။ အချို့အလုပ်သမားများအတွက် အာမခံပရီမီယံကြေးကို အလုပ်ရှင်များက စိုက်ထုတ်ပေးကြသည်။

ဤအာမခံစနစ်အရ လူနာတစ်ယောက်သည် ဆေးရုံတက်စတွင် မိမိဘာသာ ပိုက်ဆံစိုက်ပေးရသည်။ ဆေးရုံတက်ပြီး အတော်ကြာမှ အာမခံစနစ်အဖွဲ့က ကျသင့်ငွေ၏ ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိကို အာမခံကုမ္ပဏီက ပေးချေသည်။ သို့ဖြစ်၍ တန်ဖိုးကြီးသော ဆေးကုသမှုအတွက် လူနာများမှာ သိပ်သက်သာမှု မရှိပေ။ ဥပမာ ၁၉၈၀ ပြည့် မှတိုင်မီက စာရေးသူ၏ မိတ်ဆွေတစ်ဦးမှာ ရီကာဂိုမြို့၌ အူအတက်ရောင်ရောဂါအတွက် ဆေးရုံတက်ခွဲရရာ ဆေးရုံတက်ခနှင့် ခွဲစိတ်ခ ဒေါ်လာ ၈၀၀၀ ခန့် ကုန်ကျသည်။ ဒေါ်လာ ၅၀၀၀ ကျော်ကိုသာ အာမခံအဖွဲ့က ကျခံသဖြင့် သူ့ခမျာ ဒေါ်လာ ၃၀၀၀ ခန့် စိုက်ခံရလေသည်။ ပဏာမကျန်းမာရေး စောင့်ရှောက်သော ဆရာဝန်များ အဆိုအရမူ ဤအာမခံအဖွဲ့(ဒိုင်းပြာ) သည် လူနာကြည့်ခ ၂၅ ဒေါ်လာကျလျှင် ၁၆ ဒေါ်လာသာ ပေးပြီး လေးဒေါ်လာကို လူနာကစိုက်ပေးရသဖြင့် ၂၀ ဒေါ်လာသာရကြောင်း၊ ငါးဒေါ်လာက ရုံးကြောင်းနှင့် လုပ်ရကိုင်ရသော စာရွက်စာတမ်းအတွက် အချိန်ကုန်လူပန်းလည်း ဖြစ်၍ မကောင်းကြောင်းပြောကြသည်။

စစ်ပြန်အမေရိကန်များအတွက်မူ စစ်ပြန်အုပ်ချုပ်ရေးအဖွဲ့(Veterans Administration)က အခမဲ့ဆေးဝါးကုသပေးသည်။ အမေရိကန် ပြည်ထောင်စုတစ်ခုလုံး၌ စစ်ပြန်ဆေးရုံ ၁၇၂ ခုရှိ၍ ၁၃၃ ခုမှာ သင်ကြားရေးဆေးရုံများနှင့် ပေါင်းစပ်ထားရာ အဆင့်အတန်းမှာ မြင့်လှသည်။ ဆရာဝန်မှာလည်း ၃၄၀၀၀ ကျော်ရှိ၏။ သို့သော် အခြားပုဂ္ဂလိက ဆေးရုံနှင့် ဆေးခန်းများ၏ ပြိုင်ဆိုင်မှုကြောင့် စစ်ပြန်ဆေးရုံများ အခြေအနေမှာ သိပ်မကောင်းလှပေ။ စစ်ပြန်တစ်ဦးသည် အခြားဆရာဝန်များနှင့်လည်း တိုင်ပင်ကုသနိုင်၏။ ကုသခကို စစ်ပြန်အဖွဲ့သို့ ငွေတောင်းခံလွှာပို့၍ ယူရသည်။ စစ်ပြန်လူနာကမပေးရပေ။ ထိုသို့ကုသပေးသော ဆရာဝန်များမှာ ၁၃၀၀၀၀ ခန့်ရှိလေသည်။

အမေရိကန်ဝန်ထမ်းနှင့် အလုပ်သမားအချို့ကမူ မိမိတို့ဘာသာစု၍ ကျန်းမာရေးအာမခံထားသော အဖွဲ့များကို တည်ထောင်ကြ၏။ ယင်းအဖွဲ့များကို ကိုယ်ထူကိုယ်ထ ကျန်းမာရေး ထိန်းသိမ်းမှုအဖွဲ့များ ( Health Maintenance Organization)ဟုခေါ်၏။ သမဝါယမစနစ်ဖြင့် အာမခံ ထားခြင်း တစ်မျိုးဖြစ်၏။ များသောအားဖြင့် ကိုယ်ထူ ကိုယ်ထဖြင့် အမြတ်မယူသော အသင်းအဖွဲ့များ (Non-Profit Organization )ဖြစ်သည်။

ဤအဖွဲ့များကို ၁၉၂၉ ခုနှစ်ကစ၍ ဖွဲ့ခဲ့ရာ ၁၉၇၃ ခုနှစ်တွင် အမေရိကန်ကွန်ဂရက်က ဥပဒေပြု၍ အားပေးကူညီ ခဲ့၏။ ဤအဖွဲ့များကို အမေရိကန်ပြည်ထောင်စုအစိုးရက ငွေကြေးထောက်ပံ့ရာ ၁၉၈၀ ပြည့်နှစ်က ဒေါ်လာ ၃၇၅ သန်း ထောက်ပံ့ခဲ့၏။ ထိုအဖွဲ့အစည်းများသည် ပြည်ထောင်စုအစိုးရ၏ အထောက်အပံ့ရရန် အောက်ပါအချက်များနှင့် ညီညွတ်ရန် လိုသည် –

- ဆရာဝန် အလုံအလောက်ရှိရမည်။
- ပြင်ပလူနာနှင့် အတွင်းလူနာထားနိုင်ရမည်။
- အရေးပေါ်ကုသမှု ပေးနိုင်ရမည်။
- မူးယစ်ဆေးဝါးနှင့် အရက်စွဲမှုအတွက် ပဏာမကုသမှု ပေးပြီး တစ်ဆင့်လွှဲကုခွင့် ပေးရမည်။

**အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် ဆရာဝန်များအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်**



- စိတ်ရောဂါ ကုသမှုပါ ပေးနိုင်ရမည်။
- သွားရောဂါ ကာကွယ်ကုသရေးနှင့် ကလေး ကျန်းမာရေးကိုလည်း ပေးနိုင်ရမည်။
- ပုဂ္ဂလိက ကျန်းမာရေးအဖွဲ့များထက် အကုန်အကျ သက်သာရမည်။ (ယခုအထိ ၁၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ ကုန်ကျစရိတ်သက်သာနေသည်။)

သို့ဖြစ်၍ ယခုအခါကိုယ်ထူကိုယ်ထ ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့ (HMO)များမှာ ပြည်နယ် ၄၁ ခုတွင် အဖွဲ့ဝင် ၁၁ သန်းဖြင့် ရှင်သန်လျက်ရှိသည်။ ကုမ္ပဏီပေါင်း ၅၀၀၀၀ ကျော်က ၎င်းတို့၏ အလုပ်သမားများအတွက် ဝင်ရောက်ဆက်သွယ်ပါဝင်လျက်ရှိ၏။

ဤကိုယ်ထူကိုယ်ထ ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့များ၏ အောင်မြင်မှုကြောင့် ယင်းအဖွဲ့များတွင် အစုရှယ်ယာဝင်လိုသူ ဆရာဝန်နှင့် ကုန်သည်ပွဲစား ငွေရှင်ကြေးရှင်များမှာ ဦးလှည့်လာကြ၏။ အမြတ်ကိုမျှော်ကိုး၍ ဖွင့်ကြသော ပုဂ္ဂလိကဆေးရုံပိုင်ရှင်များသည် ၎င်း (HMO)ကိုပါ ပိုင်ဆိုင်ရန် ကြိုးစားနေကြ၏။ အကြောင်းမူ အစိုးရက ခွင့်ပြုသော ကျန်းမာရေးစရိတ်၏ ၁၅ ရာခိုင်နှုန်းဖြစ်သော ၂၈ ဘီလီယံ ဒေါ်လာကို ဤပုဂ္ဂလိကဆေးရုံများက ရနေရာမှ နောက်ထပ် ၃၅ ဘီလီယံ ဒေါ်လာထပ်ရနိုင်၍ ဖြစ်သည်။

စင်စစ် အမေရိကန်၌ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများက ရနေသော ငွေပမာဏမှာ များလှ၏။ ဆေးရုံ၊ ဆေးခန်း၊ နာတာရှည်ဆေးကုခန်း၊ နာလန်ထဆေးရုံများနှင့် ဆေးဝါး ကိရိယာများအတွက် ထည့်တွက်ပါက တစ်နှစ်လျှင် ဒေါ်လာ ၁၀၁ ဘီလီယံရှိ၏။ ဤသည်မှာ တစ်နှစ်အတွက် ကျန်းမာရေးကုန်ကျစရိတ် တစ်ခုလုံး ၄၅၈ ဘီလီယံ ဒေါ်လာ၏ ၂၂ ရာခိုင်နှုန်း ဖြစ်လေသည်။

အမေရိကန်၌ ဆေးကုသမှု စရိတ်မှာ အလွန်ကြီးနေ၏။ အစိုးရက လူတစ်ယောက်လျှင် တစ်နှစ်ကို ဒေါ်လာ ၂၅၀၀ မျှ အကုန်အကျခံနေရ၏။ ဤအထက အမေရိကန် ၃၈ သန်းမှ ၄၂ သန်းခန့်မှာ ကျန်းမာရေးအာမခံကြေး မပေးနိုင်သဖြင့် ဆေးကုသခွင့်မရကြသေးပေ။ ဆေးကုသနှုန်းများကလည်း ကြီးလှ၏။ လူနာတစ်ဦး စမ်းသပ်ခမှာ ၃၅ ဒေါ်လာနှင့် ဒေါ်လာ ၄၀ ကြားဖြစ်၏။ ဆီး၊ စမ်း၊ သွေးစစ်ဆေးမှုအတွက် ဒေါ်လာ ၂၀ ထပ်ပေးရသည်။ ဆရာဝန်နှင့်တွေ့သည်နှင့် လူနာတစ်ယောက်သည် အနည်းဆုံးဒေါ်လာ ၆၀ ကုန်ကျလေသည်။ ဆေးရုံတက်



ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍတွင် ဆေးဝါး ထုတ်လုပ်မှုသည်လည်း အရေးပါသော လိုအပ်ချက်တစ်ရပ်ပင်





ကလျှင်၊ ခွဲစိတ်ခံလျှင် ဤထက်အဆ ၁၀၀ ထိကုန်ကျနိုင်လေသည်။ အမေရိကန်ဆေးရုံများမှာ လူနာစိတ်ချမ်းသာအောင်ထားရာ၌ကား မည်သူမျှမမီပေ။

သို့ဖြစ်၍ အကောင်းဆုံးဆေးရုံများ၌တက်ရောက်ကုသနိုင်သူများမှာ လူနည်းစုအနည်းငယ်သာဖြစ်၏။ ပုဂ္ဂလိကကြေးကြီး ဆေးရုံကုတင် ၄၇၀၀၀ တွင် ၆၀ ရာခိုင်နှုန်းကျော်မှာ ချမ်းသာသူပေါမျာသည့်ပြည်နယ် ငါးခုတွင်ရှိ၏။ ယင်းတို့မှာ ကာလီဖိုးနီးယား၊ ဖလော်ရီဒါ၊ တက္ကဆတ်၊ လူဝီစီးယားနားနှင့် တယ်နက်ဆီတို့ ဖြစ်၏။ ဆင်းရဲသားများအတွက် ဆေးရုံခုတင်စုစုပေါင်း ၅၁၅၀၀၀ ရှိရာ ချမ်းသာသူတို့အတွက် ခုတင်၏ ၁၁ ဆ ဖြစ်သည်။

သို့သော် ဆေးရုံမတက်နိုင်သူတွေ ဒုနှင့်ဒေးဖြစ်၏။ ကျန်းမာရေးအာမခံကြေးမပေးနိုင်၍ဖြစ်၏။ယင်းတို့အတွက် သမ္မတကလင်တန်သည် သူ၏ဇနီးကို အကြီးအမှူးခန့်ကာ ကော်မတီသစ်တစ်ခုဖွဲ့၍ နည်းလမ်းရှာနေစေရသည်။

## အင်္ဂလန်နိုင်ငံအစိုးရ၏ အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုစနစ်

ဗြိတိန်နိုင်ငံ၏ အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုစနစ်မှာ မြန်မာတို့နှင့် အကျွမ်းဝင်နေသောစနစ်ဖြစ်သည်။ အကြောင်းမူ ၁၉၄၈ ခုနှစ်မှစ၍ ယနေ့အထိ ဗြိတိန်သို့သွားလည်သော မြန်မာလူမျိုးများနှင့် ပညာတော်သင်များ အပြင် အထူးဆေးကုရန် လိုအပ်သောမြန်မာလူကြီးလူကောင်းနှင့် တတ်နိုင်သူများ၏ မိသားစုများသွားရောက် ဆေးကုသခံနေ၍ဖြစ်သည်။ ဗြိတိန်၌ဆေးကုသခံရဖူးသူတိုင်းကလည်း အလွန်အားရကျေနပ်ကြောင်းပြောဆိုကြလေသည်။

စာရေးသူသည် ၁၉၆၆ ခုနှစ်မှ ၁၉၆၉ ခုအထိ ဗြိတိန်နိုင်ငံသို့သုံးနှစ်ခွဲမျှပညာတော်သင်သွားခဲ့ရာတွင်ကျန်းမာရေးအတွက် ငွေတစ်ပြားတစ်ချပ်မျှ အကုန်အကျမခံခဲ့ရပေ။ အားလုံးသူတို့ကကျခံခဲ့၏။ စာရေးသူ၏ သွားများအပေါက်ဖြစ်နေသဖြင့် သွားဖာခတစ်ပေါင်ခွဲသာပေးခဲ့ရ၏။ နောက်သွားများကိုခွဲထုတ်ရာတွင်မူ အစိုးရကျန်းမာရေးစနစ်ကို အသုံးပြုသဖြင့် တစ်ပြားမျှမပေးခဲ့ရပေ။

စာရေးသူ၏ မိတ်ဆွေတစ်ယောက်မှာ သွေးသွန်၍ ဆေးရုံတက်ပြီးသားအိမ်ထုတ်ရရာ တစ်ပြားမှမပေးခဲ့ရ။ ဗိုက်ခွဲ ပြီးကလေးမွေးခဲ့သောသူတစ်ဦးမှာလည်း တစ်ပြားမှ အကုန်အကျမခံခဲ့ရပေ။ အမေရိကန်ပြည်ထောင်စု၌ ဆိုပါက ဒေါ်လာသောင်းချီ၍ ကုန်ကျပေသည်။ ယခု မြန်မာနိုင်ငံ၌ သားအိမ်ထုတ်လျှင် အပြီးအစီး ကျပ်သုံးသောင်းနှင့် ဗိုက်ခွဲမွေးလျှင် ကျပ်နှစ်သောင်းမှ သုံးသောင်းထိကုန်ကျခံရ၏။ ယင်းတို့နှင့် ယှဉ်ကြည့်က ဗြိတိန်နိုင်ငံ၏ အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုစနစ်သည် လူတိုင်းအတွက် ကောင်းလှပေသည်။

သို့သော်ဗြိတိန်နိုင်ငံ၌ ယင်းစနစ် ( N H S )ကိုအသုံးပြုသူမှာလူဦးရေစုစုပေါင်း၏ ၉၅ ရာခိုင်နှုန်းသာရှိ၏။ ကျန်ငါးရာခိုင်နှုန်းကအခြားသူများနှင့် တန်းမစီနိုင်၊ ဆေးရုံတက်ရာတွင် မစောင့်နိုင်ဆိုကာ ပုဂ္ဂလိဆေးခန်းများမှာ ငွေကုန်ကြေးကျအကုန်ခံ၍ ကုသခံကြသည်။ ဝန်ကြီးချုပ်ဟောင်းမာဂရက်သက်ချာပင်လျှင် သူမ၏ခွဲစိတ်မှုအတွက် ပုဂ္ဂလိကဆေးရုံမှာ တက်အကုခံခဲ့သည်။ ပေါင် ၃၀၀၀ ကျော်ကုန်ကျခဲ့သည်ဟုသိရပေ၏။

စင်စစ်ဗြိကိန်နိုင်ငံ၏ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုစနစ်သည် ၁၉၄၈ ခုနှစ်က လေဘာအစိုးရက ကမကထပြုစီစဉ်ခဲ့ခြင်းဖြစ်ရာ ထိုစဉ်က အနောက်ကမ္ဘာနှင့် လွတ်လပ်ခါစနိုင်ငံများအတွက် စံပြဖြစ်ခဲ့၏။ ယခုတိုင် အိုင်ယာလန်၊ ကနေဒါနှင့် ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံတို့၏ နမူနာပြဆေးကုသမှုစနစ်ဖြစ်ခဲ့သည်။

ယင်းစနစ်၏ အဓိကအချက်များမှာ အောက်ပါအတိုင်းဖြစ်၏ –

(၁) ဗြိတိန်နိုင်ငံရှိ ခရီးသည်နှင့် အမှု ထမ်း များအပါဝင် လူတိုင်း၏ စနစ်ထဲ ပါဝင်နိုင်သည်။ ပါ ဝင်လို က ပိုက်ဆံပေးရန်မလိုပဲ မှတ်ပုံတင်ရုံသာဖြစ်၏။

(၂) မိ မိ နှင့် နီး ရာ ဆေး ခန်း ၌ မှတ် ပုံ တင် ထား လျှင် အချိန်မရွေးအခမဲ့ကုသခွင့်ရှိ၏။

(၃) ဆေး ရုံ တက် လို လျှင် လည်း ထို ဆေး ခန်းမှဆရာဝန်က ထောက်ခံက အခမဲ့တက်နိုင်၏။

(၄) ဆေးရုံ၌ ကုန်ကျစရိတ်ကို လူနာကတစ်ပြားမှပေးရန်မလို။

(၅) အစိုးရဆေးရုံများ၌ မကြိုက်ကပြင်ပပုဂ္ဂလိကဆေးခန်းများမှာ လွတ်လပ်စွာပိုက်ဆံပေး၍ကုသခံခွင့်ရှိ၏။

ဆရာဝန်များအနေဖြင့်လည်း အစိုးရဆီမှာ လခစားလုပ်လိုကလုပ်၊ မလုပ်လိုကပြင်ပဆေးခန်းထိုင်နိုင်သည်။ မိမိ၏ ပုဂ္ဂလိကဆေးခန်းမှာ လူနာ ၂၀၀၀ မှ ၄၀၀၀ ထိ မှတ်ပုံတင်ခွင့်ရှိ၏။ ထိုလူနာများအတွက် အစိုးရက အချိုးကျ လစာပေးလေသည်။

သို့သော်ဗြိတိန်နိုင်ငံ၏ ဆေးကုသမှုစနစ်ကို မကြိုက်သူများလည်းရှိ၏။ ချမ်းသာသောလူနာများနှင့် ချမ်းသာလိုသောဆရာဝန်များဖြစ်၏။ ချမ်းသာသောလူ နာများက သူများနှင့် တန်းတူတန်းမစီလို၊ တန်းတူအကုသ မခံနိုင်။ အထူးကုသမှုခံလို၏။ ငွေပေးရသောအခန်းမှာ ဆေးရုံ

တက်လိုသည်။ အကောင်းဆုံးဆရာဝန်နှင့်မှ ကုသခံ၊ ခွဲစိတ်ခံလို၏။ ချမ်းသာလိုသောဆရာဝန်များ အတွက် အစိုးရကပေးသော လစာနှင့်လူနာစမ်းသပ်ခ၊ ကုသခမှာမများလှ။ အလယ်လတ်တန်းစားသာနေနိုင်၏။ သို့ဖြစ်၍ ပိုက်ဆံများများရအောင် လွတ်လွတ်လပ်လပ် ဆေးကု၍ ငွေရှာလိုသည်။

အထက်ပါမကျေနပ်မှုများအတွက် ယခုအခါပြင်ဆင်ချက်များပြုလုပ်ပေးထား၏။ ပုဂ္ဂလိကဆေးရုံတွေရှိသည်။ ငွေပေးလျှင်အကြိုက်လိုက်ခွဲပေး၊ကုပေးသောဆရာဝန် များကိုခွင့်ပြုသည်။ ယခင်ကအခမဲ့ပေးခဲ့သောမျက်မှန်၊ နားကြပ်၊ လူနာတင်ဘီးတပ်ကုလားထိုင်၊ ချိုင်းထောက်တို့ကိုအခမဲ့ မပေးတော့။ တန်ဖိုးကြီးသောဆေးများကိုလည်း လူနာနှင့် အစိုးရ အချိုးကျခံရ၏။ သို့သော်အိုမင်းနေသော ဆေးရုံကြီးများကို အသစ်ပြင်မဆောက်နိုင်သေး။ တန်းစီနေသောလူနာများကို လျှော့ပါးအောင်မပြုလုပ်နိုင်သေး။ လူငယ်ဆရာဝန်များအတွက် တက်လမ်းကို အမြန်ဖွင့် မပေးနိုင်သေးပေ။

အမေရိကန်ပြည်ထောင်စုမှ ဆရာဝန်အများကမူ အစိုးရက အာမခံသောကျန်းမာရေးစနစ်ကို ကန့်ကွက်ရာ၌ ဗြိတိန်နိုင်ငံ၏ ကျန်းမာရေးစနစ်ကို လက်ညှိုးထိုးခါဥပမာပြ၍ ကန့်ကွက်နေကြသည်။ သူတို့သည် ဆေးကုသမှုကို လူနာနှင့် ဆရာဝန်သာနှစ်ဦးတည်းပြုလုပ်စေချင်၏။ ဆရာဝန်ကဆေးကု၊ လူနာကပိုက်ဆံပေး။ အစိုးရက ကြားဝင်၍ ဆေးကုသခ ကန့်သတ်မှာကိုမလိုလားကြပေ။ အာမခံစနစ်အဖွဲ့တစ်ခုခု ( ဥပမာ-Blue Shield Bule Cross, Medicare, Medicaid) ကကြားဝင်ဆောင်ရွက်သည်ကိုလည်းမလိုလား။ ပုံစံဖြည့်ရများသည်။ ငွေအပြည့်မရ။ ကြာလည်းကြာသည်ဟုဆိုကြသည်။ အာမခံပရီမီယံကြေး မပေးနိုင်သောသူများဆိုလျှင် တစ်ခါတည်းမကုသချင်ကြတော့ပေ။ အမေရိကန် ဆရာဝန်အများစုသည်ဆေးကုခြင်းကို ဝင်ငွေရှာသောစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်ပိုမြင်ကြ၏။ လူလူချင်းကူညီစောင့်မသော အသက်ကယ် စေတနာ့ဝန်ထမ်းအလုပ်ဟု မမြင်နိုင်ကြတော့ပေ။ ငွေသည်အရေးကြီးဆုံးဖြစ်နေသည်။

## ပြည်နယ်(ဝါ) ဒေသအစိုးရများကအာမခံသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်

ဤစနစ်မှာ ကနေဒါနိုင်ငံက နှစ်ပေါင်းများစွာပြုလုပ်လာပြီး လူတိုင်းကိုကျန်းမာရေးစောင့်ရှောက်ရာတွင် မြောက်အမေရိကတိုက်အတွက် နမူနာပြစနစ်ဖြစ်နေသည်။ ဤသည်ကို ကနေဒါနိုင်ငံ၏ နမူနာ (Canadian Model)၊ ကနေဒါနိုင်ငံအတွေ့အကြုံ (Canadian Experience ) ဟုပြောကြသည်။

ကနေဒါ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်သည် ဗြိတိန်၏ စနစ်နှင့်မတူညီပေ။ ကနေဒါနိုင်ငံအစိုးရသည် ဗြိတိန်နိုင်ငံအစိုးရကဲ့သို့ ဆေးရုံဆေးခန်းအားလုံးကိုပြည်သူပိုင်သိမ်းခြင်းမပြု၊ ဝင်ငွေထွက်ငွေအားလုံးကို ကိုင်ခြင်းမပြုဘဲ ဆေးရုံဆေးခန်းများကို ပုဂ္ဂလိကလက်ထဲ (ဝါ) သက်ဆိုင်ရာပိုင်ဆိုင်သူများ၏ ကော်မတီလက်ထဲမှာထား၏။ သို့သော်ဆေးလာကုသောသူတိုင်းကို ကုပေးရန် အာမခံရ၏။ ထိုကုပေးသောသူများအတွက် ကုန်ကျ



ဆေးတောင့်များကို တအေးခန်းအတွင်း၌ ထုတ်လုပ်နေစဉ်

စရိတ်ကိုသာကျခံသည်။ အစိုးရဆိုသော်လည်း နိုင်ငံတော်အစိုးရမဟုတ်၊ ပြည်နယ်အစိုးရတစ်ခုချင်းက ထိုပြည်နယ်ရှိ ဆရာဝန်အသင်း၊ သူနာပြုအသင်း၊ ဆေးရုံကော်မတီတို့နှင့် ညှိနှိုင်းကာ ကုန်ကျစရိတ်ကို သတ်မှတ်၍ ပေးခြင်းဖြစ်သည်။ အခြားကြားအာမခံစနစ်/ အဖွဲ့များ မရှိစေရပေ။

ကနေဒါကျန်းမာရေးစောင့်ရှောက်မှုစနစ်၌ လူတိုင်း ဆေးရုံဆေးခန်းသွားနိုင်ရန် အာမခံ၏။ ထိုအာမခံကြေးကို ပြည်နယ်အစိုးရထံ အခွန် အဖြစ်ပေးရ၏။ သို့သော်အခွန် မပေးနိုင်သူလည်းအာမခံရရှိ၏။ အမေရိကန်ပြည်ထောင်စုမှာလို အာမခံပရီမီယံကြေးမပေးနိုင်သဖြင့် ဆေးကုခံခွင့်မရှိဟု မသတ်မှတ်ပေ။

ဤသို့ ပြည်နယ်အစိုးရ တစ်ခု တည်းကဆေးကုခနှင့် ဆေးရုံတက်ခ တို့ကို အာမခံကပေးချေသဖြင့် ဆေးကုသမှုစရိတ်မှာ လွန်စွာမများ လှပေ။ အမေရိကန် ပြည်ထောင်စုနှင့် စာလျှင် အလွန်သက်သာ၏။ ဥပမာ အားဖြင့် ၁၉၈၅ ခုနှစ်က အမေရိကန် တစ်ယောက်သည် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ၁၇၁၀ ဒေါ်လာကုန်ကျ၏။ ကနေဒါနိုင်ငံသားတစ်ဦးသည် ထိုနှစ်က ထိုအတွက် ၁၃၆၂ ဒေါ်လာသာကုန်ကျလေသည်။ ဤအချိုးအတိုင်းတွက်က ကနေဒါနိုင်ငံသည်၁၉၈၇ ခုနှစ်က လူတစ်ယောက်လျှင် အမေရိကန်တို့ထက် ၄၅၀ ဒေါ်လာ လျှော့သုံး၍ တစ်နိုင်ငံလုံးအနေဖြင့် ဒေါ်လာ ဘီလီယံ ၁၀၀ ချွေတာနိုင်ခဲ့သည်ဟု သိရလေသည်။

ကနေဒါနိုင်ငံမှ ဆရာဝန်များအနေဖြင့် အမေရိကန်ဆရာဝန်များထက် ပိုက်ဆံပိုအရနည်းကြ၏။ အကြောင်းမှု ဆေးကုသစရိတ်ကို အစိုးရက ကြိုတင်ညှိနှိုင်း၍ သတ်မှတ်ပေးထားသောကြောင့်ဖြစ်၏။ သို့ဖြစ်၍ အချို့က ကနေဒါနိုင်ငံသား ဆရာဝန်များသည် အမေရိကန် ပြည်ထောင်စုသို့ ပြောင်းရွှေ့ကြသည်။ ဆရာဝန်အလုပ်အပြင် အခြားစီးပွားရေးအလုပ်ကိုပါပြုလုပ်သော ဆရာဝန်များသာ မရွှေ့ပြောင်းကြပေ။ အသက်ကြီးလွန်းသူများနှင့် ကနေဒါနိုင်ငံအပေါ် သံယောဇဉ်ကြီးလွန်းသူ ဆရာဝန်များသာ ကနေဒါနိုင်ငံ၌ ဆက်နေကြလေသည်။

## လူမှုဖူလုံရေးစနစ်ဖြင့် ပြည်သူ့ကျန်းမာရေးကို စောင့်ရှောက်ခြင်း

ဤသည်မှာ ဥရောပတိုက်နိုင်ငံအများ၊ အထူးသဖြင့် ဥရောပဘုံဈေးအဖွဲ့ဝင်များ၊ ဥရောပတိုက်ကုန်းတွင်းနိုင်ငံများက လက်ခံကျင့်သုံးနေသော စနစ်ဖြစ်၏။ ပြင်သစ်နိုင်ငံ၊ နယ်သာလန်နိုင်ငံနှင့် ယခုဂျာမနီ (ယခင်အနောက်ဂျာမနီ) နိုင်ငံ၏ ကျန်းမာရေးစနစ်ဖြစ်၏။ ဤအထဲတွင် ဂျာမနီနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်သည် အကောင်းဆုံးဖြစ်သည်ဟု ဆိုကြသည်။

စင်စစ်ဂျာမနီကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ဂျာမနီနိုင်ငံဟု မပေါ်ထွန်းမီ ၁၈၄၅ ခုနှစ် ပရပ်ရှားပြည်နယ် ဘဝကတည်းကစခဲ့၏။ ထိုစဉ်က ပရပ်ရှား(ဝါ) ဂျာမန်ခေါင်းဆောင်များ၏ ယုံကြည်ချက်မှာ "နိုင်ငံတော် (ဝါ) အစိုးရသည် ပြည်သူ၊ ပြည်သားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုဖူလုံရေးတို့ကို တာဝန်ယူဆောင်ရွက်ပေးရမည်" ဟုဖြစ်၏။ သို့ဖြစ်၍ ထိုစဉ်က ပရပ်ရှားအစိုးရသည်၄င်း၏ ပြည်သူ ပြည်သားများ ကျန်းမာရေးကို စက်မှုကုမ္ပဏီများ၊ ကော်ပိုရေးရှင်းများနှင့် ပူးတွဲ၍ တာဝန်ယူခဲ့၏။ ဤသည်ကို ပထမဦးဆုံး ဂျာမနီဝန်ကြီးချုပ် (ဝါ) အဓိပတိ အော်တို ဖွန်ဘစ်စမတ်ခ် လက်ထက်တွင် သိသိသာသာတိုးမြှင့် ဆောင်ရွက်ခဲ့၏။

၁၉၃၃ ခုနှစ်မှ ၁၉၄၅ ခုအထိ ၁၂ နှစ်မျှကြာသော အမျိုးသားဆိုရှယ်လစ်ဟစ်တလာ၏ လက်ထက်တွင်မူ ယင်းကိစ္စကို ဂျာမန်လူမျိုးများ၊ စစ်ဗိုလ်စစ်သားများကိုသာ ပိုမို ခံစားခွင့်ပေး၍ ဂျူးနှင့် အခြားဥရောပ လူမျိုးများ၊ ညီနိုင်ငံသားများကိုမူ မပေးခဲ့ပေ။ ဂျာမန်အမျိုးသားဆိုရှယ်လစ်ဟုခေါ်သော နာဇီတို့က သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုမှာ မဟာဂျာမန်လူမျိုးများအတွက်သာဖြစ်သည်ဟု ဤသို့ကြေညာခဲ့၏။ "ယနေ့ တတိယ ဂျာမန်နိုင်ငံတော်၏ လူမှုဖူလုံရေးစနစ်၌ မျှော်မှန်းချက် တစ်ခုသာရှိ၏။ ယင်းမှာအနာဂတ်အတွက် ကျန်းမာသော၊ တက်ကြွသော၊ အလုပ်လုပ်နိုင်သော၊ စစ်စွမ်း ရည်ပြည့်ဝသော၊ လူမျိုးအရစစ်သော ဂျာမန်လူမျိုးများကို မွေးထုတ်လေ့ကျင့်ပေးရန် ဖြစ်၏။"

သို့ဖြစ်၍ ဂျာမန်မစစ်သူများမှာ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုက်ဆံပေးရသော်လည်း ကောင်းစွာမခံရ။ ဂျာမန်မဟုတ်သော ဆရာဝန်များမှာ ဂျာမန်လူမျိုးများကို ဆေးကုခွင့်မရပေ။ ဤသည်ကို ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ ခုနှစ်ကျမှသာ ပြင်ဆင်နိုင်ခဲ့၏။ ၁၉၅၀ ပြည့်နှစ်မှစကာ ကျန်းမာရေးအတွက်လူမှုဖူလုံရေးရန်ပုံငွေကောက်ခံခဲ့၏။ ပထမ အစိုးရကတစ်ဝက်၊ ဝန်ထမ်းကတစ်ဝက်ကျခံ၏။ နောက်အလုပ်သမားကနှစ်ဆ အလုပ်ရှင်ကတစ်ဆ ပေးရသည်။ အလုပ်လက်မဲ့များကိုလည်း ပိုက်ဆံမပေးရဘဲ အစိုးရနှင့် ကုမ္ပဏီအဖွဲ့အစည်းများက ကျခံကြရ သည်။

ဤသို့ လူမှုဖူလုံရေးရန်ပုံငွေဖြင့် အကုမခံချင်လျှင် ပုဂ္ဂလိက အာမခံစနစ်ဖြင့် အကုခံနိုင်၏။ ချမ်းသာသော



ဆေးခန်းတွေများသလောက် လူတိုင်းဆေးကုသနိုင်ဖို့က မလွယ်လှပေ

ဂျာမန် ၉ ဒသမ ၃ သန်းသည်မိမိကြိုက်ရာဆေးရုံ၊ ဆေးခန်း၊ ဆရာဝန်နှင့် ကုသခံရန် ပုဂ္ဂလိက အာမခံစနစ်ထားရှိကြသည်။ သို့သော် လူဦးရေ၏ ၈၈ ရာခိုင်နှုန်းမှာ လူမှုဖူလုံရေးရန်ပုံငွေ (မဟာမကျန်းရန်ပုံငွေ)ဖြင့်သာ ဆေးကုသခံကြ၏။ ဤအတွက် ဆရာဝန် ၇၃,၀၀၀ သည်အမှုထမ်းနေ၏။ ဤဆရာဝန် များသည် ပြင်ပဆေးခန်း ထိုင် ဆ ရာ ဝန် များ ဖြစ် ၏။ ဤဆရာဝန်များ၏ ၁၀ ရာခိုင်နှုန်းခန့် သည် ဆေးရုံဆရာဝန်များဖြစ်ကာ သီးခြားအသင်းအဖွဲ့နှင့် သီးခြား အကျိုးခံစားခွင့်များရရှိကြသည်။ ဂျာမန်ဆရာဝန် တစ်ဦး၏ တစ်နှစ်ဝင်ငွေမှာ အသား တင် ဒေါ်လာ တစ်သိန်း ဖြစ်၏။ သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးသည် ထိုဝင်ငွေထက် ပိုမိုရရှိကြသည်။ လူနာတိုင်းသည်မိမိကြိုက်ရာ ဆရာဝန်နှင့် ကုသနိုင်သည်။ သို့ဖြစ်၍ ဂျာမနီနိုင်ငံ၌ လူနာရော ဆရာဝန်ပါ ပျော်နေ ကြသည်။

သို့သော် ဂျာမနီ (ဝါ)ကုန်းပိုင်းဥရောပနိုင်ငံများ၌ ဆေးရုံဆေးခန်းများသည် “ခြောက်ပြစ်ကင်း သဲလဲစင်” ချည်း ဖြစ်ပါသလော။

ဂျာမနီနိုင်ငံ၌ လူဦးရေ ၈၈ ရာခိုင်နှုန်းသည် အစိုးရထံမှ မကျန်းမာမှုအာမခံပေါ်လစီဝယ်ရ၏။ ဤပေါ်လစီဝယ်ပြီးလျှင် အထွေထွေရောဂါကုဆရာဝန်တစ်ဦးထံမှာ မှတ်ပုံတင်ရသည်။ ရောဂါဝေဒနာတစ်ခုခုဖြစ်တိုင်း ဤဆရာဝန်နှင့်ကုရ၏။ ဤဆရာဝန်ကညွှန်းမှ အထူးကုများနှင့် တွေ့ခွင့်ရသည်။ ဆေးရုံတက်ခွင့်ရသည်။ ကုသခ အားလုံးကိုမူ အစိုးရကပေးချေ၏။ သို့သော် မိမိကိုယ်ပိုင်သုံးလိုသော ဆေးဝါး၊ မျက်မှန်နှင့် သွားကုသမှု ကုန်ကျစရိတ်ကို လူနာကပေးရ၏။ ရေပူစမ်းများတွင် သွားရောက်အနားယူကုသလိုကလည်း မိမိဘာသာကျခံရသည်။

သို့ဖြစ်၍ အချို့လူနာများက ဤကျန်းမာရေးစောင့်ရှောက်မှုမှာ မလုံလောက်ဟုဆိုကာ သွားကျန်းမာရေး အာမခံထပ်ထားရ၏။ ငွေကြေးတတ်နိုင်သည့် ၅ ဒသမ ၅ သန်းသည် ပုဂ္ဂလိကကျန်းမာရေးအာမခံကုမ္ပဏီများမှာ အာမခံထပ်ထားကာ စိတ်ကြိုက်ဆေးကုသခံကြသည်။ သို့ဖြစ်၍ မိမိစိတ်ကြိုက်ဆေးကုသလိုမှု မိမိဘာသာ ငွေကြေး ကျခံရလေသည်။ အစိုးရအမှုထမ်းအားလုံးအတွက်ကား အစိုးရက စရိတ်ကျခံပေးစေ၏။

## ပြင်သစ်ပုံစံ

ပြင်သစ်နိုင်ငံ၌မူ ဆေးရုံနှင့် ဆေးခန်းများမှာပုဂ္ဂလိကပိုင်ဖြစ်၏။ ယင်းဆေးရုံဆေးခန်းများသို့ သွားရောက်

ကုသသူများသည် အစိုးရထံမှာ လူမှုဖူလုံရေးကြေးပေးထားက အခမဲ့လောက်ကုသနိုင်သည်။ ကုသခ၏ ၈၀ ရာခိုင်နှုန်းကိုအစိုးရကပေး၏။ ပထမပေးရသော ကုန်ကျငွေကိုလူနာကကျခံရသည်။ လက်ရှိအမေရိကန်ပြည်ထောင်စုရှိ ဆေးဝါးကုသမှုပုံစံအတိုင်းဖြစ်၏။ ကွာခြားသည်မှာ ပြင်သစ်နိုင်ငံ၌ အစိုးရကအာမခံပေးခြင်းနှင့် အမေရိကန်ပြည်ထောင်စု၌ ပုဂ္ဂလိကအာမခံကုမ္ပဏီများက အာမခံခြင်းသာဖြစ်သည်။

ပြင်သစ်ပုဂ္ဂလိကဆရာဝန်များမှာ ပိုက်ဆံအလွန်ရကြ၏။ သို့ဖြစ်၍ သူတို့သည် အစိုးရအလုပ်ကိုမလုပ်ကြ။ ပါမောက္ခများပင်လျှင်အချိန်ပိုင်းဖြစ်၏။ တစ်ရက်တွင်နာရီအနည်းငယ်ကိုသာ ဆေးတက္ကသိုလ်များ၌ သင်ကြားမှုပြုပြီး ကျန်အချိန်များ၌ ကိုယ်ပိုင်ဆေးခန်းထိုင်၍ ဝင်ငွေရှာနေကြသည်။ ခွဲစိတ်ကုသမှုစရိတ်မှာလည်းအလွန်ကြီးသည်။

အကယ်၍ လူတစ်ယောက်သည် ဆေးရုံ၊ ဆေးဝါးကုသခအကုန်လုံးကို အစိုးရကပေးစေလိုက မိမိလစာ၏ ၁၀ ရာခိုင်နှုန်းကို အစိုးရထံ ပရီမီယံ အာမခံငွေအဖြစ်ပေးထားရ၏။ သို့တိုင်အစိုးရက ခွင့်ပြုသော ဆေးရုံမှာမှ ကုသခွင့်ရှိလေသည်။ ဆေးရုံ၏ ကုန်ကျစရိတ်နှင့် ဆရာဝန်ကုခစရိတ်ကိုလည်းအစိုးရက ကန့်သတ်ထားသည်။ အခြားဆေးရုံများ၊ အပြင်ဆရာဝန်များနှင့် ကုသလိုပါက ပုံသေကုသခကိုသာ အစိုးရကပေး၏။ လိုအပ်လျှင် လူနာကထပ်ဆောင်း၍ ပေးရသည်။

သို့ဖြစ်၍အချို့ကပြင်သစ်ကျန်းမာရေးစောင့်ရှောက်မှုစနစ်သည် လူချမ်းသာများအတွက်သာ အကောင်းဆုံးဖြစ်ပြီး ရိုးရိုးလူများနှင့် ဆင်းရဲသားများအတွက် ဒုတိယတန်းစားဆေးကုသမှုသာပေးသည်ဟု စွပ်စွဲကြသည်။ အစိုးရက ဆေးကုသခကိုသတ်မှတ်ထားသဖြင့်လည်း ဆရာဝန်များက မကြိုက်ပေ။

ဗြိတိန်နိုင်ငံ၌ကျန်းမာရေးစောင့်ရှောက်မှုမှာ အမျိုးသားကျန်းမာရေးစနစ် (NHS)ဖြစ်သော်လည်း နေရာဒေသကိုလိုက်၍ ကွဲပြားသည်။ လန်ဒန်၊ အီဒင်ဘာရာ၊ ဂလက်စဂိုစသော ဆေးတက္ကသိုလ်များရှိပြီး လူဦးရေထူထပ်ရာအရပ်၌ ကောင်းမွန်၏။ ဆေးရုံကောင်းများ၊ ဆရာဝန်ကောင်းများရှိသည်။ တောင်ထူသော စကော့တလန်အရပ်အချို့နှင့် တောဖြစ်သော ဝေလနယ်လို့အရပ်များ၌ ဆေးရုံကောင်းနည်းပြီး ဆရာဝန်ကောင်းရှားပါး၏။ သို့ဖြစ်၍ ယင်းဒေသရှိလူများစုမှာ မြို့ကြီးများရှိလူများလို ကျန်းမာရေးစောင့်ရှောက်မှု အကောင်းစားကိုမရကြပေ။

## မြန်မာနိုင်ငံ၏ ကျန်းမာရေး စောင့်ရှောက်မှုစနစ်

မြန်မာလူမျိုးအများစုသည် ဗုဒ္ဓဘာသာများဖြစ်ကြသဖြင့် ကျန်းမာရေးအလုပ်ကို စေတနာ့ဝန်ထမ်းအသက်ကယ်ခြင်းအလုပ်အဖြစ်မြင်ကြသည်။ သို့ဖြစ်၍ ခေတ်အဆက်ဆက်၌မြန်မာနိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ အစိုးရကအားပေးသော အခမဲ့ ဆေးကုသမှုပင်ဖြစ်သည်။

ထို့အပြင် မြန်မာလူမျိုးတို့ ယူဆယုံ ကြည်သည်မှာ လူမစည်ကားသင့် သည့်အရပ်သုံးပါး၌ ဆေးရုံများလည်းပါနေသဖြင့် (ကျန်နှစ်ပါးမှာ တရားရုံး နှင့် သုသာန်ဖြစ်၏) ရှေးတုန်းကမူ မြန်မာလူမျိုးများဆေးရုံကိုကြောက်ကြသည်။ ဆေးရုံသုံးအောင်မနည်းစည်းရုံးယူရ၏။ ယခုလွတ်လပ်ရေး၏သည်မှာဘက်ကာလမှာသာ မြန်မာလူမျိုးအများစုသည်ဆေးရုံ၊ ဆေးခန်း၊ ဆရာဝန်များကိုသုံးရကောင်းမှန်းသိလာလေသည်။ သို့တိုင်လူအချို့မှာ သေကောင်ပေါင်းလဲဖြစ်မှပဲ ဆေးရုံကိုတင်ချင်ကြလေသည်။

သို့ဆိုလျှင်တပ်မတော်စစ်မှုထမ်းမဟုတ်သောအခြား အစိုးရအမှုထမ်းများသည် မည်သို့ကျန်းမာရေးစရိတ်ပေးကြရမည်နည်း။ မရှိဆင်းရဲသားများသည်ဆေးဖိုးဝါးခနှင့်ဆေးရုံတက်ခကို မည်သို့ကျခံရမည်နည်း။ အလုပ်သမားဥပဒေနှင့် အကျုံးဝင်သောအလုပ်သမားများလိုလူမှုဖူလုံရေးစနစ်ထဲအကျုံးဝင်အောင်ပြုလုပ်ရမည်လော။ မော်တော်ကားတိုက်၍ပျက်လျှင် မော်တော်ကားပြင်ရန်သူတစ်ပါးထိခိုက်မှုအာမခံမျိုး ကျန်းမာရေးအာမခံစနစ်ထားရမည်လော။ ဓိဝိတဒါနဆေးရုံ၊ မူဆလင်အခမဲ့ဆေးရုံများလို စေတနာ့ဝန်ထမ်းဆေးရုံများကိုသာအားကိုး ရမည်လော။

ဤအတွက် မူချမှတ်ရန်၊ စနစ်တစ်ခုသတ်မှတ်ရန်လိုလာလေသည်။ အကြောင်းမူ လူအများစုသည် ငွေစက္ကူအပုံပေါ်က ဆေးဝါးမျိုးစုံကို လက်လှမ်းလို့မမီတမီဖြစ်နေကြသည်။ ကြံ့ခိုင်ထည်ဝါသောတိုင်းပြည်ဖြစ်လိုလျှင် လူမမာများဖြင့် တည်ဆောက်လို့မရ။ ကျန်းမာသန်စွမ်းသူများဖြင့် တည်ဆောက်မှရမည်။ ဆေးဖိုးဝါးခနှင့် ဆရာဝန်စရိတ်၊ ဆေးရုံတက်ခ၊ ခွဲစိတ်ကုစရိတ်တွေ များနေမြင့်နေသည်ဆိုသော်လည်း ဆရာဝန်တိုင်းချမ်းသာနေကြသည်မဟုတ်ပေ။ ဆရာဝန်အလုပ်ကိုမလုပ်ဘဲ အခြားအလုပ်များပြောင်းလုပ်နေသော ဆရာဝန်များပင်ဆရာဝန်

ရှားသောမြန်မာနိုင်ငံ၌ များလာလေပြီ။ ဆရာဝန်မလုပ်ဘဲ စာရေးဆရာလုပ်သူ၊ သတင်းစာဆရာ၊ ထုတ်ဝေသူလုပ်သူမှအစ စီးပွားရေး ကုမ္ပဏီထောင်သူ၊ ညှိလမ်းညွှန်လုပ်သူပင် ရှိလာပြီ။

သို့ဖြစ်၍ မြန်မာနိုင်ငံ၏ ဆေး လောကနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ပိုမိုကောင်းမွန် အောင်ပြုပြင်ရန်အချိန်ကျလာလေပြီ။ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ ၂၄-၇-၉၃ ရက်နေ့မိန့်ခွန်းတွင် ဤကိစ္စအတွက် အဖြေပါသည့် လမ်းညွှန်ချက်များကို ဤသို့ပြော ကြားခဲ့သည်။

၁။ အမျိုးသားကျန်းမာရေးစီမံကိန်း နှင့်ပတ်သက်၍ မှာကြားလိုကြောင်း၊ ယခုရေးဆွဲပြီးစီးနေသည့် အမျိုးသားကျန်းမာရေးစီမံကိန်းမှာ ကျေးလက်ပြည်သူနှင့် နယ်စပ်ဒေသက တိုင်းရင်းသားများအတွက် အလေးထားရေးဆွဲထားသည့် စီမံကိန်းဖြစ်၍ လက်တွေ့ကျပြီး ဆင်းရဲနွမ်းပါးသူများ အတွက် ပိုမိုအကျိုးသက် ရောက်မှုရှိလာမှာ ဖြစ်ကြောင်း။

၂။ ယခုအခါစီမံကိန်းကဏ္ဍကြီးခြောက်ခုသတ်မှတ်ပြီး လုပ်ငန်းများဆောင် ရွက် ကြမှာ ဖြစ် ကြောင်း၊ ယင်းစီမံကိန်းကဏ္ဍကြီးများမှာ လူထုကျန်းမာရေးစောင့်ရှောက်မှု၊ ရောဂါနှိမ်နင်းရေး၊ ဆေးရုံ လုပ်ငန်း၊ ပတ်ဝန်းကျင်ကျန်းမာရေး၊ ကျန်းမာရေးစနစ် ဖွံ့ဖြိုးတိုးတက်မှု၊ ဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲရေးစသည့်ကဏ္ဍကြီးများဖြစ်ကြောင်း၊ ထိုကဏ္ဍကြီးများတွင် ပါဝင်မည့်လုပ်ငန်းစီမံချက် ပေါင်း ၄၅ ခုကိုရေးဆွဲပြီးစီးပြီးဖြစ်၍ ပြန် လည် စိ စစ် သုံး သပ် နေ ပြီ ဖြစ်ကြောင်း။

၃။ လက်တွေ့အကောင်အထည်ဖော်ရာတွင် အောင်မြင်ပြီးမြောက်စေရန်အတွက် လိုအပ်ချက်များမှာ-

(၁) လုပ်ငန်း ဆန်း စစ် ခြင်း၊ သတင်း မှန် မှန် နှင့် ပြည့်ပြည့်စုံစုံ တင် ပြ ခြင်း၊ အောက်ခြေကို ပြန် လည် အ သိ ပေး ခြင်း ကို တိ တိ ကျကျ ဆောင်ရွက်ရန်။

(၂) ကျန်းမာရေး လုပ်ငန်း စနစ် သုတေသနပြုရာတွင် ကျန်းမာ ရေးဦးစီးဌာနကို ဆုံချက်ပြုပြီး အခြား ဦးစီးဌာန များနှင့် ပူးပေါင်းဆောင်ရွက်ရန်။

(၃) အ ဆင့်ဆင့် ကြီး ကြပ် ကွပ် ကဲမှုကို ပိုမိုအားဖြည့် ဆောင် ရွက်ရန်။

(၄) စီမံချက်အသီးသီးကိုအနီးကပ် ကြီးကြပ်ရန်အတွက်ပြည်နယ်နှင့် တိုင်းဦးစီးဌာန မှူးများ ကို အထူးတာဝန်တစ်ရပ်အနေဖြင့်တာ ဝန် ပေး အပ် ရန် ဆို သ ည့် အ ချ က် များ ကို သတ်မှတ်ထားရန်။

၄။ အဓိကလိုအပ်ချက်အားလုံးမှာ နယ်မြေအသီးသီး၌ လက်တွေ့ဆောင်ရွက်နေရသည့် ဆရာဝန်ကြီးများ အပေါ်တွင် အဓိကတည်မှီနေခြင်းကြောင့် အမျိုးသားကျန်းမာရေးစီမံကိန်းနှင့် လုပ်ငန်း စီမံချက်များ အောင်မြင်အောင် ဆရာဝန်ကြီးများ အားလုံးက စေတနာအပြည့်၊ ခံယူချက်အပြည့်ဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ကြပါဟု မှာကြား လိုကြောင်း။

၅။ (၁) ဆေးပညာသင်ကြားရေးမှာ လည်း ပြောင်းလဲလာ သည့် အ ခြေ အနေနှင့် လိုက် လျောညီထွေဖြစ်အောင် ပြန် လ ည် သုံး သပ် ဆောင် ရွ က် လျက် ရှိကြောင်း။

(၂) သူနာပြုဒီပလိုမာသင်တန်း များကိုလည်း ပြည် သူ့ ကျန်း မာ ရေးကို ဦးတည်သည့်သူနာပြု သင် ရိုးညွှန်း တ မ်း အသ စ် ဖြ င့် အကောင်အထည်ဖော်ပေးလျက် ရှိကြောင်း။

၆။ ပြောင်းလဲကျင့်သုံးနေသော စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်အောင် ကျန်းမာရေး ကဏ္ဍတွင် ပုဂ္ဂလိကများ၊ ဖက်စပ်များနှင့် သမဝါယမများ၏ ပူးပေါင်း ဆောင်ရွက်မှုကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့်ပတ်သက်၍ နိုင်ငံတော် အစိုးရ တစ်ခုတည်းကသာ တာဝန်ခံဆောင် ရွက်ခြင်းမျိုး မဟုတ်ဘဲ ပုဂ္ဂလိက၊ ဖက်စပ်နှင့် သမဝါယမများ၊ နိုင်ငံတကာအဖွဲ့အစည်းများကပါ ကုန်ကျ စရိတ်များ မျှဝေခံနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားပြည်သူလူထုနှင့် ပြည်ပအဖွဲ့အစည်းများက ရရှိနိုင်မည့် ဘဏ္ဍာငွေအင်အားတို့ကို အချိုး ညီညီပေါင်းစပ်လျှာထား ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ လုပ်ငန်းစီ မံချက် ၄၅ ခုထဲတွင်"အစိုးရ မဟုတ်သောအဖွဲ့အစည်းများပါဝင် ဆောင် ရွ က် ရေး လု ပ် င န် း စီ မံ ချ က် "နှင့် " ကျန်းမာရေး လုပ်ငန်းအတွက်ဘဏ္ဍာငွေ ဖြည့်တင်းရေးနည်းလမ်းများ ရှာဖွေရေးလုပ်ငန်း စီမံချက်"တို့ကိုထည့်သွင်းရေးဆွဲ ထားကြောင်း။

၇။ " စရိတ်မျှပေးကျန်းမာရေးလုပ်ငန်း"ကို အချို့မြို့နယ်များတွင် စတင်စမ်းသပ်ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့ဆေးရုံကြီးများ တွင် Paying

ဆေးပညာအသိလူတိုင်းကိုယ်စီ ရှိရန် ကျန်းမာရေး ပညာပေးမှု သည်လည်း မပါမပြီး



Ward(ငွေပေးသူနာဆောင်)များ ဖွင့်လှစ်ပေးခဲ့ပြီး ရရှိသောဝင်ငွေကိုနိုင်ငံတော်အတွက်၊ ဆေးရုံပြုပြင်ထိန်းသိမ်းရေးအတွက်၊ ဆေးဝါးများ ဖြည့်တင်းရေးအတွက်နှင့် ဝန်ထမ်းများအတွက်ဆိုပြီး အချိုးကျခွဲဝေပေးသည့်စနစ်ဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ စတင်တာဝန်ယူချိန်မှစ၍ ၁၉၉၃ခုနှစ်၊ မေလကုန်အထိ ငွေကျပ်သန်းပေါင်း ၅၂၈၇ ဒသမ ၇၅၅ သန်းသုံးစွဲခဲ့ပြီးဖြစ်ကြောင်း။

ဤအတွက် ကမ္ဘာ့ပညာရှင်များ၏ အကြံပေးချက်များမှာ တစ်ဘက်ပါအတိုင်းဖြစ်သည်။

## အကောင်းဆုံး နိုင်ငံတော်ကျန်းမာရေး စနစ်တစ်ခု၏ဂုဏ်အင်များ

၁။ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုစနစ် လမ်းညွှန်များ

(က) လူ တိုင်း ဆင်း ရဲ ချမ်း သာမရွေး ကျန်းမာရေး စောင့် ရှောက် မှု ကို ခံ ယူနိုင်ရမည်။

(ခ) ဤအတွက်အစိုးရနှင့်ပုဂ္ဂလိကအာမခံမှု၊ အစိုးရဆေးရုံဆေးခန်းနှင့် ပုဂ္ဂလိကဆေးရုံဆေးခန်းများ ပူးပေါင်းပါဝင်ရမည်။

(ဂ) အစိုးရအမှုထမ်းများအတွက် တပ်မတော်အမှုထမ်းများကဲ့သို့ ကျန်းမာရေးအာမခံမှုရှိရမည်။ ဤအတွက်လူမှုဖူလုံရေးစနစ် သို့မဟုတ်၊ အာမခံစနစ်ကို သုံးနိုင်သည်။

(ဃ) အစိုးရ၊ ကျန်းမာရေးဝန်ထမ်းနှင့် ပြည်သူလူထု ပါဝင်သော အဖွဲ့အစည်းများက တိုင်ပင်တာဝန်ယူ၍ လူတိုင်းခံစားခွင့်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အကောင်အထည်ဖော်ရမည်။

(င) ကျန်းမာရေးစောင့်ရှောက်မှုသည်နေရာ ဒေသမရွေးအရည်အသွေး၊ အဆင့်မီရမည်။ မြင့်မားရမည်။ လူနည်းစုအတွက်သာ အကောင်းဆုံး မဖြစ်စေရ။

(စ) ဗဟိုအစိုးရ သို့မဟုတ်၊ ပြည်နယ်နှင့် တိုင်းဒေသဆိုင်ရာ အစိုးရအဖွဲ့များက အဆင့်ဆင့် တာဝန်





**ဆေးရုံနှင့် ဆေးဝါးထုံလောက်စွာရှိမှ ကျန်းမာရေး စောင့်ရှောက်မှုအတွက် အာမခံချက်ပေးနိုင်မည်**

ခွဲဝေပေးသော လွတ်လပ်စွာ လုပ်ကိုင်နိုင်ခွင့်ရှိ သည့် ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ကျေးရွာ အလိုက် ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အစည်းများရှိရမည်။

(ဆ) ခေတ်မီဆေးဝါးကုသမှုကို ပေးနေသလို ကုန်ကျစရိတ်ကို ခြိုးခြံချွေတာနိုင်ရမည်။

(ဇ) သုံးစွဲသူပြည်သူလူထု ကျေနပ်မှု ရအောင် အမြဲကြိုးစားနေရမည်။ စစ်ဆေးသူနှင့် တာဝန်ခံသူရှိရမည်။

(ဈ) ကျန်းမာရေးဝန်ထမ်းများ ၏ နေရေး၊ ထိုင်ရေး၊ ပညာရေးတိုးတက်မှုနှင့် ဘဝအာမခံချက်များ လည်းပေးနိုင်ရမည်။

(ည) အမျိုးသားကျန်းမာရေးစနစ်ကို လူတိုင်းသိရှိခံစား နိုင်ရန် အများပြည်သူအတွက် ပညာပေးလုပ်ငန်း များစဉ်ဆက်မပြတ်ရှိနေရမည်။

## ၂။ ကျန်းမာရေးလုပ်ငန်းများ၏ ရည်မှန်းချက်

(က) ပညာပေးရေးနှင့် ကာကွယ်ရေးကို ကုသရေး ထက်ပို အရေးပေးရမည်။

(ခ) ငွေကုန်ကြေးကျများပြီး ဆန်းပြားသော ကုသနည်းများထက်အဖိုးချို၍ ရိုးစင်းသော ကုသမှုများကို ပြုလုပ်ရမည်။ ဥပမာ–နှလုံးအစားထိုးခွဲစိတ်ကုသမှုမျိုး (HEART TRANSPLANT) ထက် နှလုံးရောဂါကာကွယ်ကုသသည့် ဆေးများ ကိုပိုအားပေးရမည်။ လိုအပ်မှ နှလုံးသွေးကြောလမ်းလွှဲဆက်သည့် ခွဲစိတ်မှုမျိုး (BY-PASS SURGERY ) ကိုပြုလုပ်ရမည်။

(ဂ) ပြည်သူလူထုအများစုနှင့် ထိတွေ့ရသည့် အထွေထွေရောဂါကုဆရာဝန်ဆေးခန်းများ ပိုဖွင့်ရမည်။ အထူးကုဆရာဝန်များသည် အထွေထွေရောဂါကုဆရာဝန်များက ညွှန်းမှ လူနာများကိုလက်ခံကုသရမည်။ တိုက်ရိုက်လက်ခံမကုရ။

(ဃ) တောလက်ကျေးရွာများ အတွက်ဆရာဝန်ထက် ကျန်းမာရေးမှူး၊ ဆေးလက်ထောက်နှင့် သားဖွားဆရာမများ ပိုမိုထုတ်လုပ် ပေးရမည်။

(င) ဖြစ်နိုင်က သမဝါယမစနစ်ဖြင့် ကိုယ်ထူကိုယ်ထ ဆေးခန်းများကို စုပေါင်းထူထောင်ခွင့် အားပေး ရမည်။

(စ) ကျေးလက်တောရွာမှ မြို့နယ်၊ ခရိုင်၊ တိုင်း၊ ပြည်နယ်၊ ဗဟိုအထိအဆင့်ဆင့်သော ဆေးရုံနှင့် ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့များရှိ ရမည်။ အဆင့်ဆင့် ဆက်သွယ်မှုကောင်းရမည်။ လူနာများကိုညွှန်းပါက ဆက်လက် လက်ခံကုသနိုင်ရမည်။

(ဆ) အထိရောက်ဆုံးနှင့် ဈေးအသက်သာဆုံး ကုသနည်း များရအောင်၊ ပြန့်ပွားအောင် ဆေးသုတေသန အမြဲပြုလုပ်ဖြန့်ဝေနေရ မည်။

(ဇ) အကောင်းဆုံးနှင့် အသင့်တော်ဆုံးကုသနည်းကို လူနာနှင့်လူနာရှင်ကရွေးတတ်အောင် ပညာပေးမှုရှိ ရမည်။

(ဈ) အဆင့်ဆင့်ဆုံးဖြတ်လုပ် ကိုင်ရာ၌ ဒီမိုကရေစီကျင့် စဉ်နှင့် အညီဖြစ်ရမည်။

**၃။ ကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေး**

(က) ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးမှူး၊ ဆေးဝါးကျွမ်းကျင်သူနှင့် လက်သည် စသော ကျန်းမာရေး ဝန်ထမ်း အသီးသီး၏ အရည်အသွေးကို မြင့်မားအောင် အမြဲသင်ကြား၊ စစ်ဆေးပေးရမည်။

(ခ) ဝါသနာပါသူတိုင်း သက်ဆိုင်ရာသင်တန်းများသို့ တက်နိုင်ရန် ကူညီရမည်။ အထူးသဖြင့် လက်ရှိဆေး တက္ကသိုလ် ဝင်ခွင့်ကို ခေတ်နှင့်လျော်ညီအောင် ပြုပြင်ရမည်။

(ဂ) ကျန်းမာရေးဝန်ထမ်းဖြစ် မည့်သူများ၏ ပညာရေးကို ငွေကြေးထောက်ပံ့မှု၊ ချေးငှားမှု၊ အာမခံမှုစသည် ဖြင့် လိုအပ်သလိုကူညီပေး ရမည်။

(ဃ) ဆေးတက္ကသိုလ်အပါအဝင် ကျန်းမာရေး ဝန်ထမ်းကျောင်း၊ တက္ကသိုလ်များပိုမိုဖွင့်ရမည်။ ၄င်းတို့မရှိသေးသည့် တိုင်းနှင့်ပြည်နယ်များမှာ ပါဖွင့် ပေးရမည်။

(င) ကျန်းမာရေးဝန်ထမ်းများ၏ ဘဝအာမခံချက်နှင့် ဆက် လက်ပညာသင်လိုမှုကိုအား ပေးရမည်။

**၄။ ကျန်းမာရေးပညာပေးရေးလုပ်ငန်း**

(က) ဆရာဝန်မှ အောက်ခြေကျန်းမာရေး လုပ်သား အထိ ပြည်သူလူထုအားကျန်းမာ ရေးပညာပေး လုပ်ငန်းတွင် ပါဝင်ဆောင်ရွက် ရမည်။

(ခ) အစိုးရ၊ ပုဂ္ဂလိက၊ သမဝါ ယမနှင့် စေတနာ့ဝန်ထမ်း ကျန်းမာရေးအဖွဲ့အစည်း များသည်ကျန်းမာရေး ပညာပေးလုပ်ငန်းကိုအမြဲ ဆောင်ရွက်နေရမည်။

(ဂ) မှားယွင်းနေသော ကျန်းမာ ရေးအယူအဆများ ကွယ် ပျောက်အောင် ဝိုင်းဝန်း ဆောင်ရွက်ကြရ မည်။ မှန်ကန်သောအချက်များ အသုံး ဝင်သော အချက်များ ကိုသာအဓိကဖြန့်ဝေ ကြရမည်။

(ဃ) ရောဂါအကြောင်းကိုသာ မကကုသမှုနည်းများ၊ ၄င်း တို့၏ အကျိုးအပြစ်၊ ကုန်ကျစရိတ်တို့ကိုပါ ပြည်သူလူထုသိအောင်ပညာ ပေးရမည်။

(င) တစ်နိုင်ငံလုံးနှင့် ဆိုင်သော ကျန်းမာရေး ပြဿနာများ ဥပမာ– မူးယစ်ဆေးဝါးနှင့် အေအိုင်ဒီအက်စ်ရောဂါ၊ ငှက်ဖျား၊ ကာလဝမ်း ရောဂါ စသောအကြောင်းများကို ကျောင်းသူ ကျောင်းသား များသာမက အလုပ်သမား အစိုးရအမှုထမ်း၊ သက်ကြီး သက်ငယ်မရွေး သိအောင် ဆောင်ရွက်ပေးရမည်။

(စ) ကျန်းမာရေးပညာပေး ကျောင်း၊ တက္ကသိုလ်များ ဖွင့်လှစ်ပေးရမည်။

**၅။ ကျန်းမာရေးနှင့်ဆေးသုတေသန လုပ်ငန်း**

(က) ပေါ်ပင်ပြဿနာများကို သုတေသနပြုခြင်းထက် နိုင်ငံနှင့်ဆိုင်သော ရေရှည် ပြဿနာများကို သုတေသန ပြုရမည်။

(ခ) ကုသမှု(ဝါ) ကုသနည်းများ ကို သုတေသန ပြုခြင်းထက် အခြေခံပြဿနာများပြေလည် အောင် အခြေခံသုတေသန ပြုရမည်။

(ဂ) ဆေးလက်တွေ့ပြဿနာ များအပြင် ဆေး အခြေခံ နှင့် ဆေးလက်တွေ့အကြို ဘာသာရပ်များမှ ပြဿနာ များကိုပါ ဦးစားပေးရမည်။

(ဃ) ကျန်းမာရေးဆိုင်ရာ ငွေကုန်ကြေးကျမှုပြဿနာ များ၊ ပညာပေးရေး ပြဿနာ များနှင့် သင်ကြား ရေးနည်းနာများကို သုတေသနပြုရမည်။

(င) သုတေသနတွေ့ရှိချက်များကိုသက်ဆိုင်သူတိုင်း သိအောင် ပုံနှိပ်ဖြန့်ဝေရ မည်။

(စ) သုတေသနနည်းပညာများ အမြဲခေတ်မီအောင် ဆောင်ရွက် ရမည်။

(ဆ) ကျဉ်းမြောင်းသောလူမျိုး ရေး၊ နိုင်ငံရေးအခြေခံ သည့် သုတေသနထက် သိပ္ပံ နည်းကျဆေးပညာ အခြေခံ သုတေသနများကိုသာ လုပ်ဆောင် ရမည်။

ဒေါက်တာမောင်မောင်ညို








# လှော်ကားဥယျာဉ်

မြန်မာနိုင်ငံတွင် ၁၈၅၆ ခုနှစ်မှစတင်၍သစ်တော များအား စနစ်တကျထိန်းသိမ်းရေးလုပ်ငန်းကို စတင်ခဲ့ သည်။ ထို့အတူပင် သစ်တောများ၏ သဘာဝအဖွဲ့အစည်း ဖြစ်သော တောတွင်းတိရစ္ဆာန်ရိုင်းများ ထိန်းသိမ်းကာကွယ် ရေး လုပ်ငန်းကိုလည်း ၁၉၁၈ ခုနှစ်တွင် စတင်ဆောင်ရွက် ခဲ့သည်။ ထိုစဉ်က တောတွင်းတိရစ္ဆာန် ထိန်းသိမ်းကာကွယ် ရေးလုပ်ငန်းကို ဘေးမဲ့တောဥယျာဉ်များ ဖွဲ့စည်း တည်ထောင်ပြီးဆောင်ရွက်ခဲ့သည်။ ယခုအထိတည်ထောင် ပြီးဘေးမဲ့တော ၁၇ ခုရှိသည်။ အကျယ်အဝန်းအားဖြင့် ကေ ၁ဒသမ ၃၃ သန်းကျော်ရှိသည်။

တည်ထောင်ပြီးဘေးမဲ့တောများကို အောက်ပါအတိုင်း တွေ့မြင်နိုင်သည် –

| စဉ် | အမည် | တည်နေရာ တိုင်း/ပြည်နယ် | တည်ထောင် သည့်ခုနှစ် | အကျယ်အဝန်း စတုရန်းမိုင် |
|---|---|---|---|---|
| ၁။ | ပိတောင် | ကချင်ပြည်နယ် | ၁၉၁၈ | ၂၇၉.၇၀ |
| ၂။ | ချပ်သင်း | စစ်ကိုင်းတိုင်း | ၁၉၄၁ | ၁၀၃.၅၅ |
| ၃။ | ရွှေဥဒေါင်း | မန္တလေးတိုင်း | ၁၉၁၈ | ၈၁.၀၀ |
| | ရွှေဥဒေါင်း | ရှမ်းပြည်နယ် | ၁၉၂၇ | ၄၅.၀၀ |
| ၄။ | မေမြို့ | မန္တလေးတိုင်း | ၁၉၁၈ | ၄၉.၁၃ |
| ၅။ | ဝက်ထီးကန် | မကွေးတိုင်း | ၁၉၃၉ | ၁.၇၅ |
| ၆။ | ရွှေစက်တော် | မကွေးတိုင်း | ၁၉၄၀ | ၂၁၃.၄၀ |
| ၇။ | တောင်ကြီး | ရှမ်းပြည်နယ် | ၁၉၃၀ | ၆.၂၀ |
| ၈။ | ကဟိလူ | ကရင်ပြည်နယ် | ၁၉၂၈ | ၆၂.၀၀ |
| ၉။ | ကေလာသ | မွန်ပြည်နယ် | ၁၉၄၂ | ၉.၄၅ |
| ၁၀။ | မူလာရစ် | ကရင်ပြည်နယ် | ၁၉၃၆ | ၅၃.၅၀ |
| ၁၁။ | မောစကော့ ကျွန်း | တနင်္သာရီတိုင်း | ၁၉၂၇ | ၁၉.၀၀ |
| ၁၂။ | သမီးလှကျွန်း | ဧရာဝတီတိုင်း | ၁၉၇၀ | ၀.၃၄ |
| ၁၃။ | မင်းဝံတောင် | စစ်ကိုင်းတိုင်း | ၁၉၇၂ | ၇၉.၄၉ |
| ၁၄။ | ထမံသိ | စစ်ကိုင်းတိုင်း | ၁၉၇၄ | ၈၃၀.၄၀ |
| ၁၅။ | အင်းလေးကန် | ရှမ်းပြည်နယ် | ၁၉၈၅ | ၂၄၈.၀၀ |
| ၁၆။ | အလောင်းတော် ကဿပ | စစ်ကိုင်းတိုင်း | ၁၉၈၉ | ၆၁၆.၈၄၃ |
| ၁၇။ | မိုးယွန်းကြီး | ပဲခူး | ၁၉၈၈ | ၄၀.၀၀ |
| | | ပေါင်း | | ၂၇၃၈.၇၅၃ |

ယခင်ကသားငှက်တိရစ္ဆာန်များ ထိန်းသိမ်း ကာကွယ် ရေးလုပ်ငန်းကို ဘေးမဲ့တောများ တည်ထောင်ခြင်းဖြင့်သာ အဓိကထားဆောင်ရွက်ခဲ့သော်လည်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွေးအခေါ်စနစ်သစ်တို့ဖြင့် ထိန်းသိမ်း ခြင်းလုပ်ငန်းကိုလွန်ခဲ့သောအနှစ် ၃၀ ကျော်လောက်ကစ၍ ကမ္ဘာတစ်ဝန်းလုံးတွင် အရှိန်အဟုန်မြင့်မားစွာဖြင့် ဆောင်ရွက်လျက်ရှိသည်။စနစ်သစ်တွင် ဘေးမဲ့တောများ အပါအဝင် အမျိုးသားဥယျာဉ်များ (National Parks) သဘာဝ ထိန်းသိမ်းဒေသများ (Nature reserves) စသည့် ထိန်းသိမ်းဒေသများ တည်ထောင်ကာ ထိန်းသိမ်းရေး လုပ်ငန်းများပါဝင်ပေသည်။ မြန်မာနိုင်ငံတွင် ၁၉၈၁ ခုနှစ်မှ စတင်၍ ဘေးမဲ့တောများအပြစ် ဘေးမဲ့တောဥယျာဉ်များကို စတင်တည်ထောင်ခဲ့သည်။ ယခုအထိတည်ထောင် ပြီးဘေးမဲ့တောဥယျာဉ် သုံးခုရှိပါသည်။ အကျယ်အဝန်းမှာ ၄၂၉,၀၅၆ ဧက ဖြစ်သည်။ တည်ထောင်ပြီးဘေးမဲ့တော ဥယျာဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် –

| စဉ် | အမည် | တည်နေရာ တိုင်း/ပြည်နယ် | တည်ထောင် သည့်ခုနှစ် | အကျယ်အဝန်း စတုရန်းမိုင် |
|---|---|---|---|---|
| ၁။ | လှော်ကား | ရန်ကုန်တိုင်း | ၁၉၈၁ | ၁.၄ |
| ၂။ | အလောင်းတော် ကဿပ | စစ်ကိုင်းတိုင်း | ၁၉၈၄ | ၆၂၀.၀ |
| ၃။ | ပုပ္ပား | မန္တလေးတိုင်း | ၁၉၈၅ | ၄၉.၀ |
| | | စုစုပေါင်း စတုရန်းမိုင် | | ၆၇၀.၀ |

(၄၂၉၀၅၆ ဧက)

လှော်ကားဥယျာဉ်သည် ရန်ကုန်မြို့နှင့်အနီးဆုံးတည်ရှိခဲ့ သော ဥယျာဉ်တစ်ခုဖြစ်သည်။ သို့သော်ဥယျာဉ်အတွင်း စည်းကမ်းမဲ့ခုတ်လှဲဖျက်ဆီးကြသောကြောင့် ဥယျာဉ်ကြီးမှာ ပျက်စီးပြုန်းတီးခဲ့ပါသည်။ ထို့ကြောင့် လယ်ယာနှင့် သစ်တောဝန်ကြီးဌာနသည် –

(က) သစ်တောထိန်းသိမ်းခြင်း အကျိုးအပြစ်များကို သိရှိစေ၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု ပညာ ရရှိစေရန်။



ဥယျာဉ်အတွင်း လှည့်လည်သည့်ကားပေါ်တွင် ဥယျာဉ်လမ်းညွှန်ဝန်ထမ်းက ရှင်းလင်းပြသပေးနေစဉ်

(ခ) တောတောင် သဘာဝအလှကို တွေ့မြင်စေ၍ အပန်း ဖြေအနားယူနိုင်ရန်။

(ဂ) သားငှက် တိရစ္ဆာန်များအား သဘာဝအတိုင်း လွတ်လပ်စွာနေထိုင် ကျက်စားခြင်းကို လွယ်ကူစွာမြင်တွေ့ လေ့လာနိုင်စေရန်။

(ဃ) သစ်တောနှင့်သားငှက်ထိန်းသိမ်းခြင်းကို သရုပ်ပြ၊ တတ်ပုံ၊ ပန်းချီကားစနစ်ဖြင့် ပညာပေးနိုင်ရန်။

(င) သားစား နို့တိုက်သတ္တဝါများကိုလည်း သဘာဝအတိုင်း တွေ့မြင်နိုင်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ပြုန်းတီးနေသောဥယျာဉ်ကြီးအားပြန်လည်ထူထောင်ရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

လှော်ကားဥယျာဉ်၏ အဓိကရည်ရွယ်ချက်မှာ "အပန်းလည်းဖြေ ပညာလည်းရ" ဟူသောဆောင်ပုဒ် ဖြစ်ပြီး အခြားဥယျာဉ်များကဲ့သို့ မဟုတ်ဘဲ အပန်းဖြေအနားယူပြီးနောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအရေးကြီးပုံကို ပညာပေးသွားရန်ပင်ဖြစ်သည်။

ထိုသို့ဖြင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်တို့သည် တောတွင်းတိရစ္ဆာန်များ၏ကို အစဉ်အလာအရ ဘေးမဲ့တောများတည်ထောင်၍ သမားရိုးကျထိန်းသိမ်းနေခြင်းမှ စနစ်သစ်များဖြင့် ထိန်းသိမ်းနိုင်ရေးအတွက် နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ပြီး သဘာဝထိန်းသိမ်းရေးနှင့် အမျိုးသားဥယျာဉ်စီမံကိန်းကို ၁၉၈၁–၈၂ ခုနှစ်မှ ၁၉၈၃–၈၄ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ စီမံကိန်းအတွက်ကုန်ကျငွေမှာ မြန်မာနိုင်ငံအစိုးရဘက်မှ ကျပ် ၁၄၆ ဒသမ ၉၈ သိန်း ဖြစ်၍ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်မှ ၉၂ ဒသမ ၂၀ သိန်း (ဒေါ်လာ ၁၄ ဒသမ ၄၀ သိန်း) ဖြစ်သည်။ စုစုပေါင်းကျပ် ၂၃၉ ဒသမ ၁၈ သိန်းဖြစ်သည်။ စီမံကိန်းကာလ၏ ပထမနှစ်အတွင်းမှာပင် လှော်ကားဥယျာဉ်ကို စတင်တည်ထောင်ခဲ့သည်။ ထိုနှစ်၌ သစ်တောဦးစီးဌာနမှ တာဝန်ယူတည်ထောင်ခဲ့ပြီး ဘဏ္ဍာနှစ် ၁၉၈၂–၈၃ မှ ၁၉၈၄–၈၅ အထိ ပြည်သူ့လုပ်အားနေရာချထားရေး အဖွဲ့မှ လွှဲပြောင်းတာဝန်ယူ တည်ထောင်ခဲ့သည်။ ထို့နောက် ၁၉၈၅ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစပြီး ယနေ့အထိ သစ်တောဦးစီးဌာနမှ လွှဲပြောင်းလက်ခံ တည်ထောင်ခဲ့သည်။

ယခုလှော်ကားဥယျာဉ်တည်ထောင်ထားသော နယ်မြေသည် ဥယျာဉ်အဖြစ်မတည်ထောင်သေးမီက လှော်ကား၏ ရေဝေဒေသသာဖြစ်သည်။ မိုးရာသီတွင်ဥယျာဉ်အတွင်းရှိ ကန်သာယာမှ ရေတို့သည် ရေလွှဲမြောင်းအတိုင်း လှော်ကားကန်အတွင်းသို့စီးဝင်ကုန်သည်။ မိုးရာသီကုန်ဆုံး

သောအခါ ကန်သာယာမှ ရေစီးဆင်းမှုရပ်ဆိုင်းသွားသည်။ ထို့ကြောင့်ကန်သာယာသည် လော်ကာကန်ကြီးအား ရေဖြည့်ဆီးပေးသော ကန်ကြီးဖြစ်လေသည်။

လော်ကာဥယျာဉ်သည် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အတွင်း၌ တည်ရှိပါသည်။ ဥယျာဉ်သို့သွားရန်မှာ ရန်ကုန် ပြည် လမ်းအတိုင်း သွားရောက်ပြီး ထောက်ကြံ့လမ်းဆုံမှ ထောက်ကြံ့- ပြည်လမ်းသို့ ဆက်သွားလျှင် ခရီးမိုင်ဝက်ခန့် ၌ လော်ကာရွာသို့သွားသည့်လမ်းခွဲသို့ ရောက်ပေမည်။ ထိုလမ်းခွဲအတိုင်း ဆက်လက်သွားရောက်လျှင် လော်ကာ ဥယျာဉ်သို့ရောက်ရှိနိုင်ပေသည်။ ခရီးအကွာအဝေးမှာ ရန်ကုန်မြို့မှ ၂၃ မိုင်ခန့်ကွာဝေးပါသည်။ ခရီးသွားချိန် ၄၅ မိနစ်ခန့်ကြာနိုင်ပါသည်။

ဥယျာဉ်၏စုစုပေါင်းအကျယ်အဝန်းမှာ ၁၆၅၀ ဧက ရှိသည်။ ဤနယ်မြေကို အပိုင်းသုံးပိုင်း ခွဲခြားထားရှိရာ ဘေးမဲ့တောဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်ငယ်၊ ကြားခံနယ်မြေ တို့ဖြစ်ကြသည်။ ဘေးမဲ့တောဥယျာဉ်သည် ၈၁၈ ဧကရှိ၍ တိရစ္ဆာန်ဥယျာဉ်ငယ်သည် ၆၂ ဧက ကျယ်ပါသည်။ ကြားခံနယ်မြေမှာ ၇၇၀ ဧက ရှိပါသည်။

ဤနယ်မြေသုံးခုအနက် လော်ကာဘေးမဲ့တောဥယျာဉ် သည် နယ်မြေအကြီးဆုံးဖြစ်သည်။ ဘေးမဲ့တောဥယျာဉ် အတွင်း၌ သမင်၊ ဒရယ်၊ ချေ၊ ဆတ်၊ စိုင်၊ နွားနောက် စသည့် မြက်၊ သစ်ရွက်စားသော တိရစ္ဆာန်များကို အများဆုံးမွေးမြူ ထားသည်။ ထိုတိရစ္ဆာန်များအား သဘာဝအတိုင်း လွတ်လပ်စွာ ကျက်စားသွားလာနေသည်ကို တွေ့မြင်နိုင်လေသည်။ ထို့ပြင်ဥယျာဉ်အဖြစ်မတည်ထောင်မီက ကျက်စားနေသည့် တောဝက်၊ မျောက်လေပွေနှင့် ရေတွင်ကျက်စားသည့် ရေငှက်မျိုးစုံကိုလည်းတွေ့မြင်နိုင်ပေသည်။ ထိုရေငှက်များ သည် ရာသီအလိုက်လာရောက်ကြသောငှက်များ (migratory birds) ဖြစ်ကြသည်။

ဘေးမဲ့တောအတွင်း၌လည်း ရေငန်းရိပ်သာ ၁ ဆောင်၊ ရေငန်းရိပ်သာရုံ၊ သိုလှောင်ရုံ ၁ ခု၊ ၇ မိုင် ၂ ဖာလုံ ရှည်လျားသည့် ဆယ်ပေကျယ်ဂဝံပတ်လမ်း၊ ၇ မိုင် ၄ ဖာလုံရှည်သည့် ရှစ်ပေမြင့်ခြံစည်းရိုး၊ ဆည် ၁၀ ခု၊ ၁၀၀ ဧကကျယ်ဝန်းသည့် တိရစ္ဆာန်စားကျက်၊ ညောင်လင့်စင် ၁ စင်၊ ရေပေါ် အပန်းဖြေစခန်း ၃ ခု၊ ၁ မိုင် ၆ ဖာလုံရှည်သည့် ရေပေါ် အပန်းဖြေစခန်း ဆက်သွယ်လမ်း၊ စားသောက်ဆိုင် ၁ ဆိုင်၊ အမှတ်တရ ပစ္စည်း အရောင်းဆိုင် ၂ ဆိုင်၊ ပျိုးဥယျာဉ် ၁ ခု၊ အစောင့် ဝန်ထမ်းအိမ်ရာ ၆ ခု၊ ၇၇၀ ဧက ကျယ်ဝန်းသော ဘေးမဲ့တောဥယျာဉ်ပတ်လည်ရှိ ကြားခံနယ်မြေတို့ကို တည်ဆောက်ထားသည်။

ကြားခံနယ်မြေသည် ဘေးမဲ့တောအား ပတ်လည်ဝန်းခြံ ခတ်ထားသော ဒေသ အပြင်ဘက်နယ်မြေဖြစ်သည်။ ထိုကြားခံနယ်မြေသတ်မှတ်ထားရှိရခြင်းမှာ ယခင်က လော်ကာကန် ဝန်းကျင်ဒေသသည် စိမ်းလန်းစိုပြည်၍ အမြဲစိမ်းတော (Evergreen Forests) များတည်ရှိခဲ့သော် လည်း စစ်အတွင်းနှင့်စစ်ပြီးနောက်ပိုင်းတွင် သစ်ပင်များခုတ် ထွင်ဖျက်ဆီးမှုကြောင့် အလွန်ကောင်းမွန်သော အမြဲစိမ်း တောကြီးသည် ပျက်စီးပြုန်းတီးသွားခဲ့ပါသည်။ လော်ကာ တွင် သစ်ပင်ခုတ်လှဲခြင်းနှင့် နွားကျောင်းခြင်းတို့သည် ထိန်းသိမ်းကာကွယ်ရန် အလွန်ခက်ခဲသည့် လုပ်ငန်းဖြစ်၍ ဝင်းခြံခတ်ထားသောဥယျာဉ်အတွင်းထင်းခုတ်ခြင်းစသည့် ပြင်ပအနှောင့်အယှက်ပယောဂများ မဝင်နိုင်စေရန်အတွက် ယင်းသို့ကြားခံနယ်မြေ (buffer Zone) သတ်မှတ်ထားရှိ ရခြင်းဖြစ်ပေသည်။

တိရစ္ဆာန် ဥယျာဉ်ငယ်အတွင်း၌ အုပ်ချုပ်ရေးမှူးရုံး၊ သဘာဝထိန်းသိမ်းရေးပြခန်း၊ စားသောက်ဆိုင်ကြီး၊ ငှက်လှောင်အိမ်ကြီး၊ ကျားသစ်ကျုံ၊ ကျားကျုံ၊ ဝက်ဝံကျုံ၊ နို့တိုက်သတ္တဝါငယ်အိမ်၊ ကားရပ်စခန်း၊ မျောက်စပ်လှောင် အိမ်များ၊ သာလိကာလှောင်အိမ်များကို မြင်တွေ့နိုင်သည်။

ညောင်လင့်စင်



တိရစ္ဆာန်ဥယျာဉ်ငယ်ရှိ အဓိကပြခန်းမှာ သဘာဝထိန်းသိမ်းရေး ပြခန်းပင်ဖြစ်သည်။ ယင်းပြခန်းတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း၊ မြန်မာ့တောတွင်းတိရစ္ဆာန်များထိန်းသိမ်းရေးလုပ်ငန်း၊မြန်မာ့သစ်တောများထိန်းသိမ်းပြုစုပျိုးထောင်ရေးလုပ်ငန်းနှင့်စီမံကိန်းအဖြစ် အကောင်အထည်ဖော်စဉ်ကာလက တည်ထောင်ခဲ့သော ပုပ္ပားဥယျာဉ်၊ ကဿပဘေးမဲ့တောဥယျာဉ်၊ ရွှေစက်တော်နှင့် ချပ်သင်းဘေးမဲ့တောအကြောင်းများကို တတ်ပုံပန်းချီများဖြင့် သရုပ်ဖော်ပြသထားသည်ကို တွေ့မြင်နိုင်ပေသည်။ ထို့ပြင်လှော်ကားဥယျာဉ်ရှိ တိရစ္ဆာန်များ၊ ပုပ္ပား၊ ကဿပနှင့် လှော်ကားဥယျာဉ်နှင့် ပတ်သက်၍ ဗဟုသုတဖြစ်ဖွယ်များကို ရုပ်ရှင်ခန်း၌ ဆလိုက်ကားများဖြင့် ပြသပေးလျက်ရှိသည်။ ငှက်ရုံကြီးအတွင်းရှိ ငှက်မျိုးစုံကိုလည်း သီးခြားအခန်းများတွင် ပြသထားရှိသည်။ ဥယျာဉ်သို့လာရောက်လည်ပတ်သူများ အလွယ်တကူ စားသောက်နိုင်ရန်အတွက် စားသောက်ဆိုင်ကြီးကိုလည်း ဖွင့်လှစ်ထားရှိထားသည်။

၈၁၈ ကေကျယ်ဝန်းသော ဘေးမဲ့တောဥယျာဉ်အတွင်းရှိ တိရစ္ဆာန်များကိုကြည့်ရှုနိုင်ရန် ညောင်ပင်ပေါ်တွင် အမြင့် ၃၀ ပေရှိသော လင့်စင်တစ်ခုကိုလည်း ဆောက်လုပ်ထားရှိသည်။ ထိုလင့်စင်ပေါ်မှလည်းကောင်း၊ ဘေးအန္တရာယ်မရှိသည့် သီးသန့်နေရာမှလည်းကောင်း တိရစ္ဆာန်များကို ကျက်စားသွားလာနေသည့် သဘာဝအတိုင်း ကြည့်ရှုနိုင်ကြပေသည်။

ဘေးမဲ့တောဥယျာဉ်အတွင်း၌ မြက်၊ သစ်ကိုင်းသစ်ရွက်စားသည့်တိရစ္ဆာန်များကိုမွေးမြူထားရာ သမင်၃၇ကောင်၊ ဒရယ် ၈၇ကောင်၊ ချေ ၃၉၉ ကောင်၊ ဆတ် ၄၆ ကောင်၊ နွားနောက် ၅ ကောင်တို့ရှိကြသည်။ ထို့ပြင် တောဝက်၊ ခွေးတူဝက်တူ၊ ဒေါင်းကုလား၊ ဒေါင်းစိမ်း၊ မျောက်လေပွေ၊ စပါးကြီးမြွေနှင့် စပါးအုံးမြွေများလည်း ရှိကြပါသည်။ အထူးသဖြင့် တိရစ္ဆာန်ဥယျာဉ်ငယ်အတွင်း၌လည်း စုဆောင်းထားရှိသည့် ကျေးငှက်သတ္တဝါမျိုးစုံ မျိုးပေါင်း ၄၃မျိုးခန့်ရှိပါသည်။ အထူးသဖြင့် မိုးရာသီအကုန်ဆောင်းရာသီတွင် ဥယျာဉ်ကြီးမှာ စိမ်းလန်းစိုပြည် သာယာကြည်နူးဖွယ်ကောင်းပြီး တိုင်းတစ်ပါးမှ ပျံသန်းရောက်ရှိလာကြသော ရေငှက်များကို ထောင်လိုက်ချီ၍မြင်တွေ့နိုင်ပါသည်။ တောသဘာဝနှင့် တောတွင်းတိရစ္ဆာန်များ လွတ်လပ်စွာကျက်စားသွားလာ လှုပ်ရှားနေသည်ကို လေ့လာကြည့်ရှုနိုင်ပါသည်။ ဥယျာဉ်အဝင်လမ်းဝဲယာတွင် အရိပ်ပင်၊ အလှပင်များဖြင့်လည်းကောင်း၊ သားငှက်များစားသုံးရန် သီးစားပင်များကိုလည်းကောင်း စိုက်ပျိုးထားပါသည်။ ထို့ပြင်လက်ရှိတောတွင်းလှည့်သွားလမ်းကို တိုးချဲ့ဖောက်လုပ်ထားကာ လာရောက်လည်ပတ်သူများ စိတ်ဝင်စားစေမည့် ချောင်းမြောင်း၊ လှိုဏ်၊ ခင်တန်းများကို ဖြတ်သန်းသွားလာနိုင်စေရန် စီမံထားသည်။

ဥယျာဉ်အတွင်းရှိ ဆည်အမှတ်(၇)နှင့် ဆောင်းခိုငှက်
(စစ္စလီငှက်)အုပ်ကို တွေ့မြင်ရစဉ်





အပန်းဖြေစခန်း(၁)နှင့် (၂)တို့ ဆက်သွယ်ထားသည့် ကြိုးတံတား

ဝက်ဝံကျုံးနှစ်ခုကြားရှိ ကြိုးတံတား



## လှော်ကားဥယျာဉ်



ဥယျာဉ်အတွင်း ဆင်စီးနေပုံ

ဆင်စီးရန်နေရာကိုလည်း အပန်းဖြေစခန်းများအနီးတွင်ထားရှိပြီး လာရောက်သည့်ဧည့်သည်များ လွယ်ကူစွာဆင်စီးနိုင်ရန် စီမံထားရှိသည်။ လှေစီးနိုင်ရန်အတွက်လည်း သာမန်အနောက်တိုင်းပုံသဏ္ဍာန်လှေများကိုသာမက ရိုးရာလှေများကို လည်းထားရှိသည်။ အထူးသဖြင့် လှုကြိုက်များသည့် သဘာဝတောရိုင်းသစ်ခွ မျိုးစုံကိုလည်း စုဆောင်းထားရှိပြသထားသည်။ အပန်းဖြေ ရိပ်သာ (၁)၊ (၂)၊ (၃) များတွင် အပြင်ဆောင်များကို ခမောက်ပုံသဏ္ဍာန်၊ ကချင်လူမျိုးတဲအိမ်၊ ကရင်လူမျိုးတဲအိမ် ပုံသဏ္ဍာန်များ တည်ဆောက်ထားပြီး အပန်းဖြေရိပ်သာ (၅) ကို နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များအတွက် ထားရှိပြီး ကန်သာယာကမ်းစပ်တွင် ရေငန်းရိပ်သာပုံကဲ့သို့ တည်ဆောက်ထားရှိသည်။

လှော်ကားဥယျာဉ်ကို အများပြည်သူများကြည့်ရှုလည်ပတ်နိုင်ရန် ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။

လှော်ကားဥယျာဉ်သည် ရန်ကုန်မြို့နှင့် နီးသည့်အတွက်ကြောင့်လည်းကောင်း တောသဘာဝနှင့် တောတွင်းတိရစ္ဆာန်များရှိပြီး သာယာကြည်နူးဖွယ် ဂိတ်ငြိမ်းအေးချမ်းခြင်း ကြောင့်လည်းကောင်း ကမ္ဘာလှည့်ခရီးသည်များ အများအပြားလာရောက်လည်ပတ်ကြသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာလှည့်ခရီးသည်များတွင်ငှက်လေ့လာကြသူများ (Bird Watchers)၊ သစ်ခွဝါသနာရှင်များလည်း ပါဝင်ကြရာ လှော်ကားဥယျာဉ်နှင့် ပုပ္ပားဥယျာဉ်တို့သည် ကမ္ဘာလှည့်ခရီးသည်များအတွက် စိတ်ပါဝင်စားဖွယ်ရာများဖြစ်ကြပါသည်။ ၁၉၈၇ ခုနှစ်၊ နိုဝင်ဘာလအတွင်းက အရှေ့တောင်အာရှရှိငှက်များအကြောင်းစာအုပ်ထုတ်ဝေခဲ့သူ နာမည်ကျော်ငှက်ဝါသနာရှင် ( Ben F. King ) နှင့် အဖွဲ့ လာရောက်လေ့လာခဲ့ကြသည်။ ထို့ပြင် ( Victor Emenuel Nature Tour ) အဖွဲ့ကလည်း လှော်ကားဥယျာဉ်သို့ လာရောက်ပြီး ငှက်များကိုလေ့လာသွားသည်။

ထို့ပြင် သံတမန်အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းတို့သည်လည်း လယ်ယာနှင့်သစ်တော ဝန်ကြီးရုံးတွင် ခွင့်တောင်း၍ လှော်ကားဥယျာဉ်သို့ မကြာခဏလာရောက်လည်ပတ်ခဲ့ကြသည်။ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် သံတမန်အဖွဲ့အစည်းတို့သည် လှော်ကားဥယျာဉ်သို့ လာရောက်အပန်းဖြေကြရာတွင် တောတွင်းလမ်းအတိုင်းလမ်းလျှောက်ခြင်း၊ ကျန်းမာရေးအတွက် လေ့ကျင့်ပြေးလွှားခြင်း၊ ညောင်လင့်စင်ပေါ်မှ တိရစ္ဆာန်များအား လေ့လာခြင်း၊ ဆင်အပျော်စီးခြင်း၊ ကမ်းစပ်အပန်းဖြေစခန်းများတွင် မိသားစုအလိုက်ပျော်ပွဲစားခြင်း သဘာဝထိန်းသိမ်းရေးပညာပေးပြခန်းလေ့လာ ကြည့်ရှုခြင်းဖြင့် ပြုလုပ်နိုင်ပေသည်။ ကမ္ဘာလှည့်ခရီးသည် အဖွဲ့နှစ်ဖွဲ့လာရောက်လည်ပတ်ကြပြီး လှော်ကားဥယျာဉ်သည် အလွန်ကောင်းမွန်၍ ထိုဥယျာဉ်မျိုး ရန်ကုန်တွင် ရှိမှန်း ယခင်က မသိခဲ့ကြောင်း ထုတ်ဖော်ပြောဆိုသွားခဲ့ကြသည်။

မောင်ခေတ်ထွန်း

# အပိုင်း – ၃

# ၁၉၉၃ – ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၃ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များကို အဓိကထား ရေးသားထားပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။

**ကနေဒါနိုင်ငံ။** ။ကနေဒါနိုင်ငံ ဝန်ကြီးချုပ် ဘရိုင်ယန်မာလ်ရွန်နီသည် ၎င်း၏ အစိုးရအဖွဲ့အတွင်း ပြင်ဆင်ဖွဲ့စည်းမှုကို ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင်ပြုလုပ်ခဲ့သည်။ ဤသို့အစိုးရအဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်းမှာ ၁၉၉၁ ခုနှစ်၊ ဧပြီလ နောက်ပိုင်းတွင် ပထမဆုံးအကြိမ်ဖြစ်သည်။ ဝန်ကြီးငါးဦးမှာ အစိုးရအဖွဲ့မှ နုတ်ထွက်သွားခဲ့ရပြီး ပြန်လည်ခန့်အပ်ခြင်းခံရသည့် အစိုးရအဖွဲ့ဝင်များမှာလည်း တာဝန်ပြောင်းလဲ ပေးအပ်ခြင်းခံရသည်။ အစိုးရအဖွဲ့ဝင်ဦးရေကို လေးဦးလျှော့ချခဲ့ရာ စုစုပေါင်း အစိုးရအဖွဲ့ဝင် ၃၅ ဦး သာရှိသည်။

ပြင်ဆင်ဖွဲ့စည်းခဲ့သည့်အစိုးရအဖွဲ့တွင် ကင်မ်ကမ်းဘဲလ်မှာ ကနေဒါနိုင်ငံသမိုင်းတွင် ပထမဆုံးအမျိုးသမီး ကာကွယ်ရေးဝန်ကြီးဖြစ်လာသည်။ ဗန်ကူးဗားမြို့မှ ရှေ့နေတစ်ဦးဖြစ်သည့် ကမ်းဘဲလ်အား အာဏာရ တိုးတက်သော ကွန်ဆာဗေးတစ်ပါတီ (ပီစီပီ) ခေါင်းဆောင် ဘရိုင်ယန် မာလ်ရွန်နီကို ဆက်ခံမည့်သူအဖြစ် ရှုမြင်သုံးသပ်မှုမှာ တိုးပွားလာခဲ့သည်။ မာလ်ရွန်နီအား လူကြိုက်များသည့် အခြေအနေမှာ မကြုံဖူးလောက်အောင် ကျဆင်းလျက်ရှိရာ လာမည့်အထွေထွေရွေးကောက်ပွဲ မတိုင်မီတွင် ၎င်းအား နုတ်ထွက်ပေးရန် ဖိအားပေးမှုများ များပြားလာလိမ့်မည်ဟု ထင်မြင်ယူဆထားကြသည်။

အခြေအနေများ ယင်းသို့ရှိနေခဲ့ရာ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဘရိုင်ယန်မာလ်ရွန်နီသည်တိုးတက်သော ကွန်ဆာဗေးတစ်ပါတီ (ပီစီပီ) ခေါင်းဆောင်အဖြစ်မှလည်းကောင်း၊ ဝန်ကြီးချုပ်အဖြစ်မှလည်းကောင်း၊ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။ ယင်းသို့လုပ်ဆောင်ခြင်းမှာ ၁၉၉၃ ခုနှစ်နှောင်းပိုင်းတွင် ကျင်းပရန်ရှိသည့် အထွေထွေ ရွေးကောက်ပွဲတွင် (ပီစီပီ) အတွက် အခွင့်အလမ်းများ တိုးတက်ရရှိစေရန် ရည်ရွယ်ပေသည်။ ဇွန်လတွင် ကျင်းပမည့် တိုးတက်သော ကွန်ဆာဗေးပါတီ၏ ညီလာခံတွင် ပါတီခေါင်းဆောင်သစ်ကို ရွေးချယ်မည်ဖြစ်သည်။

**ကနေဒါနိုင်ငံ၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ် ကင်မ်ကမ်းဘဲလ်**



အသက် ၅၃ နှစ်အရွယ် ရှိမာလ်ရွန်နီသည် ၁၉၈၄ ခုနှစ်နှင့် ၁၉၈၈ ခုနှစ် ရွေးကောက်ပွဲများတွင် ယင်း၏ပါတီအား အောင်ပွဲဆင်နိုင်ရန် ဦးဆောင်ခဲ့သူဖြစ်သည်။ သို့ရာတွင် နိုင်ငံ၏စီးပွားရေး ပျက်ယွင်းကျဆင်းခဲ့ရပြီး ယခုတိုင် ပြဿနာ ဖြစ်နေသောပြင်သစ်ဘာသာစကား ပြောသည့် ပြည်နယ်တစ်ခုဖြစ်သည့် ကွီဘက်ပြည်နယ်၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရရှိရေး တောင်းဆိုချက်ဆိုင်ရာ ဖွဲ့စည်းပုံ အခြေခံဥပဒေ အငြင်းပွားမှုကို မဖြေရှင်းနိုင်သည့် အတွက် လူထုဆန္ဒ စစ်တမ်းကောက်ယူချက်တွင် ခေတ်သစ် ကနေဒါနိုင်ငံသမိုင်း၌ လူကြိုက်အနည်းဆုံး ဝန်ကြီးချုပ်အဖြစ် ဖော်ပြခဲ့သည်။

ဝန်ကြီးချုပ်မာလ်ရွန်နီ ဦးဆောင်သော အစိုးရအဖွဲ့မှာ အလုပ်လက်မဲ့ မြင့်မားခြင်း၊ လုပ်ငန်းများဒေဝါလီခံရမှုများ များပြားလာခြင်း၊ ကြွေးမြီဝန်ထုပ်ဝန်ပိုးကြီးမားလာခြင်းနှင့် စီးပွားရေးဘေးဒုက္ခမှ ပြန်လည်နာလန်ထူလာစေရန် ပြတ်သားသည့် မူဝါဒမရှိခြင်းတို့ကြောင့် အင်အားချိနဲ့လာခဲ့ရသည်။ လူထုမနှစ်သက်သည့် မာလ်ရွန်နီ၏လုပ်ဆောင်ချက်တစ်ခုမှာ ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှု အခွန်ကို ခုနစ်ရာခိုင်နှုန်း ကောက်ခံခြင်းပင်ဖြစ်သည်။

စင်စစ်အားဖြင့် မာလ်ရွန်နီသည် ကနေဒါနိုင်ငံသမိုင်းတွင်အများစု မဲဆန္ဒရရှိကာ ၁၉၈၄ ခုနှစ်တွင် နိုင်ငံရေးအာဏာရရှိခဲ့သူဖြစ်သည်။ မာလ်ရွန်နီသည် ကနေဒါနိုင်ငံစီးပွားရေးကို ခေတ်မီစေရန် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ထို့ပြင်အခွန်အကောက်စနစ်ကို ပြုပြင်ပြောင်းလဲပြီး ၁၉၈၉ ခုနှစ်တွင် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်ဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ပိုမိုနီးကပ်စွာဆက်ဆံခဲ့သည်။ ၎င်းကြောင့်ပင် စက်မှုခုနစ်နိုင်ငံအုပ်စုတွင် ကနေဒါနိုင်ငံမှာ ပြောရေးဆိုခွင့်ရရှိကာ ပေါ်လွင်ထင်ရှားလာခဲ့သည်။ စက်မှုခုနစ်နိုင်ငံအုပ်စုတွင် မာလ်ရွန်နီမှာ အမေရိကန်သမ္မတများဖြစ်ခဲ့ကြသည့် ရော်နယ်ရီဂင်နှင့် ဂျော့ဘုရှ်၊ ဗြိတိန်ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာ အစရှိသည့် ပုဂ္ဂိုလ်များ၏ အနီးကပ်မဟာမိတ်တစ်ဦးဖြစ်သည်။ ကနေဒါနိုင်ငံ အလုပ်သမားသမဂ္ဂများက အမေရိကန်ပြည်ထောင်စုနှင့် လွတ်လပ်သောကုန်သွယ်ရေးဆက်ဆံမှုကို ကန့်ကွက်ခဲ့ကြသည်။ ယင်းကဲ့သို့ဆက်ဆံမှုကြောင့် နှစ်နိုင်ငံနယ်စပ်တောင်ပိုင်းသို့ လုပ်ငန်းများ ပြောင်းရွှေ့သွားရာ အလုပ်အကိုင်ပေါင်း ၄,၅၀,၀၀၀ ဆုံးရှုံးမှု ဖြစ်ရသည် ဟုဆိုသည်။



**နုတ်ထွက်သွားသော ကနေဒါဝန်ကြီးချုပ် မာလ်ရွန်နီ (ဝဲ)**

သတ်မှတ်ထားသည့်အတိုင်း ၁၉၉၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် တိုးတက်သော ကွန်ဆာဗေးတစ်ပါတီ ညီလာခံကျင်းပပြီး မာလ်ရွန်နီအား ဆက်ခံမည့်ပါတီခေါင်းဆောင်သစ်ကို ရွေးချယ်ရာ အသက် ၄၆ နှစ်အရွယ်ရှိ ကာကွယ်ရေးဝန်ကြီး ကင်မ်ကမ်းဘဲလ်က အနိုင်ရရှိကာ ကနေဒါနိုင်ငံ၏ ပထမဆုံး အမျိုးသမီး ဝန်ကြီးချုပ် ဖြစ်လာတော့သည်။

ပါတီခေါင်းဆောင်သစ်ရွေးချယ်ပွဲကို မဲဆန္ဒနှစ်ကြိမ်ပေး၍ ရွေးချယ်ခဲ့သည်။ ဒုတိယအကြိမ် မဲဆန္ဒပေးရွေးချယ်ရာတွင် ကင်မ်ကမ်းဘဲလ်က ပြိုင်ဘက်ဖြစ်သူ ပတ်ဝန်းကျင်ရေးရာဝန်ကြီး ဂျင်းချားရက်စ်အား ၁,၈၁၇ မဲ၊ ၁,၆၃၀ မဲဖြင့် အနိုင်ရရှိပြီး ပါတီခေါင်းဆောင်သစ်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ပါတီခေါင်းဆောင်သစ်နှင့် ဝန်ကြီးချုပ်ဖြစ်လာသူ ကင်မ်ကမ်းဘဲလ်အနေဖြင့် မာလ်ရွန်နီဆောင်ရွက်ခဲ့သည့် လူကြိုက်နည်းသည့်လုပ်ဆောင်ချက်များမှ ရှောင်ရှားရမည်ဖြစ်သည်။ အထူးသဖြင့် မာလ်ရွန်နီ လုပ်ဆောင်ခဲ့သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုအပေါ် ခုနစ်ရာခိုင်နှုန်း အခွန်နှုန်းသစ်ကောက်ခံခြင်းနှင့် အမေရိကန်ပြည်ထောင်စုနှင့် လွတ်လပ်သော ကုန်သွယ်ရေးဆက်ဆံမှုကို သတိထားရှောင်ရှားသွားရန် ရှိနေပေသည်။ ကင်မ်ကမ်းဘဲလ်အား ကြီးကြီးမားမား စိန်ခေါ် နေမှုများတွင် ဘတ်ဂျက်လိုငွေပြနေမှုကို ဖြတ်တောက်ရန်နှင့် ကာလကြာမြင့်စွာ ဖြစ်ပေါ်နေခဲ့သည့် စီးပွားရေးကျဆင်းနေမှုမှ ပြန်လည်နာလန်ထူရေးအတွက် လုပ်ဆောင်ရန်တို့ ပါဝင် နေပေ သည်။

ကင်မ်ကမ်းဘဲလ်သည် ကနေဒါနိုင်ငံ၏ ၁၉ ဦးမြောက်ဝန်ကြီးချုပ်အဖြစ် ဇွန်လ ၂၅ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆို ခဲ့သည်။ ဘရိုင်ယန်မာလ်ရွန်နီက အစိုးရအဖွဲ့နုတ်ထွက်စာကိုတင်သွင်းလိုက်ပြီးနောက်ကင်မ်နှင့်သူမ၏ ဝန်ကြီးများအစိုးရ ဂေဟာ၌ ဘုရင်ခံချုပ်ရှေ့မှောက်တွင် ကျမ်းသစ္စာ ကျိန်ဆိုခြင်း ဖြစ်သည်။ ကင်မ်အနေဖြင့် အမျိုးသားရွေးကောက်ပွဲကို ကျင်းပပေးရန် ကိစ္စတစ်ရပ်လည်းရှိနေပေသည်။ ရွေးကောက်ပွဲကို အောက်တိုဘာလနှောင်းပိုင်းတွင် ကျင်းပပေးမည်ဟု မျှော်လင့်နေကြပေသည်။ အခြားပါတီများနောက်သို့ ရောက်နေသည့် သူမ၏ တိုးတက်သော ကွန်ဆာဗေးတစ်ပါတီအား ရှေ့တန်းသို့ ဆွဲတင်ကာ နောက်ထပ်သက်တမ်းငါးနှစ်အတွက် ရွေးကောက်ပွဲတွင် အနိုင်ရရှိရန် ကင်မ်အနေဖြင့် ကြိုးပမ်းရပေဦးမည်။

ယင်းသို့ရှိနေစဉ် မသန့်ရှင်းသောသွေးကြောင့် လူအများအပြားအား အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ပိုး ကူးစက်စေခဲ့သော ဖြစ်ရပ်ကြောင့် ကနေဒါအစိုးရမှာ တာဝန်မကင်းဖြစ်ခဲ့ရသည်။ ယင်းဖြစ်ရပ်မှာလွန်ခဲ့သော ၁၀ နှစ်ခန့်က လူ ၁၀၀၀ ခန့်အား မသန့်ရှင်းသောသွေးမှ တစ်ဆင့် (အေအိုင်ဒီအက်စ်ရောဂါပိုး) ကူးဆက်စေခဲ့ခြင်းဖြစ်သည်။ ကနေဒါအစိုးရမှာ ယင်းဖြစ်ရပ်အပေါ် ပြုမူဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ စစ်ဆေးစိစစ်မှု ခံခဲ့ရသည်။

အစိုးရအနေဖြင့် ဗိုင်းရပ်စ်ပိုးပါရှိသည့် သွေးများကသွေးသွင်းခံသူများနှင့် အနာမှ သွေးထွက်တတ်သည့် ရောဂါရှင်များအား ကူးစက်နေမှန်းသိလျက်နှင့်ပင် အပူပေးသန့်စင်သည့်နည်းဖြင့် အေအိုင်ဒီအက်စ်ရောဂါပိုးကင်းစင်သည့် သွေးဖြစ်အောင် ပြုပြင်လုပ်ဆောင်ခြင်း မရှိဘဲ တစ်နှစ်နီးပါးကြာ စောင့်ဆိုင်းနေခဲ့သည်ဟု ပြစ်တင်ဝေဖန်ချက်တစ်ခုတွင် ဖော်ပြထားသည်။ အစိုးရသည် အေအိုင်ဒီအက်စ်ရောဂါကို ဖြစ်ပွားစေသည့် ဗိုင်းရပ်စ်ပိုးကင်းစင်သော သန့်စင်စိတ်ချရသည့် သွေးများဖြည့်ဆည်းပေးနိုင်ရန်အတွက် အဆောတလျင်ဆောင်ရွက်ခဲ့ခြင်းမရှိဟု စာနယ်ဇင်းများ၏ ဖော်ပြချက်ကို အစိုးရတာဝန်ရှိပုဂ္ဂိုလ်များက ငြင်းဆိုခဲ့သည်။

ထို့ပြင်မသန့်စင်ဟုထင်သော သွေးများကို စွန့်ပစ်ပြီး အပူပေးစနစ်ဖြင့် ပြုပြင်သန့်စင်ထားသည့် သွေးများအစားထိုး ဖြည့်ဆည်းပေးနိုင်ရန် တတ်စွမ်းသမျှဆောလျင်စွာ ဆောင်ရွက်ခဲ့ပါသည်ဟု အစိုးရတာဝန်ရှိပုဂ္ဂိုလ်များအပါအဝင် ကြက်ခြေနီအရာရှိများက ပြောကြားကြသည်။

ကနေဒါနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ရရှိသော စာရင်းဇယားများအရ မသန့်စင်သောသွေးမှ တစ်ဆင့် အနည်းဆုံးလူပေါင်း ၁၀၀၀ အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံရပြီး ယင်းတို့အနက် သုံးပုံတစ်ပုံနီးပါး သေဆုံးခဲ့သည်ဟု သိရှိရသည်။

**ကုလသမဂ္ဂ။** ။(၄၇)ကြိမ်မြောက်ကုလသမဂ္ဂအထွေထွေ ညီလာခံကြီးသည် ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် နေ့တွင် စတင်ကျင်းပခဲ့ပြီး ရက်သတ္တ ၁၄ ပတ်အကြာ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ရပ်နားခဲ့ ပေသည်။ ဤညီလာခံကြီး၏အစည်းအဝေးအစီအစဉ်တွင် ဆွေးနွေးဆောင်ရွက်ရန် အကြောင်းအရာ ၁၄၈ ခု ပါဝင်ခဲ့ သည်။

ကမ္ဘာ့ရေးရာ ပြဿနာများနှင့် ပတ်သက်၍ နိုင်ငံ အသီးသီးက ဆန်းစစ်သုံးသပ်တင်ပြကြသည်။ အထွေထွေ ဆွေးနွေးပွဲကို ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်မှ အောက်တိုဘာလ ၈ ရက်နေ့အထိ ကျင်းပခဲ့ရာ နိုင်ငံ အကြီးအကဲ ၂၄ ဦး၊ ဒုတိယသမ္မတတစ်ဦး၊ ဝန်ကြီးချုပ် ၁၃ ဦး၊ ဒုတိယဝန်ကြီးချုပ် ၁၀ ဦး၊ နိုင်ငံခြားရေးဝန်ကြီး ၁၀၃ ဦးနှင့် ကိုယ်စားလှယ်အဖွဲ့ ဥက္ကဋ္ဌ၁၆ ဦးတို့ ပါဝင်၍ စုစုပေါင်း ၁၆၇ ဦးရှိခဲ့သည်။ ဤအရေအတွက်မှာ ကုလသမဂ္ဂ၏သမိုင်းတွင် စံချိန်သစ်တင်ရသောအရေ အတွက် ဖြစ်သည်။

(၄၇) ကြိမ်မြောက် အထွေထွေညီလာခံကြီးက စုံညီအစည်းအဝေး၉၄ ခုတွင် ဆုံးဖြတ်ချက်ပေါင်း၂၇၆ ခုကို ချမှတ်ခဲ့သည်။ယင်းတို့အနက်၄ပုံ ၃ ပုံခန့်မှာ မဲခွဲခြင်းမရှိဘဲ တညီတညွတ်တည်း ချမှတ်ခဲ့ခြင်းဖြစ်သည်။

**ဓာတုဗေဒလက်နက်များ ပိတ်ပင်ရေးစာချုပ်**

၁၉၉၂ ခုနှစ် အစည်းအဝေးများတွင် ၃၉ နိုင်ငံ ဂျီနီဗာ လက်နက်ဖျက်သိမ်းရေးညီလာခံက ၁၀နှစ်တိုင်တိုင် စေ့စပ် ညှိနှိုင်းပြီး အပြီးသတ်ရေးဆွဲတင်ပြခဲ့သော ဓာတုဗေဒ လက်နက်များ တီထွင်ပြုလုပ်မှု၊ထုတ်လုပ်မှု၊စုဆောင်းမှုနှင့် အသုံးပြုမှုများကို ပိတ်ပင်ရေးနှင့် ယင်းလက်နက်များအား ဖျက်ဆီးရေးဆိုင်ရာစာချုပ်တို့ကို (၄၇) ကြိမ်မြောက် အထွေထွေညီလာခံကြီးက ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် မဲမခွဲဘဲ ဆုံးဖြတ်ချက်အမှတ် ၄၇/၃၉ ဖြင့် ချီးကျူးထောက်ခံအတည်ပြုခဲ့သည်။ အပိုဒ်၂၄ပိုဒ် ပါဝင် သော ယင်းစာချုပ်သစ်ကို ၁၉၉၃ခုနှစ်၊ ဇန်နဝါရီလ ၁၃ရက်မှ ၁၅ရက်နေ့အထိ ပြင်သစ်နိုင်ငံပါရီမြို့တော်တွင် ကျင်းပသော အထူးအစည်းအဝေးတစ်ရပ်၌ လက်မှတ်ရေး ထိုးရန် ဖွင့်လှစ်ခဲ့ရာ ယင်းအခမ်းအနားသို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီ တက်ရောက်ခဲ့သည်။ သက်တမ်းအပိုင်းအခြား အကန့်အသတ် မရှိသော ဤစာချုပ်သည် ၆၅ နိုင်ငံတို့က ပါဝင်လက်မှတ်ရေးထိုးပြီး အတည်ပြုစာတမ်းများပေးအပ်ပြီးသောအခါ အာဏာသက် ဝင်လာမည်ဖြစ်သည်။ သို့သော် လက်မှတ်ရေးထိုးရန် ဖွင့်လှစ်သည့်နေ့မှ ၂နှစ်ထက်စော၍ အာဏာသက်ဝင်ခြင်း ကား မရှိစေရဟု ပြဋ္ဌာန်းထားသည်။ ဤစာချုပ်ကို ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလအထိ ၁၄၈ နိုင်ငံတို့က လက်မှတ် ရေးထိုးကြပြီး ဖြစ်သည်။

**ညီလာခံကြီး၏ အထူးအစီအစဉ်နှစ်ရပ်**

ယင်းနှစ်ရပ်အနက် ပထမ အထူးအစီအစဉ်မှာ အတွင်းရေးမှူးချုပ်၏ "ငြိမ်းချမ်းရေးအတွက် အစီအစဉ်" ခေါင်းစဉ်ပါ စာတမ်းဖြစ်သည်။ ယင်းအစီအစဉ်မှာ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ထိပ်သီးအစည်းအဝေးမှ မေတ္တာရပ်ခံ ချက်အရ ကုလသမဂ္ဂ၏ အနာဂတ်ဖွဲ့စည်း တည်ဆောက်ပုံ နှင့် လုပ်ငန်းများအတွက် ရေးဆွဲထားသော ပုံကြမ်းဖြစ် သည်။ ယင်းအစီအစဉ်ကို ကုလသမဂ္ဂအဖွဲ့ကြီး အနေဖြင့် ကြိုတင်ကာကွယ်ရေးသံတမန်လုပ်ငန်း၊ ငြိမ်းချမ်းမှုရရှိရေး နှင့် ငြိမ်း ချမ်းမှုထိန်းသိမ်းရေး စွမ်းပကားများပိုမိုထိရောက် ထက်မြက်ခိုင်မာစေရန် ရည်ရွယ်ရေးဆွဲပြုလုပ်ခြင်း ဖြစ်သည်။ ဤအစီအစဉ်နှင့် ပတ်သက်၍ ကျယ်ပြန့် ကြာမြင့်စွာဆွေးနွေးကြပြီးနောက် (၄၇) ကြိမ်မြောက် ညီလာခံကြီးက ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အပိုင်းရှစ်ပိုင်း ရှိသော ဆုံးဖြတ်ချက်အမှတ် ၄၇/၁၂၀ ကိုချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်တွင် အထူးအကြံပြုထောက်ခံချက်များ ပါဝင်ပြီးလျှင် အထူးပြဿနာ အငြင်းပွားမှုများပေါ်ပေါက် လာသောအခါ ယင်းတို့ကို ငြိမ်းချမ်းစွာဖြေရှင်းရန်အလို့ငှာ နည်းဗျူဟာများ ဖန်တီးပြုလုပ်နိုင်ရေးအတွက် အတွင်း ရေးမှူးချုပ်နှင့် လုံခြုံရေးကောင်စီတို့ စောစီးစွာတိုင်ပင် ဆွေးနွေးကြရန် ထောက်ခံအားပေးထားသည်။

ဒုတိယအထူးအစီအစဉ်မှာ ၁၉၉၂ ခုနှစ်၊ ဇွန်လတွင် ရီယိုဒီဂျနေရိုမြို့တွင် ကျင်းပပြုလုပ်ခဲ့သော ကုလသမဂ္ဂ ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးညီလာခံက အတည်ပြုခဲ့သည့် 'အစီအစဉ်၂၁' ခေါ်ဘက်စုံလုပ်ငန်းများ ကို ဆောင်ရွက်ရေးစီမံချက်ဖြစ်သည်။ ယင်းစီမံချက်နှင့် ပတ်သက်၍ (၄၇) ကြိမ်မြောက် အထွေထွေညီလာခံက ဖော်ပြပါ 'အစီ အစဉ် ၂၁'ကို ဖော်ဆောင်ရာ၌ ကြပ်မတ် ကြည့်ရှုရန် အခွန့်ရှည်ကြာတည်တံ့ခိုင်မာသော ဖွံ့ဖြိုးရေး အတွက် ကော်မရှင်အဖွဲ့အစည်းသစ်တစ်ခု ဖွဲ့စည်း တည်ထောင်ရန် တောင်းဆိုလိုက်သည်။ ထို့အပြင် ရီယိုဒီဂျနေရိုညီလာခံ၏ ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုး ရေးဆိုင်ရာ ကြေညာချက်ကိုလည်းကောင်း၊ ရီယိုညီလာခံ၌ သဘောတူခဲ့ကြသည့် ကမ္ဘာ့ တစ်ဝန်း သစ်တောထိန်းသိမ်း

ရေးဆိုင်ရာ အလွတ်သဘော ထုတ်ပြန်ကြေညာချက်ကို လည်းကောင်း(၄၇)ကြိမ်မြောက်ညီလာခံကြီးက အတည်ပြု လိုက်သည်။

**လူချင်းစာနာထောက်ပံ့ရေးအကူအညီများ။** ။၁၉၉၂ခုနှစ် အတွင်း၀ယ် ကုလသမဂ္ဂအဖွဲ့ကြီးက အာဖဂနစ္စတန်၊ အင်ဂိုလား၊ အီသီယိုးပီးယား၊ အီရီးထရီးယား၊ အီရတ်၊ လိုင်ဘေးရီးယား၊ မိုဇမ်ဘစ်၊ ဆိုမာလီယာ၊ ဆူဒန်၊ ယူဂိုဆလားဗီးယားနှင့် ယခင်ဆိုဗီယက် ပြည်ထောင်စုသမ္မတ နိုင်ငံများတွင် စစ်မက်တိုက်ခိုက်မှုများ ဖြစ်ပွားလျက် ရှိစဉ် ပေါ်ပေါက်လာသော လူမှုရေးပြဿနာများအတွက် အကူအညီများပေးကြရန် မေတ္တာရပ်ခံပန်ကြားချက်များ ထုတ်ပြန်ခဲ့သည်။ ၄၇ကြိမ်မြောက်ညီလာခံကြီးကမကြုံစဖူး ထူးခြား များမြောင်လှသော လတ်တလောအကူအညီ တောင်းခံမှုများကိုလည်း စဉ်းစားခဲ့ရသည်။ ညီလာခံအစည်း အဝေး အစီအစဉ်သစ် ၁၃ ခုအနက် ၅ ခုမှာ အာဖဂနစ္စတန်၊ ခရိုအေးရှား၊ ပါကစ္စတန်၊ ဖိလိပိုင်၊ နစ်ကရာဂွာ စသည့်နိုင်ငံ များတွင် ဖြစ်ပွားပေါ်ပေါက်ခဲ့သော သဘာဝဘေးဒဏ်၊ စစ်မက်နှင့် အခြားလတ်တလောအရေးပေါ်အန္တရာယ်များ အတွက် အကူအညီပေးရေးတို့နှင့် သက်ဆိုင်ခဲ့ပေသည်။

## အပြည်ပြည်ဆိုင်ရာ ညီလာခံအစည်းအဝေးများ

(၄၇) ကြိမ်မြောက်ညီလာခံကြီးက ၁၉၉၅ ခုနှစ်တွင် လူမှုဖွံ့ဖြိုးရေးအတွက် ကမ္ဘာ့ထိပ်သီးအစည်းအဝေးကို ကျင်းပရန်ဆုံးဖြတ်ခဲ့သည်။ ယင်းထိပ်သီးအစည်းအဝေးကို ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့တွင် ကျင်းပမည်ဖြစ်၍ အခြေခံအားဖြင့် ဆင်းရဲမွဲတေမှု ကင်းစင်ပပျောက်ရေး၊ ကုန်ထုတ်လုပ်မှု အလုပ်အကိုင်များရရှိမှု တိုးပွားရေးနှင့် လူမှုအဖွဲ့ အစည်းများအားလုံးတွင် လူမှုပေါင်းစည်းရေးကို တိုးတက်မြှင့်တင်ပေးရေး စသည်တို့အတွက် နည်းလမ်းများ ရှာဖွေ ကြံဆကြရန် ဖြစ်ပေသည်။

ထို့အပြင် (၄၇) ကြိမ်မြောက် ညီလာခံကြီးက ၁၉၉၃ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့၌ကျင်းပ မည့် လူ့အခွင့်အရေးဆိုင်ရာ ညီလာခံနှင့်ပတ်သက်သည့် ညီလာခံအစည်းအဝေးယာယီအစီအစဉ်ကိုလည်း အတည်ပြု ခဲ့သည်။

(၄၇) ကြိမ်မြောက်ညီလာခံက စဉ်းစားဆုံးဖြတ် သတ်မှတ်ခဲ့သော အခြားညီလာခံအစည်းအဝေးနှင့် အထိမ်း အမှတ်နေ့ရက်များအနက် အချို့မှာ အောက်ပါအတိုင်း ဖြစ်သည်–

(၁) အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့တိုင်းရင်းသားများနှစ် (၁၉၉၃)၊

(၂) ကုလသမဂ္ဂ၏ ခွင့်လွှတ်သည်းခံခြင်းနှစ် (၁၉၉၄)၊ (UN Year of Tolerance)

(၃) အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးရေး ညီလာခံ (၁၉၉၅)၊

(၄) ကုလသမဂ္ဂ၏ လူနေအိုးအိမ်အဆောက်အအုံ များဆိုင်ရာ ညီလာခံ (ဒုတိယအကြိမ်အိုးအိမ် ညီလာခံ) (၁၉၉၆)၊

(၅) ဖွံ့ဖြိုးဆဲ ကျွန်းငယ်နိုင်ငံများ အစွန့်ရှည်ကြာ တည်တံ့ခိုင်မာစွာ ဖွံ့ဖြိုးတိုးတက်ရေး ညီလာခံ (၁၉၉၄ ခုနှစ်၊ ဧပြီလ)၊

(၆) ကမ္ဘာ့ရေနေ့ (မတ်လ ၂၂ ရက်၊ ယင်းနေ့တိုင်း ကျင်းပရန် ဆုံးဖြတ်ချက်အမှတ် ၄၇/၁၉၃ ဖြင့် ချမှတ်ခဲ့သည်)၊

(၇) အပြည်ပြည်ဆိုင်ရာ ဆင်းရဲမွဲတေမှုကင်းစင် ပပျောက်ရေးနေ့ (အောက်တိုဘာလ ၁၇ ရက်)။

## ကုလသမဂ္ဂလုံခြုံရေးကောင်စီပြုပြင်ဖွဲ့စည်းရေး

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ကိုယ်စားလှယ် အဖွဲ့ဝင်များ ပါဝင်မှု ညီမျှရေးနှင့် အဖွဲ့ဝင်ဦးရေတိုးချဲ့ရေး အတွက် ၁၉၇၉ ခုနှစ်ကပင် တင်သွင်းထားခဲ့သော အစည်းအဝေး အစီအစဉ်တစ်ရပ်ကို (၄၇ )ကြိမ်မြောက် ညီလာခံကြီးကပထမဆုံးအကြိမ်ကိုင်တွယ်ဆောင်ရွက်ခဲ့ရာ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ညီလာခံ အစည်းအဝေးကြီးက အတွင်းရေးမှူးချုပ်အား မေတ္တာ ရပ်ခံသည့် ဆုံးဖြတ်ချက် အမှတ် ၄၇/၆၂ ကို မဲမခွဲဘဲ ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ် ချက်အရ အတွင်းရေးမှူးချုပ် က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား လုံခြုံရေးကောင်စီတွင် အဖွဲ့ဝင်များ ပါဝင်မှုနှင့် ပတ်သက်၍ ၁၉၉၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ထက်နောက်မကျစေဘဲ ဝေဖန်သုံးသပ်ချက်များ ရေးသားပေးပို့ကြရန် မေတ္တာရပ်ခံပြီးလျှင် အဖွဲ့ဝင်နိုင်ငံများ ၏ ပြန်ကြား ချက်များနှင့် ပတ်သက်သည့် အစီရင်ခံစာ တစ်စောင်ကို (၄၈) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံသို့ တင်ပြရန် ဖြစ်သည်။

## လက်နက်ဖျက်သိမ်းရေးဆိုင်ရာ ဆုံးဖြတ်ချက်များ

(၄၇) ကြိမ်မြောက် အထွေထွေ ညီလာခံကြီးက လက်နက်ဖျက်သိမ်းရေးနှင့် ပတ်သက်၍ ဆုံးဖြတ်ချက် အများအပြားကို ချမှတ်ခဲ့ရာ ၄င်းတို့တွင်–

(က) နျူကလီးယား စမ်းသပ် ဖောက်ခွဲမှုများကို မည်သည့်အခါတွင်မှ မပြုလုပ်ရန်၊ စောစီးစွာ ရပ်ဆိုင်းပစ်ကြရန် နိုင်ငံအားလုံးအား တိုက်တွန်းသည့် ဆုံးဖြတ်ချက်အမှတ် ၄၇/၄၇၊

(ခ) နျူကလီးယားမဲ့နိုင်ငံများအပေါ် နျူကလီးယား အင်အား မသုံးရန် အာမခံချက်ပေးမည့် ထိရောက်သော အပြည်ပြည်ဆိုင်ရာ အစီအစဉ်များအတွက် စောစီးစွာ သဘောတူညီချက် ရရှိရန် လိုအပ်ကြောင်း ထပ်လောင်းအတည်ပြုသည့် ဆုံးဖြတ်ချက်အမှတ် ၄၇/၅၀ နှင့်

(ဂ) နိုင်ငံများအား နျူကလီးယား မပြန့်ပွားရေး၊ လက်နက်ဖျက်သိမ်းရေးနှင့် ယုံကြည်စိတ်ချမှု တည်ဆောက်ရေး သဘောတူစာချုပ်များကို ဒေသအလိုက် သို့မဟုတ် ဒေသခွဲအလိုက် ဖြစ်နိုင်သမျှ ချုပ်ဆိုကြရန် တောင်းဆိုသည့် ဆုံးဖြတ်ချက်အမှတ် ၄၇/၅၂ (ည)

တို့ ပါဝင်ပေသည်။

ထို့အပြင် အထွေထွေညီလာခံကြီးက အိန္ဒိယသမုဒ္ဒရာဒေသ၊ တောင်အာရှဒေသနှင့် အရှေ့အလယ်ပိုင်းဒေသတို့အား နျူကလီးယားမဲ့ဇုန်နယ်များအဖြစ် တည်ဆောက်ရေး ဆုံးဖြတ်ချက်များကိုလည်း ချမှတ်ခဲ့ပေသည်။

## ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဦးရေ တိုးပွားခြင်း

(၄၇) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက အောက်ဖော်ပြပါ နိုင်ငံများအား ၄င်းတို့နှင့် ယှဉ်တွဲဖော်ပြပါနေ့ရက်များတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်ခွင့်ပြုခဲ့သည်–

| | |
|---|---|
| ချက်သမ္မတနိုင်ငံ | ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့။ |
| ဆလိုဗက်သမ္မတနိုင်ငံ | ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့။ |
| ယခင် ယူဂိုဆလားဗီးယား ဆိုင်ရာမက်ဆီဒိုးနီးယား သမ္မတနိုင်ငံ | ၁၉၉၃ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့။ |
| မိုနာကိုနိုင်ငံ | ၁၉၉၃ ခုနှစ်၊ မေလ ၂၈ ရက်နေ့။ |
| အီရီးထရီးယားနိုင်ငံ | ၁၉၉၃ ခုနှစ်၊ မေလ ၂၈ ရက်နေ့။ |
| အင်ဒိုရာနိုင်ငံ | ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့။ |

အီရီးထရီးယားနိုင်ငံမှာ အီသီယိုပီးယားနိုင်ငံမှ ခွဲထွက်ပြီး ၁၉၉၃ ခုနှစ်၊ ဧပြီလတွင် ကုလသမဂ္ဂမှ ကြီးကြပ်ကျင်းပသည့်သဘောထား ဆန္ဒခံယူပွဲ၌ လွတ်လပ်ရေးအတွက် တခဲနက်ဆန္ဒပြုခဲ့သည့်နိုင်ငံဖြစ်သည်။ မိုနာကိုနိုင်ငံသည် ဧရိယာအကျယ်အဝန်း ၀ ဒသမ ၅၈ စတုရန်းမိုင်ရှိပြီး လူဦးရေ ၂၇၀၀၀ မျှသာရှိသော ကမ္ဘာ့အသေးငယ်ဆုံးနိုင်ငံဖြစ်သည်။ အင်ဒိုရာနိုင်ငံသည် ဥရောပတိုက်ရှိ ပြင်သစ်နှင့် စပိန်နိုင်ငံတို့အကြားတွင် တည်ရှိကာ မင်းသားတစ်ဦး အုပ်စိုး၍ စတုရန်းမိုင် ၁၈၀ အတွင်း လူဦးရေ ၅၆၀၀၀ ခန့်သာ နေထိုင်သော နိုင်ငံငယ် ကလေးတစ်ခု ဖြစ်သည်။

အထက်ပါ အဖွဲ့ဝင်နိုင်ငံသစ်များတိုးပွားလာခဲ့ရာ ကုလသမဂ္ဂအဖွဲ့ကြီး၏ စုစုပေါင်း အဖွဲ့ဝင်ဦးရေမှာ ၁၈၄ နိုင်ငံ ဖြစ်လာခဲ့ပေသည်။

## ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆောင်ရွက်ချက်များ

### ကမ္ဘောဒီးယား ပြဿနာ

ကမ္ဘောဒီးယားနိုင်ငံတွင် ၁၉၉၁ ပါရီငြိမ်းချမ်းရေးစာချုပ်အရ အပစ်အခတ် ရပ်စဲရေး၏ ဒုတိယကဏ္ဍကို ၁၉၉၂ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် စတင်ခဲ့ပြီဖြစ်သော်လည်း ဒီမိုကရက်တစ် ကမ်ပူးချားပါတီ (ပီဒီကေ) က ၄င်းအနေဖြင့် ဆောင်ရွက်ရမည့်ကိစ္စများကို ဆောင်ရွက်ခြင်းမရှိကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီ က တင်ပြခဲ့ရာ လုံခြုံရေးကောင်စီက ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၇၆၆ (၁၉၉၂) ကို ချမှတ်ပြီးလျှင် ပီဒီကေပါတီက ၄င်းထိန်းသိမ်းထားသည့်နယ်မြေများအတွင်းသို့ ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေး တပ်ဖွဲ့ဝင်များအား ဝင်ခွင့်ပြုရန် ဆက်လက်ငြင်းဆန်နေခြင်းကို ပြင်းထန်စွာ ရှုတ်ချပြီးလျှင် ယင်းတပ်ဖွဲ့ဝင်များ အား မဆိုင်းမတွ ဝင်ရောက်ခွင့်ပြုရန် တောင်းဆိုခဲ့သည်။ သို့သော်လည်း အခြားကမ္ဘောဒီးယားအုပ်စုများ၏ တပ်ဖွဲ့များအား စခန်းသွင်းခြင်းနှင့် လက်နက်ဖြုတ်သိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ရာ ရွေးကောက်ပွဲ ကျင်းပရေးအတွက် ကမ္ဘောဒီးယား အမျိုးသား ဦးစီးကောင်စီနှင့် ညှိနှိုင်းရေးဆွဲခဲ့သည့် ၁၉၉၂ ခုနှစ်၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂရွေးကောက်ပွဲ ဥပဒေကို ကုလသမဂ္ဂ၏ ကိုယ်စားလှယ် မစ္စတာအကာရှီက ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။

ထို့နောက် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၇၈၃ (၁၉၉၂) ကို တညီတညွတ်တည်း ချမှတ်ပြီး ပီဒီကေ ပါတီအား ရွေးကောက်ပွဲကျင်းပရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် တောင်းဆိုခဲ့ပြန်သည်။ ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ အလယ်ပိုင်းသို့ ရောက်ရှိလာသည့် အချိန်တွင် ကမ္ဘောဒီးယားနိုင်ငံ၏ ဗဟိုနှင့် မြောက်ပိုင်းဒေသများ၌ ကမ္ဘောဒီးယားအုပ်စုများအချင်းချင်း အမြောက်လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အခြေအနေများ တိုးတက်တင်းမာလာခဲ့သည်။ ပီဒီကေတို့ ရှိသည်ဟု သိရသောနယ်မြေများအတွင်း အန်းတက် ငြိမ်းချမ်းမှုထိန်းသိမ်းရေးအဖွဲ့၏ တပ်ဖွဲ့ဝင်များနှင့် ရဟတ်ယာဉ်များအား တိုက်ခိုက်သည့်ကိစ္စများလည်း တိုးပွားလာခဲ့သည်။ ဤသို့ဖြစ်ပွားလာသော အခြေအနေကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က နိုဝင်ဘာလ ၁၅ ရက်နေ့တွင် အစီရင်ခံတင်ပြခဲ့ရာ လုံခြုံရေးကောင်စီက နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၇၉၂ (၁၉၉၂) ကို ထောက်ခံမဲ ၁၄ မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေမဲ ၁ မဲ (တရုတ်ပြည်) ဖြင့် ချမှတ်ပြီးလျှင် ၁၉၉၃ ခုနှစ် မေလတွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက်ပြင်ဆင်ဆောင်ရွက်မှုများကို ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အန်းတက်အဖွဲ့က ကမ္ဘောဒီးယားနိုင်ငံအတွင်း အပြည့်အဝ ဝင်ထွက်သွားလာနိုင်သောဒေသအားလုံးတွင် ဆက်လက်ပြုလုပ်သွားရန် ညွှန်ကြားပြီးလျှင် ပီဒီကေပါတီအား ရှုတ်ချပြောဆိုကာ ယင်းပါတီအနေဖြင့် ၁၉၉၁ ပါရီ သဘောတူညီချက်အရ

ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များပါသည့် လက်ကမ်းစာစောင်များကို ကုလသမဂ္ဂဝန်ထမ်းတစ်ဦးက ဝေငှနေစဉ်





ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိလာသော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီအား မင်းသားကြီး သီဟာနုနှင့်အတူ တွေ့ရစဉ်



တာဝန်ထမ်းဆောင်ရင်း အသတ်ခံရသော ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့မှ ဂျပန်နှင့် ဗူလဂေးရီးယား တပ်သားတို့ကို နေရပ်သို့ ပြန်လည်ပို့ဆောင်နေစဉ်





ကမ္ဘောဒီးယားနိုင်ငံတွင် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များ မိုင်းရှာနေစဉ်

ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ချက်ချင်း ဆောင်ရွက်ရန် တောင်းဆိုလိုက်သည်။

ဆက်လက်၍ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် လုံခြုံရေးကောင်စီကအန်းတက်တပ်ဖွဲ့ဝင်များအား မတရားဖမ်းဆီးချုပ်နှောင်ပြီးခြိမ်းခြောက်ခြင်းများအတွက် ပီဒီကေတပ်ဖွဲ့ဝင်များအား ပြင်းထန်စွာရှုတ်ချပြီး ယင်းသို့ရန်မူလုပ်ဆောင်မှုအားလုံးကို ချက်ချင်းရပ်ဆိုင်းရန် တောင်းဆိုခဲ့သည်။ အန်းတက်အဖွဲ့အနေဖြင့် ဝင်ထွက်သွားလာနိုင်သော နေရာဒေသများ၌ "စနစ်တကျဖွဲ့စည်းထားသော" နိုင်ငံခြားတပ်ဖွဲ့များရှိသည့် အထောက်အထားများမတွေ့ရှိရကြောင်း၊ စုံစမ်းစစ်ဆေးမှုများအရ ဗီယက်နမ်ဘာသာစကားပြောဆိုသော ရွာသားများနှင့်တံငါသည်များအား မကြာမီကသတ်ဖြတ်ခဲ့သူများမှာ ပီဒီကေတပ်ဖွဲ့ဝင်များသာ ဖြစ်သည်ကို တွေ့ရှိရကြောင်း ဖော်ပြခဲ့ပေသည်။

၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလအလယ်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံရှိ နိုင်ငံရေးပါတီ ၂၀ တို့က ရွေးကောက်ပွဲယှဉ်ပြိုင်ရန် ယာယီအားဖြင့်မှတ်ပုံတင်ထားကြပြီးဖြစ်သည်။ ထို့နောက် ၁၉၉၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၈၁၀ (၁၉၉၃) ကို တညီတညွတ်တည်း ချမှတ်ပြီးလျှင် ကမ္ဘောဒီးယားနိုင်ငံ၏ တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကို မေလ ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပရန် အမျိုးသားဦးစီးကောင်စီ (အက်စ်အင်စီ) ၏ဆုံးဖြတ်ချက်ကို ထောက်ခံပြီးလျှင် ဤကိစ္စအတွက် အန်းတက်အဖွဲ့နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ကြရန် ကမ္ဘောဒီးယား ပါတီအားလုံးအား တိုက်တွန်းပြောကြားလိုက်သည်။

၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ထုတ်ပြန်သည့် အစီရင်ခံချက်တစ်ခုအရ နိုင်ငံ ၁၀၀ ကျော်မှ လူအင်အား ၂၀၈၇၄ ဦးပါဝင်သည့် အန်းတက်အဖွဲ့မှ စစ်ဘက်နှင့် အရပ်သား ၂၈ ဦး မှုအသတ်ခံခဲ့ရပြီး ၃၂ ဦးမှု ဒဏ်ရာအနာတရဖြစ်ခဲ့ရသည်။ သို့သော် ထိုအချိန်ပိုင်းတွင် မဲဆန္ဒရှင် ၄ ဒသမ ၇သန်းခန့်ကို စာရင်းကောက်ယူ ပြုစုပြီးဖြစ်ပါသည်။ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က တိုကျိုမြို့တွင် သတင်းထောက်များအား ပြောကြားရာ၌ ကမ္ဘောဒီးယားရွေးကောက်ပွဲတွင် ခမာနီများက ပါဝင်ရန်ငြင်းဆန်နေဆဲဖြစ်ကြောင်း၊ ခမာနီတို့သည် လူဦးရေတစ်ရပ်လုံး၏ ၁၀ ရာခိုင်နှုန်း ထက်ပိုလွန်ခြင်းမရှိဘဲ ၄င်းတို့သိမ်းပိုက်ထားသော နယ်မြေမှာလည်း ၁၃ သို့မဟုတ် ၁၄ ရာခိုင်နှုန်းထက် မပိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့နောက် ၁၉၉၃ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံမှ ခမာနီအုပ်စုမှတစ်ပါး အခြားပြိုင်ဘက်အုပ်စု သုံးစုတို့က အထွေထွေရွေးကောက်ပွဲကို ကျင်းပသွားရန် သဘောတူခဲ့ကြရာ ကုလသမဂ္ဂအတွင်းဝန်ချုပ်က နောက်တစ်နေ့တွင် ထောက်ခံချက်ပေးခဲ့သည်။ ထိုအတော အတွင်း ဝန်ကြီးချုပ် ဟွန်ဆင်က ခမာနီတို့သည် ဖနွမ်းပင်မြို့တော်ကို တိုက်ခိုက်ရန် စီစဉ်နေကြောင်းသတိပေးခဲ့ပြီး အတွင်းရေးမှူးချုပ်ကလည်း ခမာနီတို့အနေဖြင့် ရွေးကောက်ပွဲ ဖရိုဖရဲဖြစ်အောင် အကြမ်းဖက်နှောင့်ယှက်မည့် လက္ခဏာများ တွေ့ရှိရကြောင်း ပြောကြားခဲ့သည်။ ၁၉၉၃ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် လုံခြုံရေးကောင်စီက ကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီးလျှင် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့မှ တရုတ်အမျိုးသား နှစ်ဦး အသတ်ခံရသည့်ကိစ္စကို ပြစ်တင်ရှုတ်ချသည့်အပြင် ကမ္ဘောဒီးယားနိုင်ငံ၌ အန်းတက်အဖွဲ့ဝင်များအား တိုက်ခိုက်မှုအားလုံးကို ပြင်းထန်စွာရှုတ်ချကြောင်း ပြောကြားလိုက်သည်။

ဤသို့သောအခြေအနေတွင် ကမ္ဘောဒီးယားနိုင်ငံမှ အထွေထွေရွေးကောက်ပွဲကို ၁၉၉၃ ခုနှစ်၊ မေလ ၂၃ ရက် နေ့တွင် စတင်ကျင်းပခဲ့ရာ မေလ ၂၈ ရက်နေ့တွင် ယေဘုယျ

အားဖြင့် အေးချမ်းစွာပြီးဆုံးသွားခဲ့သည်။ ဆန္ဒမဲပေးရန် မှတ်ပုံတင်ထားသည့် ကမ္ဘောဒီးယားမဲဆန္ဒရှင် ၄ ဒသမ ၅ သန်းအနက် ၉၀ ရာခိုင်နှုန်းနီးပါးမျှ မဲပေးခဲ့ကြသည်။ ကမ္ဘောဒီးယားရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတမှုရှိကြောင်း မေလ ၂၅ ရက်နေ့တွင် အန်းတက်အဖွဲ့အကြီးအကဲ ယာဆူရှိအကာရှိက ပြောကြားပြီး လုံခြုံရေးကောင်စီက ကမ္ဘောဒီးယားရွေးကောက်ပွဲများအတွက် အားရကျေနပ်၍ ကြိုဆိုကြောင်း ထောက်ခံမဲ ၁၅ မဲ၊ ကန့်ကွက်မဲမရှိဖြင့် ဆုံးဖြတ်ချက်ချမှတ်ပြီးလျှင် ကမ္ဘောဒီးယားတိုင်းပြုပြည်ပြုလွှတ်တော်ကို အပြည့်အဝထောက်ခံမည်ဖြစ်ကြောင်းဖော်ပြ၍ ကမ္ဘောဒီးယား နိုင်ငံရေးပါတီအားလုံးကလည်း ရွေးကောက်ပွဲရလဒ်များကို လေးစားလက်ခံကြရန် တိုက်တွန်းပြောကြားလိုက်သည်။

၁၉၉၃ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် ထုတ်ပြန်သောရွေးကောက်ပွဲ အနိုင်အရှုံးစာရင်းများအရ အမတ်နေရာ ၁၂၀ ပါဝင်သော ကမ္ဘောဒီးယားတိုင်းပြုပြည်ပြုလွှတ်တော်တွင် ဖွန်ဆင်ပက်ပါတီက မဲအရေအတွက် ၄၅ ဒသမ ၄၇ ရာခိုင်နှုန်းဖြင့် အမတ်နေရာ ၅၈ နေရာ၊ အာဏာရစီပီပီပါတီက မဲအရေအတွက် ၃၈ ဒသမ ၂၃ ရာခိုင်နှုန်းဖြင့် အမတ်နေရာ ၅၁ နေရာ၊ ဗုဒ္ဓဝါဒီအယ်လ်ဒီပီပါတီက မဲအရေအတွက် ၃ ဒသမ ၈၁ ရာခိုင်နှုန်းဖြင့် အမတ်နေရာ ၁၀ နှင့် မိုလီနီကာပါတီငယ်ကလေးက မဲအရေအတွက် ၁ ဒသမ ၃၇ ရာခိုင်နှုန်းဖြင့် အမတ်နေရာ ၁ နေရာ ရရှိခဲ့ကြသည်။

၁၉၉၃ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် လုံခြုံရေးကောင်စီက ကမ္ဘောဒီးယားနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်တစ်ရပ်ကို တညီတညွတ်တည်းချမှတ်ပြီးလျှင် ကမ္ဘောဒီးယားပါတီအဖွဲ့အစည်းအားလုံးက အစိုးရအဖွဲ့သစ်သို့ အဆင်ပြေစွာအာဏာလွှဲပြောင်းပေးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားလိုက်သည်။ တိုင်းပြုပြည်ပြုလွှတ်တော်က ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ်ကို ရေးဆွဲနေစဉ် ရွေးကောက်ပွဲတွင်အနိုင်ရသည့်ဖွန်ဆင်ပက်ပါတီခေါင်းဆောင် မင်းသားနိုရိုဒွန်ရာနာရစ်နှင့် နုတ်ထွက်ပေးရမည့်အစိုးရဝန်ကြီးချုပ် ဟွန်ဆန်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ပြီး တတိယနေရာမှအနိုင်ရသည့် ပါတီခေါင်းဆောင် ဆွန်ဆန်က ဒုတိယသဘာပတိအဖြစ် ဆောင်ရွက်ကာ ကြားဖြတ်အစိုးရဖွဲ့စည်းပြီး အာဏာခွဲဝေထိန်းသိမ်းထားကြရန် ဇွန်လ ၁၆ ရက်နေ့တွင် သဘောတူညီခဲ့ကြသည်။

အခြေခံဥပဒေကိုရေးဆွဲလျက်ရှိသော ကော်မတီက ကမ္ဘောဒီးယားနိုင်ငံအား စည်းမျဉ်းခံဘုရင်နိုင်ငံအဖြစ်တည်ထောင်ရန် ရွေးချယ်ထားကြောင်း ကော်မတီအကြီးအကဲ ကင်မ်ဆင်ဂွန်းက ထုတ်ဖော်ပြောကြားပြီးနောက် မကြာမီတွင်တိုင်းပြုပြည်ပြုလွှတ်တော်က ကမ္ဘောဒီးယားနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ထောက်ခံမဲ ၁၁၃ မဲ၊ ကန့်ကွက်မဲ ၅ မဲနှင့် မဲမပေးသူ ၂ ဦးဖြင့် အတည်ပြုပြီးလျှင် မင်းသားကြီးသီဟာနုအား ကမ္ဘောဒီးယားနိုင်ငံ၏ ဘုရင်အဖြစ် ခန့်အပ်လိုက်သည်။ နိုင်ငံတော်အကြီးအကဲမင်းသားကြီးသီဟာနုက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို စက်တင်ဘာလ ၂၄ ရက်နေ့တွင် လက်မှတ်ရေးထိုးပြဌာန်းလိုက်သည်။ ထိုနေ့တွင် ကမ္ဘောဒီးယားအစိုးရသစ်ကိုဖွဲ့စည်းခဲ့ရာ မင်းသားရာနာရစ်က ပထမဝန်ကြီးချုပ်၊ ဟွန်ဆန်က ဒုတိယဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ကြရသည်။ ဤတွင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအသွင်ကူးပြောင်းရေးအာဏာပိုင်အဖွဲ့(အန်းတက်)၏အကြီးအကဲ ယာဆူရှိအကာရှိ၏ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းတာဝန်မှာ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ပြီးဆုံးသွားခဲ့သည်။

## ဘော့စနီးယား – ဟာဇီဂိုဗီးနားပြည်တွင်းပဋိပက္ခ

၁၉၉၂ ခုနှစ်၊ နောက်ဆုံးသုံးလအတွင်း၌ ကုလသမဂ္ဂအဖွဲ့အစည်းများက ဤဒေသ၌ယိုယွင်းပျက်စီးနေသောအခြေအနေနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ခဲ့ကြသည်။ လုံခြုံရေးကောင်စီက အစည်းအဝေး (၁၁)ကြိမ်ကျင်းပပြီး ဆုံးဖြတ်ချက် ၇ ခုနှင့် ထုတ်ပြန်ချက် ၃ ခု ပြုလုပ်ခဲ့သည်။ ကုလသမဂ္ဂအထွေထွေညီလာခံကြီးနှင့် ညီလာခံဥက္ကဋ္ဌတို့က အခြေအနေကို စိုးရိမ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည့်အပြင် ကုလသမဂ္ဂညီလာခံ စုံညီအစည်းအဝေးကြီးက အဘက်ဘက် ပြည့်စုံသော ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့ပေသည်။

(၄၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အစည်းအဝေးက ဆုံးဖြတ်ချက်အမှတ် ၄၇/၁၂၁ ကို ၁၈–၁၂–၉၂ ရက်နေ့တွင် ထောက်ခံမဲ ၁၀၂ မဲ၊ ကန့်ကွက်မဲမရှိ၊ ကြားနေ ၅၇ မဲဖြင့် ချမှတ်ခဲ့သည်။

ဤသို့ အရေးယူဆောင်ရွက်ခဲ့ရာတွင် ဆားဘီးယားနှင့်မွန်တီနီဂရိုတို့ပါဝင်သည့် ယူဂိုဆလားဗီးယားဖယ်ဒရယ်သမ္မတနိုင်ငံအပေါ် ချမှတ်ခဲ့သော တားမြစ်ပိတ်ဆို့မှုအမျိုးမျိုးတို့ကို ပိုမိုတင်းကျပ်ပေးခဲ့သည်။ ဘော့စနီးယားနှင့်ဟာဇီဂိုဗီးနားနိုင်ငံအပေါ်မှ စစ်ဖက်ဆိုင်ရာလေယာဉ်ပျံသန်းမှုများ မပြုလုပ်ရန် တားမြစ်ပိတ်ပင်ခဲ့သည်။ စစ်ရာဇဝတ်မှုများစစ်ဆေးစုံစမ်းရေးအဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ကာ တာဝန်ထမ်းဆောင်စေခဲ့သည်။

လူများအားသတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ ဖျောက်ဖျက်မှု၊ လူအုပ်နှင့်ချီ၍ မုဒိမ်းကျင့်မှုတို့အပါအဝင် လူပေါင်းမြောက်မြားစွာတို့အပေါ်၌ လူ့အခွင့်အရေးများကိုချိုးဖောက်ကျူးလွန်မှုများအားပြင်းထန်စွာပြစ်တင်ရှုတ်ချခြင်းများပြုခဲ့ပေသည်။ 'လူမျိုးသန့်စင်မှု' အပါအဝင် အပြည်ပြည်ဆိုင်ရာလူမှုစာနာထောက်ထားရေးဥပဒေအား ချိုးဖောက်ကျူးလွန်မှုများကိုလည်း ပြစ်တင်ရှုတ်ချခဲ့သည်။ ထို့အပြင် လုံခြုံရေးကောင်စီက ဆာရာယေဗိုမြို့တော်အပါအဝင် မြို့ရွာများအားပိတ်ဆို့ထားခြင်းနှင့်ကယ်ဆယ်ရေးအကူအညီများပေးပို့ရာလမ်းများအား ပိတ်ဆို့ထားခြင်းများကိုဖွင့်ပေးရန် တောင်းဆိုခဲ့သည်။ လူမျိုးအုပ်စုကွဲများအချင်းချင်း စစ်မက်တိုက်ခိုက်မှုများကို ရပ်စဲပြီး နိုင်ငံရေးဖြေရှင်းမှုအတွက် ဆက်လက်ဆွေးစပ်ညှိနှိုင်းကြရန် တိုက်တွန်းပြောကြား ခဲ့သည်။

ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်၌မူကား လုံခြုံရေးကောင်စီက ဘောစနီးယား–ဟာဇီဂိုဗီးနားနိုင်ငံအဖို့ အချုပ်အခြာအာဏာ၊ နိုင်ငံရေးလွတ်လပ်မှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် စည်းလုံးညီညွတ်မှုတို့ကိုပြန်လည်ရရှိစေရန် "လိုအပ်သည့်နည်းမှန်သမျှအားလုံး"ကို အသုံးပြုရေးအတွက် စဉ်းစားရန်နှင့် ယင်းနည်းလမ်းများကိုလည်း ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ထက်နောက်မကျစေဘဲ စဉ်းစားရန်တိုက်တွန်းခဲ့သည်။ ထိုမှတစ်ပါး ဘော့စနီးယား–ဟာဇီဂိုဗီးနားနိုင်ငံအား ကုလသမဂ္ဂ၏ လက်နက်များ ပိတ်ဆို့တားမြစ်မှုမှ ကင်းလွတ်ခွင့် ပြုရန် ညီလာခံကြီးက တောင်းခံလိုက်သည်။

**ဘော့စနီးယားပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းမှုအခြေအနေ**

ယခင်ယူဂိုဆလားဗီးယားနိုင်ငံတွင်းအခြေအနေသည် ၁၉၉၃ ခုနှစ်၊ ပထမသုံးလအတွင်း၌ တဖြည်းဖြည်းဆိုးဝါးကျဆင်းလာခဲ့သည်။ နိုင်ငံတစ်ဝန်းလုံးတွင်ဖြစ်ပွားနေသောလူမျိုးနွယ်စုများအချင်းချင်း ပဋိပက္ခမှုများကို ထိန်းသိမ်းတားဆီးရပ်စဲချုပ်ငြိမ်းစေရန် အပြင်းအထန်ဆွေးစပ်ဆွေးနွေးမှုများကို ကုလသမဂ္ဂမှ အားပေးအားမြှောက်ပြုခဲ့သည်။

အကျပ်ဆိုက်လာသောအခြေအနေကို နိုင်ငံရေးအရဖြေရှင်းရန် နယူးယောက်နှင့်ဂျီနီဗာမြို့များတွင်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အပြင်းအထန်ပြုလုပ်ခဲ့ကြရာ ၁၉၉၃ ခုနှစ်၊ မတ်လ အကုန်ပိုင်းတွင် ဘော့စနီးယား–ဟာဇီဂိုဗီးနားအတွက် အပိုင်းလေးပိုင်းခွဲထားသည့်ငြိမ်းချမ်းရေးဖြေရှင်းချက်တစ်ရပ်ကိုဘော့စနီးယားဦးသျှောင်အဖွဲ့နှင့် ဘော့စနီးယားခရိုအက်တို့က လက်ခံခဲ့ကြသည်။ ဤငြိမ်းချမ်းရေး အစီအစဉ်၌ တစ်ဝက်တစ်ပျက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ် ၁၀ ခု တည်ထောင်ဖန်တီးရန် ပြဋ္ဌာန်းချက် တစ်ရပ်လည်းပါဝင်သည်။ ငြိမ်းချမ်းရေးအစီအစဉ် ဆိုင်ရာစာတမ်း

ဘော့စနီးယားဒေသတွင် ကင်းလှည့်နေသော ကုလသမဂ္ဂတပ်ဖွဲ့မှ တင့်ကားတစ်စီး





ဆာရာယေဗိုမြို့ရောက် ကုလသမဂ္ဂတပ်သားများ

လေးစောင်အနက် နှစ်စောင်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေမူများနှင့် စစ်ဖက်ဆိုင်ရာသဘောတူညီချက် တို့ဖြစ်၍ ယင်းနှစ်စောင်ကိုအုပ်စုသုံးခုလုံးက လက်မှတ်ရေးထိုးခဲ့ကြသည်။ မြေပုံနှင့် ကြားကာလ အစီအစဉ်များနှင့် သက်ဆိုင်သည့် ကျန်အပိုင်းနှစ်ပိုင်း၊ စာတမ်းနှစ်စောင်ကို ဘော့စနီးယား – ဟာဇီဂိုဗီးနားအစိုးရနှင့် ဘော့စနီးယား ခရိုအက်တို့က မတ်လ ၁၆ ရက်နေ့မှ ၂၅ ရက်နေ့အထိ နယူးယောက်မြို့၌ ကျင်းပခဲ့သော ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ မတ်လ ၂၆ ရက်နေ့ တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ၄င်းတင်ပြသော အစီရင်ခံစာ တစ်စောင်၌ လုံခြုံရေးကောင်စီအား ဖော်ပြပါငြိမ်းချမ်းရေး အစီအစဉ်တစ်ရပ်လုံးအားအတည်ပြုရန် အလေးအနက် တိုက်တွန်းပြီး ဘော့စနီးယားဆာ့ဘ်များအား မြေပုံနှင့် ကြားကာလအစီအစဉ်များကို လက်မှတ်ရေးထိုးရန် တောင်းဆိုပြောကြားခဲ့သည်။ စောစောက နယူးယောက်မြို့တွင် ကျင်းပခဲ့သော ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၌ ဘော့စနီးယား ဆာ့ဘ်တို့က မျိုးနွယ်အုပ် စုအလိုက်ဒေသများ ပိုင်းခြားပုံကို မကြေမနပ်ရှိခဲ့ကြပြီး ဆာ့ဘ်လူမျိုးများ အများအပြား နေထိုင်ရာ အမြောက်အမြားမှာ ဆာ့ဘ်အများစုပြည်နယ် များမှ ဖယ်ရှားထားခြင်းခံရကြောင်း ရပ်တည်ပြောဆိုခဲ့ကြသည်။

### ကယ်ဆယ်ရေးပစ္စည်းများပေးပို့ဖြန့်ဖြူးမှုအကျပ်အတည်း

၁၉၉၃ ခုနှစ်၊ ပထမသုံးလပိုင်းကာလအတွင်း ယခင်ယူဂို ဆလဗ်ပြည်ထောင်စုတွင် ပါဝင်ရာဒေသများ၌ ထောက်ပံ့ရေးလိုအပ်လျက်ရှိသူ လူပေါင်းလေးသန်းနီးပါး ရှိရာ ကုလသမဂ္ဂအရာရှိများက ယင်းလူမှုရေးအခြေအနေမှာ “အသည်းအသန်” ဖြစ်နေသည်ဟု ဖော်ပြခဲ့ကြသည်။ လုံခြုံရေးကောင်စီက ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ချိပေးပို့မှုများကို ဆက်လက်တားဆီးနှောင့်ယှက်နေကြလျှင် “ပြင်းထန်သော အကျိုးဆက်များ” ခံစားကြရမည်ဖြစ်ကြောင်း တိုက်ပွဲဆင်နွှဲကြသော အုပ်စုများအားလုံးကို သတိပေးလိုက်သည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး မစ္စစ် ဆာဒါကိုအိုဂါတာက ဘော့စနီးယား ဆာ့ဘ်တို့အနေဖြင့် ကယ်ဆယ်ရေးပစ္စည်းများပေးပို့ရေးမော်တော်ယာဉ်တန်းများအားပိတ်မိနေသော ဘော့စနီးယားအရှေ့ပိုင်းဒေသများသို့ မသွားရောက်နိုင်အောင်ပိတ်ပင်ထားသည့် မူဝါဒမှာ လူများအား “ငတ်ပြတ်ပြီးနေအိမ်များမှ စွန့်ခွာထွက်ပြေးရန်” ပြုလုပ်နည်းဖြစ်ကြောင်း ရှုတ်ချပြောဆိုခဲ့ပြီးနောက် တစ်ဖန် မတ်လ ၁၁ ရက်နေ့တွင် ကယ်ဆယ်ရေးပစ္စည်းများအား တားဆီးပိတ်ပင် ထားခြင်းကို စစ်လက်နက် နှင့် “လူမျိုးနွယ်သန့်စင်ရေး” လက်နက်တစ်ခုအဖြစ် တိုးတက်အသုံးပြုနေကြောင်း လုံခြုံရေးကောင်စီသို့ တင်ပြခဲ့သည်။

### ဘော့စနီးယားငြိမ်းချမ်းရေးအစီအစဉ်

ကုလသမဂ္ဂမှပြုလုပ်သည့် ယင်းအစီအစဉ်တစ်ရပ်ကို ဘော့စနီးယား ဆာ့ဘ်ခေါင်းဆောင် ကာရာဒစ်က ၁၉၉၃ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် ဂရိနိုင်ငံ၌ကျင်းပသော ဆွေးနွေးပွဲ၌ လက်မှတ်ရေးထိုးခဲ့သည်။ ထို့နောက် ယင်းအစီအစဉ်နှင့်ပတ်သက်၍ ဘော့စနီးယားရှိ ဆာ့ဘ်လူမျိုးစုများ၏ ဆန္ဒသဘောထားခံယူပွဲတစ်ရပ်ကို မေလ ၁၅ ရက်နေ့တွင် စတင်ကျင်းပခဲ့ပြီး၊ ယင်းအစီအစဉ်ကို ပယ်ချလိုက်ကြောင်း ဘော့စနီးယားဆာ့ဘ်ပါလီမန်က မေလ ၁၉ ရက်နေ့တွင်ကြေညာခဲ့သည်။ ဆာ့ဘ်အမျိုးသား ၉၆ ရာခိုင်နှုန်းက ဒေသအတွင်းကိုယ်ပိုင်နိုင်ငံထူထောင်ရန် ဆန္ဒပြုခဲ့ကြသည်ဟုဖော်ပြသည်။ ထို့နောက် မေလ ၂၂ ရက် နေ့တွင် အမေရိကန်၊ ရုရှား၊ ဗြိတိန်၊ ပြင်သစ်နှင့် စပိန် နိုင်ငံခြားရေး

ဝန်ကြီးတို့က ဘော့စနီးယားငြိမ်းချမ်းရေးအတွက် အစီအစဉ်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့ကြရာ နောက်တစ်နေ့တွင် ဘော့စနီးယား သမ္မတ အီဇက်ဘီဂိုဗစ်က ပယ်ချခဲ့သည်။

၁၉၉၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် ဘော့စနီးယားအား သုံးပိုင်းခွဲကာ ပြည်ထောင်စုနိုင်ငံအဖြစ် ဖွဲ့စည်းရေးအတွက် ဆာ့ဘ်၊ မွတ်စလင်နှင့် ခရိုအက်များ တိုက်ရိုက်ဆွေးနွေးရန် ဘော့စနီးယားဆာ့ဘ်ခေါင်းဆောင် ကာရာဒစ်က တောင်းဆိုလိုက်သည်။ ထို့နောက် ဘော့စနီးယားနိုင်ငံအား လူမျိုးစု ဒေသသုံးခုအဖြစ်ပိုင်းခြားရေး အဆိုပြုချက်တစ်ရပ်ကို ဆာ့ဘ်နှင့် ခရိုအက်တို့က တင်ပြခဲ့ရာ ယင်းအဆိုပြုချက်ကို စဉ်းစားသုံးသပ်ရန် ဘော့စနီးယား သမ္မတ အိုင်ဇက်ဘီဂိုဘစ် အား ဥရောပဘုံဈေးအဖွဲ့ (အီးစီ) ခေါင်းဆောင်များက တိုက်တွန်းခဲ့ကြသည်။ သမ္မတဘီဂိုဘစ်က ယင်းစီမံချက်ကို ပြောင်ပြောင်တင်းတင်းပယ်ချခဲ့သည်။ ဆက်လက်၍ ဘော့စနီးယား သမ္မတ ဥသျှောင်အဖွဲ့က ဇူလိုင် ၉ ရက်နေ့တွင် ပယ်ချခဲ့သည်။ ထို့နောက် ဇူလိုင်လ ၁၇ ရက်ကုန်ဆုံးသည့် ရက်သတ္တပတ်အတွင်းတွင် ဘော့စနီးယားနိုင်ငံ ဦးသျှောင်အဖွဲ့က ဘော့စနီးယားနိုင်ငံအား ဆာ့ဘ်၊ မွတ်စလင်နှင့် ခရိုအက်လူမျိုးစုများအတွက် တူညီသော အခွင့်အရေးများရရှိရန် အာမခံချက် ရှိမည့် ပြည်ထောင်စုနိုင်ငံတော်တစ်ခုအဖြစ်တည်ထောင်ရန် ငြိမ်းချမ်းရေးအစီအစဉ်တစ်ရပ်ကို ရေးဆွဲခဲ့သည်။ သို့သော် ယင်းလမ်းစဉ်နှင့် ပတ်သက်၍ သံသယမကင်းရှိရကြောင်း သမ္မတ ဘီဂိုဘစ်ကိုယ်၌ကပင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဘူထရို့စ်ဂါလီကိုလည်း ဆာရာယေဗိုမြို့တွင် ဤသို့ တွေ့ရစဉ်



ဘော့စနီးယားငြိမ်းချမ်းရေးနှင့်ပတ်သက်၍ဘော့စနီးယား အုပ်စုသုံးစု၏ခေါင်းဆောင်များက ဇူလိုင်လအကုန်ပိုင်းတွင် ဂျိနီဗာမြို့၌ တွေ့ဆုံညှိနှိုင်းကြရာဝယ် ဘော့စနီးယားမွတ်စလင်သမ္မတ အလီဂျာအီဇက်ဘီဂိုဗစ်က ယင်းနိုင်ငံအား လူမျိုးနွယ်စုအလိုက် နယ်ပယ်သုံးခု အဖြစ် ပိုင်းခြားရန် ဆာ့ဘ်နှင့် ခရိုအက်တို့၏ အဆိုပြုချက်ကို ဇူလိုင်လ ၃၀ ရက်နေ့တွင် စိတ်မပါ့တပါဖြင့် သဘောတူခဲ့ကြသည်။ သို့သော် ယင်းသဘောတူချက်ကို ဘော့စနီးယား ဦးသျှောင်အဖွဲ့နှင့် ပါလီမန်တို့က အတည်ပြုရဦးမည်ဖြစ်သည်။ ဩဂုတ်လ ၈ ရက်နေ့တွင် ဘော့စနီးယား ပါလီမန်က သမ္မတ ဘီဂိုဗစ်အား ဘော့စနီးယားစစ်ပွဲ အဆုံးသတ်ရေးအတွက် ပြန်လည်ဆွေးနွေးရန်နှင့် ယင်းသို့ ဆွေးနွေးရာ၌ ဘော့စနီးယား မွတ်စလင်အစိုးရအတွက် နယ်မြေပိုင်နက်များ ပိုမိုရရှိရေးအတွက် အတင်းအကျပ်တောင်းဆိုရန် တာဝန်ပေးအပ်လိုက်သည်။ ဤတွင် ဘော့စနီးယားအား သုံးနိုင်ငံအဖြစ် ပိုင်းခြားရေးအစီအစဉ်ကို အုပ်စုခွဲခေါင်းဆောင်များက ဩဂုတ်လ ၃၁ ရက်နေ့တွင် ပြန်လည်စေ့စပ်ဆွေးနွေးခဲ့ကြသည်။ စေ့စပ်ဖျန်ဖြေသူများဖြစ်သည့် ဥရောပဘုံဈေးအဖွဲ့မှ လော့ဒ်အိုဝင်နှင့် ကုလသမဂ္ဂမှ စတိုတင်ဘာ့ဂ်တို့၏ အစီအစဉ်အရဆိုလျှင် ဘော့စနီးယား နိုင်ငံ၏ ၃၁ ရာခိုင်နှုန်းကို ဘော့စနီးယားမွတ်စလင် အစိုးရကလည်းကောင်း၊ ၅၂ ရာခိုင်နှုန်းကို ဆာ့ဘ်တို့ကလည်းကောင်း၊ ၁၇ ရာခိုင်နှုန်းကို ခရိုအက်တို့ကလည်းကောင်း ရရှိမည်ဟူ၍ အေပီသတင်းဌာနက ဖော်ပြခဲ့သည်။ လော့ဒ်အိုဝင်နှင့် စတိုတင်ဘတ်တို့သည် ဘော့စနီးယားငြိမ်းချမ်းရေး အစီအစဉ်သစ်တစ်ရပ်နှင့် ပတ်သက်၍ ဆားဗီးယားနိုင်ငံ သမ္မတ မီလိုဆီးဗစ်နှင့် စက်တင်ဘာလ ၁၇ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

## အန္တရာယ်ကင်းဇုန်နယ်များ သတ်မှတ်တည်ထောင်ခြင်း

ကုလသမဂ္ဂ၏ငြိမ်းချမ်းရေးအစီအစဉ်ကိုဘော့စနီးယားဆာ့ဘ်ပါလီမန်က ပယ်ချခဲ့ပြီးနောက် လုံခြုံရေးကောင်စီက မေလ ၆ ရက်နေ့တွင် အစည်းအဝေးကျင်းပပြီး ဘော့စနီးယား



ဘော့စနီးယားသို့ ရောက်ရှိနေသော ကုလသမဂ္ဂတပ်ဖွဲ့ဝင်များအား တပ်မှူးက စစ်ဆေးနေစဉ်

ဘော့စနီးယားတွင် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များက အစားအသောက်များ ဝေငှလိုက်ရာ ပြည်သူများ ဤသို့တပျော်တပါး ဖြစ်ကြရသည်။





ဆာ့ဘ်တပ်များဝိုင်းရံပိတ်ဆို့ထားသော ဆာရာယေဗိုမြို့မှ ကလေးငယ်များကို ကုလသမဂ္ဂငြိမ်းချမ်းရေး တပ်ဖွဲ့ဝင်များက ကယ်ထုတ်လာစဉ်

မြို့ကြီး ၆ မြို့ (တူဇလာ၊ ဇီပါ၊ ဂိုရက်ဇဒီ၊ ဘီဟက်၊ ဆရီဘရီနီဆာနှင့် ဆာရာယေဗို) ကို ဘေးအန္တရာယ်ကင်းရာဒေသများအဖြစ် ကြေညာလိုက်သည်။ ၁၉၉၃ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ဘော့စနီးယား အစိုးရနှင့် ဆာ့ဘ်အုပ်စုတို့က မေလ ၉ ရက်နေ့ မွန်းတည့်ချိန်မှစ၍ ဘော့စနီးယားတစ်နိုင်ငံလုံးတွင် အပစ်အခတ်ရပ်စဲကြရန်နှင့် ဘော့စနီးယားအရှေ့ပိုင်းတွင် အဝိုင်းခံနေရသော မွတ်စလင် မြို့နှစ်မြို့ကို စစ်မဲ့ဒေသအဖြစ်ထားရှိရန် သဘောတူခဲ့ကြသည်။ သို့သော်လည်း မေလ ၂၂ ရက်နေ့တွင် ယင်းကတိကဝတ်ကို ချိုးဖောက်ကာ ဘော့စနီးယားဆာ့ဘ်တို့က လက်နက်ကြီးများဖြင့် အပြင်းအထန်စစ်ခင်း တိုက်ခိုက်ခဲ့ ကြသည်။ ထိုနေ့မှာပင် ဘော့စနီးယားနိုင်ငံ၌ ကြေညာထားသော အန္တရာယ်ကင်းဒေသများထူထောင်ရေးတွင် အကူအညီပေးကြရန် အမေရိကန်ပြည်ထောင်စု၊ ရုရှားနှင့် အခြား ဥရောပ မဟာမိတ်သုံးနိုင်ငံ (စပိန်၊ ပြင်သစ်၊ ဗြိတိန်) တို့က သဘောတူညီခဲ့ကြသည်။

၁၉၉၃ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဘော့စနီးယားနိုင်ငံ၏ မြို့ကြီးခြောက်မြို့ရှိ မွတ်စလင်များအား အကာအကွယ်ပေးရန် အင်အားအသုံးပြုနိုင်မည့်တပ်အင်အား ၅၀၀၀ မှ ၁၀၀၀၀ အထိ စေလွှတ်နိုင်မည့် ဆုံးဖြတ်ချက်တမ်ရပ်ကို ထောက်ခံမဲ ၁၃ မဲ (ဗင်နီဇွဲလားနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့က မဲမပေးဘဲနေခဲ့ကြသည်)ဖြင့် ချမှတ်ခဲ့သည်။ ထို့နောက်ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၇၅၀၀ ကို စေလွှတ်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက ဇွန်လ ၁၄ ရက်နေ့တွင် ထောက်ခံချက်ပေးလိုက်သည်။ ထိုအတွင်း ဆာရာယေဗိုမြို့တော်ကို ဆာ့ဘ်တပ်များက ညှပ်ပူးညှပ်ပိတ် တိုးတက်ပြင်းထန်စွာ တိုက်ခိုက်ခဲ့ကြရာ လုံခြုံရေးကောင်စီက ဆာယာယေဗိုအား ဝိုင်းရံပိတ်ဆို့ထားမှုကို ချက်ချင်းရပ်ဆိုင်းရန်နှင့် အဆုံးသတ်ရန် ဇူလိုင်လ ၂၂ ရက်နေ့တွင် တောင်းဆိုလိုက်သည်။

ဘော့စနီးယား၌ အန္တရာယ်ကင်းဒေသများအား အကာအကွယ်ပေးနေသည့် နိုင်ငံစုံလေတပ်တွင်ပါဝင်ရန် အမေရိကန်နိုင်ငံမှ တိုက်လေယာဉ် အစင်း ၄၀ နှင့် ဗြိတိန်နိုင်ငံမှ ၁၂ စင်း စေလွှတ်မည်ဖြစ်သည့်အပြင် ပြင်သစ်နှင့် နယ်သာလင်နိုင်ငံတို့မှလည်း လေယာဉ်များစေလွှတ်မည်ဖြစ်သည်။ ကုလသမဂ္ဂတပ်များအား လေကြောင်းအကူအညီပေးရန် နေတိုးနိုင်ငံများမှ စစ်လေယာဉ် အစင်း ၆၀ သည် ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ခန့်မှစ၍ အီတလီနိုင်ငံ

အဗီယာနိုမြို့ရှိ လေတပ်စခန်းသို့ ရောက်ရှိနေခဲ့ကြပြီး ဖြစ်သည်။ ဩဂုတ်လ ၉ ရက်နေ့တွင် မြောက်အတ္တလန္တိတ်စာချုပ် (နေတိုး) အဖွဲ့ဝင် ၁၆ နိုင်ငံမှ သံအမတ်ကြီးများ၏ အရေးပေါ်အစည်းအဝေးက ကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဘော့စနီးယား – ဟာဇီဂိုဗီးနားရှိ ဆာ့ဘ်တပ်များအား ဗုန်းကြဲတိုက်ခိုက်ရေး အစီအစဉ်ကိုသဘောတူလက်ခံကြောင်း၊ သို့သော် ဗုန်းကြဲရန်အမိန့်ကိုမူ ကုလသမဂ္ဂမှ ပေးရမည် ဖြစ်ကြောင်း ဖော်ပြလိုက်သည်။

ထိုနေ့ (ဩဂုတ်လ ၉ ရက်) မှာပင် ဘော့စနီးယားနိုင်ငံ ဆာရာယေဗိုမြို့တော်အား အပေါ်စီးမှမြင်ရသည့် အချက်အချာကျသောတောင်ကုန်းနှစ်ခု (အစ်ဂမန်တောင်ကုန်းနှင့် ဘီဂျိလာစနီကာတောင်ကုန်း) ပေါ်မှ တပ်များကို ရုပ်သိမ်းပေးရန် ဘော့စနီးယားဆာ့ဘ်တို့၏ ကတိပြုချက်အရ ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေး တပ်များသည် ယင်းတောင်ကုန်းများပေါ်သို့ တက်ရောက်သွားခဲ့ကြသည်။ ယင်းတောင်ကုန်းများမှ ဆာ့ဘ်တပ်ဖွဲ့များ ရုပ်သိမ်းခြင်းကို ဘော့စနီးယားမွတ်စလင် စစ်တပ်သတင်းထုတ်ပြန်ရေးဌာနက ဩဂုတ်လ ၁၂ ရက်နေ့တွင် အတည်ပြုပြောကြားခဲ့ပြီး နောက်တစ်နေ့တွင် ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ထိုနေ့ (ဩဂုတ်လ ၁၃ ရက်) တွင် မော်တော်ယာဉ်တန်းကြီးတစ်ခုသည် ဘော့စနီးယားဆာ့ဘ်တို့က ဖွင့်ပေးသော လမ်းကြောင်းသစ်တစ်ခုမှ ဆာယာယေဗိုမြို့တွင်းသို့ ဝင်ရောက်လာနိုင်ခဲ့လေသည်။

**ဆိုမားလီးယားပြည်တွင်းစစ်နှင့် ငတ်မွတ်ခေါင်းပါးမှုပြဿနာ**

အငတ်ဘေးဆိုက်နေသည့် ဆိုမားလီးယားနိုင်ငံတွင် လူမှုရေးအခြေအနေ ဆုတ်ယုတ်ကျဆင်းလာပြီး ကယ်ဆယ်ရေးပစ္စည်းများအား ဆက်လက်လုယက်ကာ ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းသူများအား တိုက်ခိုက်ကြခြင်းကို လုံခြုံရေးကောင်စီက အထူးထိတ်လန့်စိုးရိမ်လာခဲ့သဖြင့် ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၇၉၄(၁၉၉၂)ကို တညီတညွတ်တည်းချမှတ်၍ ယင်းနိုင်ငံရှိ ငတ်မွတ်နေကြသောပြည်သူများထံသို့ စာနာထောက်ထားမှု အကူအညီများကို မရောက်ရောက်အောင် ပို့ရာ၌ "လိုအပ်သောနည်းလမ်းမှန်သမျှအားလုံး" အသုံးပြုဆောင်ရွက်ကြရန်ပြောကြားလိုက်သည်။ ယင်းဆုံးဖြတ်ချက်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အား ဆိုမားလီးယားနိုင်ငံတွင် လူမှုကယ်ဆယ်ရေးလုပ်ငန်းများအတွက် လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်အခြေအနေတစ်ရပ်ကို ဖြစ်နိုင်သမျှ အမြန်ဆုံးတည်ဆောက်ဖန်တီးရေးအတွက် အမေရိကန်ပြည်ထောင်စုက နိုဝင်ဘာလ ၂၉ ရက်နေ့တွင် အဆိုပြုကမ်းလှမ်းချက်ကို အကောင်အထည်ဖော်ရန် အခွင့်အာဏာ ပေးအပ်လိုက်သည်။ ဆိုမားလီးယားနိုင်ငံတွင်း စစ်ခင်းတိုက်ခိုက်မှုများကြောင့် ဖြစ်ပွားပေါ်ပေါက်လာသော လူမှုကပ်ဘေးကြီးသည် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး နှင့် လုံခြုံရေးအတွက် ဘေးအန္တရာယ်တစ်ရပ်ဖြစ်သည်ဟု လုံခြုံရေးကောင်စီက ကောက်ချက်ချလိုက်သည်။

ထို့နောက် အမေရိကန်ပြည်ထောင်စုနှင့် အခြား နိုင်ငံများမှ စစ်သည်ထောင်ပေါင်းများစွာ ပါဝင်သော လက်နက်ကိုင်တပ်ဖွဲ့များက ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ရက်နေ့တွင် ပထမအဆင့် စစ်ဆင်ရေးကို ဆင်နွှဲကြရာတွင် မိုဂါဒစ်ရှူးမြို့ လေယာဉ်ကွင်းနှင့် အမေရိကန်ရေတပ်အကူအညီဖြင့် ဆိပ်ကမ်းတို့ကို အောင်မြင်စွာသိမ်းယူခဲ့ကြသည်။ ထို့နောက် စစ်ဆင်ရေးဒုတိယအဆင့်တွင် ကယ်ဆယ်ရေးစခန်းများ ဖြစ်သော ဘိုင်ဒိုအာ၊ အော့ဒါးဘီယက်ဝိန်း၊ ဂီယာလက်ဆီမြို့များကို သိမ်းပိုက်ရရှိခဲ့ကြသည်။ ထို့နောက်တစ်ဖန် တတိယအဆင့် စစ်ဆင်ရေးတွင် တောင်ပိုင်းသို့တိုးချဲ့ကာ ကစ္စမာယိုနှင့် ဘာဒီယာမြို့များရှိ လေယာဉ်ကွင်းနှင့် ဆိပ်ကမ်းများ အပြင် ဘာဒီယာမှ ဘိုင်ဒိုအာသို့သွားသောလမ်းမကို သိမ်းယူရရှိခဲ့ကြသည်။ နောက်ဆုံးစတုတ္ထအဆင့်တွင်ကား လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်အခြေအနေကို ထိန်းသိမ်းရေးအတွက် ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့များသို့လွှဲပြောင်းပေးအပ်ခဲ့ပေသည်။ ထို့နောက်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အမေရိကန်ပြည်ထောင်စုသမ္မတထံ စာတစ်စောင် ပေးပို့၍ ဆိုမားလီးယားနိုင်ငံတွင် အနည်းဆုံးအားဖြင့် စနစ်တကျဖွဲ့စည်းထားသော အုပ်စုများ၏ လက်နက်ကြီးများကိုဖြုတ်သိမ်းကာ နိုင်ငံတကာ ထိန်းသိမ်းမှုအောက်တွင် ထားရှိပြီး စည်းကမ်းစနစ်တကျမဟုတ်ဘဲ ယာယီဖွဲ့စည်းထားသောတပ်ဖွဲ့များနှင့် ဂိုဏ်းအဖွဲ့များကို လက်နက်ဖြုတ်သိမ်းရန်လိုအပ်မည်ဖြစ်ကြောင်း သူ၏ထင်မြင်ယူဆချက်များကို ဖော်ပြလိုက်သည်။

ဤအတောအတွင်း ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ လဦးပိုင်းတွင် အီသီယိုးပီးယားနိုင်ငံ၊ အက်ဒစ်အဘာဘာမြို့၌ ကုလသမဂ္ဂနှင့် ဆိုမာလီအုပ်စုများအကြား အမျိုးသားပြန်လည် သွေးစည်းညီညွတ်ရေးအတွက် ပြုလုပ်သော အစည်းအဝေး၏ ရလဒ်များမှာ အားရဖွယ်ရှိပေရာ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် ၄၇/၁၆၇ ကို ချမှတ်ကာ ကုလသမဂ္ဂနှင့် အာဖရိကဒေသအဖွဲ့အစည်းများ၏ ကမကထပြုမှုဖြင့် ဆိုမားလီးယားနိုင်ငံဆိုင်ရာ နိုင်ငံပေါင်းစုံငြိမ်းချမ်းရေး မျက်နှာစုံညီအစည်းအဝေးတစ်ရပ်ကျင်းပရန် အကြံအစည်ကိုကြိုဆိုထောက်ခံပြီး၊ လျှင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီရေး၊ လွတ်လပ်ရေးနှင့် တရားမျှတရေးအပြင် လွတ်လပ်မျှတသော



**ဆိုမားလီးယားနိုင်ငံအင် ဓားနယ်ရီကွာအဝင့်ပေးသည့် စခန်းတစ်ခုကို စောင့်ရှောက်ပေးနေသော ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့**

ရွေးကောက်ပွဲများအတွက် အာမခံသောအခြေခံဖွဲ့စည်းပုံ ဥပဒေတစ်ရပ်ရရှိရေးအတွက် ဖော်ညွှန်းပြောကြား လိုက်သည်။

၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှ ၁၅ ရက်နေ့ အထိ ဆိုမာလီနိုင်ငံပြန်လည်စည်းလုံးညီညွတ်ရေးအတွက် အလွတ်သဘော ကြိုတင်အစည်းအဝေးတစ်ရပ်ကို အီသီယိုးပီးယားနိုင်ငံ၊ အက်ဒစ္စအဘာဘာမြို့တွင် ကျင်းပခဲ့ကြသည်။ ယင်းအစည်းအဝေး၌ ဆိုမာလီနိုင်ငံရေးအဖွဲ့အစည်း ၁၄ ခု တို့၏ ကိုယ်စားလှယ်များက အပစ်အခတ်ရပ်စဲရေးနှင့် လက်နက်ဖြုတ်သိမ်းရေးအတွက် ပြဋ္ဌာန်းသည့် သဘောတူညီချက်သုံးခုကိုလက်မှတ်ရေးထိုးခဲ့ကြသည်။ နိုင်ငံရေးအဖွဲ့အစည်းများက လက်နက်ကြီးများအားလုံးကို အပစ်အခတ်ရပ်စဲရေးကြီးကြပ်မှုအဖွဲ့တစ်ဖွဲ့သို့ ပေးအပ်ရန် သဘောတူခဲ့ကြသည်။ ယင်းသို့ပေးအပ်သောလက်နက်များကို ဖော်ပြပါအဖွဲ့က တရားဝင် ဆိုမာလီအစိုးရအဖွဲ့တစ်ဖွဲ့ ဖြစ်ပေါ်လာသောအခါ ယင်းအစိုးရသို့လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။ ထိုမှတစ်ပါး အထက်ဖော်ပြပါအစည်းအဝေးက အမျိုးသားပြန်လည်သွေးစည်းညီညွတ်ရေး မျက်နှာစုံညီအစည်းအဝေးတစ်ရပ်ကျင်းပရန် ပြင်ဆင်ရေးအတွက် လုပ်ငန်းကော်မတီတစ်ခု ဖွဲ့စည်းတည်ထောင်ရေးအတွက်လည်း သဘောတူခဲ့သည်။

၁၉၉၃ ခုနှစ်၊ နှစ်ဦးပိုင်းတွင် ဆိုမားလီးယားနိုင်ငံ၌ တိုက်ပွဲများနေရာကွက်ကျား ပြတ်တောင်းပြတ်တောင်း ဖြစ်ပွားလျက်ရှိခဲ့သည်။ လုပ်ငန်းကော်မတီသည် အက်ဒစ္စအဘာဘာမြို့၌ ၁၉၉၃ ခု၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် အစည်းအဝေးကျင်းပနိုင်ခြင်းမရှိခဲ့ပေ၊ အကြောင်းမှာ ဆိုမာလီအမျိုးသားမဟာမိတ် ( အက်စ်အင်အေ) အဖွဲ့က အခြားအုပ်စုနှစ်ခုဖြစ်သည့် ဆိုမာလီအမျိုးသားတပ်ဦး (အက်စ်အင်အက်ဖ်)နှင့် ဆိုမာလီမျိုးချစ်တပ်ဦး (အက်စ်ပီအက်ဖ်) တို့သည် ၄င်း၏တပ်ဖွဲ့များကို ကစ္စမာယိုမြို့၌ တိုက်ခိုက်ကာ အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်ခဲ့ကြသည်ဟုစွပ်စွဲကာ အစည်းအဝေးသို့တက်ရောက်ရန် ငြင်းဆန်ခဲ့ခြင်းကြောင့်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ ဆိုမားလီးယားနိုင်ငံ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် မျက်နှာစုံညီအစည်းအဝေးတစ်ရပ်ကို ၁၉၉၃ ခုနှစ်၊ မတ်လ ၁၇ ရက်မှ ၂၇ ရက်နေ့အထိ အက်ဒစ္စအဘာဘာမြို့တွင် ကျင်းပခဲ့သည်။ သို့သော်လည်း ကစ္စမာယိုမြို့တွင် တိုက်ပွဲသစ်များဖြစ်ပွားခဲ့ခြင်းကြောင့် အစည်းအဝေး ပျက်ပြားသွားခဲ့သည်။ ဤအတောအတွင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက မတ်လ ၂၆ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၈၁၄ (၁၉၉၃)ကို တညီတညွတ်တည်းချမှတ်ကာ ဆိုမာလီအုပ်စုများအနေဖြင့် ၁၉၉၃ ခုနှစ်၊ဇန်နဝါရီလအတွင်းက အက်ဒစ္စအဘာဘာမြို့၌ ကျင်းပခဲ့သော အလွတ်သဘောပြင်ဆင်ရေး အစည်းအဝေးတွင် ထားရှိခဲ့ကြသော ကတိကဝတ်များ၊ အထူးသဖြင့် အပစ်အခတ်

ရပ်စဲရေးနှင့် လက်နက်ဖြုတ်သိမ်းရေးဆိုင်ရာ သဘောတူညီချက်များကို အပြည့်အဝ လိုက်နာဆောင်ရွက်ကြရန် တောင်းဆိုလိုက်သည်။ ဤတွင်အထက်ပါ အက်ဒစ္စအဘာဘာ အစည်းအဝေးတွင် ပါဝင်တက်ရောက်သူ ဆိုမာလီအုပ်စု ၁၅ စုမှ ခေါင်းဆောင်များက သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသဘောတူညီချက်တွင် အဖွဲ့ဝင် ၇၄ ဦးပါဝင်၍ စီမံခန့်ခွဲအုပ်ချုပ်ရေးအာဏာရှိသည့် အသွင်ကူးပြောင်းရေးကာလ အမျိုးသားကောင်စီတစ်ခု ဖွဲ့စည်းရန် ပြဋ္ဌာန်းချက်တစ်ရပ်လည်း ပါဝင်ပေသည်။ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသူများက လက်နက်ကိုင် တိုက်ခိုက်မှုများရပ်စဲရန် သဘောကွဲလွဲမှုများကိုငြိမ်းချမ်းစွာ ဖြေရှင်းရန်နှင့် လက်နက်ခဲယမ်းအားလုံးကို ပေးအပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

အထက်ဖော်ပြပါ ဆုံးဖြတ်ချက်အမှတ် ၈၁၄ (၁၉၉၃) အရ လုံခြုံရေးကောင်စီက ဆိုမားလီးယားနိုင်ငံတွင် လူချင်းစာနာထောက်ထားမှုအကူအညီများ ဖြန့်ဖြူးပေးပို့သည့် တာဝန်ကို အမေရိကန်ဦးဆောင်သော နိုင်ငံတကာတပ်ဖွဲ့မှ ဆိုမားလီးယားနိုင်ငံတွင်းကုလသမဂ္ဂလုပ်ငန်းဆောင်ရွက်မှုအဖွဲ့ (UNOSOM) သို့လွှဲပြောင်းပေးလိုက်သည်။ ယင်းအဖွဲ့ (ယူနိုဆုမ်း) ကို ဆိုမာလီအရေး စတင်ဖြစ်ပွားသည့် ၁၉၉၂ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့က ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ယင်းမူလယူနိုဆုမ်းအဖွဲ့ကို ၁၉၉၃ ခုနှစ်၊ နှစ်ဦးပိုင်းတွင် လူအင်အား ၃၀၀၀၀ ဖြင့် တိုးချဲ့ဖွဲ့စည်းပြီးနောက် ယူနိုဆုမ်း-၂ (UNOSOM-II) ဟု ခေါ်တွင်ခဲ့သည်။

၁၉၉၃ ခုနှစ်၊ ဇွန်လပထမရက်သတ္တပတ်အတွင်း၌ ဆိုမားလီးယားတောင်ပိုင်းကစ္စမေယုဆိပ်ကမ်းမြို့ဒေသတွင် တစ်နှစ်ကျော်ကြာမျှ စစ်မက်ဖက်ပြိုင်တိုက်ခိုက်နေခဲ့ကြသော လူမျိုးအုပ်စုခေါင်းဆောင်များက မိုဂါဒစ်ရှုးမြို့တော်တွင် တွေ့ဆုံဆွေးနွေးကြပြီး ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်ကိုသဘောတူခဲ့ကြသည်။ သို့နှင့်တစ်ချိန်တည်း ၁၉၃၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် မိုဂါဒစ်ရှုးမြို့တွင် စစ်အုပ်စုခေါင်းဆောင် မိုဟာမက်ဖာရာအိုင်ဒစ်၏ စစ်သားများနှင့် ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်သားများ နေ့လုံးပေါက်တိုက်ခိုက်ကြရာ ပါကစ္စတန်စစ်သား ၂၂ ဦး ထက်မနည်းသေဆုံး၍ ဆိုမာလီတို့ဘက်မှ ၂၃ ဦးသေဆုံးခဲ့သည်။ ဤတွင် ပါကစ္စတန်နိုင်ငံ၏တိုက်တွန်းပြောဆိုချက်အရ လုံခြုံရေးကောင်စီက ဇွန်လ ၆ ရက်နေ့တွင် အစည်းအဝေးကျင်းပပြီး ဆိုမားလီးယားနိုင်ငံတွင် ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်မှ ပါကစ္စတန်စစ်သား ၂၂ ဦးအား သတ်ဖြတ်သူများကို ဖမ်းဆီးအပြစ်ပေးရန် တညီတညွတ်တည်း အတည်ပြုဆုံးဖြတ်ခဲ့သည်။ ထို့နောက် ဇွန်လ ၁၂ ရက်နေ့ နံနက်အရုဏ်မတက်မီအချိန်တွင် ကုလသမဂ္ဂလေတပ်နှင့် မြေပြင်တပ်များက ဗိုလ်ချုပ်ကြီး အိုင်ဒစ်၏ရေဒီယိုအသံလွှင့်ဌာန၊ မြို့ပြင်ရှိ ၎င်း၏လက်နက်သိုလှောင်ရာနေရာများနှင့် ၎င်း၏နေအိမ်အနီးတစ်ဝိုက်ကို ပြင်းထန်စွာတိုက်ခိုက်ခဲ့ကြသည်။ ယင်းသို့ စစ်ဆင်တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေစဉ် ကုလသမဂ္ဂ အထူးသံတမန် ဂျိုနာသန်ဟောင်းက ဗိုလ်ချုပ်ကြီး အိုင်ဒစ်အား ဖမ်းဆီးရန် ဇွန်လအလယ်ပိုင်းတွင် အမိန့်ထုတ်ပြန်ခဲ့သည်။ ဗိုလ်ချုပ်ကြီး အိုင်ဒစ်က နိုင်ငံစုံတပ်ဖွဲ့ကိုပိုမိုဆန့်ကျင်သွားရန် ဇူလိုင်လ ၁၈ ရက်နေ့တွင် ၎င်း၏နောက်လိုက်များအား တိုက်တွန်းပြောကြားလိုက်သည်။ ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်သားများကလည်း မိုဂါဒစ်ရှုးမြို့တော်အတွင်း နေရာအနှံ့ အပြားတွင် လက်နက်ပုန်းများ ရှာဖွေခဲ့ကြသည်။ ထိုစဉ်တွင် တိုက်ပွဲများလည်း ဖြစ်ပွားခဲ့သည်။ စက်တင်ဘာလ ၉ ရက်နေ့ တိုက်ပွဲမှာ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက အမေရိကန်တပ်ဖွဲ့များ ဆိုမားလီးယားတွင် ခြေချခဲ့သည့် အချိန်မှစ၍ အပြင်းထန်ဆုံး ဖြစ်ခဲ့သည်။

ထိုနေ့မတိုင်မီ ဗိုလ်ချုပ်ကြီး အိုင်ဒစ်၏တပ်သားများက ချုံခိုတိုက်ခိုက်သဖြင့် ကုလသမဂ္ဂငြိမ်းချမ်းရေး တပ်ဖွဲ့မှ



ဆိုမာလီကလေးငယ်များအား နှုတ်ဆက်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး

10



**ကုလသမဂ္ဂ၏ အရေးယူဆောင်ရွက်မှုကို** ဆန့်ကျင်ပြောကြားနေသော ဆိုမာလီစစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်ကြီးအိုင်ဒစ်

ဆိုမားလီးယားနိုင်ငံတွင် ကုလသမဂ္ဂတပ်ဖွဲ့များက စတင်တာဝန်ယူသည်နှင့် အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းခဲ့သည်။



နိုင်ဂျီးရီးယားအမျိုးသား ခုနစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရခဲ့ရာ စက်တင်ဘာလ ၆ ရက်နေ့ အစောပိုင်းတွင် ကုလသမဂ္ဂရဟတ်ယာဉ်များက မိုလ်ချုပ်ကြီးအိုင်ဒစ်၏ အခိုင်အမာစခန်းများကို သည်းသည်းမည်းမည်း ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။ ထို့နောက် စက်တင်ဘာလ ၉ ရက်နေ့တွင် ဆိုမာလီတို့က အမေရိကန်နှင့်ပါကစ္စတန်တပ်သားများအား လက်နက်ကြီးများ စွဲကိုင်တိုက်ခိုက်ခဲ့ကြရာ အမေရိကန်နှင့် ပါကစ္စတန်တပ်သားများက ရဟတ်ယာဉ်များ၊ စစ်သည်တင်သံချပ်ကာကားများနှင့် တင့်ကားများ အသုံးပြု၍ ပြန်လှန်တိုက်ခိုက်ခဲ့ကြသည်။ စက်တင်ဘာလ ၂၅ ရက်နေ့တွင် မိုဂါဒစ်ရှုမြို့တွင် သေနတ်သမားများ၏ လက်ချက်ကြောင့် အမေရိကန် ရဟတ်ယာဉ်တစ်စင်းပျက်ကျပြီး အမေရိကန်စစ်သား သုံးဦး သေဆုံး ခဲ့သည်။

ထိုအချိန်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆိုမားလီးယားနိုင်ငံ၌ ကုလသမဂ္ဂက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းကို ၁၉၉၅ ခုနှစ်၊ မတ်လတွင် ရပ်ဆိုင်းမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်တစ်ရပ်ကို တညီတညွတ်တည်း ချမှတ်ပြဋ္ဌာန်းခဲ့သည်။ ဤသို့သတ်မှတ်သည့်ကာလအတွင်း ဆိုမားလီးယားနိုင်ငံ၏ တရားဥပဒေကို အားဖြည့်ပေးမည့် စနစ်တစ်ရပ် အမြန်ဆုံးထူထောင်ရန် လုပ်ပိုင်ခွင့်အပ်နှင်းကြောင်း ပြောကြားလိုက်သည်။ ယင်းဆုံးဖြတ်ချက်က ဆိုမားလီးယားနိုင်ငံ၌ လက်ရှိပြုလုပ်နေသော ဆောင်ရွက်ချက်များကို ကောင်စီကထောက်ခံကြောင်း ဖော်ပြပြီး ယင်းလုပ်ငန်းများအား ဆောင်ရွက်နေသော စစ်သားများအား တိုက်ခိုက်ခြင်းကို ပြစ်တင်ရှုတ်ချလိုက်သည်။ ထို့နောက် အမေရိကန်ပြည်ထောင်စု သမ္မတကလင်တန်က အမေရိကန်တပ်များကို ဆိုမားလီးယားမှ ၁၉၉၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင်ရုပ်သိမ်းရန် အချိန်ဇယားသတ်မှတ်ခဲ့ရာ ယင်းသတ်မှတ်ချက်ကို အမေရိကန်အထက်လွှတ်တော်က ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ထောက်ခံအတည်ပြု ခဲ့သည်။

### အီရတ်က လုံခြုံရေးကောင်စီဆုံးဖြတ်ချက်များ လိုက်နာဆောင်ရွက်ရေး ပြဿနာ

ဤအရေးကိစ္စနှင့် ပတ်သက်၍ လုံခြုံရေးကောင်စီသည် ၁၉၉၂-၉၃ ခုနှစ်အတွင်း အခက်အခဲများနှင့် များစွာကြုံတွေ့ခဲ့ရသည်။ ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် အီရတ်က ကုလသမဂ္ဂစစ်ဆေးရေးအဖွဲ့ တစ်ဖွဲ့အား ၎င်း၏ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအတွင်းသို့ ဝင်ခွင့်မပြုသည့် ပြဿနာဖြစ်ပေါ်လာခဲ့သည်။ ယင်းဝန်ကြီးဌာန၌ ဒုံးပျံလက်နက်များနှင့် စစ်လက်နက်ပစ္စည်းထောက်ပံ့သူများနှင့်ပတ်သက်သော စာရွက်စာတမ်းများ သိမ်းဆည်းထားရှိသည်ဟု စစ်ဆေးရေးအဖွဲ့က သင်္ကာမကင်းဖြစ်ခဲ့သည်။ ဝင်ခွင့်မရ၍ ယင်းအဖွဲ့ဝင်များက အဆိုပါ ဝန်ကြီးဌာန အဆောက်အအုံအား ၁၇ ရက်တိုင်တိုင် နေ့ရော ညပါ စောင့်ကြည့်ခဲ့ကြပြီး ဇူလိုင်လ ၂၂ ရက်နေ့တွင် အန္တရာယ်ရှိလာသဖြင့် ရှောင်ခွာခဲ့ကြသည်။ ဤတွင် လုံခြုံရေးကောင်စီက အီရတ်သည် ဆုံးဖြတ်ချက် ၆၈၇ အရ စစ်ဆေးရေးကော်မရှင်အား မည်သည့်နေရာကိုမဆို ရတ်တရက်ချက်ချင်း ဝင်ရောက်ရှာဖွေစစ်ဆေးခွင့်ပြုရမည့် တာဝန်ရှိကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ခွင့်မပြုလျှင် အီရတ်အနေဖြင့် ဆိုးဝါးပြင်းထန်သော အကျိုးတရားများ ခံစားရဖွယ်ရှိကြောင်း ကော်မရှင်ဥက္ကဋ္ဌက သတိပေးသည့် အခါတွင်မှ အီရတ်က ဇူလိုင်လ ၂၆ ရက်နေ့တွင် ဝင်ရောက်စစ်ဆေးရှာဖွေခွင့်ပေးခဲ့သည်။ သို့ဖြင့်ရှာဖွေခဲ့ကြသော်လည်း ထူးထူးခြားခြား ဘာမျှမတွေ့ခဲ့ရပေ။



**နိုင်ငံ ၂၀ ကျော်ပါဝင်သော ကုလသမဂ္ဂငြိမ်းချမ်းရေး တပ်ဖွဲ့များမှ ပါကစ္စတန်တပ်ဖွဲ့ ၎င်း၏အလံကို လွှင့်ထူစဉ်**

၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်မှ ၂၄ ရက်နေ့အထိ အီရတ်–ကူဝိတ် နယ်နိမိတ်သတ်မှတ်ရေးကော်မရှင်က နယူးယောက်မြို့တွင် ခြောက်ကြိမ်မြောက်အစည်းအဝေးကို ကျင်းပခဲ့ရာ ယင်းလုပ်ငန်းအား ကန့်ကွက်သောအားဖြင့် အီရတ်နိုင်ငံကပါဝင်တက်ရောက်ခြင်းမပြုခဲ့ပေ။ ဩဂုတ်လ ၂၆ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၇၇၃ (၁၉၉၂) ကို ထောက်ခံမဲ ၁၄ မဲ၊ ကန့်ကွက်မဲမရှိဖြင့်ချမှတ်ကာ နယ်နိမိတ်သတ်မှတ်ရေးကော်မရှင်အား ကမ်းလွန်နယ်နိမိတ်အပါအဝင် နှစ်နိုင်ငံ၏ အရှေ့ပိုင်းနယ်နိမိတ်သတ်မှတ်မှုကို ဖြစ်နိုင်သမျှ အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်ရန် တိုက်တွန်းနိုးဆော်လိုက်သည်။ ထို့အပြင် ယင်းနှစ်နိုင်ငံ နယ်နိမိတ်အား ဖောက်ဖျက်ကျူးကျော်ခြင်း မပြုရေးကို အာမခံကြောင်း အလေးအနက် ဖော်ပြခဲ့သည်။

၁၉၉၂ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် ပါရှားပင်လယ်ကွေ့စစ်ပွဲတွင် တပ်ပေါင်းစုံအဖွဲ့ဝင်များဖြစ်ခဲ့ကြသည့် အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် ပြင်သစ်တို့က အီရတ်နိုင်ငံအား ၄င်း၏တောင်ပိုင်း ၃၂ မျဉ်းပြိုင်အောက်ဘက်တွင် လေယာဉ်ပျံသန်းမှုများအားလုံးကို ၂၄ နာရီအတွင်းရပ်စဲရန် တောင်းဆိုလိုက်သည်။ ဤပိတ်ပင်မှုကို ပြုလုပ်ရသည်မှာ ယင်းဒေသရှိ ရှီးယိုက်မူစလင်အမြောက်အမြားတို့အား အီရတ်က လက်နက်များဖြင့် ဖိစီးနှိမ်နင်းနေခြင်းမှ ကာကွယ်တားမြစ်ရန်အတွက်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အထက်ပါဖြစ်ရပ်များအရ လုံခြုံရေးကောင်စီက ၁၉၉၂ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် တစ်ကြိမ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင်တစ်ကြိမ် အီရတ်နိုင်ငံအပေါ် ချမှတ်ထားသော ပိတ်ဆို့တားမြစ်မှုများကို ဆက်လက်ထားရှိရန်ဆုံးဖြတ် ခဲ့သည်။

၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် လုံခြုံရေးကောင်စီကဆုံးဖြတ်ချက်အမှတ် ၇၇၈ (၁၉၉၂)ကို ထောက်ခံမဲ ၁၄ မဲ၊ ကန့်ကွက်မဲမရှိ၊ ကြားနေ ၁ မဲ (တရုတ်နိုင်ငံ)ဖြင့် ချမှတ်ပြီးလျှင် အီရတ်နိုင်ငံပြင်ပတွင် ချိတ်ပိတ်ထားသော အီရတ်ပိုင် အဖိုးတန်ပစ္စည်းငွေကြေးများကို ရယူထိန်းချုပ်ရန်ဆုံးဖြတ်ခဲ့သည်။ ယင်းတို့မှာ ဒေါ်လာ သန်း ၅၀၀ နှင့် ဒေါ်လာ ၁ ဘီလီယံအကြားရှိမည်ဟု ခန့်မှန်းရသည်။ ယင်းငွေကြေးများမှာ အီရတ်က ကူဝိတ် နိုင်ငံအား ချင်းနင်းဝင်ရောက်တိုက်ခိုက်ရာ၌ ထိခိုက်နစ်နာ သူများအား လျော်ကြေးပေးရန်နှင့် အီရတ်နှင့်ပတ်သတ်၍ ကုလသမဂ္ဂ၏ ဆောင်ရွက်မှုများအတွက် ကုန်ကျစရိတ်များကိုကျခံရန်အတွက် ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ထို့အပြင် အီရတ်အနေဖြင့် သက်ဆိုင်ရာ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များအား လိုက်နာဆောင်ရွက်ရန် ဆက်လက်ပျက်ကွက်နေခြင်းကိုလည်း ပြစ်တင် ရှုတ်ချလိုက်သည်။

လုံခြုံရေးကောင်စီသည် ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ နှင့် ၂၄ ရက်နေ့များတွင် အီရတ်က လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၆၈၇ (၁၉၉၁) နှင့် နောက်ပိုင်းတွင် ချမှတ်သော ဆုံးဖြတ်ချက်များအား လိုက်နာဆောင်ရွက်ခဲ့ပုံများကို ပြန်လည်သုံးသပ်ပြီးလျှင် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် အီရတ်အနေဖြင့် အပြုသဘောဆောင်သော အရေးယူဆောင်ရွက်မှုအချို့ရှိခဲ့ကြသော်လည်း ပင်လယ်ကွေ့စစ်ပွဲနှင့် ဆိုင်သည့် ကောင်စီဆုံးဖြတ်ချက်များကို ခြွင်းချက်မရှိ အလုံးစုံလိုက်နာဆောင်ရွက်ခြင်းမရှိသေးကြောင်းထုတ်ပြန်ချက်တစ်ရပ်ဖြင့် ကြေညာပြောဆိုခဲ့သည်။ အီရတ်သည် ဆုံးဖြတ်ချက်များကို ရွေးချယ်ဆောင်ရွက်ခြင်းနှင့် တစ်စိတ်တစ်ဒေသဆောင်ရွက်ခြင်းများသာ ပြုလုပ်ခဲ့ကြောင်း ဖော်ပြလိုက်သည်။

အီရတ်က လိုက်နာဆောင်ရွက်ခြင်းမပြုသည့် အချက်များကိုထောက်ပြရာ၌ အီရတ်–ကူဝိတ်နယ်နိမိတ်သတ်မှတ်မှုတွင် ပါဝင်ဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ဖော်ပြခဲ့သည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ အီရတ်သည် ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလနှင့် ဒီဇင်ဘာလများတွင် ကျင်းပခဲ့သော နယ်နိမိတ်ကော်မရှင် အစည်းအဝေးများကို တက်ရောက်ခြင်း မပြုခဲ့ပေ။

၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၈၀၆ (၁၉၉၃) ကို ချမှတ်ပြီးလျှင် ကုလသမဂ္ဂ အီရတ်–ကူဝိတ်လေ့လာရေး မစ်ရှင်အဖွဲ့ (UNIKOM)အား လက်နက်မဲ့အဖွဲ့အစည်း အဖြစ်မှ အီရတ် – ကူဝိတ်နှစ်နိုင်ငံစပ်ကြားစစ်မဲ့ဇုန်အတွင်း အသေးစားချိုးဖောက်ကျူးလွန်မှုများကို တားမြစ်ကာကွယ်နိုင်မည့် လက်နက်ကိုင်တပ်ဖွဲ့အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းပေးခဲ့သည်။ ယင်းတပ်ဖွဲ့အင်အားကိုလည်း ၃၅၀ မှ ၃၆၀၀ ခန့်အထိသို့ တိုးမြှင့်ပေးရန် အခွင့်အာဏာပေးအပ်ခဲ့သည်။

ဆက်လက်၍ မတ်လ ၂၉ ရက်နေ့တွင် လုံခြုံရေးကောင်စီက အီရတ်နိုင်ငံအပေါ် ချမှတ်ထားသောဆို့ပိတ်တားဆီး အရေးယူမှုများကို ဆက်လက်ထားရှိရန် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။ အီရတ်နိုင်ငံသည် ၄င်း၏လက်နက်ထုတ်လုပ်မှုအစီအစဉ်များအား ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့အစည်းများက ရေရှည်စီမံချက်ဖြင့် စောင့်ကြပ်ကြည့်ရှုရေးကိစ္စကို ခွင့်ပြုခြင်းမရှိခဲ့ကြောင်း အမေရိကန်ပြည်ထောင်စုက သတင်းစာဆရာများအား ပြောကြားခဲ့သည်။ ယင်းဖြစ်ရပ်များ မတိုင်မီ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် အမေရိကန်နှင့် ဗြိတိသျှဗုံးကြဲလေယာဉ်များက အီရတ်

စစ်ဘက်ပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်အရာရှိတစ်ဦးက ဖော်ပြခဲ့သည်။ ယင်းသို့တိုက်ခိုက်ခြင်းမှာ အီရတ်က အပစ်အခတ်ရပ်စဲရေးဆိုင်ရာ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၆၈၇ (၃-၄-၉၁) ကို ဖောက်ဖျက် ကျူးလွန်ခြင်းကြောင့် ဖြစ်သည်။ ယင်းကိစ္စ မဖြစ်ပွားမီ ဇန်နဝါရီလ ၈ ရက်နေ့တွင် လုံခြုံရေးကောင်စီက အီရတ်အား အီရတ်နိုင်ငံတွင်း ကုလသမဂ္ဂလေယာဉ်ပျံသန်း မှုများကို မနှောင့်ယှက်ရန် တောင်းဆိုခဲ့သည်။

ဤအတောအတွင်း ကုလသမဂ္ဂလက်နက်စစ်ဆေးရေးအဖွဲ့များသည် အီရတ်နိုင်ငံသို့သွားရောက်၍ လုပ်ငန်းတာဝန်များဆောင်ရွက်ခဲ့ကြသည်။ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် အီရတ်၏ တိုက်ချင်းပစ်ဒုံးပျံလက်နက်များ ထုတ်လုပ်နိုင်မှုစွမ်းပကားစစ်ဆေးရေးအဖွဲ့နှင့် အီရတ်၏ နျူကလီးယားစွမ်းပကားစစ်ဆေးရေးအဖွဲ့များသည် အီရတ်နိုင်ငံသို့ သွားရောက်ခဲ့ကြသည်။ ထို့နောက် ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လများတွင် တိုက်ချင်းပစ်ဒုံးပျံလက်နက်များ ထုတ်လုပ်နိုင်မှုစွမ်းပကား စစ်ဆေးရေးအဖွဲ့၊ အီရတ်၏ နျူကလီးယားစွမ်းပကားစစ်ဆေးရေးအဖွဲ့နှင့် ဓာတုဗေဒလက်နက်များထုတ်လုပ်မှု စစ်ဆေးရေးအဖွဲ့များသည် အီရတ်နိုင်ငံသို့ သွားရောက်ခဲ့ကြသည်။ အီရတ်၏ တာနီးပစ် ဒုံးပျံ ထုတ်လုပ်မှု အစီအစဉ်ကို ရက်သတ္တ ခြောက်ပတ်ကြာ လေ့လာခဲ့သော ကုလသမဂ္ဂအဖွဲ့တစ်ဖွဲ့သည် မေလ ၁၇ ရက်နေ့တွင် အီရတ်နိုင်ငံမှ ပြန်လည်ထွက်ခွာလာ ခဲ့သည်။

ကုလသမဂ္ဂ၏ အီရတ်-ကူဝိတ်နယ်နိမိတ်သတ်မှတ်ရေးကော်မရှင်၏ ယင်းနယ်နိမိတ် တိုင်းတာသတ်မှတ်မှုလုပ်ငန်းတာဝန်မှာ ပြီးဆုံးသွားပြီဖြစ်၍ ကော်မရှင်က ယင်းလုပ်ငန်းဆိုင်ရာ အစီရင်ခံစာကို ၁၉၉၃ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ထံသို့ တင်ပြခဲ့သည်။ ယင်းနယ်နိမိတ် ကော်မရှင်၏ နောက်ဆုံးအစည်းအဝေးသို့ အီရတ်နိုင်ငံက တက်ရောက်ရန် ငြင်းပယ်ခဲ့သည်။ ထို့နောက်မကြာမီတွင် လုံခြုံရေးကောင်စီက အီရတ်နိုင်ငံသည်ပင်လယ်ကွေ့စစ်ပွဲဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသတ်မှတ်ချက်များကို ထိုအချိန်အထိ အပြည့်အဝ လေးစားလိုက်နာခြင်းမရှိသေး သည့်အတွက် အီရတ်အားစီးပွားရေးအရအရေးယူပိတ်ဆို့ခြင်းကို ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့လေသည်။

ထို့နောက် ကုလသမဂ္ဂက အီရတ်၏ ဒုံးပျံထုတ်လုပ်မှုအစီအစဉ်များအား ရေရှည်စောင့်ကြပ်ကြည့်ရှုရန် အဝေးထိန်းကင်မရာများ တပ်ဆင်ခွင့်ကို အီရတ်နိုင်ငံက ပေးရေးကို ကုလသမဂ္ဂက ဖိအားပေးဆောင်ရွက်ခဲ့ရသည်။ ယင်းခွင့်ပြုချက်ကိုမပေးလျှင် အီရတ်အဖို့ဆိုးဝါးသောအကျိုးဆက်များ ဖြစ်ပေါ်လာနိုင်ကြောင်း လုံခြုံရေးကောင်စီက သတိပေးထားခဲ့သည်။ ယင်းတပ်ဆင်ခွင့်ကို မည်သည့်အခါတွင်မှ ပေးမည်မဟုတ်ကြောင်း ဘဂ္ဂဒက်မြို့ထုတ် အီရတ်သတင်းစာများက ရေးသားဖော်ပြခဲ့ကြသည်။ ယင်းတပ်ဆင်ခွင့်မပေးသဖြင့် ကုလသမဂ္ဂလက်နက်စစ်ဆေးရေးအဖွဲ့ အား ပြန်လည်ခေါ်ယူထားကြောင်း ကုလသမဂ္ဂအရာရှိကြီး တစ်ဦးက ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် ပြောကြားခဲ့ပြီး ဇူလိုင် ၁၂ ရက်နေ့တွင် ကုလသမဂ္ဂက အီရတ်နှင့် တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်ကိုရွှေ့ဆိုင်းပစ်ခဲ့သည်။ သို့သော်လည်း ကုလသမဂ္ဂသံတမန် ရော့ဖ်အီကေးယာ့စ်သည် ဇူလိုင်လ ၁၈ ရက်နေ့တွင် အီရတ်ဒုတိယဝန်ကြီးချုပ်နှင့်တွေ့ဆုံပြီး ဘဂ္ဂဒက်မြို့တော် တောင်ဘက် ၄၅ မိုင်အကွာရှိ ဒုံးပျံစမ်းသပ်ရေးဒေသနှစ်ခု၌ ကုလသမဂ္ဂ၏ ထောက်လှမ်းရေးကင်မရာများ တပ်ဆင်ရေးကို ပြန်လည်စတင်ဆွေးနွေးခဲ့သည်။ ဤသို့ဆွေးနွေးပြီးနောက် အီရတ်နိုင်ငံက ၎င်း၏လက်နက် အစီအစဉ်များအား ကုလသမဂ္ဂက ရေရှည်စောင့်ကြပ်ကြည့်ရှုရေးကိစ္စကို လက်ခံကြောင်း ဇူလိုင်လ ၂၂ ရက်နေ့တွင် ထုတ်ပြန်ကြေညာပြီး ဖော်ပြပါဒုံးပျံစခန်းနှစ်နေရာ၌ ကင်မရာများ တပ်ဆင်ရေးကို သဘောတူခဲ့သည်။

## ဆိုက်ပရပ် ပြဿနာဖြေရှင်းရေး

နှစ်ခြမ်းကွဲဆိုက်ပရပ်နိုင်ငံပြဿနာကို ဖယ်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် ဖြေရှင်းရန် ၁၉၉၁ ခုနှစ်ကပင် သဘောတူညီချက်ရရှိထားပြီးဖြစ်ရာ ၁၉၉၂ ခုနှစ်၊ ဧပြီတွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၇၅၀ (၁၉၉၂) ကို တညီတညွတ်တည်းချမှတ်ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက ပြုစုတင်ပြခဲ့သည့် အကြံပြုချက်များကို လက်ခံကြရန် ဆိုက်ပရပ်ကျွန်းနိုင်ငံရှိ တူရကီနှင့် ဂရိဆိုက်ပရပ်မျိုးနွယ်စုနှစ်ခုအား တိုက်တွန်းပြောကြားခဲ့သည်။ ယင်းအကြံပြုချက်၊ သို့မဟုတ် အခြေခံမူများ၏ အဓိကအချက်မှာ ဆိုက်ပရပ်နိုင်ငံအား နိုင်ငံရေးအရ တန်းတူညီမျှသော မျိုးနွယ်စု နှစ်စု ပါဝင်၍ ဖယ်ဒရယ်နိုင်ငံတစ်နိုင်ငံအဖြစ်တည်ထောင်၍ ယင်းနိုင်ငံအနေဖြင့် အခြားမည်သည့်နိုင်ငံနှင့်မှ ပေါင်းစည်းခြင်း မပြုရန်ဖြစ်သည်။

ထို့နောက် အတွင်းရေးမှူးချုပ်သည် ၁၉၉၂ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့နှင့် ဩဂုတ်လ ၁၄ ရက်နေ့များအတွင်း ဆိုက်ပရပ်နိုင်ငံရှိ မျိုးနွယ်စု နှစ်စု၏ ခေါင်းဆောင်များနှင့် ကုလသမဂ္ဂဌာနချုပ်တွင် တွေ့ဆုံခဲ့သည်။ ယင်းသို့တွေ့ဆုံရာတွင် ပြဿနာဖြေရှင်းရေးအခြေခံမူများနှင့် ပိုင်နက်နယ်မြေအသီးသီးကို အကြံပြုဖော်ပြသောမြေပုံတစ်ခုကို တင်ပြခဲ့သည်။ ဤတွင်တစ်ကြိမ်ထပ်မံ၍ လုံခြုံရေးကောင်စီ

က ဆုံးဖြတ်ချက် အမှတ် ၇၇၄ (၁၉၉၂) ကို တညီတညွတ်တည်းချမှတ်ပြီး ပြဿနာဖြေရှင်းရေးအတွက် အခြေခံမှုများကို ထပ်လောင်းအတည်ပြုခဲ့ပြန်သည်။

နှစ်မျိုးနွယ်စု ခေါင်းဆောင်များသည် ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်မှ နိုဝင်ဘာလ ၁၁ ရက်နေ့အထိ နယူးယောက်မြို့၌ ပူးတွဲအစည်းအဝေးများကျင်းပကာ ပြဿနာဖြေရှင်းရေးအတွက် ဆွေးနွေးခဲ့ကြသော်လည်း ပြီးပြတ်အောင်မြင်မှု မရရှိခဲ့ကြရာ လုံခြုံရေးကောင်စီက နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၇၈၉ (၁၉၉၂) ကို ချမှတ်ကာ ဤပြဿနာနှင့် ပတ်သက်၍ မတိုးမဆုတ်ဖြစ်နေခြင်းမှာ လက်ခံနိုင်ဖွယ်မရှိ၍ ရရှိပြီးသောအခြေခံမှုများနှင့်အညီ သဘောတူညီချက်တစ်ရပ်ကို မဆိုင်းမတွရရှိသင့်ပြီဖြစ်ကြောင်းဖော်ပြခဲ့သည်။ ထို့အပြင် တစ်ဘက်နှင့်တစ်ဘက် ပိုမိုယုံကြည်စိတ်ချမှုရှိစေမည့် ဆောင်ရွက်မှုများကိုလည်း ပြုလုပ်ကြရန် တိုက်တွန်းပြောကြားလိုက် သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီသည် နယူးယောက်မြို့၌ ဆိုက်ပရပ်မျိုးနွယ်စုနှစ်စု၏ခေါင်းဆောင်များနှင့် ၁၉၉၃ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ကပေါင်းတစည်းတည်း တွေ့ဆုံခဲ့သည်။ သို့သော် ယင်းခေါင်းဆောင်များက ၎င်းတို့၏ ပူးတွဲအစည်းအဝေးများကို မေလသို့ ရွှေ့ဆိုင်းခဲ့ကြသည်။ ဤအစီအစဉ်အရ နှစ်ဦးနှစ်ဘက်တို့၏ ဆွေးနွေးပွဲများကို ကုလသမဂ္ဂကြီးကြပ်မှုဖြင့် မေလ ၂၄ ရက်မှ ဇွန်လ ၂ ရက်နေ့အထိ ကျင်းပပြီးနောက် ဇွန်လ ၁၄ ရက်နေ့သို့ ရွှေ့ဆိုင်းခဲ့ကြသည်။ သို့သော်လည်း ထိုနေ့တွင် အ စည်း အဝေး မ ကျင်း ပ ဖြစ် ဘဲ ထပ် မံ ၍ ရွှေ့ ဆိုင်း လိုက်ကြသည်။

### လစ်ဗျားနိုင်ငံအား အရေးယူခြင်းကိစ္စ

အမေရိကန် ပင်အမ်လေယာဉ်ကြီးနှင့် ပြင်သစ်ယူတီအေလေယာဉ်ကြီး နှစ်စီးအား ကောင်းကင်ယံ၌ ဖောက်ခွဲမှုဖြင့် သင်္ကာမကင်းဖြစ်ခြင်းခံရသူ လစ်ဗျားနိုင်ငံသားနှစ်ဦးအား စစ်ဆေးရေးအတွက် လွှဲပြောင်းပေးရန် အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့၏ တောင်းဆိုချက်ကို လစ်ဗျားနိုင်ငံကမလိုက်လျောသဖြင့် လစ်ဗျားနိုင်ငံအား ၁၉၉၂ ခုနှစ်၊ ဧပြီလတွင် လေကြောင်းနှင့်လက်နက်ပိတ်ဆို့မှုများပြုလုပ်ခဲ့ခြင်းကို ဆက်လက်ထားရှိရန် လုံခြုံရေးကောင်စီကဩဂုတ်လ ၁၂ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။

ထို့ နောက် ကု လ သ မ ဂ္ဂ က လစ် ဗျား နိုင် ငံ အား ပေးထားသော ပြစ်ဒဏ်များကို ကုလသမဂ္ဂမှ ၁၉၉၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ပြန်လည်သုံးသပ်မည်ဟုသော သတင်းများ ထွက်ပေါ်လာခဲ့ရာ လစ်ဗျားခေါင်းဆောင်ကဒါဖီက ကုလသမဂ္ဂ၏ တင်းကျပ်စွာ ပိတ်ဆို့အရေးယူမှုများသည် အထက်ဖော်ပြပါ လစ်ဗျားနိုင်ငံသားနှစ်ဦးအား အတင်းအကျပ် လွှဲပြောင်းပေးစေနိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်ဟု လစ်ဗျားသတင်းဌာန "ဂျာနာ"က ဇူလိုင်လ ၁၂ ရက်နေ့တွင် ဖော်ပြခဲ့သည်။ သို့သော်လည်း ကဒါဖီက ဤကိစ္စဖြေရှင်းရေးအတွက် အကြံပြုပြောဆိုချက်များ ပြုလုပ်ခဲ့သည်။ ကဒါဖီက လစ်ဗျားနှင့် အနောက်အုပ်စုနိုင်ငံများ သံတမန်ဆက်သွယ်မှုပြုလုပ်ကြရန် အဆိုပြုခဲ့သည်။ ဤသို့ ပြုလုပ်ကြလျှင် မသင်္ကာဖွယ်နှစ်ဦးအား ၎င်းတို့ သဘောအတိုင်း စစ်ဆေးခြင်းခံစေရန် ဖျောင်းဖျနိုင်ဖွယ်ရှိသည်ဟု ဆိုသည်။ ထို့နောက် ဤအရေးကို အမေရိကန်နှင့် လစ်ဗျားနိုင်ငံတို့ ဆွေးနွေးကြရန် အကြံပြုခဲ့ပြန်သည်။ ထို့နောက် တစ်ဖန် သင်္ကာမကင်းဖြစ်ခြင်းခံရသူနှစ်ဦးအား စကော့တလန်ပြည်၌ စစ်ဆေးခြင်းခံရေးအတွက် လစ်ဗျားနိုင်ငံ၊ ထရီပိုလီမြို့သို့ စကော့တလန်အရာရှိများ လာရောက်ပြီး ဖျောင်းဖျပြောဆိုကြရန် လစ်ဗျားနိုင်ငံက ကမ်းလှမ်းခဲ့သည်။ ဤကမ်းလှမ်းချက်ကို လုံခြုံရေးကောင်စီ၏ သံတမန်တစ်ဦးက အောက်တိုဘာလ ၄ ရက် နေ့တွင် ပယ်ချခဲ့သည်။

### အရှေ့အလယ်ပိုင်း အာရပ် – အစ္စရေးပြဿနာ

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်၌ အရှေ့အလယ်ပိုင်းပြဿနာဖြေရှင်းရေးအတွက် အစ္စရေးနှင့် အာရပ်နိုင်ငံများ တွေ့ဆုံဆွေးနွေးနေကြသည့် အချိန်ကာလဖြစ်သည့် ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် အ စ္စ ရေး က ၎င်း သိမ်း ပိုက် ထား သော နယ် မြေ များ မှ ပါလက်စတိုင်းအမျိုးသား ၄၀၀ ခန့်ကို လက်ဘနွန်နိုင်ငံသို့ နယ်နှင်ထုတ်ခဲ့သည်။ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၇၉၉ (၁၉၉၂) ကို ချမှတ်ပြီးလျှင် အစ္စရေး၏အပြုအမူကိုပြင်းထန်စွာ ရှုတ်ချလိုက်သည်။ ၁၉၄၉ ခုနှစ်၊ စတုတ္ထဂျိနီဗာစာချုပ်နှင့် ဆန့်ကျင်၍ နယ်နှင်ခြင်းခံရသူအားလုံးကို အန္တရာယ်ကင်း ဘေးရှင်းစွာဖြင့် ချက်ချင်းပြန်လာခွင့်ပြုရန် တောင်းဆိုလိုက်သည်။ ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ကိုယ်စားလှယ် နိုင်ငံရေးရာ လက်ထောက်အတွင်းရေးမှူးချုပ် ဂျိမ်းစ်ဂျိုးနားသည် ယင်းဒေသသို့သွားရောက်ခဲ့သည်။ သို့သော်လည်း ပြဿနာမှာ ဆက်လက်ဖြစ်ပွားနေခဲ့သည်။

ဤသို့မဖြစ်ပွားမီ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် (၄၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက အရှေ့အလယ်ပိုင်းပြဿနာနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်အမှတ် ၄၇/၆၄ (ဂ) ကို ချမှတ်ပြီးလျှင် ကုလသမဂ္ဂ၏ ကမကထပြုမှုဖြင့် အရှေ့အလယ်ပိုင်းဆိုင်ရာ နိုင်ငံပေါင်းစုံ

မျက်နှာစုံညီ အစည်းအဝေးတစ်ရပ်ကို ကျင်းပလျှင် ယင်းဒေသတွင် ငြိမ်းချမ်းရေးအတွက် အကျိုးဖြစ်ထွန်းမည် ဖြစ်ကြောင်း ကြေညာခဲ့သည်။ ညီလာခံကြီးက ပြဿနာဖြေရှင်းရေးအတွက် အခြေခံမူငါးချက်ကို ပြန်လည် အတည်ပြုခဲ့သည်။ အစ္စရေးက သိမ်းပိုက်ထားသော နယ်မြေများမှ ရုပ်သိမ်းပေးရန်၊ နိုင်ငံအားလုံးအတွက်လုံခြုံရေး အစီအစဉ်များရှိစေရန်၊ ပါလက်စတိုင်းဒုက္ခသည်များ ပြဿနာကိုဖြေရှင်းရန်၊ သိမ်းပိုက်ထားသောနယ်မြေများတွင် အစ္စရေးများ နေထိုင်ရန်၊ နေရာချပေးထားသော ရပ်ကွက် များကို ဖျက်သိမ်းရန်နှင့် ဘာသာရေးအရ အရေးကြီးသော နေရာများသို့ လွတ်လပ်စွာသွားရောက်နိုင်ခွင့်ကို အာမခံရန် စသည်တို့ဖြစ်သည်။

ထို့နောက် ဆက်လက်၍ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ပါလက်စတိုင်းအမျိုးသားများ၏ မွေးရာပါ ပိုင်ခွင့်များရရှိကျင့်သုံးရေးကော်မတီက ပါလက်စတိုင်း အမျိုးသား ၄၀၀ ကျော်အား နှင်ထုတ်ခဲ့ခြင်းကိုလည်းကောင်း၊ အစ္စရေးက လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၇၉၉ (၁၉၉၂) ကို လိုက်နာဆောင်ရွက်ရန် တင်းမာစွာ ငြင်းဆန်နေခြင်းကိုလည်းကောင်း ပြင်းထန်စွာ ရှုတ်ချလိုက်သည်။ ဤအတောအတွင်း အစ္စရေးဝန်ကြီးချုပ် ယစ်ဇတ်ရာဘင်က ၎င်း၏ အစိုးရအနေဖြင့် ပါလက်စတိုင်း အမျိုးသား ၄၁၅ ဦး အား "အခိုက်အတန့်အားဖြင့် နှင်ထုတ်ရန်" ဆုံးဖြတ်ခဲ့ခြင်းကို မဖျက်သိမ်းနိုင်ကြောင်း၊ ဤသို့ဆုံးဖြတ် လုပ်ဆောင်ခဲ့ရခြင်းမှာ "အကြမ်းဖက်မှုများ အများအပြားရှိခဲ့ခြင်းကြောင့်" ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ အထက်ဖော်ပြပါကော်မတီဥက္ကဋ္ဌကလည်း ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလအလယ်ပိုင်းမှစ၍ သိမ်းပိုက်ထားသောနယ်မြေများတွင် အစ္စရေးစစ်သားများနှင့် ပါလက်စတိုင်းအမျိုးသားများအကြား "ခိုက်ရန်ဖြစ်ပွားမှုများ" တိုးပွားလာခဲ့ရာ၊ လမ်းပေါ်အဓိကရုဏ်းများကြောင့် ပါလက်စတိုင်း ၅၀ ခန့်ပစ်ခတ်ခံရပြီး သေဆုံးခဲ့ကြောင်းထုတ်ဖော်ပြောကြားခဲ့သည်။

၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် လက်ဘနွန်နိုင်ငံက ၎င်း၏နိုင်ငံအတွင်းရှိ ပစ်မှတ်များကို အစ္စရေးတို့က တိုက်ခိုက်ခြင်းနှင့် ပတ်သက်၍ လုံခြုံရေးကောင်စီအား အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပပေးရန် တောင်းဆိုလိုက်သည်။ အစ္စရေး-လက်ဘနွန်နယ်စပ်တွင် အာရပ်ပြောက်ကျားများက အစ္စရေးနိုင်ငံမြောက်ပိုင်းကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အစ္စရေး နှစ်ဦးသေဆုံးပြီး ၂၃ ဦး ဒဏ်ရာရရှိခဲ့သည်။ ဤတွင် အစ္စရေးတပ်များက လက်ဘနွန်ရှိပြောက်ကျားအခြေစိုက်စခန်းများကို အစ္စရေးလေတပ်၊ ရေတပ်အကူအညီဖြင့်ပြန်လည်တိုက်ခိုက်ခဲ့သည်။ အစ္စရေးလေယဉ်များနှင့် အမြောက်ကြီးများက လက်ဘနွန်တောင်ပိုင်းရှိ ပြောက်ကျားပစ်မှတ်များကို တိုက်ခိုက်နေချိန်တွင် အစ္စရေးလက်နက်တင်သင်္ဘောများက လက်ဘနွန်မြောက်ပိုင်း ထရီပိုလီမြို့အနီးရှိ ပါလက်စတိုင်း အခြေစိုက်စခန်းတစ်ခုကို ဇူလိုင်လ ၂၅ ရက် နေ့တွင် ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

အထက်ပါကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူထရိုစ်ဂါလီက အစ္စရေးတို့က လက်ဘနွန်အား တိုက်ခိုက် ခြင်းနှင့် အစ္စရေးမြောက်ပိုင်းကို ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ရပ်နှစ်ခုစလုံးအတွက် ဝမ်းနည်းကြောင်း ကြေညာချက်တစ်ရပ်တွင် ဖော်ပြခဲ့သည်။ အစ္စရေး၏တိုက်ခိုက်မှုများနှင့်ပတ်သက်၍ အစည်းအဝေးခေါ်ယူကျင်းပရန် လက်ဘနွန်၏ တောင်းဆိုချက်ကို လုံခြုံရေးကောင်စီက ဇူလိုင်လ ၂၆ ရက်နေ့တွင် တံခါးပိတ်ဆွေးနွေးပြီးနောက် ပယ်ချလိုက်သည်။ အစ္စရေးတို့က လက်ဘနွန်တောင်ပိုင်းရှိ ပစ်မှတ်များကို တိုက်လေယာဉ်များနှင့် အမြောက်ကြီးများ အသုံးပြုကာ ဆဋ္ဌမမြောက်နေ့အဖြစ် ဇူလိုင်လ ၃၀ ရက်နေ့တွင်ဆက်လက်တိုက်ခိုက်ပြီးနောက်ထိုနေ့တွင် အစ္စရေးအစိုးရက လက်ဘနွန်အား ထိုးစစ်ဆင်နေမှုကို ရပ်ဆိုင်းရန် ၎င်း၏တပ်ဖွဲ့များအား အမိန့်ပေးလိုက်ပြီး ဖြစ်ကြောင်း ကြေညာခဲ့သည်။

ပါလက်စတိုင်းအမျိုးသား ၄၀၀ ကျော်အား လက်ဘနွန်နိုင်ငံသို့ နှင်ထုတ်ခဲ့သည့်ပြဿနာသည် လိပ်ခဲတည်းလည်းဖြစ်နေစဉ် ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့ ကုန်ဆုံးသော ရက်သတ္တပတ်အတွင်း ဝါရှင်တန်မြို့၌ ကျင်းပခဲ့သော အစ္စရေး၊ လက်ဘနွန်၊ ဂျော်ဒန်၊ ဆီးရီးယားနှင့် ပါလက်စတိုင်းတို့၏ စေ့စပ်ဆွေးနွေးပွဲမှာ ပြီးပြတ်ခြင်းမရှိဘဲ ပြီးဆုံးသွားခဲ့သည်။

ဤအစည်းအဝေးနှင့်ပတ်သက်၍ အစ္စရေးနှင့်အီဂျစ်နိုင်ငံခြားရေးဝန်ကြီးများက အမေရိကန်ပြည်ထောင်စုမှ တင်ပြ ခဲ့သည့်အဆိုပြုချက်များသည် စေ့စပ်ဆွေးနွေးမှု၏ အခြေခံဖြစ် နိုင်ကြောင်း သဘောတူညီခဲ့ကြသည်။ သို့သော်လည်း ၎င်းအဆိုပြုချက်များအား ပြုပြင်ရန်လိုသည်ဟု သဘောရကြသည်။

၁၉၉၃ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် အစ္စရေးတို့ သိမ်းပိုက်ထားသော နယ်မြေအတွင်း ပါလက်စတိုင်းကိုယ်ပိုင်အုပ်ချုပ်ရေးထူထောင်ရန် လုပ်ငန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အစ္စရေးနှင့်ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်လ်အို) တို့ အပြန်အလှန်အသိအမှတ်ပြုကြရေးကို စဉ်းစားလျက်ရှိကြောင်း အစ္စရေးအသံလွှင့်ဌာနက ကြေညာခဲ့သည်။ ကိုယ်ပိုင်အုပ်ချုပ်ရေး အစီအစဉ် စတင်မည့်နေရာ

ဒေသမှာ ဂါဇာကမ်းမြောင်ဒေသနှင့် အနောက်ဘက်ကမ်းရှိ ဂျေရိကိုမြို့တို့ဖြစ်ကြောင်း အသံလွှင့်ဌာနက ဖော်ပြခဲ့သည်။

ထို့နောက် အစ္စရေးနှင့် ပါလက်စတိုင်းလွတ်မြောက်ရေး အဖွဲ့တို့ လျှို့ဝှက်ဆွေးနွေးကာ ပြုစုရေးဆွဲခဲ့သော ပါလက်စတိုင်းတို့အား ကိုယ်ပိုင်အုပ်ချုပ်ခွင့် တစ်စိတ်တစ်ဒေသပေးရေး သဘောတူညီချက်အတွက် ကျယ်ပြန့်သော အချက်အလက်များကို အစ္စရေး အစိုးရအဖွဲ့က ဩဂုတ်လ ၃၀ ရက်နေ့တွင် သဘောတူညီခဲ့သည်။ ယင်းသဘောတူညီချက်ကို ပီအယ်လ်အိုအဖွဲ့က စက်တင်ဘာလ ၄ ရက်နေ့တွင်မဲခွဲ၍ ဖာတာဖဟိုကော်မတီက အတိုက်အခံပြုသူအချို့ကို ကျော်လွှန်ကာ အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း ပီအယ်လ်အိုခေါင်းဆောင် အာရာဖတ်က ပြောကြားခဲ့သည်။

အစ္စရေးနှင့် ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ (ပီအယ်လ်အို) တို့ အပြန်အလှန်အသိအမှတ်ပြုရေးကို အစ္စရေး အစိုးရအဖွဲ့က စက်တင်ဘာလ ၁၂ ရက်နေ့တွင် တညီတညွတ်တည်းအတည်ပြုကြောင်း အစ္စရေးတပ်မတော် အသံလွှင့်ဌာနက ကြေညာခဲ့ပြီးနောက် နောက်တစ်နေ့ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ပါလက်စတိုင်းကိုယ်ပိုင်အုပ်ချုပ်ရေးစာချုပ်ကို အစ္စရေးနှင့် ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ (ပီအယ်လ်အို) တို့က ဝါရှင်တန်မြို့ရှိ အမေရိကန်သမ္မတ အိမ်ဖြူတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသို့ နှစ်ဦးနှစ်ဘက် လက်မှတ်ရေးထိုးချုပ် ဆိုသော သဘောတူစာချုပ်ကို အစ္စရေးပါလီမန်က စက်တင်ဘာလ ၂၃ ရက်နေ့တွင် ထောက်ခံမဲ ၆၁ မဲ၊ ကန့်ကွက်မဲ ၅၀ ဖြင့် အတည်ပြုခဲ့သည်။ ဤတွင်သိမ်းပိုက်ထားသော နယ်မြေများ၌ ပါလက်စတိုင်းကိုယ်ပိုင်အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်သွားမည် ဖြစ်သည့်အပြင် အစ္စရေး၏ အိမ်နီးချင်းအာရပ်နိုင်ငံများနှင့် ငြိမ်းချမ်းရေးရရှိရန် ဆက်လက်ကြိုးပမ်း အားထုတ်သွားမည် ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ရာဘင်က ပြောကြားခဲ့သည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့က စက်တင်ဘာလ ၁၃ ရက်နေ့တွင် ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေးစာချုပ်ကို ဝါရှင်တန်မြို့ အမေရိကန်သမ္မတအိမ်ဖြူ၌ လက်မှတ်ရေးထိုးခဲ့ကြပြီး နောက်တစ်နေ့ စက်တင်ဘာလ ၁၄ ရက်နေ့တွင် အစ္စရေးနှင့် ဂျော်ဒန်နိုင်ငံတို့ စပ်ကြား သဘောကွဲလွဲမှုများကိုဖြေရှင်းရေးအတွက် အခြေခံတစ်ရပ် ချမှတ်သည့် သဘောတူညီချက်တစ်ရပ်ကို ယင်းနှစ်နိုင်ငံတို့က ဝါရှင်တန်မြို့ရှိ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

**တောင်အာဖရိက၏အသွင်ကူပြောင်းရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေ**

တောင်အာဖရိကနိုင်ငံတွင် အစိုးရနှင့်နိုင်ငံရေးအုပ်စုများအကြား အမျိုးသားငြိမ်းချမ်းရေး သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ကြစေကာမူ အကြမ်းဖက်မှုများမှာ စဉ်ဆက်မပြတ်ဖြစ်ပေါ်လျက်ရှိခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့တွင် ဘွိုင်ပါတောင်မြို့နယ်တွင် ဆန္ဒပြသူပေါင်း ၄၀ ခန့် သေဆုံးရသော လူသတ်ပွဲကြီးတစ်ခု ဖြစ်ပွားခဲ့သည်။ လုံခြုံရေးကောင်စီက ဇူလိုင်လ ၁၆ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၇၆၅ (၁၉၉၂) ကို ချမှတ်ကာ တောင်အာဖရိကနိုင်ငံတွင် တိုးတက်သည်ထက် တိုးတက်လာသော အကြမ်းဖက်မှုများကို ရှုတ်ချပြီးလျှင် အကြမ်းဖက်မှုများ ရပ်စဲရေးအတွက် ဆောင်ရွက်သင့်ပုံများကို ထောက်ခံတင်ပြရန် အထူးကိုယ်စားလှယ်တစ်ဦး ခန့်ထားရန် တောင်းခံလိုက်သည်။

ထို့နောက် ဩဂုတ်လ ၇ ရက်နေ့တွင် အတွင်းရေးမှူးချုပ် ဘူထရိုစ်ဂါလီက တောင်အာဖရိကတွင် လူမျိုးအသားအရောင်ခွဲခြားမှုဝါဒကြောင့် ဖြစ်ပွားလာရသော "အထူးစိတ်တတ် ပျက်ပြားကျဆင်းမှု" များကို ကုစားရန်အတွက် ဒီမိုကရေစီစနစ်ကျ၍ လူမျိုးခွဲခြားမှုမရှိသည့် ညီညွတ်သော တောင်အာဖရိကနိုင်ငံကို ဆောလျင်စွာ တည်ထောင်ဖန်တီးသင့်ကြောင်း အကြံပြု တင်ပြခဲ့သည်။ ဩဂုတ်လ ၁၇ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် အမှတ် ၇၇၂ (၁၉၉၂) ကို ချမှတ်ပြီးလျှင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အား ၁၉၉၁ ခုနှစ်၊ ငြိမ်းချမ်းရေး သဘောတူညီချက်အရ တည်ထောင်သော အဖွဲ့အစည်းများအား ခိုင်မာအောင်ပြုလုပ်ပေးရန် မေတ္တာရပ်ခံ၍ တောင်အာဖရိကနိုင်ငံ၏ အကြမ်းဖက်မှုဝဲဩဂကို ရပ်စဲစေရန်အလို့ငှာ ကုလသမဂ္ဂ လေ့လာရေးအဖွဲ့ဝင်များအား အသုံးပြုဆောင်ရွက်ရန် အခွင့်အာဏာပေးအပ်ခဲ့သည်။

တောင်အာဖရိကနိုင်ငံရှိ လူမဲများနေထိုင်ရာမြို့နယ်များ၌ လွန်ခဲ့သည့်ခြောက်နှစ်အတွင်း အကြမ်းဖက်မှုများကြောင့် အနည်းဆုံးလူပေါင်း ၁၁၀၀၀ သေဆုံးခဲ့ပြီးဖြစ်ရာ အာဏာရအမျိုးသားပါတီအစိုးရက အကြမ်းဖက်မှုများ ထိန်းချုပ်ရေးအတွက် ၁၉၉၁ ခုနှစ်၊ မေလတွင် အေအင်စီပါတီနှင့် ပြုလုပ်ခဲ့သောသဘောတူညီချက်ကို ဖော်ဆောင်ခြင်းမပြုသဖြင့် ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်ခဲ့ကြသော ဒီမိုကရက်တစ် တောင်အာဖရိကအတွက် ဆွေးနွေးပွဲ (CODESA)မှ နုတ်ထွက်ခဲ့ရကြောင်း အေအင်စီ ဥက္ကဋ္ဌနယ်လ်ဆင်မင်ဒဲလားက လုံခြုံရေးကောင်စီအား ဇူလိုင်လ ၁၆ ရက်နေ့တွင် ပြောကြားခဲ့သည်။ ထို့နောက်

စက်တင်ဘာလ ၂၆ ရက်နေ့တွင် မစ္စတာမင်ဒဲလားနှင့် မစ္စတာ ဒီကလပ်တို့တွေ့ဆုံဆွေးနွေးကြရာ၌တောင်အာဖရိက တွင် ဒီမိုကရေစီစနစ်ဖော်ဆောင်ရေး ကြိုးပမ်းမှုများကို ဆက်လက်ပြုလုပ်ကြရန်နှင့် အစိုးရဘက်မှ နိုင်ငံရေးအကျဉ်းသမားများ လွှတ်ပေးရန်သဘောတူညီချက် ရရှိခဲ့ကြသည်။ ယင်း ဆွေးနွေးပွဲကျင်းပပြီးနောက်မကြာမီတွင် အင်ကာသာ လွတ်မြောက်ရေးပါတီ (အိုင်အက်ဖ်ပီ ) အကြီးအကဲ ဘူသေလီဇီက ကြားဖြတ်အစိုးရဖွဲ့စည်းခြင်းကို ဆန့်ကျင်မည်ဖြစ်ကြောင်း ကြွေးကြော်ပြီး သမ္မတ ဒီကလပ်က မစ္စတာ မင်ဒဲလားနှင့် "ပူးပေါင်းကြံစည်" သည်ဟု စွပ်စွဲခဲ့သည်။

၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် ၄၇ /၁၁၆ (က) ကို ချမှတ်ကာ တောင်အာဖရိကတွင် ကုလသမဂ္ဂ လေ့လာရေးအဖွဲ့ (UNOMSA) ဝင်များအား ဖြန့်ချခြင်းကို ချီးကျူးပြောကြားပြီး တောင်အာဖရိကအစိုးရအား အကြမ်းဖက်မှုများ အဆုံးသတ်အောင် ဆောင်ရွက်ရန် တိုက်တွန်းသည့်အပြင် တောင်အာဖရိကပြည်သူများအားလည်း ဒီမိုကရေစီနည်းကျ၍ လူမျိုးခွဲခြားရေးမရှိသော ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်ရေး အခြေခံမှုများနှင့် အညီ အသွင်ကူးပြောင်းရေး အစီအစဉ်များအတွက် ကျယ်ပြန့်သောအခြေခံဖြင့် စေ့စပ်ဆွေးနွေးမှုများ ပြန်လည် ဆက်လက်ပြုလုပ်ကြရန် တိုက်တွန်းပြောကြားလိုက်သည်။ ထို့နောက် ထိုလအတွင်းမှာပင် တောင်အာဖရိက သမ္မတ ဒီကလပ်က တောင်အာဖရိကနိုင်ငံ၌ ၁၉၉၄ ခုနှစ်၊ ပထမနှစ်ဝက်ထက်နောက်မကျစေဘဲ ကိုယ်စားလှယ် အပြည့်အစုံပါဝင်သော အမျိုးသားညီညွတ်ရေးအစိုးရ အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းဖြစ်ပေါ်ရန် မြော်မှန်းချက်ပါရှိသည့် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် အချိန်ဇယားတစ်ခုကို ထုတ်ပြန်ကြေညာခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက တောင်အာဖရိကရှိ နိုင်ငံရေးပါတီများအား ဆွေးနွေးညှိနှိုင်းရေးအတွက် "အခွင့်အလမ်းသစ်များကို ပြုစုပျိုးထောင်ကြရန်" နှင့် ရှေ့တွင်ဖြစ်ပေါ်လာမည့် ခက်ခဲသောအသွင်ကူးပြောင်းရေးနှင့်ပတ်သက်၍ မူနှင့် လုပ်နည်းလုပ်ဟန်များအတွက်သဘောတူညီကြရန် တိုက်တွန်းပြောဆိုခဲ့ပြီးနောက် ၁၉၉၃ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် တောင်အာဖရိကရှိ နိုင်ငံပေါင်းစုံလေ့လာရေးအဖွဲ့များက တောင်အာဖရိကတွင် အကြမ်းဖက်မှုများ တိုးတက်ပြင်းထန်လာခြင်းကို "လွန်စွာစိုးရိမ်မကင်းဖြစ်ရကြောင်း" ထုတ်ဖော်ပြောကြားကြပြီး နယ်လ်ဆင်မင်ဒဲလားနှင့် ဘူသေလီဇီတို့ တွေ့ဆုံဆွေးနွေးကြရန် တောင်းဆိုခဲ့ကြသည်။

၁၉၉၃ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် တောင်အာဖရိက အစိုးရအဖွဲ့၊ အေအင်စီအဖွဲ့နှင့် အင်ကာသာအဖွဲ့တို့ အပါအဝင် အဓိကနိုင်ငံရေးအုပ်စုများက လူမျိုးအားလုံးပါဝင်၍ တောင်အာဖရိကနိုင်ငံ၏ ပထမဆုံးရွေးကောက်ပွဲကို ၁၉၉၄ ခုနှစ်၊ ဧပြီလအကုန်ပိုင်းထက် နောက်မကျစေဘဲ ၁၂ လအတွင်းကျင်းပရန် သဘောတူခဲ့ကြသည်။ အင်ကာသာခေါင်းဆောင် ဘူသေလီဇီက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲပြီးသောအခါ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အဆုံးအဖြတ်ရယူရန် ဇူလိုင်လ ၁၄ ရက် နေ့တွင် တိုက်တွန်းပြောကြားခဲ့သည်။ဆက်လက်၍တောင်အာဖရိက အုပ်ချုပ်ရေးတွင် လူမည်းများအား ပထမဆုံးအကြိမ် ပါဝင်ခွင့်ပြုသည့် ဥပဒေကြမ်းကို တောင်အာဖရိကပါလီမန်က စက်တင်ဘာလ ၂၃ ရက်နေ့ တွင် မဲခွဲဆုံးဖြတ်ခဲ့သည်။ ၎င်းဥပဒေကြမ်းကို ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် ဟာဇင်ဘတ်နှင့် လက်ယာလူဖြူအမတ်များက ဆန့်ကျင်ခဲ့ကြသော်လည်း အင်အားအကြီးမားဆုံး အေအင်စီအဖွဲ့က ကြိုဆိုခဲ့သည်။ ထို့နောက် လူမည်းအများစုအား ပထမဆုံးအကြိမ် နိုင်ငံအုပ်ချုပ်ရေးတွင် ပါဝင်ခွင့်ပြုမည့်ကြားကာလ အလုပ်အမှုဆောင်ကောင်စီ (တီအီးစီ)ကို ဖွဲ့စည်းတည်ထောင်ရန် တောင်အာဖရိကပါလီမန်က သဘောတူခဲ့ကြောင်း စက်တင်ဘာလ ၂၅ ရက်နေ့စွဲဖြင့် လန်ဒန်မြို့မှ ပေးပို့သော အေပီသတင်း တစ်ရပ်က ဖော်ပြခဲ့သည်။

ထို့နောက် ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလတွင် တောင်အာဖရိကသမ္မတ ဒီကလပ်သည် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်သို့သွားရောက်ကာ အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီနှင့်ဆွေးနွေးပြီး သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ် အေအင်စီခေါင်းဆောင် နယ်လ်ဆင်မင်ဒဲလားက တောင်အာဖရိကနိုင်ငံအား ကုလသမဂ္ဂကပိတ်ဆို့အရေးယူထားခြင်းကို ရုပ်သိမ်းပေးရန် စက်တင်ဘာလ ၂၄ ရက်နေ့တွင် တောင်အာဖရိကနိုင်ငံအား လက်နက်ရောင်းချမှု ပိတ်ပင်ထားခြင်းကိုမူ ၁၉၉၄ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပပြီး အစိုးရအဖွဲ့သစ် ဖွဲ့စည်းပြီးချိန်အထိကုလသမဂ္ဂက ဆက်လက်ထားရှိသင့်ကြောင်း တင်ပြခဲ့သည်။ မင်ဒဲလား၏ အဆိုပြုချက်အတိုင်း (၄၈) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက အောက်တိုဘာလ ၈ ရက်နေ့တွင် တောင်အာဖရိကနိုင်ငံအား စီးပွားရေး ပိတ်ဆို့ထားမှုကိုရုပ်သိမ်းလိုက်ပြီး နိုင်ငံအားလုံးသို့လည်း ယင်းသို့ရုပ်သိမ်းကြရန် တိုက်တွန်းလိုက်သည်။ သို့သော်လည်း တောင်အာဖရိက၌ လူမျိုးစုံပါဝင်သော အသွင်

ကူးပြောင်းရေးကောင်စီ ဖွဲ့စည်းဆောင်ရွက်လျှင် ဆောင်ရွက်ချင်းရေနံပိတ်ဆို့မှုကိုရုပ်သိမ်းရန်နှင့်လက်နက်ပိတ်ဆို့မှုကိုမူ ဆက်လက်ထားရှိရန် သဘောတူခဲ့သည်။

## ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ညီလာခံ

ဤညီလာခံကြီးကို ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တော်တွင် ၁၉၉၃ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကျင်းပခဲ့သည်။ ညီလာခံကြီးက လူ့အခွင့်အရေးအတွက် ဆောင်ရွက်ရေး အစီအစဉ်နှင့် ဗီယင်နာကြေညာချက်တို့ကို အတည်ပြုချမှတ်ခဲ့သည်။ ထို့ပြင်ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံနှင့် ပတ်သက်၍လည်းကောင်း၊ အင်ဂိုလာနိုင်ငံနှင့် ပတ်သက်၍လည်းကောင်း အထူးကြေညာချက် နှစ် ရပ်ကိုလည်း ထုတ်ပြန်ခဲ့သည်။

ဤကမ္ဘာ့အစည်းအဝေးကြီးသို့ နိုင်ငံပေါင်း ၁၇၁ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၂၀၀၀ နီးပါး တက်ရောက်ခဲ့ကြသည့်အပြင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရပေါင်းစုံအဖွဲ့အစည်းများ အထူးကိုယ်စားလှယ်အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂ၏လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ စုစုပေါင်း ၈၄၁ ခုမှ ကိုယ်စားလှယ်ပေါင်း ၃၇၀၀ ကျော်တို့လည်းပါဝင်ခဲ့သည်။

အ ထွေ ထွေ ဆွေး နွေး ပွဲ တွင် နိုင်ငံအကြီးအကဲသို့မဟုတ် အစိုးရအကြီးအကဲ ၁၁ ဦး၊ ဒုတိယသမ္မတ ၁ ဦး၊ နိုင်ငံခြားရေးဝန်ကြီး ၇၀ ဦး၊ တရားရေးဝန်ကြီး ၁၆ ဦး၊ အခြားဝန်ကြီး ၁၃ ဦးတို့က မိန့်ခွန်းစကား ပြောကြားခဲ့ကြသည့်အပြင် အထူးအဖွဲ့အစည်း ၁၂ ခု၊ အစိုးရပေါင်းစုံအဖွဲ့အစည်း ၁၃ ခုနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်း ၁၃ ခုမှ ကိုယ်စားလှယ်များကလည်း ဆွေးနွေးပြောဆိုခဲ့ကြသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်း ၁၁၉ ခုတို့ကလည်း ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဤကမ္ဘာ့ညီလာခံကြီးသို့ ပြည်ထောင်စုမြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးအုံးကျော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပြီး ဝန်ကြီးဦးအုံးကျော်က မိန့်ခွန်းစကားတစ်ရပ် ပြောကြားကာ လူ့အခွင့်အရေးနှင့်ပတ်သက်၍မြန်မာနိုင်ငံ၏ရပ်တည်ချက်နှင့် အမြင်သဘောထားများကို ရှင်းလင်းတင်ပြခဲ့သည်။ ဤသို့တင်ပြရာ၌ ဝန်ကြီးဦးအုံးကျော်က "ပြင်ပမှဝင်ရောက်စွက်ဖက်ရေးဆိုင်ရာ အခွင့်အရေးများကိုရရှိအောင် ကြိုးပမ်းခြင်းထက် မည်သည့်ဒေသတွင်မဆို ဖြစ်ပေါ်နေသော လူ့အခွင့်အရေးအခြေအနေများ တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုမျိုးကိုသာ ကြိုးပမ်းသင့်ကြောင်း" ပြောကြားခဲ့သည်။ ထို့အပြင်ဝန်ကြီးက လူ့အခွင့်အရေးအတွက် မြန်မာနိုင်ငံတွင် အားထုတ်ဆောင်ရွက်နေပုံများကို တင်ပြရာ၌ ဖွံ့ဖြိုးတိုးတက်ခွင့်ကို အခြေခံလူ့အခွင့်အရေးတစ်ရပ်အဖြစ်သတ်မှတ်ထားပြီးဖြစ်ရာ မြန်မာနိုင်ငံတွင် ပြည်သူများဆင်းရဲမှုပပျောက်ရန် ဦးစားပေးဆောင်ရွက်နေကြောင်း အစိုးရအနေဖြင့်နယ်စပ်ဒေသတွင်နေထိုင်ကြသော တိုင်းရင်းသားပြည်သူများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဦးစားပေးအမျိုးသားလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ကာ ဘက်စုံတိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက် နေကြောင်း ဖော်ပြခဲ့သည်။

ညီလာခံကြီး၏ အရေးကြီးသောအောင်မြင်မှုတစ်ရပ်မှာ ဖွံ့ဖြိုးရေးအတွက် အခွင့်အရေးနှင့် ပတ်သက်၍ ကျယ်ပြန့်နက်နဲစွာ တစ်သံတည်းပြောဆိုခဲ့ကြပြီး ဖွံ့ဖြိုးရေးသည် မွေးရာပါအခွင့်အရေးဟူသောအချက်ကို ပထမဆုံးအကြိမ်အဖြစ်ဖြင့် လက်ခံအတည်ပြုခဲ့ကြခြင်း ဖြစ်သည်။ ညီလာခံကြီး၌ အခက်အခဲဆုံးရေးရာတစ်ရပ်တွင် လူ့အခွင့်အရေးများ မြှင့်တင်ကာကွယ်ရေးအတွက် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးတစ်ဦးခန့်ထားရေးပြဿနာကို ဦးစားပေးကိစ္စတစ်ရပ်အဖြစ် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက လာမည့်အစည်းအဝေးတွင်စဉ်းစားရန် ဤညီလာခံကြီးကထောက်ခံတင်ပြခဲ့ခြင်းပင် ဖြစ်ပေသည်။

## ၄၈ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ

**ညီလာခံဥက္ကဋ္ဌရွေးချယ်တင်မြှောက်ခြင်း**

(၄၈) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးကို ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် စတင်ကျင်းပရာ ညီလာခံအစည်းအဝေးက ဂူယာနာနိုင်ငံ၏ ကုလသမဂ္ဂဆိုင်ရာအမြဲတမ်းကိုယ်စားလှယ် မစ္စတာ ဆင်မြူရယ်ရှူးဒေါ့ဖ်အင်ဆာနယ်လီအား ညီလာခံဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

ညီလာခံဥက္ကဋ္ဌကြီး မစ္စတာအင်ဆာနယ်လီက အစည်းအဝေးဖွင့် မိန့်ခွန်းတစ်ရပ် ပြောကြားရာ၌ (၄၈) ကြိမ်မြောက် ညီလာခံ၏အစည်းအဝေးအစီအစဉ်ကို ကြည့်ရှုပါလျှင် ကမ္ဘာ့အခြေအနေသည် လွန်စွာရှုပ်ထွေး၍ ပြောင်းလဲနိုင်ပုံကို တွေ့မြင်ရကြောင်း သုံးသပ်ပြောကြားပြီး မိမိတို့၏နိုင်ငံငယ်များအမြင်၌ ဤကုလသမဂ္ဂအဖွဲ့ကြီးသည် မိမိတို့၏ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုသာရပ်ဆောင်သော လက္ခဏာသင်္ကေတ တစ်ခုသာမဟုတ်၊ ထိရောက်

ထက်မြက်သော အကာအကွယ်တစ်ရပ်ဖြစ်သည့်အပြင် မိမိတို့၏စီးပွားရေးနှင့် လူမှုရေးအကျိုးစီးပွားများအတွက် ဆောင်ရွက်ရန် အကောင်းဆုံးသော နေရာဌာနလည်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(၄၈) ကြိမ်မြောက် ညီလာခံကြီး၏ ယာယီ အစည်းအဝေးအစီအစဉ်တွင် ဆွေးနွေးဆောင်ရွက်ရန် အကြောင်းအရာ ၁၆၆ ခု ပါဝင်ပေသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက ၁၉၉၂–၉၃ ခုနှစ်အတွင်း အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့် ပြဿနာရေးရာမြောက်မြားစွာတို့အား ဖြေရှင်းရာ၌ ကုလသမဂ္ဂ၏ အရေးယူဆောင်ရွက်မှုနှင့် စွမ်းဆောင်အောင်မြင်မှုများ၊ အထူးသဖြင့် ကမ္ဘာ့အရပ်ရပ်၌ ငြိမ်းချမ်းမှုထိန်းသိမ်းရေး လုပ်ငန်းများတွင် ငွေကုန်ကြေးကျမြောက်မြားစွာခံပြီး နိုင်ငံတစ်ကာ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များက သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပုံများကို ဖော်ပြပါရှိသော စာမျက်နှာ ၁၇၉ မျက်နှာရှိ အစီရင်ခံစာကို တင်ပြခဲ့သည်။

(၄၈) ကြိမ်မြောက် အထွေထွေ ညီလာခံသို့ ပြည်ထောင်စုမြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအုံးကျော် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ဝန်ကြီး ဦးအုံးကျော်က ညီလာခံတက်ရောက်သည့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ကမ္ဘာ့ရေးရာများနှင့်ပတ်သက်၍ သုံးသပ်ပြောကြားကြသည့် အထွေထွေဆွေးနွေးပွဲ အစီအစဉ်တွင်ပါဝင်ကာ ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။

## ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်ငါးဦး ရွေးချယ်တင်မြှောက်ခြင်း

နှစ်စဉ်ဆောင်ရွက်မြဲ အစည်းအဝေးအစီအစဉ်အရ (၄၈) ကြိမ်မြောက် အထွေထွေညီလာခံကြီးက ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်မဟုတ်သော အဖွဲ့ဝင် ငါးနိုင်ငံကို ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ရွေးချယ် တင်မြှောက်ခဲ့သည်။ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ၂ နှစ်သက်တမ်းအတွက် တာဝန်ဆောင်ရွက်ရန် ရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံများမှာ အာဂျင်တီးနားနိုင်ငံ၊ ချက်သမ္မတနိုင်ငံ၊ နိုင်ဂျီးရီးယားနိုင်ငံ၊ အိုမန်နိုင်ငံနှင့် ရဝမ်ဒါနိုင်ငံတို့ ဖြစ်ကြသည်။ ၎င်းငါးနိုင်ငံသည် ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် လုံခြုံရေးကောင်စီအဖြစ် ၂နှစ်သက်တမ်း စေ့မြောက်မည့် ကိပ်ဗာဒီနိုင်ငံ၊ ဟန်ဂေရီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ မော်ရိုကိုနိုင်ငံနှင့် ဗင်နီဇွဲလားနိုင်ငံတို့၏ နေရာများတွင် ဝင်ရောက်နေရာယူကြမည် ဖြစ်သည်။

## ကုလသမဂ္ဂဘဏ္ဍာရေးအခြေအနေ

(၄၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ပြုပြင်ထားသော ၈–သုံးမှန်းခြေငွေစာရင်းဆိုင်ရာ အစီရင်ခံစာကို စဉ်းစားဆွေးနွေးပြီး ၁၉၉၂ – ၉၃ ခုနှစ်ဆိုင်ရာ ပြုပြင်ထားသော ဘတ်ဂျက် အသုံးစရိတ် အဖြစ် ဒေါ်လာ ၂,၄၆၇,၄၅၈,၂၀၀ ကိုအတည်ပြုခဲ့သည်။ အတွင်းရေးမှူးချုပ်က လာမည့် ၁၉၉၄–၉၅ ခုနှစ်အတွက် ဘတ်ဂျက်အသုံးစရိတ်များကို ဖော်ပြရာ၌ အရင်းခံအားဖြင့် ကြိုတင်ကာကွယ်ရေးအတွက် သံတမန်နည်းအရစေ့စပ်ညှိနှိုင်းမှုများ၊ ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းများ၊ ငြိမ်းချမ်းမှု တည်ဆောက်ရေးလုပ်ငန်းများ၊ လူ့အခွင့်အရေးနှင့် စာနာထောက်ထားမှုအကူအညီများဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုများအတွက် ၁ ရာခိုင်နှုန်းမျှသာ တိုးတက်တောင်းခံထားကြောင်း တင်ပြခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ၎င်း၏ ၁၉၉၂–၉၃ ခုနှစ်ဆိုင်ရာ အစီရင်ခံစာတွင် ကုလသမဂ္ဂအနေဖြင့် ဘဏ္ဍာရေးအကျပ်ဆိုက်ခဲ့ရပုံများကို ပြောကြားရာ၌ ၁၉၉၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ရန်ပုံငွေမှာ နှစ်လစာသာရှိ၍ ဆိုးဝါးသောအခြေအနေကို လုံခြုံရေးကောင်စီအဖွဲ့ဝင်များ၏ နိုင်ငံအကြီးအကဲနှင့်အစိုးရများအပြင် ကြွေးကျန်ရှိနေသော အဖွဲ့ဝင်နိုင်ငံများထံ အရေးတကြီးစာရေးတင်ပြခဲ့ရကြောင်း၊ ထို့နောက် ဩဂုတ်လ ၂၆ ရက်နေ့တွင်လည်း အသည်းအသန်ဖြစ်လာသော ဘဏ္ဍာရေးအခြေအနေကို ကုလသမဂ္ဂ၏ ပဉ္စမကော်မတီ (ဘဏ္ဍာရေးကော်မတီ)သို့ အကြောင်းကြား ခဲ့ရကြောင်း ဖော်ပြခဲ့သည်။ ကုလသမဂ္ဂ၏ ပုံမှန်ဘတ်ဂျက်နှင့် ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းများအတွက် အချိုးကျ ထည့်ဝင်ရမည့်ငွေကြေးများကို အဖွဲ့ဝင်နိုင်ငံများက အပြည့်အဝနှင့် အချိန်အတိုင်းထည့်ဝင်ခြင်းမပြုကြသောကြောင့် ငွေရေးကြေးရေးအကျပ်အတည်းပြဿနာမှာ ဆက်လက်ဖြစ်ပေါ်တည်ရှိနေကြောင်း စသည်ဖြင့်တင်ပြခဲ့သည်။

**(တက္ကသိုလ် သက်ပန်)**

ဦးထွန်းတင်
အငြိမ်းစားညွှန်ကြားရေးမှူး
နိုင်ငံခြားရေးဝန်ကြီးဌာန



စာတည်းမှူးချုပ်
ဦးကိုကိုလေး

**ကိုကိုလေး၊ဦး (ခရစ် ၁၉၃၇–၁၉၉၃)။** ။ ဦးကိုကို အဖဦးကိုကို၊အမိဒေါ်သိန်းဝါတို့က၁၉၃၇ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့၌ဖွားမြင်သည်။ မွေးချင်းများတွင် အကြီးဆုံးဖြစ်သည်။

၁၉၅၆ ခုနှစ်တွင် ရန်ကုန်မြို့ စိန့်ဂျွန်းအမျိုးသားအထက်တန်းကျောင်းမှ ၁၀ တန်းအောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာသင်ကြားခဲ့သည်။ ဝိဇ္ဇာ(က)တန်းတွင် ပထမရသောကြောင့် ဦးကောင်း Memorial Scholarship ဆုရရှိခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာအထွေထွေဂုဏ်ထူးတန်းကို အင်္ဂလိပ်ဘာသာဖြင့် အောင်မြင်ပြီး အင်္ဂလိပ်စာဌာန နည်းပြအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၆၇ ခုနှစ်တွင် ဂျာမန် ဒီမိုကရက်တစ် သမ္မတနိုင်ငံဘာလင်မြို့ရှိ သတင်းစာ ပညာသင်တန်း၌ ထူးချွန်စွာအောင်မြင်ပြီး အဆင့်မြင့်ဆုရရှိသည်။

ဦးကိုကိုလေးသည် ၁၉၆၃ ခုနှစ်တွင် လုပ်သားပြည်သူ့နေ့စဉ်(အင်္ဂလိပ်) သတင်းစာထုတ်ဝေရန်အတွက်ဖွဲ့စည်းခဲ့သည့် အယ်ဒီတာအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ လုပ်သားပြည်သူ့နေ့စဉ် ( အင်္ဂလိပ်) သတင်းစာမှ The New Light of Myanmar သို့ အမည်ပြောင်းလဲထုတ်ဝေခဲ့သော သတင်းစာတွင် စာတည်းမှစာတည်းမှူးချုပ်အထိ အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းသို့ ထမ်းဆောင်ရင်း အင်္ဂလိပ်– မြန်မာသတင်းစာများတွင် သတင်းစာဆောင်းပါးများရေးသားခဲ့သည်။ ဦးကိုကိုလေး၏ ကလောင်အမည်မှာ သိဟန်ဖြစ်သည်။

ဦးကိုကိုလေးသည် ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၉ ခုနှစ်အထိ မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ ဗဟိုအမှုဆောင်တာဝန် ထမ်းဆောင်ခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်အဖွဲ့က ထုတ်ဝေလျက်ရှိသော မြန်မာ့စွယ်စုံကျမ်း(နှစ်ချုပ်) စီစဉ်ရေးအဖွဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဖွင့်လှစ်သင်ကြားလျက်ရှိသော သတင်းစာပညာသင်တန်း၊ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ဘာသာပြန်သင်တန်းနှင့် မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်သင်တန်းများတွင် သင်တန်းဆရာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်နှင့်စပ်လျဉ်းသည့် ဘာသာပြန်လုပ်ငန်းများတွင် စဉ်ဆက်မပြတ်တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သော ဦးကိုကိုလေးသည် ၁၉၉၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ညွန့်ညွန့်ဝင်းနှင့် သားနှစ်ယောက်ကျန်ရစ်သည်။

**ကမ္ဘောဒီးယားနိုင်ငံ။** ။၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့က ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဖနွမ်းပင် ဟွန်ဆန် အစိုးရအဖွဲ့နှင့် အတိုက်အခံသုံးပါတီ ညွန့်ပေါင်း ပြောက်ကျားအုပ်စုတို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော ကမ္ဘောဒီးယားငြိမ်းချမ်းရေး သဘောတူစာချုပ်အရ ကမ္ဘောဒီးယားငြိမ်းချမ်းမှုထိန်းသိမ်းရေး အတွက် အသွင်ကူးပြောင်းရေးကာလ ကုလသမဂ္ဂ အာဏာပိုင်အဖွဲ့ (အန်တက်) ကို ကုလသမဂ္ဂက ၁၉၉၂ ခုနှစ်တွင် ကမ္ဘောဒီးယားသို့ စေလွှတ်ခဲ့သည်။ အသွင်ကူးပြောင်းရေးကာလ ကုလသမဂ္ဂအာဏာပိုင်အဖွဲ့၏ နောက်ဆုံးတာဝန်မှာ ကမ္ဘောဒီးယားတွင် တရားမျှတပြီး လွတ်လပ်သော ရွေးကောက်ပွဲကျင်းပရန်၊ တိုင်းပြုပြည်ပြုလွှတ်တော် ဖွဲ့စည်းရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းပြီး အစိုးရသစ် ဖွဲ့ရန်ဖြစ်သည်။

ကမ္ဘောဒီးယား ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် အန်တက် အဖို့ တွေ့ကြုံရသော အတားအဆီးအခက်အခဲမှာ ခမာနီတို့က ရွေးကောက်ပွဲကို ငြင်းပယ်နေသော အခက်အခဲပင်ဖြစ်သည်။ ကုလသမဂ္ဂသည် ကမ္ဘောဒီးယားမှ ဗီယက်နမ်တပ်ဖွဲ့များအားလုံး ရုပ်သိမ်းခြင်းနှင့် ပတ်သက်၍ လုံလောက်သော စိစစ်မှုများ မလုပ်ခဲ့ဟုအကြောင်းပြကာ ရွေးကောက်ပွဲကို ခမာနီအုပ်စုက သပိတ်မှောက်ခဲ့သည်။ ဗီယက်နမ်က ၎င်း၏ နောက်ဆုံးတပ်ဖွဲ့များကို ၁၉၈၉ ခုနှစ်၌ ရုပ်သိမ်းခဲ့ပြီးဖြစ်သော်လည်း ခမာနီတို့က ကမ္ဘောဒီးယားတွင် ဗီယက်နမ်တပ်များ ကျန်ရှိနေသေးကြောင်း တစ်သပတ်တည်းပြောခဲ့ကြသည်။

အထွေထွေရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းသွင်း မှတ်ပုံတင်ရမည့် နောက်ဆုံးရက်မှာ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ဖြစ်သည်။ အဆိုပါရက်နေ့အထိ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းသွင်းကြသည့်နိုင်ငံရေးပါတီပေါင်း ၂၀ ရှိသည်။ သို့သော် ကမ္ဘောဒီးယားအမျိုးသားညီညွတ်ရေးပါတီဟု အမည်ပေးထားသော ခမာနီနိုင်ငံရေး



ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် ကုလသမဂ္ဂငြိမ်းချမ်းရေး တပ်ဖွဲ့များက ကြိုးကြပ်ကွပ်ကဲနေစဉ်

ပါတီကမူ စာရင်းသွင်းရန် သတ်မှတ်ရက်ကုန်ဆုံးချိန်ထိ လာရောက်စာရင်းသွင်းခြင်း မရှိခဲ့ပေ။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ခမာနီတို့သည် ဇန်နဝါရီလ ၃၁ ရက်နေ့ ရောက်သည်အထိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်ခြင်းမပြုပါက ရွေးကောက်ပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသွားမည်ဟု ပြောကြားလိုက်သည်။

ယင်းကဲ့သို့ ခမာနီများက အထွေထွေရွေးကောက်ပွဲကို သပိတ်မှောက်နေဆဲ ဇန်နဝါရီလထဲတွင်ပင် မင်းသားကြီး သီဟာနုက ကမ္ဘောဒီးယားသမ္မတ ရွေးချယ်တင်မြှောက်ရေး အဆိုပြုချက် တစ်ရပ်ကို တင်ပြလာသည်။ လေသင်တုန်းရောဂါကြောင့် ပီကင်းတွင် ဆေးဝါးကုသနေသော မင်းသားကြီး သီဟာနုက မေလအတွင်းကျင်းပမည့် ကမ္ဘောဒီးယား အထွေထွေရွေးကောက်ပွဲထက် စောစွာ ကမ္ဘောဒီးယား သမ္မတရွေးချယ်တင်မြှောက်ရေး အဆိုပြုချက်ကို ပီကင်းနေအိမ်မှ ကြေညာချက်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ ကမ္ဘောဒီးယားအမျိုးသား ပြန်လည်စည်းလုံးညီညွတ်သင့်မြတ်ရေးနှင့် ခမာနီအုပ်စု အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လာစေရေးတို့ကို စွမ်းဆောင်နိုင်သူမှာ မင်းသားကြီး သီဟာနုသာ ဖြစ်သည်ဟု နိုင်ငံရေးအကဲခတ်များက ဆိုကြသည်။ သီဟာနုသည် အထွေထွေရွေးကောက်ပွဲမတိုင်မီ ၄င်းအား သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခြင်းဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အကောင်အထည်ဖော်နိုင်မည်ဟု ယူဆပုံရကြောင်း သတင်းများထွက်ပေါ်သည်။

ကမ္ဘောဒီးယား သမ္မတရွေးကောက်ပွဲတွင် မင်းသားကြီး သီဟာနုအပြင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့်သူ အခြားတစ်ဦးသာရှိသည်။ ၄င်းမှာ နယူးရီပတ်ဗလစ် ဒီမိုကရေစီ ခမာပါတီ ဥက္ကဋ္ဌ ကင်ကိုသာဗိ ( ၅၁ နှစ် ) ဖြစ်သည်။ မင်းသားကြီး သီဟာနု အဆိုပြုထားသော ကမ္ဘောဒီးယား အထွေထွေရွေးကောက်ပွဲမတိုင်မီ သမ္မတရွေးချယ်တင်မြှောက်ရေးကိစ္စကို သဘောတူအတည်ပြုနိုင်ရန် ပီကင်းတွင် အမျိုးသားဦးစီးကောင်စီအဖွဲ့ ( အက်စ်အင်စီ ) အစည်းအဝေးကျင်းပမည်ဖြစ်သည်။ အဆိုပါအစည်းအဝေးကို ၁၉၉၃ ခု၊ ဇန်နဝါရီလ ၂၇ ရက်၌ကျင်းပရန် ရက်သတ်မှတ်ခဲ့ကြသည်။ ထိုအစည်းအဝေးကျင်းပရန် တစ်ရက်အလိုတွင် မင်းသားကြီးသီဟာနုက သမ္မတရွေးချယ်တင်မြှောက်ပွဲကို အထွေထွေရွေးကောက်ပွဲကျင်းပပြီးမှ ပြုလုပ်သင့်ကြောင်း ပြောင်းလဲ ပြောကြားပြန်သည်။ အမျိုးသားဦးစီးကောင်စီအဖွဲ့ (အက်စ်အင်စီ) အစည်းအဝေးကို သတ်မှတ်ထားရက်အတိုင်း ဇန်နဝါရီ ၂၇ ရက်နေ့၌ ကျင်းပသည်။ သို့သော် ကမ္ဘောဒီးယား သမ္မတရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက်တစ်စုံတစ်ရာ ထွက်ပေါ်မလာခဲ့ပေ။ ကမ္ဘောဒီးယားအထွေထွေရွေးကောက်ပွဲကို သတ်မှတ်ရက်အတိုင်း ၁၉၉၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့ထိ ကျင်းပသွားမည်ဖြစ် ကြောင်းကိုမူ အစည်းအဝေးက ထုတ်ပြန်ကြေညာသည်။

ကမ္ဘောဒီးယား အသွင်ကူးပြောင်းရေးကာလ ကုလသမဂ္ဂ အာဏာပိုင်အဖွဲ့ ( အန်တက် ) က မဲဆန္ဒရှင်များစာရင်းပေးမှတ်ပုံတင်ဌာနကို ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့

အထိဖွင့်လှစ်၍ မဲပေးမည့်သူများကို မှတ်ပုံတင်စေခဲ့သည်။ သတ်မှတ်ရက်ကုန်ဆုံးချိန်အထိ ဆန္ဒမဲပေးရန် မှတ်ပုံတင်ခဲ့ကြသူ မဲဆန္ဒရှင်ပေါင်းမှာ ၄,၆၁၈,၀၀၀ ရှိသည်။ ထိုမဲဆန္ဒရှင်စာရင်းတွင် မဲပေးသူစာရင်းဝင်ရောက်ကောက်ယူရန် အန်တက်အဖွဲ့ဝင်များအား ဝင်ခွင့်မရသောခမာနီများ ထိန်းချုပ်ထားသည့်ဒေသများမှ ကမ္ဘောဒီးယားပြည်သူ အရေအတွက်မပါဝင်ပေ။

ခမာနီတို့သည် ကမ္ဘောဒီးယားနယ်မြေ၏ ၁၅ မှ ၂၀ ရာခိုင်နှုန်းအထိနှင့် ကမ္ဘောဒီးယားလူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်ကို ထိန်းချုပ်ထားသည်။ ကျန်ဒေသများကို ဗီယက်နမ်တို့ တင်မြှောက်ထားသည့် ဟွန်ဆန်အစိုးရနှင့် အခြားပြောက်ကျား အုပ်စု နှစ်ခုတို့က ထိန်းချုပ်ထားသည်။ ဟွန်ဆန်အစိုးနှင့် ကျန်အုပ်စု နှစ်ခုသည် ရွေးကောက်ပွဲ ကျင်းပရေးအတွက် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ သို့သော် ခမာနီခေါင်းဆောင် ခရူဆန်ဖန်ကမူ မိမိတို့အုပ်စုသည် ရွေးကောက်ပွဲနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို သပိတ်မှောက်ကန့်ကွက်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားငြိမ်းချမ်းရေးအတွက် အဓိက ဖြန်ဖြေပေးသူ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး အလီအလာတပ်စ်နှင့် ဇန်နဝါရီလ ၂၁ ရက်နေ့က ဗန်ကောက်၌ တွေ့စဉ် ပြောကြားခဲ့ပြီးဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင်းတွင် ခမာနီတို့က ငြိမ်းချမ်းရေးစာချုပ်ကို ချိုးဖောက်နေပြီး လက်နက်ဖြုတ်သိမ်းရေးကိုလည်း ငြင်းဆန်မြဲငြင်းဆန်နေသည်။ ယင်းသို့သောအခြေအနေတွင် ဖနွမ်းပင်အခြေစိုက် ကမ္ဘောဒီးယားအစိုးရတပ်များသည် အဓိကစစ်ဆင်ရေးကြီး တစ်ရပ်ကို ၁၉၉၃ ဇန်နဝါရီလကုန်ခန့်တွင် ခမာနီတို့ စိုးမိုးထိန်းချုပ်ထားရာ ကမ္ဘောဒီးယားမြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများ၌ ဆင်နွှဲခဲ့သည်။ ကမ္ဘောဒီးယားအသွင်ကူးပြောင်းရေးကာလ ကုလသမဂ္ဂအာဏာပိုင်အဖွဲ့ (အန်တက်)ကကမ္ဘောဒီးယားအထွေထွေရွေးကောက်ပွဲအတွက် နောက်ဆုံးအဆင့် လုပ်ငန်းများဆောင်ရွက်နေစဉ် ဖနွမ်းပင် အစိုးရသည် ယင်းကဲ့သို့ ထိုးစစ်ကြီး ဆင်နွှဲခဲ့ခြင်းဖြစ်ပြီး ထိုထိုးစစ်ကြီးသည် ပွင့်လင်းရာသီ စစ်ဆင်ရေးကြီးဟု လူသိများခဲ့သည်။

တောတွင်းတစ်နေရာ၌တွေ့ရသော ခမာနီ ပြောက်ကျားများ



၁၉၉၂ ခုနှစ်၊ မတ်လ၊ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များ ကမ္ဘောဒီးယားရောက်ရှိချိန်ကာလမှအစပြုသော် အဆိုပါ စစ်ဆင်ရေးကြီးသည် အကြီးမားဆုံး စစ်ဆင်တိုက်ခိုက်မှုကြီး ဖြစ်သည်ဟု အန်တက်မှ အရာရှိများက ထုတ်ဖော်ပြောသည်။ ယင်းသို့ပြောရင်း ကမ္ဘောဒီးယားအစိုးရသည် လိုအပ်သည်ထက်ပို၍ စစ်ဆင်တိုက်ခိုက်ခဲ့ကြောင်း တစ်ဆက်တည်း စွပ်စွဲ ပြောကြားခဲ့သည်။

ခမာနီတို့၏ လွတ်မြောက်နယ်မြေများဖြစ်သော ဗက်တမ်ဘန်ပြည်နယ်၊ ကွန်ပေါင်ဘွန်ပြည်နယ်နှင့် မဲခေါင်မြစ်တစ်လျှောက်ရှိ ကရက်တိုက်ပြည်နယ်များတွင် စစ်ဆင်ရေးကြီးဆင်နွှဲခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဒီးယားအစိုးရ၏ ထုတ်ပြန်ချက်အရ ဗက်တမ်ဘန်ပြည်နယ်တစ်ခုတည်းမှာပင် အဆိုပါ စစ်ဆင်ရေးကြီးကြောင့် ခမာနီပြောက်ကျား ၅၁ ဦး ကျဆုံး၍ ၈၉ ဦး ဒဏ်ရာရရှိခဲ့သည်။ ကမ္ဘောဒီးယားအစိုးရ၏ အဆိုပါထိုး စစ်ကြီးသည် ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ အစောပိုင်း၌ ရပ်နားသွားသည်။

ထိုးစစ်ကြီးရပ်နားပြီးနောက် ဖေဖော်ဝါရီလ ၂၅ ရက်နေ့၌ ဗီယက်နမ်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဒေါင်ဒင်လုယင်သည် ဗီယက်နမ်အလယ်ပိုင်း ကုန်းမြင့်ဒေသသို့ ရောက်လာသည်။ ကမ္ဘောဒီးယားရွေးကောက်ပွဲကျင်းပပြီး နောက်ပိုင်းတွင် ခမာနီပြောက်ကျားများက နယ်စပ်ဖြတ်ကျော်ပြီး ဗီယက်နမ်နိုင်ငံအတွင်း ဒုက္ခပေးလာနိုင်ဖွယ်ရှိသည်ကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ယင်းသို့ ဗိုလ်ချုပ်ကြီး ဒေါင်ဒင်လုယင် ရောက်ရှိလာခြင်းဖြစ်သည်ဟု နယ်ခြားစောင့်တပ်သားများက ပြောကြားသည်။ ဗိုလ်ချုပ်ကြီးသည် ဂီယာလေးပြည်နယ် မြို့တော် ပလေကူးရှိ ဗီယက်နမ်အမှတ် ( ၃ ) တပ်မတော် ဌာနချုပ်နှင့် ကွမ်တမ်နှင့် ဒက်လက်ပြည်နယ်များသို့ သုံးရက်ကြာ လှည့်လည်သွားရောက်ခဲ့သည်။ ဗိုလ်ချုပ်ကြီး ဒေါင်ဒင်လုယင်၏ခရီးစဉ်သည် ကမ္ဘောဒီးယား၌ ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်း ခမာနီတို့က ပြဿနာရှာလာနိုင်သည့် အရိပ်လက္ခဏာကို ဖော်ပြရာရောက်သည်ဟု ဆိုကြသည်။ ဗီယက်နမ်ကို တစ်ယူသန်ဆန့်ကျင်နေသော ခမာနီတို့သည် ကမ္ဘောဒီးယားကို ၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ

အုပ်ချုပ်ခဲ့သည်။ ၁၉၇၇ – ၇၈ ခုနှစ်က ဗီယက်နမ်နယ်စပ်ဖြတ်ကျော်ပြီး ဗီယက်နမ်ရွာများမှ ရွာသားအများအပြားကို သတ်ဖြတ်ခဲ့ဖူးသည်။ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုပြီး နောက်ပိုင်းတွင်ပင် ကမ္ဘောဒီးယားရှိ ဗီယက်နမ်လူမျိုးများကိုသတ်ဖြတ်နေကြောင်း ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များက ပြောကြားသည်။

၁၉၉၃ ခုနှစ်၊ မေလ အထွေထွေရွေးကောက်ပွဲ မကျရောက်မီ မတ်လထဲတွင် ကမ္ဘောဒီးယားရှိ ဗီယက်နမ်လူမျိုးစုများကို တိုက်ခိုက်သတ်ဖြတ်မှုများ ပေါ်ပေါက်လာပြန်သည်။ တိုက်ခိုက်သတ်ဖြတ်ကြသူများမှာ ခမာနီများဖြစ်သည်ဟု ဆိုကြသည်။ ကမ္ဘောဒီးယားနွယ်ဖွား ဗီယက်နမ်မျိုးနွယ်စုများကို ယင်းသို့ ခမာနီတို့က တိုက်ခိုက်ကြခြင်းမှာ နိုင်ငံရေးဦးတည်ချက်ရှိသည်ဟု ဆိုကြပြန်သည်။ ၁၈ ရာစုက ကမ္ဘောဒီးယား နယ်မြေဒေသအချို့ကို ဗီယက်နမ်တို့ဝင်ရောက်တိုက်ခိုက်အုပ်စိုးဖူးသော အတိတ်သမိုင်းကြောင်းရှိခဲ့သည်။ ခမာနီအုပ်စုသည် သမိုင်းကြောင်းဖော်၍ အသံလွှင့်ဌာနမှ ဗီယက်နမ်ဆန့်ကျင်ရေးကို မတ်လအတွင်းက ထုတ်လွှင့်ကာ တစ်ဖက်မှ ဗီယက်နမ်လူမျိုးစုများအား တိုက်ခိုက်ခြင်းဖြင့် ကမ္ဘောဒီးယားပြည်သူများ၏ ထောက်ခံမှုကို အရယူမည့် နိုင်ငံရေးဦးတည်ချက်ဖြစ်သည်။ မတ်လ ၁၀ ရက်နေ့၌ အမည်မသိသေနတ်သမားများသည် တုံလေစပ်မြောက်ပိုင်းဒေသရှိ ဗီယက်နမ်လူမျိုးစုများနေထိုင်သော ရွာတစ်ရွာကို ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ၃၄ ဦး သေဆုံးပြီး လူ ၃၀ ဒဏ်ရာရခဲ့သည်။ မတ်လ ၂၉ ရက်နေ့၌ ဗီယက်နမ်လူမျိုးစုများ သွားရောက်တတ်သော ဖနွမ်းပင်မြို့တော်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်အတွင်းသို့ လက်ပစ်ဗုံးတစ်လုံး ပစ်သွင်းခဲ့ရာ လူနှစ်ဦးသေဆုံးပြီး ၁၄ ဦးဒဏ်ရာရရှိသွားသည်။ ထိုတိုက်ခိုက်မှုမှာ မြို့တွင်းရှိ အန်တက်ဌာနချုပ်မှ မီတာ ၅၀ အကွာတွင် ဖြစ်ပွားခြင်းဖြစ်သည်။ တစ်ဖန် မတ်လ ၃၁ ရက်နေ့၌ ကွန်ပေါင်ဆွန်ပြည်နယ် ရွာတစ်ရွာရှိ ဗီဒီယို

ကမ္ဘောဒီးယားနိုင်ငံမှ စွန့်ခွာထွက်ပြေးသွားကြသော ဗီယက်နမ်မျိုးနွယ်စုများ



ရုပ်ရှင်ရုံတစ်ရုံကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြန်ရာ ဗီယက်နမ် ၂၇ ဦးသေဆုံးပြီး ၂၀ ကျော်ဒဏ်ရာရရှိခဲ့ပြန်သည်။ ယင်းသို့တိုက်ခိုက်မှုများကြောင့် ဗီယက်နမ်လူမျိုးစုများသည် ကမ္ဘောဒီယားရှိ မိမိတို့အိုးအိမ်များကို စွန့်၍ ဗီယက်နမ်နိုင်ငံထဲသို့ ထွက်ပြေးခဲ့ကြသည်။

ခမာနီအုပ်စုသည် ရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်ရေးအတွက် ကုလသမဂ္ဂကသတ်မှတ်ထားသည့် နောက်ဆုံးရက်ကို လျစ်လျူရှုကာ ၄င်းတို့ထိန်းချုပ်ထားသော နယ်မြေများအတွင်းသို့လည်း ကုလသမဂ္ဂစစ်ဆေးရေးမှူးများ ဝင်ရောက်ခွင့်ကို ငြင်းဆန်ခဲ့သည်။ တစ်ဖက်မှ ခမာနီပြောက်ကျားများကလည်း ကုလသမဂ္ဂတပ်သားများကို မကြာခဏတိုက်ခိုက်လျက်ရှိသည့်အပြင် မတ်လအတွင်းက ပေါ်ပေါက်ခဲ့သော ဗီယက်နမ်လူမျိုးစုများအား တိုက်ခိုက်သတ်ဖြတ်သူများသည် ခမာနီပြောက်ကျားများပင်ဖြစ်သည်ဟု ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များက ခိုင်လုံသောအထောက်အထားများအရ သိရှိထားခဲ့သည်။ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့သည် ကမ္ဘောဒီးယားရွေးကောက်ပွဲအတွက်ကြိုတင်ပြင်ဆင်မှုများကို လွန်ခဲ့သည့်တစ်နှစ်ခန့်မှ စတင်ဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်ချိန်မှစ၍ ခမာနီပြောက်ကျားများက ဗီယက်နမ်လူမျိုးစုများကို တိုက်ခိုက်သတ်ဖြတ်မှုများပြုလုပ်ခဲ့ရာ မတ်လအတွင်း ဗီယက်နမ်လူမျိုးစုများအား တိုက်ခိုက်သတ်ဖြတ်ခဲ့သည့်အကြိမ်အထိ ဗီယက်နမ်လူမျိုး ၁၀၀ ခန့်သေဆုံးခဲ့ကြောင်း ကုလသဂ္ဂမစ်ရှင်ဟုလည်းခေါ်သော ကုလသဂ္ဂငြိမ်းချမ်းရေးအဖွဲ့က ပြောကြားသည်။

ယင်းသို့သောအခြေအနေတွင် ၁၉၉၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့၌ အန်တက်အကြီးအကဲ ယာဆူရှိအကာရှိက အထွေထွေရွေးကောက်ပွဲကို မလွဲမသွေပြုလုပ်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပျက်စီးရန် ခမာနီတို့၏ကြိုးပမ်းမှုများသည် ဝိုင်းဝန်းရှုတ်ချခံရမှု၊ အထီးကျန်ဖြစ်မှုနှင့် သည့်ထက်ဆိုးဝါးသောရလဒ်များသာ ရရှိလိမ့်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအမျိုးသားကောင်စီသို့ သတိပေးပြောကြားသည်။ ယင်းသို့သတိပေးပြောကြားပြီးနောက် ဧပြီလ ၁၅ ရက်နေ့၌ ခမာနီခေါင်းဆောင် ခယူဆမ်ဖန်က မိမိသည် ကမ္ဘောဒီးယားအမျိုးသားဦးစီးကောင်စီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာတင်လိုက်သည်။ သည့်နောက် ဧပြီလ ၃၀ ရက်နေ့၌ ခမာနီအုပ်စုသည် ဖနွမ်းပင်ရှိ ၄င်းတို့၏ အရာရှိများအားလုံးကို ဖနွမ်းပင်မှ ရုပ်သိမ်းလိုက်သည်။ ခမာနီအုပ်စုမှ အရာရှိများသည် ပါရီငြိမ်းချမ်းရေးစာချုပ်အရ ၁၉၉၁ ခုနှစ်ကတည်းက ဖနွမ်းပင်တွင်ရှိနေခဲ့ကြသည်။ ဗက်တမ်ဘန်ပြည်နယ်၊ ကွန်ပေါင်သွန်ပြည်နယ်၊ ကွန်ပေါင်ချမ်ပြည်နယ်၊ စီရမ်ရိပြည်နယ်များတွင်ရှိသော အန်တက်အဖွဲ့၏ငြိမ်းချမ်းရေးလုပ်ငန်းဌာနစုများတွင် ဆက်သွယ်ရေးအရာရှိများအဖြစ်ဆောင်ရွက်နေကြသော ခမာနီအရာရှိများကိုလည်း ရုပ်သိမ်းပစ်လိုက်သည်။ ယင်းသို့ရုပ်သိမ်းခဲ့ခြင်းမှာ အန်တက်အကြီးအကဲ ယာဆူရှိအကာရှိ၏ သတိပေးပြောကြားချက်ကို တုံ့ပြန်လိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ခမာနီအုပ်စုမှအရာရှိများ ဖနွမ်းပင်မှ ထွက်ခွာသွားကြပြီး မရှေးမနှောင်းမှာပင် ကမ္ဘောဒီးယားမြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းပြည်နယ်များတွင် ရွေးကောက်ပွဲအတွက် ဆောင်ရွက်နေကြသော အန်တက်အဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားလာသည်။ ကမ္ဘောဒီးယားအမျိုးသားဦးစီးကောင်စီတွင် ဆက်လက်ပါဝင်လျက်ရှိသော ကမ္ဘောဒီးယားပြိုင်ဘက်အုပ်စုများသည် မေလ ၆ ရက်နေ့၌ အစည်းအဝေးတစ်ရပ်ကျင်းပကာ အထွေထွေရွေးကောက်ပွဲကို သတ်မှတ်ထားသည့်အစီအစဉ်အတိုင်းပြုလုပ်မည်ဖြစ်ကြောင်း သဘောတူကြေညာချက်ထုတ်ပြန်သည်။ သည့်နောက် မေလ ၂၂ ရက်နေ့၌ ကမ္ဘောဒီးယားနိုင်ငံ၏ အဓိကခေါင်းဆောင်တစ်ဦးအဖြစ်ပြည်သူများကအားထားသော မင်းသားကြီးသီဟာနုသည် ပီကင်းမှ ကမ္ဘောဒီးယားသို့ ပြန်လည်ရောက်ရှိလာသည်။ သီဟာနုသည် ရွေးကောက်ပွဲမကျင်းပမီ တစ်ရက်အလိုတွင် ကမ္ဘောဒီးယားသို့ ရောက်ရှိလာခြင်းဖြစ်သည်။

၁၉၉၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့၌ ကုလသမဂ္ဂကြီးမှူးသည့် ကမ္ဘောဒီးယားအထွေထွေရွေးကောက်ပွဲကို စတင်ကာ မေလ ၂၈ ရက်နေ့အထိ ကျင်းပခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် နောက်ဆုံးရွေးကောက်ပွဲကို ၁၉၈၁ ခုနှစ်၊ မေလက ကျင်းပခဲ့သည်။ ထိုစဉ်က နေရာ ၁၁၇ နေရာရှိသော အမျိုးသားလွှတ်တော်အတွက် ကျင်းပခဲ့ခြင်းဖြစ်သည်။ ကုလသမဂ္ဂကကြီးမှူးကျင်းပသော ၁၉၉၃ ခု၊ အထွေထွေရွေးကောက်ပွဲမှာမူ လွှတ်တော်အမတ်နေရာ ၁၂၀ အတွက် ကျင်းပခြင်းဖြစ်သည်။ မဲရုံများကို ပြည်နယ် ၂၁ ပြည်နယ်တွင် ဖွင့်လှစ်ထားပြီး မဲဆန္ဒရှင် ၉၀ ရာခိုင်နှုန်းမဲပေးခဲ့ကြ သည်။

အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၂၀ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြသည်။ ထိုပါတီများအနက် အဓိကကျသော ပါတီနှစ်ခုမှာ လက်ရှိဝန်ကြီးချုပ် ဟွန်ဆန်ခေါင်းဆောင်သည့်ကမ္ဘောဒီးယားပြည်သူ့ပါတီ (စီပီပီ)နှင့်



မဲရုံတစ်ရုံ၌ မဲပေးရန် စောင့်ဆိုင်းနေကြသော ကမ္ဘောဒီးယား ပြည်သူများ



ပထမဝန်ကြီးချုပ် မင်းသားရာနာရစ်



ဒုတိယဝန်ကြီးချုပ် ဟွန်ဆန်

မင်းသား နိုရိုဒမ်ရာနာရစ်ဦးဆောင်သော ဖွန်ဆင်ပက်ပါတီတို့ ဖြစ်သည်။

ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်ကာလများအတွင်းက ရွေးကောက်ပွဲပျက်ပြားအောင် ခမာနီပြောက်ကျားတို့၏ အကြမ်းဖက်နှောင့်ယှက်မှုများ၊ နိုင်ငံရေးအုပ်စုချင်းအပြန်အလှန်စွပ်စွဲမှုများရှိခဲ့သည်။ ထို့အပြင် ခမာနီတို့ ထိန်းချုပ်ထားသောနယ်မြေများတွင် မဲပေးသူများအား နှောင့်ယှက်ဟန့်တားမှုများရှိလိမ့်မည်ဟု စိုးရိမ်ခဲ့ကြသည်။ သို့သော် ရွေးကောက်ပွဲကျင်းပသောအခါ ခမာနီခေါင်းဆောင်များသည် ၎င်းတို့ထိန်းချုပ်နယ်မြေတွင် ရွေးကောက်ပွဲကျင်းပခွင့်၊ မဲပေးခွင့်ပြုခဲ့သည်။ ဤသည်မှာ မေလ ၂၁ ရက်နေ့၌ ပီကင်းတွင် ခမာနီနှင့် မင်းသားကြီးသီဟာနုတို့ တွေ့ဆုံဆွေးနွေးခဲ့ကြရာမှရွေးကောက်ပွဲအနှောင့်အယှက်မပြုရေးနှင့် ပေါ်ပေါက်လာမည့်အစိုးရအဖွဲ့တွင်ခမာနီပါဝင်စေရေးအချက်များကို သဘောတူခဲ့ကြသောကြောင့် ဖြစ်သည်ဟုဆိုသည်။

ရွေးကောက်ပွဲအရှုံးအနိုင်စာရင်းကို မေလ ၃၁ ရက်နေ့တွင် အသွင်ကူးပြောင်းရေးကာလ ကုလသမဂ္ဂအာဏာပိုင်အဖွဲ့ (အန်တက်) က ထုတ်ပြန်ကြေညာသည်။ မဲဆန္ဒရှင်များ ပေးကြသော မဲပေါင်း၂,၃၈၀,၀၀၀ ရှိသည်။ ဖွန်ဆင်ပက်ပါတီက မဲပေါင်း ၉၈၄၁၅၇ (၄၂ ဒသမ ၅ ရာခိုင်နှုန်း) ရရှိပြီး ကမ္ဘောဒီးယားပြည်သူ့ပါတီ (စီပီပီ)က မဲပေါင်း ၈၈၆,၆၄၀ ရရှိသည်။ကမ္ဘောဒီးယားပြည်သူ့ပါတီ (စီပီပီ)က မဲအနိုင်အရှုံးစာရင်း ထုတ်ပြန်သည့်နေ့မှာပင် ရွေးကောက်ပွဲမှာ တော်တည့်မှန်ကန်မှုမရှိကြောင်း

ကြေညာချက်ထုတ်ပြန်ပြီး ဖနွမ်းပင်၊ ဗက်တန်ဗန်၊ ကွန်ပေါင်ချန်နှင့် ပရီးဗန်ဒိစတြိတ် လေးခုတွင် ရွေးကောက်ပွဲများ ပြန်လည်ကျင်းပပေးရန် တောင်းဆိုသည်။ အန်တက်အဖွဲ့ခေါင်းဆောင် ယာဆူရှိအကာရှိက ဇွန် ၁ ရက်နေ့၌ ဖနွမ်းပင်မြို့တွင် စီပီပီပါတီခေါင်းဆောင်တစ်ဦးဖြစ်သော ချီယေဆင်နှင့် တွေ့ဆုံပြီး ရွေးကောက်ပွဲများ ပြန်လည်ပြုလုပ်ပေးနိုင်မည်မဟုတ်ကြောင်း ပြောကြားသည်။ ထို့နောက် အသွင်ကူးပြောင်းရေးကာလ ကုလသမဂ္ဂအာဏာပိုင်အဖွဲ့က ဖနွမ်းပင်အသံလွှင့်ဌာန အဆောက်အအုံတစ်ဝိုက်တွင် လုံခြုံရေးအစီအမံများ ပြုလုပ်ထားလိုက်သည်။ ဟွန်ဆန်၏ကမ္ဘောဒီးယားပြည်သူ့ပါတီက ရွေးကောက်ပွဲများပြန်လည်ကျင်းပပေးရန် တောင်းဆိုနေဆဲမှာပင် ဇွန်လ ၃ ရက်နေ့၌ မင်းသားကြီးသီဟာနုက ဟွန်ဆန်အစိုးရနှင့် အတိုက်အခံဖွန်ဆင်ပက်ပါတီခေါင်းဆောင်များပါဝင်သော ကြားဖြတ်အစိုးရအဖွဲ့ ဖွဲ့စည်းရန် အဆိုပြုလိုက်သည်။ ဇွန်လ ၅ ရက်နေ့၌ ကမ္ဘောဒီးယားပြည်သူ ၆၀၀ ခန့်သည် သီဟာနု၏ ကြားဖြတ်အစိုးရဖွဲ့စည်းရေးကို ထောက်ခံသောအားဖြင့် ဖနွမ်းပင်မြို့တော်တွင် စီတန်းလှည့်လည်ဆန္ဒပြခဲ့ကြသည်။ ထို့နောက် ဇွန်လ ၁၄ ရက်နေ့၌ ကမ္ဘောဒီးယား တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးကို ကျင်းပခဲ့သည် အမတ်နေရာ ၁၂၀ ရှိ လွှတ်တော်အစည်းအဝေးကို ကုလသမဂ္ဂကြီးကြပ်သော အထွေထွေရွေးကောက်ပွဲပြီးစီးခဲ့ပြီး ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်သည်။ ထိုလွှတ်တော်အစည်းအဝေးက မင်းသားကြီးသီဟာနုအား နိုင်ငံအကြီးအကဲအဖြစ် ပြန်လည်တင်မြှောက်လိုက်သည်။ သီဟာနုသည် လွန်ခဲ့သည့် ၂၃ နှစ်က အာဏာသိမ်းပွဲပေါ်ပေါက်ကာ နိုင်ငံအကြီးအကဲအဖြစ်မှ ဖယ်ရှားခံခဲ့ရသည်။ တိုင်းပြုပြည်ပြုလွှတ်တော်သစ်က ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုသုံးလအတွင်းရေးဆွဲပြီးအစိုးရသစ်ကို ဖွဲ့စည်းမည်ဖြစ်သည်။ယင်းသို့ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲစဉ်ကာလအတွင်း၊ ကြားဖြတ်အစိုးရဖွဲ့စည်းရေးကို သီဟာနုက ကြိုးစားခဲ့ခြင်းဖြစ်သည်။ ဖွန်ဆင်ပက်ပါတီခေါင်းဆောင် ရာနာရစ်နှင့် စီပီပီခေါင်းဆောင် ဟွန်ဆန်တို့သည် ကြားဖြတ်အစိုးရဖွဲ့စည်းရေးကိစ္စ အကြိတ်အနယ် ဆွေးနွေးညှိနှိုင်းကြပြီးနောက် ဇွန်လ ၁၆ ရက်နေ့တွင် ကြားဖြတ်အစိုးရဖွဲ့စည်းရန်သဘောတူမှုရရှိသွားကြသည်။ ကြားဖြတ်အစိုးရအဖွဲ့တွင် မင်းသား ရာနာရစ်နှင့် ဟွန်ဆန်တို့သည် ကြားဖြတ်အစိုးရအဖွဲ့ ပူးတွဲဥက္ကဋ္ဌများအဖြစ် တာဝန်ယူကြပြီး ဗုဒ္ဓဝါဒီလစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ဆွန်ဆန်က ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

၁၉၉၃ ခုနှစ်၊ ဩဂုတ်လအတွင်း၌ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရွေးကောက်ပွဲတွင် ရွေးကောက်ခံခဲ့ရသည့် လွှတ်တော်အမတ် ၁၂၀ ထဲမှ အမတ် ၁၂ ဦးပါဝင်သောအဖွဲ့က ရေးဆွဲခဲ့သည်။ နိုင်ငံတော်အကြီးအကဲနှင့် စပ်လျဉ်း၍ နိုင်ငံအကြီးအကဲသည် ဘုရင်ဖြစ်သင့်သည်၊ သို့မဟုတ် သမ္မတဖြစ်သင့်သည် ဟူသောအချက်ကို အခြေအတင် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ထို့နောက် အမတ် ၁၂ ဦးပါ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအဖွဲ့က စည်းမျဉ်းခံ ဘုရင်စနစ်ကျင့်သုံးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတစ်ရပ်ကို ရေးဆွဲနိုင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ နိုင်ငံအကြီးအကဲသည် ဘုရင်ဖြစ်ပြီး၊ နိုင်ငံအကြီးအကဲကို လွှတ်တော်အမတ်သုံးပုံနှစ်ပုံ၏ ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည်ဖြစ်သည်။ နိုင်ငံအကြီးအကဲ၏သက်တမ်းသည် ငါးနှစ်ဖြစ်သည်။




လွှတ်တော်တွင် မိန့်ခွန်း ပြောကြားပြီးနောက် မင်းသားကြီး သီဟာနုအား တွေ့ရစဉ်

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ နိုင်ငံအကြီးအကဲကို ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ကြသော လွှတ်တော်အမတ်များက ရွေးကောက်တင်မြှောက်ရမည်ဟု ဆိုထားသော်လည်း ကမ္ဘောဒီးယားနိုင်ငံရေးသမိုင်းတွင် အစဉ်အလာကြီးမားခဲ့ကြသော နိုင်ငံရေးခေါင်းဆောင်ကြီးများကိုမူ ပြည်သူအများက နိုင်ငံအကြီးအကဲအဖြစ် တင်မြှောက်နိုင်သည်ဟူ၍ အခြေခံဥပဒေတွင် ချွင်းချက်အဖြစ် ပြဋ္ဌာန်းခဲ့သည်။ အဆိုပါပြဋ္ဌာန်းချက်သည်ကမ္ဘောဒီးယားအမျိုးသားခေါင်းဆောင်တစ်ဦးအဖြစ် ပြည်သူများကယုံကြည်ကိုးစားခဲ့သော မင်းသားကြီး သီဟာနုအား လမ်းဖွင့်ပေးခြင်းဖြစ်သည်ဟု ဆိုကြသည်။ မင်းသားကြီး သီဟာနုသည် မေလအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့သူမဟုတ်ပေ။

ကမ္ဘောဒီးယားနိုင်ငံ အကြီးအကဲဘုရင်အဖြစ် မင်းသားကြီး သီဟာနုကို လျာထားခဲ့ကြပြီး ဩဂုတ်လ ၃၀ ရက်နေ့၌ စည်းမျဉ်းခံဘုရင်စနစ်ကျင့်သုံးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ကမ္ဘောဒီးယား ကြားဖြတ်အစိုးရပူးတွဲခေါင်းဆောင် ရာနာရစ်နှင့် ဟွန်ဆန်တို့က မင်းသားကြီး သီဟာနုရှိရာ မြောက်ကိုရီးယား၊ ပြုံယမ်းမြို့တော်သို့ သွားရောက်တင်ပြခဲ့သည်။ စည်းမျဉ်းခံဘုရင်အဖြစ် သဘောတူကြောင်း သီဟာနုက ပြောကြောင်း ပူးတွဲခေါင်းဆောင်နှစ်ဦးက စက်တင်ဘာလ ၃ ရက်နေ့၌ ဖနွမ်းပင်သို့ ပြန်အရောက်တွင် ထုတ်ဖော်ပြောကြားခဲ့ကြသည်။ သို့သော် မင်းသားကြီး သီဟာနုထံမှ နာရီပိုင်းအတွင်း သရဖူမဆောင်းလိုတော့ကြောင်း အကြောင်းကြားသည့်သဝဏ်လွှာ ရောက်လာခဲ့သည်။ တစ်ဖန် ရက်ပိုင်းအတွင်းမှာပင် ပြည်သူကိုယ်စားလှယ်တို့၏ ဆန္ဒအတိုင်း လိုက်နာဆောင်ရွက်ရန် အသင့်ရှိကြောင်း သီဟာနုက ပီကင်းမှ အကြောင်းကြားခဲ့ပြန်သည်။

လွှတ်တော်အမတ် ၁၂ ဦးကော်မတီက စည်းမျဉ်းခံဘုရင်အုပ်စိုးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဆက်လက်ရေးဆွဲခဲ့ပြီး တိုင်းပြုပြည်ပြုလွှတ်တော်သို့ တင်သွင်းလိုက်သည်။ တိုင်းပြုပြည်ပြုလွှတ်တော်က အခြေခံဥပဒေမူကြမ်းကို အခြေအတင်ဆွေးနွေးကြသည်။ ယင်းသို့ ဆွေးနွေးနေစဉ် ခမာနီတို့က စည်းမျဉ်းခံဘုရင်စနစ်ကို ထောက်ခံကြောင်း ကြေညာပြီး နိုင်ငံရေးပါတီများ အာဏာခွဲဝေယူရေး အဆိုပြုချက်တစ်ရပ်ကို တင်ပြသည်။ ဖွန်ဆင်ပက်ပါတီက အုပ်ချုပ်ရေး လုပ်ငန်းများ၌ ၄၅ ရာခိုင်နှုန်း၊ စီပီပီက ၄၀ ရာခိုင်နှုန်း၊ ဗုဒ္ဓဝါဒီ အယ်ဒီပီပါတီက ၁၀ ရာခိုင်နှုန်းနှင့် ရွေးကောက်ပွဲမဝင်သည့် ခမာနီက ငါးရာခိုင်နှုန်းယူရန် တင်ပြခဲ့သည်။ ဝန်ကြီးဌာနများကိုလည်း ဖွန်ဆင်ပက်နှင့် စီပီပီတို့က ၃၅ ရာခိုင်နှုန်းနှင့် ဗုဒ္ဓဝါဒီအယ်ဒီပီပါတီနှင့် ခမာနီတို့က ၁၅ ရာခိုင်နှုန်းစီ ယူရန် တင်ပြသည်။ ထိုအတွင်း စက်တင်ဘာလ ၂၀ ရက်နေ့၌ ခမာနီ ပြောက်ကျား ၁၇၀၀ သည် အစိုးရတပ်ဘက်သို့ ကူးပြောင်းဝင်ရောက်လာကြသည်။

တိုင်းပြုပြည်ပြုလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ငါးရက်တိုင်ဆွေးနွေးကြပြီးနောက် ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့၌ တစ်ခဲနက် အတည်ပြုခဲ့ကြသည်။ ကမ္ဘောဒီးယားဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် ပုဒ်မ ၁၃၉ ခု ပါဝင်သည်။

စက်တင်ဘာလ ၂၃ ရက်နေ့၌ ပီကင်းတွင် ဆေးဝါးကုသလျက်ရှိသော မင်းသားကြီးသီဟာနုသည် ဖနွမ်းပင်သို့ ပြန်လည်ရောက်ရှိလာသည်။ ထို့နောက် နောက်နေ့ စက်တင်ဘာလ ၂၄ ရက်နေ့၌ မင်းသားကြီးသီဟာနုက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုလက်မှတ်ရေးထိုးလိုက်သည်။ ကမ္ဘောဒီးယားဘုရင့်နန်းတော်ပြင်ဘက်တွင် စုရုံးနေကြသော ကမ္ဘောဒီးယားပြည်သူ ၄၀၀၀ ခန့်က အလံများ၊ သီဟာနု၏ တတ်ပုံရုပ်ပုံကားချပ်ကြီးများ

ကမ္ဘောဒီးယားနိုင်ငံ ဘုရင်အဖြစ် ရွေးချယ် တင်မြှောက်ခံရသော မင်းသားကြီးသီဟာနုအား ပြည်သူများက ဤသို့ ဂါရဝပြု နှုတ်ဆက်ကြသည်





ဖွန်ဆင်ပက်ပါတီအား ထောက်ခံနေကြသည့် သံဃာတော်များ (အပေါ်ပုံ)

နိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော ကမ္ဘောဒီးယားဒုက္ခသည်တစ်ဦး ခမာနီတို့ထိန်းချုပ်ထားသော နယ်မြေတွင် အိမ်ရာဆောက်လုပ်နေစဉ် (ယာအလယ်ပုံ)

ထိုင်းနိုင်ငံရောက် ကမ္ဘောဒီးယား ဒုက္ခသည်များ နေရပ်သို့အပြန် (အောက်ဝဲပုံ)

ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်တစ်ဦးက မြေမြှုပ်မိုင်းကို ရှာဖွေတွေ့ရှိစဉ် (အောက်ယာပုံ)







စာတန်းပါပိုစတာများကိုင်ဆောင်လျက် ကြွေးကြော်သံများကြွေးကြော်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ထောက်ခံခဲ့ကြသည်။ ဤသို့ဖြင့် ကမ္ဘောဒီးယားဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် စတင်အာဏာတည်ခဲ့သည်။ စက်တင်ဘာလ ၂၇ ရက်နေ့၌ မင်းသားကြီးသီဟာနုသည် ကမ္ဘောဒီးယားဘုရင်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့လေသည်။

စည်းမျဉ်းခံ ဘုရင်စနစ်ဖြင့် အုပ်ချုပ်သွားမည့် ကမ္ဘောဒီးယား အစိုးရအဖွဲ့တွင် ရာနာရစ်က ပထမဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး ဟွန်ဆန်က ဒုတိယ ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက် ကြမည်ဖြစ်သည်။ ဤသို့ဖြင့် ကမ္ဘောဒီးယားတွင် စည်းမျဉ်းခံဘုရင် စနစ်ဖြင့် အုပ်ချုပ်သည့် အစိုးရသစ်ပေါ်ပေါက်ခဲ့ပြီးနောက် ကမ္ဘောဒီးယား အသွင်ကူးပြောင်းရေးကာလ ကုလသမဂ္ဂအာဏာပိုင်အဖွဲ့ (အန်တက်) ၏ အခန်းကဏ္ဍသည်လည်း တရားဝင်ပြီးဆုံးခဲ့သည်။

ခမာနီခေါင်းဆောင် ခယူဆန်ဖန်က ကမ္ဘောဒီးယားဘုရင်သီဟာနုကို ထောက်ခံကြောင်း အောက်တိုဘာလ ၁ ရက်နေ့၌ ဘုရင်သီဟာနုအားဂါရဝပြုရန် ဖနွမ်းပင်သို့ ရောက်ရှိလာစဉ် ပြောကြားခဲ့သည်။ ဖနွမ်းပင်တွင် ရှိစဉ်အတွင်း ခယူဆန်ဖန်သည် ဘုရင်သီဟာနုနှင့် ဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့သည်။ ထို့နောက် သီဟာနုက နိုဝင်ဘာလတွင် ခမာနီအုပ်စုနှင့် ကမ္ဘောဒီးယားအစိုးရအဖွဲ့သစ်အကြား ဆွေးနွေးပွဲ ပြုလုပ်မည်ဖြစ်ကြောင်း တိုင်းပြည်သို့ ထုတ်ဖော်ပြောကြားသည်။

အစိုးရအဖွဲ့သစ်တွင် မိမိတို့အား အရေးပါသော ရာထူးနေရာများပေးပါက ၄င်းတို့ထိန်းချုပ်ထားသည့် နယ်မြေများနှင့် ခမာနီပြောက်ကျား ၁၀,၀၀၀ ကို အစိုးရအဖွဲ့သစ်သို့လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ခမာနီအုပ်စုက အစိုးရအဖွဲ့သစ်အား စောစောပိုင်းကတည်းက ကမ်းလှမ်းခဲ့ကြသည်။အစိုးရအဖွဲ့သစ် ပထမဝန်ကြီးချုပ် မင်းသားရာနာရစ်နှင့် ဒုတိယဝန်ကြီးချုပ် ဟွန်ဆန်တို့က ကမ္ဘောဒီးယားနယ်မြေဒေသအနှံ့အပြားတွင် အစိုးရတပ်များကို ခမာနီပြောက်ကျားတို့ တိုက်ခိုက်နေမှုများ မရပ်မချင်း ကမ်းလှမ်းချက်ကို စဉ်းစားမည်မဟုတ်ကြောင်း ပြန်ကြားသည်။

အောက်တိုဘာ ၉ ရက်နေ့၌ ကမ္ဘောဒီးယားအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးတစ်ဦးက ခမာနီတို့သည် အစိုးရကို တိုက်ခိုက်ရန် ပွင့်လင်းရာသီစစ်ဆင်ရေးစီမံချက်တစ်ရပ်ကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ ထို့နောက် အောက်တိုဘာလ ၁၅ ရက်နေ့၌ အစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦးက ခမာနီတို့သည် အစိုးရအဖွဲ့သစ်ကို အသိအမှတ်မပြုပါက နိုဝင်ဘာလတွင် ပြုလုပ်ရန်ရှိသည့် ခမာနီနှင့် အစိုးရသစ် ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ဖျက်သိမ်းပစ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပြန်သည်။ သည်နောက် အောက်တိုဘာလ ၂၉ ရက်နေ့တွင် လွှတ်တော်အစည်းအဝေးကို ကျင်းပခဲ့ပြီး ထိုအစည်းအဝေးက နိုင်ငံရေးဆိုင်ရာ ဝါဒ သဘောထားတစ်ရပ်ကို ချမှတ်ခဲ့သည်။ အဆိုပါ မူဝါဒအရ ခမာနီပြောက် ကျားအုပ်စုသည် အစိုးရအဖွဲ့သစ်ကို တရားဝင်အသိအမှတ်ပြုရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို လက်ခံရမည်။ အစိုးရတပ်များအား တိုက်ခိုက်မှုများ ရပ်ဆိုင်းရမည်။ ၄င်း၏ တပ်ဖွဲ့များနှင့် ထိန်းချုပ်နယ်မြေများကို အစိုးရအဖွဲ့သစ်သို့ လွှဲပြောင်းပေးရမည်ဖြစ်သည်။ ခမာနီများသည် ဖော်ပြပါ ဝါဒသဘောထားကိုလိုက်နာပါက အစိုးရအဖွဲ့တွင် အရေးပါသော ရာထူးများကို ရရှိကြလိမ့်မည်ဖြစ်ကြောင်း လွှတ်တော်အစည်းအဝေးက ကြေညာချက်ထုတ်သည်။ ကမ္ဘောဒီးယားအစိုးရသစ်တွင် ဗီယက်နမ်က တင်မြှောက်ခဲ့သော ယခင်အစိုးရမှ ပုဂ္ဂိုလ်များလွှမ်းမိုးနေသဖြင့် အစိုးရသစ်ကို အသိအမှတ်မပြုနိုင်ကြောင်း ခမာနီအုပ်စုက တုံ့ပြန်ပြောကြားခဲ့သည်။

ယင်းသို့သော အခြေအနေတွင် ကမ္ဘောဒီးယားဘုရင်သီဟာနုက ခမာနီတို့အား ဆွဲဆောင်စည်းရုံးမှုတစ်ရပ်အဖြစ် နိုဝင်ဘာ ၂၂ ရက်နေ့၌ ခမာနီတို့အား စကားကမ်းလှမ်းခဲ့ပြန်သည်။ ဘုရင်သီဟာနု၏ ကမ်းလှမ်းချက်ပါ အချက်များသည် အောက်တိုဘာလက ကျင်းပခဲ့သည့် လွှတ်တော်အစည်းအဝေး နိုင်ငံရေးဆိုင်ရာသဘောထားပါအချက်များနှင့် ကွဲပြားခြားနားမှုမရှိလှဘဲ ခမာနီတို့ပြောက်ကျားစစ်ကိုစွန့်၍ သိမ်းပိုက်နယ်မြေများ ပြန်အပ်ပါက အစိုးရအဖွဲ့တွင် ထိပ်တန်းရာထူးများပေးမည်ဖြစ်ကြောင်းများသာဖြစ်သည်။

ခမာနီပြောက်ကျားအုပ်စုသည် အစိုးရတပ်များနှင့် တွေ့ဆုံပြီး ပစ်ခတ်ထွက်ပြေးသည့်နည်းများကို နိုဝင်ဘာလအတွင်း ပိုမိုသုံးလာကြောင်း ကာကွယ်ရေးဝန်ကြီးဌာနအတွင်းဝန် အက်ဆိရေဝပ်က ထုတ်ဖော်ပြောကြားခဲ့ပြန်သည်။ ယင်းသို့ဖြင့် ကမ္ဘောဒီးယားအစိုးရသစ်နှင့် ခမာနီတို့သည် စေ့စပ်ရေးစားပွဲသို့ မရောက်နိုင်ကြသေးဘဲ ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလအတွင်းထိမူ လိပ်ခဲတည်းလည်းဖြစ်လျက်ရှိပေသည်။ ။



ပထမဆုံး မြန်မာ့ရုပ်ရှင် အကယ်ဒမီမင်းသားကြီး ဦးကျော်ဝင်း

**ကျော်ဝင်း၊ ဦး (အကယ်ဒမီ) (ခရစ် ၁၉၁၈–၁၉၉၃)** ။ ။မြန်မာ့ရုပ်ရှင်သမိုင်းတွင် ပထမဆုံးမြန်မာရုပ်ရှင် အကယ် ဒမီဆုကို အဦးဆုံးဆွတ်ခူးခဲ့သော ရုပ်ရှင်မင်းသားကြီး ဦးကျော်ဝင်းကို ၁၉၁၈ ခုနှစ်တွင် စစ်ကိုင်း ရွာသစ်ကြီး၌ အဖ ဦးတင်နှင့် အမိဒေါ်သန့်တို့က မွေးဖွားခဲ့ သည်။

ဦးကျော်ဝင်းသည် ၁၉၃၉ ခုနှစ်တွင် ပဲရော့ရုပ်ရှင်မှ ဒါရိုက်တာ ဆရာမြင့်ရိုက်ကူးသော "တောင်တော် သခင်မ" ဇာတ်ကားအတွက် မန္တလေးတွင် မင်းသားလာရောက် ရွေးချယ်ရာ မင်းသားပေါင်း ၂၇ ဦးထဲမှ ဦးကျော်ဝင်း အရွေးခံရ၍ တောင်တော်သခင်မ ဇာတ်ကားတွင် ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်ရိုက်ကူးခဲ့ရာမှ ရုပ်ရှင်လောကသို့ ခြေချခဲ့သည်။ ထိုဇာတ်ကားတွင် ရုပ်ရှင် မင်းသမီး ခင်မေလေး၊ မင်းသား ကိုဘမြင့်နှင့်အတူ သရုပ် ဆောင်ခဲ့ရသည်။

ထို့နောက်စစ်ကြိုခေတ်တွင် ပဲရော့ရုပ်ရှင်မှပင် ဒါရိုက်တာ ဆရာရွှေရိုက်ကူးသော "သဲလက်သည်း" ဇာတ်ကားတွင် မင်းသမီးခင်ခင်စိန်နှင့် တွဲဖက်၍ လည်းကောင်း ၊ဒါရိုက်တာ ဦးအောင်ဇံရိုက်ကူးသော "ထိလတ်ပိုးဥ" ဇာတ်ကားတွင် မင်းသမီး ခင်ခင်လေးနှင့် လည်းကောင်း ရိုက်ကူးခဲ့သည်။ဒုတိယကမ္ဘာစစ်အတွင်း၌ ရုပ်ရှင်များမရိုက်နိုင်ဘဲ ရပ်နားနေခဲ့ကာ ပြဇာတ်လောကသို့ ဝင်ရောက်ကခဲ့သည်။ ဒါရိုက်တာရွှေခုံ:ဘိအောင် တင်ဆက်သည့် "တကယ့်စစ်သား" ပြဇာတ်တွင် ခေါင်း ဆောင် မင်းသား အဖြစ် ကပြခဲ့သည်။

ထိုပြဇာတ်သည် တိုက်ပွဲခန်းများ ပါသော စစ်သားဘဝ သရုပ်ဖော် ပြဇာတ်ဖြစ်၍ ပြဇာတ်တွင်ပါဝင်သူများအား သရုပ်ဆောင်ပီပြင်ရေးနှင့် သဘာဝကျရေးအတွက် တပ်မတော်သားများ ကိုယ်တိုင် စစ်ပညာများလေ့ကျင့် သင်ကြားပေးခဲ့ရသည်။ ထိုစဉ်က ဗိုလ်မှူးကြီး မိုးကျ (အငြိမ်းစား ဗိုလ်မှူးကြီး မိုးကျ) (နိုင်ငံ့ဂုဏ်ရည် ပထမဆင့်) ကိုယ်တိုင် ကြပ်မတ် သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ ထိုပြဇာတ်ကပြခဲ့စဉ်က ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာစစ်ဘက်အရာရှိကြီးများ၊ ဗိုလ်မိုးကြီးနှင့် ဂျပန်စစ်အရာရှိကြီးများလာရောက်ကြည့်ရှု အားပေး ခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးပြီးဆုံး၍ မဟာမိတ်တပ်များ ပြန်လည်ဝင်ရောက်လာသောအချိန်တွင် "ကမ္ဘာစစ်ကြီးမှာ" အမည်ရှိပြဇာတ်ကိုဦးကျော်ဝင်းပါဝင်ကပြသည်။ ပြဇာတ် ဒါရိုက်တာမှာ ဆရာခန့်ဖြစ်ပြီး၊ မင်းသမီးများမှာ ခင်မာကြည်နှင့် ခင်ခင်တင့်တို့ဖြစ်ကြသည်။ ပထမ၌ မြို့ရုံတွင် စတင်ကပြသည်။ နောက်ပိုင်း၌ ဂျူဗလီတွင် ဆက်လက်ကပြသည်။ ဂျူဗလီတွင် ကပြစဉ်၌ အမေရိကန် ဒုတိယသမ္မတနှင့် သန်းကြွယ်သူဌေးကြီး "ရော့ဖယ်လား" တို့လာရောက်ကြည့်ရှုပြီး အပျော်တမ်း ရုပ်ရှင်ရိုက်ကူး စက်ဖြင့် ရိုက်ကူးသွားခဲ့သည်။

ရော့ဖယ်လားက ဦးကျော်ဝင်းအား အိန္ဒိယရုပ်ရှင် သရုပ်ဆောင် ချီးဘူးကို ကမ္ဘာ့ရုပ်ရှင်လောကသို့ သွင်းပေး ခဲ့ရာ အောင်မြင်နေကြောင်း၊ ဦးကျော်ဝင်းသည်လည်း အလားအလာရှိကြောင်းပြော၍ ဦးကျော်ဝင်းအား အမေရိကန်ပြည်ထောင်စုသို့ လိုက်ရန်ခေါ်လေသည်။ လုပ်ဖော်ကိုင်ဖက် ဝိုင်းတော်သားများကတား၍ မလိုက်ဖြစ် ခဲ့ပေ။

ဦးကျော်ဝင်းသည် "စောဘုရင်ခံ" ပြဇာတ်ကိုနောက်ဆုံး ကပြခဲ့ပြီး ရုပ်ရှင်ပြန်လည်ရိုက်ကူးခဲ့သည်။ စစ်ကြိုခေတ်က ပထမဆုံး ရိုက်ကူးခဲ့သော "သွေးတစ်စက်" ဇာတ်ကားကို ပြန်လည်ရိုက်ကူးသည်။ မင်းသမီးမှာ အလှဘုရင်မ ခင်မြရင်ဖြစ်သည်။ ၁၉၅၂ ခုနှစ်တွင် မြန်မာ့ ရုပ်ရှင် အနုပညာနှင့် စက်မှုလက်မှုများ တိုးတက်စေရန် ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားရေးအကဲဖြတ်အဖွဲ့ကိုဖွဲ့ပြီး မြန်မာဇာတ်ကားများကို စစ်ဆေး၍ပထမဆုံးအကြိမ် အကယ်ဒမီဆုများကို ချီးမြှင့်ခဲ့ ရာ ၁၉၅၁ ခုနှစ်၌ ညွှန့်မြန်မာရုပ်ရှင်အတွက် ဒါရိုက်တာ ရွှေခုံ:ဘိအောင်ရိုက်ကူးသည့် "မာလာရီ" ဇာတ်ကားတွင် ပီပြင်ပြောင်မြောက်စွာ သရုပ်ဆောင်ခဲ့သော ရုပ်ရှင် မင်းသား ဦးကျော်ဝင်းအား ပထမဆုံး အမျိုးသားသရုပ် ဆောင် အကယ်ဒမီဆုကို ချီးမြှင့်ခဲ့သည်။ ထိုအချိန်က အကောင်းဆုံး ရုပ်ရှင်ဇာတ်ကား၊ ဇာတ်လိုက်မင်းသားနှင့် မင်းသမီးဆုဟူ၍ ဆုသုံးဆု ပေးခဲ့ရာ အကောင်းဆုံးရုပ်ရှင် ဇာတ်ကားဆုများအဖြစ် ပထမ ချစ်သက်ဝေ (အေဝမ်း)၊ ဒုတိယ မယားနှင့်လူပျို (အောင်ဇေယျ) နှင့် တတိယ ချစ်၍ခေါ်ရာ (ဗြိတိသျှဘားမား) တို့က ရရှိခဲ့ပြီး ရုပ်ရှင် အနုပညာသည်ဆုအတွက် အကောင်းဆုံး အမျိုးသား သရုပ်ဆောင်ဆုကို ဦးကျော်ဝင်းက မာလာရီဇာတ်ကားဖြင့်

ရရှိသည်။ အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆုကို ကြည်ကြည်ဌေးက ချစ်သက်ဝေကားအတွက် ရရှိခဲ့သည်။

မာလာရီဇာတ်ကားသည် ၁၉၅၁ ခုနှစ်တွင် ရိုက်ကူးပြီး ထိုနှစ်မှာပင် ရုံတင်ကပြခဲ့သောကားဖြစ်သည်။ ခေါင်းဆောင်မင်းသမီးမှာ တင်တင်မူဖြစ်သည်။ လွတ်လပ်ရေး တည်တံ့ခိုင်မြဲရေးဆိုသည့်အနှစ်သာရကို ဖော်ဆောင်သည့် နိုင်ငံရေးနှင့် စစ်ရေးနောက်ခံကား ဖြစ်သည်။ ထိုကားတွင် ဦးကျော်ဝင်းသည် အမျိုးသား နိုင်ငံရေးလှုပ်ရှားမှုနှင့် လွတ်လပ်ရေးထိန်းသိမ်းကာကွယ်ရေးကို ဆောင်ရွက်သည့် ခေါင်းဆောင်တစ်ဦးအဖြစ် ပင်ပင် ပန်းပန်း စွန့်စွန့်စားစား သရုပ်ဆောင်ခဲ့သည်။

၁၉၄၈ ခုနှစ်ကာလ၌ တင်တင်(တင်တင်မူ) သည် မုဒုံမယ်ရပြီး ရုပ်ရှင်လောကသို့ "လင်နှင့်အပျို" ဇာတ်ကားဖြင့် ဝင်ရောက်ခဲ့ရာ ဦးကျော်ဝင်းနှင့် စတင်တွေ့ရှိပြီး "ညာလက်ရုံး" ဇာတ်ကားကို အတူတွဲရိုက်ကူးခဲ့ရာမှ မေတ္တာ မျှ ကာ ထိမ်း မြား လက် ထပ် ခဲ့ ကြ သည်။ ဦးကျော်ဝင်းနှင့် ဒေါ်တင်တင်မူတို့သည် ၁၉၅၇ – ၅၉ ခုနှစ်တွင် မြတ်မော်ဦး ရုပ်ရှင်ကုမ္ပဏီကို စတင်တည်ထောင်ပြီး ရုပ်ရှင်ထုတ်လုပ်ရေး လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ မြတ်မော်ဦးကုမ္ပဏီမှ "နှင်းတွေဝေမှဖြင့်" ဇာတ်ကားကို စတင်ရိုက်ကူးပြီး ၁၉၆၈ ခုနှစ်တွင် ဒါရိုက်တာ ဦးအောင်ကြီးရိုက်ကူးသည့် "သံသာလေကမ်းတိုင်" ဇာတ်ကားတွင်ဦးကျော်ဝင်းသည် ခေါင်းဆောင်ပါဝင်ကာ ဒမသစ်၊ တင်တင်မူ တို့နှင့် ရိုက်ကူး ခဲ့သည်။

ဦးကျော်ဝင်းသည် အားလပ်သည့်အချိန်များတွင် ဘိလိယက်ထိုး အားကစားနည်းကို ကစားလေ့ရှိသည်။ ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စု ကလပ်တွင် ကျင်းပသည့် မြန်မာနိုင်ငံဘိလိယက် ပြိုင်ပွဲတွင် ချန်ပီယံ(ပထမဆု) ကို ဆွတ်ခူး ရရှိခဲ့သည်။

ဦးကျော်ဝင်းသည့် ရုပ်ရှင်အနုပညာပြည့်ဝသော အဆင့်မြင့်ရုပ်ရှင်အနုပညာရှင်ကြီးဖြစ်သည်။ ဒါရိုက်တာ၏ ညွှန်ကြားမှုကို အလွယ်တကူနားလည်သဘောပေါက်ပြီး ပီပြင်အောင် သရုပ်ဆောင်နိုင်စွမ်းရှိကာ အချို့အခန်းများတွင် လိုချင်သည့် ပုံစံကိုပြောလိုက်ပါက ဇာတ်လမ်း ဇာတ်ကွက်နှင့် အံဝင်ခွင်ကျဖြစ်အောင် သရုပ်ဆောင်နိုင်သည်ဟု ပြောစမှတ်ပြုရသော ရုပ်ရှင်အနုပညာရှင် တစ်ယောက် ဖြစ်သည်။

ဦးကျော်ဝင်းသည် မကွယ်လွန်မီ အချိန်အထိ ရုပ်ရှင်ဇာတ်ကားပေါင်း ၅၀ ကို ရိုက်ကူးခဲ့သည်။ ပထမဆုံး အကယ်ဒမီ (အမျိုးသား သရုပ်ဆောင်) ဆုရှင်မင်းသားကြီး ဦးကျော်ဝင်းသည်၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးရုပ်ရှင်မင်းသမီးကြီး ဒေါ်တင်တင်မူနှင့် သမီးများ ဖြစ်ကြသော ရုပ်ရှင်မင်းသမီး ဒေစီကျော်ဝင်းနှင့် မေမိကျော်ဝင်းတို့ ကျန်ရစ်ခဲ့ကြသည်။



စာရေးဆရာ ကြူရတနာ မောင်မြကြိုင်

## ကြူရတနာမောင်မြကြိုင် (ခရစ်၁၉၄၄–၁၉၉၃)။။

စာရေးဆရာကြူရတနာမောင်မြကြိုင်ကို အဖဦးတင်ညွန့်၊ အမိ ဒေါ်ဖွားဝုံတို့က ၁၉၄၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ရေစကြိုမြို့နယ်၊ ကြူရွာ၌ဖွားမြင်သည်။ နာမည်ရင်းမှာ ဦးမြကြိုင် ဖြစ်သည်။

၁၉၆၁ ခုနှစ်တွင် မြင်းခြံမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁) မှ ကျောင်းထွက်လက်မှတ်ရ စာမေးပွဲ အောင်မြင်သည်။ ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလထုတ် ပညာတန်ဆောင်မဂ္ဂဇင်းတွင် " ငါ့အတွက်မဟုတ်ပါ" ကဗျာဖြင့် စာပေနယ်သို့ ဝင်ရောက်သည်။ မူလတန်းပြဆရာ၊ အလယ်တန်းပြဆရာနှင့် စာကြည့်တိုက်မှူး တာဝန်ထမ်းဆောင်ရင်း မဂ္ဂဇင်းများတွင် ဆောင်းပါး၊ ဝတ္ထုတိုနှင့် ဝတ္ထုရှည်များ ဆက်လက်ရေးသားသည်။

ကြူရတနာမောင်မြကြိုင်သည် စာပေဗိမာန်စာမူဆု ပြိုင်ပွဲတွင် ၁၉၇၉ ခုနှစ်အတွက် ဝတ္ထုတို ပေါင်းချုပ် ပထမဆုကို "ဆရာမုန်းဝတ္ထုတိုများ" စာမူဖြင့်လည်းကောင်း၊ ၁၉၈၃၂ ခုနှစ်အတွက် ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုကို "နဝရတ်ကိုးသွယ် ဝတ္ထုတိုများ" စာမူနှင့် လူငယ်စာပေ ဒုတိယဆုကို "ကွက်လပ်ဖြည့်ပါ" စာမူတို့ဖြင့်လည်းကောင်း၊ ၁၉၈၅ ခုနှစ်အတွက် ကလေးစာပေ ပထမဆုကို "အညာသူမလေးညိုမြ" စာမူဖြင့်လည်းကောင်း၊ ၁၉၈၉ ခုနှစ်အတွက်ဝတ္ထုတိုပေါင်းချုပ်ဒုတိယဆုကို "ကြူရတနာဝတ္ထုတိုများ" စာမူနှင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ တတိယဆုကို " ကောက်သင်းစာ" စာမူတို့ဖြင့်လည်းကောင်း၊ ၁၉၉၁ ခုနှစ်အတွက် ဝတ္ထုတိုပေါင်းချုပ်

တတိယဆုကို " နံ့သာစံအိမ် ပန်းသင်းချိန် ဝတ္ထုတိုများ" စာမူဖြင့်လည်းကောင်း စာပေဗိမာန် စာမူဆုခုနစ်ဆု ရရှိသည်။

ကြူရတနာမောင်မြကြိုင်သည် ပခုက္ကူဆရာ အတတ်သင်သိပ္ပံတွင် စာကြည့်တိုက်မှူး တာဝန် ထမ်းဆောင်ရင်း ၁၉၉၃ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့၌ ပခုက္ကူမြို့တွင်ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ ဇနီး ဒေါ်ခင်လှိုင်နှင့် သားသမီး ငါးယောက်ကျန်ရစ်သည်။

**ချက်နှင့် စလိုဗက်။** ။ဥရောပမှ ကွန်မြူနစ်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် ယခင်ချက်ကိုစလိုဗက်ကီးယားနိုင်ငံတွင် ၁၉၈၉ ခုနှစ်တွင် ကမ္ဘာအနှံ့ရိုက်ခတ်လာသည့် ဒီမိုကရေစီ အရေး လှုပ်ရှားမှုလှိုင်းဂယက်ကြောင့် ကွန်မြူနစ်စနစ် ပြိုလဲကျဆုံးခဲ့ရပြီး ဒီမိုကရေစီနည်းဖြင့် ရွေးကောက် တင်မြှောက်သည့် အစိုးရအဖွဲ့ ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည်။ အရပ်ဘက်မှ နာမည်ကျော် ပြဇာတ်ရေးဆရာတစ်ဦး ဖြစ်သည့် ဗက်ကလပ်ဟာဗဲသည်လည်း ချက်ကိုစလိုဗက် ကီးယားနိုင်ငံ၏ သမ္မတဖြစ်လာခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၀-စာ၊ ၁၈၆-ရှု။)၊ (စွယ်စုံနှစ်ချုပ် ၁၉၉၁-စာ၊ ၂၀၃-ရှု။)

နိုင်ငံ၏အမည်ကိုလည်း ချက်နှင့်စလိုဗက်သမ္မတနိုင်ငံ ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ နိုင်ငံရေးအခြေအနေများ ယင်းသို့ရှိနေခဲ့ရာမှ တစ်စတစ်စ ပြောင်းလဲတိုးတက် ဖြစ်ပေါ်ခဲ့ရာ ယခုအခါ ချက်နှင့် စလိုဗက်သမ္မတနိုင်ငံအား ပိုင်းခြားကာ အချုပ်အခြာအာဏာပိုင်သည့် တစ်နိုင်ငံချင်း အဖြစ် ခွဲထွက်ထူထောင်ရန် သဘောတူညီမှုရရှိခဲ့ကြပြီး ချက်သမ္မတနိုင်ငံနှင့် စလိုဗက်သမ္မတနိုင်ငံ အဖြစ်အသီး သီး ဖြစ်ပေါ်ခဲ့ကြပြီဖြစ်သည်။ နှစ်နိုင်ငံစလုံး ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများပင် ဖြစ်နေကြပြီဖြစ်သည်။ ပြောင်းလဲ ဖြစ်ပေါ်ခဲ့သည့် ချက်ကိုစလိုဗက်ကီးယားနိုင်ငံ၏ နိုင်ငံရေး ဖြစ်စဉ်မှာ အထင်းသားတွေ့မြင်နိုင်ပေသည်။

၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ ကတည်းက ချက်ကိုစလိုဗက် ကီးယားနိုင်ငံ သမ္မတဖြစ်လာသူ ဗက်ကလပ်ဟာဗဲက နောက်ထပ်သမ္မတ သက်တမ်းအတွက် ပါဝင် အရွေးခံမည် ဖြစ်ကြောင်း ၁၉၉၂ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့တွင် ကြေညာ ခဲ့သည်။ ဟာဗဲက မိမိမှာ သမ္မတဖြစ်ချင်၍ မဟုတ်ကြောင်း၊ လုပ်ကိုင်ဆောင်ရွက်သင့်သော အခြေအနေများရှိနေ သောကြောင့် ဖြစ်ကြောင်း၊ ချက်နှင့် စလိုဗက်တို့အနေဖြင့် တစ်နိုင်ငံတည်း ပေါင်းစည်း နေထိုင်ရန် လိုအပ်မည်ဟု မိမိယုံကြည်ကြောင်း ပြောကြားခဲ့သည်။ စင်စစ်အားဖြင့် ဟာဗဲသည် ချက်ကိုစလိုဗက်ကီးယား ပြည်ထောင်စု ကြီးအား ဖျက်သိမ်းပြီး ချက်နှင့် စလိုဗက် တစ်နိုင်ငံစီ ခွဲခြား ထူထောင်ရေးကို မလိုလားသူဖြစ်သည်။

ဤသို့ရှိနေခဲ့ရာမှ ၁၉၉၂ ခုနှစ်၊ ဇွန်လ ၅ ရက်နှင့် ၆ ရက်နေ့များတွင် ချက်ကိုစလိုဗက်ကီးယား ပြည်ထောင်စု

**စလိုဗက်လူမျိုးများနှင့်အတူတကွ ပူးတွဲနေထိုင်ရေးဆန္ဒ ခံယူပွဲကို ထောက်ခံကြသည့် ချက်ပြည်သူများ၊**





**လူထုစည်းဝေးပွဲတစ်ရတွင် မိန့်ခွန်းပြောကြားနေသော မက်စီယာ**

လွတ်တော်နှစ်ရပ်နှင့် ချက်နှင့် စလိုဗက်နိုင်ငံပါလီမန်များဆိုင်ရာရွေးကောက်ပွဲကျင်းပခဲ့သည်။ အဆိုပါရွေးကောက်ပွဲက ချက်ကိုစလိုဗက်ကီးယားပြည်ထောင်စုအား ဖျက်သိမ်းပြီး ချက်နှင့် စလိုဗက်တစ်နိုင်ငံစီ သီးခြားထူထောင်ရေးကို တွန်းအားပေးသလို ဖြစ်သွားခဲ့သည်။

**မိမိအား ထောက်ခံသူများကို နှုတ်ဆက်နေသည့် ကလော့စ်**

ရွေးကောက်ပွဲတွင် ချက်နယ်မြေဘက်၌ ဖက်ဒရယ်ဘဏ္ဍာရေးဝန်ကြီး ဗက်ကလပ်ကလော့စ် ဦးဆောင်သည့် လစ်ဘရယ်ဆီဗစ် ဒီမိုကရက်တစ်ပါတီ (အိုဒီအက်စ်) က နေရာအများစု အနိုင်ရရှိခဲ့ပြီး စလိုဗက်ကီးယားဘက်၌ ဗလာဒီမာမက်စီယာဦးဆောင်သည့် ဒီမိုကရက်တစ်စလိုဗက်ကီးယား လှုပ်ရှားမှုအဖွဲ့ (အိတ်ချ်ဇက်ဒီအက်စ်) က အနိုင်ရရှိသည်။

ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ကြသည့် ယင်းပါတီနှစ်ရပ်သည် ကြားဖြတ်ကာလ ဖက်ဒရယ် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေးဆိုင်ရာ သဘောတူညီမှုကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ နောက်ပိုင်းကာလတွင် ချက်ကိုစလိုဗက်ကီးယားပြည်ထောင်စုအား ဖျက်သိမ်းရန်ကိစ္စကို အဆိုပါဖက်ဒရယ်ညွန့်ပေါင်းအစိုးရက ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါလုပ်ဆောင်ချက်ကို နိုင်ငံရေးဝေဖန်ဆန်းစစ်သူများက ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလက ဖြစ်ပွားခဲ့သည့် ' ကတ္တီပါတော်လှန်ရေး ' နောက်ပိုင်းဆက်လက်ပေါ်ပေါက်လာသော 'ကတ္တီပါခွဲခွာခြင်း' ဟု ကင်းပွန်းတပ်ကာ မကြာခဏရည်ညွှန်းပြောဆိုကြသည်။ ညင်ညင်သာသာဖြင့်တော်လှန်ရေးဖြစ်ပွားခဲ့ပြီး ညင်ညင်သာသာဖြင့် ငြိမ်းချမ်းစွာခွဲခွာခြင်းဖြစ်သည်ဟု ဆိုလိုပေသည်။

တစ်ဖက်တွင် ပြည်ထောင်စုမပြိုကွဲရေးကို လိုလားသူ သမ္မတ ဗက်ကလပ်ဟာဗဲက ပြည်ထောင်စုအစိုးရဖွဲ့စည်း



ရေးကို ညှိနှိုင်းဆွေးနွေးကြရန် ကလော့စ်အား တိုက်တွန်းပြောကြားခဲ့သည်။ ဟာဗဲ၏ ဤပြုမူမှုကြောင့် မက်စီယာက ဇူလိုင်လ ၃ ရက်နေ့တွင် ကျင်းပရန်ရှိနေသည့် သမ္မတရွေးကောက်ပွဲတွင် ဟာဗဲသမ္မတလောင်း ဖြစ်ရေး အတွက် ၎င်း၏ ပါတီထောက်ခံမှုကို ပြန်လည်ရုပ်သိမ်း လိုက်သည်။ ထို့ပြင် စလိုဗက်အမျိုးသားကောင်စီက အတည်ပြုပေးမည့် စလိုဗက်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာစေရေး အတွက် ၎င်းပါတီ၏ ရည်ရွယ်ချက် ကိုလည်း မက်စီယာက ပြောကြားခဲ့သည်။

ဤသို့ဖြင့် ရွေးကောက်ပွဲအပြီး အနိုင်ရရှိခဲ့ကြသည့် အင်အားအကြီးဆုံး ပါတီကြီးနှစ်ရပ် ဖြစ်ကြသော လစ်ဘရယ်ဆီဗစ်ဒီမိုကရက်တစ်ပါတီနှင့် ဒီမိုကရက်တစ် စလိုဗက်ကီးယား လုပ်ရှားမှုအဖွဲ့တို့အကြား ဇွန်လအတွင်း အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ရာ နောက်ဆုံးတွင်ကွဲလွဲချက်များရှိလင့်ကစားကြားဖြတ်ကာလ ဖက်ဒရယ်အစိုးရဖွဲ့စည်းရန်နှင့် ချက်နှင့်စလိုဗက် ဒေသဆိုင်ရာ ပါလီမန်များက ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် အနာဂတ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာလုပ်ငန်းစဉ်များကို လုပ်ကိုင်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

ဆီဗစ်ဒီမိုကရက်တစ်ပါတီအနေဖြင့်မူ ပြည်ထောင်စုအဖြစ် ဆက်လက်ဖွဲ့စည်းတည်ရှိရေးကို လိုလားပြီး ဒီမိုကရက်တစ်စလိုဗက်ကီးယားလှုပ်ရှားမှုအဖွဲ့က အချုပ်အခြာအာဏာသီးခြားစီပိုင်ဆိုင်သည့် နှစ်နိုင်ငံကွန်ဖက်ဒရေးရှင်းဖြစ်ရေးကိုသာ ပိုမိုအားသန်ပေသည်။

သဘောတူညီထားသည့်အတိုင်းပင် ဆီဗစ်ဒီမိုကရက်တစ်ပါတီနှင့် ဒီမိုကရက်တစ်စလိုဗက်ကီးယားလှုပ်ရှားမှုအဖွဲ့တို့ လွှမ်းမိုးထားသည့် အဖွဲ့ဝင် ၁၀ ဦးပါဝင်သော ဖက်ဒရယ်အစိုးရအဖွဲ့ကို ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ တွင် ကြေညာခဲ့သည်။

စလိုဗက်နယ်မြေဘက်တွင် မက်စီယာက ဝန်ကြီးချုပ်အဖြစ်ဦးဆောင်သောဒီမိုကရက်တစ်စလိုဗက်ကီးယားလှုပ်ရှားမှုအဖွဲ့လွှမ်းမိုးသည့်အစိုးရအဖွဲ့ တက်လာခဲ့သည်။ စလိုဗက်အမျိုးသားကောင်စီသို့ မိန့်ခွန်းပြောကြားရာတွင် မက်စီယာက ၎င်း၏အစိုးရအဖွဲ့သစ်အနေဖြင့် ကိုယ်စားလှယ်များက အတည်ပြုနိုင်ရေးအတွက် စလိုဗက် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကြေညာချက်ကို ဇူလိုင်လအတွင်းတင်ပြမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ချက်နယ်မြေဘက်တွင်လည်း ဆီဗစ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ဖက်ကလပ်ကလော့စ် ဝန်ကြီးချုပ်အဖြစ်ဦးဆောင်သည့် အစိုးရအဖွဲ့သည် ဇူလိုင်လ ၂ ရက်နေ့တွင် တက်လာခဲ့သည်။

ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် ချက်ကိုစလိုဗက်ကီးယားပြည်ထောင်စုသမ္မတရွေးချယ်ပွဲကို ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ ၁၆ ရက်နှင့် ၃၀ ရက်နေ့များတွင် သုံးကြိမ်ကျင်းပရာ လိုအပ်သည့်မဲအရေအတွက် မရရှိသည့်အတွက် မည်သူမျှ ရွေးချယ်တင်မြှောက်ခြင်း မခံရပေ။

အခြေအနေများ ဤသို့ဖြစ်ပေါ်နေရာမှ ဇူလိုင်လ ၁၇ ရက်နေ့တွင် စလိုဗက်အမျိုးသားကောင်စီက အချုပ်အခြာအာဏာပိုင် စလိုဗက်သမ္မတနိုင်ငံအဖြစ် ကြေညာချက်ကို အတည်ပြုခဲ့သည်။ယင်းကြေညာချက်ကို ထောက်ခံမဲ ၁၁၃ မဲ၊ကန့်ကွက်မဲ ၂၄ မဲ၊ကြားနေမဲ ၁၀ မဲဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

စလိုဗက်မှ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကြေညာချက်ထွက်ပေါ်ခဲ့ပြီး နာရီပိုင်းဆိုသလိုပင် ဟာဗဲက ချက်ကိုစလိုဗက်သမ္မတအဖြစ်မှ ဇူလိုင်လ ၂၀ ရက်နေ့မှ စတင်ပြီး နုတ်ထွက်ကြောင်းကြေညာခဲ့သည်။ ရုပ်မြင်သံကြားမှ မိန့်ခွန်းပြောကြားရာတွင် ဟာဗဲက ချက်နှင့်စလိုဗက်ဖက်ဒရယ်သမ္မတနိုင်ငံ၏ ကျေးဇူးသစ္စာကို စောင့်သိရန် ကတိပြုချက်များကို ဖြည်းဆည်းပေးရန်လည်းကောင်း၊ မိမိ၏စိတ်နေသဘာဝ၊ ဆောင်ရွက်ချက်၊ အသိတရားတို့နှင့် ကိုက်ညီမည့် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်မြောက်ရန် ဆောင်ရွက်ပေးရေးကိုလည်းကောင်း မိမိအနေဖြင့် လုပ်ဆောင်နိုင်တော့မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ သမ္မတဟာဗဲ၏ တာဝန်ဝတ္တရားများကို ဖက်ဒရယ်အစိုးရဝန်ကြီးချုပ် ဂျန်စထရာစကီက သမ္မတသစ် ရွေးချယ်ပြီးသည့်တိုင်အောင် ဆောင်ရွက်သွားရန် ဖက်ဒရယ်အစိုးရက ဇူလိုင်လ ၂၀ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။

ယင်းသို့ ဖြစ်ပေါ်နေစဉ် ကလော့စ်နှင့် မက်စီယာတို့က နှစ်ဦးနှစ်ဖက်သဘောတူညီမှုတစ်ရပ်ကို ဇူလိုင်လ ၂၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါသဘောတူညီချက်တွင် ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ချက်ကိုစလိုဗက်နိုင်ငံအား ဖျက်သိမ်းရန်အတွက် ဆောင်ရွက်သွားရမည့်အချက်များကို ဖော်ပြထားသည်။ ကလော့စ်နှင့် မက်စီယာတို့ ဦးဆောင်သည့် ပါတီနှစ်ရပ်စလုံးက ပြည်ထောင်စုဖျက်သိမ်းရေးအတွက် လိုအပ်မည့် ဥပဒေကို ပြင်ဆင်ရန် ဖက်ဒရယ်လွှတ်တော်ကို တိုက်တွန်း ပန်ကြားမည်ဖြစ်သည်။ အဆိုပါဥပဒေမှာ ဖက်ဒရယ် အထက်နှင့် အောက်လွှတ်တော်နှစ်ရပ်စလုံးတွင် မဲဆန္ဒ ၆၀ ရာခိုင်နှုန်း

ထောက်ခံအတည်ပြုချက် ရရှိရန် လိုအပ်မည် ဖြစ်သည်။ ချက်နှင့် စလိုဗက် ပြည်ထောင်စုများ အနေဖြင့် ပြည်သူ့ရေးရာကိစ္စရပ်များ၊ နိုင်ငံခြားရေး၊ ကာကွယ်ရေးနှင့် စီးပွားရေး ကိစ္စရပ်များ ဆိုင်ရာ သဘောတူ စာချုပ်များကို ပြင်ဆင်ရေးဆွဲသွားမည်ဖြစ်သည်။

ချက်နှင့် စလိုဗက် နှစ်နိုင်ငံအကြား လွတ်လပ်စွာကူးသန်းသွားလာမှုနှင့် နှစ်နိုင်ငံစလုံးရှိ နိုင်ငံသားများ၏ အခွင့်အရေးများကို အာမခံချက်ပေးမည်ဖြစ်သည်။ စလိုဗက်ရှိ ချက်နိုင်ငံသားများကို နိုင်ငံခြားသားများ အဖြစ် သဘောထားမည် မဟုတ်ဘဲ ချက်ရှိ စလိုဗက်နိုင်ငံသားများကိုလည်း အလားတူ သဘောထားမည်မဟုတ်ချေ။ ဥရောပဘုံဈေးအဖွဲ့ကဲ့သို့သော နိုင်ငံကြီးများတွင် လက်ရှိဖွင့်လှစ်ထားရှိသည့် ချက်ကိုစလိုဗက် သံရုံးများကို ချက်နှင့် စလိုဗက် နှစ်နိုင်ငံစလုံးကို ကိုယ်စားပြုသည့် သံရုံးများ အဖြစ် ဆက်လက်ဖွင့်လှစ်ထားရှိမည်ဖြစ်သည်။ နှစ်နိုင်ငံအဖြစ် သီးခြားခွဲထွက် ထူထောင်ရာတွင် နှစ်နိုင်ငံစလုံး၏ ကာကွယ်ရေးအကျိုးစီးပွားများ အင်အားနည်းပါးသွားစေသည် အထိမဖြစ်စေသင့်ဟု သဘောတူညီကြသည်။ ထို့အပြင် အကောက်ခွန်သမဂ္ဂအဖွဲ့, ဝန်ဆောင်မှုနှင့် ကုန်ပစ္စည်းတွင် လွတ်လပ်စွာကုန်သွယ်မှု၊ ငွေပင်ငွေရင်း၊ ငွေကြေးနှင့် လုပ်အားများလွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်မှုများလည်းထားရှိမည်ဖြစ်သည်။ သို့ရာတွင် တစ်ခုတည်းသော ငွေကြေးအဖြစ် နှစ်နိုင်ငံစလုံးတွင် ဆက်လက်ထားရှိသုံးစွဲမည် မသုံးစွဲမည်ကိုမူ ဆုံးဖြတ်ခြင်းမရှိခဲ့ပေ။

ဤသို့ဖြင့် ကလော့စ်နှင့် မက်စီယာတို့ အကြားဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ပြုလုပ်ခဲ့ရာ ချက်ကိုစလိုဗက်ကီးယားပြည်ထောင်စုမှ ခွဲထွက်ပြီး လွတ်လပ်သော ချက်နိုင်ငံနှင့် စလိုဗက်နိုင်ငံများအဖြစ် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင်တရားဝင် စတင်ထူထောင်ရန် ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် သဘောတူညီခဲ့ကြသည်။ ပြည်သူ့ဆန္ဒသဘောထားကောက်ယူချက်အရ နှစ်ပြည်ထောင်ရှိ ပြည်သူအများစုမှာ ပြည်ထောင်စုမှ ခွဲထွက်ရေးကို မလိုလားကြောင်း သိရှိရသည်။

တစ်ချိန်တည်းမှာပင် နုတ်ထွက်သွားသော သမ္မတဗက်ကလပ်ဟာဗဲ၏ နေရာအတွက် ဖက်ဒရယ် သမ္မတသစ်စတုတ္ထအကြိမ် ရွေးချယ်ပွဲကို ဖက်ဒရယ်ပါလီမန်က ဆောင်ရွက်ရာ မအောင်မြင်ခဲ့ပေ။ ဖက်ဒရယ်ပါလီမန်ရှိ မည်သည့်ပါတီကမျှ သမ္မတလောင်းအမည် စာရင်းကို တင်ပြခြင်းမရှိရာ သမ္မတရွေးချယ်ပွဲကို စက်တင်ဘာလ ၂၄ ရက်နေ့အထိ ရွှေ့ဆိုင်းခဲ့ရသည်။

အခြေအနေများ ဆက်လက်တိုးတက် ဖြစ်ပေါ်ခဲ့ရာ ဩဂုတ်လ ၂၇ ရက်နေ့တွင် ရရှိခဲ့သော သဘောတူညီချက်အရ စလိုဗက်အမျိုးသားကောင်စီသည် စလိုဗက်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုချမှတ်ရန် စက်တင်ဘာလ ၁ ရက်နေ့တွင် မဲပေးဆုံးဖြတ်ခဲ့သည်။ ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသသော စက်တင်ဘာလ ၃ ရက်နေ့က ဘရက်တစ်လာဗာရဲတိုက်တွင် ကျင်းပသည့် အခမ်းအနားတွင် စလိုဗက်အမျိုးသားကောင်စီဥက္ကဋ္ဌ အီဗန်ဂက်စပါရိုဗစ်နှင့် စလိုဗက်ဝန်ကြီးချုပ် ဗလာဒီမာမက်စီယာတို့က ဖွဲ့စည်းပုံအခြေခံဥပဒေအား လက်မှတ်ရေးထိုးခဲ့ကြသည်။

ဖက်ဒရယ်လွှတ်တော်၏ ပူးတွဲအရေးပေါ်အစည်းအဝေးကိုလည်း စက်တင်ဘာလ ၁၁ ရက်နေ့မှ စတင်ကာကျင်းပခဲ့သည်။ ချက်လက်ဝဲဝါဒီများနှင့် စလိုဗက်ခရစ်ယာန်ဒီမိုကရက်ကိုယ်စားလှယ်များက ပြည်ထောင်စုကြီးအားဖျက်သိမ်းပစ်ရေးလုပ်ဆောင်ချက်ကို ပြင်းပြင်းထန်ထန်



ဗက်ကလပ် ဟာဗဲ



စလိုဗက်နိုင်ငံအဖြစ် သီးခြားထူထောင်ရေးကို ထောက်ခံကြွေးကြော်ဆိုကြသည့် စလိုဗက်အမျိုးသားရေးဝါဒီများ

ဆန့်ကျင်ပြောကြားကြသည်။ စက်တင်ဘာ ၂၃ ရက်နေ့တွင် ဖက်ဒရယ်အစိုးရက ပြည်ထောင်စုကြီးမှ တရားဝင် ခွဲထွက်မည့်နေ့မတိုင်မီ နှစ်နိုင်ငံအကြားရှိနေသည့်ကြွေးမြီနှင့်တာဝန်များ၊ ဌာနအဖွဲ့အစည်းများ၊ ဖက်ဒရယ်ပြည်ထောင်စု၏ပစ္စည်းဥစ္စာများကို ပြန်လည်သတ်မှတ်ပေးပြီး မည်သည့်ပုံစံဖြင့်ခွဲထွက်မည်ကို ပြဌာန်းပေးသည့်ဥပဒေကြမ်းတစ်ခုကို ချမှတ်ခဲ့သည်။

ဖက်ဒရယ်ပြည်ထောင်စု၏ ပစ္စည်းဥစ္စာများကို ဝေခြမ်းရာတွင် တစ်နိုင်ငံစီတွင်ရှိနေသည့် လူဦးရေအနည်းအများပေါ်တွင် အခြေခံမည်ဖြစ်သည်။ လက်နက်ကိုင်တပ်ဖွဲ့အင်အားကို ခွဲခြမ်းရာတွင်လည်း အခက်အခဲများရှိနေပြန်သည်။ လက်နက်ကိုင်တပ်ဖွဲ့အင်အားကို တရားဝင်ခွဲထွက်မည့် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ခွဲခြမ်းရန် မဖြစ်နိုင်ဟု ဖက်ဒရယ်အစိုးရ ကာကွယ်ရေးဝန်ကြီးက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။ ယခင်ဝါဆောစာချုပ် အဖွဲ့ဝင်နိုင်ငံများ၏ စစ်ဘက်အခြေခံအဆောက်အအုံ ဝေခြမ်းခြင်းဆိုင်ရာမူဝါဒအရ အင်အားမညီမျှမှုများ ရှိလာသည်။ လေတပ်ဖွဲ့စခန်းများနှင့် လေယာဉ်အများအပြားမှာ ချက်နယ်မြေဘက်တွင်ရှိနေပြီး လေ့ကျင့်ရေးဌာနများနှင့် တင့်ကားတပ်ဖွဲ့စခန်းများမှာ စလိုဗက်ဘက်၌ အဓိကအားဖြင့်ရှိနေသည်။

ယင်းအခြေအနေတွင် ချက်ကိုစလိုဗက်ကီးယားပြည်ထောင်စုမှခွဲထွက်ရေးကို ဆန့်ကျင်သည့်ရှောင်တခင်ထိုးနက်ချက်ကို ဖက်ဒရယ်လွှတ်တော်က လုပ်ဆောင်ခဲ့သည်။ ပြည်ထောင်စုမှခွဲထွက်ရေးကိစ္စနှင့်စပ်လျဉ်းပြီး ပြည်သူဆန္ဒခံယူပွဲကျင်းပခြင်းမရှိဘဲ ချက်နှင့်စလိုဗက်တို့အား ခွဲထွက်နိုင်ရန် ခွင့်ပြုမည့်ဥပဒေကြမ်းကို ဖက်ဒရယ်လွှတ်တော်က ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် အတည်မပြုဘဲ ပယ်ချခဲ့သည်။ အတည်ပြုချက်ရရှိရန် လိုအပ်သည့်မဲအရေအတွက် ခုနစ်မဲလျော့နည်းနေခဲ့သည်။

ထို့ပြင် ပြည်ထောင်စုကြီးမှ မြန်မြန်ဆန်ဆန်ခွဲထွက်ရေးကို ထောက်ခံကြသူများအား ထပ်လောင်းစိမ်ခေါ်သည့်အနေဖြင့် ဖက်ဒရယ်လွှတ်တော်သည် အနာဂတ် ချက် – စလိုဗက် ပြည်ထောင်စုဥပဒေတစ်ရပ် ပြင်ဆင်ရေးဆွဲရေးအတွက် ကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့သည်။ ယင်းလုပ်ဆောင်ချက်အရ ချက်နှင့်စလိုဗက်နှစ်ပြည်ထောင်တို့သည် စီးပွားရေးနှင့် စစ်ရေးဆိုင်ရာမူဝါဒများကို ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်သည်။ ထို့ပြင် အဆိုပြုထားသည့်ပြည်ထောင်စုတွင် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကောင်စီ၊ သမ္မတတို့ပါရှိမည်ဖြစ်သည်။ သို့ရာတွင် အာဏာအများစုကိုမူ သီးခြားစီရှိသော ချက်နှင့် စလိုဗက်ပါလီမန်များသို့ ခွဲဝေအပ်နှင်းမည်ဖြစ်သည်။

ဖက်ဒရယ်လွှတ်တော်မှ ထွက်ပေါ်လာသော ရလဒ်မှာ ချက်ဝန်ကြီးချုပ် ဗက်ကလပ်ကလော့စ်နှင့် စလိုဗက်ဝန်ကြီးချုပ် ဗလာဒီမာမက်စီယာတို့အတွက် မမျှော်လင့်သော ရှုံးနိမ့်မှုတစ်ရပ်ပင်ဖြစ်သည်ဟု ဆိုရပေမည်။ မည်သို့ ဆက်လက်ဖြစ်မည်မှာ ရေရာတိကျခြင်းမရှိပေ။ ဖြစ်နိုင်ခြေတစ်ခုမှာ ဖက်ဒရယ်လွှတ်တော်၏ ဆုံးဖြတ်

ချက်ကို မျက်ကွယ်ပြုကာ ချက် သို့မဟုတ် စလိုဗက်ပါလီမန်များက ပြည်ထောင်စုမှ ခွဲထွက်ရေးဆိုင်ရာ ၄င်းတို့၏ ဥပဒေကြမ်းများကို အတည်ပြုကောင်းပြုနိုင်ပေသည်။ အခြားဖြစ်နိုင်ခြေတစ်ခုမှာ ပြည်ထောင်စုအတွင်းမှ ချက် သို့မဟုတ် စလိုဗက်နိုင်ငံ တစ်နိုင်ငံက ငြိမ်းချမ်းစွာ ခွဲထွက်သွားခြင်းဖြစ်သည်။

ကြိုတင်မှန်းဆထားသည့်အတိုင်းပင် ချက်နှင့် စလိုဗက်ပါလီမန်များက ပြည်ထောင်စုမှ ခွဲထွက်ရေးကို ခွင့်ပြုထားသည့်ဆုံးဖြတ်ချက်များကို နိုဝင်ဘာလ ၁၇ ရက်နေ့တွင် အတည်ပြုခဲ့ပြီး ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့နောက်ပိုင်းတွင် သက်ဆိုင်ရာနိုင်ငံများ၏နယ်မြေဒေသအသီးသီးတွင် နိုင်ငံတော်အာဏာဆက်လက်ကျင့်သုံးရေးကို အပြည့်အဝစတင်ဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

နိုဝင်ဘာလ တစ်လျှောက်လုံးတွင် ချက်နှင့် စလိုဗက်အစိုးရအဖွဲ့များသည် အထွေထွေ ကိစ္စရပ်များနှင့် ပြည်ထောင်စုဖျက်သိမ်းရေးဆိုင်ရာ အသေးစိတ်လုပ်ဆောင်ရမည့် အချက်အလက်များအပေါ်တွင် သဘောတူညီမှုများရရှိရန် ဆက်လက်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ယာယီပူးတွဲငွေကြေးစနစ်ဆိုင်ရာ သဘောတူညီမှုကို ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့ရာ ကိုယ်ပိုင်ဗဟိုဘဏ်များအသီးသီးထူထောင်ရန် နှစ်ဘက်စလုံးကဆုံးဖြတ်ခဲ့ကြသည်။ နိုဝင်ဘာလအတွင်း ဆက်လက်ကျင်းပသော ဆွေးနွေးပွဲများတွင် ဗက်ကလပ်ကလော့စ်နှင့် ဗလာဒီမာမက်စီယာတို့သည် ဘဏ္ဍာရေး၊ ကြေးနန်း၊ ဆက်သွယ်ရေး၊သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေးနှင့် အခြားကိစ္စရပ်များဆိုင်ရာ သဘောတူညီမှုများကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ဖက်ဒရယ်လွှတ်တော်တွင်လည်း အကြိတ်အနယ်အချေအတင်ဆွေးနွေးကာ အကြိမ်ကြိမ်မဲပေးပြီးနောက် အဓိကအရေးပါသည့် ကိစ္စတစ်ရပ်ဖြစ်သည့် ဖက်ဒရယ်ပြည်ထောင်စု၏ ဥစ္စာပစ္စည်းများခွဲခြမ်းရေးဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်ကို အတည်ပြုခဲ့သည်။ ဥစ္စာပစ္စည်းများကို ၄င်းတို့တည်ရှိရာ နယ်မြေဒေသအလိုက် ခွဲခြမ်းသွားရန်ဖြစ်သည်။ ဆိုလိုသည်မှာ ဥစ္စာပစ္စည်း၏တည်နေရာသည် နိုင်ငံတစ်ခု၏နယ်မြေဒေသအတွင်း ကျရောက်နေပါက ထိုနိုင်ငံကိုပင် ယင်းဥစ္စာပစ္စည်း အမျိုးအစားကို ခွဲခြမ်းပေးရန် ဆုံးဖြတ်မည်ဖြစ်သည်။ သို့ရာတွင် အချို့ကိစ္စအနည်းငယ်တွင်မူ ခွဲခြမ်းခြင်းကို လူဦးရေအနည်းအများအပေါ်မူတည်၍ ၂ : ၁ ဖြင့် ခွဲခြမ်း သွားမည်ဖြစ်သည်။

ထို့ပြင် လက်နက်ကိုင်တပ်ဖွဲ့အင်အား၊ စစ်ဘက်ဆိုင်ရာပစ္စည်းနှင့် စစ်လက်နက်ကိရိယာများ၊ နိုင်ငံခြားအရန်ငွေကြေးနှင့် နိုင်ငံခြားကြေးမြီတို့ကိုလည်း ချက်နှင့် စလိုဗက်နိုင်ငံတို့၏ လူဦးရေအနည်းအများကိုလိုက်၍ ၂း၁ ဖြင့် ခွဲခြမ်းသွားရန် သဘောတူညီခဲ့သည်။

ယင်းသို့ ဖြစ်ပေါ်လျက်ရှိစဉ် ဖက်ဒရယ်သမ္မတရာထူးမှ နုတ်ထွက်ခဲ့သော ဗက်ကလပ်ဟာဗဲကလည်း သီးခြားရပ်တည်လာမည့် ချက်သမ္မတနိုင်ငံ သမ္မတရာထူးအတွက် သမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်မည်ကို အတည်ပြုပြောကြားခဲ့သည်။

စလိုဗက်ပါလီမန်ကလည်း ချက်ကိုစလိုဗက်ကီးယားဖက်ဒရယ်ပြည်ထောင်စုအား ဖျက်သိမ်းရေးနှင့်စပ်လျဉ်း၍ ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရေးကို နိုဝင်ဘာလ ၁၉ ရက်နေ့တွင် အတည်ပြုခဲ့သည်။

ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများအရ ဖက်ဒရယ်လွှတ်တော်သည် ချက်နှင့် စလိုဗက် ဖက်ဒရယ်ပြည်ထောင်စုအား ဖျက်သိမ်းရေးအတွက် ဥပဒေရေးရာ အခြေခံဖြစ်စေမည့် ဖွဲ့စည်းပုံဥပဒေပြင်ဆင်ချက်ကို ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင်ချမှတ်ခဲ့သည်။

## ပြည်ထောင်စုအား တရားဝင်ဖျက်သိမ်းခြင်း

ဤသို့ဖြင့် မူလကသဘောတူညီချက်ရရှိထားသည့် အတိုင်းပင် ချက်နှင့်စလိုဗက်ဖက်ဒရယ်ပြည်ထောင်စုကြီးအား ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ဖျက်သိမ်းခဲ့သည်။ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ချက်သမ္မတနိုင်ငံနှင့် စလိုဗက်သမ္မတနိုင်ငံဟူ၍ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံများဖြစ်လာခဲ့ကြသည်။ သို့ဖြစ်ရာ ၁၉၉၂ ခုနှစ်၊ ဇွန်လ ရွေးကောက်ပွဲပြီးဆုံး ကတည်းက စတင်လှုပ်ရှားဆောင်ရွက်လာခဲ့သော 'ကတ္တီပါခွဲခွာခြင်း' (ညင်သာငြိမ်းချမ်းစွာခွဲခွာခြင်း) ဖြစ်စဉ်မှာ ပြီးဆုံးသွားတော့သည်။ ချက်နှင့်စလိုဗက်ဖက်ဒရယ်ပြည်ထောင်စုကြီးအား သြစတြီးယား – ဟန်ဂေရီတို့၏ ချက်ဘာသာစကားနှင့် စလိုဗက်ဘာသာ စကားပြောသည့်နယ်မြေဒေသများမှ တစ်ဆင့် ၁၉၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် စတင်ဖွဲ့စည်း ထူထောင်ခဲ့ခြင်းဖြစ်သည်။

အချုပ်အခြာအာဏာပိုင်နိုင်ငံများဖြစ်လာသည့်အထိမ်းအမှတ် အခမ်းအနားများကို နှစ်နိုင်ငံစလုံးက တိတ်တိတ်ဆိတ်ဆိတ်ပင်ကျင်းပခဲ့ကြသည်။ အကြောင်းမှာ ပြည်ထောင်စုမှခွဲထွက်ခြင်းကြောင့် အရှုပ်အထွေး ကြုံတွေ့လာနိုင်သည်ကို စိုးရိမ်ပူပန်ခြင်းနှင့် ယခုကဲ့သို့ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်အား လူကြိုက်နည်းလာသောကြောင့် ဖြစ်သည်။

နိုင်ငံသို့ မိန့်ခွန်းပြောကြားရာတွင် စလိုဗက်ဝန်ကြီးချုပ်

မက်စီယာက လွတ်လပ်သည့်နိုင်ငံတစ်နိုင်ငံ ဖြစ်လာရာတွင် စီးပွားရေးအခက်အခဲ အကျပ်အတည်းများ အပါအဝင် ခြိမ်းခြောက်မှုတာရေးလုပ်ငန်းစဉ်များကို ကြုံတွေ့လာရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် နိုင်ငံသားအားလုံးအား အတူတကွ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ကြရန် တိုက်တွန်းလိုက်ပြီး ချက်သမ္မတနိုင်ငံနှင့် သဘောတူညီချက်များအရ လုပ်ဆောင်ရန်ရှိသည့် တာဝန်ဝတ္တရားများကို လေးစားလိုက်နာမည် ဖြစ်ကြောင်း ကတိပြုပြောကြားသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် ဩစတြီးယားနှင့် ဟန်ဂေရီနိုင်ငံတို့နှင့် ဆက်ဆံရေးကောင်းမွန်စေခြင်း၏ အရေးပါမှုကိုလည်း အလေးအနက်ထားပြောကြားခဲ့သည်။

ချက်နိုင်ငံဝန်ကြီးချုပ်ဗက်ကလပ်ကလော့စ်ကလည်း ချက်နိုင်ငံအဖြစ် ဖြစ်တည်ပေါ်ထွန်းလာခြင်းက နိုင်ငံပြည်သူများအတွက် အခွင့်အလမ်းများရရှိစေရုံမျှမက ရေဆက်၍ကြိုးပမ်းလုပ်ဆောင်ရန် အဓိကစိမ်ခေါ်မှုကိုလည်း ဖြစ်စေသည်ဟု ကြေညာခဲ့သည်။ ထို့ပြင် စလိုဗက်နှင့် အနီးကပ်ဆက်ဆံရေးကို ထိန်းသိမ်းသွားမည်ဟု ကတိပြုခဲ့သည်။

ချက်သမ္မတနိုင်ငံနှင့် စလိုဗက်သမ္မတနိုင်ငံတို့သည်ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ၁၇၉ နှင့် ၁၈၀ ဦးမြောက်အဖွဲ့ဝင်နိုင်ငံများအဖြစ် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့က ဝင်ခွင့်ပြုခဲ့သည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)နှင့်ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ဥရောပဘဏ် (အီးဘီအာရ်ဒီ) သို့လည်း ဝင်ခွင့်ရရှိခဲ့သည်။

## ချက်နိုင်ငံအကြောင်းသိကောင်းစရာ

တရားဝင်အမည်မှာ ချက်သမ္မတနိုင်ငံဖြစ်သည်။ နယ်မြေ အကျယ်အဝန်းမှာ ၇၈,၈၆၄ စတုရန်းကီလိုမီတာဖြစ်၍ လူဦးရေ ၁,၀၂,၉၉,၀၀၀ ရှိသည်။ မြို့တော်မှာ ပရာဟာဖြစ်၍ ရုံးသုံးဘာသာစကား အဖြစ်ချက်ဘာသာစကားကို ပြောကြားသည်။ ထို့ပြင် စလိုဗက်ဘာသာစကားကိုလည်း ပြောကြားမှုရှိသည်။ ပင်မကိုးကွယ်သည့် ဘာသာမှာ ခရစ်ယာန်ဘာသာဖြစ်သည်။ ကာကွယ်ရေးတပ်ဖွဲ့အင်အားမှာ ၉၀,၀၀၀ ရှိသည်။ လည်ပတ်သုံးစွဲနေသောငွေကြေးမှာ ကိုရွနာဖြစ်သည်။ အမျိုးသား အသားတင်ထုတ်လုပ်မှုမှာ၁၉၉၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၄,၄၂၅ သန်းရှိ၍ တစ်ဦးချင်းအသားတင်ထုပ်လုပ်မှုမှာ အမေရိကန်ဒေါ်လာ ၂,၃၇၀ ဖြစ်သည်။ ၁၉၉၂ ခုနှစ်ကုန်အထိအလုပ်လက်မဲ့ ၂ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။

၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်အာဏာသက်ရောက်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေအရ ချက်သမ္မတနိုင်ငံအား တစ်ခုတည်းသောနိုင်ငံအဖြစ် သတ်မှတ်ပြဋ္ဌာန်းသည်။ ဥပဒေပြုအာဏာမှာ အထက်နှင့်အောက် လွှတ်တော်နှစ်ရပ်တွင် တည်သည်။ လေးနှစ်တစ်ကြိမ် ရွေးချယ်တင်မြှောက်သည့် အောက်လွှတ်တော်တွင် အဖွဲ့ဝင် ၂၀၀ ဦး ရှိ၍ ခြောက်နှစ်တစ်ကြိမ် ရွေးချယ်တင်မြှောက်သည့်အထက်လွှတ်တော်တွင် အဖွဲ့ဝင် ၈၁ ဦး ရှိသည်။ ငါးနှစ်သက်တမ်းရှိသော သမ္မတရာထူးကို အောက်လွှတ်တော်က ရွေးချယ်တင်မြှောက်သည်။ နိုင်ငံ၏ အုပ်ချုပ်ရေးအာဏာကို ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲ့က ကိုင်တွယ်ကျင့်သုံးပေသည်။ လက်ရှိအစိုးရမှာ ဆိဗစ်ဒီမိုကရက်တစ်ပါတီက ဦးဆောင်၍ ဖွဲ့စည်းထားသောညွန့်ပေါင်း အစိုးရအဖွဲ့ဖြစ်သည်။ ချက်သမ္မတနိုင်ငံ၏ ဝန်ကြီးချုပ်မှာ ဗက်ကလပ်ကလော့စ် ဖြစ်သည်။

## စလိုဗက်နိုင်ငံအကြောင်းတစေ့တစောင်း

တရားဝင်အမည်မှာ စလိုဗက်သမ္မတ နိုင်ငံဖြစ်သည်။ နယ်မြေအကျယ်အဝန်းမှာ ၄၉,၀၃၅ စတုရန်း ကီလိုမီတာရှိပြီး လူဦးရေ ၅၂,၆၉,၀၀၀ ရှိသည်။ မြို့တော်မှာ ဘရက်တစ်လာဗာဖြစ်သည်။ စလိုဗက်ဘာသာစကားမှာ ရုံးသုံးဖြစ်၍ ချက်နှင့် ဟန်ဂေရီဘာသာစကားများကိုလည်း ပြောကြားကြသည်။ အဓိက ကိုးကွယ်သည့်ဘာသာမှာ ခရစ်ယာန်ဖြစ်သည်။ ကာကွယ်ရေးတပ်ဖွဲ့အင်အားမှာ ၄၅,၀၀၀ ရှိသည်။ လည်ပတ်သုံးစွဲနေသည့် ငွေကြေးမှာ ကိုရွနာ ဖြစ်သည်။ အမျိုးသား အသားတင်ထုတ်လုပ်မှုမှာ ၁၉၉၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈,၇၁၆ သန်း ရှိ၍ တစ်ဦးချင်း အသားတင်ထုတ်လုပ်မှုမှာ အမေရိကန်ဒေါ်လာ ၁,၆၅၀ ရှိသည်။ ၁၉၉၂ ခုနှစ်ကုန်ဆုံးချိန်အထိ အလုပ်လက်မဲ့ ၁၀ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။

၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်အာဏာသက်ရောက်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ စလိုဗက်သမ္မတနိုင်ငံအား တစ်ခုတည်းသော နိုင်ငံအဖြစ် ပြဋ္ဌာန်းသည်။ ဥပဒေပြုအာဏာမှာ အမျိုးသားကောင်စီဟုခေါ်သော ပါလီမန်တွင်တည်သည်။ အဖွဲ့ဝင် ၁၅၀ ဦးရှိသော အမျိုးသားကောင်စီကို လေးနှစ်တစ်ကြိမ် ရွေးချယ်တင်မြှောက်သည်။ ငါးနှစ်သက်တမ်းရှိသော သမ္မတရာထူးကို ယင်းအမျိုးသားကောင်စီကပင်ရွေးချယ်သည်။ နိုင်ငံ၏ အုပ်ချုပ်ရေးအာဏာကို ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲ့က ကိုင်တွယ်ကျင့်သုံးသည်။ လက်ရှိအစိုးရအဖွဲ့တွင်ဒီမိုကရက်တစ်စလိုဗက်ကီးယား လှုပ်ရှားမှုအဖွဲ့က လွှမ်းမိုးယားသည်။ စလိုဗက်သမ္မတနိုင်ငံ၏ ဝန်ကြီးချုပ်မှာ ဗလာဒီမာမက်စီယာဖြစ်သည်။




ဩစတြီးယားနှင့် စလိုဗက်နှစ်နိုင်ငံနယ်စပ်အနီးတွင် တွေ့ရှိရသော စလိုဗက်နိုင်ငံစာတန်းပါ ဆိုင်းဘုတ်

## တစ်ကျော့ပြန်သမ္မတ

၁၉၈၉ ခုနှစ်၊ ကွန်မြူနစ်အုပ်ချုပ်မှုပြိုလဲကျဆုံးချိန်မှစ၍ သမ္မတဖြစ်လာခဲ့ပြီး ၁၉၉၂ ခုနှစ်၊ ဇူလိုင်လတွင် သမ္မတရာထူးမှနုတ်ထွက်ခဲ့သည့် ဗက်ကလပ်ဟာဗဲသည် ချက်သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခံရသည်။ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ချက်ပါလီမန်က ငါးနှစ်သက်တမ်းရှိ သမ္မတရာထူးအတွက် ဟာဗဲအား ရွေးချယ်တင်မြှောက်ခဲ့သည်။ ဟာဗဲသည် ပါလီမန်တွင်ရှိ အမတ်ဦးရေ ၂၀၀ အနက် ၁၀၉ ဦး၏ ထောက်ခံမဲကို ရရှိခဲ့သည်။

## အစိုးရအဖွဲ့များတက်လာခြင်း

ချက်နိုင်ငံဘက်တွင်ချက်အစိုးရအဖွဲ့သစ်မှာ ဇန်နဝါရီလ ၁ ရက်နေ့တွင်တက်လာပြီး စလိုဗက်နိုင်ငံဘက်တွင် စလိုဗက်အစိုးရအဖွဲ့သစ်မှာ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် တက်လာခဲ့သည်။ စလိုဗက်နိုင်ငံတွင်လစ်လပ်လျက်ရှိသော သမ္မတရာထူးအတွက် အမျိုးသားကောင်စီက နှစ်ကြိမ်ရွေးချယ်ရာ လိုအပ်သောမဲအရေအတွက် မရရှိခဲ့သည့်အတွက် သမ္မတလောင်းလေးဦးအနက် မည်သူမျှ ရွေးချယ်ခြင်းမခံရပေ။ အာဏာရဒီမိုကရက်တစ် စလိုဗက်ကီးယားလှုပ်ရှားမှုအဖွဲ့က လျာထားသည့်ပုဂ္ဂိုလ် တစ်ဦးဖြစ်သည့် ရိုမန်ကိုဗက်မှာ မဲအများစုရရှိခဲ့သော်လည်း လိုအပ်သည့် မဲအရေအတွက်ကိုပြည့်မီခြင်းမရှိပေ။ သို့ရာတွင် စလိုဗက်ပါလီမန်က အခြားပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် မစ်ချယ်ကိုဗက်အား စလိုဗက်နိုင်ငံ၏ ပထမဆုံး သမ္မတအဖြစ် ဖေဖော်ဝါရီလ ၁၅ ရက်တွင် ရွေးချယ်တင်မြှောက်ခဲ့သည်။ အသက် ၆၂ နှစ်အရွယ်ရှိ မစ်ချယ်ကိုဗက်မှာ ဝန်ကြီးချုပ်မက်စီယာ၏ ကျောထောက်နောက်ခံပြုမှုကို ရရှိပြီး ဒီမိုကရက်တစ် စလိုဗက်ကီးယား လှုပ်ရှားမှုအဖွဲ့၏ လျာထားခြင်းကို ခံရသူဖြစ်သည်။

ရွေးချယ်တင်မြှောက်ခံရပြီးနောက် ပါလီမန်အမတ်များအား မိန့်ခွန်းပြောကြားရာတွင် မစ်ချယ်ကိုဗက်က မိမိအနေဖြင့် ပါတီ၏အကျိုးစီးပွားထက် နိုင်ငံ၏အကျိုးစီးပွားကို ပိုမိုအလေးထားကြောင်း ပြသသည့်အနေဖြင့် ဒီမိုကရက်တစ် စလိုဗက်ကီးယား လှုပ်ရှားမှုအဖွဲ့မှ နုတ်ထွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းလုပ်ဆောင်ချက်မှာ ဒီမိုကရက်တစ် စလိုဗက်ကီးယား လှုပ်ရှားမှုအဖွဲ့အတွင်း ဖြစ်ပေါ်လျက်ရှိသည့် တင်းမာနေမှုများကို လျော့ပါးသွားစေရန် အတွက်ပြန်လည်သင့်မြတ်ရေး ဆောင်ရွက်ချက်အဖြစ် ရှုမြင်သုံးသပ်ကြသည်။

## စလိုဗက်အစိုးရအဖွဲ့အတွင်းတင်းမာမှု

စလိုဗက်ဝန်ကြီးချုပ်မက်စီယာသည် ဒီမိုကရက်တစ် စလိုဗက်ကီးယားလှုပ်ရှားမှု အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ဝန်ကြီးချုပ်တစ်ဦးအနေဖြင့်လည်းကောင်း

ငှင်း၏အနေအထားကို ခိုင်မာအောင်ဆောင်ရွက်ခဲ့သည်။ မတ်လ ၁၉ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ်ဖြစ်သူ မီလန်ကနက်ဇ်ကိုအား အစိုးရအဖွဲ့မှ ထုတ်ပယ်ခဲ့သည်။ စီးပွားရေးဝန်ကြီးဖြစ်သူကလည်း ရာထူးမှနုတ်ထွက်ခဲ့သည်။ ယင်းပုဂ္ဂိုလ်များက မက်စီယာ၏ဦးဆောင်မှုမှာ အာဏာရှင်ဆန်သည်ဟု ဝေဖန်ပြောကြားခဲ့သည်။

မက်စီယာနှင့် မီလန်ကနက်ဇ်ကိုတို့အကြား သဘောထားကွဲလွဲမှုများကြီးထွားလာခဲ့ရာ မက်စီယာက သမ္မတမစ်ချယ်ကိုဗက်အား ကနက်ဇ်ကိုအား ရာထူးမှထုတ်ပယ်ရန် တောင်းဆိုခဲ့သည်။ ကိုဗက်က ယင်းတောင်းဆိုချက်ကို ကိုယ်တိုင်မဆုံးဖြတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ လွှဲပြောင်းပေးခဲ့သည်။ မက်စီယာက ၎င်း၏ တောင်းဆိုချက်ကို လက်မခံလျှင် ၎င်းကိုယ်တိုင်ရာထူးမှ နုတ်ထွက်မည်ဟုခြိမ်းခြောက်သောအခါကျမှသာ ကိုဗက်သည် ကနက်ဇ်ကိုအား ရာထူးမှဖယ်ရှားခဲ့သည်။ ဒီမိုကရက်တစ်ချက်ကိုစလိုဗက်ကီးယားလှုပ်ရှားမှုအဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်သည့်ကနက်ဇ်ကိုသည် အနောက်တိုင်းကို အခြေခံသည့် အတွေးအမြင်များကြောင့် ထင်ရှားလူသိများပြီး ပါတီအတွင်း မက်စီယာအား အပြင်းအထန်ဆုံးဝေဖန်သူအဖြစ် ရှုမြင်ကြသည်။

## ပြည်ပဆက်ဆံရေးများ

စလိုဗက်သမ္မတနိုင်ငံနှင့် ချက်သမ္မတနိုင်ငံမှဝန်ကြီးချုပ်များသည် မတ်လအတွင်း ပြည်ပနိုင်ငံများသို့ သွားရောက်ကာ ဆက်ဆံရေးများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့သည်။ စလိုဗက်ဝန်ကြီးချုပ်မက်စီယာသည် မတ်လ ၈ ရက်နေ့တွင် ယူနိုက်တက်ကင်းဒမ်းသို့ သွားရောက်ကာ ဝန်ကြီးချုပ်ဂျွန်မေဂျာနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ မတ်လ ၂၄–၂၅ ရက်နေ့တွင်လည်း ရုရှားနိုင်ငံသို့သွားရောက်ကာ သမ္မတ ဘောရစ်ယဲ့လ်ဆင်နှင့် တွေ့ဆုံဆွေးနွေးပြီး စီးပွားရေး၊ သိပ္ပံပညာနှင့် စက်မှုလက်မှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။

အလားတူပင် ချက်ဝန်ကြီးချုပ် ဗက်ကလပ်ကလောစ်သည် မတ်လ ၂၃ ရက်နေ့တွင် ဂျာမနီနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည်။ ဂျာမန်ဝန်ကြီးချုပ်ဟဲလမွတ်ခိုးလ် အပါအဝင်အခြားထိပ်တန်းအစိုးအရာရှိများနှင့် တွေ့ဆုံရာတွင် ဥရောပဘုံဈေးအဖွဲ့နှင့် ချက်သမ္မတနိုင်ငံဆက်ဆံရေးများကိုလည်းကောင်း၊ ဥရောပအလယ်ပိုင်းပူးပေါင်းဆောင်ရွက်ရေးပုံစံကိုလည်းကောင်း ဆွေးနွေးခဲ့သည်။

## ကွန်မြူနစ်တို့ကို ဆန့်ကျင်သည့် ဥပဒေ

ချက်သမ္မတဟာဗဲသည် ကွန်မြူနစ်တို့အုပ်စိုးစဉ်ကာလက ကျူးလွန်ခဲ့သည့်ပြစ်မှုအချို့အတွက် အရေးယူအပြစ်ပေးခြင်း မရှိသည့် ကန့်သတ်ချက်များကို ရုပ်သိမ်းသည့် ဥပဒေတစ်ရပ်ကို ၁၉၉၃ ခုနှစ်၊ ဇူလိုင်လတွင် လက်မှတ်ရေးထိုးခဲ့သည်။ ယင်းဥပဒေအရ ကွန်မြူနစ်ဟောင်း လူတန်းစားအလွှာအား ပိုမိုအရေးယူအပြစ်ပေးမှုများ ဖြစ်လာနိုင်ပေသည်။

သို့ရာတွင် လက်တစ်ဆုပ်စာမျှသာရှိသော ကွန်မြူနစ်ဟောင်းများနှင့် လျှို့ဝှက်ရဲအရာရှိများသာ ရုံးတင်စစ်ဆေးခြင်းခံရလိမ့်မည်ဟု တရားဝင်မဟုတ်သော ခန့်မှန်းချက်များက ဆိုသည်။

ပါလီမန်က အတည်ပြုပြီးနောက် သမ္မတဟာဗဲထံ တင်ပြလိုက်သည့် အဆိုပါ ဥပဒေတွင် ယခင်ကွန်မြူနစ်အစိုးရဟောင်းများအား ရာဇဝတ်ပြစ်မှုရှိသူများ၊ တရားမဝင်သူများနှင့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသူများအဖြစ် ဖော်ပြထားသည်။

၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့အတွင်း ကွန်မြူနစ်များနှင့် လျှို့ဝှက်ရဲတို့ ကျူးလွန်ခဲ့သည့် ပြစ်မှုအချို့အား အရေးယူအပြစ်ပေးခြင်းမရှိဘဲ ကန့်သတ်ချက်ဖြင့်ရပ်တည်နေနိုင်ခွင့်မှအဆိုပါ ဥပဒေအရ ရုပ်သိမ်းလိုက်သည်။

ထို့ပြင် ကွန်မြူနစ်အစိုးရဟောင်းအား ဆန့်ကျင်ခဲ့သည့် သူများအတွက် လေးစားကြောင်းနှင့် အသိအမှတ်ပြုကြောင်း ကိုလည်း ယင်းဥပဒေကဖော်ပြထားသည်။

ယင်းဥပဒေနှင့် စပ်လျဉ်းပြီး အချေအတင်ဆွေးနွေးဝေဖန်မှုများက ကွန်မြူနစ်အစိုးရဟောင်းများအား ကာလရှည်ကြာစွာ အမုန်းပွားသည့်ခံစားချက်ကို မပျောက်ခြင်းမရှိဘဲ အမိအရဆုပ်ကိုင်လျက်ရှိနေကြသည့် အခြားကွန်မြူနစ်နိုင်ငံဟောင်းများအပါအဝင် ချက်သမ္မတနိုင်ငံတို့ ကြုံတွေ့နေရသော အခက်အခဲပြဿနာကို ထင်ဟပ်စေပေသည်။

ဂုဏ်ထူးဆောင်ဘွဲ့များဂုဏ်ထူးဆောင်တံဆိပ်များ(၁၉၉၃)
။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ထွန်းကားပြန့်ပွားရေးအတွက် ကြီးပမ်းဆောင်ရွက်တော်မူခဲ့ကြသော ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာ ဓုရ ပဋိပတ္တိဝန်ဆောင်



ရွှေဟင်္သာတိုက်သစ် ဆရာတော်ဦးဥတ္တရကြီးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းနေစဉ်

ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားပြည်သူလူထု၏အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးအတွက် နိုင်ငံတော် ကာကွယ်ရေး တာဝန် များကို ရှုပ်ရှုပ်ချွံချွံ စွန့်စွန့်စားစား ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားများ၊ နိုင်ငံတော်၏ လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စီမံ ခန့်ခွဲရေးနှင့် လူမှုရေးလုပ်ငန်းများတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင် များကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင် တံဆိပ်များ၊ စစ်မှုထမ်းကောင်း တံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ် များ၊ ရဲမှုထမ်းကောင်းတံဆိပ်များ၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေ စိုးမိုးရေးတံဆိပ်များ ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်း၊ ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်သည်။

ယင်းသို့ ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်း၊ ချီးမြှင့်အပ်နှင်းခြင်းပြုသည်နှင့်အညီ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းအပ်နှင်းခြင်းခံရသောဆရာတော်ကြီးများ၊ ဆရာတော်များ၊ သီလရှင်ဆရာကြီးများ၊ ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်း လေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၏ ဘွဲ့အမည်များနှင့် ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းများကို ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့က ဇန်နဝါရီလ ၄ ရက်လွတ်လပ်ရေးနေ့စ်ပတ်လည် အောင်ပွဲနေ့တွင် ထုတ်ပြန်ကြေညာသည်။

အမိန့်ကြော်ငြာစာအမှတ် ၁/၉၃ အရ အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်းခံရသော ဆရာတော်ကြီးတစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ဆရာတော်ကြီး ၅၃ ပါး၊ သီရိလင်္ကာနိုင်ငံမှ ဆရာတော်ကြီးတစ်ပါး၊ အိန္ဒိယနိုင်ငံမှ ဆရာတော်ကြီးနှစ်ပါး၊ ဩစတြေးလျနိုင်ငံမှ ဆရာတော်ကြီးတစ်ပါးနှင့် အမေရိကန်နိုင်ငံမှ ဆရာတော်ကြီးတစ်ပါး စုစုပေါင်းဆရာတော်ကြီး ၅၈ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်းခံရသော ဆရာတော်ကြီး ၃၃ ပါးနှင့် သီလရှင်ဆရာကြီးသုံးပါး

စုစုပေါင်း ၃၆ ပါး၊ မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းခံရသော ဆရာတော်ကြီး၉၇ ပါးနှင့် သီလရှင်ဆရာကြီးရှစ်ပါး စုစုပေါင်း ၁၀၅ ပါး၊ ဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းခံရသော ဆရာတော်ကြီး အပါး ၅၀ နှင့် သီလရှင်ဆရာကြီး ခုနစ်ပါး စုစုပေါင်း ၅၇ ပါး၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်းခံရသော ဆရာတော်ကြီးတစ်ပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်းခံရသော ဆရာတော်ကြီးရှစ်ပါး၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ဆရာတော်ကြီး နှစ်ပါးနှင့် ထိုင်းနိုင်ငံမှ ဆရာတော်ကြီးတစ်ပါး စုစုပေါင်း ဆရာတော်ကြီးသုံးပါး၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းခံရသော ဆရာတော် ၁၄ ပါး၊ ဗိုဟကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်း ခံရသောဆရာတော်ရှစ်ပါး၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းခံရသော ဆရာတော်ကြီး နှစ်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ဆရာတော်ကြီး ၁၄ ပါးနှင့် အိန္ဒိယနိုင်ငံမှ ဆရာတော်ကြီးနှစ်ပါး စုစုပေါင်းဆရာတော်ကြီး ၁၆ ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းခံရသော ဆရာတော် ၁၃ ပါးနှင့် ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်နှစ်ဦး စုစုပေါင်း ၁၅ ပါး၊သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်းခံရသော ဆရာတော် ၁၉ ပါးနှင့် သီလရှင်ဆရာကြီး တစ်ပါး၊ ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်သုံးဦး စုစုပေါင်း ၂၃ပါး၊ အဂ္ဂမဟာသိရိသုဓမ္မမဏိဇောတဓရဘွဲ့ချီးမြှင့်ခြင်း ခံရသော လူပုဂ္ဂိုလ်တစ်ဦး၊သိရိသုဓမ္မမဏိဇောတဓရဘွဲ့ ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်တစ်ဦး၊ သိဟသုဓမ္မမဏိ ဇောတဓရဘွဲ့ ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်နှစ်ဦး၊ သုဓမ္မမဏိ ဇောတဓရ ဘွဲ့ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ် ခြောက်ဦး၊ အဂ္ဂမဟာသိရိ သုဓမ္မသိင်္ဂီ ဘွဲ့ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်သုံးဦး၊ သိရိသုဓမ္မသိင်္ဂီဘွဲ့ ချီးမြှင့်ခြင်း ခံရသော လူပုဂ္ဂိုလ်လေးဦး၊ သိဟသုဓမ္မသိင်္ဂီဘွဲ့ ချီးမြှင့်ခြင်း ခံရသော လူပုဂ္ဂိုလ်တစ်ဦးနှင့် သုဓမ္မသိင်္ဂီဘွဲ့ ချီးမြှင့်ခြင်း ခံရသော လူပုဂ္ဂိုလ်ခြောက်ဦး စုစုပေါင်း ၃၇၁ ပါးပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၂/၉၃ အရ ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့် အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်များတွင် သူရဘွဲ့ချီးမြှင့်ခံရသူတစ်ဦး၊ သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ချီးမြှင့်ခံရသူ ၃၅ ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ်(တတိယဆင့်)ချီးမြှင့်ခံရသူ သုံးဦး၊စက်မှုစီးပွားထူးချွန်တံဆိပ်(ဒုတိယဆင့်)ချီးမြှင့်ခံရသူ နှစ်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်(တတိယဆင့်) ချီးမြှင့်ခံရသူ ၂၅ ဦး၊ စိမ့်ထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်ခံရသူ ၁၆ ဦး၊စိမ့်ထူးချွန်တံဆိပ်(ဒုတိယဆင့်)ချီးမြှင့်ခံရသူ ၁၁ ဦး၊ စိမ့်ထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်ခံရသူ ၂၇ ဦး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်ခံရသူ ကိုးဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်ခံရသူ ၁၂ ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်ခံရသူ ၆၇ ဦး၊ ရဲသူရတံဆိပ်ချီးမြှင့်ခံရသူတစ်ဦး၊ ရဲဗလတံဆိပ်ချီးမြှင့်ခံရသူသုံးဦး၊ ရဲသူရိန်တံဆိပ် ချီးမြှင့်ခံရသူ နှစ်ဦးစုစုပေါင်း ၂၁၄ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်၃ /၉၃ အရစစ်မှုထမ်းကောင်း တံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသူများတွင် အငြိမ်းစား စစ်မှုထမ်း ၂၃၇ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ စစ်မှုထမ်း ၃,၄၄၄ ဦး စုစုပေါင်း ၃,၆၈၁ ဦးပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၄ /၉၃ အရ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစား ဝန်ထမ်း ၃၀၉ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်း ၄,၄၇၈ ဦး စုစုပေါင်း ၄,၇၈၇ ဦးပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၅/၉၃ အရ ရဲမှုထမ်းကောင်း တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူ ဦးရေ ၆၀ ဖြစ်သည်။

အမိန့်ကြော်ငြာစာ အမှတ် ၆/၉၃ အရ နိုင်ငံတော် ရဲမှုထမ်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစားရဲမှုထမ်း ၁၃ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ရဲမှုထမ်း ၃၆၈ ဦး စုစုပေါင်း ၃၈၁ ဦးပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၇/၉၃ အရပြည်သူ့ဝန်ထမ်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသူများတွင် အငြိမ်းစား ဝန်ထမ်း ၉၃ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်း ၃,၆၁၉ ဦး စုစုပေါင်း ၃,၇၁၂ဦးနှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေ စိုးမိုးရေးတံဆိပ်ချီးမြှင့်အပ်နှင်းခြင်း ခံရသူများတွင် အငြိမ်းစားဝန်ထမ်းဦးရေ ၁၂၀ နှင့် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်း ၄,၆၄၃ ဦး စုစုပေါင်း ၄,၇၆၃ ဦး ပါဝင်သည်။

ထို့ပြင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကနိုင်ငံတော် ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ရာတွင် ရဲဝံ့စွန့်စားစွာ ထမ်းဆောင်ခဲ့ကြသော စစ်မှုထမ်း ၄၇ ဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်း လက်မှတ်များ ချီးမြှင့်သည်။

**ဂျပန်နိုင်ငံ။** ။ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလဆန်း ၂ ရက်တွင် ဂျပန်နိုင်ငံ၌ ထူးခြားသော မင်္ဂလာသတင်းတစ်ရပ် ပေါ်ထွက် လာသည်။ ၄င်းမှာ ဂျပန် အိမ်ရှေ့မင်းသား နာရူဟီတိုသည် မင်းမျိုးမင်းနွယ်မဟုတ်သော အရပ်သူ မဆာကိုအိုဝါဒါကို လက်ထပ်မည်ဆိုသော သတင်းပင် ဖြစ်သည်။

အိမ်ရှေ့မင်းသားသည် ၁၉၈၆ ခုနှစ်တွင် ပါတီပွဲတစ်ခု၌ အိုဝါဒါကို တွေ့ဆုံခဲ့၍ ချစ်ရေးဆိုခဲ့သည်။ အိုဝါဒါက ၂၉ နှစ်၊ မင်းသားက ၃၂ နှစ်အရွယ်ဖြစ်သည်။ အိုဝါဒါက ဟားဗတ် တက္ကသိုလ်မှ ဘွဲ့ရပြီး၊ မင်းသားမှာ အောက်စဖို့ တက္ကသိုလ်ထွက် စာကြမ်းပိုးဖြစ်သည်။

အိုဝါဒါ၏ဖခင်မှာနိုင်ငံခြားရေးဝန်ကြီးဌာနတွင် အရာရှိကြီး တစ်ဦးဖြစ်၍ဆိုဗီယက်ယူနီယံနှင့် အမေရိကန် ပြည်ထောင်စုတွင် တာဝန်ယူ ခဲ့သူဖြစ်သည်။ အိုဝါဒါသည် ဟားဗတ်တက္ကသိုလ် မှ စီးပွားရေးဒီဂရီ ရရှိခဲ့သည့်အပြင် အောက်စဖို့နှင့် တိုကျိုတက္ကသိုလ်တို့တွင်လည်းတက်ရောက် သင်ကြားခဲ့ဖူးသည်။ ယခုအခါ အိုဝါဒါသည် နိုင်ငံခြားရေး ဝန်ကြီးဌာန၌ တာဝန်ယူ အမှုထမ်းလျက် ရှိသည်။

ခြောက်နှစ်ခြောက်မိုး ချစ်ရေးဆိုလာသော မင်းသားကို အိုဝါဒါက ယခုနှစ်တွင် လက်ခံလိုက်သည်။ ယင်းတို့ နှစ်ဦးသည် ဇွန်လ ၉ ရက်နေ့တွင်လက်ထပ်သည်။ သမီးက



လက်ထပ်ထိမ်းမြားခဲ့ကြသော ဂျပန်အိမ်ရှေ့မင်းသား နာရူဟီတိုနှင့် အရပ်သူ မဆာကိုအိုဝါဒါ

နန်းတော်ဝင်းအတွင်းရှိ ဤဘုရားရှိခိုးကျောင်းတွင် လက်ထပ်ထိမ်းမြားခဲ့ကြသည်





ထက်ထပ်ပွဲသို့မထွက်ခွာမီ သတင်းစာဆရာများ၊ ရှေ့မှောက်တွင်တွေ့ရသော သတို့သမီး မဆာကိုအိုဝါဒါ

အိမ်ရှေ့မင်းသားနှင့်လက်ထပ်သောကြောင့် မစ္စတာ ဟိဆာရှိအိုဝါဒါသည် လက်ရှိထမ်းဆောင် နေသော နိုင်ငံခြားရေးဌာန အရာရှိကြီးအဖြစ်မှ နုတ်ထွက်ကာ နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးအရာရှိရာထူးကို ရရှိမည် ဖြစ်သည်။ နန်းတော်ကြီး၏ ဆွေမျိုးရင်းချာ များသည် နိုင်ငံရေးအာဏာကို ဆွဲကိုင်မထားရ ဆိုသော ပညတ်ချက်ကြောင့် ဖြစ်သည်။

### တောင်းပန်ခြင်း

ဂျပန်မင်းမျိုးမင်းနွယ်တို့သည် အရပ်သူအရပ်သားများနှင့် လက်ထပ်ခဲ့ကြသည်။ ခတ္တိယမင်းမျိုးဆိုသော ရာဇမာန်ကို ဖယ်ရှားကြခြင်းဖြစ်သည်။

အလားတူပင် ဂျပန်အစိုးရသည်လည်း နိုင်ငံတကာ ပြည်သူများအပေါ်၌ သိမ်မွေ့သင့်မြတ်စွာပြောဆိုဆက်ဆံလာကြ သည်ကိုတွေ့ရ သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်သားတို့၏ နှိပ်စက်ညှဉ်းပန်းမှု ခံခဲ့ရသော ပြည်သူများအတွက် လည်းကောင်း၊ ကာမဂုဏ်ခံစားမှု အပျော်မယားအဖြစ် ပြုကျင့်မှုခံရသော အမျိုးသမီးများ၊ အတွက် လည်းကောင်း ဂျပန်အစိုးရသည် ၄င်းတို့ကျူးလွန်ခဲ့သည့် နိုင်ငံများအပေါ် တောင်းပန်ခဲ့ကြသည်။

ဂျပန်ဝန်ကြီးချုပ် မိယာဇာဝါသည် တောင်ကိုရီးယား အာဏာရပါတီဥက္ကဋ္ဌ ဟိုပေားကိုနိုနှင့် ၁၉၉၃ ခုနှစ်၊ ဩဂုတ်လ တွင် ကိုကျိုမြို့၌ တွေ့စဉ်က ပြောကြားချက်အရ စစ်အတွင်း၌ အနိုင်ကျင့်ခံခဲ့ရသော အမျိုးသမီးများ၊ ငွေကြေးပေး၍ အပျော်သက်ဆံအသုံးပြု ခံရသော အမျိုးသမီး အရေအတွက်မှာ ၇၀,၀၀၀မှ ၂,၀၀,၀၀၀ အထိ ရှိသည်ဟုဆိုသည်။

ဩဂုတ် ၂၅ ရက်နေ့က ဝန်ကြီးချုပ်သစ် မိုရိဟိုရိဟိုဆိုကာဝါက ပါလီမန်လွှတ်တော်တွင် ပထမဦးဆုံး မိန့်ခွန်းပြောကြားရာ၌ စစ်အတွင်းက ဂျပန်တို့၏ရက်စက်မှုအတွက် တောင်းပန်ပါသည်ဟု ပြောကြားသည်။ ထိုရက်စက်မှုများအတွက် လျော်ကြေးများမပေးနိုင်ပါဟုလည်း ပြောပြသည်။ ယခင်က စစ်လျော်ကြေးများ ပေးဆပ်ခဲ့ရ၍ ယခုထပ်မပေးနိုင်ခြင်းဖြစ်သည်။

ထိုအတောအတွင်း အင်ဒိုနီးရှားတွင် ချွေးတပ်အဆွဲ ခံရသောပြည်သူ ၁၃၀၀၀ က ၁၉၄၂– ၄၅ ခုနှစ်များတွင် အလုပ်လုပ်ခဲ့ရသည့်လုပ်ခအတွက် လျော်ကြေးတောင်းရန် စီစဉ်လျက်ရှိသည်။

စစ်အတွင်းပြည့်တန်ဆာဘဝသွင်းခံရသော ဖိလစ်ပိုင်၊ တောင်ကိုရီးယားနှင့် မလေးရှားအမျိုးသမီးတို့ကလည်း

ဥပဒေကြောင်းအရ လျော့ကြေးတောင်းမည်ဟု သိရှိရသည်။

အာဏာရပါတီ မဟုတ်သော ဂျပန်ဆိုရှယ်လစ်ပါတီခေါင်းဆောင် ဆာဒါအိုယာမာဟာနာကလည်း ၁၉၁၀ ပြည့်နှစ်မှစ၍ ၁၉၄၅ ခုနှစ် ဒုတိယ စစ်ပြီးသည့်နှစ်ပေါင်း ၄၀ ခန့်အတွင်း တောင်ကိုရီးယား၌ ဂျပန်တို့ ရက်စက်မှုကို ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့က ဆိုးလ်မြို့တွင် တောင်းပန်စကားပြောကြားသည်။ မစ္စတာယာမာဟာနာသည် ယခုဂျပန်ညွန့်ပေါင်း အစိုးရအဖွဲ့၌ နိုင်ငံရေးရာပြုပြင်မှု ဝန်ကြီးတာဝန်ကို ထမ်းဆောင် လျက်ရှိသည်။

မစ္စတာယာမာဟာနာသည် ၁၉၉၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့က ကြေညာလိုက်သော ဂျပန်ညွန့်ပေါင်းအစိုးရအဖွဲ့တွင် ဌာနလက်ကိုင်မရှိဝန်ကြီးအဖြစ်တာဝန်ယူမည့်အပြင် နိုင်ငံရေးပြုပြင်ပြောင်းလဲရေး ၌ ဦးစီးရမည်ဖြစ်သည်။

### ပါလီမန်၌ အယုံမကြည်မရှိအဆိုတင်သွင်းခြင်း

ဝန်ကြီးချုပ်မိယာဇာဝါသည်နိုင်ငံရေးအဂတိလိုက်စားမှုအနိဋ္ဌာရုံများကို တားဆီးနိုင်ခြင်းမရှိသည့်အတွက် အတိုက်အခံ အမတ်များ၏ဝေဖန်မှုကို ခံခဲ့ရသည်။ အခြေအနေများ တစ်စတစ်စ ဆိုးဝါးလာရာ ၁၉၉၃ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ပါလီမန်၌ ဝန်ကြီးချုပ်အား အယုံအကြည်မရှိအဆိုတင်သွင်းသည်အထိ ဖြစ်ခဲ့ရသည်။ အယုံအကြည်မရှိအဆို အနိုင်ရရှိသွားပါက ဝန်ကြီးချုပ်မိယာဇာဝါ၏ အစိုးရအဖွဲ့သည် ၁၀ ရက်အတွင်း နုတ်ထွက်ပေးရမည်ဖြစ်သည်။ သို့မဟုတ်ပါက အောက်လွှတ်တော်ရွေးကောက်ပွဲကျင်းပပေးရမည်ဖြစ်သည်။ ကမ္ဘာ့စက်မှုအင်အားကြီး ခုနစ်နိုင်ငံ (ဂျီ-၇) ထိပ်သီး အစည်းအဝေးကို ဇူလိုင်လဆန်းပိုင်းတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် ဂျပန်နိုင်ငံက ပြင်ဆင်နေချိန်တွင် ဂျပန်အစိုးရမှာ ပြဿနာနှင့် ယခုလို ကြုံတွေ့ရခြင်း ဖြစ်သည်။

အာဏာရပါတီမှ ပြုပြင်ပြောင်းလဲရေးကို လိုလားသော ခွဲထွက်ရေးအုပ်စုတစ်ခုက အတိုက်အခံများဘက်မှ မဲပေးရန်ဆုံးဖြတ် ထားသည်။ ခွဲထွက်ရေးအုပ်စုတွင် ဂျပန်နိုင်ငံရေးကို အခြေခံမှစ၍ ပြောင်းလဲပစ်လိုသည့် လူငယ်အမတ်အများအပြားပါဝင်ပေသည်။ နှစ်ပေါင်း ၄၀ နီးပါး ဂျပန်နိုင်ငံကို အုပ်ချုပ်လာသည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ) သည် အမတ်ဦးရေ ၅၁၂ ဦးရှိသည့် အောက်လွှတ်တော်တွင် အမတ် ၂၇၄ ဦးဖြင့် မဲအများစုကို ရယူ ထားသည်။

ဤသို့ဖြင့် အယုံအကြည်မရှိအဆိုကို ဇွန်လ ၁၈ ရက်နေ့တွင် မဲခွဲရာတွင် အဆိုဘက်မှ ၂၅၅ မဲ ၂၂၀ မဲဖြင့်



ပါလီမန်တွင် အယုံအကြည်မရှိ အဆိုတင်သွင်းခံရပြီးနောက်
ရှုံးနိမ့်သွားသော ဝန်ကြီးချုပ် မိယာဇာဝါ



အနိုင်ရရှိသွားသဖြင့် ဝန်ကြီးချုပ်မိယာဇာဝါသည် ဂျပန်ပါလီမန်ကိုမလွဲမရှောင်သာဘဲဖျက်သိမ်းခဲ့ရသည်။ အဓိကအတိုက်အခံ ပါတီသုံးခုတို့၏ မဟာမိတ် အင်အားစု အပြင်အာဏာရလစ်ဘရယ် ဒီမိုကရက်တစ်ပါတီမှ ပုန်ကန်သူအမတ်တစ်စုတို့က အယုံအကြည်မရှိအဆိုဘက်မှ မဲပေးခဲ့ကြသဖြင့် မိယာဇာဝါ ပြုတ်ကျသွားခြင်းဖြစ်သည်။

အောက်လွှတ်တော်စင်မြင့်မှ အတိုက်အခံအမတ်များက အယုံအကြည်မရှိအဆိုကို ထောက်ခံရင်း မိယာဇာဝါအား လူညာ၊ တာဝန် မဲ့သူအဖြစ် ပြစ်တင်ရှုတ်ချပြောဆိုခဲ့ကြရာ မိယာဇာဝါသည် မျက်မှောင်ကြုတ်၍ ထိုင်နေပြီး မျက်လုံးများတွင် မျက်ရည်များရစ်ဖုံးနေခဲ့သည်။ ဆန္ဒမဲစာရင်းကြေညာချိန်တွင် မိယာဇာဝါသည် ခါးကိုညွတ်၍ အရိုအသေပေးကာ အစည်းအဝေးခန်းမ အရှုံးကို လက်ခံသွားသည်။

## ဂျပန်ပါလီမန်ရွေးကောက်ပွဲ

အခြေအနေများ ယင်းသို့ရှိနေခဲ့ရာမှ ဂျပန်ပါလီမန်ရွေးကောက်ပွဲကို ဇူလိုင်လ ၁၈ ရက်နေ့တွင် ကျင်းပခဲ့ရာအယ်ဒီပီသည် အင်အားတောင့်တင်းသော အတိုက်အခံ အုပ်စုများကို အရေးနိမ့်ခဲ့သဖြင့် အယ်ဒီပီ၏နှစ်ပေါင်း ၄၀ နီးပါးမျှ အာဏာချုပ်ကိုင်နိုင်မှုသည် အဆုံးသတ်သွားစေနိုင်သည့် အနေအထားသို့ ရောက်သွားခဲ့သည်။ အမတ်နေရာ ၅၁၁ နေရာအတွက် ကျင်းပသည့်ပါလီမန်ရွေးကောက်ပွဲရလဒ်များ ထွက်ပေါ်လာချိန်တွင် အယ်ဒီပီပါတီသည် လူများစုအနေအထားကို လက်လွှတ်လိုက်ရသည်။

အမတ်နေရာ ၅၁၁ နေရာအနက် အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီက အမတ်နေရာ ၂၂၃ နေရာ အနိုင်ရရှိပြီးအယ်ဒီပီမှ ခွဲထွက်သွားသူတို့၏ ဂျပန်ပြည်သစ်ပါတီနှင့် အပေါင်းအသင်း ခုနစ်ပါတီက ၂၄၃ နေရာရရှိသည်။ ကျန်နေရာများကိုတစ်သီးပုဂ္ဂလနှင့် ဂျပန်ကွန်မြူနစ်ပါတီက အနိုင်ရရှိသည်။

## အစိုးရအဖွဲ့သစ်ဖွဲ့စည်းခြင်း

ဝန်ကြီးချုပ်အဖြစ်တာဝန်ယူရန် ညွန့်ပေါင်းပါတီခုနစ်ခုက စုပေါင်းညှိနှိုင်းကြရာ ဂျပန်ပြည်ပါတီသစ်ခေါင်းဆောင် မိုရီဟိုရို ဟိုဆိုကာဝါကို ရွေးချယ်ကြသည်။ အစိုးရအဖွဲ့ဖွဲ့ရာတွင် ပါတီခုနစ်ခုမှ ဝန်ကြီးတစ်နေရာစီရရှိကြသည်။ ဂျပန်ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌဟောင်း ဒိုအီကိုလွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြသည်။ အစိုးရအဖွဲ့ဝင်ဝန်ကြီး ၂၁ နေရာတွင် အမျိုးသမီးသုံးဦးပါရှိလာသည်။



ရွေးကောက်ပွဲတွင် မဲများရေတွက်နေစဉ်

ဝန်ကြီးချုပ် ဟိုဆိုကာဝါသည် ရှေးခေတ်နယ်စားပယ်စားအမတ်ကြီးမျိုး ရိုးရိုက်နွယ်ဖြစ်သည်။ စစ်ကြိုခေတ်က ဝန်ကြီးချုပ် ဖြစ်ခဲ့သူ မင်းသားကြီး ကနိုမှာ ဟိုဆိုကာဝါ၏ အမိဘက်မှအဖိုးဖြစ်သည်။ အသက် ၅၅ နှစ်အရွယ်ရှိ ဟိုဆိုကာဝါ၏ ကြွေးကြော်သံမှာ လာဘ်ပေးလာဘ်ယူကင်းရှင်းရေး၊ ပါတီငွေများကို စိစစ်ရေးတို့ပင်ဖြစ်သည်။

ဝန်ကြီးချုပ်ဖြစ်လာသူဟိုဆိုကာဝါက ၎င်း၏လက်ထက်တွင် လာဘ်စားမှုများကင်းရှင်းစေရန် ရည်ရွယ်ချက်ဖြင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ လက်ဝယ်ရှိပစ္စည်းစာရင်းကို တင်ပြစေသည်။ ၎င်းပိုင် ပစ္စည်းစာရင်းကိုလည်း တင်ပြရာ ပစ္စည်းတန်ဖိုးဒေါ်လာ ၁၂ သန်း ရှိမည်ဟု ခန့်မှန်းရသည်။ အစိုးရအဖွဲ့ဝင်ဝန်ကြီးများမှာ ယခင်ဝန်ကြီးများထက် အများအားဖြင့် ပစ္စည်းဥစ္စာနည်းပါးကြသည်ကို တွေ့ရှိရပါသည်။

လွှတ်တော်ဥက္ကဋ္ဌဒိုအီမှာ ပညာတတ်အမျိုးသမီးတစ်ဦးဖြစ်သော်လည်း ခင်ပွန်းမရှိသဖြင့် အိမ်ထောင်ရေးနှင့်ပြည်တွင်းရေးကို နားလည်သူမဟုတ်ဟု ဝေဖန်ခံရသည်။ ဒိုအီကသူမ၏အိမ်ထောင်မှာ စာအုပ်စာပေများပင်ဖြစ်ကြောင်း ပြန်လည်ချေပခဲ့သည်။



ရွေးကောက်ပွဲအပြီး ဟိုဆိုကာဝါနှင့် ဂျပန်ပြည်သစ်ပါတီ ထောက်ခံသူများ အောင်မြင်နေစဉ်



ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် ဟိုဆိုကာဝါ မိန့်ခွန်း ပြောကြားနေစဉ်

## ဂျပန်နိုင်ငံတွင်းသို့ဝင်လာကြသူများ

၁၉၉၂ ခုနှစ်အဆုံးတွင် ကောက်ယူရရှိသောစာရင်းအရ ဂျပန်ပြည်အတွင်း ဝင်ရောက်နေထိုင်သူ နိုင်ငံခြားသား ၁ သန်း ၂ သိန်း ၈ သောင်းရှိသဖြင့် ယခင်ငါးနှစ်ကထက် ၄၅ ရာခိုင်နှုန်းပိုလာသည်။ မတ်လ ၃၁ ရက်နေ့ရှိသော ဂျပန်လူဦးရေ ၁၂၃ သန်း ၉ သိန်း ၆ သောင်း၏တစ်ရာခိုင်နှုန်း ဖြစ်လာသည်။

ထိုဝင်ရောက်နေထိုင်သူများတွင် အာရှတိုက်သား တစ်သန်းရှိသဖြင့်ဝင်လာလူဦးရေ၏၇၈ ဒသမ ၁ ရာခိုင်နှုန်း ဖြစ်သည်။ လက်တင်အမေရိကနိုင်ငံများမှ ဝင်လာသူမှာ ၁,၈၇,၁၄၀ ဖြစ်ပြီး ဝင်လာလူဦးရေ၏ ၁၄ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သည်။

လူမျိုးအလိုက်ဆိုလျှင် ကိုးရီးယား ၆,၃၈,၄၀၀၊ တရုတ် ၁,၉၅,၃၀၀၊ ဘရာဇီးလီယံ ၁,၄၇,၈၀၃ ဖြစ်၍ အမြဲတမ်းနေထိုင်မည့် သူများတွင် ကိုးရီးယား ၆,၃၅,၄၀၀ ဖြစ်သည်။

ဂျပန်တွင် ပညာသင်ကြားလျက်ရှိသူ ၅၆,၃၀၀ ဖြစ်၍ များသော အားဖြင့် တရုတ်နှင့်ကိုးရီးယားများဖြစ်သည်။

ထိုဝင်လာသူများတွင် တရားမဝင်နေထိုင်သူ၃,၀၀,၀၀၀ ရှိသည်။ မေလ ၁ ရက်နေ့က ကောက်ခံရရှိသော စာရင်းဖြစ်သည်။ ယခုနှစ်ပထမခြောက်လအတွင်း ဥပဒေဘောင်ကျော်၍ဝင်လာသူ ၃၅,၂၉၉ ဦးကို လာရင်း တိုင်းပြည်သို့ ပြန်ပို့ရသည်။ ၁၉၉၂ ခုနှစ် ပထမခြောက်လမှာထက် ၁၀၀၀ ကျော်လာသည်။ ဥပဒေမဲ့ ဝင်လာသူများတွင် ထိုင်းနိုင်ငံက အများဆုံးဖြစ်၍ တောင်ကိုးရီးယားနှင့်

ဖိလစ်ပိုင်က လည်း လူအတော် များများဝင်လာကြသည်။ ဝင်လာကြသူတို့၏ တစ်ဝက်ကျော်မှာ အမျိုးသမီးများ ဖြစ်သည်။

## စီးပွားရေး

၁၉၉၃ ခုနှစ်၊ ဩဂုတ်လတွင် လူစီးကား၊ ကုန်တင်ထရပ်ကားနှင့် ဘတ်စ်ကားစီးရေ ၁၃,၇၃၅ ကို ရောင်းချရသည်။ ၁၉၉၂ ခုနှစ်၊ ဩဂုတ်လတွင် စီးရေ ၁၂,၉၈၂ ရောင်းချရသည်။

ဂျပန်နိုင်ငံ၏ ထုတ်ကုန်တန်ဖိုးပမာဏသည်ဇွန်လတွင် ဒေါ်လာ ၉ ဒသမ ၉၇ ဘီလီယံဖြစ်၍ လွန်ခဲ့သောနှစ်က ဒေါ်လာ ၈ ဒသမ ၉၅ ဘီလီယံဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်မှုမှာ ယခုနှစ်တွင် ၃ ဒသမ ၃၅ ဘီလီယံဖြစ်သည်။ ယခင်နှစ်ကမူ ၃ ဒသမ ၁၄ ဘီလီယံဖြစ်သည်။ အမေရိကန်နှင့် ကုန်သွယ်မှုတွင် ဂျပန်က အပိုအမြတ်ထွက်လွန်းသဖြင့် လျှော့ချရန် နှစ်နိုင်ငံ အပြင်းအထန် ဆွေးနွေးလျက်ရှိသည်။

ဂျပန်နိုင်ငံသည် ပြည်တွင်းစီးပွားရေးကို ကာကွယ်ရန်အတွက် အမေရိကန်အစရှိသော ပြည်ပမှဆန်များ တင်သွင်းခွင့်မပြုပေ။ သို့ရာတွင် ယခုနှစ်တွင်မူ ပြည်တွင်းလယ်ယာစိုက်ပျိုးရေးမှ ဆန် အထွက်ညံ့သဖြင့် ပြည်ပမှ ဆန်တန်ချိန် ၃ သိန်းမှ ၄ သိန်းအထိ ဝယ်ယူတင်သွင်းရမည်ဖြစ်သည်ဟု ဂျပန်သတင်းစာများက ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဖော်ပြထားသည်။ ထိုင်းနိုင်ငံထံမှ ဆန်အများအပြား ဝယ်ယူရန်စီစဉ်ထားသည်။

အခြေအနေအရ ယင်းသို့ကုန်သွယ်လိုအပ်မှုပေါ်ထွက်လာသောကြောင့် မစ္စတာဟိုဆိုကာဝါအစိုးရသည် စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာရန် ကြိုးပမ်းလျက်ရှိသည်။ အကောက်ခွန်တိမ်းရှောင်သူများကိုလည်း ရှာဖွေအရေးယူလျက်ရှိသည်။

## ကူညီထောက်ပံ့မှုများ

ဂျပန်အစိုးရသည် ပြည်ပတိုင်းပြည်များသို့ အကူ အညီပေးလျက်ရှိရာ ထိုင်းနိုင်ငံသို့ ဒေါ်လာသန်း ၂၇၀ ကူညီဦးမည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနကယမန်နှစ်ဩဂုတ်လ ၁၇ ရက်နေ့တွင် ကြေညာခဲ့ သည်။

အိန္ဒိယရှိ ပရောဂျက်စီမံကိန်းလုပ်ငန်းများ ပြီးစီးရေးအတွက် ဒေါ်လာသန်း ၁၅၀၀ ချေးငှားမည်ဟု အိန္ဒိယစွမ်းအင်ဝန်ကြီးဌာနက ၁၉၉၃ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့က ကြေညာသည်။ တရုတ်ပြည်တွင် ရေနံရှာဖွေရေး အတွက် သန်း ၁၅၀ ကူမည်ဖြစ်သည်။

## ကာကွယ်ရေးနှင့် စစ်ရေး

ဂျပန်နိုင်ငံကာကွယ်ရေး၌ အသုံးပြုရန် အေဝက်ထောက်လှမ်းရေး လေယာဉ်လေးစင်း ဝယ်ယူမည်ဖြစ်သည်။ တစ်စီး၏တန်ဖိုးသည် ဒေါ်လာသန်း ၅၀၀ ဖြစ်သဖြင့် ဂျပန်ကမှန်းထားသည့်ဈေးထက် ပိုမိုများပြားသည်။ ၁၉၉၁–၉၅ခုနှစ်အတွင်း ယင်းအေဝက် လေယာဉ်များ ဝယ်ယူ အသုံးပြုမည်ဖြစ်သည်။

ဂျပန်အခြေခံဥပဒေအရ ပြည်ပသို့ ဂျပန်စစ်သားများ စေလွှတ် ခွင့်မရှိပေ။ ပါလီမန်၏ ခွင့်ပြုချက်ဖြင့် တပ်သား ၅၀၀ ကျော်ကို ကမ္ဘောဒီးယားနိုင်ငံသို့ ပို့လွှတ်ရမည်ဖြစ်သည်။ ကုလသမဂ္ဂ၏အစီအစဉ်အရမစ္စတာအာကာရှိဦးစီးသော ကုလသမဂ္ဂငြိမ်းချမ်းရေး ကော်မရှင်သည် ကမ္ဘောဒီးယား ငြိမ်းချမ်းရေးနှင့် အစိုးရသစ်ဖွဲ့စည်း ရေးအတွက်တာဝန်ယူလျက်ရှိသည်။(ကမ္ဘောဒီးယားနိုင်ငံ–ရှု။)

ဂျပန်တပ်သား ၂၂၄ ဦးကို ၁၉၉၂ ခုနှစ်၊ ဩဂုတ်လက ပို့လွှတ်ခဲ့ပြီး နောက် ၃၇၆ ဦးကို စက်တင်ဘာလတွင် စေလွှတ်ခဲ့သည်။ တပ်ပို့မှုကို ကန့်ကွက်သူများက တိုကျိုလေဆိပ်တွင် ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ၁၉၉၃ခုနှစ်၊ စက်တင်ဘာလတွင် အရပ်ရပ်ဆောင်ရွက်ချက်များ ပြီးစီးသဖြင့် မစ္စတာအာကာရှိနှင့်အတူ ဂျပန်တပ်သားများသည် ဂျပန်ပြည်သို့ အောင်မြင်စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ဂျပန်အစိုးရသည် ကာကွယ်ရေးအတွက် ဒေါ်လာ ၄၅ ဘီလီယံသုံးရန် သတ်မှတ်သည်။ လက်ရှိနှစ်ထက် ၁ ဒသမ ၉၅ ရာခိုင်နှုန်း ပိုသုံးမည်ဖြစ်သည်။

စက်တင်ဘာလတွင် ကြည်း၊ ရေ၊ လေ တပ်များ၏ စစ်ရေး စစ်ရာ လေ့လာလှုပ်ရှား လေ့ကျင့်မှုကို ဆောင်ရွက်ကြသည်။ စက်တင်ဘာ ၂၉ရက်နေ့မှစ၍ လေ့ကျင့်ရာတွင် တပ်သား ၉၀,၀၀၀၊ စစ်သင်္ဘော ၁၂၀ နှင့် ထောက်ပံ့ရေး သင်္ဘောများအပြင် လေယာဉ် ၅၆၀ ပါဝင်ကြသည်။

စစ်ရေးလေ့ကျင့်မှု၏ နောက်ပိုင်းတွင် အမေရိကန်လေတပ်နှင့် ရေတပ်က ပါဝင်လှုပ်ရှားမည်ဖြစ်ရာ သင်္ဘော ၁၀ စင်း၊ လေယာဉ်တင် သင်္ဘောတစ်စင်းနှင့် လေယာဉ် ၆၀ ပါဝင်ကူညီသည်။

## သဘာဝကပ်

၁၉၉၃ ခုနှစ်အတွင်း အဆိုးဝါးဆုံး သဘာဝကပ်ကြီးသည် ဂျပန်ပြည်မြောက်ပိုင်း ဟိုကိုင်းဒိုကျွန်း မြောက်စွန်ကမ်းလွန်ဒေသ ကိုကူရှီရိကျွန်းတွင် ဇူလိုင်လ ၁၂ ရက်နေ့က ဖြစ်ပွားခဲ့သည်။

၇ ဒသမ ၈ ရစ်ချ်စတာ စကေးအတိုင်းအထွာရှိသော ငလျင်ကြီး လှုပ်စဉ် ပင်လယ်ဒီလှိုင်းများ တက်လာသည်။ ပေ ၁၀၀ အမြင့်ရှိသော ဒီလှိုင်းသည် အိမ်များရွာများကို လွှမ်းသွားသည်။ ကျွန်းသူကျွန်းသားတို့သည် နီးရာ ကုန်းမြင့်သို့ အပြေးအလွှားရွှေ့ပြောင်း သွားကြရသည်။ ဂျပန်ရဲအဖွဲ့ဝင် ၅၀ က ချက်ချင်းပင် လာရောက်စောင့်ကြပ် ကူညီကြသည်။ နောက်ဆုံးသတင်းအရ လူ ၂၀၀ သေဆုံးပြီး ၃၉ ဦးပျောက်ဆုံး လျက်ရှိသည်။(သဘာဝဘေးဒဏ်-ရှု)

**ဂျာမနီနိုင်ငံ။** ။ယခင် အရှေ့ ဂျာမနီ ကွန်မြူနစ်ခေါင်းဆောင်ဟောင်း အဲရစ်ဟွန်နက်ကာကို ဇန်နဝါရီလ ၁၃ ရက်နေ့တွင် အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။ သူ့အား ချီလီနိုင်ငံရှိ ဇနီးဖြစ်သူထံ သွားရောက်ခွင့် ပြုခဲ့သည်။ အသက် ၈၀ အရွယ်ရှိနေပြီး အသည်းကင်ဆာရောဂါ ခံစားနေရသည့် ဟွန်နက်ကာသည် ၁၉၉၂ ခုနှစ်၊ ဇူလိုင်လက မော်စကိုရှိ ချီလီနိုင်ငံသံရုံးမှ ပြန်ရောက်လာစဉ်မှစ၍ ဘာလင်မြို့ အကျဉ်းထောင်တွင် အကျဉ်းချထားခံခဲ့ရသည်။ ၄င်းကို လွှတ်ပေးခြင်းသည် ကျန်းမာရေးအခြေအနေအရ ခေတ္တခွင့်ပြုခြင်းသာဖြစ်ပြီး ၄င်း၏မျက်ကွယ်၌ ဆက်လက်စီရင်ဆုံးဖြတ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

## စီးပွားရေးအခြေအနေ

ကမ္ဘာ့စီးပွားရေးပမာဏအရ အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံပြီးလျှင် တတိယအကြီးမားဆုံး အဆင့်၌ရှိသော ဂျာမနီနိုင်ငံသည် နှစ်နိုင်ငံပေါင်းစီးပြီးနောက် စီးပွားရေးတိုးတက်နှုန်း ကျဆင်းခဲ့ရာ ဒုတိယကမ္ဘာစစ်နောက်ပိုင်း အနိမ့်ဆုံးအဆင့်သို့ပင် ရောက်ရှိခဲ့သည်ဟု ပညာရှင်များက ခန့်မှန်းကြသည်။

စီးပွားရေးအခြေအနေ တိုးတက် ကောင်းမွန်ရေးအတွက် ဂျာမနီအစိုးရသည် လူမှုရေးဆိုင်ရာ အစိုးရအသုံးစရိတ်များဖြတ်တောက်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံ



တရားခွင်ထိုင်ခြင်းခံနေရသည့် ယခင်အရှေ့ဂျာမနီ ကွန်မြူနစ် ခေါင်းဆောင်ဟောင်း ဟွန်နက်ကာ

ဘာလင်မြို့ အလုပ်လက်မဲ့ရုံးတစ်ရုံးတွင် တွေ့မြင်ရသည့်မြင်ကွင်း





ဘာလင်မြို့တွင်တွေ့ရသော အိမ်ခြေယာခြေမဲ့များ

သူများအတွက် အခွန် အကောက်ပြုပြင်ပြောင်းလဲပေးခြင်း၊ စာပို့စနစ်ကို ပုဂ္ဂလိကပိုင် လုပ်ခွင့်ပေးခြင်းနှင့် အခြားဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

၁၉၉၃ ခုနှစ်၊ ဒုတိယသုံးလပတ်တွင် အနောက်ပိုင်းဂျာမနီ၌ ဒသမ ၅ ရာခိုင်နှုန်း စီးပွားရေး ပြန်လည်တိုးတက်ခဲ့ကြောင်း၊ မျှော်လင့်ထားသည်ထက် အခြေအနေကောင်းခဲ့ကြောင်း ကြေညာခဲ့သည်။ အနောက်ပိုင်းဂျာမနီ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန်သည် ဧပြီလမှ ဇွန်လအတွင်း ဒသမ ၅ ရာခိုင်နှုန်းတိုးခဲ့ကြောင်း၊ သို့သော် စီးပွားရေးထွက်ရှိမှုတွင်မူ ယမန်နှစ် ဤကာလအခြေအနေထက် ၁ ဒသမ ၉ ရာခိုင်နှုန်းနိမ့်နေဆဲဖြစ်ကြောင်း၊ အနောက်ပိုင်းဂျာမနီ၏ စုစုပေါင်း တစ်မျိုးသားလုံး၏ ထုတ်ကုန်မှာ ပထမသုံးလပတ်ထက် ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ပြည်ထောင်စုစာရင်းအင်းရုံးက ထုတ်ပြန် ကြေညာခဲ့သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် မူကြမ်းနှင့်ပတ်သက်၍ အာဏာရညွန့်ပေါင်းပါတီများကြား စေ့စပ်ညှိနှိုင်းမှုများကို လပေါင်းအတန်ကြာအောင် ပြုလုပ်ခဲ့ပြီးနောက် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် သဘောတူညီမှုရရှိခဲ့သည်။ သဘောတူညီချက်အရ ဂျာမန်စစ်သားများကို မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့ (နေတိုး) ရေိယာ၏ အပြင်ဘက်၌ နိုင်ငံတကာငြိမ်းချမ်းရေးတပ်ဖွဲ့များနှင့်အတူ ပါဝင်ဆောင်ရွက်လှုပ်ရှားခွင့်ပြုမည် ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥဒေ ပြင်ဆင်ရန် ဆုံးဖြတ်ချက်သည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘူထရို့စ် ဘူထရို့စ်ဂါလီ ဂျာမနီနိုင်ငံသို့ အလည်အပတ်ရောက်ရှိစဉ် ဇန်နဝါရီလ



ပရန့်ဖွတ်မြို့ငွေလဲလှယ်ရေးဌာနတစ်ခု၏ လုပ်ငန်းခွင်ကိုတွေ့ရစဉ်

၁၁ ရက်နေ့က တိုက်တွန်းနှိုးဆော်ခဲ့ပြီးနောက် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက မတ်လ ၃၁ ရက်နေ့တွင် အတည်ပြုခဲ့သော ဘောစနီးယားနယ်မြေပေါ်သို့ မပျံသန်းရဇုန် သတ်မှတ်ရန် ကြပ်မတ်ဆောင်ရွက်သော အေဝက်စ်ထောက်လှမ်းရေး လေယာဉ်တပ်ဖွဲ့၌ ဂျာမန်တပ်ဖွဲ့များ ပါဝင်ဆောင်ရွက်ခွင့်ရှိကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက ဧပြီလ ၈ ရက်နေ့တွင် အဆုံးအဖြတ် ပေးခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကို ငါးမဲ၊ သုံးမဲဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း မြောက်အတ္တလန္တိတ် စစ်စာချုပ် (နေတိုး) စစ်ဆင်ရေးနယ်မြေပြင်ပ၌ ဂျာမန်တပ်ဖွဲ့များကို ပထမဆုံးအကြိမ် လှုပ်ရှားဆောင်ရွက်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။ ထိုသို့ ဆုံးဖြတ်ချက်ပြုလိုက်ခြင်းကြောင့် ဝန်ကြီးချုပ် ခိုးလ်နှင့် ကာကွယ်ရေးဝန်ကြီး ဝေါ်လ်ကာရူဟီတို့၏ အနေအထားကို အားပေးထောက်ခံရာ ရောက်စေခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး၏ အဆုံးအဖြတ်သည် ဆိုမာလီယာနိုင်ငံသို့ ဂျာမနီတပ်ဖွဲ့များကို စေလွှတ်ရန်ဝန်ကြီးအဖွဲ့၏ ဆုံးဖြတ်ချက်ကိုလည်း လမ်းပွင့်သွားစေခဲ့သည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘူထရို့စ် ဘူထရို့စ်ဂါလီ၏ ပန်ကြားချက်အရ ဆိုမာလီယာနိုင်ငံတွင် ရောက်ရှိနေသော ကုလသမဂ္ဂ ကယ်ဆယ်ရေးတပ်ဖွဲ့များကို အားဖြည့်ကူညီပေးရန် ရည်ရွယ်၍ ဂျာမန်တပ်ဖွဲ့ဝင်အင်အား ၁၆၀၀ စေလွှတ်ရန် ဧပြီလ ၂၁ ရက်နေ့တွင် ဝန်ကြီးအဖွဲ့က ဆုံးဖြတ်ခဲ့သည်။

## ပြည်တွင်းရေးရာ

ဂျာမနီနိုင်ငံ၌ လူမျိုးကြီးဝါဒနှင့် နာဇီလက်သစ်ဝါဒကို ဆန့်ကျင်ကန့်ကွက်သော ဆန္ဒပြပွဲများကို ကျင်းပခဲ့ကြရာ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် လူ ၁၅,၀၀၀ ကျော်သည် စတုဂါ့ထ်မြို့၌ စုရုံးခဲ့ကြသည်။ ၎င်းတို့သည် ဘာဒင်ဝူတင်ဘာဂ်ပြည်နယ်အနှံ့ မြို့ ၇၀ ခန့် မှ ပြည်နယ်မြို့တော် စတုဂါ့ထ်သို့ စုဝေးချီတက်ခဲ့ကြခြင်း ဖြစ်သည်။

ဟစ်တလာအာဏာရခဲ့သော နှစ် ၆၀ မြောက်နေ့ဖြစ်သည့်ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ဘာလင်၊ ဒူဆယ်လ်ဒေါ့ဖ်၊ ဒေါ့တမန်၊ ရော့စတော့နှင့် မြို့ကြီးများစွာတို့၌ ဂျာမန်ပြည်သူ ၃၀၀,၀၀၀ ကျော်နှင့် နိုင်ငံခြားသားများသည် ဖက်ဆစ်စနစ်ကို ဆန့်ကျင်သောအားဖြင့် ဖယောင်းတိုင်များ မီးထွန်းညှိ၍ ဆန္ဒပြခဲ့ကြသည်။

ဇန်နဝါရီလ ၁၉ ရက်နေ့တွင် အစိုးရအဖွဲ့သည် ညွန့်ပေါင်းပါတီများက သဘောတူခဲ့ပြီးဖြစ်သော အဆိုပြုထားသည့် ညီညွတ်ရေးစာချုပ်ပါ အသေးစိတ် အချက်အလက်များကို ထုတ်ဖော်ကြေညာခဲ့သည်။



**နာဇီလက်သစ်ဝါဒီများ၏ ပြန်လည်လှုပ်ရှားလာမှုများကလည်း ဂျာမနီနိုင်ငံ၏ ပြည်တွင်းရေး ပြဿနာတစ်ရပ်ပင်**

မတ်လ ၁၃ ရက်နေ့တွင် ပြည်ထောင်စုအစိုးရနှင့် အတိုက်အခံ ပါတီခေါင်းဆောင်များသည် ပြည်နယ် ၁၆ ခုမှ ဉက္ကဋ္ဌများနှင့်အတူ အစိုးရက အဆိုပြုထားသော ညီညွတ်ရေး စာချုပ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော အများပြည်သူဘက်မှ ကုန်ကျခံရမည့် ငွေကြေးစရိတ်နှင့် ပတ်သက်၍ ကျယ်ပြန့်သော သဘောတူညီမှုတစ်ရပ်ကို ရရှိခဲ့ကြသည်။ ယင်းသဘောတူညီမှုအရ ဂျာမနီနိုင်ငံအရှေ့ပိုင်း ပြည်နယ်များသို့ ၁၉၉၅ ခုနှစ်တွင် မတ်ငွေသန်းပေါင်း ၁၁၀,၀၀၀ လွှဲပေးအပ်ရန် အစီအစဉ် ပါရှိသည်။

ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီး ဝေါလကာရူဟေးက အဝိက စစ်လက်နက်အသုံးစရိတ် အားလုံးကို ခေတ္တဆိုင်းငံ့ထားကြောင်း ကြေညာခဲ့သည်။ လက်ရှိနှစ်အတွက် မတ်ငွေသန်း ၈၆၀ နှင့် နောက်သုံးနှစ်၌ တစ်နှစ်လျှင် သန်း ၇၀၀ စီ သက်သာစေရန် ရည်ရွယ်သည်။ ၄င်းသည် အရှေ့ပိုင်းဂျာမနီ၌ တိုးပွားလာသောကုန်ကျစရိတ် လိုအပ်ချက်ကို ပံ့ပိုးရန် စီစဉ်ဆောင်ရွက်မှု များအနက် တစ်ရပ်ဖြစ်သည်။

မေလအတွင်း၌ ဂျာမနီနိုင်ငံ၏ အဓိက နိုင်ငံရေးပါတီကြီးများအားလုံးနီးပါးသည် ထိခိုက်ဆုတ်ယုတ်မှုများနှင့် ကြုံတွေ့ခဲ့ကြရသည်။ ၄င်းတို့၏ ထိပ်ပိုင်းခေါင်းဆောင် အချို့သည် လာဘ်ပေးလာဘ်ယူမှု အရှုပ်တော်ပုံများကြောင့် နုတ်ထွက်ခဲ့ကြ၍ဖြစ်သည်။ ၄င်းတို့အနက် ထင်ရှားသူများမှာ အတိုက်အခံ ဆိုရှယ်ဒီမိုကရက်ပါတီ (အက်စ်ဒီပီ) ဉက္ကဋ္ဌ ဗြွန်အန်ဟုမ်း၊ သယ်ယူပို့ဆောင်ရေးဝန်ကြီးဖြစ်သူ ခရစ်ယာန် ဒီမိုကရက်တစ်ယူနီယံ (စီဒီယူ) ပါတီမှ ဂွန်ထာခရောက်စ်၊ ခရစ်ယာန် ဆိုရှယ်ယူနီယံ (စီအက်ယူ) ပါတီမှ ဘာဗားရီးယားမက်စ်စထရေဘယ်လ် စသည်တို့ ဖြစ်သည်။

ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးဝန်ကြီး ယာဂန်မိုလေမန်းသည် ဇန်နဝါရီလ ၃ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်ခဲ့သည်။ ဆွေမျိုးတစ်ဦးပိုင် ကုမ္ပဏီမှ ထုတ်လုပ်သော ကုန်ပစ္စည်းတစ်ခုကိုအရောင်းအဝယ်ဖြစ်စေရေး အတွက် သူ၏ဩဇာအာဏာကိုအသုံးပြုခဲ့သည်ဟူသော အချက် ပေါ်ပေါက်ခဲ့ပြီးနောက် နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။ မိုလေမန်း နုတ်ထွက်ပြီးသည့်နောက် အသစ်ပြန်လည်ဖွဲ့စည်းသော ဝန်ကြီးအဖွဲ့ကို ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကြေညာခဲ့သည်။ ၄င်း၏စီးပွားရေးဝန်ကြီးနေရာတွင် အက်ဖ်ဒီပီပါတီမှပင် ဖြစ်သော ဂွန်ထာရက်ဇ်ရော့ထ်ကို ခန့်အပ်ခဲ့သည်။

အတိုက်အခံ ဆိုရှယ်ဒီမိုကရက်ပါတီသည် လာမည့်နှစ် ရွေးကောက်ပွဲ၌ လက်ရှိဝန်ကြီးချုပ်ခိုးလ်ကို အနိုင်ယူနိုင်ရေး အတွက် ပြည်နယ်အုပ်ချုပ်ရေးမှူးတစ်ဦးဖြစ်သူ ရူးဒေါ့ဖ်ရှာပင် ၅၅ နှစ်ကို ဇွန်လအတွင်းက ရွေးချယ်ခဲ့ကြသည်။ ပါတီအဖွဲ့ဝင်ပေါင်း ၈၆၀,၀၀၀ အနက် ၅၅ ရာခိုင်နှုန်းခန့်က မဲထည့်ခဲ့ကြရာတွင် မဲထည့်သူ အားလုံး၏ ၄၀ ရာခိုင်နှုန်းက ရူးဒေါ့ဖ်ရှာပင်ကို မဲပေးခဲ့ ကြခြင်းဖြစ်သည်။ ပါတီခေါင်းဆောင်အဖြစ် ရွေးချယ်ခံရန် ဝင်ရောက်ယှဉ်ပြိုင်သူ သုံးဦးအနက် စီးပွားရေးလုပ်ငန်းကို အထက်သန်ဆုံး ဦးစားပေးဆောင်ရွက်လိုသူ ရှာပင်သည် ခိုးလ်နေထိုင်ရာ ရိုင်းလင်းပလာတီနိတ် ပြည်နယ်၏ အုပ်ချုပ်ရေးမှူးအဖြစ် ၁၉၉၀ ပြည့်နှစ်မှစ၍ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် လွန်ခဲ့သော မေလက နုတ်ထွက်သွားခဲ့သော ပါတီဉက္ကဋ္ဌ ဗြွန်အန်ဟုမ်း၏နေရာကို ဝင်ရောက်တာဝန်ယူခဲ့ရသည်။

ပြည်တွင်းရေးရာနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီကြီးများ၏ အပြောင်းအလဲကိုတွေ့မြင်ရသကဲ့သို့ အဆမတန် ဝင်ရောက်လာကြသော ဒုက္ခသည်များ၊ နိုင်ငံရေးခိုလှုံသူများကြောင့် လူမျိုးရေးပဋိပက္ခ များလည်း ဖြစ်ပွားခဲ့ရသည်။

၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် ကွန်မြူနစ် အရှေ့ဂျာမနီနှင့် အရင်းရှင်အနောက်ဂျာမနီတို့ နှစ်နိုင်ငံပေါင်းစည်းခဲ့ပြီးနောက်ပိုင်း ဒုက္ခသည်များစွာ ဂျာမနီနိုင်ငံအတွင်းသို့ဝင်ရောက်လာခဲ့သည်။ ၁၉၉၁ ခုနှစ်၊ တစ်နှစ်တည်းမှာပင် ၂၅၆,၁၁၂ ဦး ဝင်ရောက်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင်မူ ၄၃၈,၁၅၁ ဦးပင် ရှိခဲ့သည်။ ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလကုန်အထိ နှစ်လအတွင်း၌ ခိုလှုံခွင့် တောင်းခံသူပေါင်း ၇၄,၃၅၀ ဦး ဝင်ရောက်ခဲ့ပြန်သည်။

ဤသို့ဖြင့် နောက်ဆက်တွဲ အကျိုးဆက်အဖြစ် စည်းကမ်းမဲ့ ဝင်ရောက်ခြင်း၊ နိုင်ငံခြားသားများကို နာဇီဝါဒီ လက်သစ်များက အကြမ်းဖက်တိုက်ခိုက်ခြင်း၊ လူမျိုးရေးနှင့် ဆက်နွှယ်သော အဓိကရုဏ်းများနှင့် ပြစ်မှုများ တိုးပွားလာခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

လူမျိုးရေးအဓိကရုဏ်းတစ်ရပ်သည် ဆိုလင်ဂန်မြို့တွင် မေလကုန်ပိုင်းခန့်က ဖြစ်ပေါ်ခဲ့သည်။ ဂျာမနီနိုင်ငံအလယ်ပိုင်း ဆိုလင်ဂန်မြို့တွင် မေလ ၂၉ ရက်နေ့က တူရကီလူမျိုး မိန်းကလေး လေးဦးနှင့် အသက် ၂၇ နှစ်အရွယ် သားသည်အမေ အမျိုးသမီးတို့ မီးလောင်ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရခြင်းအပေါ် မကျေမနပ်အုံကြွမှုများဖြစ်ရာမှ အဓိကရုဏ်းအသွင်သို့ ကူးပြောင်းခဲ့သည်။ မေလကုန်နှင့် ဇွန်လပထမပတ်အတွင်း၌ ဖြစ်ပေါ်ခဲ့သော ထိုအဓိကရုဏ်းများကြောင့် ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့သည်။ ဒေါသထွက်နေသော တူရကီလူငယ်ရာပေါင်းများ



တစ်ဘက်တွင် လူမျိုးရေးအဓိကရုဏ်းဖြစ်ပွားမှုများကိုလည်း ရင်ဆိုင်ကြုံတွေ့နေရသည်။

စွာသည်မြင်မြင်သမျှကိုဖျက်ဆီးပစ်ခဲ့ကြရာ မေလ ၃၀ ရက်နေ့ အဓိကရုဏ်းတွင် လူ ၂၀ ကျော် ဒဏ်ရာရခဲ့ပြီး ဈေးဆိုင် ၅၀ ကျော် ဖျက်ဆီးခံရသဖြင့် ဒေါ်လာ ၆၂၀,၀၀၀ ဖိုးခန့် ဆုံးရှုံးပျက်စီးခဲ့သည်။

နိုင်ငံခြားသားများအား တိုက်ခိုက်မှုနှင့် အကြမ်းဖက်မှုပေါင်းသည် ၁၉၉၂ ခုနှစ်က ၂၂၀၀ မျှရှိခဲ့ပြီး ၁၇ဦး သေဆုံးခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ဇူလိုင်လ ၂၂ ရက်နေ့အထိ ၁၁၈၀ မှုရှိခဲ့ပြီး ခုနစ်ဦးသေဆုံးခဲ့ပြီးဖြစ်သည်။

ဤသို့အခြေအနေများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက်ပိုင်း၌ လွတ်လပ်သော နိုင်ငံရေးခိုလှုံခွင့်ပေးခဲ့သည့်အနောက်ဂျာမနီ (ယခုဂျာမနီ) နိုင်ငံသည် နိုင်ငံရေးခိုလှုံခွင့် ဥပဒေသစ်တစ်ရပ်ကို ရေးဆွဲခဲ့ရသည်။ နိုင်ငံရေးခိုလှုံခွင့်ဥပဒေကို ဂျာမနီပါလီမန်က မေလ ၂၈ ရက်နေ့တွင် အတည်ပြုခဲ့ပြီး ဇူလိုင်လ ၁ ရက်နေ့တွင် အာဏာတည်အကျိုးသက်ရောက်ခဲ့သည်။ ထိုဥပဒေသစ်အရ နယ်စပ်ဒေသများမှ ကုန်းလမ်းခရီးဖြင့် ဝင်လာသော ခိုလှုံခွင့်တောင်းခံသူများကို လုံးဝခွင့်မပြုတော့ဘဲ ရေလမ်းနှင့် လေကြောင်းမှ ဝင်လာသူများကိုပင်လျှင် ၎င်းတို့သည် အာဏာရှင်အုပ်စိုးသောနိုင်ငံ သို့မဟုတ် စစ်မက်ဖြစ်ပွားနေသောနိုင်ငံမှ လာရောက်ခြင်းဖြစ်မှသာလျှင် ခွင့်ပြုမည်ဖြစ်သည်။

## ပြည်ပဆက်ဆံရေး

ဂျာမနီဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးလ်သည်ဖေဖော်ဝါရီလနှင့်မတ်လဆန်းအတွင်း အရှေ့တောင်အာရှနိုင်ငံများသို့ ခရီးထွက်ခဲ့သည်။ သူ၏ခရီးစဉ်တွင် အိန္ဒိယ၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံတို့ပါဝင်သည်။ စင်ကာပူနိုင်ငံတွင် သမ္မတဝီးကင်ဝီး၊ ဝန်ကြီးချုပ် ဂိုချုပ်တောင်၊ ဝန်ကြီးချုပ်ဟောင်း လီကွမ်ယူတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ဂျာမနီနိုင်ငံက အရှေ့တောင်အာရှဒေသနှင့် ဆက်သွယ်ရင်းနှီးမှုများ တိုးမြှင့်ဆောင်ရွက်ရာ၌ စင်ကာပူနိုင်ငံကို အခြေစိုက်ရန် ရည်ရွယ်ကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။

ဟဲလ်မွတ်ခိုးလ်သည်နှစ်ပတ်ကြာပြည်ပခရီးစဉ်တွင် အိန္ဒိယ၊ စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံများသို့ ဝင်ရောက်

ပြီးနောက် ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှ မတ်လ ၁ ရက်နေ့အထိ ဂျပန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိခဲ့သည်။ ယင်းသည် ၁၉၈၃ ခုနှစ်မှစ၍ ပထမဆုံးအကြိမ်သွားရောက်ခြင်းဖြစ်သည်။ ခိုးလ်နှင့် ဂျပန်ဝန်ကြီးချုပ် မိယာဇာဝါ

ဂျာမနီဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးလ်



တို့သည် ဇူလိုင်လတွင် တိုကျို၌ကျင်းပမည့် စက်မှုခုနစ်နိုင်ငံ (ဂျီ–ဆဲဗင်း) ထိပ်သီးဆွေးနွေးပွဲသည် တစ်ကမ္ဘာလုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အားကောင်းသော လှုံ့ဆော်မှုတစ်ရပ်ဖြစ်စေရန် လိုအပ်ကြောင်း ဆွေးနွေးသဘောတူညီခဲ့ကြသည်။

တောင်ကိုရီးယားနိုင်ငံသို့ ဟဲလ်မွတ်ခိုးလ် အလည်အပတ် ရောက်ရှိခြင်းသည် ဂျာမနီခေါင်းဆောင် တစ်ဦးအနေဖြင့် ပထမဆုံးခရီးဖြစ်သည်။ စီးပွားရေး ဖွံ့ဖြိုးမှုအရှိန်အဟုန်လွန်စွာမြင့်မားလျက်ရှိသော တောင်ကိုရီးယားနိုင်ငံနှင့် ကုန်သွယ်မှုနှင့် ချစ်ကြည်ရင်းနှီး မှုများ တိုးတက်ပြုလုပ်ရန် ရည်ရွယ်ကြောင်း ခိုးလ်က ပြောကြားခဲ့သည်။

ထို့ပြင် ခိုးလ်သည် ဒေါ်လာရှစ်ဘီလီယံ တန်ဖိုးရှိသော မြန်နှုန်းမြင့် ရထားစီမံကိန်းအတွက် တောင်ကိုရီးယားအစိုးရ၏ ခွင့်ပြုချက်ရရှိရန် ကြိုးပမ်းခဲ့သည်။ တောင်ကိုရီးယားနိုင်ငံမြို့တော် ဆိုးလ်နှင့်တောင်ပိုင်းဆိပ်ကမ်းမြို့ပူဆန်တို့ကို ဆက်သွယ်ပေးမည့် ၂၈၁ မိုင် ရှည်သော ရထားလမ်းအတွက် ရထားများတည်ဆောက်ခွင့်ရရန် ဂျာမနီ၊ ပြင်သစ်နှင့် ဂျပန်နိုင်ငံတို့က အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိကြသည်။

ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးလ်သည် ဇွန်လ ဒုတိယပတ်အတွင်း၌လည်း ယူကရိန်းခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် ယူကရိန်းနိုင်ငံသို့ နှစ်ရက်ကြာခရီးရောက်ရှိခဲ့သည်။ ခိုးလ်အား ယူကရိန်းဝန်ကြီးချုပ်လီယိုနစ်ကူချမာနှင့် နိုင်ငံခြားရေးဝန်ကြီး အနာတိုလီဇလင်ကိုတို့က ကြိုဆိုခဲ့ကြသည်။

ဂျာမန်ကာကွယ်ရေးဝန်ကြီး ရူဟီနှင့် ရုရှားကာကွယ်ရေးဝန်ကြီး မာရှယ်ပေဗယ်လ်ဂရာချက်ဗ် တို့သည်ကာကွယ်ရေးဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ်ကို ဧပြီလ ၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသဘောတူညီချက်အရ သတင်းအချက်အလက်နှင့် အတတ်ပညာရှင်များ လဲလှယ်ရေး၊ ဂျာမနီနိုင်ငံတွင် ရုရှားတပ်ဖွဲ့များလေ့ကျင့်ရေး၊ ရုရှားနိုင်ငံသို့ဂျာမနီတပ်ဖွဲ့ဝင်များ သွားရောက်လေ့လာရေးတို့ ပါဝင်သည်။

ပြင်သစ်သမ္မတ ဖရန်ဆွာမီးထရောင်းနှင့် ဂျာမနီဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးလ်တို့သည် ဇွန် ၁ ရက်နေ့တွင် ၆၁ ကြိမ်မြောက် ပြင်သစ်–ဂျာမနီ ထိပ်သီးဆွေးနွေးပွဲကို ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် စတင်ကျင်းပခဲ့သည်။ နှစ်ရက်ကြာဆွေးနွေးပွဲတွင် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးက စီးပွားရေးနှောင့်နှေးမှုကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ဥရောပနိုင်ငံကြီးသားစိတ်ဓာတ်ဖြင့် အင်တိုက်အားတိုက်ပြန်လည်ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့ကြသည်။

**ဂျော်ဂျီယာသမ္မတနိုင်ငံ။** ။ဂျော်ဂျီယာသမ္မတနိုင်ငံသည် ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဆိုဗီယက်ပြည်ထောင်စုဟောင်းပြိုကွဲပြီးနောက် အစားထိုးဖွဲ့စည်းခဲ့သည့် ၁၁ နိုင်ငံပါဝင်သော လွတ်လပ်သောနိုင်ငံများ ဓနသဟာယအဖွဲ့တွင် ပါဝင်ခြင်းမရှိဘဲ သီးခြားရပ်တည်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၂ ၏၊ ၂၁၈ – ၅။) ဂျော်ဂျီယာနိုင်ငံတွင် ပြည်တွင်းရေး မတည်မငြိမ်မှုများကို ယခုတိုင် ရင်ဆိုင်နေရဆဲဖြစ်သည်။ ၁၉၉၂ ခုနှစ်၊ မတ်လက ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည့် ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီးဟောင်း ရှီဗာနာဇေ ဦးဆောင်သော ဂျော်ဂျီယာနိုင်ငံတော်ကောင်စီသည် ပြည်တွင်းဆန့်ကျင်ဘက် အင်အားစုများ၏ တုံ့ပြန်မှုကို ရင်ဆိုင်ရင်း ဒီမိုကရက်တစ်ဂျော်ဂျီယာ ဖွဲ့စည်းဖြစ်မြောက်ရေးကို ဦးတည်ကြိုးပမ်းလျက်ရှိသည်။ ဤနေရာတွင် ဂျော်ဂျီယာနိုင်ငံ၏ နောက်ကြောင်းသမိုင်းဖြစ်စဉ်အချို့ကို ပြန်လည်သုံးသပ်ရန် လိုမည်ဖြစ်သည်။

**နောက်ကြောင်းဖြစ်ရပ်များ** – ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ကျင်းပသော အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားရေးဝါဒီ ဂမ်ဆတ်ဟာဒီးယား၏ အင်အားစုများက မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ဂျော်ဂျီယာပါလီမန်က ဂျော်ဂျီယာ လွတ်လပ်ရေးကို ကြေညာခဲ့သည်။ အခြေအနေများ ဆက်လက်တိုးတက်ဖြစ်ပေါ်ခဲ့ရာ ၁၉၉၁ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် အမျိုးသားရေးဝါဒီခေါင်းဆောင် ဂမ်ဆတ်ဟာဒီးယားမှာ ဂျော်ဂျီယာနိုင်ငံ၏ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ ယင်းသို့ရှိနေခဲ့ရာမှ သမ္မတ ဂမ်ဆတ်ဟာဒီးယား ဦးဆောင်သော ဂျော်ဂျီယာအစိုးရအဖွဲ့အတွင်း မတည်ငြိမ်မှုများဖြစ်ပေါ်ခဲ့ပြီး ၁၉၉၁ ခုနှစ်၊ ဩဂုတ်လတွင် ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့ အစိုးရအဖွဲ့မှနုတ်ထွက်သည်အထိ ဖြစ်ခဲ့ရသည်။ အခြေအနေများ တစ်စတစ်စ တင်းမာလာခဲ့ရာ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် သမ္မတ ဂမ်ဆတ်ဟာဒီးယားအား ထောက်ခံသူများနှင့် ဆန့်ကျင်သူများအကြား အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ အမျိုးသားကာကွယ်ရေးတပ်ဖွဲ့မှ ပုန်ကန်သူတပ်သားများအပါအဝင် အတိုက်အခံအင်အားစုများက ပါလီမန်အဆောက်အအုံကို စီးနင်းတိုက်ခိုက်ခဲ့ကြသည်။ ဆန့်ကျင်သူများက သမ္မတ ဂမ်ဆတ်ဟာဒီးယား၏ အာဏာရှင်လုပ်ရပ်များကို အဆုံးသတ်ရန်ဖြစ်သည်ဟု ပြောကြားသည်။ ဂမ်ဆတ်ဟာဒီးယား သမ္မတရာထူးမှ နုတ်ထွက်ပေးရန်ကိုလည်း တောင်းဆိုကြသည်။ သမ္မတ ဂမ်ဆတ်ဟာဒီးယားကလည်း အတိုက်အခံများနှင့် စေ့စပ်ညှိနှိုင်းမည်မဟုတ်ကြောင်း၊ ၎င်းတို့၏ တောင်းဆိုချက်များကို လိုက်လျောမည်မဟုတ်ကြောင်း အကြိမ်ကြိမ်ပြောကြားကာ တင်းခံခဲ့သည်။ သမ္မတကို သစ္စာခံသည့်တပ်ဖွဲ့များကလည်း ကြံ့ကြံ့ခံ ခံခဲ့သည်။

၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့မှ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများတွင် ၁၁၃ ဦး သေဆုံးပြီး ၄၂၀ ဒဏ်ရာရရှိခဲ့သည်။ နောက်ဆုံး အဆုံးအဖြတ်ပေးသည့် ဇန်နဝါရီလ ၆ ရက်နေ့ တိုက်ပွဲတွင် အဆင့်မြင့်လေ့ကျင့်ထားသည့် လုံခြုံရေးတပ်သား ၆၀ ဦးက သမ္မတကိုစွန့်ခွာသွားသဖြင့် မြို့တော်တီဘလီစီရှိ ပါလီမန်အဆောက်အအုံ မြေအောက်ခန်းတွင် ပုန်းခိုနေသော သမ္မတ ဂမ်ဆတ်ဟာဒီးယားသည်လည်း ပါလီမန်အဆောက်အအုံ နောက်ဘက်ပေါက်မှ ထွက်ပြေးခဲ့ရသည်။ အတိုက်အခံ အင်အားစုများက ၎င်းထွက်ခွာရာလမ်းကြောင်းကို တားဆီးပိတ်ဆို့ခြင်းမရှိဘဲ ထွက်ပေါက်ပေးခဲ့ရာ သမ္မတဂမ်ဆတ်ဟာဒီးယားသည် အာမေးနီးယားအရှေ့မြောက်ဒေသရှိ အစ်ဇီဗန်သို့ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

သမ္မတမရှိသည့်နောက် အတိုက်အခံပါတီအားလုံး၏ ကိုယ်စားလှယ်များတွေ့ဆုံဆွေးနွေးကာ စစ်ကောင်စီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီး ယင်းစစ်ကောင်စီက ဂျော်ဂျီယာနိုင်ငံကို အုပ်ချုပ်ခဲ့သည်။ ထိုစဉ်က အတိုက်အခံတို့၏အာဏာသိမ်းမှုကို ဒီမိုကရက်တစ် တော်လှန်ရေးအောင်ပွဲအဖြစ် ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီးဟောင်း ရှီဗာနာဇေ က ချီးကျူး ထောမနာပြုခဲ့သည်။ ဒီမိုကရက်တစ် ဂျော်ဂျီယာ ဖွဲ့စည်းဖြစ်ပေါ်ရေးအတွက်လည်း အစွမ်းကုန် ကူညီဆောင်ရွက်သွားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အာမေးနီးယားနိုင်ငံတွင် နိုင်ငံရေးခိုလှုံနေသည့် ဂမ်ဆတ်ဟာဒီးယားသည် ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် မိမိ၏နေရပ်သို့ ရုတ်တရက်ပြန်လာခဲ့ပြီး လူထုစည်းဝေးပွဲတစ်ရပ်တွင် ဂျော်ဂျီယာစစ်ကောင်စီအစိုးရအား ပြည်တွင်းစစ်ဆင်နွှဲတိုက်ခိုက်သွားရန်နှင့် ဂျော်ဂျီယာ အနောက်ပိုင်းဒေသတွင် မက်ဂရယ် – အက်ဘ်ခါဇီယန်နိုင်ငံထူထောင်ရေးကို တိုက်တွန်းလှုံ့ဆော်ခဲ့သည်။ သို့ရာတွင် စစ်ကောင်စီအစိုးရအဖွဲ့သစ်အနေဖြင့် ဂျော်ဂျီယာတစ်နိုင်ငံလုံးကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ရာ သမ္မတ ဂမ်ဆတ်ဟာဒီးယားအား ထောက်ခံသော အင်အားစုများ၏ လှုပ်ရှားမှုများမှာ အရာမရောက်ခဲ့ပေ။

၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဂျော်ဂျီယာနိုင်ငံ၏ နိုင်ငံရေးမတည်ငြိမ်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။ မြို့တော်တိဘလီစီအပါအဝင် ဂျော်ဂျီယာနောက်ပိုင်းမြို့ကြီးများတွင် ဖြုတ်ချခြင်းခံရသည့် သမ္မတ ဂမ်ဆတ်ဟာဒီးယားအား ထောက်ခံသည့် ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ဂျော်ဂျီယာစစ်ကောင်စီက ဂျော်ဂျီယာဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ၁၉၂၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ကျင့်သုံးကြောင်း ကြေညာခဲ့သည်။

ဤအခြေအနေတွင် ဂျော်ဂျီယာအာဏာရခေါင်းဆောင်များက ယခင် ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီးဟောင်း ရှီဗာနာဇေအား ဂျော်ဂျီယာနိုင်ငံသို့ ပြန်လာရန် ဖိတ်ခေါ်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ ၆ ရက် နေ့တွင် ရှီဗာနာဇေသည် မိမိ၏မွေးရပ်မြေ ဂျော်ဂျီယာနိုင်ငံသို့ ပြန်လာခဲ့သည်။ လေးရက်အကြာတွင် စစ်ကောင်စီတရားစီရင်ရေးနှင့် အုပ်ချုပ်ရေးအာဏာကို အသစ်ဖွဲ့စည်းခဲ့သည့် နိုင်ငံတော်ကောင်စီသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ရှီဗာနာဇေသည်လည်း နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။

မတ်လအတွင်း ဂျော်ဂျီယာနိုင်ငံအနောက်ပိုင်းတွင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့ရာ သမ္မတ ဂမ်ဆတ်ဟာဒီးယားအား ထောက်ခံသူများက ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသဖြစ်သည့် အက်ဘ်ခါဇီယာရှိ ဇူဒီဒီမြို့နှင့် ပိုတီပင်လယ်နက်ဆိပ်ကမ်းမြို့ ဝန်းကျင်တစ်ဝိုက်တွင် ခြေကုပ်ယူနိုင်ခဲ့သည်။ သို့ရာတွင် ဂျော်ဂျီယာအစိုးရတပ်ဖွဲ့များက ၎င်းတို့အား ပိုတီပင်လယ်နက်ဆိပ်ကမ်းမြို့မှ မောင်းထုတ်နိုင်ခဲ့ပြီး ဇူဒီဒီမြို့အပါအဝင် အနီးဝန်းကျင်မြို့များကိုပါ ထိန်းချုပ်နိုင်ခဲ့သည်ဟု ၁၉၉၂ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ကြေညာခဲ့သည်။

အခြေအနေများ ယင်းသို့ ဖြစ်ပေါ်လျက်ရှိစဉ် ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် ဂျော်ဂျီယာ ဒုတိယဝန်ကြီးချုပ်ဖြစ်သူမှာ ဇူဒီဒီမြို့အနီးတွင် ပြန်ပေးဆွဲခြင်းခံရသည်။ ယင်းဖြစ်ရပ်အတွက် ဂမ်ဆတ်ဟာဒီးယားအားထောက်ခံသူများကို ရှီဗာနာဇေက ပြစ်တင်ပြောကြားလိုက်ပြီး ဇူလိုင်လ ၂၃ ရက်နေ့တွင် ဇူဒီဒီသို့ ကိုယ်တိုင်သွားရောက်ခဲ့သည်။ သို့ရာတွင် မည်သို့မျှ ထူးခြား မလာခဲ့ချေ။

ယင်းဇူလိုင်လ ၂၃ ရက်နေ့မှာပင် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသဖြစ်သည့် အက်ဘ်ခါဇီယာ ပါလီမန်က အက်ဘ်ခါဇီယာဒေသအား အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ကြေညာခဲ့သည်။ ၁၉၂၅ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပြန်လည်ပြဋ္ဌာန်းခဲ့သည်။ ဂျော်ဂျီယာ နိုင်ငံတော်ကောင်စီက အဆိုပါ ပြန်လည်ပြဋ္ဌာန်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တရားမဝင်ဟု ဇူလိုင်လ ၂၅ ရက်နေ့တွင် ကြေညာခဲ့သည်။

၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ဂျော်ဂျီယာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ရာ ယင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ်လ ၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကုလသမဂ္ဂသို့ ဝင်ခွင့်ရသည့်နေ့ကို အမျိုးသား ပြန်လည်သင့်မြတ်ခြင်းနေ့ဟု ခေါ်ဝေါ်ခဲ့သည်။ ဂျော်ဂျီယာနိုင်ငံတော် ကောင်စီကလည်း အရေးပေါ်အခြေအနေနှင့် တိဘလီစီမြို့တော်တွင် ညမထွက်ရအမိန့်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ဆောင်ချက် တစ်ရပ်အနေဖြင့် ဂမ်ဆတ်ဟာဒီးယားအား ထောက်ခံသူများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးကြောင်း ကြေညာခဲ့သည်။

ယင်းသို့ရှိနေခဲ့ရာမှ ဂမ်ဆတ်ဟာဒီးယား ထောက်ခံသူများက တားစခံအဖြစ် ဖမ်းဆီးထားသော ဂျော်ဂျီယာ ဒုဝန်ကြီးချုပ်အား ပြန်လွှတ်ပေးရေးအတွက် စေ့စပ်ဆွေးနွေးရန် အနောက်ပိုင်းဂျော်ဂျီယာရှိ ဇူဒီဒီမြို့သို့ သွားရောက်ကြသူ အစိုးရကိုယ်စားလှယ်များအား ဂမ်ဆတ်ဟာဒီးယားထောက်ခံသူများက ဩဂုတ်လ ၁၁ ရက်နေ့တွင် ထပ်မံဖမ်းဆီးခဲ့ပြန်သည်။ အနောက်ပိုင်း ဂျော်ဂျီယာဒေသသည် ဂမ်ဆတ်ဟာဒီးယားထောက်ခံသူတို့၏ အခြေခံစခန်းဖြစ်သည်။ ဂမ်ဆတ်ဟာဒီးယားမှာ ချီချန်သမ္မတနိုင်ငံဟု ကိုယ့်သဘောဖြင့်ကိုယ် ကြေညာထားသောဒေသတွင် ခိုလှုံလျက်ရှိသည်ဟုဆိုသည်။ ချီချန်သည် ရုရှားတောင်ပိုင်း ရုရှားပြည်ထောင်စုအတွင်း တည်ရှိသည်။

အက်ဘ်ခါဇီယာဒေသက လွတ်လပ်ရေးကြေညာခဲ့သည့် ဖြစ်ရပ်နှင့် အထက်ပါဖြစ်ရပ်တို့ကို အကြောင်းပြု၍ ဂျော်ဂျီယာခေါင်းဆောင် ရှီဗာနာဇေသည် ၎င်းအား ဆန့်ကျင် အတိုက်အခံပြုသူများအား ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် စစ်ကြေညာခဲ့သည်။ ဂျော်ဂျီယာအမျိုးသားကာကွယ်ရေးတပ်ဖွဲ့များကိုလည်း အက်ဘ်ခါဇီယာဒေသသို့ ဩဂုတ်လ ၁၄ ရက်နေ့တွင် စေလွှတ်ခဲ့သည်။ အက်ဘ်ခါဇီယာဒေသ အာဏာပိုင်များကလည်း ဤသို့ ဂျော်ဂျီယာတပ်ဖွဲ့များ ဝင်ရောက်မှုကို ကျူးကျော်မှုအဖြစ် သတ်မှတ်ပြီး ရှုတ်ချကြသည်။ ဩဂုတ်လ ၁၄ ရက်မှ ၁၆ ရက်အတွင်း အက်ဘ်ခါဇီယာဒေသ မြို့တော်ဆုခူမိ၌ ဖြစ်ပွားသော တိုက်ပွဲများတွင် လူ ၅၀ ကျော် သေဆုံးခဲ့ရသည်။

မြေပြုရာ ကင်းမှောင့် ဆိုသလို ဂျော်ဂျီယာတပ်ဖွဲ့များအား ဆန့်ကျင်တိုက်ခိုက်လျက်ရှိကြသည့် အက်ဘ်ခါဇီယန်တို့ဘက်မှ ကော့ကေးဆီးယန်းတောင်ပေါ်သားများက

ဝင်ရောက် ကူညီတိုက်ခိုက်ခဲ့ရာ အခြေအနေမှာ ပိုမိုရှုပ်ထွေးလာခဲ့ရသည်။ ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင် ကလည်း ရှီဗာနာဇေကို ထောက်ခံပြီး ဆန့်ကျင်တိုက်ခိုက်မှုများကို ရှုတ်ချခဲ့သည်။

၁၉၉၂ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် အက်ဘ်ခါဇီယာဒေသအများအပြားကို ဂျော်ဂျီယာ အမျိုးသားကာကွယ်ရေးတပ်ဖွဲ့များက ထိန်းချုပ်နိုင်ခဲ့သည်။ အက်ဘ်ခါဇီယာ ပါလီမန်အဆောက်အအုံကိုလည်း သိမ်းပိုက်နိုင်ခဲ့သည်။ အက်ဘ်ခါဇီယန်ခေါင်းဆောင်များ ဆူခူမီမြို့တော် မြောက်ဘက် ၂၅ မိုင်အကွာရှိ ဂူဒေါတာသို့ ထွက်ပြေးကြသည်။ ဖမ်းဆီးထိန်းသိမ်းထားခြင်းခံရသည့် ဂျော်ဂျီယာ ဒုဝန်ကြီးချုပ်မှာလည်း ဩဂုတ်လ ၁၈ ရက် နေ့မှာပင် ဂျော်ဂျီယာအထူးတပ်ဖွဲ့များ၏ ကယ်တင်မှုကြောင့် လွတ်မြောက်ခဲ့ရသည်။

အက်ဘ်ခါဇီယာဒေသမှ ဂျော်ဂျီယာတပ်ဖွဲ့များ ဆုတ်ခွာမပေးပါက ဂျော်ဂျီယာအစိုးရနှင့် စေ့စပ်ဆွေးနွေးနိုင်မည်မဟုတ်ကြောင်း အက်ဘ်ခါဇီယန်ခေါင်းဆောင်များက ပြောကြားပြီး တပ်များရုပ်သိမ်းပေးရေးကို ဖိအားပေးတောင်းဆိုခဲ့သည်။ ဂျော်ဂျီယာနိုင်ငံတော် ကောင်စီဥက္ကဋ္ဌ ရှီဗာနာဇေကလည်း တပ်များရုပ်သိမ်းမပေးနိုင်ဟု တုံ့ပြန်ပြောကြားခဲ့သည်။

သို့ရာတွင် ဂျော်ဂျီယာကာကွယ်ရေးဝန်ကြီး ကီတိုဗာနီနှင့် အက်ဘ်ခါဇီယန်၊ ပါလီမန်ဥက္ကဋ္ဌနှင့် အက်ဘ်ခါဇီယာဒေသလွတ်လပ်ရေးလှုပ်ရှားမှုခေါင်းဆောင် အာဇင်ဘာတို့တွေ့ဆုံဆွေးနွေးရာ ဩဂုတ်လ ၂၉ ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရရှိခဲ့သည်။ ယင်းအပစ်အခတ်ရပ်စဲရေးမှာ တစ်ရက်အကြာတွင် ပျက်ပြားသွားခဲ့သည်။



တီဘလီစီမြို့တော်ရှိ ရုံးဝန်းတွင် သမ္မတရှီဗာနာဇေအား တွေ့ရစဉ်

ဆွေးနွေးညှိနှိုင်းမှုများဆက်လက်ပြုလုပ်ခဲ့ရာ ရုရှားခေါင်းဆောင် ဘောရစ်ယဲ့လ်ဆင်၊ ဂျော်ဂျီယာခေါင်းဆောင် ရှီဗာနာဇေနှင့် အက်ဘ်ခါဇီယန်ခေါင်းဆောင် အာဇင်ဘာတို့၏ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့က ပြုလုပ်သော ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးပွဲ၌ ဂျော်ဂျီယာနှင့် အက်ဘ်ခါဇီယန်တို့နှစ်ဖက်အပစ်အခတ်ရပ်စဲရန် သဘောတူညီချက်ရရှိခဲ့ပြန်သည်။

ယင်းသို့ရှိနေခဲ့ရာမှ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ဂျော်ဂျီယာပါလီမန်ရွေးကောက်ပွဲများကျင်းပရာ ရှီဗာနာဇေအောင်ပွဲဆင်ခဲ့ပြီး ပါလီမန်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နိုင်ငံတော်အကြီးအကဲသစ်(သမ္မတ) အဖြစ်လည်းကောင်း ဂျော်ဂျီယာပါလီမန်က ရွေးချယ်တင်မြှောက်အတည်ပြုခဲ့သည်။ နိုဝင်ဘာလ ၆ ရက်နေ့တွင် ကျင်းပသော ပါလီမန်အစည်းအဝေးကလည်း ရှီဗာနာဇေအား အစိုးရအဖွဲ့ဝန်ကြီးများနှင့်အတူ အုပ်ချုပ်ရေးအာဏာအပြည့်အဝပေးအပ်သည့် နိုင်ငံတော်အာဏာဆိုင်ရာ ဒိကရီတစ်ရပ်ကို အတည်ပြုခဲ့သည်။

၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလအတွင်းတွင် ဂျော်ဂျီယာအမျိုးသားကာကွယ်ရေးတပ်ဖွဲ့များနှင့် အက်ဘ်ခါဇီယာဒေသခွဲထွက်ရေးသူပုန်များအကြား တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့သည်။ အက်ဘ်ခါဇီယာဒေသတွင် သုံးလအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင်သေဆုံးသူဦးရေမှာ ၄၀၀ ကျော်အထိရောက်ရှိသွားခဲ့သည်။

**၁၉၉၃ ခုနှစ် အတွင်း ဆက်လက် တိုးတက်ဖြစ်ပေါ်မှုများ** – အက်ဘ်ခါဇီယာဒေသတွင် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့ရာ အက်ဘ်ခါဇီယန်ခွဲထွက်ရေးသူပုန်များက ဂျော်ဂျီယာတို့ထိန်းချုပ်ထားသည့် အက်ဘ်ခါဇီယာဒေသမြို့တော် ဆူခူမီကို အပြင်းအထန်ထိုးစစ်ဆင် တိုက်ခိုက်ခဲ့သည်။ သို့ရာတွင် အောင်မြင်မှုမရရှိ ခဲ့ချေ။

ဂျော်ဂျီယာသမ္မတ ရှီဗာနာဇေက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီထံသို့ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များ အက်ဘ်ခါဇီယာဒေသသို့ စေလွှတ်ရေးကို တောင်းဆိုသည့်စာကို ရေးသားပေးပို့ခဲ့သည်ဟု ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် သတင်းများထွက်ပေါ်ခဲ့သည်။ ထို့ပြင် ရှီဗာနာဇေက အငြင်းပွားလျက်ရှိသောအက်ဘ်ခါဇီယာ ပြဿနာတွင် ဂျော်ဂျီယာနှင့်

ကပ်လျက်ရှိသော အိမ်နီးချင်းနိုင်ငံများက ကြားနေကြရန် ပန်ကြားချက်အား ကုလသမဂ္ဂက ထုတ်ပြန်ပေးရန်ကိုလည်း တိုက်တွန်းပြောကြားခဲ့သည်။ ကုလသမဂ္ဂအနေဖြင့် ကြားဝင်ဆောင်ရွက်ပေးရန် အချိန်မတန်သေးဟု ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီလ ၆ ရက်နေ့တွင် ပြောကြားခဲ့သည်။ သို့ရာတွင် ကုလသမဂ္ဂမစ်ရှင်အဖွဲ့ တစ်ဖွဲ့သည် လူမျိုးစုအငြင်းပွားမှုပြဿနာတွင် ဒုက္ခသည်များအား အရေးပေါ်အကူအညီများ ပေးကမ်းရန် လိုအပ်ချက်ကို လေ့လာသိရှိနိုင်ရန် ဂျော်ဂျီယာနိုင်ငံမြို့တော် တိဘလီစီသို့ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ရောက်ရှိလာသည်။

ဤအခြေအနေများတွင် ဂျော်ဂျီယာနှင့် ရုရှားတို့နှစ်နိုင်ငံအကြား ဆက်ဆံရေး တင်းမာလာရသည့်ပြဿနာကလည်းရှိနေပြန်သည်။ အဓိကအကြောင်းအရင်းမှာ အက်ဘ်ခါဇီယာဒေသတွင် ရုရှားတပ်များ တပ်စွဲထားရာ ရုရှားတပ်ဖွဲ့များက ဂျော်ဂျီယာတပ်များအား ဆန့်ကျင်မှုပြုသည့် လုပ်ရပ်များအတွက် ဂျော်ဂျီယာနိုင်ငံက ပြစ်တင်ဝေဖန်ခဲ့သည်။ ဂျော်ဂျီယာပါလီမန်ကလည်း ရုရှားတပ်ဖွဲ့များ လုပ်ရပ်အတွက် ရုရှားအစိုးရတွင် တာဝန်အပြည့်ရှိကြောင်း ဆုံးဖြတ်ချက်ကို ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အတည်ပြုခဲ့သည်။ အက်ဘ်ခါဇီယာဒေသမှ ရုရှားစစ်သားများ မရုပ်သိမ်းပါက ဂျော်ဂျီယာနိုင်ငံအနေဖြင့် စစ်တပ်ဖွဲ့များစည်းရုံးစုစည်းခြင်း ပြုရလိမ့်မည်ဟု ရှီဗာနာဇေက ခြိမ်းခြောက်ပြောကြားခဲ့သည်။

ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ရုရှား ကာကွယ်ရေးဝန်ကြီး မာရှယ်ပါဗယ်ဂရာချက်သည် အက်ဘ်ခါဇီယာဒေသတွင် တပ်စွဲထားသော ရုရှားစစ်သားများကို စစ်ဆေးရန် လာရောက်ခဲ့ရာ ယင်းကိုဂျော်ဂျီယာခေါင်းဆောင် ရှီဗာနာဇေက ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။ ဂရာချက်လာရောက်ခြင်းမှာ သံခင်းတမန်ခင်းအရ အကျိုးမထူးသည့် လုပ်ရပ်တစ်ခုဖြစ်ပြီး မြောက်ပိုင်း ကော့ကေးဆပ်နှင့် ပင်လယ်နက်ဒေသရှိ ၎င်းတို့၏ အကျိုးစီးပွားများကို ကာကွယ်ရန်အတွက် ရာဇသံပေး လုပ်ဆောင်နည်းကို အခြေခံသည့်ချဉ်းကပ်နည်း တစ်ခုသာဖြစ်သည်ဟု ဝေဖန်ခဲ့သည်။

မတ်လ ၁၄ ရက်မှ ၁၇ ရက်အတွင်းတွင် ဂျော်ဂျီယာတို့ထိန်းချုပ်ထားသော အက်ဘ်ခါဇီယာဒေသ မြို့တော် ဆူခူမီကို အက်ဘ်ခါဇီယာဒေသခွဲထွက်ရေး သူပုန်များက အဓိက တိုက်စစ်ဆင်ခဲ့ရာ အနည်းဆုံး လူ ၁၁၀ ကျော် သေဆုံးပြီး လူ ၁၀၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ အဆောက်အအုံ ၈၀၀ ခန့်မှာလည်း ပျက်စီးခဲ့ရသည်။ တိုက်ပွဲတွင် ရုရှားအက်စ်ယူ – ၂၅ တိုက်ခိုက်ရေး ဗုံးကြဲလေယာဉ်များ အသုံးပြုခဲ့သည်ကို ထောက်ပြလျက် ရုရှားတပ်ဖွဲ့များက အက်ဘ်ခါဇီယန်သူပုန်များအား အကူအညီပေးခဲ့သည်ဟု ဂျော်ဂျီယာနိုင်ငံက စွပ်စွဲပြောကြားခဲ့သည်။ ရုရှားနိုင်ငံကလည်း ၎င်းတို့ပါဝင်ပတ်သက်ခြင်း မရှိကြောင်း ငြင်းဆိုပြီး ခုနစ်လကြာမြင့်ခဲ့ပြီဖြစ်သော အက်ဘ်ခါဇီယာဒေသပြည်တွင်းစစ်တွင် ရုရှားတပ်ဖွဲ့များအနေဖြင့် ကြားနေရေးကို ထိန်းသိမ်းလျက်ရှိကြောင်း ပြောကြားခဲ့သည်။ ဤဖြစ်ရပ်များက ဂျော်ဂျီယာနှင့် ရုရှားဆက်ဆံရေးကို ပိုမိုတင်းမာလာစေခဲ့သည်။ ဧပြီလအတွင်းတွင်လည်း ဆူခူမီမြို့တော်တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့သည်။

အက်ဘ်ခါဇီယာဒေသ ပဋိပက္ခတွင် ဂျော်ဂျီယာစစ်သား ၁၀၀၈ ဦးသေဆုံးပြီး ၃၅၀၀ ဦးဒဏ်ရာရရှိခဲ့သည်ဟု ဂျော်ဂျီယာရေဒီယိုက ဧပြီလ ၁၆ ရက်နေ့တွင် ကြေညာခဲ့သည်။ အစ်တာ – တပ်စ်သတင်းဌာန၏ သတင်းပေးပို့ချက်အရ အက်ဘ်ခါဇီယာဒေသ၌ ဖြစ်ပွားခဲ့သည့် တိုက်ပွဲများတွင် အရပ်သား ၁၁၆ ဦးသေဆုံးပြီး ၃၃၆၆ ဦးဒဏ်ရာရရှိခဲ့သည်ဟု သိရှိရသည်။

ဆူခူမ်မြို့ တိုက်ပွဲတွင်ကျဆုံးသွားသည့် ဂျော်ဂျီယာ တပ်သားများ



ဤသို့ အခြေအနေများတိုးတက်ဖြစ်ပေါ်နေဆဲမှာပင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီ၏ ဂျော်ဂျီယာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် အက်ဒူးယတ်ဘရမ်းနားအား ခန့်အပ်မည်ဖြစ်ကြောင်းကို ဖေဖော်ဝါရီလနှောင်းပိုင်းတွင် ကြေညာခဲ့သည်။ အဆိုပါကိုယ်စားလှယ် အနေဖြင့် အက်ဘ်ခါဇီယာဒေသ ပဋိပက္ခဖြေရှင်းရေး ကြိုးပမ်းမှုများတွင် အကူအညီများ ပေးသွားမည်ဖြစ်သည်။ ရှီဗာနာဇေကလည်း ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများသည် အက်ဘ်ခါဇီယာဒေသ ပဋိပက္ခဖြေရှင်းရေး အတွက် ပိုမိုပါဝင်လုပ်ဆောင်ကြရန် ထပ်မံတိုက်တွန်း ပြောကြားခဲ့သည်။

မေလ ၁၄ ရက်နေ့တွင် ဂျော်ဂျီယာခေါင်းဆောင် ရှီဗာနာဇေနှင့် ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်တို့သည် မော်စကိုမြို့တွင် တွေ့ဆုံကာ အက်ဘ်ခါဇီယာဒေသအရေးနှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြသည်။ ရှီဗာနာဇေက အက်ဘ်ခါဇီယာ ဒေသ ပဋိပက္ခတွင် ရုရှားတို့၏အခန်းကဏ္ဍကို လိုက်လိုက် လျောလျော စေ့စပ်ညှိနှိုင်းဆွေးနွေးခဲ့သည်။ ဂျော်ဂျီယာ - ရုရှားဆက်ဆံရေး အရေးပါပုံကို ပြောကြားပြီး နှစ်နိုင်ငံ ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရေးနှင့် ပဋိပက္ခများ ဖြေရှင်းရန် အခွင့်အလမ်းများကိုလည်း အလေးအနက်ထား ပြောကြားခဲ့သည်။

မော်စကိုဆွေးနွေးပွဲတွင် အက်ဘ်ခါဇီယာဒေသတိုက်ပွဲများ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ် ရရှိခဲ့ပြီး ယင်းဒေသမှ အမြောက်များနှင့် လက်နက်ကြီးများရုပ်သိမ်းရေး အပါအဝင် ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလက ပြုလုပ်ခဲ့သော ရုရှား၊ ဂျော်ဂျီယာနှင့် အက်ဘ်ခါဇီယန် ကိုယ်စားလှယ်များ၏ သုံးပွင့်ဆိုင် ဆွေးနွေးပွဲပြန်လည် စတင်ရေးကို ပါထည့်သွင်း ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲသဘောတူညီချက်အရ မေလ ၂၀ ရက်နေ့မှစပြီး အက်ဘ်ခါဇီယာဒေသတွင် အပစ်အခတ်စတင်ရပ်စဲခဲ့သည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ခန့်အပ်ခဲ့သော ကိုယ်စားလှယ် အက်ဒူးယတ်ဘရမ်းနားသည် ဂျော်ဂျီယာ နိုင်ငံမြို့တော် တီဘလီစီသို့ ယင်းနေ့မှာပင် ရောက်ရှိလာသည်။

ဇွန်လအတွင်းတွင် အပစ်အခတ်ရပ်စဲရေး သဘောတူ ညီချက်ကို ချိုးဖောက်ခဲ့ကြပြန်သည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဂျော်ဂျီယာနှင့် အက်ဘ်ခါဇီယန်တို့သည် တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန် စွပ်စွဲပြောကြားခဲ့ ကြသည်။ ဂျော်ဂျီယာခေါင်းဆောင် ရှီဗာနာဇေသည် ဂျော်ဂျီယာနိုင်ငံ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းများတွင် ဂျာမန်တပ်ဖွဲ့များ ပါဝင်ဆောင်ရွက်စေလိုသည့် ဆန္ဒကို ထုတ်ဖော်ပြောကြားခဲ့သည်။ ဂျာမနီနိုင်ငံအနေဖြင့် ရှီဗာနာဇေ၏ ဆန္ဒအတိုင်း လုပ်ဆောင်ပေးရန် ဖြစ်နိုင်မည် မဟုတ်ဟု ဆိုသည်။ ဂျာမနီ ဝန်ကြီးချုပ် ဟဲလမွတ်ခိုးလ် အစိုးရအဖွဲ့နှင့်အတိုက်အခံ ဆိုရှယ်ဒီမိုကရက်တစ်တို့သည် ဂျာမနီနိုင်ငံ၏ အနာဂတ်စစ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ အငြင်း ပွားလျက်ရှိသောကြောင့် ဖြစ်သည်။ (ဂျာမနီနိုင်ငံ - ရှု။)

ရှီဗာနာဇေသည် အက်ဘ်ခါဇီယာဒေသခွဲထွက်ရေး သူပုန်များ လှုပ်ရှားလျက်ရှိသည့် ဒေသတွင် ဇူလိုင်လ ၄ ရက်နေ့က မော်တော်ယာဉ်ဖြင့် လှည့်လည်သွားလာ လျက်ရှိစဉ် အက်ဘ်ခါဇီယန်တို့၏ ပစ်ခတ်မှုကြောင့် ၄င်းစီးနင်း လိုက်ပါလာသော မော်တော်ယာဉ်အနီးတွင် ပေါက်ကွဲမှုဖြစ်ပွားရာ သေဘေးမှ သီသီလေးလွတ်မြောက် သွားခဲ့သည်။ အခြေအနေများ ဆက်လက်ဆိုးဝါးလာခဲ့ပြီး အက်ဘ်ခါဇီယာဒေသခွဲထွက်ရေး သူပုန်များ ဆူခူမီမြို့တော်သို့ ရှေ့တိုးချီတက်လာနေသောကြောင့် မာရှယ်လောအုပ်ချုပ်ရေးကို ဇူလိုင်လ ၆ ရက်နေ့တွင် ရှီဗာနာဇေက ကြေညာခဲ့သည်။ တိုက်ပွဲများဆက်လက် ဖြစ်ပွားခဲ့ရာ မြို့တော်ဆူခူမီနှင့် ၄င်း၏ အနီးဝန်းကျင်မြို့ဖြစ်သော အိုချမ်ချီရာတို့မှ လွဲ၍ အက်ဘ်ခါဇီယာဒေသ အစိတ်အပိုင်း အတော်များများကို အက်ဘ်ခါဇီယန်တို့က ထိန်းချုပ်ထားနိုင်သည်ဟု သိရှိ ရသည်။

ယင်းအခြေအနေတွင် ဂျော်ဂျီယာနိုင်ငံက အက်ဘ်ခါ ဇီယာဒေသမှ ဂျော်ဂျီယာတပ်ဖွဲ့များ ရုပ်သိမ်းပေးမည်ဟုပင် ကမ်းလှမ်းကာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရရှိရန် ကြိုးပမ်းခဲ့ပြန်သည်။ ယင်းကမ်းလှမ်းချက်ကို အက်ဘ်ခါဇီယန်တို့ကလက်မခံဘဲ ပယ်ချခဲ့သဖြင့် တိုက်ပွဲများ ပြင်းထန်စွာ ဆက်လက်ဖြစ်ပွားခဲ့သည်။ ဤတွင် ရှီဗာနာဇေက ငြိမ်းချမ်းရေးအတွက် စေ့စပ်ညှိနှိုင်းမှုများ မည်သို့မျှ ထူးခြား မလာပါက ဂျော်ဂျီယာနိုင်ငံအနေဖြင့် လက်ရှိအနေအထားထက် ပိုမိုပြီးအင်အားကို အသုံးပြုရလိမ့်မည်ဟု သတိပေးပြောကြား ခဲ့သည်။

အက်ဘ်ခါဇီယန်တပ်ဖွဲ့များ မြို့တော်ဆူခူမီအနီးရှိ အချက်အချာကျသည့် ကျေးရွာနှစ်ရွာမှ ဆုတ်ခွာသွားရန်နှင့် မြို့တော်ဆူခူမီကို တိုက်ခိုက်မှုရပ်စဲရန်ဇူလိုင်လ ၁၄ ရက် နေ့တွင် ဂျော်ဂျီယာနိုင်ငံက ရာဇသံပေးခဲ့သည်။ လိုက်နာခြင်း မရှိပါက အက်ဘ်ခါဇီယန်တို့၏ ဌာနချုပ်စခန်းတည်ရှိရာ ဂူဒေါတာကို အလုံးအရင်းဖြင့် တိုက်ခိုက်ရလိမ့်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

ဤသို့ဖြင့် အက်ဘ်ခါဇီယာဒေသခွဲထွက်ရေးလှုပ်ရှားမှု ခေါင်းဆောင်များက အပစ်အခတ်ရပ်စဲရေး စေ့စပ်ညှိနှိုင်း မှုကိုလက်ခံရန် ဇူလိုင်လ ၂၆ ရက်နေ့တွင် သဘောတူညီ



**• အောင်ပွဲရ အက်ဘ်ခါဇီယားတပ်သားများက ဆုခုမ်မြို့ ပါလီမန်အဆောက်အအုံထိပ်သို့ အလံလွှင့်ထူရန် တက်သွားစဉ်**

ခဲ့ကြသည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြစ်မြောက်ရန် ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်က ကြားဝင်စေ့စပ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ဇူလိုင် ၂၇ ရက်နေ့တွင် ဂျော်ဂျီယာနှင့် အက်ဘ်ခါဇီယန်ခေါင်းဆောင်များ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အပစ်အခတ်ရပ်စဲရေးကို ဇူလိုင်လ ၂၈ ရက်နေ့တွင် စတင်ရန်ဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီကလည်း အပစ်အခတ်ရပ်စဲရေးကို ကြီးကြပ်ကွပ်ကဲနိုင်စေရန်အတွက် စစ်ဘက်ဆိုင်ရာ အကဲခတ်လေ့လာရေးအဖွဲ့၏ ရှေ့ပြေးအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ရန် ဩဂုတ်လ ၆ ရက်နေ့တွင် တညီတညွတ်တည်း ဆုံးဖြတ်အတည်ပြုခဲ့သည်။ ဘူထရိုစ်ဂါလီကလည်း ကုလသမဂ္ဂစစ်ဘက်ဆိုင်ရာ အကဲခတ်လေ့လာရေးမစ်ရှင်အဖွဲ့ ဂျော်ဂျီယာနိုင်ငံသို့ စေလွှတ်ရေးကို ထောက်ခံခဲ့သည်။ ယင်းကိုလုံခြုံရေးကောင်စီက အတည်ပြုခဲ့ပါလျှင် ဆိုဗီယက်ပြည်ထောင်စုဟောင်းသို့စေလွှတ်သည့်ပထမဆုံး ကုလသမဂ္ဂစစ်ဘက်ဆိုင်ရာ အကဲခတ်လေ့လာရေးအဖွဲ့ ဖြစ်ပေလိမ့်မည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ဂျော်ဂျီယာနှင့် အက်ဘ်ခါဇီယန်တပ်ဖွဲ့များကိုလည်း စစ်ဆင်ရေးနယ်မြေ ရှေ့တန်းများမှ ဩဂုတ် ၁၄ ရက်နှင့် ၁၅ ရက်နေ့များတွင် စတင်ရုပ်သိမ်းခဲ့သည်။ ယဲ့လ်ဆင်နှင့် အက်ဘ်ခါဇီယန်ခေါင်းဆောင် အာဇင်ဘာတို့က ကုလသမဂ္ဂက ကြီးမှူးသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖြစ်မြောက်ရန် ဩဂုတ်လ ၂၄ ရက်နေ့တွင် တိုက်တွန်းပြောကြားကြသည်။ အပစ် အခတ်ရပ်စဲရေးတည်တံ့ရေးမှာ ဂျော်ဂျီယာနိုင်ငံက ၄င်း၏တပ်ဖွဲ့များ ရုပ်သိမ်းပေးရန် ကတိပြုမှုဆောင်ရွက်ချက်အပေါ် တည်မှီနေသည်ဟု ယင်းတို့က သတိပေးပြောကြားကြသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီကလည်း အပစ်အခတ်ရပ်စဲရေးကို စောင့်ကြပ်ကြည့်ရှုရန် အဖွဲ့ဝင် ၈၈ ဦးပါဝင်သော ကုလသမဂ္ဂစစ်ဘက်ဆိုင်ရာ အကဲခတ်လေ့လာရေးအဖွဲ့ကို ဂျော်ဂျီယာသို့ စေလွှတ်ရန် ဩဂုတ်လ ၂၄ ရက်နေ့မှာပင် ဆုံးဖြတ်ခဲ့သည်။ ထောက်ခံမဲ ၁၅ မဲဖြင့် အတည်ပြုခဲ့သည်။ အဆိုပါဆုံးဖြတ်ချက်တွင် အကဲခတ်အဖွဲ့ဝင်များအနေဖြင့် ခြောက်လကြာ တာဝန်ထမ်းဆောင်စေရန်နှင့် တိုက်ပွဲများဖြစ်ပွားခဲ့သည့် ဆုခုမိမြို့တော်ကို ပိုမိုစောင့်ကြပ်ကြည့်ရှုရန် ဖော်ပြထားသည်။

ဤသို့ဖြင့် ငြိမ်းချမ်းရေးကို ရှေးရှုသောပြောင်းလဲမှုများ တိုးတက်ဖြစ်ပေါ်လျက်ရှိစဉ် ဖြုတ်ချခံရသော သမ္မတဟောင်း ဂမ်ဆတ်ဟာဒီးယား ထောက်ခံသူများက တစ်စခန်း

ထကာပုန်ကန်ထကြွလာပြန်သည်။ ယင်းအင်အားစုများက ဂျော်ဂျီယာအနောက်ပိုင်းဒေသတွင် ပုန်ကန်ထကြွလာသဖြင့် ဂျော်ဂျီယာနိုင်ငံတစ်ဝန်းလုံးတွင် အရေးပေါ်အခြေအနေအုပ်ချုပ်ရေးပြဋ္ဌာန်းရန် ရှီဗာနာဇေက ပြောကြားခဲ့သည်။ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေးတွင် ရှီဗာနာဇေက ပြည်ထဲရေးဝန်ကြီးရာထူးနေရာတွင် ၄င်းအနေဖြင့် ထမ်းဆောင်မည် ဖြစ်ကြောင်း ကြေညာခဲ့သည်။ ပြည်ထဲရေးဝန်ကြီးအနေဖြင့် ရဲတပ်ဖွဲ့ဝင်များကို ကြီးကြပ်ထိန်းချုပ်နိုင်သည့် အခွင့်အာဏာ ရရှိစေမည်ဖြစ်သည်။ အစိုးရအဖွဲ့အတွင်းတွင်လည်း ရှီဗာနာဇေက အပြောင်းအလဲများပြုလုပ်ခဲ့သည်။ ဂျော်ဂျီယာနိုင်ငံတွင် အကြီးမားဆုံးကုမ္ပဏီ၏ အကြီးအကဲတစ်ဦးကို ဒုဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ အခြားထင်ရှားသည့် လုပ်ငန်းရှင်တစ်ဦးအား ဘဏ္ဍာရေးဝန်ကြီး အဖြစ်လည်းကောင်း ခန့်အပ်ခဲ့သည်။ ဤသို့အစိုးရအဖွဲ့အတွင်း ပြောင်းလဲမှုများမှာ သမ္မတဟောင်း ဂမ်ဆတ်ဟာဒီးယား ထောက်ခံသူများအား နှိမ်နင်းချေမှုန်းသည့် လုပ်ဆောင်ချက်များတွင် ကျယ်ပြန့်သည့် ထောက်ခံမှုရရှိရန် ကြိုးပမ်းချက်တစ်ရပ် ဖြစ်ပုံပေါ်သည်။

စက်တင်ဘာ ၁၅ ရက်နေ့တွင် ပုန်ကန်ထကြွသူများအနေဖြင့် တိုက်ခိုက်မှုများကိုရပ်ဆိုင်းရန် ရှီဗာနာဇေက သတိပေးပြောကြားခဲ့သည်။ ဂျော်ဂျီယာပါလီမန်က အရေးပေါ်အခြေအနေပြဋ္ဌာန်းပေးရန်ကိုလည်း ရှီဗာနာဇေက တိုက်တွန်းခဲ့သည်။ ပါလီမန်က အရေးပေါ်အခြေအနေ ပြဋ္ဌာန်းပေးခြင်းမရှိပါက ၄င်းအနေဖြင့် ရာထူးမှ နုတ်ထွက်လွှာတင်သွင်းရလိမ့်မည်ဟု ပြောကြားကာ ဖိအားပေးလုပ်ဆောင်ခဲ့သည်။ အရေးပေါ်အခြေအနေ ပြဋ္ဌာန်းလိုက်ပါက ရှီဗာနာဇေအနေဖြင့် ညမထွက်ရအမိန့်ထုတ်ပြန်ခြင်း၊ လူထုစည်းဝေးပွဲများကျင်းပခြင်းကို တားမြစ်ခြင်းနှင့် လက်နက်ကိုင်တိုက်ခိုက်နေသူများအား လက်နက်ဖျက်သိမ်းခွင့်အာဏာကို ရရှိစေမည်ဖြစ်သည်။ ဂျော်ဂျီယာပါလီမန်ရှိ လူနည်းစုအတိုက်အခံများက အရေးပေါ်အခြေအနေပြဋ္ဌာန်းခြင်းကို ပထမတွင် ပိတ်ပင်တားမြစ်ရန် ကြိုးပမ်းခဲ့သော်လည်း ရှီဗာနာဇေအား ထောက်ခံသူ ၁၀,၀၀၀ ကျော်တို့က ပါလီမန်တစ်ဝိုက် စုရုံးဆန္ဒပြသည့်အခါကျမှ ပါလီမန်က ယင်းကိစ္စကို အလျော့ပေး လိုက်လျောခဲ့သည်။

ဤသို့ အခက်အခဲအကျပ်အတည်း ကြုံနေရသည့် အခြေအနေကို အခွင့်ကောင်းယူကာ အက်ဘ်ခါဇီယာ ဒေသခွဲထွက်ရေးသူပုန်များက စက်တင်ဘာလ ၆ ရက်နေ့တွင် ထိုးစစ်ဆင်နွှဲခဲ့ပြန်သည်။ ယင်းမှာအပစ်အခတ် ရပ်စဲရေး

**တိဘလိစ်မြို့တော်သို့ထွက်ခွာမည့် လေယာဉ်ပေါ်သို့ အလုအယက်တိုးဝှေ့တက်နေကြသော ဆူခူမီမြို့မှစစ်ပြေး ဒုက္ခသည်များ**



သဘောတူညီချက်ကို ချိုးဖောက်လိုက်ခြင်း ဖြစ်သည်။ စင်စစ်အားဖြင့် အပစ်အခတ်ရပ်စဲရေးမှာ အိတ်ပေါက်နှင့် ဖားကောက်သည့်ပမာ သဘောတူညီမှုရလိုက်၊ ချိုးဖောက်လိုက်ဖြင့် အကြိမ်ကြိမ် ပျက်ပြားခဲ့ရသည်။ ယင်းလုပ်ရပ်ကြောင့် ရှီဗာနာဇေမှာ ပို၍ အခက်ကြုံခဲ့ရသည်။

တင့်ကားများနှင့် သံချပ်ကာကားများ အကူအညီဖြင့် အက်ဘ်ခါဇီယန်သူပုန်များသည် မြို့တော်ဆူခူမီတောင်ဘက်ပိုင်းရှိ ကမ်းရိုးတန်းကျေးရွာအများအပြားကို သိမ်းပိုက်နိုင်ခဲ့သည်။ မြို့တော်ဆူခူမီနှင့် ရထားလမ်း၊ ကားလမ်း အဆက်အသွယ်များကိုလည်း ဖြတ်တောက်ခဲ့သည်။ဆူခူမီ အရှေ့တောင်ဘက် မိုင် ၃၀ အကွာရှိ အိုချမ်ချီရာမြို့ကို သိမ်းပိုက်ရန် ကြိုးပမ်းလျက်ရှိကြသည်။

ဆိုးဝါးလာသောအခြေအနေများကြောင့် ကျော်ဂျီယာခေါင်းဆောင် ရှီဗာနာဇေသည်အက်ဘ်ခါဇီယန်ခွဲထွက်ရေးသူပုန်များအား လက်နက်ဆွဲကိုင်တိုက်ခိုက်ကြရန် နိုင်ငံသားများအား ပန်ကြားခဲ့သည်။ အပျော်တမ်းလက်နက်ကိုင်တပ်ဖွဲ့ ၂,၀၀၀ ခန့်ကိုလည်း ဆူခူမီသို့ ပို့လွှတ်ခဲ့သည်။ ဘောရစ်ယဲ့လ်ဆင်နှင့် ထိပ်တန်းစစ်ဘက်အရာရှိများကလည်း မော်စကိုမြို့၊ ကရင်မလင်တွင် ကျော်ဂျီယာနိုင်ငံ အခြေအနေကို ဆွေးနွေးခဲ့ကြသည်။ ရုရှားကာကွယ်ရေးဝန်ကြီး ပါဗယ်ဂရာချက်က ပြည်တွင်းစစ် အဆုံးသတ်စေရေးအတွက် ရုရှားတပ်ဖွဲ့များ စေလွှတ်ပေးမည်ဟု ကမ်းလှမ်းခဲ့ရာ ယင်းကို ရှီဗာနာဇေက ကန့်ကွက်ခဲ့သည်။

ကျော်ဂျီယာနိုင်ငံ အက်ဘ်ခါဇီယာဒေသတွင် ယခုတိုင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ပင်ရှိသည်။ ယနေ့အထိ သေဆုံးသူဦးရေမှာ ၂,၀၀၀ကျော်ရှိပြီဟု သိရှိရသည်။ အက်ဘ်ခါဇီယာသည် ကျော်ဂျီယာနိုင်ငံတွင် ပါဝင်သော ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသဖြစ်သည်။ လူဦးရေငါးသိန်းခန့်ရှိသည့်အနက် မူဆလင်ဘာသာဝင် အက်ဘ်ခါဇီယန်လူမျိုးစုများက ကိုးသောင်းခန့် ရှိသည်။

**စပါး ငါး ဘက်စုံစိုက်ပျိုးမွေးမြူရေး။** ။စပါး ငါး ဘက်စုံ စိုက်ပျိုးမွေးမြူရေးစနစ်သည် အနိမ့်ပိုင်းရေနက်ကွင်းဧရိယာများတွင် ရေထိန်းသိမ်းနိုင်သော ငါးကန်များ တူးဖော်ခြင်းဖြင့် စပါးနှစ်သီး စိုက်ပျိုးနိုင်ပြီး ကန်အတွက် ငါး ပုစွန်မွေးမြူနိုင်၍ ကန်ပေါင်ပေါ်၌ စားသုံးသီးပင်၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမျိုးစုံ စိုက်ပျိုးနိုင်ခြင်း၊ ဝက်၊ ဘဲ၊ နွားများကိုပါ တွဲဖက်မွေးမြူနိုင်သည့် ဘက်စုံစိုက်ပျိုးမွေးမြူရေးနည်းစနစ်တစ်ရပ်ဖြစ်သည်။

စပါးငါးဘက်စုံစိုက်ပျိုးမွေးမြူရေးကို တရုတ်၊ ကိုရီးယား၊ ဗီယက်နမ်၊ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယ နိုင်ငံတို့တွင် ၁၉၈၀ ပြည့်နှစ်က စတင်ဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် စပါးသီးနှံတစ်သီးပင်လျှင် စိုက်ပျိုးရေးအတွက် သေချာမှုမရှိသော အနိမ့်ပိုင်းရေနက်ကွင်းဒေသ အမြောက်အမြားရှိနေသည်။ ရေနက်ကွင်းဒေသများဖြစ်သည့် ဧရာဝတီတိုင်း ဟင်္သာတ၊ ဓနုဖြူ၊ ပန်းတနော်နှင့် ညောင်တုန်းမြို့နယ်များတွင် ၁၉၉၁ ခုနှစ်မှစ၍ စပါး ငါး ဘက်စုံ စိုက်ပျိုးမွေးမြူရေးကို ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့သည်။

စပါး ငါး စိုက်ပျိုးမွေးမြူရေးကို ဆောင်ရွက်ရာတွင် ရည်ရွယ်ချက်များချမှတ်ထားသည်။ ယင်းတို့မှာ ရေနက်ကွင်းဒေသများရှိ မြေကိုအကျိုးရှိစွာ အသုံးချရန်၊ ကန်ပေါင်ပေါ်တွင် နှစ်ရှည်စားသုံးသီးပင်၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမျိုးစုံစိုက်ပျိုးခြင်းဖြင့် စားသုံးရိက္ခာထုတ်လုပ်ရန်၊ ကန်အတွင်း ငါးပုစွန် မွေးမြူထုတ်လုပ်ရန်၊ အသုံးမချနိုင်သောမြေကို အကျိုးရှိစွာ အသုံးပြုခြင်းဖြင့် ဝင်ငွေတိုးတက်လာစေရန်၊ တိုးတက်လာသော လူဦးရေ၏ စားသုံးမှု ဖူလုံစေရန်အတွက် ခေတ်မီ တိုးတက်သည့် နည်းပညာတစ်ရပ်အဖြစ် ကျယ်ပြန့်စွာ ဆောင်ရွက်သွားရန် ဟူသော ရည်ရွယ်ချက်များဖြစ်သည်။

စပါး ငါး ဘက်စုံ စိုက်ပျိုး မွေးမြူရေးကို စပါး တစ်ဧကအထွက်နှုန်း ၁၅ တင်းနှင့် တင်း ၂၀ ထွက်ရှိသည့်ဒေသများနှင့် အနိမ့်ပိုင်းရေနက်ကွင်းဧရိယာများတွင် အမြင့်ပေသုံးပေမှ ခြောက်ပေအတွင်းဆောင်ရွက်နိုင်သည်။ ပထမစပါး တစ်သီး စိုက်ပျိုးရာတွင် တစ်ဧကလျှင်မျိုး ၁ ဒသမ ၅ တင်းမှ နှစ်တင်းအထိ အသုံးပြုပြီး အတန်းလိုက်မျိုးစေ့ချစနစ် သို့မဟုတ် အတန်းလိုက်ပျိုးထောင်စိုက်စနစ်ကို ကျင့်သုံး ရသည်။ စိုက်ပြီး ၂၅ ရက်သားနှင့် ၅၅ ရက်သားတွင် တစ်ကြိမ်စီ ပေါင်းလိုက်သမန်းနှိုးရသည်။ မောင်းညိုချိန်တွင် ရိတ်သိမ်းခြင်းဖြင့် အလေအလွင့်နည်းပါးပြီးတစ်ဧကလျှင် စပါးတင်း ၅၀ ကျော်ထွက်ရှိသည်။ ဒုတိယစပါးတစ်သီးစိုက်ပျိုးရာတွင် တစ်ဧကကောက်ကွက် ၁,၃၀,၆၈၀ တန်းကြားပင်ကြား ရှစ်လက်မနှင့် ခြောက်လက်မ စိုက်ပြီးတစ်ပတ်အတွင်း ကောက်ကွက်ဖာခြင်းကို မဖြစ်မနေဆောင်ရွက်ရသည်။ အထွက်ကောင်းသည့် သက်လျင်စပါးမျိုးများ ဖြစ်ကြသော ဆင်းကေရီ၊ သီးထပ်ရင်၊ မနောသုခတို့ကို အသုံးပြုရသည်။ နိဝင်ဘာလ တစ်ရက်နေ့တွင် ပျိုးထောင်ပြီး ပျိုးသက်ရက် ၃၀ မှ ၃၅ ရက်အတွင်း ရွှေ့ပြောင်းစိုက်ရသည်။ နောက်ဆုံးသမန်းပြင်ချိန်တွင် ယူရီးယားနှင့် တီစူပါ

တတ်မြေသြဇာ ၅၆ ပေါင်စီထည့်ပေးရသည်။ မိုး ကပ်ချိန်တွင် ပေါင်းလိုက်သမန်းနှိုး၍ ယူရီးယား ၂၈ ပေါင် ထည့်ပြီး ပန်းဖြိုင်ဖြိုင်ပွင့်ချိန်တွင် ယူရီးယား ၂၈ ပေါင် ညီညာစွာ ကြဲပက်ပေးရသည်။ တစ်ကေလျှင် စပါးတင်း ၈၀ ထွက်ရှိသည်။ စပါး ငါး ဘက်စုံ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်ခြင်းဖြင့် စပါးနှစ်သီး စိုက်ပျိုးနိုင်ပေရာ တစ်ကေလျှင်တင်း ၁၂၀ ကျော် ထွက်ရှိမည်ဖြစ်သည်။

ကန်ပေါင်ပေါ်တွင် ငှက်ပျော၊ မာလကာ၊ ကျွဲကော၊ ရှောက်၊ သံပရာ၊ သဘော်၊ ဒန့်သလွန်၊ ပဲစင်းငုံ စသည့် စားသုံးသီးပင်များ ရုံးပတီ၊ ချဉ်ပေါင်၊ တိုင်ထောင်ပဲ၊ ခရမ်းချဉ်၊ မုန်လာစသည့် ဟင်းသီးဟင်းရွက်ပင်များ၊ ဘူး၊ ဖရုံ၊ သခွား၊ ကြက်ဟင်းခါး စသည့် စင်တင်သီးနှံများ၊ မေမြို့ပန်း၊ ဂန္ဓမာပန်း၊ စိန်ခြယ်ပန်းစသည့် ပန်းမျိုးစုံတို့ကို စိုက်ပျိုးနိုင်သည်။

၁၉၉၂–၉၃ ခုနှစ်တွင် စပါးငါးဘက်စုံစိုက်ပျိုးမွေးမြူရေး ကန်များတူးဖော်ခဲ့ရာ ဧရာဝတီတိုင်းအတွင်း တူးဖော်ပြီးကန် ၆၈၈ ခု၊ တူးဖော်ပြီးကေ ၄,၈၀၆ ကေ၊ ပဲခူးတိုင်းအတွင်း တူးဖော်ပြီးကန် ၂၀၅ ကန်၊ တူးဖော်ပြီးကေ ၁,၆၀၉ ကေနှင့် ရန်ကုန်တိုင်းအတွင်း တူးဖော်ပြီးကန် ၇၅ ကန်၊ တူးဖော်ပြီး ကေ ၄၇၈ ကေ၊ စုစုပေါင်းတူးဖော်ပြီးကန် ၉၆၈ ကန်နှင့် တူးဖော်ပြီးကေ ၆,၈၉၃ ကေ ရှိသည်။

စပါးငါးဘက်စုံစိုက်ပျိုးမွေးမြူရေးဆောင်ရွက်ခြင်းဖြင့် ဆန်စပါး၊ သားငါး၊ ပုစွန်၊ သစ်သီးဝလံနှင့် ဟင်းသီး ဟင်းရွက်များ အထွက်တိုးလာပြီး နိုင်ငံတော်၏ စီးပွားရေး တိုးတက်မှုကို များစွာအထောက်အကူပြုမည် ဖြစ်ပေသည်။

**စက်မှုခုနစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲ ။** ။ဂျီဆဲဗင်း (ခုနစ်နိုင်ငံအုပ်စု) ဟုခေါ်တွင်သောစက်မှုဖွံ့ဖြိုးပြီးနိုင်ငံတို့၏ (၁၉) ကြိမ်မြောက်နှစ်ပတ်လည်ထိပ်သီးဆွေးနွေးပွဲကို ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ ဂျပန်နိုင်ငံတိုကျိုမြို့၌ ကျင်းပခဲ့သည်။ ထိုဆွေးနွေးပွဲသို့ အမေရိကန်ပြည်ထောင်စုသမ္မတ ဘီလ်ကလင်တန်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် ကီအီချီမီယာဇာဝါ၊ ကနေဒါနိုင်ငံဝန်ကြီးချုပ်ကင်မ်ကမ်ဘဲလ်၊ ဗြိတိန်နိုင်ငံဝန်ကြီးချုပ် ဂျွန်မေဂျာ၊ ပြင်သစ်နိုင်ငံသမ္မတ ဖရန်ဆွာမီးထရောင်း၊ ဂျာမနီနိုင်ငံဝန်ကြီးချုပ် ဟဲလမွတ်ခိုးလ်နှင့် အီတလီနိုင်ငံဝန်ကြီးချုပ် ကာလိုဆီယမ်ပီ တို့တက်ရောက်ကြသည်။

ထိုထိပ်သီးဆွေးနွေးပွဲသို့တင်သွင်းသောအစီရင်ခံစာအရ ယင်းအုပ်စုတွင် နိုင်ငံအချို့၌ စီးပွားရေးနာလန်ထူသည့် အရိပ်လက္ခဏာရှိခဲ့သော်လည်း ယင်းအုပ်စု၏ စီးပွားရေး ဖွံ့ဖြိုးမှုသည် ၁၉၉၀ပြည့်နှစ် နောက်ပိုင်း၌ပျမ်းမျှ ၁ ဒသမ ၃ ရာခိုင်နှုန်းမျှသာရှိ၍ အတော်အတန်အားနည်းနေသည်ဟု ဆိုသည်။ အလုပ်လက်မဲ့နှုန်းမှာလည်း ၁၉၆၀ ပြည့်လွန်နှစ်များ အတွင်းက သုံးရာခိုင်နှုန်းမျှသာရှိခဲ့ရာမှ မျက်မှောက်ကာလတွင် ၇ ဒသမ ၂ ရာခိုင်နှုန်းထိမြင့်တက်လာခဲ့ကြောင်း ဖော်ပြထားသည်။ ထိုအခြေအနေများကြောင့် ရေရှည်ထိန်းထားနိုင်ပြီး ငွေကြေးဖောင်းပွမှု မရှိသောစီးပွားရေး ဖွံ့ဖြိုးမှုမျိုးအတွက် အုပ်စုလုံးဆိုင်ရာ မဟာဗျူဟာ ချမှတ်နိုင်ရန် ဦးတည်ဆွေးနွေးခဲ့ကြသည်။ ထိရောက်တည်ငြိမ်သော လူမှုဖူလုံရေးစနစ်များ ကျင့်သုံးနိုင်ရေး အတွက် မူဝါဒများ ချမှတ်နိုင်ရန်လည်း ဆွေးနွေးခဲ့သည်။ အထူးသဖြင့် သက်ကြီးရွယ်အိုလူဦးရေ တိုးပွားနေခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးမှု အဖွဲ့ (အိုအီးစီဒီ)၏ စီးပွားရေးဖွံ့ဖြိုးဆုံးနိုင်ငံ ၂၄ နိုင်ငံ တွင် အသက် ၆၅ နှစ်အထက် လူဦးရေအချိုးအစားမှာ ၁၉၈၀ ပြည့်နှစ်က ၁၂ ဒသမ ၃ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၃၀ ပြည့်နှစ်တွင် ၂၁ ရာခိုင်နှုန်းအထိ တိုးတက်လာဖွယ် ရှိသည်ကို ထောက်ပြသည်။ ထိုသက်ကြီးရွယ်အိုများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးအတွက် စရိတ်စကများမြင့်တက်လာနေခြင်းကြောင့် မူဝါဒများ ပြောင်းလဲ ချမှတ် နိုင်ရန် ဆွေးနွေးကြခြင်းဖြစ်သည်။

**ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်လာကြသော စက်မှု ခုနစ်နိုင်ငံ ခေါင်းဆောင်များ**



ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများကို အင်အားတိုးမြှင့်ရန် ယင်းထိပ်သီးဆွေးနွေးပွဲက တိုက်တွန်းခဲ့သည်။ နိုင်ငံရေးကြေညာစာတမ်းတွင် ဘောစနီးယား၌ နိုင်ငံတကာအနေဖြင့် ပိုမို၍ ခိုင်မာစွာ ပါဝင်ဆောင်ရွက်ရေးကို စွန့်လွှတ်မည်မဟုတ်ကြောင်း ဖော်ပြခဲ့သည်။ ဆာ့ဘ်၊ ခရိုအက်နှင့် မွတ်ဆလင်တို့၏ သဘောတူညီမှုမရဘဲ ဘော့စနီးယား၌ နယ်မြေပိုင်နက် သတ်မှတ်နေရာ ချထားခြင်းကို လက်မခံနိုင်ကြောင်းဖြင့် ကြေညာခဲ့သည်။ ဆာ့ဘ်နှင့် ခရိုအက်တို့ကလည်း ဘော့စနီးယားကို "ဝိုင်းကြဲ" ရန် မဆောင်ရွက်သင့်ကြောင်း သတိပေးသည်။ ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတွင် တစ်ကမ္ဘာလုံးက ပါဝင်ဆောင်ရွက်ကြရန်လည်းကောင်း၊ အီရန်၊ အီရတ်၊ လစ်ဗျား၊ မြောက်ကိုရီးယားနှင့် အစ္စရေးနိုင်ငံတို့က ပိုမိုပူးပေါင်းကူညီကြရန်လည်းကောင်း နိုးဆော်ခဲ့သည်။ အစ္စရေးနိုင်ငံအနေဖြင့် ၁၉၆၇ ခုနှစ်၊ အရှေ့အလယ်ပိုင်းစစ်ပွဲအတွင်းက သိမ်းပိုက်ခဲ့သော နယ်မြေများမှ ဆုတ်ခွာပေးရန် ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန် လည်း တိုက်တွန်းခဲ့သည်။ နျူကလီးယား မပြန့်ပွားရေး စာချုပ်မှနုတ်ထွက်ရန် ဆုံးဖြတ်ထားသည့် မြောက်ကိုရီးယားနိုင်ငံအားလည်း ယင်းဆုံးဖြတ်ချက်ကို ပြောင်းလဲရန် တိုက်တွန်းခဲ့သည်။

စက်မှုထိပ်သီးခုနစ်နိုင်ငံသည် ရုရှားနိုင်ငံအား ငွေကြေးအကူအညီနှင့် ကြွေးမြီသက်သာခွင့် ဒေါ်လာသန်းပေါင်း ၄၃,၀၀၀ ထောက်ပံ့မည်ဟု ၁၉၉၃ ခုနှစ်၊ ဧပြီလတွင် ကတိပြုခဲ့သည်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)ကလည်း အရေးပေါ် ချေးငွေအကူအညီ ပထမအရစ်အဖြစ်ဒေါ်လာသန်းပေါင်း ၁၅၀၀ ထောက်ပံ့ရန် အတည်ပြုခဲ့သည်။ ထိပ်သီး အစည်းအဝေးတွင်လည်း ရုရှားနိုင်ငံ၌ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲရေးလုပ်ငန်းစဉ်အတွက်ဒေါ်လာသန်း ၂၀၀၀ ကူညီထောက်ပံ့ရန် သဘောတူညီခဲ့ကြသည်။ ထို့ပြင်အဆင်းရဲဆုံး မြောက်အာဖရိကနိုင်ငံများအပေါ် ကာလရှည်ကြာ တင်ရှိနေခဲ့သောကြွေးမြီ သုံးပုံတစ်ပုံကို လျှော့ပစ်ရန် ဆုံးဖြတ်ခဲ့သည်။

**စိန်ဝင်း၊ ဦး** (ခရစ် ၁၉၁၉ –၁၉၉၃) ။ ။ အငြိမ်းစား ဗိုလ်မှူးချုပ်၊ အငြိမ်းစားနိုင်ငံတော်ဝန်ကြီးချုပ်နှင့် အငြိမ်းစားနိုင်ငံတော်ကောင်စီဝင် ဦးစိန်ဝင်းကို အဖ တိုက်ပိုင် ရဲမှူး ဦးသင်းမြိုင်၊ အမိ ဒေါ်ဖွားကြူတို့က ၁၉၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် မော်လမြိုင်မြို့ ဒုဉည်းကန်းရပ်၌ ဖွားမြင်သည်။ မွေးချင်းငါးယောက်ရှိသည့်အနက် ဒုတိယမြောက်သားဖြစ်သည်။





အငြိမ်းစား ဝန်ကြီးချုပ် ဦးစိန်ဝင်း

ငယ်စဉ်ကပင် ဖခင်ကွယ်လွန်သွား၍ ထားဝယ်မြို့ အနောက်ရပ်ရှိ အဘိုးအဘွားများနှင့်အတူ ကြီးပြင်းသည် အထိ သွားရောက်နေထိုင်သည်။ မူလတန်းပညာကို ထားဝယ်မြို့ ဦးပြုံးရင်ကျောင်းတွင်လည်းကောင်း၊ ငါးတန်းမှ ခုနစ်တန်းအထိ အမျိုးသမီးအလယ်တန်း နေရှင်နယ်ကျောင်းတွင်လည်းကောင်း၊ ခုနစ်တန်းမှ ၁၀ တန်းအထိ ထားဝယ်မြို့ အစိုးရ အထက်တန်းကျောင်းတွင်လည်းကောင်း ပညာသင်ယူသည်။ ၁၀ တန်းပထမနှစ် ကျရှုံးသဖြင့် ၁၉၃၈ ခုနှစ်တွင် မော်လမြိုင်မြို့ရှိမိခင်နှင့်အတူ ပြန်လည်နေထိုင်ပြီး ရှင်မဟာဗုဒ္ဓဃောသကျောင်းတွင် ၁၀ တန်းပညာ ဆက်လက်သင်ယူသည်။ ထိုနှစ်တွင် ဗိုလ်အောင်ကျော် သပိတ်ပေါ်ပေါက်ခဲ့ရာ ကျောင်း၏ သပိတ်မှောက်ကော်မတီတွင် ပါဝင်ပြီး ကျိုက်သံလန် သပိတ်စခန်းတွင် ခရိုင်ကော်မတီဝင်အဖြစ်ဆောင်ရွက်သည်။ သပိတ်လှန်ပြီးနောက် ၁၀ တန်းစာမေးပွဲ ဖြေဆိုအောင်မြင်သဖြင့် ထားဝယ်မြို့သို့ပြန်၍ နေထိုင်သည်။

ဦးစိန်ဝင်းသည် ၁၉၄၀ ပြည့်နှစ်တွင် ရဲအဖွဲ့သို့ဝင်ရောက်ပြီး မန္တလေးမြို့ရှိ ရဲအုပ်သင်တန်းကျောင်းတွင် တစ်နှစ်သင်တန်းတက်သည်။ ၁၉၄၁ ခုနှစ်တွင် ရဲအုပ်သင်တန်းအောင်မြင်ပြီး ထားဝယ်မြို့တွင် အလုပ်သင်ရဲအုပ်အဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၄၂ ခုနှစ်တွင် ထားဝယ်မြို့ကို ဂျပန်တပ်များသိမ်းပိုက်လိုက်သောအခါ မော်လမြိုင်မြို့သို့ ပြန်လာခဲ့သည်။ ထို့နောက် ကျိုက္ခမီမှ မုဒုံမြို့သို့ ချီတက်လာသော ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီ–အိုင်–အေ) သို့ ဝင်ရောက်ထမ်းဆောင်သည်။ ဗိုလ်လကျာ၏ တာဝန်ပေးချက်အရ ကော့ကရိတ်မြို့တွင် ဗမာ့လွတ်လပ်ရေးတပ်များ ဖွဲ့စည်းစုရုံးပြီး မုဒုံသို့ ပြောင်းရွှေ့ စခန်းချကာ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်သည်။ မုဒုံတွင် ဂျပန်တို့၏ လက်နက်သိမ်းယူခြင်းခံရသည်။ ဗိုလ်လကျာ၏ အမိန့်ပေးချက်အရ တပ်များစုရုံးပြီး သင်္ဘောဖြင့် ရန်ကုန်မြို့သို့ချီတက်ခဲ့ရာ သင်္ဘောပေါ်ရောက်မှ ဂျပန်တို့က လက်နက်များ ပြန်လည်ပေးအပ်သည်။ ရန်ကုန်မြို့သို့ရောက်သောအခါ စိန်အန်ထော်နီကျောင်းတွင်စခန်းချပြီး ရန်ကုန်မြို့လုံခြုံရေးကို

တာဝန်ယူရသည်။ စိန်အန်ထော်နီကျောင်းမှ ဂေါ်ရာကုန်းသို့ တပ်များ ပြောင်းရွှေ့ပြီးနောက် ဖျာပုံမှတပ်များကို တာဝန်ယူသင်တန်းပေးကာ အုပ်ချုပ်ရသည်။ ထို့နောက် အင်းစိန်ခရိုင် တပ်များကိုအုပ်ချုပ်ရန် ထပ်မံတာဝန်ပေးအပ်ခြင်းခံရပြီး အင်းစိန်တပ်များကို စုရုံးကာ ပဲခူးမြို့သို့ ပြောင်းရွှေ့သည်။

ဦးစိန်ဝင်းသည် ၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကိုဗမာ့ကာကွယ်ရေးတပ်မတော် (ဘီ–ဒီ–အေ) အဖြစ် ပြောင်းလဲဖွဲ့စည်းသောအခါ ဘီ–ဒီ–အေ တပ်ရင်း (၃) စက်သေနတ်ကြီးတပ်စု တပ်စုမှူးတာဝန်ထမ်းဆောင်သည်။ ပျဉ်းမနားမြို့တွင် သင်တန်းတက်ပြီးနောက် ရခိုင်ရိုးမသို့ ပြည်မြို့မှ တစ်ဆင့် တပ်ရင်းတစ်ခုလုံးချီတက်ရာတွင် ပါဝင်သည်။ ၁၉၄၄ ခုနှစ်တွင် ပျဉ်းမနားမြို့၌ ဘီ–ဒီ–အေ တပ်ရင်း (၆) ဖွဲ့စည်းခဲ့ရာ စက်ကလေးသေနတ်ကြီး တပ်ခွဲ တပ်ခွဲမှူးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၄၅ ခုနှစ်တွင် တပ်ရင်းမှူးအဖြစ် တိုးမြှင့် ထမ်းဆောင်ပြီး ပျဉ်းမနားမြို့မှ သရက်မြို့သို့တပ်ရင်းပြောင်းရွှေ့သည်။ သရက်အနောက်ခြမ်း ကမ္မ၊ သရက်၊ မင်းလှ၊ မင်းတုန်းမြို့များတွင် ဖက်ဆစ်တော်လှန်ရေးအတွက် စည်းရုံးလှုပ်ရှားမှုများပြုလုပ်သည်။ သရက်မြို့တွင် ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့၌ ဖက်ဆစ်တော်လှန်ရေး စတင်ဆင်နွှဲသည်။ တော်လှန်ရေးတွင် ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်မှူးအဆင့်သို့ တိုးမြှင့်ပေးသည်။ ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲနေစဉ် ဗိုလ်ချုပ်အောင်ဆန်းနှင့် မဟာမိတ်တပ်များ တွေ့ဆုံရေးကို တာဝန်ယူဆောင်ရွက်ခဲ့သည်။ ဖက်ဆစ်များကို တိုက်ထုတ်ရန် နတ်တလင်းမြို့သို့ တပ်များပြောင်းရွှေ့၍ နတ်တလင်း အရှေ့ဘက် စမ်းကြီး၊ ဓမ္မငယ်၊ ကန်စု စစ်မျက်နှာကို တာဝန်ယူပြီး ပဲခူးရိုးမ အနောက်ခြမ်း စစ်ဆင်ရေးကို ကွပ်ကဲသည်။ ဖက်ဆစ်များ စစ်တောင်းသို့ဆုတ်ခွာသောအခါ ဘီ–ဒီ–အေ တပ်ရင်း (၆) ကို ဦးစီးပြီး ပဲခူးရှိ တိုင်းအမှတ် (၄) နှင့်ပူးပေါင်းသည်။ စစ်တောင်းမြစ် စစ်မျက်နှာတွင် ညောင်ကိုင်၊ ကဒွတ်၊ ဘိုးစဟွာယ်၊ ကျုံရဲ၊ ဗိုလ်ကတော် တို့ကို စစ်မျက်နှာတစ်ခုအဖြစ် တာဝန်ယူရသည်။ ထိုစစ်မျက်နှာတွင် ဘီ–ဒီ–အေ တပ်ရင်း (၆) ကိုတပ်ရင်း (၁၀၆) မျိုးချစ်ဗမာ့တပ်မတော်ဟု ပြင်ဆင်ဖွဲ့စည်းသည်။

ဦးစိန်ဝင်းသည် ကန္ဒီစာချုပ်အရ ဗမာ့တပ်မတော် ပြန်လည်ဖွဲ့စည်းသောအခါ ဒုဗိုလ်အဆင့်ဖြင့် စစ်ရုံးချုပ်တွင် ဌာနခွဲအရာရှိအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ဆက်လက်၍ဗမာ့သေနတ်ကိုင်တပ်ရင်း (၃) တွင် တပ်စုမှူးအဖြစ် တာဝန်ထမ်းဆောင်သည်။ သန်လျင်မြို့တွင် စခန်းချနေစဉ်အတွင်း တပ်ခွဲ (၃) ကိုဦးစီး၍ဒေးဒရဲ၊ ဖျာပုံသို့ ပြောင်းရွှေ့တာဝန်ယူရသည်။ ၁၉၄၆ ခုနှစ်တွင် ကလောမြို့၌ အရာရှိငယ်သင်တန်းတက်ရောက်သည်။ ဆက်လက်၍ ဗိုလ်ကြီးအဆင့်ဖြင့် ဗမာ့သေနတ်ကိုင်တပ်ရင်း (၃) တွင် ဒုတပ်ခွဲမှူး တာဝန်ထမ်းဆောင်သည်။ ၁၉၄၇ ခုနှစ်တွင် စစ်ဦးစီးတက္ကသိုလ်သို့ တက်ရောက်ပြီး ဗိုလ်မှူးအဆင့်ဖြင့် ဗမာ့သေနတ်ကိုင် တပ်ရင်း (၃) တွင် တပ်ခွဲမှူး တာဝန်ပေးအပ်ခြင်းခံရသည်။ လွတ်လပ်ရေးပေးရန် တိုင်းပြုပြည်ပြုလွှတ်တော်ခေါ်သောအခါ သန်လျင်မြို့သို့ပြန်၍ တပ်စုရုံးသည်။ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသောအခါ ရန်ကုန်သို့ တပ်များပြောင်းရွှေ့ပြီး ရန်ကုန်မြို့လုံခြုံရေးကို တာဝန်ယူရသည်။ ၁၉၄၇ ခုနှစ်တွင် စစ်ရဲတပ်များဖွဲ့စည်းရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ ဗိုလ်မှူးအဆင့်ဖြင့် အထူးအရာရှိအဖြစ်ပြောင်းရွှေ့ထမ်းဆောင်သည်။

ဦးစိန်ဝင်းသည် ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီး ခြေလျင်တပ်များဖွဲ့စည်းသောအခါ မင်္ဂလာဒုံရှိ ခြေလျင်တပ်ရင်း (၁) တွင် ဗိုလ်မှူးအဆင့်ဖြင့် ဒုတပ်ရင်းမှူးတာဝန်ပေးအပ်ခြင်းခံရသည်။ ကရင်သောင်းကျန်းသူများထကြွပုန်ကန်ချိန်တွင် အင်းစိန်တိုက်ပွဲ၊ စာဖူးတောင်းတိုက်ပွဲများ၌ ပါဝင်တိုက်ခိုက်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင်ပင် ဒုဗိုလ်မှူးကြီးအဆင့်သို့ တိုးမြှင့်ခြင်းခံရပြီး ခြေလျင်တပ်ရင်း (၁) တပ်ရင်းမှူးတာဝန် ဆက်လက် ထမ်းဆောင်သည်။ ၁၉၅၁ ခုနှစ်တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ စစ်ဦးစီးမှူး (ပ) အဖြစ်လည်းကောင်း၊ ၁၉၅၂ ခုနှစ်တွင် တပ်မဟာ (၃) နှင့် တပ်မဟာ (၂) တို့၌ တပ်မဟာမှူးအဖြစ်လည်းကောင်း ထမ်းဆောင်သည်။ ၁၉၅၂ တွင် တန်းမြင့်အရာရှိသင်တန်းတက်ရန် အင်္ဂလန်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ဗိုလ်မှူးကြီးအဆင့်သို့ တိုးမြှင့်ခံရပြီး တပ်မဟာ (၂) တပ်မဟာမှူးတာဝန်ထမ်းဆောင်သည်။ ၁၉၅၆ ခုနှစ်တွင် ပိုင်းလော့သင်တန်းတက်ရန် ထိုင်းနိုင်ငံသို့သွားရောက်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် တပ်မဟာ (၄) တပ်မဟာမှူးအဖြစ်လည်းကောင်း၊ ၁၉၅၈ ခုနှစ်တွင် စစ်ရုံးချုပ်၌ တွဲဖက်စစ်ထောက်ချုပ်အဖြစ်လည်းကောင်း ထမ်းဆောင်သည်။

ဦးစိန်ဝင်းသည် ၁၉၅၈ ခုနှစ်၊ အိမ်စောင့်အစိုးရ လက်ထက်တွင် အိုးအိမ်ဌာန၊ လမ်းဌာနနှင့် ပြန်လည်ထူထောင်ရေးဌာနများ၌ ဒုတိယ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့သည့်အပြင် စစ်ပစ္စည်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တွဲဖက်စစ်ထောက် ချုပ်တာဝန်များကိုပါ ပူးတွဲထမ်းဆောင်သည်။ ၁၉၆၁ ခုနှစ်တွင် ဗိုလ်မှူးကြီးအဆင့်ဖြင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတာဝန်ထမ်းဆောင်နေရာမှ ဗိုလ်မှူးချုပ်အဆင့်သို့ တိုးမြှင့်ခြင်းခံရသည်။ စစ်တိုင်းများ ပြန်လည်ဖွဲ့စည်းသောအခါ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတာဝန် ထမ်းဆောင်သည်။

ဦးစိန်ဝင်းသည် ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်

တော်လှန်ရေးကောင်စီက နိုင်ငံတော် အခြေအနေ အရပ်ရပ်ကိုထိန်းသိမ်းတာဝန်ယူသောအခါ တော်လှန်ရေးကောင်စီအဖွဲ့ဝင်ဖြစ်လာသည်။ ၁၉၆၃ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မတီဝင် တာဝန်ကိုပါ ပူးတွဲထမ်းဆောင်သည်။ ၁၉၆၄ ခုနှစ်တွင် တော်လှန်ရေးအစိုးရအဖွဲ့ ပြည်သူ့လုပ်ငန်းနှင့် အိမ်ရာဆောက်လုပ်ရေးဌာန တာဝန်ခံ (ဝန်ကြီး) အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၇၁ ခုနှစ် ပထမအကြိမ် ပါတီညီလာခံတွင် ပါတီလုပ်ငန်းစိစစ်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ၁၉၇၂ ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၇၃ ခုနှစ် ဒုတိယ အကြိမ် ပါတီညီလာခံတွင် ပါတီလုပ်ငန်းစိစစ်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ထပ်မံရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ဝန်ကြီးအဖွဲ့ဝင်များအားတပ်မတော်မှ အငြိမ်းစားယူခွင့်ပြုရေးမူအရ ၁၉၇၂ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် တပ်မတော်မှ အငြိမ်းစားယူပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးတာဝန် ဆက်လက်ထမ်းဆောင်သည်။ ၁၉၇၄ ခုနှစ် ပထမ အကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲတွင် ထားဝယ်မြို့နယ် အမှတ် (၁) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးက နိုင်ငံတော် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်သည်။ နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ်တာဝန်ထမ်းဆောင်နေရာမှ ၁၉၇၇ ခုနှစ်၊ သြဂုတ်လတွင် ပြည်သူ့လွှတ်တော်က နိုင်ငံတော်ကောင်စီဝင်အဖြစ် ရွေးချယ်ခံရသည်။ ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလတွင် နိုင်ငံတော်ကောင်စီဝင်အဖြစ်မှ အငြိမ်းစားယူသည်။

ဦးစိန်ဝင်းသည် နိုင်ငံတော် တာဝန်အရပ်ရပ်ကို ထမ်းဆောင်နေစဉ်အတွင်း နိုင်ငံခြားတိုင်းပြည်များသို့ တာဝန်ဖြင့် အကြိမ်ကြိမ် သွားရောက်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ဟောင်ကောင်၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံများသို့လည်းကောင်း၊ ၁၉၅၉ ခုနှစ်တွင် အစ္စရေးနိုင်ငံနှင့် ဂျာမနီနိုင်ငံသို့လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံသို့လည်းကောင်း၊ ၁၉၆၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန် နိုင်ငံများသို့လည်းကောင်း၊ ၁၉၆၈ ခုနှစ်တွင် စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့လည်းကောင်း၊ ၁၉၇၂ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့လည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် နီပေါနိုင်ငံသို့လည်းကောင်း၊ ၁၉၇၆ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသို့လည်းကောင်း သွားရောက်ခဲ့သည်။

ဦးစိန်ဝင်းသည် နိုင်ငံ့တာဝန်များကို ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်က ချီးမြှင့်အပ်နှင်းသည့် စည်သူတံဆိပ်၊ သီရိပျံချီဘွဲ့၊ အရေးတော်ပုံတံဆိပ်၊ လွတ်လပ်ရေးစည်းရုံးမှုတံဆိပ်၊ လွတ်မြောက်ရေးတံဆိပ်၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) နှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) တို့ကို ရရှိခဲ့သည်။

ဦးစိန်ဝင်းသည် ၁၉၄၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် မန္တလေးမြို့နေ ဗိုလ်ကြီးဘဖေ၊ ဒေါ်မှန်းတို့၏သမီး ဒေါ်မြရွှေနှင့် လက်ထပ်ခဲ့သည်။

မြန်မာ့ လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့ပြီး နိုင်ငံ့တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သော အငြိမ်းစား ဗိုလ်မှူးချုပ်၊ အငြိမ်းစား နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အငြိမ်းစား နိုင်ငံတော်ကောင်စီဝင် ဦးစိန်ဝင်းသည် ၁၉၉၃ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်မြရွှေနှင့် သားလေးဦး၊ သမီးနှစ်ဦး၊ မြေး ၁၀ ဦး ကျန်ရစ်သည်။



အကယ်ဒမီ ဇော်ထွန်း

**ဇော်လွင်(အကယ်ဒမီ)** (ခရစ် ၁၉၃၇–၁၉၉၃)။ ။ ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီဇော်လွင်ကိုစစ်ကိုင်းတိုင်း၊ ကသာမြို့နယ်(မိုးတား)တွင် အဖဦးနစ်၊ အမိဒေါ်သိန်းညွန့်တို့က ၁၉၃၇ ခုနှစ်၌ မွေးဖွားခဲ့သည်။ ငယ်နာမည် မောင်ဝင်းမြင့်ဖြစ်ပြီး ငယ်စဉ်ကပင် မန္တလေးမြို့ရှိ ဦးလေးဖြစ်သူ ကာယဗလ ဦးနေဝင်းထံတွင် နေထိုင်ကြီးပြင်း ပညာသင်ကြားခဲ့သည်။

ရန်ကုန်မြို့သို့ ရုပ်ရှင်မင်းသားဖြစ်လိုစိတ်ဖြင့် စွန့်စားရောက်ရှိခဲ့ရာ အောက်ခြေသိမ်းရုပ်ရှင်သမားဘဝဖြင့် ဘီသုံးလုံးဖလင်တွင် အခြေချရုန်းကန်ခဲ့သည်။ ရုပ်ရှင်ပညာလက်ဦးဆရာမှာ ပန်းသာဦးတင်ရွှေဖြစ်ပြီး ရုပ်ရှင်သရုပ်ဆောင်အဖြစ် ဘီသုံးလုံးဦးဘခန့်က မြေတောင်မြှောက်ချီးမြှင့်ခဲ့သည်။ ဆရာကြီးဦးသုခနှင့်ဦးသာဓုတို့နှင့် အနေနီးစပ်ကာ ဘက်စုံရုပ်ရှင်ပညာသည်ဖြစ်ရန် ကြိုးပမ်းခဲ့သည်။ ဘုရားတရားယုံကြည်ကိုးကွယ်မှု အလေးထားသူပီပီ ပညာရှာရာတွင် ကြီးငယ်မရွေး ဆရာတင်တတ်ခဲ့သဖြင့် အောင်မြင်မှုလမ်းပေါ် ရောက်ရှိခဲ့သည်။

"နှောင်" ဇာတ်ကားနှင့် "တပ်စခန်းတနေရာတွင်"

ဇာတ်ကားနှစ်ကားဖြင့် ပထမဦးဆုံး ခေါင်းဆောင်မင်းသား ဖြစ်ခဲ့သည်။ စွယ်စုံရ မင်းသားအဖြစ် ကျော်ကြားခဲ့ရာတွင် အဓိကအားဖြင့် စစ်မင်းသား ဟု ပြောစမှတ်ပြုခံခဲ့ရပြီး ၁၉၇၀ ပြည့်ဝန်းကျင်သည် ဇော်လွင်ခေတ်တစ်ခေတ်ဟု ဆိုရလောက်အောင် အောင်မြင်ကျော်ကြားခဲ့သည်။ ဇော်လွင်သည် အကောင်းဆုံးဇာတ်ဆောင်ဆု ဆန်ခါတင် စာရင်းတွင် မကြာခဏစာရင်းဝင်ခဲ့သည်။

ခေါင်းဆောင်မင်းသားအဖြစ် ဇာတ်ကားပေါင်း ၈၀ ကျော် ရိုက်ကူးခဲ့ပြီး **"ကိုယ့်အသည်းလေးအမြဲပေးမယ်"** ဇာတ်ကားကို နောက်ဆုံးရိုက်ကူးကာ ရုပ်ရှင်လောကမှ ခေတ္တအနားယူခဲ့ပြီး ဘာသာရေးလိုက်စားခဲ့သည်။

ထို့နောက် **"သုံးထောင်ပြည့်ခန်းသာလယ်"** ဇာတ်ကားမှ စ၍ အဓိကဇာတ်ပို့ မင်းသားကြီးအဖြစ် ရုပ်ရှင်နယ်သို့ ခြေလှမ်းသစ်စတင်ပြန်ရာ ၁၉၉၀ ပြည့်နှစ်တွင် **အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု**ကို **"အရိုင်းစံပယ်"** ဇာတ်ကားဖြင့် ဆွတ်ခူးရရှိခဲ့သည်။

မြန်မာရုပ်ရှင်လောက၏ အရေးပါအရာရောက်သော ဇာတ်ပို့မင်းသားကြီးအဖြစ် ကျော်ကြားနေစဉ် အကယ်ဒမီ ဇော်လွင်သည် ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ရက်နေ့၌ ကွယ်လွန်သွားခဲ့သည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ။** ။အသက်၈၉နှစ် အရွယ်ရှိ တရုတ်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်သည် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလဆန်းတွင် လက်ရှိတာဝန်အားလုံး ကိုစွန့်လွှတ်ခါ လုံးဝဥဿုံ အနားယူလိုက်သည်။ သူ၏ ရာထူးနှင့် တာဝန်အရပ်ရပ်ကို ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့က စတင် ကျင်းပသော ၁၄ ကြိမ်မြောက် ပါတီကွန်ဂရက်က ရွေးချယ်ခန့်ထားသည့် ပုဂ္ဂိုလ်တို့က ဆက်လက်တာဝန်ယူကြမည် ဖြစ်သည်။

ပါတီကွန်ဂရက်တွင် တက်မည့်ကိုယ်စားလှယ်များကို ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (ပီအယ်လ်အေ) အပါအဝင်နယ်မြေ အသီးသီးက ကြိုတင်ညှိနှိုင်း ရွေးချယ်ကြသည်၊ စုစုပေါင်း ကိုယ်စားလှယ် ၁၉၉၁ ဦး ပါဝင်ပြီး ကွန်ဂရက်သို့တက် ရောက်ကြသည်။

ရက်သတ္တတစ်ပတ်ကြာ ကျင်းပသော အစည်းအဝေး တွင် တရုတ်ကွန်မြူနစ်ပါတီအထွေထွေ အတွင်းရေးမှူး ကျန်ဇီမင်းက မိန့်ခွန်း ပြောကြားရာတွင် မိမိတို့သည် တော်လှန်ရေး အသစ်ကို စတင်နေပြီဖြစ်ကြောင်း၊ ကုန်ထုတ်စွမ်းအားတိုးတက်ဖွံ့ဖြိုးရေးကို နှေးကွေးစေသော လက်ရှိစီးပွားရေးစနစ်ကို အခြေခံမှစ၍ ပြုပြင်ပြောင်းလဲ မည်ဖြစ်ကြောင်း၊ ကျစ်လျစ်ခိုင်မာသော ဆိုရှယ်လစ်စီးပွား ရေးအဆောက်အအုံကို တည်ဆောက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပါတီကွန်ဂရက်သို့ ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်မတက်ရောက်နိုင်ပေ။

တိန့်ရှောင်ဖိန်၏ လမ်းညွှန်မှုကို ပါတီကွန်ဂရက်က ချီးကျူးဂါရဝပြုကြသည်။ ထို့အပြင် ကွယ်လွန်သူ ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌဟောင်း မော်စီတုံးကိုလည်း ဂုဏ်ပြု ကြသည်။ ထိုတွင်သာမက ၁၉၈၉ ခုနှစ် အုံကြွမှုတွင် မပြတ် မသားဆောင်ရွက်ခဲ့သူ ကျောက်ကျိယန်အား အရေးယူ ထောက်လှမ်းမှုမှ ရပ်စဲလိုက်သည်။ ယခင်ဗဟိုကော်မတီ ဘဝတွင် မှားယွင်းခဲ့မှုများကို ခွင့်လွှတ်လိုက်ခြင်းဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၁ – စာ၊ ၂၃၆ – ရှု။)

ပါတီကွန်ဂရက်က အဖွဲ့ဝင် ၃၁၉ ဦးပါသော ဗဟိုကော် မတီကို ရွေးကောက်တင်မြှောက်သည်။ လူငယ်လူရွယ်များကို တတ်နိုင်သမျှ အစားထိုးခန့်ရမည်ဆိုသော တိန့်ရှောင်ဖိန်၏ ဩဝါဒအရ ဗဟိုကော်မတီထက်ဝက်သည် အသက် ၅၅ နှစ်အောက် လူရွယ်များဖြစ်သည်။

ပါတီရာထူးများ၊ စစ်ရေးစစ်ရာတာဝန်များစသည့် ဝတ္တရားများကို စွန့်လွှတ်ထားသော်လည်း တိန့်ရှောင်ဖိန်၏ ဩဇာ အာဏာမှာ မလျော့ကျပေ။ ထိုအတွင်း သူ၏ သမီးငယ်ဖြစ်သူက ဖခင်၏အထုပ္ပတ္တိကို ရေးသားထုတ်ဝေရာ

တရုတ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး
ကျန်ဇီမင်းနှင့် ဝါရင့်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်



ပြည်သူတို့ဝယ်ယူဖတ်ရှုကြသည်။ ထို့အပြင် တိန့်ရှောင်ဖိန်၏ ဩဝါဒပေါင်းချုပ်စာအုပ်ကိုလည်း ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

အဌမအကြိမ် အမျိုးသားပြည်သူ့ကောင်စီ (အင်ပီစီ) ပထမ အစည်းအဝေးကို ၁၉၉၃ ခုနှစ်၊ မတ်လ ၁၅ ရက်မှ ၃၁ ရက်နေ့အထိ ပီကင်းမြို့တွင် ကျင်းပသည်။ အစည်းအဝေးတွင် အစိုးရအဖွဲ့အစီရင်ခံစာကို ဝန်ကြီးချုပ်လီပင်းက တင်ပြသည်။ ထို့ပြင် စီးပွားရေးနှင့်စပ်လျဉ်းသည့် အဓိကအချက်အချာကျသည့် ကိစ္စရပ်များကို လီပင်းက တင်ပြပြီး စီးပွားရေးပြုပြင်ပြောင်းလဲရေးကို ပိုမိုအလေးထားပြောကြားခဲ့သည်။ ဘဏ္ဍာရေးဝန်ကြီးက ဘတ်ဂျက်အစီရင်ခံစာကို မတ်လ ၁၆ ရက်နေ့တွင် တင်သွင်းသည်။

မတ်လ ၂၉ ရက်နေ့တွင် ၁၉၈၂ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်များကို အင်ပီစီက အတည်ပြုခဲ့သည်။ ယင်းသို့ ပြင်ဆင်ရန်ကို ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပခဲ့သည့် ၁၄ ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီကွန်ဂရက်က အတည်ပြုခဲ့ခြင်း ဖြစ်သည်။

တရုတ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ကျန်ဇီမင်းအား နိုင်ငံတော်သမ္မတအဖြစ် အင်ပီစီက မတ်လ ၂၇ ရက်နေ့တွင် ရွေးချယ်တင်မြှောက်သည်။ အသက်အရွယ်ကြီးရင့်ပြီဖြစ်သော ၁၉၈၈ ခုနှစ်က သမ္မတအဖြစ်ရွေးချယ် တင်မြှောက်ခံရသည့် ယန်ရှန်ကွန်းအား အစားထိုးခြင်းဖြစ်သည်။ ကျန်ဇီမင်းသည် ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌနှင့် သမ္မတရာထူးကိုလည်းကောင်း၊ ပါတီအထွေထွေ အတွင်းရေးမှူးရာထူးကိုလည်းကောင်း ပူးတွဲထမ်းဆောင်မည်ဖြစ်သည်။

**ပါတီအထွေထွေအတွင်းရေးမှူး ကျန်ဇီမင်းနှင့် ဝန်ကြီးချုပ်လီပင်းတို့ကို ပါတီကွန်ဂရက်တွင် တွေ့ရစဉ်**



မတ်လ ၂၈ ရက်နေ့တွင် လီပင်းအား နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်ခဲ့သည်။ လီပင်းသည် ၁၉၈၇ ခုနှစ်၊ နိုဝင်ဘာလတွင် ဝန်ကြီးချုပ်ရာထူးတွင် ပထမဆုံးခန့်အပ်ခံခဲ့ရသည်။

အစိုးရသစ်တက်လာပြီးနောက် ၁၉၈၉ ခုနှစ်၊ အုံကြွရာတွင်ပါဝင်ခဲ့သူအများအပြားကို ထောင်မှလွှတ်ပေးသည့်အပြင် ပြည်ပရောက်ကျောင်းသားအလုပ်သမားစသည်တို့ကိုလည်း ပြန်လည်လက်ခံသည်။

ကာကွယ်ရေး – တရုတ်ပြည်သူ့တပ်မတော်ကို အင်အားဖြည့်တင်းရန် လိုအပ်ဆဲဖြစ်သည့်အလျောက် တပ်သားသုံးသန်းကို ဆက်လက်ထားရှိမည့်အပြင်၊ ကာကွယ်ရေးစရိတ်ကို ၁၂ ရာခိုင်နှုန်းတိုး၍ ဒေါ်လာကုဋေ ၇၅၀ အထိအသုံးပြုမည်ဖြစ်သည်။ ခေတ်မီဒုံးလက်နက်များ လက်ဝယ်ရှိသည့်အပြင် ပါကစ္စတန်နိုင်ငံသို့ပင် ဒုံးကျည်များရောင်းချနိုင်သည်ဟု ဆိုသည်။ ယခင်ဆိုဗီယက်နိုင်ငံ၊ ယခုရုရှနိုင်ငံမှ ပိုလျှံလက်နက်များ ဝယ်ယူမည့်အပြင် လေယာဉ်တင် သင်္ဘောကြီးများ ထူထောင်ထားရှိရန် စီစဉ်လျက်ရှိသည်။

စီးပွားရေး – ပြည်သူ့တရုတ်ပြည်သည် အထက်က ဆိုခဲ့သည့်အတိုင်း ဈေးကွက်ဖွင့်စီးပွားရေးစနစ်ကို ကျင့်သုံးရန် ဆုံးဖြတ်ကြေညာထားသည့်အလျောက် ပြည်ပအရင်းအနှီးများကို ဖိတ်ခေါ်လက်ခံသည့်အပြင် လွတ်လပ်စွာရောင်းဝယ်ခွင့်၊ ပုဂ္ဂလိကပိုင်လုပ်ငန်းများ ဖွင့်ခွင့်ပေးထားသည်။ ပြည်တွင်းစီးပွားရေးကိုလည်း ဖွံ့ဖြိုးအောင်ဆောင်ရွက်သည်။ အထူးသဖြင့် ခေတ်မီစီးပွားရေးဇုန်များ ထူထောင်ကာ စက်မှုကုန်သွယ်လုပ်ငန်းကို ကြီးထွားစေသည်။

တရုတ်ပြည်သူ့အစိုးရသည်ပြည်ပမှ ငွေပင်ငွေရင်းရင်းနှီးမြှုပ်နှံမှုကို လက်ခံသည့်အပြင် ပြည်ပမှ ကျွမ်းကျင်သူစီးပွားရေးပညာရှင်တို့ကိုလည်း ဖိတ်ကြားကာ အကြံဉာဏ်ရယူသည်။ အမေရိကန်မှ စီးပွားရေးနိုဗဲဆုရ မစ္စတာလောရင့်ကလိန်းကို စီးပွာရေးအကြံပေးပုဂ္ဂိုလ်အဖြစ် ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလက ခန့်ထားခဲ့သည်။ ပါမောက္ခကလိန်းသည် ပြည်သူပိုင်လုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် ယင်းလုပ်ငန်းများသို့ ငွေကြေးပစ္စည်းပံ့ပိုးရေးများကို လေ့လာ အကြံပေးရမည်ဖြစ်သည်။ ပင်ဆီလ်ဗာနီယားတက္ကသိုလ်မှ ပါမောက္ခဖြစ်သူ မစ္စတာကလိန်းသည် လွန်ခဲ့သော ဆယ်နှစ်အတွင်း ပီကင်းသို့ ရှစ်ကြိမ်ရောက်ရှိကာ တရုတ်စီးပွားရေးသုတေသီတို့အား ဟောပြော ပညာပေးခဲ့သူဖြစ်သည်။




ရှန်ဟဲမြို့ နိုင်ငံတကာ ကုမ္ပဏီကြီးတစ်ခုရှေ့တွင် ရင်းနှီးမြှုပ်နှံထည့်ဝင်ရန် စုပြုံတိုးဝှေ့နေကြသူများ




ရောင်စုံရုပ်မြင်သံကြားစက်များ တပ်ဆင်သော ပီကင်းမြို့ရှိ စက်ရုံတစ်ခု၏မြင်ကွင်း



ရှန်ဟဲမြို့ ကိုကာကိုလာစက်ရုံ

ယခုနှစ် ပထမသုံးလအတွင်း ကုန်သွယ်တိုးတက်မှုနှုန်းသည် ၁၅ ရာခိုင်နှုန်းဖြစ်သည်။ ယခင်နှစ် ပထမသုံးလပိုင်းတွင် တိုးတက်မှုနှုန်းသည် ၁၃–၁၄ ရာခိုင်နှုန်းသာဖြစ်သည်။ စုစုပေါင်းပြည်တွင်းထုတ်ကုန်ပမာဏ (ဂျီဒီပီ) သည် ဒေါ်လာ ၉၁ ဒသမ ၉ ဘီလီယံဖြစ်၍ ၁၉၉၂ ခုနှစ်၊ ပထမသုံးလအတွင်း ထုတ်လုပ်သော ပြည်တွင်းထုတ်ကုန်တန်ဖိုးပမာဏအောက် ၁၄ ရာခိုင်နှုန်း ကျဆင်းသည်ဟု နိုင်ငံတော်စီမံကိန်းကော်မရှင်က ပြောကြားသည်။

ကုန်ကြမ်းဈေးနှုန်းများတက်သဖြင့် ကုန်ပစ္စည်းဈေးများမှာ တက်လာသည်။ ကုန်ကြမ်းဈေးသည် ယခင်နှစ်ကထက် ၅၀ မှ ၇၀ ရာခိုင်နှုန်းအထိ တိုးမြင့်လာသည်။ ယင်းသို့ ကုန်ဈေးနှုန်းတက်သောကြောင့် အချို့သောဒေသများတွင် အဓိကရုဏ်းများဖြစ်ပွားခဲ့သည်။ ယင်းဆူပူမှုများသည် မြို့များသို့ကူးစက်လာမည်ကို စိုးရိမ်ရသည်ဟု ဆိုသည်။

ယင်းသို့ စိုးရိမ်ရသောကြောင့် တရုတ်ပြည်အလယ်ပိုင်းနှင့် အနောက်ပိုင်းပြည်နယ်များသို့ ဒေါ်လာငွေ ၈၇၁ သန်း ချေးငှားကူညီမည်ဟု ဇွန်လ ၂၅ ရက်နေ့ သတင်းအရ သိရှိရသည်။ တောရပ်နေလယ်သမားများမှာ တစ်နှစ်ပျှမ်းမျှဝင်ငွေ ၁၃၇ ဒေါ်လာဖြစ်သည်။ မြို့နေလူထု၏ ပျှမ်းမျှဝင်ငွေမှာ ၃၁၃ ဒေါ်လာဖြစ်သဖြင့် လူနေမှုအဆင့်ကွာခြားမှုကြီးမားသည်။ တရုတ်ပြည်သူ သန်း ၁၂၀၀၏ ရှစ်ဆယ်ရာခိုင်နှုန်းသည် လယ်သမားဖြစ်သည်။

**အခွင့်ထူးခံကုန်သွယ်ဖက်နိုင်ငံအဖြစ် ဆက်လက်ရရှိခြင်း** – တရုတ်နိုင်ငံက ကာလကြာမြင့်စွာ အကျဉ်းချထားသည့် သဘောထားကွဲလွဲသူထင်ရှားသည့်နိုင်ငံရေးအကျဉ်းသမားတစ်ဦးဖြစ်သော ဇူဝမ်လီအား မေ ၂၆ ရက်နေ့တွင် အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။ ၎င်းမှာ ထောင်ဒဏ် ၁၅ နှစ် စီရင်ချက်ချမှတ်ခံရရာ ၁၂ နှစ်ကျခံပြီးမှ လွှတ်မြောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းအား လွှတ်ပေးခြင်းမှာ တရုတ်နိုင်ငံအား အခွင့်ထူးခံကုန်သွယ်ဖက်နိုင်ငံအဖြစ် ဆက်လက်ထားရှိရေးကို သက်တမ်းတိုးမြှင့်ပေးရေးအတွက် အမေရိကန်အစိုးရက ဆုံးဖြတ်ခဲ့ခြင်းနှင့် ဆက်နွယ်မှုရှိသည်ဟု ဝေဖန်မှုများထွက်ပေါ်ခဲ့သည်။

မေလ ၂၈ ရက်နေ့တွင် အမေရိကန်သမ္မတကလင်တန်က တရုတ်နိုင်ငံအား အခွင့်ထူးခံကုန်သွယ်ဖက်နိုင်ငံအဖြစ် နောက်ထပ်သက်တမ်း တစ်နှစ်တိုးပေးရန် အမိန့်ကို ထုတ်ပြန်ခဲ့သည်။ သို့ရာတွင် နောက်နောင်သက်တမ်းတိုးပေးမှုများသည် လူ့အခွင့်အရေးများ၊ လက်နက်များထုတ်လုပ်ရေးနှင့်ကုန်သွယ်ရေးတို့အပေါ်တရုတ်နိုင်ငံ၏ သဘောထားတိုးတက်မှုများအပေါ် တည်မှီလိမ့်မည်ဟု သမ္မတကလင်တန်က သတိပေးပြောကြားခဲ့သည်။

**ပြည်ပအရောင်းအဝယ်** – တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၊ အနောက်ဥရောပနိုင်ငံများအပြင် ဂျပန်စသော အရှေ့နိုင်ငံများနှင့် ကုန်သွယ်ရောင်းဝယ်မှုပြုရာ၌ ဈေးကွက်ကျယ်၍ဝယ်အားကောင်းသော နိုင်ငံကြီးဖြစ်သည်ဟု အများက အသိအမှတ်ပြုကြသည်။

အမေရိကန်ပြည်ထောင်စု မော်တော်ယာဉ်ကုမ္ပဏီကြီးသုံး ခုမှ မော်တော်ယာဉ် အကြီးအသေး ၁၄,၄၄၇ စီး ကို ဩဂုတ်လအတွင်း ဝယ်ယူတင်သွင်းကာ ပြည်သူသို့ရောင်းချမည်ဟု ပြည်သူ့နေ့စဉ် အစိုးရသတင်းစာက ဇွန်လ ၃၀ ရက်နေ့က ရေးသားသည်။ တရုတ်အဝယ်တော်အဖွဲ့က ဧပြီလတွင် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ထိုမော်တော်ယာဉ်တို့၏တန်ဖိုးသည် ဒေါ်လာသန်း ၁၆၀ ဖြစ်သည်ဟု ဆိုသည်။

ပြည်သူ့တရုတ်အစိုးရသည် ၁၉၉၀ ပြည့်နှစ်တွင် ဆာအူဒီအာရေဗျနိုင်ငံနှင့် သံတမန်ဆက်သွယ်ခဲ့သည်။ ယင်းနိုင်ငံနှင့် ယခင်နှစ်က နှစ်နိုင်ငံကုန်သွယ်မှုသည် ဒေါ်လာ သန်း ၆၀၀ သို့ရောက်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင်လည်း ဤပမာဏထက် လျော့မည် မဟုတ်ဟု ဆိုသည်။ ၁၉၈၈ ခုနှစ်က တရုတ်ပြည်လုပ် (စီအက်စ်အက်စ် – ၂) တာလတ်ပြေး ဒုံးကျည်များကို ဆာအူဒီအာရေဗျက ဝယ်ယူခဲ့သည်။

တရုတ်နှင့် အာစီယံနိုင်ငံများ၏ ကုန်သွယ်ရောင်းဝယ်မှုအပြင် မြန်မာနိုင်ငံနှင့် ကုန်သွယ်ရောင်းဝယ်မှုတို့မှာလည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံနှင့်မူ ကုန်ချင်းလဲလှယ်သည့် ဘာတာစနစ်ကို အသုံးပြုလျက်ရှိသည်။ ဗီယက်နမ်နှင့် ကုန်သွယ်ရေးတွင် တရုတ်ကုန်ပစ္စည်းများ လိမ့်ဝင်လာသောကြောင့် ဗီယက်နမ်အစိုးရက အရေးထား စဉ်းစားလျက်ရှိသည်။

**သယံဇာတပစ္စည်းများ** – တရုတ်ပြည်ကြီးသည် သယံဇာတပေါကြွယ်ဝသော နိုင်ငံကြီးဖြစ်ပေသည်။ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအတွင်း တရုတ်ပြည်အရှေ့မြောက်ပိုင်း ရေနံတွင်းများမှ ရေနံထွက်ကုန်ပမာဏသည် တန် ၇၁ ဒသမ ၁၇ သန်းဖြစ်သည်ဟု တရုတ်အမျိုးသား ရေနံနှင့် ဓာတ်ငွေ့ ကော်ပိုရေးရှင်းက ဇူလိုင်လ ၁၀ ရက်နေ့တွင် ကြေညာသည်။ ယင်းခြောက်လအတွင်း ကမ်းလွန်ရေနံတွင်းများမှ ရေနံတန်ချိန် ၈၈ ဒသမ ၉၆ သန်းထွက်ပြီး ဓာတ်ငွေ့ ၂၆၆ဘီလီယံ ကုဗပေ ထွက်ရှိသည်။ ရေနံအချို့ကို

ထုတ်ရောင်းသကဲ့သို့ ပြည်ပမှ ရေနံအနည်းငယ်ကို ဝယ်ယူ တင်သွင်းရသေးသည်။

တောင်တရုတ်ပင်လယ်ရှိ စပရက်တလေကျွန်းတွင် အမေရိကန်ရေနံကုမ္ပဏီ တစ်ခုနှင့် တရုတ်အစိုးရတို့ ပူးတွဲ ရေနံတူးဖော်သည်ကို ဗီယက်နမ်က ၁၉၉၃ ခုနှစ် ပထမ နှစ်ဝက်အတွင်း နှစ်ကြိမ်ကန့်ကွက်ခဲ့သည်။ ယင်းရေနံ တူးသည့်စင်ကို ဂျပန်ပြိုဟ်တုမှ ဓာတ်ပုံရိုက်ယူ ဖော်ပြ ခဲ့သည်။

ထိုအတောအတွင်း တရုတ်ပြည်အနောက်ပိုင်း တာရင်မြစ် ချိုင့်ဝှမ်းလွင်ပြင်တွင် ရေနံရှာဖွေရေးအတွက် အစိုးရက ဖိတ်ကြားခေါ်ဆိုရာ ဒတ်ချ်၊ ဗြိတိန်၊ အီတလီ၊ အမေရိကန်၊ ဂျပန်နှင့် ဖိလစ်ပိုင်ရေနံကုမ္ပဏီများက ရှာဖွေ တူးဖော်ရန် ကြိုးပမ်းလျက်ရှိသည်ဟု ဆိုသည်။ တရုတ်ပြည် မြောက်ပိုင်း ဘင်ဟိုင်းပင်လယ်ကမ်းလွန်ရေနံတွင်းမှ ရေနံနှင့်ဓာတ်ငွေ့များကိုလည်း တူးဖော်ရရှိလျက်ရှိသည်။ ကလီယာအိုနင်ပြည်နယ် လီယာနိုဒေါင်ပင်လယ် ရေနံတွင်းမှ ရေနံများကို စက်တင်ဘာလ ၉ ရက်နေ့မှ စတင် ထုတ်ယူသည်။

**အိုလံပစ်ပွဲတော်ကျင်းပရေးလှုပ်ရှားမှု** – တရုတ်ပြည်သည် ကမ္ဘာ့အိုလံပစ်ပွဲတော် ကျင်းပခွင့်ရရှိရေးအတွက် အကြိတ် အနယ်လှုပ်ရှားခဲ့သည်။ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာ့အိုလံပစ်ပွဲတော် ကျင်းပမည့်နေရာ ရွေးချယ်ရေးတွင် ကျင်းပခွင့်ရရှိရေးအတွက် တရုတ်၊ ဗြိတိန်နှင့် သြစတြေးလျနိုင်ငံတို့က အကြိတ်အနယ် အပြိုင်အဆိုင် ကြိုးပမ်းခဲ့ကြသည်။ အစပထမတွင် တရုတ်ပြည်က ကျင်းပခွင့်ရမည့် အနေအထားသို့ပင် ရောက်ခဲ့သည်။ သို့ရာတွင် တရုတ်ပြည်၌ လူ့အခွင့်အရေးများ ချိုးဖောက်မှု ရှိနေသည်ဟု ဆိုကာ အိုလံပစ်ပွဲတော်ကျင်းပရန် ပီကင်းကို မရွေးချယ်သင့်ကြောင်းဖြင့် အမေရိကန်ကိုယ်စားလှယ်က ကန့်ကွက်ခဲ့သည်။ နောက်ဆုံးတွင် တရုတ်နိုင်ငံပီကင်းမြို့ နှင့် သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့နှစ်မြို့ကို အိုလံပစ်ပွဲတော် ကျင်းပခွင့်ရရှိရေးအတွက် ယှဉ်ပြိုင်ခဲ့ကြသည်။

နှစ်နိုင်ငံစလုံးက အိုလံပစ်ပွဲတော်အတွက် ပြင်ဆင် လျက်ရှိကြရာ ဆစ်ဒနီမြို့တွင် အိုလံပစ်ပွဲအတွက် အဆောက် အဦး ၇၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးနေပြီး တရုတ်နိုင်ငံ ဘက်ကလည်း ကြိုးစားပမ်းစား ဆောင်ရွက်လျက်ရှိသည်။ စက်တင်ဘာလ ၂၄ ရက်နေ့တွင် မွန်တီကာလိုမြို့၌ သက်ဆိုင်ရာ ကိုယ်စားလှယ်များက မဲပေးဆုံးဖြတ်ကြရာ ပီကင်းကို ထောက်ခံသူ ၄၃ ဦး၊ ဆစ်ဒနီကို ထောက်ခံသူ ၄၅ ဦးဖြင့် အိုလံပစ်အားကစားပွဲတော်ကို သြစတြေးလျ နိုင်ငံ ဆစ်ဒနီမြို့တွင် ကျင်းပရန်ရွေးချယ်လိုက်သည်။

**တိဗက်ဒေသတွင် မတည်ငြိမ်မှု** – ၁၉၉၃ ခုနှစ်၊ မေလ နှောင်းပိုင်းတွင် တရုတ်နိုင်ငံတိဗက်ဒေသတွင် မတည်ငြိမ် မှုများ ပေါ်ပေါက်ခဲ့သည်။ ယင်းဖြစ်ရပ်မှာ ၁၉၈၉ ခုနှစ်တွင် မာရှယ်လော ဥပဒေပြဋ္ဌာန်းခဲ့ပြီးနောက်ပိုင်း အဆိုးဝါးဆုံး ဖြစ်သည်။ မေလအလယ်တွင် တိဗက်ဒေသသို့ ဥရောပ နိုင်ငံများမှ သံတမန်များအဖွဲ့ လာရောက်လည်ပတ်ခဲ့ရာ တရုတ်အစိုးရနှင့် သဘောထားကွဲလွဲသူများက ဆန္ဒပြရန် ကြိုးပမ်းကြသည်။ ယင်းကိုတားမြစ်ရာမှ မငြိမ်မသက်မှု များ ဖြစ်ပွားလာခဲ့ခြင်းဖြစ်သည်။ ဆန္ဒပြရန်ကြိုးပမ်းသူများ ဖမ်းဆီးခြင်းခံရသည်။ တိဗက်ဒေသတွင် နိုင်ငံရေးနှင့် ဘာသာရေး ဖိနှိပ်မှုများရှိသည်ဟု အနောက်နိုင်ငံများက ဝေဖန်ခဲ့ရာ ယင်းကို ပျောက်ပျောင်းသွားစေရန်အတွက် အနောက်နိုင်ငံများမှ သံအမတ်များကို ယင်းဒေသသို့ သွားရောက်ခွင့်ကို တရုတ်အစိုးရက ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ယင်းအရေးနှင့် စပ်လျဉ်း၍ မေလ ၂၃ ရက်နှင့် ၂၄ ရက် နေ့များတွင် လဟာဆာမြို့၌ ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။ ပြည်ပတွင် ခိုလှုံလျက်ရှိသည့် တိဗက်ဘာသာရေး ခေါင်းဆောင် ဒလိုင်းလားမားကလည်း အမေရိကန် ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံများသို့ သွားရောက်ကာ တိဗက်ဒေသ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးအတွက် ထောက်ခံမှုရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ တရုတ်နိုင်ငံက ဟောင်ကောင်နှင့် ထိုင်ဝမ်တို့တွင် ကျင့်သုံး ရန်ပြင်ဆင်လျက်ရှိသည့် 'တစ်နိုင်ငံ စနစ်နှစ်ခု' ချဉ်းကပ် နည်းအပေါ် အခြေခံလျက် တိဗက်ဒေသ ကိုယ်ပိုင် အုပ်ချုပ်ရေး စေ့စပ်ညှိနှိုင်းမှုများအတွက် ဗြိတိန်၏ ထောက်ခံမှုရရှိရန် ဒလိုင်းလားမားက တိုက်တွန်းခဲ့သည်။ တရုတ်နိုင်ငံက ဒလိုင်းလားမား၏ လုပ်ဆောင်ချက်ကို လည်းကောင်း၊ ၎င်းနှင့် တွေ့ဆုံဆွေးနွေးရန်ကို လည်းကောင်း လက်မခံချေ။

## တူရကီနိုင်ငံ။

။ တူရကီနိုင်ငံတွင် ကာ့ဒ်လူမျိုး သူပုန်များက သီးခြားလွတ်လပ်သော ကာ့ဒ်နိုင်ငံ တည်ထောင်ခွင့်ရရေးအတွက် ပုန်ကန်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ ကိုးနှစ်တာ ကာလအတွင်း လူ ၅၅၀၀ ကျော်သေဆုံး ခဲ့ရပြီးဖြစ်သည်။ ပုန်ကန်မှုကို ၁၉၈၄ ခုနှစ်မှစ၍ ဆင်နွှဲနေသော ကာဒစ္စတန်အလုပ်သမားများ ပါတီ (ပီကေကေ) ၏ ခေါင်းဆောင် အဗ္ဗဒုလာ အော်ကလန်က အပစ်အခတ်ရပ်စဲ၍ တူရကီအစိုးရနှင့် တွေ့ ဆုံဆွေးနွေးရန် အသင့်ရှိကြောင်း ၁၉၉၃ ခုနှစ်၊ မတ်လ ၉ ရက်နေ့က ကြေညာခဲ့သည်။ ၎င်း၏ ငြိမ်းချမ်းရေး ကမ်းလှမ်းချက်ကို ထင်ရှားသော အီရတ်ကာ့ဒ်



တိုက်ပွဲဝင်နေသော တူရကီတပ်သားများ

ခေါင်းဆောင်တစ်ဦးဖြစ်သူ ဂျာလာလ်တာလာဘာနီမှ တစ်ဆင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

တာလာဘာနီက တူရကီဝန်ကြီးချုပ် ဆူလေမန်ဒီမီရယ်နှင့် သမ္မတ အိုဇယ်တို့ထံ ရေးသားပေးပို့သော စာထဲတွင် အော်ကလန်သည် တူရကီနိုင်ငံအရှေ့တောင်ပိုင်း၌ တိုက်ခိုက်နေမှုများကို အဆုံးသတ်၍ ကာ့ဒ်လူမျိုးများ၏ အခွင့်အရေးကို နိုင်ငံရေးနည်းဖြင့် အဖြေရှာရန် အသင့်ရှိကြောင်း ဖော်ပြထားသည်။ တူရကီတစ်နိုင်ငံလုံးရှိ ကာ့ဒ်လူမျိုး ၁၂ သန်း၏ထက်ဝက်သည် ပုန်ကန်တိုက်ခိုက်မှု ဖြစ်ပေါ်နေသော အရှေ့တောင်ပိုင်းဒေသ၌ နေထိုင်လျက် ရှိကြသည်။

မတ်လ ၁၆ ရက်နေ့တွင် ကာ့ဒ်သူပုန်ခေါင်းဆောင် အော်ကလန်က ၎င်း၏ တပ်ဖွဲ့များကို မတ်လ ၂၀ ရက်မှ ဧပြီလ ၁၅ ရက်အထိ ၂၅ ရက်ကြာ အပစ်အခတ်ရပ်စဲထားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ သို့ရာတွင် အင်အား ၁၀,၀၀၀ ခန့်ရှိသော သူ၏တပ်ကို အစိုးရနှင့် ငြိမ်းချမ်းရေးသဘောတူညီချက် မရမချင်းလက်နက်ဖြုတ်သိမ်းထားမည် မဟုတ်ကြောင်း သတိပေးပြောကြားခဲ့သည်။

သို့ရာတွင် တူရကီအစိုးရသည် ကာ့ဒ်သူပုန်အုပ်စုနှင့် စေ့စပ်ဆွေးနွေးရန် ငြင်းဆန်ခဲ့သဖြင့် ထို့နောက်ပိုင်းတွင် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။ မေလ ၃၁ ရက်နေ့တွင်ကာ့ဒ်သူပုန်တို့၏တိုက်ခိုက်မှုကြောင့် တူရကီစစ်သား ၃၃ ဦးနှင့် အရပ်သားနှစ်ဦးတို့သေဆုံးခဲ့ရသဖြင့် တူရကီအစိုးရတပ်များက တစ်ဖန် ကာ့ဒ်သူပုန်တို့ ပုန်းအောင်းနေသော အရှေ့ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသများကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ သူပုန် ၅၀ ခန့်သေဆုံးခဲ့သည်။ ဇူလိုင်လ ပထမပတ်အတွင်း ဖြစ်ပွားသော တိုက်ပွဲ၌မှု အစိုးရတပ်သား ၁၁ ဦးသေဆုံးခဲ့သည်။ ထိုအချိန်အထိ ကိုးနှစ်ကျော် ကာလအတွင်း သေဆုံးသူပေါင်း ၆၂၅၀ ဦးရှိခဲ့ပြီဖြစ်သည်။

ဤသို့ဖြင့် ဇူလိုင်လအတွင်း ကာ့ဒ်သူပုန်များနှင့် တူရကီ အစိုးရတပ်များအကြား ပြင်းထန်သောတိုက်ပွဲကြီးများ ဖြစ်ပွားခဲ့ရာ နှစ်လကျော်ကာလအတွင်း သေဆုံးသူဦးရေ ၇၃၇ ဦးထိဖြစ်လာခဲ့သည်။ ကာ့ဒ်သူပုန်တို့၏တိုက်ခိုက်ရေးနည်းဗျူဟာသည် နောက်ပိုင်း၌ ကမ္ဘာလှည့်ခရီးသည်တို့၏ အပန်းဖြေစခန်းများကို တိုက်ခိုက်ခြင်းနှင့် နိုင်ငံခြားသားများကို ပြန်ပေးဆွဲခြင်းအဖြစ်သို့ ပြောင်းလဲလာခဲ့သည်။ ဩဂုတ်လ စတုတ္ထပတ်တွင် ဆွစ်လူမျိုး သုံးဦး၊ အီတလီတစ်ဦး၊ ဂျာမန် နှစ်ဦးနှင့် နယူးဇီလန်နိုင်ငံသား တစ်ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းထားပြီးဖြစ်ကြောင်း သူပုန်များက ကြေညာခဲ့သည်။ တူရကီအစိုးရသည် ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းမှ ရရှိသောဝင်ငွေများကို လက်နက်များ ဝယ်ရန် အသုံးပြုလျက်ရှိကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

စက်တင်ဘာလ ၁၄ ရက်နေ့တွင်မှ ပြန်ပေးဆွဲထားသော အနောက်နိုင်ငံသားခုနစ်ဦးကို ကာ့ဒ်သူပုန်များက ပြန်လွှတ်ပေးခဲ့သည်။ သို့ရာတွင် အပြန်အလှန်တိုက်ခိုက်မှုများမှာ ဆက်လက်ဖြစ်ပေါ်ခဲ့ရာ စက်တင်ဘာလကုန်တွင် သေဆုံးသူဦးရေ စုစုပေါင်းသည် ၇၄၀၀ သို့ရောက်ရှိ

လာခဲ့သည်။ အောက်တိုဘာ ၂၂ ရက်နေ့တွင်ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားခဲ့ပြီး မြို့တော်အန်ကာရာမှ မိုင် ၄၂၀ ခန့် အကွာ အရှေ့တောင်ပိုင်းမြို့တစ်မြို့ဖြစ်သည့် လိုက်စ်မြို့ တိုက်ပွဲတွင် တူရကီအစိုးရတပ်မှ ဗိုလ်မှူးချုပ်တစ်ဦး ကျဆုံးခဲ့သည်။ ထို့နောက်လိုက်စ်မြို့တွင် ညမထွက်ရအမိန့် ထုတ်ပြန်ခဲ့ရသည်။ ကာ့ဒ်သူပုန်များနှင့်ဖြစ်ရသော စစ်ပွဲတွင် ကိုင်တွယ်ပုံမကျွမ်းကျင်ဟု ဝေဖန်ခံရမှုများ ဖြစ်ပေါ်ပြီးနောက် ပြည်ထဲရေးဝန်ကြီး မာမက်ဂါဇီယိုဂလူကို အောက်တိုဘာ ၂၄ ရက်နေ့တွင် ရာထူးမှ ဖယ်ရှားလိုက်သည်။ သို့ရာတွင် အစိုးရအဖွဲ့အတွင်း အပြောင်းအလဲများ ပြုလုပ်ရာတွင် ၎င်းကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်ခဲ့သည်။ ပြည်ထဲရေးဝန်ကြီးနေရာကို ပညာရေးဝန်ကြီး နာဟစ်မန်တက်ဆီအားလည်းကောင်း၊ ပညာရေးဝန်ကြီးနေရာကို ကာကွယ်ရေးဝန်ကြီး နက်ဗ်ဇတ်အာယတ်အားလည်းကောင်း၊ ၎င်း၏ ကာကွယ်ရေးဝန်ကြီးနေရာကို နိုင်ငံခြားရေး ဝန်ကြီး မာမက်ဂိုလန်အားလည်းကောင်း အသီးသီး ပြောင်းရွှေ့တာဝန်ပေးအပ်ခဲ့သည်။

နိုဝင်ဘာ ပထမအပတ်အတွင်း၌ ဥရောပနိုင်ငံများ ဖြစ်သော ဂျာမနီ၊ ဆွစ်ဇာလန်၊ သြစတြီးယား၊ ဗြိတိန်၊ ပြင်သစ်နှင့် ဒိန်းမတ်နိုင်ငံတို့ရှိ တူရကီကောင်စစ်ဝန်ရုံးများကို ကာ့ဒ်လူမျိုးများက တိုက်ခိုက်ခဲ့ကြသည်။ ထို့ပြင် ခရီးသွားဌာနများ၊ လေကြောင်းဌာနများ၊ ဘဏ်တိုက်များ၊ သတင်းစာတိုက်များကိုလည်း တိုက်ခိုက်ခဲ့ကြသည်။ နိုဝင်ဘာ ၁၉ ရက်နေ့တွင်မူ ကာ့ဒ်သူပုန်များသည် အမေရိကန်နိုင်ငံသားတစ်ဦးနှင့် နယူးဇီလန်နိုင်ငံသား တစ်ဦးတို့ကို ပြန်လွှတ်ပေးခဲ့သည်။

ကာ့ဒ်သူပုန်များနှင့် တိုက်ပွဲဖြစ်ပွားရာ ဒေသများသို့ လေ့လာရန် သွားရောက်ခဲ့ကြသော နိုင်ငံခြားသား ၁၂ယောက်ကို နိုဝင်ဘာလနောက်ဆုံးအပတ်က တူရကီ အာဏာပိုင်များက တစ်ညတာထိန်းသိမ်းပြီး ပြန်လွှတ် ပေးခဲ့သည်။ ၁၉၈၄ ခုနှစ်မှစ၍ ဖြစ်ပေါ်ခဲ့သော ကာ့ဒ်သီးခြားနိုင်ငံ ထူထောင်ရန် ခွဲထွက်ရေးသူပုန်များနှင့် အစိုးရတပ်များကြား တိုက်ခိုက်မှုများကြောင့် ၁၉၉၃ ခုနှစ် နိုဝင်ဘာလကုန်အထိ စာရင်းအရ လူပေါင်း ၁၀၀၀၀ ကျော် သေကျေပျက်စီးခဲ့ရပြီးဖြစ်သည်။

## ပြည်ပဆက်ဆံရေးနှင့် ကုန်သွယ်မှု

တူရကီနိုင်ငံသည် ရုရှနိုင်ငံနှင့်ဆက်ဆံရေးတွင်မူ တိုးတက်လာခဲ့သည်။ တစ်ချိန်က ပြိုင်ဘက်စစ်စာချုပ်အဖွဲ့နှစ်ခုတွင် အဖွဲ့ဝင်ဖြစ်ခဲ့ကြသောတူရကီနှင့် ရုရှတို့သည် မေလ ၁၁ ရက်နေ့တွင် စစ်ပညာနှင့် ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ကြသည်။ စာချုပ်ကိုတူရကီကာကွယ်ရေးဝန်ကြီး နက်ဗ်ဇတ်အာယတ်

**ကာ့ဒ်သူပုန်များကို လက်ဘနွန်နိုင်ငံတွင် သင်တန်းပေးနေစဉ်**



နှင့် ရုရှ ကာကွယ်ရေးဝန်ကြီး ပေဗယ်လ်ဂရာချက်ဗ်တို့ တူရကီနိုင်ငံ အန်ကာရာမြို့တော်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ရုရှကာကွယ်ရေးဝန်ကြီးသည်ငါးရက်ကြာချစ်ကြည်ရေးခရီးအတွက် မေလ ၁၀ ရက်နေ့တွင် တူရကီနိုင်ငံသို့ ရောက်ရှိခဲ့သည်။

ဇူလိုင်လ ၁၆ ရက်နေ့တွင် အိန္ဒိယနိုင်ငံသမ္မတ ရှန်ကာရှားမားသည် အန်ကာရာမြို့တော်သို့ လေးရက်ကြာချစ်ကြည်ရေးခရီးရောက်ရှိခဲ့ပြီး နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်မှုကိစ္စရပ်များ တိုးတက်ရေးအတွက် တူရကီသမ္မတ ဒီမီရယ်၊ ဝန်ကြီးချုပ် စီလာတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အိန္ဒိယနှင့် တူရကီတို့၏ ယမန်နှစ်က အပြန်အလှန်ကုန်သွယ်မှု ပမာဏမှာ ဒေါ်လာ ၁၄၂ သန်းရှိခဲ့သည်။

တူရကီနိုင်ငံသည် အီရတ်နိုင်ငံနှင့် ကုန်သွယ်မှုတွင်မူ တစ်နှစ်လျှင် ဒေါ်လာသန်းသုံးထောင်နစ်နာလျက်ရှိသည်။ ထိုသို့ဖြစ်ရသည့်အကြောင်းရင်းမှာ အီရတ်နိုင်ငံကို ကုလသမဂ္ဂက စီးပွားရေးပိတ်ဆို့မှုပြုလုပ်ခဲ့သည့်အတွက် တူရကီနိုင်ငံကိုဖြတ်၍ သွယ်တန်းထားသော ရေနံပိုက်လိုင်းများမှ ရေနံတင်ပို့မှုရပ်ဆိုင်းခဲ့ရခြင်းကြောင့်ဖြစ်သည်။ ၄င်းရေနံပိုက်လိုင်းများသည် အီရတ်နိုင်ငံ ကာကွတ်ရေနံမြေမှ တူရကီနိုင်ငံကိုဖြတ်၍ မြေထဲပင်လယ်ကမ်းခြေအထိ ဆက်သွယ်ထားပြီး နေ့စဉ်ရေနံစည်ပေါင်း တစ်သန်းခြောက်သိန်း ပေးပို့လျက်ရှိသည်။ တူရကီနိုင်ငံသည် ၁၉၉၁ ခုနှစ်က အီရတ်အပေါ် အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များက ဆင်နွှဲခဲ့သော ပင်လယ်ကွေ့စစ်ပွဲကို အပြည့်အဝ ထောက်ခံခဲ့သည်။ သို့သော် အီရတ်အပေါ် ယခုကဲ့သို့ စီးပွားရေးပိတ်ဆို့အရေးယူမှုသည် ထိရောက်မှုမရှိကြောင်း၊ ထို့ကြောင့် ၄င်းကိစ္စကို ပြန်လည်စဉ်းစားသင့်ကြောင်း အီရတ်ဝန်ကြီးချုပ်၏ နိုင်ငံခြားမူဝါဒအကြံပေးအရာရှိ ဖော်လ်ကန်ဗူရယ်လ်က ဩဂုတ်လက တိုက်တွန်းပြောကြား ခဲ့သည်။

## သမ္မတရွေးကောက်ပွဲ

တူရကီသမ္မတ တာဂွတ်အိုဇယ်သည် ဧပြီလ ၁၇ ရက်နေ့က နှလုံးရောဂါဖြင့်ကွယ်လွန်ခဲ့ရာ ၄င်း၏ သမ္မတနေရာ လစ်လပ်ခဲ့သည်။ တူရကီနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတ ရာထူးသည် နိုင်ငံ၏ အကြီးအကဲခေါင်းဆောင်အဖြစ် အဆောင်အယောင်ရာထူးမျှသာဖြစ်ပြီး စီမံခန့်ခွဲမှု အာဏာမှာ ဝန်ကြီးချုပ်၏

တူရကီ–အီရတ်နယ်စပ်မှ ကာဒ်စစ်ပြေးဒုက္ခသည်စခန်း၊ တစ်ခု





တူရကီသမ္မတသစ် ဒီမီရယ်



တူရကီမြို့တော် အစ္စတန်ဘူ၏ တစ်နေရာ

လက်ထဲ၌ရှိသည်။ သို့ရာတွင် ဝန်ကြီးချုပ်ဒီမီရယ်က လစ်လပ်နေသော သမ္မတရာထူးအတွက်ဝင်ရောက်ယှဉ်ပြိုင်မည်ဟု မေလ ၄ ရက်နေ့တွင်ကြေညာခဲ့သည်။ ဒီမီရယ်သည် "လမ်းမှန်ပါတီ" (True Path Party) ၏ ခေါင်းဆောင်ဖြစ်ပြီး လွန်ခဲ့သောနှစ် ၃၀ အတွင်း ဝန်ကြီးချုပ်ခုနစ်ကြိမ်ဖြစ်ခဲ့သည်။ ထိုအတွင်း ၁၉၇၁ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ်များတွင် အာဏာသိမ်းယူ ခြင်းလည်းခံခဲ့ရသည်။

ဒီမီရယ်၏ အာဏာရပါတီသည် နိုင်ငံအတွင်း ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်လာခြင်းနှင့် ဥပဒေချိုးဖောက်၍ ခြစားခြင်း၊ အခွင့်အရေးယူအမြတ်ထုတ်ခြင်းတို့ကြောင့် လူကြိုက်နည်းလာလျက်ရှိသည်။ ထို့ပြင်ရွေးကောက်ပွဲ ပြုလုပ်စဉ်က ပေးထားသောကတိများအတိုင်း မဆောင်ရွက်ဘဲ ကတိပျက်ခြင်းတို့ကြောင့် ပြည်သူလူထု၏ ထောက်ခံအားပေးမှုလျော့နည်းလျက်ရှိကြောင်းစစ်တမ်းကောက်ယူမှုများကဖော်ပြသည်။ ထို့ကြောင့် အတိုက်အခံ ပါတီများက ဒီမီရယ်သည် လာမည့် ပါလီမန် ရွေးကောက်ပွဲတွင် အရှုံးကြီးရှုံးမည်ကို သိက္ခာဆယ် ရှောင်တိမ်းသောအားဖြင့် သမ္မတနေရာ ဝင်ပြိုင်ခြင်းဖြစ်သည်ဟု စွပ်စွဲခဲ့ကြသည်။

ဤသို့ဖြင့် မေလ ၈ ရက်နေ့တွင် သမ္မတရွေးကောက်ပွဲ ပြုလုပ်ခဲ့ရာ မဲအရေအတွက်အားလုံး၏ သုံးပုံနှစ်ပုံဖြစ်သော မဲ ၃၀၀ကို မရရှိသဖြင့် ဒီမီရယ်ရှုံးနိမ့်ခဲ့သည်။ ၎င်းသည် မဲ၂၃၄ မဲရရှိခဲ့ပြီး အတိုက်အခံပါတီကြီးတစ်ခုဖြစ်သော အမိမြေပါတီ(Mother Land Party) မှ ကမ်ရန်အင်နန်က ၉၅မဲရရှိခဲ့သည်။ တစ်ကြိမ်တည်းဖြင့် လိုအပ်သောမဲမရရှိသဖြင့် သုံးကြိမ်တိုင်တိုင်ရွေးပြီး အများစုမဲအဖြစ် ၂၂၆ မဲရလျှင် အရွေးခံရမည်ဖြစ်သည်။ ဤသို့ဖြင့် ဒီမီရယ်သည် ဒုတိယအကြိမ်တွင်လည်း မအောင်မြင်ခဲ့ဘဲ မေလ ၁၆ ရက်နေ့တွင် ပြုလုပ်သော တတိယအကြိမ်တွင်မှ ၂၄၄မဲ ဖြင့် အရွေးခံခဲ့ရပြီး တူရကီနိုင်ငံ၏ နဝမမြောက်သမ္မတ ဖြစ်လာသည်။



သတင်းစာဆရာ၊
ဆရာ ဦးတင်ထွေး

**တင်ထွေး၊ ဦး** (သတင်းစာဆရာ၊ စာရေးဆရာ) (ခရစ် ၁၉၃၃–၁၉၉၃)။ ။သတင်းစာဆရာ၊ စာရေးဆရာ ဦးတင်ထွေးကို ဖခင် စာရင်းစစ် ဦးလှရှိန်နှင့် မိခင် ဒေါ်ဖွားမှိုတို့က ၁၉၃၃ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ပြင်ဦးလွင်မြို့၌ မွေးဖွားခဲ့သည်။ မွေးချင်း လေးယောက်တွင် အငယ်ဆုံးဖြစ်သည်။ မြန်တန်ဆာမြို့ အစိုးရအထက်တန်းကျောင်း၊ ရန်ကုန်နယ်လဆင် အလွတ်ပညာသင်ကျောင်းနှင့်ရန်ကုန်မြို့၊ မြို့မ အမျိုးသား၊ အမျိုးသမီး အထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့ပြီးနောက် ၁၉၅၅ ခုနှစ်တွင် ရန်ကုန်တိုင်းချစ် အလွတ်ပညာသင် ကျောင်းမှ ဆယ်တန်းအောင်မြင်ခဲ့သည်။ ရန်ကုန် တက္ကသိုလ်၌ ပညာဆက်လက်ဆည်းပူးခဲ့ပြီး ၁၉၅၇ ခုတွင် ဥပစာအထက်တန်းမှ ထွက်ခဲ့သည်။

တက္ကသိုလ်မှ ထွက်လာပြီးနောက် ရန်ကုန်မြို့ငွေစာရင်း မင်းကြီးရုံးတွင် ခေတ္တဝင်ရောက်လုပ်ကိုင်ခဲ့သေးသည်။ ထို့နောက် ၁၉၅၇ ခုနှစ်တွင်ပင် ကြေးမုံသတင်းစာတိုက်၌ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် သောကြာ စာစောင်အယ်ဒီတာအဖွဲ့၌ အယ်ဒီတာအဖွဲ့ဝင်တစ်ဦး အဖြစ် ဆောင်ရွက်ခဲ့သည်။ မန္တလေးမြို့၌ထုတ်ဝေသော မန်းခေတ်သတင်းစာတိုက်တွင်လည်း အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ကြေးမုံ သတင်းစာတိုက်၌အယ်ဒီတာအဖြစ် ဆက်လက်လုပ်ကိုင် ခဲ့သည်။

၁၉၇၂ ခုနှစ်တွင် ကြေးမုံသတင်းစာတိုက်မှ မြန်မာ့ အလင်းသတင်းစာတိုက်သို့ ပြောင်းရွှေ့ခဲ့ပြီး ဒုတိယ အယ်ဒီတာချုပ် အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၄ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာတိုက်မှ မန္တလေးမြို့ ဟံသာဝတီသတင်းစာတိုက်သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၈ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ သွားရောက်၍ အင်ဒီယားနားတက္ကသိုလ်၌ သတင်းစာပညာကို သင်ကြားခဲ့ သည်။

၁၉၈၀ ပြည့်နှစ်တွင် သတင်းနှင့် စာနယ်ဇင်းကော်ပိုရေးရှင်း ( ယခု သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း)၌ ဒုတိယ ညွှန်ကြားရေးမှူး(စီမံ) မှ ညွှန်ကြားရေးမှူး (စီမံ)အဆင့် အထိ တာဝန်ထမ်းဆောင်ခဲ့ရာ ယခုကွယ်လွန်ချိန် အထိဖြစ်သည်။

ဦးတင်ထွေးသည် သတင်းစာဆရာတစ်ဦးအဖြစ် ၁၉၆၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ၁၉၇၃ ခုနှစ်တွင် ကိုရီးယားသမ္မတ နိုင်ငံ၊ ၁၉၇၈ခုနှစ်တွင် အမေရိကန်နိုင်ငံ၊ ၁၉၈၈ခုနှစ်တွင် ဆွီဒင်နိုင်ငံ၊ ၁၉၉၀ပြည့်နှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သို့ လေ့လာရေးခရီးများသွားရောက်ခဲ့သည်။

စာရေးဆရာတစ်ဦးအဖြစ် ချိုတေးသံမဂ္ဂဇင်းတွင် 'မောင်တင်ထွေး' အမည်ဖြင့် စတင်ရေးသားခဲ့ပြီး ပုံနှိပ်ထုတ်ဝေပြီးစာအုပ်များမှာ (၁) မေလမှာခုနစ်ရက်(မြန်မာပြန်)၊ (၂)သွေးအေးအေး(မြန်မာပြန်)၊(၃)အမေရိကန် ကိုရုပ်ဆိုး (မြန်မာပြန်)၊ (၄)မီလံ ၁၈(မြန်မာပြန်)၊(၅)အိမ်နံပါတ် ၇၉ (မြန်မာပြန်)၊ (၆) မိုးနှင့်လေနှင့်မုန်တိုင်းနှင့် (မြန်မာပြန်)၊ (၇) အညှဲမခံစစ်၊ (၈) မပြီးသည့်မိုး၊ (၉) ရွှေပင်လယ် ဆီးပြီ လေ၊ (၁၀) စိတ်ချ (မြန်မာပြန်)၊ (၁၁) မာယာရှင်သုံးဦး (မြန်မာပြန်)၊ (၁၂) တော်လှန်ရေးသမား (မြန်မာပြန်)၊ (၁၃) ဘဝကြမ်း (မြန်မာပြန်)၊ (၁၄) ကနေဒီဘာကြောင့် အသတ်ခံရသလဲ၊ (၁၅) ကမ္ဘာကျော်ဆု (မြန်မာပြန်)၊ (၁၆)အပြည်ပြည်ဆိုင်ရာတော်လှန်ရေးများ၊ (၁၇)ကမ္ဘာကို ကိုင်လှုပ်သောထို၁၀ ရက်၊(၁၈)တရုတ်ပြည်ပေါ်မှကြယ်နီ (မြန်မာပြန်)၊ (၁၉) ဗမာ၊ (၂၀) ချစ်သူပျူငှာမပြသာ၊ (၂၁) မိုးမြင့်မြင့်ထွား၊ (၂၂) နလဗိန်းတုံးတို့ တိုင်းပြည် (မြန်မာပြန်)၊ (၂၃)ကိုးနာရီ(မြန်မာပြန်)၊(၂၄)လေဆိပ် (မြန်မာပြန်)၊ (၂၅) ဟန်မြစ်ပြောသည့် ချစ်ပုံပြင် စာအုပ်များ ဖြစ်သည်။

ထိုစာအုပ်များအနက် 'မိုးမြင့်မြင့်ထွား' စာအုပ်မှာ ပထမဦးဆုံးပင်ကိုရေး ဝတ္ထုစာအုပ်ဖြစ်ပြီး နောက်ဆုံး "ကျွန်တော်နှင့်ကြေးမုံ" ဟူသော ဝတ္ထုဟန် အတ္ထုပ္ပတ္တိ စာအုပ် ကို ရေးသားပြုစုနေစဉ် ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့၊ အလုပ်သမားဆေးရုံကြီး၌ ကွယ်လွန် ခဲ့သည်။ ဇနီးဒေါ်မေရီ (မြန်မာ့ရေလုပ်ငန်း) နှင့် သား နှစ်ယောက်ကျန်ရစ်သည်။

## ထင်ရှားသောကွယ်လွန်သူပုဂ္ဂိုလ်များ(၁၉၉၃)။ ။

ပြည်ထောင်စု မြန်မာနိုင်ငံ၌လည်းကောင်း၊ နိုင်ငံတကာ၌လည်းကောင်း၊ သာသနာတော်အကျိုး သယ်ပိုးထမ်းရွက်တော်မူရင်း ပျံလွန်တော်မူသွားကြသည့် ရဟန်းတော်များနှင့် နိုင်ငံရေး၊ လူမှုရေး၊ စာပေ၊ အနုပညာနှင့် သိပ္ပံနယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားခဲ့ပြီး ကွယ်လွန်သွားကြသည့် လူပုဂ္ဂိုလ်များရှိကြသည်။

### မြန်မာရဟန်းတော်များ

**ကေသရ၊ ဘဒ္ဒန္တ**
သက်တော် (၉၆) နှစ်၊ သိက္ခာတော် (၇၆) ဝါ၊
ရန်ကုန်မြို့လုံးဆိုင်ရာ သံအင်းဂူသာသနာပြုအဖွဲ့ (မိုယ်းကောင်း) ၏ ဩဝါဒါစရိယဆရာတော်၊
(၁၃၅၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၌ ပျံလွန်တော်မူသည်။)

**ခေမိန္ဒာဘိဝံသ၊ ဘဒ္ဒန္တ**
သာသနဓဇ သိရီပဝရ၊ ဓမ္မာစရိယ
သက်တော် (၇၄) နှစ်၊ သိက္ခာတော် (၅၄) ဝါ၊
သဃ်န်းကျွန်းမြို့နယ်၊ ကျိုက္ကဆံရွှေကျောင်တိုက်သစ် ပဓာန နာယက ဆရာတော်၊
(၁၃၅၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၃ ရက်၌ ပျံလွန်တော်မူသည်။)

**စန္ဒာလင်္ကာရ၊ ဘဒ္ဒန္တ**
သက်တော် (၉၁) နှစ်၊ သိက္ခာတော် (၆၉) ဝါ၊
မွန်ပြည်နယ်၊ ပေါင်မြို့မ၊ ကဒါရပ်ကွက်၊ ဒုနောက်သိမ်ကျောင်း ပဓာန နာယက၊ ပေါင်မြို့နယ်ဩဝါဒါစရိယ၊
(၁၃၃၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်၌ ပျံလွန်တော်မူသည်။)

**ဇဋိလ၊ ဘဒ္ဒန္တ**
သက်တော် (၈၁) နှစ်၊ သိက္ခာတော် (၆၁) ဝါ၊
ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်ငါးထပ်ကြီး မြန်အောင်ကျောင်းတိုက်၏ ပဓာန နာယက ဆရာတော်၊
(၁၃၃၅ ခုနှစ်၊ ပထမဝါဆို လဆန်း ၁ ရက်၌ ပျံလွန်တော်မူသည်။)

**နာဂသေနာဘိဝံသ၊ ဘဒ္ဒန္တ**
သက်တော် (၉၁) နှစ်၊ သိက္ခာတော် (၇၀) ဝါ၊
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊
နိုင်ငံတော်ဩဝါဒါစရိယ၊ မော်လမြိုင်မြို့ တောင်လေးလုံးကျောင်းတိုက်၊ ဦးစီးနာယကဆရာတော်၊
(၁၃၅၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်၌ ပျံလွန်တော်မူသည်)

**ပညာဝံသ၊ ဘဒ္ဒန္တ**
သက်တော် (၇၂) နှစ်၊ သိက္ခာတော် (၅၂) ဝါ၊
ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ အမှတ်(၂)၊ အုတ်ဖို ကျေးရွာ၊ စခန်းသာကွက်သစ်ကြီးကျောင်း၏ ပဓာန နာယကဆရာတော်၊ ပဲခူးတိုင်း၊ တိုင်း ဝန်ဆောင်ဆရာတော်၊
(၁၃၅၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်၌ ပျံလွန်တော်မူသည်)

**ပဏ္ဍိတ၊ ဘဒ္ဒန္တ**
အဂ္ဂမဟာပဏ္ဍိတ၊
သက်တော် (၆၄) နှစ်၊ သိက္ခာတော် (၄၄) ဝါ၊
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ သဃ်ရာဇာကျောင်းတိုက် ပဓာနဦးစီး နာယက ဆရာတော်၊
(၁၃၅၄ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်၌ ပျံလွန်တော်မူသည်။)

**ဝါယမိန္ဒာဘိဝံသ၊ ဘဒ္ဒန္တ**
အဂ္ဂမဟာပဏ္ဍိတ၊
သက်တော် (၈၅) နှစ်၊ သိက္ခာတော် (၆၅) ဝါ၊
နိုင်ငံတော်ဩဝါဒါစရိယ၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ နေနတ်သား စာသင်တိုက်ကြီး၏ ဦးစီးနာယက၊ ရွှေတိဂုံ စေတီတော် ဩဝါဒါစရိယ ဆရာတော်၊
(၁၃၅၄ ခုနှစ်၊ ပြာသိုလပြည့်၌ ပျံလွန်တော်မူသည်။)

**ဝိစိတ္တသာရာဘိဝံသ၊ ဘဒ္ဒန္တ**
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊
သက်တော်(၈၁)နှစ်၊ သိက္ခာတော် (၆၁) ဝါ၊
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ် မင်းကွန်း ဓမ္မနာဒကျောင်းတိုက်ဆရာတော်၊
(၁၃၅၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက်၌ ပျံလွန်တော်မူသည်။)

**အမတဇောတိ၊ ဘဒ္ဒန္တ**
သာသနာ့ဓဇ သိရီပဝရ၊ ဓမ္မာစရိယ၊
သက်တော် (၈၀)၊ သိက္ခာတော် (၆၀) ဝါ၊
နိုင်ငံတော်ဩဝါဒါစရိယ၊ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ၅/၆ ရပ်ကွက်၊ ရွှေဂုံတိုင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကချုပ်၊
(၁၃၅၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်၌ ပျံလွန်တော်မူသည်။)

အရိယဝံသ၊ ဘဒ္ဒန္တ
အဂ္ဂမဟာပဏ္ဍိတ၊
သက်တော် (၈၃)နှစ်၊ သိက္ခာတော် (၆၃) ဝါ၊
ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဟသ်ာတသုံးထပ်တိုက် ဆရာတော်၊
(၁၃၅၅ ခုနှစ်၊ နယုန်လကွယ်၌ ပျံလွန်တော်မူသည်။)

ဉာဏာစာရ၊ ဘဒ္ဒန္တ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊
သက်တော် (၉၇) နှစ်၊ သိက္ခာတော် (၇၇) ဝါ၊
နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏အဓိပတိ၊ ပဲခူးမြို့မ စာသင်တိုက်ကြီး၏ ပဓာနနာယက၊
(၁၃၅၅ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၌ ပျံလွန်တော်မူသည်။)

လူပုဂ္ဂိုလ်များ

ကိုကိုလေး၊ ဦး ( သိုဟန်)
(၅၇) နှစ်၊
စာတည်းမှူးချုပ်၊ သတင်းစာဆရာ၊ စာရေးဆရာ
(၅-၆-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

ကျော်ဝင်း၊ ဦး (အကယ်ဒမီ)
အသက် (၇၅) နှစ်၊
မြန်မာ့ရုပ်ရှင် အကယ်ဒမီ ပထမဆုံးရရှိသော ရုပ်ရှင်မင်းသားကြီး၊
( ၁၉-၂-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

ကြူရတနာ မောင်မြကြိုင်
အသက် (၅၀) နှစ်၊
စာပေဗိမာန်စာမူဆုများရရှိခဲ့သော စာရေးဆရာ
(၆-၆-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

ကြည်ကြည်ဝင်း၊ ဒေါ်
အသက် (၈၀) နှစ်၊
မဟာဂီတ မိခင်ကြီး၊ မြန်မာ့အသံဘုတ်လူကြီးအဖွဲ့ဝင်၊
( ၁-၇-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

ခင်ထွေး၊ ဒေါ်
အသက် (၃၈) နှစ်၊
မြန်မာ့လက်ရွေးစင် ဘော်လီဘော အားကစားသမားဟောင်း၊
(၃၀-၃-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

ခင်မောင်မောင်၊ ဦး
အသက်(၆၇) နှစ်၊
ဒုတိယဝန်ကြီး(အငြိမ်းစား)၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊
( ၂-၇-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

ချစ်ခိုင်၊ ဦး
အသက် (၇၂) နှစ်၊
ဇေယျကျော်ထင် သီရိပျံချီစည်သူ၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊ မော်ကွန်းဝင် ပထမဆင့်၊ ဒုတိယ ဗိုလ်မှူးကြီး (အငြိမ်းစား)၊
( ၁၈-၇-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

စိုးမြင့်၊ ဦး
အသက် (၇၈) နှစ်၊
ရဲဝန်ထောက် (အငြိမ်းစား)၊ လက်ဝှေ့ချန်ပီယန်၊
( ၉-၄-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

စိန်ဝင်း၊ ဦး
အသက် (၇၄) နှစ်
အငြိမ်းစားနိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်မှူးချုပ် (အငြိမ်းစား)၊
(၂၉-၆-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

ဇော်လွင်၊ ဦး
အသက် (၅၆) နှစ်၊
အကယ်ဒမီဆုရှင် နိုင်ငံကျော် ရုပ်ရှင်သရုပ်ဆောင်၊
(၂၃-၁၁-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

ညိုထွန်း၊ ဦး
အသက် (၈၀) နှစ်၊
နိုင်ငံ့ဂုဏ်ရည် ပထမဆင့်ရ အငြိမ်းစား သံအမတ်ကြီး၊
( ၄-၁၀-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

တင်ထွေး၊ ဦး
အသက် (၆၀) နှစ်၊
စာရေးဆရာ၊ သတင်းစာဆရာ၊
( ၂၆-၁၁-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

တင်အောင်၊ ဗိုလ်မှူးကြီး (အငြိမ်းစား)
အသက် (၇၀) နှစ်၊
နိုင်ငံ့ဂုဏ်ရည် ပထမဆင့်နှင့် လွတ်လပ်ရေး မော်ကွန်းဝင် ဒုတိယဆင့်ရ အငြိမ်းစား နိုင်ငံတော်ကောင်စီဝင်၊
(၈-၄-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

နီ၊ ဦး
အသက်(၈၃) နှစ်၊
နိပါတ်တော်ရေး ပန်းချီ ဆရာကြီး၊
( ၁၈-၁-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

**ပေါ်ဦးသက်၊ ဦး**
အသက် (၅၇) နှစ်၊
နိုင်ငံကျော် ပန်းချီ ဆရာ၊
(၁၃-၄-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

**ပွင့်ကောင်း၊ ဦး**
အသက် (၇၈) နှစ်၊
သိရိသုဓမ္မမဏိဇောတဓရဘွဲ့ရ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌ၊
( ၂၅-၉-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

**မိုလ်ကျော်ဆန်း (ဦး ကြည်ညွန့်)**
အသက် (၇၃) နှစ်၊
လွတ်လပ်ရေး မော်ကွန်းဝင် ဒုတိယဆင့်ရ၊ စာရေးဆရာ၊ ပြဇာတ်ဒါရိုက်တာနှင့် ယဉ်ကျေးမှုကဇာတ်ဌာန၊ အကြံပေး ပုဂ္ဂိုလ်၊ စာပေဗိမာန်စာမူဆုရှင်၊
(၂၁-၄-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

**မိုလ်တာရာ ( ရဲဘော် သုံးကျိပ်)**
အသက် (၇၅)နှစ်
နိုင်ငံ့ ဂုဏ်ရည် ပထမဆင့် နှင့် လွတ်လပ်ရေး မော်ကွန်းဝင် ပထမဆင့်ရ၊ စာပေဆုရှင် စာရေးဆရာနှင့် ရဲဘော်သုံးကျိပ်ဝင်၊ အငြိမ်းစား ဗိုလ်မှူး၊
(၆-၂- ၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

**ဘုးရယ်၊ ဦး (ဝဏ္ဏကျော်ထင်)**
အသက် (၈၄) နှစ်၊
ကယားပြည်နယ် ဦးစီးအဖွဲ့ဝင်နှင့် အငြိမ်းစား နိုင်ငံတော် ကောင်စီဝင်၊
(၁၂-၁-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

**မေမြ၊ ဒေါ်**
အသက် (၆၆) နှစ်၊
အဒေဝမ်းရုပ်ရှင် မင်းသမီးကြီး၊
(၂၀-၇-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

**မောင်ပြုံးပြင် (ကျုံပျော်)**
အသက် (၅၃) နှစ်၊
စာပေဗိမာန်စာမူဆုရ စာရေးဆရာ၊
(၁၃-၇-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

**မောင်မောင်သင်၊ ဒေါက်တာ**
အသက် (၇၃) နှစ်၊
တပ်မတော် ဆေးမှူး (အငြိမ်းစား)၊ ရုပ်ရှင်ဒါရိုက်တာနှင့် အကယ်ဒမီဆုရှင်၊ ရုပ်ရှင်မင်းသား၊ စာရေးဆရာ၊
(၁၇-၇-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

**မြရီ၊ ဒေါ်**
အသက် (၈၃) နှစ်၊
ဝန်ကြီးချုပ်ဟောင်း ဦးနု၏ ဇနီး၊
(၇-၂-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

**ရွှေမြ၊ ဦး (သရေစည်သူ)**
အသက် (၈၄) နှစ်၊
အိုင်၊ စီ၊ အက်စ် (အငြိမ်းစား)၊ နိုင်ငံတော်အတွင်းဝန်ချုပ် (အငြိမ်းစား)၊ အငြိမ်းစား အထူးအကြံပေးအရာရှိ၊ စီးပွားရေး ရာဌာနခွဲ၊ ကုလသမဂ္ဂဌာနချုပ်၊ သဘာပတိ ဂုဏ်ထူးဆောင် ပိဋကဘာသာပြန်၊ စာတည်းကော်မတီ၊
(၃၁-၇-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

**လက်ပံတန်း သန်းတင်**
အသက် (၅၁) နှစ်၊
နာမည်ကျော် တေးဆိုအနုပညာရှင်၊
(၂၈-၄-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

**လင်းယုန်သစ်လွင် (ဦးအေးမောင်)**
အသက် (၇၆) နှစ်၊
အမျိုးသား စာပေဆုရှင် စာရေး ဆရာကြီး၊
(၂၁-၈-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

**လှရွှေ၊ ဦး**
အသက် (၈၃) နှစ်၊
မန္တလေး တက္ကသိုလ် ပါမောက္ခချုပ် (အငြိမ်းစား)၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊
(၁၄-၇-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

**သိန်း၊ ဦး**
အသက် (၈၆) နှစ်၊
ဆိုင်း ဆရာကြီး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး နာယက၊
( ၁၉-၉-၉၃ ရက်နေ့၌ ကွယ်လွန်သည်။)

**အမ်ဖိုးချိန်၊ ဦး**
အသက် (၆၈) နှစ်၊
စာရေး ဆရာ၊ သတင်းစာ ဆရာ၊
(၁၆-၁၂-၉၂ ရက်နေ့၌ ကွယ်လွန်သည်။)

## နိုင်ငံတကာ

**ကေး, ဂျော့ (၉၂ နှစ်)**

လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်က ကမ္ဘာကျော်ပန်းချီဆရာကြီး ပီကာဆို၊ ဂျော့ဘရတ်တို့နှင့် အတူလန်ဒန်မြို့တွင် သုံးဦးတွဲပန်းချီပြပွဲပြုလုပ်ခဲ့ဖူးသော နာမည်ကျော် သီရိလင်္ကာနိုင်ငံသား ပန်းချီဆရာကြီး။

**ကာဒူရီ, လော့ဒ် (၉၄ နှစ်)**

ဟောင်ကောင်၏ အထင်ရှားဆုံးနှင့် ဩဇာတိက္ကမအရှိဆုံး စီးပွားရေးလုပ်ငန်းရှင်ကြီး၊ ဗြိတိသျှတို့ပေးအပ်သော လော့ဒ်ဘွဲ့ကိုဟောင်ကောင်မှ ပထမဆုံးရရှိခဲ့သောပုဂ္ဂိုလ်။

**ကန်, ဆမ်မီ (၇၉ နှစ်)**

အော်စကာဆုရ အမေရိကန်ဂီတစာဆိုကြီး၊ နှစ်ပေါင်းခြောက်ဆယ်ကျော်အတွင်း အမေရိကန်ဂန္ထဝင်သီချင်းများဖြစ်သော "မြင့်မားသော မျှော်လင့်ချက်များ"နှင့် "နှင်းကျပါစေ" စသည်တို့အပါအဝင် သီချင်းရာပေါင်းများစွာ ရေးသားခဲ့သူ။ နှလုံးရောဂါဖြင့် ဇန်နဝါရီလတွင် ကွယ်လွန်သည်။

**ဂိုး, ရော်နယ် (၉၅ နှစ်)**

ထင်ရှားသောဗြိတိသျှပြဇာတ်ရေးဆရာကြီး၊ ဧပြီလ ၂၇ ရက်နေ့ ကွယ်လွန်သည်။

**ဂိုးလ်ဒင်း, ဝီလီယံ (၈၁ နှစ်)**

၁၉၈၃ ခုနှစ်၊ စာပေနိုဗဲဆုရ ဗြိတိသျှစာရေးဆရာကြီး၊ နှလုံးရောဂါဖြင့် ဇွန်လတွင် ကွယ်လွန်သည်။

**ဂစ်ရှ်, လီလီယန် (၉၉ နှစ်)**

ထင်ရှားသော အသံတိတ်ရုပ်ရှင်ခေတ် အမေရိကန်မင်းသမီးကြီး။

**ဂျူနေဂျို, မိုဟမ္မက်ခန်း (၆၀ နှစ်)**

၁၉၈၅မှ ၁၉၈၈ ခုနှစ်အထိတာဝန်ထမ်းဆောင်ခဲ့သော ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း၊ စစ်အာဏာရှင် မိုဟမ္မက်ဇီယာအူဟတ်၏ရှစ်နှစ်တာ စစ်အုပ်ချုပ်ရေးအပြီး ပထမဆုံးရွေးချယ်တင်မြှောက်ခံရသောဝန်ကြီးအဖွဲ့ကို ဦးဆောင်ခဲ့သူ၊ နှလုံးရောဂါဖြင့် မတ်လတွင်ကွယ်လွန်ခဲ့သည်။

**စတာ့ခ်, ဒိမ်းဖရေယာ (၁၀၀ နှစ်)**

ဗြိတိသျှလူမျိုး ခရီးသွားစာရေးဆရာမကြီး၊ သူမအရင် ဥရောပနိုင်ငံသား အမျိုးသားများပင် ရောက်ရန်ခဲယဉ်းပြီး မည်သည့်ဥရောပသူမျှ မရောက်ဖူးခဲ့သေးသော အရှေ့အလယ်ပိုင်းဒေသနှင့် အာရှအတွင်းပိုင်းဒေသများသို့ ကုလားအုတ်၊ လား၊ မြင်း စသည်တို့စီး၍ဝင်ရောက်လေ့လာခဲ့သည်။ ခရီးသွားစာအုပ်ပေါင်း နှစ်ဒါဇင်ကျော် ရေးသားခဲ့သည်။ အီတလီနိုင်ငံ အဆိုလိုမြို့တွင် မေလအတွင်းက ကွယ်လွန်ခဲ့သည်။

**စတဂ္ဂနာ, ဝေါလေ့စ် (၈၄ နှစ်)**

၁၉၇၂ ခုနှစ်တွင် Angel of Repose ဝတ္ထုဖြင့် ပူလစ်ဇာဆုနှင့် ၁၉၇၇ ခုနှစ်တွင် The Spectator Bird စာအုပ်ဖြင့် အမျိုးသားစာအုပ်ဆုရရှိခဲ့သော နာမည်ကျော် အမေရိကန်စာရေးဆရာ၊ ယာဉ်တိုက်မှုမှရရှိသောဒဏ်ရာဖြင့် ဧပြီလ ၁၃ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**ဆာလစ္စဘာရီ, ဟာရီဆန် (၈၄ နှစ်)**

၁၉၅၁ ခုနှစ် ပူလစ်ဇာဆုရထင်ရှားသော အမေရိကန်သတင်းစာဆရာကြီး၊ နယူးယောက်တိုင်းသတင်းစာကြီး၏ အယ်ဒီတာဟောင်း၊ ဇူလိုင်လ ၅ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**ဆားလ်, ဂျွန် (၉၈ နှစ်)**

မိမိဘာသာ ကြိုးစားလေ့ကျင့်ရေးဆွဲရင်း ထင်ရှားကျော်ကြားလာခဲ့သော နာမည်ကျော် အမေရိကန်ပန်းချီဆရာကြီး၊ ဇွန်လ ၂၃ ရက်နေ့တွင် ကွယ်လွန်သည်။

**ဆန်း, ဘိုင်နေးရာဂျန် (၉၅ နှစ်)**

ကမ္ဘာတစ်ဝန်းငတ်မွတ်ခေါင်းပါးမှုဘေးကို အလွန်တက်ကြွစွာ ပါဝင်တိုက်ဖျက်ခဲ့သော ခေါင်းဆောင်ကစ်ဦး၊ ၁၉၅၆ ခုနှစ်တွင် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ကြီးတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် အရွေးချယ်ခံခဲ့ရပြီးနောက် ထိုအဖွဲ့ကြီးကို အရှိန်အဟုန်မြင့်စွာ တိုးတက်ကျယ်ပြန့်အောင် ဆောင်ရွက်ခဲ့သူ၊ ဇွန်လအတွင်းက ကွယ်လွန်ခဲ့သည်။

**တာတာ, ဂျေအာဒီ (၈၉ နှစ်)**

အိန္ဒိယနိုင်ငံ၏အကြီးမားဆုံး စက်မှုကုမ္ပဏီကြီးတစ်ခုဖြစ်သော တာတာကုမ္ပဏီကြီး၏ဥက္ကဋ္ဌဟောင်း၊ အိန္ဒိယလေကြောင်းကုမ္ပဏီကြီးကို စတင်တည်ထောင်ခဲ့သူ။



နိုဗဲဆုရ စာရေးဆရာကြီး
ဝီလီယံဂိုးလ်ဒင်း



ပိုလန် စန္ဒရားဆရာကြီး
ဟော်ဇိုးစကီး



အေအင်စီဥက္ကဋ္ဌဟောင်း
အိုလီဗာတမ်ဘို



နိုဗဲဆုရရူပဗေဒပညာရှင်ကြီး
ဝုဖ်ဂန်းပေါလ်



ရုပ်ရှင်မင်းသားကြီး ရေမွန်ဘား

ရုပ်ရှင်မင်းသမီးကြီး အော်ဒရေဟက်ဘန်း
(အောက်ဝဲပုံ)
အသက် ၉၉ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သော
အသံတိတ်ရုပ်ရှင်ခေတ် မင်းသမီးကြီး လီလီယန်
ဂစ်ရှ်၏ ပျိုရွယ်စဉ်ဘဝက ရုပ်ပုံ (အောက်ယာပုံ)





**တမ်ဘို, အိုလီဗာ (၇၅ နှစ်)**

အာဖရိကအမျိုးသားကွန်ဂရက် (အေအင်စီ)ကို တည်ထောင်ရာတွင် နယ်လ်ဆင်မန်ဒဲလားနှင့်အတူ ပါဝင်ခဲ့သော အာဖရိကနိုင်ငံရေးခေါင်းဆောင်၊ အေအင်စီ၏ ဥက္ကဋ္ဌဟောင်း၊ ဧပြီလ ၂၄ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**ဒမ်မင်, အက်ဒွပ် (၉၃ နှစ်)**

စက်မှုလုပ်ငန်းအရည်အသွေးမြှင့်တင်ရေးပညာရပ်တွင် အထူးကျွမ်းကျင်သော အမေရိကန်စက်မှုပညာရှင်ကြီး၊ စစ်ပြီးခေတ် ဂျပန်စီးပွားရေးလုပ်ငန်းတွင်လည်း ဦးဆောင်ဆရာကြီးတစ်ဦးအဖြစ် လေးစားသတ်မှတ်ခံရသူ။

**နော်မန်, လက်စလီ (၈၁ နှစ်)**

"The Cruel Sea" အပါအဝင်ဂန္ထဝင် ရုပ်ရှင်ကားကြီးများစွာ ထုတ်လုပ်ခဲ့သော ထင်ရှားသည့်ရုပ်ရှင်ကားထုတ်လုပ်သူ (ပရိုဂျူဆာ)၊ ဖေဖော်ဝါရီလတွင် ကွယ်လွန်ခဲ့သည်။

**နစ်ဆင်, ပက်ထရစ်ရှား (၈၁ နှစ်)**

အမေရိကန်သမ္မတဟောင်း ရစ်ချတ်နစ်ဆင်၏ဇနီး၊ ဇွန်လ ၂၃ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**ပလီဗန်, ရိနီ (၉၁ နှစ်)**

၁၉၅၀ ပြည့်လွန်နှစ်များက ပြင်သစ်နိုင်ငံဝန်ကြီးချုပ်အဖြစ် နှစ်ကြိမ်တာဝန်ထမ်းဆောင်ခဲ့သူ၊ ဇန်နဝါရီလတွင် ကွယ်လွန်ခဲ့သည်။

**ပါကား, ရစ်ချတ် (၈၇ နှစ်)**

အိဂျစ်ရှေးဟောင်းသုတေသနပညာရပ်တွင် အလွန်ထင်ရှားသော ကျွမ်းကျင်ပညာရှင် အငြိမ်းစားပါမောက္ခ၊ ဘရောင်းတက္ကသိုလ်တွင်အီဂျစ်ဗေဒပညာရပ်ဆိုင်ရာဌာန၏ ပထမဆုံးဥက္ကဋ္ဌအဖြစ် ၁၉၄၈ ခုနှစ်တွင် ထမ်းဆောင်ခဲ့သူ၊ အီဂျစ်ရှေးဟောင်းသမိုင်းဆိုင်ရာကျမ်းပေါင်းများစွာရေးသားပြုစုခဲ့သူ၊ ဇွန်လ ၃ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**ပါကင်ဆန်, နောသ်ကုတ် (၈၃ နှစ်)**

ထင်ရှားသောဗြိတိသျှသမိုင်းပညာရှင်၊ သရော်စာရေးဆရာနှင့် ကျမ်းပြုဆရာ၊ ၁၉၅၅ ခုနှစ်က သူရေးခဲ့သောဆောင်းပါးတစ်ပုဒ်မှ ကမ္ဘာကျော် ပါကင်ဆန်နိယာမအဖြစ် ပေါက်ဖွားခဲ့ပြီး အလွန်အရောင်းသွက်သောစာအုပ်အဖြစ် ထုတ်ဝေခဲ့ရသည်။ မတ်လ ၉ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**ပူလစ်ဇာ (အငယ်), ဂျိုးဆက်ဖ် (၈၀ နှစ်)**

ထင်ရှားသောသတင်းစာဆရာကြီး။ သတင်းစာတိုက်ကြီးသုံးခု၊ ရုပ်မြင်သံကြားအသံလွှင့်ရုံ ခုနစ်ခုနှင့် ရေဒီယိုအသံလွှင့်ရုံ နှစ်ခု ပိုင်ဆိုင်သော ပူလစ်ဇာပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းကြီး၏ဥက္ကဋ္ဌ၊ ကမ္ဘာကျော်ပူလစ်ဇာဆုနှစ်စဉ်ချီးမြှင့်သော ဘုတ်အဖွဲ့ကို စတင်တည်ထောင်ခဲ့သည့် ပူလစ်ဇာ၏မြေး၊ မေလ ၂၆ ရက်နေ့တွင် ကွယ်လွန်သည်။

**ပေါလ်, ဝုဖ်ဂန်း (၈၀ နှစ်)**

နိုဗဲဆုရ ဂျာမန်လူမျိုး ရူပဗေဒပညာရှင်ကြီး၊ အိုင်ယွန်များ၏ဂုဏ်သတ္တိကို တိကျစွာတိုင်းတာနိုင်ရန် အတွက် သက်တမ်းပိုမိုကြာရှည်စွာ ဖမ်းယူထားနိုင်သောလျှပ်စစ်သံလိုက်ကိရိယာတစ်ခုကိုတီထွင်ပြုလုပ်ခဲ့သည့်အတွက် ၁၉၈၉ ခုနှစ်၊ ရူပဗေဒနိုဗဲဆုရခဲ့သည်။ ဒီဇင်ဘာလတွင် ကွယ်လွန်ခဲ့သည်။

**ပစ်ဂနန်, အက်ဒဝပ် (၈၈ နှစ်)**

ထင်ရှားသော ပြင်သစ်ပန်းချီဆရာကြီး၊ ကမ္ဘာကျော်ပန်းချီဆရာကြီး ပီကာဆို၏မိတ်ဆွေတစ်ဦးဖြစ်ပြီး ခေတ်ပြိုင်ကျော်ကြားခဲ့သူ၊ မေလ ၁၄ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**ဗယ်ရီဂိုဗွိုင်, ပျဲ (၆၇ နှစ်)**

ပြင်သစ်ဝန်ကြီးချုပ်ဟောင်း၊ မေလ ၁ ရက်နေ့တွင် မိမိကိုယ်ကို သတ်သေခဲ့သည်။

**ဘာဂျာ, စီအယ်ဆူလ် (၈၀ နှစ်)**

အမေရိကန်ပြည်ထောင်စု နယူးယောက်တိုင်းမ်သတင်းစာတွင် နှစ်ပေါင်း ၄၀ နီးပါးရေးသားခဲ့ပြီး ပူလစ်ဇာဆုရခဲ့သည့် သတင်းစာဆရာကြီး၊ ပြင်သစ်နိုင်ငံ ပါရီမြို့နေအိမ်၌ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**ဘား, ရေမွန် (၇၆ နှစ်)**

ရှေ့နေကြီး ပယ်ရီမေဆင်အဖြစ် သရုပ်ဆောင်ခဲ့သော နာမည်ကျော်အမေရိကန်ရုပ်ရှင်မင်းသားကြီး၊ စက်တင်ဘာလအတွင်း၌ ကွယ်လွန်ခဲ့သည်။

**ဘားဂက်စ်, အန်ထနီ (၇၆ နှစ်)**

ဝတ္ထုကြီးပေါင်း ၅၀ ကျော် ရေးသားခဲ့သော နာမည်ကျော် ဗြိတိသျှစာရေးဆရာကြီး၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် လန်ဒန်မြို့၌ ကွယ်လွန်ခဲ့သည်။

**မာရေး, ဂျွန် (၈၃ နှစ်)**

ဗြိတိန်နိုင်ငံ၏သက်တမ်းအရှည်ဆုံး မျိုးရိုးစဉ်ဆက်ပိုင် ထင်ရှားသော ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းရှင်ကြီး၊ ဂျွန်မာရေး ဟူသောအမည်ဖြင့် ပထမဆုံးပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းကို ၁၇၆၈ ခုနှစ်တွင် စတင်ခဲ့သည်။ ပထမမြောက် ဂျွန်မာရေးမှ ဆင်းသက်လာသော ဆဋ္ဌမမြောက်ပုဂ္ဂိုလ်၊ ၎င်း၏ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းကြီးသည်ကမ္ဘာကျော်စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်း၏ “ ရှားလော့ဟုမ်း၏အမှုတွဲ”စာမူကြီးကို ၁၉၂၇ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ဆဋ္ဌမမြောက် ဂျွန်မာရေးသည် ဇူလိုင်လ ၂၂ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**မာရှယ်, သာဂွတ် (၈၄ နှစ်)**

အမေရိကန်နိုင်ငံ တရားလွှတ်တော်ချုပ်တွင် ၂၁ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် ပထမဆုံး လူမည်းတရားသူကြီး၊ ထင်ရှားသော လူ့အခွင့်အရေးတိုက်ပွဲဝင် ခေါင်းဆောင်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**မိုရီ, တာအိကီချီရို (၈၈ နှစ်)**

တစ်ဦးချင်းပိုင်ဆိုင်မှုတွင် ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်အဖြစ် ထင်ရှားသူ၊ ဂျပန်လူမျိုးသူဌေးကြီး၊ ၎င်း၏ပိုင်ဆိုင်မှု အရပ်ရပ်မှာ ခန့်မှန်းခြေ ဒေါ်လာ ၁၃ ဘီလီယံ (သန်းပေါင်း ၁၃,၀၀၀) ရှိပြီး တိုကျိုမြို့တော်ရှိ မိုးထိတိုက်ကြီး ၈၀ ကျော်ကို ပိုင်ဆိုင်သော မိုရီအဆောက်အအုံကုမ္ပဏီလီမိတက်ကို ဦးဆောင်တည်ထောင်ခဲ့သူ၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ကွယ်လွန်သည်။

**မိုး, ဘော်ဘီ (၅၁ နှစ်)**

အင်္ဂလန်ဘောလုံးအသင်းမှ ကမ္ဘာကျော်ဘောလုံးသမား၊ ခေါင်းအေးအေးဖြင့်ကစားတတ်ပြီး ကမ္ဘာ့အတော်ဆုံး နောက်တန်းကစားသူတစ်ဦးအဖြစ် သတ်မှတ်ခံရသူ၊ ၁၉၆၆ ခုနှစ်တွင် အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ် ကစားခဲ့စဉ်က ကမ္ဘာ့ဖလားချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူ၊ လန်ဒန်မြို့တွင် မတ်လအတွင်းက ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

**မန်နက်ဆီယာ, အဲလ်ဖရက် (၈၁ နှစ်)**

ပြင်သစ်နိုင်ငံ၏ အကျော်ကြားဆုံး စိတ္တဇပန်းချီ (ဒြပ်မဲ့ ပန်းချီ) ဆရာကြီးများအနက်တစ်ဦးအပါအဝင်ဖြစ်သူ၊ ဒြပ်မဲ့ ပန်းချီခေတ်ထိပ်တန်းရောက်ခဲ့သော ၁၉၅၀ ပြည့်လွန်နှစ်များအတွင်းက သူ၏လက်ရာများသည် လွန်စွာထင်ရှားလှသိမ့်ခဲ့သည်။ ဩဂုတ်လ ၁ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**ရေးနွား, ကလော်ဒီ (၇၉ နှစ်)**

ထင်ရှားသော ပြင်သစ်ရုပ်ရှင်ဓာတ်ပုံဆရာ၊ စက်တင်ဘာလတွင် ကွယ်လွန်ခဲ့သည်။

**ရှီဆီမော့ဓ်, အန်ဒရေ (၄၆ နှစ်)**

နာမည်ကျော် ဆုကြေးစားနပန်းသမားနှင့် ရုပ်ရှင်သရုပ်ဆောင်၊ အရပ် ၇ ပေ၊ ၄ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၅၂၀ ရှိပြီးလူဘီလူးကြီး အန်ဒရေဟုထင်ရှားသူ၊ ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**ရှာရာ, ဝီလီယမ် အယ်လ် (၈၉ နှစ်)**

ထင်ရှားသောအမေရိကန် သတင်းစာဆရာကြီး၊ ဘော်စတွန်မြို့တွင် ဒီဇင်ဘာလ ၂၈ ရက်နေ့က ကွယ်လွန်ခဲ့သည်။

**ဝါနာမေကာ, ဆမ် (၇၄ နှစ်)**

ထင်ရှားသောအမေရိကန် ရုပ်ရှင်မင်းသားနှင့် ဒါရိုက်တာကြီး၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**ဝေးလား, ပေါလ်လူးဝစ် (၁၀၀ နှစ်)**

ပထမကမ္ဘာစစ်တွင်ပါဝင်ဆင်နွှဲခဲ့သော ပြင်သစ်နိုင်ငံမှ လေသူရဲများအနက် နောက်ဆုံးကျန်ရစ်သူ၊ ပြင်သစ်နိုင်ငံ မြောက်ပိုင်းနှင့် အရှေ့ပိုင်း ဝေဟင်တိုက်ပွဲများတွင် ငါးကြိမ်တိုင်တိုင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး မသေဘဲလွတ်မြောက်ခဲ့သူ၊ အသက် ၉၇ နှစ်အရွယ်၌ပင် ရေလွှာလျှောစီးကစားလေ့ရှိခဲ့သူ၊ မိမိပိုင်ဥစ္စာပစ္စည်းများကို အနုပညာရှင်များအား ပေးကမ်းထောက်ပံ့ရန်နှင့် ရှေးဟောင်းဗိသုကာအမွေအနှစ်များထိန်းသိမ်းရေးတွင် သုံးစွဲလေ့ရှိခဲ့သူ၊ ဒီဇင်ဘာလတွင် ကွယ်လွန်ခဲ့သည်။

**ဝမ်ကျင် (၈၅ နှစ်)**

တရုတ်ဒုတိယသမ္မတ၊ ကွမ်ချိုပြည်နယ်တွင် မတ်လ ၁၂ ရက်နေ့က ကွယ်လွန်ခဲ့သည်။

**ဟေယက်စ်, ဟယ်လင်း (၉၂ နှစ်)**

အော်စကာဆုရ နာမည်ကျော် အမေရိကန်ရုပ်ရှင်မင်းသမီးကြီး၊ မတ်လအတွင်းက ကွယ်လွန်ခဲ့သည်။

**ဟော်ဖိုးစကီး, မိဇစ်စလော (၁၀၀နှစ်)**

ပိုလန်လူမျိုး ထင်ရှားသော စန္ဒရားဆရာကြီး၊ ငါးနှစ်သားအရွယ်ကပင် ကမ္ဘာကျော်ဂီတပညာရှင်ကြီး ဘက်ချ်၏ တေးသွားများကို တီးနိုင်ခဲ့သူ၊ မေလအတွင်းက ကွယ်လွန်ခဲ့သည်။

**ဟက်ဘန်း, အော်ဒရေ (၆၃ နှစ်)**

"Roman Holiday" နှင့် "My Fair Lady" စသော နာမည်ကျော်ရုပ်ရှင်ကားများတွင် သရုပ်ဆောင်ခဲ့သော ထင်ရှားသော ကမ္ဘာကျော်ရုပ်ရှင်မင်းသမီးကြီး၊ ရုပ်ရှင်လောကမှ အနားယူပြီးနောက် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ကြီး (ယူနီဆက်) တွင် စေတနာ့ဝန်ထမ်း၊ အကျိုးဆောင်သံအမတ်ကြီးအဖြစ် ကမ္ဘာအနှံ့လှည့်လည်၍ ဆောင်ရွက်နေခဲ့သူ၊ မိမိကလေးဘဝ ဟော်လန်နိုင်ငံတွင် ဒုတိယကမ္ဘာစစ်ကာလ နောက်ဆုံးဆောင်းရာသီ၌ အစားရေစာငတ်ပြတ်၍ အတိဒုက္ခရောက်ခဲ့စဉ် ယူနီဆက်အဖွဲ့ကြီး၏ ကူညီထောက်ပံ့မှုကိုခံယူခဲ့ရသူ၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာရေကန်ကြီးအနီးနေအိမ်၌ ကွယ်လွန်ခဲ့သည်။

**အိဘူဆေ (၉၅ နှစ်)**

ထင်ရှားသော ဂျပန်စာရေးဆရာကြီး၊ ဝတ္ထုတိုနှင့် ဝတ္ထုရှည်များစွာ ရေးခဲ့သည်။ ၁၉၆၆ ခုနှစ်တွင်ထုတ်ဝေခဲ့သော "ကူရိအိအမေ" (တိမ်နက်)အမည်ရှိ ဝတ္ထုကြီးသည် ထူးခြားသောလက်ရာဖြစ်ခဲ့သည်။ ၎င်းသည် ဟီရိုရှီးမားမြို့ကို အနုမြူဗုံးကြဲချခံရသည့် ဖြစ်ရပ်ကိုဇာတ်အိမ်ဖွဲ့ထားခြင်းဖြစ်သည်။

**အဲလ်မာကေလိုစ် (၈၃ နှစ်)**

"လမ်းမကြီးပေါ်မှ ဆိုင်တစ်ဆိုင်" အမည်ရှိ ချက်ရုပ်ရှင်ကားဖြင့် အမေရိကန်ရုပ်ရှင်အော်စကာဆုရရှိခဲ့သူ ချက်လူမျိုး ဒါရိုက်တာကြီး၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**အိုကီတာ, ဆာဘူရို (၇၈ နှစ်)**

၁၉၇၉–၈၀ ခုနှစ်တွင်တာဝန်ထမ်းဆောင်ခဲ့သော ဂျပန်နိုင်ငံခြားရေးဝန်ကြီးဟောင်း၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**အိုဇယ်, တာဂွတ် (၆၅ နှစ်)**

တူရကီနိုင်ငံသမ္မတ၊ နှလုံးရောဂါဖြင့် ဧပြီလ ၁၄ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**ထိုင်းနိုင်ငံ။** ။လွတ်လပ်သော စီးပွားရေး ဈေးကွက်စနစ်အပေါ် အခြေခံသောကျယ်ပြန့်သည့်ကုန်သွယ်ရေးကို ထိုင်းအစိုးရသစ်က ချမှတ်ဆောင်ရွက်၍ငွေကြေးနှင့် ငွေရင်းဈေးကွက်ပေါ်တွင် ထိန်းချုပ်မှုကို လျှော့ပေးမည်ဖြစ်ကြောင်း ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့က ကျင်းပသောပါလီမန်လွှတ်တော်တွင် ဝန်ကြီးချုပ် ချွန်လိပိုင်က ပြောကြားခဲ့သည်။ စီးပွားရေး စက်ယန္တရားကို အသုံးပြုခြင်းနှင့် မှုပိုင်နှင့်မသင့်လျော်သော ပြိုင်ဆိုင်မှုများကို ရှောင်ရှားခြင်းဖြင့် အချုပ်အချယ်မဲ့ စီးပွားရေးဝါဒကို အစိုးရကချမှတ်ကျင့်သုံးမည်ဖြစ်ကြောင်း သူ၏ ပထမဆုံးဝါဒရေးရာ ကြေညာချက်၌ ချွမ်လိပိုင်က ဖော်ပြထားသည်။ အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာစီယံ) အဖွဲ့ဝင်နိုင်ငံ များ အကြား၌ လွတ်လပ်သော ကုန်သွယ်ရေးဒေသ ထူထောင်ရန် ယခင်ဝန်ကြီးချုပ် အာနန်ပန်ယာချွန် စတင်ခဲ့သော စီမံကိန်းကို အစိုးရသစ်က ဆက်လက်ကျင့်သုံးမည်ဖြစ်သည်။ ငွေကြေးဖောင်းပွမှုကျဆင်းအောင် ထိန်းချုပ်ခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကပိုင်းငွေကြေး သုံးစွဲမှုတွင် ဂရုစိုက်ခြင်းတို့ဖြင့် ငွေကြေးနှင့် နိုင်ငံဘတ်ဂျက် စနစ်တွင် စည်းစနစ်နှင့်တည်ငြိမ်မှုရှိအောင် ညွှန့်ပေါင်းအစိုးရသစ်က ဆောင်ရွက်သည်။

လယ်ယာစိုက်ပျိုးရေးတွင် အလုပ်လုပ်နေသူများ၏ ဆင်းရဲမှုပပျောက်ရေးမှာ လောလောဆယ်ဆောင်ရွက်ရမည့် အလုပ်ဖြစ်ကြောင်း၊ အစိုးရကသဘောပေါက်ကြောင်း၊ သုတေသနဘက်တွင် ငွေပိုမိုသုံးစွဲခြင်းဖြင့် လယ်ယာ ထွက်ကုန်တိုးတက်အောင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မလိုအပ်သော ထိန်းချုပ်မှုများကို လျှော့ပေါ့ခြင်း၊ နည်းဥပဒေများကိုပြုပြင်ခြင်းနှင့် ငွေကြေးစနစ်၌ အကျိုးဖြစ်ထွန်းခြင်းနှင့်လိုတိုးပိုလျှော့ပြုလုပ်မှုကိုတိုးတက်စေရန် ကန့်သတ်ချက်အချို့ကိုပယ်ဖျက်ခြင်းအားဖြင့် နည်းစနစ်နှင့် အရည်အသွေးကောင်းမွန်မည့် ကျယ်ပြန့်လွတ်လပ်သော ငွေကြေးစနစ်ကို တိုးတက်အောင်




အိမ်နီးချင်းလာအိုနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုကိုဖော်ညွှန်းနေသည့် နှစ်နိုင်ငံကြားမြစ်ကူးတံတား

ဆောင်ရွက်မည် ဖြစ်ကြောင်း၊ စသည်ဖြင့် ဝန်ကြီးချုပ် ချွမ်လိပိုင်က ပြောကြားခဲ့သည်။

၁၉၉၂ ခုနှစ်၊ မေလတွင်ဖြစ်ပေါ်ခဲ့သော နိုင်ငံရေးအကြမ်းဖက်မှု၌ ပါဝင်ခဲ့သူများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းကို အောက်တိုဘာလအတွင်း၌ပါလီမန်ကပယ်ချခဲ့သော်လည်း အတည်ဖြစ်ဆဲရှိသည်ဟု အစိုးရခုံရုံးအဖွဲ့က နိုဝင်ဘာလ ၉ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတရားခုံရုံးက ဆုံးဖြတ်ချက်မှာ နောက်ဆုံးအတည်ဖြစ်၍ ရာဇဝတ်မှု သို့မဟုတ် တရားမမှုများကို အကြမ်းဖက်သူနှင့် မရောနိုင်ဟုဆိုလိုသည်။ လွတ်ငြိမ်းချမ်းသာခွင့်ကို အဖွဲ့ဝင် ၁၀ ဦးပါဝင်သော အထူးခုံရုံးက ထောက်ခံမဲ ၆ မဲ ကန့်ကွက်မဲ ၂ မဲ ဖြင့်အတည်ပြုခဲ့ကြောင်း အဖွဲ့ဝင်နှစ်ဦးက မဲပေးရန် ပျက်ကွက်ကြောင်း ခုံရုံးအဖွဲ့ဥက္ကဋ္ဌက သတင်းထောက်များအား ပြောကြားသည်။

ကမ္ဘောဒီးယား ပြောက်ကျား အုပ်စုအား စီးပွားရေးပိတ်ဆို့ခြင်းကို ကုလသမဂ္ဂအဖွဲ့ကြီးက ပြဋ္ဌာန်းလျှင် ရင်းနှီးမြှုပ်နှံထားသော ဘတ်ငွေ ၁၀ ဘီလီယံ (ဒေါ်လာသန်း ၄၀၀) မိမိတို့ ဆုံးရှုံးလိမ့်မည်ဟု ခမာနီတို့နှင့် ကုန်သွယ်နေသော ထိုင်းကုန်သည်များကနိုင်ငံခြားရေးဝန်ကြီးအား နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ပြောကြားခဲ့သည်။ ထိုင်းကမ္ဘောဒီးယားနယ်စပ်တောင်ပိုင်း၌ ခမာနီတို့နှင့် သစ်နှင့်ကျောက်မျက်ရတနာများ ရောင်းဝယ်မှုပြုနေသော ထိုင်းကုန်သည်များနှင့် ဘန်ကောက်မြို့တွင် နိုင်ငံခြားရေးဝန်ကြီး ပရာဆောင်ဆွန်သိရိက အစည်းအဝေးကျင်းပခဲ့သည်။ ကုန်သည်များအား နိုင်ငံခြားရေးဝန်ကြီးဌာနက အတတ်နိုင်ဆုံးကူညီမည်၊ သို့ရာတွင် ထိုင်းနိုင်ငံက ကုလသမဂ္ဂ ဆုံးဖြတ်ချက်ကို လိုက်နာရမည်ဟု နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။ ကမ္ဘောဒီးယား၌ ဗီယက်နမ်တင်မြှောက်ထားသော အစိုးရနှင့် ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလတွင် ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို ကွန်မြူနစ်ခမာနီက လက်မှတ်ရေးထိုးခဲ့သည်။ သို့ရာတွင် လက်နက်ချရန်နှင့် ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု မစ်ရှင်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆိုခဲ့သည်။ ( စွယ်စုံနှစ်ချုပ် ၁၉၉၃– စာ၊ ၁၆၇– ရှု)

ခမာနီများအား စီးပွားရေးပိတ်ဆို့မှု မပြုလုပ်မီ ရနိုင်သမျှသစ်များရရှိရန် နောက်ဆုံးကြိုးပမ်းချက်အနေဖြင့် ထိုင်း၊ ကမ္ဘောဒီးယားနယ်စပ်တွင် သစ်လုံးများတင်ထားသော ကုန်တင်ကားများ ၁၉၉၃ ခုနှစ် ၊ ဇန်နဝါရီလ ၁ ရက်နေ့ညတွင် လှုပ်ရှားနေခဲ့ကြသည်။ ကုလသမဂ္ဂ ဆုံးဖြတ်ချက်အရ ခမာနီသိမ်းပိုက်ထားသော ဒေသများမှ သစ်များတင်ပို့ခြင်းနှင့် ယင်းဒေသများသို့ လောင်စာဆီများ ထောက်ပံ့ခြင်းကို ပိတ်ဆို့မည်ဖြစ်သည်။ (ကမ္ဘောဒီးယားနိုင်ငံ– ရှု)

ခမာနီပြောက်ကျား လှုပ်ရှားမှုများကို ထိုင်းနှင့် ကမ္ဘောဒီးယား နယ်စပ်တစ်လျှောက်၌ လေကြောင်းမှ



**ထိုင်း–ကမ္ဘောဒီးယား လမ်းသစ်တစ်နေရာ**

ပျံသန်းထောက်လှမ်းလေ့လာစောင့်ကြည့်ရေးအတွက် အမေရိကန် ပြည်ထောင်စုအား ခွင့်ပြုရေးကို ထိုင်းနိုင်ငံက ငြင်းဆိုထားခဲ့သည်။ ခမာနီ ပြောက်ကျား အခြေစိုက်စခန်းများမှာ နှစ်နိုင်ငံနယ်စပ်တွင် တည်ရှိသည်။ ခမာနီတို့အား ထောက်ခံအားပေးသော နိုင်ငံများတွင် ထိုင်းနိုင်ငံလည်း အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ထိုင်းနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၏ ရင်းနှီးသော မဟာမိတ်ဖြစ်သော်လည်း အမေရိကန်ပြည်ထောင်စုက ကမ္ဘောဒီးယားအရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ အနာဂတ် ကမ္ဘောဒီးယားအစိုးရအဖွဲ့တွင် ခမာနီတို့ ပါဝင်ခွင့်ကို ဆန့်ကျင်ခဲ့ခြင်းတို့ကြောင့် အမေရိကန်ပြည်ထောင်စုအား ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

အာရှတိုက်၏ တိုးတက်လာသော စီးပွားရေးတွင် ဘာရာဇီးလ်နိုင်ငံပါဝင်လာရန်ရည်ရွယ်၍ အသက် ၄၁ နှစ်အရွယ်ရှိ ထိုင်းအိမ်ရှေ့မင်းသားသည် ဘာရာဇီးလ်အစိုးရ၏ ဖိတ်ကြားချက်အရ ၁၉၉၃ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ဘာရာဇီးလ်နိုင်ငံသို့ ရောက်ရှိခဲ့သည်။ ဘန်ကောက်မြို့၌ နှစ်သစ်ပွဲကျင်းပရန် နန်းတော်သို့ဖိတ်ကြားထားသော သတင်းထောက်များနှင့် ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့က တွေ့ဆုံရာ၌ ထိုင်းအိမ်ရှေ့မင်းသားက တရားမဝင်လုပ်ငန်း များနှင့် သူပါဝင်ပတ်သက်နေသည်ဟူသော ကောလာဟလသတင်းများကို ငြင်းဆိုခဲ့သည်။ ပုဂ္ဂလိကလုပ်ငန်းများ၌ ပါဝင်ပါသလားဟု သတင်းထောက်တစ်ဦးက မေးမြန်းရာ အလွန်ကောင်းသောမေးခွန်းဖြစ်ကြောင်း၊ ကောလာဟလသတင်းများကို ဖြေကြားလိုသော်လည်း အခြေအနေမပေးကြောင်း ၊ အချို့သူများက မိမိအမည်ကို အသုံးပြု၍ ကိုယ်ကျိုးရှာကြကြောင်း၊ ထိုပုဂ္ဂိုလ်များကို တရားဥပဒေအရ အရေးယူရန် ညွှန်ကြားထားကြောင်း စသည်ဖြင့် ဖြေကြားခဲ့သည်။

အရှေ့တောင်အာရှ အိမ်နီးချင်းနှစ်နိုင်ငံအကြား ချစ်ကြည်ရေး ခိုင်မာစေရန် ရည်သန်သော သုံးရက်ကြာခရီးစဉ်အတွက် ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်သည် မတ်လ ၂၄ ရက်နေ့တွင် မနီလာမြို့သို့ ရောက်ရှိခဲ့သည်။ ဝန်ကြီးချုပ်ချွန်လီပိုင်နှင့်အဖွဲ့သည်တရားဝင်ကြိုဆိုသော အခမ်းအနားသို့ တက်ရောက်ရန် သမ္မတနန်းတော်သို့ သွားရောက်ခဲ့ပြီး နှစ်နိုင်ငံအကျိုးတူကိစ္စများကိုသမ္မတ ရာမိုစ်နှင့် ဆွေးနွေးခဲ့ကြသည်။

အိန္ဒိယဝန်ကြီးချုပ် နာရာဆင်ဟာရောင်းသည်လည်း အရှေ့တောင်အာရှနှင့် နိုင်ငံရေးဆက်ဆံမှု ခိုင်မာစေရန် ထိုင်းနိုင်ငံသို့ သုံးရက်ကြာခရီးစဉ်ကို ဧပြီလ ၇ ရက်နေ့တွင် စတင်ခဲ့သည်။ အိန္ဒိယ၏ ဈေးကွက်စီးပွားရေးသစ်၌ ရင်းနှီးမြှုပ်နှံရန် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအား ဝန်ကြီးချုပ် နာရာဆင်ဟာရောင်းက ဖိတ်ခေါ်ခဲ့သည်။ အိန္ဒိယနှင့်ထိုင်းနိုင်ငံကြား ကုန်သွယ်ရေးမှာ ၁၉၉၂ ခုနှစ်က ဒေါ်လာ တစ်ဘီလီယံဖိုးအထိ ရောက်ရှိခဲ့ရာ အိန္ဒိယက ကုန်သွယ်ရေးပိုငွေပြသော အကျိုးခံစားခဲ့ရသည်။ ၁၉၈၉ ခုနှစ်မှစ၍ကုန်သွယ်ရေးပမာဏမှာ ရာခိုင်နှုန်း ၁၀၀ ကျော် တိုးတက်ခဲ့သည်။

၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တပ်မတော်က အာဏာသိမ်းပြီး ရွေးကောက်တင်မြှောက်ထားသော အစိုးရကို ဖြုတ်ချလိုက်ပြီးနောက် ထိုင်းအစိုးရအား အမေရိကန်ပြည်ထောင်စုက အကူအညီပေးမှုကို ရပ်ဆိုင်းခဲ့သည်။ သို့ရာတွင် လွန်ခဲ့သောဆောင်းရာသီက အကူအညီပြန်ပေးခဲ့သည်။ ယခုနှစ်စစ်ရေးလေ့ကျင့်ရေးကိုမတ်လ ၂၅ ရက်နေ့တွင် စတင်ခဲ့၍ မေလ ၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ရေတပ်၊ လေတပ်၊ ကမ်းတက်တပ်နှင့် အထူးလေ့ကျင့်ရေးတပ်ဖွဲ့များ ပါဝင်သော စစ်လေ့ကျင့်ရေး ပြုလုပ်ခဲ့သည်။ ယင်းလေ့ကျင့်ရေးကာလအတွင်း ဆေးဝါးကုသရေးနှင့် မြို့ပြရေးရာကိစ္စများတွင် အမေရိကန် တပ်သားများ ပါဝင်လုပ်ရှားခဲ့သည်။ နိုင်ငံကို ကာကွယ်ရန် ထိုင်းဘုရင့်လက်နက်ကိုင် တပ်ဖွဲ့များ၏ စွမ်းရည် ခိုင်မာတောင့်တင်းရေးအတွက် စစ်လေ့ကျင့်ရေးကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

၁၉၉၂ ခုနှစ်က စစ်လေ့ကျင့်ရေးကို မေလ ၄ ရက်နေ့တွင် စတင်ခဲ့သည်။ သို့ရာတွင် ဆူပူအုံကြွ မှုများကြောင့် လေ့ကျင့်ရေးကို ရပ်ဆိုင်း၍ မေလ ၁၉ ရက်နေ့တွင် အမေရိကန် တပ်ဖွဲ့ဝင်များကို ၎င်းတို့၏ စစ်စခန်းများသို့ ပြန်ခေါ်ခဲ့သည်။

အစိုးရရုံးစိုက်ရာ မြို့တော်သစ်တစ်မြို့ကို တည်ဆောက်ရန် ထိုင်းအစိုးရက စီစဉ်နေကြောင်း ဘန်ကောက်မြို့တော်မှာ လူနေထူထပ်နေပြီး မော်တော်ယာဉ်များ ပြွတ်သိပ်နေခြင်းကြောင့် နေရေးအခက်အခဲရှိလာရာ ယင်းပြဿနာ ပြေလည်ရေးအတွက် မြို့တော်သစ် တည်ဆောက်ရေးကို စီစဉ်ရခြင်းဖြစ်ကြောင်းထိုင်းရေဒီယိုက ဇွန်လ ၁၀ ရက်နေ့တွင် သတင်းထုတ်ပြန် ကြေညာခဲ့သည်။ မြို့တော်သစ်တည်ဆောက်ရန် ရွေးချယ်ထားသော နေရာမှာ ဘန်ကောက် မြို့အရှေ့ဘက် ၇၂ မိုင်အကွာရှိ ချာချိုယင်ဆော ဒေသအနီး မြေဧက ၇၉,၀၀၀ အကျယ်ရှိသော နေရာတွင်ဖြစ်သည်။ လူတစ်သန်းခန့်နေထိုင်သော မြို့တော်သစ်တွင် အစိုးရရုံးများ၊ မြို့ပြ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းများနှင့် စီးပွားရေး လုပ်ငန်းများ ရှိလာမည်ဖြစ်သည်။

လက်ရှိမြို့တော်ဘန်ကောက်မှာ ၁၈ ရာစုနှစ်တွင် ကျောက်ဖရားမြစ်ပေါ်၌ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကမ်းပေါ်၌ သစ်ပင်များအစီအရီ ပေါက်နေသော တူးမြောင်းများကို ဖြတ်သန်းစီးဆင်းရာမြို့ဖြစ်၍ အီတလီနိုင်ငံ ဗင်းနစ်မြို့နှင့် နှိုင်းယှဉ်ပြီး ဘန်ကောက်ကို အာရှ၏ ဗင်းနစ်မြို့ဟု တင်စားခေါ်ဆိုခဲ့ကြသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ အစိုးရရုံးစိုက်ရာ မြို့တော်သစ်တည်ဆောက်ရေး စီမံချက်ကို ၁၀ လ အတွင်း အပြီးရေးဆွဲမည်ဖြစ်သည်။ မြေဧက ၂၅,၅၀၀ ပေါ်တွင် ပထမအဆင့် တည်ဆောက်ရေးလုပ်ငန်းများကို ဖော်ထုတ်မည်ဖြစ်ရာ ၁၆ နှစ်ကြာမည်ဖြစ်ပြီး ဒေါ်လာ (၉.၆) ဘီလီယံ ကုန်ကျမည်ဖြစ် သည်။

စီးပွားရေးအရ တိုးတက်ဖွံ့ဖြိုးလာသည့် ထိုင်းနိုင်ငံတွင် ကြုံတွေ့နေရသော ပြဿနာတစ်ခုမှာ ခုခံအားကျဆင်းမှုရောဂါ (အေအိုင်ဒီအက်စ်)ကူးစက်ပြန့်နှံ့မှုတိုးပွားနေခြင်းဖြစ်သည်။ ယင်းကိစ္စနှင့်စပ်လျဉ်းသည့် ညီလာခံ တစ်ရပ်ကို ဘန်ကောက်မြို့တွင် ဇူလိုင်လက ကျင်းပခဲ့သည်။ အချို့နိုင်ငံများက အေအိုင်ဒီအက်စ် ရောဂါ ကူးစက်ပြန့်နှံ့ ခြင်းကို ထိုင်းနိုင်ငံ၌ ထိန်းချုပ်ထားနိုင်ခြင်းမရှိဟု ယုံကြည်ထားကြသည်။ ထိုင်းနိုင်ငံ၌ လိင်မှုကိစ္စကျူးလွန်သူ ၂ ရာခိုင်နှုန်းသို့မဟုတ်လူ ၆,၀၀,၀၀၀ မှာသည် အေအိုင်ဒီအက်စ် ရောဂါ



ဈေးဝယ်သူများပြင့်စည်ကားနေသော ဘန်ကောက်မြို့တစ်နေရာ

ကူးစက်ပွားများနေကြသူများဖြစ်သည်ဟု ကမ္ဘာ့ဘဏ် အစီရင်ခံစာတွင် ဖော်ပြထားသည်။ အခြားနိုင်ငံများကမူ ထိုအရေအတွက်ထက်များပြားသည်ဟု ယုံကြည်ထားကြသည်။ ထိုင်းနိုင်ငံ၏ ပြည့်တန်ဆာလုပ်ငန်း ကြီးထွားများပြားမှုသည် အေအိုင်ဒီအက်စ် ကူးစက်ပြန့်ပွားရာတွင် အဓိကအကြောင်းတစ်ရပ်ဖြစ်သည်ဟု ယူဆရသည်။ ဘန်ကောက်မြို့၌ ကျင်းပခဲ့သော အေအိုင်ဒီအက်စ် ရောဂါဆိုင်ရာ နှစ်ရက်ကြာညီလာခံသို့ ထိုင်းပညာရေးဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရအရာရှိများနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများမှ အဖွဲ့ဝင်စုစုပေါင်း ၉၅၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

တစ်ချိန်တည်းမှာပင် အရွယ်မရောက်သူ ကလေးများအား ပြည့်တန်ဆာလုပ်ခိုင်းမှုဆိုင်ရာ ဥပဒေသစ်တစ်ရပ်ကို အဆိုပြုရန် ထိုင်းအစိုးရက စီစဉ်လျက်ရှိသည်။ ယင်းဥပဒေမူကြမ်းကို စက်တင်ဘာလတွင် ကျင်းပမည့် ထိုင်းပါလီမန် အစည်းအဝေး၌ တင်သွင်းဆွေးနွေးကြမည်ဖြစ်သည်။ ယင်းဥပဒေကြမ်းအရ အသက် ၁၅ နှစ်အောက် ကလေးများနှင့် ကာမဆက်ဆံမှုပြုသူများအား ပြစ်ဒဏ်ပေးမည်ဖြစ်သည်။ ပြစ်ဒဏ်မှာ အမြင့်ဆုံးထောင်ဒဏ် ၁၀ နှစ်အပြင်ဒေါ်လာ ၈၀၀၀နှင့် ညီမျှသော ဘတ်ငွေ နှစ်သိန်းကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်သည်။ ကလေးသည် ၁၅ နှစ်နှင့် ၁၈ နှစ်အကြား ဖြစ်လျှင် ကလေးများနှင့် ကာမဆက်ဆံသူများမှာ ထောင်ဒဏ် သုံးနှစ်အပြင် ဒဏ်ကြေးအဖြစ် ဘတ်ငွေ ၆၀,၀၀၀ ( ဒေါ်လာ ၂၄၀၀) ပေးဆောင်ရမည်ဖြစ်သည်။ ထိုင်းနိုင်ငံတွင် ပြည့်တန်ဆာလုပ်ငန်းသည် တရားမဝင် လုပ်ငန်း ဖြစ်သော်လည်း အကြီးအကျယ် ပျံ့နှံ့နေသည်။ ရဲအဖွဲ့က တရားဥပဒေနှင့်အညီ ကြပ်ကြပ်မတ်မတ် အရေးယူ ဆောင်ရွက်ခြင်းမပြုလျှင်ယင်းဥပဒေသည်အသုံးကျမည်မဟုတ်ဟုကလေးသူငယ်ဆိုင်ရာ ရှေ့နေ များက ပြောကြားသည်။

ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားပါဝင်သော" ဖွံ့ဖြိုးရေးတြိဂံနယ်မြေ" ထူထောင်ရေးနှင့်ပတ်သက်၍ ဒုတိယအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေးကို ဘန်ကောက်မြို့၌ ၁၉၉၄ ခု နှစ်ဆန်းတွင် ကျင်းပရန် ထိုင်းဝန်ကြီးချုပ် ချွန်လီပိုင်က ဩဂုတ်လ ၁၉ ရက်နေ့တွင် အဆိုပြုခဲ့သည်။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရေးအတွက် မလေးရှားဝန်ကြီးချုပ်မဟာသီယာမိုဟာမက်ထိုင်းနိုင်ငံသို့ သုံးရက်ကြာအလည်အပတ်ခရီး ရောက်ရှိပြီး ပထမနေ့တွင် ဂုဏ်ပြုညစာဖြင့်တည်ခင်းစဉ် ထိုင်းဝန်ကြီးချုပ်က ဤသို့ ပြောကြား ခြင်းဖြစ်သည်။ ယင်းဖွံ့ဖြိုးရေး တြိဂံနယ်မြေမှာ ထိုင်းနိုင်ငံ တောင်ပိုင်းပြည်နယ်များ၊ မလေးရှားနိုင်ငံ ပီနန်ပြည်နယ်နှင့် အင်ဒိုနီးရှားနိုင်ငံ မြောက်ပိုင်း ဆူမတ္တရားကျွန်းတို့ပါဝင်ပြီး ထိုနယ်မြေ၌ခရီးသွားလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းတို့ကို ပူးတွဲဆောင်ရွက်သွားမည်ဖြစ်သည်။ ပထမအကြိမ် အစည်း အဝေးကို မလေးရှားနိုင်ငံ၌ ဇူလိုင်လအတွင်းက ကျင်းပခဲ့သည်။ မလေးရှားနှင့်ထိုင်းနှစ်နိုင်ငံနယ်စပ်ဒေသတွင် သောင်းကျန်းလျက် ရှိသော မူစလင်သူပုန်များအား မလေးရှားနိုင်ငံက ထောက်ပံ့ကူညီခြင်းမရှိကြောင်း၊ ယင်းကိစ္စကိုထိုင်းနိုင်ငံ၏ ပြည်တွင်းရေးကိစ္စတစ်ရပ်အဖြစ်သာ မလေးရှားက ရှုမြင်သုံးသပ်ထားကြောင်း စသည်ဖြင့် ထိုင်းနိုင်ငံ၌ သုံးရက်ကြာခရီးစဉ်အပြီး ဘန်ကောက်မြို့၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် မလေးရှားဝန်ကြီးချုပ် မဟာသီယာက ဩဂုတ်လ ၂၁ ရက်နေ့တွင် ထုတ်ဖော် ပြောကြား ခဲ့သည်။

ဗန်ကောက်မြို့၌ မော်တော်ယာဉ်များ ပြွတ်သိပ်ကျပ်တည်းလာခဲ့ရာ နိုင်ငံရေးတွင် ပါဝင်လေ့မရှိသော ထိုင်းဘုရင်နှင့် မိဖုရားတို့က ယင်းပြဿနာကို ဖြေရှင်းဆောင်ရွက်ရန် ထိုင်းအစိုးရအား တိုက်တွန်းခဲ့သည်။ မော်တော်ယာဉ်လမ်းများ တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရေးအတွက် ဘတ်ငွေ ရှစ်သန်း ( ဒေါ်လာ ၃,၂၀,၀၀၀) ကို ဩဂုတ်လ ၃၀ ရက်နေ့တွင် ထိုင်းဘုရင်က လှူဒါန်းခဲ့သည်။

အမျိုးသားရေးကိစ္စမှလွဲ၍ နိုင်ငံရေးပြဿနာများတွင် ထိုင်းနိုင်ငံဘုရင်အနေဖြင့် ဝင်ရောက်စွက်ဖက်လေ့မရှိပေ။ သို့ရာတွင် ၁၉၉၂ ခုနှစ်၊ မေလက တပ်မတော်အာဏာသိမ်းမှုနှင့် ဒီမိုကရေစီ လိုလားသော ဆန္ဒပြပွဲများ အကြားဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုတွင်မူ ထိုင်းဘုရင်က ကြားဝင် ဆောင်ရွက်ပေးခဲ့ရသည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၃-၈၊ ၂၀၅-၅)

၁၉၈၆ – ၉၀ ခုနှစ် ထိုင်းနိုင်ငံ စီးပွားဖွံ့ဖြိုးမှု ကာလအတွင်း ပုဂ္ဂလိက မော်တော်ယာဉ်များစွာတိုးလာခြင်း၊ ပြည်သူလူထု သွားလာရေး မပြည့်စုံခြင်း၊ မော်တော်ယာဉ်ဥပဒေများကို မလိုက်နာခြင်းကြောင့် ဘန်ကောက်မြို့တော်တွင် မော်တော် ယာဉ်သွားလာရေး ပြဿနာပေါ်ပေါက်ခဲ့ရသည်။ ထိုင်းဘုရင်က အလှူငွေထည့်ဝင်လှူဒါန်းခဲ့ပြီး နှစ်ရက်အကြာတွင် အဝေးပြေး အမြန်လမ်းမကြီး တစ်ခုကို ဖွင့်လှစ် ပေးခဲ့သည်။

ထိုင်းညွန့်ပေါင်းအစိုးရအဖွဲ့ဝင် ပါတီတစ်ခုသည် အတိုက်အခံပါတီ လေးခုတို့နှင့် ပူးပေါင်းမည့် အစီအစဉ်များကို စက်တင်ဘာလတွင် ကြေညာခဲ့သည်။ ယင်းမှာ ဝန်ကြီးချုပ်ချွမ်လီပိုင်အား အန်တုစိန်ခေါ်လိုက်ပုံရကြောင်း ဖြင့် ဝေဖန်ပြောဆိုကြသည်။ အစိုးရဆိုရှယ်အက်ရှင် ပါတီ၊ အတိုက်အခံ အက်တနာပါတီနှင့် အတိုက်အခံ ပါတီငယ်သုံးခုတို့သည် ပါတီဝင်များထံမှ အတည်ပြုချက် ရယူပြီး

နောက် နှစ်ပတ်အတွင်း အစည်းအဝေးပြုလုပ်မည်ဖြစ်သည်။ သို့ရာတွင် ဆိုရှယ် အက်ရှင်ပါတီ ခေါင်းဆောင်မွန်ထရီပါနစ်က အစိုးရ အဖွဲ့ကို ဆက်လက်ထောက်ခံသွားမည်ဟု စက်တင်ဘာလ ၁၀ ရက်နေ့တွင် ကြေညာခဲ့သည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် ချွန်လီပိုင်သည် လွန်ခဲ့သောတစ်နှစ်ကျော်ကာလ ဝန်ကြီးချုပ်ဖြစ်လာပြီးနောက်ပိုင်း ပထမဆုံး အကြိမ်အဖြစ် အမေရိကန် ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံများသို့ ၁၁ ရက်ကြာခရီးထွက်ခဲ့သည်။ အောက်တိုဘာလ ၂၁ရက်နေ့တွင် ဘန်ကောက်မြို့မှ စတင်ထွက်ခွာခဲ့သည်။ အောက်တိုဘာလ ၆ ရက်နေ့တွင် နယူးယောက်မြို့၌ ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားရာတွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် အရှေ့တောင်အာရှ၌ထိုင်းနိုင်ငံ၏အခန်းကဏ္ဍကို အလေးထားပြောကြားခဲ့သည်။ ထိုင်းနိုင်ငံ သည် ကမ္ဘောဒီးယား အစိုးရအဖွဲ့ကို ဆန့်ကျင်သော ခမာနီပြောက်ကျားများအား ထောက်ခံသည့်အတွက် ဝေဖန် ခြင်းခံရသည်။ ချွန်သည် နယူးယောက်မြို့တွင် ရှိနေစဉ် အာရှလူမှုရေးအသင်း၌ မိန့်ခွန်းပြောကြား၍ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အောက်တိုဘာလ ၁၁ ရက်နေ့၌ နေရပ်သို့မပြန်မီ လန်ဒန်မြို့၌ ထိုင်းနိုင်ငံ၏ ဒုတိယမြောက်ပင်လယ်ရပ်ခြားဘဏ်လုပ်ငန်းရုံးကိုဖွင့်လှစ်ခဲ့သည်။ ပထမပင်လယ်ရပ်ခြားဘဏ်လုပ်ငန်းရုံးကို ၁၉၉၀ ပြည့်နှစ်တွင် နယူးယောက်မြို့တွင် ဖွင့်လှစ်ခဲ့သည်။

**သင့်ဘဝ– ဦးရဲလွင်**

## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်မှုများ။

။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ၁၉၈၅ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သော ပြည်တွင်းသောင်းကျန်းသူများ၏ ဒဏ်ကို ခေတ်အဆက်ဆက် ခံစားခဲ့ကြရသည့် နယ်စပ်ဒေသ တိုင်းရင်းသားများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များဖြင့် ခေတ်နောက်ကျ ကျန်ခဲ့သည့် တိုင်းရင်းသားများအတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန်၊ ယခင် ဗကပများကြီးစိုးခဲ့စဉ်က ဘိန်းစိုက်ပျိုး၍ မူးယစ်ဆေးဝါးထုတ်လုပ်ရာဒေသများဖြစ်ခဲ့သည့် နယ်စပ်ဒေသများဖြစ်ခဲ့သည့် နယ်စပ်ဒေသရှိ တိုင်းရင်းသားများအတွက် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်စေပြီး မူးယစ်ဆေးဝါး ထုတ်လုပ်မှု လုံးဝချုပ်ငြိမ်းရေးကို ဦးတည်၍ ဖွံ့ဖြိုးတိုးတက်မှုများရရှိခံစားစေနိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို နှစ်စဉ်လူအား၊ ငွေအား၊ ပစ္စည်းအားတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများကိုဖွဲ့စည်းပြီးစိုက်ပျိုးရေးနှင့်သစ်တောလုပ်ငန်း၊မွေးမြူရေးလုပ်ငန်း၊လမ်းပန်းဆက်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် သမဝါယမလုပ်ငန်း၊ အိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်း၊စွမ်းအင်လုပ်ငန်း၊ကျန်းမာရေးနှင့်ပညာရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ သတ္တုရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းနှင့် အထွေထွေ လုပ်ငန်းစသည့်လုပ်ငန်း ၁၁ မျိုးကို ပိုင်းခြားသတ်မှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ယခုအခါ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကိုးကန့်ဒေသ၊ ကျိုင်းတုံ(အရှေ့)ဒေသ၊"ဝ"ဒေသ၊မော်ဖဒေသ၊ကချင်(မြောက်)ဒေသ၊ရှမ်းဒေသ၊ရခိုင်ဒေသ၊စစ်ကိုင်း(နာဂ)ဒေသ၊ ပလောင်ဒေသ၊ ပအိုဝ်းဒေသ၊ ကချင်(အရှေ့မြောက်) ဒေသ၊ ကယားဒေသ၊ ကဘော်ချိုင့်ဝှမ်းဒေသ၊ ချင်းဒေသနှင့် တနင်္သာရီဒေသ စသည့် နယ်စပ်ဒေသ ၁၅ ခုတွင် အကောင်အထည်ဖော်လျက်ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနကို ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ မြို့ပြနှင့် ကျေးလက်စည်ပင်သာယာရေး လုပ်ငန်းများကို ပိုမိုထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေး ဝန်ကြီးဌာနကိုနယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန

အဖြစ် ၁၉၈၄ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့၌ ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ၁၉၈၉ ခုနှစ်မှ ၁၉၉၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည် –

| | | |
|---|---|---|
| (၁) | မြေလမ်း (မိုင်) | ၁၀၈၄ |
| (၂) | ကျောက်ခင်းလမ်း (မိုင်) | ၄၆၇ |
| (၃) | ကတ္တရာလမ်း (မိုင်) | ၁၈ |
| (၄) | လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း(မိုင်) | ၁၇၁၀ |
| (၅) | တံတားများ (ကြီး/ငယ်) | ၁၄/၃၄၁ |
| (၆) | ကျောင်း (အမက/အလက/အထက) | ၁၇၉/၁၄/၂ |
| (၇) | ဆေးရုံ | ၃၁ |
| (၈) | ဆေးပေးခန်း | ၆၉ |
| (၉) | လျှပ်စစ်မီးလင်းသည့် မြို့/ ကျေးရွာ | ၁၀၈ |
| (၁၀) | ရေအားလျှပ်စစ်ရှိသည့် မြို့/ကျေးရွာ | ၅ |
| (၁၁) | စိုက်ပျိုးရေးရုံး/ စခန်း | ၁၈/၅၉ |
| (၁၂) | ဆည်/တူးမြောင်း | ၄၆/၁ |
| (၁၃) | ထွန်စက်စခန်းများ | ၁၁ |
| (၁၄) | ကြိုးဝိုင်းသစ်တော | ၇ |
| (၁၅) | သစ်စက် | ၁၂ |
| (၁၆) | သစ်တောပျိုးဥယျာဉ် | ၁၃ |
| (၁၇) | မွေးမြူရေးခြံ | ၁၇ |
| (၁၈) | ငါးမွေးမြူရေးစခန်း | ၆ |
| (၁၉) | ငါးမွေးမြူရေးကန် | ၅၄ |
| (၂၀) | လားမွေးမြူရေး | ၁၄ |
| (၂၁) | စာတိုက် | ၁၅ |
| (၂၂) | ရေဒီယိုတယ်လီဖုန်း | ၂၄ |
| (၂၃) | မြို့တွင်းအိတ်ချိန်း | ၃၀ |
| (၂၄) | တယ်လီဖုန်းအဝေးလိုင်း (မိုင်) | ၂၁၁.၅ |
| (၂၅) | ကယ်ရီယာစက် | ၅ |
| (၂၆) | ကြေးနန်းရုံး | ၂၃ |
| (၂၇) | ဂြိုဟ်တုဆက်သွယ်ရေး | ၉ |
| (၂၈) | ဆက်သွယ်ရေး အဆောက်အအုံများ | ၁၁ |
| (၂၉) | ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ | ၁၁ |
| (၃၀) | တီဗွီ (စလောင်း) | ၂ |
| (၃၁) | သတ္တုရှာဖွေတူးဖော် ထုတ်လုပ်ရေး | |
| | (က) ပတ္တမြား (ကာရက်) | ၁၂၃၅၈၂.၅၆ |
| | (ခ) နီလာ (ပွင့်ရေ) | ၅၀၇ |
| (၃၂) | ဝန်ထမ်း ( ကျား/မ) | ၁၃၇၂/၅၄၄ |
| (၃၃) | အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်း | ၆ |
| (၃၄) | အိမ်တွင်းမှုသင်တန်းသူ | ၉၂၉ |
| (၃၅) | ပရဟိတ/ လူငယ်ဖွံ့ဖြိုးရေးကျောင်း | ၉၀/၂ |

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၈၉–၉၀ ခု ဘဏ္ဍာရေးနှစ်မှ ၁၉၉၃– ၉၄ခု ဘဏ္ဍာရေးနှစ်၏ ၁၉၉၃ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ကျပ်ငွေသန်းပေါင်း ၆၃၆ ဒသမ ၉၀ သန်းနှင့် ဝန်ကြီးဌာန ရန်ပုံငွေမှ ကျပ်ငွေသန်းပေါင်း ၇၀၃ ဒသမ ၇၆ သန်း စုစုပေါင်း ကျပ်ငွေသန်းပေါင်း ၁၃၄၀ ဒသမ ၆၆ သန်း သုံးစွဲ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များနှင့်အညီ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်း ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊

**အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဝန်ကြီးများက ဦးစခုန်တိန့်ယိန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များအား တွေ့ဆုံ၍ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆွေးနွေးစဉ်**



စာပေ၊ ဓလေ့ထုံးစံတို့ကို မြတ်နိုးစွာထိန်းသိမ်းနိုင်စေရန်၊ တိုင်းရင်းသားလူမျိုး အချင်းချင်း ချစ်ကြည် ရင်းနှီးမှုပိုမို ခိုင်မြဲစေရန်၊ စီးပွားရေး လုပ်ငန်းများ ထူထောင် ပေးခြင်းဖြင့် မူးယစ်ဆေးဝါး စိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်၊ နယ်စပ်ဒေသ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိန်းသိမ်းရန်ဟူသော ရည်ရွယ်ချက်များဖြင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၁/၉၃) ကို ၁၉၉၃ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပေသည်။

**နွေစပါး။** ။နွေရာသီ ရေရရှိသော ဒေသများတွင် နွေစပါးကို စိုက်ပျိုးနိုင်သည်။ နွေစပါးသည် မိုးစပါးထက် နေပူရှိန်ကို အပြည့်အဝ ရရှိခြင်းကြောင့် အထွက်နှုန်း ပိုသည်။ နွေစပါး စိုက်ပျိုးရာတွင် ရေရရှိရေးအပြင် မြေပြုပြင်ခြင်း၊ စိုက်ပျိုးနည်း၊ မျိုးစေ့ အစို့ဖောက်နည်း၊ ပြုစုထိန်းသိမ်းနည်း၊ စပါး အမျိုးအစား၊ မြေဩဇာ၊ ပိုးမွှား ကာကွယ်ခြင်းနှင့် ရိတ်သိမ်းနည်းတို့ကိုလည်း စနစ်တကျ ဆောင်ရွက်ရန် လိုအပ်သည်။

နွေစပါးစိုက်ပျိုးရေးအတွက် မြစ်ဝကျွန်းပေါ်ဒေသတွင် ရေသွင်းမြောင်းကြီးများတူးဖော်ခြင်းနှင့် ရေတံခါးများ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ထားပြီးဖြစ်သည်။ အညာဒေသများတွင် ရေလှောင်တမံများ၊ ရေလွှဲဆည်များ ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ လယ်သမားများသည် သဘာဝ စီးဆင်းရေကို မြောင်းမကြီးများမှတစ်ဆင့် လယ်ကွက်ထဲသို့ ရေစုပ်စက်ဖြင့်လည်းကောင်း၊ ဆည်ရေသောက်ဧရိယာ များတွင် ဆည်ရေကို လယ်ကြားမြောင်းချားမှတစ်ဆင့် လယ်ကွက်ထဲသို့လည်းကောင်း သွင်းပေးရမည်ဖြစ်သည်။

အနိမ့်အမြင့် မညီညာသော လယ်မြေတွင် စိုက်ပျိုးသည့် လယ်သမားများသည် ထယ်ရေးထွန်ရေးမပြင်မီကပင် မြေပြုပြင်ပေးရန် အရေးကြီးသည်။ လယ်ကွက်အတွင်း ရေအတိမ်အနက်ညီမျှရန်နှင့် တမန်းညက်ညောရန်အထူး လိုအပ်သည်။ မြေပြုပြင်ရာတွင် မိုးစပါးရိတ်သိမ်းပြီးနောက် မြေသားများ အပေါ်ယံ ထိပ်ဖွေးစတွင် သုံးသွား လင်ပန်း ထယ်ဖြင့် နှံ့စပ်အောင်ထိုးပေးရသည်။ ထပ်မံ၍ ၁၀ သွားထွန်၊ ၁၆ သွားလင်ပန်းထွန်တို့ဖြင့် နှစ်စပ်၊ သုံးစပ် ထွန်ယက်ပေးရသည်။ အခြားနည်းမှာ လယ်ကွက်ထဲသို့ ရေအနက်ခြောက်လက်မမှ တစ်ပေခန့် သွင်းပေးပြီး မြေနူးသည့်အချိန်တွင် ၁၆ သွားထွန် သို့မဟုတ် လက်တွန်းထွန်စက်ဖြင့် ထွန်ယက်ပေးခြင်းဖြစ်သည်။ နည်းနှစ်နည်းစလုံး ကျမ်းတုံးဖြင့် မြေညှိပေးရန် လိုအပ်သည်။

နွေစပါးစိုက်ပျိုးရာတွင် တိုက်ရိုက်မျိုးစေ့ချပြီး အတန်းလိုက်စိုက်ပျိုးရမည်ဖြစ်သည်။ ပထမ မြေပြင် နည်းတွင် မြေညှိပြီးနောက် ရှစ်လက်မကွာ ထွန်ကြောင်း များကို ဖြောင့်တန်းစွာ ဆွဲပေးရသည်။ စပါးစေ့များကို ညီညာစွာ ကြဲပက်ပြီး ကျမ်းတုံးကို လူမစီးဘဲ ထွန်ကြောင်းအား ကန့်လန့်ဖြတ်မောင်းပေးရသည်။ ရေကိုမြေစိုရုံမျှ သွင်းပေးလျှင် နေပူရှိန်ဖြင့် စပါးပင်များ အတန်းလိုက်ပေါက်လာမည် ဖြစ်သည်။ ဒုတိယမြေပြင်နည်းတွင် စပါးကိုအစို့ဖောက်ပြီးမှ အတန်းလိုက်မျိုးစေ့ချရသည်။ အတန်းရှစ်ကန်း တစ်ပြိုင်တည်းချနိုင်သောမျိုးစေ့ချကိရိယာကို အသုံးပြုပါက လုပ်ငန်းတွင်ကျယ်မှုရှိသည်။ မျိုးစေ့ချကိရိယာကို ရှေ့မှ လူနှစ်ယောက်က ဖြောင့်တန်းစွာဆွဲသွားပါက မျိုးစေ့ များသည် တမန်းအစို့ထဲသို့ အတန်းလိုက်ကျသွားသည်။ ခြေလှမ်းမှန်မှန်လှမ်းခြင်းဖြင့် မျိုးစေ့ချမှုညီညာပြီး တစ်ရက်လျှင် လေးဧက၊ ငါးဧကခန့် ပြီးစီးနိုင်သည်။

လယ်တစ်ဧကအတွက် ကောင်းစွာရင့်မှည့်သော စပါးစေ့ တစ်တင်း၊ တစ်တင်းခွဲကို ရေတွင် ၂၄ နာရီစိမ်ရသည်။ ရေပေါ်သို့ပေါ်လာသော စပါးစေ့အဖျင်းများကို ဖယ်ရှားပစ်ရသည်။ ရေစိမ်ချိန် ၂၄ နာရီပြည့်လျှင် စပါးမျိုးစေ့များကို ဆယ်ယူပြီး နေပူထဲရှိ ဂုန်နီအိတ်ပေါ်တွင် လေးလက်မ၊ ငါးလက်မခန့် ထူအောင် ဖြန့်ကာ ကောက်ရိုးသုံးလက်မ၊ လေးလက်မခန့်ထူအောင် ဖုံးပေးရသည်။ ကောက်ရိုးပေါ်တွင် ရေဆွတ်ထားသော ဂုန်နီအိတ်ဖြင့် အုပ်ပေးရန် လိုအပ်သည်။ ဖုံးအုပ်ချိန် ၂၄ နာရီထက်မနည်း ကြာသောအခါ အစေ့မှ အစို့များ ပေါက်စပြုလာသည်။ ရိတ်သိမ်းပြီးစပါးဖြစ်ပါကအစေ့ငုပ်ချိန်ရှိတတ်၍ ရေမစိမ်မီ သုံးရက်လေးရက်ခန့် နေလှန်းပေးရသည်။

စပါးပင်များပေါက်လာပြီး လေးလက်မ၊ ငါးလက်မခန့် ရှိလျှင် ရေကို နှစ်လက်မ၊ သုံးလက်မခန့် သွင်းပေးရသည်။ စပါးပင်အမြင့်နှင့်မျှတအောင် ရေသွင်းပေးရန် လိုအပ်သည်။ စပါးပင်များ ၁၀ရက်၊ ၁၅ရက်သားခန့်ရှိလျှင် လက်တွန်းကြားလိုက်ထွန်ဖြင့် ပေါင်းလိုက်မြေဆွပေးရသည်။ တစ်လသားခန့်တွင် ဒုတိယအကြိမ် ပေါင်းလိုက်ရသည်။ ရက် ၄၀ ကျော်မှ ကြားထွန်ဝင်လျှင် စပါးပင်များ နာပြီး ကြီးထွားမှု နှေးကွေးနိုင်သည်။

နွေစပါးစိုက်ပျိုးရာတွင် သက်တမ်းရက် ၉၀ ၊ ၁၀၀ ပတ်ဝန်းကျင်ရှိ စပါးမျိုးကို အသုံးပြုရမည်ဖြစ်သည်။ သီးထပ်ရင်စပါးမျိုးသည် အသင့်လျော်ဆုံး ဖြစ်သည်။

တိုက်ရိုက်မျိုးစေ့ချ စိုက်နည်းအတွက် အမြစ်ကုပ်အား ကောင်းပြီး အရွက်ပြားကျယ်၍ ထောင်မတ်သော သက်လျင်စပါးမျိုးသည် အထူးသင့်လျော်သည်။

မြေဩဇာအဖြစ် သစ်ဆွေးနှင့် နွားချေးမြေဆွေးတို့ကို ရနိုင်သလောက် ထည့်ပေးရန်လိုသည်။ တီစူပါ ဖော့စဖိတ် ၁၅ ပိဿာ၊ ယူရီးယားငါးပိဿာနှင့် ပိုတက်စီယမ် ၇ ဒသမ ၅၀ ပိဿာ တို့ကို မြေခံချ၍ ယူရီးယား ၁၀ ပိဿာကို ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်ကျပက်ပေးပါက စပါးပင်ပိုမို အကျိုးဖြစ်ထွန်းနိုင်သည်။တိုက်ရိုက်မျိုးစေ့ချ စပါးခင်းတွင် နိက်ထရိုဂျင်ဆုံးရှုံးမှုသည် စိုက်ခင်းထက် ၁၀ ရာခိုင်နှုန်းခန့် သက်သာသဖြင့် ယူရီးယားကိုစိုက်ခင်းတွင် ချခြင်းထက် လေးပုံတစ်ပုံခန့် လျှော့သုံးနိုင်သည်။ တိုက်ရိုက်မျိုးစေ့ချ စပါးခင်းတွင် မြေဩဇာများလျှင် အပင်များလဲတတ်သဖြင့် စိုက်ခင်းတွင်ထည့်ခြင်းထက် လျှော့သုံးလျှင် ပိုမိုအကျိုးရှိသည်။ စပါးပင်များလဲပါက စပါးအထွက်လျော့နိုင်သည်။ စပါးစိုက်ခင်းတွင် ပိုးဥနှင့် ပိုးကောင်ငယ်ကလေးများ တွေ့လျှင် ပိုးသတ်ဆေးစတင် ဖျန်းပေးရန်လိုအပ်သည်။ စပါးမောင်းညိုချိန်တွင် စက်ဖြင့်ရိတ်သိမ်းပြီး စက်ဖြင့်ခြွေယူသန့်စင်မှသာ စပါးအလေအလွင့် နည်းပါးပြီး စပါး အထွက်နှုန်း ကောင်းမွန်မည်ဖြစ်ပေသည်။

**ပါကစ္စတန် အစ္စလာမ္မစ်သမ္မတ နိုင်ငံ ။** ။ပါကစ္စတန်နိုင်ငံတွင် ၁၉၈၈ ခုနှစ်၌ ဗိုလ်ချုပ်ကြီးဇီယာအူးလဟက် လေယာဉ်ပျက်ကျသဖြင့် ကွယ်လွန်ခဲ့ရာ အထက်လွှတ်တော် ဥက္ကဋ္ဌ ဂူလမ်အစ်ရှတ်ခန်က သမ္မတရာထူးကို ဆက်ခံခဲ့သည်။ ယင်းနှစ် နိုဝင်ဘာလတွင် ကျင်းပသည့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲတွင် ပါကစ္စတန်ပြည်သူ့ပါတီ ( ပီ ပီ ပီ) က လွှတ်တော်နေရာအများစုကို အနိုင်ရရှိပြီး ယင်းပါတီခေါင်းဆောင် ဘီနဇီရဘူတိုမှာ ပါကစ္စတန်နိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

ဝန်ကြီးချုပ် ဘီနဇီရဘူတို၏ အစိုးရအဖွဲ့သည် ပြည်တွင်း နိုင်ငံရေးပြဿနာများနှင့်လည်းကောင်း၊ ဆိုးရွားလာသည့် စီးပွားရေးပြဿနာများနှင့်လည်းကောင်း ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး သမ္မတဂူလမ်အစ်ရှတ်ခန်နှင့် ဘီနဇီရဘူတိုတို့အကြားဆက်ဆံရေးမှာလည်း တင်းမာလာခဲ့သည်။ ယင်းသို့ရှိနေစဉ် ၁၉၉၀ ပြည့်နှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် သမ္မတဂူလမ်အစ်ရှတ်ခန်က ဝန်ကြီးချုပ်ဘီနဇီရဘူတိုနှင့် သူမ၏အစိုးရအဖွဲ့ကို ထုတ်ပယ်လိုက်ပြီး အမျိုးသားလွှတ်တော်ကိုလည်း ဖျက်သိမ်းကာ ရွေးကောက်ပွဲသစ်များ ကျင်းပရန် အမိန့်ပေးခဲ့သည်။

ဘီနဇီရဘူတိုကိုလည်း အာဏာအလွဲသုံးစားပြုမှုနှင့် အဂတိလိုက်စားမှုတို့ဖြင့်စွဲချက်တင်ကာ ရုံးတင်စစ်ဆေးရန် လုပ်ဆောင်ခဲ့သည်။ ပါလီမန်ရွေးကောက်ပွဲကို ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကျင်းပရာ လက်ယာအတိုက်အခံညွန့်ပေါင်းအဖွဲ့ဖြစ်သည့် အစ္စလာမ္မစ် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ ( အိုင်ဒီအေ)က နေရာအများစုကို အနိုင်ရရှိပြီး နာဝပ်ဇ်ရှရစ်ဖ် ဝန်ကြီးချုပ် ဖြစ်လာတော့သည်။ ( စွယ်စုံနှစ်ချုပ် ၁၉၉၂-စာ၊၂၃၈၊ ၂၃၉-၅။)

ဘီနဇီရဘူတိုသည်လည်း သူမအပေါ်စွဲချက်တင်ထားသော အမှုများကိုတရားရုံးများတွင် ရင်ဆိုင်ဖြေရှင်းရင်း ပါလီမန်၌ အတိုက်အခံအမတ်တစ်ဦးအဖြစ် ရပ်တည်ကာ သူမ၏ပါတီ အာဏာပြန်လည်ရရှိရေးအတွက် ဆက်လက်ကြိုးပမ်း လှုပ်ရှားလျက်ရှိနေခဲ့သည်။

ယင်းသို့ရှိနေခဲ့ရာမှ ၁၉၉၂ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ပါကစ္စတန် အစိုးရအဖွဲ့အတွင်း ဒုတိယအင်အား အကောင်းဆုံးပါတီဖြစ်သည့် ဂျမားတ်- အီ အစ္စလာမ်မီ ပါကစ္စတန် (ဂျေအိုင်ပီ) ပါတီက ရှစ်ပါတီ ညွန့်ပေါင်း ဖြစ်သည့် အစ္စလာမ္မစ် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (အိုင်ဒီအေ)မှ နုတ်ထွက်ကြောင်းကြေညာခဲ့သည်။ ဂျေအိုင်ပီ ခေါင်းဆောင်က အစိုးရအဖွဲ့အနေဖြင့် အာဖဂနစ္စတန် နိုင်ငံတွင် မကြာခင်ကမှ တက်လာသည့် အာဖဂန် အစိုးရအဖွဲ့ကို ထောက်ခံကာ ဟက်ခ်မာတယာ ဦးဆောင်သည့်စစ်သွေးကြွ အစ္စလာမ္မစ်မူဂျာဟီဒင်အဖွဲ့ကို သစ္စာဖောက်လိုက်သည်ဟုစွပ်စွဲခဲ့သည်။ထို့ပြင် ဝန်ကြီးချုပ် နာဝပ်ဇ်ရှရစ်ဖ်သည် အစ္စလာမ္မစ် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့၏ ရွေးကောက်ပွဲပါတီမူဝါဒ ကြေညာ စာတမ်း၏ အစိတ်အပိုင်းဖြစ်သည့် အစ္စလာမ္မစ်နိုင်ငံတော် ဖြစ်စေရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ရန် ပျက်ကွက်သည်ဟု ဂျေအိုင်ပီ ပါတီက ဝေဖန်ခဲ့သည်။

အစိုးရအဖွဲ့အနေဖြင့် ပါလီမန်တွင် ဂျေအိုင်ပီ ပါတီ၏ အင်အားဆုံးရှုံးသွားလင့်ကစား ပါလီမန်နေရာ အများစုကို ရရှိနေဆဲဖြစ်သည်။ သို့ရာတွင် နာဝပ်ဇ်ရှရစ်ဖ်၏ ပါတီဖြစ်သည့် မူဆလင်အဖွဲ့ချုပ်ပါတီအတွင်း ဝေဖန်မှုများ ပေါ်ထွက်ခဲ့ရာ အာဖဂနစ္စတန်နိုင်ငံမှ ဟက်ခ်မာတယာအား ထောက်ခံသည့်ပြိုင်ဘက်မူဆလင်အဖွဲ့ချုပ်ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည်။ အာဖဂန်မူဂျာဟီဒင်အုပ်စုများအကြား ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပေါ်စေခြင်းမှာ ဂျေအိုင်ပီ ပါတီ၏ အထွေထွေ အတွင်းရေးမှူး လက်ချက်ဖြစ်သည်ဟု နာဝပ်ဇ်ရှရစ်က ပြန်လည်စွပ်စွဲခဲ့သည်။

ဤသို့ရှိနေစဉ် ၁၉၉၂ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ဆင်း ပြည်နယ်၌ ပါကစ္စတန် ပြည်သူ့ပါတီ ( ပီပီပီ)



သမ္မတ ဂူလမ်အစ်ရှတ်ခန်



ပါကစ္စတန် ပြည်သူ့ပါတီခေါင်း
ဆောင် ဘီနဇီရဘူတို



ဝန်ကြီးချုပ် နာဝပ်ဇ်ရှရစ်ဖ်

ထောက်ခံသူ ၁၀၀၀ ကျော်တို့အားရဲက ဖမ်းဆီးခဲ့သည်။ ဒေသန္တရ ရွေးကောက်ပွဲများတွင် မဲလိမ်လည်မှုများ ရှိခဲ့သည်ဟုစွပ်စွဲချက်များနှင့်ပတ်သက်ပြီးကန့်ကွက်သည့် လူထုစည်းဝေးပွဲများ ကျင်းပရန် ပီပီပီ ပါတီခေါင်းဆောင် ဘီနဇာဘူတိုက ကြေညာခဲ့ပြီးနောက် ယခုကဲ့သို့ ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

ဘီနဇာဘူတိုက ပီပီပီ ပါတီ၏ လက်နက်ကိုင်စစ်သွေးကြွအဖွဲ့ဖြစ်သည်ဟု အစိုးရအဖွဲ့က စွပ်စွဲထားသော အယ်ဇူဖီကာခေါ် အကြမ်းဖက်အဖွဲ့အစည်းတစ်ခုနှင့် သူမ တွေ့ဆုံခဲ့သည်ဆိုသည်မှာ မဟုတ်မမှန်လုပ်ကြံသတင်းသာ ဖြစ်သည်ဟု စွပ်စွဲပြောကြားခဲ့သည်။ ယင်းအဖွဲ့အစည်းမှာ လွန်ခဲ့သော ဆယ်နှစ်ကပင် ဖျက်သိမ်းပြီးဖြစ်သည်ဟု ဘူတိုက ပြောကြားခဲ့သည်။ ပီပီပီ ပါတီအား ဆန့်ကျင်နှိပ်ကွပ်နိုင်စေရန် အကြောင်းပြခြင်းဖြစ်သည်ဟု သူမက ဆက်လက်ပြောကြားခဲ့သည်။

ဤသို့ဖြင့် ဆင်းပြည်နယ်တွင် ဖြစ်ပေါ်လျက်ရှိသော ပြဿနာမှာ ပိုမိုပြင်းထန်လာခဲ့ပြီး ဝန်ကြီးချုပ်နာဝပ်ဇ်ရှရစ်ဖ် အစိုးရအဖွဲ့မှာလည်း အင်အားချိနဲ့လာတော့သည်။ အာဏာရ ညွန့်ပေါင်းအစိုးရအဖွဲ့မှ ဆင်းပြည်နယ်ကို အခြေခံသော မိုဟာဂျာကွာအူမီမဟားဇ် ( အမ်ကျူအမ်) ပါတီနုတ်ထွက်သွားခဲ့ပြန်သည်။ ယင်းဖြစ်ရပ်များကြောင့် စစ်တပ်အနေဖြင့် ရွေးကောက်ပွဲအသစ်များ ကျင်းပရန် ရည်ရွယ်လျက်ရှိပြီး ပီပီပီ ပါတီခေါင်းဆောင် ဘီနဇာဘူတို နိုင်ငံရေးအာဏာ ပြန်လည်ရရှိရန် အလားအလာများ ရှိနေသည်ဟု ခန့်မှန်းတွက်ချက်မှုများ ဖြစ်ပေါ်စေခဲ့သည်။

၁၉၉၂ ခုနှစ်၊ ဇူလိုင်လ လယ်တွင် ဆင်းပြည်နယ် ကျေးလက်ဒေသ၌ စစ်တပ်ဖွဲ့က စစ်ဆင်ရေးပြုလုပ်ခဲ့ရာ ရာဇဝတ်မှုမကင်းသူ ၁,၅၀၀နှင့် ၂,၀၀၀ ကြားကိုဖမ်းဆီးခဲ့သည်။ ဇူလိုင်လ ၁၉ ရက်နေ့က ထုတ်ပြန်သည့် သမ္မတ၏ အမိန့် အရ စစ်တပ်အား ရာဇဝတ်မှုနှင့် တရားမမှု ဥပဒေကြောင်းအရ တာဝန်ရှိစေခြင်းမှ ကင်းလွတ်ခွင့်ပေးပြီး ရှာဖွေခွင့်၊ ဖမ်းဆီးခွင့်နှင့် လက်နက်များဖမ်းဆီး သိမ်းဆည်းခွင့်အာဏာ အပြည့်အဝကို အပ်နှင်းခဲ့သည်။

ဤသို့စစ်တပ်၏တန်ခိုးသြဇာကိုချဲ့ထွင်လိုက်ခြင်းသည် အစိုးရအဖွဲ့၏ အာဏာကို ထိုးနှက်လိုက်ခြင်းဖြစ်သည်ဟု သဘောထားကြသည်။ ပီပီပီ ပါတီက နိုင်ငံရေးသြဇာအာဏာ ပြန်လည်ရရှိရန် အစပျိုး လှုပ်ရှားနေသည့် အချိန်တွင် ယခုကဲ့သို့လုပ်ဆောင်လိုက်ခြင်းဖြစ်သည်။ ပီပီပီ ပါတီခေါင်းဆောင် ဘီနဇာဘူတိုက ပါလီမန်နိုင်ငံရေးကို စွန့်လွှတ်ပြီး ရွေးကောက်ပွဲသစ်များ ကျင်းပပေးရေးအတွက် ဖိအားပေး လုပ်ဆောင်သည့်အနေဖြင့် ဆန္ဒပြတောင်းဆိုပွဲများတွင် ပါဝင်ဆင်နွှဲရန် သူမ၏သဘောထားကို ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ကြေညာခဲ့သည်။ ဇူလိုင်လ နှောင်းပိုင်းတွင် လာဟိုးနှင့်ကရာချိတရားရုံး ကြားနာစစ်ဆေးမှုများ၌ ဘီနဇာဘူတိုက သူမအပေါ် စွဲချက်တင်ထားသည့် အလွဲသုံးစား မှုများမှာ မဟုတ်မမှန်ကြောင်း ငြင်းဆိုခဲ့ပြီး ယင်းစွပ်စွဲချက်များမှာသမ္မတဂူလမ် အစ်ရှတ်ခန်၏ မသမာသောအကြံအစည်မှ ပေါ်ထွက်ခဲ့ခြင်း ဖြစ်သည်ဟု ပြောကြာ.ခဲ့သည်။

၁၉၉၂ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့တွင် နိုင်ငံရေး ပါတီအစုအဖွဲ့ ရှစ်ဖွဲ့တို့က အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ ( အင်ဒီအေ) ကို အသစ်ဖွဲ့စည်းထူထောင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ပီပီပီ ပါတီနှင့် ပြည်သူ့ ဒီမိုကရက်တစ် မဟာမိတ် ညွန့်ပေါင်းအဖွဲ့ (ပီဒီအေ) ခေါင်းဆောင် ဘီနာဇာဘူတိုနှင့် ဝန်ကြီးချုပ် နာဝပ်ဇ်ရှရစ်ဖ် အစိုးရအဖွဲ့တို့အကြား ထိပ်တိုက်ရင်ဆိုင်မှုများမှာ ၁၉၉၂

ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။ ယင်းနေ့တွင် သူမသည် ရွေးကောက်ပွဲအသစ်များကျင်းပပေးရန် တောင်းဆိုသည့် ရာဝါလ်ပင်ဒီမှ အစ္စလာမ္မာဘတ်မြို့သို့ လူထုဆန္ဒပြချီတက်ပွဲကို ဦးဆောင်ခဲ့ရာ မျက်ရည်ယိုဗုံးဖောက်ခွဲတိုက်ခိုက်ခြင်းခံခဲ့ရသည်။ ပါလီမန်အဆောက်အအုံအဝန်းအဝိုင်းတွင် ဆန္ဒပြခြင်းမှတားဆီးသည့် အမိန့်ကို ဆန့်ကျင်ခဲ့သည့်အတွက် အစ္စလာမ္မာဘတ်မြို့သို့ ဝင်ရောက်ခွင့်မပြုဘဲ တားမြစ်ခြင်းဖြစ်သည်။

ဘီနဇာဘူတိုက ရှရစ်ဖ်၏အစိုးရအဖွဲ့မှာ တရားမဝင်ကြောင်း၊ ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲတွင် မဲလိမ်လည်မှုဖြင့် တက်လာသောအစိုးရအဖွဲ့သာဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။ သူမ၏ပြောကြားချက်များကို အသစ်ဖွဲ့စည်းခဲ့သည့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (အင်ဒီအေ)မှ ထင်ရှားသည့် နိုင်ငံရေးသမားပုဂ္ဂိုလ်များက ထောက်ခံခဲ့ကြသည်။

နိုဝင်ဘာလ ၁၈ ရက်နေ့မှစတင်ကာ တစ်ပတ်ကြာ နောက်ဆက်တွဲဖြစ်ပွားခဲ့သည့် ရဲနှင့်ဆန္ဒပြသူများအကြားအဓိကရုဏ်းတွင် နိုင်ငံအနှံ့ဆန္ဒပြလှုပ်ရှားသူထောင်ပေါင်းများစွာဖမ်းဆီးခြင်းခံရသည်။ လာဟိုးမြို့တွင် ဘီနာဇာဘူတို၏မိခင်မှာ မျက်ရည်ယိုဗုံးထိမှန်ခံရပြီး နိုဝင်ဘာ ၂၀ ရက်နေ့အထိ ဖမ်းဆီးထိန်းသိမ်းခြင်းခံရသည်။ ပြည်သူ့ဒီမိုကရက်တစ် မဟာမိတ်ညွန့်ပေါင်းအဖွဲ့ (ပီဒီအေ) ခေါင်းဆောင်အများအပြားမှာလည်း ဖမ်းဆီးခြင်းခံရသည်။

ဝန်ကြီးချုပ်ရှရစ်ဖ်က ဘူတို၏ဆန္ဒပြ ကန့်ကွက်ချီတက်ပွဲကို "ပြောင်ကျကျပုန်ကန်မှု" အဖြစ် ရှုတ်ချပြီး အစ္စလာမ္မာဘတ်မြို့ ဝန်းကျင်တွင် တင်းကျပ်သည့်လုံခြုံရေးအစီအမံများလုပ်ဆောင်စေရန် အမိန့်ပေးခဲ့သည်။ အစ္စလာမ္မာဘတ်မြို့သို့ ချီတက်ဆန္ဒပြမှုကိုတားဆီးရန် ကြိုးပမ်းသည့်အနေဖြင့် တံတားများကိုချိုးဖျက်ပြီး မြို့တော်သို့လာရာလမ်းများကိုလည်း ပိတ်ဆို့တားဆီးခဲ့သည်။

ယင်းသို့အစိုးရ၏ပိတ်ဆို့ဟန့်တားမှု များကြောင့် ဘီနဇာဘူတို၏ ခရီးရှည် ချီတက်ကန့်ကွက်ဆန္ဒပြပွဲတွင် ပါဝင်ထောက်ခံဆင်နွှဲလိုမှု လျော့နည်းလာသည့်အလျောက် ဝန်ကြီးချုပ်ရှရစ်ဖ်သည် ဘူတိုအား ကရာချိမှ ရာဝါလ်ပင်ဒီသို့ ထွက်ခွာမည့်ရထားကို စီးနင်းလိုက်ပါခွင့်ပြုပြီး ငြိမ်းချမ်းသော နည်းလမ်းဖြင့် လုပ်ဆောင်နေသမျှကာလပတ်လုံး နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုရန် သဘောတူညီမှုတစ်ရပ်ကို အရိပ်အမြွက်ထုတ်ဖော်ပြောကြားခဲ့သည်။ ဘူတိုအား ကရာချိမြို့တောင်ပိုင်းတွင်သာနေထိုင်ရန် ကန့်သတ်ထားသည့် အမိန့်ကိုနိုဝင်ဘာလ နှောင်းပိုင်းတွင် အစိုးရကရုပ်သိမ်းခဲ့သည်။ ယင်းအမိန့်ရုပ်သိမ်းပြီးနောက် ဘူတိုကသူမ၏ အစ္စလာမ္မာဘတ်မြို့သို့ ခရီးရှည်ချီတက်ပွဲကို ပြန်လည်စတင်ရန် ကြေညာခဲ့ပြန်သည်။ ယင်းကြေညာချက်ကြောင့် နိုင်ငံရေးမတည်ငြိမ်မှုထပ်မံဖြစ်ပေါ်လာမည်ကို စိုးရိမ်ပူပန်မှုဖြစ်ပေါ်စေခဲ့သည်။

**အစ္စလာမ္မာဘတ်မြို့သို့ အတိုက်အခံခေါင်းဆောင် ဘီနဇာဘူတို ဦးဆောင်၍ ချီတက်လာမည်ကို ဟန့်တားရန် စစ်သားများ ကင်းလှည့်နေစဉ်**



အခြေအနေများ ယင်းသို့ရှိနေခဲ့ရာမှ အစိုးရသည် နိုင်ငံရေးပြန်လည်သင့်မြတ်မှု ဖြစ်စေရေးအတွက် ဆောင်ရွက်သည့်အနေဖြင့် ပါလီမန်ဆိုင်ရာ နိုင်ငံခြားဆက်ဆံရေးကော်မတီ အကြီးအကဲအဖြစ် ဘီနာဇာဘူတိုအား ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ရွေးချယ်ခန့်အပ်ခဲ့သည်။ ဘူတိုက ယင်းခန့်အပ်မှုကိုလက်ခံပြီး အပြုသဘောဆောင်သည့် လုပ်ဆောင်မှုဖြစ်သည်ဟု ပြောကြားခဲ့သည်။ သို့ရာတွင် အမျိုးသားလွှတ်တော်အနေဖြင့် အတုအယောင်သာဖြစ်ပြီး အစိုးရအဖွဲ့မှာလည်း ရွေးကောက်ပွဲမသမာမှုဖြင့် တက်လာသောအဖွဲ့သာဖြစ်သည်ဆိုသည်ကိုမူ ဘီနာဇာဘူတိုက ဆက်လက်စွဲကိုင်ထားသည်။

ဘီနာဇာဘူတိုအား ပါလီမန်ဆိုင်ရာ နိုင်ငံခြားဆက်ဆံရေးကော်မတီအကြီးအကဲအဖြစ် ခန့်အပ်ပြီးမရှေး မနှောင်းဆိုသလိုပင် ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ဘူတို၏ခင်ပွန်းဖြစ်သူ အဇစ်အလီဇာဒါရီအားအာမခံဖြင့် အကျဉ်းထောင်မှလွှတ်ပေးခဲ့သည်။ ဇာဒါရီသည်နှစ်နှစ်တိုင်ထောင်ဒဏ်ကျခံခဲ့ပြီးဖြစ်သည်။ ၄င်းမှာပြစ်ချက် ၁၂ ချက်ဖြင့်စွဲချက်တင်ကာ ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ၄င်းအားလွှတ်ပေးပြီး နောက်တစ်နေ့တွင် ဇနီးဖြစ်သူထံနှင့်လန်ဒန်မြို့တွင်ရှိသော နောက် ထပ်မွေးဖွားခဲ့သည့်သမီးငယ်ထံသို့ သွားရောက်လည်ပတ်ခွင့်ပြုခဲ့သည်။ ဤလုပ်ရပ်ကိုအစိုးရအဖွဲ့နှင့် အတိုက်အခံပါတီဖြစ်သည့် ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ) တို့အကြား ပြန်လည်သင့်မြတ်လာမှု၏ သာဓကတစ်ရပ် အဖြစ် နိုင်ငံရေးလေ့လာသုံးသပ်သူများက သဘောထားကြသည်။

ဝန်ကြီးချုပ်နာဝပ်ဇ်ရှရစ်ဖ်ကလည်း ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ဆင်းပြည်နယ်တောင်ပိုင်းဒေသအတွက် မြေယာပြုပြင်ပြောင်းလဲရေးစနစ်သစ်ကို ကြေညာခဲ့သည်။ ယင်းစနစ်သစ်အရ မြေယာမဲ့တောင်သူလယ်သမားမိသားစု ၃၀,၀၀၀ ခန့်တို့အား မြေဧက ၁၆ ဧကစီကို ခွဲဝေချထား လုပ်ကိုင်ခွင့် ပြုမည်ဖြစ်သည်။ ယင်းလုပ်ဆောင်မှုကို ဆင်းပြည်နယ်အတွင်းပိုင်းရှိ လယ်သမားထုအတွင်း လုံခြုံမှုနှင့် ယုံကြည်မှုကိုဖြစ်စေသည့် တော်လှန်ရေး လုပ်ဆောင်မှုတစ်ရပ်အဖြစ် ရှရစ်ဖ်ကကြိုဆို ထောက်ခံသည်။ ဆင်းပြည်နယ် ကျေးလက်ဒေသတွင် ဓားပြတိုက်မှုများနှင့်ဆူပူတိုက်ခိုက်မှု များကိုထိန်းချုပ်ရန် စစ်ဟပ်ကစစ်ဆင်ရေးဆင်နွှဲခဲ့ပြီးနောက် ယခုကဲ့သို့မြေယာပြုပြင်ပြောင်းလဲရေးစနစ်သစ်ကို အကောင်အထည်ဖော် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ဘာသာရေးလူနည်းစု မျိုးနွယ်များအတွက် ဘာသာရေးကိုးကွယ်ဆည်းကပ်ရာ နေရာများ ကာကွယ်စောင့်ရှောက်ခြင်းဆုံးဖြတ်ချက်ကို အမျိုးသားလွှတ်တော်ကတစ်ညီတစ်ညွတ်တည်း အတည်ပြု ချမှတ်ခဲ့သည်။ အိန္ဒိယနိုင်ငံအယောဓ္ဓယရှိမူဆလင် ဘာသာဝင်တို့၏ ပလီကျောင်းအား ဟိန္ဒူဘာသာဝင်တို့က အကြမ်းဖက်ဝင်ရောက်ဖျက်ဆီးခဲ့ရာမှ အကြောင်းပြု၍ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ပါကစ္စတန်နိုင်ငံရှိဟိန္ဒူဘုရားဝတ်ပြု ကျောင်းများ အကြမ်းဖက်တိုက်ခိုက်ခြင်းခံခဲ့ရသည်။ ယင်းကိုကာကွယ်နိုင်ရန် ယခုကဲ့သို့ဆောင်ရွက်လိုက်ခြင်း ဖြစ်သည်။ ( အိန္ဒိယနိုင်ငံ – ရှု )

ဤသို့အခြေအနေများ တိုးတက်ဖြစ်ပေါ်လျက်ရှိနေခဲ့ရာမှ ၁၉၉၃ ခုနှစ်၊ မတ်လနှောင်းပိုင်းတွင် အစိုးရအဖွဲ့ အတွင်းမှဝန်ကြီးများရှေ့ဆင့်နောက်ဆင့်ဆိုသလိုနုတ်ထွက် ခဲ့ကြသည်။ စီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးနှင့် မြို့ပြရေးရာဝန်ကြီးတို့သည် ၄င်းတို့အနေဖြင့် မူဆလင် အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ရှရစ်ဖ်အား လျာထားသတ်မှတ် ခြင်းကို ဆန့်ကျင်ကြောင်းပြောကြားပြီး မတ်လ ၂၈ ရက်နေ့တွင် နုတ်ထွက်ခဲ့သည်။ မူဆလင်အဖွဲ့ချုပ်ဥက္ကဋ္ဌ မိုဟမ္မက် ခန် ဂျူနေဂျိုကွယ်လွန်သွားရာ ယင်း၏နေရာကိုဆက်ခံရန် ရှရစ်ဖ်အားလျာထားသတ်မှတ်ခြင်းဖြစ်သည်။ ဂျူနေဂျို သည်မူဆလင်အဖွဲ့ချုပ်ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ၁၉၈၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိပါကစ္စတန်နိုင်ငံဝန်ကြီးချုပ် အဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့သူဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၆–စာ၊ ၂၁၈–ရှု။) (စွယ်စုံ နှစ်ချုပ် ၁၉၈၇–စာ၊ ၂၀၄–ရှု။ ) မတ်လ၃၁ ရက်နေ့တွင်လည်း ဇာကက် ( မူဆလင် လူနည်းစု) ဆိုင်ရာ ပြည်နယ်ဝန်ကြီးက ဝန်ကြီးချုပ်ရှရစ်ဖ်နှင့် သမ္မတဂူလမ်အစ်ရှတ်ခန်တို့အကြား သဘောထားကွဲလွဲမှုများတွင် ၄င်းအနေဖြင့် သမ္မတဘက်မှ ထောက်ခံမည်ဖြစ်ကြောင်း ကြေညာပြီး အစိုးရအဖွဲ့မှ နုတ်ထွက်သွားခဲ့သည်။

တစ်ဖက်တွင် သမ္မတဂူလမ်အစ်ရှတ်ခန်ကလည်း နောက်ထပ်သမ္မတသက်တမ်းပြန်လည်ရွေးခံရေးအတွက် ထောက်ခံမှုရရှိရန် စည်းရုံးလှုပ်ရှားခဲ့သည်ဟုဆိုသည်။ ဇန်နဝါရီလက ဗိုလ်ချုပ်ကြီး အဗ္ဗဒူဝါဟိဒ်ကာကားအား တပ်မတော်ဦးစီးချုပ်အဖြစ် သမ္မတခန်က ခန့်အပ်ခဲ့ရာ သမ္မတအဖြစ်ပြန်လည်အရွေးခံနိုင်ရန် ရည်ရွယ်၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပုံပေါ်သည်။ ဗိုလ်ချုပ်ကြီး အဗ္ဗဒူ ဝါဟိဒ် ကာကား သည် သမ္မတ၏ ဩဇာအာဏာကို လျှော့ချရန် လုပ်ဆောင်ချက်အား ဆန့်ကျင်သည်ဟုဆိုသည်။

အခြားတစ်ဖက်တွင် ဝန်ကြီးချုပ်ရှရစ်ဖ်က သမ္မတ၏ အုပ်ချုပ်ရေးအာဏာကို လျှော့ချရန်ကြိုးပမ်းလျက်ရှိနေ

ခဲ့သည်။ ၁၉၈၅ ခုနှစ်က သမ္မတဇီယာအုလ်ဟက် ပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်ရှစ်ကို ပယ်ဖျက်ခြင်းအားဖြင့် သမ္မတ၏ အာဏာကို လျှော့ချရန် ရှရစ်ဖ်က ကြိုးပမ်းနေသည်။ အဆိုပါဖွဲ့စည်းပုံ ဥပဒေ ပြင်ဆင်ချက်အရ ဝန်ကြီးချုပ်အပေါ် သမ္မတက လွှမ်းမိုးမှု ရှိနေသည်။ ယင်းဥပဒေကို အသုံးချကာ ၁၉၈၈ ခုနှစ်၊ မေလနှင့် ၁၉၉၀ပြည့်နှစ်၊ ဩဂုတ်လတွင် ရွေးချယ်တင်မြှောက်ထားသော အစိုးရအဖွဲ့များကို သမ္မတက ဖြုတ်ချခဲ့သည်။

သမ္မတနှင့် ဝန်ကြီးချုပ်တို့အကြား ဤသို့အားပြိုင်မှု ရှိနေခဲ့ရာမှ သမ္မတဂူလမ်အစ်ရှတ်ခန်သည် အငြင်းပွားချက် ရှိနေသည့် ဖွဲ့စည်းပုံဥပဒေပြင်ဆင်ချက် ရှစ် အရ အပ်နှင်းထားသော သမ္မတ၏အာဏာကို အသုံးချလျက် ဝန်ကြီးချုပ် နာဝပ်ဇ်ရှရစ်ဖ်၏ အစိုးရအဖွဲ့အား ဧပြီလ ၁၈ ရက်နေ့တွင် ဖြုတ်ချခဲ့သည်။ သမ္မတခန်က ရှရစ်ဖ်အစိုးရ အဖွဲ့မှာ နိုင်ငံတော် ရန်ပုံငွေများကို အလွဲသုံးစား ပြုခဲ့ခြင်းများနှင့် အတိုက်အခံနိုင်ငံရေးသမားများအား အကြမ်းဖက် နှိမ်နင်းခဲ့ခြင်းများရှိခဲ့သည်ဟု စွပ်စွဲပြောကြားခဲ့သည်။ သမ္မတက အမျိုးသားလွှတ်တော်ကို ဖျက်သိမ်းခဲ့ပြီး ရွေးကောက်ပွဲသစ်များကျင်းပပေးမည်ဟု ကတိပြုပြောကြားခဲ့သည်။ ကြားဖြတ်အစိုးရဝန်ကြီးချုပ်အဖြစ် ဘာလ်ခ်ရှာ မာဇာရီအား ခန့်အပ်ခဲ့သည်။

ရှရစ်ဖ်ကလည်း ၎င်းနှင့်၎င်း၏အစိုးရအဖွဲ့အားဖြုတ်ချခြင်းမှာ တရားမဝင်ကြောင်းနှင့် ၎င်းအား စွပ်စွဲထားမှုများ အတွက် ရုံးတော်တွင် ရင်ဆိုင်ပြီးအနိုင်အမာ တင်ပြသွားရန် ပြောကြားခဲ့သည်။ ထို့ပြင် ရှရစ်ဖ်က ၎င်းအား ဖြုတ်ချခြင်း အားခုခံတိုက်ခိုက်ရန်အတွက်နိုင်ငံအနှံ့ ဆန္ဒပြပွဲများဆင်နွှဲ သွားမည်ဟုဧပြီလ ၁၉ ရက်နေ့တွင် ခြိမ်းခြောက်ပြောကြား ခဲ့သည်။ ဧပြီလ၂၀ရက်နေ့တွင် ၎င်းနေထိုင်ရာ ဒေသ ဖြစ်သည့်ပန်ဂျပ်ပြည်နယ်တွင် ၎င်းအားထောက်ခံသူများက ၂၄ နာရီအထွေထွေသပိတ် ဆင်နွှဲရန် စည်းရုံးလှုပ်ရှား ခဲ့သည်။

ကြားဖြတ်အစိုးရအဖွဲ့တွင် ဖက်ဒရယ်ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့် ပါကစ္စတန် ပြည်သူ့ပါတီ (ပီပီပီ) အပါအဝင် ပါကစ္စတန် မွတ်စလင်အဖွဲ့ချုပ် (ပီအမ်အယ်)၏ အုပ်စုများမှ ထည့်သွင်းထားသည့် အထူးအကြံပေး ပုဂ္ဂိုလ်များပါဝင်ပေသည်။ ကြားဖြတ်အစိုးရ ဝန်ကြီးချုပ် မာဇာရီသည် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ရရှိရန် လုပ်ဆောင်ရာတွင် ၎င်းအနေဖြင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပရေးကို လည်းကောင်း၊ ယခင်အစိုးရဟောင်း၏ မှားယွင်းသော လုပ်ရပ်များကြောင့် ဖြစ်ပေါ်ခဲ့သည့် ဒဏ်ရာဒဏ်ချက်များ ပျောက်ကင်းရေးကိုလည်းကောင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။ ထို့ပြင်နိုင်ငံရေး ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်မှုများကိုအဆုံးသတ်သွားစေရန် ဆောင်ရွက်သွားမည်ဟုလည်း ပြောကြားခဲ့သည်။

ဧပြီလကုန်ပိုင်းတွင် အသစ်ပေါ်ပေါက်လာသည့် ကြားဖြတ်ညွန့်ပေါင်းအစိုးရအဖွဲ့အတွင်းတွင် သဘောထားကွဲမှုများ ပေါ်ထွက်ခဲ့ပြန်သည်။ ဘီနဇီရဘူတိုအနေဖြင့် ကြားဖြတ်အစိုးရအဖွဲ့မှာ ရွေးကောက်ပွဲသစ်များကျင်းပရေး အတွက် ဦးတည်လုပ်ဆောင်သွားရမည် ဖြစ်ကြောင်း ပြောကြားပြီး သူမ၏ပါတီမှ ပုဂ္ဂိုလ်များကို ကြားဖြတ်အစိုးရ အဖွဲ့တွင် ပါဝင်စေခဲ့ခြင်းဖြစ်သည်။ အကယ်၍ ပြည်နယ် လွှတ်တော်လေးခုကို ဖျက်သိမ်းခြင်းမပြုပါက သူမ၏ ထောက်ခံမှုကို ရုပ်သိမ်းရမည်ဟု ခြိမ်းခြောက်ပြောကြား ခဲ့သည်။ သမ္မတခန်အနေဖြင့် ဤတောင်းဆိုချက်ကို လိုက်လျောရန် တွန့်ဆုတ်၍နေပေသည်။ အကြောင်းမှာ သမ္မတရာထူး သက်တမ်းသစ်အတွက် ပြန်လည်ရွေးချယ် ခံသည့်အခါ အဆိုပါပြည်နယ်လေးခုအနက် သုံးခု၏အစိုးရ အဖွဲ့များက ၎င်းအားထောက်ခံမည်ဟု ယုံကြည်ယူဆ ထားသောကြောင့် ဖြစ်သည်။

ဤသို့ရှိနေစဉ် နိုင်ငံရေးအခြေအနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့ပြန်သည်။ ပါကစ္စတန်နိုင်ငံ တရား လွှတ်တော်ချုပ်က နာဝပ်ဇ်ရှရစ်ဖ်၏ အစိုးရအဖွဲ့ကို မေလ ၂၆ ရက်နေ့တွင် ပြန်လည်ခန့်အပ်ခဲ့သည်။ အမျိုးသား လွှတ်တော် (ဥပဒေပြု အောက်လွှတ်တော်) ကို သမ္မတက ဖျက်သိမ်းခြင်းအား တရားလွှတ်တော်ချုပ်က ပြန်လည် ပယ်ဖျက်ခဲ့သည်။

ရာထူးမှဖြုတ်ချခြင်းခံရသည့် နာဝပ်ဇ်ရှရစ်ဖ်၏အယူခံ လွှာကို ရက်သတ္တသုံးပတ်ကြာ ကြားနာပြီးနောက် တရားလွှတ်တော်ချုပ် တရားသူကြီး ၁၁ ဦးအနက် ၁၀ ဦး၏ ထောက်ခံမှုဖြင့် ယခုကဲ့သို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်တွင် ဧပြီ ၁၈ ရက် နေ့က ထုတ်ပြန်ခဲ့သော သမ္မတ၏အမိန့်သည် သမ္မတအား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့် အာဏာဘောင်ထက် ကျော်လွန်ပြီး ဥပဒေနည်းလမ်းမကျသည့် အာဏာဖြင့် လုပ်ဆောင် ခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်းဖြင့် ဖော်ပြ ထားသည်။

တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်ကို သမ္မတခန် အား ပြင်းထန်သည့် ထိုးနှက်ချက်တစ်ခုအဖြစ် ရှုမြင် သုံးသပ်ကြသည်။ သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူက တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်ကို လေးစား လိုက်နာမည်ဖြစ်ကြောင်း ပြောကြားကာ အာမခံချက် ပေး လိုက်သည်။ နာဝပ်ဇ်ရှရစ်ဖ် ကလည်း ဤဆုံးဖြတ်ချက်မှာ

ပါကစ္စတန်နိုင်ငံ သမိုင်းတွင်အရေးပါသည့်သမိုင်းမှတ်တိုင် တစ်ခုဖြစ်ကြောင်းဖြင့် ထုတ်ဖော်ပြောကြားခဲ့သည်။ ဤသို့ဖြင့် သမ္မတခန်က ခန့်အပ်ခဲ့သော ကြားဖြတ်အစိုးရ အဖွဲ့ကို ဖယ်ရှားပြီး ဇူလိုင်လ ၁၄ ရက်နေ့တွင် အထွေထွေ ရွေးကောက်ပွဲများကျင်းပရန် သတ်မှတ်ထားခြင်းကိုလည်း ပယ်ဖျက်ခဲ့သည်။

ဘီနဇာဘူတိုအနေဖြင့် သူမနှင့်သူမ၏ အစိုးရ အဖွဲ့ကို ၁၉၉၀ ပြည့်နှစ် ၊ ဩဂုတ်လက သမ္မတခန်က ဖြုတ်ချခဲ့လင့်ကစား ရှရစ်ဖ်နှင့်ခန်တို့နှစ်ဦးအကြားပဋိပက္ခဖြစ်ပွားမှုတွင် ရှရစ်ဖ်က သူ၏ဘက်မှနေ၍ထောက်ခံရန် ဘူတိုအား ပန်ကြားခဲ့ရာ ဘူတိုကငြင်းပယ်ခဲ့သည်။ ယင်းအစား ရှရစ်ဖ် အားသမ္မတခန်က ရာထူးမှဖြုတ်ချခြင်းကိုပင် ဘူတို၏ ပါကစ္စတန်ပြည်သူ့ပါတီကထောက်ခံခဲ့သည်။ အကြောင်းမှာ ၁၉၉၀ပြည့်နှစ်၊ အောက်တိုဘာ ရွေးကောက်ပွဲတွင် နာဝပ်ဇ် ရှရစ်ဖ် ဦးဆောင်သော အစ္စလာမ်မ္မစ် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ ( အိုင် ဒီ အေ) သည် မဲလိမ်မှုဖြင့် မတရားသဖြင့် အနိုင်ရရှိခဲ့ခြင်းနှင့် ပါကစ္စတန် နိုင်ငံတွင် ပြည်သူကို ကိုယ်စားပြုမည့် အစိုးရအဖွဲ့ ပေါ်ပေါက်ရေးအတွက် တရားမျှတသည့် ရွေးကောက်ပွဲအသစ် ကျင်းပရန် အရေးတကြီး လိုအပ်လျက်ရှိခြင်း အစရှိသည့် အချက်များ အပေါ်တွင် အခြေခံကာ ဆုံးဖြတ်ခဲ့သောကြောင့်ဖြစ်သည်။

မေလကုန်ပိုင်းတွင် ပါကစ္စတန်နိုင်ငံ၏ နိုင်ငံရေး အခြေအနေမှာ ဆက်လက်လှုပ်ရှားလျက်ပင် ရှိသော်လည်း အာဏာရပါတီဖြစ်သည့် အစ္စလာမ်မ္မစ် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (အိုင်ဒီအေ)နှင့် အတိုက်အခံပါတီဖြစ်သော ပါကစ္စတန်ပြည်သူ့ပါတီ ( ပီပီပီ) တို့အကြား သင့်မြတ်မည့် အရိပ်လက္ခဏာများ ဖြစ်ပေါ်ခဲ့သည်။ ပီပီပီ ပါတီက ရွေးကောက်ပွဲအသစ်များ ကျင်းပပေးရန် ဆက်လက် တောင်းဆိုလျက်ရှိနေပြီး ရှရစ်ဖ်က ဘူတိုအားတွေ့ဆုံ ဆွေးနွေးရန် ချိုသာယဉ်ကျေးပြေပြစ်သော စကား အသုံးအနှုန်းများဖြင့် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။ ပီပီပီ ပါတီခေါင်းဆောင် ဘူတိုထံမှ အပြုသဘောဆောင်သည့် တုံ့ပြန်ချက်ကို ရရှိခဲ့သည်။

ဤသို့နိုင်ငံရေး ပြန်လည်သင့်မြတ်မှု ရရှိရေး တိုးတက် ဖြစ်ပေါ်နေဆဲမှာပင် ဘီနဇာဘူတိုထံမှ စွပ်စွဲချက်ထွက်ပေါ် ခဲ့ပြန်သည်။ ၁၉၉၃-၉၄ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်နှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် (အောက်လွှတ်တော်) အစည်းအဝေးဖွင့်လှစ်ရာ ဘီနဇာဘူတိုက သူမမှာ အစိုးရထောက်လှမ်းရေးအဖွဲ့၏ ထောက်လှမ်းမှုကို ခံနေရပြီးသူမနှင့်သူမမိသားစု၏ တယ်လီဖုန်းလိုင်းများ မှာလည်း ခိုးယူနားထောင်ခြင်း ခံနေရကြောင်း၊ စာပေး စာယူအဆက်အသွယ်များကိုလည်း စစ်ဆေးဖြတ်တောက် လျက်ရှိကြောင်းဖြင့်စွပ်စွဲပြောကြားခဲ့သည်။ အစိုးရ အနေဖြင့် အချိန်မနှောင်းမီ နိုင်ငံရေးပြဿနာများကို အတိုက်အခံပါတီများနှင့် အမြန်ညှိနှိုင်း ဖြေရှင်းရန်ကို ဘီနဇာဘူတိုက တိုက်တွန်းပြောကြားခဲ့သည်။

ဝန်ကြီးချုပ် နာဝပ်ဇ်ရှရစ်ဖ်သည် သမ္မတခန်က မိမိအား ရာထူးမှ ဖြုတ်ချခဲ့လင့်ကစား ၎င်းနှင့်ဆက်ဆံရေး ပြန်လည် သင့်မြတ်ရေးကို ကြိုးပမ်းခဲ့သည်။ သို့ရာတွင် သမ္မတခန် ဘက်မှ တုံ့ပြန်ချက်မရရှိခဲ့သဖြင့် ရှရစ်ဖ်မှာ မကျေမနပ် ဖြစ်ခဲ့ရသည်။

ဇွန်လ ၂၀ ရက်နေ့တွင် အမျိုးသားလွှတ်တော်က သမ္မတ၏ အာဏာဖြတ်တောက် လျှော့ချရေးနှင့် စပ်လျဉ်းပြီး ထောက်ခံတင်ပြရေးအတွက် ကော်မတီတစ်ရပ်ဖွဲ့စည်း ထူထောင်ရန်ကို ဆုံးဖြတ်ခဲ့သည်။ သဘောထားကွဲလွဲမှုများ ကိုဖြေရှင်းရန် မည်သည့်အချိန်တွင်မဆို ရှရစ်ဖ်နှင့် တွေ့ဆုံညှိနှိုင်း ဆောင်ရွက်ရန် အသင့်ရှိကြောင်း ဇွန်လ ၁၈ ရက်နေ့က သတင်းစာတွေ့ဆုံမေးမြန်းခန်း တစ်ခုတွင် သမ္မတခန်က ပြောကြားပြီးနောက် ယခုကဲ့သို့ လွှတ်တော်၏ ဆုံးဖြတ်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ယင်းဆုံးဖြတ် ချက်ကို ရှရစ်ဖ်က မှန်ကန်သောလုပ်ရပ်တစ်ခုအဖြစ် ကြိုဆိုခဲ့သည်။

ဝန်ကြီးချုပ် ရှရစ်ဖ်နှင့် သမ္မတခန်တို့သည် ၎င်းတို့နှစ်ဦး အကြား ဩဇာအာဏာ ယှဉ်ပြိုင်မှုများကို ညှိနှိုင်းဖြေရှင်းရန် ပထမဆုံးအကြိမ်အဖြစ် ဇွန်လ ၂၈ ရက်နေ့က တွေ့ဆုံခဲ့ သည်။ မိနစ် ၉၀ ကြာ တွေ့ဆုံဆွေးနွေးအပြီး သတင်းထောက် များနှင့် တွေ့ဆုံရာတွင်ရှရစ်ဖ်က ဝေဖန်ပြောဆိုရန် ငြင်းဆိုခဲ့သည်။သမ္မတ၏ ပြောရေးဆိုခွင့် ရှိသူက တွေ့ဆုံ ဆွေးနွေးမှုမှာ နှစ်ဦးနှစ်ဖက် သင့်မြတ်ရေးအတွက် အလားအလာကောင်းစေခဲ့သည်ဟု ပြောကြားခဲ့သည်။

ဤသို့ရှိနေစဉ် ပါကစ္စတန်နိုင်ငံလူဦးရေ သန်း ၁၂၀ ၏ ၆၀ ရာခိုင်နှုန်း နေထိုင်ရာဒေသဖြစ်သည့် ပန်ဂျပ်ပြည်နယ် တွင် အရေးပေါ်အုပ်ချုပ်ရေးကို ဝန်ကြီးချုပ်ရှရစ်ဖ်က ဇွန်လ ၃၀ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့သည်။ ယင်းသို့ဆောင်ရွက် ရခြင်း၏ အကြောင်းရင်းမှာ ယင်းပြည်နယ်ရှိအစိုးရဝန်ထမ်း လစာများအပါအဝင် အခြားငွေစာရင်းများ အတွက် ပေးချေရန် ဘတ်ဂျက်မရှိတော့သည့် အခြေအနေသို့ ရောက်သွားသောကြောင့်ဖြစ်သည်။ ယင်းအရေးနှင့် စပ်လျဉ်းပြီး စစ်ဘက်ထိပ်တန်း အရာရှိကြီးများကလည်း ဇူလိုင်လ ၁ ရက်နေ့တွင် အရေးပေါ်အစည်းအဝေး ပြုလုပ် ခဲ့သည်။ နိုင်ငံရေးယှဉ်ပြိုင်တိုက်ခိုက် နေမှုများတွင်

စစ်တပ်အနေဖြင့် ပါဝင်ခြင်းမရှိဘဲ ကင်းကင်းရှင်းရှင်း နေမည်ဖြစ်ကြောင်း ဇူလိုင်လ ၃ ရက်နေ့တွင် စစ်တပ်က ကြေညာခဲ့သော်လည်း ပြည်သူလူထုအများစုမှာ စစ်ဘက်က ဝင်ရောက်စွက်ဖက်လာမည်ကို စိုးရိမ်ပူပန်မှု ရှိနေကြသည်။ ၄၇ နှစ် ကြာမြင့်ခဲ့ပြီဖြစ်သော ပါကစ္စတန်နိုင်ငံသမိုင်းတွင် စစ်တပ်က ၂၅ နှစ်ကြာနိုင်ငံ ကို အုပ်ချုပ်ခဲ့ပြီးဖြစ်သည်။

ပီပီပီ ပါတီခေါင်းဆောင် ဘူတိုအပါအဝင် အခြား အတိုက်အခံ နိုင်ငံရေးပါတီများကလည်း ရွေးကောက်ပွဲများ ကျင်းပပေးရန် တောင်းဆိုနေခဲ့သည်။ ရှရစ်ဖ်ကလည်း ရွေးကောက်ပွဲကျင်းပပေးမည့်နေ့ရက်ကိုသတ်မှတ်မပေးဘဲ နေခဲ့သည်။ ရှရစ်ဖ်အနေဖြင့် ယင်း၏အစိုးရအဖွဲ့သက်တမ်း ကုန်သည်အထိဆက်လက်အုပ်ချုပ်သွားရန် ဆန္ဒရှိနေသည်။ တပ်မတော်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဝါဟိဒ်က သမ္မတခန်နှင့် ပြဿနာဖြစ်နေမှုကို အဆုံးသတ်ရန် သို့တည်းမဟုတ် အမျိုးသားလွှတ်တော်ဖျက်သိမ်းရန်ကို ရှရစ်ဖ်အား အကြံပြုခဲ့သည်။

ဘီနဇီရ်ဘူတိုကလည်း နိုင်ငံရေးပြဿနာများကိုဖြေရှင်း နိုင်ရန်အတွက် ဆောင်ရွက်သင့်သည့် အချက် သုံးချက်ကို ရှရစ်ဖ်အားတင်ပြထားသည်။ ယင်းတို့မှာ အမျိုးသား အစိုးရအဖွဲ့စည်းခြင်း၊ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းနှင့် ရွေးကောက်ပွဲများ ကျင်းပခြင်း တို့ဖြစ်သည်။ အကယ်၍ သူမတင်ပြထားသည့် နည်းလမ်း များကို ပယ်ချမည်ဆိုပါက သူမအား ထောက်ခံသူများကို ဦးဆောင်ကာ နိုင်ငံအဝှမ်းလမ်းမများပေါ်သို့ထွက်၍ဆန္ဒပြ ကန့်ကွက်ခြင်းဖြင့် ရှရစ်ဖ်အစိုးရကိုဖြုတ်ချမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည်။ အစ္စလာမ်မာဘတ်မြို့သို့ ချီတက် ဆန္ဒပြရန်ကိုပင် ကြံစည်ခဲ့သည်။ နိုင်ငံ၏လုံခြုံရေးကို အလေးထားစဉ်းစားရန် စစ်တပ်ကကြားဝင် မေတ္တာရပ်ခံ သည့်အတွက်ဘူတိုကသူမ၏အစီအစဉ်ကို ရွှေ့ဆိုင်းလိုက် သည်။

ဆက်တိုက်ဆိုသလိုပင် နိုင်ငံရေးအခြေအနေများ ဆက်လက် ပြောင်းလဲခဲ့သည်။ စစ်ဘက်နှင့် ဘီနဇီရ်ဘူတို ခေါင်းဆောင်သည့်အတိုက်အခံများ၏ဖိအားပေးမှုကြောင့် ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်သည် ဇူလိုင်လ ၁၈ ရက်နေ့တွင် ရာထူးမှနုတ်ထွက်ပြီး အမျိုးသားလွှတ်တော်ကို ဖျက်သိမ်းခဲ့ သည်။ သမ္မတဂူလမ်အစ်ရှတ်ခန်သည်လည်း စစ်ဘက်မှ ကြားဝင်စေ့စပ်ပေးသည့် သဘောတူညီချက်အရ ယင်းနေ့မှာပင် ၎င်း၏နုတ်ထွက်လွှာကို တင်သွင်းခဲ့သည်။ ဤသို့သဘောတူညီချက် ရရှိအောင် တပ်မတော် ဦးစီးချုပ်ဗိုလ်ချုပ်ကြီး အဗ္ဗဒူဝါဟိဒ်က သမ္မတနှင့် ဝန်ကြီးချုပ်တို့နှစ်ဦးအကြား စေ့စပ်ခဲ့ခြင်းဖြစ်သည်။ ဤသို့ဖြင့်ရွေးကောက်ပွဲ မကျင်းပမီ ဝန်ကြီးချုပ်အဖြစ်



အိမ်စောင့်အစိုးရဝန်ကြီးချုပ် မိုအင်းကွာရိရှိ

မိုအင်ကွာရိရှိ ဦးဆောင်သည့် အိမ်စောင့်အစိုးရအဖွဲ့ တက်လာခဲ့သည်။ မိုအင်းကွာရိရှိသည် ကမ္ဘာ့ဘဏ် ဒုဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သူဖြစ်သည်။ ရွေးကောက်ပွဲများ ကိုလည်း အောက်တိုဘာလ ၆ ရက်နေ့တွင် ကျင်းပရန် သတ်မှတ်ခဲ့သည်။

ဤအခြေအနေတွင် ဘီနဇီရ်ဘူတိုနှင့်မောင်နှမတော်သူ ပြည်ပတွင်ခိုလှုံလျက်ရှိသည့် မာတာဇာဘူတိုက တစ်သီး ပုဂ္ဂလအဖြစ် လာမည့်ရွေးကောက်ပွဲတွင် ပါဝင်အရွေးခံမည် သတင်းပေါ်ပေါက်ခဲ့သည်။ မာတာဇာသည် ၁၉၇၇ ခုနှစ်တွင် ၎င်း၏ ဖခင်ဝန်ကြီးချုပ် ဇူဖီကာအလီဘူတို အစိုးရအား စစ်ဘက်က အာဏာသိမ်းပြီး ဖြုတ်ချသောအခါ ပါကစ္စတန်နိုင်ငံမှ ထွက်ပြေးခဲ့သည်။ ဆီးရီးယားနိုင်ငံတွင် ခိုလှုံနေခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း ဇူဖီကာအလီဘူတို မှာလည်း အတိုက်အခံနိုင်ငံရေးသမား တစ်ဦးအား သတ်ဖြတ်ရန် ပူးပေါင်းကြံစည်သည့် ပြစ်မှုဖြင့် သေဒဏ် ချမှတ်ခံရပြီးကွပ်မျက်ခံခဲ့ရသည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၉-၈၀၊ ၁၈၄-၅)

မာတာဇာဘူတိုအနေဖြင့် ကောက်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ရန်အတွက်ပါကစ္စတန်နိုင်ငံသို့ပြန်လာနိုင်ကြောင်း၊ သို့ရာတွင် ရာဇဝတ်ပြစ်မှုများကို ရင်ဆိုင်ရန်ရှိကြောင်းဖြင့် အိမ်စောင့်အိမ်စောင့်အစိုးရဝန်ကြီးချုပ် မိုအင်းကွာရိရှိက စက်တင်ဘာလ ၁ ရက်နေ့တွင် ပြောကြားခဲ့သည်။

မာတာဇာဘူတိုမှာ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့မှုဖြင့် ပါကစ္စတန်နိုင်ငံက အလိုရှိနေသူ တစ်ဦးဖြစ်သည်။ ၄င်းအားလွတ်ငြိမ်းချမ်းသာခွင့်ပေးရန်ကို ကွာရီရှီအား တောင်းဆိုထားသည်။

ဝန်ကြီးချုပ် မိုအင်းကွာရီရှီ ခေါင်းဆောင်သည့် အိမ်စောင့်အစိုးရအဖွဲ့သည် အမျိုးသမီးများအတွက် လွှတ်တော်နေရာများ ပြန်လည်ထားရှိရေးကို ဆောင်ရွက်ခဲ့သည်။ ပါလီမန်အမတ်နေရာများတွင် အမျိုးသမီးများ ပါဝင်ခွင့်ကို ဖျက်သိမ်းသည့် ၁၉၉၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်အားပြင်ဆင်၍ အမျိုးသမီးများအတွက် အထူးပါလီမန်အမတ်နေရာများ လျာထားသတ်မှတ်ပေးသည့် ဥပဒေကြမ်းကို ပါကစ္စတန် အိမ်စောင့်အစိုးရအဖွဲ့က စက်တင်ဘာလ ၂၇ ရက်နေ့တွင် အတည်ပြုပေးလိုက်သည်။ ယင်းဥပဒေကြမ်းအရ အမျိုးသားလွှတ်တော်ခေါ် အောက်လွှတ်တော်တွင် အမျိုးသမီးများအတွက် နေရာ ၂၀ နှင့် ပြည်နယ်လွှတ်တော် လေးခုတွင် တစ်ခုစီတွင် အမျိုးသမီးကိုယ်စားလှယ် ငါးရာခိုင်နှုန်းစီ ခွင့်ပြုထားသည်။

ဤသို့ဖြင့် ပါကစ္စတန် နိုင်ငံ၏ ပါလီမန်ရွေးကောက်ပွဲများကို ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ကျင်းပခဲ့ရာ ဘီနဇီယာဘူတို ဦးဆောင်သည့် ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ) အကြိတ်အနယ်ယှဉ်ပြိုင်ပြီး အနိုင်ရရှိခဲ့သည်။ သို့ရာတွင်အမတ်ဦးရေအများစု ပြတ်ပြတ်သားသား မရရှိဘဲ ပွတ်ကာသီကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဘီနဇာဘူတိုသည် ဝန်ကြီးချုပ်ရာထူး ပြန်လည်ရရှိရန်အတွက် အခြားပါတီများနှင့် ပူးပေါင်းကာ ညွန့်ပေါင်းအစိုးရဖွဲ့စည်းရမည့် အခြေအနေတွင်ရှိနေခဲ့သည်။

အမတ်နေရာ ၂၁၇ နေရာရှိသော ပါလီမန်အတွက် ကျင်းပသောရွေးကောက်ပွဲတွင် ဘူတို၏ (ပီပီပီ )ပါတီက အမတ်နေရာ ၈၅ နေရာရရှိခဲ့သည်။ ဘူတို၏အဓိကပြိုင်ဘက် ဝန်ကြီးချုပ်ဟောင်း နာဝပ်ဇ်ရှရစ်၏ မူဆလင်အဖွဲ့ချုပ်က ၇၁ နေရာ အနိုင်ရရှိခဲ့သည်။ အခြားပါတီငယ်များက ကျန်အမတ်နေရာများကို ရရှိခဲ့ကြသည်။ ပါကစ္စတန်နိုင်ငံတွင် အစိုးရဖွဲ့နိုင်ရန်အတွက် အမတ်အင်အား ၁၀၉ ဦး ရှိရန်လိုအပ်သည်။

ရွေးကောက်ပွဲပြီးသည့်နောက် အောက်တိုဘာလ ၁၉ ရက်နေ့တွင် စတင်ကျင်းပသည့် အမျိုးသားလွှတ်တော်က ပြည်သူ့ပါတီခေါင်းဆောင် ဘီနဇာဘူတိုအား ဝန်ကြီးချုပ်အဖြစ် ၁၂၁ မဲ၊ ၇၂ မဲ ဖြင့် မဲခွဲရွေးချယ်လိုက်ကြသည်။ ဝန်ကြီးချုပ်သစ် ဘီနဇာဘူတိုသည် ငါးနှစ်တာ သက်တမ်းတာဝန်ထမ်းဆောင်ရန် အတွက် ယင်းနေ့ မွန်းလွဲပိုင်းတွင် ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။ ဘူတို၏အတိတ်သမိုင်းကြောင်းကို ဆန်းစစ်ကြည့်မည်ဆိုပါက ပါကစ္စတန်နိုင်ငံတွင် နိုင်ငံရေးတစ်ကျော့ပြန် အောင်မြင်မှုရရှိလာသည်ဟု ဆိုရပေမည်။

ဦးစိန်ဌေး



ရွေးကောက်ပွဲပြီးနောက် တစ်ကျော့ပြန် ဝန်ကြီးချုပ်ဖြစ်လာသူ ဘီနဇာဘူတို



ပန်းချီဆရာ ပေါ်ဦးသက်

**ပေါ်ဦးသက်(ပန်းချီ) (ခရစ် ၁၉၃၆ – ၁၉၉၃)။ ။**
ပန်းချီဆရာ ပေါ်ဦးသက်ကို အဘ ဦးလှကြီး၊ အမိ ဒေါ်ငွေမတို့က ၁၉၃၆ ခုနှစ်တွင် မန္တလေးမြို့၌ မွေးဖွားခဲ့သည်။ ဖခင်ဖြစ်သူ ဦးလှကြီးသည်အပြင် ပန်းချီလုပ်ငန်းများ လုပ်ကိုင်ရင်း အစိုးရကျောင်းတွင် ပန်းချီနည်းပြဆရာအဖြစ် အမှုထမ်းခဲ့သည်။

ပေါ်ဦးသက်သည် ငယ်စဉ်ကပင် ပန်းချီဝါသနာပါသဖြင့် အသက် ၁၂ နှစ်မတိုင်မီကစ၍ ဖခင်ဖြစ်သူထံမှ ပန်းချီပညာများ စတင်လေ့လာပြီး အသက် ၁၅ နှစ်တွင် မန္တလေး ပန်းချီ အနုပညာရှင်ကြီးများဖြစ်ကြသော ဆရာကြီး ဦးဘသက်၊ ဆရာကြီး ဦးခင်မောင် (ဘဏ်) တို့ထံတွင် ပန်းချီပညာကို စိုက်စိုက်မတ်မတ် မရပ်မနား လေ့လာသင်ယူဆည်းပူးခဲ့သည်။ ကျောင်းနေစဉ်မှာပင်ပြပွဲပြိုင်ပွဲများ၌ ဆုများကို ရရှိခဲ့သည်။ ပေါ်ဦးသက်သည် ၁၉၅၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု (Famous Artist School) မှ ပန်းချီ အနုပညာသင်ဆုကို ရရှိခဲ့သည်။ ယင်း ပန်းချီပညာသင်ဆုမှာ သုံးနှစ်သင်တန်းဖြစ်သော်လည်း ပေါ်ဦးသက်သည် နှစ်နှစ်ခန့်မျှဖြင့် ပင်စာပေးစာယူနည်းဖြင့် သင်ကြားတတ်မြောက်ခဲ့သည်။ ယင်းသင်တန်းတွင် First Grade ပထမအဆင့်ရှိသူဖြစ်ကြောင်း ဆရာများ၏ ကျေနပ်မှတ်တမ်းတင်ခံရသည်။

ပေါ်ဦးသက်သည် အသက် ၂၀ နှစ်မှစ၍ ပန်းချီ အနုပညာအတတ်တစ်ခုတည်းဖြင့်သာ အသက်မွေးဝမ်းကျောင်း ပြုလာခဲ့သူဖြစ်သည်။ ပန်းချီကားများကို ရေးဆွဲခြင်း၊ မန္တလေးမြို့လူထု သတင်းစာနှင့် ရန်ကုန် ကြေးမုံ၊ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာများတွင် အထူးထုတ်မျက်နှာဖုံး သရုပ်ဖော်ပုံများရေးဆွဲခြင်း၊ လူကြိုက်များသော ကာတွန်း များကို ရေးဆွဲခဲ့ခြင်းအပြင် "ဂလိ" ရုပ်ပြောင်စာစောင် ဦးဆောင်တည်ထောင်ခဲ့သူများတွင်လည်း ပါဝင်ခဲ့သူဖြစ်သည်။ ရသ ပန်းချီများကို စဉ်ဆက်မပြတ်ရေးဆွဲခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် အာရှဆိပ်ကမ်း ရေဆေးပန်းချီကား၊ ၁၉၇၅ ခုနှစ်တွင် "ဈေး" အမည်ရှိ ရေဆေး ပန်းချီကားနှင့် မြန်မာနိုင်ငံစာမတတ်သူပပျောက်ရေးလုပ်ငန်းအတွက် "စာအုပ်ဈေးတန်း" ရေဆေး ပန်းချီကားကို ကမ္ဘာ့ကုလသမဂ္ဂသို့ပေးပို့ခဲ့ရာ သူ၏ လက်ရာများကို ကုလသမဂ္ဂရန်ပုံငွေအတွက် Postcard များထုတ်ဝေခဲ့သည်။

ထို့ပြင် ပေါ်ဦးသက်သည် အနောက်နိုင်ငံများမှထုတ်ဝေသော စာအုပ်မျက်နှာဖုံးနှင့် ဒီဇိုင်းများစွာကိုရေးဆွဲခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ရန်ကုန်မြို့၌ အမေရိကန်– မြန်မာနှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်က ကြီးမှူးကျင်းပပြုလုပ်သောပြပွဲတွင် ပန်းချီကား ၅၀ကျော်ဖြင့် တစ်ကိုယ်တော်ပြပွဲ ပြုလုပ်ခဲ့သည်။ ပေါ်ဦးသက်သည် ပုဂံမြို့သို့ ကိုယ်တိုင်ကိုယ်ကြပ်သွားရောက်ခဲ့ပြီး သမိုင်းဆိုင်ရာ မြန်မာမှုသုတေသနပြုချက်များ ပြုလုပ်၍ ပုဂံမြင်ကွင်း အမျိုးမျိုးကိုဆီဆေး၊ ရေဆေးပန်းချီကားများရေးဆွဲခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ရန်ကုန်မြို့၌ အခြေစိုက်နေထိုင်ပြီး ဝတ္ထု–မဂ္ဂဇင်းမျက်နှာဖုံး၊ သရုပ်ဖော်ပုံများနှင့် ဒီဇိုင်းများ ရေးဆွဲခဲ့သည်။ မိုးဝေမဂ္ဂဇင်းနှင့် အခြား စာစောင်မဂ္ဂဇင်း၊ နေ့စဉ်သတင်းစာများတွင်လည်း ပန်းချီအနုပညာနှင့် ပတ်သက်၍ ဆောင်းပါးများကို အခါအားလျော်စွာ ရေးသားခဲ့သည်။

ပေါ်ဦးသက်သည် တက္ကသိုလ်၊ ကောလိပ်နှင့် အနုပညာကျောင်းများ၏ ဖိတ်ကြားချက်အရ ပန်းချီရေးဆွဲနည်းအတတ်ပညာကို ပို့ချပေးခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ကြည့်မြင်တိုင် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းတွင် နွေရာသီ ပန်းချီတစ်လသင်တန်း၌ အချိန်ပြည့် လုပ်အားပေး ပို့ချပေးခဲ့သည်။ ပေါ်ဦးသက်သည် ၁၉၆၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော GALLERY ORIENT ထူထောင်ရာတွင် ပါဝင်ခဲ့၍ ၁၉၇၁ ခုနှစ်တွင် ရန်ကုန်မြို့ ပန်းဆိုးတန်းရှိ လောကနတ်အလှ ပညာဆိုင်ခန်းကို တည်ထောင်သော အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။

လောကနတ်အလှ ပညာဆိုင်ခန်း၌ ၁၉၇၂ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၇၄ ခုနှစ်တွင် တစ်ကြိမ် တစ်ကိုယ်တော် ပြပွဲများပြသခဲ့သည်။ ပေါ်ဦးသက်သည်မြန်မာမှုနှင့် ခေတ်ပေါ် ပန်းချီပေါင်းစပ်ဖန်တီးနိုင်သူဖြစ်ပြီး ထိုပန်းချီလက်ရာများကြောင့် အနောက်တိုင်းပန်းချီလောကတွင် ထင်ရှားသော မြန်မာပန်းချီအနုပညာရှင်တစ်ဦးဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုကောင်စီ အဖွဲ့ဝင်တစ်ဦးအဖြစ် လည်းကောင်း၊ အထက်မြန်မာနိုင်ငံ တတ်ပုံဆုအဖွဲ့ နာယကအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ပေါ်ဦးသက်သည် မန္တလေးမြို့၊ ပဒုမ္မာ ရိပ်မွန်၊ မင်္ဂလာဥယျာဉ်ရပ် နန်းတော်ရှေ့နေအိမ်၌ ၁၉၉၃ ခုနှစ်၊ ဧပြီလ ၁၃ရက်နေ့၌ ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်တင်ကြည်နှင့် သားသုံးယောက်ကျန်ရစ်ခဲ့သည်။

**ပြင် သစ် သမ္မ တ နိုင် ငံ။** ။ပြင်သစ်နိုင်ငံ အထက်လွှတ်တော်သည် ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ၁၉၈၄ ခုနှစ်မှ ၁၉၈၆ ခုနှစ်ထိ ဝန်ကြီးချုပ်ဖြစ်ခဲ့သူ လောရင့်ဖဲဘရစ်နှင့် ဝန်ကြီးအဆင့် ပုဂ္ဂိုလ်နှစ်ဦးအား အေအိုင်ဒီအက်စ် ရောဂါပိုးဝင်စေသော သွေးသွင်းမှုနှင့် ပတ်သက်၍ တာဝန်မကင်းမှုဖြင့် ဥပဒေကြောင်းအရ အရေးယူရန် ထပ်မံဆုံးဖြတ်ခဲ့သည်။ ဖေဖော်ဝါရီလ ၆ ရက်နေ့က ပြင်သစ်တရားခုံရုံးတစ်ရုံးက ဖဲဘရစ်နှင့် အဆိုပါဝန်ကြီး နှစ်ဦးသည် စွပ်စွဲသောပြစ်မှု ဖြစ်ပွားသည့် အချိန်နှင့် ကာလအလွန်အကျွံ အလှမ်းကွာဝေးနေပြီဖြစ်၍ တရားစွဲဆို မခံထိုက်ကြောင်း ဆုံးဖြတ်ခဲ့သည်ကို အထက်လွှတ်တော်က စိမ်ခေါ်ခဲ့ခြင်းပင် ဖြစ်သည်။

ပြင်သစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ပျဲဘယ်ရီဂိုဗွိုင်းအား ၁၉၈၆ ခုနှစ်၊ စက်တင်ဘာလက အတိုးမဲ့ချေးငွေ ဖရန့်ငွေ တစ်သန်း ရယူခဲ့မှုဖြင့် တရားစီရင်စစ်ဆေးခြင်းမပြုရန် တရားရေးဝန်ကြီးဌာနက တားမြစ်ခဲ့သည်။ ယင်းချေးငွေကို လိမ်လည်လှည့်ဖြားရယူခဲ့သည့် အထောက်အထားမတွေ့ရဟု ဆိုသည်။ အတွင်းကျိတ်စီးပွားရှာမှုဖြင့် စွပ်စွဲခံနေရသည့် စက်မှုလုပ်ငန်းရှင် ရော်ဂျာပက်ထရစ်ပီလေးက ပါရီလူနေတိုက်ခန်းတွဲတစ်လုံးဝယ်ယူရေးတွင် ကူညီရန် ဘယ်ရီဂိုဗွိုင်းအား ထိုချေးငွေကိုပေးခဲ့သည်ဟု သတင်းထွက်ခဲ့သည်။ ဒေါ်လာ ၁၈၅,၀၀၀ နှင့် ညီမျှသော ထိုချေးငွေကိုတရားဥပဒေနှင့်အညီ မှတ်ပုံတင်ခဲ့ပြီး ပြန်လည်ပေးဆပ်ပြီးကြောင်းဖြင့် ဘယ်ရီဂိုဗွိုင်းက ထုချေခဲ့သည်။ ပီလေး၏အမှုတွင် ဘယ်ရီဂိုဗွိုင်း၏ ဘဏ္ဍာရေးဌာနရုံးအဖွဲ့မှူး အလိန်းဘိုဒလီ ပါဝင်ပတ်သက်နေပေသည်။ ၁၉၈၈ ခုနှစ်က ပြင်သစ်နိုင်ငံတော်ပိုင် အလျူမီနီယမ်လုပ်ငန်းဖြစ်သည့် ပီရှီနေးဆာကို လွှဲပြောင်းရယူခါနီးတွင် ထရိုင်ဂယ်စက်မှုလုပ်ငန်းအမည်ရှိ အမေရိကန်ကုမ္ပဏီ၌ ရှယ်ယာများ အကြီးအကျယ် ရောင်းချခဲ့သည့် အမှုကြီးဖြစ်သည်။ ဥ ပ ဒေ မ ကင်း သော အ ကျိုး အမြတ် အ ဖြစ် ဒေါ် လာ ၈ ဒသမ ၈ သန်း ရရှိခဲ့သည်ဟုဆိုသည်။ သမ္မတမီးထရောင်း၏ မိတ်ဆွေရင်းချာဖြစ်သော ပီလေးသည် ထိုပြစ်မှု ပေါ်ပေါက်လာပြီး မကြာခင် ၁၉၈၉ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဆိုရှယ်လစ်အစိုးရသည် ကိုယ်ကျိုးရှာမှုများနှင့် မကင်းကြောင်း ပြည်သူအမြင်ဆန်းစစ်ချက်များတွင် ထင်ရှားလာခဲ့သည်။ သို့ဖြစ်၍ ၁၉၉၃ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့နှင့် မတ်လ ၂၈ ရက်နေ့တို့တွင် နှစ်သုတ်ခွဲ၍ ကျင်းပခဲ့သည့် အမျိုးသားလွှတ်တော် ဥပဒေပြု ရွေးကောက်ပွဲများတွင် အာဏာရဆိုရှယ်လစ်ပါတီသည် လက်ရှိရရှိထားသော နေရာ ၂၅၂ နေရာအနက် ၅၄ နေရာကိုသာ ပြန်လည်အနိုင်ရရှိခဲ့သည်။ သမ္မတနိုင်ငံ ဂေါလစ်ပါတီ (အာရ်ပီအာရ်) က ယခင် ၁၂၆ နေရာသာ ရှိထားရာမှ ၂၄၇ နေရာထိ တိုးတက်အနိုင်ရရှိကာ အင်အားတောင့်တင်းဆုံး ပါတီဖြစ်လာသည်။ လက်ယာဗဟိုဝါဒီ ပြင်သစ်ဒီမိုကရေစီသမဂ္ဂပါတီ (ယူဒီအက်ဖ်) ကလည်း ၂၁၃ နေရာ (ယခင် ၁၃၁ နေရာ) ရရှိ၍ ဒုတိယ အင်အားအကြီးဆုံးပါတီဖြစ်လာသည်။ အာရ်ပီအာရ်နှင့် ယူဒီအက်ဖ်တို့သည် အမျိုးသားလွှတ်တော်တွင် နေရာပေါင်း ၅၇၇ နေရာရှိသည့်အနက် လေးပုံသုံးပုံကျော်ကို လွှမ်းမိုးနိုင်လာသည်။



ပြင်သစ်သမ္မတ မီးထရောင်း

ပြင်သစ်နိုင်ငံသမ္မတအဖြစ်ထမ်းဆောင်နေသော ဒုတိယ ခုနစ်နှစ်သက်တမ်းမှာ ၁၉၉၅ ခုနှစ်တွင် ကုန်ဆုံးတော့မည်ဖြစ်ရာ သမ္မတမီးထရောင်းသည် အာရ်ပီအာရ်ပါတီမှ အက်ဒွပ်ဘောလဒေါ်အား ဝန်ကြီးချုပ်အဖြစ် ၁၉၉၃ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ခန့်အပ်ခဲ့သည်။ ၁၉၈၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ အာရ်ပီအာရ်ခေါင်းဆောင်ဂျက်ရှီရက် ဝန်ကြီးချုပ်အဖြစ် ထမ်းဆောင်ခဲ့ပြီးနောက်ပိုင်း ဆိုရှယ်လစ်ဝါဒီသမ္မတနှင့် လက်ယာယိမ်းအစိုးရအဖွဲ့တို့ ဒုတိယအကြိမ်မြောက် တာဝန်တွဲဖက်ထမ်းဆောင်ရခြင်း ဖြစ်ပေသည်။

အထွေထွေရွေးကောက်ပွဲတွင် ဆိုရှယ်လစ်တို့ အရေးနိမ့်ခဲ့ပြီးနောက် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့



ဝန်ကြီးချုပ်အသစ်ဖြစ်လာသူ အက်ဒွပ်ဘောလဒေါ

ပြီးနောက် ပျဲဘယ်ရီဂိုဗွိုင်းသည် နီးဗားမြို့အနီး တူးမြောင်းဘေးတွင် မေလ ၁ ရက်နေ့၌ မိမိကိုယ်ကို အဆုံးစီရင်သွားခဲ့သည်။ ထိုမြို့မှာ ဘယ်ရီဂိုဗွိုင်း လွှတ်တော်အမတ် အဖြစ်လည်းကောင်း၊ မြို့တော်ဝန်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည့်မြို့ဖြစ်သည်။ ဘယ်ရီဂိုဗွိုင်းသည် ဖရန့်ငွေကြေးကိုခိုင်မာစေရန် အောင်မြင်စွာ ဆောင်ကြဉ်းနိုင်သော်လည်း ၁၉၉၃ ခုနှစ်၊ မတ်လတွင် အလုပ်လက်မဲ့ သုံးသန်းကို ပထမဆုံး ကျော်လွန်ခဲ့ရသည့် သူ၏စီးပွားရေးအစီအမံများ၏ ဆိုးကျိုးကိုခံသွားရခြင်းဖြစ်သည်ဟု ဆိုရှယ်လစ် ဝန်ကြီးချုပ်ဟောင်း ပျဲမိုရွိုင်းက မှတ်ချက်ချခဲ့သည်။ ငွေကြေးခိုင်မာအောင် စွမ်းဆောင်နိုင်ခြင်းကို ဂုဏ်ယူသည့် ဘယ်ရီဂိုဗွိုင်းသည် ချေးငွေကို ဥပဒေနှင့်မညီဘဲ ရယူခဲ့ကြောင်းဖြင့် စာနယ်ဇင်းတို့၏ စွပ်စွဲရေးသားမှုကြောင့် စိတ်ထိခိုက်ခဲ့သောကြောင့် မိမိကိုယ်ကို အဆုံးစီရင်ခြင်း ဖြစ်သည်ဟု ဆိုသည်။

အမျိုးသားလွှတ်တော်သည်နိုင်ငံသားဖြစ်မှုဥပဒေကြမ်းတစ်ရပ်ကို ၁၉၉၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် ထောက်ခံမဲ ၄၇၆ မဲ၊ ကန့်ကွက်မဲ ၈၈ မဲဖြင့် အတည်ပြုခဲ့သည်။ ၁၈၅၁ ခုနှစ်ကတည်းက ကျင့်သုံးလာခဲ့သည့် ပြင်သစ်မြေပေါ်၌မွေးဖွားလျှင်နိုင်ငံသားဖြစ်ပိုင်ခွင့်ရှိသည့်



မိမိ ကိုယ် ကို အ ဆုံး စီ ရင် သွား သော ဝန်ကြီးချုပ်ပျဲဘယ်ရီဂိုဗွိုင်း (အောက်) နှင့် ၎င်း၏ရှေ့ပနသို့ တက်ရောက်လာသော သမ္မတမီးထရောင်း (ဝဲ)



ပြဋ္ဌာန်းချက်ကို ပျက်ပြားစေခဲ့သည်။ ၁၉၈၈ ခုနှစ်က ကော်မရှင်တစ်ရပ်၏ အဆိုပြုချက်များနှင့်အညီ ပြင်ဆင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ နိုင်ငံခြားသားမိဘနှစ်ဦးမှ ပြင်သစ်နိုင်ငံအတွင်း မွေးဖွားသူသည် အသက် ၁၈ နှစ်တွင်နိုင်ငံသား အလိုအလျောက်ဖြစ်ပိုင်ခွင့်မရှိတော့ချေ။ အသက် ၁၆ နှစ်မှ ၂၁ နှစ်အတွင်း လျှောက်လွှာတင်သွင်းဖို့ လိုအပ်လာသည်။ မိဘများက ကိုယ်စားလျှောက်ထားပိုင်ခွင့် မရှိဟုဆိုသည်။ ပြင်သစ်ကိုလိုနီနယ်များအတွင်း လွတ်လပ်ရေးမရမီက မွေးဖွားခဲ့သူမိဘများမှ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလနောက်ပိုင်း မွေးဖွားသည့်ကလေးသည်လည်း ပြင်သစ်နိုင်ငံသား အလိုအလျောက် ဖြစ်ပိုင်ခွင့်မရှိတော့ချေ။ ပြင်သစ်လူမျိုးတစ်ဦးနှင့် အိမ်ထောင်ပြုသော နိုင်ငံခြားသားတစ်ဦးသည် ရင်သွေးမမွေးဖွားလျှင် နိုင်ငံသားဖြစ်ရန် နှစ်နှစ်စောင့်ဆိုင်းရမည်ဟုပြဋ္ဌာန်းသည်။ ယခင်ကခြောက်လသာစောင့်ဆိုင်းရသည်။ နိုင်ငံသားဖြစ်လိုကြောင်း လျှောက်ထားသူကို ငြင်းပယ်နိုင်သည့် အကြောင်းများတွင် ထောင်ဒဏ် ခြောက်လအထက် ကျခံရခြင်းလည်း ပါဝင်သည်။ ပြည်ထဲရေးဝန်ကြီး ချားလ်စ်ပါစကာက ပြင်သစ်နိုင်ငံအတွင်း ဝင်ရောက်နေထိုင်သူ အရေအတွက်သုညဖြစ်စေရန် ရည်ရွယ်သည်ဟု အတိအလင်း ကြေညာခဲ့သည်။ ပြင်သစ်နိုင်ငံ၏ လူဦးရေ ၅၆ သန်းတွင် တရားဝင်လာရောက် အခြေစိုက်နေထိုင်သူ ၄ ဒသမ ၅ သန်း ပါဝင်ပြီး အယ်ဂျီးရီးယား၊ မော်ရော့ကိုနှင့် ကျူးနစ်ဇီးယား လူမျိုးများက အများဆုံးဖြစ်သည်ဟုဆိုသည်။ ပြင်သစ်နိုင်ငံတွင် တရားမဝင် ခိုဝင်နေထိုင်သူပေါင်း တစ်သန်းအထိ ရှိနိုင်သည်ဟု အစိုးရပိုင်းက ခန့်မှန်းထားသည်။

အစိုးရက ခန့်အပ်တာဝန်ပေးသော ကော်မရှင်တစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် စပ်လျဉ်းသည့် အဆိုပြုချက်များကို ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် တင်သွင်းခဲ့သည်။ ယင်းပြင်ဆင်ချက်များကို လွှတ်တော်နှစ်ရပ်ပေါင်း ပါလီမန်၏ အထူးညီလာခံတစ်ရပ်က ဇူလိုင်လ ၁၉ ရက်နေ့တွင် အတည်ပြုခဲ့သည်။ ဥရောပသမဂ္ဂဖွဲ့စည်းရေး မာ့စ်ထရစ်ချ်စာချုပ်နှင့်အညီ ပြင်ဆင်ရန် ၁၉၉၂ ခုနှစ်၊ ဇွန်လကတည်းက ကြိုးပမ်းညှိနှိုင်းခဲ့ခြင်း ဖြစ်သည်။ ယင်းပြင်ဆင်ချက်များအရ အထူးစုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ်၏ စွဲဆိုတင်ပြချက်ပေါ် အခြေခံ၍ ဝန်ကြီးအဖွဲ့ဝင်များအား တာဝန်ထမ်းဆောင်နေစဉ် ပြစ်မှုကျူးလွန်မှုအပေါ် တရားစီရင်နိုင်စေရန် တရားရုံးအသစ် တစ်ရပ် ဖွဲ့စည်းရေးလည်း ယင်းပြင်ဆင်ချက်၌ ပါဝင်သည်။ ယခင်ကမူ ပါလီမန်အမတ်များနှင့် ဖွဲ့စည်းသည့် အဆင့်မြင့် တရားရုံးတစ်ရပ်ကသာ ဝန်ကြီးများကို တရားစီရင်နိုင်သည်။ သို့သော် တစ်ကြိမ်မျှ ထိုသို့စီရင်ခဲ့ခြင်းမရှိဖူးချေ။



**ပြည်ထောင်စုမြန်မာနိုင်ငံတော် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပထမအကြိမ် ညီလာခံ။** ။မြန်မာစာပေနှင့်စာနယ်ဇင်း လောကဖွံ့ဖြိုးတိုးတက်ရေး၊ စာပေနှင့် စာနယ်ဇင်း လောကသားများ ဘဝဖူလုံရေး၊ နိုင်ငံတော် တည်ငြိမ် အေးချမ်း၍ ဖွံ့ဖြိုး သာယာခြင်းနှင့်အတူ အဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်း၍ ကျစ်လျစ်ခိုင်မာရေး၊ စာပေဖြင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးကို သယ်ပိုးဆောင်ရွက်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးတွင် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ ကျရာနေရာမှ ပါဝင်ထမ်းဆောင်ရေးဟူသော ဦးတည်ချက် များဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပထမအကြိမ်ညီလာခံကို ဒီဇင်ဘာလ ၂၉ ရက်နေ့ မှ ၃၀ ရက်နေ့အထိ ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သုနာပြု တက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ထို့နောက် ညီလာခံပထမနေ့ အစီအစဉ်ကျင်းပရာ နံနက်ပိုင်းညီလာခံသဘာပတိ ဗဟိုအလုပ်အမှုဆောင် ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးညွန့် (ထီလာစစ်သူ)က အမှာစကားပြောကြားသည်။ ထို့နောက် လူမှုရေး အဖွဲ့အစည်းများမှ ပေးပို့သော သဝဏ်လွှာများကို ဦးခင်မောင်ထွန်း(ခင်မောင်ထွန်း- လမ်းမတော်)၊ ဒေါက်တာ တင်ရွှေ(ဆရာဝန်တင်ရွှေ)၊ ဦးလှထွန်း(လှထွန်း- တွံတေး)၊ ဒေါက်တာ တင်ထွန်းဦး (ဒေါက်တာ တင်ထွန်းဦး) နှင့် ဦးရဲတင့်(ရဲတင့်) တို့က ဖတ်ကြားသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ကော်မတီ၏ အစီရင်ခံစာကို ဦးသန်းမောင်က လည်းကောင်း၊ ဘဏ္ဍာရေးအစီရင်ခံစာကို ဦးစောမြင့် (မောင်စောမြင့်)က လည်းကောင်း၊ စာပေရန်ပုံငွေ အခြေအနေကို ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က လည်းကောင်း၊ စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို ဦးမောင်ဝင်းကလည်းကောင်း၊ ကွယ်လွန်သူများအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်ခြင်းကို ဦးကြည်ညွန့်(ချစ်ကြည်ရေးကြည်ညွန့်)က လည်းကောင်း ဖတ်ကြား တင်သွင်းသည်။

ညီလာခံပထမနေ့ မွန်းလွဲပိုင်းတွင် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းကို (ပြင်ဆင်ချက်နှင့် အတူ) ဒေါက်တာ



**ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စာပေပညာရှင်ကြီးများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်နေစဉ်**

မောင်မောင်ညို (ဒေါက်တာ မောင်မောင်ညို)က ဖတ်ကြားတင်သွင်း၍ ဗဟိုအလုပ်အမှုဆောင် ကော်မတီ၏ အစီရင်ခံစာကို ညီလာခံကိုယ်စားလှယ် ၁၂ ဦးက လည်းကောင်း၊ ရှေ့လုပ်ငန်းစဉ်များအတွက် အကြံပြုခြင်းကို ညီလာခံကိုယ်စားလှယ် လေးဦးက လည်းကောင်း ထောက်ခံတင်ပြဆွေးနွေးပြီး ဆွေးနွေးချက်များ၊ အကြံပြုချက်များကို တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ဖြေကြားသည်။ ထို့နောက်ဗဟိုအလုပ်အမှုဆောင် ကော်မတီ၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးအစီရင်ခံစာ၊ စာပေ ရန်ပုံငွေအခြေအနေ တင်ပြခြင်း၊ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း အတည်ပြုကြောင်းတို့အပေါ် ညီလာခံကိုယ်စားလှယ် နှစ်ဦးစီတို့က အဆိုတင်သွင်း ထောက်ခံ ဆွေးနွေးသည်။

ညီလာခံ ဒုတိယနေ့တွင် လက်ရှိဗဟိုအမှုဆောင် ကော်မတီ ပထမသက်တမ်း တာဝန်ပြီးဆုံး၍ နှုတ်ထွက်ကြောင်းကို ဒုတိယဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က ညီလာခံသို့ ကြေညာသည်။ ဆက်လက်၍ ဒုတိယ သက်တမ်းအတွက် ဗဟိုအမှုဆောင်ကော်မတီသစ် ရွေးချယ်ရန် ဆန္ဒမဲပေးပုံနည်းစနစ်များကို ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တက္ကသိုလ် ဥပဒေ ပါမောက္ခ ဒေါက်တာတင်အောင်အေးက ရှင်းလင်းတင်ပြသည်။ ထို့နောက်ညီလာခံကိုယ်စားလှယ်များက ဒုတိယ သက်တမ်းအတွက် ဗဟိုအမှုဆောင် ကော်မတီဝင်များကို ဆန္ဒမဲပေးရွေးချယ်ကြသည်။ ဆန္ဒမဲရေတွက်နေစဉ် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးညွန့်နှင့် ညီလာခံကိုယ်စားလှယ်များက အသက် ၈၀ ပြည့်ပြီး စာပေပညာရှင်ကြီး ၁၉ ဦးအနက် ကြွရောက်နိုင်သော ပုဂ္ဂိုလ် ၁၁ ဦးကို ပူဇော်ကန်တော့သည်။ ထို့နောက်ရွေးချယ်**တင်**မြှောက်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ တင်အောင်အေးက ဒုတိယ သက်တမ်းအတွက် ရွေးချယ်ခံရသော ဗဟိုအမှုဆောင် ကော်မတီဝင် ၂၅ ဦး ၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။ ရွေးချယ်ခံရသော ဗဟိုအမှုဆောင် ကော်မတီဝင်များသည် အမှုဆောင် တာဝန်များခွဲဝေရန် ဆက်လက်ညှိနှိုင်းပြီး ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများ၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်အဖွဲ့ခေါင်းဆောင်နှင့် ဗဟိုအမှုဆောင်များကို တညီတညွတ်တည်း ညှိနှိုင်း သဘောတူကြသည်။

ထို့နောက်ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ တင်အောင်အေးက ပြည်ထောင်စုမြန်မာနိုင်ငံတော် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်သစ်များ တာဝန်ခွဲဝေပြီးဖြစ်ကြောင်းနှင့် ဗဟိုအမှုဆောင် ကော်မတီဥက္ကဋ္ဌအဖြစ် ဦးမျိုးသန့် (မောင်ဆုရှင်)၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးလှမြိုင် (ကိုဆောင်း) နှင့် ဦးညီညီ ( လင်းယုန်နီ)၊ အတွင်းရေးမှူးအဖြစ် ဦးဝင်းဖေ (မုံရွာ ဝင်းဖေ)၊ တွဲဖက်အတွင်းရေးမှူး (၁)အဖြစ် ဦးမောင်မောင်ဦး(ဟိန်းလတ်)၊ တွဲဖက်အတွင်းရေးမှူး (၂) အဖြစ်ဒေါ်မြမြသန်း(မနှင်းဖွေး)နှင့် တွဲဖက် အတွင်းရေးမှူး(၃) အဖြစ် ဒေါက်တာ တင်ထွန်းဦး (ဒေါက် တာ တင် ထွန်း ဦး)၊ ဘဏ္ဍာ ရေး မှူး အဖြစ် ဦး စော မြင့် (မောင်စောမြင့်)၊ စာ ရင်း စစ် အဖွဲ့ ခေါင်းဆောင်အဖြစ် ဦးမောင်ဝင်း၊ ဗဟိုအမှု ဆောင်များအဖြစ် ဦးသန်းမောင်၊ ဦးလှထွန်း (လှထွန်း– တွံတေး)၊ ဒေါ် ရင် ရင် (စော မုံ ညင်း)၊ ဦး ခင် မောင် ထွန်း (ခင်မောင်ထွန်း– လမ်းမတော်)၊ ဦးရဲတင့် (ရဲတင့်)၊ ဦးကျော်မင်း (မင်းကျော်မင်း)၊ ဦးကြည်ညွန့် (ချစ်ကြည်ရေး

**စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပထမအကြိမ် ညီလာခံတွင် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားစဉ်**



နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် သူနာပြုတက္ကသိုလ်သို့ လာရောက်ပြီး မြန်မာနိုင်ငံတော် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပထမအကြိမ်ညီလာခံသို့ အထူးဖိတ်ကြားချက်အရ တက်ရောက်လာကြသည့် သက်ကြီးဝါကြီး စာပေပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သက်ကြီးဝါကြီး စာပေပညာရှင်ကြီး ၂၉ ဦးအား တစ်ဦးချင်း ဂါရဝပြု လက်ဆောင်များ ပေးအပ်သည်။ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပထမအကြိမ် ညီလာခံသို့ အထူးဖိတ်ကြားချက်အရ တက်ရောက်လာကြသော ဂါရဝပြုခံ သက်ကြီးဝါကြီး စာပေပညာရှင်ကြီး ၂၉ ဦးမှာ ဦးရန်အောင် (ရန်အောင်)၊ ဦးသန်းဖေ (ကာယဗလ ဦးသန်းဖေ)၊ ဦးသုခ (သုခ)၊ ဦးတင်မြင့် (သခ်ီ)၊ ဒေါ်သိန်းဆိုင် (မပြတ့်လေး)၊ ဒေါ်ခင်ခင် (မယ်ခွေး)၊ ဦးထွန်းတင် (မန်းတင်)၊ ဗိုလ်မှူးကြီး လှအောင် (အငြိမ်းစား)၊ ဦးဟန်တင် (စစ်ကိုင်းဟန်တင်)၊ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၊ ဒေါ်နုယဉ် (နုယဉ်)၊ ဦးသိန်းမောင် (ထင်လင်း)၊ ဦးမောင်မောင်လေး (ခင်လေးမောင်)၊ ဦးကြင်ဆွေ (သော်တာဆွေ)၊ ဦးစောမြင့် (မှူးသမိန်)၊ ဒေါက်တာသန်းထွန်း (ဒေါက်တာသန်းထွန်း)၊ ဦးထွန်းလှ (တက္ကသိုလ်နေဝင်း)၊ ဒေါ်ရင်ရင် (စောမုံညင်း)၊ ဒေါ်သန်းဆွေ (မြမဥ္ဇူ)၊ ဒေါ်နီနီယဉ် (ဏီဏီယဉ်)၊ ဒေါ်ကြန် (မကြန်)၊ ဦးလှကြိုင် (ပါရဂူ)၊ ဗိုလ်မှူးချုပ် ခင်အုန်း (အငြိမ်းစား) (ရာမည ကိုကိုနိုင်)၊ ဒေါ်မြင့်သန်း (ကထိက ဒေါ်မြင့်သန်း)၊ ဦးညီညီ (လင်းယုန်နီ)၊ ဦးဝင်းမောင် (မင်းယုဝေ)၊ ဦးဝင်းဖေ (မြဇင်)၊ ဦးကြည်အေး (ဆင်ဖြူကျွန်း အောင်သိန်း)၊ ဦးစိုးမောင်( သာဂရ ငစိုး) တို့ ဖြစ်ကြသည်။

ကြည်ညွှန့် )၊ ဒေါက်တာခင်မောင်ညွှန့် (ဒေါက်တာ ခင်မောင်ညွှန့်)၊ ဒေါက်တာ မောင်မောင်ညို (ဒေါက်တာ မောင်မောင်ညို)၊ ဒေါက်တာ တင်ရွှေ (ဆရာဝန်တင်ရွှေ)၊ ဦးတင်လှိုင် ( လယ်တွင်းသား စောချစ်)၊ ဦးငွေကြည် (ကာတွန်း ငွေကြည်)၊ ဦးဝဏ္ဏ (ကာတွန်း မောင်ဝဏ္ဏ)၊ ဒေါ်ခင်ခင်စိန်(ယုဝတီ ခင်စိန်လှိုင်)၊ ဒုတိယဗိုလ်မှူးကြီး တင်ခ (တက္ကသိုလ်တင်ခ)နှင့်ဦးအုံးဖေ (ပခုက္ကူဦးအုံးဖေ) တို့အား တာဝန်ပေးအပ်ကြောင်း ညီလာခံသို့ ဖတ်ကြားကြေညာသည်။

ဆက်လက်၍ ရွေးချယ်တင်မြှောက်ခံရသော ဗဟိုအမှုဆောင်ကော်မတီများက သဘာပတိကြီးများ ရွေ့မှောက်၌ ကတိသစ္စာခံယူသည်။ ထို့နောက်စာပေ နှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ ဥက္ကဋ္ဌသစ်ဖြစ်သူ သဘာပတိ ဦးမျိုးသန့် (မောင်ဆုရှင်)က နှုတ်ခွန်းဆက်အမှာစကားနှင့် နိဂုံးချုပ်အမှာစကား ပြောကြားသည်။

စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပထမအကြိမ်ညီလာခံသို့ တက်ရောက်ကြသူများ



**ဖလောရင့်နိုက်တင်ဂေးဆု။** ။အင်္ဂလိပ်အမျိုးသမီး ဖလောရင့်နိုက်တင်ဂေးကို ၁၈၂၀ ပြည့်နှစ်၊ မေလ ၁၂ ရက်နေ့တွင် ဖွားမြင်သည်။ ဖလောရင့်သည် အီဂျစ်၊ ဂျာမနီနှင့် ပြင်သစ်နိုင်ငံတို့၌ သူနာပြုလုပ်ငန်းများကို လေ့လာဆည်းပူးခဲ့ပြီး ၁၈၅၃ ခုနှစ်တွင် လန်ဒန်မြို့၊ ချန်ဒါလမ်းရှိ အမျိုးသမီးဆေးရုံ၌ ဆေးရုံအုပ်အဖြစ် လုပ်ကိုင်သည်။ ၁၈၅၄ ခုနှစ်တွင် ကရိုင်းမီးယန်း စစ်ပွဲဖြစ်သောအခါ တူရကီနိုင်ငံ ကွန်စတင်တီနိုပယ်မြို့တော် ဆင်ခြေဖုံးရှိ စကူးတာရီ စစ်ဆေးရုံသို့ သွားရောက်တာဝန်ထမ်းဆောင်သည်။ ဖလောရင့်သည် သူနာပြုများကို ဦးဆောင်ကာ ပြင်းထန်သော တိုက်ပွဲများကြားတွင်လူနာများအား သက်စွန့်ဆံဖျားပြုစုစောင့်ရှောက်ပေးခဲ့ခြင်းကြောင့် ၁၉၀၇ ခုနှစ်တွင် Order of Merit ကိုချီးမြှင့်ခံရသည်။ ဖလောရင့်သည် ၁၉၁၀ ပြည့်နှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် ကွယ်လွန်သည်။

၁၉၁၂ ခုနှစ်တွင် ဝါရှင်တန်၌ ကျင်းပသော(၁၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီညီလာခံက ဖလောရင့်နိုက်တင်ဂေးကိုဂုဏ်ပြုသောအားဖြင့် စစ်ဖြစ်ပွားစဉ်ကာလ သို့မဟုတ် ငြိမ်းချမ်းစဉ်ကာလအတွင်း ဖျားနာသူများ သို့မဟုတ် ဒဏ်ရာရသူများအား ထူးချွန်ပြောင်မြောက်စွာ ပြုစုစောင့်ရှောက်ပေးသော သူနာပြုများနှင့် ကြက်ခြေနီစေတနာ့ဝန်ထမ်းများအား ဖလောရင့်နိုက်တင်ဂေးဆုတံဆိပ်တံဆိပ်ချီးမြှင့်ရန် ဆုံးဖြတ်ခဲ့သည်။ ဆုတံဆိပ်၏ တစ်ဖက်တွင် " ဖလောရင့် နိုက်တင်ဂေး ၁၉၁၀ အမှတ်တရ" စာတန်းနှင့် ဖလောရင့် နိုက်တင်ဂေးပုံပါရှိပြီး အခြားတစ်ဖက်အလယ်တွင် ဆုတံဆိပ်ရှင်အမည်နှင့် ဆုတံဆိပ်ချီးမြှင့်ခံရသည့် ရက်စွဲထိုးထားသည်။ ဆုတံဆိပ်ကို ရွှေ၊ ငွေ နှင့်ပြုလုပ်ထားပြီး ကြက်ခြေနီအမှတ်အသားကို ပန်းနွယ်တို့ရစ်ပတ်ထားကာ အနီနှင့်အဖြူရောင်ဖဲပြားတွင် ချိတ်ဆွဲထားသည်။ ဆုတံဆိပ်နှင့်အတူ သားရေစက္ကူတွင် ရိုက်နှိပ်ထားသော ဂုဏ်ပြုစာလွှာပါ ပေးအပ်သည်။

ဖလောရင့်နိုက်တင်ဂေး ဆုတံဆိပ်ကို နှစ်နှစ်လျှင် တစ်ကြိမ်ချီးမြှင့်ပြီး တစ်ကြိမ်လျှင်အများဆုံး ၃၆ ဦးသာ ချီးမြှင့်သည်။ ဆုတံဆိပ်ချီးမြှင့်ခံရသူများ၏ အမည်စာရင်းကို ဖလောရင့်နိုက်တင်ဂေး၏ မွေးနေ့ဖြစ်သော မေလ ၁၂ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက ထုတ်ပြန်ကြေညာသည်။ ၁၉၂၀ ပြည့်နှစ်မှစ၍ ကမ္ဘာတစ်ဝန်းမှ ထူးချွန်သောသူနာပြုများကို စိစစ်ရွေးချယ်ခဲ့ရာ ၁၉၉၃ ခုနှစ်အထိ နိုင်ငံတကာမှ ၁,၀၇၅ ဦးဆုရရှိပြီးဖြစ်သည်။

၁၉၆၃ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက ချီးမြှင့်သည့်ဖလောရင့်နိုက်တင်ဂေးဆုတံဆိပ်ကို ရန်ကုန်မြို့၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်နေသော ဗိုလ်ခင်အုန်းမြ (ယခု အငြိမ်းစား ဗိုလ်မှူး) က မြန်မာနိုင်ငံသူနာပြုများထဲမှ ပထမဆုံးရရှိသည်။ ကချင်ပြည်နယ်မိုးကောင်းမြို့တွင် ဖွားမြင်သည့် ဗိုလ်ခင်အုန်းမြသည် တော်လှန်ရေးကာလအတွင်း မြန်မာ့ တပ်မတော်ဆေးရုံ၌လည်းကောင်း၊ အင်းစိန်တိုက်ပွဲ၌ လည်းကောင်း ပြင်းထန်စွာဖြစ်ပွားနေသည့် တိုက်ပွဲများကြားတွင် လူနာများကို သက်စွန့်ဆံဖျား စွမ်းစွမ်းတမံ ပြုစုကူညီစောင့်ရှောက်ခဲ့သည့် အတွက် ဖလောရင့် နိုက်တင်ဂေး ဆုတံဆိပ် ရရှိခဲ့ခြင်းဖြစ်သည်။

၁၉၉၃ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက ချီးမြှင့်သည့်ဖလောရင့်နိုက်တင်ဂေးဆုတံဆိပ်ကို ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်ပြည်သူ့ဆေးရုံ၌ တာဝန်ထမ်းဆောင်နေသော အထက်တန်းသူနာပြု ဆရာမ ဒေါ်အမ်ယောနမ်က မြန်မာနိုင်ငံသူနာပြုများထဲမှ ဒုတိယအကြိမ်ရရှိသည်။

ဒေါ်အမ်ယောနမ်ကို အဖ ဦးအမ်လုပ်ကောင်း၊ အမိ ဒေါ်အယ်နန်တောင်းတို့က ၁၉၄၄ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် မြစ်ကြီးနားမြို့၌ မွေးဖွားသည်။ ဒေါ်အမ်ယောနမ် သည် ၁၉၆၇ ခုနှစ်တွင် သူနာပြုသင်တန်းအောင်မြင်ပြီး ၁၉၆၈ ခုနှစ်မှစ၍ ပန်ယန်းပြည်သူ့ဆေးရုံ၊ မူဆယ် ပြည်သူ့ဆေးရုံ၊ သိပေါပြည်သူ့ဆေးရုံ တို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၂ ခုနှစ်မှစ၍မူဆယ်ပြည်သူ့ဆေးရုံတွင် အထက်တန်းသူနာပြုဆရာမအဖြစ် တာဝန်ထမ်းဆောင်သည်။ ဒေါ်အမ်ယောနမ်သည် ၁၉၈၆–၈၇ ခုနှစ်တွင်ဖြစ်ပွားခဲ့သော စီစီဝမ်တာပန် တိုက်ပွဲ ကာလအတွင်း မိမိအသက်ကို ပဓာနမထားဘဲ ဒဏ်ရာရသည့် ရဲဘော်များ ကို ရဲရဲဝံ့ဝံ့ ရှပ်ရှပ်ချွံချွံ ကူညီကုသပေးခဲ့သည်။ ၁၉၈၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် သိန္နီမြို့မှ မူဆယ်မြို့သို့ အပြန် လမ်းခရီး၌ တိုက်ပွဲနှင့် တွေ့ကြုံခဲ့ရာ ဒဏ်ရာရသည့် ရဲဘော်များကို တိုက်ပွဲကြားတွင် ပြုစုကုသပေးခဲ့သည်။ ၁၉၈၆ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့မှ ၁၉၈၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့အထိ မူဆယ်ပြည်သူ့ဆေးရုံတွင် ဒဏ်ရာရသည့် ရဲဘော် ၆၀၀ ခန့်နှင့် ခွဲစိတ်ကုသမှုပေါင်း ၁၄၀ ကျော်ကို ဆရာဝန်များနှင့်အတူ နေ့မအား ညမအား ပြုစုကုသပေးခဲ့သည်။ ကြက်ခြေနီတပ်ဖွဲ့နှင့်အတူ မှိုင်း ၄၅၆၁ တောင်ပေါ်ရှိ ရဟတ်ယာဉ်ကွင်းသို့ လူနာများသယ်ပို့ပေးခဲ့သည်။ ကြူကုတ်ကို တပ်မတော်မှ ပြန်လည် သိမ်းပိုက်ပြီးနောက် ကြူကုတ်၌








ဖလောရင့်နိုက်တင်ဂေး ဆုတံဆိပ် (အထက်ဝဲ)

ဖလောရင့်နိုက်တင်ဂေး ဂုဏ်ပြုမှတ်တမ်းလွှာ (အထက်ယာ)

ဖလောရင့်နိုက်တင်ဂေးဆုရ ဒေါ်အမ်ယောနမ် (အောက်ယာ)



**ဓာတ်ပုံဖော်ပြချက် (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က ဖလောရင့်နိုက်တင်ဂေးဆုရှင် ဆရာမ ဒေါ်အမ်ယောနမ်အား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ဂုဏ်ပြုစကားပြောကြားစဉ်**

ပထမဆုံး တစ်ဦးတည်းသော အမျိုးသမီး ကျန်းမာရေး ဝန်ထမ်းအဖြစ် ပေးအပ်သော တာဝန်ကို သွားရောက် ထမ်းဆောင်ခဲ့သည်။ ကြုံကုတ်တွင် တာဝန်ထမ်းဆောင်စဉ် ရှေ့တန်းသို့ တပ်မတော်သားများ နှင့်အတူ သွားရောက်၍ ဆေးဝါးကုသပေးခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့သော စောင်၊ အကျီ၊ အဝတ်အထည်များကို ပေပေါင်းများစွာမြင့်မားသော မြင်တန်နှင့် လုံခန် တောင်ပေါ်ကျေးရွာများရှိ ကျေးရွာလူထုအား ဝေငှပေးရာတွင် ပါဝင်ခဲ့သည်။ ကြုံကုတ်တွင် ဆေးခန်းဖွင့်၍ အလင်းဝင် ၅၀၀ ကျော်နှင့် စစ်ပြေးဒုက္ခ သည်များကို အချိန်ပြည့် ဆေးဝါးကုသပေးခဲ့သည်။ ယာယီဆေးရုံတွင် ဗိုက်ခွဲ၍ ကလေးမွေးဖွားပေးခြင်းနှင့် အရေးပေါ်ခွဲစိတ်ခြင်းများကို နည်းလမ်းမျိုးစုံဖြင့် မဖြစ်ဖြစ်အောင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်။ မိခင်ကွယ်လွန်သွားသည့် ကောင်းခါး ကျေးရွာမှ ရက်သားကလေးငယ် အမွှာနှစ်ဦးကို မွေးစားပြီး ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သည်။ ဒေါ်အမ်ယောနမ်သည် ကျန်းမာရေး လုပ်ငန်း၊ ကြက်ခြေနီလုပ်ငန်းနှင့် လူမှုရေးလုပ်ငန်းများကို ကိုယ်ကျိုးစွန့်၍ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ဖလောရင့် နိုက်တင်ဂေးဆုတံဆိပ် ရရှိခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက ချီးမြှင့်သော ဖလောရင့်နိုင်တင်ဂေး ဆုတံဆိပ် ချီးမြှင့်ပေးအပ်ပွဲကို ၁၉၉၃ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြု တက္ကသိုလ် ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥက္ကဋ္ဌ ဒေါက်တာ တင်ဦးက အမှာစကားပြောကြားပြီး ဖလောရင့် နိုက်တင်ဂေး ဆုတံဆိပ်နှင့် ဂုဏ်ပြုလွှာကို ဆုရရှိသူ ဒေါ်အမ်ယောနမ်သို့ပေးအပ်သည်။

ဖ လော ရင့် နိုက် တင် ဂေး ဆု တံ ဆိပ် ရ ရှိသူ ဒေါ်အမ်ယောနမ်အား ဂုဏ်ပြုပွဲ အခမ်းအနားကို ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် သူနာပြုတက္ကသိုလ်၌ ကျင်းပသည်။ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သန်းညွန့် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုရွှေတံဆိပ်နှင့် မြို့နယ်သူနာပြု ဆရာမကြီး အဆင့်(၁) ရာထူးတိုးမြှင့် ခန့်အပ်လွှာကို ဒေါ်အမ်ယောနမ်သို့ ပေးအပ်သည်။

ဒေါ်အမ်ယောနမ်သည် ရဲမင်းအောင်နှင့် အောင်မိုးဟိန်း စစ်ဆင်ရေးတွင် ပြည်သူလူထုနှင့် တပ်မတော်သားများ၏ အသက်အန္တရာယ်ကို ကယ်တင်ပေးခဲ့သည့်အတွက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဂုဏ်ပြုလက်မှတ်ကို ၁၉၈၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ချီးမြှင့်ခြင်း ခံရသည်။

ဖလောရင့် နိုက်တင်ဂေး ဆုတံဆိပ်ရှင် မြို့နယ်သူနာပြု ဆ ရာ မ ကြီး အ ဆင့် (၁) ဒေါ် အမ် ယော နမ် သည် ဦးစိုင်းအောင်ညွန့်နှင့် အိမ်ထောင်ပြုခဲ့ပြီး သားနှစ်ယောက် သမီးနှစ်ယောက်ထွန်းကားသည်။

**ဗီယက်နမ်ပြည်သူ့သမ္မတနိုင်ငံ။** ။ ၁၉၉၂ ခုနှစ်၊ ပထမသုံးလအတွင်း၌ ဗီယက်နမ်နိုင်ငံက ပထမဆုံး အကြိမ်နိုင်ငံခြားကုန်သွယ်ရေးတွင်ပိုငွေပြခဲ့သည်။ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလတွင် ပြည်ပပို့ကုန်မှ အမေရိကန် ဒေါ်လာ ၁.၆၇၀ သန်း ရရှိခဲ့ရာ ယခင်နှစ် ထိုအချိန်ကနှင့် နှိုင်းယှဉ်ပါက ၁၇.၅ ရာခိုင်နှုန်းတိုးတက်ခဲ့ သည်။ ထိုကာလအတွင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁.၅၂၀ သန်းဖိုးရှိရာ ယခင်နှစ်ကထက် ၉၁ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ဘယ်လ်ဂျီယံ၊ ဥရောပဘုံဈေးအဖွဲ့နှင့် ပြင်သစ်နိုင်ငံသို့ ဒုတိယဝန်ကြီးချုပ် ဖန်ဗန်ခေ (Phan Van Khai) သွားရောက်လည်ပတ်ခြင်းနှင့် ပတ်သက်၍ ဟနွိုင်းမြို့ အစိုးရသည်ဂေဟာ၌ ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ တွင် အထူးသတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့သည်။ ဘယ်လ်ဂျီယံနှင့်ပြင်သစ်နိုင်ငံသို့ မိမိ၏ တရားဝင် ခရီးစဉ်မှ ကျေနပ်ဖွယ်ရာ အကျိုးကျေးဇူးရရှိခဲ့ကြောင်း၊ ၎င်းနိုင်ငံများ၌ စီးပွားရေး နှီးနှောဖလှယ်ပွဲများသို့ တက်ရောက်ခဲ့ကြောင်း၊ ဘယ်လ်ဂျီယံနှင့် ပြင်သစ်အစိုးရ အရာရှိများနှင့် ဆွေးနွေးခြင်းများ၊ လုပ်ငန်းရှင်များနှင့် စည်းဝေးပွဲကျင်းပခဲ့ခြင်းများမှာ အလွန် အကျိုးရှိကြောင်း သတင်းစာဆရာများအား ဒုဝန်ကြီးချုပ်ကပြောကြားသည်။

ပြန်လည်ပြုပြင်ရေးလုပ်ငန်းများတွင် ဗီယက်နမ်၏ အောင်မြင်မှုကို ဘယ်လ်ဂျီယံ၊ ပြင်သစ်နှင့် အီးစီအရာရှိများက အလွန်အလေးထား၍ ဗီယက်နမ်၏ စီးပွားရေး တံခါးဖွင့်ဝါဒနှင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးဝါဒကို ချီးကျူးခဲ့ကြသည်။ အပြန်အလှန်ဆက်ဆံရေး တိုးတက်မှုကို ယင်းအရာရှိ များက အသိအမှတ်ပြု၍ ဗီယက်နမ်နှင့် နောက်ထပ် ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပုံကို အလေး အနက် ထုတ်ဖော်ပြောကြားကြသည်။ ဗီယက်နမ်တွင် သံမဏိထုတ်လုပ်ရေး တိုးချဲ့ရန် ကမ္ဘာ့တွင် တတိယ အကြီးဆုံး သံမဏိထုတ်လုပ်သော တောင်ကိုရီးယား ပိုဟန်သံနှင့်သံမဏိကုမ္ပဏီက သဘောတူစာချုပ်ကို နိုဝင်ဘာလ ၉ ရက်နေ့တွင် ဟနွိုင်မြို့၌ လက်မှတ်ရေး ထိုးခဲ့သည်။ နိုင်ငံပိုင် ဗီယက်နမ် သံမဏိကုမ္ပဏီနှင့် လက်မှတ်ရေးထိုးသော သဘောတူစာချုပ်အရ ဟနွိုင်ဒေသ အတွင်းပိုက်လုံး စက်ရုံ တစ်ရုံနှင့် လျှပ်စစ်ပစ္စည်း စက်ရုံ တစ်ရုံ တည်ဆောက်မည်ဖြစ်သည်။

ဆိုဗီယက်အကူအညီဖြတ်တောက်ခြင်းနှင့်အမေရိကန် ကုန်သွယ်ရေးပိတ်ဆို့ခြင်းများ ရှိသော်လည်း ၁၉၉၂ ခုနှစ် အတွင်း၌ ဗီယက်နမ်စီးပွားရေးကောင်းမွန်ကြောင်း အမျိုးသားလွှတ်တော် စည်းဝေးပွဲတွင် ဝန်ကြီးချုပ် ဗိုဗန်စီယက်က ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကြေညာခဲ့သည်။ ဗီယက်နမ်မှာ ကမ္ဘာ့ အဆင်းရဲဆုံးနိုင်ငံများတွင် ပါဝင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့ရာတွင် ၁၉၈၆ ခုနှစ်တွင် အရင်းရှင်စနစ်ပုံစံစီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံအနှံ့ ပြုလုပ်ခဲ့ချိန်မှစ၍ တဖြည်းဖြည်း တိုးတက်လာခဲ့သည်။ ၁၉၇၅ ခုနှစ်၊ ဧပြီလတွင် အမေရိကန်ထောက်ခံမှု ပေးထားသော တောင်ဗီယက်နမ် အစိုးရကို ကွန်မြူနစ်တို့ အနိုင်ယူခဲ့ချိန်မှစ၍ ကုန်သွယ်ရေးပိတ်ဆို့မှုကို အမေရိကန်ပြည်ထောင်စုက ချမှတ်ကျင့်သုံးလာခဲ့ရာ ယနေ့တိုင်ဖြစ်သည်။

ဗီယက်နမ်စစ်ပွဲ ထိပ်တိုက်ရင်ဆိုင်ရမှုများကို အဆုံးသတ်လျက် တောင်ကိုးရီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် တရားဝင် သံတမန် ဆက်ဆံရေးထူထောင်လိုက်ကြသည်။ ၁၉၉၃ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် နှစ်နိုင်ငံမြို့တော်များ၌ ဆက်သွယ်ရေးရုံးများ ဖွင့်လှစ်မည်ဖြစ်ကြောင်း ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံနှင့် အနောက် လိုလားသော တောင်ကိုရီးယားနိုင်ငံတို့က ပူးတွဲ ကြေညာချက် ထုတ်ပြန်ရာ၌ ဖော်ပြပါရှိသည်။ အပြန်အလှန် ကုန်သွယ်ရေး ရင်းနှီးမြှုပ်နှံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် အပြန်အလှန်ဆက်ဆံရေး တိုးတက်ကောင်းမွန်ရန် သဘောတူခဲ့ကြသည်။

ပြင်သစ်သမ္မတ ဖရန်ဆွာမီးထရောင်း၏ ဗီယက်နမ်သို့ သမိုင်းဝင် ခရီးစဉ်ကာလတွင် ပြင်သစ်နှင့် ဗီယက်နမ်နိုင်ငံ တို့က ကြေးနန်းဆက်သွယ်ရေး၊ လေကြောင်းနှင့် အခြား နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ခြောက်ခုကို ၁၉၉၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ အာရှ ဈေးကွက်သစ်၌ ပြင်သစ်လုပ်ငန်းရှင်များ အတွက် လမ်းပွင့် စေရန် ဗီယက်နမ်နိုင်ငံအား စီးပွားရေးအကူအညီ နှစ်ဆ တိုးပေးမည်ဖြစ်ကြောင်း သမ္မတမီးထရောင်းက ခရီး ရောက်မဆိုက် ကတိပေးခဲ့သည်။ လက်မှတ်ရေးထိုးခဲ့သော စာချုပ်များတွင် ပြင်သစ်နှင့်ဗီယက်နမ် ကြေးနန်းဆက်သွယ်ရေး လုပ်ငန်းများ ဖက်စပ်လုပ်ကိုင်ရေးနှင့် နှစ်နိုင်ငံ လေကြောင်း လိုင်းများ ပူးပေါင်းဆောင်ရွက်ရေးတို့ ပါဝင်သည်။ အကောက်ခွန် နှစ်ခါကောက်ခြင်းမှ ရှောင်ကြဉ်ရေး၊ ပြည်သူ့ကျန်းမာရေးအတွက် ပြင်သစ်က အကူအညီပေးရေး၊ ဟနွိုင်မြို့တော်၌ ပြင်သစ်ဥပဒေ ဂေဟာ တည်ထောင်ရေး အပါအဝင် ဗီယက်နမ် တရားရေး စနစ် အတွက် အကူအညီပေးရေး၊ ဟနွိုင်မြို့တော်၌ အရှေ့ဖျား လေ့လာရေးဆိုင်ရာ ပြင်သစ်ကျောင်း




ဟိုချီမင်းမြို့လယ်ရှိ ဟိုတယ်တစ်ခု

တစ်ကျောင်း တည်ထောင်ရေးအတွက် အကူအညီပေးရေးတို့နှင့် သက်ဆိုင်သော သဘောတူညီချက်များကို နှစ်နိုင်ငံအစိုးရ တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

စက်မှုထွန်းကားသော အနောက်နိုင်ငံများသို့ ထွက်ပြေးခဲ့သော နိုင်ငံသားများ ပြန်လာစေရန် စီးပွားရေ ပြုပြင်ပြောင်းလဲရေးတွင် စိတ်အားထက်သန်နေသော ဗီယက်နမ်ကွန်မြူနစ် ခေါင်းဆောင်များက စီးပွားရေးလုပ်ငန်းဆိုင်ရာ ညီလာခံကြီးကို ဖေဖော်ဝါရီလ ပထမပတ်အတွင်း ဟိုချီမင်းမြို့၌ ကျင်းပခဲ့သည်။ ၁၉၇၅ ခုနှစ်၌ ကွန်မြူနစ်များ လက်တွင်းသို့ ကျရောက်ခဲ့သော အမေရိကန် ထောက်ပံ့ကူညီထားသည့် တောင်ဗီယက်နမ် အစိုးရ၏ မြို့တော်ကို ယခုတိုင် ဆိုင်ဂုံဟု ပြည်ပရောက် လုပ်ငန်းရှင်များက ခေါ်ကြသည်။ ပြန်လာရန် ဖိတ်ခေါ်ခံရသူများတွင် ယခုအုပ်စုမှာ အများဆုံးဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်များနှင့် ၁၉၈၀ ပြည့်နှစ်များ စောစောပိုင်းကာလက ပြည်ပရောက်နိုင်ငံသားများမှာ ညီလာခံ ပြီးဆုံးသောအခါ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ပြင်သစ်နှင့် ဩစတြေးလျနိုင်ငံများသို့ ပြန်လည်ထွက်ခွာ သွားကြသည်။ ၁၉၈၆ ခုနှစ်တွင် အနောက်နိုင်ငံပုံစံ စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို ထောက်ခံလာသဖြင့် ကွန်မြူနစ်ဝါဒ အဆုံးသတ်ခဲ့သောကြောင့် ပြန်လည်ပေါင်း စည်းရေးကို အစိုးရက ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်သည်။

တောင်ကိုရီးယားနှင့် ကုန်သွယ်ရေးအပြင် အခြားဆက်ဆံရေးများ တိုးတက်စေရန် ဗီယက်နမ်ဝန်ကြီးချုပ် ဗိုဗန်ကီယက်သည် တောင်ကိုးရီးယားနိုင်ငံ ဆိုးလ်မြို့သို့ မေလ ၁၃ ရက်နေ့တွင် ရောက်ရှိခဲ့သည်။ ကီယက်မှာ ၁၉၇၅ ခုနှစ်တွင် ရန်သူဟောင်းနှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု ဖြတ်တောက်ခဲ့ ပြီးနောက် ဆိုးလ်မြို့သို့ ပထဆုံးသွားရောက်လည်ပတ်သော ဗီယက်နမ်ခေါင်းဆောင်ဖြစ်သည်။ ဗီယက်နမ်စစ်ပွဲအတွင်းက အမေရိကန်တပ်ဖွဲ့များနှင့်အတူ ပါဝင်တိုက်ခိုက်ခဲ့သော တောင်ကိုရီးယားနိုင်ငံက ၁၉၉၂ခုနှစ်၊ ဒီဇင်ဘာလတွင် သံတမန်ဆက်ဆံရေး ပြန်လည်ပြုလုပ်ခဲ့သည်။ ကီယက်နှင့်အတူ စီးပွားရေးလုပ်ငန်းရှင် ၂၀ ဦးလိုက်ပါလာပြီး စီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် တောင်ကိုရီးယားမှ ချေးငွေရရှိရန် ကီယက်က ကြိုးပမ်းခဲ့သည်။ နောက်လေးနှစ်အတွက် စီးပွားရေး အကူအညီအဖြစ် ဒေါ်လာနှစ်သန်းပေးရန် တောင်ကိုရီးယားက ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ကတိပြုခဲ့သည် သို့ရာတွင် ငွေနှင့်စက်မှုနည်းပညာ ပိုမိုပေးရန် တောင်ကိုရီးယားအား ဗီယက်နမ်က ပန်ကြားခဲ့သည်။

ရန်ဘက်နှစ်နိုင်ငံအကြား စီးပွားရေးနှင့် အခြားဆက်သွယ်ရေးများကို ဆွေးနွေးရန် ဗီယက်နမ်ဝန်ကြီးချုပ်နှင့် တောင်ကိုရီးယား ဝန်ကြီးချုပ်တို့ မေလ ၁၄ ရက်နေ့တွင် တွေ့ဆုံခဲ့ကြသည်။ လေကြောင်းကုန်သွယ်ရေးနှင့် ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များကို မေလ ၁၃ ရက်နေ့တွင် နှစ်နိုင်ငံက လက်မှတ်ရေးထိုးခဲ့ကြသည်။ တိုက်ရိုက် လေကြောင်းလမ်းဖွင့်လှစ်ရန်၊ အကောက်အခွန် နည်းဥပဒေများကို ဆွေးနွေးရန်နှင့် နှစ်ဦးနှစ်ဖက် ရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်စောင့်ရှောက်ရန် ယင်းသဘောတူစာချုပ်များ၌ ပါရှိသည်။ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးမှာ ၁၉၉၁ ခုနှစ်တွင် ဒေါ်လာသန်း ၂၄၀ ဖိုးရှိခဲ့ရာမှ ၁၉၉၂ ခုနှစ်တွင် ဒေါ်လာသန်း ၄၇၀ ဖိုးအထိ နှစ်ဆနီးပါး တိုးတက်ခဲ့သည်။ တောင်ကိုရီးယားနိုင်ငံမှာ ဗီယက်နမ်၌ ခြောက်နိုင်ငံမြောက် အများဆုံးရင်းနှီးမြှုပ်နှံသော နိုင်ငံဖြစ်သည်။

ဗီယက်နမ်စစ်ပွဲတွင် ပျောက်ဆုံးနေဆဲဖြစ်သော အမေရိကန် စစ်မှုထမ်းများအတွက် စာရင်းပြုစုရေးပြဿနာကို ပုံမှန်ဆက်ဆံရေးနှင့် မဆက်စပ်စေလိုကြောင်း ဗီယက်နမ်ဒုတိယဝန်ကြီးချုပ်က မေလ ၁၆ ရက်နေ့တွင် တိုကျိုမြို့၌ အမေရိကန်ပြည်ထောင်စုအား ပန်ကြားခဲ့သည်။ အင်ဒိုချိုင်းနားမှ အမေရိကန်တို့ မဆုတ်ခွာမီ ၁၉၇၂ ခုနှစ်တွင် ဝန်ခံထားခဲ့သည်ထက် အမေရိကန် တပ်သား ၆၀၀ ကျော်ကို ဟန္နိုင်က ထိန်းသိမ်းထားကြောင်း ဆိုဗီယက် ကွန်မြူနစ်ပါတီ မော်ကွန်းတိုက်တွင် တွေ့ရှိရသော အထောက်အထားများကြောင့် ဟန္နိုင်နှင့်ဝါရှင်တန်ဆက်ဆံ ရေးမှာ ပိုပြီးမပြေမလည်ဖြစ်ခဲ့ရသည်။

ဗီယက်နမ်သို့ နိုင်ငံတကာဆိုင်ရာ ငွေချေးမှုကို အမေရိကန်ပြည်ထောင်စုက ကန့်ကွက်ခဲ့ခြင်းအား ရပ်ဆိုင်း လိုက်မည်ဖြစ်သော်လည်း အမေရိကန်နှင့် ဗီယက်နမ် ပုံမှန် ဆက်ဆံရေးကိစ္စမှာ စစ်အတွင်းက ဗီယက်နမ်၌ ပျောက်ဆုံး ခဲ့သည့် အမေရိကန်စစ်သားများဖြေရှင်းမှုကိစ္စ နောက်ထပ် တိုးတက်ဆောင်ရွက်မှုအပေါ် တည်မှီနေပေသည်။ ပျောက်ဆုံး အမေရိကန်စစ်သားများအရေးနှင့် စပ်လျဉ်းပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ဗီယက်နမ်၏ ပူးပေါင်းဆောင်ရွက်ခဲ့မှုများအတွက် အမေရိကန်သမ္မတကလင်တန်က ဗီယက်နမ်ကို ထောက်ခံချက်ပေးခဲ့သည်။

ဝန်ကြီးချုပ် ဗိုဗန်ကီယက်သည် နိုင်ငံခြားရေးဝန်ကြီး ငုယင်ဗန်ကမ်း ၊ စီးပွားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ပြင်သစ်၊ ဘဲလ်ဂျီယံ၊ ဥရောပဘုံဈေး **(အီးစီ)** ဌာနချုပ်၊ ဂျာမနီနှင့် ဗြိတိန်နိုင်ငံများသို့ **ဇွန်လ ၂၄ ရက်**နေ့တွင် သွားရောက်ခဲ့ကြသည်။ ၁၉၈၀ ပြည့် **လွန်နှစ်များ** နောက်ပိုင်းမှစ၍ ဆိုဗီယက်အုပ်စုအပေါ် မှီခိုနေရမှုကို အစားထိုးရန် အနောက်ဥရောပ၊ အာရှနိုင်ငံများနှင့် ဆက်သွယ်ကာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဗီယက်နမ်နိုင်ငံက တိုးချဲ့ဆောင်ရွက်လာခဲ့သည်။ ဝန်ကြီးချုပ် ဗိုဗန်ကီယက်သည် ဗီယက်နမ်နိုင်ငံ၏ အနောက်တိုင်းပုံစံ စီးပွားရေးပြုပြင် ပြောင်းလဲမှုတွင် အဓိက အခန်းမှပါဝင်သူဖြစ်သည်။ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံတွင် တတိယနှင့် စတုတ္ထ ရင်းနှီးမြှုပ်နှံမှု အများဆုံး နိုင်ငံများဖြစ်ကြသည်။ ပြင်သစ်၊ ဂျာမနီနှင့် ဘဲလ်ဂျီယံ နိုင်ငံတို့သည် မိမိတို့ပြည်တွင်းရှိ စီးပွားရေး၊ လူမှုရေးပြဿနာများ ကြုံတွေ့နေစေကာမူ ဗီယက်နမ်၌ ပုဂ္ဂလိကလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံပြီး ကုန်သွယ်ရေးပြုလုပ်ကြရန် အားပေးတိုက်တွန်းခဲ့သည်။

ဗီယက်နမ်နိုင်ငံသည်လာမည့် ၂ နှစ်အတွင်း တစ်နှစ်လျှင် ၈ ရာခိုင်နှုန်းထက်မနည်း စီးပွားရေးတိုးတက် ဖွံ့ဖြိုးမည်ဟု စီမံကိန်းရေးဆွဲသူများက ယုံကြည်ထားသည်။ နိုင်ငံ၏ စုစုပေါင်းကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုမှာ ၁၉၉၂ ခုနှစ်က ၇.၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ အစိုးရပိုင်ကဏ္ဍမှ အမျိုးသားဝင်ငွေ၏ ၆၀ ရာခိုင်နှုန်း ရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။ သက္ကရာဇ် ၂၀၀၀ တွင် ဗီယက်နမ်နိုင်ငံသည် ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု နှစ်ဆတိုးမြှင့်ရန် စီစဉ်ထားသည်။ အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးခရစ္စတိုဖာနှင့် ဗီယက်နမ် နိုင်ငံခြားရေး ဝန်ကြီး ငုယင်ဗန်ကမ်းတို့ စင်ကာပူနိုင်ငံ၌ ဇူလိုင်လ ၂ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) ၏ အဆိုပြုချက်အရ အာရှနှင့် ပစိဖိတ်ဒေသ လုံခြုံရေးကိစ္စ ဆွေးနွေးရန် လာရောက်ကြသော ၁၈ နိုင်ငံမှ ကိုယ်စား လှယ်များအား တည်ခင်းသော ညစာစားပွဲတွင် ဝန်ကြီး နှစ်ဦး တွေ့ဆုံဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။ ၁၉၇၅ ခုနှစ်၌ ဗီယက်နမ်စစ်ပွဲ ပြီးဆုံးသွားခဲ့ပြီး နောက်ပိုင်း ပထမဆုံး အကြိမ် ဗီယက်နမ်နှင့်အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးများ တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် အင်ဒိုချိုင်းနားဒေသရှိ အိမ်နီးချင်းနိုင်ငံများနှင့်လည်း ဆက်ဆံရေး သင့်မြတ်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ကမ္ဘောဒီးယား လူမျိုးစု



ဆိုင်ဂုံမြစ်ကမ်းပါးပေါ်တွင် တွေ့ရသော နိုင်ငံခြားကုမ္ပဏီကြော်ငြာတစ်ခု

ပြဿနာနှင့် နယ်စပ်ကိစ္စတို့ကို ကမ္ဘောဒီးယားနိုင်ငံနှင့် ညှိနှိုင်းဆွေးနွေး ခဲ့ကြသည်။ မေလက ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲ အပြီး ဖွဲ့စည်းခဲ့သည့် ကမ္ဘောဒီးယား အစိုးရ အဖွဲ့၏ ပူးတွဲ ခေါင်းဆောင်များဖြစ်ကြသည့် ဟွန်ဆန်နှင့် မင်းသား နိုရိုဒွန်ရာနာရစ်တို့သည် ဗီယက်နမ်နိုင်ငံသို့ ဩဂုတ်လ ၂၃ ရက်နေ့တွင် ပထမဆုံးအကြိမ် ရောက်ရှိခဲ့ကြသည်။ နှစ်နိုင်ငံပူးပေါင်းပိုင်ဆိုင်သော နယ်ခြား နယ်နိမိတ် ခွဲခြားသတ်မှတ်ရေးနှင့် အနာဂတ်ပူးပေါင်း ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ ကမ္ဘောဒီးယား ခေါင်းဆောင်နှစ်ဦးတို့သည် ဗီယက်နမ်ဝန်ကြီးချုပ် ဗိုဗန်ကီယက်နှင့် ကွန်မြူနစ်ပါတီ အကြီးအကဲ ဒိုမိုင်တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုမှသာမက ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံ အငြင်းပွားနေသော မြေပြင်နှင့် ရေပြင်နယ်စပ်ဒေသများကိစ္စကိုလည်း ဆွေးနွေးခြင်းဖြင့် ညှိနှိုင်းအဖြေရှာခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ထူ ထောင်သောအခါ နယ်စပ်အငြင်းပွားမှု ကိစ္စများကို တပြည်းပြည်းချင်းဖြေရှင်းသွားရန် သဘောတူညီခဲ့ကြသည်။ ဩဂုတ်လ ၂၄ ရက်နေ့တွင် ဝန်ကြီးအဆင့် နယ်ခြားဒေသဆိုင်ရာ ဆွေးနွေးပွဲကို ပီကင်းမြို့၌ စတင်ပြုလုပ်ခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် အပြုသဘောဆောင်သော ရလဒ်များရရှိခဲ့သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး ကျန်ကျိချင်က ဩဂုတ်လ ၂၉ ရက်နေ့တွင် ထုတ်ဖော်ပြောကြားသည်။ ဆွေးနွေးပွဲမှာ တုန်ကင်ပင်လယ်ကွေ့အတွင်း ရေနံတူးဖော်ရေး အပါအဝင် နှစ်နိုင်ငံ နယ်စပ်ပဋိပက္ခများ ဖြေရှင်းရေးကို ရည်ရွယ်ခဲ့သည်။

## ဗုဒ္ဓသာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ချက်များ (၁၉၉၃)။

။ ၁၉၉၃ ခုနှစ်၊ ...သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ချက်များကို ဗုဒ္ဓဘာသာဝင် သူတော်စင်များ ကြည်ညိုသဒ္ဓါပွား များနိုင်ရန် တင်ပြပါသည်။

### ဘုန်းတော်ကြီးကျောင်း ပညာရေး

(က) ဆင်းရဲချမ်းသာမရွေး လူတိုင်း အရေး အဖတ်အတွက် အခြေခံပညာ တတ်မြောက်စေရန်၊ (ခ) ပညာသင်ကြားရေး၌ စရိတ်သက်သာပြီး လွယ်ကူမှုရှိစေရန်၊ (ဂ) ကိုယ်ကျင့်တရားကောင်းမွန်လာစေရန်၊ (ဃ) မြန်မာ့

ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတို့ကို သိရှိနားလည်၍ မြတ်နိုးတတ်စေရန်၊ (င) သာသနာတော်ဆိုင်ရာ အဆုံးအမများကို ကြားနာမှတ်သား သိရှိကြစေရန်၊ (စ) အမျိုးဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ဘုန်းတော်ကြီးကျောင်း ပညာရေး ပြန်လည်ဖော်ထုတ်ရေးကို နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၅၂ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၃ ရက်၊ ၄ ရက်နေ့များတွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ အစည်းအဝေးသို့တင်ပြ၍ အဆုံးအဖြတ် ရယူတော်မူခဲ့ကြသည်။ ထို့နောက် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် ပညာရေးဝန်ကြီး ဌာနသို့ မေတ္တာရပ်ခံခဲ့သည်။ ပညာရေးဝန်ကြီးဌာန၏ သဘောတူညီချက်အရ ဘုန်းတော်ကြီးကျောင်း ပညာရေးကို ပြန်လည် ဖော်ထုတ်ခဲ့သည်။

**ဘုန်းတော်ကြီး ပညာရေးကျောင်း ဖွင့်လှစ်ပြီးစီးမှု အခြေအနေ**

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ပြည်နယ်နှင့် တိုင်းများအလိုက် ဘုန်းတော်ကြီး ပညာရေးကျောင်းများ ဖွင့်လှစ်ထားရှိမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်–

| | | |
|---|---|---|
| ချင်းပြည်နယ် | ၂ | ကျောင်း |
| စစ်ကိုင်းတိုင်း | ၂၂ | ကျောင်း |
| တနင်္သာရီတိုင်း | ၁၁ | ကျောင်း |
| ပဲခူးတိုင်း | ၂၉ | ကျောင်း |
| မကွေးတိုင်း | ၂၆ | ကျောင်း |
| မန္တလေးတိုင်း | ၁၄၈ | ကျောင်း |
| မွန်ပြည်နယ် | ၁၉ | ကျောင်း |
| ရန်ကုန် တိုင်း | ၂၄၆ | ကျောင်း |
| ရခိုင်ပြည်နယ် | ၂၂ | ကျောင်း |
| ရှမ်းပြည်နယ် | ၈ | ကျောင်း |
| ဧရာဝတီတိုင်း | ၄၁ | ကျောင်း |

**ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် သာသနာ့တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူကြသော ဆရာတော်ကြီးများ၊ ပရိယတ္တိဝန်ဆောင် စာချ ဆရာတော်များနှင့် သီလရှင်ဆရာကြီးများ၊ ပဋိပတ္တိ ဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်ကြီးများ၊ နယ်လှည့် ဓမ္မကထိကဆရာတော်ကြီးများ၊ ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များနှင့် သာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် များဖြင့် လှူဒါန်းထောက်ပံ့ချီးမြှင့်ခဲ့ရာ ၁၃၅၄ ခုနှစ်၊ ပြာသို လဆန်း ၁၂ ရက်၊ (၄၅) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၉၃) ဖြင့် ဆရာတော်ကြီး တစ်ပါးအား အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်၊ ပြည်တွင်းမှ ဆရာတော်ကြီး ၅၃ ပါးနှင့်ပြည်ပမှ ဆရာတော် ကြီး ငါးပါးတို့အား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ဆရာ တော်ကြီး ၃၃ ပါးနှင့် သီလရှင်ဆရာကြီး သုံးပါးတို့အား အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ဆရာတော် ကြီး ၉၇ ပါးနှင့် သီလရှင်ဆရာကြီး ရှစ်ပါးတို့အား မဟာ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ဆရာတော်ကြီး ၅၀ ပါး နှင့် သီလရှင်ဆရာကြီး ခုနစ်ပါးတို့အား စူဠဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ဓမ္မကထိက ဆရာ တော်ကြီး တစ်ပါးအား မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်၊ ကမ္မဋ္ဌာန်းနည်းပြ ပြည်တွင်းမှ ဆရာ တော်ကြီးနှစ်ပါးနှင့်ပြည်ပမှ ဆရာတော်ကြီးတစ်ပါး တို့အား အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်၊ ဆရာ တော်ကြီး ၁၄ ပါးတို့အားမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်၊ ဆရာတော်ကြီး ရှစ်ပါးအား စူဠကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်၊ သာသနာပြုဆရာတော်ကြီးနှစ်ပါးအား အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်၊ ပြည်တွင်းမှ ဆရာတော်ကြီး ၁၄ ပါးနှင့်ပြည်ပမှ ဆရာတော်ကြီး နှစ်ပါးတို့အား အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်၊ ဆရာတော်ကြီး ၁၃ ပါးနှင့် လူပုဂ္ဂိုလ်နှစ်ဦးတို့အား မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်၊ ဆရာတော်ကြီး ၁၉ ပါး၊ သီလရှင် တစ်ပါးနှင့် လူပုဂ္ဂိုလ်သုံးဦးတို့အား သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များကို အသီးသီး ဆက်ကပ်လှူဒါန်း ခဲ့သည်။

ထို့ပြင် သာသနာတော်ကို ထူးခြားစွာ ထောက်ပံ့ လှူဒါန်းသည့် လူပုဂ္ဂိုလ် အမျိုးသားတစ်ဦးအား အဂ္ဂမဟာ သိရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်၊ အမျိုးသားတစ်ဦး အား သိရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်၊ အမျိုးသား နှစ်ဦးအား သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်၊ အမျိုး သားခြောက်ဦးအား သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်၊ အမျိုးသမီးနှစ်ဦးအားအဂ္ဂမဟာသိရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်၊ အမျိုးသမီး လေးဦးအား သိရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်၊ အမျိုး သမီး တစ်ဦးအား သီဟသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်၊ အမျိုးသမီး ခြောက်ဦးအား သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်များကို အသီးသီး ချီးမြှောက်ခဲ့ပါသည်။



သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲအခမ်းအနားကို မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ကျင်းပပြုလုပ်စဉ် နှင့် ဆရာတော်ဘဒ္ဒန္တသောတ္ထိလာဘိဝံသအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းနေစဉ်



**တတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် စတုတ္ထအစည်းအဝေးကျင်းပခြင်း**

တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးကို ၁၃၅၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်နေ့မှ ၁၃ ရက် (၁၉၉၃ ခုနှစ်၊ မတ်လ ၃ ရက်မှ ၅ ရက်) နေ့အထိ ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။ အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြသည့်အပြင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်၊ ဒုတိယဝန်ကြီး ဦးကျော်အေးနှင့် သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူး များနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ယင်းအစည်းအဝေးက ရွေးချယ်တင်မြှောက်ခြင်း (၁) ရပ်၊ မှတ်တမ်းတင်ခြင်း (၆)ရပ်၊ အတည်ပြုခြင်း (၅)ရပ်နှင့် ဆုံးဖြတ်ခြင်း (၄) ရပ်တို့ကို ချမှတ်ခဲ့သည်။

ဆုံးဖြတ်ခြင်း (၄) ရပ်

(က) ပရဒေသီ သံဃာတော်များနှင့် စပ်လျဉ်းသော သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ရန် ဆုံးဖြတ်ခြင်း၊

(ခ) တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ စည်းမျဉ်း အခန်း(၁၀) အပိုဒ်(၃၄)၊ အပိုဒ်(ခ)၊ အပိုဒ်ငယ် (၂)၌ ဖြည့်စွက်ရန်ဆုံးဖြတ်ခြင်း၊

(ဂ) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က အသိအမှတ်မပြုကြောင်း ဆုံးဖြတ်ထားသော ကျောင်းများ၌ နေထိုင်သည့် ရဟန်းသာမဏေများထံမှ သာသနာဝင်မှတ်တမ်း သိမ်းဆည်းရန်ဆုံးဖြတ်ခြင်း၊

(ဃ) ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါး သုံးဆောင်နည်း၊ ကမ္မာကမ္မ ဆောင်ရွက်နည်း စသည်များကို လိုက်နာကြစေရန်နှင့် လိုက်နာကျင့်သုံးတတ်အောင် ရဟန်းတော်များအား သင်ကြားပို့ချပေးရန် ဆုံးဖြတ်ခြင်း။

**ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ ကျင်းပခြင်း**

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ လှူဒါန်းခြင်းခံရသည့် ဆရာတော်ကြီးများ၊ သိလရှင်ဆရာကြီးများနှင့် သာသနာတော်ကိုပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းကြသော ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို (၁၉၉၃ ခုနှစ်၊ မတ်လ ၇ ရက်) နေ့တွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။

ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃ မဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ ဘွဲ့တံဆိပ်တော်အလှူခံယူတော်မူကြမည့် ဆရာတော်ကြီးများ၊ သိလရှင်ဆရာကြီးများ၊ ဘွဲ့တံဆိပ်တော်ခံယူမည့် လှူပုဂ္ဂိုလ်အမျိုးသား အမျိုးသမီးများ တက်ရောက်ကြသည့်အပြင် ဒုတိယဝန်ကြီးချုပ်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ထွန်းနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်တို့ တက်ရောက်၍ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သိလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ပူဇော်ကြပြီး လှူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

**ဝိနိစ္ဆယဆိုင်ရာလုပ်ငန်းများ**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) နှင့်အညီ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ ပါဝင်သော နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့များကို ဖွဲ့စည်း၍ နိုင်ငံတော် အယူခံဝိနည်း ဓမ္မကံအဓိကရဏ်းမှုခင်းများကို စစ်ဆေးဆုံးဖြတ်စေခဲ့ရာ ၁၉၉၃ ခုနှစ်အတွင်း နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ ၁၅ ဖွဲ့တို့က နိုင်ငံတော် အယူခံဝိနည်း ဓမ္မကံအဓိကရဏ်းမှုခင်း ၇၅ မှုတို့ကို စစ်ဆေးသုံးသပ်ဆုံးဖြတ်ခဲ့သည်။ ထို့အပြင် ဂိုဏ်းတစ်ပါးနှင့် ဂိုဏ်းတစ်ပါး ဖြစ်ပွားသော ဝိဝါဒါဓိကရဏ်းမှု ၆ မှု၊ ရဟန်းသာမဏေနှင့် အခြားပုဂ္ဂိုလ်များ ဖြစ်ပွားသော ဝိဝါဒါဓိကရဏ်းမှု ၁၆ မှု၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ အစည်းအဝေးသို့ တင်ပြ၍ အဆုံးအဖြတ် ခံယူမှု ၅၉ မှု၊ အထွေထွေ ဝိနိစ္ဆယ ဆောင်ရွက်မှု ၁၆၄ မှုတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။



ဆရာတော်ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းနေစဉ်

**ဗုဒ္ဓဘာသာဆိုင်ရာ စာမူများ စိစစ်ခြင်း**

၁၉၉၃ ခုနှစ်အတွင်း ဗုဒ္ဓဘာသာဆိုင်ရာ စာမူပေါင်း ၆၆၀ တို့ကို စိစစ်ခဲ့သည်။ စာမူပေါင်း ၆၆၀ အနက် စာမူ ၂၄၈ မူကို ထုတ်ဝေခွင့်ပြု၍ စာမူရှစ်မူကို ထုတ်ဝေခွင့် မပြုဘဲ စာမူ ၁၁၃ မူကို ပြင်ဆင်စေ၍လည်းကောင်း၊ စာမူ ၁၀၉ မူကို ဖြုတ်ပယ်စေ၍လည်းကောင်း၊ စာမူ ၁၆၈ မူကို ဖြုတ်ပယ်ပြင်ဆင်စေ၍လည်းကောင်း ထုတ်ဝေခွင့်ပြုခဲ့ပြီး စာမူ ၁၄ မူကို ပြင်ဆင်ရေးသား တင်ပြရန် ညွှန်ကြားခဲ့သည်။

**စာမေးပွဲများ ကျင်းပခြင်း**

၁၉၉၃ ခုနှစ် (၄၅) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတွင် ၁၃၆ ပါး ဝင်ရောက်ဖြေဆို ပြန်ဆိုခဲ့ရာ အာဂုံပြန် ၃၉ ပါး၊ ရေးဖြေ ငါးပါး၊ စုစုပေါင်း ၄၄ ပါး အောင်မြင်ခဲ့သည်။

(၄၅) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတွင် ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကကျောင်းတော်မှ အရှင်ဝါယမိန္ဒသည် သင်ရိုးပိဋကတ်သုံးပုံကို အာဂုံပြန်ပြီးဆုံး အောင်မြင်သဖြင့် တိပိဋကဓရဘွဲ့တံဆိပ်တော်ကို လက်ခံရရှိသည်။

ဓမ္မာစရိယ စာမေးပွဲကို ၁၉၉၃ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှ ဧပြီလ ၂ ရက်နေ့အထိ စာဖြေဌာန ၂၅ ဌာနတို့၌ ကျင်းပခဲ့သည်။ ယင်းစာမေးပွဲသို့ သံဃာတော် ၄၂၈၀ ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ သုံးကျမ်းအောင် ဓမ္မာစရိယဘွဲ့ရ ၁၉၆ ပါး၊ နှစ်ကျမ်းအောင် ၂၀၃ ပါး၊ တစ်ကျမ်းအောင် ၃၄၂ ပါး၊ စုစုပေါင်း ၇၄၁ ပါး အောင်မြင်သည်။

ပထမပြန် စာမေးပွဲများကို ၁၉၉၃ ခုနှစ်၊ မတ်လ ၂၃ ရက်မှ မတ်လ ၃၁ ရက်နေ့အထိ ပြည်နယ်/တိုင်းအသီးသီးရှိ စာဖြေဌာနပေါင်း ၁၉၉ ဌာနနှင့် အခြေပြု မူလတန်း ၂၁၈ ဌာနတို့၌ ကျင်းပခဲ့သည်။ ယင်းစာမေးပွဲ ပထမကြီးတန်းတွင် ၅၈၄၇ ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ ၉၆၀ ပါး အောင်မြင်သည်။ ပထမလတ်တန်းတွင် ၉၅၃၁ ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ ၂၂၄၅ ပါး အောင်မြင်သည်။ ပထမငယ်တန်းတွင် ၁၅၄၆၀ ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ ၄၀၁၆ ပါး အောင်မြင်သည်။ အခြေပြု မူလတန်း စာမေးပွဲတွင် ၁၃၀၄ ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ ၇၃၅ ပါး အောင်မြင်ခဲ့သည်။

လူနှင့် သီလရှင်များအတွက် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများကို နှစ်စဉ်ကျင်းပခဲ့သည်။ အဘိဓမ္မာ (ရိုးရိုး) စာမေးပွဲများကို ပြည်နယ်/တိုင်း အသီးသီးရှိ စာဖြေဌာန ၁၁၂ ဌာနတို့၌ ကျင်းပခဲ့သည်။ ယင်းစာမေးပွဲသို့ ၈၉၂၂ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၄၉၅၂ ဦး အောင်မြင်သည်။ အဘိဓမ္မာ ဂုဏ်ထူးအောင် စာမေးပွဲကို ပြည်နယ်/တိုင်း အသီးသီးရှိ စာဖြေဌာနပေါင်း ၇၁ ဌာန၌ ကျင်းပခဲ့ရာ ၁၅၁၅ ဦး ဝင်ရောက်ဖြေဆို၍ ၅၈၉ ဦး အောင်မြင်သည်။ ဝိသုဒ္ဓိမဂ် စာမေးပွဲကို ပြည်နယ်/တိုင်းအသီးသီးရှိ စာဖြေဌာနပေါင်း ၄၀ ၌ ကျင်းပခဲ့ရာဝင်ရောက်ဖြေဆိုသူ ၅၁၁ ပါး ရှိ၍ ၁၉၀ ပါး အောင်မြင်ခဲ့သည်။

ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲကို ပြည်နယ်/တိုင်း အသီးသီးရှိ စာဖြေဌာနများ၌ ကျင်းပခဲ့ရာ ယဉ်ကျေးမှု ကျင့်ဝတ်ဘာသာ၌ ၃၉၄၅ ဦး အောင်မြင်သည်။ ဗုဒ္ဓဘာသာ မြန်မာဘာသာ၌ ဝင်ရောက်ဖြေဆိုသူ ၁၉၈၄၂ ဦး ရှိ၍ ၁၆၂၄ ဦး အောင်မြင်သည်။ အခြေခံ အဘိဓမ္မာဘာသာ၌ ဝင်ရောက်ဖြေဆိုသူ ၈၆၀၈ ဦးရှိ၍ အောင်မြင်သူ ၆၇၀၂ ဦး အောင်မြင်သည်။

### ဒုတိယအကြိမ် နိကာယ်ငါးရပ် ပါဠိတော် စာမေးပွဲ ကျင်းပခြင်း

ဒုတိယအကြိမ် နိကာယ်ငါးရပ်စာမေးပွဲကို ပြည်နယ်/တိုင်း အတွင်းရှိ စာဖြေဌာန ၂၄ ဌာနတို့၌ ကျင်းပခဲ့ရာ ယင်းနိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲသို့ ရဟန်းသာမဏေများ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်စုစုပေါင်း ၄၈၈၀ ဦး ဝင်ရောက်ဖြေဆိုကြသည်။

### ပြည်ပသာသနာပြုခရီး ကြွရောက်ခြင်း

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝဏ္ဏသိရီသည် ၁၉၈၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် အိန္ဒိယနိုင်ငံ ကုသိနာရုံ သာသနာပြုခရီးအဖြစ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ကြွရောက်ခဲ့သည်။

ဆရာတော်သည် အိန္ဒိယနိုင်ငံသား ၁၄ ဦးနှင့် မြန်မာနိုင်ငံသားတစ်ဦးတို့ကို ရှင်သာမဏေအဖြစ် ချီးမြှင့်ပေးတော်မူခဲ့ပြီး အိန္ဒိယနိုင်ငံသား ၂၄ ဦးနှင့် မြန်မာနိုင်ငံသား တစ်ဦးတို့ကို မြင့်မြတ်သော ရဟန်းဘောင်သို့ ချီးမြှောက်ပေးတော်မူခဲ့သည်။ ထို့အပြင် အိန္ဒိယပြည်မှ အမျိုးသမီး နှစ်ဦးတို့ကို သီလရှင်အဖြစ် ချီးမြှင့်ခဲ့သည်။

ထိုရှင်ပြုပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် အိန္ဒိယနိုင်ငံသား ၁၅၀၀ ခန့်တို့ကလည်း ဆရာတော်ထံမှ သရဏဂုံ ဆောက်တည်ကြပြီး ငါးပါးသီလ ခံယူကာ ၎င်းတို့ဆန္ဒအရ ဗုဒ္ဓဘာသာအဖြစ် ကူးပြောင်းခဲ့သည်။

ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရီသည် ၁၄-၂-၈၃ နေ့တွင် ကုသိနာရုံကျောင်းဝင်းအတွင်း၌ ကျင်းပသော ဆရာတော်ကြီး ဦးစန္ဒိမုနိ ရုပ်တုတော် တည်ရှိရာ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ခဲ့သည်။ ယင်းအခမ်းအနားသို့ အိန္ဒိယနိုင်ငံရှိ မြန်မာရဟန်းတော်များ၊ အိန္ဒိယနိုင်ငံသား ရဟန်းသာမဏေများ ကြွရောက်တော်မူကြပြီး အိန္ဒိယနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အိန္ဒိယနိုင်ငံသား ၃၀၀၀ ခန့် တက်ရောက်ခဲ့သည်။

အခမ်းအနားသို့ တက်ရောက်လာကြသော ပရိသတ်များက ဆရာတော်ထံမှ သရဏဂုံသုံးပါးနှင့် ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဗုဒ္ဓဘာသာအဖြစ် ခံယူခဲ့ကြသည်။ ဗုဒ္ဓဘာသာအဖြစ် ကူးပြောင်းခံယူသူများနှင့် ရဟန်းသာမဏေဘောင် ဝင်ရောက်ခဲ့ကြသော အိန္ဒိယနိုင်ငံသားများထဲတွင် တက္ကသိုလ်မှဆရာများ၊ ရှေ့နေများ၊ ခေတ်ပညာတတ်များ ပါဝင်သည်။

### အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ အစည်းအဝေးသို့ တက်ရောက်ခြင်း

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဝံသ ဦးဆောင်၍ အဖွဲ့ဝင်များအဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏဝံသာဘိဝံသ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန သမိုင်းကော်မရှင်အဖွဲ့ဝင် ဒေါက်တာခင်မောင်ညွန့် တို့ပါဝင်သော မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပမည့် ဗုဒ္ဓဘာသာရှုထောင့်မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ အစည်းအဝေးသို့ တက်ရောက်ရန် ၂၄-၃-၈၃ နေ့တွင် ရန်ကုန်လေဆိပ်မှ ထွက်ခွာခဲ့သည်။

ယင်းကိုယ်စားလှယ်အဖွဲ့သည် ၂၆-၃-၈၃ နေ့တွင် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ အစည်းအဝေးသို့ တက်ရောက်၍ ဗုဒ္ဓဘာသာရှုထောင့်မှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးစာတမ်းကို ဖတ်ကြားတင်သွင်းခဲ့သည်။ အဆိုပါ ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့သည် ၄-၄-၈၃ နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

### ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သို့ ကြွရောက်ခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ မြန်မာ-တရုတ် ဗုဒ္ဓဘာသာ သာသနာတော် ချစ်ကြည်မှု

တိုးပွားရေးအတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုပညိန္ဒာဘိဝံသ ဦးဆောင်၍ အဖွဲ့ဝင်များအဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် သာသနာရေးဦးစီးဌာနမှ တွဲဖက်ညွှန်ကြားရေးမှူးတို့ ပါဝင်သော မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့သည် ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာခဲ့သည်။

### ကိုရီးယားဗုဒ္ဓဘာသာအဖွဲ့ မြန်မာနိုင်ငံသို့လာရောက်ခြင်း

ကိုရီးယားသမ္မတနိုင်ငံမှ ကိုရီးယား ဗုဒ္ဓဘာသာ ချုံတေးဂိုဏ်းဥက္ကဋ္ဌနှင့် ကိုရီးယားဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဂျုံဝန်ဒွတ် ဦးဆောင်၍ အဖွဲ့ဝင် ၃၂ ဦး ပါဝင်သော ကိုရီးယား ဗုဒ္ဓဘာသာအဖွဲ့သည် ၂၆-၃-၉၃ နေ့တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်။ ဘုန်းတော်ကြီး ၁၃ ပါးနှင့် သီလရှင် ၁၉ ပါးတို့ ပါဝင်ကြသည်။

### သာသနာပြုသင်တန်းများ ဖွင့်လှစ်ခြင်း

တတိယအကြိမ်ပြည်တွင်းထေရဝါဒ ဗုဒ္ဓသာသနာပြုသင်တန်းကို ၁၉၉၃ ခုနှစ်၊ မေလ ၅ ရက်နေ့မှ ဇွန်လ ၁၄ ရက်နေ့အထိ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ပိဋကတ်တိုက် သင်တန်းခန်းမ၌ ဖွင့်ခဲ့ရာ ရဟန်းတော် ၈၇ ပါး တက်ရောက်တော်မူကြသည်။

ပထမကြိမ်ပြည်တွင်း ထေရဝါဒ ဗုဒ္ဓသာသနာပြု လူပုဂ္ဂိုလ်များသင်တန်းကို ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့မှ ၂၅ ရက်နေ့ထိ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ပိဋကတ်တိုက် သင်တနးခန်းမ၌ ဖွင့်လှစ်ခဲ့ရာ လူပုဂ္ဂိုလ် ၁၂၃ ဦး တက်ရောက်ခဲ့သည်။

ဒုတိယအကြိမ်ပြည်တွင်းထေရဝါဒ ဗုဒ္ဓသာသနာပြု လူပုဂ္ဂိုလ်များသင်တန်းကို ၁၉၉၃ ခုနှစ်၊ ဇွန်လ ၆ ရက်မှ ဇူလိုင်လ ၁၅ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ရာ လူပုဂ္ဂိုလ် ၉၅ ဦး တက်ရောက်ခဲ့သည်။

တတိယအကြိမ်ပြည်တွင်းထေရဝါဒ ဗုဒ္ဓသာသနာပြု လူပုဂ္ဂိုလ်များသင်တန်းကို ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှ ၁၉ ရက်နေ့အထိ စစ်ကိုင်းတိုင်း ကလေးမြို့၌ ဖွင့်လှစ်ခဲ့ရာ အမျိုးသား ၉၉ ဦး၊ အမျိုးသမီး ၂၁ ဦး စုစုပေါင်း ၁၂၀ ဦး တက်ရောက်ကြသည်။

စတုတ္ထအကြိမ်ပြည်တွင်းထေရဝါဒ ဗုဒ္ဓသာသနာပြု လူပုဂ္ဂိုလ်များသင်တန်းကို ကယားပြည်နယ် လွိုင်ကော်မြို့၌ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့မှ အောက်တိုဘာလ ၁၁ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ရာ အမျိုးသား ၇၁ ဦး၊ အမျိုးသမီး ၂၈ ဦး စုစုပေါင်း ၉၉ ဦး တက်ရောက်ခဲ့ပေသည်။



စာရေးဆရာနှင့်
ပြဇာတ်ဒါရိုက်တာ
ဗိုလ်ကျော်ဆန်း

**ဗိုလ်ကျော်ဆန်း (ခရစ် ၁၉၂၀ – ၁၉၉၃)။** ။ စာရေးဆရာနှင့် ပြဇာတ်ဒါရိုက်တာတစ်ဦးဖြစ်သူ ဗိုလ်ကျော်ဆန်းကို အဖသမားတော် ဦးသာလှိုင်၊ အမိ ဒေါ်လေးငယ်တို့က ၁၉၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့၌ သန်လျင်မြို့နယ်၊ ဘော့ သပြေကန်ကျေးရွာတွင် ဖွားမြင်သည်။ ငယ်နာမည် မောင်ကြည်ညွန့်ဖြစ်သည်။ မွေးချင်း သုံးယောက်ရှိသည့်အနက် ဒုတိယမြောက်သားဖြစ်သည်။

ဗိုလ်ကျော်ဆန်းသည် ၁၉၃၆ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိ လမ်းမတော် အစိုးရအထက်တန်းကျောင်းတွင် တက်ရောက် ပညာသင်ယူပြီး ၁၀ တန်းအောင်မြင်သည်။ ၁၉၃၈ ခုနှစ်မှ ၁၉၃၉ ခုနှစ်အထိ ကြည့်မြင်တိုင် ဆရာဖြစ် သင်ကျောင်း တက်ရောက်ပြီး အထက်တန်း ဆရာဖြစ်အောင်မြင်သည်။ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံတွင် ပါဝင်ခဲ့ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်တွင် ဗိုလ်အဆင့်ထိ ထမ်းဆောင်သည်။ တပ်မတော်မှ နုတ်ထွက်ပြီးနောက် ဖက်ဆစ်ဆန့်ကျင်ရေး မြေအောက်တော်လှန်ရေး တာဝန်များထမ်းဆောင်သည်။

ဗိုလ်ကျော်ဆန်းသည် တော်လှန်ရေးအစိုးရလက်ထက်တွင် ၁၉၆၄ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ ပညာရေးဌာန လူငယ့်ရေးရာဌာနခွဲတွင် လူငယ်စည်ရုံးရေးမှူးအဖြစ် တာဝန်ထမ်းဆောင်သည်။ လူငယ်စည်းရုံးရေးမှူး တာဝန်ထမ်းဆောင်စဉ် ဗိုလ်ကျော်ဆန်း ကလောင်အမည်ဖြင့် မြန်မာ့အသံ လူငယ်ကဏ္ဍတွင် လူငယ်တေးသီချင်းများနှင့် လူငယ်ဇာတ်လမ်းများ ရေးသားဟောပြောခြင်းကို ဆောင်ရွက်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် လူငယ်ရေးရာဌာနခွဲမှ အနုပညာဦးစီးဌာန ယဉ်ကျေးမှုကဇာတ်ဌာနခွဲသို့ ဇာတ်စင် ဒါရိုက်တာအဖြစ် ပြောင်းရွှေ့အမှုထမ်းသည်။ ယဉ်ကျေးမှုကဇာတ်ဌာနခွဲမှတင်ဆက်ခဲ့သော "ဂီတပါလီ"

"ဇာတိမာန်ဟုန်ရတနာပုံ" "မြအလင်္ကာမြေ" "ငွေတောင်သစ္စာပန်းမေတ္တာ" "သခ်ပတ္တပန်းသီလ" နှင့် "ပန်းမကိုင့်မြေ" စသည့် ဇာတ်ကြီးများ၊ အခြားတေးဂီတ ကဇာတ်များနှင့် ပြဇာတ်တို့ အများအပြားကို ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ရေးသားထုတ်လုပ်တင်ဆက်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ဆိုဗီယက်နိုင်ငံနှင့် အရှေ့ဂျာမနီနိုင်ငံများသို့ လည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့လည်းကောင်း နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေးအတွက် ယဉ်ကျေးမှုကဇာတ် အဖွဲ့ဝင်များနှင့်အတူသွားရောက်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ဇာတ်စင်ဒါရိုက်တာအဖြစ်မှ အငြိမ်းစားယူသည်။ အငြိမ်းစားယူပြီးနောက် ယဉ်ကျေးမှု ကဇာတ်ဌာနခွဲတွင် ဇာတ်ညွှန်းရေး အကြံပေး ပုဂ္ဂိုလ်အဖြစ်သုံးနှစ်ဆက်လက် ထမ်းဆောင်ခဲ့သည်။

ဗိုလ်ကျော်ဆန်းသည် စာပေဗိမာန် စာမူဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ) ပထမဆုကို "သဘင်သစ်" စာမူဖြင့် ၁၉၈၆ ခုနှစ်တွင် လည်းကောင်း၊ စာပေဗိမာန် စာမူဆု (ပြဇာတ်စာပေ) ဒုတိယဆုကို "မြန်မာ့ပုဂံကျွန်မခံ" စာမူဖြင့် ၁၉၈၉ ခုနှစ်တွင်လည်းကောင်း ရရှိသည်။ ဗိုလ်ကျော်ဆန်းရေးသားသည့် "ပွဲဦးရွှေအလင်္ကာ" စာအုပ်ကို ၁၉၉၀ ပြည့်နှစ်တွင် မြဝတီစာပေတိုက်မှထုတ်ဝေခဲ့သည်။ ယဉ်ကျေးမှု ဗိုလ်ကျော်ဆန်း အမည်ဖြင့် ပြသပြီးသော "ဝရဇိန်လက်နက်" ဗီဒီယိုဇာတ်ကားကို ဇာတ်ညွှန်းရေးသားခဲ့ပြီး မပြသရသေးသော " မြပဝါ ခါးမှာပန်းပါလို့" ဗီဒီယိုဇာတ်ကားကို ဝတ္ထုဇာတ်ညွှန်း ဒါရိုက်တာ အဖြစ် ရိုက်ကူးခဲ့သည်။

ဗိုလ်ကျော်ဆန်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ပါဝင်ခဲ့သောကြောင့် နိုင်ငံတော်က ချီးမြှင့်အပ်နှင်းသည့် လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)ကို ရရှိသည်။

စာရေးဆရာနှင့် ပြဇာတ်ဒါရိုက်တာ ဗိုလ်ကျော်ဆန်းသည် ၁၉၉၃ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ ဇနီးဒေါ်လှမေနှင့် သားတစ်ဦး၊ မြေးနှစ်ဦး ကျန်ရစ်သည်။

**ဗိုလ်ဇင်ယော် (ရဲဘော်သုံးကျိပ်)** (ခရစ် ၁၉၁၉-၁၉၉၃)။ ။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဇင်ယော်ကို အဖ ဦးပို၊ အမိ ဒေါ်နှင်းမြတို့က ၁၉၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ခရမ်းမြို့နယ်၊ အေးရွာ၌ ဖွားမြင်သည်။ နာမည်ရင်းဦးသန်းညွှန့်ဖြစ်ပြီး၊ မွေးချင်းလေးယောက်တွင် အကြီးဆုံးဖြစ်သည်။

ငယ်စဉ်က ဟံသာဝတီခရိုင်၊ ပန်းကန်တောင်ကျောင်း



ဗိုလ်ဇင်ယော်
(ရဲဘော်သုံးကျိပ်)

တွင် ပညာသင်ယူခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင် မြူနီစပယ် အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ကြားခဲ့ရာ ကိုးတန်းအောင်မြင်သည်။ ထို့နောက် ဆရာဖြစ်သင်တန်းတက်ရောက် အောင်မြင်သည်။ ဒုတိယကျောင်းသားသပိတ်တွင် ပုဇွန်တောင် ကျောင်းသားသမဂ္ဂ အမှုဆောင်အဖြစ် ဆောင်ရွက်သည်။ ၁၉၃၉ ခုနှစ် တွင် တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ခဲ့ပြီး သခင်သန်းညွှန့် ဖြစ်လာသည်။

သခင်သန်းညွှန့်သည် နယ်ချဲ့ဆန့်ကျင်ရေးအတွက် ပြည်သူ့အရေးတော်ပုံပါတီသို့ ဝင်ရောက်ပြီး လျှို့ဝှက်မြေအောက်လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် နယ်ချဲ့တို့ကို လက်နက်ကိုင်တော်လှန်ရန် ဂျပန်နိုင်ငံသို့ စစ်ပညာသင်သွားသော စတုတ္ထအသုတ် ရဲဘော်များနှင့်အတူ ၁၉၄၁ ခုနှစ်တွင် လိုက်ပါသွားပြီး ရဲဘော်သုံးကျိပ်အဖွဲ့ဝင်ဖြစ်လာသည်။

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဇင်ယော်သည် ထိုင်းနိုင်ငံတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့စည်းသောအခါ စစ်သားစုဆောင်းရေးတာဝန်ယူခဲ့သည်။ ရဲဘော်သုံးကျိပ် မြန်မာနိုင်ငံသို့ ချီတက်ဝင်ရောက်ရာတွင် ဇင်းမယ်စစ်ကြောင်း ရှေ့ပြေးတပ်မှ ပါဝင်ချီတက်သည်။

ဗိုလ်ဇင်ယော်သည် ဗမာ့လွတ်လပ်ရေးတပ်မတော် ဖျက်သိမ်းပြီးနောက် ၁၉၄၂ ခုနှစ်တွင် ဗမာ့ကာကွယ်ရေးတပ်မတော်၌ ဗိုလ်ကြီးအဆင့်ဖြင့် တပ်ရင်း(၃) တပ်ခွဲ (၃)၊ တပ်ခွဲမှူးတာဝန် ထမ်းဆောင်သည်။ ၁၉၄၃ ခုနှစ်တွင် တပ်ရင်း(၃)မှ စက်မှုလက်မှုတပ်ရင်း(၁)သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။ ၁၉၄၄ ခုနှစ်တွင် အနောက်တိုင်းစစ်ဌာနချုပ် စစ်ရေးဌာနမှူးတာဝန်နှင့် ပြောက်ကျားတပ်ရင်း (၁) တပ်ရင်းမှူး တာဝန်များကို ထမ်းဆောင်သည်။ ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲသောအခါ တိုင်း(၄)မှ ပါဝင်ဆင်နွှဲသည်။ ဖက်ဆစ်တော်လှန်ရေးပြီးနောက် ဗိုလ်မှူးဇင်ယော်သည် တပ်မတော်မှ နုတ်ထွက်ခဲ့သည်။

ဗိုလ်မှူးဇင်ယော်သည် ၁၉၄၅ ခုနှစ်တွင် ရန်ကုန်ခရိုင်၊ ပြည်သူ့ရဲဘော်အဖွဲ့ကို ဖွဲ့စည်း၍ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ကာ နိုင်ငံရေးလုပ်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ဗမာနိုင်ငံ

အလုပ်သမားများ အစည်းအရုံး တွဲဖက်အတွင်းရေးမှူးနှင့် ၁၉၄၈ ခုနှစ်တွင် ဗမာနိုင်ငံ အလုပ်သမားများသမဝါယမအသင်း အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ ၁၉၅၀ ပြည့်နှစ်တွင် ဗမာနိုင်ငံအလုပ်သမားများသမဝါယမအသင်းမှ နုတ်ထွက်ပြီး အဆောက်အအုံကန်ထရိုက်တာလုပ်ကိုင်သည်။ ၁၉၅၄ ခုနှစ်တွင် စကြာမော်တော်ကားကုမ္ပဏီ မန်နေဂျာလုပ်ကိုင်သည်။ ၁၉၅၅ ခုနှစ်တွင် စစ်ပြန်စစ်မှုထမ်းဟောင်းများအဖွဲ့ ရန်ကုန်ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ၁၉၅၇ ခုနှစ်တွင် ဂျာမနီနိုင်ငံ၊ ဘာလင်မြို့၌ ကျင်းပသော သတ္တမအကြိမ်မြောက်ကမ္ဘာ့စစ်ပြန်ညီလာခံသို့မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် တက်ရောက်သည်။ ၁၉၅၈ ခုနှစ်တွင် စကြာမော်တော်ကားကုမ္ပဏီ မန်နေဂျာအဖြစ်မှ နုတ်ထွက်သည်။

ဗိုလ်မှူးဇင်ယော်သည် ဖဆပလအဖွဲ့ နှစ်ခြမ်းကွဲသောအခါ သန့်ရှင်းဖဆပလ(ပထစ)အဖွဲ့တွင် ပါဝင်ပြီး နိုင်ငံရေးနယ်ပယ်သို့ ပြန်လည်ဝင်ရောက်သည်။ ပထစအဖွဲ့တွင် ပဲခူးတိုင်း သဘာပတိအဖွဲ့ဝင်၊ ပဲခူးခရိုင် အမှုဆောင်၊ ကဝမြို့နယ် အမှုဆောင်တာဝန်များကို ဆောင်ရွက်သည်။ ၁၉၆၀ ပြည့်နှစ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် ကဝမြို့နယ် မဲဆန္ဒနယ်မှ လွှတ်တော်အမတ်အဖြစ် အရွေးခံရပြီး၊ ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိ ပြည်သူ့လွှတ်တော်အမတ်အဖြစ် ဆောင်ရွက်သည်။

ဗိုလ်မှူးဇင်ယော်သည် ၁၉၆၄ ခုနှစ်မှစ၍ သစ်လုပ်ငန်းအဖွဲ့တွင် အထူးအရာရှိအဖြစ် တာဝန်ပေးအပ်ခြင်းခံရပြီး၊ ၁၉၈၆ ခုနှစ်အထိတာဝန်ထမ်းဆောင်ခဲ့သည်။ နိုင်ငံတော်က ချီးမြှင့်သော လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) နှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) တို့ကို ရရှိသည်။

နယ်ချဲ့ဆန့်ကျင်ရေးနှင့် ဖက်ဆစ်တော်လှန်ရေးတို့တွင် ပါဝင်ခဲ့ခြင်းဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် မှတ်တမ်းတင်ခံခဲ့ရသော ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဇင်ယော်သည် ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

## ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်) (ခရစ် ၁၉၁၉ – ၁၉၉၃) ။

။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တာရာကို အဖသစ်ကုန်သည်နှင့် သစ်စက်ပိုင်ရှင် ဦးကောက်၊ အမိ ဒေါ်လွမ်းတို့က ၁၉၁၉ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့တွင် ပျဉ်းမနားမြို့၌ ဖွားမြင်သည်။ နာမည်ရင်းမှာ ဦးခင်မောင်ဦးဖြစ်ပြီး မွေးချင်းခြောက်ယောက်တွင် အငယ်ဆုံးဖြစ်သည်။

၁၉၃၆ ခုနှစ်တွင် ပျဉ်းမနားခရိုင် တို့ဗမာအစည်းအရုံးသို့



ဗိုလ်တာရာ
(ရဲဘော်သုံးကျိပ်)

ဝင်ရောက်ခဲ့ရာမှ သခင်တစ်ဦးဖြစ်လာသည်။ သခင်အောင်ဆန်း၊ ကိုဗဟိန်း၊ ကိုဗဆွေ၊ သခင်ဗစိန်၊ သခင်လှဖေ (ဗမာ့လက်ရုံးတပ်မှူး)၊ သခင်လေးမောင်တို့နှင့် တွေ့ဆုံကာ ကျောင်းသားသမဂ္ဂ၊ ခရိုင်တို့ဗမာအစည်းအရုံး၊ ခရိုင်ဗမာ့လက်ရုံးတပ်ဖွဲ့၊ ခရိုင်တောင်သူလယ်သမားအစည်းအရုံးများ ဖွဲ့စည်းတည်ထောင်ရာတွင် တက်ကြွစွာပါဝင်သည်။ ၁၉၃၇ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းရုံး၏ စည်းရုံးရေးမှူး၊ ဘဏ္ဍာရေးမှူး တာဝန်များကို ထမ်းဆောင်သည်။ ၁၉၃၈ ခုနှစ် ကျောင်းသားသပိတ်ကြီးတွင် ပါဝင်လှုပ်ရှားခဲ့သည်။ ဗိုလ်တာရာသည် ပျဉ်းမနားမြို့ ကေ၊ အီး၊ အမ် အထက်တန်းကျောင်းမှ အင်္ဂလိပ် – မြန်မာ ၁၀ တန်းအောင်မြင်သည်။

ဗိုလ်တာရာသည် မြန်မာ့လွတ်လပ်ရေးအတွက် နယ်ချဲ့တို့အား လက်နက်ကိုင်တော်လှန်ရန် သခင်အောင်ဆန်း၊ ဆရာထွန်းရွှေ (နဂါးနီ) တို့၏ ရွေးချယ်တာဝန်ပေးအပ်ချက်အရ ၁၉၄၁ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ စစ်ပညာသင်သွားမည့် တတိယအသုတ် ရဲဘော်များနှင့် အတူလိုက်ပါသွားပြီး ရဲဘော်သုံးကျိပ် အဖွဲ့ဝင်ဖြစ်လာသည်။ ဂျပန်နိုင်ငံမှအပြန် ထိုင်းနိုင်ငံတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့စည်းသောအခါ သခင်ခင်မောင်ဦးနာမည်မှ ဗိုလ်တာရာနာမည်ပြောင်းခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်၊ မျိုးချစ်ဗမာ့တပ်မတော်တို့တွင် ဗိုလ်မှူးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ပြည်ထောင်စုပါတီ (ပထစ) မှ ပျဉ်းမနားအမတ်အဖြစ် ပါလီမန်လွှတ်တော်သို့ ရွေးကောက်တင်မြှောက်ခံရသည်။

ဗိုလ်တာရာသည် စစ်ကြိုခေတ်ကပင် ဘားမားဂျာနယ်၊ ဒီးဒုတ်ဂျာနယ်၊ သူရိယမဂ္ဂဇင်းတို့တွင် ဝတ္ထုတိုများ ရေးသားခဲ့သည်။ နိုင်ငံရေးလောကမှ အနားယူသောအခါ ရှုမဝ၊ မြဝတီ၊ ငွေတာရီ၊ သွေးသောက် မဂ္ဂဇင်းများတွင် ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်) ကလောင်အမည်ဖြင့် ဆောင်းပါး၊ ဝတ္ထုတိုနှင့် ဝတ္ထုရှည်များရေးသားသည်။

မြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်နိုင်ငံတွင် စစ်သင်တန်း တက်ခဲ့ကြသော မျိုးချစ်လူငယ် ၃၀ တို့ ဗမာ့လွတ်လပ်ရေး တပ်မတော်ဖွဲ့စည်းပြီး မြန်မာနိုင်ငံအတွင်းသို့ ပြန်ဝင်လာသောခရီးစဉ်တစ်လျှောက် အတွေ့အကြုံများကို "ရဲဘော်သုံးကျိပ်၏ပြည်တော်ပြန်" အမည်ဖြင့် မြဝတီ မဂ္ဂဇင်းတွင် အခန်းဆက်ဆောင်းပါးရေးသားခဲ့ပြီးနောက် စာအုပ်အဖြစ်ထုတ်ဝေခဲ့သည်။ ထိုစာအုပ်ဖြင့် ၁၉၆၁ ခုနှစ် စာပေဗိမာန်ဆု (သုတပဒေသာဆု) ဆွတ်ခူးရရှိသည်။ "သိုင်းနယ်မှ ကျားသောင်းကျန်း" ဝတ္ထုတိုကို အထက်တန်း မြန်မာစကားပြေစာအုပ်တွင် သင်ရိုးညွှန်းတမ်း အဖြစ် ပြဋ္ဌာန်းခဲ့သည်။ "မာန်စွယ်ဖွေးဖွေး" ဝတ္ထုသည် ဟင်ဒီဘာသာသို့ပြန်ဆိုခြင်း ခံရသည်။ မြန်မာလူငယ်များ အတုယူဖွယ်ရာ ရဲသွေး ရဲမာန် ရဲစိတ် ဖော်ပြလေ့ရှိသော တော်လှန်ရေးဝတ္ထု၊ စစ်ဝတ္ထုနှင့် အမဲလိုက်မုဆိုး ဝတ္ထု စာအုပ်ပေါင်း ၆၀ ကျော်ရေးသားခဲ့သည်။

မြန်မာ့လွတ်လပ်ရေးအတွက် နယ်ချဲ့ဆန့်ကျင်ရေးနှင့် ဖက်ဆစ်တိုက်ဖျက်ရေးတွင် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့သော ဗိုလ်တာရာသည် နိုင်ငံတော်ကချီးမြှင့်သည့် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) နှင့် နိုင်ငံဂုဏ်ရည် ဘွဲ့ (ပထမဆင့်) တို့ကိုရရှိသည်။

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်၊ စာရေးဆရာ၊ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တာရာသည် ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်စောခင်နှင့် သား နှစ်ယောက်၊ သမီး နှစ်ယောက်၊ မြေးတစ်ယောက်ကျန်ရစ်သည်။ ။

## မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး

**(မြန်မာနိုင်ငံ)** (၁၉၉၃)။ ။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များသည် ကမ္ဘာပေါ်ရှိ လူသားအားလုံး ၊ နိုင်ငံအားလုံးကို ကြောက်မက်ဖွယ် အန္တရာယ် ပြုလျက်ရှိသည်။ ကမ္ဘာ့ လူသားအားလုံး ၊ နိုင်ငံအားလုံးကို အန္တရာယ်ပြုနေသည့် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းကို မြန်မာနိုင်ငံတွင် ၁၉၇၅ ခုနှစ်မှစ၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး နှစ်စဉ်ဆောင်ရွက်ခဲ့ရာ ၁၉၉၃ ခုနှစ်တွင်လည်း နိုင်ငံတစ်ဝန်းလုံးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းကို အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် ကျင်းပသော ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင် သယ်ဆောင် ရောင်းဝယ်ဖောက်ကားမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်တွင် အဖွဲ့ဝင်အဖြစ် အဆိုပြုခဲ့ပြီး စက်တင်ဘာလ ၉ ရက်နေ့တွင် အဖွဲ့ဝင် နိုင်ငံ တစ်နိုင်ငံဖြစ်လာသည်။ အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက် ပြည်တွင်းတည်ဆဲဥပဒေမှာ လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေ မဖြစ်တော့သဖြင့် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့၌ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၃) ကို အသစ်ပြဋ္ဌာန်း၍ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ် စေတတ်သော ဆေးဝါးများ ဥပဒေကို ရုပ်သိမ်းခဲ့သည်။

## မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေတွင် အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ ရည်ရွယ်ချက်များ၊ ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းအဖွဲ့များနှင့် ဒေသဆိုင်ရာ အဖွဲ့များ ဖွဲ့စည်းခြင်း၊ ဆေးဝါးသုံးစွဲသူကို မှတ်ပုံတင်ခြင်း၊ ဆေးကုသပေးခြင်းနှင့် မှတ်ပုံတင်ပယ်ဖျက်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်း၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ အထွေထွေဟူ၍ အခန်းကိုးခန်းပါရှိသည်။

ဥပဒေ၏ ရည်ရွယ်ချက်များမှာ လူသားတို့အား အညွှန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၏ ဘေးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် တားဆီးကာကွယ်ရန်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ၏ ဘေးအန္တရာယ်ကို အသိပညာပေးရေးနှင့် ဆေးဝါးသုံးစွဲ သူများအား ကုသပေးရေး၊ ပြန်လည်ထူထောင်ပေးရေးတို့အတွက် ပိုမိုထိရောက်ဆောင်ရွက်ရန်၊ မူးယစ်ဆေးဝါးများ၊ စိတ်ကို




ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို သံတမန်များ ကြည့်ရှုစစ်ဆေးနေစဉ်

ပြောင်းလဲစေသောဆေးဝါးများနှင့် စပ်လျဉ်းသည့် ပြစ်မှု ကျူးလွန်သူများအား ပိုမိုထိရောက်သော ပြစ်ဒဏ်များ ချမှတ်ရန်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂကွန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရန် ဖြစ်သည်။

## ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါး များဆိုင်ရာဥပဒေအရ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းသည် -

(၁) ဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ
(၂) ဝန်ကြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ
(၃) ဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ
(၄) ဝန်ကြီး ဝန်ကြီးချုပ်ရုံး — အဖွဲ့ဝင်
(၅) ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၆) ညွှန်ကြားရေးမှူးချုပ် အစိုးရအဖွဲ့ရုံး — အဖွဲ့ဝင်
(၇) ဒုတိယညွှန်ကြားရေးမှူး တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးရုံး — အဖွဲ့ဝင်
(၈) ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း — အဖွဲ့ဝင်
(၉) ညွှန်ကြားရေးမှူးချုပ် အပြည်ပြည်ဆိုင်ရာအဖွဲ့ အစည်းများနှင့် စီးပွားရေး ဦးစီးဌာန — အဖွဲ့ဝင်
(၁၀) ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်
(၁၁) ညွှန်ကြားရေးမှူးချုပ် မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန — အဖွဲ့ဝင်

(၁၂) ညွန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
(၁၃) ညွန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကျန်းမာရေးဦးစီးဌာန
(၁၄) ညွန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
(၁၅) ညွန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန
(၁၆) ညွန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အဆင့်မြင့်ပညာဦးစီးဌာန
(၁၇) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း
(၁၈) ညွန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
(၁၉) ညွန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စက်မှုစိုက်ပျိုးဦးစီးဌာန
(၂၀) ရဲချုပ် အတွင်းရေးမှူး
ပြည်သူ့ရဲတပ်ဖွဲ့
(၂၁) ညွန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
မူးယစ်ဗဟိုနှင့် တားဆီးနှိမ်နင်းရေးဌာန၊
ပြည်သူ့ရဲတပ်ဖွဲ့ဌာနချုပ်

## မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သတ်မှတ်ကြေညာခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ကျန်းမာရေးဝန်ကြီးဌာနသည် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်နေ့တွင် (၁) Mitragyna Speciosa ဘိန်းစာပင်၊ (၂) Psilocybe Mushrooms မှိုပင်တစ်မျိုး၊ (၃)Peyote Cactus (Mescaline) ရှားစောင်းပင်တစ်မျိုးတို့ကို မူးယစ်ဆေးဝါးများအဖြစ်လည်းကောင်း၊ (၁) AceticAnhydride အက်စစ်တစ်အင်ဟိုက်ဒရိုက်၊ (၂) Acetone အက်စီတုန်း၊ (၃) Anthranilic Acid အင်သရာနစ်လစ်အက်စစ်၊ (၄) Ethyl Ether အီသိုင်အီသာ ၊ (၅) Phenylacetic Acid ဖီနိုင်အက်စစ်တစ်အက်စစ်၊ (၆) Piperidine ပိုင်ပါရာဒင်းတို့ကို မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ထုတ်လုပ်ရာ၌ အသုံးပြုသည့် ဓာတုဗေဒပစ္စည်းများအဖြစ်လည်းကောင်း၊ ဆေးဝါး ၂၈ မျိုးကို စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအဖြစ်လည်းကောင်း၊ မေ ၂၀ ရက်နေ့တွင် ဆေးဝါး ၁၂၅ မျိုးကို မူးယစ်ဆေးဝါးများအဖြစ်လည်းကောင်း၊ ဇူလိုင်လ ၁ ရက်နေ့တွင် ဆေးဝါးခြောက်မျိုးကို စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအဖြစ်လည်းကောင်း အမိန့်ကြော်ငြာစာများ ထုတ်ပြန်ကာ သတ်မှတ်ကြေညာခဲ့သည်။

## နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်မှု

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် ဇန်နဝါရီလ ၉ ရက်နေ့မှ ၁၈ ရက်နေ့အတွင်း မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး လုပ်ငန်းများ၊ မြန်မာ၊ ထိုင်း၊ ကုလသမဂ္ဂနိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး စီမံကိန်းဒေသများသို့ သွားရောက် ကြည့်ရှုလေ့လာခဲ့ကြသည်။

ဟောင်ကောင် အကောက်ခွန်နှင့် ယစ်မျိုးဌာနမင်းကြီးနှင့် ကုန်းပိုင်းဆိုင်ရာ ထိန်းချုပ်ရေးဌာန အကြီးအကဲတို့သည် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူးဦးဆောင်သော လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေး နွေးခဲ့သည်။

ကုလသမဂ္ဂနိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်မှ လုပ်ငန်းဆောင်ရွက်မှုများ ဌာနခွဲ ညွှန်ကြားရေးမှူးသည် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူးဦးဆောင်သော လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး လုပ်ငန်းများကို အသေးစိတ်ဆွေးနွေးခဲ့သည်။

မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး ခေါင်းဆောင်သော စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့ဝင်များသည် ဖေဖော်ဝါရီလ ၈ ရက်နေ့နှင့် ၉ ရက်နေ့တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံကူမင်းမြို့တွင် ကျင်းပခဲ့သော မြန်မာ၊ တရုတ်၊ ကုလသမဂ္ဂနိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းအဖွဲ့များ၏ အစည်းအဝေးသို့လည်းကောင်း၊

ဖေဖော်ဝါရီလ ၁၀ ရက်နေ့နှင့် ၁၁ ရက်နေ့တွင် ထိုင်းနိုင်ငံ ချင်ရိုင်းမြို့တွင် ကျင်းပခဲ့သော မြန်မာ၊ ထိုင်း၊ ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအဖွဲ့များ၏ အစည်းအဝေးသို့ လည်းကောင်း တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံအစိုးရနှင့် အမေရိကန်ပြည်ထောင်စု အစိုးရတို့ပူးပေါင်း၍ မူးယစ်ဆေးဝါး နှိမ်နင်းရေး အစီအစဉ် အရ အမေရိကန်ပြည်ထောင်စု မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ မစ္စတာ လှိုက်အမ်းစတက်နှင့် အဖွဲ့ဝင်ငါးဦး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး ပထမအတွင်းဝန်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ မူးယစ်ဗဟိုအဖွဲ့နှင့် မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းတို့မှ ကျွမ်းကျင်သူ တာဝန်ရှိ ပုဂ္ဂိုလ်များ ပါဝင်သော အဖွဲ့သည် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ဟိုပန်မြို့နယ် ပန်လုံဒေသတောင်ကုန်းများနှင့် ကွမ်လုံမြို့နယ် တာရှေကျေးရွာ အနီးပေ ၆,၃၀၀ မြင့်သော တောင်ကုန်းများသို့လည်းကောင်း၊ ၁၅ ရက်နေ့တွင် ကွတ်ခိုင်မြို့နယ် ရောက်မိုးညှင်းကျေးရွာအနီးနှင့် မာန်ဟိုပြင်း ကျေးရွာအနီး တောင်ကုန်းများသို့ လည်းကောင်း၊ ၁၆ ရက်နေ့တွင် ဖယ်ခုံမြို့နယ် လတိန်ကျေးရွာအုပ်စု နယ်မြေအတွင်းရှိ တောင်ကြောများ၊ ဆီဆိုင်မြို့နယ်အတွင်းရှိ လွယ်မော်တောင်ကြောများသို့ လည်းကောင်း၊ ၁၇ ရက်နေ့တွင် မိုင်းယန်းမြို့နယ် မန်းယန်း ကျေးရွာအုပ်စု စမ်ခါးကျေးရွာသို့ လည်းကောင်း၊ ၁၈ ရက်နေ့တွင် ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအုပ်စု ပန်မက်ဇွန်းကျေးရွာအနီး တောင်ကုန်းတောင်ကြောများသို့ လည်းကောင်းသွားရောက်ပြီး တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းများမှ ဘိန်းပင်များအား မှတ်တမ်း ဓာတ်ပုံရိုက်ကူးခြင်း၊ တိုင်းတာခြင်း၊ မြေဆီ လွှာနမူနာယူခြင်းနှင့် ဘိန်းစိုက်ဒေသများ မှတ်သားခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

မြန်မာ၊ တရုတ်၊ ကုလသမဂ္ဂနိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မိုင်းယန်းမြို့နယ် ဆီလူးပန်ကိုင် ဒေသသို့ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့သည် ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှ မတ်လ ၁ ရက်နေ့ထိ သွားရောက်လေ့လာခဲ့သည်။

အမေရိကန်ပြည်ထောင်စု ကွန်ဂရက်လွှတ်တော် အမတ်ဟောင်းများသည် မတ်လ ၂၉ ရက်နေ့တွင် မူးယစ်ဗဟိုအဖွဲ့တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့သည်။

မြန်မာ၊ အိန္ဒိယ နှစ်နိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို မြန်မာနိုင်ငံ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူးနှင့် အိန္ဒိယသမ္မတနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူးချုပ်တို့က မတ်လ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုး လဲလှယ်ခဲ့သည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ခရစ်ယာန် ကုသိုလ်ဖြစ် မူးယစ်ဆေးစွဲကုသမှုလုပ်ငန်းမှ ရီဗားရင့်အယ်လ်ဒင် သိုရယ်ဆင်သည် မေလ ၄ ရက်နေ့တွင် မူးယစ်ဗဟို အဖွဲ့ တွဲဖက်အတွင်းရေးမှူးနှင့် လာရောက်တွေ့ဆုံဆွေးနွေး ခဲ့သည်။

ကုလသမဂ္ဂနိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အကြံပေး ပုဂ္ဂိုလ်နှင့် အကြံပေးအရာရှိတို့သည် မေလ ၂၅ ရက် နေ့တွင် မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူးနှင့် တွေ့ဆုံပြီး မြန်မာ – တရုတ်၊ မြန်မာ – ထိုင်း၊ ကုလသမဂ္ဂနိုင်ငံတကာ မူးယစ်ဆေး ဝါးထိန်းချုပ်ရေး အစီအစဉ်တို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့် တားဆီးနှိမ်နင်းရေး ဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

ကုလသမဂ္ဂနိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်မှ ကျွမ်းကျင်သူ အကြံပေးအရာရှိများနှင့် မူးယစ် ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူးဦးဆောင်သော ဌာန ဆိုင်ရာ အကြီးအကဲများသည် မြန်မာ၊ ထိုင်း မူးယစ်ဆေးဝါး သုံးစွဲမှု လျော့ချရေးဆိုင်ရာ စီမံကိန်းစာချုပ်ရေးဆွဲရာတွင် အထောက်အကူပြု အချက်အလက်များ ရရှိစေရန် လုပ်ငန်း ညှိနှိုင်း အစည်းအဝေးကို ဇွန်လ ၁၅ ရက်နေ့တွင် ကျိုင်းတုံမြို့၊ ကျိုင်းတုံဟိုတယ် ခန်းမဆောင်၌ ကျင်းပ ခဲ့သည်။

ကုလသမဂ္ဂနိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်ဌာနချုပ် (ဗီယင်နာ) မှ အထက်တန်းအကြံပေး အရာရှိနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂနိုင်ငံတကာ မူးယစ် ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်မှ အကြံပေးအရာရှိ တို့သည် ဇွန်လ ၂၉ ရက်နေ့တွင် မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်း ရေးမှူး ဦးဆောင်သော လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် တရားမဝင် ဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးမှု ထိန်းချုပ်သည့်နည်း စနစ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူးသည် စက်တင်ဘာလ ၁၃ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကိုရီးယား

သမ္မတနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပခဲ့သည့် ၁၈ ကြိမ်မြောက် အမျိုးသား မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ခေါင်းဆောင်များ အစည်းအဝေးသို့တက်ရောက်ခဲ့သည်။

## တားဆီးနှိမ်နင်းမှု

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တားဆီးနှိမ်နင်းမှုနှင့် ဖော်ထုတ်အရေးယူမှုများကို တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့နှင့် အကောက်ခွန် ဦးစီးဌာနတို့သည် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ပူးပေါင်းနှိမ်နင်းခဲ့သည်။

ဇန်နဝါရီလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၄၀၂ မှုနှင့်တရားခံပေါင်း ၅၃၃ ဦး၊ ဖေဖော်ဝါရီလအတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၄၄၆ မှုနှင့် တရားခံပေါင်း ၅၈၆ ဦး၊ မတ်လအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၄၅၉ မှုနှင့် တရားခံပေါင်း ၅၆၄ ဦး၊ ဧပြီလအတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၄၀၀ နှင့် တရားခံပေါင်း ၅၃၃ ဦး၊ မေလအတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၄၄၉ မှုနှင့် တရားခံပေါင်း ၅၉၃ ဦး၊ ဇွန်လအတွင်း မူးယစ်ဆေးဝါးမှုပေါင်း ၅၂၄ မှုနှင့် တရားခံပေါင်း ၇၄၂ ဦး၊ ဇူလိုင်လအတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၄၅၇ မှုနှင့် တရားခံပေါင်း ၆၁၀ ဦး၊ ဩဂုတ်လ အတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၄၈၃ မှုနှင့် တရားခံပေါင်း ၆၅၃ ဦး တို့ကို ဖမ်းဆီးနှိမ်နင်းခဲ့သည်။

တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့နှင့် အကောက်ခွန် ဦးစီးဌာနတို့က ဇန်နဝါရီလ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ သောဆေးဝါးများမှာ အလေးချိန် ၂၀၈ ဒသမ ၅၆၉၆ ကီလို၊ ဘိန်း အလေးချိန် ၁၈၇၇ ဒသမ ၄၄၅၈ ကီလို၊ ဆေးခြောက် အလေးချိန် ၂၁၈ ဒသမ ၄၉၁၇ ကီလို၊ ဘိန်းဆီအလေးချိန် ၅ ဒသမ ၄၇၂၇ ကီလို၊ ဘိန်းရည် အလေးချိန် ၀ ဒသမ ၄၉၄၅ ကီလို၊ ဘိန်းစာမှုန့် အလေးချိန် ၀ ဒသမ ၄၀၀၁ ကီလို၊ ဘိန်းဆီခဲ အလေးချိန် ၀ ဒသမ ၁၀၇ ကီလို၊ ဖင်ဆီဒိုင်း ဆေးရည် ၁၄၈၆ ဒသမ ၆၃၅၃ လစ်တာ၊ မီဆာဒိုင်းဆေးရည် ပမာဏ ၁၅ ဒသမ ၇၅ လစ်တာ၊ တာရာဒိုင်းဆေးရည် ပမာဏ ၁၄ ဒ သမ ၄၈ လစ်တာ၊ တက်ဆီလက်ဆေးရည် ပမာဏ ၃ ဒသမ ၈၇ လစ်တာ၊ ကော်မီသာဇင်ဆေးရည် ပမာဏ ၀ ဒသမ ၇၅ လစ်တာ၊ မော်ဖင်းထိုးဆေးပုလင်း ၁၀ လုံးတို့ ဖြစ်သည်။

## မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးပြပွဲ

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်ကို ကျောင်းသားလူငယ်များနှင့် ပြည်သူများ သိရှိနားလည် သဘောပေါက်လာစေရန်နှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်း ပါဝင်လာစေရန် ဟူသောရည်ရွယ်ချက်များဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးပြပွဲကို ၁၉၉၃ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်မှ စက်တင်ဘာလ ၅ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော် ခန်းမတွင် ပြသခဲ့သည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးပြပွဲတွင် ပြခန်းရှစ်ခုပါဝင်ပြီး မူးယစ်ဗဟိုနှင့် တားဆီးနှိမ်နင်းရေးဌာန၊ လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန တို့ကပြခန်းအလိုက်ကဏ္ဍစုံခင်းကျင်းပြသခဲ့သည်။

## မူးယစ်ဆေးဝါးများဖျက်ဆီးခြင်း

ကိုးကန့်တိုင်းရင်းသားများ၏ မူးယစ်ဆေးဝါးဆန့်ကျင်လှုပ်ရှားမှုတစ်ရပ်အဖြစ် ဘိန်းချက်ကိရိယာများ၊ ဘိန်းဖြူ ချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဗေဒဆေးဝါးများနှင့် အက်ဆစ်များ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဖျက်ဆီးခြင်း အခမ်းအနားကို ရှမ်းပြည်နယ် လောက်ကိုင်ဒေသ စီအော ကျေးရွာ၌ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ အခမ်းအနားတွင် လိုင်ဇော ၂၁၅ ဂါလန်၊ အရက်ပြန် ၃၃၇ ဂါလန်၊ အီသာ ၁၃၈ ဂါလန်၊ အက်စစ်တစ်အင် ဟိုက်ဒရိုက် ၁၅ ဂါလန်၊ ကလိုရိုဖောင်း ဂါလန် ၃၀၊ ဖော့စဖောရစ်အက်ဆစ် ၅၆ ဂါလန်၊ အမိုးနီးယမ်း ကလိုရိုက် ကီလို ၃၀၀၊ ဆောဒါ ကီလို ၅၀၀၊ အရိုးမီးသွေး ၂၇၅ ကီလို၊ ဖန်ပေါင်းအိုး ၁၂ လုံး၊ ကြွေကတော့ ငါးခု၊ ကြွေချိုင့် ၁၀ ခု၊ အရည်ညှစ်ကိရိယာ (ဖိစင်) တစ်ခု၊ ရေနွေးငွေ့ အခြောက်ခံကိရိယာ ၁၅ ခု၊ ဘိန်းဖြူ အခြောက်ခံကိရိယာ ၃၅ ခု၊ တိုင်ကီ ၂၁ လုံးတို့ကို လွှဲပြောင်း ပေးအပ်ပြီး အခမ်းအနား တက်ရောက်သည့် တာဝန်ရှိ ပုဂ္ဂိုလ်များ ရှေ့မှောက်တွင် မီးရှို့ဖျက်ဆီး ပစ်ခဲ့သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးပြုလုပ်သော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ သတ္တမအကြိမ် ဖျက်ဆီးသည့်ပြပွဲကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်း ဘုရားလမ်း အောင်သေပြေရဲရိပ်သာ၌ ဩဂုတ်လ ၂၉ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြပွဲတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)၊ အတွင်းရေးမှူး (၂)၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ရန်ကုန်မြို့သို့ ရောက်ရှိနေသော အမေရိကန်ပြည်ထောင်စု အောက်လွှတ်တော်အမတ် မစ္စတာချားလ်ဘိရင်ဂယ်လ်နှင့် အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ ရှေ့မှောက်၌ ဖင်ဆိဒိုင်းဆေးရည် တစ်လစ်တာဝင် ၂၅ ပုလင်း၊ ဆေးရည်ပမာဏ ၂၅ ဒသမ ၀၀၀ လစ်တာ၊ မီလီလစ်တာ ၆၀ ဝင် ၄၆ ပုလင်း၊ ဆေးရည်ပမာဏ ၂ ဒသမ ၇၆၀ လစ်တာ၊ မီလီ လစ်တာ ၁၀၀ ဝင် ၂၄ ပုလင်း၊ ဆေးရည် ပမာဏ ၂ ဒသမ ၄၀၀ လစ်တာ၊ ၁၂၅ မီလီ လစ်တာဝင် ၁၀,၇၇၃ ပုလင်း၊ ဆေးရည် ပမာဏ ၁၃၄၆ ဒသမ ၆၂၅ လစ်တာ၊ စုစုပေါင်း ဖင်ဆိဒိုင်းဆေးရည် ၁၀၈၆၈ ပုလင်း၊ ဆေးရည်ပမာဏ ၁၃၇၆ ဒသမ ၇၈၅ လစ်တာကို လမ်းကြိတ်စက်များဖြင့်ကြိတ်၍ ဖျက်ဆီးခဲ့သည်။ ထို့အပြင် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများသည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ဓာတုဗေဒနည်းဖြင့် စမ်းသပ်စစ်ဆေးပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး၊ သြစတြေးလျနိုင်ငံ သံအမတ်ကြီး၊ အမေရိကန်ပြည်ထောင်စု အောက်လွှတ်တော်အမတ်နှင့် အဖွဲ့ဝင်တစ်ဦး၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်ဌာနေ ကိုယ်စားလှယ်တို့က စက်ခလုတ်များကို အသီးသီးနှိပ်၍ ဘိန်းဖြူ ၂၂၁ ဒသမ ၄၃၁ ကီလို၊ ဘိန်း ၁၈၃၈ ဒသမ ၃၃၈ ကီလို၊ ဆေးခြောက် ၂၀၁ ဒသမ ၁၆၆ ကီလို၊ ဘိန်းဆီ ၁၄ ဒသမ ၉၇၁ ကီလိုနှင့် ဘိန်းရည် ၁ ဒသမ ၅၁၈ ကီလိုတို့ကိုမီးရှို့ဖျက်ဆီးခဲ့သည်။

၁၉၉၀ ပြည့်နှစ်မှ ၁၉၉၃ ခုနှစ်အထိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့တွင် ခုနစ်ကြိမ်၊ နယ်စပ်ဒေသတွင် ရှစ် ကြိမ် စုစုပေါင်း ၁၅ ကြိမ်ဖျက်ဆီးခဲ့ရာ ဘိန်းဖြူ ၁၄၅၂ ဒသမ ၄၇၄ ကီလို၊ ဘိန်း ၇၂၅၆ ဒသမ ၃၉၉ ကီလို၊ ဘိန်းညို ၂၄၄ ဒသမ ၄၃၅ ကီလို၊ ဘိန်းဆီ ၆၂ ဒသမ ၉၀၈ ကီလို၊ ဘိန်းရည် ၁၁၄ ဒသမ ၂၁၇ ကီလို၊ ဆေးခြောက် ၃၃၀၈ ဒသမ ၇၇၆ ကီလို၊ ဖင်ဆိဒိုင်း ၅၄ ဒသမ ၄ ကီလိုနှင့် ၁၉၀၇၁ ဒသမ ၄၁ လစ်တာ၊ ကိုရက် ၃၉ ဒသမ ၇၈ လစ်တာ၊ ဂလိုင် ကိုဒင်း ၈ ဒသမ ၈၂၀ လစ်တာ၊ ပရိုမီဒိုင်း ၁၀ လစ်တာ၊ တာရာဒိုင်း ၉၁ ဒသမ ၉၈၆ လစ်တာ၊ ဘိန်းခင်း ၇၃၃၆ ဧက၊ ဘိန်းချက်စက်ရုံ ၁၂ ရုံနှင့် ဓာတုဗေဒ ဆေးဝါးများ၊ ဘိန်းချက် ကိရိယာ အမြောက်အမြား ဖျက်ဆီးခဲ့သည်။



ရုပ်ရှင်မင်းသမီးကြီး ဒေါ်မေမြ

**မေမြ၊ ဒေါ်(ရုပ်ရှင်မင်းသမီးကြီး)** (ခရစ် ၁၉၂၈ – ၁၉၉၃)။ ။မြန်မာ့ရုပ်ရှင်အနုပညာလောကတွင် အသံတိတ်ခေတ်မှ စတင်ပြီး အောင်မြင်ကျော်ကြားလာခဲ့သော အဝေမ်းရုပ်ရှင်မင်းသမီးကြီး ဒေါ်မေမြကို အဖ ဦးမြ၊ အမိ ဒေါ်လုလုတို့က ၁၉၂၈ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် သီပေါမြို့၌ ဖွားမြင်သည်။ မွေးချင်းသုံးယောက်တွင် အကြီးဆုံးဖြစ်ပြီး ကွယ်လွန်သူ ရုပ်ရှင်နှင့် ပြဇာတ်မင်းသမီး ရှယ်လီမြ၏ အစ်မဖြစ်သည်။

ဒေါ်မေမြသည် ၁၉၄၅ ခုနှစ်တွင် ရုပ်ရှင်လောကသို့ ဝင်ရောက်ခဲ့သည်။ ရုပ်ရှင်ရိုက်ကူးရင်း အင်းစိန်မယ်ရရှိသည်။ ဗြိတိသျှ ဘားမားရုပ်ရှင်ကုမ္ပဏီ၊ လှျပ်စစ်ရုပ်ရှင်ကုမ္ပဏီနှင့် အဝေမ်းရုပ်ရှင်ကုမ္ပဏီများတွင် ရုပ်ရှင်ဇာတ်ကားပေါင်း ၃၇ ကားရိုက်ကူးခဲ့သည်။ ဒေါ်မေမြပါဝင်ရိုက်ကူးခဲ့သော ရုပ်ရှင်ဇာတ်ကားများမှာ “ရဲဇာခွန်”၊ “မြဟေဝန်”၊ “ချစ်မမ”၊ “ချစ်ညီမ”၊ “ကမ္ဘာမကြေ”၊ “ချစ်မိုးဆွေ”၊ “ချစ်ဝေစု”၊ “ဝိဉာဉ်မေတ္တာ”နှင့် “ဘုမသိဘမသိ”စသည်တို့ဖြစ်သည်။ ရုပ်ရှင်မင်းသား ကျော်ဆွေနှင့် အများဆုံးတွဲဖက်ရိုက်ကူးခဲ့ပြီး ဝေဇင်၊ မြင့်အောင်၊ ဇေယျ၊ ခင်မောင်၊ အေးကြူ စသည့် ရုပ်ရှင်မင်းသားများနှင့်လည်း တွဲဖက်ရိုက်ကူးခဲ့သည်။ ရုပ်ရှင်ဇာတ်ဝင်သီချင်းများကို ကိုယ်တိုင်သီဆိုခဲ့ပြီး မြန်မာ့အသံမှလည်း သီဆိုထုတ်လွှင့်ခဲ့သည်။

ဒေါ်မေမြသည် ယခုခေတ် ရုပ်ရှင်ဇာတ်ကားများဖြစ်သည့် "သက်ဝေ"၊ "နွေဦးရောက်ပြီကိုကို"၊ "ရင်ခုန်မိတာအချစ်လား"၊ "သားလေးယောက်" စသည့်ဇာတ်ကားများတွင်ပါဝင်ရိုက်ကူးခဲ့သည်။ တီဗီဇာတ်လမ်းနှင့် ဗီဒီယိုဇာတ်လမ်း အများအပြားတွင်လည်း ပါဝင်ရိုက်ကူးခဲ့ပြီး နောက်ဆုံးပါဝင်ရိုက်ကူးခဲ့သောဇာတ်လမ်းမှာ မြန်မာ့ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည့် "ပိတောက်ချစ်သူ" သကြန်ဇာတ်လမ်းဖြစ်သည်။

ဒေါ်မေမြသည် နိုင်ငံတော်၏ နေ့ကြီးရက်ကြီးများနှင့် ပတ်သက်သော အထိမ်းအမှတ် အခမ်းအနားများတွင်လည်းကောင်း၊ လူမှုရေးလုပ်ငန်းများတွင်လည်းကောင်း တတ်ကျွမ်းသည့် အနုပညာဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သူဖြစ်သည်။ အနုပညာဖြင့် နိုင်ငံအကျိုးဆောင်ရွက်ခဲ့သည့် မေမြ၏ နောက်ဆုံးဆောင်ရွက်ချက်မှာ မိတ္ထီလာမီးဘေး ရန်ပုံငွေပဒေသာကပွဲတွင် ပါဝင်ကပြခဲ့ခြင်းဖြစ်သည်။

ဒေါ်မေမြသည် အောဝမ်းရုပ်ရှင်ကုမ္ပဏီတွင် လခစား ရုပ်ရှင်မင်းသမီးအဖြစ် ဝင်ရောက်လုပ်ကိုင်စဉ် ဒါရိုက်တာ ရုပ်ရှင်မင်းသား ဝေဇင်နှင့် လက်ထပ်ခဲ့သည်။ သားနှစ်ယောက်ထွန်းကားသည်။

ရုပ်ရှင်မင်းသမီးကြီး ဒေါ်မေမြသည် ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ သားနှစ်ယောက်နှင့် မြေးသုံးယောက် ကျန်ရစ်သည်။

**မောင်ပြုံးမြင့် (ကျုံပျော်) (ခရစ် ၁၉၄၁–၁၉၉၃)။ ။** စာပေဗိမာန် စာမူဆုများရှင် မောင်ပြုံးမြင့်( ကျုံပျော်)ကို ပုသိမ်ခရိုင်၊ ကျုံပျော်မြို့တွင် အဖ ဦးဘအို၊ အမိ ဒေါ်မယ်ကျင်တို့က ၁၉၄၁ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့၌ ဖွားမြင်သည်။ အမည်ရင်းမှာ ဦးခင်မောင်ထွန်းဖြစ်သည်။

ရန်ကုန်မြို့၊ပုဇွန်တောင် အစိုးရအထက်တန်းကျောင်း၌ ခုနစ်တန်းအထိလည်းကောင်း၊ ထိုမှတစ်ဆင့် ဦးနု၏ အလွတ်ပညာသင်ကျောင်း၌ကိုးတန်းအထိလည်းကောင်း ပညာသင်ကြားခဲ့သည်။

စာပေဝါသနာပါသည့်အလျောက် ၁၉၅၆ ခုနှစ်မှစ၍ ကဗျာများရေးသားခဲ့သည်။ထိုနောက် မြဝတီ၊ ငွေတာရီ၊ ရှုမဝ၊ သွေးသောက်၊ မိုးဝေ၊ ရုပ်ရှင်မျက်မှန်၊ ပြစ်မှု၊ ရွှေသွေးဂျာနယ်၊ တို့ကျောင်းသား၊ လူငယ်ဂျာနယ် စသည့် မဂ္ဂဇင်း၊ ဂျာနယ်များစွာတွင် ကဗျာများ၊ ကလေးပညာပေး ဝတ္ထုတိုများ များစွာရေးသားခဲ့သည်။ ကဗျာအပုဒ် ၆၀၀ ကျော်ခန့်နှင့် ဝတ္ထုတို ၁၅ ပုဒ်ရေးသားခဲ့သည်။ ကဗျာဆရာ ၁၀ ဦးပေါင်း၍ 'တော်လှန်ကဗျာ' စာအုပ်တွင် ရေးသားခဲ့သည်။



စာရေးဆရာမောင်ပြုံးမြင့် (ကျုံပျော်)

၁၉၆၉ ခုနှစ် စာပေဗိမာန် စာမူဆုပြိုင်ပွဲတွင် 'လမ်းသစ်မြေသစ် ငါတို့ခေတ်' စာမူဖြင့် ကလေးစာပေ တတိယဆုကိုလည်းကောင်း၊ ၁၉၇၄ ခုနှစ်၊ စာပေဗိမာန်စာမူဆု ကလေးစာပေ ဒုတိယဆုကို 'မြပုရစ်ဖူး' စာမူဖြင့်လည်းကောင်း၊ ၁၉၇၆ ခုနှစ် စာပေဗိမာန်စာမူဆု လူငယ် စာပေ ပထမဆုကို ' နံနက်ခင်း၏ နေခြည်သစ်' စာမူဖြင့်လည်းကောင်း၊ ၁၉၈၄ ခုနှစ်၊ စာပေဗိမာန်စာမူဆု လူငယ်စာပေတတိယဆုကို ' ပြည့်မွန်သားကောင်း ဖြစ်စေကြောင်း' စာမူဖြင့်လည်းကောင်း ဆုများရရှိခဲ့သည်။ ' ပြည့်မွန်သားကောင်း ဖြစ်စေကြောင်း' စာမူဆုကို 'ချမ်းမြေ့ဦး' ကလောင်အမည်ဖြင့် ရေးသား ရရှိခဲ့ခြင်းဖြစ်သည်။

မောင်ပြုံးမြင့် ( ကျုံပျော်) သည် ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့၌ ရန်ကုန်မြို့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီးတွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ ဇနီးဒေါ်အုန်းသန်း၊ သားကြီး ထွန်းသန်းဦးနှင့် သားငယ်ထွန်းမြတ်သူတို့ကျန်ရစ်ခဲ့သည်။

**မောင်သင်(အကယ်ဒမီ)(ခရစ်၁၉၂၁–၁၉၉၃)။ ။** စာရေး ဆရာ၊ ဆရာဝန်နှင့် ရုပ်ရှင်မင်းသား အကယ်ဒမီ မောင်သင်ကို ၁၉၂၁ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ ထန်းခွဲရွာ၌ အဖသူကြီးဦးငွေဇင်၊ အမိဒေါ်သီလတို့ကဖွားမြင်သည်။ မွေးချင်းရှစ်ယောက် အနက်ဆဋ္ဌမမြောက်သားဖြစ်သည်။ အမည်ရင်း မောင်မောင်သင်ဖြစ်သည်။ ငယ်စဉ်ကပင်မိဘဆွေမျိုးတို့ချစ်စနိုးခေါ်ခဲ့သော မောင်သင်အမည်ကိုပင် နှစ်သက်၍ 'မောင်သင်' အမည်ကိုပင် စာရေးရာ၌လည်းကောင်း၊ ရုပ်ရှင်၌လည်းကောင်း အသုံးပြုခဲ့သည်။

မောင်သင်၏ မွေးဇာတိရွာသည် ကား၊ ရထားမပေါက်သော်လည်း မောင်သင်၏ ဖခင်သည် ရွာသူကြီးဖြစ်သည့်အလျောက် ခရိုင်မြို့ကြီးများသို့ ကူးလူးဆက်ဆံအရောက်

အပေါက်များလေရာ သားအားလုံးကို ပညာသင်ပေးရမည်ဟူသော အသိဝင်ခဲ့ပြီး သားများအား ပညာတတ်များဖြစ်လာစေရန် ပျိုးထောင်ပေးခဲ့သည်။ သားအကြီးဆုံး ဦးတင်အောင်နှင့် မောင်သင်ထက်အကြီး အစ်ကိုတို့သည် BA. BL ဘွဲ့အသီးသီးရရှိခဲ့ကြသည်။

ငယ်စဉ်ကမောင်သင်သည် ရွာရှိမူလတန်းကျောင်း၌ မြန်မာစာသင်ခဲ့ရသည်။ ထိုစဉ် ရန်ကုန်တက္ကသိုလ်ရောက် အစ်ကိုများ ကျောင်းပိတ်၍ပြန်လာလျှင် တစ်မူးတန် ဝတ္ထု၊ မဂ္ဂဇင်းများ ပါလာတတ်လေရာ မောင်သင်သည် မူလတန်းကျောင်းသားကလေးဘဝကပင် ဝတ္ထု၊ မဂ္ဂဇင်းများကိုဖတ်ရှုခဲ့ရသည်။ မောင်သင်၏ရည်မှန်းချက်ကား စာရေးဆရာဖြစ်ရေးပင်ဖြစ်သည်။ မောင်သင်သည် မြန်မာ ကျောင်းမှ စတုတ္ထတန်းအောင်သော် သူ့အစ်ကို ဦးရင်မောင် အလုပ်လုပ်ရာ ရေနံချောင်းသို့ လိုက်သွားပြီး ရေနံချောင်းအမျိုးသားအထက်တန်းကျောင်းတွင် ငါးတန်းအောင်သည်အထိ တစ်နှစ်နေခဲ့ပြီး မြင်းခြံကျောင်းသို့ ပြောင်းခဲ့သည်။

မြို့ရောက်သည့်အချိန်တွင် မောင်သင်သည် ရုပ်ရှင်များကြည့်ခဲ့သည်။ ဝတ္ထုဖတ်လျှင် ဖတ်သူမဖြစ်ချင်ဘဲ ရေးသူသာ ဖြစ်ချင်သည့်နည်းတူ ရုပ်ရှင်တွင်လည်း ပါဝင်ခေါင်းဆောင်သူ ဖြစ်လိုသည့်စိတ်ဓာတ်များ ပေါ်ထွက်လာသည်။

မောင်သင်သည် မြင်းခြံမြို့ အစိုးရအထက်တန်းကျောင်းမှ ဒုတိယကမ္ဘာစစ်မဖြစ်မီ ၁၀ တန်းအောင်မြင်ခဲ့သည်။ မောင်သင်သည် ဒုတိယ ကမ္ဘာစစ်အတွင်းက ဆေးပညာ တစ်ပိုင်းတစ်စ သင်ခဲ့ရပြီး စစ်ပြီးခေတ်တွင် ဆရာဝန်စာမေးပွဲအောင်မြင်ခဲ့သည်။ ဆရာဝန်ဖြစ်သည်နှင့် ဗမာ့တပ်မတော် ဆေးဘက်ဌာနတွင် ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ရှေ့တန်းစစ်မျက်နှာသို့ အများဆုံး လိုက်ခဲ့ရသည်။

မောင်သင်ရေး 'ချစ်သောအညို' လုံးချင်းဝတ္ထု (သွေးသောက် မဂ္ဂဇင်း၌ အညိုကို ဘယ်လိုပြောရပါ့) ဝတ္ထုသည် မ သုံးလုံးနယ်မြေ စစ်ဆင်ရေးတိုက်ပွဲများအတွင်း ရေးသားခဲ့သော ဝတ္ထုဖြစ်သည်။ မ သုံးလုံးနယ်မြေဆိုသည်မှာ မန္တလေး၊ မြင်းခြံ၊ မိတ္ထီလာ ခရိုင်သုံးခု တြိဂံနယ်မြေဖြစ်သည်။ မောင်သင်၏ ဇာတိရွာဖြစ်သည်။



စာရေးဆရာ ရုပ်ရှင်မင်းသား၊ အကယ်ဒမီ မောင်သင်

မောင်သင်သည်စစ်မဖြစ်မီကပင် စနေ၊ နဂါးနီ၊ ကျွန်ုပ်တို့၌ စာများရေးသားခဲ့ရာ မောင်သင့်ကိုယ်တွေ့ဟူသော ဆောင်းပါးများမှာ သူ၏လက်ရာပင်ဖြစ်သည်။ စစ်ပြီးခေတ်၌ကား မြဝတီ၊ သွေးသောက်၊ ရှုမဝ မဂ္ဂဇင်းတို့၌ ဆေးပညာအခြေခံ ဝတ္ထုပေါင်းမြောက်မြားစွာရေးသားခဲ့သည်။

မောင်သင်၏ " ဆရာ့ဇာတ်လမ်းစုံ" သုံးကျပ်တန် ဝတ္ထုသည် ၁၉၅၉ ခု၊ စာပေဗိမာန်၏ အကောင်းဆုံးဝတ္ထုဆု တစ်ထောင်ကျပ် ချီးမြှင့်ခြင်းခံရသည်။

" ဆရာ့ဇာတ်လမ်းစုံ" စာအုပ်၌ ပါဝင်သော 'ရေတိမ်နစ်ခြင်း' ဝတ္ထုကို ဒါရိုက်တာဦးသုခက ဝယ်ယူ၍ ချစ်သွေးသစ္စာ အမည်ဖြင့် ရုပ်ရှင်ရိုက်ကူးရာ မောင်သင်ကိုယ်တိုင် ဇာတ်လိုက်မင်းသားအဖြစ် ပါဝင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် အကောင်းဆုံးအမျိုးသား သရုပ်ဆောင်ဆု အကယ်ဒမီကိုလည်းကောင်း ထိုနှစ်တွင်ပင် ရုပ်ရှင်ဝါသနာအိုးများက ပြည်သူလူထု၏ ဆန္ဒကိုရယူလျက်ပေးသော အကောင်းဆုံး သရုပ်ဆောင်မင်းသား သူရဿတီ မယ်တော်ဆုကိုလည်းကောင်းရရှိခဲ့သည်။

မောင်သင်ရေးသောဝတ္ထုများအနက် အချို့ကိုဖော်ပြရသော် တင့်လှပေဟန်၊ အညို့ကိုဘယ်လိုပြောရပါ့၊ ချစ်သောအညို၊ မိုးမည်း၊ ဆရာ့ဇာတ်လမ်းစုံ (လေးတွဲ) စသည် တို့ ဖြစ်သည်။ စာပေဗိမာန်ထုတ် 'အရိပ်ပမာ' ဝတ္ထုကို မောင်သင်သည် သူရေးသည့် ဝတ္ထုများတွင် အနှစ်ခြိုက်ဆုံး ဟုဆိုသည်။ ထိုစာအုပ်မှာ မိခင်နှင့် ကလေးများ အသေ အပျောက်လျော့ပါးရေးကို အထူးပြုရေးသားထားသော ဝတ္ထုဖြစ်သည်။

၁၉၅၈ ခုနှစ်ကုန်ပိုင်းတွင် မောင်သင်သည် ဆေးကုရန်၊ စာရေးရန်၊ ရုပ်ရှင်ရိုက်ရန်၊ အယ်ဒီတာလုပ်ရန်၊ မဂ္ဂဇင်းကျွန်ုပ်ထုတ်ဝေရန်ဟူသော ရည်ရွယ်ချက်များဖြင့် တပ်မတော်မှ အနားယူခဲ့သည်။

စာရေးဆရာ၊ ဆရာဝန်၊ ရုပ်ရှင်သရုပ်ဆောင်နှင့် ရုပ်ရှင်ဒါရိုက်တာ အကယ်ဒမီမောင်သင်သည် ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့၌ ကွယ်လွန်သည်။

**မြန်မာနိုင်ငံ စာပေဆုများ။** ။ ၁၉၉၂ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု၊ ဆုနှင်းသဘင်အခမ်းအနားကို ၁၃၅၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် (၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်) စာဆိုတော်နေ့တွင်



အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆုနှင်းသဘင်အပြီးတွင် ဆုရစာရေးဆရာများကို အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ တွေ့ရစဉ်

ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့်က အမှာစကားပြောကြားပြီး အမျိုးသားစာပေဆုရရှိသူများအား ဆုလက်မှတ်နှင့် ဆုငွေများချီးမြှင့်သည်။ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က စာပေဗိမာန်စာမူဆု ရရှိသူများအား ဆုလက်မှတ်နှင့် ဆုငွေများချီးမြှင့်သည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီသည် အမျိုးသားစာပေဆုချီးမြှင့်ရေး မူဝါဒနှင့် စည်းကမ်းများနှင့်အညီ ၁၉၉၂ ခုနှစ်အတွက် သက်ဆိုင်ရာစာပေဘာသာရပ် အသီးသီးတွင် အမျိုးသားစာပေဆု ချီးမြှင့်ရန်အထိုက်တန်ဆုံး စာအုပ်များကိုစိစစ်ရွေးချယ်ခဲ့သည်။ ယင်းသို့ရွေးချယ်ရာတွင် သတ်မှတ်ထားသောစာပေဘာသာရပ် ၁၄ မျိုးရှိသည့်အနက် ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာ၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (အသုံးချသိပ္ပံ)၊ ဘာသာပြန် (ရသစာပေ)၊ကလေးစာပေ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ၊ စာပဒေသာစုစုပေါင်း စာပေဘာသာရပ် "ရှစ်"မျိုးအတွက် အမျိုးသားစာပေဆု အရွေးချယ်ခံ ရသည်။ ဝတ္ထုရှည်၊ ပြဇာတ်၊ လူငယ်စာပေ၊ ဘာသာပြန် (သုတစာပေ)၊ သုတပဒေသာ( ရိုးရိုးသိပ္ပံ) နှင့် နိုင်ငံရေးစာပေဘာသာရပ်များအတွက် ရွေးချယ်ခြင်းမခံရပေ။

အမျိုးသားစာပေဆုအတွက် ရွေးချယ်ခံရသော စာအုပ်များကိုရေးသားသူ စာပေပညာရှင်များအား တစ်ဦးလျှင် ဆုငွေကျပ် ၅၀,၀၀၀ စီ ချီးမြှင့်သည်။

စာပေဗိမာန်စာမူဆု ရွေးချယ်စိစစ်ရေးအဖွဲ့သည် စာပေဗိမာန်စာမူဆု ရွေးချယ်စိစစ်ရေးမူဝါဒနှင့် စည်းကမ်းချက်များနှင့်အညီ ၁၉၉၂ ခုနှစ်အတွက် သက်ဆိုင်ရာစာပေဘာသာရပ် အသီးသီးတွင် စာပေဗိမာန်စာမူဆု ချီးမြှင့်ရန် ပြိုင်ပွဲဝင်စာမူများကို စိစစ်ဖတ်ရှုရွေးချယ်ခဲ့သည်။ ယင်းသို့ရွေးချယ်ရာတွင် သတ်မှတ်ထားသော စာပေ ဘာသာရပ် ၁၂ မျိုးရှိသည့်အနက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ဘာသာပြန်စာပေ၊ ကလေးစာပေ၊ မြန်မာ့ ယဉ်ကျေးမှုနှင့် အနုပညာစာပေ၊ သုတပဒေသာ(ဝိဇ္ဇာ)၊ သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ)၊ ကဗျာစုစုပေါင်း စာပေ ဘာသာရပ် ရှစ်မျိုးအတွက် ဗာပေဗိမာန်စာမူဆု ပထမဆု ခုနစ်ဆု၊ ဒုတိယဆု ခုနစ်ဆု၊ တတိယဆု ခုနစ်ဆု စုစုပေါင်း ၂၁ဆု အရွေးချယ်ခံရသည်။ ပြဇာတ်၊ လူငယ်စာပေ၊ ဟာပဒေသာနှင့် နိုင်ငံရေးစာပေဘာသာရပ် များတွင် ပြိုင်ပွဲဝင်စာမူများ တင်သွင်းယှဉ်ပြိုင်ကြသော်လည်း သတ်မှတ်ထားသော မူဝါဒများနှင့် မကိုက်ညီခြင်း၊ အကြောင်းအရာ ထူးခြားမှု မရှိခြင်းနှင့် အရည်အသွေးမမီခြင်းကြောင့် ဆုများ ချီးမြှင့်နိုင်ခြင်းမရှိပေ ။ စာပေဗိမာန် စာမူဆုအတွက် စာမူ

ရေးသားသူ စာပေပညာရှင်များအား ပထမ ဆုငွေကျပ် ၂၅,၀၀၀၊ ဒုတိယဆုငွေ ကျပ်၂၀,၀၀၀နှင့် တတိယဆုငွေ ကျပ် ၁၅,၀၀၀ စီ ချီးမြှင့်သည်။

## အမျိုးသားစာပေဆုများ (၁၉၉၂)

| ဘာသာရပ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|
| ဝတ္ထုတိုပေါင်းချုပ် | ဆယ့်နှစ်ကြိုးဝတ္ထုတိုများ | နေဝင်းမြင့် |
| ကဗျာ | စိတ်ပြတင်းကဗျာများ | ညွန့်ဝေ (ကသာ) |
| သုတပဒေသာ (ဝိဇ္ဇာ) | မြန်မာနိုင်ငံသတင်းစာများ အညွှန်း | တက္ကသိုလ် ထင်ကြီး |
| သုတပဒေသာ (အသုံးချသိပ္ပံ) | လျှပ်စစ်ပညာသဘော တရားနှင့်လက်တွေ့ | ဦးဖေသိန်း |
| ဘာသာပြန် (ရသစာပေ) | သုခမြို့တော် | မြသန်းတင် |
| ကလေးစာပေ | ညီထွေးလေးအတွက် ကလေးကဗျာများ | သိပ္ပံစိုးမြင့်နိုင် |
| မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ | ပုဂံမြို့ဟောင်း မြင်းကပါ ဂူပြောက်ကြီးဘုရား | ဦးကျော်ငြိမ်း |
| စာပဒေသာ | ပအိုဝ် | မောင်ခွန်နွယ် (အင်းလေး) |

## စာပေဗိမာန် စာမူဆုများ(၁၉၉၂)

| ဘာသာရပ် | စာမူအမည် | စာရေးသူ |
|---|---|---|
| ဝတ္ထုရှည် (ဒုတိယဆု) | ရေနှင့်ကြာပန်း | သုသိဏ် |
| ဝတ္ထုရှည် (တတိယဆု) | ဒေသပြန်အဘကံကြီး | မောင်မှိုင်းလွင် |
| ဝတ္ထုတိုပေါင်းချုပ် (ပထမဆု) | မိုင်းသမားဝတ္ထုတိုများ | မောင်မြေနီ (တမာတော) |
| ဝတ္ထုတိုပေါင်းချုပ် (ဒုတိယဆု) | နေတစ်ဆု လတစ်ပါး ဝတ္ထုတိုများ | ကန့်ဘလူ ခင်မောင်ဆွေ |
| ဝတ္ထုတိုပေါင်းချုပ် (တတိယဆု) | အမေနှင့်အခြားဝတ္ထုတိုများ | မောင်ချစ်စိန် |
| ဘာသာပြန်စာပေ(ပထမဆု) | အိုဟင်နရီ၏ဝတ္ထုတိုငါးပုဒ် | မောင်ဝင်းရည် |
| ကလေးစာပေ (ပထမဆု) | မြန်မာကလေးသိပ္ပံဝတ္ထု | တက္ကသိုလ် မောင် အောင်ဆွေ |
| ကလေးစာပေ (ဒုတိယဆု) | ပန်းခင်းထဲမှ ပန်းပွင့်များ | မောင်ပြုံးပြင် (ကျုံဖျော်) |
| ကလေးစာပေ (တတိယဆု) | မြတ်နိုးဖွယ် မြန်မာ ပုံဝတ္ထုများ | အောင်သူရိန် (ပုလဲ) |
| မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ(ပထမဆု) | မြန်မာ့နဲ | နဲဦးမြကြီး (ကော့မှူး) |
| မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ(ဒုတိယဆု) | နံ့ရုံဆေးရေး ပန်းချီ ထိန်းသိမ်းမှု ပညာ သိကောင်းစရာ | ဘတင့် တတုအနုပညာ |
| မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ(တတိယဆု) | မြန်မာ့ရိုးရာ ထီးဓလေ့နှင့် ထီးလုပ်ငန်း | ထန်လှိုင် |
| သုတပဒေသာ (ဝိဇ္ဇာ) (ပထမဆု) | မြန်မာ့ဆင် | အောင်စိုး (တိရစ္ဆာန် ဆေးကု ဆရာဝန်) |
| သုတပဒေသာ (ဝိဇ္ဇာ) (ဒုတိယဆု) | ရွှေအလယ်ကြောင်း | ကျော်ရှင်း |
| သုတပဒေသာ (ဝိဇ္ဇာ)(တတိယဆု) | ပင်နီချောနှင့် ယောလုံချည် | စောကြူမောင် (ယောမြေ) |
| သုတပဒေသာ (သိပ္ပံနှင့် အသုံးချ သိပ္ပံ) (ပထမဆု) | မြန်မာ့ရှေးရေး မနေ့သစ်ပင်ဒေါက်တာ ဝန်းကျင်သဘာဝ ထိန်းသိမ်းကြ | မောင်သင်း |
| သုတပဒေသာ (သိပ္ပံနှင့် အသုံးချ ပညာသိပ္ပံ) (ဒုတိယဆု) | ခေတ်မီပရိဘောဂ လုပ်ငန်း | ဦးကောင်းရင် |
| သုတပဒေသာ (သိပ္ပံနှင့် အသုံးချ သိပ္ပံ) (တတိယဆု) | ဘိလပ်မြေအကြောင်း သိကောင်းစရာ | မိုလ်ကြီး သန်းညွန့် ( အငြိမ်းစား) |
| ကဗျာ(ပထမဆု) | နံနက်ခင်းလေညင်းရဲ့ ရင်ခုန်သံ | မြေလတ် မောင်မြင့်သူ |
| ကဗျာ(ဒုတိယဆု) | အရက်ကြို အလင်းငှက်များ | မင်းချမ်းမွန် |
| ကဗျာ(တတိယဆု) | ပုရစ်ဖူးနှင့် နှစ်ဦးနွေ ကဗျာများ | နွေကိုတူး (ပခုက္ကူ) |

**မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု။** ။ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ၁၉၉၃ ခုနှစ်၊နှစ်ဦးပိုင်းမှ ဩဂုတ်လ ထိ တိုးတက်ဖြစ်ပေါ်ခဲ့သော ထင်ရှားသည့် အကြောင်းရပ် အချို့ကို အောက်ပါအတိုင်း ဖော်ပြပါသည်။

### ဘွဲ့ထူးဂုဏ်ထူးများချီးမြှင့်ခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ဇန်နဝါရီလ ၄ ရက်လွတ်လပ်ရေးနှစ်ပတ်လည်အောင်ပွဲနေ့ တွင် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ကြေညာကာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းအပ်နှင်းခြင်း၊ဂုဏ်ထူးဆောင်ဘွဲ့နှင့်ဂုဏ်ထူးဆောင် တံဆိပ်များ၊စစ်မှုထမ်းကောင်းတံဆိပ်များ၊ပြည်သူ့ဝန်ထမ်း

ကောင်းတံဆိပ်များ၊ ရဲမှုထမ်းကောင်းတံဆိပ်များ၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်များ၊ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းများပြုလုပ်ခဲ့သည်။

## အမျိုးသားညီလာခံကျင်းပခြင်း

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ နိုင်ငံတော်၌တရားမျှတခြင်း လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်း ဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးနှင့် အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဟူသော အမျိုးသားညီလာခံ ဦးတည်ချက် ခြောက်ရပ်နှင့်အညီ အမျိုးသား ညီလာခံကို ဇန်နဝါရီလ ၉ ရက်နေ့တွင်နိုင်ငံတော်သမ္မတ အိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းဝေး ခန်းမ၌ စတင်ကျင်းပသည်။ အမျိုးသားညီလာခံသို့ ညီလာခံ ကိုယ်စားလှယ်ပေါင်း ၇၀၂ ဦးရှိသည့်အနက် ၆၉၉ဦး တက်ရောက်သဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၅၇ ရှိသည်။

## နိုင်ငံခြားငွေလက်မှတ်များထုတ်ဝေခြင်း

မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာနှင့်ညီမျှသော နိုင်ငံခြားငွေလက်မှတ်၊ အမေရိကန်ဒေါ်လာ ငါးဒေါ်လာနှင့်ညီမျှသော နိုင်ငံခြားငွေ လက်မှတ်နှင့် အမေရိကန်ဒေါ်လာတစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံခြားငွေလက်မှတ်များကို ဖေဖော်ဝါရီလ ၄ ရက်နေ့၌ စတင်ထုတ်ဝေသည်။ နိုင်ငံခြားငွေလက်မှတ်အသီးသီး၏ အရွယ်အစားမှာ ၁၅ ဒသမ၂နှင့် ၆ ဒသမ ၅ စင်တီမီတာ ရှိသည်။

## လစာနှုန်း ပင်စင်လစာနှင့် လုပ်ခများတိုးမြှင့်သတ်မှတ်ခြင်း

နိုင်ငံတော်အစိုးရသည် အစိုးရဝန်ထမ်းများ၏ စားဝတ်နေရေး သက်သာချောင်ချိမှုရှိစေရေးနှင့် တပ်မတော်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် အစိုးရဝန်ထမ်းများ၏ လစာနှုန်း ပင်စင်လစာနှင့် လုပ်ခများကို ဧပြီလ ၁ ရက်နေ့မှစ၍ တိုးမြှင့်ခံစားခွင့်ပြုခဲ့သည်။

အစိုးရဝန်ထမ်းများ၏ လစာနှုန်းထားများကို အခြေခံလစာပေါ်တွင် အနည်းဆုံး ၂၅ ရာခိုင်နှုန်း တိုးမြှင့်လျက် အောက်ပါဇယားအတိုင်း သတ်မှတ်သည်–

| အမှတ်စဉ် | လက်ရှိလစာနှုန်း (ကျပ်) | တိုးမြှင့်လစာနှုန်း (ကျပ်) | မှတ်ချက် |
|---|---|---|---|
| ၁ | ၄၅၀-၂၅-၆၀၀ | ၆၀၀-၂၅-၇၅၀ | နှစ်တိုးများကို ၂ နှစ်လျှင် တစ်ကြိမ် ခံစားခွင့်ပြုရန်ဖြစ်သည်။ |
| ၂ | ၆၂၅-၂၅-၇၂၅ | ၈၀၀-၂၅-၉၀၀ | |
| ၃ | ၇၅၀-၂၅-၈၅၀ | ၉၅၀-၂၅-၁၀၅၀ | |
| ၄ | ၈၇၅-၂၅-၉၇၅ | ၁၁၀၀-၂၅-၁၂၀၀ | |
| ၅ | ၁၀၀၀-၂၅-၁၁၀၀ | ၁၂၅၀-၂၅-၁၃၅၀ | |
| ၆ | ၁၁၂၅-၂၅-၁၂၂၅ | ၁၄၂၅-၂၅-၁၅၂၅ | |
| ၇ | ၁၂၅၀-၂၅-၁၃၅၀ | ၁၅၇၅-၂၅-၁၆၇၅ | |
| ၈ | ၁၄၀၀-၅၀-၁၅၀၀ | ၁၇၅၀-၅၀-၁၈၅၀ | |
| ၉ | ၁၇၀၀ | ၂၁၂၅ | |
| ၁၀ | ၁၈၀၀ | ၂၂၅၀ | |
| ၁၁ | ၁၉၀၀ | ၂၃၇၅ | |
| ၁၂ | ၂၀၀၀ | ၂၅၀၀ | |

လက်ရှိပင်စင်လစာနှင့် ထောက်ပံ့ငွေများခံစားနေကြသည့် ပုဂ္ဂိုလ်များအား လက်ရှိထုတ်ယူခွင့်ရှိသော ပင်စင်လစာနှင့် ထောက်ပံ့ငွေအပေါ် ၂၅ရာခိုင်နှုန်းတိုးမြှင့်ခံစားခွင့်ပြုသည်။ အစိုးရဌာနများနှင့် အဖွဲ့အစည်းများရှိနေ့စားအလုပ်သမားများ၏ လုပ်ခကို အလုပ်ချိန်တစ်နေ့ ရှစ်နာရီအတွက် လက်ရှိသတ်မှတ်ထားသော လုပ်ခ ၁၅ ကျပ်မှ ကျပ် ၂၀ သို့ တိုးမြှင့် သတ် မှတ်သည်။ တပ်မတော်သားများအတွက် သတ်မှတ်ထားသော လစာနှုန်း၊ ရိက္ခာစရိတ်နှင့် ပင်စင်လစာများကိုလည်း အခြေခံလစာ၊ ရိက္ခာစရိတ်နှင့် ပင်စင်လစာများအပေါ် အနည်းဆုံး ၂၅ ရာခိုင်နှုန်း တိုးမြှင့်သတ်မှတ်သည်။ နိုင်ငံခြားတွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံခြားရေးဝန်ထမ်းများနှင့် အခြားအလားတူ ဝန်ထမ်းများသည် တိုးမြှင့်သတ်မှတ်လိုက်သည့် လစာနှုန်းအရ ခံစားခွင့်ရရှိပြီး တိုးမြှင့်လစာနှုန်းအရ ခြားနားငွေကို နိုင်ငံခြားသုံးငွေဖြင့် ထုတ်ယူခံစားခွင့်ပြုသည်။



ဘုရင့်နောင် ခြောက်လမ်းသွား လမ်းမကြီး ဖွင့်ပွဲ အခမ်းအနား

## မြန်မာ့သမဝါယမ ပြပွဲများ

မြန်မာ့သမဝါယမ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပခဲ့သည်။

ပြပွဲတွင် ဗဟိုသမဝါယမအသင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှ မြို့နယ်သမဝါယမအသင်းစုများ၊ မဇင်းကုန်ထုတ်သမဝါယမအသင်း၊ ပုသိကုန်ထုတ်သမဝါယမအသင်း၊ ကြွေထည်မြေထည် ကုန်ထုတ်သမဝါယမအသင်းနှင့် ပြည်ကြီးရတနာ ကျောက်စိမ်းကုန်ထုတ်သမဝါယမအသင်းတို့မှ သစ်တောထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ လယ်ယာထွက်ပစ္စည်းနှင့် စက်မှုလက်မှုပစ္စည်းအမျိုးအထည် ၁၀၀၀ ကို ဇန်နဝါရီလ ၅ ရက်နေ့မှ ၁၆ ရက်နေ့အထိ ခင်းကျင်းပြသရောင်းချခဲ့သည်။ စာချုပ်ချုပ်ဆိုပြီး ရောင်းချရသည့်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၄၃၃၅ သန်း ဖြစ်သည်။ မြန်မာကျပ်ငွေဖြင့် ကျပ် ၃ ဒသမ ၆၂၈ သန်းဖိုး ရောင်းချရသည်။

မြန်မာ့သမဝါယမ စက်မှုလက်မှုပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြပွဲတွင် စက်ပစ္စည်းများပြကွက်၊ ကုန်ထုတ်လုပ်မှုလက်တွေ့ပြကွက်၊ သမဝါယမအသင်းများ၏ ထွက်ကုန်များရောင်းဝယ်မှု ပြကွက်နှင့် ဖျော်ဖြေရေးနှင့်တွဲဖက်၍ သမဝါယမအသင်းထွက်ကုန်များ ကြော်ငြာရေးစင်မြင့်ဟူ၍ ပြကွက်လေးမျိုး ခွဲခြားပြသခဲ့သည်။

ပြပွဲတွင် သမဝါယမအသင်းလီမိတက်များ၊ ပြည်နယ်နှင့်တိုင်း၊ မြို့နယ်သမဝါယမအသင်းစုများ၊ မြို့နယ်သမဝါယမအသင်းများ၊ ဆောက်လုပ်ရေးသမဝါယမအသင်း၊ ရက်ကန်းစက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်းများမှ ထုတ်လုပ်ထားသော လယ်ယာအဆောက်အအုံပြုပစ္စည်းများ၊ စက်နှင့်စက်ကိရိယာပစ္စည်းများ၊ သတ္တုပစ္စည်းများ၊ ကြေးပစ္စည်း၊ ဒန်ပစ္စည်းနှင့် ပလတ်စတစ်ပစ္စည်း အမျိုးမျိုး၊ အိမ်ဆောက်လုပ်မှုပုံစံများ၊ သစ်သားထည်ပစ္စည်းများ၊ ဖျာ၊ ထီး၊ ဦးထုပ်အမျိုးမျိုး၊ သစ်သားပုတီးစေ့လုပ်ငန်း၊ ပရိဘောဂများ၊ သစ်သားပန်းပုရုပ်များ၊ သစ်သားထည်အမျိုးမျိုး၊ ကြွေထည်၊ ဖန်ထည်၊ မြေထည်ပစ္စည်းများ၊ ပိုးထည် ချည်ထည်အမျိုးမျိုး၊ ဂေါက်ရိုက်ပစ္စည်းအမျိုးမျိုးနှင့် သံထည်ပစ္စည်းအမျိုးမျိုး၊ သားရေထည်ပစ္စည်းအမျိုးမျိုး၊ နို့ထွက်ပစ္စည်းများ၊ ငွေထည်အမျိုးမျိုး၊ တူရိယာပစ္စည်းငယ်များ၊ အိမ်သုံးကုန်နှင့် လူသုံးပစ္စည်းအမျိုးမျိုးတို့ကို ဇွန်လ ၂၀ ရက်နေ့မှ ၃၀ ရက်နေ့အထိခင်းကျင်းပြသရောင်းချခဲ့သည်။ ပြပွဲနောက်ဆုံးနေ့အထိ အရောင်းတန်ဖိုးငွေကျပ် ၉၀ ဒသမ ၁ သန်းခန့်ရှိသည်။

## နိုင်ငံခြားဆက်ဆံရေး

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာနိုင်ငံသို့ရောက်ရှိလာသော နိုင်ငံခြားတိုင်းပြည်များမှ ပုဂ္ဂိုလ်အသီးသီးအား လက်ခံတွေ့ဆုံခဲ့သည်။

ဇန်နဝါရီလ ၅ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ မစ္စတာဝူချုံကင်းနှင့် အဖွဲ့အားလည်းကောင်း၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာချန်ချိချင်းခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် ၁၉ ရက်နေ့တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ညှိနှိုင်းရေးဝန်ကြီး မစ္စတာရေဒီးယပ်စ်ပရာဝီရိ ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့တို့အားလည်းကောင်း၊ မတ်လ ၃ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာဒွေ့ချန်ဖူးနှင့် ၁၉ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ၏ အထူးကိုယ်စားလှယ် အငြိမ်းစားဗိုလ်မှူးကြီး အိုလီ၊ အာမက်တို့အား လည်းကောင်း၊ မေလ ၃၁ ရက်နေ့တွင် ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးအငြိမ်းစားဗိုလ်ချုပ်ကြီး ချာဗလစ်ယောင်ချိုင်ယုဒ်နှင့် အဖွဲ့အားလည်းကောင်း၊ ဇွန်လ ၁၇ ရက်နေ့တွင် စင်ကာပူသမ္မတနိုင်ငံမှ မစ္စတာကွတ်ခွန်အီးန် ခေါင်းဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့အားလည်းကောင်း၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အထူးကိုယ်စားလှယ် တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌကြီး မစ္စတာဘူဟေ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အားလည်းကောင်း လက်ခံတွေ့ဆုံခဲ့သည်။

## လမ်းတံတားပြုပြင်တည်ဆောက်မှုလုပ်ငန်းများ

အမရပူရမြို့နယ် မြစ်ငယ်မြို့မှ ဥယျာဉ်တော်ကျေးရွာအထိ ဖောက်လုပ်ထားသော ပေ ၃,၅၀၀ ရှည်သာယာကုန်း– ဖျောက်ဆိပ်ကုန်း လမ်းမကြီးဖွင့်ပွဲနှင့် မြောင်းမြမြို့နယ်နှင့် လပွတ္တာမြို့နယ် ဆက်သွယ်ထားသော ကားလမ်းသစ်ဖွင့်ပွဲ တို့ကို ဇန်နဝါရီလ ၃ ရက်နေ့တွင် အသီးသီးကျင်းပခဲ့သည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်၏ ကင်ပွန်းစခန်းတောင်ခြေမှ ရသေ့တောင်ခြေသို့ဖောက်လုပ်ခဲ့သော မော်တော်ကားလမ်းသစ်၊ ဗန်းမော်–ရွှေကျီးနားလမ်းသစ်နှင့် ကျောက်မဲမြို့နှင့် တစ်ဆက်တစ်စပ်တည်း ဆက်သွယ်ထားသော အရှည် ၂၈ မိုင်ရှိ မိုးမိတ်– မိုင်းလုံလမ်းတို့ကို ဇန်နဝါရီလ ၄ ရက်နေ့တွင် အသီးသီးဖွင့်လှစ်ခဲ့သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအောင်ပန်း–ပင်လောင်းရထားလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီလ ၇ ရက်နေ့တွင် အောင်ပန်းမြို့ဘူတာ၌ ကျင်းပခဲ့သည်။ ရထားလမ်းသစ်သည် ၄၈.၅၈ မိုင်ရှည်သည်။ ရထားလမ်းသစ်ကို ငွေကျပ် ၂၀၀ ဒသမ ၁၅ သန်းအကုန်အကျခံ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တည်ဆောက်ခဲ့သော သဃ်န်းကျွန်းမြို့နယ် လေးဒေါင့်ကန်လမ်းနှင့် သံသုမာလမ်းဆုံရှိ ပြည်ထောင်စုတံတားသစ်ကြီး ဖွင့်ပွဲကို ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ကျင်းပခဲ့သည်။ လေးဒေါင့်ကန်လမ်းမကြီးသည် ရန်ကုန် – မန္တလေးရထားလမ်းကို ဖြတ်ကျော်လျက် ဒဂုံမြို့သစ်တောင်ပိုင်းနှင့် မြောက်ပိုင်းသို့သွားရာ လမ်းမကြီးတစ်ခုဖြစ်ပြီး အမှတ် (၂) လမ်းမကြီးနှင့် တစ်ဆက်တည်းဆက်သွယ်ဖောက်လုပ်ထားသည်။ သံသုမာလမ်းမသည်ရန်ကုန်– မန္တလေးရထားလမ်းကိုဖြတ်သန်းပြီး သုဝဏ္ဏမြို့နှင့် တောင်ဥက္ကလာပမြို့နယ်ကိုဆက်သွယ်ဖောက်လုပ်ထားသည်။ ပြည်ထောင်စုတံတားသစ်ကြီးကို ၁၉၉၂ ခု၊ ဇွန်လ ၂ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၃ ခု၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် တည်ဆောက်ပြီးစီးသည်။ တံတားသစ်ကြီးသည် အရှည် ၅၃၄ ပေရှိပြီး ခန်းဖွင့် ၁၀ ခန်းပါဝင်သည်။ အသွားအပြန်ယာဉ်သွားလမ်းသုံးလမ်းစီပါဝင်သည့် ယာဉ်သွားလမ်းခြောက်လမ်း၊ လေးပေအကျယ်လူသွားလမ်း၊ ငါးပေအကျယ်အလယ်ကျွန်းအပါအဝင် စုစုပေါင်း ၇၉ ပေ၊ ခြောက်လက်မကျယ်ဝန်းသည်။ စံပြဈေးဘက် ချဉ်းကပ်လမ်းဆင်ခြေလျှောတွင် ငါးရာခိုင်နှုန်းနှင့်တိုးချောင်ကံလေးဘက် ချဉ်းကပ်လမ်းဆင်ခြေလျှောတွင် သုံးရာခိုင်နှုန်းဖြစ်ပြီး စုစုပေါင်းချဉ်းကပ်လမ်းများသည် ၄,၄၆၀ ပေ ရှည်သည်။

ပုသိမ်–ရှောပြာ–မော်တင်ကားလမ်းဖွင့်ပွဲကိုဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ပုသိမ်–ချောင်းသာ–ရှောပြာ လမ်းဆုံ၌ ကျင်းပခဲ့သည်။ ကားလမ်းကို ရိုးမတောင်ခြေအားဖြတ်၍ ၁၃၄ မိုင်အရှည်ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ကားလမ်းဖောက်လုပ်မှုအတွက် နိုင်ငံတော်မှ ငွေကျပ်သိန်း ၁၅၀ ကုန်ကျခဲ့သည်။ ပုသိမ်–မော်တင်ရေလမ်းဖြင့် ၁၂ နာရီကြာသွားရပြီး ပုသိမ်–ရှောပြာ–မော်တင် ကားလမ်းဖြင့် ၆ နာရီအတွင်း သွားလာနိုင်သည်။

အရာတော်မြို့နယ်နှင့် ဝက်လက်မြို့နယ်အစပ် သမရိုးကျေးရွာတွင် ဖွင့်လှစ်ခဲ့သော မူးမြစ်ကူး သံမရိုးတံတားသည် အရှည် ၇၀၄ ပေနှင့်ယာဉ်သွားလမ်းအကျယ် ၁၅ပေရှိသည်။ သံကူကွန်ကရစ်ရေလယ်တိုင် ၁၅ လုံးနှင့် အုတ်ကမ်းကပ်ခုံ



ဒဂုံကုန်တိုက်ဖွင့်ပွဲတွင် အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့်အဖွဲ့ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်

နှစ်ခုအပါအဝင် သစ်လုံးပိုင်တိုင်၊ သံကူကွန်ကရစ်ပိုင်ထိပ်အုပ်၊ သံကူကွန်ကရစ်ရက်မ၊ သစ်မာကြမ်းခင်းနှင့် သစ်မာလက်ရန်းတို့ဖြင့် တည်ဆောက်ထားသည်။ တံတားတည်ဆောက်ရေးအတွက်နိုင်ငံတော်မှ ခွင့်ပြုငွေကျပ် သိန်း ၅၀၊ ပြည်သူလူထု ထည့်ဝင်ငွေကျပ်သိန်း ၅၀နှင့် လူထုလုပ်အားတန်ဖိုးငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ်သိန်း ၁၁၀ ကုန်ကျခဲ့သည်။

မန္တလေးအရှေ့တောင်မြို့နယ် ချမ်းမြသာစည်ရပ် ၇၈ လမ်းနှင့် ၈၁ လမ်းကြား စစ်ကိုင်းလမ်းခွဲ ကားလမ်းပေါ်ရှိ မီးရထားလမ်းကို ဖြတ်ကျော်တည်ဆောက်ခဲ့သည့် ချမ်းမြဝတီ ခုံးကျော်တံတားဖွင့်ပွဲကို မတ်လ ၆ ရက်နေ့တွင် တံတားအရှေ့ဘက်ထိပ် မှခ်ဦး၌ ကျင်းပခဲ့သည်။ တံတားအလျား ၁,၂၄၉ ပေနှင့် ခုနစ်လက်မ၊ အကျယ် ၃၇ ပေရှိပြီး ကားလမ်းအကျယ် ၂၉ ပေနှင့်လူသွားလမ်းအကျယ်လေးပေရှိသည်။ ကင်းလွတ်အမြင့် ၁၄ ပေ နှင့် ခြောက်လက်မ၊ ခံနိုင်သည့်ဝန်ချိန် ၃၆ တန်ဖြစ်သည်။တံတားတည်ဆောက်ရာတွင် ကြိုတင်အားဖြည့် ကွန်ကရစ်ပေါင်နှင့် တံတားကို မြန်မာ့မီးရထားက တည်ဆောက်ခဲ့ပြီး ချဉ်းကပ်လမ်းကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ဖောက်လုပ်ခဲ့သည်။

ရောဝတီ ဆက်စပ်လမ်းဖွင့်ပွဲကိုမတ်လ ၂၆ ရက်နေ့တွင် ကျင်းပသည်။ ရောဝတီ ဆက်စပ်လမ်းမကြီးသည် အရှည် ၃၃ သမ ၁ မိုင်၊ လမ်းအပေါ်အကျယ် ၃၆ ပေ၊ လမ်းအောက်ခြေအကျယ် ၅၄ ပေ၊ အမြင့် လေးပေရှိသော ကတ္တရာလမ်းမကြီးဖြစ်ပြီး ၁၉၉၁ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ဖောက်လုပ်ခဲ့ရာ ၁၉၉၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ပြီးစီးခဲ့သည်။ လမ်းဖောက်လုပ်မှုအတွက် နိုင်ငံတော်မှ ငွေကျပ် ၂၈၃ သိန်းကျော် ကုန်ကျခဲ့သည်။ မြန်မာနိုင်ငံ အရပ်ရပ်မှ မော်တော်ယာဉ်များသည် အမှတ်(၂) နှင့် အမှတ်(၃) လမ်းမကြီးမှ ရန်ကုန်မြို့သို့ဝင်လာပြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ( တောင်ပိုင်း)၊ သာကေတ၊ ရန်ကုန်–သန်လျင်မြစ်ကူးတံတားမှတစ်ဆင့်အသစ်တည်ဆောက်မည့် သန်လျင်–သီလဝါ ပင်လယ်ကူး သင်္ဘောဆိပ်ကမ်းအထိ တိုက်ရိုက်ဝင်ရောက်နိုင်ရန်နှင့် သန်လျင်၊ သာကေတ၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ (မြောက်ပိုင်း)၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံ၊ ရွှေပြည်သာမြို့နယ်များသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ရန် ရောဝတီ ဆက်စပ်လမ်းမကြီးကို ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် ဆက်သွယ်သည့် ပြည်ထောင်စုရထားလမ်းဖွင့်ပွဲကိုလွိုင်ကော်မြို့ဘူတာရုံဝင်း

အတွင်း မင်္ဂလာမဏ္ဍာပ်တွင်လည်းကောင်း၊ တွံတေး-မအူပင်ကားလမ်းမှ တွံတေး(မြဂိုး)-ဖိုးကမ်းဘေး မြေသားကားလမ်းပိုင်းဖွင့်ပွဲကို တွံတေးမြို့နယ် ဖိုးကမ်းဘေးကျေးရွာ လမ်းကွပ်ကဲရေးဗဟိုစခန်းတွင်လည်းကောင်း၊ လေးမျက်နှာမြို့နယ် လှော်ကထား စောပြာလမ်းနှင့် တံတား ဖွင့်ပွဲတို့ကို မတ်လ ၂၇ ရက်နေ့က အသီးသီး ကျင်းပခဲ့သည်။

တွံတေး ( မြဂိုး)- ဖိုးကမ်းဘေး ကားလမ်းသည် အရှည် ခြောက်မိုင်နှင့်ခုနစ်ဖာလုံရှိပြီး မအူပင်မြို့နယ်နှင့်ဆက်သွယ် ဖောက်လုပ်ထားသော ကားလမ်းနှင့် တစ်ဆက်တည်း ဖြစ်ကာ မအူပင်မှတွံတေး၊ ရန်ကုန်သို့တောက်လျှောက် သွားလာနိုင်သည်။

ကမာရွတ်မြို့နယ် ကမာရွတ်လှည်းတန်းလမ်းမကြီးမှ အင်းစိန်မြို့နယ် ဒညင်းကုန်းလမ်းမကြီးသို့ ဆက်သွယ် ဖောက်လုပ်ထားသော အရှည်ခြောက်မိုင်နှင့် သုံးဖာလုံရှိ ဘုရင့်နောင်ခြောက်လမ်းသွား တိုးချဲ့ကတ္တရာလမ်းမကြီး ဖွင့်ပွဲကို ဧပြီလ ၂၁ ရက်နေ့တွင် ဘုရင့်နောင်ဈေးကြီးရှေ့ လမ်းမကြီးပေါ်ရှိ ရိုးကြီးချောင်းတံတားအနီး မုခ်ဦး၌ကျင်းပခဲ့သည်။ ဘုရင့်နောင်လမ်းမကြီး၏ လမ်းနယ်နိမိတ်ကို ပေ ၁၂၀ထိ၊ မြေသားတာပေါင်ကို အကျယ် ၈၈ ပေအထိ၊ ကတ္တရာလမ်းခြောက်လမ်းကို တစ်လမ်းလျှင် ၁၂ ပေ အကျယ်ဖြင့် စုစုပေါင်း၇၂ပေအကျယ်အထိ၊လမ်းဘေးဝဲယာ လမ်းပခုံးများကို ခြောက်ပေအကျယ် လူသွားစင်္ကြံတစ်ခုစီဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ လမ်းမကြီးဖောက်လုပ်မှုအတွက် စုစုပေါင်းငွေကျပ် ၁၇၂ ဒသမ ၈ သန်းကုန်ကျခဲ့ပြီး တံတား ၃၁ ခု တည်ဆောက်မှုအတွက် ငွေကျပ် ၈၉ ဒသမ ၉ သန်းကုန်ကျခဲ့သည်။

ရန်ကုန်မြို့တော်အဝင် အမှတ် (၄) လမ်းမကြီးဖွင့်ပွဲကို ဧပြီလ ၂၅ ရက်နေ့တွင် မှော်ဘီမြို့အဝင် လမ်းမကြီးထိပ်၌ ကျင်းပခဲ့သည်။ လမ်းမကြီးသည် မှော်ဘီမြို့နယ် တပ်ကြီးကုန်းရွာအနီး ရန်ကုန်-ပြည်လမ်း မိုင်တိုင် ၂၉/၄ မှစတင်၍ လှော်ကားရွာ၊ ကျောင်းကုန်းရွာ၊ သာစုကန်ရွာများမှ တစ်ဆင့် ရွှေပြည်သာမြို့သစ်ကို ဖြတ်သန်းလျက် ဒညင်းကုန်းလမ်းဆုံ အောက်မင်္ဂလာဒုံ လမ်းမကြီးနှင့် ဆက်သွယ်မိပြီး အောက်မင်္ဂလာဒုံလမ်းမကြီးမှတစ်ဆင့် ဘုရင့်နောင်ခြောက်လမ်းသွား လမ်းမကြီးကိုဖြတ်သန်းကာ ရန်ကုန်မြို့တော်အတွင်းသို့ဝင်ရောက်နိုင်သည်။ အမှတ်(၄) လမ်းမကြီးသည် အကျယ် ၂၂ ပေရှိ နှစ်လမ်းသွား ကတ္တရာ လမ်းဖြစ်ပြီး ၁၂ မိုင်နှင့် လေးဖာလုံရှည်လျားသည်။

မြစ်ငယ်-ထုံးဘို (ပြင်ဦးလွင်) ဖြတ်လမ်းဖွင့်ပွဲကို မေလ ၁၀ ရက်နေ့တွင် မြစ်ငယ်ကားလမ်းထိပ်၌ ကျင်းပခဲ့သည်။ အမရပူရမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ် ဆက်သွယ်ရေး ကားလမ်းဖြစ်သော မြစ်ငယ်-ထုံးဘို(ပြင်ဦးလွင်)ဖြတ်လမ်းသည် အရှည်ကိုးမိုင်နှင့် သုံးဖာလုံ၊ အကျယ်၁၈ပေ၊ အမြင့် သုံးပေရှိသည်။ လမ်းဖောက်လုပ်မှုအတွက်ငွေကျပ်၂၂၂သိန်းခန့်ကုန်ကျခဲ့ပြီး ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့မှ စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

တရုတ်- မြန်မာလမ်းမကြီး “ဆဒုံ – မန်မင်း” ကားလမ်းသစ်ဖွင့်ပွဲကို မေလ ၁၅ ရက်နေ့တွင် ဝိုင်းမော်မြို့နယ် မန်မင်းနှင့် ဆိုင်လော်ကြား မလိယန်ချောင်းတံတားသစ်၌ ကျင်းပခဲ့သည်။ ကားလမ်းသစ်သည် တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး ပေါ်ထွန်းလာသော လမ်းဖြစ်သည်။

ကြူကုတ်-ပန်ဆိုင်းမြို့နယ်ဝမ်တိန်-ကြူကုတ်နယ်စပ် တံတားသစ်ဖွင့်ပွဲကို မေလ ၂၈ ရက်နေ့တွင် တံတားသစ်၌ ကျင်းပသည်။ တံတားသစ်သည်အရှည် ၃၉ ဒသမ ၄ မီတာ ရှိပြီး ယာဉ်သွားလမ်းနှင့် လူသွားလမ်းများပါရှိသည်။ တံတားသစ်သည် သံကူကွန်ကရစ်ခုံးတံတားဖြစ်ပြီး ရွှေလီမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည်။ တံတားသစ်တည်ဆောက်မှုကုန်ကျစရိတ်ကို မြန်မာ-တရုတ် နှစ်နိုင်ငံ ခွဲဝေကျခံခဲ့သည်။ ဝမ်တိန်-ကြူကုတ်နယ်စပ်တံတားတည်ဆောက်ခြင်းကြောင့်နှစ်နိုင်ငံကုန်စည်ကူးသန်းရောင်းဝယ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အားကစား၊ စီးပွားရေးနှင့် ချစ်ကြည်ရေး အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ရခိုင်ပြည်နယ်၊ အမ်းမြို့မှ မကွေးတိုင်း၊ မင်းဘူးမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသော အမ်း-မင်းဘူး ကားလမ်းဖွင့်ပွဲကို ဇွန်လ ၁၇ ရက်နေ့တွင် အမ်းမြို့၌ကျင်းပခဲ့သည်။ မူဆယ်မြို့နယ် ကောင်းမှုတိုကျေးရွာတွင် တည်ဆောက်ခဲ့သော မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်တံတားသစ်ဖွင့်ပွဲကို ဇူလိုင်လ ၆ ရက်နေ့တွင်ကျင်းပခဲ့သည်။ ဆိပ်ကြီးခနောင်တိုမြို့ လယ်သစ်တံတားအမှတ် (၁) နှင့် အမှတ်(၂) ဖွင့်ပွဲကို ဇူလိုင်လ ၁၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ တံတားများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ကူညီပံ့ပိုး ငွေ ကျပ် ၃၉ သိန်းခွဲဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်-သန်လျင်တံတားသစ်ကြီးဖွင့်ပွဲအခမ်းအနားကို ရန်ကုန် – သန်လျင်တံတားတည်ဆောက်ရေး စီမံကိန်းရုံးညှိခံမဏ္ဍာပ်၌ ဇူလိုင်လ ၃၁ ရက် နေ့တွင်ကျင်းပခဲ့သည်။ ရန်ကုန်-သန်လျင် တံတားသစ်ကြီးသည် ရထားလမ်းနှင့် မော်တော်ကားလမ်းတွဲဖက်တံတားအမျိုးအစားဖြစ်သည်။ ရထားလမ်းကို တံတား၏ အလယ်တွင် ထားရှိပြီး ဘေးတစ်ဖက်စီတွင် မော်တော်ကားလမ်းကို တစ်ပြေးညီထားရှိသည်။ မော်တော်ကားလမ်းသည် ရထားလမ်းနှင့် အပြိုင် ဘေးတစ်ဖက်တစ်ချက်တွင် ၄ ဒသမ ၅ မီတာ

အကျယ် တစ်လမ်းသွားကားလမ်းဖြစ်ပြီး အပြင်ဘက်ဘေးတွင် ၁ ဒသမ ၅ မီတာအကျယ်လူသွားလမ်းပါရှိသည်။ ၁,၈၂၂ ဒသမ ၄ မီတာရှည်သော ပင်မ တံတားအပိုင်း အပါအဝင် ရထားလမ်းတံတား၏ စုစုပေါင်းအရှည် ၂,၉၃၈ ဒသမ ၅ မီတာ ရှိပြီး ကားလမ်းတံတား၏ အရှည် ၂,၁၅၁ ဒသမ ၃ မီတာရှိသည်။ ရန်ကုန်–သန်လျင်တံတားသစ်ကြီးသည် ပဲခူးမြစ်ကိုမြစ်ဝမှ ၄၂ ကီလိုမီတာအကွာ ၁ ဒသမ ၈ ကီလိုမီတာအကျယ်ရှိသော နေရာတွင် ဖြတ်လျက်တည်ရှိပြီး သဘာဝမြေပြင်အနေထားအရကမ်းနှစ်ဘက်မှာ မြေပြန့်များဖြစ်ကာ အနောက်ဘက်ကမ်း သာကေတမြို့နယ်မှ အရှေ့ဘက်ကမ်း သန်လျင်မြို့နယ်သို့ ဦးတည်ဆက်သွယ်နေသည်။ တံတားသစ်ကြီး တည်ဆောက်ရေးကာလ ငါးနှစ်ကြာမြင့်ခဲ့သည်။ တံတားသစ်ကြီးသည်တရုတ်–မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး၏ ပြယုဂ်ဖြစ်ပြီး မြန်မာနိုင်ငံတွင် အကြီးမားဆုံး၊ အရှည်လျားဆုံးနှင့် အလှပဆုံးဖြစ်သည်။

## ရေအားလျှပ်စစ်ဓါတ်အားပေးစက်ရုံများ တည်ဆောက်ခြင်း

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း မြစ်ကြီးနားမြို့နယ် ကျိန်ခရန်ခ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကို စက်ရုံသစ်လုပ်ငန်းခွင်၌ ဧပြီလ ၂ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကျိန်ခရန်ခရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် မြစ်ကြီးနားမြို့မှ ၂၁ မိုင်ကွာဝေးသော ကျိန်ခရန်ခချောင်းပေါ်တွင်တည်ရှိသည်။ စက်ရုံကို မြစ်ကြီးနားမြို့နှင့် အနီးပတ်ဝန်းကျင်ရှိကျိန်ခရန်၊ လုံကန်ဇွပ်၊ အာလံ၊ အူဗျစ်၊နောင့်နန်း၊ ပလန ကျေးရွာများသို့ ၂၄ နာရီပတ်လုံး လျှပ်စစ်ဓာတ်အားပေးနိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကျိန်ခရန်ခ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းအတွက် စုစုပေါင်းငွေကျပ် သိန်း ၆၀၀ ကုန်ကျပြီး ပြည်သူလူထုမှထည့်ဝင်ငွေ ကျပ်သိန်း ၃၅၀ ပါဝင်သည်။ စီမံကိန်းတစ်ခုလုံး၏ တစ်နှစ်အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုသည် ၉ ဒသမ ၇ ကီလိုဝပ် နာရီသန်းပေါင်းဖြစ်ပြီး လျှပ်စစ်ဓာတ်အားရောင်းရငွေ နှစ်စဉ်ကျပ် ၄ ဒသမ ၈၅ သန်းခန့် ရရှိမည်ဖြစ်သည်။ ကျိန်ခရန်ခ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းမှ ထုတ်လုပ်နိုင်သည့် လျှပ်စစ်ပမာဏကို ဒီဇယ်စက်များဖြင့် မောင်းနှင်ထုတ်လုပ်ပါက တစ်နှစ်လျှင် ငွေကျပ် ၉ ဒသမ ၆၄ သန်းခန့် ကုန်ကျမည်ဖြစ်ပြီး ရေအားလျှပ်စစ်ဖြင့် ဓာတ်အားထုတ်လုပ်ခြင်းက နှစ်စဉ်ငွေကျပ် ၄ ဒသမ ၇၉ သန်းခန့် သက်သာသည်။ ကျိန်ခရန်ခ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ကချင်ပြည်နယ်တွင် မိုးညှင်းမြို့နယ် ဂလိုင်ချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်ပြီးနောက် ဒုတိယမြောက်ဖွင့်လှစ်သည့်စက်ရုံဖြစ်သည်။စက်ရုံကို၁၉၉၁ခုနှစ်၊ မတ်လမှ စတင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

သိန္နီမြို့နယ်နမ့်ပန်ချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ သိန္နီမြို့နယ် နယ်မြေခံတပ်ရင်း၏ နန့်ပန်ချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို မေလ ၃ ရက်နေ့တွင် ကျင်းပခဲ့သည်။

## ဆေးရုံသစ်များ တည်ဆောက်ဖွင့်လှစ်ခြင်း

မော်ဘိမြို့နယ် ဖူးကြီးကျေးရွာ ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲကို ဇန်နဝါရီလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြည်သူ့ဆေးရုံသစ်သည် ခုတင် ၁၆ လုံးဆံ့ဆေးရုံဖြစ်ပြီး ဆေးရုံသစ်တည်ဆောက်မှုအတွက် နိုင်ငံတော်မှ ငွေကျပ်သိန်း၄၀ ကုန်ကျခဲ့သည်။

ကမ္ဘာအေးဗုဒ္ဓသာသနာ့ဆေးရုံ သစ်ဖွင့်ပွဲကိုဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကမ္ဘာအေးဝင်းအတွင်းရှိ ဆေးရုံသစ်ကြီး၌ကျင်းပခဲ့သည်။ ဆေးရုံသစ်ကြီးကို ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ငွေကျပ်သိန်း ၁၅၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ရှမ်းပြည်နယ်အရှေ့ပိုင်း မော်ဖဒေသရှိ မက်မန်းမြို့နယ် ဆွတ်ဝိုးကျေးရွာအုပ်စု ပြည်သူ့ဆေးရုံနှင့် မဘိမ်းမြို့နယ် သံယာ့ဆေးရုံ သစ်ဖွင့်ပွဲတို့ကို မတ်လ ၂ ရက်နေ့တွင် အသီးသီး ကျင်းပခဲ့သည်။

ဝါးခယ်မမြို့နယ် ရွှေလောင်းမြို့ တိုက်နယ်ဆေးရုံသစ်ကို ဧပြီလ ၇ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ဆေးရုံသစ်သည် ခုတင် ၁၆ လုံးဆံ့ ဆေးရုံဖြစ်ပြီးငွေကျပ် ၃၅ သိန်း အကုန်အကျခံကာ တစ်နှစ်အတွင်း အပြီးဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ဝက်လက်မြို့နယ် မင်းကျီကျေးရွာ တိုက်နယ်ဆေးရုံဖွင့်ပွဲကို ဧပြီလ ၁၀ ရက်နေ့တွင်ကျင်းပခဲ့သည်။ ဆေးရုံသည် ခုတင် ၁၆ လုံးဆံ့ဆေးရုံဖြစ်ပြီး ဆေးရုံဆောက်လုပ်မှုအတွက် နိုင်ငံတော်မှ ငွေကျပ် ၁၀ သိန်းနှင့် ပြည်သူလူထုမှ ငွေကျပ် ၅သိန်း စုစုပေါင်း ငွေကျပ် ၁၅ သိန်းထည့်ဝင်ခဲ့သည်။

တီးတိန်မြို့နယ် လိုင်တွေးကျေးရွာ တိုက်နယ်ဆေးရုံသစ်ကို ဧပြီလ ၁၂ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ဆေးရုံသစ်ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေ ကျပ်သိန်း ၄၀ အကုန်အကျခံကာ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ဆေးရုံသစ်သည် မကေ်ပူရ

မြစ်၏ အနောက်ဘက်ကမ်းတီးတိန်မြို့နှင့် အိန္ဒိယနယ်စပ်ဆက်သွယ်သည့် ကားလမ်းပေါ်တွင် တည်ရှိ သည်။

တာမွေမြို့နယ် နတ်မောက်လမ်း အမှတ် ၃၀ ရှိ မျက်စိအထူးကုဆေးရုံကြီး ဖွင့်ပွဲကိုဇွန်လ ၂၂ ရက်နေ့တွင်ကျင်းပခဲ့သည်၊ ဆေးရုံကြီးသည် ခုတင် ၁၅၀ ဆံ့ ဆေးရုံဖြစ်ပြီး ဆေးရုံကြီးတည်ဆောက်မှုအတွက် ငွေကျပ် ၉၉၅ ဒသမ ၅ သိန်း ကုန်ကျခဲ့သည်။ ဆေးရုံကြီးတွင် မျက်စိဌာနအတွက် ခေတ်မီခွဲစိတ်ခန်း လေးခန်း ပါဝင်သော ခွဲစိတ်ခန်းမကြီး ၊ နား၊ နှာခေါင်း၊ လည်ချောင်းဌာနအတွက်ခေတ်မီခွဲစိတ်ခန်း နှစ်ခန်းပါဝင်သော ခွဲစိတ်ခန်းမကြီးနှင့် အသေးစား ခွဲစိတ်ခန်းတစ်ခန်းတို့ဖြင့် ခွဲစိတ်ကုသနိုင်သည်။ ဆေးရုံကြီးသည် အရှေ့တောင်အာရှ အဆင့်မီဆေးရုံကြီး တစ်ရုံဖြစ်သည်။

## ဆည်မြောင်းတာတမံများ တည်ဆောက်ဖွင့်လှစ်ခြင်း

ချောင်းဦးမြို့နယ်နွယ်ခွေရေလှောင်တမံ ဖွင့်ပွဲကို နွယ်ခွေရေလှောင်တမံစီမံကိန်းဒေသတွင်လည်းကောင်း၊ ဝက်လက်မြို့နယ် အနောက်စင်းတဲ ရေလွှဲဆည် ဖွင့်ပွဲကို ရေလွှဲဆည်ယာယီမဏ္ဍာပ်တွင် လည်းကောင်း မတ်လ ၂၇ ရက်နေ့က အသီးသီးကျင်းပခဲ့ သည်။နွယ်ခွေရေလှောင်တမံကို တပ်မတော်၊ပြည်သူ့လုပ်အားနှင့် ဆည်မြောင်းဦးစီးဌာန စက်အင်အားများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ငွေကျပ်သိန်း ၂၅၀ ကုန်ကျ ခဲ့သည်။နွယ်ခွေရေလှောင်တမံသည် မြေသားတမံ အမျိုး အစားဖြစ်ပြီး အလျားပေ ၃,၈၀၀၊အမြင့် ၇၂ ပေ၊ရေလှောင်ပမာဏ ကေ ပေ ၃၀၀၀၊ ရေပေးနိုင်သော ကေ ၁,၂၅၀ ကေ၊ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်သောကေ ၁,၇၅၀ ကေ ဖြစ်သည်။

ကျောက်ဖြူမြို့နယ် ငန်းချောင်းတာတမံ၊ ဘောမကမ်းထောင့် တာတမံ၊ ချောင်းကြီးချောင်းတာတမံဖွင့်ပွဲကို မတ်လ ၃၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ တာတမံသုံးခု တည်ဆောက် ပြီးစီးခြင်းကြောင့် လက်ရှိစိုက်ပျိုးကေ ၁,၇၈၉ ကေနှင့်ထပ်မံတိုးချဲ့စိုက်ကေ ၁,၇၀၂ ကေ စုစုပေါင်း စိုက်ပျိုးကေ ၃,၄၉၁ ကေကို ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်တားဆီးနိုင်မည် ဖြစ်သည်။

ဂန့်ဂေါမြို့နယ် တောင်ခရမ်းရေလှောင်တမံ ဖွင့်ပွဲကို မေလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည်။တောင်ခရမ်းရေလှောင်တမံကို ဂန့်ဂေါမြို့၏ မြောက်ဘက် ၄၄ မိုင်ကွာ တောင်ခရမ်းချောင်းပေါ်တွင် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး အလျားပေ ၆၁၀၊ အမြင့်ပေ ၉၀၊ ရေလှောင်ပမာဏ ကေ ပေ ၁၂,၀၀၀၊ ကန်ရေစရိယာ ၃၆၅ ကေ၊ ရေပိုလွှဲအကျယ် ပေ ၁၀၀၊ ရေလွှဲဆည်အကျယ်ပေ ၂၀၀၊ တူးမြောင်းမကြီးနှစ်ခု၊ လက်တံမြောင်းနှစ်ခုနှင့် မြောင်းငယ်ခြောက်ခုရှိပြီး လယ်မြေ ရေိယာကေ ၅၀၀၀ကို ရေပေးသွင်းနိုင်၍ သီးတပ်စပါးများစိုက်ပျိုးနိုင်မည်ဖြစ်သည်။

သာစည်မြို့နယ်ထနောင်းကန်ရွာအနီး စမုံရေထိန်းတမံစီမံကိန်းကို မေလ ၂၀ ရက်နေ့တွင်ဖွင့်လှစ်ခဲ့သည်။ စမုံရေထိန်းတမံသည် သာစည်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်ရှိ လယ်မြေကေ ၁၂,၀၀၀ကို ရေပေးသွင်း စိုက်ပျိုးနိုင်ပြီး ဆည်ရေသောက်ဧရိယာ အတွင်းရှိ ကျေးရွာများမှ ရေကန် ၅၅၃ ကန်ကို သောက်သုံးရေများဖြည့်ဆည်း ပေးနိုင်သည်။ စမုံရေထိန်းတမံကို ငွေကျပ် ၇၅ ဒသမ ၅ သန်း အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကလေးမြို့နယ်ဆည်ကြီးချောင်းရေလွှဲဆည်ဖွင့်ပွဲနှင့် စိမ့်ချောင်းရေလွှဲဆည်ဖွင့်ပွဲတို့ကို ဇူလိုင်လ ၁၂ ရက်နေ့တွင် အသီးသီးကျင်းပခဲ့သည်။ ဆည်ကြီးချောင်းရေလွှဲဆည်သည် အကျယ်ပေ ၁၅၀၊ အလျား ၇၂ ပေ၊ အမြင့် ငါးပေရှိပြီး မိုးစပါး ၃,၅၈၄ ကေနှင့် နွေစပါး ၂,၉၅၉ ကေတို့ကို ဆည်ရေပေးဝေနိုင်သည်။စိမ့်ချောင်းရေလွှဲဆည်သည် အလျား ၁၄၅ ပေ၊ အနံ ပေ ၄၀၊ အမြင့် ငါးပေရှိပြီး လယ်မြေကေ ၄၀၀ ကို ရာသီမရွေး ဆည်ရေသွင်းနိုင်ပြီး အသေးစားရေအားလျှပ်စစ် ရှစ်ကီလိုဝပ် ထုတ်လုပ်နိုင်သည်။

## စီးပွားရေးလုပ်ငန်းများ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့် အစုစပ်လုပ်ငန်းအက်ဥပဒေအရ ဧပြီလမှ ဇွန်လအတွင်း လီမိတက်ကုမ္ပဏီပေါင်း ၂၄၆ ခု၊ နိုင်ငံခြားကုမ္ပဏီ/ ရုံးခွဲပေါင်း ၂၂ ခုနှင့် အစုစပ်လုပ်ငန်းပေါင်း ၂၄ ခုတို့ကိုမှတ်ပုံတင်ခွင့်ပြုခဲ့သည်။ ဇွန်လကုန်အထိ မှတ်ပုံတင်ပြီးသော လီမိတက်ကုမ္ပဏီပေါင်း ၂,၅၉၄ ခု၊ နိုင်ငံခြားကုမ္ပဏီ /ရုံးခွဲပေါင်း ၂၁၅ခုနှင့် အစုစပ်လုပ်ငန်းပေါင်း ၈၇၄ ခုရှိသည်။ ၁၉၅၄ခုနှစ် သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်များ မှတ်ပုံတင်ခြင်း အမိန့်နှင့် ၁၉၈၉ခုနှစ် စီးပွားရေးအကျိုးဆောင်များ မှတ်ပုံတင်ခြင်း အမိန့်တို့နှင့်အညီ ဧပြီလမှ ဇွန်လအတွင်း ထုတ်ကုန်သွင်းကုန် လုပ်ငန်းရှင် ၃၀၅ဦးနှင့် စီးပွားရေးအကျိုးဆောင် ၁၀၅ဦးတို့ကို မှတ်ပုံတင်ခွင့်ပြုခဲ့သည်။ဇွန်လကုန်အထိ မှတ်ပုံတင်ပြီးသော ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်ပေါင်း ၅,၀၂၆ ဦးနှင့် စီးပွားရေးအကျိုးဆောင်ပေါင်း ၁,၀၃၀ ဦး လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အထွေထွေလုက်ငန်းကုမ္ပဏီလီမိတက်၊ ၅ ရက်နေ့တွင် ရန်ကုန်စက်ထိုး အထည်ချုပ်လုပ်မှုကုမ္ပဏီလီမိတက်၊ မတ်လ ၁၇ ရက်နေ့တွင် မြန်မာ

မကာအို ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း လီမိတက်၊ ဧပြီလ ၃၀ ရက်နေ့တွင် မြန်မာအဲယားဝေး(စ်)အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ မေလ ၆ ရက်နေ့တွင် မြန်မာ ဂါးမင်း ရေလုပ်ငန်း လီမိတက်တို့ကို ဖွဲ့စည်းခွင့်ပြုခဲ့သည်။

ငါးဖမ်းခြင်း၊ ပုစွန်မွေးမြူခြင်းနှင့် ရေထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန်အတွက် မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန မြန်မာ့ရေလုပ်ငန်းနှင့် ထိုင်းနိုင်ငံ တိဘိအီးကုမ္ပဏီတို့ ပူးပေါင်း၍ အထွေထွေရေလုပ်ငန်း ကုမ္ပဏီလီမိတက် အမည်ဖြင့် ဖွဲ့စည်းမည့် ဖက်စပ်လုပ်ငန်းသဘောတူ စာချုပ်ချုပ်ဆိုပွဲကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပခဲ့သည်။

ပြည်ပလေကြောင်းခရီးစဉ်များတွင်လေကြောင်းလုပ်ငန်း တိုးတက်ရေးကို လုပ်ကိုင်ဆောင်ရွက်ရန်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းနှင့် စင်ကာပူနိုင်ငံ ဟိုင်ဆိုနစ်အင်တာပရိုက်စ်ပီတီအီးလီမိတက်တို့ပြည်ပလေကြောင်းပျံသန်းမှု ဖက်စပ်လုပ်ငန်း သဘောတူစာချုပ်ကို ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ချုပ်ဆိုခဲ့သည်။

ရေငန်ပုစွန်မွေးမြူခြင်းနှင့် ရေထွက်ပစ္စည်းများ ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာ့ရေလုပ်ငန်းနှင့်စင်ကာပူနိုင်ငံ ပီအယ်အင်တာနေရှင်နယ် (ပီတီအီး) လီမိတက်တို့ပူးပေါင်း၍ မြန်မာပီအယ်အင်တာနေရှင်နယ် လီမိတက် အမည်ဖြင့် ဖွဲ့စည်းမည့် ဖက်စပ်လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးပွဲကို မတ်လ ၃၁ ရက်နေ့တွင် ကျင်းပခဲ့သည်။

စီးကရက်ထုတ်လုပ်ရေး၊ဆေးရွက်ပစ္စည်းများပြည်တွင်းပြည်ပရောင်းချရေးလုပ်ငန်းများကိုလုပ်ကိုင်ဆောင်ရွက်ရန်အတွက် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန် လုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံတွင်တည်ထောင်ထားသော ဂလေစီယာကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ မြန်မာဂလေစီယာ တိုဗက်ကိုကုမ္ပဏီလီမိတက်အမည်ဖြင့် ဖွဲ့စည်းမည့် ဖက်စပ်လုပ်ငန်းသဘောတူစာချုပ်ကို မေလ (၆) ရက်နေ့တွင်လက်မှတ်ရေးထိုးခဲ့သည်။

မြန်မာနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ရေလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကို မေလ ၂၄ ရက်နေ့တွင် မူဆယ်မိုတယ်၌ ကျင်းပခဲ့သည်။

ပုစွန်မွေးမြူခြင်းနှင့် ရေထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာ့ရေလုပ်ငန်းနှင့် ဟောင်ကောင်ရှိ ဂါးမင်းမရင်းပရိုဒတ်ထရိတ်ဒင်း ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ မြန်မာဂါးမင်းရေလုပ်ငန်း လီမိတက်အမည်ဖြင့် ဖွဲ့စည်းမည့် ဖက်စပ်ကုမ္ပဏီလီမိတက်လုပ်ငန်းသဘောတူ စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးပွဲကိုဇူလိုင် ၆ ရက်နေ့တွင် ကျင်းပခဲ့သည်။

ကုန်းပိုင်းရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ရေးမြန်မာနိုင်ငံအလယ်ပိုင်းဒေသ လုပ်ငန်းကွက် အာရ်အက်စ်အက်ဖ်–၃၊ အာရ်အက်စ်အက်ဖ်–၄၊ အာရ်အက်စ်အက်ဖ်၅၊ အာရ်အက်စ်အက်ဖ်–၆ နှင့် အီးပီ– ၂ တို့တွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ရှာဖွေရေးလုပ်ငန်းကိုဖက်စပ်လုပ်ကိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းနှင့် အမေရိကန်နိုင်ငံ အမိုကိုမြန်မာရေနံကုမ္ပဏီတို့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး သဘောတူစာချုပ် ချုပ်ဆိုပွဲနှင့် ချင်းတွင်းဒေသလုပ်ကွက် (ခ)နှင့် (ဂ) တွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ ရှာဖွေရေးလုပ်ငန်းကို ဖက်စပ်လုပ်ကိုင်ရန်အတွက် မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းနှင့် အမေရိကန်နိုင်ငံ အမိုကိုမြန်မာ့ရေနံကုမ္ပဏီ၊ကိုရီးယားသမ္မတနိုင်ငံ ယူကောင်းကုမ္ပဏီ လီမိတက်တို့ ပူးပေါင်း၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်ပါစည်းကမ်းချက်များအတိုင်း လုပ်ငန်းဆောင်ရွက်ရေးသဘောတူစာချုပ်ချုပ်ဆိုပွဲကို ဇူလိုင်လ ၂၉ ရက်နေ့တွင် ကျင်းပခဲ့သည်။

မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်းကန်တော်လေးပျိုးဥယျာဉ် နှင်းဆီခြံမြေနေရာ အကျယ် ၄ ဒသမ ၄၃ ဧကတွင်နိုင်ငံတကာအဆင့်မီဟော်တယ်သစ်ကို ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံ တည်ဆောက်ဖွင့်လှစ်သွားနိုင်ရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့်ဟောင်ကောင်အယ်မရာဒီဗလော့မင့် လီမိတက်နှင့် မြန်မာနိုင်ငံ မေလီအောင်အင်တာနေရှင်နယ်ကုမ္ပဏီတို့ ပေါင်းစပ်ဖွဲ့စည်းသည့် အယ်မရာရိုးစ်ဂါးဒင်းလီမိတက်တို့ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ချုပ်ဆိုပွဲကို ဩဂုတ်လ ၂၅ရက်နေ့တွင် ကရဝိက်ခန်းမ ရွှေဝါဆောင်၌ကျင်းပခဲ့သည်။

### စက်ရုံသစ်များဖွင့်လှစ်ခြင်း

မြန်မာယူနီမစ်အင်တာနေရှင်နယ် လီမိတက် အထည်ချုပ်စက်ရုံဖွင့်ပွဲကိုမင်္ဂလာဒုံမြို့နယ်ပျဉ်းမပင်စက်မှုနယ်မြေ အမှတ်(၃)လမ်းမကြီးဘေးရှိစက်ရုံတည်နေရာ၌ မတ်လ ၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ အထည်ချုပ်စက်ရုံသည်

နိုင်ငံခြားသို့အဝတ်အထည်များ ထုတ်လုပ်တင်ပို့ရန်နှင့် အချို့ကို ပြည်တွင်း၌ ရောင်းချရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အထူးကုမ္ပဏီနှင့်မြန်မာကုမ္ပဏီများ အက်ဥပဒေအရပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်နှင့် ဟောင်ကောင်ယူနီမစ်(မြန်မာ)လီမိတက်တို့ပူးပေါင်းရင်းနှီးမြှုပ်နှံမှုဖြင့် တည်ထောင်သောစက်ရုံဖြစ်သည်။ ပြည်ပမှ မှာကြားသော ရုပ်အကျီများကို စက်ရုံတွင် ထုတ်လုပ်လျက်ရှိပြီး ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မှ တစ်ဆင့် ထုတ်လုပ်ပြီးအထည်များကို ပြည်တွင်း၌လည်း ရောင်းချလျက်ရှိသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေး အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်း ဘဲမွေးသန့်စင်စက်ရုံ ဖွင့်ပွဲကိုဧပြီလ ၂ ရက်နေ့တွင် ဘဲမွေးသန့်စင်စက်ရုံ၌ ကျင်းပခဲ့သည်။ စက်ရုံသည်ရွာသာကြီး ဘက်စုံမွေးမြူရေးစခန်း ကြက်သားထုတ်လုပ်ရေး စက်ရုံနှင့် အအေးခန်းဝင်းအတွင်း တည်ရှိသည်။

မြန်မာ့သစ်လုပ်ငန်းအမှတ်(၁)ပုံဖော်စက်ရုံကိုအလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်းအမှတ် (၂) သစ်စက်ဝင်းအတွင်းတွင် တည်ဆောက်ခဲ့ပြီး ဇန်နဝါရီလလယ်မှ စတင်လည်ပတ်လျက်ရှိသည်။ စက်ရုံသည် အလျား ပေ ၃၀၀၊ အကျယ် ၁၃၂ ပေ၊အကျယ်အဝန်း ၀ ဒသမ ၈၉ ဧကရှိသည်။ ရင်းနှီးမြှုပ်နှံမှုငွေကြေးမှာ နိုင်ငံခြားငွေဖြင့် ညီမျှသော မြန်မာငွေကျပ် ၃ဒသမ ၃၆ သန်း၊ ပြည်တွင်းငွေကျပ် ၅ဒသမ ၀၂သန်း စုစုပေါင်းငွေကျပ် ၈ ဒသမ ၃၈သန်း ဖြစ်သည်။ စက်ရုံတွင်ခေတ်မီစက်ကိရိယာ ၁၁ မျိုးဖြင့် သစ်အခြေခံ ကုန်ချော ပစ္စည်း ၁၈ မျိုးကို ပုံစံအမျိုးမျိုး ထုတ်လုပ်ပေးနိုင်သည်။

မြန်မာ–ကိုရီးယား အပြည်ပြည်ဆိုင်ရာ သစ်လုပ်ငန်း လီမိတက် အမှတ် (၃) အထပ်သားစက်ရုံဖွင့်ပွဲကို ဇွန်လ ၁၀ ရက်နေ့တွင် ရေတာရှည်မြို့နယ်ဆွာမြို့၌ကျင်းပခဲ့သည်။ မြန်မာ့သစ်လုပ်ငန်းအမှတ် ၃ အထပ်သားစက်ရုံကိုမြန်မာ–ကိုရီးယား အပြည်ပြည်ဆိုင်ရာ သစ်လုပ်ငန်းလီမိတက်က ၁၉၉၂ ခုနှစ် ဧပြီလတွင် လွှဲပြောင်းလက်ခံခဲ့ပြီး အထပ်သားများစမ်းသပ်ထုတ်လုပ်ခဲ့ရာ ၁၉၉၃ ခုနှစ် မတ်လအထိ ပြည်တွင်းသုံးအတန်းအစား အထပ်သားအချပ် ရှစ်သိန်းခန့် ထုတ်လုပ်၍ ပြည်တွင်း၌ ၅၀ ရာခိုင်နှုန်းကျော်ခန့် ဖြန့်ဖြူးရောင်းချခဲ့သည်။စက်ရုံမှနိုင်ငံတကာအဆင့်မီ အထပ်သားများစတင်ထုတ်လုပ်နိုင်ပြီဖြစ်၍ အထပ်သားများ ပြည်ပသို့ ပထမဆုံးအကြိမ်တင်ပို့သည့်အခမ်းအနားကို စက်ရုံဖွင့်ပွဲနှင့်အတူကျင်းပခဲ့သည်။

ဦးစိုးအောင်

**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက ၊ အရေး၊ အတီး ပြိုင်ပွဲ။** ။ လူငယ်လူရွယ်များအပါအဝင် နိုင်ငံသူနိုင်ငံသား အားလုံး မျိုးချစ်စိတ် ဓာတိမာန် ပြန်လည်ထွန်းကားရေး၊ မြန်မာ့ယဉ်ကျေးမှု အနုပညာများ ပြန်လည်ထွန်းကားလာရေး၊မြန်မာ့ဂီတမြန်မာ့အကနှင့်မြန်မာတို့၏ အမျိုးဂုဏ်၊ ဓာတိဂုဏ်ပြန်လည်ဖော်ထုတ်ရေး၊ အနောက်တိုင်း ယဉ်ကျေးမှု ဖုံးလွှမ်းမှု ကာကွယ်တားဆီးရေး၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုပညာစစ်စစ် ပြန်လည်ထွန်းကားရေးနှင့် လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေးဟူသောရည်ရွယ်ချက်များဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကိုစက်တင်ဘာလ ၄ ရက်နေ့မှ ၁၀ ရက်နေ့အထိ ရန်ကုန်မြို့ရှိ အမျိုးသားဓာတ်ရုံ ၊ ပဒ္မာကဓာတ်ရုံနှင့် အနုပညာဦးစီးဌာနတို့တွင် ကျင်းပသည်။ ပြိုင်ပွဲကို အခြေခံပညာအဆင့်၊ အဆင့်မြင့် ပညာအဆင့်နှင့် ဝါသနာရှင်အဆင့်ဟူ၍ သုံးမျိုးခွဲခြားကျင်းပခဲ့ရာ မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့်တိုင်းအဆင့်ဆင့်ယှဉ်ပြိုင်ပြီးမှပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုသည်။ ပြိုင်ပွဲသို့ ပြည်နယ်နှင့် တိုင်းကိုယ်စားပြု အခြေခံပညာအဆင့် ၉၁ ဦး၊ အဆင့်မြင့်ပညာအဆင့် ၆၉ ဦးနှင့် ဝါသနာရှင်အဆင့် ၁၂၄ ဦး စုစုပေါင်း ၂၈၄ ဦးပါဝင်ယှဉ်ပြိုင်သည်။

အဆိုပြိုင်ပွဲတွင်မြန်မာ့ဂီတကြိုး၊ ဘွဲ့၊ သီချင်းခန့်၊ ပတ်ပျိုး၊ ယိုးဒယား၊ မွန်သံစသည့်သီချင်းများပါဝင်ပြီး စည်းဝါးကို သီဆိုသူကိုယ်တိုင် တီးခတ်ရသည်။ အကပြိုင်ပွဲတွင် သတ်မှတ်ထားသော တီးလုံးနှင့်အညီ ကပြယှဉ်ပြိုင်ရသည်။ အရေးပြိုင်ပွဲတွင် အခြေခံပညာအဆင့်အတွက် “ကျေးလက်တေးသံ”၊ အဆင့်မြင့်ပညာ အဆင့်အတွက် “ အနုပညာပန်းမာလာ” နှင့် ဝါသနာရှင် အဆင့်အတွက် “ ယဉ်ကျေးမှုတို့၏အမွေ” ခေါင်းစဉ်များကို သီချင်းစပ်ဆိုရသည်။ အတီးပြိုင်ပွဲတွင် စောင်း၊ ပတ္တလား၊ ဆိုင်း၊ နှဲ၊ ပလွေတို့ပါဝင်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာလ ၁၁ ရက်နေ့တွင် အမျိုးသားဓာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ အမှာစကားပြောကြားပြီး ပထမဆုရရှိသူ ဝါသနာရှင်အဆင့် ၁၀ ဦး၊ အဆင့်မြင့် ပညာအဆင့် ငါးဦးနှင့် အခြေခံပညာအဆင့် ရှစ်ဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ရဲကျော်က ဒုတိယဆုရရှိသူ ဝါသနာရှင် အဆင့် ၁၀ ဦး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်က ဒုတိယဆုရရှိသူ အဆင့်မြင့်

ပညာအဆင့် ရှစ်ဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့်က ဒုတိယဆုရရှိသူ အခြေခံပညာ အဆင့်ကိုးဦး၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး ဖေသိန်းက တတိယဆုရရှိသူ ဝါသနာရှင်အဆင့် ၁၀ ဦးနှင့် အဆင့်မြင့်ပညာအဆင့် ခုနစ်ဦး၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင်က တတိယဆု ရရှိသူ အခြေခံ ပညာအဆင့် ခုနစ်ဦးနှင့် အထူးဆုရရှိသူ ၄၄ ဦးတို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို ပြိုင်ပွဲတွင် ဝါသနာရှင် အဆင့်အမျိုးသားအဆိုပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ ဦးကျော်ညွန့် က ပထမ၊ မကွေးတိုင်းမှ ဦးလှသန်းက ဒုတိယ၊ စစ်ကိုင်းတိုင်း မှ ဦးမင်းမဟော်က တတိယ၊ ဝါသနာရှင်အဆင့် အမျိုးသမီး အဆိုပြိုင်ပွဲ၌ မန္တလေးတိုင်းမှ ဒေါ်ထားထားဦးက ပထမ၊ ရန်ကုန်တိုင်းမှ ဒေါ်မူမူခင်က ဒုတိယ၊ စစ်ကိုင်းတိုင်းမှ ဒေါ်သန္တာစန်းစန်းနိုင်က တတိယ၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားအဆိုပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ မောင်ကျော်လင်းက ပထမ၊ မကွေးတိုင်းမှ မောင်ထွန်းအောင်ကျော်က ဒုတိယ၊ စစ်ကိုင်းတိုင်းမှ မောင်အောင်မျိုးဝင်းက တတိယ၊ အဆင့်မြင့် ပညာအဆင့် အမျိုးသမီးအဆိုပြိုင်ပွဲ၌ ရခိုင်ပြည်နယ်မှ မသန်းသန်းမြင့်က ပထမ၊ ရန်ကုန်တိုင်းမှ မခိုင်ခိုင်မော်က ဒုတိယ၊ ရှမ်းပြည်နယ် တောင်ပိုင်းမှ မထားထားညွန့်က တတိယ၊ အခြေခံပညာအဆင့် အမျိုးသားအဆိုပြိုင်ပွဲ၌ ရခိုင်ပြည်နယ်မှ မောင်ဇော်မင်းလတ်က ပထမ၊ မန္တလေး တိုင်းမှ မောင်ဇော်ဇော်အောင်က ဒုတိယ၊ ရန်ကုန်တိုင်းမှ မောင်ကျော်စိုးကတတိယ၊ အခြေခံပညာအဆင့် အမျိုးသမီး အဆိုပြိုင်ပွဲ၌ မကွေးတိုင်းမှ မတင်နိုင်မိုးက ပထမ၊ တနင်္သာရီတိုင်းမှ မကေသွယ်ဆင့်က ဒုတိယ၊ ပဲခူးတိုင်းမှ မဖြူဖြူဦးက တတိယ ရရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲတွင် ဝါသနာရှင် အဆင့်အမျိုးသားအကပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ ဦးဌေးလွင်က ပထမ၊ မကွေးတိုင်းမှ ဦးအောင်ကျော်မိုးက ဒုတိယ၊ မွန်ပြည်နယ်မှ ဦးတင်မြင့်က တတိယ၊ ဝါသနာရှင်အဆင့် အမျိုးသမီး အကပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ မပတ္တမြားကေခိုင်က ပထမ၊ ဧရာဝတီတိုင်းမှ မခိုင်ခိုင်ဝင်းက ဒုတိယ၊ ပဲခူးတိုင်းမှ မအေးအေးမူက တတိယ၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားအကပြိုင်ပွဲ၌ ရခိုင်ပြည်နယ်မှ မောင်ကျော်မြင့်က ပထမ၊ မကွေးတိုင်းမှ မောင်ဌေးအောင်က ဒုတိယ၊ ရန်ကုန် တိုင်းမှ မောင်ဇော်ဝင်းက တတိယ၊ အဆင့်မြင့်ပညာ အဆင့် အမျိုးသမီးအက ပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ မသွယ်သွယ်အေး က ပထမ၊ ရခိုင်ပြည်နယ်မှ မသင်းသင်းကြူက ဒုတိယ၊ မန္တလေးတိုင်းမှ မမိုးသီတာစမ်းအေးက တတိယ၊ အခြေခံပညာအဆင့် အမျိုးသားအကပြိုင်ပွဲ၌ ဧရာဝတီတိုင်း မှ မောင်ကျော်လှိုင်မင်းက ပထမ၊ မန္တလေးတိုင်းမှ မောင်သန်းစိုးဝင်းက ဒုတိယ၊ ပဲခူးတိုင်းမှ မောင် ဝင်းစည်သူမြင့်က တတိယ၊ အခြေခံပညာအဆင့် အမျိုးသမီး အကပြိုင်ပွဲ၌ မွန်ပြည်နယ်မှ မနီလာလွင်က ပထမ၊ ရန်ကုန်တိုင်းမှ မအိရွှေစင်က ဒုတိယ၊ မန္တလေး တိုင်းမှ မချောမှီမှီသဲဦးဆုပြည့်စုံက တတိယရရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အရေးပြိုင်ပွဲတွင် ဝါသနာရှင် အဆင့် အမျိုးသားအရေးပြိုင်ပွဲ၌ မန္တလေးတိုင်းမှ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က ဆုချီးမြှင့်နေစဉ်



ဦးစိန်မွတ်တားက ပထမ၊ စစ်ကိုင်းတိုင်းမှ ရေနံ့သာ ဦးစိုးလှိုင်က ဒုတိယ၊ မွန်ပြည်နယ်မှ ဦးမြင့်မြင်မြင်မိုးက တတိယ၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားအရေးပြိုင်ပွဲ၌ ရခိုင်ပြည်နယ်မှ မောင်သန်းဝင်းနိုင်က ပထမ၊ ရန်ကုန်တိုင်းမှ မောင်ကျော်မြင့်က ဒုတိယ၊ ရောဝတီတိုင်းမှ မောင်သန်းမိုးဦးက တတိယ၊ အခြေခံပညာအဆင့် အမျိုးသားအရေးပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ မောင်စိုးမိုးအောင်က ပထမ၊ စစ်ကိုင်းတိုင်းမှ မောင်ထွန်းလင်းက ဒုတိယ၊ ဧရာဝတီတိုင်းမှ မောင်ဇော်မင်းဦး က တတိယ ရရှိသည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အတီးပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် စောင်းတူရိယာပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ ဦးမြင့်လှိုင်က ပထမ၊ မန္တလေးတိုင်းမှ ဒေါ်မူမူသိန်းက ဒုတိယ၊ တနင်္သာရီတိုင်းမှ ဦးအေးကြူကတတိယ၊ ပတ္တလားတူရိယာပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ ဦးမိုးဇော်ဗိုလ်က ပထမ၊ မန္တလေးတိုင်းမှ ဒေါ်ခင်သိန်းအေးက ဒုတိယ၊ စစ်ကိုင်းတိုင်းမှဦးစိန်သန်းဆွေက တတိယ၊ ဆိုင်းတူရိယာပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ ဦးမိုးဇော်ဗိုလ်က ပထမ၊ မန္တလေးတိုင်းမှ ဦးစိန်ဗိုလ်သင်းက ဒုတိယ၊ စစ်ကိုင်းတိုင်းမှ ဦးစိန်သန်းဆွေက တတိယ၊ နဲတူရိယာပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ ဦးဖုန်းက ပထမ၊ မွန်ပြည်နယ်မှ ဦးရွှေစိုးက ဒုတိယ၊ မန္တလေးတိုင်းမှ ဦးကံထွန်းက တတိယ၊ ပလွေတူရိယာပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ ဦးမိုးဇော်ဗိုလ်ကပထမ၊ မကွေးတိုင်းမှ ဦးခင်မောင်က ဒုတိယ၊ ပဲခူးတိုင်းမှ ဦးသန်းနိုင်က တတိယ ရရှိသည်။

အဆင့်မြင့်ပညာအဆင့် စောင်းတူရိယာ ပြိုင်ပွဲ၌ မကွေးတိုင်းမှ မောင်လှိုင်ဝင်းမောင်က ဒုတိယ၊ ပတ္တလားတူရိယာပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ မောင်သန်းကျော်စိုးက ဒုတိယ၊ မန္တလေးတိုင်းမှ မောင်ဇော်ဝင်းမင်းက တတိယ၊ ဆိုင်းတူရိယာပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ မောင်သန်းကျော်စိုးက ဒုတိယ၊ မန္တလေးတိုင်းမှ မောင်ဇော်မိုးကျော်က တတိယ ရရှိသည်။

အခြေခံပညာအဆင့် စောင်းတူရိယာ ပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ မောင်ဟန်စိန်က ပထမ၊ မန္တလေးတိုင်းမှ မောင်ရဲမျိုးနောင်က ဒုတိယ၊ ပတ္တလားတူရိယာပြိုင်ပွဲ၌ မွန်ပြည်နယ်မှ မောင်စောအောင်ကပထမ၊ မန္တလေးတိုင်းမှ မောင်နေလင်းသူက ဒုတိယ၊ မကွေးတိုင်းမှ မောင်အောင်ဇော်ထွေးက တတိယ၊ ဆိုင်းတူရိယာပြိုင်ပွဲ၌ ပဲခူးတိုင်းမှ မမြမြဝင်းက ပထမ၊ စစ်ကိုင်းတိုင်းမှ မောင်မင်းလွင်က ဒုတိယ၊ ဧရာဝတီတိုင်းမှ မောင်မြင့်အောင်က တတိယ၊ နဲတူရိယာ ပြိုင်ပွဲ၌ ဧရာဝတီတိုင်းမှ မောင်ကျော်ကျော်ဦးက ဒုတိယ အသီးသီးရရှိကြသည်။

**ယူကရိန်း သမ္မတနိုင်ငံ ။** ။ ယူကရိန်းနိုင်ငံသမ္မတ လီယိုနစ်ကရာချတ်နှင့် ရုရှားနိုင်ငံသမ္မတ ဘောရစ်ယဲ့လ်ဆင်တို့၏ ထိပ်သီးဆွေးနွေးပွဲကို မော်စကိုမြို့၌ ဇန်နဝါရီ ၁၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ အလားတူစွာပင် ယူကရိန်းနိုင်ငံဝန်ကြီးချုပ် လီယိုနစ်ကူချ်မာသည်လည်း ရုရှားနိုင်ငံဝန်ကြီးချုပ် ဗစ်တာချာနိုမြာဒင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ လွတ်လပ်သောနိုင်ငံများ ဓနသဟာယအဖွဲ့အတွင်း တပေါင်းတစည်းတည်းဖြစ်စေရေး ဆွေးနွေးချက်များအပေါ် အခြေခံလျက် ထိပ်သီးဆွေးနွေးပွဲကိုကျင်းပခြင်းဖြစ်သည်။ သို့ရာတွင် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များအပေါ်တွင်သာ အဓိကအလေးထား၍ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးကြသည့်အကြောင်းရပ်များတွင် နိုင်ငံခြားကြွေးမြီပြဿနာများ၊ ရုရှားနိုင်ငံမှ ယူကရိန်းနိုင်ငံသို့ရေနံနှင့် ဓာတ်ငွေ့ဖြည့်ဆည်းပေးရေးကိစ္စရပ်များ၊ လုံခြုံရေးအာမခံချက်များ၊ နျူကလီးယားထိပ်ဖူးများ ဖျက်သိမ်းရေးနှင့် ပင်လယ်နက်ဒေသရှိ ရေတပ်ဖွဲ့ကိစ္စရပ်များ ပါဝင်ကြသည်။

ယူကရိန်းနိုင်ငံနယ်မြေပေါ်တွင်ရှိနေသည့် နျူကလီးယားထိပ်ဖူးလက်နက်များ ဖျက်သိမ်းရေးကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရာတွင် အပြီးတိုင်ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခြင်းမရှိခဲ့ချေ။ ယူကရိန်းနိုင်ငံ သမ္မတ ကရာချတ်သည် ဇန်နဝါရီ ၃၀ ရက်နေ့က ဆွစ်ဇာလန်နိုင်ငံ ဒါဗော့စ်မြို့တွင် ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်တွင် မိန့်ခွန်းပြောကြားရာ၌ ယူကရိန်းနိုင်ငံနယ်မြေတွင်ရှိသည့် နျူကလီးယားထိပ်ဖူးလက်နက်များ၏ နျူကလီးယား ကွဲထွက်ပစ္စည်းတန်ဖိုးမှာ ဒေါ်လာသန်း ၆၀၀၀ ခန့်ရှိသည်ဖြစ်ရာ နျူကလီးယားလက်နက်များ ဖျက်သိမ်းရေးအတွက်ငွေကြေးကူညီထောက်ပံ့ရန် အပြည်ပြည်ဆိုင်ရာ ရန်ပုံငွေထူထောင်ရေးကို အဆိုပြုပြောကြားခဲ့သည်။ နျူကလီယား လက်နက်များ ဖျက်သိမ်းပေးရသည့်အတွက် လျော်ကြေးရရှိရန် ယူကရိန်းနိုင်ငံက တောင်းခံထားပေသည်။

လွတ် လပ် သော နိုင် ငံ များ ဓ န သ ဟာ ယ အ ဖွဲ့ ပူး တွဲ လက် နက် ကိုင် တပ် များ ၏ ဦး စီး ချုပ် ဖြစ် သူ မာရှယ်ယက်ဗ်ဂျင်နီရှပေါ့ရှ်နီကော့ဗ်က ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းနိုင်ငံသို့ နျူကလီးယားဓာတ်အားပေးစက်ရုံများအတွက် လောင်စာများအပါအဝင် လျော်ကြေးများပေးကမ်းရန် ဆန္ဒရှိကြောင်းဖြင့် စာနယ်ဇင်းသမားများအား ပြောကြားခဲ့သည်။ ယူကရိန်းနိုင်ငံဘက်ကမူ ရုရှားနိုင်ငံက ရရှိပြီးဖြစ်သည့် နျူကလီးယားဒုံးလက်နက်များတွင်ရှိ လက်နက်ထုတ်ရန် အဆင့်မီသည့် ယူရေနီယမ်ကို နျူကလီးယား လောင်စာ



ယူကရိန်းဝန်ကြီးချုပ်
လီယိုနစ်ကူချ်မာ



ယူကရိန်းသမ္မတ လီယိုနစ်ကရာချုတ်

အဖြစ် ပြောင်းလဲနိုင်သည့် ထုတ်လုပ်ရေးနည်း ပညာရယူ အသုံးချရေးကို တောင်းဆိုခဲ့သည်။

ပင်လယ်နက်ဒေသရှိရေတပ် တပ်ဖွဲ့စစ်သင်္ဘောများ အရေးနှင့် စပ်လျဉ်း၍ဆွေးနွေးကြရာတွင်ရုရှားနိုင်ငံဘက်မှ ဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီး အက်ဒွပ်ဘောလ်တင်အား ခန့်အပ်မှုကို ယူကရိန်းနိုင်ငံဘက်က လက်ခံခဲ့သည်။ အဆိုပါရေတပ်တပ်ဖွဲ့၏ စစ်သင်္ဘောများကို ၁၉၉၅ ခုနှစ်တိုင်အောင် ယူကရိန်းနိုင်ငံနှင့် ရုရှားနိုင်ငံတို့က ပူးတွဲထိန်းသိမ်း အုပ်ချုပ်သွားရန် သဘောတူထားပြီးဖြစ်သည်။ ၁၉၉၅ ခုနှစ်နောက်ပိုင်းတွင် ရေတပ်တပ်ဖွဲ့ စစ်သင်္ဘောများ ခွဲခြမ်းရေးအတွက် အဆိုပြုထားချက်များအပေါ် ဆောင်ရွက်သွားရန် ကိစ္စများကိုနှစ်နိုင်ငံကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။ ယင်းသို့ခွဲခြမ်းရေးအတွက် ဆောင်ရွက်ခြင်းမှာ ၁၉၉၂ ခုနှစ်၊ ဩဂုတ်လက ယော်လ်တာသဘောတူညီချက်အရ လုပ်ဆောင်ခြင်းဖြစ်သည်။ အဆိုပါသဘောတူညီမှုမှာ ယူကရိန်းနိုင်ငံရေတပ်အရာရှိကြီးများ၏ ဝေဖန်ခြင်းကိုခံခဲ့ရသည်။ ထို့ပြင် အဆိုပါသဘောတူညီမှုတွင် မျက်မှောက်အခြေအနေများနှင့် စပ်လျဉ်းပြီးဖော်ပြထားချက်များ မရှင်းလင်းသည့်အတွက် စောဒကတက်မှုများလည်း ထွက်ပေါ်လာခဲ့သည်။

ဆီဗက်စ်တိုပိုးလ်မြို့တွင် ဇန်နဝါရီ ၂၁ ရက်နေ့က ကျင်းပသည့် ပင်လယ်နက်ဒေသရေတပ်ဖွဲ့ စစ်သင်္ဘောအုပ်စုမှ အရာရှိများ၏ အစည်းအဝေး တစ်ရပ်တွင် ရေတပ်တပ်ဖွဲ့ စစ်သင်္ဘောအုပ်စုအား တစ်ဖက်သတ်သိမ်းပိုက်ရယူရန် ယူကရိန်းနိုင်ငံ၏ ကြိုးပမ်းမှုများကို ရုရှားနိုင်ငံက ကန့်ကွက်ခဲ့သည်။ အထက်ပါ အစည်းအဝေးတွင် ကြားကာလအတွင်း ရေတပ်ဖွဲ့စစ်သင်္ဘောအုပ်စု၏ ညီညွတ်ရေးကို ထိန်းသိမ်းရန် တိုက်တွန်းထားသည်။ ယင်းသို့ရှိနေခဲ့ရာမှ ဇန်နဝါရီ ၂၁ – ၂၂ ရက်နေ့စစ်ရေးလေ့ကျင့်မှုတစ်ရပ်တွင် ရေတပ်ဖွဲ့စစ်သင်္ဘောအုပ်စု၏ တပ်ဖွဲ့တစ်ခုက ယူကရိန်းနိုင်ငံ၏ လေယာဉ်ကာကွယ်ရေးတပ်ဖွဲ့အား မှားယွင်းပြီး တိုက်ခိုက်ရန် ချိန်ရွယ်မိသည်အထိဖြစ်ခဲ့ရာ အခြေအနေများတင်းမာခဲ့ရသည်။

ယူကရိန်းနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးတိုးတက်ဖြစ်ပေါ်မှုများကိုလည်း ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ အတွင်း တွေ့မြင်လာရပေသည်။ ယူကရိန်းပါလီမန်ရှိ ကွန်မြူနစ်ဟောင်းများက ယူကရိန်းနိုင်ငံအနေဖြင့် လွတ်လပ်သောနိုင်ငံများဓနသဟာယအဖွဲ့၏ ပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးရန် ကွန်မြူနစ်ပါတီအပေါ် ပိတ်ပင်တားမြစ်ချက်ကို ဖျက်သိမ်းပေးရန်နှင့် အစိုးရအဖွဲ့နုတ်ထွက်ပေးရန် တောင်းဆိုခဲ့သည်။ ၎င်းတို့၏ တောင်းဆိုချက်များ လုပ်ဆောင်ပေးရေးအတွက် ဇန်နဝါရီ ၂၀ ရက်နေ့က ကျင်းပသည့် ပါလီမန်အစည်းအဝေးတစ်ရပ်တွင် အတင်းအကျပ်အရေးဆိုခဲ့သည်။ ယူကရိန်းပါလီမန်ရှိ ပြည်သူ့ကောင်စီအုပ်စုတွင် ပါဝင်ကြသည့် ပြုပြင်ပြောင်းလဲရေး ဝါဒီများက ၎င်းလုပ်ရပ်ကို ပါလီမန်က အာဏာသိမ်းရန် ကြိုးပမ်းမှုအဖြစ် ဖော်ပြခဲ့သည်။

ကွန်ဆာဗေးတစ်ကိုယ်စားလှယ်များ၏ ဖိအားပေးမှုဖြင့် ကျင်းပခဲ့သည့် အထက်ပါ ပါလီမန်အထူးအစည်းအဝေးတွင် အစည်းအဝေးထမြောက်ရန် တက်ရောက်သူဦးရေပြည့်မီခြင်း

မရှိခဲ့ချေ။ အကြောင်းမှာ ပြည်သူ့ကောင်စီကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခြင်းမရှိသောကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ ယင်းအစည်းအဝေးကို ပါလီမန်ဆိုင်ရာ ကော်မတီများ၏ ပူးတွဲအစည်းအဝေးတစ်ရပ်အဖြစ်သာ သတ်မှတ်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။ ပါလီမန်သဘာပတိအဖွဲ့ကလည်း လွတ်လပ်သောနိုင်ငံများ ဓနသဟာယအဖွဲ့နှင့် ကွန်မြူနစ်ပါတီပြဿနာရပ်များကို ဆွေးနွေးရန် အစည်းအဝေးအစီအစဉ်တွင် မထည့်သွင်းခဲ့ချေ။ ဝန်ကြီးချုပ် ကူချ်မာကလည်း ကွန်ဆာဗေးတစ်ကိုယ်စားလှယ်များ၏ ထိုးနှက်ဝေဖန်မှုကို ခံနေရသည့် ၄င်း၏ စီးပွားရေး ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို အပြင်းအထန် ကာကွယ်ပြောကြားသွားခဲ့သည်။

၁၉၉၃ ခုနှစ်အတွင်း အစိုးရအဖွဲ့က ဆောင်ရွက်ရန် ကူချ်မာ၏ အစီစဉ်ကို ယူကရိန်းအစိုးရအဖွဲ့က ဇန်နဝါရီ ၂၆ ရက်နေ့တွင် ထောက်ခံခဲ့သည်။ ကူချ်မာ၏ အစီအစဉ်တွင် ဈေးကွက်စီးပွားရေးသို့ အသွင်ကူးပြောင်းရေးကြားကာလ တိုးတက်ကောင်းမွန်စေရန် ပုဂ္ဂလိကပိုင်ဖြစ်စေရေး လုပ်ဆောင်ချက်များနှင့် စီးပွားရေးပြန်လည်ဖွဲ့စည်း တည်ဆောက်ရေးတို့အပေါ်တွင် အလေးပေးဆောင်ရွက်သွားရန် ဖြစ်သည်။ တစ်ဖက်တွင် ဘတ်ဂျက်လိုငွေပြနေမှုကိုကိုင်တွယ်ပြီး လူမှုဖူလုံရေးကုန်ကျစရိတ်များနှင့် ကူညီထောက်ပံ့မှုများကို ဖြတ်တောက်၍ ငွေကြေးဖောင်းပွမှုကို လျှော့ချရန်ဖြစ်သည်။ ယူကရိန်းပါလီမန်သည် အခြေခံကုန်ပစ္စည်းများနှင့် စားသောက်ကုန်များအပေါ်တွင် သတ်မှတ်ဈေးနှုန်းများ ပြန်လည်ချမှတ်ခြင်းကို တောင်းဆိုထားသည့် အမိန့်ဒီဂရီတစ်ရပ်ကို မူအားဖြင့် အတည်ပြုခဲ့ပြီးနောက် စီးပွားရေးဆိုင်ရာ အစီအစဉ်များကို ဇန်နဝါရီ ၂၇ ရက်နေ့တွင် စတင်သုံးသပ်စိစစ်ခဲ့သည်။

အမျိုးသားဒီမိုကရက်တစ်အင်အားစုများ ကွန်ဂရက်ကလည်း အမျိုးသားလွတ်လပ်ရေးကို ခြိမ်းခြောက်လျက်ရှိနေသည့် ကွန်မြူနစ်ပါတီ၏ အာဏာပြန်လည်ရရှိရန်အတွက် ကြိုးပမ်းမှုကို ဆန့်ကျင်သွားရန် ကွန်မြူနစ်ဆန့်ကျင်ရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေးတပ်ဦးဖွဲ့စည်းရေးကို သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် တိုက်တွန်းပြောကြားသွားသည်။

ယူကရိန်းနှင့် ရုရှားနိုင်ငံတို့အကြား လောင်စာစွမ်းအင်ဖြည့်ဆည်းရေးနှင့်စပ်လျဉ်းပြီး အငြင်းပွားမှုမှာ ဖေဖော်ဝါရီလအတွင်း ဆက်လက်ဖြစ်ပွားခဲ့ရာ နှစ်နိုင်ငံဆက်ဆံရေးများကို ယင်းကိစ္စက လွှမ်းမိုးထားလျက်ရှိနေခဲ့သည်။ ရုရှားဝန်ကြီးချုပ် ချာနိုမြာဒင်က ၁၉၉၃ ခုနှစ်အတွင်း ယူကရိန်းနိုင်ငံသို့ ရေနံတင်ပို့မှုကို ၁,၅၀,၀၀,၀၀၀ တန်အထိ ဖြတ်တောက်မည်ဖြစ်ကြောင်းနှင့် ကမ္ဘာ့ရေနံပေါက်ဈေးအတိုင်း ငွေပေးချေရမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် ကြေညာခဲ့သည်။ ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် ရုရှားဓာတ်ငွေ့ကော်ပိုရေးရှင်းကလည်း နှစ်စကတည်းက ပေးပို့ခဲ့သည့် ဓာတ်ငွေ့ဖိုး ကြွေးမြီ ရူဘယ်သန်း ၁,၆၅,၀၀၀ ကို ယူကရိန်းနိုင်ငံက ပေးချေခြင်းမပြုပါက ဓာတ်ငွေ့တင်ပို့မှုကို ရပ်ဆိုင်းရလိမ့်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

ယူကရိန်းနိုင်ငံသမ္မတ လီယိုနစ်ကရာချတ်သည် သုံးရက်ကြာ အလည်အပတ်ခရီးစဉ်အတွက် ယူနိုက်တက်ကင်းဒမ်းနိုင်ငံသို့ ဖေဖော်ဝါရီ ၉ ရက်နေ့တွင် ရောက်ရှိလာခဲ့သည်။ ၄င်း၏ ခရီးစဉ်အတွင်း ကရာချတ်သည် ဝန်ကြီးချုပ် ဂျွန်မေဂျာနှင့်လည်းကောင်း၊ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ဥရောပဘဏ်ဥက္ကဋ္ဌနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ဂျွန်မေဂျာနှင့် တွေ့ဆုံရာတွင် မဟာဗျူဟာလက်နက်များ လျှော့ချရေးစာချုပ်ကို ယူကရိန်းနိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးရန် ပျက်ကွက်နေမှုကို အဓိကထားဆွေးနွေးခဲ့သည်။ ယူကရိန်းနိုင်ငံအား နိုင်ငံတကာအသိုင်းအဝိုင်းက လက်ခံလာစေရေးမှာ ယင်းစာချုပ်ကို အတည်ပြုလက်မှတ် ရေးထိုးရန် ဆန္ဒသဘောထားပေါ်တွင် တည်မှီနေကြောင်း၊ ယူကရိန်းနိုင်ငံက နျူကလီးယားမထုတ်လုပ်ရေး စာချုပ်ကို လက်မှတ်ရေးထိုးပြီးပါက ယူကရိန်းနိုင်ငံက တောင်းခံလျက်ရှိသည့် လုံခြုံရေးအာမခံချက်များကို ယူနိုက်တက်ကင်းဒမ်းနိုင်ငံက ပေးမည်ဖြစ်ကြောင်း ဂျွန်မေဂျာက ရှင်းလင်းပြောကြားခဲ့သည်။

လုံခြုံရေးနှင့် စီးပွားရေးကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ယူကရိန်းနိုင်ငံသည် ရုရှားနိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်တင်းမာနေခဲ့သည်။ ယခင်ဆိုဗီယက် ပြည်ထောင်စုဟောင်းတွင် အငြင်းပွားနေမှုများကို ကြပ်မတ်ထိန်းသိမ်းရန် ရုရှားနိုင်ငံ၏ အထူးလုပ်ပိုင်ခွင့်ကို ကုလသမဂ္ဂက အသိအမှတ်ပြုသင့်သည်ဟု ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် ယဲ့လ်ဆင်က ပြောကြားခဲ့ရာ ယင်းကို ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးဌာနက နယ်ချဲ့ ဝါဒီအဖြစ် ဝေဖန်ခဲ့သည်။

ရေနံများ တင်ပို့ပေးရေးနှင့် ဆိုဗီယက် ကြွေးမြီကိစ္စများနှင့် ပတ်သက်၍လည်း အငြင်းပွားမှု ဆက်လက် ဖြစ်ပွားခဲ့သည်။ မတ်လ ၁၇ ရက်နေ့တွင် မော်စကိုမြို့၌ နှစ်နိုင်ငံတွေ့ဆုံ ဆွေးနွေးကြပြီးနောက် ဓာတ်ငွေ့များတင်ပို့ပေးရေးနှင့် ယခင်ဆိုဗီယက်ပြည်ထောင်စုဟောင်းက အနောက်နိုင်ငံများသို့ ပေးဆပ်ရန် တင်ရှိခဲ့သည့် ကြွေးမြီများဆိုင်ရာ သဘောတူညီမှုနှင့် ပတ်သက်ပြီး ရုရှားနိုင်ငံ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ယူကရိန်းနိုင်ငံက ကန့်ကွက်ခဲ့သည်။

ယူကရိန်းနိုင်ငံ၏ ၁၉၉၃ ခုနှစ်၊ ဘတ်ဂျက် မူကြမ်းကို သမ္မတ လီယိုနစ်ကရာချတ်က ပြင်းပြင်းထန်ထန် ဝေဖန်



ယူကရိန်းနိုင်ငံ လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပနေစဉ်

ခဲ့သည်။ အဆိုပါ ဘတ်ဂျက်မူကြမ်းကို အစိုးရအဖွဲ့က မတ်လ ၁၈ ရက်နေ့တွင် အတည်ပြုခဲ့သည်။ ယင်းဘတ်ဂျက်တွင် အမျိုးသားအသားတင်ထုတ်လုပ်မှု၏ ၁၅ ဒသမ ၅ ရာခိုင်နှုန်းအထိ လိုငွေပြမှုကို ဖော်ပြပြီး ငွေကြေးဖောင်းပွမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များ မပါရှိသလောက် ဖြစ်ရုံမျှမက လူမှုဖူလုံရေး ကာကွယ်စောင့်ရှောက်မှုအတွက်လည်း လုံလုံလောက်လောက် ထောက်ပံ့ထားခြင်းမရှိပေ။

အနောက်တိုင်းနှင့် ဈေးကွက်အခြေခံစီးပွားရေးဆိုင်ရာ ဝေဖန်သုံးသပ်သူများက အဆိုပါဘတ်ဂျက်မှာ လုံလောက်မှုမရှိရုံမျှမက ပြည့်စုံမှုလည်းမရှိဟု ပြောကြားခဲ့ကြသည်။ သမ္မတကရာချတ်၏ ဝေဖန်မှုများက ဝန်ကြီးချုပ် ကူချ်မာ၏ ပြုပြင်ပြောင်းလဲရေး ဝါဒီအစိုးရအဖွဲ့နှင့် ထိပ်တိုက်ရင်ဆိုင်မှု ဖြစ်စေခဲ့သည်ဟုလည်း ဖော်ပြခဲ့သည်။ မတ်လ ၁၂ ရက်နေ့ထုတ် ဖိုင်နင်ရှယ်တိုင်း(မ်)၏ ရေးသားဖော်ပြချက်အရ ဝန်ကြီးချုပ် ကူချ်မာ၏ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ချက်များသည် သမ္မတကရာချတ်၏ အရေးပါသည့် ဩဇာအာဏာ အခြေခံဖွဲ့တည်ရာဖြစ်သည့် ကွန်မြူနစ်ဟောင်းလူတန်းစားအဖွဲ့၏ အာဏာကို တိုက်ဖျက်စေခဲ့သည်ဟု ဆိုသည်။

ယူကရိန်းနိုင်ငံတွင် စီးပွားရေးအခက်အခဲပြဿနာများနှင့် ကြုံတွေ့လာခဲ့ရာ ဝန်ကြီးချုပ် လီယိုနစ်ကူချ်မာအစိုးရအဖွဲ့သည် စီးပွားရေးပြုပြင်ပြောင်းလဲ လုပ်ဆောင်နေမှုအား ဆန့်ကျင်နေမှုကို ကျော်လွှားပြီး ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းချုပ်ရန် စီမံဆောင်ရွက်ခဲ့ရသည်။ ၁၉၉၂ ခုနှစ်၊ မေလတွင် ရူဘယ်ငွေကြေးနေရာ၌ အစားထိုးသုံးစွဲခဲ့သည့် ကူပွန်ငွေစက္ကူဖြစ်သော ကာဘိုဗင်နက်တန်ဖိုးသည် ဒေါ်လာငွေနှင့် နှိုင်းယှဉ်ပါက ၄၆ ရာခိုင်နှုန်းကျဆင်းလာခဲ့သည်။ ယင်းသို့ဖြစ်ရခြင်း၏ အကြောင်းရင်းမှာ အမျိုးသားဘဏ်က နိုင်ငံ၏စက်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းသို့ ကူညီထောက်ပံ့သည့် ချေးငွေအဖြစ် ကာဘိုဗင်နက်သန်း ၁၂,၃၀,၀၀၀ ထုတ်ပေးလိုက်သောကြောင့် ဖြစ်သည်။

ဤသို့ရှိနေခဲ့ရာမှ ဒီဂရီအမိန့်ဖြင့်အုပ်ချုပ်နိုင်သည့် အစိုးရအဖွဲ့၏ အထူးအာဏာကို သက်တမ်းတိုးပေးရန် တောင်းဆိုချက်အား ဥပဒေပြုလွှတ်တော်က အတည်ပြုပေးရန်ပျက်ကွက်ခဲ့သည့်အတွက် ဝန်ကြီးချုပ် ကူချ်မာသည် မေလ ၂၀ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်ခဲ့သည်။ သမ္မတကရာချတ်ကလည်း ဝန်ကြီးချုပ်ရာထူးအား ဖျက်သိမ်းပြီး သမ္မတကိုယ်တိုင် အုပ်ချုပ်ရေးအဖွဲ့ (အစိုးရအဖွဲ့) ကို ဦးဆောင်သင့်ကြောင်းနှင့် ဒုတိယသမ္မတရာထူး ထားသင့်ကြောင်းတို့ကို အကြံပြုကာ ဖြစ်ပေါ်နေသော ပြဿနာများအား ဖြေရှင်းရန်ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ မေလ ၂၁ ရက်နေ့တွင် ဥပဒေပြုလွှတ်တော်က ဝန်ကြီးချုပ် ကူချ်မာ၏ နုတ်ထွက်လွှာကို လက်ခံရန်ငြင်းဆိုရုံမျှမက ဝန်ကြီးချုပ်သို့မဟုတ် သမ္မတတို့အတွက် သီးခြားစီတောင်းဆိုထားသည့် လုပ်ပိုင်ခွင့်အာဏာများ ခွင့်ပြုရေးကိုလည်း ငြင်းဆိုခဲ့သည်။ ထို့ပြင် ဥပဒေပြုလွှတ်တော်က အစိုးရအဖွဲ့ဦးစီးနာယကဖြစ်ရန်

ကရာချတ်၏ အစီအစဉ်ကို ဇွန်လ ၂ ရက်နေ့တွင် တားဆီးပိတ်ပင်ခဲ့ပြီး စီးပွားရေးကိစ္စရပ်များအပေါ် အထူးလုပ်ပိုင်ခွင့်အာဏာရရှိရေးအတွက် ကရာချတ်၏ တောင်းဆိုမှုကိုလည်း ငြင်းဆိုခဲ့သည်။

ဤသို့ပြည်တွင်းရေးအခြေအနေများ ဖြစ်ပေါ်တိုးတက်လျက်ရှိနေဆဲမှာပင် အခြားတစ်ဖက်တွင် ရုရှားနိုင်ငံနှင့် ဆက်ဆံရေးတင်းမာစေသည့် ကိစ္စတစ်ရပ် ဇူလိုင်လအတွင်း ပေါ်ပေါက်ခဲ့သည်။ ရုရှားပါလီမန်အမတ်များက ဆိုဗီယက်ပင်လယ်နက်ရေတပ်ဌာနချုပ် အခြေစိုက်ရာ ဆိပ်ကမ်းမြို့လည်း ဖြစ်ပြီး ယူကရိန်းနိုင်ငံ၏ အစိတ်အပိုင်းအဖြစ် နှစ်ပေါင်း ၃၀ သက်တမ်းရှိခဲ့သည့် ဆီဗက်စတိုပိုမြို့အား ရုရှားပိုင်ဟု ကြေညာခဲ့သည်။

ယင်းကြေညာချက်ကြောင့် ဆိုဗီယက်ရေတပ် ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ရုရှားနှင့် ယူကရိန်းတို့အကြား တင်းမာမှုကို ပိုမိုကြီးထွားစေခဲ့သည်။ ယူကရိန်းလွှတ်တော်က ရုရှားပါလီမန်၏ အစီအစဉ်ကို နိုင်ငံတကာဥပဒေ ချိုးဖောက်မှုအဖြစ် ပြစ်တင်ရှုတ်ချလိုက်သည်။ ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်နှင့် ယူကရိန်းသမ္မတကရာချတ်တို့သည်ပင်လယ်နက်ရေတပ်ကို ထက်ဝက်စီခွဲယူရန် ဇွန်လအတွင်းက သဘောတူခဲ့ကြပြီးဖြစ်သည်။

ဆီဗက်စတိုပိုမှာ ကရင်မီတာကျွန်းဆွယ်ပေါ်တွင်တည်ရှိပြီး မူလက ရုရှားပိုင်ဖြစ်သည်။ ၁၉၅၄ ခုနှစ်တွင် ယူကရိန်းသို့တရားဝင် လွှဲပြောင်းပေးခဲ့သည်။ ရုရှားအမတ်များက ဆီဗက်စတိုပိုသည် ယူကရိန်းထံ လွှဲပြောင်းရာတွင် မပါဝင်ဟု ပြောကြားခဲ့သည်။ ယူကရိန်း သမ္မတကရာချတ်က ရုရှားပါလီမန်က ကြေညာခဲ့သည့်အတွက် ဖြစ်ပေါ်ခဲ့ရသည့် တင်းမာမှုများကို ပြေလည်မှုရရှိစေရန် ကြိုးပမ်းခဲ့သည်။ ယူကရိန်းပါလီမန်ကိုလည်း ဒေါသတကြီး တုံ့ပြန်ခြင်းမပြုရန် တိုက်တွန်းခဲ့သည်။

ဆီဗက်စတိုပိုမြို့အား ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ရုရှားပါလီမန်က ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းကို ကုလသမဂ္ဂ၌ အချေအတင်ဆွေးနွေးခဲ့ကြပြီးနောက် အလွန်အမင်းစိုးရိမ်မှုဖြစ်ရကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဇူလိုင် ၂၀ ရက်တွင် ပြောကြားသည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်းပြီး ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်နှင့် ယူကရိန်းနိုင်ငံတို့ဘက်မှ ရပ်တည်ရန်နှင့် ရုရှားပါလီမန်ကို ဆန့်ကျင်သွားရန်ကိုလည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီကြေညာချက်၌ ဖော်ပြထားသည်။

ယူကရိန်းနှင့် ရုရှားနှစ်နိုင်ငံဆက်ဆံရေးတွင် အရေးပါသည့် အခြားပြဿနာတစ်ခုမှာ နျူကလီးယားလက်နက်များ ဖျက်သိမ်းပစ်ရေး ကိစ္စပင်ဖြစ်သည်။ ယူကရိန်းတွင်ရှိနေဆဲဖြစ်သည့် ယခင်ဆိုဗီယက်လက်ကျန် နျူကလီးယားလက်နက်များ ဖျက်သိမ်းပစ်ရေးအတွက် ရုရှားနှင့် ယူကရိန်းတို့ သဘောတူညီမှုတစ်ရပ် ဩဂုတ်လအတွင်းရရှိခဲ့သည်။ ယင်းသဘောတူညီချက်ကို မိမိလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်းဖြင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးအင်ဒရေကိုဇီရက်က ဩဂုတ် ၁၅ ရက်နေ့တွင် ပြောကြားခဲ့သည်။ အဆိုပါ နျူကလီးယားလက်နက်များ ဖျက်သိမ်းရေး သဘောတူညီချက်မှာ ရုရှားသမ္မတ ယဲ့လ်ဆင်နှင့် ယူကရိန်း သမ္မတ ကရာချတ်တို့ ကရိုင်မီးယားတွင် ထိပ်သီးအဆင့် တွေ့ဆုံဆွေးနွေးမှု၏ ရလဒ်ပင်ဖြစ်သည်။

ယူကရိန်းပါလီမန်က နျူကလီးယားထိပ်ဖူးများ ယူကရိန်းနိုင်ငံလက်ဝယ်ရှိကြောင်း တရားဝင်ကြေညာခဲ့ရာ ရုရှားနှင့်တကွ အနောက်အုပ်စုက အံ့အားသင့်ခဲ့ရသည်။ အမေရိကန် - ဆိုဗီယက် မဟာဗျူဟာ လက်နက်လျှော့ချရေး သဘောတူစာချုပ် စတတ် - ၁ ကို အသစ်တစ်ဖန်ပြန်လည် လေ့လာရန် ယူကရိန်းသမ္မတ ကရာချတ်က ကမ်းလှမ်းလိုက်သည်။ ယင်းစာချုပ်အရ နျူကလီးယားထိပ်ဖူး ၁၀ ဖူးတပ် အက်စ်အက်စ် - ၂၄ ဒုံးပျံ ၄၆ စင်းကို ယူကရိန်းအား ပိုင်ဆိုင်ခွင့်ပြုထားသည်။ ယူကရိန်းနိုင်ငံအနေဖြင့် အက်စ်အက်စ် - ၂၄ ဒုံးပျံများဖျက်ဆီးရေး အထူးစာချုပ်ကို အမေရိကန်၊ ရုရှားတို့နှင့် ထပ်မံချုပ်ဆိုရန် ဇူလိုင်လတွင် ကရာချတ်က အဆိုပြုခဲ့သည်။

သို့ဖြစ်ရာ အထက်တွင်ဖော်ပြခဲ့သည့် ယူကရိန်းနှင့် ရုရှားနှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သော ယခင် ဆိုဗီယက်လက်ကျန် နျူကလီးယားလက်နက်များ ဖျက်သိမ်းပစ်ရေး သဘောတူညီမှုအရ ယူကရိန်းနိုင်ငံက ပင်လယ်နက်ဒေသ ရေတပ်ပိုင်ဆိုင်ခွင့်အားလုံးကို ရုရှားသို့ လွှဲပြောင်းပေးရမည်ဖြစ်ပြီး ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံမှ ရရန်ရှိသည့်ကြွေးမြီအားလုံးကို လျှော်ပစ်ရမည်ဖြစ်သည်။ ထို့ပြင် ယူကရိန်းနိုင်ငံက မိမိပိုင်နက်နယ်မြေအတွင်းရှိ နျူကလီးယားထိပ်ဖူးအားလုံးကို ရုရှားသို့တင်ပို့ပေးရန် သဘောတူခဲ့သည်။ ယင်းထိပ်ဖူးများကို ရုရှားနိုင်ငံတွင် ဖျက်သိမ်းရန်ဖြစ်သည်။

ပင်လယ်နက်ရေတပ်မှာ ဇာဘုရင်များလက်ထက်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ စစ်သင်္ဘောမျိုးစုံ အစင်း ၃၀၀ ခန့်ရှိသည်။ လူအင်အား ၇၀,၀၀၀ ရှိသည်။ ဆိုဗီယက်ရေတပ်ဟောင်းတစ်ခုလုံး၏ ကိုးရာခိုင်နှုန်းရှိသည်။ အထက်ပါ ပင်လယ်နက်ဒေသရေတပ်အုပ်စု လွှဲပြောင်းပေးရန် သဘောတူညီမှုကို နှစ်နိုင်ငံပါလီမန်များက တရားဝင်အတည်ပြုရန် ကျန်ရှိနေပေသည်။

ဤသို့အခြေအနေများ တိုးတက်ဖြစ်ပေါ်နေဆဲမှာပင် ဝန်ကြီးချုပ်ကူချ်မာ အစိုးရအဖွဲ့မှ နုတ်ထွက်သည့်ဖြစ်ရပ်ပေါ်ပေါက်ခဲ့သည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ထိထိရောက်ရောက် လုပ်ဆောင်နိုင်စေရန်အတွက် ပါလီမန်က ၎င်းအား အထူးလုပ်ပိုင်ခွင့်အာဏာပေးအပ်ရန် တောင်းဆိုပြီး ပေးအပ်ခြင်းမပြုပါက ရာထူးမှ နုတ်ထွက်မည်ဟု ကူချ်မာက ပြောကြားခဲ့သည်။ သမ္မတကရာချတ်ကလည်း ဝန်ကြီးချုပ်အား

အထူးအာဏာအပ်နှင်းရန်ကို ငြင်းဆန်နေခဲ့သည်။ ထိုသို့အာဏာအပ်နှင်းခြင်းဖြင့် သမ္မတနှင့်ဝန်ကြီးချုပ်တို့အကြား အာဏာလွန်ဆွဲပွဲဖြစ်ပေါ်စေနိုင်သည်ဟု ဆိုသည်။

ထို့ကြောင့် ဝန်ကြီးချုပ် ကူချ်မာက ၎င်း၏နုတ်ထွက်လွှာကို တင်ခဲ့ရာ ပါလီမန်က စက်တင်ဘာ ၂၁ ရက်နေ့တွင် မဲခွဲဆုံးဖြတ်လက်ခံပြီး အတည်ပြုခဲ့သည်။ အစိုးရအဖွဲ့သစ်ဖွဲ့စည်းထူထောင်သွားရန်ကို ပါလီမန်က တိုက်တွန်းလိုက်သည်။ ယင်းသို့ဝန်ကြီးချုပ်နုတ်ထွက်သွားသဖြင့် သမ္မတ ကရာချုတ်အဖို့ စီးပွားရေးဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းရွက်ရန် ရှိနေပေတော့သည်။ ယင်းကိစ္စသည် ကူချ်မာ၏ အောင်ပွဲဖြစ်သည်ဟု ဆိုသည်။

ပါလီမန်ရွေးကောက်ပွဲများကို ၁၉၉၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင်လည်းကောင်း၊ သမ္မတရွေးကောက်ပွဲများကို ယင်းနှစ်ဇွန်လ ၂၆ ရက်နေ့တွင်လည်းကောင်း ကျင်းပသွားရန် စက်တင်ဘာ ၂၄ ရက်နေ့တွင် ပါလီမန်က မဲဆန္ဒပေးဆုံးဖြတ်ခဲ့သည်။ ထို့ပြင် သမ္မတနှင့် ပါလီမန်အပေါ် အယုံအကြည်ရှိမရှိပြည်သူ့ဆန္ဒခံယူပွဲကို စက်တင်ဘာ ၂၆ ရက်နေ့တွင် ကျင်းပသွားရန် သတ်မှတ်ခဲ့ခြင်းကိုလည်း ပယ်ဖျက်ခဲ့သည်။ ပါလီမန်က ယင်းသို့ဆုံးဖြတ်ခဲ့ခြင်းအတွက် ဝန်ကြီးများအဖွဲ့နုတ်ထွက်ပေးရေးကို တောင်းဆိုရန်အတွက် အထွေထွေသပိတ်ဆင်နွှဲကြရန် ကုန်သွယ်ရေးသမဂ္ဂများက လှုံ့ဆော်ခဲ့ကြသည်။

သမ္မတ ကရာချုတ်သည် စက်တင်ဘာ ၂၇ ရက်နေ့မှစပြီး ဝန်ကြီးများအဖွဲ့ကို တိုက်ရိုက်တာဝန်ယူ ကွပ်ကဲခဲ့သည်။ စက်တင်ဘာ ၂၈ ရက်နေ့တွင် အမိန့်ဒီဂရီတစ်ရပ် ထုတ်ပြန်ပြီး အစိုးရအဖွဲ့အဆင့်အားလုံး၌ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ညှိနှိုင်းလုပ်ဆောင်ရန်အတွက် အဖွဲ့ဝင် ဆယ်ဦး ပါဝင်သောကော်မတီ တစ်ရပ်ကို ဖွဲ့စည်းထူထောင်ခဲ့သည်။

နိုင်ငံတကာ မျက်နှာစာတွင် ယူကရိန်းနိုင်ငံသည် နျူကလီးယားမဲ့နိုင်ငံဖြစ်လာရေးအတွက် နိုင်ငံတကာစာချုပ်ပါတာဝန်များနှင့် အညီဆောင်ရွက်လိုသည့်ဆန္ဒရှိကြောင်းကိုလည်း ပြသခဲ့သည်။ ယူကရိန်းပါလီမန်က မဟာဗျူဟာလက်နက်များလျှော့ချရေးစာချုပ် (စတတ်–၁) ကို ပြန်လည်သုံးသပ်ပြီး နိုဝင်ဘာ ၁၈ ရက်နေ့တွင် အတည်ပြုခဲ့သည်။ သို့ရာတွင် ယင်းစာချုပ်နှင့် စပ်လျဉ်းပြီး အဓိကကန့်သတ်ချက်များကို ပါလီမန်က ချမှတ်ခဲ့ရာ စာချုပ်ကို အကောင်အထည်ဖော်ရန် နှောင့်နှေးကြန့်ကြာကောင်း ကြန့်ကြာစေနိုင်ပေသည်။ ချမှတ်ထားသည့် အဓိက ကန့်သတ်ချက်များကို သဘောတူညီမှုရရှိသည့်အခါ အဆိုပါစာချုပ်စတင်အသက်ဝင်စေလိမ့်မည်ဟု ယူကရိန်းပါလီမန်က ပြောကြားသည်။ စတတ် – ၁ စာချုပ်နှင့် စပ်လျဉ်းပြီး ပါလီမန်၏ဆုံးဖြတ်ချက်တွင် ယူကရိန်းနိုင်ငံအနေဖြင့် ၎င်း၏နယ်မြေပိုင်နက်တွင် ရှိနေဆဲဖြစ်သော မဟာဗျူဟာမြောက် နျူကလီးယားထိပ်ဖူး ၁,၆၀၀ ကျော်အနက် ၄၂ ရာခိုင်နှုန်းကိုသာလျှင် စွန့်လွှတ်ရန်ဖြစ်သည်ဟု ဖော်ပြထားသည်။

မဟာဗျူဟာလက်နက်များလျှော့ချရေးစာချုပ် (စတတ် – ၁) အကောင်အထည်ဖော်ရေးအတွက် ယူကရိန်း၊ ရုရှားနှင့် အမေရိကန်နိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်များ ဒီဇင်ဘာလအတွင်း ကီယက်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲအပြီးတွင် ယူကရိန်းနိုင်ငံက အက်စ်အက်စ် – ၂၄ ဒုံးပျံများကို ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့သည်။

ယူကရိန်းနိုင်ငံတွင် နျူကလီးယားထိပ်ဖူး ၁,၂၄၀ ကို သယ်ဆောင်နိုင်မည့်ဒုံးပျံ ၁၇၆ စင်း၊ နျူကလီးယားထိပ်ဖူးတပ်တာဝေးပစ် ခရုဇ်ဒုံးပျံများ သယ်ဆောင်နိုင်သည့် တီယူ – ၁၆ မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ် ၁၆ စင်းနှင့် တီယူ – ၉၅ ဗုံးကြဲလေယာဉ် ၂၁ စင်း ပိုင်ဆိုင်ထားသည်ဟု သိရှိရသည်။

**ယူဂိုဆလားဗီးယားနိုင်ငံ။** ။ယူဂိုဆလားဗီးယားနိုင်ငံပြည်ထောင်စုဝန်ကြီးချုပ်မီလန်ပန်နစ်သည် ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း အယုံအကြည်မရှိအဆိုကို အရေးနိမ့်သည်။ ထို့ကြောင့် သမ္မတ ဒိုဘရိကာကော့ဆစ်သည် မွန်တီနီဂရိုလူမျိုး ရာဒိုဂျီကွန်တစ်ကို အစားထိုးခန့်အပ်ခဲ့သည်။ ဆာဘီးယားလွှတ်တော်ရွေးကောက်ပွဲများတွင် အနိုင်ရရှိခဲ့သော အဓိကအတိုက်အခံ ဆားဘီးယန်းဒီမိုကရက်တစ်လှုပ်ရှားမှု (ဒီပေါ့စ်) ပါတီသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှ ထွက်ခွာသွားခဲ့သည်။ ယူဂိုဆလပ်ပြည်ထောင်စုလွှတ်တော်၏ အထက်လွှတ်တော်ဖြစ်သော အဖွဲ့ဝင် ၄၀ ပါသမ္မတနိုင်ငံများလွှတ်တော်သို့ ဆားဘီးယားလွှတ်တော်ကိုယ်စားလှယ် ၂၀ ကို ရွေးချယ်ရန်ရွေးကောက်ပွဲလုပ်ထုံးလုပ်နည်းကို ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် အစည်းအဝေးကို အတိုက်အခံများ သပိတ်မှောက်ထားစဉ် ပြင်ဆင်ခဲ့သည်။ ထို့ကြောင့် အမာခံ ဆားဘီးယားဆိုရှယ်လစ်ပါတီ (အက်စ်ပီအက်စ်) က ၁၂ နေရာကို လည်းကောင်း၊ ၎င်းတို့၏မဟာမိတ်ဖြစ်သော အစွန်းရောက်ဝါဒီတို့က ရှစ်နေရာကိုလည်းကောင်း ရရှိသည်။ မွန်တီနီဂရိုတို့က ရွေးချယ်သော လွှတ်တော်ကိုယ်စားလှယ် ၂၀ အနက် နှစ်ဦးသည်လည်း အစွန်းရောက်ဝါဒီများဖြစ်ရာ ဆားဘီးယန်းဆိုရှယ်လစ်နှင့် အစွန်းရောက်တို့က လွှတ်တော်နေရာအများစုကို လွှမ်းမိုးထားခြင်းဖြစ်သည်။

ယူဂိုဆလားဗီးယားအစိုးရသည် ၁၉၉၂ ခုနှစ်အတွင်းက မိုးခေါင်၍ သီးနှံထွက်နည်းခဲ့ခြင်းကြောင့် ဂျုံ၊ သကြားနှင့်စားသုံးဆီအတွက် ခွဲတမ်းစာအုပ်များနှင့်ကူပွန်များပုံနှိပ်ခဲ့သည်။

ခွဲတမ်းအရ လူလေးယောက်ရှိသော တစ်အိမ်ထောင်အား ဂျုံ ၅၅ ပေါင်၊ သကြား ၄ ဒသမ ၅ ပေါင်၊ ဆား ၂ ဒသမ ၂ ပေါင်၊ ဆီ သုံးကွပ်နှင့်ဆပ်ပြာမှုန့် ၄ ဒသမ ၅ ပေါင်ကို လစဉ်လျှော့ဈေးနှုန်းဖြင့်ဝယ်ခွင့်ပြုသည်။ ၁၉၉၃ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် အတိုက်အခံ ဆာဘီးယန်းပြန်လည်ဆန်းသစ်ရေးလှုပ်ရှားမှုအဖွဲ့က ၁၉၉၁ ခုနှစ် ကွန်မြူနစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများ ဒုတိယနှစ်ပတ်လည် အထိမ်းအမှတ် လူထုအစည်းအဝေးကျင်းပခဲ့ရာ ဘဲလ်ဂရိတ်မြို့ရဲနှင့်ရှန်းရင်းဆန်ခတ်ဖြစ်ခဲ့ရသည်။ မတ်လ ၂၆ ရက်နေ့တွင် ဆာဘီးယား အလုပ်သမားသမဂ္ဂများက လွန်ခဲ့သောနှစ်နှစ်အတွင်း လူနေမှုအဆင့်အတန်းကျဆင်းမှုကို ဆန့်ကျင်ဆန္ဒပြခဲ့သည်။ ယူဂိုဆလားဗီးယားအစိုးရသည် ၁၉၉၃ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၇၅၁ ဒသမ ၂၃ ဒီနာသစ် ရှိသော ငွေလဲလှယ်နှုန်းကို ဧပြီလ ၃၀ ရက်နေ့တွင် ၆၁,၂၁၁ ဒီနာသစ်နှုန်းထိလျှော့ချခဲ့သည်။ ယူဂိုဆလားဗီးယားနိုင်ငံတွင် တစ်ဟုန်ထိုးလွန်ကဲငွေဖောင်းပွမှုသည် တစ်နေ့လျှင် ၁၅ ရာခိုင်နှုန်းမျှ မြင့်တက်နေသည်။ ၁၉၉၂ ခုနှစ်ကငွေဖောင်းပွမှုနှုန်း ၂၀,၀၀၀ ရာခိုင်နှုန်းရှိခဲ့ပြီး လစဉ်ဖောင်းပွမှုနှုန်း ၂၂၅ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ၁၉၉၃ ခုနှစ်ဩဂုတ်လ ၁၈ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ဒီနာ ၁၀၅ သန်းထိ တန်ဖိုးလျှော့ချခဲ့ရပြန်သည်။ ခရိုအေးရှားနှင့် ဘော့စနီးယားတို့ရှိ ပုန်ကန်သူဆာ့ဘ်များကို ထောက်ခံကူညီနေရခြင်းကြောင့်လည်းကောင်း၊ ၁၉၉၂ ခုနှစ်မေလမှစ၍ နိုင်ငံတကာစီးပွားရေးပိတ်ဆို့မှုဒဏ်ကို ခံနေရခြင်းကြောင့်လည်းကောင်း နိုင်ငံစီးပွားရေးပြိုပျက်လုနီးပါးဖြစ်နေသည်။ အလုပ်လုပ်နိုင်သူအင်အား၏ထက်ဝက်ခန့်မှာ အလုပ်လက်မဲ့ဖြစ်နေပြီး အလုပ်လုပ်ကိုင်နေသူများ၏ လစာငွေမှာလည်း ဒေါ်လာ ၂၀ ထိ ကျဆင်းခဲ့ရသည်။ စက်ရုံ ၄၀ ရာခိုင်နှုန်းမျှသာလည်ပတ်နေပြီး စွမ်းဆောင်ရည် ၅၀ ရာခိုင်နှုန်းမျှ

**ဘော့စနီးယားဆာ့ဘ်များ ရှေ့တန်း တစ် နေ ရာ တွင် တိုက်ပွဲဝင်နေစဉ်**



သာ ထုတ်လုပ်နိုင်သည်။ ဒင်နျူမြစ်တွင် အကောက်ခွန်ပိုင်းတွင် လစ်ဟာကွက်များရှိနေပြီး ရုရှားဘဏ်များက ယူဂိုဆလပ်ပိုင်ငွေများကိုလက်ခံခြင်း၊ တရားဝင်ဖြစ်အောင်လျှို့ဝှက်ဆောင်ရွက်ပေးခြင်းတို့လည်း ရှိနေလင့်ကစား ယူဂိုဆလားဗီးယားနိုင်ငံအပေါ် ကုလသမဂ္ဂ၏ပိတ်ဆို့မှုများသည် ထိရောက်လျက်ရှိသည်။ ၁၂ လတာအတွင်း သွင်းကုန်ပမာဏမှာ ၅၄ ရာခိုင်နှုန်းကျဆင်းသည်။ ထုတ်လုပ်မှု ၄၂ ရာခိုင်နှုန်းထိုးဆင်းကာ ပြည်ပပို့ကုန် ၇၄ ရာခိုင်နှုန်းလျော့ကျသွားသည်။ ကုန်ဈေးနှုန်းသည် ၄၄၀၀ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ "ဦးနှောက်ယိုစီးထွက်မှု" ကြီးမားစွာ ပေါ်ပေါက်ကာ ဘွဲ့ရများနှင့်ကျွမ်းကျင်သူပညာရှင်များ အမြောက်အမြားသည် အနောက်တိုင်းသို့ ထွက်သွားကြကြောင်းဖြင့် ပြည်ထောင်စုသမ္မတ ဒိုဘရီကာကော့ဆစ်က မေလဆန်းတွင် ပြောကြားခဲ့သည်။

ဆာဘီးယားနှင့်မွန်တီနီဂရိုတို့ပေါင်းစည်းထားသော ယူဂိုဆလားဗီးယားပြည်ထောင်စုတွင်ပြဿနာများရှိနေသည့်နည်းတူ ခွဲထွက်သွားကြသော ဘော့စနီးယား ဟာဆီဂိုဗီးနားနှင့် ခရိုအေးရှားတို့တွင်လည်း ပြည်တွင်းစစ်ဒဏ်ခံစားနေရသည်။

ဘော့စနီးယား – ဟာဆီဂိုဗီးနားတွင် ပြည်တွင်းစစ်ပြဿနာကို ဖြေရှင်းနိုင်ရန် ၁၉၉၃ ခုနှစ်ဇန်နဝါရီလတွင် ဂျီနီဗာငြိမ်းချမ်းရေးစေ့စပ်ညှိနှိုင်းရေးမှူး လော့ဒ်အိုဝင်နှင့် ဆိုင်းရပ်စ်ဗန့်စ်တို့သည် အဆိုပြုချက်များတင်ပြခဲ့သည်။ ထိုအစီအစဉ်တွင် အပိုင်းသုံးပိုင်းပါဝင်သည်။

(၁) ဘော့စနီးယား–ဟာဆီဂို ဗီးနားကို ပြည်နယ် ၁၀ ခု ပိုင်းခြားရေး
(၂) ဗဟိုချုပ်ကိုင်မှုမရှိသော ပြည်နယ်တစ်ရပ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကျယ်ကျယ်ပြန့်ပြန့်ပေးထားမည့် အခြေခံဥပဒေအခြေခံမူများချမှတ်ရေး
(၃) လက်ရှိပဋိပက္ခကို အဆုံးသတ်စေသည့်အထိ အပစ် အခတ်ရပ်ဆဲရေးနှင့်စစ်ရေးပြင်ဆင်မှုများ ဖျက်သိမ်းရေးတို့ကို အဆိုပြုထားခြင်းဖြစ်သည်။

ယင်းအဆိုပြုချက်အရ နယ်မြေခွဲဝေရာတွင် ဘော့စနီးယား၏ ၃၁ ရာခိုင်နှုန်းကို မူဆလင်များအားလည်းကောင်း၊ ၅၂ ရာခိုင်နှုန်းကိုဆာ့ဘ်တို့အားလည်းကောင်း၊၁၇ ရာခိုင်နှုန်းကို ခရိုအက်များအားလည်းကောင်း ပေးအပ်ရန်ဖြစ်သည်။ လက်ရှိတွင် မူဆလင်တို့သည် ဘော့စနီးယား၏ ၁၀ ရာခိုင်နှုန်းကိုသာ ထိန်းချုပ်ထားနိုင်သည်။ ဆာ့ဘ်တို့က ဘော့စနီးယားမြို့တော် ဆာရာဂျီဗို အပါအဝင် နယ်မြေ ၇၀ ရာခိုင်နှုန်းကို

ထိန်းချုပ်ထားပြီးဖြစ်သည်။ နယ်မြေခွဲဝေရေးအဆိုပြုချက်ကို ဆာ့ဘ်တို့က ပထမပိုင်းတွင်လက်ခံခဲ့သည်။ မူဆလင်တို့က ယင်းအဆိုပြုချက်ကို မူအားဖြင့် ဩဂုတ်လတွင် သဘောတူညီခဲ့သည်။ ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် မူဆလင်တို့သည် ဆာရာဂျီဗိုမြို့ကို ပြင်ဘက် ဆာ့ဘ်တို့နှင့် ခွဲယူရန် သဘောတူညီခဲ့ကြပြန်သည်။

အမေရိကန်ပြည်ထောင်စု၊ ရုရှားနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့်စပိန်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် ၁၉၉၃ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် ဝါရှင်တန်မြို့၌ တွေ့ဆုံဆွေးနွေး၍ ပူးတွဲမဟာဗျူဟာအစီအစဉ်တစ်ရပ်ကို သဘောတူညီခဲ့ကြသည်။ ဆာ့ဘ်တို့သိမ်းပိုက်ထားသော နယ်မြေများရှိ မူဆလင်အရပ်သားများကို စောင့်ရှောက်ပေးသည့် "အန္တရာယ်ကင်းနယ်မြေ"များ ထူထောင်ရန်ဖြစ်သည်။ အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

**ကုလသမဂ္ဂ စီးပွားရေးပိတ်ဆို့မှု။** ။ဘော့စနီးယားဆာ့ဘ်တပ်ဖွဲ့များ ဆုတ်ခွာရေးအပါအဝင် "လိုအပ်သော အခြေအနေများ"မရောက်မချင်းပိတ်ဆို့မှုများကိုဆက်လက်ထားရှိမည်။

**ဘော့စနီးယားနယ်စပ်ပိတ်ဆို့ရေးအတွက်ကူညီမှု။** ။ဘော့စနီးယားဆာ့ဘ်များအနေနှင့် နိုင်ငံတကာငြိမ်းချမ်းရေးအစီအစဉ်နှင့်အညီ လိုက်လျောဆောင်ရွက်လာစေရန် ဘော့စနီးယားနှင့်ထိစပ်နေသော ဆားဘီးယန်းနယ်နိမိတ်ကို ထိရောက်စွာပိတ်ဆို့ရာတွင် ယူဂိုဆလားဗီးယားနိုင်ငံအား လေကြောင်းထောက်လှမ်းရေးအပါအဝင် စက်မှုနည်းပညာအကူအညီများကို ပေးအပ်မည်။

**ကုလသမဂ္ဂ အန္တရာယ်ကင်းနယ်မြေများကို ဘော့စနီးယားနိုင်ငံအတွင်းထူထောင်မှု။** ။ကုလသမဂ္ဂတပ်များ တိုက်ခိုက်ခံရလျှင် ကာကွယ်စောင့်ရှောက်ပေးရန် အမေရိကန်ပြည်ထောင်စုက ပြင်ဆင်ထားရမည်။ ဗြိတိန်၊ ပြင်သစ်နှင့် အခြားနိုင်ငံများမှ တပ်ဖွဲ့များနှင့် ရုရှားတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်လာခြင်းဖြင့် "အန္တရာယ်ကင်းနယ်မြေ"များကို ချဲ့ထွင်သွားမည်။

**မပျံ့သန်းရဇုန်။** ။၁၉၉၃ ခုနှစ်၊ မတ်လတွင် ပြဋ္ဌာန်းခဲ့သော ဘော့စနီးယားဝေဟင်ရှိ မပျံသန်းရဇုန်ကို ဆက်လက်ထားရှိမည်။

**စစ်ရာဇဝတ်မှုခုံရုံး။** ။စစ်ရာဇဝတ်ခုံရုံးထူထောင်မည်ဖြစ်သည်။

ကုလသမဂ္ဂတပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ်



**ခိုင်မာသော ငြိမ်းချမ်းရေးအဖြေရှာမှု။** ။ဗန့်စ်အိုဝင် အစီအစဉ်ကိုအခြေခံ၍ ခိုင်မာသောငြိမ်းချမ်းရေးအတွက် အဖြေတစ်ရပ်ကိုညှိနှိုင်းရှာဖွေမည်။

**ဘော့စနီးယား ခရိုအက်တပ်ဖွဲ့များ။** ။ဘော့စနီးယား ခရိုအက်များနှင့် ဘော့စနီးယား အစိုးရ တပ်များအကြား တိုက်ခိုက် ခြင်း၊ "မျိုးဖြုတ်ခြင်း"တို့နှင့်စပ်လျဉ်း၍ စိုးရိမ်မကင်းဖြစ်နေရခြင်းကြောင့် ဤသို့သောလုပ်ငန်းများတွင် ပါဝင်ပတ်သက်သော ဘော့စနီးယားခရိုအက်များကို အကူအညီပေးလျှင် ခရိုအေးရှားလည်း ပိတ်ဆို့မှုများခံရမည်ဖြစ်ကြောင်း ခရိုအေးရှားအစိုးရအား ကြိုတင်သတိပေးမည်။

**ပင်ရိုပက္ခကို ထိန်းချုပ်ရေး။** ။ပင်ရိုပက္ခ ပိုမိုပျံ့နှံ့မသွားစေရန် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုရရှိရေးအတွက် ကြိုးပမ်းသွားမည်။ မက်ဆီဒိုနီးယားယူဂိုဆလပ်သမ္မတနိုင်ငံဟောင်းကို ရန်လိုဖက်ပြိုင်လျှင် ဆိုးဝါးသောအကျိုးဆက်များပေါ်ပေါက်လာမည်ကို ထိုဒေသရှိသူတိုင်း နားလည်ထားရမည်ဟု တညီတညွတ်ခံယူသည်။ ဆားဘီးယားအတွင်း အယ်ဘေးနီးယားအများစုနေထိုင်ရာ ကိုဆိုမို–မိတိုဟီဂျာကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်အဖြစ် နိုင်ငံတကာအနီးကပ်စောင့်ကြည့်ရေးအဖွဲ့ထားရှိရေးကို သဘောတူညီသည်။ ခရိုအေးရှားအတွင်း ဆာ့ဘ်တို့အများအပြား တစ်စုတဝေးနေထိုင်သော နယ်မြေများကိုလည်း အလားတူသဘောမျိုး ထားရှိသည်။

**ထပ်ဆင့်ဆောင်ရွက်မှုများ။** ။ သစ်လွင်၍ ပိုမိုပြတ်သားသော အရေးယူဆောင်ရွက်မှုများနှင့်ပတ်သက်၍ပွင့်လင်းသော နည်းလမ်းများဆက်လက်ထားရှိမည်။

ထိုအဆိုပြုချက်များကို ဘော့စနီးယားမူဆလင်သမ္မတ အလီဂျာအစ်ဇက်ဘီဂိုဗစ်က လုံးဝ"လက်မခံနိုင်ကြောင်း" ကြေညာသည်။ ဗန့်စ်၏နေရာတွင် အစားထိုးခန့်အပ်ခံရသော ဘော့စနီးယားဆိုင်ရာ ကုလသမဂ္ဂစေ့စပ်ညှိနှိုင်းရေးမှူးအသစ် သော်ဗားစတိုလ်တင်ဗဲ့ဂ်သည် မေလ ၂၆ ရက်နေ့တွင် ဆာရာဂျီဗိုမြို့၌ အစ်ဇက်ဘီဂိုဗင်နှင့် တွေ့ဆုံဆွေးနွေး၍ ဝါရှင်တန်သဘောတူညီချက်ကိုလက်ခံရန် တိုက်တွန်းသည်။ အစ်ဇက်ဘီဂိုဗစ်က အနောက်နိုင်ငံများအနေဖြင့် စစ်ရေးအရ စွက်ဖက်ပေးသင့်ကြောင်း တောင်းဆိုခဲ့သည်။ အစ္စလာမ်မစ်ညီလာခံအဖွဲ့ (အိုအိုင်စီ) ကလည်း ထိုသဘောတူညီချက်ကို ရှုတ်ချခဲ့သည်။

ဘော့စနီးယားဆာ့ဘ်ခေါင်းဆောင် ရာဒိုဗန်ကရက်ဇစ်ကမူ ထိုအစီအစဉ်သည် အနောက်နိုင်ငံများ၏ ပိုမို၍အမှန်တရားနှင့်နီးစပ်သောချဉ်းကပ်မှုဖြစ်သည်ဟုကြေညာသည်။



ကုလသမဂ္ဂ၏ အဆိုပြုချက်ကို ဘော့စနီယားမူဆလင်သမ္မတ အလီဂျာအစ်ဇက်ဘီဂိုဗစ်က လုံးဝလက်မခံနိုင်ကြောင်း ပယ်ချခဲ့သည်

ဆာ့ဘ်တို့သိမ်းပိုက်ထားသည့် ဘော့စနီးယားနယ်မြေသုံးပုံနှစ်ပုံကို မစွန့်လွှတ်တော့ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ မေလ ၃ ရက်နေ့တွင် ဂရိနိုင်ငံဝန်ကြီးချုပ် ကွန်စတန်တင်ဗစ်ဆိုတာကစ်၏ရှေ့မှောက်၌ ဗန့်စ်အိုဝင်အစီအစဉ်ကို သဘောတူညီကြောင်းလက်မှတ်ရေးထိုးခဲ့ခြင်းမှာ ဆားဘီးယန်းသမ္မတ ဆလိုဗိုဒင်မီလိုဆီဗစ်၏ ဖိအားပေးမှုကြောင့်ဖြစ်သည်ဟုဆိုသည်။ သို့ရာတွင် မေလ ၁၅ ရက်နှင့် ၁၆ ရက်နေ့တွင်ကျင်းပသော ဘော့စနီးယန်းဆာ့ဘ်ပြည်သူ့ဆန္ဒခံယူပွဲ၌ ၉၆ ရာခိုင်နှုန်းက ဗန့်အိုဝင်အစီအစဉ်ကို ပယ်ချရန်နှင့် ကိုယ်ပိုင်နိုင်ငံကိုသာ ထူထောင်ရန်ဆန္ဒမဲပေးခဲ့ကြသဖြင့် ကရက်ဇစ်က နိုင်ငံတကာ၏ အကြံပြုချက်ကို နောက်ပိုင်းတွင် ပယ်ချလာခဲ့ခြင်းပင်ဖြစ်သည်။

ဆားဘီးယားအစိုးရကလည်း ဘော့စနီးယားနယ်စပ်ကို စောင့်ကြည့်ရေးအတွက် နိုင်ငံတကာကပေးမည့် အကူအညီကို လက်မခံကြောင်းဖြင့် မေလ ၂၅ ရက်နေ့တွင်ကြေညာသည်။ ကိုဆိုဗိုသို့ စောင့်ကြည့်ရေးအဖွဲ့များစေလွှတ်ရေးကိုလည်းဆန့်ကျင်သည်။ ဆားဗီးယား၏ရပ်တည်ချက်ကို ယူဂိုဆလားဗီးယားပြည်ထောင်စုသမ္မတ ဒိုဘရီကာကော့ဆစ်ကလည်းထောက်ခံအတည်ပြုပေးခဲ့သည်။ ဆားဘီးယားအတွင်းရှိတင်းမာသော အမျိုးသားရေးဝါဒီတို့ကမူ နိုင်ငံတကာ အဆိုပြုချက်များသည် ဘော့စနီးယား ဆာ့ဘ်တို့အတွက် အောင်ပွဲပင်ဖြစ်သည်ဟု ကြိုဆိုခဲ့သည်။ အစွန်းရောက်အမျိုးသားရေးဝါဒီဆားဘီးယန်း ရက်ဒီကယ်ပါတီခေါင်းဆောင် ဗစ်ယစ်ဆလပ်ဆေဆဲ့လ်ဂျ် ကမူ ထိုအစီအစဉ်သည် အနောက်နိုင်ငံများက "လူသိရှင် ကြားပျော့ပြောင်းလာသည့် ဖွဲဆော်ဦးကြေညာချက် တစ်ရပ်" ဖြစ်သည်ဟု သုံးသပ်သည်။ ဆေဆဲ့လ်ဂျ်က မဟာမိတ်တို့က ဘော့စနီးယားဆာ့ဘ်များကို လေကြောင်းမှတိုက်ခိုက်လာလျှင်

အက်ဖ်အက်ဖ် ၂၂ ဒုံးကျည်များဖြင့် အနောက်နိုင်ငံအရပ်သား ပစ်မှတ်များကို တိုက်ခိုက်မည်ဟု မေလ ၁၂ ရက် နေ့တွင် ခြိမ်းခြောက်ခဲ့သည်။

ခရိုအေးရှားသမ္မတ ဖရန်ဂျိုတွဒ်ဂျမန်က ဝါရှင်တန် သဘောတူညီချက်သည် ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်လောက်အောင် ထိရောက်ခြင်းမရှိသေးဟု၍ ကြေညာခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ထိုအစီအစဉ်ကို အကောင်အထည်ဖော်နိုင်မည့်လုပ်ငန်းစဉ်ကို မေလ ၂၆ ရက်နေ့တွင် စတင်ချမှတ်သည်။ ယူဂိုဆလားဗီးယားနိုင်ငံဟောင်းအတွင်း "မျိုးပြုတ်ရန်ဆောင်ရွက်ခြင်း"၊ သတ်ဖြတ်ခြင်း၊ မုဒိန်းကျင့်ခြင်းနှင့် နှိပ်စက်ညှဉ်းပန်းခြင်းတို့ အပါအဝင်စစ်ရာဇဝတ်ပြစ်မှုစွဲချက်များကို ကြားနာမည့် နိုင်ငံတကာ ခုံရုံးတစ်ရပ်ကို နယ်သာလန်နိုင်ငံ ဟိဂ်မြို့၌ အခြေစိုက်ဖွင့်လှစ်ရန်ဆုံးဖြတ်ချက်အမှတ် ၈၂၇ ကို ချမှတ်သည်။ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက ၁၉၉၃ ခုနှစ်၊ဇန်နဝါရီလ၂၁ရက်နေ့တွင်ထုတ်ပြန်သောအစီရင်ခံစာတွင် ဘော့စနီးယားပဋိပက္ခတွင် ပါဝင်သည့် ဘက်အားလုံးရှိ အမျိုးသမီးများသည် "ကြောက်မက်ဖွယ်ရာ" အဓမ္မပြုကျင့်မှုများကို ခံနေရကြောင်းဖြင့် ဖော်ပြခဲ့သည်။ အဓိကအားဖြင့် မူဆလင်များခံစားနေရပြီး အဓိကအပြစ် ကျူးလွန်သူများသည် ဆားဘီးယန်းတပ်ဖွဲ့ဝင်များဖြစ်သည် ဟုဆိုသည်။ ကုလသမဂ္ဂသည် ယူဂိုဆလားဗီးယား စစ်ရာဇဝတ် ပြစ်မှု ခုံရုံးကို အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းသည်။ ခုံရုံးသဘာပတိ အန်တိုနီယိုကက်ဆီဆီ ဦးဆောင်သော အဖွဲ့သည် နိုဝင်ဘာလဆန်းတွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြ သည်။ ၁၉၉၄ ခုနှစ် ဇန်နဝါရီလလယ်မှ ဖေဖော်ဝါရီလလယ်အထိ အသေးစိတ်လုပ်ထုံးလုပ်နည်းများ ညှိနှိုင်းပြီး ဧပြီလမှ ဇူလိုင်လကုန်အထိ စတင်ကြားနာမည်ဖြစ်သည်။ အပြီးသပ်စီရင်မှုကို အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် ပြုလုပ်မည်ဟု လျာထားသည်။ ထိုခုံရုံးသည် ပြစ်မှုကျူးလွန်သည်ဟု သင်္ကာမကင်းဖြစ်သူများကို မျက်ကွယ်စီရင်ခွင့်မရှိချေ။ လက်ရှိတာဝန်အပ်နှင်းမှုအရ ယူဂိုဆလားဗီးယားနိုင်ငံဟောင်းအတွင်းရှိ ကုလသမဂ္ဂတပ်ဖွဲ့ဝင်များသည် သင်္ကာမကင်းဖြစ်သော စစ်ရာဇဝတ်ကောင်များကို ဖမ်းဆီးပိုင်ခွင့်မရှိချေ။ မည်သို့ပင်ဖြစ်စေ ဒုတိယကမ္ဘာစစ်အပြီး နျူရင်းဘတ်နှင့် တိုကျိုမြို့တို့၌ ဂျာမန်နှင့်ဂျပန်စစ်ရာဇဝတ်ကောင်များနှင့် ကြံရာပါများကို ခုံရုံးတင်စီရင်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးသောစစ်ရာဇဝတ်ပြစ်မှုခုံရုံး ဖြစ်လာပေမည်။ ၎င်းတစ်ကြိမ်တွင် မုဒိန်းမှုကို လူ့လူချင်း စာနာထောက်ထားမှုကို ဖောက်ဖျက်သော ရာဇဝတ်ပြစ်မှုများအဖြစ် ပထမဆုံး ယူဆသတ်မှတ်သည့် ရာဇဝတ်ပြစ်မှု ခုံရုံးဖြစ်လာမည်ဟု ကက်ဆီဆီကပြောကြားခဲ့သည်။

ဝါရှင်တန် သဘောတူညီချက်အရ ကုလသမဂ္ဂ စောင့်ရှောက်မည့် "အန္တရာယ်ကင်းနယ်မြေ"များ၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဘီဟက်–ဘော့စနီးယားရှိ မူဆလင်နယ်မြေဖြစ်သည်။ စစ်မဖြစ်မီက လူဦးရေ ၇၁,၀၀၀ ရှိပြီး သုံးပုံနှစ်ပုံသည် မူဆလင်များဖြစ်သည်။ ယခုအခါဆားဘ်တို့ထိန်းချုပ်ရာ နယ်မြေများက ဝန်းရံနေပြီး လူဦးရေ ၃၀၀,၀၀၀ နီးပါးသာ ရှိတော့သည်။ ဆားဘ်တို့က အမြောက်ကြီး များဖြင့် ပစ်ခတ် လျက်ရှိသည်။

(၂) ဆာရာဂျီဗိုမြို့တော်–လူမျိုးပေါင်းစုံနေထိုင်ရာ ဘော့စနီးယားမြို့တော်ဖြစ်သည်။ စစ်မဖြစ်ခင်က လူဦးရေ ၅၂၆,၀၀၀ ရှိခဲ့ရာမှ ၃၈၀,၀၀၀ သို့လျော့ကျသွားသည်။ မူဆလင်ဦးဆောင်သော အစိုးရအဖွဲ့ဝင် အချို့ရုံးစိုက်နေသည်။ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၁၅၀၀ က ထောက်ပံ့ကူညီမှုများကို ကြီးကြပ်၍ လေဆိပ်ကို ထိန်းသိမ်းထားသည်။ လူမှုသက်သာချောင်ချိရေး အဆောက်အအုံများ ရှိနေဆဲဖြစ်သည်။

(၃) တုဇလာ–စစ်မဖြစ်မီက ၁၃၂,၀၀၀ သာ နေထိုင်ခဲ့ပြီး ယခုအခါဒုက္ခသည် ၆၀,၀၀၀ လာရောက်နေထိုင်သည်။ မော်တာကျည်များကျရောက်လေ့ရှိသော်လည်း ဒုက္ခသည်များအတွက် အစိုးရက လုံခြုံစွာစောင့်ရှောက်ပေးနိုင်စွမ်းရှိသည်။ ရေနှင့်လျှပ်စစ်စွမ်းအားရှိနေဆဲဖြစ်သည်။

(၄) ဆရီဘရီနီကာမြို့–ဝေးလံခေါင်းပါးသော မူဆလင်မြို့ဖြစ်သည်။ စစ်မဖြစ်မီက လူဦးရေ ၃၀,၀၀၀ သာရှိရာမှ ယခုအခါ ဒုက္ခသည် ၇၀,၀၀၀ လာရောက်နေထိုင်သည်။

(၅) ဓီပါ–ထောက်ပံ့ရေးလမ်းကြောင်းနှင့်အဆက်ပြတ်နေသော တောင်တန်းဒေသဖြစ်သည်။ ဆားဘ်တို့ ထိုးစစ်ဆင်နေသည်။ စစ်မဖြစ်ခင်က လူဦးရေ ၆,၀၀၀ သာရှိပြီး အဓိကအားဖြင့် မူဆလင်များဖြစ်သည်။ ယခုအခါ ကလေးသူငယ် ၈၀၀၀ အပါအဝင်ဒုက္ခသည်များ လာရောက်ခိုလှုံ၍ လူဦးရေ ၄၀,၀၀၀ ရှိနေသည်။

(၆) ဂိုရက်ဇဒေး–ဝေးလံခေါင်းပါးသော မူဆလင်နယ်မြေ တစ်ခုဖြစ်သည်။ ဆားဘ်တို့ဝိုင်းရံပိတ်ဆို့ထားသည်မှာ တစ်နှစ်ကျော်ပြီဖြစ်သည်။ စစ်မဖြစ်မီက လူဦးရေ ၃၇,၀၀၀ ရှိခဲ့ရာမှ ဒုက္ခသည်များရောက်ရှိနေ၍ လူဦးရေ ၇၀,၀၀၀ ရှိနေသည်။



**ဘော့စနီးယားဆာ့ဘ်ခေါင်းဆောင် ရာဒိုဗန်ကရက်ဇစ် (ဝဲ) နှင့် ဆားဘီးယန်းသမ္မတ ဆလိုဗိုဒင် မီလိုဆီဗစ်**

အမေရိကန်ပြည်ထောင်စုလေတပ်သည် ဘော့စနီးယားနယ်နိမိတ်အတွင်းသို့ ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှစ၍ လူလူချင်းစာနာထောက်ထားမှု အထောက်အပံ့များကို လေယာဉ်ဖြင့် ချပေးခဲ့သည်။ မြို့ကြီးတစ်မြို့ဖြစ်သော မော့စတာ့မြို့အတွင်းသို့ ဩဂုတ်လ ၂၄ ရက်နေ့တွင်မှ ပထမဆုံးချပေးနိုင်ခဲ့သည်။ ဘော့စနီးယားခရိုအက်တို့ ဝိုင်းရံပိတ်ဆို့ထားသော ထိုမြို့ရှိ မူဆလင် ၅၅,၀၀၀ အတွက် အထောက်အပံ့ပင်ဖြစ်သည်။ အရန်သင့်စားသုံးနိုင်သော ရိက္ခာထုပ် ၁၃,၄၀၀ ကို ချပေးခြင်းဖြစ်သည်။ ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဘော့စနီးယားအလယ်ပိုင်းသို့ ကုလသမဂ္ဂထောက်ပံ့ရေးယာဉ်တန်း ၁၉ စီးသည် စားနပ်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းတန်ချိန် ၁၀၀၀ ကျော်ကို ပို့ပေးနိုင်ခဲ့သည်။ ဆာ့ဘ်၊ ခရိုအက်နှင့်မူဆလင်တို့သုံးဘက်စလုံးက အထောက်အပံ့ယာဉ်တန်းများကို သေနင်္ဂနည်းဗျူဟာအဖြစ် နှောင့်ယှက်ဟန့်တားနေခဲ့ရာမှ နိုဝင်ဘာလ ၂၀ ရက်နေ့က ဂျီနီဗာမြို့တွင်ကျင်းပသော သုံးပွင့်ဆိုင်ဆွေးနွေးညှိနှိုင်းပွဲ၌ ရိက္ခာများပေးပို့မှုကို မဟန့်တားတော့ကြောင်း သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးနောက် နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ကလည်း ဘော့စနီးယားအတွင်းပိုင်းသို့ ဆယ်ရက်အတွင်း ရိက္ခာယာဉ်တန်း ၂၇ စီးစာ အထောက်အပံ့ပစ္စည်းများ ပေးပို့နိုင်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ ပြည်တွင်းစစ်ကာလ လပေါင်း ၂၀ အတွင်း လူပေါင်း ၂၀၀,၀၀၀ သေကြေပျောက်ဆုံး၍ စစ်ဘေးဒုက္ခသည်သန်းနှင့်ချီ၍ရှိနေရာ နိုင်ငံတကာက စစ်အဆုံးသတ်ရေးအတွက် ဝိုင်းဝန်းညှိနှိုင်းအဖြေရှာနေဆဲဖြစ်သည်။

**ယူနိုက်တက်ကင်းဒမ်း ။** ။ အင်္ဂလန်ဘဏ်ကအရှုပ်တော်ပုံကို ဖြေရှင်းရန်ပျက်ကွက်သောကြောင့် သမိုင်းတွင် အကြီးမားဆုံး ဘဏ်မသမာမှုကို ဘီစီစီအိုင်က ကျူးလွန်နိုင်ခဲ့ကြောင်း ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့က ထုတ်ပြန်သော အထူးအစီရင်ခံစာ၌ ပါရှိသည်။ နောင်အနာဂတ်ကာလ၌ ဘဏ်အကျင့် ပျက်သူများ တိုက်ဖျက်ရာ၌ ဗြိတိန်နိုင်ငံက ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် မိမိဆောင်ရွက်မည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး နော်မန်လမွန့်က ပြောကြားခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၂ - စာ၊ ၂၇၇ - ရှု။)

ပေါင်ငွေတန်ဖိုးကျသော်လည်း အစိုးရ၏ ဦးစားပေးအလုပ်မှာ ငွေကြေးဖောင်းပွမှု လျော့ပါးရေး ဖြစ်ကြောင်း ကွန်ဆာဗေးတစ် နှစ်ပတ်လည်ညီလာခံတွင် ဘဏ္ဍာရေးဝန်ကြီး နော်မန်လမွန့်က ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ပြောကြားခဲ့သည်။ ဥရောပသမဂ္ဂဆိုင်ရာ စာချုပ်ကို အတည်ပြုရန် ဝန်ကြီးချုပ်ဂျွန်မေဂျာ ဆုံးဖြတ်ခြင်းအတွက် ပါတီညီလာခံ၌

# ယူနိုက်တက်ကင်းဒမ်း

## ဗြိတိသျှဝန်ကြီးချုပ် ဂျွန်မေဂျာ

ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာက ဝေဖန်တိုက်ခိုက်ရာ ပါတီကိုယ်စား လှယ်များက ကောင်းချီးသြဘာပေးခဲ့ကြသည်။ ဥရောပ၌ ဗြိတိန်က ခေါင်းဆောင်ပိုင်းက ပါဝင်ရန် ပါလီမန်က ထောက်ခံရေးကို ဝန်ကြီးချုပ်ဂျွန်မေဂျာက နိုဝင်ဘာလ ၁ ရက်နေ့တွင် တောင်းဆိုလိုက်သည်။ ဥရောပသမဂ္ဂဆိုင်ရာ မက်စထရစ်ချ် စာချုပ်ကို ပါလီမန်က ပယ်ချပါက ဗြိတိန်အတွက် အမှားကြီး ဖြစ်လိမ့်မည်ဟု ဝန်ကြီးချုပ်ဂျွန်မေဂျာက ပြောကြားသည်။

ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင် ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့က ဗြိတိန်နိုင်ငံသို့ လာရောက်လည်ပတ်ရာ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ကြသည်။ သမ္မတအနေဖြင့် နှစ်ရက်ကြာခရီးစဉ်မှာ ၁၇၆၆ ခုနှစ်၊ နောက်ပိုင်း ပထမဆုံး အင်္ဂလိပ် ရုရှားချစ်ကြည်ရေး စာချုပ်ကို လက်မှတ်ရေးထိုးရန် ဖြစ်သည်။ ရန်သူဟောင်းများက မိတ်ဆွေကောင်းများဖြစ်လာကြောင်း ကျွန်ုပ်တို့ သက်သေပြလိုသည်။ စာချုပ်မှာ ဤဆက်ဆံရေးသစ်၏ အလွန်အရေးကြီးသောလက္ခဏာဖြစ်သည်ဟု ယဲ့လ်ဆင်က ပြောကြားသည်။ ယဲ့လ်ဆင်သည် ပါလီမန်၌ မိန့်ခွန်းပြောကြားခြင်း၊ ဝန်ကြီးချုပ်ဂျွန်မေဂျာနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဘုရင့်ရေတပ်ကောလိပ်၌ ကျင်းပသော ညစာခံပွဲသို့ တက်ရောက်ခြင်း၊ ဘတ်ကင်ဟမ်နန်းတော်၌ အဲလိဇဘတ် ဘုရင်မနှင့် နေ့လယ်စာ စားသုံးခြင်း ပြုလုပ်ခဲ့သည်။ မော်စကိုနှင့် လန်ဒန်တို့အကြား ဆက်ဆံရေးတိုးမြှင့်ရန် မျှော်လင့်ချက်ထားကြောင်း ၁၉၉၁ ခုနှစ်၊ ဩဂုတ်လက ကွန်မြူနစ်များ အာဏာသိမ်းရန် ကြိုးပမ်းစဉ်အတွင်း ဂျွန်မေဂျာ၏ ထောက်ခံမှုကို အသိအမှတ်ပြုလိုကြောင်း ယဲ့လ်ဆင်က ပြောကြားသည်။ ဗြိတိသျှခေါင်းဆောင်မှာ ရုရှား၌ ဒီမိုကရေစီထောက်ခံရန် မော်စကိုသို့ ပထမဆုံး သွားသူဖြစ်သည်။

အနောက်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုပိုမိုရရှိရေးအတွက် အကောက်ခွန်လျှော့ရေးနှင့် အမြတ်များရရှိရေးကို လုပ်ငန်းရှင်များအား ရုရှားသမ္မတ ယဲ့လ်ဆင်က ကတိပြု၍ ဆိုဗီယက်ကြွေးမြီ အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀ ပေးဆပ်ရေး အစီအစဉ်သစ်ကိုတင်ပြခဲ့သည်။နိုဝင်ဘာလ ၉ ရက်နေ့တွင် လန်ဒန်စတော့ လဲလှယ်ရေးဌာန၌ ဗြိတိသျှ လုပ်ငန်းရှင် ၅၀ အား မိန့်ခွန်း ပြောကြားရာ၌ ယဲ့လ်ဆင်က ကမ္ဘာတွင် ရုရှားဈေးကွက်ထက် ပိုမိုကောင်းမွန်သော ဈေးကွက်မရှိပါ၊



ရုရှား၌ ရင်းနှီးမြှုပ်နှံ၍ အမြတ်ငွေများများရလိုပါသည်ဟု ပြောကြားခဲ့သည်။

အီရတ်နိုင်ငံအားလက်နက်ရောင်းချခြင်းနှင့်ပတ်သက်၍ ပါလီမန်တွင် ဝန်ကြီးချုပ် လိမ်ညာခဲ့သည်ဟူသော အတိုက်အခံ လေဘာပါတီ၏ စွပ်စွဲချက်ကို ဗြိတိသျှဝန်ကြီးချုပ် ဂျွန်မေဂျာက ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ပယ်ချခဲ့သည်။ ဂျွန်မေဂျာ နိုင်ငံခြားရေးဝန်ကြီးဖြစ်သော ၁၉၈၉ ခုနှစ်တွင် လက်နက်ထုတ်လုပ်ရေးအတွက် ကြံရွယ်ထားသော စက်ပစ္စည်းများကို အီရတ်နိုင်ငံသို့ တင်ပို့ရောင်းချခဲ့ကြောင်း လျှို့ဝှက်အထောက်အထားများကို ရရှိထားကြောင်း လေဘာပါတီက ပြောကြားသည်။

ဝန်ကြီးချုပ်ရုံး၌ ရုံဖန်ရုံခါ အစားအစာချက်ပြုတ်ရသော အမျိုးသမီးတစ်ဦးနှင့် မရှင်းမလင်းဖြစ်ခဲ့ရကြောင်း စွပ်စွဲရေးသားသည့်မဂ္ဂဇင်းနှစ်စောင်ကို ဝန်ကြီးချုပ် ဂျွန်မေဂျာက တရားစွဲမည်ဟု ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ဝန်ကြီးချုပ်ရုံးမှ ပြောကြားသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်ဂျွန်မေဂျာက တရားစွဲဆိုရန် ညွှန်ကြားခဲ့သည်။ ဝန်ကြီးချုပ်အနေဖြင့် တရားစွဲဆိုခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်၍ တရားရုံးကုန်ကျစရိတ်များကို ဂျွန်မေဂျာက သူ၏ကိုယ်ပိုင်ငွေဖြင့် ကျခံမည်ဟုဆိုသည်။ ဂျွန်မေဂျာ၏ အိမ်ထောင်ရေးကို ထိခိုက်စေသောမဂ္ဂဇင်း၌ ပါရှိသည့် ရေးသားချက်များမှာ မှန်ကန်ခြင်းမရှိကြောင်း ဝန်ကြီးချုပ်ရုံးမှထုတ်ပြန်ကြေညာသည်။ ဂျွန်မေဂျာသည် ၁၉၇၀ ပြည့်နှစ်တွင် နော်မန်ဆိုသူ အမျိုးသမီးကို လက်ထပ်ခဲ့၍ သားတစ်ယောက်နှင့် သမီးတစ်ယောက် ထွန်းကားခဲ့သည်။

၁၉၉၂ ခုနှစ်က ခရစ္စမတ်နေ့မိန့်ခွန်း နှစ်ရက်တင်ကြို ပေါက်ကြားသောစာမူကို ပုံနှိပ်ဖော်ပြသည့်အတွက် ဒုတိယမြောက် အဲလီဇဘတ်ဘုရင်မ၏ ရှေ့နေများက ဆန်းသတင်းစာအား တရားစွဲဆိုရန် ဖေဖော်ဝါရီလ ၂ ရက်နေ့က ခြိမ်းခြောက်ခဲ့သည်။ လျော်ကြေးပေးရန် ရှေ့နေများက တောင်းဆိုကြသည်။ လျော်ကြေးမပေးပါက တရားလွှတ်တော်အထိတက်မည်ဟု ရှေ့နေများကပြောကြားသည်။ ယင်းမိန့်ခွန်းကို တရားဝင်မရကြောင်း ဘီဘီစီ ဝန်ထမ်းတစ်ဦးထံမှရရှိကြောင်း ဆန်းသတင်းစာ၌ ထပ်မံဖော်ပြသည်။ ဘုရင်မကြီး၏ရှေ့နေများက တရားစွဲဆိုခြင်းကို ရင်ဆိုင်ရန် ပြင်ဆင်ထားကြောင်း ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့ထုတ် "ဆန်း" သတင်းစာတွင် ဖော်ပြပါရှိသည်။

အသံမလွှင့်မီ နှစ်ရက်တင်ကြိုပြီး ဘုရင်မကြီး၏ ခရစ္စမတ်မိန့်ခွန်းကို သတင်းစာ၌ ဖော်ပြခြင်းအတွက် နစ်နာကြေးပေးရန် "ဆန်း" သတင်းစာသို့ ဘုရင်မ၏ ရှေ့နေများက စာရေးအကြောင်းကြားခဲ့သည်။ ၇ ရက်အတွင်း ပြေလည်ရန်ညှိနှိုင်းခြင်းကို သဘောမတူလျှင် ယင်းကိစ္စကို တရားရုံး၌ တင်သွင်းဖြေရှင်းရမည်ဟု ရှေ့နေများက သတိပေးခဲ့သည်။ ဘုရင်မကြီး၏ ခရစ္စမတ်မိန့်ခွန်းကို ခွင့်ပြုချက်မရှိဘဲ တင်ကြိုဖော်ပြသည့်အတွက် ကျေအေးရန် ပေါင်စတာလင်ငွေ ၂,၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၂,၈၄,၀၀၀)ဖြင့် ဆန်းသတင်းစာက ကမ်းလှမ်းခြင်းကို ဘုရင်မကြီးက လက်ခံလိုက်သည်။ ယင်းသို့ကမ်းလှမ်းချက်နှင့် တောင်းပန်စာကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့ထုတ် သတင်းစာမျက်နှာဖုံး၌ ဖော်ပြခဲ့သည်။ ဆန်းသတင်းစာမှပေးသော လျော်ကြေးငွေ၏ ထက်ဝက်ကို ဘာလေးသူငယ်ရန်ပုံငွေ၌ ထည့်ဝင်၍ ကျန်ငွေကို လီယိုနတ်ချဲရှိုင်းယား ဖောင်ဒေးရှင်းသို့ လှူဒါန်းမည်ဖြစ်ကြောင်း နန်းတော်မှပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

အခြားပြည်သူများကဲ့သို့ ဒုတိယမြောက် အဲလီဇဘတ်ဘုရင်မကြီးက ဝင်ငွေခွန်ပေးမည်ဖြစ်ကြောင်း ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အေပီသတင်းဌာနက ရေးသားဖော်ပြသည်။ သို့ရာတွင် နန်းတော်မှ အမွေရရှိသောပစ္စည်းများမှ အခွန်ကောက်ယူမည်မဟုတ်ကြောင်း ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် အစိုးရက ပြောကြားသည်။ ဘုရင်မကြီးက မည်မျှမည်မျှ အခွန်ထမ်းဆောင်ရမည်ကို တရားဝင်ခန့်မှန်းချက်မရှိပေ။ သို့ရာတွင် ဝေဖန်မှုကိုရင်ဆိုင်နေရသော ဘုရင်မကြီးအတွက် အချိန်ယူရလိမ့်မည်ဟု ဥပဒေပညာရှင်အချို့က ပြောကြားသည်။ ချားလ်မင်းသားကလည်း သူပိုင်ဆိုင်သောပစ္စည်းများအပေါ် အခွန်ထမ်းဆောင်ရန် သဘောတူထားသည်။ ယခင်ကကဲ့သို့ မိမိဆန္ဒအလျောက် ၂၅ ရာခိုင်နှုန်းအခွန်ထမ်းဆောင်မည့်အစား ၄၀ ရာခိုင်နှုန်းပေးမည်ဟု ထင်ရသည်။ ချားလ်မင်းသားပိုင်ပစ္စည်းများမှ အမြတ်ငွေမှာ နောက်ဆုံးရရှိသောစာရင်းဇယားအရ ပေါင်စတာလင်ငွေ ၂.၉ သန်းရှိသည်။ အခွန်ထမ်းဖြစ်လာရန် ဘုရင်မကြီး၏ ဆန္ဒကိုကြေညာပြီးနောက် နှစ်လခွဲအကြာ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ဝန်ကြီးချုပ် ဂျွန်မေဂျာက ဘုရင်မကြီး အခွန်ထမ်းဆောင်မည့် အစီအစဉ်များကို ပါလီမန်၌ တင်ပြခဲ့သည်။

အီးစီ၏ မက်စထရစ်ချ် စာချုပ်(Maastricht Treaty) အပေါ် ဆန့်ကျင်ကန့်ကွက်မှုအလားအလာများကို ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ဗြိတိသျှအစိုးရ ကြုံတွေ့ခဲ့ရသည်။ အငြင်းပွားနေသောလူမှုရေးအပိုဒ်၌ ပြင်ဆင်ချက်တစ်ခုတွင် မဲဆန္ဒပေးရန် အတိုက်အခံအမတ်များနှင့် သူ၏ပါတီအတွင်း၌ သြဇာတိက္ကမရှိသော ကွန်ဆားဗေးတစ်ပါတီဥက္ကဋ္ဌဟောင်း လွှိုက်တက်ဘစ်က ဆော်သြခဲ့သည်။ ယင်းစာချုပ်ကို အကာအကွယ်ပေးခြင်းဖြင့် နိုင်ငံရေးသိက္ခာကိုထိန်းသိမ်းထားသော ဝန်ကြီးချုပ် ဂျွန်မေဂျာမှာ မဲရရှိရေး၌ မရေမရာဖြစ်နေကြောင်း နိုင်ငံရေးဝေဖန်သူများက ပြောကြားသည်။ ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလတွင်

ဗြိတိန်ဘုရင်မကြီး အဲလီဇဘတ်



စာချုပ်ကို အတည်ပြုရေးအတွက် မဲခွဲကြရာ၌ ၃ မဲဖြင့် ဝန်ကြီးချုပ် ဂျွန်မေဂျာ အနိုင်ရရှိခဲ့သည်။ ပါလီမန်၌ မဲရှုံးသည့်တိုင်အောင် မက်စထရစ်ချ် စာချုပ်ကို အတည်ပြုမည်ဟု ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ဗြိတိသျှအစိုးရကကြေညာခဲ့သည်။ အလုပ်သမားဆိုင်ရာ အရေးကြီးသောစာပိုဒ်များတွင် ကွန်ဆာဗေးတစ်အစိုးရ၏ တရားဥပဒေဆိုင်ရာ အကြံပေးချက်မှာ မှားနေကြောင်း နိုင်ငံခြားရေးဝန်ကြီးဒေါက်ဂလပ်ဟပ်က ပြောကြားသည်။ အီးစီစာချုပ်၏ လူမှုရေးဆိုင်ရာအပိုဒ်ကို လက်ခံရန် ငြင်းဆိုနေမှု၌ မဲခွဲရာတွင် အစိုးရမဲရှုံးသည့်တိုင်အောင် ယင်းစာချုပ်ကို ဗြိတိန်နိုင်ငံက အတည်ပြုနိုင်ကြောင်း အကြံပေးချက်အသစ်၌ပါရှိသည်။ ပါလီမန်တွင် အစိုးရ အရေးနိမ့်ပါက စာချုပ်အတည်ပြုရေးမှာ မဖြစ်နိုင်ဘဲရှိရာ စာချုပ်တစ်ခုလုံး ပျက်ရတော့မည်ဟု ဒေါက်ကလပ်ဟပ်၏ လက်ထောက်နိုင်ငံခြားရေးရုံးဝန်ကြီးက ပြောကြားခဲ့သည်။

ဥရောပသမဂ္ဂဆိုင်ရာ မက်စထရစ်ချ်စာချုပ်ကို ၁၉၉၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့ကပါလီမန်၌မဲခွဲဆုံးဖြတ်ရာ ၃၁၄ မဲ ၂၉၂ မဲဖြင့် ဗြိတိသျှဝန်ကြီးချုပ် ဂျွန်မေဂျာ အရေးနိမ့်ခဲ့သည်။စာချုပ်ကိုအတည်ပြုရေး၌ စာချုပ်ပါအချက်အလက် အနည်းငယ်ပြင်ဆင်ခြင်းကို မဲခွဲခြင်းဖြစ်သော်လည်း ကွန်ဆာဗေးတစ်ပါတီအတွင်း၌ ဂျွန်မေဂျာနှင့် အတိုက်အခံများအကြား အားစမ်းခြင်းဖြစ်သည်။ ယင်းစာချုပ်မှာ ဗြိတိသျှ အချုပ်အခြာအာဏာကို ဖြိုလှဲခြင်းဖြစ်ကြောင်း အတိုက်အခံများက ပြောကြားသည်။ အတိုက်အခံ ပါတီများနှင့် ပူးပေါင်းပြီး ဝန်ကြီးချုပ် ဂျွန်မေဂျာအား ကွန်ဆာဗေးတစ်ပါတီဝင်များက အလဲထိုးခြင်းမှာ ၁၉၈၆ ခုနှစ်မှစ၍ ကွန်ဆာဗေးတစ်ပါတီအတွက် ပထမဆုံး အကြိမ် ဖြစ်သည်။ ပါလီမန်မဲဖြင့် သူ၏ခေါင်းဆောင်မှုကို စွဲကိုင်ထားခြင်းမဟုတ်ကြောင်း ဂျွန်မေဂျာက ရှင်းလင်း ပြောကြားခဲ့သော်လည်း သူ့အားမဲဆန္ဒဖြင့် အလဲထိုး ပုံရသည်။ ၁၉၈၀ ပြည့်နှစ်များအတွင်း၌ ဗြိတိသျှနိုင်ငံရေး၌ လွှမ်းမိုးခဲ့၍ အာဏာရ ကွန်ဆာဗေးတစ်ပါတီ အတွင်း၌ သြဇာညောင်းနေသေးသော မာဂရက်သက်ချာ၏ လမ်းစဉ်အချို့ကို လက်မခံကြောင်း မတ်လ ၈ ရက်နေ့တွင် ဝန်ကြီးချုပ် ဂျွန်မေဂျာက ထုတ်ဖော်ပြောကြားခဲ့သည်။

လူနေအိမ်အပူပေးခြင်းကို ပထမဆုံးအကြိမ်အနေဖြင့် အခွန်ကောက်မည်ဖြစ်ကြောင်း ရွေးကောက်ပွဲကတိ အချို့ကို ချိုးဖောက်လျက် ကွန်ဆာဗေးတစ်အစိုးရက မတ်လ ၁၇ ရက်နေ့တွင် ကြေညာသည်။ တက်လာသော ဘတ်ဂျက်လိုငွေ ထေမိစေရန် ဓာတ်ဆီ၊ ဘီယာနှင့် စီးကရက် အခွန်များကို မြှင့်တက်လိုက်သည်။ ပြေလတွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် လိုငွေ ပေါင် ၃၅ ဘီလီယံ (ဒေါ်လာ ၅၂.၅ ဘီလီယံ) ရှိရာမှ ၁၉၉၃ – ၉၄ ခု ဘဏ္ဍာရေးနှစ်တွင် ပေါင် ၅၀ ဘီလီယံ (ဒေါ်လာ ၇၂.၅ ဘီလီယံ) သို့မဟုတ် ပြည်တွင်းထွက်ကုန် စုစုပေါင်း၏ (၈) ရာခိုင်နှုန်း တက်လာခြင်းမှာ လက်ခံနိုင်စရာမရှိကြောင်း ဘဏ္ဍာရေး ဝန်ကြီး နော်မန်လမွန့်က ပြောကြားသည်။ ဗြိတိန်နိုင်ငံ၏ ၁၉၉၂ ခုနှစ်၊ အမျိုးသား ရွေးကောက်ပွဲအတွက် မဲဆွယ်ပွဲအတွင်း ထားခဲ့သော ကတိကို ချိုးဖောက်ကြောင်း အတိုက်အခံ လေဘာပါတီက ဝန်ကြီးချုပ် ဂျွန်မေဂျာအား ဝေဖန်ပြောကြားခဲ့သည်။ နေအိမ်အပူပေး ခွန်ကောက်ခံခြင်း အတွက် ဗြိတိသျှအစိုးရမှာ ဝေဖန်ခံခဲ့ရသည်။ ဆင်းရဲသား များအား ယင်းအခွန်မှ ကင်းလွတ်ခွင့်ပြု ရန် အတိုက်အခံ လေဘာပါတီက ကြိုးစားနေသည်။ အစာစားခြင်းနှင့် နေအိမ်အပူ ပေးခြင်းအကြား ပြည်သူတို့ကြိုက်ရာ ရွေးရန် ယင်းအခွန်က ဖန်တီးနေကြောင်း သတင်းစာများက ရေးသားဖော်ပြကြသည်။ ၁၇.၇ ရာခိုင်နှုန်းအထိ မတက် မီက ၈ ရာခိုင်နှုန်းမှ စတင်ခဲ့သော အခွန်အပေါ် အချေအတင် ဆွေးနွေးပွဲမှာ ပါလီမန်၌ အကြိတ်အနယ် ဆွေးနွေးခဲ့ကြရသည်။ ဗြိတိသျှစီးပွားရေး ဦးမော့ လာရေးနှင့် အစိုးရဘတ်ဂျက်လိုငွေပြခြင်း လျှော့ပါးရေး ဆောင်ရွက်ရန် ဘဏ္ဍာရေးဝန်ကြီး နော်မန်လမွန့်က ပြောကြားခဲ့သည်။

နှစ်နှစ်ခွဲကြာမျှ စီးပွားရေးကျဆင်းခဲ့ပြီးနောက် ဗြိတိသျှ နိုင်ငံ၏စစ်ပြီးခေတ် အကြာဆုံးစီးပွားရေးကျဆင်းမှုမှ ပြန်လည်ဦးမော့လာပြီဖြစ်ကြောင်း ပြေလ ၂၆ ရက်နေ့တွင် အစိုးရစာရင်းဇယားက ပြသခဲ့သည်။၁၉၉၃ ခုနှစ်၊ ပထမ သုံးလပတ်အတွင်း စီးပွားရေးတိုးတက်မှုမှာ ၀.၂ ရာခိုင်နှုန်း ရှိ၍ ရေနံနှင့်ဓာတ်ငွေ့ထုတ်လုပ်မှုမှာ ၀.၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ အတိုးနှုန်းမြင့်တက်ခြင်းဖြင့် ငွေကြေး ဖောင်းပွမှုကျဆင်းအောင် အစိုးရက ဆောင်ရွက်ခဲ့သည်။ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ အတွင်း ကုန်ပစ္စည်း တိုးတက်ထုတ်လုပ်၍ အိမ်ဈေးနှုန်းနှင့် လက်လီဈေးနှုန်း တက်ခဲ့သည် စသည်ဖြင့် ဘဏ္ဍာရေးဝန်ကြီး လမွန့်က ပြောကြားသည်။

အာဏာရကွန်ဆာဗေးတစ်ပါတီ ရွေးကောက်ပွဲတစ်ခုတွင် အရေးနိမ့်ခဲ့ပြီးနောက် လူကြိုက်နည်းလာသော ဘဏ္ဍာရေး ဝန်ကြီး နော်မန်လမွန့်အား ရာထူးမှ ဖယ်ရှားပစ်ရန် ဝန်ကြီးချုပ် ဂျွန်မေဂျာ ဖိအားပေး ခံနေရသည်။ အစိုးရ၏ စီးပွားရေးပေါ်လစီများတွင် အယုံအကြည်မရှိကြောင်း မဲဆန္ဒရှင်များက ပြသပြီးနောက် ဘဏ္ဍာရေးဝန်ကြီး

နော်မန်လမွန့်အား ဖြုတ်ပစ်ခြင်းအားဖြင့် မိမိ၏ အာဏာကို ထိန်းသိမ်းရမည်ဟု ကွန်ဆာဗေးတစ်ပါလီမန် အမတ်များက ဝန်ကြီးချုပ် ဂျွန်မေဂျာအား ပြောကြားသည်။ အထွေထွေ ရွေးကောက်ပွဲဖြင့် ဂျွန်မေဂျာ အာဏာ ပြန်ရလာပြီးနောက် ၁၃ လ အကြာတွင် အကောက်ခွန် စီးပွားရေး ပြန်လည်ဦးမော့လာရေးနှင့် ကျောက်မီးသွေးတွင်းများ ပိတ်ပစ်ခြင်းကဲ့သို့သော နိုင်ငံရေး ပြဿနာများကြောင့် မဲဆန္ဒရှင်များ မကျေမနပ်ဖြစ်ကြ ရသည်။ ၁၉၃၀ ပြည့်နှစ်များမှစ၍ ကာလအတော်ကြာ စီးပွားရေးကျဆင်းခြင်းအတွက် ဘဏ္ဍာရေးဝန်ကြီး လမွန့်ကို အပြစ်တင်ကြသည်။ လမွန့်မှာ မစ္စတာ မေဂျာအား ယှဉ်ပြိုင်အန်တုလာကြောင်း ကွန်ဆာဗေးတစ်ပါတီဝင်များဘက်မှ အသံထွက်လာသည်။ လွန်ခဲ့သော ရက်သတ္တပတ် အတွင်းက ဒေသန္တရရွေးကောက်ပွဲများတွင် အရေးနိမ့်ခဲ့ပြီးနောက် ဖိအားပေးခံရသော ဝန်ကြီးချုပ်ဂျွန်မေဂျာမှာ မေလ ၁၀ ရက်နေ့တွင် ချက်ချင်းအစိုးရအဖွဲ့ ပြောင်းလဲရန် တောင်းဆိုချက်ကို ပယ်ချခဲ့သည်။ သို့ရာတွင် သူ၏ခေါင်းဆောင်မှုကို တိုက်ခိုက်လာကြောင်း တွေ့မြင်ရသည်။

မေလ ၆ ရက်နေ့က အင်္ဂလန်နိုင်ငံတစ်ဝန်းလုံး၌ ကျင်းပခဲ့သော ဒေသန္တရအစိုးရရွေးကောက်ပွဲများနှင့် ကြားဖြတ်ရွေးကောက်ပွဲတစ်ခုတွင် ကွန်ဆာဗေးတစ်ပါတီဝင်များ အထိနာခြင်းမှာ အရေးကြီးသော ပြဿနာဖြစ်ကြောင်း အစိုးရဝန်ကြီးများက ဝန်ခံကြသည်။ သို့ရာတွင် လူကြိုက်နည်းနေသော ဘဏ္ဍာရေးဝန်ကြီး နော်မန်လမွန့်အား ထုတ်ပစ်ရေးကိုမူ ခုခံကာကွယ်ကြသည်။ ၁၉၉၀ ပြည့်နှစ်တွင် မာဂရက်သက်ချာကို ဆက်ခံခဲ့သော ဂျွန်မေဂျာက စီးပွားရေးကျဆင်းခြင်းအတွက် ဝေဖန်ခြင်းကို ခုခံကာကွယ်နေသည်။ ကွန်ဆာဗေးတစ်အစိုးရ အင်အားကောင်းလာစေရန် မေလ ၂၇ ရက်နေ့တွင် ဝန်ကြီးချုပ် ဂျွန်မေဂျာက ဘဏ္ဍာရေးဝန်ကြီး နော်မန်လမွန့်အပါအဝင် ဝန်ကြီးများ အပြောင်းအလဲပြုလုပ်ခဲ့ရသည်။ ဝန်ကြီး ၂၂ ဦးပါဝင်သော ဝန်ကြီးအဖွဲ့တွင် ပြောင်းလဲခြင်းများ ပြုလုပ်ရာ၌ လမွန့်မှာ အခြားရာထူး လက်မခံဘဲ အစိုးရ အဖွဲ့မှ ထွက်သွားသည်။

ရာထူးမှ နုတ်ထွက်သွားသော ဘဏ္ဍာရေးဝန်ကြီး နော်မန်လမွန့်က ဝန်ကြီးချုပ်အားတိုက်ခိုက် ပြောကြားပြီးနောက် ဂျွန်မေဂျာက မိမိမှာ ဒေသဆိုင်ရာ အခက်အခဲအနည်းငယ်ရှိကြောင်း ဇွန်လ ၁၁ ရက်နေ့တွင် ဝန်ခံစကားပြောကြားလိုက်သည်။ ၂ နှစ်ခွဲကြာ စီးပွားရေးကျဆင်းရာမှ ဝန်ကြီးချုပ် ဂျွန်မေဂျာ အခက်အခဲများနှင့် ရင်ဆိုင်ရသည်။ နှစ်ပေါင်း ၅၀ အတွင်း မေဂျာသည် ၂၁ ရာခိုင်နှုန်းသာ ထောက်ခံမှုရရှိခဲ့သော လူကြိုက်နည်းသည့် ဗြိတိသျှ ဝန်ကြီးချုပ်ဖြစ်သည်။ ဗြိတိန်ပြည်သူ ၄၀ ရာခိုင်နှုန်းက ဝန်ကြီးချုပ် ဂျွန်မေဂျာ နုတ်ထွက်ပေးရန် အလိုရှိကြောင်း ဇွန်လ ၁၂ ရက်နေ့တွင် ထုတ်ပြန်သော ဆန္ဒခံယူပွဲ အသစ် နှစ်ခုအရ သိရှိရသည်။

ပုတ်ခတ်ပြောကြားမှုများကို ရပ်တန့်၍ ဝန်ကြီးချုပ် ဂျွန်မေဂျာ နောက်၌ ရပ်တည်ကြရန် ဗြိတိသျှဘဏ္ဍာရေးဝန်ကြီးသစ် ကင့်နက်ကလတ်က အာဏာရ ကွန်ဆာဗေးတစ်ပါတီအား ဇွန်လ ၁၆ ရက်နေ့တွင် ပန်ကြားခဲ့သည်။ ဝန်ကြီးဟောင်း မာဂရက်သက်ချာထံမှ မမျှော်လင့်သော ထောက်ခံမှုကိုရရှိ၍ ပါတီအတွင်း ဂျွန်မေဂျာ၏ အနေအထားမှာ အင်အားကောင်းနေဆဲဖြစ်သည်။ ၁၄ လ အတွင်း ၄ ကြိမ်တိုင် ဆက်တိုက် အောင်ပွဲခံရန် ကွန်ဆာဗေးတစ် ပါတီကို ခေါင်းဆောင်ခဲ့သော ဂျွန်မေဂျာ၏ အခက်အခဲ များမှာ ယာယီသာဖြစ်ကြောင်း နိုင်ငံရေးဝေဖန်သူများက ယုံကြည်ကြသည်။

မကြာမီက ပြည်သူ့ဆန္ဒကောက်ယူရာတွင် ၁၄ ရာခိုင်နှုန်းကသာ ဝန်ကြီးချုပ် ဂျွန်မေဂျာအား နှစ်သက်ကြောင်း ဖော်ပြကြရာ နိုင်ငံသမိုင်းအဆက်ဆက်တွင် လူကြိုက်အနည်းဆုံး ဝန်ကြီးချုပ်တစ်ဦး ဖြစ်လာခဲ့ကြောင်း ဂါဒီယံသတင်းစာက ဇူလိုင်လ ၇ ရက်နေ့တွင် ဖော်ပြခဲ့သည်။ မေဂျာသည် အရည်အချင်းမရှိသူ တစ်ဦးသာ ဖြစ်ကြောင်း ၅၄ ရာခိုင်နှုန်းက ဖော်ပြ၍ မပြတ်သားသူဖြစ်ကြောင်း ၇၃ ရာခိုင်နှုန်းက ဖော်ပြကြသည်။ ဥရောပပြည်ထောင်စုဆိုင်ရာ ပင်မစာချုပ် ထောက်ခံရေးအဆိုကို မဲခွဲရာ၌ ဂျွန်မေဂျာ အရေးနိမ့်ခဲ့သည်။ လေဘာပါတီ၏ ပြင်ဆင်ချက်အဆိုကို ဆန္ဒမဲခွဲရာ၌ ၃၁၇ မဲ စီရရှိနေစဉ် ပါလီမန်ဥက္ကဋ္ဌ ဘက်တီဘွတ်သရွိုက်ထည့်သော အဆုံးအဖြတ်မဲဖြင့် အနိုင်ရရှိခဲ့သော်လည်း ဥရောပပြည်ထောင်စုဆိုင်ရာ မက်စထရစ်ချ်စာချုပ် အတည် ပြုရေးကို မဲခွဲရာ၌ ထောက်ခံမဲ ၃၁၆ မဲ၊ ကန့်ကွက်မဲ ၃၂၄ မဲဖြင့် ရှုံးနိမ့်ခဲ့သည်။ ဂျွန်မေဂျာသည် စုစုပေါင်း အမတ်ဦးရေ ၆၅၁ နေရာ ရှိသည့် အောက်လွှတ်တော်တွင် အမတ်နေရာ ၁၈ နေရာသာ အသာရရှိထားသည်။

ဝင်ဆာရဲတိုက်ကြီး ပြန်လည်ပြုပြင်မွမ်းမံရေးအတွက် ရန်ပုံငွေရှာဖွေရာတွင် အဲလီဇဘတ် ဘုရင်မကြီးက မိမိ၏ လန်ဒန်ဂေဟာဘတ်ကင်ဟမ်နန်းတော်ကြီးကို ဖွင့်လှစ်ပေးစဉ် တန်ဖိုးမဖြတ်နိုင်သော ပစ္စည်းရတနာများကို ပထမဆုံးအကြိမ် ခင်းကျင်းပြသလိုက်သည်။ ဗြိတိသျှ အရပ်သားများ၊ ပင်လယ်ရပ်ခြားမှ ကမ္ဘာလှည့်



ဘတ်ကင်ဟမ်နန်းတော်၏ အတွင်းပိုင်းမြင်ကွင်း



ခရီးသည်များအား လန်ဒန်မြို့လယ်ရှိ ဘုရင်မနန်းတော်ကြီး၏ ကြီးကျယ်ခမ်းနားသော အတွင်းပိုင်းကို ကြည့်ရှုခွင့်ပြုရန် ရွှေချထားသော တံခါးပေါက်များကို နန်းတော်အမှုထမ်းများကဖွင့်လှစ်ပေးခဲ့သည်။ အများပြည်သူများအား အခကြေးငွေပေး၍ ကြည့်ရှုခွင့်ပြုသည့် ဩဂုတ်လ ၇ ရက်နေ့ မတိုင်မီ တစ်ရက်အလို ဩဂုတ်လ ၆ ရက်နေ့က နန်းတွင်း၌ ကော်ဇောနီခင်းထားသော ခန်းမကြီးတစ်ခုအတွင်း ကမ္ဘာ့လူထုဆက်သွယ်ရေးပုဂ္ဂိုလ်များနှင့် တွေ့ဆုံ ရှင်းလင်းပွဲနှင့်ကြိုတင်ပြပွဲတစ်ခု ပြုလုပ်ခဲ့သည်။ သတင်းထောက် ၆၀၀ မှာ တစ်နာရီစီခြား၍ လှည့်လည်ကြည့်ရှုခွင့် ရရှိကြသည်။

အခန်းပေါင်း ၆၀၀ ရှိသော နန်းတော်ကြီးမှာ ဗြိတိသျှဘုရင်စနစ်၏ စံနမူနာနှင့် အခြေခံဖြစ်သည်။ ဘုရင်မကြီး၏ ဝင်ဆာရဲတိုက်ကြီးသည် ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလက မီးလောင်ပျက်စီးခဲ့၍ ယင်းရဲတိုက်ကြီး ပြန်လည်ပြုပြင်ရန် ပေါင်စတာလင်ငွေသန်း ၄၀(ဒေါ်လာသန်း ၆၀) လိုအပ်နေသဖြင့် နန်းတော် ကြီးကို ဖွင့်လှစ်ပြသပြီး ရန်ပုံငွေရှာခြင်းဖြစ်သည်။ နန်းတော်ကြီးကို အောက်တိုဘာလ ၁ ရက်နေ့အထိ ဖွင့်လှစ်ပြသခဲ့သည်။ (ရွှယ်စုံနှစ်ချုပ် ၁၉၉၃ – စာ၊ ၂၈ – ရှ။)

ဗြိတိသျှကိုလိုနီဖြစ်သော ဟောင်ကောင်ကျွန်းကို ၁၉၉၇ ခုနှစ်တွင် ဗြိတိန်က တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည် လွှဲပြောင်းပေးရတော့မည် ဖြစ်ရာ ဟောင်ကောင်၌ ဗြိတိသျှတို့၏အခန်းကဏ္ဍ တဖြည်းဖြည်း လျော့နည်းလာနေသည်။ ရေမြေရပ်ခြားမှ ပြောင်းလာသူများ အလုပ်အကိုင် ရာထူး၌ ဆက်လက်ခန့်ထားရေးနှင့် ပတ်သက်၍ ဟောင်ကောင်ရှိ တရုတ်အစိုးရဝန်ထမ်းများနှင့် အုပ်စိုးသူ ဗြိတိသျှတို့အကြား အငြင်းပွားစရာ ပြဿနာပေါ်နေသည်။ ဟောင်ကောင်ရှိ အစိုးရဝန်ထမ်းများအနက် တရုတ်အမျိုးသားများက ၉၈ ရာခိုင်နှုန်း ရှိသည်။ သို့ရာတွင် ဗြိတိန်နှင့် အင်္ဂလိပ်စကားပြော ဗြိတိသျှကိုလိုနီများမှ ပြောင်းရွှေ့လာသူများက ထိပ်တန်း ရာထူးကြီးများ၏ သုံးပုံတစ်ပုံကို ရယူထားသည်။ တရုတ်ပြည်သို့ လွှဲပြောင်းပေးရမည့်အချိန် နီးလာသည်နှင့် အမျိုးနိုင်ငံခြားမှ လာရောက်အလုပ်လုပ်ကိုင်နေသော ပြည်သူ့ဝန်ထမ်းများအား ရာထူးမှ ဖယ်ရှားပစ်ရေးမှာ အရှိန်အဟုန်မြင့်လာခဲ့သည်။ ရဲဘက်အကြီးအကဲရာထူး တရုတ်လူမျိုးတစ်ဦးအား အစားထိုးခန့်အပ်ခြင်းနှင့် အခြားထိပ်တန်းရာထူးများတွင် အပြောင်းအလဲ ပြုလုပ်နေပြီဖြစ်သည်။ ၁၉၉၅ ခုနှစ် အရောက်တွင် စစ်တပ်

အင်အားကို ထက်ဝက်လျော့ရန် ဩဂုတ်လ အတွင်းက ကြေညာခဲ့သည်။ ဟောင်ကောင်သုံးငွေစက္ကူများအပေါ်၌ ဗြိတိန်ဘုရင်မ အဲလိဇဘတ်၏ ပုံအစား ဟောင်ကောင်၏ အမျိုးသားပန်းပွင့်ဖြင့် အစားထိုး ခဲ့သည်။ ဗြိသျှအလံ ဟောင်ကောင်၌ ပျောက်ကွယ်စပြုနေရာ ဟောင်ကောင် လေကြောင်းလိုင်းဖြစ်သော ကာသေးပစိဖိတ်လေကြောင်းလိုင်းမှ လေယာဉ်များတွင် ဗြိတိသျှအလံကို ဖျက်လိုက်ပြီဖြစ်သည်။

ဗြိတိသျှအုပ်စိုးမှုအောက်တွင် ဟောင်ကောင်ကျွန်း၏ နောက်ဆုံးရွေးကောက်ပွဲများကို မည်သို့ကျင်းပမည်ဟူသော ကိစ္စနှင့် ပတ်သက်၍ တရုတ်ဗြိတိသျှ (၁၁) ကြိမ်မြောက် ဆွေးနွေးပွဲကို စက်တင်ဘာလ ၈ ရက်နေ့က ပီကင်းမြို့၌ ကျင်းပခဲ့သည်။ နိုင်ငံဝန်ထမ်းများမှာ ၁၉၉၅ ခုနှစ်အတွက်၊ ဥပဒေပြုလွှတ်တော်အမတ်များကို ရွေးချယ်တင်မြောက်နိုင်သော အုပ်စုများအနက် တစ်ခု ဖြစ်ရန် ဗြိတိသျှဘက်က အဆိုပြုခဲ့သည်။ ခရိုင်ဘုတ်အဖွဲ့များ အတွက် ၁၉၉၄ နှင့် ၁၉၉၅ ခုနှစ်၊ ရွေးကောက်ပွဲများမှာ ၁၉၉၇ ခုနှစ်တွင် တရုတ်အုပ်ချုပ်ရေး လက်အောက်သို့ ဗြိတိသျှကိုလိုနီ မလွှဲအပ်မီ နောက်ဆုံးလုပ်ငန်းဖြစ်၍ တရုတ်ဗြိတိသျှ ဆွေးနွေးပွဲများ၏ အဓိကဦးတည်ချက်ဖြစ်သည်။

ဗြိတိန်နိုင်ငံသည် မြောက်အိုင်ယာလန်ပြည်နယ်တွင် ၁၉၆၉ ခုနှစ်မှစ၍ နှစ်ပေါင်းနှစ်ဆယ်ကျော်မျှ ကြုံတွေ့လာခဲ့ရသော နိုင်ငံရေးနှင့် ဘာသာရေးပဋိပက္ခများ အဆုံးသတ်စေပြီး ငြိမ်းချမ်းရေးပြန်လည်ရရှိစေရန် ကြိုးပမ်းချက်အနေဖြင့် ဝန်ကြီးချုပ် ဂျွန်မေဂျာသည် ယင်းဒေသအတွင်းရှိ နိုင်ငံရေး၊ ဘာသာရေးခေါင်းဆောင်များနှင့် စက်တင်ဘာလ ၁၇ ရက်နေ့တွင် ဆွေးနွေးခဲ့သည်။ အိုင်အာရ်အေ အကြမ်းဖက်ပြောက်ကျားအဖွဲ့က ဗြိတိသျှအုပ်စိုးမှုကို ဆန့်ကျင်တိုက်ခိုက်ခြင်းနှင့် ပရိုတက်စတင့် အစွန်းရောက်ဝါဒီတို့၏ တန်ပြန်တိုက်ခိုက်ခြင်းတို့ကြောင့် ၁၉၆၉ ခုနှစ်မှ စ၍ လူပေါင်း ၃၀၀၀ ကျော် သေဆုံးခဲ့ရသည်။

ယင်းအစီအစဉ်၏ မူလရည်မှန်းချက်မှာ ဈေးကွက်စီးပွားရေးစနစ်၏ လွတ်လပ်ခွင့်ကြောင့် ဈေးကွက်ကို လွှမ်းမိုးချုပ်ကိုင်လုနီးပါး ဖြစ်နေသည့် ထုတ်လုပ်သူများက အမြတ်အစွန်းများများ တင်နေမှုကို ကန့်သတ်ရန် ဖြစ်သည်။ ယင်းအစီအစဉ်အရ ဈေးနှုန်းတည်ငြိမ်ရေးအတွက် လုပ်ဆောင်မည့် ကုန်ပစ္စည်းများတွင် စားသောက်ကုန်ပစ္စည်းများဖြစ်ကြသည့် နို့၊ အသား၊ ငါး၊ ဆား၊ ပေါင်မုန့်၊ လက်ဖက်ခြောက်၊ ကလေးအာဟာရနှင့် အရက်မှ အစပြု၍ သံ၊ သမကာ၊ ဖောက်ဆိုက်၊ ပလတ်စတစ်နှင့် သစ်ကဲ့သို့သော ထုတ်ကုန်ပစ္စည်းများလည်း ပါဝင်ပေသည်။ ထို့အပြင် ယင်းအစီအစဉ်အရ အစိုးရအနေဖြင့် ငွေကြေးများများစားစား စိုက်ထုတ် ကုန်ကျခံရန်ရှိနေပေသည်။ ဥပမာအားဖြင့် ပေါင်မုန့်ဈေးနှုန်းများ တည်ငြိမ်စေရေးအတွက် အစိုးရအနေဖြင့် တစ်နေ့လျှင် ရူဘယ်ငွေသန်း ၂၀၀၀မှ ၃၀၀၀ အကြား အကုန်အကျခံနေရပေသည်။ သို့ဖြစ်ရာ ဘတ်ဂျက်လိုငွေ ပမာဏကြီးမားလာမှု ပြဿနာ ကြုံတွေ့လာမည်ဖြစ်သည်။



ရုရှားဝန်ကြီးချုပ် ချာနိုမြာဒင်

**ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ။** ။ရုရှားနိုင်ငံဝန်ကြီးချုပ် ဗစ်တာချာနိုမြာဒင်ကကုန်ဈေးနှုန်းများတည်ငြိမ်ရေးအစီအစဉ်ကို အလုပ်မဖြစ်သည့်အတွက် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် စွန့်လွှတ်ခဲ့သည်။ ယင်းအစီအစဉ်ကို ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလက ဝန်ကြီးချုပ် ရာထူးခန့်အပ်ခံရပြီးနောက် ၎င်းကိုယ်တိုင် ကြေညာခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ် ချာနိုမြာဒင်၏ ဈေးနှုန်းတည်ငြိမ်ရေးအစီအစဉ်ကို လွတ်လပ်သောဈေးကွက်စီးပွားရေးမူဝါဒများမှ နောက်ဆုတ်ခြင်းကို ပြသသည့် နိုင်ငံရေး အချက်ပြမှုတစ်ရပ်ဖြစ်သည်ဟု လေ့လာသုံးသပ်သူများက အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ထို့ပြင် ယင်းအစီအစဉ်မှာ ချာနိုမြာဒင် မတိုင်ခင်က ဝန်ကြီးချုပ်ဖြစ်ခဲ့သူ စီးပွားရေးပညာရှင် ယေဂါဂိုက်ဒါ ၁၉၉၂ ခုနှစ်၊ ဩဂုတ်လကချမှတ်လုပ်

ဆောင်ခဲ့သည့်ကူညီထောက်ပံ့ရေး အစီအစဉ်အပေါ် အခြေပြုလျက် ငွေကြေးဖောင်းပွလျက် ရှိခြင်းကို တုံ့ပြန်ဆောင်ရွက်သည့် လုပ်ရပ်အဖြစ်လည်း ရှုမြင်သုံးသပ်ကြသည်။ သို့ရာတွင် ယင်းအစီအစဉ်၏ ငွေကြေးဖောင်းပွနေမှုအပေါ် အကျိုးသက်ရောက်မှုနှင့် စပ်လျဉ်းပြီး တွက်ဆရာတွင် ကုန်ပစ္စည်းများဈေးဆိုင်များမှ လုံးလုံးပျောက်ကင်းကာ မှောင်ခိုဈေးသို့ရောက်ကုန်မည့် အန္တရာယ်ရှိနေရုံမျှမက ကုန်ပစ္စည်းထုတ်လုပ်မှုအပိုင်းတွင်လည်း ဆိုးဆိုးဝါးဝါး ထိခိုက်လာနိုင်စရာ အကြောင်းရှိနေပေသည်။ သို့ဖြစ်ရာ ငွေကြေးဖောင်းပွမှုနှုန်း မလျော့ပါးဘဲ ပို၍ပင်ဆိုးလာနိုင်စရာရှိနေပေသည်။

ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်နေခြင်းမှာ ရုရှားနိုင်ငံတွင် ဦးစားပေးဖြေရှင်းရမည့် ပြဿနာတစ်ရပ်အဖြစ် ရှိနေပေသည်။ ရူဘယ်ငွေကြေးတန်ဖိုးမှာ နိုင်ငံခြားငွေနှင့် လဲလှယ်ရေးနှုန်းတွင် ကျဆင်းလျက်ရှိပေသည်။ ယင်းသို့ရှိနေရာ ရူဘယ် ၅၀,၀၀၀ တန် ငွေကို ထုတ်ဝေလိုက်ရာ ရုရှားနိုင်ငံသည် ငွေကြေးဖောင်းပွမှု အလွန်အကျွံဖြစ်စေမည့် အန္တရာယ်ရှိနေပြီဟု စီးပွားရေးပညာရှင်များက သတိပေးပြောကြားကြသည်။

နိုင်ငံတော်စာရင်းကော်မတီက ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလတွင် စားသောက်ကုန်ပစ္စည်းဈေးနှုန်းများမှာ လွန်ခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၂,၅၇၉ ရာခိုင်နှုန်းမြင့်တက်လာသည်။ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလတွင် ငွေကြေးဖောင်းပွမှုမှာ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလနှင့် တစ်လချင်းအလိုက် နှိုင်းယှဉ်ကြည့်ပါက ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့သည်။ ယင်းလတွင် စားသောက်ကုန်ဈေးနှုန်းများမှာလည်း အမြင့်မားဆုံးဖြစ်လာခဲ့သည်ကို တွေ့ရှိရသည်။

အစိုးရက တစ်လချင်းအလိုက် ငွေကြေးဖောင်းပွမှုနှုန်းကို ၁၉၉၃ခုနှစ် နှစ်ကုန်တွင် ငါးရာခိုင်နှုန်းအထိ ကျဆင်းသွားစေရန်လုပ်ဆောင်မည့် အစီအစဉ်များကို ကြေညာခဲ့သည်။ ယင်းသို့လုပ်ဆောင်ရာတွင် စီးပွားရေးကဏ္ဍ၌ ငွေကြေးထောက်ပံ့ခြင်းကို တင်းကျပ်စွာ ထိန်းချုပ်မည်ဖြစ်ပြီး စက်မှုကဏ္ဍထုတ်လုပ်မှုကို အားပေးသွားမည်ဖြစ်သည်။ ပုဂ္ဂလိက ငွေကြေးစုဆောင်းမှုကို ဆွဲဆောင်နိုင်ရန် ကြီးပမ်းသည့် အနေဖြင့် အတိုးနှုန်းထားများကို ဇန်နဝါရီလ ၂၀ ရက်နေ့တွင် နှစ်ဆတိုးမြင့်ခဲ့သည်။ ချေးငွေရယူသည့်စီးပွားရေးလုပ်ငန်းများကိုလည်း ကုန်ထုတ်လုပ်မှုဆိုင်ရာ သတ်မှတ်ချက်နှင့် အရည်အချင်းပြည့်မီစေရန်အတွက် လိုအပ်သည့် ငွေကြေးအဆင့်ဆိုင်ရာ သတ်မှတ်ထားချက်များ အတိုင်းလုပ်ဆောင်သွားရန် ပြောကြားထားသည်။

ရုရှားနိုင်ငံ၏ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးအစီအစဉ် ဒုတိယအဆင့်ကို ဇန်နဝါရီလတွင် စတင်ခဲ့သည်။ နယ်မြေငါးခုရှိ အလတ်စားနှင့် အကြီးစားလုပ်ငန်းများကို ရောင်းချရန်အဆိုပြုခဲ့သည်။ ရောင်းချမည့်လုပ်ငန်းများတွင် ဆောက်လုပ်ရေးကုမ္ပဏီများနှင့် ရုရှားနိုင်ငံ၏ အကြီးမားဆုံးလုပ်ငန်းတစ်ခုဖြစ်ပြီး အလုပ်သမားထောင်ပေါင်းများ လုပ်ကိုင်လျက်ရှိသော ထွန်စက်ထုတ်လုပ်ရေးလုပ်ငန်းတို့ ပါဝင်သည်။ လုပ်ငန်းများရောင်းချခြင်းကို မတ်လအကုန်အပြီး ဆောင်ရွက်သွားရန်ဖြစ်ပြီး အောင်မြင်မှုရှိပါက အလားတူ လုပ်ဆောင်မှုများကို နိုင်ငံတစ်ဝန်း ဆောင်ရွက်သွားရန် ဖြစ်သည်။ ၁၉၉၂ ခုနှစ်အတွင်းတွင် အရောင်းဆိုင်များ အပါအဝင် အသေးစားလုပ်ငန်းပေါင်း ၃၀,၀၀၀ ကို လေလံတင်ရောင်းချခဲ့ပြီးဖြစ်သည်။ ရောင်းချရာတွင် မူလခန့်မှန်းထားသည့် တန်ဖိုးထက် လေးဆဈေးဖြင့် ရောင်းချခဲ့ရပြီး မျှော်လင့်ထားသည်ထက်ပင် ရူဘယ်ငွေ သန်း ၁၅,၀၀၀ ရရှိခဲ့သည်။

ထို့ပြင်ထုတ်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးရန် ရည်ရွယ်လျက် အခွန်အကောက် ဥပဒေသစ်ကို ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် စတင်ကျင့်သုံးဆောင်ရွက်ခဲ့သည်။ ရင်းနှီးမြှုပ်နှံရန်အတွက် ရည်ရွယ်သတ်မှတ်ထားသည့်ဝင်ငွေ၏ ၅၀ ရာခိုင်နှုန်းအပေါ်တွင် လုပ်ငန်းများအား အခွန်အကောက် စည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့်ပြုထားသည်။ စက်ကိရိယာပစ္စည်းနှင့် ကုန်ချောအစရှိသည့် ရုရှားပို့ကုန်များအပေါ်တွင် အကောက်ခွန်နှုန်းထား နည်းနည်းသာကောက်ခံ၍ ရုရှားနိုင်ငံထုတ်ကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်သည့် နိုင်ငံခြားသွင်းကုန်ပစ္စည်းများအပေါ်တွင်မူ အကောက်ခွန်နှုန်းထား မြင့်မားစွာ ကောက်ခံထားပေသည်။ ယင်းတို့တွင် နိုင်ငံခြားမှ တင်သွင်းသည့်ဆေးဝါးများနှင့် သီးနှံများပါဝင်ခြင်း မရှိပေ။ အစားအသောက်နှင့် ကလေးသူငယ်သုံးပစ္စည်းကဲ့သို့ အရေးပါသည့် ကုန်ပစ္စည်းများအပေါ်တွင် အကောက်ခွန် ၂၈ မှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချထားပြီး ဓိမ်ခံပစ္စည်းများအပေါ်တွင် ၂၀ ရာခိုင်နှုန်းအထိ လျှော့ချထားသည်။ ပါလီမန်၏ ဖိအားပေးချက်အရ အငြိမ်းစားဝန်ထမ်းများ၏ အငြိမ်းစားလစာကို ငွေကြေးဖောင်းပွမှုနှုန်းများနှင့် ချိန်ထိုးလျက် လေးလတစ်ကြိမ် ပြန်လည်သုံးသပ်ရန်ကို အစိုးရက သဘောတူညီခဲ့သည်။ ရုရှားလူမျိုး ၁၀,၀၀၀,၀၀၀ ခန့်တို့မှာ အငြိမ်းစားလစာငွေပေါ်တွင် မှီခိုနေရသူများ ဖြစ်ပေသည်။ ၁၉၉၂ ခုနှစ်က အငြိမ်းစားလစာများကို

နှစ်ကြိမ်တိုင် တိုးမြှင့်ပေးခဲ့ပြီးဖြစ်သည်။ ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်း ဈေးနှုန်းများ ၁၉၃ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ရာ အငြိမ်းစားများအတွက် အထိုက်အလျောက် သက်သာခွင့်ရရှိရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၏ အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသည့် ဈေးနှုန်းများ အဆမတန်မြင့်တက်မှုဒဏ်ကို အဆိုးဝါးဆုံးခံနေရသူများတွင် အငြိမ်းစားများလည်း ပါဝင်နေပေသည်။ ၄င်းတို့နှင့်အတူ နိုင်ငံတော်လုပ်ငန်းများတွင် အနိမ့်ဆုံးလစာရရှိသူများလည်း ဈေးနှုန်းများကြီးမြင့်မှုဒဏ်ကို ခံစားနေရပေသည်။

အလုပ်လက်မဲ့ဦးရေမှာလည်း ၁၉၉၃ ခုနှစ်တွင် ၅၀၀ ရာခိုင်နှုန်းမြင့်တက်ကာ ၅,၀၀၀,၀၀၀ အထိ ရောက်ရှိသွားလိမ့်မည်ဟု အစိုးရက ခန့်မှန်းထားသည်။ အလုပ်လက်မဲ့များအတွက် လူမှုဖူလုံရေးထောက်ပံ့ငွေပေးနေရခြင်းမှလည်း အစိုးရအဖွဲ့အသုံးစရိတ်ဘတ်ဂျက်တွင် အဓိကကိစ္စတစ်ရပ်ဖြစ်လာရပေသည်။ နိုင်ငံရပ်ခြားမှ နေရပ်သို့ပြန်လည်ခေါ်ယူခဲ့သည့် စစ်သားများအား နေရာချထားပေးရေး ကုန်ကျစရိတ်မှာလည်း အလားတူပင်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပဏာနပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းပြီး ပြည်သူ့ဆန္ဒခံယူပွဲကို ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပရန်သတ်မှတ်ထားရာ နိုင်ငံရေးအစုအဖွဲ့အသီးသီးက ဆန္ဒခံယူပွဲအတွက် လှုပ်ရှားမှုများကို စတင်ပြင်ဆင်ခဲ့ကြသည်။ ဤသို့ ဆန္ဒခံယူပွဲကျင်းပရေးကို ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလက ကျင်းပခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များကွန်ဂရက် (ရုရှားပါလီမန်) က သဘောတူ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်နှင့် ဆိုဗီယက်ဦးစီးလွှတ်တော် သဘာပတိ ရူစလန်ခါစဘူလာတော့ဗ်တို့အကြား ထိပ်တိုက်ရင်ဆိုင်အတိုက်အခံအငြင်းပွားမှုများဆက်လက်ရှိနေခဲ့သည်။ ကွန်မြူနစ်စနစ်ပြိုလဲပြီးနောက်ပိုင်း ရုရှားနိုင်ငံရေးတွင် နိုင်ငံရေးအာဏာအချုပ်မှာ ဥပဒေပြုလွှတ်တော်သို့မဟုတ် သမ္မတထံတွင် တည်မတည်ဆိုသည့်အချက်နှင့်စပ်လျဉ်းပြီး အငြင်းပွားခဲ့ကြခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အဓိကပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းပြီး ဧပြီလ ၁၁ ရက်နေ့တွင် ပြည်သူ့ဆန္ဒ ခံယူပွဲကျင်းပရေးကို သမ္မတယဲ့လ်ဆင်နှင့် ၄င်းအားထောက်ခံသူများဘက်က စည်းရုံးလှုပ်ရှားလျက်ရှိနေခဲ့ကြသည်။ ပြည်သူ့ ဆန္ဒခံယူပွဲအား သမ္မတနှင့် လွှတ်တော် တို့အကြား အာဏာလွန်ဆွဲပွဲတွင် ယဲ့လ်ဆင်၏ ရန်းကန်ကြိုးပမ်းမှုအဖြစ် ရှုမြင်ကြသည်။ ယင်းဆန္ဒခံယူပွဲတွင် မဲဆန္ဒရှင်များအနေဖြင့် ပါလီမန်ကို အခြေခံသည့် အုပ်ချုပ်ရေးနှင့် သမ္မတကို အခြေခံသည့်အုပ်ချုပ်ရေးစနစ်တို့အကြား နှစ်သက်ရာစနစ်ကို ရွေးချယ်ဆုံးဖြတ်ပိုင်ခွင့်ရှိစေမည်ဖြစ်သည်။

၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလက ကျင်းပခဲ့သည့် သတ္တမအကြိမ်မြောက်ရုရှားပြည်သူ့ကိုယ်စားလှယ်များ ကွန်ဂရက်တွင် ပြုပြင်ပြောင်းလဲရေးဝါဒီ ယေဂေါဂိုက်ဒါအား ယဲ့လ်ဆင်က ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်အပ်ခဲ့ခြင်းကို ကွန်ဂရက်က လက်ခံရန်ငြင်းဆိုခဲ့သည်။ ယင်းကိစ္စအပေါ် ယဲ့လ်ဆင်အရေးနိမ့်ပြီးနောက် လိပ်ခဲတည်းလည်းဖြစ် နေသောအခြေအနေများကို ကျော်လွှားနိုင်စေရန်အတွက် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရန် ဆုံးဖြတ်ချက်ကို စေ့စပ်ညှိနှိုင်းသဘောတူခဲ့ကြခြင်းဖြစ်သည်။

ခါစဘူလာတော့ဗ်အနေဖြင့် အထက်ပါစေ့စပ်ညှိနှိုင်းမှုကို သဘောတူခဲ့ကြသော်လည်း ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရန်ကို ကန့်ကွက်ကြောင်း ၄င်း၏သဘောထားကို ထုတ်ဖော်ပြောကြားပြီး ယင်းအစား ၁၉၉၄ ခုနှစ်တွင် ကျင်းပရန်ရှိနေသည့် ပါလီမန်နှင့် သမ္မတရွေးကောက်ပွဲများကို စောစီးစွာ ကျင်းပပေးရန်တောင်းဆိုခဲ့သည်။ ယဲ့လ်ဆင်က ပါလီမန်နှင့် သမ္မတရွေးကောက်ပွဲများ စောစီးစွာ ကျင်းပရေးကို သဘောတူမည် ဖြစ်ကြောင်း ဖေဖော်ဝါရီ ၉ ရက်နေ့တွင် ကြေညာခဲ့သည်။ သို့ရာတွင် အထက်ပါရွေးကောက်ပွဲများကို တစ်နှစ်စော၍ ၁၉၉၄ နှစ်နှင့် ၁၉၉၅ ခုနှစ်တို့တွင် အသီးသီးကျင်းပရန် ယဲ့လ်ဆင်က ပြောကြားခဲ့သည်။ ပါလီမန်နှင့် သမ္မတရွေးကောက်ပွဲများကို တစ်ပြိုင်နက်ကျင်းပမည်ဆိုပါက နိုင်ငံတည်ငြိမ်ရေးကို အန္တရာယ်ဖြစ်စေလိမ့်မည်ဟု ယဲ့လ်ဆင်က အရေးဆိုသည်။

ယဲ့လ်ဆင်နှင့် ခါစဘူလာတော့ဗ်တို့သည် မော်စကိုမြို့၌ ဖေဖော်ဝါရီ ၁၁ ရက်နှင့် ၁၆ ရက်နေ့တို့တွင် တွေ့ဆုံဆွေးနွေးကြပြီးနောက် ပြည်သူ့ကိုယ်စားလှယ်များကွန်ဂရက်အစည်းအဝေးကို မတ်လစောစောပိုင်းတွင် ခေါ်ယူကျင်းပရန် သဘောတူညီခဲ့ကြသည်။ ယင်းအစည်းအဝေးတွင် သမ္မတနှင့် လွှတ်တော်တို့အကြား ရှင်းလင်းပြတ်သားသည့် အာဏာခွဲဝေရေးကို သတ်မှတ်ပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာပြဋ္ဌာန်းချက်ကို အတည်ပြုရန် ဖြစ်သည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သဘောတူညီမှုများကို ရေးဆွဲရန်အတွက် ယဲ့လ်ဆင်နှင့် ခါစဘူလာတော့ဗ် နှစ်ဦးစလုံးတို့ဘက်မှ ကျွမ်းကျင်သူများပါဝင်သည့် အထူးကော်မရှင်တစ်ရပ် ဖွဲ့စည်းရန်ကိုလည်း သဘောတူညီခဲ့ကြသည်။

ဖေဖော်ဝါရီ ၁၈ ရက်နေ့တွင် ရုပ်မြင်သံကြားမှတစ်ဆင့် နိုင်ငံသို့ပြောကြားသော မိန့်ခွန်းတစ်ရပ်တွင် ဖွဲ့စည်းပုံ

အခြေခံဥပဒေဆိုင်ရာ ၄င်း၏အစီအစဉ်ကို ယဲ့လ်ဆင်က အကျဉ်းချုပ်တင်ပြခဲ့သည်။ ထို့ပြင် ပါလီမန်က ဥပဒေပြုခြင်းများကို စိစစ်ပြဋ္ဌာန်းပြီး စီမံခန့်ခွဲရေးအဖွဲ့အား လွတ်လွတ်လပ်လပ် စီမံခန့်ခွဲဆုံးဖြတ်ခွင့်ပေးရေးကို သတ်မှတ်စေမည်။ သမ္မတနှင့် ပါလီမန်အကြား အာဏာခွဲဝေပိုင်းခြားရေးကိုလည်း အဆိုပြုခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြောင်းလဲပြင်ဆင်ချက်များရေးဆွဲရန်အတွက် အထူးအစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပသည့်တိုင်အောင် သမ္မတနှင့် ပါလီမန်အကြား အာဏာခွဲဝေကျင့်သုံးရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ကြပ်မတ်ထိန်းချုပ်သင့်ကြောင်းကိုလည်း ယဲ့လ်ဆင်က အဆိုပြုခဲ့သည်။ ခါစဘူလာတော့ဗ်က ယဲ့လ်ဆင်၏ အစီအစဉ်ကို ဖေဖော်ဝါရီ ၁၉ ရက်နေ့တွင် ရှုတ်ချပြောကြားခဲ့သည်။

မတ်လအတွင်းတွင်လည်း သမ္မတယဲ့လ်ဆင်နှင့်ပြည်သူ့ကိုယ်စားလှယ်များ ကွန်ဂရက်တို့အကြားအားပြိုင်လှုပ်ရှားမှုများ ပိုမိုမြင့်မားလာခဲ့သည်။ ကွန်ဂရက်အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြင်ဆင်သတ်မှတ်ချက်သဘောတူညီမှုကို အတည်ပြုမည့်အနေအထားမှ အလှမ်းကွာလျက် ရှိနေခဲ့သည်။ တစ်ဖက်၏လုပ်ဆောင်ချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီမညွတ်ဖြစ်သည့် လုပ်ဆောင်ချက် အဖြစ်သို့ရောက်သွားကြောင်း ပြသရန် တစ်ဖက်နှင့်တစ်ဖက် အားပြိုင်ကြိုးပမ်းလှုပ်ရှားလျက် ရှိနေခဲ့ကြသည်။

ခါစဘူလာတော့ဗ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ဆိုဗီယက်ဦးစီးလွှတ်တော်သဘာပတိအဖွဲ့က အရေးပေါ်အုပ်ချုပ်ရေးကြေညာရန်နှင့် သမ္မတ၏အရေးပါသည့် အာဏာအားလုံးကိုရုပ်သိမ်းရန် ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ချမှတ်ပေးမည့် အဆိုပြုချက်တစ်ရပ်ကို အတည်ပြုခဲ့သည်ဟု မတ်လ ၃ ရက်နေ့ထုတ် အစ်ဇဗက်တီယာသကင်းစာတွင် ရေးသားဖော်ပြခဲ့သည်။ ဤအဆိုပြုချက်ကို ချမှတ်ခဲ့ခြင်းမှာ သမ္မတယဲ့လ်ဆင်က အရေးပေါ်အခြေအနေကြေညာပြီး သမ္မတအုပ်ချုပ်ရေးပြဋ္ဌာန်းလာမည်ကို သဘောထားတင်းမာသူများအကြား သံသယဖြစ်မှုများ တိုးပွားလျက်ရှိနေခဲ့ရာ ယင်းကို တုံ့ပြန်ဆောင်ရွက်လိုက်ခြင်း ဖြစ်သည်ဟု ယုံကြည်ယူဆကြသည်။ သမ္မတယဲ့လ်ဆင်က နိုင်ငံ၏ထိပ်တန်းစစ်ဘက်ဆိုင်ရာ ဦးစီးချုပ်များနှင့် မော်စကိုမြို့တွင် တွေ့ဆုံသည့်အခါ အထက်ပါ သံသယဖြစ်မှုမှာ ပိုမိုမြင့်မားလာခဲ့သည်။ ဗိုလ်ချုပ်ကြီးများက သမ္မတယဲ့လ်ဆင်ကို ထောက်ခံကြောင်း ထုတ်ဖော်ပြောကြားပြီး နိုင်ငံရေးအကျပ်အတည်းပြဿနာကို အဆုံးသတ်ရန်အတွက် အရေးယူဆောင်ရွက်ရန်ကိုလည်း သမ္မတအား တိုက်တွန်းခဲ့သည်ဟု အနောက်တိုင်းသတင်းဌာနများက ရေးသားဖော်ပြခဲ့ကြသည်။ သို့ရာတွင် ရုရှားကာကွယ်ရေးဝန်ကြီး ပါဗယ်ဂရာချက်ဗ်က စစ်ဘက်အနေဖြင့် နိုင်ငံရေးတွင် ပါဝင်မည်မဟုတ်ကြောင်း၊ ၄င်း၏ ယခင်ပြောကြားထားချက်ကို ထပ်လောင်းပြောကြားပြီး ယဲ့လ်ဆင်အား ထောက်ခံသော စစ်ဘက်အာဏာသိမ်းမှု ဖြစ်နိုင်သည် ဆိုသည်ကိုလည်း မဟုတ်မမှန်ကြောင်း ငြင်းဆိုခဲ့သည်။

ပြည်သူ့ကိုယ်စားလှယ်များ ကွန်ဂရက်အရေးပေါ် အစည်းအဝေးကို မတ်လ ၁၀ ရက်နေ့တွင်ကျင်းပရန် ဆိုဗီယက်ဦးစီးလွှတ်တော်က မတ်လ ၅ ရက်နေ့တွင် မဲပေးဆုံးဖြတ်ခဲ့သည်။ ယဲ့လ်ဆင်အနေဖြင့် ၄င်း၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှု အဆိုပြုချက်များကို အတည်ပြုပေးရန်အတွက် ကွန်ဂရက်ကိုအသုံးချရန် ရှုမြင်ထားသည်။ ကွန်ဂရက်အတွင်းရှိ ကွန်ဆာဗေးတစ်အများစုတို့ကမူ ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရန် အဆိုပြုထားခြင်းကို ဖျက်သိမ်းရန်နှင့် သမ္မတ၏ အရေးပေါ်လုပ်ပိုင်ခွင့် အာဏာများကို ရုပ်သိမ်းရေးအတွက် ကွန်ဂရက်ကိုအသုံးချရန် ရည်ရွယ်ထားသည်။

ကွန်ဂရက်အစည်းအဝေးမဖွင့်လှစ်မီ မတ်လ ၇ ရက်နေ့တွင် သမ္မတယဲ့လ်ဆင်၏ ပြောရေးဆိုခွင့်ရှိသူက ဧပြီလတွင် ကျင်းပရန်ရှိနေသည့် ပြည်သူ့ဆန္ဒခံယူပွဲအတွင်း သမ္မတယဲ့လ်ဆင်က ထည့်သွင်းရန်ဆန္ဒရှိသည့် မေးခွန်းလေးခုကို ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်းတို့မှာ ရုရှားနိုင်ငံအနေဖြင့် သမ္မတနိုင်ငံဖြစ်သင့်ပါသလား၊ နိုင်ငံ၏ အမြင့်ဆုံးဥပဒေပြုရေးအဖွဲ့မှာ ပြည်သူ့ကိုယ်စားလှယ်များ ကွန်ဂရက်ထက် လွှတ်တော်နှစ်ရပ်ပါဝင်သည့် ဆိုဗီယက်ဦးစီးလွှတ်တော်ဖြစ်သင့်ပါသလား၊ ရုရှားနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြုချမှတ်သင့်ပါသလား၊ နိုင်ငံသားများအနေဖြင့် မြေယာများကို ဝယ်ယူခွင့်၊ ရောင်းချခွင့်ရှိသင့်ပါသလား ဟူသည့် မေးခွန်းများပင်ဖြစ်သည်။

ရှစ်ကြိမ်မြောက် ပြည်သူ့ကိုယ်စားလှယ်များ ကွန်ဂရက်အရေးပေါ်အစည်းအဝေးကို မတ်လ ၁၀ ရက်နေ့တွင် ကျင်းပရာ ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။ ခါစဘူလာတော့ဗ်က ယဲ့လ်ဆင်အားရည်ညွှန်းပြီး အဖွင့်မိန့်ခွန်းပြောကြားရာတွင် လက်ရှိနိုင်ငံရေးနှင့် စီးပွားရေးပြဿနာများကို ဖြေရှင်းရန်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သည့် နည်းလမ်းများကိုအသုံးချလျက်





ခါစဘူလာတော့ဗ် (ဝဲ) ဘောရစ်ယဲ့လ်ဆင် (အလယ်) နှင့် ချစ်ကျိုင်း (ယာ)

လူ့ဘောင်အဖွဲ့အစည်းကို ခြိမ်းခြောက်နေသည့်အာဏာပိုင်များကို ရုတ်ချခဲ့သည်။ အစည်းအဝေးကို နေ့လယ်ပိုင်းတွင် ဆက်လက်ကျင်းပရာ ယဲ့လ်ဆင်နှင့်ပြည်သူ့ကိုယ်စားလှယ်အများအပြားအကြား သဘောထားကွဲလွဲမှုများမှာ ပိုမိုနက်ရှိုင်းလာခဲ့သည်။ ယဲ့လ်ဆင်အား ထောက်ခံပြောကြားသည့် ပြည်သူ့ကိုယ်စားလှယ် မရှိသလောက်ဖြစ်ခဲ့သည်။

မတ်လ ၁၁ ရက်နေ့တွင် ဆက်လက်ကျင်းပသည့် ပြည်သူ့ကွန်ဂရက်တွင် သမ္မတယဲ့လ်ဆင်က အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။ ယဲ့လ်ဆင်က အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအဖွဲ့တို့သည် အထူးအခွင့်အရေးအချို့ကို စွန့်လွှတ်ပြီး ဝန်ကြီးချုပ် ချာနိုမြာဒင်အစိုးရအဖွဲ့အား အပြည့်အဝထောက်ခံကြရန်အကြံပြုလျက် တစ်ဖက်နှင့်တစ်ဖက် သင့်မြတ်စေရေးလေသံကို မြွက်ဟခဲ့သည်။

သို့ရာတွင် ကွန်ဂရက်က ယဲ့လ်ဆင်အဆိုပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်များကို မတ်လ ၁၂၊ ၁၃ ရက်နေ့များတွင် ကန့်ကွက်မဲပေးခဲ့ကြသည်။ ထို့ပြင် ဧပြီလတွင်ကျင်းပရန်ရှိသည့် ပြည်သူ့ဆန္ဒခံယူပွဲကိုလည်း ပယ်ဖျက်ရန်မဲပေးဆုံးဖြတ်ခဲ့သည်။ ထိုမျှသာမက နိုင်ငံရေးနှင့် စီးပွားရေးအမိန့်ဒီဂရီများ ထုတ်ပြန်နိုင်သည့် သမ္မတ၏အာဏာကို ဖြတ်တောက်ခြင်းအားဖြင့်လည်းကောင်း၊ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလက သဘောတူညီခဲ့မှု၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်အပေါ် ထိန်းချုပ်မှုကို စွန့်လွှတ်ခြင်းအားဖြင့်လည်းကောင်း ယဲ့လ်ဆင်၏ အာဏာကို ဖြိုလဲရန်ကွန်ဂရက်က ကြိုးပမ်းခဲ့သည်။

သမ္မတယဲ့လ်ဆင် ရှုံးနိမ့်မည့်အရေးကိုပြန်လည် တုံ့ပြန်သောအားဖြင့် အစိုးရအဖွဲ့အပါအဝင် ယဲ့လ်ဆင်အား ထောက်ခံသူများက မတ်လ ၁၂ ရက်နေ့တွင် ကွန်ဂရက်အစည်းအဝေးမှ ထွက်ခဲ့ကြသည်။ သမ္မတယဲ့လ်ဆင်ကိုယ်တိုင် ကွန်ဂရက်အစည်းအဝေးတက်ရောက်ခြင်းမရှိဘဲ နောက်ထပ်ကျင်းပမည့် အစည်းအဝေးသို့ တက်ရောက်မည်မဟုတ်ဟု ပြောကြားခဲ့သည်။ ပထမ ဒုတိယဝန်ကြီးချုပ် ဗလာဒီမာရှုမေကိုက ကွန်ဂရက်က ပယ်ချလင့်ကစား အစိုးရအဖွဲ့အနေဖြင့် ပြည်သူ့ဆန္ဒခံယူပွဲကို ဧပြီလ ၂၅ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကွန်ဂရက်အစည်းအဝေး မတ်လ ၁၃ ရက်နေ့တွင် ပြီးဆုံးခဲ့ရာ ရုရှားဖက်ဒရေးရှင်းရှိ နိုင်ငံသားများထံသို့ ပန်ကြားချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ယင်းပန်ကြားချက်တွင် ရုရှားနိုင်ငံတွင် ဒီမိုကရေစီအင်အားကောင်းလာစေရန်ရည်ရွယ်ပြီး ကွန်ဂရက်က လုပ်ဆောင်ခဲ့ကြောင်း၊ လွန်ခဲ့သောနှစ်နှစ်တာကာလအတွင်း သမ္မတ၏ဟန်ခိုးဩဇာ သိသိသာသာကြီးထွားလာခဲ့ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေကို အလေးမထားမှုတိုးပွားလာကြောင်း၊ ပြည်သူအများစု၏ အကျိုးစီးပွားနှင့်ဆန့်ကျင်ဘက်ဖြစ်စေသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်လျက်ရှိကြောင်း ဖော်ပြပါရှိခဲ့သည်။

ကွန်ဂရက်၏ အထက်ပါလုပ်ဆောင်ချက်ကို သမ္မတ ယဲ့လ်ဆင်က နိုင်ငံသို့ မတ်လ ၂၀ ရက်နေ့တွင် မိန့်ခွန်း ပြောကြားခြင်းဖြင့် တုံ့ပြန်ခဲ့သည်။ ယဲ့လ်ဆင်က အစိုးရ အဖွဲ့အာဏာကို အတင်းအဓမ္မသိမ်းယူရန် ကြိုးပမ်းခြင်း အတွက် ရှုတ်ချပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ် စောင့်ရှောက်ရန် တာဝန်ပျက်ကွက်ခဲ့ခြင်းမှာ ကွန်ဂရက် အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်လုပ်ဆောင်ခြင်းမဟုတ်ကြောင်း ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ တရားရုံး၏ ကြေညာခဲ့မှုကိုလည်း ယဲ့လ်ဆင်က ဝေဖန်ခဲ့သည်။ ထို့ပြင် အထူးအုပ်ချုပ်ရေးပုံစံကို ချမှတ် ကျင့်သုံးရန် အမိန့်ဒီဂရီများ လက်မှတ်ထိုး ပြီးကြောင်းနှင့် သမ္မတနှင့် ဒုတိယသမ္မတ အပေါ် ယုံကြည်မှု ရှိမရှိနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် မူကြမ်းအား ဆန္ဒမဲပေးရန် ပြည်သူ့ဆန္ဒခံယူပွဲကို ဧပြီလ ၂၅ ရက်နေ့တွင် ကျင်းပရန် သတ်မှတ်ပြီးကြောင်း ယဲ့လ်ဆင်က ကြေညာခဲ့သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ပေါက်လာသည့်အခါ ပြည်သူ့ ကိုယ်စားလှယ်များကွန်ဂရက် တည်ရှိမှု ချုပ်ငြိမ်းသွားပြီ ဖြစ်ကြောင်း၊ သို့ရာတွင် ရွေးကောက်ပွဲသစ်များကျင်းပပြီးစီးသည့် တိုင်အောင် ပြည့်သူ့ကိုယ်စားလှယ်များ ကွန်ဂရက်နှင့် ဆိုဗီယက်ဦးစီး လွှတ်တော်နှစ်ရပ်စလုံး ဆက်လက်တည်ရှိခွင့် ပြုမည်ဖြစ်ကြောင်း ယဲ့လ်ဆင်က ပြောကြားခဲ့သည်။ ဆက်လက်ပြီး ယဲ့လ်ဆင်က သမ္မတ၏ အမိန့်ဒီဂရီများကို ဆန့်ကျင်ပြီး လုပ်ဆောင်သည့် မည်သည့်ဆုံးဖြတ်ချက်များမဆို ဥပဒေနှင့် တရားဝင်ဖြစ်စေလိမ့်မည် မဟုတ်ကြောင်း အလေးအနက်ထား ပြောကြားခဲ့သည်။

ယဲ့လ်ဆင်က ဝန်ကြီးချုပ် ချာနိုမြာဒင် အစိုးရအဖွဲ့အား လတ်တလော စီးပွားရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ချမှတ် ဆောင်ရွက်ရန် ညွှန်ကြားခဲ့သည်။ ဝန်ကြီးချုပ် ချာနိုမြာဒင်နှင့် ၎င်း၏ အစိုးရအဖွဲ့ကလည်း အထူးအုပ်ချုပ်ရေးပုံစံကို ပြဋ္ဌာန်းရန် ယဲ့လ်ဆင်၏ဆုံးဖြတ်ချက်ကို ထောက်ခံကြောင်း ပြသခဲ့ကြသည်။ ဆိုဗီယက်ဦးစီးလွှတ်တော်သဘာပတိ ခါစဘူလာတော့ဗ်နှင့် ဒုတိယ သမ္မတဖြစ်သူ အလက်ဇန္ဒား ရုစကွိုင်း နှစ်ဦးစလုံးတို့က ယင်းလုပ်ရှားဆောင်ရွက်မှုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ကြောင်းဖြင့် ရှုတ်ချခဲ့ ကြသည်။ မတ်လ ၂၀ ရက်နေ့က သမ္မတ ယဲ့လ်ဆင် နိုင်ငံသို့ ပြောကြားသော မိန့်ခွန်းမှာ ဥပဒေကြောင်းအရ ညီညွတ်မှု ရှိမရှိကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက မတ်လ ၂၂ ရက်နေ့တွင် စတင်စိစစ်သုံးသပ်ခဲ့သည်။ ယဲ့လ်ဆင်အနေဖြင့် မိမိ၏ လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်၍ လုပ်ဆောင်ခဲ့သည်ဟု တရားရုံးဥက္ကဋ္ဌက ထောက်ပြခဲ့သည်။ ယဲ့လ်ဆင်အား ထောက်ခံသူများက တရားရုံးဥက္ကဋ္ဌအပါအဝင် အခြားတရားသူကြီးများသည် ခါစဘူလာတော့ဗ်အား ဘက်လိုက်ခဲ့သည်ဟု ပြန်လည်စွပ်စွဲ ပြောကြားကြသည်။

မတ်လ ၂၃ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံးက ၎င်း၏သုံးသပ်ချက်ကို ထုတ်ပြန် ခဲ့သည်။ မတ်လ ၂၀ ရက်နေ့က နိုင်ငံသို့ ပြောကြားသော သမ္မတ ယဲ့လ်ဆင်၏ မိန့်ခွန်းနှင့် စပ်လျဉ်း၍ သမ္မတ၏ ဆုံးဖြတ်ချက်များနှင့် ပြုမူဆောင်ရွက်ချက်များသည် ရုရှားဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်းကောင်း၊ ဖက်ဒရေးရှင်း စာချုပ်ကိုလည်းကောင်း၊ ပြည်သူ့ဆန္ဒခံယူပွဲများကျင်းပ ခြင်းဆိုင်ရာဥပဒေကိုလည်းကောင်း ချိုးဖောက်ခဲ့သည်ကို တွေ့ရှိခဲ့ကြောင်းဖြင့် ဖော်ပြထားသည်။

ခါစဘူလာတော့ဗ်ကလည်း ယဲ့လ်ဆင်သည်အာဏာသိမ်းရန် ကြိုးပမ်းမှုဖြင့် ချွတ်ခြုံကျနေသော စီးပွားရေးပြုပြင်ပြောင်းလဲမှု များကို ဆက်လက်လုပ်ကိုင်ရန် ကြိုးပမ်းခဲ့ကြောင်းဖြင့် စွပ်စွဲပြီး ကွန်ဂရက်အနေဖြင့် ယဲ့လ်ဆင်အား စွဲချက်တင်မည်ဟု အတည်ပြုပြောကြားခဲ့သည်။ မတ်လ ၂၄ ရက်နေ့တွင် ဆိုဗီယက်ဦးစီးလွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး အတွင်းရေးမှူး၏ အစီရင်ခံစာကို ကြားနာပြီး မတ်လ ၂၆ ရက်နေ့တွင် ပြည်သူ့ကိုယ်စားလှယ်များ ကွန်ဂရက်အရေးပေါ် အစည်းအဝေးကို ခေါ်ယူကျင်းပရန် မဲဆန္ဒပေးခဲ့ကြသည်။

ယဲ့လ်ဆင်ကလည်း မတ်လ ၂၀ ရက်နေ့က မိမိ ပြောကြားခဲ့သော မိန့်ခွန်းနှင့်စပ်လျဉ်းသည့် အချက်အလက် စာသားများကို ထုတ်ဝေခဲ့သည်။ ထုတ်ဝေလိုက်သည့် စာသားများတွင် အထူးအုပ်ချုပ်ရေးပုံစံအား ရည်ညွှန်း ထားချက်မပါရှိတော့ပေ။ ယင်းမှာ ယဲ့လ်ဆင်အနေဖြင့် ကွန်ဂရက်နှင့်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးနှင့်လည်းကောင်း ထိပ်တိုက်ရင်ဆိုင် ဖြစ်နေမှု အရှိန်မြင့်တက်လာနေခြင်းမှ နောက်ဆုတ်ရန် ဆုံးဖြတ်လိုက်သည့် လက္ခဏာတစ်ရပ်ပင် ဖြစ်သည်။

ဤကဲ့သို့ ယဲ့လ်ဆင်၏ ပြန်လည်သင့်မြတ်ရေးသဘော ထားသည် ယဲ့လ်ဆင်၊ ခါစဘူလာတော့ဗ်၊ ချာနိုမြာဒင်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရာရုံး ဥက္ကဋ္ဌ ဇိုကင်တို့ လေးဦးတွေ့ဆုံဆွေးနွေးရေးကို လမ်းပွင့်သွားစေခဲ့သည်။ ၎င်းတို့လေးဦးသည် တစ်မျိုးသားလုံး တစ်ညီတစ်ညွတ် ဆန္ဒဖြင့် ရွေးချယ်ထားသော အစိုးရအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်း ထူထောင်ရေးကို ဆွေးနွေးခဲ့ကြသည်။ ယဲ့လ်ဆင်က ပြည်သူ့ဆန္ဒ ခံယူပွဲကျင်းပရေးကို ဆက်လက်တွန်းအားပေး ခဲ့သလို ခါစဘူလာတော့ဗ်ကလည်း သမ္မတနှင့် ဥပဒေပြု လွှတ်တော် (ကွန်ဂရက်) ရွေးကောက်ပွဲများ စောစီးစွာ

ကျင်းပရေးကို ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့ပြင် ကွန်ဂရက်အနေဖြင့် သမ္မတယဲ့လ်ဆင်အား စွဲချက်တင်ရန် ဆက်လက်လုပ်ဆောင်သွားမည်ကိုလည်း ခါစဘူလာတော့ဗ်က ညွှန်ပြ ပြောကြားခဲ့သည်။

မတ်လ ၂၅ ရက်နေ့တွင် ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော နိုင်ငံသို့ပြောကြားသည့် သမ္မတယဲ့လ်ဆင်၏ မိန့်ခွန်းတွင် ကွန်ဂရက်ဦးဆောင်မှုအပိုင်းက ၄င်းအား ရာထူးမှ ဖယ်ရှားရန် ကြံစည်လျက်ရှိကြောင်း စွပ်စွဲပြောကြားခဲ့သည်။ မတ်လ ၂၀ ရက်နေ့က ၄င်းပြောကြားခဲ့သော မိန့်ခွန်းအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက အဆောတလျင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းကိုလည်း ယဲ့လ်ဆင်က ဝေဖန်ပြောကြားခဲ့သည်။ ယင်းမိန့်ခွန်းမှာ နိုင်ငံရေးမိန့်ခွန်း တစ်ခုသာလျှင်ဖြစ်ကြောင်း ယဲ့လ်ဆင်က ဖော်ပြခဲ့သည်။ ထို့ပြင် လာမည့်ကွန်ဂရက်တွင် ကွန်ဆာဗေးတစ်တို့၏ ဦးဆောင်မှုကို မထောက်ခံရန်နှင့် သမ္မတအား ထောက်ခံကြသည့် သာမန်ပြည်သူတို့၏ အသံကိုသာနာခံကြရန် ပြည်သူ့ကိုယ်စားလှယ်များအား ယဲ့လ်ဆင်က ပန်ကြားလိုက်သည်။

ဤသို့ဖြင့် ကိုးကြိမ်မြောက် ပြည်သူ့ကိုယ်စားလှယ်များအရေးပေါ်ကွန်ဂရက်ကို မတ်လ ၂၆ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကွန်ဂရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌ ဇိုကင်က မိန့်ခွန်းပြောကြားရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ စိစစ်သုံးသပ်ချက်များသည် အုပ်ချုပ်ရေးအဖွဲ့က ဥပဒေကို ကျူးလွန်ချိုးဖောက်လာသည့်အခါတွင် တရားစီရင်ရေးနှင့် ဥပဒေပြုရေးအာဏာကို အကာအကွယ်ပြုလိုက်ခြင်းပင်မည်သည်ဟု သုံးသပ်ပြောကြားခဲ့သည်။ သို့ရာတွင် ဇိုကင်က ယဲ့လ်ဆင်အား ရာထူးမှဖယ်ရှားရန် တောင်းဆိုမှုများကိုမူ အစွန်းရောက်လုပ်ရပ်များအဖြစ်ဖော်ပြခဲ့သည်။ ဆက်လက်ပြီး ဇိုကင်က ၁၉၉၃ ခုနှစ် မကုန်ဆုံးမီတွင် နိုင်ငံသားတို့အနေဖြင့် အနောက်တိုင်းပုံစံ ပါလီမန်နှစ်ရပ် ရွေးချယ်တင်မြှောက်နိုင်စေရန်အလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို တိုက်တွန်း ပြောကြားခဲ့သည်။

မတ်လ ၂၇ ရက်နေ့တွင် ယဲ့လ်ဆင်နှင့် ခါစဘူလာတော့ဗ်တို့တွေ့ဆုံဆွေးနွေးပြီး ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလတွင် ဥပဒေပြုလွှတ်တော် (ကွန်ဂရက်) နှင့် သမ္မတရွေးကောက်ပွဲများ ကျင်းပရေးဆုံးဖြတ်ချက်ကို အဆိုပြုရန် သဘောတူခဲ့ကြသည်။ ဤသည်မှာ ယဲ့လ်ဆင်က ထပ်မံအလျှော့ပေး နောက်ဆုတ်ခဲ့ခြင်း ဖြစ်သည်။ ကွန်ဂရက်နှင့် သမ္မတရွေးကောက်ပွဲများကို တစ်ပြိုင်နက်ကျင်းပရေးကို ယဲ့လ်ဆင်သည် ယခင်ကကန့်ကွက်ခဲ့ပြီး ဖြစ်သည်။

မတ်လ ၂၈ ရက်နေ့ ကွန်ဂရက်အစည်းအဝေးတွင် ယဲ့လ်ဆင်အား သမ္မတရာထူးမှဖယ်ရှားပစ်ရေးအဆိုကို တင်သွင်းပြီး လျှို့ဝှက်မဲပေးဆုံးဖြတ်စေခဲ့သည်။ ယင်းအဆိုမှာ ထောက်ခံမဲ ၆၁၇ မဲ၊ ကန့်ကွက်မဲ ၂၆၈ မဲရရှိခဲ့သော်လည်း လိုအပ်သည့်မဲအရေအတွက်ဖြစ်သည့် ကိုယ်စားလှယ် ၁,၀၃၃ သီးအနက် သုံးပုံနှစ်ပုံအများစုမဲကို ရရှိခဲ့ခြင်း မရှိပေ။ ထို့ပြင် မတ်လ ၂၈၊ ၂၉ရက်နေ့များတွင် ကျင်းပသည့် ကွန်ဂရက်တွင် ယဲ့လ်ဆင် – ခါစဘူလာတော့ဗ် တွေ့ဆုံဆွေးနွေးခြင်းမှ ပေါ်ထွက်လာသည့် ဆုံးဖြတ်ချက်ကို ကန့်ကွက်မဲ ပေးခဲ့ကြသည်။

မတ်လ ၂၉ ရက်နေ့တွင် ကွန်ဂရက်အစည်းအဝေး နောက်ဆုံးနေ့ကိုကျင်းပရာ ဧပြီလ ၂၅ ရက်နေ့တွင် ကျင်းပရန်သတ်မှတ်ထားသည့် ပြည်သူ့ဆန္ဒခံယူပွဲတွင် ထည့်သွင်းရန် မေးခွန်း လေးခုကို အတည်ပြုခဲ့သည်။ ယင်းတို့မှာ (၁) ရုရှားဖက်ဒရေးရှင်းသမ္မတကို သင်ယုံကြည်ပါသလား၊ (၂) ၁၉၉၂ ခုနှစ်ကတည်းက ရုရှားဖက်ဒရေးရှင်း အစိုးရနှင့် သမ္မတတို့က လုပ်ဆောင်လျက်ရှိသည့် လူမှုစီးပွားရေးမူဝါဒများကို သင်အတည်ပြုပါသလား၊ (၃) သမ္မတရွေးကောက်ပွဲများ စောစီးစွာကျင်းပရန် လိုအပ်သည်ဟု သင်ထင်ပါသလား၊ (၄) ပြည်သူ့ကိုယ်စားလှယ်များ ကွန်ဂရက်ရွေးကောက်ပွဲများ စောစီးစွာကျင်းးပရန် လိုအပ်သည်ဟု ထင်မြင်ယူဆပါသလား ဟူသည့် မေးခွန်းများပင်ဖြစ်သည်။

ဆန္ဒခံယူပွဲတွင် အထက်ပါမေးခွန်းလေးခုသည် မဲဆန္ဒရှင်အားလုံး၏ ၅၀ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲရရှိမှသာ အတည်ပြုရမည်ဟု ကွန်ဂရက်က သတ်မှတ်ခဲ့သည်။ ယင်းသတ်မှတ်ချက်မှာ သမ္မတအား ထောက်ခံမှုနည်းပါးကြောင်း ပြသနိုင်ရန် မဲရရှိနိုင်မှုရလဒ်ကို ကြိုတင်ချင့်တွက်ဆုံးဖြတ်သည့် ကြိုးပမ်းမှုအဖြစ် ယဲ့လ်ဆင်ထောက်ခံသူများက ရှုတ်ချကြသည်။ ထို့ပြင် သမ္မတ၏အာဏာကို ဖြတ်တောက်ရန် သို့မဟုတ် သမ္မတရာထူးမှ နုတ်ထွက်ပေးရေးကို တောင်းဆိုရန် ကြံရွယ်သည့် ကြိုတင်လုပ်ဆောင်မှုအဖြစ်လည်း ရှုမြင်သုံးသပ်ကြသည်။

ဤသို့ဖြင့် ပြည်သူ့ဆန္ဒခံယူပွဲကို ဧပြီ ၂၅ ရက်နေ့တွင် ကျင်းပခဲ့ရာ သမ္မတအားအယုံအကြည်ရှိကြောင်း ထောက်ခံမဲပေးမှုကို ယဲ့လ်ဆင်ရရှိခဲ့ရုံမျှမက ၄င်း၏ လူမှုစီးပွားရေးပြုပြင်ပြောင်းလဲရေး အစီအစဉ်များမှာလည်း ထောက်ခံမဲအများစုရရှိခဲ့သည်။ သို့ဖြစ်ရာ ပြည်သူ့ဆန္ဒခံယူပွဲအား အုပ်ချုပ်ရေးအဖွဲ့ (အစိုးရ) နှင့် ဥပဒေပြုရေးအဖွဲ့ (ကွန်ဂရက်) တို့အကြား အားပြိုင်လွန်ဆွဲမှုတွင် သမ္မတယဲ့လ်ဆင်၏ အနေအထားကို အင်အားကောင်းစေခဲ့ပြီး သမ္မတအဖြစ်

ဆက်လက်ဆောင်ရွက်ခွင့် ရရှိသွားစေခဲ့သည်ဟု ရှုမြင်သုံးသပ်ကြသည်။

ရုရှားဦးစီးလွှတ်တော် သဘာပတိ ခါစဘူလာတော့ဗ်နှင့် ဒုတိယသမ္မတ ရုစကွိုင်းတို့ ဦးဆောင်သည့် သမ္မတယဲ့လ်ဆင်အား ဆန့်ကျင်သူများကလည်း ယဲ့လ်ဆင်သည် အာဏာရှင်ဆန်လာပြီး ပြည်သူ့ဆန္ဒခံယူပွဲအောင်မြင်မှုကို နိုင်ငံရေးစင်မြင့်အဖြစ် အသုံးချကာကွန်ဂရက်အား ၎င်း၏ စိတ်ကြိုက် လွတ်လွတ်လပ်လပ် လုပ်ကိုင်နိုင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်အောင် ကြံရွယ်လုပ်ဆောင်လျက်ရှိသည်ဟု စွပ်စွဲခဲ့သည်။ ယဲ့လ်ဆင်ထောက်ခံသူများကိုလည်း ပုဂ္ဂလိကလုပ်ငန်းများဖြစ်စေရေး အကောင်အထည်ဖော်မှုတွင် အကြီးအကျယ် ခြစားခဲ့သည်ဟု စွပ်စွဲခဲ့သည်။

ပြည်သူ့ဆန္ဒခံယူပွဲတွင် မဲဆန္ဒပေးသူမှာ မျှော်လင့်ထားသည်ထက်ပင်ပိုမိုများပြားခဲ့သည်။ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ၏ ၆၄ ဒသမ ၅ ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ကြသည်။ ဆန္ဒခံယူပွဲတွင် ထည့်သွင်းထားသည့် မေးခွန်းလေးခုအနက် ပြည်သူ့ကိုယ်စားလှယ်များအတွက် ရွေးကောက်ပွဲများ စောစီးစွာကျင်းပရန်လိုအပ်သည်ဟု ထင်မြင်ယူဆပါသလား ဟူသည့် မေးခွန်းအမှတ်လေးမှာ ထောက်ခံမှု အပြည့်အ၀မရရှိခဲ့ပေ။ ဗဟိုရွေးချယ်တင်မြှောက်ရေး ကော်မရှင်ဥက္ကဋ္ဌက ဧပြီလ ၂၇ ရက်နေ့က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ဆန္ဒခံယူပွဲရလဒ်များက သမ္မတနှင့်ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲများ စောစီးစွာကျင်းပရန် ဖြစ်နိုင်မှုကို တားဆီးခဲ့သည်ဟု အတည်ပြုပြောကြားခဲ့သည်။

ပြည်သူ့ဆန္ဒခံယူပွဲ မတိုင်မီ ဧပြီ ၃၊ ၄ ရက်နေ့များတွင် ရုရှားသမ္မတ ယဲ့လ်ဆင်သည် အမေရိကန်သမ္မတ ဘီလ်ကလင်တန်နှင့် ကနေဒါနိုင်ငံ ဗန်ကူးဗားမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းထိပ်သီးဆွေးနွေးပွဲတွင် ရုရှားနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ချက်များ တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်လျက် မဟာဗျူဟာမြောက်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍသစ်ကို အစပျိုးလုပ်ဆောင်ခဲ့သည်။ ၁၉၉၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ရုရှားနိုင်ငံသို့ အမေရိကန်နိုင်ငံက ကူညီထောက်ပံ့ငွေ ဒေါ်လာသန်း ၁,၆၀၀ ပေးရေးကို သဘောတူညီခဲ့သည်။ ရုရှားသွင်းကုန် ပို့ကုန်များအပေါ် ကန့်သတ်ချက်များအား လျှော့ပေါ့ပေးရန်ကိုလည်းကောင်း ရုရှားနိုင်ငံသို့ အကူအညီများတိုးမြှင့်ပေးကမ်းရန် စက်မှုခုနစ်နိုင်ငံ (ဂျီ - ၇)၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)နှင့် ကမ္ဘာ့ဘဏ်တို့အား တိုက်တွန်းပြောကြားပေးရန်ကိုလည်းကောင်း အမေရိကန် သမ္မတ ကလင်တန်က ကတိပြုပြောကြားခဲ့သည်။

ဧပြီ ၁၄၊ ၁၅ ရက်နေ့များတွင် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပခဲ့သည့် စက်မှုခုနစ်နိုင်ငံတို့မှ နိုင်ငံခြားရေးနှင့် ဘဏ္ဍာရေး၀န်ကြီးများ၏ ထိပ်သီးဆွေးနွေးပွဲတွင်လည်း ရုရှားနိုင်ငံသို့ ဒေါ်လာ ၄၃,၀၀၀ သန်း ဘဏ္ဍာငွေအကူအညီပေးရေးကို သဘောတူညီခဲ့ကြသည်။

မေ ၁ ရက်နေ့က မော်စကိုမြို့တွင် ကွန်မြူနစ်ထောက်ခံသူများနှင့် ယဲ့လ်ဆင်အားဆန့်ကျင်သည့် အမျိုးသားရေး၀ါဒီတို့က ဦးဆောင်သော ကန့်ကွက်ဆန္ဒပြပွဲတွင် ဆန္ဒပြသူ ၆၀၀ ခန့်နှင့် ရဲတို့ ရန်းရင်းဆန်ခတ်မှုဖြစ်ပွားခဲ့ရာ ၁၉၉၁ ခုနှစ် ကွန်မြူနစ်တို့၏ မအောင်မြင်သော အာဏာသိမ်းမှုနောက်ပိုင်း အပြင်းထန်ဆုံး ဖြစ်ရပ်တစ်ခုဖြစ်ခဲ့သည်၊ အဆိုပါ ရန်းရင်းဆန်ခတ်ဖြစ်ပွားမှုများက ရုရှားနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေသစ်အား အတည်ပြုချမှတ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ယဲ့လ်ဆင်နှင့် ပါလီမန်တို့အကြား နိုင်ငံရေးအာဏာလွန်ဆွဲမှုကို ပိုမိုလေး နက်စေခဲ့သည်။

ယဲ့လ်ဆင်က ဥပဒေပြုလွှတ်တော် အစည်းအဝေးကို ဇွန်လ ၅ ရက်နေ့တွင် ကျင်းပရန် ၎င်း၏ သဘောထားကို မေ ၁၁ ရက်နေ့တွင် ကြေညာခဲ့သည်။ ယင်းအစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို နောက်ဆုံး အတည်ပြုချမှတ်ရန်ဖြစ်သည်။

ယဲ့လ်ဆင်၏ ယင်းလုပ်ဆောင်မှုကို ခါစဘူလာတော့ဗ်က ရှုတ်ချပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအား ဆန့်ကျင်သည့် လုပ်ရပ်အဖြစ် သတိပေးပြောကြားခဲ့သည်။ ယဲ့လ်ဆင်၏ ပြည်သူ့ကိုယ်စားလှယ်များ ကွန်ဂရက်ကို ကျော်လွှန်ပြီး လုပ်ဆောင်သည့် ယင်းကြိုးပမ်းမှုမှာ ရာဇ၀တ်မှုဖြစ်သည်ဟု ပြောကြားခဲ့သည်။ ယဲ့လ်ဆင်၏ အကြံအစည်နှင့်စပ်လျဉ်း၍ တိုက်ရိုက်အငြင်းပွားမှုတွင် ဆိုဗီယက်ဦးစီးလွှတ်တော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကော်မရှင်ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများအတွက် ယင်း၏ အချိန်ဇယားကို ကြေညာခဲ့ပြန်သည်။ ဆိုဗီယက်ဦးစီးလွှတ်တော်က ယဲ့လ်ဆင်၏ လုပ်ဆောင်ချက်များ ဥပဒေနည်းလမ်းကျမကျနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ဆုံးဖြတ်ချက်ချမှတ်ပေးပါရန် မေ ၁၃ ရက်နေ့တွင် မဲပေးဆုံးဖြတ်ခဲ့သည်။

ယင်းသို့ရှိနေစဉ် ရုရှားဖက်ဒရေးရှင်းအတွင်းရှိ ပြည်ထောင်စုနိုင်ငံများမှ ခေါင်းဆောင်များက ယဲ့လ်ဆင်နှင့် မေ ၂၆ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးပြီး ယဲ့လ်ဆင်၏

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ထောက်ခံခဲ့ကြသည်။ ယဲ့လ်ဆင်နှင့် ဒုတိယ သမ္မတ ရုစကွိုင်းတို့အကြား ပြင်းပြင်း ထန်ထန် အငြင်းပွားမှုမှာလည်း ဆက်လက်ဖြစ်ပေါ်လျှက် ရှိနေခဲ့သည်။

ဇွန် ၁၂ ရက်နေ့က ကျင်းပသည့် ကရင်မလင်သတင်းစာ ရှင်းလင်းပွဲတစ်ရပ်တွင် ယဲ့လ်ဆင်က ပြည်သူ့ကိုယ်စား လှယ်များ ကွန်ဂရက်မှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် များ၏ ရန်သူဖြစ်ကြောင်း၊ ၄င်းအနေဖြင့် ကွန်ဂရက်ကို ယခုနှစ်စောစောပိုင်းတွင် ဖျက်သိမ်းပစ်ရန်အထိပင် စိတ်ကူး ခဲ့ကြောင်း၊ သို့ရာတွင် ဒီမိုကရက်တစ်နည်းလမ်းမကျသဖြင့် ယင်းကြံရွယ်ချက်ကို မလုပ်ဆောင်ခဲ့ကြောင်းဖြင့် ပြောကြားသည်။ ကွန်ဂရက်ကို ဖျက်သိမ်းရန် ကြံရွယ်နေ ကြောင်းကောလာဟလ သတင်းများမှာ မတ်လနှောင်းပိုင်း ကတည်းကပင် ပျံ့နှံ့နေခဲ့သည်။

သမ္မတ ယဲ့လ်ဆင်က ခေါ်ယူသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ညီလာခံကို ဇွန် ၅ ရက်နေ့မှ စပြီး ကရင်မလင်တွင် ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲမှ အခြေပြုကာ ယဲ့လ်ဆင်ထောက်ခံသူများက ကြားဖြတ်ပါလီမန်သစ် ရွေးချယ်တင်မြှောက်ရေးနှင့် ပါလီမန်ဥပဒေသစ်ကို အဆိုပြု တင်ပြခဲ့ကြသည်။ ကွန်ဂရက်ကိုယ်စားလှယ် ၃၁၅ ဦး တို့ကလည်း ကွန်ဂရက်အနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကို ပြောင်းလဲပြင်ဆင်ခွင့် မရှိကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပိတ်ဆို့ဟန့်တားမည်ဆို ပါက ၄င်းတို့အနေဖြင့် ပါလီမန်မှ နုတ်ထွက်မည်ဖြစ်ကြောင်း ဖော်ပြသည့် ကြေညာချက်ကို လက်မှတ်ရေးထိုးထုတ်ပြန် ခဲ့သည်။

ဆိုဗီယက်နိုင်ငံသစ်အတွက် လိုအပ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို ဖန်တီးပေးမည့် ဆိုဗီယက်ခေတ်လွန် ဖွဲ့စည်းအုပ်ချုပ်ပုံအပြီးသတ်မူကြမ်းကို သမ္မတ ဘောရစ် ယဲ့လ်ဆင်၏ ဖွဲ့စည်းအုပ်ချုပ်ပုံရေးဆွဲရာ ညီလာခံက ထောက်ခံမဲ ၄၃၃ မဲ၊ ကန့်ကွက်မဲ ၆၂ မဲဖြင့် အတည်ပြုပေး ခဲ့သည်။

ယင်းဖွဲ့စည်းပုံ အပြီးသတ်မူကြမ်းကို ရုရှားနိုင်ငံ၏ ဒေသနှင့် သမ္မတနိုင်ငံများကလည်း အတည်ပြုပေးရမည် ဖြစ်သည်။ ရုရှားနိုင်ငံသစ်အတွက် ရေးဆွဲထားသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အပြီးသတ်မူကြမ်းသည် ပုဂ္ဂလိက ပိုင်ဆိုင်မှုကို ခွင့်ပြုမည်ဖြစ်ပြီး ဒေသနှင့် သမ္မတ နိုင်ငံများ၏ ပိုင်ခွင့်များကို အာမခံချက်ရှိစေမည်ဖြစ်သည်။ ထို့ပြင် ယဲ့လ်ဆင်၏ ဈေးကွက်စီးပွားရေးပြုပြင်ပြောင်းလဲ မှုများကို အဟန့်အတားဖြစ်စေသည့် ဆိုဗီယက်ခေတ်မှ ကွန်ဂရက်လွှတ်တော်ကိုလည်း ဖျက်သိမ်းပစ်မည်ဖြစ်သည်။

အတည်ပြုလိုက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရုရှားပြည်ထောင်စုကြီး အတွင်းရှိ ဒေသကြီး ၈၈ ခုသို့ ပေးပို့ခဲ့သည်။ ယင်းဖွဲ့စည်းပုံမူကြမ်းကို ဆွေးနွေးသုံးသပ် ပြီးနောက် ဩဂုတ်လ အတွင်းပြန်လည်ကျင်းပမည့် ဖွဲ့စည်း ပုံအခြေခံဥပဒေဆိုင်ရာ ညီလာခံ၌ ပြန်လည်စဉ်းစားကြ မည်ဖြစ်သည်။ ဇူလိုင်လစောစောပိုင်းတွင် ယဲ့လ်ဆင်၏ ဇာတိ ဆဗာ့ဆလော့နှင့် အခြားဒေသ အတော်များများက မိမိတို့ဒေသများအား သမ္မတနိုင်ငံအဆင့်သို့ တိုးမြှင့်ခဲ့ကြောင်း ကြေညာခဲ့သည်။

အခြေအနေများ ယင်းသို့ရှိနေစဉ် ရုရှားဒုတိယသမ္မတ ရုစကွိုင်း အလွဲသုံးစားမှုရှိခဲ့သည်ဟူသည့် စွပ်စွဲချက်များ ထွက်ပေါ်လာခဲ့သည်။ ရုရှားနိုင်ငံပြင်ပသို့ ဒေါ်လာငွေ သန်းပေါင်းများစွာ ခိုးထုတ်ပြီး ဆွစ်ဘဏ်ငွေ စာရင်းသို့ လျှို့ဝှက်စွာထည့်သွင်းခဲ့ရာတွင် ရုစကွိုင်းပါဝင်ပတ်သက် နေသည်ဟု စွပ်စွဲထားခြင်းဖြစ်သည်။ ရုစကွိုင်းက စွပ်စွဲချက် များကို ဒေါသတကြီး တုံ့ပြန်ပြီး ၄င်း၏ ဂုဏ်သိက္ခာကို ခုခံ ကာကွယ်ရန်အတွက် တရားဥပဒေနည်းလမ်းအရ ဆောင်ရွက် သွားမည်ဟု ပြောကြားခဲ့သည်။

ရုရှားသမ္မတယဲ့လ်ဆင်နှင့် ပါလီမန်ရှိ ၄င်းအားဆန့်ကျင် သူများအကြား နိုင်ငံရေးအင်အားယှဉ်ပြိုင်သည့် တိုက်ပွဲ မှာလည်း အရှိန်ကောင်းလျက် ရှိနေဆဲပင်ဖြစ်သည်။ ၁၉၉၁ ခုနှစ် ဩဂုတ်လက မအောင်မြင်သော အာဏာ သိမ်းမှု ဖြစ်ပွားခဲ့သည့် ဒုတိယ နှစ်ပတ်လည်နေ့အဖြစ် ဩဂုတ်လ ၂၁ ရက်နေ့တွင် သဘောထားတင်းမာသည့် ကွန်မြူနစ်ဟောင်းများက ပါလီမန်အပြင်ဘက်တွင် ဆန္ဒ ပြပြီး သမ္မတ ယဲ့လ်ဆင် နုတ်ထွက်ပေးရန် တောင်းဆို ကြသည်။ ယဲ့လ်ဆင် ထောက်ခံသူများနှင့် အစိုးရအရာရှိ များကလည်း မော်စကို ဗာဂန်ကိုဗ့်သချိုင်းတွင်စုရုံးကြပြီး မအောင်မြင်သော အာဏာသိမ်းမှုအတွင်း သေဆုံးခဲ့ရသည့် လူငယ်သုံးဦး၏ အုတ်ဂူတွင် ပန်းခွေများချကာ ဖရောင်းတိုင် မီးများထွန်းညှိပြီး အမှတ်တရနေ့အဖြစ်ကျင်းပခဲ့ကြသည်။

ယဲ့လ်ဆင်က ပါလီမန်ရွေးကောက်ပွဲများ စောစီးစွာ ကျင်းပရေးကို တောင်းဆိုလျက်ရှိနေခဲ့ပြီး ပါလီမန်ကလည်း သဘောမတူဘဲရှိနေခဲ့သည်။ ယခင်ကွန်မြူနစ်ဟောင်းများ ကြီးစိုးလျက်ရှိသည့် ပါလီမန်က ယဲ့လ်ဆင်အားစွဲချက်တင်ရန် ၄င်း၏ဈေးကွက်စီးပွားရေးပြုပြင်ပြောင်းလဲမှုကို ပိတ်ဆို့ ဟန့်တားရန်နှင့် ၄င်း၏အစိုးရအဖွဲ့မှ ပြုပြင်ပြောင်းလဲရေး သမားများအား ဖယ်ထုတ်ရန်တို့ကို ကြိုးပမ်းလျက်ရှိနေ

ခဲ့သည်။ ရွေးကောက်ပွဲများကို ပါလီမန်က ကျင်းပမပေးပါက မိမိဘာသာခေါ်ယူကျင်းပသွားမည်ဟု ယဲ့လ်ဆင်က ခြိမ်းခြောက်ပြောကြားခဲ့သည်။ သို့ရာတွင် ရုရှားနိုင်ငံ၏ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတအနေဖြင့် ယင်းသို့ လုပ်ပိုင်ခွင့်မရှိပေ။ ထို့ကြောင့်ပင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အတည်ပြုနိုင်ရေးကိုလည်း ယဲ့လ်ဆင်က အားသွန်ကြိုးပမ်းနေခြင်း ဖြစ်သည်။

အဂတိလိုက်စားမှုရှိခဲ့သည်ဟူသော စွပ်စွဲချက်များကို အကြောင်းပြု၍ သမ္မတဘောရစ်ယဲ့လ်ဆင်သည် ဒုတိယသမ္မတ အလက်ဇန္ဒားရုစကွိုင်းနှင့် ဒုတိယဝန်ကြီးချုပ် ဗလာဒီမာရှုမိကိုတို့နှစ်ဦးအား စက်တင်ဘာလ ၁ ရက်နေ့တွင် ရာထူးမှ ခေတ္တချထားလိုက်သည်။ ဒုတိယ သမ္မတ ရုစကွိုင်းမှာ တစ်ချိန်က သမ္မတယဲ့လ်ဆင်၏ မဟာမိတ် တစ်ဦးဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် သမ္မတယဲ့လ်ဆင်နှင့် ပြိုင်ဘက်ဖြစ်လာကာ သမ္မတအား ဝေဖန်သူတစ်ဦးဖြစ်လာခဲ့သည်။ ဒုတိယဝန်ကြီးချုပ် ရှုမိကိုသည် သမ္မတ ယဲ့လ်ဆင်၏ အရင်းနှီးဆုံး လက်ထောက်တစ်ဦးဖြစ်ပြီး ဈေးကွက်စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွင် အခိုင်အမာပါဝင် ဆောင်ရွက်နေသူ တစ်ဦးလည်းဖြစ်သည်။

၄င်းတို့နှစ်ဦး အဂတိလိုက်စားမှုရှိသည်ဆိုသော စွပ်စွဲချက်များက သမ္မတယဲ့လ်ဆင်၏ဘက်မှ ပြုပြင်ပြောင်းလဲရေးသမားများနှင့် ရုရှားပါလီမန်ကို စိုးမိုးထားသည့် သဘောထားတင်းမာသူများအကြား အာဏာလွန်ဆွဲပွဲကို အရှိန်ပိုမိုမြင့်မားစေခဲ့သည်။

ရာထူးချထားခြင်းမှာ ယာယီသာဖြစ်ကြောင်း၊ အမြဲတမ်းဖြစ်ရေး မဖြစ်ရေးမှာ စွဲချက်များကို စစ်ဆေးနေသည့် စုံစမ်းစစ်ဆေးချက်များအပေါ်တွင် မူတည်ကြောင်းဖြင့် သမ္မတယဲ့လ်ဆင်၏ရုံးမှ ကြေညာသည်။ ရုရှားပါလီမန် ဥက္ကဋ္ဌ ခါစဘူလာတော့ဗ်ကလည်း ယဲ့လ်ဆင်၏လုပ်ရပ်မှာ ပါလီမန်ကိုဖျက်သိမ်းရေးနှင့် ရွေးကောက်ပွဲများကျင်းပရေးကို ဦးတည်ကြိုးပမ်းသည့် ခြေလှမ်းဖြစ်သည်ဟု စွပ်စွဲပြောဆိုလိုက်သည်။ သမ္မတ၏ လုပ်ရပ်ကို ရုရှားပါလီမန်က ပယ်ချလိမ့်မည်ဟုလည်း ခါစဘူလာတော့ဗ်က ပြောကြားသည်။

ယင်းသို့ အခြေအနေများတင်းမာနေရာမှ ဘောရစ်ယဲ့လ်ဆင်သည် ပါလီမန်အား ဖျက်သိမ်းကြောင်းကြေညာလျက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တစ်ဆင့်ပြီးတစ်ဆင့် ပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်းသည့် အမိန့်ဒီဂရီတစ်ရပ်ကို စက်တင်ဘာလ ၂၁ ရက်နေ့တွင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။ အသစ်ရွေးချယ် တင်မြှောက်မည့် ဥပဒေပြု လွှတ်တော်နှစ်ရပ်အနက် အောက်လွှတ်တော် ရွေးကောက်ပွဲများကို ဒီဇင်ဘာလ ၁၂ ရက်နေ့တွင်ကျင်းပရန် သတ်မှတ်ခဲ့သည်။ သမ္မတရွေးကောက်ပွဲများကိုမူ ၁၉၉၄ ခုနှစ်၊ ဇွန် ၁၂ ရက်နေ့တွင် ကျင်းပသွားမည်ဟု စက်တင်ဘာလ ၂၃ ရက်နေ့တွင် ယဲ့လ်ဆင်က ပြောကြားခဲ့သည်။

စက်တင်ဘာ ၂၁ ရက်နေ့တွင်ကျင်းပသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးအရေးပေါ်အစည်းအဝေးက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသသည့် သမ္မတယဲ့လ်ဆင်၏ ပြောကြားချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်ရာကျသည်ဟု သုံးသပ်ပြီး ယင်းမှာ ယဲ့လ်ဆင်အား စွဲချက်တင်ရန် အခြေခံအကြောင်းများပင် ဖြစ်သည်ဟု ကောက်ချက်ချခဲ့သည်။

ယဲ့လ်ဆင်၏ အဓိကပြိုင်ဘက်ဖြစ်သူ ဒုတိယသမ္မတ ရုစကွိုင်းက ယဲ့လ်ဆင်၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တစ်ဆင့်ပြီးတစ်ဆင့် ပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်းသည့် အမိန့်ဒီဂရီမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု ပြောကြားပြီး ရှုတ်ချခဲ့သည်။ ထို့ပြင် ပြောင်ပြောင်တင်းတင်း အာဏာသိမ်းရန်ကြံစည်မှု ဖြစ်သည်ဟုလည်း ယဲ့လ်ဆင်အား စွပ်စွဲလိုက်သည်။

ပြည်သူ့ကိုယ်စားလှယ်များကွန်ဂရက်သည် စက်တင်ဘာလ ၂၃ ရက်နှင့် ၂၄ ရက်နေ့များတွင် အရေးပေါ်အစည်းအဝေးကျင်းပပြီး သမ္မတယဲ့လ်ဆင်အား စွဲချက်တင်ရန် ဆန္ဒမဲပေးဆုံးဖြတ်လိုက်သည်။ ထို့ပြင် စက်တင်ဘာလ ၂၁ ရက်နေ့က ဆိုဗီယက်ဦးစီးလွှတ်တော်အစည်းအဝေးတွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ရုစကွိုင်းအား သမ္မတအဖြစ် ကွန်ဂရက်က အတည်ပြုခဲ့သည်။ ဤသို့ဖြင့် သမ္မတယဲ့လ်ဆင်နှင့် ကွန်ဂရက်တို့အကြား တစ်စတစ်စကြီးထွားလာခဲ့သည့်တင်းမာမှုနှင့် အားပြိုင်မှုမှာ အထွတ်အထိပ်သို့ ရောက်ရှိလာတော့သည်။

စက်တင်ဘာလ ၂၁ ရက်နေ့မှစပြီး ပါလီမန်အပြင်ဘက်တွင် သမ္မတယဲ့လ်ဆင်အား ဆန့်ကျင်ဆန္ဒပြလျက်ရှိနေခဲ့ကြသည့် သူများက ပါလီမန်ကို စီးနင်းသိမ်းပိုက်ထားခဲ့ကြသည်။ ယင်းတို့အထဲမှ အများအပြားမှာ လက်နက်အငယ်စားများကို ကိုင်ဆောင်ထားကြပေသည်။ ဆန္ဒပြသူအများစုမှာ အမျိုးသားကယ်တင်ရေးတပ်ဦး (အင်အက်စ်အက်ဖ်)အား ထောက်ခံသူများဖြစ်ကြသည်ဟု သိရှိရသည်။

ရုရှားနိုင်ငံတွင် ဖြစ်ပေါ်နေသော ပြည်တွင်းရေးအခြေအနေနှင့်စပ်လျဉ်း၍ အနောက်ဥရောပ နိုင်ငံခေါင်းဆောင်










သမ္မတယဲ့လ်ဆင်ကို သစ္စာခံသောတပ်များက ပါလီမန် အဆောက်အအုံကို စီးနင်းတိုက်ခိုက်နေစဉ်နှင့် ခါစဘူလာတော့ဗ်ကို ဖမ်းဆီးခေါ်ဆောင်သွားစဉ်

အများအပြားက ရုရှားသမ္မတယဲ့လ်ဆင်အား ထောက်ခံသည့် ကြေညာချက်များကို ထုတ်ပြန်ခဲ့ကြသည်။

ဘောရစ်ယဲ့လ်ဆင်နှင့် ယှဉ်ပြိုင်ကာ သမ္မတရာထူးကို ရယူခဲ့သူ ရုစကွိုင်းက အစိုးရအဖွဲ့မှ ဝန်ကြီးများကို ဖြုတ်ပစ်ပြီး ယင်းတို့၏နေရာတွင် နိုင်ငံရေးမဟာမိတ်ဖြစ်သည့် ပုဂ္ဂိုလ်များအား ခန့်ထားခြင်းဖြင့် အရေးပါသည့် ဝန်ကြီးဌာနအများအပြားကို ထိန်းချုပ်ရန်ကြိုးပမ်းခဲ့သည်။ ခါစဘူလာတော့ဗ်ကလည်း လုံခြုံရေးဝန်ကြီးဌာနမှ ရဲများနှင့် ဝန်ထမ်းများအား သမ္မတယဲ့လ်ဆင်ထံမှ အမိန့်များကိုနာခံခြင်း မပြုရန် တောင်းဆိုခဲ့သည်။

ရုရှားကာကွယ်ရေးဝန်ကြီး ဂရာချက်ဗ်ကမူ ထိပ်တန်းစစ်ဘက်အရာရှိကြီးများသည် သမ္မတယဲ့လ်ဆင်၏ နောက်တွင် တစ်ညီတစ်ညွတ်တည်း ရှိကြကြောင်းဖြင့် ပြောကြားခဲ့ပြီး စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မိခေးလ် ကိုလက်စ်နီကော့ဗ်က သမ္မတယဲ့လ်ဆင်နှင့် ဂရာချက်ဗ်တို့ထံမှ အမိန့်များကိုသာ လိုက်နာမည်ဖြစ်ကြောင်း ပြောကြားသည်။

ပါလီမန်အပြင်ဘက်တွင် ထောက်ခံဆန္ဒပြလျက်ရှိသူများအား စက်တင်ဘာ ၂၆ ရက်နေ့တွင် ရုစကွိုင်းက မိန့်ခွန်းပြောကြားရာတွင် မိမိတို့အနေဖြင့် နောက်ဆုံးကျည်တောင့်အထိ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း၊ သွေးထွက်သံယိုမှုများ ဖြစ်ပေါ်လာနိုင်ကြောင်းဖြင့် သတိပေးပြောကြားခဲ့သည်။ ခါစဘူလာတော့ဗ်ကလည်း ၎င်းအားထောက်ခံသူများသည် လိုအပ်ပါက ပါလီမန် အဆောက်အအုံကို တစ်နှစ်ပတ်လုံး ခုခံကာကွယ်သွားရန် အသင့်အနေအထားရှိကြောင်းဖြင့် ပြောကြားခဲ့သည်။

ပါလီမန်အဆောက်အအုံသိမ်းပိုက်ထားခြင်းကို စွန့်လွှတ်အဆုံးသတ်ရန်၊ သို့မဟုတ်ပါက တပ်ဖွဲ့ဝင်များ၏ စီးနင်းတိုက်ခိုက်မှုနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ ပါလီမန်အတွင်းရှိ သဘောထားတင်းမာသူ ပါလီမန်အမတ်များအား ရုရှားအစိုးရက ရာဇသံပေးခဲ့သည်။ ရာပေါင်းများစွာသော လက်နက်ကိုင် သံခမောက်ဆောင်း အဓိကရုဏ်းနှိမ်နင်းရေးရဲ ၂၀၀၀ ခန့်က စက်တင်ဘာ ၂၈ ရက်နေ့တွင် ပါလီမန် အဆောက်အအုံကို ဝိုင်းထားလိုက်သည်။ ရဲအရာရှိကြီးများကလည်း ပါလီမန်အဆောက်အအုံအတွင်းရှိ သဘောထားတင်းမာသူများအား ၂၄ နာရီအတွင်း လက်နက်ချအညံ့ခံရန် အသံချဲ့စက်များဖြင့် ဆော်သြခဲ့ကြသည်။

ပါလီမန်အဆောက်အအုံအတွင်းရှိ များစွာသောအစောင့်များနှင့် စေတနာ့ဝန်ထမ်းများက ကျောက်တုံးများဆင့်ကာ ကတုတ်များပြုလုပ်ကြသည်။ အမိနိုင်ငံကို အသက်ပေးကာကွယ်ကြဟု ပါလီမန်ထောက်ခံသူများက ကြွေးကြော်အော်ဟစ်ကြသည်။ ရုရှားအစိုးရကလည်း ပါလီမန်အဆောက်အအုံအတွင်း ခိုအောင်းနေသော ပါလီမန်အမတ်များ၊ ရုံးအဖွဲ့ဝင်များနှင့် အခြားပုဂ္ဂိုလ်များသည် လက်နက်များစွဲကိုင်ထားပါက လက်နက်ချပြီး အောက်တိုဘာ ၄ ရက်နေ့ နောက်ဆုံးထားကာ အဆောက်အအုံအတွင်းမှ ထွက်ခွာပေးကြရန် စက်တင်ဘာ ၂၉ ရက်နေ့တွင် အမိန့်တစ်ရပ် ထုတ်ပြန်လိုက်သည်။

ယင်းသို့ အခြေအနေများတင်းမာနေပြီး ပေါက်ကွဲလုနီးပါးဖြစ်နေသည့် အနေအထားတွင် သမ္မတယဲ့လ်ဆင်အား အာခံနေကြသည့် ပါလီမန်အမတ်များနှင့် သမ္မတယဲ့လ်ဆင် အစိုးရအဖွဲ့တို့အကြား စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ သို့ရာတွင် လိပ်ခဲတည်းလည်းဖြစ်နေမှုကို အဆုံးသတ်စေမည့် သဘောတူဖြေရှင်းချက်တစ်ရပ်ကို မရရှိဘဲ ပိုမိုဆိုးဝါးပြင်းထန်လာခဲ့သည်။

ဤသို့ဖြင့် သဘောထားတင်းမာသူ ပါလီမန်အမတ်များအား ထောက်ခံကြသည့် ဆန္ဒပြသမားများက ခဲများ၊ တုတ်များ၊ စက်သေနတ်များကိုင်ဆောင်ကာ ရုရှားပါလီမန်ပတ်လည်တွင် ဝိုင်းထားသောရဲများကို တိုက်ခိုက် ထိုးဖောက်လိုက်သည်။ ၁၉၁၇ ခုနှစ်၊ ဇော်လရှီဗစ်တော်လှန်ရေးနောက်ပိုင်းတွင် မော်စကိုမြို့တွင် အပြင်းထန်အဆိုးဝါးဆုံး နိုင်ငံရေးအုံကြွမှုပင် ဖြစ်သည်။ ဆန္ဒပြသမားများသည် အဓိကရုဏ်းရဲများကို ဖြိုခွဲပြီးနောက် မော်စကို မြို့တော်အုပ်ချုပ်ရေးဌာနချုပ်ကို သိမ်းပိုက်လိုက်သည်။ ရုရှားနိုင်ငံ၏ ဗဟိုရုပ်မြင်သံကြားဌာနကိုလည်း ဒုံးကျည်တပ် လက်ပစ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်သည်။

ယိုယွင်းလာသော အခြေအနေများကို ထိန်းချုပ်နိုင်စေရန်အတွက် ရုရှားသမ္မတယဲ့လ်ဆင်၏တပ်များက အောက်တိုဘာ ၄ ရက်နေ့ အရုဏ်တက်ပြီးချိန်မှစ၍ ပါလီမန် အဆောက်အအုံကို ထိုးဖောက်ဝင်ရောက် တိုက်ခိုက်သိမ်းပိုက်လိုက်သည်။ ဆန့်ကျင်သည့် သဘောထားတင်းမာသူများ လက်နက်ချအညံ့ခံကြသည်။ သဘောထားတင်းမာသူများ၏ ခေါင်းဆောင်များဖြစ်ကြသော ပါလီမန်ဥက္ကဋ္ဌ ခါစဘူလာတော့ဗ်နှင့် ဒုတိယသမ္မတ အလက်စန္ဒားရုစကွိုင်းတို့ နှစ်ဦးသည်လည်း လက်နက်ချသူများတွင် ပါဝင်ကြသည်။ ၎င်းတို့သည် ခုခံမှုမပြုဘဲ လက်နက်ချခဲ့သည်ဟုဆိုသည်။ မော်စကိုမြို့တော် တစ်ခုလုံး ည ၁၁ နာရီမှ နံနက် ၅ နာရီအထိ ညမထွက်ရ အမိန့်ထုတ်လိုက်သည်။ ပါလီမန်အား ပြန်လည်သိမ်းပိုက်သည့် တိုက်ပွဲအတွင်း အနည်းဆုံး လူ ၃၀၀ သေဆုံးကြောင်း ရုရှားသတင်းစာများက ဖော်ပြသည်။

ရုရှားနိုင်ငံ၏ ပထမဆုံး ဆိုဗီယက်ခေတ်လွန်ပါလီမန်အတွက် ရွေးကောက်ပွဲလှုံ့ဆော်မှုများကို နိုဝင်ဘာလ ဒုတိယ ပတ်အတွင်း စတင်ပြုလုပ်ခဲ့ကြသည်။ ရုရှားနိုင်ငံရေး အဖွဲ့အစည်း ၁၃ ခုတို့အား အမတ်လောင်းအမည်စာရင်း တင်သွင်းခွင့်ပေးလိုက်ပြီးနောက် စတင်လှုပ်ရှားခွင့်ရရှိခဲ့ကြခြင်းဖြစ်သည်။ ခွင့်ပြုလိုက်သည့် ပါတီနှင့် အဖွဲ့အစည်း ၁၃ ခုတွင် သမ္မတယဲ့လ်ဆင်အား ထောက်ခံသည့် ပြုပြင်ပြောင်းလဲရေးလိုလားသည့်ပါတီများနှင့် ရုရှားကွန်မြူနစ်ပါတီ၊ ဗဟိုဝါဒီပြည်သူ့သမဂ္ဂနှင့် လက်ယာစွန်း လစ်ဘရယ်ဒီမိုကရက်တစ်ပါတီတို့ ပါဝင်ကြသည်။

ဤသို့ဖြင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲများနှင့် ရုရှားဖွဲ့စည်းပုံ အခြေခံဥပဒေသစ်မူကြမ်း ပြည်သူ့ဆန္ဒခံယူပွဲကို ဒီဇင်ဘာ ၁၂ ရက်နေ့တွင် တစ်ပြိုင်နက် ကျင်းပခဲ့သည်။ ပြည်သူ့ဆန္ဒခံယူပွဲတွင် ရုရှားဖက်ဒရေးရှင်းဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်သူတို့က ထောက်ခံမဲပေးကာ အတည်ပြုခဲ့ကြသည်။ သို့ရာတွင် ဆန္ဒခံယူပွဲ၌ ပွတ်ကာသီကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ရုရှားနိုင်ငံတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၀၆ သန်း၏ ၅၄ ဒသမ ၈ ရာခိုင်နှုန်း သို့မဟုတ် ပြည်သူ ၅၈ ဒသမ ၂ သန်းက ထောက်ခံဆန္ဒမဲ ပေးခဲ့ကြသည်။ ယခုအတည်ပြုလိုက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အကြိမ်ရာပေါင်းများစွာ ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ကြရသည်။

ရုရှားဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် ပြည်သူ့ရပိုင်ခွင့်များကို အာမခံပေးထားပေသည်။ အာဏာခွဲဝေသုံးစွဲသော ဌာနအချင်းချင်း ဆက်ဆံရေးသစ်ကို ဖော်ဆောင်ပေးမည်ဖြစ်ပြီး အစိုးရနှင့် ပါလီမန်ပဋိပက္ခဖြစ်မှုမျိုး ပေါ်ပေါက်မလာစေရေးကိုလည်း အကာအကွယ်ပေးထားသည်။ အာဏာကျင့်သုံးရာတွင်လည်း ညီတူညီမျှ ချိန်ကိုက်ထားသည်။ သမ္မတကအောက်လွှတ်တော်ကို ဖျက်သိမ်းနိုင်ခွင့် အာဏာရရှိမည်ဖြစ်ပြီး ပါလီမန်ကမူ သမ္မတအား ရာထူးမှ ဖယ်ရှားနိုင်ခွင့်ရရှိစေမည်ဖြစ်သည်။ အခြေခံဥပဒေသစ်သည်တစ်ပါတီအာဏာရှင်စနစ်ဖြစ်သော ဆိုဗီယက်ခေတ်မှ ဒီမိုကရေစီခေတ်သို့ ပြောင်းလဲပို့ဆောင်ပေးမည်ဖြစ်သည်။ အထူးသဖြင့် ပြည်သူတို့ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ရရှိစေမည်ဖြစ်သည်။

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲများတွင်မူ အစွန်းရောက်အမျိုးသားရေးဝါဒီ ဗလာဒီမာဇီရင်နော့စကီး ခေါင်းဆောင်သည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီက မဲအများဆုံးရရှိပြီး အနိုင်ရရှိခဲ့သည်။ သမ္မတ ယဲ့လ်ဆင်အား လိုလားသူများ ပါတီက ဒုတိယနေရာမှ လိုက်ခဲ့သည်။ ရွေးကောက်ပွဲတွင် ဗလာဒီမာဇီရင်နော့စကီး၏ ပါတီအနိုင်ရရှိခဲ့ခြင်းအပေါ် ယခင်ဆိုဗီယက်ပြည်ထောင်စုဝင် နိုင်ငံအများအပြားက အံ့သြတုန်လှုပ်ကြသည်။

ပါလီမန်ရွေးကောက်ပွဲ အနိုင်ရရှိပြီးနောက် ဇီရင်နော့စကီးက သမ္မတ ယဲ့လ်ဆင်က အစိုးရအဖွဲ့ ဖွဲ့စည်းပေးရန် မိမိအားတောင်းဆိုလာလျှင် မိမိတို့အသင့်ရှိကြောင်း ထို့ပြင် ယဲ့လ်ဆင်က မိမိတို့အား အစိုးရအဖွဲ့နှင့် ကမ်းလှမ်းလျှင်လည်း မိမိတို့အသင့်ရှိကြောင်း သို့ရာတွင် ထိပ်တန်းဝန်ကြီးများက မိမိအား အန္တရာယ်ရှိသော ဖက်စစ်ဝါဒီတစ်ဦးအဖြစ် သမုတ်နေကြောင်း ပြောဆိုလိုက်သည်။ သမ္မတယဲ့လ်ဆင်၏ စီးပွားရေးမူဝါဒများသည် အမျိုးသားရေးကို သစ္စာဖောက်ကြောင်း ဇီရင်နော့စကီးက ဝေဖန်ပြောကြားခဲ့ဖူးသည်။

ရွေးကောက်ပွဲပြုလုပ်ပြီးနောက် ပထမဆုံး ပြုလုပ်သည့် အစိုးရအဖွဲ့ အစည်းအဝေးတွင် ၁၉၉၄ ခုနှစ်အတွက် ပုဂ္ဂလိကပြုလုပ်ရေး အစီအစဉ်သစ်မူကြမ်းတစ်ရပ်ကို အတည်ပြုခဲ့သည်။ ယင်းမူကြမ်းမှာ သမ္မတ ယဲ့လ်ဆင်ထံမှ အတည်ပြုချက်ရယူရဦးမည် ဖြစ်သည်။

ပါလီမန်ရွေးကောက်ပွဲတွင် အစွန်းရောက်များ အောင်ပွဲခံခဲ့လင့်ကစား ရုရှားနိုင်ငံက ဦးတည်ဆောင်ရွက်နေသော ဈေးကွက်စီးပွားရေးစနစ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယဲ့လ်ဆင်က ဒီဇင်ဘာ ၂၂ ရက်နေ့တွင် ကတိပြုလိုက်သည်။ ထို့ပြင် စီးပွားရေးပြုပြင်ပြောင်းလဲရေး၌ ဗိသုကာတစ်ဦးဖြစ်သော လက်ရှိစီးပွားရေးဝန်ကြီး ယေဂါဂိုက်ဒါအား ရာထူးတွင် ဆက်လက်ခန့်ထားရန်ကိုလည်း ကတိပေးသွားသည်။ ယင်းသို့ကတိပေးခြင်းသည် ယဲ့လ်ဆင်ဆောင်ရွက်နေသော စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်သွားမည့် သဘောပင် ဖြစ်သည်။

ယဲ့လ်ဆင်အနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအပေါ် ပါလီမန်က ဆန့်ကျင် ကန့်ကွက်သော်လည်း ဆောင်ရွက်သွားနိုင်မည့် အခြေအနေမျိုးတွင် ရှိနေသည်။ အကြောင်းမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်က သမ္မတအား အာဏာအပြည့်အဝ ပေးထားသောကြောင့်ဖြစ်သည်။

**ဦးခင်မောင်လေး**

**ရင်ချင်းဆက် အမြွာ ။** ။၁၉၉၃ ခုနှစ်ဇူလိုင်လ ၂၅ ရက်နေ့တွင် ရင်ချင်းဆက် အမြွာညီအမ အေးအေးငြိမ်းနှင့် အိအိငြိမ်းကို ရန်ကုန် ကလေးဆေးရုံကြီးတွင် အောင်မြင်စွာခွဲစိတ်နိုင်ခြင်းမှာ မြန်မာ့ကျန်းမာရေးသမိုင်းတွင် အောင်မြင်မှုမှတ်တိုင်သစ် တစ်ရပ်ကို ဒုတိယအကြိမ်စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သောနှစ်ပေါင်း နှစ်ဆယ်



ရင်ချင်းဆက် ယိုးဒယားအမြွှာ

## ရင်ချင်းဆက်အမြွှာဟူသည်

ရင်ချင်းဆက်အမြွှာဟူသည်မှာ ကိုယ်ချင်းဆက်အမြွှာ တစ်မျိုးဖြစ်သည်။ ၁၈၁၁ ခုနှစ်တွင် ထိုင်းနိုင်ငံ မက်လောင်မြို့တွင် မွေးဖွားခဲ့သော ထိုင်းလူမျိုးကိုယ်ချင်းဆက် အမြွှာများဖြစ်ကြသည့် ချန်းနှင့်အန်းတို့ကို အစွဲပြု၍ ယိုးဒယားအမြွှာ (Siamese Twins )ဟု ယခုတိုင်ခေါ်စမှတ်ပြုလာကြသည်။ ရင်ချင်းဆက်အမြွှာကို မိန်းကလေးများတွင်ပိုမိုတွေ့ရှိပြီး တစ်ဦးနှင့်တစ်ဦးဆက်နေသည့်နေရာနှင့် ဆက်နေသည့် ပမာဏကိုလိုက်ပြီးအမျိုးအစားခွဲခြားနိုင်သည်။ ယင်းတို့မှာ–

(၁) ခေါင်းချင်းဆက်အမြွှာ ( Craniopagus )
(၂) ရင်ချင်းဆက်အမြွှာ ( Thoracopagus )
(၃) ဝမ်းဗိုက်ချင်းဆက်အမြွှာ (Omphalopagus )
(၄) တင်ပါးချင်းဆက်အမြွှာ (Pygopagus )
(၅) ခေါင်းနှင့်ရင်ချင်းဆက်အမြွှာ (Cephalothoracopagus or janiceps)

ယင်းတို့အပြင်တစ်ခါတစ်ရံ ခေါင်းနှစ်လုံး၊ လက်လေးချောင်းနှင့် ခြေနှစ်ချောင်းပါသော အမြွှာမျိုး( Dicephalotetrabrachus )ကိုလည်း ရှားရှားပါးပါးတွေ့မြင်နိုင်သည်။

ကလေးမွေးဖွားမှုအကြိမ်ပေါင်းနှစ်သန်းတွင် တစ်ကြိမ်ခန့် ကိုယ်ချင်းဆက်အမြွှာဖြစ်နိုင်သည်။

ကျော်ကာလ ၁၉၇၁ ခုနှစ် ၊ ဇူလိုင်လ ၇ ရက်နေ့တွင် အလားတူ ရင်ချင်းဆက်အမြွှာမနန်းစိုးနှင့် မနန်းစံတို့အား မြန်မာပြည်တွင် ပထမအကြိမ်အောင်မြင်စွာခွဲစိတ်နိုင်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ ယခုအခါ မြန်မာပြည်တွင် ကလေးသူငယ်မှအစလူကြီးအဆုံး အေးအေးငြိမ်းနှင့် အိအိငြိမ်းသတင်းကို စိတ်ဝင်စားကြသည်။ အောင်မြင်စွာခွဲစိတ်နိုင်ခြင်းအတွက် ပျော်ရွှင်ဝမ်းမြောက်ဂုဏ်ယူနေကြသည်။ ကလေးမိဘများ အဖိုးကားပြောစရာမရှိချေ။ နိုင်ငံတော်အစိုးရကိုယ်တိုင်က စိတ်ပါဝင်စားစွာဖြင့်အားပေးသည့်အပြင် လိုအပ်သည့် ကူညီပံ့ပိုးမှုများလည်းပေးခဲ့သည်။ ခွဲစိတ်ကုသနေပုံကို ရုပ်မြင်သံကြားမှ တိုက်ရိုက်လွှင့်ထုတ်ခြင်းကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဆေးတက္ကသိုလ်ကျောင်းသူ ကျောင်းသားများ စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြသည်။ အတွင်းရေးမှူး(၁)၏ လမ်းညွှန်ချက်အရ မော်ကွန်းရုပ်ရှင်မှလည်းမှတ်တမ်းတင်ရုပ်ရှင်ရိုက်ကူးခဲ့ပြီး ပြည်သူအများသို့ တင်ပြပညာပေးခဲ့ပါသည်။ ထို့ကြောင့်လည်းရင်ချင်းဆက် အမြွှာမှာ ပြည်သူတစ်ရပ်လုံး၏ စိတ်ဝင်စားဖွယ်ရာ ဖြစ်ရပ်တစ်ခုဖြစ်ပေသည်။

## ရင်ချင်းဆက်အမြွှာဖြစ်ပေါ်လာပုံ

အမြွှာဖြစ်ပေါ်လာပုံ နှစ်မျိုးနှစ်စားရှိပါသည်။ မိခင်မှ မမျိုးဥတစ်လုံးနှင့်ဖခင်၏သုက်ပိုးတစ်ကောင်ပေါင်းစပ်ပြီး ရရှိသည့် သန္ဓေသားလောင်းလေးမှဆဲလ်များဆင့်ကဲ ဆင့်ကဲကွဲပြီး သန္ဓေသားလောင်းနှစ်ဦးခွဲထွက်၍ ဖြစ်ပေါ်လာသော အမြွှာအမျိုးအစား( Uniovular Type) နှင့် မိခင်မှမမျိုးဥနှစ်လုံးနှင့် ဖခင်၏သုက်ပိုးနှစ်ကောင် ပေါင်းစပ်ဖြစ်ပေါ်လာသော အမြွှာမျိုး ( Binovular Type)ဟူ၍ဖြစ်ပါသည်။ ပထမအမျိုးအစားတွင်မျိုးစပ်ပြီး သန္ဓေဥသည် သားအိမ်တွင်တွယ်စိုက် ( implant )ရာတွင် တစ်ခုနှင့်တစ်ခုသီးခြားစွာတွယ်စိုက်သည်။ ထို့အပြင် သန္ဓေဥတစ်ခုစီအတွက် သူ့အချင်း( Placenta ) နှင့် သူ၊ သူ့ရေမြွှာအိတ် ( Amniotic Sac) နှင့် သူ၊ သူ့အချင်းမြှေး (Chorionic Sac )နှင့်သူရှိသည်။ တစ်ခါတစ်ရံ အချင်းတစ်ခုနှင့်တစ်ခုနီးစပ်စွာတည်ရှိနေလျှင် အချင်းများ ဆက်သွားတတ်သော်လည်း သန္ဓေသားတစ်ခုစီ၏ သွေးလှည့်ပတ်မှုမှာ ရောနှောလေ့မရှိပါ။

ဒုတိယအမျိုးအစားတွင် အမြွှာများစကွဲသည့်အချိန်ပေါ်တွင်မူတည်၍ ကွဲပြားကြပြန်သည်။

(၁) မျိုးစပ်ပြီးသန္ဓေဥမှဆဲလ်နှစ်ခုစကွဲချိန်တွင် အမြွှာနှစ်ဦးကွဲမည်ဆိုလျှင် (၂၅-၃၀ %) ယင်းတို့၌ သီးခြားရေမြွှာအိတ်၊ အချင်းနှင့် အချင်းမြွေးတို့ ရှိကြသည်။

(၂) ဆဲလ်ကွဲမှုများလာပြီး အပြင်ဆဲလ်အုပ်စု ( Outer cell mass )နှင့် အတွင်းဆဲလ်အုပ်စု( Inner cell mass )ဟူ၍ ဖြစ်ပေါ်လာပြီးချိန်တွင်မှ အတွင်းဆဲလ်အုပ်စုမှ အမြွှာနှစ်ဦးကွဲလျှင် (၇၀ - ၇၅ %) နှစ်ဦးပေါင်းမှအချင်းတစ်ခု၊ အချင်းမြွေးတစ်ခုသာရှိပြီး၊ ရေမြွှာအိတ်မှာမူ တစ်ခုစီရှိပါသည်။

(၃) သန္ဓေသားလောင်း၏ ဝင်ရိုး( embryonic axis) မှ နှစ်ဆကွဲ (duplicate) ဖြစ်လျှင် (၁%) အချင်းတစ်ခု၊ အချင်းမြွေးတစ်ခုနှင့် ရေမြွှာအိတ်တစ်ခုသာ ရှိသည်။

(၄) သန္ဓေသားလောင်း၏ ဝင်ရိုးလုံးလုံးလျားလျား ကွဲမသွားလျှင် (၁%) လည်းအချင်းတစ်ခု၊ အချင်းမြွေးတစ်ခုနှင့် ရေမြွှာအိတ်တစ်ခုသာရှိသည်။ (ကိုယ်ချင်းဆက်အမြွှာ)

(၅) သန္ဓေသားလောင်း၏ဝင်ရိုးကွဲရာတွင် အမြွှာတစ်ဦးဦးဆီသို့ပိုပါသွားလျှင် အခြားတစ်ဦးမှာသွေးအလုံအလောက်မရရှိနိုင်သဖြင့် အပိုပါသွားသောအမြွှာထံတွင် ကပ်ပါးသဖွယ်တွယ်ကပ်နေရသည်။ ယင်းတို့တွင်လည်း အချင်းတစ်ခု၊ အချင်းမြွေးတစ်ခုနှင့် ရေမြွှာအိတ်တစ်ခုသာပါရှိသည်။ တစ်ခါတစ်ရံတွင် ကပ်ပါးသဖွယ်တွယ်နေသောအမြွှာသည် ယင်းမှီခိုနေရသောအမြွှာ၏ ကိုယ်ခန္ဓာထဲတွင်ရှိနေတတ်သည်။

မိခင်၏မမျိုးဥတစ်လုံးတည်းမှ ခွဲထွက်ဖြစ်ပေါ်လာသောအမြွှာကို ဆင်တူအမြွှာ (Identical Twins ) ဟုခေါ်ကြပြီး ရုပ်များမှာခွဲမရအောင်တူကြပါသည်။ စိတ်များလည်း တူလေ့ရှိသည်။ တစ်သျှူး၊ ကြွက်သားအမျိုး အစား၊ လိင်အမျိုးအစား၊ သွေးအမျိုးအစားတို့လည်း တူကြပါသည်။ ဤအမျိုးအစားကို အမြွှာအားလုံး၏ လေးပုံတစ်ပုံတွင် တွေ့ရသည်။ မိခင်၏မမျိုးဥနှစ်လုံးနှင့် ဖခင်၏ သုတ်ပိုးနှစ်ကောင်တို့ပေါင်းစပ်ဖြစ်ပေါ်လာသော အမြွှာကို ဆင်ကွဲအမြွှာ ( Non - identical Twins ) ဟုခေါ်ပြီး ရုပ်၊ လိင်အမျိုးအစား၊ တစ်သျှူး၊ ကြွက်သားများ မတူကြပေ။ ဤအမျိုးအစားကို အမြွှာအားလုံး၏ လေးပုံသုံးပုံတွင် တွေ့ရသည်။

မမျိုးဥတစ်ခုတည်းမှ ပေါက်ဖွားလာသောအမြွှာများသည် မျိုးစပ်ပြီးသန္ဓေဥမှ အဆင့်ဆင့်ကွဲကွာသွားပြီး သီးခြားဆင်တူသော အမြွှာများဖြစ်သွားသော်လည်း ကိုယ်ချင်းဆက်အမြွှာများတွင်မူ တသီးတခြားစီဖြစ်သည်အထိ လုံးလုံးလျားလျားကွဲမသွားဘဲ တစ်နေရာရာတွင်ကိုယ်အင်္ဂါအစိတ်အပိုင်းများ ဆက်လျက်ကျန်ခဲ့သည်။

မမျိုးဥတစ်ခုထက်ပို၍ သားဥလွှတ်တတ်သော (Polyovulation)အခါမျိုးတွင် မမျိုးဥအချို့သည် ယောကျ်ားတစ်ဦး၏ သုက်ပိုးကောင်များနှင့် ပေါင်းစပ်ပြီး အချို့သည် အခြားယောကျ်ားတစ်ဦး၏ သုက်ပိုးကောင်များနှင့် ပေါင်းစပ်မိခြင်းမျိုး ( Superfeotation) ဖြစ်နိုင်သည်။ ဤအဖြစ်အပျက်များကို ခွေး၊ ဝက်၊ သိုး၊ မြင်းတို့တွင်တွေ့ရသော်လည်း လူများတွင်မူ ထိုသို့ဖြစ်ပွားမှုအထောက်အထား မရှိသေးပါ။ အချို့တွင် ကိုယ်ဝန်ဆောင်ပြီးသောအမျိုးသမီး၏ မမျိုးဥနှင့်သုက်ပိုးကောင်တို့ ပေါင်းစပ်ခြင်း(Super foetation) လည်း ဖြစ်နိုင်ပါသည်။

ရင်ချင်းဆက် အမြွှာအမျိုးမျိုး






အမြွှာတွင် အချင်းတွယ်ပုံ

အမြွှာဖြစ်ပေါ်ရခြင်းအကြောင်းရင်းများတွင် မျိုးရိုးလိုက်ခြင်း( hereditary)မှာ အကြောင်းတစ်ခုဖြစ်ပေသည်။ ဒုတိယအကြောင်းတစ်ခုမှာ ဟော်မုန်းများဖြစ်သည်။ သားဆက်ခြားရန် အသုံးပြုသောဆေးများ ( Contraceptive Pills )စားပြီးသော အမျိုးသမီးများတွင် ယင်းဆေးဖြတ်လိုက်သောအခါမျိုးတွင် အမြွှာမွေးတတ်သလို သားသမီးမရ၍အသုံးပြုရသောဆေး(ဥပမာ– Clomi-phene Citrate)အသုံးပြုသောအမျိုးသမီးများတွင်လည်း အမြွှာမွေးတတ်သည်။ ယင်းတို့အပြင် ပတ်ဝန်းကျင်လှုံ့ဆော်မှုသည်လည်း အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ အမြွှာမွေးခြင်းကိုလူမည်းများတွင် အများဆုံးတွေ့ရပြီး (၁၀၀၀ မွေးတိုင်း ၃၉ ဒသမ ၉ ယောက်) ဂျပန်လူမျိုးတွင် အနည်းဆုံးတွေ့ရှိရသည် (၁၀၀၀ မွေးတိုင်း ၁ ဒသမ ၃ ယောက်)။ အရပ်အနိမ့်အမြင့်၊ အသက်နှင့်လူနေမှုအဆင့်အတန်းနှင့် ယခင်ကမွေးဖွားသော ကလေးအရေအတွက်တို့အပေါ်တွင်လည်းမူတည်နေပါသည်။ အရပ်မြင့်၊ အသက်ကြီးပြီး ကလေးများများမွေးဖွားသော လူနေမှုအဆင့်အတန်းမြင့်သည့် အမျိုးသမီးများတွင် အမြွှာပို၍မွေးတတ်ပါသည်။

## ရင်ချင်းဆက်အပါအဝင် အမြွှာကိုယ်ဝန်များ၏ လက္ခဏာ

(၁) မိသားစုတွင်အမြွှာမွေးဖွားခြင်းရှိမရှိဆိုသည့်ရာဇဝင်၊

(၂) ရာသီသွေးထိမ်ရက်ထက် သားအိမ်အမြင့်က ပိုမိုနေခြင်း၊ (သို့ရာတွင် အလွန်အကျွံကွာခြားနေခြင်းမဟုတ်ပါ။ ကိုယ်ဝန်ဆောင်လနုစဉ်တွင်လည်း မသိနိုင်သေးပါ။)

(၃) ကလေး၏အင်္ဂါအစိတ်အပိုင်းများရှိသင့်သည်ထက်များပြားနေခြင်း၊ ဥပမာ–ကလေးခေါင်း ၂ လုံးစမ်းမိခြင်း၊ ခြေလက်အပိုလေးများစမ်းမိခြင်း၊

(၄) ကလေး၏နှလုံးခုန်သံနှစ်ခုကိုခုန်နှုန်းမတူဘဲကြားရခြင်းတို့ဖြစ်ပြီး သေချာရန်ဓာတ်မှန်ရိုက်ကြည့်ခြင်း၊ အသံလှိုင်းတုန်ခါမှု( Ultrasound)ရိုက်ကြည့်ခြင်းတို့ပြုလုပ်နိုင်ပါသည်။

## ယခုရင်ချင်းဆက်အမြွှာ အေးအေးငြိမ်းနှင့် အိအိငြိမ်းမွေးဖွားပေးပုံ

ယင်းတို့ကို အဖ ဦးငြိမ်းကို၊ အမိ ဒေါ်လှကျင်တို့က ၄–၈–၉၁ ရက်နေ့တွင် ဘီးလင်းမြို့နယ်ပြည်သူ့ဆေးရုံတွင် ခွဲစိတ်မွေးဖွားခဲ့ပါသည်။ အစပထမတွင် ကိုယ်ဝန်မှာအမြွှာ



ရင်ချင်းဆက်အမြွှာ အေးအေးငြိမ်းနှင့်အိအိငြိမ်းတို့ကို မခွဲစိတ်မီ တွေ့ရစဉ်

ဖြစ်သည်က တစ်ကြောင်း၊ မိခင်ဖြစ်သူမှာလည်း အနေရ အထိုင်ရခက်ခဲနေသည်က တစ်ကြောင်း၊ ကြိုတင်ဗိုက်ခွဲမွေး ရန်စီစဉ်ထားသော်လည်း ယင်းရက်မတိုင်မီ ၂-၈-၉၁ ရက် နေ့ကပင် လူနာမှာဗိုက်နာလာသဖြင့် ရိုးရိုးတန်းတန်းမွေး ဖွားရန် ဆရာဝန်များကစောင့်ကြည့်ခဲ့ကြပါသည်။ သို့ရာတွင် ၄-၈-၉၁ ရက်နေ့တွင် သားအိမ်ဝမှာရှိပြီး အကျယ်လက်သုံးလုံးမှ လက်နှစ်လုံးအထိပြန်ကျဉ်းသွား သဖြင့် မွေးဖွားရန်တိုးတက်မှုမရှိသဖြင့် ဆရာဝန်များက ဗိုက်ခွဲမွေးရန်ဆုံးဖြတ်ကြပါသည်။ ခွဲစိတ်မှုကို ယင်းဆေးရုံမှ ကျန်းမာရေးဝန်ထမ်းတစ်စုက တက်ညီလက်ညီဖြင့် ဝိုင်းဝန်းတာဝန်ယူခဲ့ကြပါသည်။ ခွဲစိတ်နေစဉ် ရင်ချင်းဆက် အမြွှာဖြစ်ကြောင်း ပထမဦးဆုံးသတိပြုသူမှာမေ့ဆေး တာဝန်ယူထားသူ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ မြင့်မြင့် ဖြစ်ပါသည်။ ပထမအမြွှာ ထွက်လာချိန် ၁၁း၂၅ နာရီ တွင်တစ်ကိုယ်လုံးအပြင်ရောက်နေပါလျက်လွတ်လွတ် ကျွတ်ကျွတ်ဆွဲထုတ်၍ မရသည်တွင်သတိပြုမိခြင်း ဖြစ်ပါသည်။ ပထမအမြွှာကိုထုတ်အပြီး သုံးမိနစ်အကြာတွင် ဒုတိယအမြွှာကို အောင်မြင်စွာထုတ်ယူနိုင်ခဲ့ပါသည်။ ယင်းကျန်းမာရေးဝန်ထမ်းများသည် တစ်သက်တွင် တစ်ခါသာကြုံတွေ့ရသော ကြုံတောင့်ကြုံခဲအတွေ့အကြုံ တစ်ခုကို အေးဆေးတည်ငြိမ်စွာဖြင့် အောင်မြင်အောင် ကြိုးစားလုပ်ဆောင်နိုင်ကြသည်မှာ ယင်းတို့၏စွမ်းပကားနှင့် ညီညွတ်မှုကို ချီးကျူးဂုဏ်ပြုထိုက်ပေသည်။

## ကလေးဆေးရုံရောက်ပုံ

မွေးဖွားပြီးသော ရင်ချင်းဆက်အမြွှာကိုအသေးစိတ် စစ် ဆေးကြည့်သည့်အခါတွင် ရင်ညွန့်မှချက်အထိဆက်နေပါ သည်။ အဆက်မှာအလွန်အကျွံမတင်းပါ၊ ဆက်နေသော ဧရိယာ ခန့်မှန်းခြေ ၄"× ၃½" ခန့်ရှိပါသည်။ ပြင်ပစမ်းသပ်ချက်အရ အတွင်းကလီစာများသီးခြား ပြည့်စုံမည်ဟုယူဆရသဖြင့် ခွဲစိတ်ကုသမှုခံယူနိုင်သည်ဟု ယူဆဖွယ်ရာရှိ၍ ရန်ကုန်ကလေးဆေးရုံသို့ တင်ပို့ရာ ၂၁-၈-၉၁ ရက်နေ့တွင် ရောက်ရှိပါသည်။

## ကလေးဆေးရုံ၌ ခွဲစိတ်ပုံ

အေးအေးငြိမ်းနှင့်အိအိငြိမ်း ရင်ချင်းဆက်အမြွှာညီအမ ကို ၂၅-၈-၉၃ ရက်နေ့တွင် ကလေးဆေးရုံတွင် ခွဲစိတ် ကုသကြပါသည်။ ယင်းနေ့ နံနက် ၆း၁၅ နာရီတွင် မေ့ဆေး ဆရာဝန်များက စတင်မေ့ဆေးပေးပြီး ခွဲစိတ်ရန်ပြင်ဆင်မှု များပြုလုပ်ကြပါသည်။ နံနက် ၇း၅၄ နာရီတွင် စတင်ခွဲစိတ် ပါသည်။ ခွဲစိတ်ရာတွင် အပြင်မှအတွင်းသို့ အရေပြား၊ အဆီပြင်၊ အမွှတ်၊ ကြွက်သားနှင့် ဝမ်းခေါင်းမြှေးတို့ကို အဆင့်ဆင့်ဖြတ်ကြရပါသည်။ ယင်းနောက် ကလေးငယ် နှစ်ယောက်၏ဆက်စပ်လျက်ရှိသော ရင်ညွန့်ရိုးကိုဖြတ်ပြီး ဆက်နေသည့် အသည်းနှစ်ခုကိုသီးခြားခွဲလိုက်ပါသည်။ မွန်းလွဲ ၁၂း၂၅နာရီတွင် အသည်းတစ်ခုချင်းကွဲသွားသည့် အခါတွင် လက်ကျန်ဆက်နေသောအရေပြားကို အတွင်းမှ အပြင်သို့ ယခင်အစီအစဉ်၏ ပြောင်းပြန်အတိုင်းခွဲလိုက်ပါ သည်။ မွန်းလွဲ ၁း၄၇ နာရီတွင် ရင်ချင်းဆက်မှ အမြွှာ ညီအစ်မအဖြစ်ရောက်ရှိသွားပါသည်။ ထိုအခါ တစ်ယောက်ချင်းကို ဆရာဝန်များနှစ်အုပ်စုခွဲကာ ပြန်ချုပ်ကြပါသည်။ အိအိငြိမ်း ကိုပြန်ချုပ်ခြင်းမှာ ညနေ



ခွဲစိတ်ပြီးနောက် ဤသို့ကျန်းမာပျော်ရွှင်စွာတွေ့ရသည်

၃:၅၀နာရီတွင်လည်းကောင်း၊ အေးအေးငြိမ်းကို ပြန်ချုပ်ခြင်းမှာ ညနေ ၄:၂၅ နာရီတွင်လည်းကောင်း အောင်မြင်ချောမောစွာ ပြီးစီးသွားပါသည်။

## ယခု အေးအေးငြိမ်း၊ အိအိငြိမ်း နှင့် ယခင်မနန်းစိုး၊ မနန်းစံ တူညီချက်နှင့် ကွာခြားချက်များ

မနန်းစိုးနှင့် မနန်းစံတို့သည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော် ၁၉၇၁ ခု၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် မွေးဖွားသည်။ မိဘများမှာ ဗုဒ္ဓဘာသာ၊ ကရင်ဗမာလူမျိုး တောင်သူလယ်သမားများဖြစ်၍ ရောဝတီတိုင်း၊ ပုသိမ်အရှေ့ပိုင်းခရိုင်၊ ဘီလူးကျွန်းရွာဇာတိဖြစ်ပါသည်။ မွေးစကနှစ်ဦးပေါင်း ကိုယ်အလေးချိန် ၉ ပေါင် ၄အောင်စရှိ၍ အရပ်လက်သည် ဦးသာရင်၊ ဒေါ်ပိန်းဘုံတို့က ရိုးရိုးမွေးဖွားပေးပါသည်။ ယင်းတို့သည် မွေးပြီးနှစ်ရက်အတွင်း ကလေးဆေးရုံကြီးသို့ ရောက်ရှိလာပြီး ၄လနှင့် ၁၇ ရက်သမီးအရွယ် အလေးချိန် ၁၈ ပေါင် ၂ အောင်စရှိချိန် ၇-၇-၇၁ ရက်နေ့တွင် ခွဲစိတ်ကုသခဲ့ပါသည်။ ယင်းတို့နှစ်ဦးသည်လည်း အသည်းချင်းသာဆက်ပြီး ခွဲစိတ်ချိန် ၅ နာရီ ၃၀ မိနစ်ကြာပါသည်။ ခွဲပြီး ၁လနှင့် ၇ ရက်အကြာတွင် မနန်းစံကွယ်လွန်သွား၍ ယခုမနန်းစိုးတစ်ယောက်သာ ကျန်ရှိပါသည်။

အေးအေးငြိမ်းနှင့် အိအိငြိမ်းတို့သည် ၁၉၉၁ ခု၊ ဩဂုတ်လ ၄ ရက်နေ့တွင်မွေးဖွားသည်။ မိဘများမှာ ဗုဒ္ဓဘာသာ ကရင်ဗမာလူမျိုး ကြံတောင်သူများဖြစ်၍ မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ညောင်သာယာရွာဇာတိဖြစ်ပါသည်။ မွေးစကနှစ်ဦးပေါင်း ကိုယ်အလေးချိန် ၁၅ ပေါင်ရှိ၍ ဘီးလင်းမြို့နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန်များက ဗိုက်ခွဲမွေးပေးခဲ့ပါသည်။ ယင်းတို့သည် မွေးပြီးနှစ်ပတ်ခန့်အကြာတွင် ကလေးဆေးရုံကြီးသို့ရောက်ရှိလာပြီး ၁နှစ် နှင့် ၁၁ လ အရွယ် အလေးချိန် ၃၂ ပေါင်နီးပါးရှိချိန် ၂၅-၇-၉၃ ရက်နေ့တွင် ခွဲစိတ်ကုသခဲ့ပါသည်။ ယင်းတို့နှစ်ဦးသည်လည်း အသည်းချင်းသာဆက်ပြီး ခွဲစိတ်ချိန် ၈ နာရီ ၂၁ မိနစ်ကြာပါသည်။ ယခုခွဲပြီး၍တစ်လကျော်ကြာသည့်တိုင် အေးအေးငြိမ်း နှင့် အိအိငြိမ်း နှစ်ယောက်လုံးကျန်းမာစွာရှိပါသည်။

## ကမ္ဘာပေါ်တွင်ရှိသော ထင်ရှားသော ရင်ချင်းဆက်အမြွှာများ

လူများ၏ စိတ်ဝင်စားမှုကို စတင်ဖန်တီးပေးခဲ့သော ရင်ချင်းဆက်အမြွှာမှာ ၁၉ ရာစုဖွားထိုင်းနိုင်ငံသား ချန်းနှင့် အန်းညီအကိုပင်ဖြစ်သည်။ ယင်းတို့သည်ညီအစ်မနှစ်ဦးနှင့် လက်ထပ်ခဲ့ကြပြီး ကလေး ၁၀ ယောက်နှင့် ၁၂ယောက် အသီးသီးတို့၏ ဖခင်များအဖြစ် အသက် ၆၂နှစ်တိုင် အသက်ရှင်နေထိုင်ခဲ့ကြပြီးမှ တစ်ဦးနှင့် တစ်ဦးသုံးနာရီခန့်ခြားပြီး သေဆုံးသွားကြပါသည်။ ကိုယ်ချင်းဆက် အမြွှာများနှင့် ပတ်သက်၍ လူအများစိတ်ဝင်စားလာခြင်းမှာ ၁၉ရာစုနှစ်မှစ၍ ဖြစ်သော်လည်း ဤအဖြစ်အပျက်များမှာ ၁၉ရာစုမတိုင်မီတည်းကရှိနေခဲ့ပါသည်။ သို့ရာတွင် မှတ်တမ်းများအရ ပထမဆုံးသတိပြုမိသော ကိုယ်ချင်းဆက်အမြွှာမှာ ၁၅၅၀ခုနှစ်က အင်္ဂလန်နိုင်ငံ ဘိဒ်ဒန်ဒန် (Biddenden ) မြို့တွင် မွေးဖွားသော မေရီနှင့် အေလိုင်ဇာ ( Mary and Aliza ) ညီအစ်မဖြစ်ပါသည်။

ယင်းတို့အကြောင်းကို အပြည့်အစုံမသိရပါ။ ၁၇၇၈ခု ဘိုဟီးမီးယားနိုင်ငံတွင် မွေးဖွားသော ရိုစာနှင့် ဂျိုစဖာ (Rosa and Josepha )ညီအစ်မသည် တင်ပါးချင်းဆက် အမြွှာဖြစ်သည်။ သားအိမ်တစ်ခုစီရှိကြသော်လည်း မိန်းမမွေးလမ်းဝအင်္ဂါ ( Vagina ) တစ်ခုတည်းနှင့် မစင်အိမ်တစ်ခုတည်းသာပါဝင်သည်။ ယင်းတို့ညီအစ်မ နှစ်ယောက်သည့် ယောကျ်ားတစ်ယောက်တည်းယူခဲ့ကြပြီးသားလေးတစ်ယောက်မွေးဖွားခဲ့သည်။ ၁၉၁၈ ခုနှစ်တွင် နာရီအနည်းငယ်စီခြားပြီး ကွယ်လွန်သွားကြသည်။ ၁၉၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်တွင် အင်္ဂလန်နိုင်ငံဘရိုက်တန် (Brighton )မြို့တွင်မွေးဖွားခဲ့သော ဒေစီနှင့် ဗိုင်အိုလက်ဟိလ်တန် (Daisy and Violet Hilton) တို့သည် တင်ပါးဆုံ ချင်းဆက်နေသော အမြွှာများဖြစ်ပြီး ယင်းတို့သည် အသက် ၆၀ တိုင်အသက်ရှင်နေထိုင်သွားကြသည်။

အရှားပါးဆုံးအမျိုးအစားဖြစ်သည့် ခေါင်းနှစ်လုံး၊ လက်လေးချောင်းနှင့် ခြေနှစ်ချောင်းပါဝင်သော မာရှာနှင့် ဒါရှာ ( Masha and Dasha ) ကို ၁၉၅၀ပြည့် ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့က ရုရှားတွင်မွေးဖွားခဲ့သည်။

နှစ်ဦးပေါင်းမှအူနှင့် ကျောက်ကပ်တစ်စုံသာပါဝင်သော (Juraci and Nadir Climerio de Oliveira ) ညီအစ်မကို ဗရာဇီးနိုင်ငံတွင် ၁၉၆၂ ခုနှစ်ကမွေးဖွားခဲ့သည်။ ယင်းတို့သည် အသက် ၁၄ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။

ရင်ချင်းဆက်အမြွှာသမိုင်းတွင် ပထမဆုံးခွဲစိတ်ကုသခံရသောအမြွှာမှာ ၁၉၅၃ခုနှစ်တွင် ထိုင်းနိုင်ငံ‌ယိုးဒယား၌ မွေးဖွားသော Prisna and Napit Atkinson တို့ဖြစ်၍ ယင်းတို့ကို ၁၉၅၅ခု၊ မတ်လ ၂၉ ရက်နေ့တွင် ရှီကာဂိုတက္ကသိုလ်မှ ဒေါက်တာဒရက်စတက် ( Dr Dragstedt)က ခွဲစိတ်ပေးပါသည်။ ၁၉၈၇ ခုနှစ်တွင် ဂျာမနီနိုင်ငံ၌ ဦးခေါင်းထိပ်ပိုင်းချင်းဆက် အမြွှာညီအစ်ကိုတို့အား အောင်မြင်စွာခွဲစိတ်ပေးနိုင်ခဲ့သည်။

မနန်းစိုးနှင့် မနန်းစံ၊ အေးအေးငြိမ်းနှင့် အိအိငြိမ်းတို့ကဲ့သို့ အသည်းချင်းဆက်နေသော အမြွှာညီအစ်မ ပိတ်ဂျ်နှင့် ဆာရာကို ၁၉၉၂ ခုနှစ်က အမေရိကန်နိုင်ငံမေရီးဆေးရုံတွင် ခွဲစိတ်ကုဆရာဝန်လေးဦးစီပါဝင်သော ခွဲစိတ်သည့်အဖွဲ့နှစ်ဖွဲ့က ခြောက်နာရီကြာခွဲစိတ်ကုသမှု ပြုလုပ်ပေးခဲ့ပါသည်။

၁၉၉၃ခု၊ ဇွန်လ ၂၉ ရက်နေ့တွင် အမေရိကန်နိုင်ငံ၌ မွေးဖွားခဲ့သော ရင်ချင်းဆက်အမြွှာညီအစ်မ အင်ဂျာလာနှင့် အေမီသည် အသည်းချင်းဆက်နေသည့်အပြင် တစ်ခုတည်းသောနှလုံးမှာလည်း ပုံမှန်မဟုတ်ဘဲ အခန်းခြောက်ခန်းပါရှိနေသည်။ ယင်းတို့ကို ၂၄-၈-၉၃ ရက်နေ့က ဖီလာဒဲလ်ဖီးယား ကလေးဆေးရုံကြီး၌ ဆရာဝန် ၁၈ ဦးပါဝင်သော အဖွဲ့က ငါးနာရီခွဲကြာအောင်ခွဲစိတ်ပြီးနောက် အင်ဂျာလာ၏ အသက်ကို ကယ်တင်နိုင်ခဲ့ပါသည်။

ယခုရင်ချင်းဆက် အမြွှာအေးအေးငြိမ်းနှင့် အိအိငြိမ်းကို အောင်မြင်စွာမွေးဖွားပေးခဲ့သောသူများမှာ ဘီးလင်းမြို့ နယ်ဆရာဝန်ကြီး ဒေါက်တာ မြင့်မြင့်၊ လက်ထောက်ဆရာဝန် ဒေါက်တာ ယဉ်ငြိမ်း၊ မိခင်နှင့် ကလေးတာဝန်ခံဆရာဝန် ဒေါက်တာမျိုးအောင်တို့အပါအဝင် ကျန်းမာရေးဝန်ထမ်းကိုးဦးတို့ဖြစ်ကြပါသည်။ ယင်းတို့က အောင်မြင်စွာမွေးဖွားပေးသည်ကို အောင်မြင်စွာခွဲစိတ်ပေးသူများမှာ ရန်ကုန်ကလေးဆေးရုံကြီးမှ ခွဲစိတ်ဆရာဝန်ကြီး ပါမောက္ခ ဦးမောင်မောင်၊ ကထိက ဒေါက်တာ အောင်ကြည်နှင့် လက်ထောက်ဆရာဝန် ဒေါက်တာ ကျော်ညွန့်၊ ဒေါက်တာ အောင်မရ၊ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာ မြအေးကြူ၊ ဒေါက်တာ လှဝင်းမောင်နှင့် အကူဒေါက်တာ စိန်လှိုင်၊ ဒေါက်တာ တင်တင်မြင့်၊ ဒေါက်တာ ကျော်ကျော်ဦး၊ ဒေါက်တာ စောထူး၊ ဒေါက်တာ ခင်မျိုးသိမ်းတို့အပါအဝင် ကျန်းမာရေးဝန်ထမ်း ၃၅ ဦးတို့ဖြစ်ပါသည်။ ဤပုဂ္ဂိုလ်များ၏စေတနာနှင့် ကြိုးစားအားထုတ်မှုတို့မှာ အလွန်ကျေးဇူးကြီးမားလှပေသည်။

ဤခွဲစိတ်မှုကြီးအောင်မြင်အောင်အားပေးပြီး အဖက်ဖက်မှကူညီပံ့ပိုးခဲ့သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ငွေကြေး၊ ဆေးမှအစလိုအပ်သော ပစ္စည်းများအား လှူဒါန်းခဲ့သောအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၊ ရင်ချင်းဆက်အမြွှာအကြောင်းကို လူအများစိတ်ဝင်စားရန် ရေးသားပေး ကြသောသတင်းစာ နှင့် စာပေသမားများအားလုံးကိုလည်း ကျေးဇူးတင်ထိုက်လှပေသည်။ မြန်မာနိုင်ငံတွင် လက်ရှိရှိနေသော ပစ္စည်းပစ္စယနှင့်နှစ်ယောက်လုံးရှင်အောင် ခွဲစိတ်ပေးနိုင်သည့်အတွက် ချီးကျူးဂုဏ်ယူဖွယ်ကောင်း သည့်အပြင် နိုင်ငံတကာအဆင့်အတန်းမီပစ္စည်းပစ္စယနှင့် လေ့ကျင့်ပေးမှုများသာရှိမည်ဆိုပါလျှင် မြန်မာနိုင်ငံ၏ ဆေးပညာရှင်များသည်နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး ယင်းတို့ထက် အဆင့်အတန်းမနိမ့်ကြောင်းမှာ ထင်ရှားလှပါသည်။

ဒေါက်တာ နီလာရွှေ
ခန္ဓာဗေဒ
ကထိက

**ရန်ကုန်–သန်လျင်တံတားကြီး။** ။၁၉၇၉ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သော တရုတ် ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံကျွမ်းကျင်မှု ပူးပေါင်း ဆောင်ရွက်ရေး သဘောတူစာချုပ်အရ အတိုးမဲ့ချေးငွေဖြင့် ရန်ကုန်–သန်လျင်တံတားကြီးကို တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်တွင် ရန်ကုန်–သန်လျင်တံတား စီမံကိန်း အတည်ပြုသည့်အနေဖြင့် စီးပွားရေးနှင့် ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် စာချုပ်ကို ၁၉၈၀ ပြည့်နှစ်၌လည်းကောင်း၊ ရန်ကုန်–သန်လျင် တံတားပုံစံထုတ်ခြင်းဆိုင်ရာ ကန်ထရိုက် စာချုပ်ကို ၁၉၈၃ ခုနှစ်၌လည်းကောင်း နှစ်နိုင်ငံလက်မှတ် ရေးထိုးခဲ့သည်။

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သော အဓိကစီမံကိန်းကြီး တစ်ခုဖြစ်သောကြောင့် အခြေခံစည်းမျဉ်းအရ တရုတ်နိုင်ငံ အစိုးရသည်တံတားတည်ဆောက်ရေးတွင် ကျွမ်းကျင်မှုဆိုင်ရာအကြံဉာဏ်များနှင့် အကူအညီများပေးရန် ရန်ကုန်–သန်လျင်တံတားအတွက် ကျွမ်းကျင်မှုအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပေးခဲ့သည်။ မြန်မာနိုင်ငံအစိုးရသည် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကို တာဝန်ပေးအပ်ခဲ့ ပြီး ရန်ကုန်–သန်လျင်တံတားစီမံကိန်း ကွပ်ကဲရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

၁၉၈၅ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့၌ မြန်မာကျွမ်းကျင်သူများနှင့် လုပ်သားများသည်လုပ်ငန်းခွင်မြေဖို့ခြင်း၊ အဆောက်အအုံများနှင့် သယ်ယူပို့ဆောင်ရေးလမ်းများ ဖောက်လုပ်ခြင်းစသော အကြိုအင်ဂျင်နီယာလုပ်ငန်းများ စတင်ခဲ့သည်။ အောက်တိုဘာလ ၁၆ ရက်နေ့၌ တရုတ်ကျွမ်းကျင်သူအဖွဲ့သည် အကြိုအင်ဂျင်နီယာ လုပ်ငန်းများ၊ ဆိပ်ခံတံတားများ၊ လုပ်ငန်းသုံးဘောများ၊ ကွန်ကရစ် ဖျော်စက်များ၊ အကြီးစားကရိန်းများ၊ အလုပ်ရုံများအတွက် စက်ကိရိယာများနှင့် လျှပ်စစ်ဓာတ်အားပေး အထောက်အကူပြုပစ္စည်းကိရိယာများတပ်ဆင်ခြင်း လုပ်ငန်းများတွင် မြန်မာကျွမ်းကျင်သူများနှင့်ပူးတွဲလုပ်ကိုင်ရန် လုပ်ငန်းခွင်သို့ ရောက်ရှိခဲ့သည်။

ရန်ကုန်–သန်လျင်တံတားတည်ဆောက်ရေးကာလကို ၁၉၈၅ ခုနှစ်မှစ၍ အကြိုပြင်ဆင်ရေးကာလ၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုကာလ၊ လုပ်ငန်းသိမ်းရှင်းလင်းရေးကာလဟူ၍ သုံးပိုင်းသတ်မှတ်ပြီး အဓိက လုပ်ငန်းကြီးများတွင် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပင်မတံတားတည်ဆောက်ခြင်း၊ ချဉ်းကပ်တံတားတည်ဆောက်ခြင်း၊ သံမဏိရက်မနှင့် ခုံးတံတား တပ်ဆင်ခြင်း၊ ချဉ်းကပ်လမ်းဖောက်လုပ်ခြင်းဟူသည့် လုပ်ငန်းကြီးငါးမျိုး ပါဝင်သည်။

၁၉၈၆ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ပင်မတံတားတိုင် အမှတ် ၁၅ ၏ ကေဆွန်အုတ်မြစ်ကို ရေချ၍ တည်ဆောက်ရေးလုပ်ငန်းများကိုစတင်ခဲ့သည်။ ၁၉၈၈ ခုနှစ်၌ မြန်မာနိုင်ငံအရေးအခင်းကြောင့် ယင်းနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် တံတားတည်ဆောက်ရေး လုပ်ငန်းရပ်ဆိုင်းခဲ့ရပြီး တရုတ်ကျွမ်းကျင်သူအဖွဲ့သည် စက်တင်ဘာလ ၁၁ ရက်နေ့တွင် တရုတ်နိုင်ငံသို့ပြန်သွားခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့တွင် တရုတ်ကျွမ်းကျင်သူအဖွဲ့ ပြန်လည်ရောက်ရှိပြီး ၁၉၉၀ ပြည့်နှစ်၊ မေလ ၂၉ ရက်နေ့အထိ တံတားတည်ဆောက်ရေး လုပ်ငန်းခွင်ကို ပြန်လည်ထူထောင်ခဲ့ရသည်။ ရန်ကုန်–သန်လျင်တံတားကြီးကို ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

ရန်ကုန်–သန်လျင်တံတားကြီးသည် ပဲခူးမြစ်ကို မြစ်ဝမှ ၄၂ ကီလိုမီတာအကွာ၊ ၁ ဒသမ ၈ ကီလိုမီတာ အကျယ်ရှိသည့်နေရာတွင် ဖြတ်လျက်တည်ရှိပြီး အနောက်ဘက်ကမ်း သာကေတမြို့နယ်နှင့် အရှေ့ဘက်ကမ်းသန်လျင်မြို့နယ်တို့ကို ဆက်သွယ်ထားသည်။ တံတားအမျိုးအစားမှာ ရထားလမ်းနှင့် မော်တော်ကားလမ်း တွဲဖက်တံတားအမျိုးအစားဖြစ်ပြီး တစ်လမ်းတည်းသော မီးရထားလမ်းကို တံတား၏ အလယ်တွင်ထားရှိလျက် ဘေးတစ်ဖက်စီတွင် မော်တော်ကားလမ်းကိုတစ်ပြေးညီထားရှိသည်။ မော်တော်ကားလမ်းသည် ရထားလမ်းနှင့်အပြိုင်ဘေးတစ်ဖက်

ခေတ်မီ ရန်ကုန်–သန်လျင်တံတားကြီး



တစ်ချက်တွင် ၄ ဒသမ ၅ မီတာ အကျယ် တစ်လမ်းသွား ကားလမ်းဖြစ်ပြီးအပြင်ဘက်ဘေးတွင် ၁ ဒသမ ၅ မီတာအကျယ် လူသွားလမ်းပါရှိသည်။ အများဆုံး ဆင်ခြေလျောကိုမီးရထားလမ်းတွင် ၂ ဒသမ ၅ ရာခိုင်နှုန်း၊ မော်တော်ကားလမ်းတွင် ရာခိုင်နှုန်း ၃၀ ထားရှိရန်နှင့် ရထားနှင့်ကားတံတားနှစ်ဘက်လုံးတွင်ကန့်သတ်အမြန်နှုန်းကို တစ်နာရီလျှင် ၉၆ ဒသမ ၆ ကီလို မီတာ ခွင့်ပြုရန် ပုံထုတ်တွက်ချက်ထားသည်။ ၁,၈၂၂ ဒသမ ၄ မီတာ ရှည်သော ပင်မတံတားပိုင်းအပါအဝင် ရထားလမ်းတံတား၏ စုစုပေါင်းအရှည်မှာ ၂,၉၃၈ ဒသမ ၅ မီတာရှိပြီး ကားလမ်းတံတား၏ အရှည်မှာ ၂,၁၅၁ ဒသမ ၃ မီတာ ရှိသည်။

တံတားအပေါ်ထည်မှာ သံဂဟေနှင့် သံမှိုစိုများသုံးထားသည့် သံပေါင်ခိုင်းကြီးများနှင့် သံပေါင်ရက်မများဖြစ်သည်။ ခန်းဖွင့် ၁၈ ခုရှိသော ပင်မတံတားအပိုင်းတွင် မီတာ ၈၀ စီရှိသော ရိုးရိုးသံပေါင်ခိုင်းသုံးခုစီသည် ကမ်းနှစ်ဖက်လုံးမှ အစပိုင်းတွင်ရှိကြပြီး အလယ် ၁၂ ခန်းသည် သုံးခန်းတွဲ တောက်လျှောက်တန်းဆက်သံပေါင်ခိုင်းအတွဲယူနစ်လေးခု ရှိသည်။ ရထားလမ်းချဉ်းကပ်လမ်းသည် ရန်ကုန်ဘက် ကမ်းတွင် ၁၀ခန်းနှင့် သန်လျင်ဘက်ကမ်းတွင် ၂၄ ခန်းရှိပြီး ၃၂ မီတာရှည်သော သံမှိုနှင့်သံဂဟေဆက်စပ်အသုံးပြု ထားသော သံပေါင်ရက်မတံတားပေါ်တွင်ရှိသည်။ မော်တော်ကားလမ်းချဉ်းကပ်တံတားအပိုင်းသည် ရန်ကုန် ဘက်ကမ်းတွင် လေးခန်း၊ သန်လျင်ဘက်ကမ်းတွင် ခြောက်ခန်းရှိပြီး ၃၂ မီတာရှည်၍ ကွန်ကရစ်ကြမ်းခင်းနှင့် တွဲဖက်ထားသော သံပေါင်ရက်မများကိုအသုံးပြုထားသည်။

တံတားကြီး၏ အောက်ထည်ပိုင်းသည် ကေဆွန် အုတ်မြစ်များဖြင့် တည်ဆောက်ထားသည့် ထုထည်ကြီးမားသော တံတားတိုင်များနှင့် ကမ်းကပ်ခုံများဖြစ်ကြပြီး တံတားတိုင် ၅၃ ခုနှင့် ကမ်းကပ်ခုံများတွင် တိုင် ၁၇ ခုမှာ ရေလယ်တွင်ရှိနေကြသည်။ ရေလယ်တိုင်များ၏ အဝိုင်းပုံရှိသော ကေဆွန်အုတ်မြစ်များသည် အချင်း ၁၆ မီတာရှိ၍ အောက်ခြေမှ အထက်သို့ အများဆုံး ၄၄ ဒသမ ၅၅ မီတာ အထိမြင့်တက်ပြီး အောက်ခံမြေသားအတွင်းသို့ အနက်ဆုံး ၅၁ ဒသမ ၄၃၇ မီတာအထိ နှစ်မြှုပ်ထားသည်။ ရထားလမ်း နှင့်ကားလမ်းတွဲလျက် ရှိသောအပိုင်း၏ တံတားတိုင်များ သည် ၂၁ ဒသမ ၄×၇ ဒသမ ၄ မီတာနှင့် ၂၁ ဒသမ၀×၆ ဒသမ ၄ မီတာ အရွယ်ရှိသော အလျားရှည် ကေဆွန်အုတ်မြစ် အမျိုးအစားနှစ်မျိုးပေါ်တွင်ထိုင် ထားသည်။

တံတားကြီး၏ပင်မကိုယ်ထည်ကြီးကိုတည်ဆောက်ရာ တွင် ကွန်ကရစ်ထုထည် ၁၂၂,၇၆၂ ကုဗမီတာ၊ သံမဏိ တန်ချိန် ၁၈,၅၆၂ တန်နှင့် သံမှိုပေါင်း ၁ ဒသမ ၁ သန်း အသုံးပြုခဲ့သည်။ တရုတ်နိုင်ငံမှ မှာယူဖြည့်တင်းပေးခဲ့သော ဆောက်လုပ်ရေးပစ္စည်းများ၊ စက်များ၊ ယန္တယားများမှာ ၁၈,၆၅၂ တန်ရှိသံပေါင်ခိုင်းနှင့်ရက်မများ၊ ၁၃,၂၁၅ တန်ရှိ အခြားသံထည်များအပါအဝင်စုစုပေါင်း ၄၈,၈၃၀ တန်ရှိပြီး မြန်မာနိုင်ငံမှ ဘိလပ်မြေ ၄၇,၃၈၅ တန်၊ ရထားသံလမ်းနှင့် အစိတ်အပိုင်းများ ၁,၃၃၀ တန်နှင့် သစ် ၈,၈၉၀ တန် ဖြည့်ဆည်းခဲ့သည်။

တံတားကြီးတည်ဆောက်ရေးကာလ အလုပ်များပြားသောအချိန်တွင် ကာယ၊ဉာဏ လုပ်သားအင်အားအများဆုံး ၂,၅၆၅ ဦးအထိ အသုံးပြုခဲ့သည်။ တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေး၏ ပြယုဂ်ဖြစ်ပြီး မြန်မာနိုင်ငံတွင် အကြီးမားဆုံး၊ အရှည်လျားဆုံးနှင့် အလှပဆုံးဖြစ်သည့် ရန်ကုန်- သံလျင်တံတားကြီးကို နိုင်ငံခြားအတိုးမဲ့ချေးငွေ ရင်မင်ဘီ ယွမ် ၂၀၆ ဒသမ ၈၉၃၅ သန်း အပါအဝင် စုစုပေါင်းငွေကျပ် သန်းပေါင်း ၁,၆၅၀ ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ ခြင်းဖြစ်ပေသည်။



သရေစည်သူ ဦးရွှေမြ

## ရွှေမြ၊ ဦး(သရေစည်သူ) (ခရစ် ၁၉၁၀-၁၉၉၃)

။ ။ နိုင်ငံ တော် အတွင်းဝန်ချုပ်၊ ကုလသမဂ္ဂ အထူး အကြံပေးအရာရှိ၊ ပိဋကတ်ဘာသာပြန်စာတည်း ဖြတ်မှုကော်မတီဥက္ကဋ္ဌ၊ သရေစည်သူဘွဲ့ရဦးရွှေမြကို အဖ တောင်သူလယ်သမားကြီး ဦးအောင်ကျော်ဇံ၊ အမိ ဒေါ်ပု တို့က ၁၉၁၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့၌ ရခိုင် ပြည်နယ် ပေါက်တောမြို့နယ် အလယ်ကျွန်း ကျေးရွာ တွင် ဖွားမြင်သည်။

အလယ်ကျွန်းကျေးရွာ မူလတန်းကျောင်းတွင် ပညာ စတင်သင်ကြားသည်။ ၁၉၂၀ ပြည့်နှစ်တွင် စစ်တွေမြို့ အစိုးရ အင်္ဂလိပ်- မြန်မာ နှစ်ဘာသာသင် အထက်တန်း ကျောင်းနှင့် ၁၉၂၁ ခုနှစ်မှ ၁၉၂၆ ခုနှစ်အထိ စစ်တွေမြို့ အမျိုးသားအထက်တန်းကျောင်းတို့တွင် ပညာသင်ယူသည်။

၁၉၂၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့တက်ရောက်ခဲ့ရာ ဥပစာတန်းပထမနှစ်နှင့် ဒုတိယနှစ်စာမေးပွဲများကို သမိုင်းဘာသာရပ် ပထမဆုရရှိအောင်မြင်သည်။ ဝိဇ္ဇာတန်းပထမနှစ်စာမေးပွဲကို စီးပွားရေးဘာသာရပ် ပထမဆုရရှိအောင်မြင်ပြီး စီးပွားရေးဘာသာ ဝိဇ္ဇာဂုဏ်ထူးတန်း တက်ရောက်သည်။ ၁၉၃၁ခုနှစ်တွင် ဝိဇ္ဇာဂုဏ်ထူးတန်းစာမေးပွဲအောင်မြင်ပြီး စီးပွားရေးဘာသာရပ် ဆိုင်ရာ တက္ကသိုလ်ရွှေတံဆိပ်ရရှိသည်။

၁၉၃၂ ခုနှစ်တွင် ရန်ကုန်မြို့၌ ကျင်းပသော အိန္ဒိယအစိုးရ ပဋိညာဉ် ဝန်ထမ်း ( အိုင်-စီ- အက်စ်) စာမေးပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုခဲ့ရာ အောင်မြင်သဖြင့် အောက်စ်ဖို့ဒ်တက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိသည်။ ၁၉၃၄ ခုနှစ်တွင် အိုင်-စီ-အက်စ် အစမ်းခန့်များအတွက် ဗြိတိသျှအစိုးရ ပဋိညာဉ်ဝန်ထမ်း တိုင်းမင်းကြီးများက ကျင်းပခဲ့သော စာမေးပွဲကို ဥပဒေဘာသာရပ်၊ စီးပွားရေးဘာသာရပ်နှင့် သမိုင်းဘာသာရပ်တို့ဖြင့် ဖြေဆိုအောင်မြင်သည်။

ဦးရွှေမြသည် ၁၉၃၄ ခုနှစ်၊ အောက်တိုဘာလတွင် အိုင်-စီ-အက်စ်အဖြစ် ခန့်ထားခြင်းခံရပြီး မကွေး၊ သရက်နှင့် စလင်းမြို့များတွင်နယ်ပိုင်ဝန်ထောက်တာဝန်ကို ၁၉၃၈ ခုနှစ်အထိထမ်းဆောင်သည်။ ၁၉၃၈ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသန္တရ အုပ်ချုပ်ရေးဝန်ကြီးဌာနတွင် အတွင်းဝန်ကလေးအဖြစ် တာဝန်ထမ်းဆောင်သည်။ အတွင်းဝန်ကလေးတာဝန်ထမ်းဆောင်နေစဉ်အတွင်း ဒုတိယအတွင်းဝန်နှင့် အတွင်းဝန်အဖြစ် ယာယီထမ်းဆောင်ရသည်။ ၁၉၄၁ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ ဗြိတိသျှအစိုးရက တိုက်ရိုက်ခန့်ထားသော ကာကွယ်ရေးဌာန ဒုတိယငွေစာရင်းဝန်၊ ၁၉၄၂ ခုနှစ်မှ ၁၉၄၃ ခုနှစ်အထိ သံတွဲခရိုင်ဝန်၊ ၁၉၄၄ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသန္တရ အုပ်ချုပ်ရေးဝန်ကြီးဌာန တွဲဖက်အတွင်းဝန် တာဝန်များကို ထမ်းဆောင်သည်။

ဦးရွှေမြသည် ဗြိတိသျှစစ်အုပ်ချုပ်ရေးကာလအတွင်း ၁၉၄၅ ခုနှစ်တွင် မြန်မာနိုင်ငံမြို့ပြရေးရာဌာန ဒုတိယအကြီးတန်း မြို့ပြရေးရာအရာရှိအဖြစ်လည်းကောင်း၊ မြို့ပြအုပ်ချုပ်ရေးပြန်လည်ဝင်ရောက်လာပြီးနောက် ၁၉၄၅ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိ ကျောက်ဆည်ခရိုင်ဝန် အဖြစ်လည်းကောင်း၊ ၁၉၄၆ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ စစ်လျော်ကြေး တောင်းဆိုရေး ကော်မရှင် တွဲဖက် အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၄၇ ခုနှစ်မှ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် မြန်မာနိုင်ငံလွတ်လပ်ရေးရသည့်နေ့၌ အိုင်-စီ- အက်စ်များအား တာဝန်မှရပ်စဲခဲ့သည့်အချိန်အထိ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်း ဆက်သွယ်ရေး ဝန်ကြီးဌာနအတွင်းဝန်အဖြစ်လည်းကောင်း အသီးသီးတာဝန် ထမ်းဆောင်သည်။

အိုင်- စီ- အက်စ် ( အငြိမ်းစား) ဦးရွှေမြ သည် ၁၉၄၈ ခုနှစ်တွင် အကြီးတန်းအုပ်ချုပ်ရေးအရာရှိအဖြစ်ပြန်လည် ခန့်ထားခြင်းခံရပြီး သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန အတွင်းဝန် အဖြစ် ၁၉၅၆ ခုနှစ်အထိ ထမ်းဆောင်သည်။ ထို့အပြင် ၁၉၄၇ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ ရန်ကုန်ဆိပ်ကမ်း အုပ်ချုပ်ရေးအဖွဲ့ဝင်၊ ၁၉၄၇ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မီးရထားအဖွဲ့ အဖွဲ့ဝင်စသည့်တာဝန်များကိုလည်း ပူးတွဲထမ်းဆောင်သည်။ ၁၉၅၂ ခုနှစ်တွင် နိုင်ငံတော်လုပ်ငန်းများ လေ့လာရေးမစ်ရှင်ခေါင်းဆောင်အဖြစ် ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စု၊ဥရောပနှင့်လက်တင်အမေရိကနိုင်ငံများသို့ သွားရောက်လေ့လာသည်။ ၁၉၅၆ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ကျန်းမာရေး ဝန်ကြီးဌာန အတွင်းဝန် အဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၅၈ ခုနှစ်တွင်နိုင်ငံတော် အတွင်းဝန်ချုပ် တာဝန်ထမ်းဆောင်ပြီး ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင်နိုင်ငံတော်အတွင်းဝန်ချုပ်အဖြစ်မှ အငြိမ်းစားယူသည်။

ဦးရွှေမြသည် ၁၉၅၈ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ အမျိုးသားကြံခိုင်ရေးကောင်စီအဖွဲ့ဝင်၊ ၁၉၅၉ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိမြန်မာနိုင်ငံ ကြက်ခြေနီ အသင်းဒုတိယဥက္ကဋ္ဌ၊ ၁၉၅၉ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ အမျိုးသားကြံခိုင်ရေးအသင်း အမှုဆောင်ကော်မတီအဖွဲ့ဝင်၊ ၁၉၆၁ ခုနှစ်တွင် ပြည်သူ့ဝန်ထမ်းစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်၊ ၁၉၆၁ ခုနှစ် ရန်ကုန်မြို့တွင်ကျင်းပခဲ့သော အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲ စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်ပြန်ကြားရေးနှင့် လှုံ့ဆော်ရေးကော်မတီ ဥက္ကဋ္ဌ၊ ၁၉၆၁ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ အမျိုးသားစီမံကိန်းကော်မရှင်အဖွဲ့ဝင်၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် လုပ်ငန်းဆောင်ရွက်မှု ကြီးကြပ်ရေးကော်မရှင် အဖွဲ့ဝင်စသည့် တာဝန် များကိုလည်း ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော် အတွင်းဝန်ချုပ် ( အငြိမ်းစား) ဦးရွှေမြသည် ၁၉၆၇ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ ဌာနချုပ် စီးပွားရေးနှင့် လူမှုရေးရာဌာန ပြည်သူ့အုပ်ချုပ်ရေးဌာနခွဲ အထူးအကြံပေး အရာရှိတာဝန်ကို ထမ်းဆောင်ပြီး ၁၉၇၂ ခုနှစ်တွင် အထူးအကြံပေးအရာရှိအဖြစ်မှ အငြိမ်းစားယူသည်။

ဦးရွှေမြသည် ၁၉၇၃ ခုနှစ်တွင် ကျင်းပသော

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်၊ ၁၉၇၄ ခုနှစ်တွင်ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲကော်မရှင်အဖွဲ့ဝင်တာဝန်များကို ဆက်လက်ထမ်းဆောင်သည်။ ၁၉၈၀ ပြည့်နှစ်တွင် တည်ထောင်သော မြန်မာပိဋကတ်အသင်း ရာသက်ပန် အသင်းဝင် တစ်ဦးလည်းဖြစ်သည်။ ၁၉၈၂ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ သာသနာပြန့်ပွားထွန်းကားရေးအဖွဲ့ ပိဋကတ်ဘာသာပြန်စာတည်းဖြတ်မှုကော်မတီဥက္ကဋ္ဌနှင့် ဂုဏ်ထူးဆောင်သဘာပတိအဖြစ် ကွယ်လွန်ချိန်အထိ ထမ်းဆောင်သည်။

ဦးရွှေမြသည်ငယ်စဉ်က အားကစားထူးချွန်သူတစ်ဦးဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝတွင် တက္ကသိုလ်နှင့် ကောလိပ်ရေကူး ကလပ်အသင်းဝင်ဖြစ်ပြီး ၁၉၃၀–၃၁ ခုနှစ်အင်းလျားကန်ဖြတ် (ကိုက် ၂၀၀၀) ရေကူးသမားအဖြစ်ထင်ရှားသည်။ ၁၉၃၆ ခုနှစ်တွင် ဒေါ်ခင်တင့်နှင့် လက်ထပ်ခဲ့ပြီး သားရှစ်ယောက်၊ သမီးနှစ်ယောက်ထွန်းကားသည်။

ဦးရွှေမြသည်နိုင်ငံတော်ကပေးအပ်သည့်တာဝန်များကို ကြိုးပမ်းဆောင်ရွက်ခြင်းကြောင့်နိုင်ငံတော်က ချီးမြှင့်သော သရေစည်သူဘွဲ့ကိုရရှိသည်။ နိုင်ငံတော်တာဝန် အဆင့်ဆင့်ကို သယ်ပိုးထမ်းဆောင်ခဲ့သော အိုင်–စီ– အက်စ် (အငြိမ်းစား)၊ နိုင်ငံတော်အတွင်းဝန်ချုပ်(အငြိမ်းစား)၊ ကုလသမဂ္ဂဌာနချုပ် အထူးအကြံပေးအရာရှိ (အငြိမ်းစား) သရေစည်သူ ဦးရွှေမြသည် ၁၉၉၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့၌ ရန်ကုန်မြို့တွင်ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ သားရှစ်ယောက်၊ သမီးနှစ်ယောက်၊ မြေး ၂၃ ယောက်နှင့် မြစ် ငါးယောက်ကျန်ရစ်သည်။

**လောပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ။** ။ လွန်ခဲ့သော နှစ်နှစ်လောက်က ရေကြီးခြင်း၊ မိုးခေါင်ခြင်းတို့နှင့် ကြုံတွေ့ခဲ့ရသော လောပြည်သူ့ဒီမိုကရက်တစ်နိုင်ငံမှာ ၁၉၉၂ နှင့် ၉၃ ခုနှစ်များတွင် စီးပွားရေးတိုးတက်လာသည်။ သို့ရာတွင် တိုးတက်မှုအရှိန်အဟုန်ကို ထိန်းသိမ်းရန် နိုင်ငံခြားအကူအညီ ဆက်လက်လိုအပ်မည်ဟု သိရှိရသည်။ စီးပွားရေးတိုးတက်ရန် အကျိုးငှါ နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများကို ဆွဲဆောင်ရန် အစိုးရက တံခါးဖွင့် စီးပွားရေးဝါဒကို ဆက်လက်ကျင့်သုံးမည်ဟု ဒုတိယ ဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးက လောနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသတင်းစာဆရာများအား ပြောကြားခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ဗဟိုချုပ်ကိုင်မှုမှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းခဲ့ပြီးနောက် လွန်ခဲ့သော သုံးနှစ်အတွင်း လောနိုင်ငံစီးပွားရေးမှာ တည်ငြိမ်တိုးတက်လာခဲ့သည်။

ပြည်တွင်းထုတ်ကုန်စုစုပေါင်းမှာ ၁၉၉၂ ခုနှစ်တွင် ၆.၅ ရာခိုင်နှုန်း တိုးတက်၍ ၁၉၉၃ ခုနှစ်တွင် ၇ ရာခိုင်နှုန်း အထိ တိုးတက်ရန် မျှော်မှန်းထားသည်။ ၁၉၉၁ ခုနှစ်တွင် လေးရာခိုင်နှုန်းသာတိုးတက်ခဲ့သည်ဟု အစိုးရထုတ်ပြန်သော စာရင်းဇယား၌ ဖော်ပြပါရှိသည်။ ကုန်းတွင်းပိတ်နိုင်ငံငယ်ကလေးမှာ ၁၉၇၅ ခုနှစ်မှစ၍ ကွန်မြူနစ်အုပ်စိုးမှုအောက် ရောက်ရှိနေခဲ့ပြီး ကမ္ဘာတွင် အဆင်းရဲဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။ ချမ်းသာကြွယ်ဝသော အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် ကုန်သွယ်ရေးမှာ စစ်အေးတိုက်ပွဲပြီးဆုံးချိန်၌ တိုးတက်ကောင်းမွန်ခဲ့သည်။ သို့ရာတွင် လောနိုင်ငံသည်ဆိုဗီယက်ယူနီယံဟောင်းမှ အကူအညီဆုံးရှုံးခဲ့ရသည်။ စီးပွားရေးတိုးတက်ရန် ချုပ်ချယ်ကန့်သတ်ချက် အချို့ရှိ၍ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများနှင့် နိုင်ငံခြားပုဂ္ဂလိက ကုမ္ပဏီများမှ ဆက်လက်ကူညီရန် ပန်ကြားခဲ့သည်။ မဖွံ့ဖြိုးသော နိုင်ငံဖြစ်၍ အခက်အခဲရှိဆဲဖြစ်သည်။ ပြည်ပပို့ကုန်အတွက် လောနိုင်ငံတွင် ကုန်ပစ္စည်း လုံလောက်မှုမရှိ။ တိုးတက်လာသော စီးပွားရေးလိုအပ်ချက်နှင့်အညီ အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် လူအင်အားရရှိအောင်လေ့ကျင့်ပေးရန် လိုအပ်သည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ဝန်ဆောင်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးပိုင်းများ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို တွေ့မြင်လိုပါသည်ဟု လောဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့သည်။

အာဏာရကွန်မြူနစ်ပါတီကိုဖျက်ပစ်ရန် ကြိုးပမ်းခြင်းအတွက် အရာရှိဟောင်းသုံးဦးအား ထောင်ဒဏ် ၁၄ နှစ်စီ လောနိုင်ငံအစိုးရက အပြစ်ပေးခဲ့သည်။ အရာရှိသုံးဦးအနက် နှစ်ဦးမှာ ဒုတိယဝန်ကြီးဟောင်းများ ဖြစ်ကြသည်ဟု ဗီယင်ကျင်းအစိုးရရေဒီယိုက ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကြေညာခဲ့သည်။ သီးခြားအမှု တစ်ခုတွင် ၁၉၇၅ ခုနှစ်၌ ကွန်မြူနစ်တို့အာဏာရလာ ချိန်မှစ၍ အစစ်အဆေးမရှိ ထိန်းသိမ်းထားသော ယခင် ဘုရင့်အစိုးရလက်ထက်က တပ်မတော်အရာရှိသုံးဦးကို လူသတ်မှုနှင့် အခြားရာဇဝတ်မှုများကြောင့် တစ်သက်တစ်ကျွန်း အပြစ်ပေးခဲ့သည်။

လောနိုင်ငံပြည်သူတို့မှာ ယခုအခါဂြိုဟ်တုဆက်သွယ်ရေးရုပ်မြင်သံကြားစက်များကို တရားဝင်ပိုင်ဆိုင်ကြတော့မည်ဟု လောအစိုးရသတင်းအေဂျင်စီ (ကေ–ပီ–အိုင်)က ၁၉၉၃ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ကြေညာခဲ့သည်။ နိုင်ငံခြားသားများနှင့် ဒေသခံပုဂ္ဂိုလ်များမှာ ဤကဲ့သို့သော ရုပ်မြင်သံကြားစက်များကို ပြည်ပမှတင်သွင်း၍ အသုံးပြုနိုင်စေကာမူ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ခွင့်ပြုချက်ရယူရမည်ဖြစ်သည်ဟု မတ်လ ၃ ရက်နေ့ထုတ်

ကွန်မြူနစ်အာဘော်ဆောင်းပါးကို ကိုးကားလျက် သတင်းအေဂျင်စီက ပြောကြားသည်။ သံရုံးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ပါး အခြားသုံးစွဲသူများမှာ အာဏာပိုင်များထံမှ ခွင့်ပြုချက်ရရှိရေးအတွက် အမေရိကန်ဒေါ်လာ ၁၀၀ ပေးဆောင်ရမည်ဖြစ်သည်။ စည်းမျဉ်းဥပဒေနှင့်အညီ မသုံးစွဲသူများပြစ်ဒဏ်စီရင်ခြင်း ခံရမည်ဖြစ်သည်။

၁၉၈၃ ခုနှစ်ကုန်တွင် လောနိုင်ငံက မိမိပိုင် ရုပ်မြင်သံကြား ဆက်သွယ်ရေးလုပ်ငန်းကို စတင်ခဲ့သည်။ သို့ရာတွင် အိမ်နီးချင်းထိုင်းနိုင်ငံမှ စီးပွားဖြစ်အစီအစဉ်အမျိုးမျိုးမှာ ရုပ်မြင်သံကြားကြည့်ရှုနားဆင်သော လောပြည်သူများနှင့် ပိုမိုရင်းနှီးနေသည်။ ထိုင်းရုပ်မြင်သံကြားထုတ်လွှင့်ခြင်းမှာ လူမှုရေးအားဖြင့် အကျင့်ပျက်ခြင်း အပေါ် ဩဇာညောင်းနေကြောင်း လောသတင်းစာများက ရေးသားကြသည်။ လောနိုင်ငံ တောင်ပိုင်းအိမ်နီးချင်း ကမ္ဘောဒီးယားနိုင်ငံမှာ ဂြိုလ်တုရုပ်မြင်သံကြားစက်ကို ထိန်းချုပ်သော စည်းမျဉ်းဥပဒေမရှိပေ။ နိုင်ငံခြားယဉ်ကျေးမှုသံရုံးများနှင့် ဟိုတယ်များကို မကြာခဏ တရားဝင်ဆန့်ကျင်မှုပြုလုပ်သော ကွန်မြူနစ် ဗီယက်နမ်နိုင်ငံတွင် ဂြိုလ်တုဆက်သွယ်ရေးစက်များရှိသည်။ သို့သော်တရားဝင်ဟုတ် – မဟုတ်ကိုမူ မသိရပေ။

ထိုင်းဝန်ကြီးချုပ် ချွန်လီပိုင်သည် အိမ်နီးချင်းလောနိုင်ငံတွင် ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ သုံးရက်ကြာ နေထိုင်လည်ပတ်ရန် ဇွန်လ ၅ ရက်နေ့တွင် လောနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။ ထိုင်းဝန်ကြီးချုပ် ချွန်လီပိုင်နှင့်အတူ ထိုင်းဝန်ကြီးအများအပြား လိုက်ပါသွားကြသည်။ ထိုင်းနိုင်ငံက လောနိုင်ငံမှ လျှပ်စစ်ဓာတ်အားဝယ်ယူရေး စာချုပ် ချုပ်ဆိုရေးအခမ်းအနားသို့ ထိုင်းကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ လောနိုင်ငံမှ ထွက်သော ကော်ဖီ၊ ပဲပိစပ်၊ ခွဲပြီးသစ်သားနှင့် အခြားကုန်ပစ္စည်းများ ပိုမိုတင်သွင်းရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။ (ထိုင်းနိုင်ငံ – ရှု။)

ထိုင်းနိုင်ငံရှိ လောဒုက္ခသည်များ နေရပ်သို့ပြန်ပို့ရေး၌ အစီအစဉ် နှောင့်နှေးကြန့်ကြာခဲ့ရခြင်းမှာ နေရပ်သို့ ပြန်လည်ရောက်လာသူများအတွက် လောနိုင်ငံအာဏာပိုင်များက မြေယာဝေငှမပေးနိုင်သောကြောင့် ဖြစ်ကြောင်း ကုလသမဂ္ဂအရာရှိတစ်ဦးက ဇူလိုင်လ ၂၀ ရက်နေ့တွင် ထုတ်ဖော်ပြောကြားသည်။ မကြာမီက လောနှင့်ထိုင်းအစိုးရများက လောဒုက္ခသည်များအား နေရပ်ပြန်ပို့ခဲ့ရာ၌ ၄င်းတို့အား အကူအညီပေးရန်အတွက် ဒုက္ခသည်ဆိုင်ရာ ကုလသမဂ္ဂမဟာမင်းကြီးရုံး၌ကျင်းပသော အစည်းအဝေးတွင် ယင်းပြဿနာကို ဆွေးနွေးခဲ့ကြသည်။ **အဓိက** ပြဿနာမှာ မြေယာရရှိသည့်တိုင်အောင် မြေယာနည်းပါးခြင်းနှင့် အခြေခံအဆောက်အအုံများမရှိခြင်းဖြစ်သည်။ ၁၉၉၁ ခုနှစ်၊ ဇူလိုင်လတွင် ရရှိခဲ့သော သုံးပါတီသဘောတူညီချက်အရ ၁၉၉၄ ခုနှစ်ကုန်တွင် နေရပ်သို့ ပြန်ပို့ရေးလုပ်ငန်းအပြီးသတ်ရန်ဖြစ်သည်။ သို့ရာတွင် ထိုင်းနိုင်ငံ၌ လောအမျိုးသား အမျိုးသမီး ၃၅,၀၀၀ အထိ ကျန်ရှိနေဦးမည်ဖြစ်သည်။ ၁၉၉၁ ခုနှစ်၊ ဇူလိုင်လနှင့် ၁၉၉၃ ခုနှစ်၊ မေလအကြား လောလူမျိုးဒုက္ခသည် ၂၃,၀၀၀ မှ ၂၄,၀၀၀အထိ နေရပ်သို့ ပြန်ပို့ရန် အစီအစဉ်ရှိသည်။ သို့ရာတွင် ကုလသမဂ္ဂဒုက္ခသည်ဆိုင်ရာမဟာမင်းကြီးရုံး၏ စာရင်းအရ ဒုက္ခသည် ၅၈၄၈ အထိသာ ပြန်ပို့ရသေးသည်။

လောနိုင်ငံမြောက်ပိုင်း၌ မိုးခေါင်ရေရှားသဖြင့် စားနပ်ရိက္ခာ မလုံမလောက်ဖြစ်နေသော ပြည်သူ ၆၂,၅၀၀ အတွက် ဆန်တန်ချိန် ၃၀၀၀ ကို အရေးပေါ်တင်ပို့မည်ဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့ကြီးက စက်တင်ဘာလ ၉ ရက်နေ့တွင် ကြေညာသည်။ ယင်းသို့တင်ပို့မှုကြောင့် လောနိုင်ငံမြောက်ပိုင်းပြည်နယ်လေးခု၌ နေထိုင်ကြသော ပြည်သူများအတွက် အောက်တိုဘာလနှင့် နိုဝင်ဘာလ စပါးရိတ်သိမ်းချိန်အထိ စားနပ်ရိက္ခာများ လုံလောက်သွားနိုင်သည်ဟု ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်က ကြေညာသည်။ လောနိုင်ငံမြောက်ပိုင်း၌ လိုအန်နယ်သာပြည်နယ်၊ ဇင်းကောင်းပြည်နယ်၊ ဖွန်ဆလီပြည်နယ်နှင့် ဟူအာပန်ပြည်နယ်တို့တွင် မိုးခေါင်ရေရှားဖြစ်နေ၍ ပြည်သူတို့ထံ စားနပ်ရိက္ခာတင်ပို့ရာ၌ ဆိုးရွားသောလမ်းများကြောင့် ခရီးမတွင်ဖြစ်နေသည်ဟုဆိုသည်။

ဦးရဲလွင်

**လင်းယုန်သစ်လွင်** (ခရစ် ၁၉၁၇–၁၉၉၃)။ ။အမျိုးသား စာပေဆုရ စာရေးဆရာကြီးလင်းယုန်သစ်လွင်ကို ဧရာဝတီတိုင်း ညောင်တုန်းမြို့တွင် အဖ ကုန်သည်ကြီး ဦးဖိုးလူ၊ အမိဒေါ်နှင်းဦးတို့က ၁၉၁၇ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့၌ဖွားမြင်သည်။ အမည်ရင်းဦးအေးမောင် ဖြစ်သည်။ ညောင်တုန်းမြို့ အစိုးရအထက်တန်းကျောင်းတွင် အဋ္ဌမတန်းအထိ ပညာသင်ကြားခဲ့သည်။

စစ်မဖြစ်မီက မော်လမြိုင်မြို့မှ ထုတ်ဝေသော 'ခေါင်းဆောင်' သတင်းစာတွင်နယ်သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၄၇ ခုနှစ်တွင် 'ဟံသာဝတီ' နှင့် 'ဗမာ



အမျိုးသားစာပေဆုရ
စာရေးဆရာကြီး
လင်းယုန်သစ်လွင်

ခေတ်'သတင်းစာနယ်သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ရန်ကုန်သို့ရောက်ရှိပြီး 'လင်းယုန်သတင်းစာ'တွင် အလုပ်သမားသတင်းထောက်အဖြစ် လုပ်ရာမှ 'လင်းယုန်သစ်လွင်' ဟူသောကလောင်အမည်ကို ယူခဲ့သည်။ ထို့နောက် လင်းယုန်ဂျာနယ်၊ ပြည်တော်သစ်ဂျာနယ်၊ လူထုဂျာနယ်တို့တွင် အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ရှုဒေါင့်ဂျာနယ်တွင်လည်း အယ်ဒီတာအဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သည်။

ဂျပန်ခေတ်က သံဖြူဇရပ်မီးရထားလမ်းဖောက်လုပ်ရာသို့ ချွေးတပ်နှင့်အတူ ရောက်ရှိခဲ့သဖြင့် သံဖြူဇရပ်မီးရထားလမ်းဖောက်လုပ်ရာတွင် ကြုံတွေ့ခဲ့ရသော ချောက်ချားဖွယ်ဖက်ဆစ်ငရဲခန်း အဖြစ်အပျက်များကို မဂ္ဂဇင်းများတွင် ဆောင်းပါး၊ ဝတ္ထု အဖြစ်လည်းကောင်း၊ သေမင်းတမန် လမ်းပေါ်ဝယ်အမည်ဖြင့် စာအုပ်အဖြစ်လည်းကောင်း ရေးသားထုတ်ဝေခဲ့သည်။ ၁၉၅၀ ပြည့်နှစ် စာရေးဆရာအသင်း နှစ်ပတ်လည်စာပေပြိုင်ပွဲတွင် ဝတ္ထုတိုဆုကို 'တို့ကျေးရွာ' ဝတ္ထုဖြင့်ရရှိခဲ့သည်။ ၁၉၅၂ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ လုံးချင်းစာအုပ် ၆၆ အုပ်ရေးသားခဲ့သည်။ ထိုစာအုပ်များမှာ—

တူပြိုင်လေကူးမယ်ပ (၁၉၅၂)၊ သက်ဆုံးကြော့ကေခိုင် (၁၉၅၃)၊ ဆိုက်ကားသမား (၁၉၅၃)၊ ချစ်တို့မပြန် (၁၉၅၄)၊ ဘုံကျွန် (၁၉၅၄)၊ မေတ္တာသာလျှင် (၁၉၅၅)၊ လက်ရွေးစင်ဝတ္ထုတိုများ (၁၉၅၆)၊ ကရုဏာလှိုင်း (၁၉၅၇)၊ အမွေဆိုင်ညီအစ်ကို (၁၉၅၈)၊ တရားခံ (၁၉၅၈)၊ လျှို့ဝှက်ဂိုဏ်း (၁၉၅၉)၊ နှင်းဆီမြိုင်လူသတ်မှု (၁၉၅၉)၊ ငွေရတုဂိုဏ်း (၁၉၅၉)၊ ရတနာခင်နှင့်လူသတ်ဂိုဏ်း (၁၉၅၉)၊ အသက်သွေးချွေး (၁၉၆၀)၊ ချစ်သောမာမီ (၁၉၆၀)၊ ခြေတော်တင်ခံမလေး (၁၉၆၁)၊ မိုးတစ်ညဝယ် (၁၉၆၁)၊ စပယ်ခြံလူသတ်မှု (၁၉၆၁)၊ သိတာ သောင်ခြေဦး (၁၉၆၂)၊ မေတ္တာရနံ့ပြယ်လေသော် (၁၉၆၂)၊ စောနန်းမွန် (၁၉၆၂)၊ ဘဝဇာတ်ဆရာထံတွင် (၁၉၆၂)၊ သမုဒ္ဒယသံယောဇဉ် (၁၉၆၂)၊ ဂလက်ဒီယေးတားဂိုဏ်း (၁၉၆၂)၊ သေနတ်တစ်ချက် အသက်တစ်ချောင်း (၁၉၆၂)၊ လျှို့ဝှက်ရတနာ (၁၉၆၂)၊ လူသတ် ပတ္တမြား (၁၉၆၂)၊ မေတ္တာပုလဲပန်း (၁၉၆၃)၊ ရွှေမနိုင်ခင်လေး (၁၉၆၃)၊ သွေးသောက်တား (၁၉၆၃)၊ သိန်းထိုက်ရတနာ (၁၉၆၃)၊ ချစ်ရလေမည့်မွေးရပ်မြေ (၁၉၆၃)၊ မေတ္တာနှောင်ကြိုး (၁၉၆၃)၊ သေမင်းတမန်လမ်းပေါ်ဝယ် (၁၉၆၄)၊ သောင်းဒီပါမြေ (၁၉၆၅)၊ သမုဒ္ဒယနှောင် (၁၉၆၅)၊ သက်စွန့်ဆံဖျား (၁၉၆၅)၊ ယမုံနာတံငါဝတ္ထုတိုများ (၁၉၆၅)၊ နှစ်ဦးမေတ္တာဆုံကြရာဝယ် (၁၉၆၅)၊ ရတနာနဒီ (၁၉၆၆)၊ ဇမင်းဆိပ်သို့ရောက်လေသော် (၁၉၆၆)၊ လျှို့ဝှက်ဂေဟာ (၁၉၆၆)၊ စစ်သူလျှိုဂိုဏ်း (၁၉၆၆)၊ ကပ္ပတိန်မာဒင် (၁၉၆၆)၊ ယိုးဒယားမြန်မာ မီးရထားလမ်းကိုယ်တွေ့ ချွေးတပ်မှတ်တမ်း (၁၉၆၈)၊ ပင်လယ်တံငါ (၁၉၇၀)၊ ဓမ္မဝိလာသ (၁၉၇၀)၊ ဆားချက်မြေ (၁၉၇၃)၊ ပါးစပ်လိုက်လားလက်လိုက်လား (၁၉၇၃)၊ အလှ (၁၉၇၄)၊ ဓမ္မရက္ခိတ (၁၉၇၄)၊ မိုးသောက်ကြယ် (၁၉၇၅)၊ အနာဂတ်အတွက်မွေးဖွားခြင်း (၁၉၈၄) နှင့် စာပေဗိမာန် ထုတ်ပြည်သူ့လက်စွဲစာစဉ်များဖြစ်သော ကျွန်းပြန် စိန်တစ်ပွင့်၊ အိမ်ဖော်မြခင်၊ ကိုဖိုးဒေါင်း၊ တို့ကျောင်းတော်သူ၊ ရွာခေါင်းဆောင်၊ ခွင့်လွှတ်ပါမောင်ရယ်၊ သည် လယ်မြေ၊ ဆောင်းလပြာသို၊ အဖြစ်နှင့်အမှန်၊ ငါးပိ ပဒေသာ၊ လှေ၊ မြန်မာ့အာဟာရ ငါးပိနှင့် ငံပြာရည် တို့ဖြစ် ကြသည်။

၁၉၆၂ ခုနှစ်တွင် 'သိတာသောင်ခြေဦး' လုံးချင်းဝတ္ထုဖြင့် အနုပညာစာပေ ဝတ္ထုရှည်ဆုရရှိခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် 'ယိုးဒယားမြန်မာ မီးရထားလမ်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်း' စာအုပ်ဖြင့် အမျိုးသားစာပေ၊ စာပဒေသာ ဒုတိယဆုကိုရရှိခဲ့သည်။ ၁၉၇၀ ခုနှစ်တွင် အမျိုးသားစာပေဆုကို 'ဓမ္မဝိလာသ' လုံးချင်းဝတ္ထုရှည်ဖြင့် ရရှိခဲ့သည်။

လင်းယုန်သစ်လွင်၏ ဇာတိမြို့သည် ရေလုပ်ငန်းအကြီးအကျယ် လုပ်ရာဒေသဖြစ်သည့်အလျောက် 'သိတာသောင်ခြေဦး' ဝတ္ထုတွင် ရေလုပ်ငန်းနှင့်ပတ်သက်၍ ထိထိမိမိ အသက်သွင်းခြယ်မှုန်းထားသည်။

'ယိုးဒယား မြန်မာ မီးရထားလမ်းကိုယ်တွေ့ ချွေးတပ်မှတ်တမ်း' စာအုပ်တွင် ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဂျပန်တို့ဖောက်လုပ်ခဲ့ကြသော အရှေ့တောင်အာရှ၏ သေမင်းတမန် မီးရထားလမ်းဟုခေါ်တွင်သည့် "ထိုင်းမြန်မာ မီးရထားလမ်း" တွင် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ အလုပ်သမားပေါင်း တစ်သိန်း ခုနစ်သောင်း ခုနစ်ထောင် (၁၇၇,၀၀၀) တို့သည် မလေး၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်း၊ တရုတ် စသည့် အရပ်သား ချွေးတပ်သားများနှင့်အတူ

မိးရထားလမ်းဖောက်လုပ်ရာ၌ ပါဝင်ကြရာ မြန်မာ အမျိုးသားချွေးတပ်အလုပ်သမားတို့၏ဘဝ၊ဂျပန်စစ်သား များ၏ အပြုအမူ၊ ဝလေ့စရိုက်များ ချွေးတပ်သားများ၏ အလုပ်တာဝန်နှင့် လုပ်ကိုင်ပုံ၊ အစားအသောက် အနေအထိုင်၊ တောတွင်းချွေးတပ်စခန်းများတွင် ရောဂါ ဝေဒနာကျရောက်မှု၊ သေကျေပျက်ဆီးမှု စသည်တို့ကို တင်ပြထားသည်။

' ဓမ္မဝိလာသ' ဝတ္ထုသည် ဒုတိယ ကမ္ဘာစစ်အတွင်း အင်္ဂလိပ်များမြန်မာနိုင်ငံမှ ဆုတ်ခွာရဆဲ ဂျပန်များ အုပ်စိုးစဉ်ကာလအတွင်း ညောင်တုန်းမြို့အနီး စကြော့ရွာ၌ ဖြစ်ပျက်ခဲ့သောဖြစ်ရပ်တစ်ခုကိုတင်ပြထားပြီးထိုအချိန်က နိုင်ငံရေးလှုပ်ရှားမှု အကြောင်းနှင့် စစ်ဒဏ်ကို ပြည်သူများ အလူးအလဲခံစားရပုံကို အသေးစိတ်ခြယ်မှုန်း ထားသည်။ စစ်ကာလ၏ ဆိုးရွားမှုနှင့် ဖက်ဆစ်စနစ်၏ ယုတ်မာ ရမ်းကားမှုများကို မြင်တွေ့နိုင်သည်။လင်းယုန်သစ်လွင်၏ အမျိုးသားစာပေဆုရ စာအုပ်များအပြင် ' ဘုံကျွန်' 'သေမင်းတမန် လမ်းပေါ်ဝယ်' 'သောင်းဒီပါမြေ'နှင့် 'ဓမ္မရက္ခိတ' ဝတ္ထုများမှာလည်း ထင်ရှားသည်။ 'ယိုးဒယား မြန်မာ မီးရထားလမ်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်း' စာအုပ်ကို ဂျပန်နိုင်ငံ ' မိနိချိ သတင်းစာတိုက်' မှ ဂျပန်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေခဲ့သည်။

လင်းယုန်သစ်လွင်သည် စာပေတာဝန်ကို ထမ်းဆောင် ရင်း ၁၉၅၇-၅၈ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ စာရေးဆရာအသင်း အလုပ်အမှုဆောင်အဖြစ်လည်း တာဝန်ယူခဲ့သည်။

အမျိုးသားစာပေဆုရစာရေးဆရာကြီး လင်းယုန် သစ်လွင်သည် ၁၉၉၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် ကွယ်လွန် သည်။

**လှရွှေ၊ဦး(ခရစ်၁၉၁၁-၁၉၉၃)။** ။မန္တလေး တက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ်နှင့် မြန်မာစာအဖွဲ့၊ အဖွဲ့ဝင်ဦးလှရွှေကို အဖသမဝါယမဌာနမင်းကြီး ဦးဖိုးကြား၊ အမိ ဒေါ်ငွေခင် တို့က ၁၉၁၁ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ တွင် ပေါင်းတည်မြို့၌ ဖွားမြင်သည်။ မွေးချင်းခုနစ်ယောက် တွင် ဆဋ္ဌမမြောက် ဖြစ်သည်။

ငယ်စဉ်ကပေါင်းတည်မြို့တွင် ၁၀ တန်းအောင်မြင်သည် အထိ ပညာသင်ယူသည်။ ဝိဇ္ဇာဘွဲ့ရရှိပြီး ၁၉၄၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန နည်းပြအဖြစ် စတင် တာဝန်ထမ်းဆောင်သည်။ ၁၉၅၈ ခုနှစ်တွင် လက်ထောက် ကထိက အဆင့်သို့တိုးမြှင့် ခန့်ထားခြင်း ခံရသည်။ ၁၉၆၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာ( မြန်မာစာ)



အငြိမ်းစားပါမောက္ခချုပ်
ဦးလှရွှေ

ဘွဲ့ရရှိသည်။ မဟာဝိဇ္ဇာဘွဲ့အတွက် ပြုစုသောကျမ်းမှာ "စစ်သမိုင်းဝင် မြန်မာကဗျာများ" ဖြစ်သည်။ ၁၉၆၂ ခုနှစ်တွင် ကထိက အဖြစ် တိုးမြှင့်ခြင်း ခံရသည်။ ၁၉၆၃ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ ပုသိမ်ကောလိပ် တွင် ကျောင်းအုပ်ကြီး၊ ၁၉၆၅မှ ၁၉၆၉အထိ မော်လမြိုင် ကောလိပ်တွင် ကျောင်းအုပ်ကြီး၊ ၁၉၆၉ ခုနှစ်မှ ၁၉၇၄ ခုနှစ် အထိမန္တလေးတက္ကသိုလ်တွင် ပါမောက္ခချုပ်တာဝန်များကို ထမ်းဆောင်သည်။ တာဝန်ထမ်းဆောင်နေစဉ်အတွင်း ကျောင်းသားများကိုခေါင်းဆောင်၍တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ယူနန်ပြည်နယ်သို့ ချစ်ကြည်ရေးနှင့်လေ့လာရေးခရီး သွားရောက်ခဲ့သည်။ ဟန်ဂေရီ ပြည်သူ့သမ္မတနိုင်ငံသို့ လည်း ချစ်ကြည်ရေးနှင့် လေ့လာရေးသွားခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ပါမောက္ခ ချုပ်အဖြစ်မှ အငြိမ်းစားယူသည်။

ဆရာကြီးဦးလှရွှေသည် ၁၉၇၃ ခုနှစ်တွင် ကျင်းပသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် မန္တလေးတိုင်းကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ ၁၉၇၄ ခုနှစ်တွင်ကျင်းပသောပထမအကြိမ်ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင် မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်သည်။

ဆရာကြီး ဦးလှရွှေသည် နိုင်ငံတော်က ချီးမြှင့်သော ပြည်သူ့ဝန်ထမ်းကောင်းဆုတံဆိပ်ရရှိသည်။ ၁၉၈၃ ခုနှစ်မှ စ၍ ကွယ်လွန်ချိန်အထိ မြန်မာစာအဖွဲ့၊ အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား ပါမောက္ခချုပ် ဆရာကြီးဦးလှရွှေသည် ၁၉၉၃ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့ တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် တူ တူမ ၁၁ ဦးကျန်ရစ်သည်။

**သဘာဝ ဘေးဒဏ်။** ။၁၉၉၃ ခုနှစ်အတွင်း ကမ္ဘာ အရပ်ရပ်၌ သဘာဝ ဘေးအန္တရာယ်များကျရောက်ခဲ့ရာ တွင် ဂျပန်နိုင်ငံ၌ နှစ် ၃၀ အတွင်း အဆိုးဝါးဆုံး ငလျင်၊ အိန္ဒိယနိုင်ငံ၌ လူ ၂၀,၀၀၀ မှ ၃၅,၀၀၀ အတွင်း သေဆုံးခဲ့ရ

သော နှစ်ပေါင်း ၅၀ ကျော်အတွင်း အဆိုးဝါးဆုံး ငလျင်၊ အမေရိကန် ပြည်ထောင်စု၌ နှစ်ပေါင်း ၁၂၁ နှစ် အတွင်း အဆိုးဝါးဆုံး ရေကြီးမှုတို့ပါဝင်ခဲ့သည်။

ငလျင်။ ။ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ပြင်းအားရစ်ချ်တာစကေး ၇ ဒသမ ၅ ရှိသော ငလျင်တစ်ခု ဂျပန်နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည်။ ဟော့ကိုင်းဒိုးကျွန်း၏ လူဦးရေကျဲပါးသော အနောက်ပိုင်း ဒေသတွင် လှုပ်ရှားခဲ့ခြင်းကြောင့် လူ ၁၇၀ ခန့် ဒဏ်ရာ ရရှိခဲ့သည်။ ၎င်းသည် ၁၀ နှစ်တာကာလအတွင်း ဂျပန်နိုင်ငံ၌ အင်အားအပြင်းဆုံး ငလျင်ဖြစ်သည်။ ငလျင်ဗဟိုချက်မှာ ဟော့ကိုင်းဒိုးကျွန်းပေါ်ရှိ ကူရှီရိုမြို့ အလွန် ပင်လယ်အောက်ခြေမှ ၇၅ မိုင်အကွာနေရာဖြစ်ပြီး ဒေသစံတော်ချိန် ၈ နာရီ ၆ မိနစ်တွင် ပေါ်ပေါက်ခဲ့သည်။

မေလအတွင်း၌ အမေရိကန်ပြည်ထောင်စု အလာစကာပြည်နယ် အန်ကာရေ့ဂျ်မြို့အနောက်တောင်ပိုင်းနှင့် အာဂျင်တီးနားနိုင်ငံ မြောက်ပိုင်းတို့တွင် ငလျင်ပြင်းများလှုပ်ခဲ့သည်။

ဂျပန်နိုင်ငံ၏ နှစ် ၃၀ ကျော်ကာလအတွင်း အဆိုးဝါးဆုံး ငလျင်ကြီးမှာမူ ဇူလိုင်လ ၁၂ ရက်နေ့ ည ၁၀ နာရီ ၁၇ မိနစ် (ဂရင်းနစ်စံတော်ချိန် ၁၃ နာရီ ၁၇ မိနစ်)တွင် ပေါ်ပေါက်ခဲ့သည်။ ရစ်ချ်တာစကေး ၇ ဒသမ ၈ ရှိပြီး ငလျင်ဗဟိုချက်သည် ဟော့ကိုင်းဒိုးကျွန်းအနောက်ဘက် မိုင် ၅၀ ကျော်အကွာ ဂျပန်ပင်လယ်ပြင်အောက်တွင် ဗဟိုပြုခဲ့သည်။ ငလျင်လှုပ်ပြီး ငါးမိနစ်အကြာတွင် ရေမဒီရေလှိုင်းကြီးများတက်လာသဖြင့် ကမ်းခြေအနီးနေ လူအများစုမှာ ကုန်းမြေပိုင်းသို့ မတက်လာခဲ့သောကြောင့် သေဆုံးသူ ၂၀၀ နှင့် ပျောက်ဆုံးသူ ၄၀ ခန့်ရှိခဲ့သည်။ အမြင့်ဆုံးပင်လယ်ဒီလှိုင်းကြီးများသည် မီတာ ၃၀ (ပေ ၁၀၀)အမြင့်မျှအထိ ရှိခဲ့သည်။ ၎င်းမှာ ခြောက်ထပ် သို့မဟုတ် ခုနစ်ထပ် တိုက်တစ်လုံးအမြင့်နှင့် ညီမျှသည်။ ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ဒေါ်လာ ၆၄၉ သန်းမျှရှိခဲ့သည်။

ယခု ငလျင်ကြီးကြောင့် သေဆုံးသူဦးရေသည် ၁၉၆၀ ပြည့်နှစ်က ချီလီကမ်းခြေအလွန်တွင်ဖြစ်ပေါ်ခဲ့သော ရေမငလျင်ကြီးကြောင့် ဒီရေလှိုင်း ရိုက်ခတ်ကာ သေဆုံးခဲ့ရသူအရေအတွက်ထက် ပိုမိုများပြားခဲ့သည်။ ယခုငလျင်ထက်ပိုမိုဆိုးဝါးခဲ့သော အနီးဆုံးအတိတ်သမိုင်းမှ ငလျင်မှတ်တမ်းမှာ ၁၉၄၈ ခုနှစ် ငလျင်ကြီးဖြစ်သည်။ တိုကျိုမြို့ အနောက်ဘက် ၂၀၂ မိုင်အကွာ ဂျပန်ပင်လယ်ဆိပ်ကမ်းမြို့ ဖူကူအီကိုအထိနာဆုံးဖြစ်စေခဲ့သော ထိုငလျင်တွင် လူ ၃,၈၉၅ ဦး သေဆုံးခဲ့သည်။

**အိန္ဒိယနိုင်ငံသမိုင်းတွင် နှစ်ပေါင်း ၅၀ ကျော်အတွင်း အဆိုးဝါးဆုံးငလျင်ကြီး မဟာရဋ္ဌပြည်နယ်တွင် လှုပ်ခဲ့ပြီးနောက် တွေ့မြင်ရသော မြင်ကွင်း**



တရုတ်နိုင်ငံတစ်ဝန်းလုံးတွင် ၁၉၉၃ ခုနှစ်၊ဇူလိုင်လဆန်းအထိ လျှော ၁၂ ကြိမ် လှုပ်ခဲ့ရာ အိမ်စုစုပေါင်း ၂၀,၀၀၀ ကျော် ပြိုကျပျက်စီးခဲ့သည်။

စက်တင်ဘာလ ၃၀ ရက်နေ့ညက အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရဋ္ဌပြည်နယ်တွင် အိန္ဒိယသမိုင်းတွင် နှစ်ပေါင်း ၅၀ ကျော်အတွင်း အဆိုးဝါးဆုံး လျှောင်ကြီးလှုပ်ခဲ့ရာ လူ ၂၀,၀၀၀ ကျော် သေဆုံးခဲ့သည်။ သေဆုံးသူလူဦးရေမှာ ၃၅,၀၀၀ အထိရှိနိုင်သည်ဟုလည်း ခန့်မှန်းကြသည်။ သေဆုံးသူများစွာကို မည်သူမည်ဝါဟူ၍ ခွဲခြားမရနိုင်ခြင်းနှင့် ကျန်ရစ်သူမိသားစုများက သေဆုံးသူအလောင်းထောင်ပေါင်းများကို အပျက်အစီးပုံများကြားမှ ဆွဲယူထုတ်၍ မိမိတို့အစီအစဉ်ဖြင့် မြှုပ်နှံကြခြင်းကြောင့် စာရင်းအတိအကျမကောက်နိုင်ခြင်းဖြစ်သည်။ လျှောင်ဗဟိုချက်နှင့် ၁၆ မိုင်အကွာတွင်ရှိသော အူမာဂါတစ်မြို့တည်းတွင် အဆောက်အအုံအားလုံး၏ ၆၀ ရာနှုန်းပျက်စီးပြီး လူ ၃,၀၀၀ ခန့် သေဆုံးခဲ့သည်။ လျှောင်လှုပ်ပြီး နှစ်ရက်အကြာတွင် အပျက်အစီးပုံများကြားမှ ကလေးငယ်သုံးဦးကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့သည်။

လျှောင်သည် ရစ်ချ်တာစကေး ၆ ဒသမ ၄ ရှိပြီး ကျေးရွာပေါင်း ၃၇ ရွာကို ထိခိုက်စေကာ လူပေါင်း ၁၅၀,၀၀၀ ကို အိုးမဲ့အိမ်မဲ့ဖြစ်စေခဲ့သည်။

အောက်တိုဘာလ ဒုတိယအပတ်အတွင်းက ပါပူဝါနယူးဂီနီနိုင်ငံမြောက်ပိုင်းတွင် မြေလျှောင် အဆက်မပြတ်လှုပ်ပြီး မြေပြိုမှုဆက်ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၄၀ သေဆုံး၍ ၁၀၀ ကျော် ပျောက်ဆုံးလျက်ရှိသည်။

**တောမီး။** ။အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် တောင်ပိုင်းတွင် အောက်တိုဘာလနောက်ဆုံးအပတ်နှင့် နိုဝင်ဘာလပထမပတ်အတွင်း တောမီးအကြီးအကျယ်လောင်ကျွမ်းခဲ့ရာ အိုးအိမ်၊ သီးနှံစိုက်ခင်းနှင့် သစ်တောများဆုံးရှုံးမှု အနည်းဆုံး ဒေါ်လာ သန်း ၅၀၀ ကျော် ရှိခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင်လည်း နိုဝင်ဘာလ ဒုတိယပတ်အတွင်း ဆုလာဝေဆီ အလယ်ပိုင်းဒေသ၌ တောမီးလောင်ခဲ့ရာ ထင်းရှူးနှင့် သီဟိုဠ်စေ့ စိုက်ခင်းဧက ၂၅၀၀ ကျော် ပျက်စီးခဲ့ရသည်။

**နှင်းမုန်တိုင်း။** ။အမေရိကန်ပြည်ထောင်စု ရော့ကီးတောင်တန်း မြောက်ပိုင်းဒေသတွင် ဖေဖော်ဝါရီလ စတုတ္ထပတ်အတွင်းက နှင်းမုန်တိုင်းတိုက်ပြီး နှင်းများထူထပ်စွာကျခဲ့ရာ အဝေးပြေးလမ်းမပေါ်ရှိကားငါးစီး နစ်မြုပ်ခဲ့သည်။ စကီးစီးသူ ခြောက် ယောက်ပျောက်ဆုံးခဲ့သည်။

မတ်လလယ်ခန့်က အမေရိကန်ပြည်ထောင်စုအရှေ့ပိုင်းဒေသ၌ ဖြစ်ပေါ်ခဲ့သော နှင်းမုန်တိုင်းများကြောင့် လူသန်းပေါင်းများစွာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကို ကြုံခဲ့ရသည်။ လေဆိပ်နှင့် တည်းခိုခန်းများတွင် ခရီးသည်ပေါင်းများစွာ ပွတ်သိပ်သောင်တင်နေခဲ့ကြသည်။ မုန်တိုင်းစဲပြီး အအေးဓာတ်လွှမ်းမိုးကာ အပူချိန်ကျဆင်းလာခဲ့ရာ အလာဘားမားပြည်နယ်၊ ဘာမင်ဂမ်မြို့၌ အနုတ် ၁၆ ဒီဂရီ ဆဲလ်စီးယပ်၊ ဗားမွန့်မြို့၌ အနုတ် ၄၀ ဒီဂရီ ဆဲလ်စီးယပ် ထိကျခဲ့သည်။ ၄င်းနှင်းမုန်တိုင်းသည် အမေရိကန် ပြည်ထောင်စု၊ကျူးဗားနှင့် ကနေဒါနိုင်ငံများကို ဖြတ်သန်းတိုက်ခတ်ခဲ့ရာ တစ်ပတ်အတွင်း နှင်းမုန်တိုင်းကြောင့် သေဆုံးသူ အနည်းဆုံး ၉၈ ဦးရှိခဲ့သည်။

တရုတ်နိုင်ငံမြောက်ပိုင်းတွင် ၁၉၉၃ ခုနှစ်၊ ဇွန်လကုန်အထိ ကာလအတွင်း နှင်းမုန်တိုင်းများကြောင့် တိရစ္ဆာန်ကောင်ရေ ၁ ဒသမ ၈ သန်းကျော် သေဆုံးခဲ့သည်။

**မီးတောင်ပေါက်ကွဲခြင်း။** ။ဖိလစ်ပိုင်နိုင်ငံမနီလာမြို့ အရှေ့တောင်ဘက် မိုင် ၂၂၀ အကွာရှိ မေယွန်မီးတောင်သည် ဖေဖော်ဝါရီ ၂ ရက်နေ့တွင်တစ်ကြိမ်နှင့် ၁၃ ရက်နေ့နံနက် ၄ နာရီ ၄၅ မိနစ်နှင့် ၆ နာရီတို့တွင် နှစ်ကြိမ်တိုင် ချော်ရည် နှင့် ပြာပူများထုတ်လွှတ်ခဲ့သည်။ ၂ ရက်နေ့တွင်ပေါက်ကွဲမှု ကြောင့် လူ ၇၂ ဦးသေဆုံးပြီး ၅၀,၀၀၀ ကျော် အိုးအိမ်များမှ ပြောင်းရွှေ့ပြေးခဲ့ကြရသည်။ ၁၃ ရက်နေ့ ပေါက်ကွဲမှုတွင် ပြာပူနှင့် ဓာတ်ငွေ့များ၊ ချော်ခဲချော်စများပါသော တိမ်တိုက် ကြီးသည် အပူချိန် ၁၈၀၀ ဒီဂရီဖာရင်ဟိုက် (၁၀၀၀ ဒီဂရီ ဆဲလ်စီးယပ်) ရှိပြီး တစ်နာရီမိုင် ၆၀ နှုန်းဖြင့် စီးထွက်ခဲ့ကြောင်း မီးတောင်ပညာရှင် ဂျူလီယိုဆာဘစ်က ပြောကြားခဲ့သည်။ မီးတောင်ပေါက်ကွဲမှုကြောင့် လူအသေအပျောက် မရှိခဲ့သော်လည်း တောင်ခြေရှိရွာများမှ လူ ၆,၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။

မတ်လ ပထမပတ်အတွင်း၌ မိုးများသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မီးတောင်၏ ချော်များ၊ ပြာများ အပိုင်းအစ တန်ချိန်ပေါင်းများစွာသည် တောင်ခြေသို့ ပြိုဆင်းလာခဲ့ရာ အိမ်အချို့နစ်မြုပ်ခဲ့သည်။

**မိုးကြီးရေလျှံခြင်း။** ။ဇန်နဝါရီလစတုတ္ထပတ်အတွင်း၌ အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအလယ်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးခြင်းကြောင့် လူ ၁၂ ဦး သေဆုံး၍ လေးဦးဒဏ်ရာရရှိခဲ့သည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုး ရူပီယာ သန်းတစ်ထောင် ရှိခဲ့သည်။

မတ်လ ၁၆ ရက်နေ့တွင် တရုတ်နိုင်ငံ ဟိနန်ပြည်နယ် အလယ်ပိုင်းရှိ ကျောက်မီးသွေးတွင်းတစ်ခု၌ ရေကြီး၍ မြေပြိုမှုဖြစ်ပေါ်ခဲ့ရာ လူ ၁၁ ယောက် ရေနစ်သေဆုံးခဲ့သည်။

ဇွန်လ ပထမပတ်အတွင်း ကျူးဘားနိုင်ငံ အလယ်ပိုင်းနှင့် အရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် လူရှစ်ဦး သေဆုံး၍ ၄၀,၀၀၀ ကျော် အိုးအိမ်များမှ ရွှေ့ပြောင်းခဲ့ကြရသည်။ သေဆုံးသူအများစုမှာ ရေနစ်၍သေဆုံးခြင်းဖြစ်သည်။ ဇွန်လဒုတိယပတ်အတွင်း၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် တစ်ပတ်ကြာမျှ ရေကြီးခဲ့ရာ လူ ၄၂ ဦးသေဆုံးခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် ဇွန်လနှင့် ဇူလိုင်လအတွင်း နေရာအနှံ့အပြား၌ မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ရေကြီးမှုများဖြစ်ပေါ်ခဲ့သည်။ မစ္စစ္စပီမြစ်ရေလျှံတက်မှုကြောင့် အိုင်အိုးဝါးပြည်နယ်တွင် ရေကြီးခဲ့သည်။ အိုင်အိုးဝါးပြည်နယ်၏ မှတ်တမ်းများအရ လွန်ခဲ့သော ရှစ်လတာကာလသည် ၁၂၁ နှစ်အတွင်း မိုးအရွာသွန်းဆုံး ကာလဖြစ်ခဲ့သည်။ မိုးကြီးမှု၊ ရေလျှံမှုများကြောင့် လူသေဆုံးမှုများနှင့် ကောက်ပဲသီးနှံဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။ ပြောင်းနှင့် ပဲပိစပ်ကို အကြီးအကျယ်စိုက်ပျိုးသော အိုင်အိုးဝါးပြည်နယ်တစ်ခုတည်း၏ ပျက်စီးဆုံးရှုံးမှုမှာ ဒေါ်လာ သန်းတစ်ထောင်ကျော်မျှရှိကြောင်း ခန့်မှန်းကြသည်။ အခြားပြည်နယ်များဖြစ်သည့် အီလီနွိုက်စ်၊ ဝစ္စကွန်ဆင်၊ မင်နီဆိုတာ၊ မစ်ဇူရီနှင့် တောင်ပိုင်းဒါကိုတာတို့တွင်လည်း ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်။

ဂျပန်နိုင်ငံအနောက်ပိုင်း၌လည်း ဇူလိုင်လပထမပတ်အတွင်း၌ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် လူနှစ်ဦးသေဆုံးပြီး ၁၇၆ အိမ် ပျက်စီးခဲ့သည်။ ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့် တောင်ပိုင်းတွင် မိုးနှစ်ရက်ဆက်ရွာခဲ့ရာ မိုးရေချိန် ၁၂ လက်မမျှအထိ ရှိခဲ့သည်။

ဇွန်လက မိုးကြီးခဲ့သော ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဇူလိုင်လ ဒုတိယပတ်အတွင်း၌ ထပ်မံ၍ မိုးသည်းထန်ပြီး မြစ်ရေလျှံခဲ့ရာ နိုင်ငံမြောက်ပိုင်းဒေသ၌ လူ ၁၀ ဦးသေဆုံးပြီး တစ်သိန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရသည်။ ထိုကာလအတွင်း၌ပင် အိန္ဒိယနိုင်ငံ၌ မုတ်သုံမိုး သည်းထန်စွာ ရွာသွန်းခဲ့ရာ လူ ၁၂၀ ကျော်သေဆုံးခဲ့သည်။ ထိခိုက်သေဆုံးမှုအများဆုံးဖြစ်ခဲ့သော ပြည်နယ်များမှာ ဂူဂျာရတ်၊ ဟိမာချယ်ပရာဒေ့ရှ်၊ ဥတ္တာပရာဒေ့ရှ်၊ ပန်ဂျပ်နှင့် ဂျမ္မူ-ကက်ရှ်မီးယားပြည်နယ်များဖြစ်သည်။ သေဆုံးရသည့် အကြောင်းရင်းများမှာ ရေနစ်ခြင်း၊ အိမ်ပြိုခြင်း၊ သစ်ပင်ပိခြင်း၊ ဓာတ်လိုက်ခြင်းနှင့် မြေပြိုခြင်းတို့ကြောင့် ဖြစ်သည်။ အရှေ့ဖျားဒေသအာသံပြည်နယ်တွင် ဗြဟ္မပုတ္တရမြစ်ရေလျှံ၍ ရွာ ၅၀ ကျော် ရေအောက်ရောက်ခဲ့ရပြီး လူ ၁၅,၀၀၀ ကျော် စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ တစ်နိုင်ငံလုံး၌ ရေဘေးဒုက္ခ ကြုံတွေ့ရသူပေါင်း နှစ်သန်းမျှ ရှိခဲ့သည်။

ဇူလိုင်ပထမပတ်နှင့် လလယ်အတွင်း၌ပင် တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ကျန်စီပြည်နယ်တွင် မိုးကြီးရေလျှံမှုကြောင့် လူ ၄၂ ဦး သေဆုံးပြီး ၁၁ ဦး ပျောက်ဆုံးခဲ့သည်။ ဆန်ကျောင်ခရိုင်တွင် လူ ၁,၄၃၀ ဦး အပြင်းအထန်ဒဏ်ရာရရှိခဲ့သည်။ လယ်သမား မိသားစုဝင်ပေါင်း ၃ ဒသမ ၅ သန်းမျှ ရေကြီးမှုဒဏ်ကို ခံစားခဲ့ရသည်။

တရုတ်နိုင်ငံတွင် ဇန်နဝါရီလမှစ၍ ဇူလိုင်လလယ်အထိ ခြောက်လကျော်မျှကာလအတွင်း သဘာဝဘေးအန္တရာယ်အစုစုတို့ကြောင့် လူ ၁,၆၀၀ ကျော်သေဆုံးခဲ့ပြီး ၅၁,၀၀၀ ကျော် အထိအခိုက် ဒဏ်ရာရရှိခဲ့သည်။ နှင်းမုန်တိုင်း၊ တိုင်ဖွန်း၊ ရေလျှံမှု၊ ငလျင်နှင့် မိုးခေါင်မှုတို့ကြောင့် ဆုံးရှုံးရသော တန်ဖိုးစုစုပေါင်းမှာ ယွမ် ၃၃ ဒသမ ၂ ဘီလီယံ (ဒေါ်လာ သန်းပေါင်း ၅,၇၀၀ ) မျှရှိခဲ့သည်။ ၁၉၉၂ ခုနှစ်အတွင်း တစ်နှစ်တာကာလ ဆုံးရှုံးမှုမှာမူ လူ ၆၀၀၀ ခန့် သေဆုံးပြီး ဒေါ်လာ ၁၅ ဘီလီယံခန့် ပျက်ဆီးဆုံးရှုံးခဲ့ကြောင်း ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလက တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။



မစ္စစ္စပီမြစ်ရေလျှံမှုသည် အမေရိကန်နိုင်ငံသမိုင်းတွင် နှစ်ပေါင်း ၁၂၁ နှစ် အတွင်း အဆိုးဝါးဆုံး ဖြစ်ခဲ့သည်

ဇူလိုင်လလယ်အတွင်း၌ပင် အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ ရေကြီးမှုသည် အလယ်ပိုင်းသို့ ပျံ့နှံ့လာခဲ့ရာ လူသေဆုံးမှုသည် ၅၀၀ ကျော်အထိသို့ ရောက်ရှိခဲ့သည်။ စိုက်ပျိုးရေးနယ်မြေဖြစ်သော မြောက်ပိုင်းဒေသသည် မိုးကြီးရေလျှံမှုကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရာ ခန့်မှန်းခြေ ရူပီး ဘီလီယံ ၂၀ (ဒေါ်လာ ၆၄၅ သန်း) ခန့်ရှိခဲ့သည်။

ထိုအတောအတွင်း နီပေါနိုင်ငံတွင်လည်း မိုးသည်းထန်ပြီး ရေကြီးခဲ့ရာ လူ ၅၈ ဦး သေဆုံးခဲ့သည်။ တောင်အာရှနိုင်ငံများ ဖြစ်သောအိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် နီပေါ နိုင်ငံများတွင် မိုးကြီးရေလျှံမှုကြောင့် သေဆုံးရသူ စုစုပေါင်းမှာ ဇွန်လအထိ ၁,၀၀၀ ကျော်ခဲ့သည်။ နီပေါနိုင်ငံတွင် ရေကြီးမှု၏ နောက်ဆက်တွဲအဖြစ် ဝမ်းရောဂါများဖြစ်ပွားခဲ့သည်။ ဇူလိုင်လနောက်ဆုံးပတ်အထိ စာရင်းအရ လူ ၂,၀၀၀ ကျော်သည် ဝမ်းရောဂါကြောင့် သေဆုံးခဲ့ကြရသည်။

ဇူလိုင်လ နောက်ဆုံးပတ်အတွင်း၌ပင် ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့် တောင်ပိုင်းတွင် မိုးသည်းထန်ပြီး ရေကြီးမှုကြောင့် မြေပြိုမှုပါဖြစ်ပွားခဲ့ရာ လူခုနစ်ဦး သေဆုံးပြီး၊ အိမ်ခြေ ၁,၀၀၀ ကျော် ရေမြုပ်၍မြေပြိုမှု ၈၃ နေရာဖြစ်ခဲ့ရာ အိမ် ငါးလုံး မြေပိခဲ့သည်။ ဇူလိုင်လ ၂၆ ရက်နှင့် ၂၇ ရက်နေ့များတွင် အိုအိတာမြို့၌ မိုးရေချိန် ၁၁ ဒသမ ၆ လက်မ မျှ ဆက်တိုက်ရွာခဲ့သည်။

ဇူလိုင်လကုန်စာရင်းအရ အိန္ဒိယ နိုင်ငံတွင်မိုးကြီး ရေလျှံမှုကြောင့် သေဆုံးသူစုစုပေါင်းမှာ တစ်လအတွင်း ၄၃၀၀ ကျော်ရှိခဲ့သည်။ နီပေါနိုင်ငံ၏ တောင်ပိုင်း မြေနိမ့်ဒေသများတွင် သေဆုံးသူ ၃,၀၀၀ မျှရှိခဲ့သည်။

ဇူလိုင်လကုန်ပိုင်းအတွင်း၌ပင် တရုတ်နိုင်ငံ တောင်ပိုင်း၌ မိုးသက်မုန်တိုင်းများကျရောက်ခဲ့ရာ သီးနှံစိုက်ခင်း ဟက်တာ ၂၃၀,၀၀၀ မျှပျက်စီးခဲ့သည်။ စီချွမ်ပြည်နယ် အောမိတောင်ထွတ် ဝန်းကျင်ဒေသတွင် ၂၁ နာရီအတွင်း မိုးရေချိန် ၅၂၄ မီလီမီတာ (၂၁ လက်မ)မျှ စံချိန်တင်ရွာသွန်းခဲ့သည်။

ဇူလိုင်လနှင့် ဩဂုတ်လအတွင်း၌ပင် တရုတ်နိုင်ငံ အတွင်းပိုင်း မွန်ဂိုလီးယားဒေသ၌ ရေကြီးခဲ့ရာ လူ ၇၂ ဦး သေဆုံးခဲ့သည်။

မိုးကြီးရေလျှံမှုသည် အီတလီနိုင်ငံတွင်း၌လည်း စက်တင်ဘာလ စတုတ္ထပတ်အတွင်း၌ ဖြစ်ပေါ်ခဲ့ရာ အနည်းဆုံး လူခြောက်ဦးသေဆုံးခဲ့သည်။ စက်မှုထွန်းကားသော တူရင်မြို့အနီး မြစ်တစ်ခုမှ လျှံတက်လာသော ရေအောက် ၁၅ ပေအနက်တွင် ကားတစ်စီးအတွင်း၌ ညီအစ်ကို နှစ်ဦး၏ အလောင်းကို တွေ့ခဲ့ကြရသည်။ မိုးကြီးရေလျှံမှုသည် စက်တင်ဘာအတွင်း ပြင်သစ်နိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံများ၌လည်း ဖြစ်ပေါ်ခဲ့သည်။ ရေကြီးမှုကြောင့် ဆုံးရှုံးမှု ဒေါ်လာ သန်းပေါင်း ရာချီရှိခဲ့သည်။

စက်တင်ဘာလအတွင်း၌ပင် အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ်၌ ရေကြီးမှုထပ်မံဖြစ်ပေါ်ခဲ့ရာ လူ ၂၆၀ ခန့် သေဆုံးခဲ့သည်။ ထိုကာလအတွင်း၌ပင် မက္ကဆီကိုနိုင်ငံ အရှေ့ပိုင်း ဆန်လူဝစ်ပိုတိုစီပြည်နယ်၌ ရေကြီးခဲ့ရာ အနည်းဆုံး လူ ၁၂၅ ဦး ပျောက်ဆုံးခဲ့သည်။ စက်တင်ဘာလ ၂၁ ရက်နေ့က ရွာသွန်းခဲ့သောမိုးသည် ၁၆ လက်မမျှ ရှိခဲ့သည်။

အောက်တိုဘာလအတွင်း၌မှ ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ပြည်နယ်သုံးခု၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးခဲ့မှုကြောင့် လူ ၁၂၂ ဦး သေဆုံး၍ ဒေါ်လာသန်း ၅၀ ဖိုးမျှ ပျက်စီးဆုံးရှုံးခဲ့သည်။ အောက်တိုဘာလအတွင်း၌ပင် ဩစတြေးလျနိုင်ငံ ဝိတိုရိယပြည်နယ် အရှေ့မြောက်ပိုင်းတွင် နှစ်ပေါင်း ၅၀ ကျော်အတွင်း အဆိုးဝါးဆုံး ရေကြီးမှုဖြစ်ပေါ်ခဲ့ရာ လူထောင်ပေါင်းများစွာ ပြောင်းရွှေ့ခဲ့ကြရသည်။

နိုဝင်ဘာလအတွင်း အမေရိကန်နိုင်ငံ မစ်ဇူရီပြည်နယ်တွင် မိုးသည်းထန်၍ ရေလျှံခဲ့ပြန်ရာ လူလေးဦး သေဆုံးပြီး လူရာပေါင်းများစွာ အိုးအိမ်တို့မှ စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ မစ်ဇူရီပြည်နယ်အရှေ့တောင်ပိုင်း ဖရက်ဒရက်တောင်းမြို့ တွင် ၂၄ နာရီ မပြည့်မီအတွင်း မိုးရေချိန် ခြောက်လက်မမျှ ရွာသွန်းခဲ့သည်။

မိုးကြီးရေလျှံမှုသည် အင်ဒိုနီးရှားနိုင်ငံ၌လည်း နိုဝင်ဘာလလယ်အတွင်း ဖြစ်ပေါ်ခဲ့ရာ ဆူမတြာကျွန်းတွင် အနည်းဆုံး လူငါးဦးသေဆုံးခဲ့သည်။ ပေကန်ဘာရူမြို့၌ အိမ်ပေါင်းထောင်နှင့်ချီ၍ ရေမြုပ်ခဲ့ရာ အချို့နေရာများ၌ ရေအနက် ၁၃ ပေ မျှရှိခဲ့သည်။

မုန်တိုင်း။ ။၁၉၉၃ ခုနှစ်၊ နှစ်ဦးကာလ ဇန်နဝါရီလ ၂ ရက်နေ့ညတွင် ဖိဂျီကျွန်းစု၌ ကီနာအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ အနည်းဆုံးလူ ၁၈ ဦး သေဆုံး၍ ခြောက်ဦး ပျောက်ဆုံးကာ အိမ်ခြေပေါင်းများစွာ ပျက်စီးခဲ့သည်။ ကီနာမုန်တိုင်းမတိုက်ခတ်မီ လွန်ခဲ့သော သုံးပတ်ခန့်က ဂျိုနီအမည်ရှိ မုန်တိုင်းတစ်ခု ကျရောက်ခဲ့သဖြင့် ဖိဂျီနိုင်ငံတွင် ဒေါ်လာတစ်သန်းဖိုးမျှ ပျက်စီးဆုံးရှုံးခဲ့သေးသည်။

ဇန်နဝါရီလ ဒုတိယပတ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်းကိုဖြတ်တိုက်သွားသော တစ်နာရီမိုင် ၁၀၀ နှုန်းရှိသည့် တော်နေဒိုးမုန်တိုင်းကြောင့် လူ ၂၆ ဦး သေဆုံးပြီး လူ ၂,၀၀၀ ခန့် ဒဏ်ရာရခဲ့သည်။

ဇန်နဝါရီလ တတိယပတ်တွင် အမေရိကန်–မက္ကဆီကို နယ်စပ်၌ တိုက်ခတ်သွားသော မုန်တိုင်းကြောင့် အနည်းဆုံး လူ ၃၄ ဦး သေဆုံးခဲ့သည်။

ဖေဖော်ဝါရီလအတွင်း တိုက်ခတ်ခဲ့သော မုန်တိုင်းများကြောင့် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းနှင့် မက္ကဆီကိုနိုင်ငံနယ်စပ်အနီးတို့တွင် လူ ၆၀ ကျော် သေဆုံးခဲ့သည်။ ၄င်းမုန်တိုင်းများသည် နှစ်ပေါင်း ၃၀ ကျော် အတွင်း အဆိုးဝါးဆုံးဖြစ်ခဲ့သည်။

မေလအတွင်း၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မုန်တိုင်းများ အကြိမ်ကြိမ် ကျရောက်ခဲ့ရာ အနည်းဆုံး လူ ၄၀ ကျော် သေဆုံးခဲ့သည်။ မေလ တတိယပတ်အတွင်း၌ တရုတ် နိုင်ငံ ကွမ်တုန်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းများကြောင့် လူ ၆၅ ဦး သေဆုံးခဲ့သည်။ ဇွန်လ ပထမပတ်အတွင်း တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်း၌ လေပြင်းမုန်တိုင်းများ ကျရောက်ခဲ့ရာ လူ ၁၇ ဦးသေဆုံးခဲ့သည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံတောင်ပိုင်းတွင် ဇွန်လလယ် အတွင်းက မိုးသက်မုန်တိုင်းများ ကျရောက်ခဲ့ရာ အနည်းဆုံးလူ ၃၂ ဦး သေဆုံးခဲ့သည်။ ဇွန်လအတွင်း၌ ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် မိုးနှင့်မုန်တိုင်းများကြောင့် သေဆုံးသူဦးရေ ၁၀၀ ကျော် ရှိခဲ့သည်။

ဇူလိုင်လ ဒုတိယပတ်အတွင်း ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း၌ ဖြစ်ပေါ်ခဲ့သော မုန်တိုင်းတစ်ခုကြောင့် လူ ၁၉ ဦး သေဆုံးပြီး သင်္ဘော သုံးစင်းနစ်မြုပ်ခဲ့သည်။

စက်တင်ဘာလ ပထမပတ်အတွင်း ဂျပန်နိုင်ငံတွင် နှစ်ပေါင်း ၃၀ ကျော်အတွင်း အပြင်းထန်ဆုံး တိုင်ဖွန်း မုန်တိုင်းတစ်ခု တိုက်ခတ်သွားခဲ့သည်။ ယန်စီအမည်ရှိ ၄င်းမုန်တိုင်းသည် တစ်နာရီ ၁၃၃ မိုင်နှုန်းအထိ တိုက်ခတ်ခဲ့သည်။ လူ ၄၂ ဦးသေဆုံး၍ အိမ် ၄၅၂ လုံးပျက်စီးကာ ၆,၄၉၃ လုံး ရေမြုပ်ခဲ့သည်။ မုန်တိုင်းကြောင့် မိုးရေချိန် ၂၃ လက်မ အထိ ရွာသွန်းခဲ့သည်။

စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော အခြားမုန်တိုင်းများမှာမြောက်ပိုင်း ကာရိုလိုင်းနားပြည်နယ်တွင် တိုက်ခတ်ခဲ့သော အင်မီလီအမည်ရှိ ဟာရီကိန်းမုန်တိုင်း၊ မက္ကဆီကို နိုင်ငံမြောက်ပိုင်းကိုဖြတ်သန်းသွားခဲ့သော လစ်ဒီယာအမည်ရှိ ဟာရီကိန်းမုန်တိုင်းနှင့် ဟောင်ကောင်ကျွန်းတွင်တိုက်ခတ်ခဲ့သော ဒေါ့တ်အမည်ရှိ တိုင်ဖွန်းမုန်တိုင်းတို့ဖြစ်ကြသည်။ လူဘာသေအပျောက်ကြီးကြီးမားမားမရှိသော်လည်း ပျက်စီးထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။

မြေပြိုခြင်း။ ။အက်ကွာဒေါနိုင်ငံတောင်ပိုင်း တောတောင်ဒေသ၌ မေလ ၉ ရက်နေ့က သတ္တုတွင်းတစ်ခု ပြိုကျရာ လူ ၄၂ ဦး သေဆုံးပြီး လူ ၈၀ ပျောက်ဆုံးခဲ့သည်။ သတ္တုတွင်းတူးဖော်မှု၊ သစ်ပင်များခုတ်ပစ်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုတို့ ပေါင်းဆုံပြီး ရွှံ့မြေနှင့် ကျောက်တုံးကျောက်ခဲများတန်ချိန်ထောင်နှင့်ချီ၍ ပြိုကျလာခဲ့ရာ ကူအီတိုမြို့တောင်ဘက် မိုင် ၂၄၀ အကွာ တောင်စောင်းအတွင်းမှ မိုင်းလုပ်သားများ နေထိုင်ရာ ရွာကလေး၌ နေ့လယ်စာစားနေကြသူများမှ ထွက်ပြေးချိန်ပင်မရရှာဘဲ မြေမြှပ်၍ သေဆုံးခဲ့ကြရသည်။ အာဏာပိုင်များ၏ ခန့်မှန်းချက်အရ အနည်းဆုံး လူ ၂၀၀ သေဆုံးလိမ့်မည်ဟု ယူဆရသည်။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တော်တွင် မိုးသည်းထန်မှု၏ နောက်ဆက်တွဲအဖြစ် ဇွန်လ ၁၅ ရက် နေ့က မြေပြိုမှု အကြီးအကျယ်ဖြစ်ပွားခဲ့ရာ လူ ၁၁၅ ဦး သေဆုံးခဲ့သည်။

**သီရိလင်္ကာနိုင်ငံ။** ။သီရိလင်္ကာနိုင်ငံအဖို့ ၁၉၉၃ ခုနှစ်၊ မေလတွင် တုန်လှုပ် ချောက်ချား စရာဖြစ်ရပ် တစ်ခုနှင့် ကြုံတွေ့ခဲ့ရသည်။ ၁၉၉၃ခုနှစ်၊ မေလ ၁ ရက်နေ့တွင် သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့တော် မြောက်ဘက်ဆင်ခြေဖုံး အာမိုရာလမ်းဆုံတွင် ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ ပေါက်ကွဲမှုကြီး ဖြစ်ပွားခဲ့သည်။ ယင်းပေါက်ကွဲမှုကြောင့် သီရိလင်္ကာနိုင်ငံ သမ္မတကြီး ပရီမာဒါဆာအပါအဝင် လူအများအပြား သေဆုံးခဲ့ရသည်။ သမ္မတကြီးသည် မေဒေး အလုပ်သမားနေ့ အခမ်းအနား၌ မိန့်ခွန်း ပြောကြားရန် ပြင်ဆင်နေစဉ် ယင်း၏ ပတ်ဝန်းကျင်တွင် လုံခြုံရေးတပ်သားများ အထပ်ထပ်ချထားသည့်ကြားမှ စက်ဘီးစီး လူရွယ်တစ်ဦးက လုံခြုံရေးတပ်ကို ဖောက်ထွင်းဝင်ရောက်ကာ ကိုယ်တွင် ပါလာသော ဗုံးကို ဖောက်ခွဲလိုက်ခြင်းဖြစ်သည်။

လက်ဘာနွန်တွင် ဖောက်ခွဲသောဗုံးကဲ့သို့လည်းကောင်း၊ အိန္ဒိယဝန်းကြီးချုပ် ရာဂျစ်ဂန္ဒီကို လုပ်ကြံသတ်ဖြတ် ဖောက်ခွဲ ခဲ့သော ဗုံးကဲ့သို့လည်းကောင်း သီရိလင်္ကာတွင် ဖောက်ခွဲ ခဲ့သည့်ဗုံးမှာ ပြင်းထန်လှသည်။ သမ္မတကြီး၏ ခန္ဓာကိုယ်မှာ အစိတ်စိတ် အမြွှာမြွှာ ကြေမွလွင့်စဉ်သွားသည်။ သမ္မတအပါ အဝင် လူ ၂၃ ဦးသေဆုံးခဲ့ရသည်။

မှုခင်းဖြစ်ပွားရာတွင်ရှိသော မျက်မြင် ပုဂ္ဂိုလ်တစ်ဦးက ပြောပြရာတွင် ရေဒီယိုကက်ဆက်တစ်လုံးကို စက်ဘီးတွင် ဘင်ဆောင်လာသူတစ်ဦးက မေဒေးနေ့ချီတက်သူများအား ဆီးကြိုနှုတ်ဆက်နေသော သမ္မတကြီး၏ အနီးရောက်လျှင် ရောက်ချင်း ဗုံးကိုဖောက်ခွဲလိုက်ခြင်းဖြစ်သည် ဟုပြောပြသည်။

အဆိုပါ အကြမ်းဖက်သမားမှာလည်း ထိုနေရာ၌ပင် သေဆုံးသွားသည်ဟု ဆိုသည်။

လက်ဘနွန်နှင့် အိန္ဒိယနိုင်ငံများတွင်ကဲ့သို့ အကြမ်းဖက်ဗုံးဖောက်ခွဲမှုများ သီရိလင်္ကာနိုင်ငံသို့ ကူးစက်ပြန့်ပွားလာသည်ဟု ဆိုရပေမည်။ ၁၉၉၁ ခုနှစ်တွင် ကိုလံဘိုမြို့ရှိ သီရိလင်္ကာနိုင်ငံ စစ်ဦးစီးဌာနချုပ်တွင် ကားဗုံးဖောက်ခွဲရာ လူ ၂၀ ဦး သေဆုံးခဲ့ရသည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၂ – စာ၊ ၃၁၁ – ရှု) တစ်ဖန် ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလတွင်လည်း သီရိလင်္ကာ ရေတပ်ဗိုလ်ချုပ်ကြီး ကလဲရင့်စ်ဖာနန်ဒိုမှာ သူ၏ ရုံးချုပ်အနီး၌ ဗုံးဖြင့် လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။

ပရီမာဒါဆာ ကွယ်လွန်သွားပြီးနောက် နိုင်ငံတော်သမ္မတ၏ တာဝန်ကို အခြေခံဥပဒေအရ ဝန်ကြီးချုပ် ဒင်ဂီရီဘင်ဒါဝီဂျက်တွန်ဂါက ယာယီသမ္မတ အဖြစ် တာဝန် ယူထမ်းဆောင်ခဲ့ရသည်။ အဆိုပါဗုံးပေါက်ကွဲမှု ဖြစ်ပွား ပြီးနောက် သီရိလင်္ကာနိုင်ငံတွင် အပြင်မထွက်ရ အမိန့်ထုတ်ပြန်ခဲ့သည်။

အသက် ၆၈ နှစ်ရှိ မရီမာဒါဆာသည် ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလတွင် သမ္မတဖြစ်လာခဲ့ပြီး ၁၉၉၅ ခုနှစ် သမ္မတ ရွေးကောက်ပွဲတွင် ဒုတိယအကြိမ် သမ္မတသက်တမ်းအတွက် ထပ်မံအရွေးခံရန် ရည်ရွယ်ထားသည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၉ – စာ၊ ၂၇၄ – ရှု။)

အခြေအနေများ ဤသို့ရှိနေခဲ့ရာမှ သီရိလင်္ကာ ပါလီမန်သည် လုပ်ကြံသတ်ဖြတ်ခံလိုက်ရသော သမ္မတ ပရီမာဒါဆာ၏နေရာတွင် ဆက်ခံမည့်သူအဖြစ် ပရီမာဒါဆာ၏ ထိပ် တန်း မ ဟာ မိတ် တစ် ဦး ဖြစ် သော ဝန် ကြီး ချုပ် ဒင်ဂီရီဘင်ဒါဝီဂျက်တွန်ဂါအား သမ္မတသစ် အဖြစ် မေလ ၇ ရက်နေ့တွင် ရွေးချယ်တင်မြှောက် လိုက်သည်။ သမ္မတသစ်က နိုင်ငံ၏ စီးပွားရေးကို တံခါးဖွင့် သွားရန်နှင့် တမီးလ်သူပုန်တို့နှင့် စေ့စပ်ဆွေးနွေးရန် ကတိပြုလိုက်သည်။ အတိုက်အခံနိုင်ငံရေးပါတီများက သမ္မတရာထူးအတွက် ယှဉ်ပြိုင်အရွေးခံသည့် ကိုယ်စားလှယ် တစ်စုံတစ်ဦးမျှ အမည်စာရင်း တင်သွင်းခြင်းမရှိသဖြင့် ဝန်ကြီးချုပ် ဝီဂျက်တွန်ဂါသည် နိုင်ငံ၏ နံပါတ် (၂) ရာထူးနေရာမှ သမ္မတအဖြစ်သို့ တိုးမြှင့်ရွေးကောက်ခံရခြင်း ဖြစ်သည်။

ဝီဂျက်တွန်ဂါသည် သမ္မတအဖြစ် ရွေးချယ်ခံရပြီးနောက် မကြာမီမှာပင် ပရီမာဒါဆာ၏ သစ္စာခံတစ်ဦးဖြစ်သော ဝစ်ကရီမာဆင်း (၄၄ နှစ်) ဆိုသူကို ဝန်ကြီးချုပ် အဖြစ် ရွေးချယ်ခန့်ထားလိုက်ပြီး ယခင်သမ္မတ၏ အစိုးရအဖွဲ့ဝင် ဝန်ကြီး ၂၂ ဦးစလုံးကိုလည်း အစိုးရအဖွဲ့သစ်တွင် ဆက်လက်ခန့်ထားလိုက်သည်။

ကိုလံဘိုမြို့တွင် မေဒေးနေ့ချီတက်ပွဲ၌ သမ္မတ ပရီမာဒါဆာအား လုပ်ကြံသတ်ဖြတ်သူသည် တမီးလ်သူပုန်တစ်ဦးဖြစ်ကြောင်း အစိုးရက ပြောကြားထားသော်လည်း ယင်းကိစ္စအတွက် မိမိအနေဖြင့် တမီးလ်တို့ကို ထိုးစစ်သစ်တစ်ရပ် ဆင်နွှဲကာ လက်တုံ့ပြန်မည် မဟုတ်ကြောင်းဖြင့် ဝီဂျက်တွန်ဂါက ပြောကြားခဲ့သည်။ သမ္မတသစ် ဝီဂျက်တွန်ဂါသည် ပရီမာဒါဆာ၏ သမ္မတသက်တမ်းကုန်ဆုံးချိန်ဖြစ်သည့် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်နေ့အထိ တာဝန်ယူသွားရမည်ဖြစ်သည်။

၁၉၈၀ ပြည့်နှစ်တွင် ဝန်ကြီးရာထူးရယူစဉ်က ဝီဂျက်တွန်ဂါအား 'ချစ်စရာကောင်းသော ဝီဂျက်တွန်ဂါ' ဟု အမည်မှည့်ခေါ်ပြီး ၁၉၈၉ ခုနှစ်တွင် ဝန်ကြီးချုပ် ဖြစ်လာသောအခါတွင် သမ္မတ၏ ရုပ်သေးရုပ်ဘဝသို့



လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရသော သီရိလင်္ကာနိုင်ငံသမ္မတ ပရီမာဒါဆာ (အထက်ယာ) နှင့် ဗုံးပေါက်ကွဲပြီးနောက် တွေ့ရသည့် မြင်ကွင်း၊



ရောက်သွားခဲ့၍ 'ဆွံ့အမျက်မပြင်' ဟု ခေါ်ဝေါ်သမုတ်ခဲ့ကြပြန်သည်။ ယခုအကြိမ် နိုင်ငံ၏ အရေးပေါ်အခြေအနေတွင် သမ္မတတာဝန်ကို ယူလိုက်သောအခါ 'လုပ်ကိုင်နိုင်စွမ်းရှိသူ' ဟု ခေါ်ဝေါ်ကြပြန်သည်။ သူ၏ ထက်ထက်မြက်မြက် အောင်မြင်စွာလုပ်ဆောင်နိုင်မှုကို ဝေဖန်သူတို့က ချီးကျူးကြသည်။

ထိုအတောအတွင်း ကွယ်လွန်သူ သမ္မတပရီမာဒါဆာ၏ ဇနီးဖြစ်သူကလည်း တမီးလ်သူပုန်တို့အား ဆက်လက်နှိမ်နင်း တိုက်ခိုက်ရန် တိုက်တွန်း နိုးဆော်လိုက်သည်။

လူဦးရေ ၁၇ သန်းရှိသော သီရိလင်္ကာတွင် တမီးလ်လူမျိုး ၃ သန်း ကျော်ရှိ၍ လူဦးရေ၏ ၁၈ ရာခိုင်နှုန်းရှိလာသည်။ တမီးလ်တို့က သူတို့အများစုနေထိုင်ရာ မြောက်ပိုင်းနှင့် အရှေ့ပိုင်းပင်လယ်ကမ်းခြေ တစ်လျှောက်ကို သီးသန့်နယ်မြေ အဖြစ် ၁၉၈၇ ခုနှစ်တွင် တောင်းဆိုကြရင်း ၁၉၉၀ ပြည့်နှစ်၊ ဇွန်လမှစ၍ အပြင်းအထန် တိုက်ခိုက်ကြရာ ယခုအခါ ဂျက်ဖနာကျွန်းနှင့် ထရင်ကိုမလီ ဆိပ်ကမ်းပတ်ဝန်းကျင်တို့ကို အယ် တီ တီ အီး ခေါ် တမီးလ်ပြောက်ကျားတို့က အုပ်ချုပ်လျက်ရှိသည် တမီးလ်ပြောက်ကျားတပ်ကို တမီးအီလမ်ဟူ၍ လည်းကောင်း၊ တမီးလ်ကျားများဟူ၍ လည်းကောင်း ခေါ်ဝေါ်ကြသည်။

လူမျိုးရေးနှင့် ဘာသာရေးကြောင့်ဖြစ်သော ကိုးနှစ်ကြာ ပြည်တွင်းစစ်တွင် ပြည်သူ ၂၀၀၀၀ သေဆုံးခဲ့ပြီးဖြစ်သည်။ အိုးအိမ်ပစ္စည်း ကုဋေကုဋာချီ၍ပျက်စီးခဲ့သည်။ အစိုးရတပ်နှင့် တမီးလ်အီလမ်တို့သည် ဘတစ်ပြန် ကျားတစ်ပြန် တိုက်ခိုက်နေကြသည်။ ၁၉၉၁ ခုနှစ်တွင် အစိုးရတပ်သားနှင့် အီလမ်ပြောက်ကျား ၅, ၄၈၅ ဦး၊ ၁၉၉၂ ခုနှစ်တွင် ၄,၀၃၃ ဦး၊ ၁၉၉၃ ခုနှစ်တွင် အစိုးရတပ်သား ၁,၁၅၇ ဦး တမီးလ်ပြောက်ကျား ၂,၈၇၆ ဦးအသီးသီး သေဆုံးခဲ့ရသည် ဟုသိရှိရသည်။

တမီးလ်သူပုန်တို့နှင့် တိုက်ခိုက်နေရဆဲဖြစ်သဖြင့် အစ္စရေးနှင့် အိန္ဒိယနိုင်ငံထံမှ စစ်ရေးအကူအညီရယူလိုသည့် ဆန္ဒရှိမရှိ မေးမြန်းရာ ထပ်မံ၍အကူအညီတောင်းခံမည်မဟုတ်ကြောင်း သီရိလင်္ကာဝန်ကြီးချုပ်က ဇွန်လ ၂၄ ရက်နေ့တွင် ပြောကြားခဲ့သည်။

၁၉၉၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တိုက်ပွဲတွင် အစိုးရရေတပ်ဖွဲ့ တပ်သားကိုးဦးသေဆုံးသည်။ ၂၇ ရက်နေ့တွင် အစိုးရ ဂျက်လေယာဉ်နှင့် ရဟတ်ယာဉ်တို့က ဂျက်ဖနာကျွန်းပေါ်ရှိ တမီးလ်စခန်းများကို ပစ်ခတ်တိုက်ခိုက်ရာ သူပုန် ၁၀ ဦးကျဆုံးသည်။ ၂၉ ရက်နေ့တွင် အစိုးရရေတပ်မှ ၁၂ ဦး ပျောက်ဆုံးခဲ့သည်။

ထိုအတောအတွင်း ၁၀ နှစ်ကြာ စစ်ပွဲ ပြီးဆုံးရေးအတွက် အစိုးရနှင့် တွေ့ဆုံဆွေးနွေးရန် တမီးလ်သူပုန်တို့က ကမ်းလှမ်း လိုက်သည်ဟု ခရီးသွားလာမှု ဆိုင်ရာဝန်ကြီးက စက်တင်ဘာလ ၁ ရက်နေ့တွင် ကိုလံဘိုမြို့၌ ပြောကြားသည်။ ခရီးသွားလာမှု ဆိုင်ရာဝန်ကြီးသည် ပဲရစ်မြို့တွင် တမီးလ်သူပုန်အဖွဲ့နှင့် တွေ့ဆုံရာမှ ပြန်လာသူဖြစ်သည်။ ယခင်ပရီမာဒါဆာလက်ထက်တွင် ဖက်ဒရယ်မူ ထူထောင်ရေးကို စဉ်းစားခဲ့ကြသည်။

သီရိလင်္ကာနိုင်ငံ၏စီးပွားရေးအခြေအနေမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုကို လက်ခံသောလွတ်လပ်သည့် ကုန်သွယ်စနစ်ဖြစ်သည်။ ကွယ်လွန်သူပရီမာဒါဆာ လက်ထက်က ကုန်သွယ်ရေးဇုန်နယ်သုံးခုကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့သည်။

စီးပွားရေး အခြေအနေမှာ ပြည်ပ ငွေပင်ငွေရင်းများကို ဖိတ်ခေါ်ရမည့်အခြေအနေတွင် ရှိသော်လည်း သီရိလင်္ကာနိုင်ငံကို အပိုင်းပိုင်းခွဲခြား၍ ပေးအပ်မည် မဟုတ်ကြောင်း နိုင်ငံတောင်ပိုင်း၊ ဟမ်ဘာတိုလာခရိုင် ဒေသကောင်စီအရာရှိများ အစည်းအဝေး၌ သမ္မတ ဝိဂျက်တွန်ဂါက စက်တင်ဘာ ၆ ရက်နေ့က ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၏ မြောက်ပိုင်းနှင့် အရှေ့ပိုင်းကို အီလမ်နိုင်ငံဟု အမည်ပေးပြီး သီးခြားနိုင်ငံတစ်ခုဖွဲ့စည်း ထူထောင်ရန် တမီးလ်ပြောက်ကျားတို့၏ တောင်းဆိုခြင်းနှင့် ပတ်သက်၍ သမ္မတကြီးက တုံ့ပြန်ပြောကြားလိုက်ခြင်း ဖြစ်သည်။

ထိုအတောအတွင်း ဩဂုတ်လက ဖမ်းဆီးရမိသော တမီးလ်ပြောက်ကျား တစ်ဦးနှင့် တွေ့ဆုံရန် အိန္ဒိယထောက်လှမ်းရေးရဲအဖွဲ့ဝင်တို့သည် စက်တင်ဘာလတွင် ကိုလံဘိုမြို့သို့ ရောက်ရှိလာကြသည်။ လွန်ခဲ့သော သုံးနှစ်က ဗုံးခွဲအသတ်ခံရသော အိန္ဒိယဝန်ကြီးချုပ်ရာဂျစ်ဂန္ဓီအမှုတွင် တမီးလ်တို့ပါဝင်ပတ်သက်မှု အတိုင်းအတာကို စုံစမ်းလေ့လာ ရန်ရောက်လာကြခြင်း ဖြစ်သည်။ (ဓွယ်စုံနှစ်ချုပ် ၁၉၉၂ – စာ၊ ၃၂၂ – ရှု။)

တမိနာဒူး (ယခင်မဒရပ်) ပြည်နယ်ကို အခြေခံအားယူလျက်ရှိသော တမီးလ်ပြောက်ကျားတို့၏ အင်အားမှာ ကျဆင်းသွားခြင်းမရှိပေ။ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ကုန်ပိုင်း၌ ဂျက်ဖနာကျွန်းနယ်မြေတွင် ဖြစ်ပွားသော တိုက်ပွဲ၌ အစိုးရဘက်မှ ၁၀၀ ကျော်၊ တမီးလ်ပြောက်ကျားဘက်မှ ၂၀၀ ခန့်ကျဆုံးခဲ့သည်။

**အမျိုးသားဆောင်ပုဒ်များ အကောင်အထည်ဖော်သည့်စာပေနှင့်တတ်ပုံပြိုင်ပွဲ။** ။နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမျိုးသားရေးဆောင်ပုဒ်များရေးသားရေး ဦးစီးကော်မတီက ကြီးမှူးကျင်းပသော ၁၉၉၃ ခုနှစ် အတွက် အမျိုးသား ဆောင်ပုဒ်များ အကောင်အထည်ဖော်သည့် စတုတ္ထအကြိမ် စာပေနှင့် တတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ၁၃၅၅ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက် (၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်) အမျိုးသားနေ့တွင် ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။ အခမ်းအနားသို့နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အမှာစကားပြောကြားပြီး အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့် တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်း ပြိုင်ပွဲ၊ ဝတ္ထုရှည်ပြိုင်ပွဲ၊ ဝတ္ထုတိုပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ အမျိုးသားရေးဆောင်ပုဒ်များ ရေးသားရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့်က "ပြည်သူ့တပ်မတော် ဒို့တပ်မတော်" ခေါင်းစဉ်ဖြင့် ကျင်းပသည့် ရောင်စုံတတ်ပုံပြိုင်ပွဲနှင့် အဖြူအမည်း တတ်ပုံပြိုင်ပွဲ ဆုရရှိသူများအား ပေးအပ်ချီးမြှင့်သည်။

တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲ အလယ်တန်းအဆင့်တွင် မောင်နေမျိုးထွန်း(သတ္တမတန်း၊ အ ထ က၊ ဟိုပင်၊ မိုးညှင်းမြို့နယ်) က ပထမ၊ မောင်အောင်ကိုလတ်ဦး(အဋ္ဌမတန်း၊အ လ က ၂၊နမ္မတူမြို့နယ်)က ဒုတိယ၊ မောင်ကျော်သူရ (အဋ္ဌမတန်း၊ အ လ က ၄၊ ပခုက္ကူမြို့နယ်)က တတိယ အသီးသီး ရရှိကြပြီး မမူမူအောင် (အဋ္ဌမတန်း၊ အထက၊ ဖရူဆိုမြို့နယ်)၊ မောင်ဇာလိဦး (အဋ္ဌမတန်း၊အထက ၁၊ဘားအံမြို့နယ်)၊ မညင်းဟောက်ရန် (အဋ္ဌမတန်း၊အ ထ က၊ တွန်းဇံမြို့နယ်)၊ မောင်ဟိန်းအောင်ဆွေ(အဋ္ဌမတန်း၊ အ ထ က၊ မော်လိုက်မြို့နယ်)၊ မနင်းဖြူ (အဋ္ဌမတန်း၊ အထက ၊ ပုလောမြို့နယ်)၊ မဆွေဇင်ထူး (အဋ္ဌမတန်း၊ အ ထ က ၁၊ ဖြူးမြို့နယ်)၊ မအေးမြမြငြိမ်း (အဋ္ဌမတန်း၊ အ ထက ၃၊ မိတ္ထီလာမြို့နယ်)၊ မောင်မောင်အောင် (သတ္တမတန်း၊ အ လ က၊ ခလရ–၈၁၊ မုဒုံမြို့နယ်)၊ မောင်လင်းထွဋ်မြင့် (သတ္တမတန်း၊အထက ၆၊ စစ်တွေမြို့နယ်)၊ မောင်စိုးထက်လင်း (သတ္တမတန်း၊ အ လက ၅၊ မင်္ဂလာဒုံမြို့နယ်)၊ မောင်သာထက်စံ (အဋ္ဌမ တန်း၊ အလက ၃၊ ဟင်္သာတမြို့နယ်) တို့က နှစ်သိမ့်ဆုရရှိကြသည်။

တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲ အထက်တန်းအဆင့်တွင် မောင်နန္ဒတိုးတိုးကျော် (ဒသမတန်း၊အ ထ က ၃၊ ကြည့်မြင်တိုင်မြို့နယ်)က ပထမ၊ မဉမ္မာအောင် (ဒသမတန်း၊အ ထ က၊ ရွှေတောင်မြို့နယ်)က ဒုတိယ၊ မောင်စိုးသွင် (နဝမတန်း၊ အ ထ က၊ ကျွန်းလှမြို့နယ်) က တတိယ အသီးသီးရရှိကြပြီး မောင်မင်းအောင် (ဒသမတန်း၊ အ ထ က ၁၊ ဗန်းမော်မြို့နယ်)၊ မောင်ကျော်သန်းမိုး(နဝမတန်း၊အ ထ က ၁၊ လှိုင်ကော်မြို့နယ်)၊ မောင်စိုးမြတ်ဝင်း (ဒသမတန်း၊ အ ထ က ၁၊ ဘားအံမြို့နယ်)၊ မောင်ခမ်လျန်ဆူမ်း (ဒသမတန်း၊အ ထက၊ တွန်းဇံမြို့နယ်)၊ မောင်အောင်သူထက်ဦး (နဝမတန်း၊ အ ထ က ၁ ၊ မြိတ်မြို့နယ်)၊ မောင်သီဟအောင် (နဝမတန်း၊ အထ က ၂၊ တောင်တွင်းကြီးမြို့နယ်)၊ မောင်ဗညားဇော် (နဝမတန်း၊ အထက ၁၇၊ မန္တလေးအောင်မြေသာဇံမြို့နယ်)၊ မောင်ချစ်ကိုကို (ဒသမတန်း၊ တွဲဖက် အ ထ က၊ စစ်တောင်း၊ ကျိုက်ထို မြို့နယ်)၊ မထွေးထွေးဖြူ (နဝမတန်း၊အ ထက ၄၊ စစ်တွေမြို့နယ်)၊ မမေသက်အောင်(ဒသမတန်း၊ အထက ၁၊ ကလောမြို့နယ်)၊ မခင်နှင်းမိုး (ဒသမတန်း၊ အ ထ က ၁၊ မအူပင်မြို့နယ်) တို့က နှစ်သိမ့် ဆုရရှိကြသည်။

တပ်မတော်ဆိုင်ရာ အထွေထွေ ဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲ တက္ကသိုလ်အဆင့်တွင်မောင်အောင်ဇော်ဝင်း (မန္တလေး ပညာရေးတက္ကသိုလ်)ကပထမ၊မောင်တော်ဟန်ဝင်း (ရန်ကုန်စက်မှုတက္ကသိုလ်) က ဒုတိယ၊ မောင်သူရဇော် (မန္တလေး စက်မှုတက္ကသိုလ်)ကတတိယ အသီးသီးရရှိကြပြီး မောင်ဇော်ဝင်းထွတ် (ဆေးတက္ကသိုလ်၊ မန္တလေး)၊ မောင်စိုးသူအောင် (ဆေးတက္ကသိုလ်၊ မန္တလေး)၊ မယုယုအောင်(ဆေးတက္ကသိုလ် ၁၊ ရန်ကုန်)၊ မောင်မုန်ညွန့် (ရွှေဘိုကောလိပ်)၊ မောင်ရဲဝင်းလတ်(ရန်ကုန်တက္ကသိုလ်)၊ မောင်မျိုးမင်းအောင်(ဟင်္သာတကောလိပ်)၊မောင်ကျော်မင်း (မုံရွာ ဒီဂရီကောလိပ်) တို့က နှစ်သိမ့်ဆု ရရှိသည်။

ဝတ္ထုရှည်ပြိုင်ပွဲတွင် " မုန်းချောင်းရေလှိုင်းနှင့် နွားရိုင်းပြန်ပေးဂိုဏ်း"စာမူရေးသားသူဦးသက်ဦး(မင်းဗေဒါ၊ပွင့်ဖြူ)က ပထမ၊ " လွမ်းတပူဆွေးသူနှင့် ဝေးသော်" စာမူရေးသားသူ ဦးမြင့်စိုး(မောင်စိုးနွေ၊သုံးဆယ်)က ဒုတိယ၊ "သူ့နားမှာ ထိုင်ပေးရက်ရဲ့လား" စာမူရေးသားသူ ဦးတင့်နိုင် (သုသိဏ်)က တတိယ၊ "မြန်မာ့အသံ" စာမူရေးသားသူ ဗိုလ်မှူးတင်စိုး(နိုင်အောင်)က စတုတ္ထ ရရှိသည်။

ဝတ္ထုတိုပြိုင်ပွဲတွင် "တုနိုင်း၍ မရသော ဂုဏ်ဒြပ်" စာမူရေးသားသူ ဗိုလ်မှူးကျော်ညွန့်(ရင်ငြိမ်းပန်း)က ပထမ၊ "တံလျှပ်လှိုင်း" စာမူရေးသားသူဦးတင်ထွန်းအုန်း(ဝင်းလျှံ)

က ဒုတိယ၊ "တပေါင်းမော်ကွန်း" စာမူရေးသားသူ ဦးခင်မောင်စိုး (မောင်နွေစိုး) က တတိယ၊ "မိုးယံခွင်းမည့် ဇာတိမာန်" စာမူရေးသားသူဦးမျိုးဌေး(ဝင်းနွယ်၊သစ်တော) က စတုတ္ထ ရရှိသည်။

ဆောင်းပါးပြိုင်ပွဲတွင်"နေပူပူမိုးရွာရွာ ဆောင်းချမ်းချမ်း" စာမူရေးသားသူ ဗိုလ်မှူးတင်စိုး(ဂုဏ်လင်းကျော်)က ပထမ၊ "ပြည်ထောင်စု၏ အင်အား" စာမူရေးသားသူ ဒေါ်နီလာထွန်း (နီလာထွန်း)က ဒုတိယ၊ "တို့တိုင်းရင်းသား သွေးချင်းများ မြင့်မားဂုဏ်ရည် သွေးစည်းမည်" စာမူရေးသားသူဦးခင်မောင်ဆွေ ( ကန့်ဘလူ ခင်မောင်ဆွေ)က တတိယ၊ "အတိတ်သမိုင်းမှသည် အနာဂတ်သမိုင်းဆီသို့" စာမူရေးသားသူ ဦးခင်မောင်စိုး(မောင်နွေစိုး)က စတုတ္ထ ရရှိသည်။

ကဗျာပြိုင်ပွဲတွင် "ပြည်ထောင်စု မပြိုကွဲရေး တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး" စာမူရေးသားသူ ဦးထွန်းရှိန်(တက္ကသိုလ် စန်း)က ပထမ၊ "ပြည်ထောင်စု မြန်မာ" စာမူရေးသားသူ ဗိုလ်ကြီးဇော်မင်းဦး (ဇော်မင်းဦး)က ဒုတိယ၊ "သမိုင်းဖော်ညွှန်း သွေးမော်ကွန်း" စာမူရေးသားသူဦးမြင့်စိုး (စိုးမြင့်စိုး၊ ကျောက်ပန်းတောင်း)က တတိယ၊ "တွဲလက်ညီစို့နောင်ညီတို့" စာမူရေးသားသူ ဗိုလ်ကြီးမျိုးထွန်း(မောင်စိမ်းနောင်၊လယ်ဝေး)က စတုတ္ထ ရရှိသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဦးခင်ဇော်(တက္ကသိုလ်ဇော်ဇော်)က ပထမ၊ဦးကျော်ဝင်း(ကျော်ဝင်း၊မြန်မာစာ)က ဒုတိယ၊ဦးမောင်မောင်ကြီး(ဒေါက်တာမောင်မောင်ကြီး)က တတိယ၊ ဦးကံမြင့် (ကံမြင့်၊စက်မှုတက္ကသိုလ်)က စတုတ္ထ၊ ဦးခင်မောင်ဝင်း(ရွှေအင်းသား ခင်မောင်ဝင်း)က ပဉ္စမ၊ ဦးညွန့်ရွှေ (ကိုညွန့်ရွှေ၊ကသာ)က ဆဋ္ဌမရရှိသည်။

အဖြူအမည်းဓာတ်ပုံပြိုင်ပွဲတွင်ဦးကံမြင့်(ကံမြင့်၊စက်မှုတက္ကဆိုလ်)ကပထမ၊ ဦးကျော်စိန်(ကျော်စိန်၊ မြန်မာ့အလင်း)က ဒုတိယ၊ ဦးစိုးညွန့်(စိုးညွန့်၊အရှည်ကြီး)က တတိယ၊ ဦးမြင့်သိန်း(ကိုမြင့်သိန်း၊ရုပ)က စတုတ္ထ၊ ဦးဝင်းမောင် (စစ်ကိုင်းဝင်းမောင်)က ပဉ္စမ၊ ဦးဟန်ရွှေ (ကိုဟန်ရွှေ) က ဆဋ္ဌမ အသီးသီးရရှိကြသည်။

**အရှေ့အလယ်ပိုင်းဒေသ။** ။အစ္စလာမ့်စ်တော်လှန်ရေး လှုပ်ရှားမှု (ဟမ္မတ်စ်) အဖွဲ့က အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင် တစ်ချို့ကို သတ်ဖြတ်ခြင်းအပေါ် လက်တုံ့ပြန်သည့်အနေဖြင့် ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလက ပါလက်စတိုင်းလူမျိုး ၃၉၆ ဦးကို အစ္စရေးနိုင်ငံမှ လက်ဗနွန်နိုင်ငံသို့ နှင်ထုတ်ခဲ့သည်။ အာရပ်နှင့် ပါလက်စတိုင်းတို့၏ ထောက်ခံမှုရရှိထားသော လက်ဗနွန်အစိုးရကပင် ထိုနှင်ထုတ်ခံဒုက္ခသည်များကို လက်ဗနွန်နိုင်ငံတွင်း ဝင်ရောက်ခွင့် မပြုခဲ့ချေ။ ထိုနှင်ထုတ် ခံရသူများသည် အစ္စရေး၏ "လုံခြုံရေးဇုန်နယ်မြေ" နှင့် လက်ဗနွန်နိုင်ငံ၏ကျန်နယ်မြေတို့၏အကြား လူသူကင်းမဲ့သည့်အရပ်ရှိ မာဇာဇူဟိုတွင် "တဲမြို့" ထူထောင်လျက် ရိက္ခာချို့တဲ့၍ သောင်တင်နေကြရသည်။အစ္စရေးဝန်ကြီးချုပ် အစ်ဇက်ရာဘင်က ယင်းနှင်ထုတ်မိန့်ကို ကြေညာခဲ့စဉ်က အစ္စရေးနိုင်ငံရေးသမားများနှင့် ပြည်သူတို့ကပါ တညီတညွတ်နီးပါး ထောက်ခံခဲ့ကြသည်။ သို့ရာတွင် ဆန့်ကျင်ကန့်ကွက်မှုကြီးထွားလာသည်။ လေဘာပါတီ၏ အဓိက ညွန့်ပေါင်းမဟာမိတ်ဖြစ်သော မီရက်ဇ်တပ်ပေါင်းစုက အတိအလင်း ကန့်ကွက်လာခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး ရှိမွန်ပဲရက်ဇ်အပါအဝင် ဝန်ကြီးတော်တော်များများကလည်း ရာဘင်သည် အကျေအလည်ဆွေးနွေးတိုင်ပင်ခြင်းမရှိဘဲ ထိုအမိန့်ကို ထုတ်ပြန်ခဲ့ခြင်းသာဖြစ်သည်ဟု ပြောဆိုကာ ဆင်ဝှေ့ရန်ရှောင် ပြောကြားလာကြသည်။

အစ္စရေးအစိုးရသည် ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နှင်ထုတ်ခံပါလက်စတိုင်းများအနက် ၁၀၁ ဦးကို ပြန်လာခွင့်ပြုခဲ့သည်။ ကျန် ၂၉၅ ဦးကိုလည်း ပြည်နှင်ဒဏ်ကာလ လျှော့ချပေးခဲ့ရာ ၁၉၉၃ ခုနှစ် ကုန်ဆုံးချိန်တွင် နေရင်းဌာနသို့ ပြန်လာခွင့်ရရှိစေခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အစ္စရေးနိုင်ငံ၏ လျှော့ပေါ့စဉ်းစားပေးခဲ့ခြင်းကို ကြိုဆိုခဲ့သည်။

အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းလူငယ်များအကြား ပြင်းထန်သော ထိပ်တိုက်ရင်ဆိုင်မှုများမှာမူ ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ တစ်လလုံး နေ့စဉ်ပေါ်ပေါက်ခဲ့သည်။ ရာဘင်အစိုးရအဖွဲ့၏ ပထမ ခြောက်လသက်တမ်းအတွင်း အစ္စရေးတပ်များက ပါလက်စတိုင်း ၇၆ ဦးကို ပစ်သတ်ခဲ့သည်ဟု လူ့အခွင့်အရေးအဖွဲ့ ဘက်ဆလမ်က ကြေညာခဲ့သည်။ ကုလသမဂ္ဂ ပါလက်စတိုင်း ဒုက္ခသည်များကယ်ဆယ်ရေးအေဂျင်စီ (အန်နဝါ) အတွက် တာဝန်ထမ်းဆောင်နေသော သူနာပြုတစ်ဦးသည် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဂါဇာကမ်းမြောင်ရှိ ရာဖာဒုက္ခသည်စခန်း၌ ဒဏ်ရာရလူငယ်တစ်ဦးအား ဆေးဝါးကုသပေးနေစဉ် အစ္စရေးတပ်ဖွဲ့ဝင်များ၏ လက်ချက်ဖြင့် သေဆုံးခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသတွင် ၁၉၉၃ ခုနှစ်၊ မတ်လ၌ အဓိကရုဏ်းများ ပိုမိုအရှိန်မြင့်တက်ခဲ့သည်။ ၁၉၆၇ ခုနှစ်မှ စ၍ သိမ်းပိုက်ထားခဲ့သော ယင်းဒေသမှ အစ္စရေးတို့

ဆုတ်ခွာရန် တောင်းဆိုမှုများ ပြန်လည်ပေါ်ပေါက်လာသည်။ ထင်ရှားသော အစ္စရေးကျန်းမာရေးဝန်ကြီး ဟိမ်းရာမွန်က တစ်ဘက်သတ်ဆုတ်ခွာရန် တောင်းဆိုခဲ့ရာ အခြားဝန်ကြီး ခြောက်ယောက်က ထောက်ခံခဲ့ကြသည်။ မတ်လ ၁၄ ရက်နေ့တွင် အစ္စရေးအစိုးရအဖွဲ့က အရှိန်မြင့်လာသော အဓိကရုဏ်းများကို နှိမ်နင်းရန် လုံခြုံရေးအစီအမံသစ်များကို ချမှတ်ခဲ့သည်။ သို့ရာတွင် လီကွတ်နှင့် အခြားအတိုက်အခံပါတီများက ယင်းအစီအမံများမှာ ချည့်နဲ့လှသည်ဟု ဝေဖန်တိုက်ခိုက်ခဲ့ကြသည်။ ထိုအစီအမံများတွင် ရဲအရာရှိ ၂၀၀၀ ကျော် လေ့ကျင့်ရေး၊ အရပ်သားအရန်တပ်များ အင်အားတိုးမြင့်ရေး၊ အစ္စရေးအလုပ်ရှင်များအား ပါလက်စတိုင်းများထက် ဂျူးများကို ငှားရမ်းခန့်ထားလာစေရန် မက်လုံးများ ဖန်တီးခြင်းဖြင့် သိမ်းပိုက်ခံနယ်မြေအတွင်းသို့ ပါလက်စတိုင်းများဝင်ရောက်လာမှု လျှော့ချနိုင်စေရေး၊ အစ္စရေးအရပ်သားပြည်သူများ လက်နက်ကိုင်ဆောင်အသုံးပြုနိုင်ရန် လေ့ကျင့်ပေးရေးတို့ ပါဝင်သည်။

တဲလ်အဗစ်မြို့၏ မြောက်ဘက်ရှိ ဟာဒီရာမြို့တွင် မတ်လ ၃၀ ရက်နေ့၌ ဟမ္မတ်စ်အဖွဲ့၏ စစ်ရေးလက်ရုံးကက်ဆမ်အဖွဲ့က အစ္စရေးရဲတပ်ဖွဲ့ဝင် နှစ်ဦးကို လုပ်ကြံခဲ့သည်။ ထို့ကြောင့်အစ္စရေးအစိုးရအဖွဲ့က အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသတို့ကို အကန့်အသတ်မရှိ ပိတ်ဆို့ထားရန် ဆုံးဖြတ်လိုက်သည်။ ထိုဆုံးဖြတ်ချက်ကြောင့် ပါလက်စတိုင်း တစ်သိန်းခန့် အစ္စရေးပိုင်နက်အတွင်းသို့ ဝင်ရောက်အလုပ်လုပ်ခွင့်ကို တားဆီးရာရောက်စေခဲ့သည်။ မည်သို့ပင်ဖြစ်စေ ယင်းဒေသများတွင် အကြမ်းဖက်မှုများမှာ ဆက်လက်ဖြစ်ပွားခဲ့သည်။

ထိုအချိန်တွင် အီဇာဝိုက်ဇမန်းသည် မေလ ၁၃ ရက်နေ့၌ အစ္စရေးနိုင်ငံ၏ သတ္တမမြောက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။ မျှော်မှန်းသောပန်းတိုင်ရောက်သည်အထိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စွဲမြဲစွာဆုပ်ကိုင်ထားရန် ဝိုက်ဇာမန်းက တိုက်တွန်းခဲ့သည်။ အစ္စရေးနိုင်ငံနှင့် ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) တို့၏ ဆက်ဆံရေးသည် ၁၉၉၃ ခုနှစ်အတွင်းတွင် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိသည်ထိ တိုးတက်ခဲ့သည်။ အစ္စရေးနိုင်ငံသားများနှင့် ပီအယ်အိုအဖွဲ့ဝင်တို့ တိုက်ရိုက်ဆက်ဆံမှုကို တားမြစ်ထားသည့် ဥပဒေကို ပြင်ဆင်ထားသည့် ဥပဒေမူကြမ်းသည် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် အစ္စရေးပါလီမန် (နက်ဆက်) ၌ ထောက်ခံမဲ ၃၉ မဲ၊ ကန့်ကွက်မဲ ၂၀ ဖြင့် အတည်ဖြစ်ခဲ့သည်။ ပါလက်စတိုင်းပြဿနာကို ပိုမိုပွင့်လင်းစွာချဉ်းကပ် ဖြေရှင်းရေးအတွက် ဝန်ကြီးချုပ် အစ်ဇက်ရာဘင်၏ လေဘာပါတီဦးဆောင်သော ညွန့်ပေါင်းအစိုးရအတွက် အောင်မြင်မှုပင် ဖြစ်သည်။ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ပီအယ်အိုခေါင်းဆောင် ယာဆာအာရာဖတ်က ရာဘင်နှင့် တွေ့ဆုံဆွေးနွေးလိုကြောင်း ဖိတ်ကြားခဲ့သည်။ ၁၉၉၃ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့၌ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး နဝမမြောက်ဆွေးနွေးပွဲများကို ကျင်းပနိုင်ခဲ့သည်။ အစ္စရေးနိုင်ငံက ပါလက်စတိုင်းလူမျိုး ၃၉၆ ဦးကို လက်ဘနွန်သို့ နှင်ထုတ်ခဲ့သည့် ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလက အာရပ်ကိုယ်စားလှယ်အဖွဲ့ နုတ်ထွက်သွားခြင်းကြောင့် အဋ္ဌမမြောက် ဆွေးနွေးပွဲများရပ်ဆိုင်းခဲ့ရာမှ ပြန်လည်ကျင်းပခြင်းဖြစ်သည်။ နဝမမြောက်ဆွေးနွေးပွဲများသည် မေလ ၁၃ ရက်နေ့တွင် ပြီးဆုံးခဲ့သည်။ ဒသမမြောက်ဆွေးနွေးပွဲများကို ဇွန်လ ၁၅ ရက်နေ့မှ ဇူလိုင်လ ၄ ရက်နေ့ထိ ကျင်းပခဲ့သည်။

အစ္စရေးနိုင်ငံသည် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်နေချိန်မှာပင် လက်ဘနွန်နိုင်ငံထဲမှ ဟစ်ဇဗိုလာတပ်ဖွဲ့များနှင့် ရင်ဆိုင်နေခဲ့ရသည်။ ကိုရန်ကျမ်းလာ အမည်ဖြစ်သော ဘုရား၏ပါတီအဖြစ် ခံယူထားသော ယင်းအဖွဲ့သည် အီရန်နိုင်ငံက အယာတိုလာရူဟိုလာခိုမေနီ၏ အစ္စလာမ့်တော်လှန်ရေးကို ယုံကြည်သူ ရှိယိုက်မူဆလင်များဖြစ်သည်။ အစ္စရေးနိုင်ငံမြောက်ပိုင်းရှိ မြို့များကို ဟစ်ဇဗိုလာတို့မတိုက်ခိုက်နိုင်စေရန် ၁၉၈၅ ခုနှစ်က လက်ဘနွန်နိုင်ငံထဲတွင် စတုရန်းမိုင် ၄၄၀ ကျယ်ဝန်းသော ဇုန်နယ်မြေတစ်ရပ်ကို သတ်မှတ်ကာ အစ္စရေးတပ်ဖွဲ့ဝင် ၁၂၀၀ နှင့် အရန်တပ်ဖြစ်သော တောင်ပိုင်းလက်ဘနွန်တပ်ဖွဲ့ဝင် ၂၅၀၀ တို့ကို ချထားခဲ့သည်။ ၁၉၉၃ ခုနှစ်၊ ဇူလိုင်လတွင် ထိုတပ်များကို ဟစ်ဇဗိုလာတို့က တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် အစ္စရေးတို့က ဟောင်းဝစ်ဇာ အမြောက်ကျည် ၂၂၀၀၀ ကျော် ပစ်လွှတ် တုံ့ပြန်ခဲ့သည်။ အမြောက်တပ်ရဟတ်ယာဉ်များ၊ ဂျက်တိုက်လေယာဉ်များဖြင့် ဟစ်ဇဗိုလာနယ်မြေများထဲသို့ ဒုံးကျည် ၁၀၀၀ ကျော်ပစ်လွှတ်ခဲ့သည်။ လူ ၁၄၀ ကျော် သေဆုံး၍ ၅၀၀ နီးပါးဒဏ်ရာရရှိသည်။ လူပေါင်း ၂၅၀၀၀ ခန့် လက်ဘနွန်နိုင်ငံမြောက်ပိုင်းသို့ ထွက်ပြေးခဲ့ကြရသည်။ ရွာ ၈၀ ရှိ အိုးအိမ် ၁၀၀၀၀ လုံးဝပျက်စီး၍ ၂၀၀၀၀ ကျော် ထိခိုက်ခဲ့သည်။ ကုလသမဂ္ဂသည် လက်ဘနွန်တောင်ပိုင်းတွင် ပြင်သစ်၊ အိုင်ယာလန်၊ နော်ဝေး၊ ဆွီဒင်၊ ဖင်လန်၊ မီဂျီ၊ ဂါနာ၊ နီပေါ၊ ပိုလန်နှင့် အီတလီနိုင်ငံတို့မှ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်အင်အား ၅၈၀၀ ကို ၁၉၇၈ ခုနှစ်မှစ၍ ချထားခဲ့သော်လည်း ဟစ်ဇဗိုလာတို့၏ လှုပ်ရှားမှုကို ဟန့်တားနိုင်ခြင်းမရှိခဲ့ချေ။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အောင်မြင်ဖွယ်ရှိကြောင်းဖြင့် ၁၉၉၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ပီအယ်အို





ပါလက်စတိုင်းခေါင်းဆောင် အာရာဖတ် (ဝဲ) နှင့်
အစ္စရေးဝန်ကြီးချုပ် ရာဘင် (ယာ)

ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို အမေရိကန်သမ္မတအိမ်ဖြူတော်ရှေ့
မြက်ခင်းပြင်၌ ကျင်းပခဲ့သည်



ပြန်ကြားရေးအကြီးအကဲ ယာဆာအဘက်ရက်ဗိုက ကြေညာခဲ့သည်။ "ဂါဇာ၊ ဂျယ်ရီကိုသည် ပထမ"ဆိုသော အဆိုကို တင်ပြလာခဲ့သည်။ အာရာဖတ်၏ အာဏာရှင်ဆန်သော ခေါင်းဆောင်မှုကိုဆန့်ကျင်၍ ပီအယ်အို၏ ၁၈ ဦးပါ ဦးစီးကော်မတီမှ အထင်ရှားဆုံးပုဂ္ဂိုလ်နှစ်ဦးနုတ်ထွက်သွားချိန်ဖြစ်သည်။ ကူဝိတ်နိုင်ငံကို အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်၏ တပ်များ ကျူးကျော်ခြင်းကို အာရာဖတ်က ထောက်ခံခဲ့ပြီးနောက် ၁၉၉၀ ပြည့်နှစ်တွင် ဆအူးဒီအာရေဗျနိုင်ငံနှင့် အခြားပင်လယ်ကွေ့နိုင်ငံများက ရန်ပုံငွေထောက်ပံ့မှု ရပ်ဆိုင်းထားခဲ့ချိန်မှစ၍ ပီအယ်အိုသည် ဘဏ္ဍာရေးအကျပ်အတည်း ရင်ဆိုင်နေရချိန်လည်း ဖြစ်သည်။

အစ္စရေးနှင့် ပါလက်စတိုင်းအရာရှိများသည် ၁၉၉၃ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် အစ္စရေးသိမ်းပိုက်ခံနယ်မြေများမှ ပါလက်စတိုင်းလူမျိုးတို့အတွက် ကိုယ်ပိုင်အုပ်ချုပ်ရေးအပ်နှင်းရန် သဘောတူညီချက်ရရှိလုနီးပြီဖြစ်ကြောင်း တရားဝင်ကြေညာခဲ့ကြသည်။ ယင်းအဆိုတွင် ဂါဇာနှင့် ဂျယ်ရီကိုတို့မှ အစ္စရေးတို့အမြန်ဆုတ်ခွာရပ်သိမ်းရန်၊ လစ်လပ်နယ်မြေများတွင် နိုင်ငံအဖြစ်ကြေညာခြင်းမပြုဘဲထားရန်၊ ပါလက်စတိုင်းတို့က ကတိပြုရန်၊ ပီအယ်အိုက လစ်လပ်နယ်မြေများ အုပ်ချုပ်ရာ၌ ပါဝင်ခွင့်ရရှိရန် သိမ်းပိုက်ခံဒေသများမှ အစ္စရေးတို့ဆုတ်ခွာပြီးချိန်မှစ၍ နှစ်နှစ်အတွင်း ဂျူးအခြေစိုက်အိမ်ရာများ၏ အနာဂတ်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ ဂျေရုဆလမ်၏ အဆင့်သတ်မှတ်ရေးနှင့် ပတ်သက်၍လည်းကောင်း အသေးစိတ်ဆွေးနွေးသွားကြရန်တို့ ပါဝင်သည်။

အစ္စရေးနိုင်ငံအစိုးရသည် ပါလက်စတိုင်းကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍ မူဘောင်များကို ၁၉၉၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် အတည်ပြုခဲ့သည်။ အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသတို့ကို အစ္စရေးနိုင်ငံက စစ်အုပ်ချုပ်ရေးဖြင့် ၂၆ နှစ်ကြာ စီရင်ခဲ့ခြင်းကို အဆုံးသတ်စေသော မူပင်ဖြစ်သည်။ ထိုမူအရ ပီအယ်အိုသည် အကြမ်းဖက်လုပ်ရပ်များကို စွန့်လွှတ်ရန်လည်းကောင်း၊ အကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်သော အခြားပါလက်စတိုင်းအုပ်စုများကို ကာကွယ်ရေးဦးစီးချုပ်ဖြစ်သည်။ ထို့ပြင် ၁၉၇၄ ခုနှစ်မှ ၁၉၇၇ ခုနှစ်ထိ ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့စဉ်ကလည်းကောင်း၊ ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း ကာကွယ်ရေးဝန်ကြီးတာဝန် ထမ်းဆောင်ခဲ့စဉ်ကလည်းကောင်း ယင်းဒေသများတွင် မဟာဗျူဟာအရ ဂျူးအခြေစိုက်စခန်းများတည်ဆောက်ရေးသည် အရေးကြီးသည်ဟု ယုံကြည်ကာ တာဝန်ယူစီစဉ်ချမှတ်ခဲ့သူဖြစ်သည်။ ထိုဒေသများတွင် ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေးကို သဘောတူညီခဲ့ပြန်ရာ ထိုဒေသတွင် အခြေစိုက်ထားသူ ဂျူး ၁,၂၅,၀၀၀ အနက် အများစုက ထိုသဘောတူစာချုပ်ကို ဆန့်ကျင်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ ထိုစာချုပ်အောင်မြင်ရေးမှာ ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလတွင် အစ္စရေးတပ်ဖွဲ့ဝင်များ ထိုဒေသမှ ရုပ်သိမ်းရေးပေါ်တွင် မူတည်နေပေသည်။

အစ္စရေးဝန်ကြီးချုပ် အစ်ဇက်ရာဘင်သည် ၁၉၆၇ ခုနှစ် အရှေ့အလယ်ပိုင်းစစ်ပွဲတွင် အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသကို တိုက်ခိုက်အောင်မြင်ခဲ့သည့် အစ္စရေးနိုင်ငံက တိုက်ခိုက်အရေးယူသည့်အခါ ပီအယ်အိုက မဆန့်ကျင်ရန်လည်းကောင်း၊ ဂျူးနိုင်ငံကို ဖျက်ဆီးချေမှုန်းရန် လှုံ့ဆော်ထားချက်အဖြစ် အစ္စရေးတို့က အနက်ဖွင့်ဆိုထားသည့် ပီအယ်အိုပဋိညာဉ်ပါစာသားများကို ပယ်ဖျက်ပေးရန်တို့ကို ကတိပြုရမည်ဖြစ်သည်။ ၁၉၉၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ကေဒသမြောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို စတင်ခဲ့ရာ သဘောတူညီချက်များရရှိခဲ့သည်။ ထို့ကြောင့် စက်တင်ဘာလ ၁၃ ရက်နေ့တွင် အစ္စရေးနိုင်ငံသည် ပီအယ်အိုနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

**အေအိုင်ဒီအက်စ်။** ။ ၁၉၉၃ နှစ်လည် အခြေအနေ ခန့်မှန်းချက်အရ ကမ္ဘာ၌ အိပ်ချ်အိုင်ဗွီပိုးစွဲကပ်နေသူ ၁၃ သန်း ရှိ၍ အေအိုင်ဒီအက်စ် ရောဂါဝေဒနာရှင်ပေါင်း ၂ ဒသမ ၅ သန်း ရှိသည်။

မြန်မာနိုင်ငံ ပြည့်တန်ဆာများတွင် သွေးထဲ HIV ရောဂါပိုးရှိသူ ၉% ရှိနေပြီ။ လွန်ခဲ့သော ၂ နှစ်က ၀ ဒသမ ၅% သာရှိသည်။

ဤရောဂါကို ၁၉၈၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ စတင်တွေ့သည်။ ၁၉၉၃ ခုနှစ်တွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (အေအိုင်ဒီအက်စ်) ဖြစ်ပွားနေပြီဟု သတင်းပို့ထားသူ ၇၁၈၈၉၄ ဦးရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို) က ကြေညာသည်။

ခုခံအားကျဆင်းမှုကူးစက်ရောဂါ(အေအိုင်ဒီအက်စ်)ကြောင့် သက္ကရာဇ် ၂၀၀၀ အတွင်းတွင် နောက်ထပ်လူခြောက်သန်း သေဆုံးလိမ့်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို) ညွှန်ကြားရေးမှူး မိုက်ကယ်မာဆန်က ပြောကြားသည်။

### အေအိုင်ဒီအက်စ်ရောဂါ ကူးစက်မှု အာရှတိုက်တွင်မကြုံဖူးအောင်ပျံ့နှံ့လျက်ရှိ

ခုခံအားကျဆင်းမှုကူးစက်ရောဂါသည် အာရှတိုက်တွင် မကြုံဖူးအောင် ကူးစက်ပျံ့နှံ့လျက်ရှိရာ သက္ကရာဇ် ၂၀၀၀ ပြည့်

နှစ်၌ တစ်ကမ္ဘာလုံး ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ဝေဒနာရှင် ၁၀ သန်းရှိမည်ဟု ခန့်မှန်းထားသည့်အနက် အများစုမှာ အာရှတိုက်တွင်ရှိမည့်အလားအလာရှိကြောင်းဖြင့် အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) အစီရင်ခံစာတွင် ဖော်ပြလိုက်သည်။

အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့တွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (အေအိုင်ဒီအက်စ်) ဖြစ်ပွားနိုင်သည့် ဗိုင်းရပ်စ်ပိုး တွေ့ရှိသူဦးရေမှာ ၁၉၈၇ ခုနှစ်၌ ၁၀၀၀ စီရှိခဲ့ရာမှ ယခုအခါတွင် ရောဂါဖြစ်ပွားသူ ဝေဒနာရှင်ထောင်ပေါင်းများစွာ ရှိနေပြီကို တွေ့ရသည်ဟုလည်း ဖော်ပြလိုက်သည်။

ထိုင်းနိုင်ငံတွင် အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ပိုးတွေ့ရှိသူ နှစ်သိန်းမှ လေးသိန်းကြားရှိမည်ဖြစ်ပြီး၊ အိန္ဒိယနိုင်ငံတွင် လေးသိန်းမှ တစ်သန်းအတွင်း ရှိမည်ဟု ခန့်မှန်းသည်။

ယခုရာစုနှစ်ကုန်တွင် ကမ္ဘာတစ်ဝန်း၌ အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ပိုးတွေ့ရှိသူ သန်း ၄၀ အထိရှိမည်ခန့်မှန်းထားရာ၊ ထက်ဝက်ကျော်မှာ အာရှတိုက်တွင် တွေ့ရှိမည်ဟုလည်း ခန့်မှန်းတွက်ဆထားသည်။

အာရှတိုက်တွင် အေအိုင်ဒီအက်စ်ရောဂါ ပျံ့နှံ့ရသည့် အကြောင်းရင်းများတွင် ပြည့်တန်ဆာလုပ်ငန်းနှင့် မူးယစ်ဆေးဝါးများ အကြောတွင်းထိုးသွင်းမှုတို့ အဓိကပါဝင်သည် စသည်ဖြင့် ရိုက်တာသတင်း၊ ဩဂုတ် ၄၊ ၁၉၉၂က ဖော်ပြလိုက်သည်။

လိင်တူဆက်ဆံသူများ၊ သွေးသွင်းဆေးကုသမှုခံယူသူများ တွင်သာ ဤရောဂါ အဓိကဖြစ်ပွားခဲ့သည်။ ယခုတော့ ပြည့်တန်ဆာများက တစ်ဆင့် ဖိုမစိတ်ဆန္ဒလွန်ကဲသော ယောကျ်ားများ၊ ပြည့်တန်ဆာများ၊ ကလေးများသို့ ကူးစက်နေပြီ။

## ရောဂါပိုးကို ရှာလို့မတွေ့နိုင်သောကာလ

အေအိုင်ဒီအက်စ်ရောဂါကို ဖြစ်စေသော အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုးကို ရောဂါကူးစက်ခံရပြီဆိုသည်နှင့် ချက်ချင်း သွေးထဲမှာ ရောဂါပိုးရှိကြောင်း ပြမည်မဟုတ်ပါ။ အိပ်ချ်အိုင်ဗွီရောဂါပိုးသည် ကူးစက်ခံရသူ၏ ခန္ဓာကိုယ်၌ ပွားများနေပြီး၊ ကာလအတော်ကလေးကြာတော့မှ ရောဂါပိုး သွေးထဲရှိကြောင်း ပြမည်ဖြစ်ပါသည်။ ဤသို့ ရောဂါပိုးကူးစက်ခံရပြီး ရောဂါလက္ခဏာမပြသေးသော ကာလကို ဆေးပညာရှင်များက WINDOW PERIOD ဟု ခေါ်ကြပါသည်။ ဤကာလသည် အနည်းဆုံး နှစ်လမှ တစ်နှစ်နီးပါး အချိန်ကြာတတ်သဖြင့် ယခုမကောင်းသော အမျိုးသမီးနှင့် ဆက်ဆံမိပြီး တစ်ပတ်လောက်အတွင်း

မြန်မာနိုင်ငံတွင် သွေးထဲ၌ အိပ်ချ်အိုင်ဗွီရောဂါပိုး ပျံ့နှံ့နေပုံပြမြေပုံ (၁၉၉၂ ခုနှစ် ဒီဇင်ဘာလအထိ)




သွေးထဲ၌ အိပ်ချ်အိုင်ဗွီရောဂါပိုးရှိ မရှိစစ်ဆေးကာ သွေးထဲ ရောဂါပိုးမရှိဟု အဖြေရရုံနှင့် စိတ်မချရပါ။

နောက်ထပ်ပိုပြီး ထူးခြားသော တွေ့ရှိချက်တစ်ခုက အိပ်ချ်အိုင်ဗွီနှင့် အလားတူသော အခြားဗိုင်းရပ်စ်ရောဂါပိုး အချို့ကလည်း အေအိုင်ဒီအက်စ်ရောဂါကို ဖြစ်စေတတ်ပါ သေးသည်။ ဤပိုးအမျိုးအစားတို့ကို ယခုအသုံးပြုနေသော သမားရိုးကျ သွေးစစ်ဆေးသည့်နည်းဖြင့် ဖော်ထုတ်နိုင်ခြင်း မရှိပါ။

အကြမ်းအားဖြင့် ရောဂါကူးစက်ခံရသော ရောဂါသည် ၉၀% လောက်ကိုသာ ယခုအသုံးပြုနေသော သွေးစစ်သည့် နည်းဖြင့် ရောဂါပိုးရှိ မရှိကို အဖြေပေးနိုင်ပါသည်။

## အိပ်ချ်အိုင်ဗွီပိုးရှိ မိခင်နို့ရည် ရင်သွေးငယ်ကို ကူးစက်နိုင်

ခုခံအားကျဆင်းမှုကူးစက်ရောဂါ (အေအိုင်ဒီအက်စ်) ကို ဖြစ်ပွားစေသည့် အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုးကူးစက်နေသူ

အမျိုးသမီးများသည် ၄င်းတို့၏ ရင်သွေးငယ်များကို နို့ချိုတိုက်ကျွေးခြင်းဖြင့် ရင်သွေးငယ်၌ အိပ်ချ်အိုင်ဗွီရောဂါပိုးကူးစက်ပျံ့ပွားနိုင်ကြောင်း လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

သို့ရာတွင် မိခင်များသည် အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးကူးစက်နေလျှင်သော်မှ ၄င်းတို့၏ ရင်သွေးငယ်များကို နို့ချိုတိုက်ကျွေးခြင်း ရပ်မပစ်သင့်ကြောင်းဖြင့်လည်း အခြားအစီရင်ခံစာတစ်ရပ်၌ ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။

ထိုသို့ အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုးကူးစက်နေသည့် မိခင်၏ နို့ရည်တိုက်ကျွေးခြင်းဖြင့် ရင်သွေးငယ်၌ အိပ်ချ်အိုင်ဗွီပိုး ကူးစက်နိုင်ကြောင်းကို လောလောလတ်လတ် ကလေးမွေးဖွားခဲ့ကြသည့် အိပ်ချ်အိုင်ဗွီပိုး ကူးစက်နေသော မိခင် ၂၁၅ ဦး၏ နို့ရည်များကို စူးစမ်းလေ့လာခဲ့ရာမှ သိရှိခဲ့ရခြင်းဖြစ်သည်။

## မြန်မာနိုင်ငံ အေအိုင်ဒီအက်စ်ရောဂါ နောက်ဆုံး တွေ့ရှိချက်များ

၁၉၉၂ ပထမသုံးလပတ်၌ အေအိုင်ဒီအက်စ်ရောဂါဖြစ်သူ လေးဦးရှိခဲ့သည်။ ၁၉၉၃ ၌ အေအိုင်ဒီအက်စ်ရောဂါဖြစ်သူ ၁၆ ဦးရှိသည်။ ၁၉၉၃ ဒုတိယ သုံးလပတ်၌ လူနာ ၂၂ ဦး ရှိလာသည်။

လုပ်အားပြည့်ဝသည့် အသက် ၂၀ – ၃၉ အရွယ်၌ ဖြစ်နေ၍၊ နိုင်ငံ၏စီးပွားရေး ထိခိုက်လာနိုင်သည်။ ပြည့်တန်ဆာများအကြား သွေးထဲ အိပ်ချ်အိုင်ဗွီပိုး တွေ့ရသူ ၉% အထိ မြင့်မားလာပြီ။

မြန်မာနိုင်ငံ အထူးကုဆရာဝန်ကြီးများ၏ (၆) ကြိမ်မြောက် ညီလာခံကို ရန်ကုန်မြို့ ဆရာဝန်အသင်းတိုက်၌ ၁၉၉၃ တွင် ကျင်းပခဲ့ရာ အမြို့မြို့အနယ်နယ်မှ ဆရာဝန်ကြီးပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

အဆိုပါ သုတေသနညီလာခံ၌ စာတမ်းများကို တင်သွင်းဆွေးနွေးခဲ့ကြရာ အများပြည်သူလူထုနှင့် သက်ဆိုင်သည်ဟု စာရေးသူထင်မြင်သော အေအိုင်ဒီအက်စ်ရောဂါ အခြေအနေကို ဖော်ပြပါရှိသည့် စာတမ်းကောက်နုတ်ချက်အချို့ကို အောက်တွင် ဖော်ပြပါသည်။

### ၁။ ကျိုင်းတုံမြို့ အေအိုင်ဒီအက်စ်အခြေအနေ

သွေးလှူရှင်အားလုံးနှင့် ရောဂါရှိလိမ့်မည်ဟု ထင်ရသော ဝေဒနာရှင်များကို စစ်ဆေးခဲ့သည်။ ကျန်းမာသန်စွမ်းသော သွေးလှူရှင်ပေါင်း ၄၉၄ ဦးအနက် ၁၄ ဦး၏ သွေးထဲတွင် တစ်နေ့ကျလျှင် အေအိုင်ဒီအက်စ် ရောဂါကိုဖြစ်စေမည် ဖြစ်သော အိပ်ချ်အိုင်ဗွီပိုးကို စစ်ဆေးတွေ့ရသည်။ ရောဂါပိုး ပြန့်ပွားမှုနှုန်း ၃ ဒသမ ၀၂ % ရှိသည်။ အေအိုင်ဒီအက်စ်ရောဂါ ဖြစ်ကောင်းဖြစ်နေလိမ့်မည်ဟု ထင်ရသော ဆေးရုံပေါ်မှ ဝေဒနာရှင် ၈၉ ဦးကို ဆေးစစ်ခဲ့ရာ ၃၇ ဦး (၄၁ ဒသမ ၅၇ %) တွင် သွေးထဲ၌ ရောဂါပိုးရှိနေသည်ကို တွေ့ရသည်။

### ၂။ ထားဝယ်မြို့ အေအိုင်ဒီအက်စ်ရောဂါအခြေအနေ

ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလအတွင်းက အေအိုင်ဒီအက်စ်ရောဂါ ပြန့်ပွားနေသော ပထမဆုံးလူနာကို တွေ့ရသည်။ သည်နောက်တွင် အေအိုင်ဒီအက်စ်ရောဂါ ဖြစ်နေလိမ့်မည်ဟု ထင်ရသော ရောဂါသည်များကို ဆက်တိုက်တွေ့ရှိလာသည်။ သို့သော် သွေးကိုစစ်ဆေးရန် အခွင့်အလမ်းမရကြသဖြင့် ဆရာဝန်များက ရောဂါအမည်ကို မဖော်နိုင်ခဲ့ကြချေ။

၁၉၉၃ ဩဂုတ်လကစပြီး သွေးထဲ၌ ရောဂါပိုးရှိ မရှိ စစ်ဆေးရန် ကိရိယာပစ္စည်းများ ထားဝယ်ဆေးရုံသို့ ရောက်လာသည်။ ၁၉၉၃ ဩဂုတ်နှင့် စက်တင်ဘာ နှစ်လအတွင်း ဆေးရုံပေါ်မှ အေအိုင်ဒီအက်စ်ရောဂါ ဖြစ်နေလိမ့်မည်ဟုထင်ရသော ဝေဒနာရှင် ၁၄ ဦးကို သွေးစစ်ဆေးခဲ့ရာ ၉ ဦးတွင် ရောဂါပိုးရှိနေသည်ကို တွေ့ရသည်။ ယင်းဝေဒနာရှင်

မြန်မာနိုင်ငံ၌ အိပ်ချ်အိုင်ဗွီရောဂါပိုး ရှိသူများတွင် အမျိုးသမီးများ၌ နှုန်းထား၊ တရိပ်ရိပ် မြင့်တက်လာပုံ (၁၉၈၉–၁၉၉၂)



များအနက် ၇ ဦးမှာ ယောကျ်ားများဖြစ်ကြ၍ ၂ ဦးမှာ အမျိုးသမီးများ ဖြစ်ကြသည်။

**ဆွေးနွေးချက်**

အေအိုင်ဒီအက်စ်ရောဂါသည် မြန်မာပြည်အနှံ့အပြားသို့ ကူးစက်နေပြီ၊ ယောကျ်ားများမှာသာမက အမျိုးသမီးများကို ကူးစက်နေပြီ။ ယင်းတို့ကတစ်ဆင့် ကလေးများဆီကို ကူးစက်တော့မည်။

အခြားမြို့နယ်များတွင်လည်း သွေးစစ်စရာ တတ်ခွဲခန်း ပစ္စည်းများရရှိပါက ရောဂါသည်တွေ ပိုမိုတွေ့လာစရာ ရှိနေသည်။

**၃။ တကယ် မူးယစ်ဆေးဝါး သုံးစွဲနေသူများ၏နှုန်းထား**

မြန်မာနိုင်ငံတွင် မူးယစ်ဆေးစွဲသူများ မှတ်ပုံတင်ခြင်း လုပ်ငန်းကို ၁၉၇၄ ခုနှစ်က စတင်သည်။ ရန်ကုန်မြို့ ဆေးစွဲသူများကုသရေးဌာနက ၁၉၈၇ ခုနှစ်ကစပြီး ဆေးစွဲ နေလိမ့်မည် ထင်ရသောသူများ စာရင်းကို ကောက်ယူ ထားရှိသည်။

အထက်ပါ မိမိဘာသာ ဆေးစွဲနေပါသည်ဟု မှတ်ပုံတင် ထားသူ လူအရေအတွက်ကို ဥပဒေအရ မူးယစ်ဆေးသုံးစွဲ နေသည်ဟု မသင်္ကာပါဆိုပြီး အမ်ဘီစံရသူများ၏ အရေ အတွက်နှင့် နှိုင်းယှဉ်ကြည့်လျှင် မူးယစ်ဆေးကိုတကယ်သုံးစွဲ နေသူတွေက မှတ်ပုံတင်ထားသော စာရင်းထက် သုံး လေးဆ ပိုလိမ့်မည်ဟု ယူဆရသည်။

**ဆွေးနွေးချက်**

မူးယစ်ဆေးစွဲနေသူ အရေအတွက်သည် ရေခဲတုံးကဲ့သို့ ရေပေါ် ပေါ်နေသူတွေက နည်းနည်း ရေအောက်မြုပ် နေသူ တွေက များများ၊ သူတို့အများစုမှာ အိပ်ချ်အိုင်ဗွီ ပိုးတွေ ကူးစက်နေပြန်ရာ သူတို့အတွက် ဆေးထိုးအပ်ကို အလကား ဝေကြရမလားမသိ။

**၄။ အိပ်ချ်အိုင်ဗွီရောဂါပိုးနှင့် တီဘီရောဂါ**

ရန်ကုန်အလုပ်သမားဆေးရုံကြီးမှ တင်သွင်းသော သုတေသနစာတမ်း ဖြစ်သည်။ အဆိုပါ ဆေးရုံတွင် တီဘီ ရောဂါနှင့်အတူ သွေးထဲ၌ အိပ်ချ်အိုင်ဗွီရောဂါပိုးရှိသူ ၁၀ ဦးကို ကုသပေးခဲ့ရသည်။

သူတို့အားလုံးမှာ အသက် ၂၃ နှစ်မှ ၃၉ နှစ်အတွင်းရှိ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင် အမျိုးသားများ ဖြစ်ကြသည်။ မြန်မာ့မီးရထားဌာနမှ အများဆုံး ၄ ဦး ပါဝင်သည်။ သူတို့ အားလုံး ဆေးလိပ်သောက်ခဲ့ကြသည်။ အရက်သောက်သူ အရေအတွက် ၈၀%၊ ဖိုမစိတ်လွန်ကဲသူ (ဇနီး၊ မယား တစ်ဦးနှင့် မကျေနပ်သူ) ၇ ဦး ပါဝင်သည်။ ဆေးစွဲသူက ၅ ဦး။

ယင်းဝေဒနာရှင်များအနက် လေးဦး အသက်သေဆုံးသွားပြီး သွေးထဲ ရောဂါပိုးတွေ့သည့်ရက်နှင့် အသက်သေဆုံးသည့် ရက်တို့မှာ ၆ ရက်၊ ၁ လ၊ ၂ လနှင့် ၅ လ တို့ ဖြစ်သည်။

## သတင်းကောင်းများ

**၁။ ရောဂါလက္ခဏာ ပေါ်လာမည့်အချိန်**

HIV ပိုးက လူသားတို့၏ ခန္ဓာကိုယ်အတွင်းရှိ ကိုယ်ခံအားကို ဖြစ်စေသော $T_4$ ခေါ် T helper cell တို့ကို ဖျက်ဆီး၏။ အသေးစိတ်ရေးရလျှင် လူသားတို့၏ ကလာပ်စည်းအပြင်ခန်း၌ရှိသော $CD_4$ မော်လီကျူးကို တွယ်ထားနိုင်စွမ်းရှိ၏။ ထိုအခါ $T_4$ ကလာပ်စည်းများ ပွားနိုင်ခြင်းမရှိတော့ချေ။ ဤတွင် ရောဂါကူးစက်ခံရသော ဝေဒနာရှင်၌ ကိုယ်ခံအားကျဆင်း၏။ ယခုခေတ်တွင် ဆရာဝန်တွေက လူမမာများ၏ $CD_4$ သွေးဖြူဥ အရေ အတွက်ကို ရေတွက်လေ့ရှိသည်။ $CD_4$ အရေအတွက် ကျလျှင် HIV ပိုးကူးခံထားရသော ဝေဒနာရှင်၌ AIDS လက္ခဏာပေါ်တော့မည်ဟု ပြ၏။ $CD_4$ အရေအတွက် မကျသေးပါက ဝေဒနာရှင်၏ သွေးထဲ၌ HIV ပိုး ရှိနေမည့် AIDS လက္ခဏာ ရုတ်တရက်မပေါ်နိုင်သေးဟု ပြ၏။

သို့ကြောင့် သွေးထဲ၌ HIV ရောဂါပိုး တွေ့ရှိသူတိုင်း ယနေ့ နက်ဖြန်ဆိုသလို AIDS ရောဂါလက္ခဏာ ဖြစ်ပေါ်မည် မဟုတ်ပါ။ အချိန်အတော်ကြာမှ ရောဂါလက္ခဏာများ ပေါ်လာမည်ဖြစ်ပါသည်။

၁၉၇၉ ခုနှစ်ကပင် သွေးထဲ၌ HIV ရောဂါပိုးတွေ့ရှိပြီးသူ အချို့ ယနေ့တိုင် AIDS ရောဂါလက္ခဏာမဖြစ်ပေါ် လာသေးသူတွေ ရှိနေသည်။ သိပ္ပံပညာရှင်များက သွေးထဲ၌ HIV ရောဂါပိုးတွေ့ရပြီးသူတွေထဲက လူ ၅% မှာ AIDS ရောဂါလက္ခဏာမဖြစ်ပေါ်ဘဲ ရှိနေမည်ဟု ခန့်မှန်းကြပါသည်။ ၎င်းမှာ အလွန်ကောင်းသော သတင်းဖြစ်၏။

**၂။ မိမိ၏ သွေးဖြင့် မိမိခန္ဓာကိုယ် ခွဲစိတ်ကုသရာတွင် အသုံးပြုခြင်း**

မိမိ၏ခန္ဓာကိုယ်မှ သွေးကို ကြိုတင်ထုတ်ထားပြီး မိမိ ခွဲစိတ်ကုသသည့်နေ့တွင် မိမိအတွက် ပြန်လည်သုံးစွဲသည့် နည်းဖြစ်သည်။ အသစ်အဆန်းတော့မဟုတ်ပါ။ သို့သော် ယခုလို သွေးသွင်းရာမှ အန္တရာယ်အမျိုးမျိုးရတတ်သော ခေတ်တွင် ပြန်လည်အသုံးဝင်လာသော နည်းဖြစ်သည်။ ဤနည်းဖြင့် ဝေဒနာရှင် ၁၉ ဦးကို ရန်ကုန် အမှတ် (၂) တပ်မတော်ဆေးရုံကြီးနှင့် မျက်စိ၊ နား၊ နှာခေါင်း ဆေးရုံကြီး

တို့မှ ပညာရှင်များတွဲဖက် သုံးစွဲကြည့်ရာ လူနာ ၁၅ ဦး (၇၈ ဒသမ ၉%) တွင် အောင်မြင်စွာ သွေးသွင်းကုသနိုင်ခဲ့ပါသည်။

လူနာ ၄ ဦးတွင် မအောင်မြင်ပါ။ မအောင်မြင်ရသည့်အကြောင်းတို့မှာ –

- သွေးထုတ်ရာမှ မူးသွားခြင်း
- ပင်ကိုသွေး အားနည်းခြင်း
- ရေခဲသေတ္တာ အခက်အခဲ
- ရောဂါရှာဖွေရာမှ အခက်အခဲတို့ ဖြစ်ကြပါသည်။

ယခုကုထုံးက သမားရိုးကျ သွေးသွင်းကုသသည့်နည်းနှင့် ကွာခြားသောအချက်မှာ လူမမာထံမှ ကြိုတင်ထုတ်ယူထားသော သွေးကို ရေခဲခန်းထဲ၌ အခဲအဖြစ် သိမ်းဆည်းထားခြင်း ဖြစ်သည်။ ဤနည်းဖြင့် သွေးကို သာမန်သွေးလှူဘဏ်များ၌ သိမ်းဆည်းထားခြင်းထက် ကာလ တစ်ဆ ပိုပြီးကြာအောင် သိမ်းဆည်းထားနိုင်သည်ဟု သိရပါသည်။

၃။ ကုသရန် ဆေးသစ်များ

AZT ဆေးက အေအိုင်ဒီအက်စ် ရောဂါသည်များကို အနည်းဆုံး အသက်တစ်နှစ် ပိုရှည်အောင် ကူညီနိုင်စွမ်းရှိသည်။ AZT ကို အေအိုင်ဒီအက်စ် လက္ခဏာ မပေါ်မီ ကြိုတင်သုံးစွဲလို့ အကျိုးမရှိပါ။ ဤဆေးကို အပြိုင်ထုတ်လုပ်နေကြသဖြင့် AZT ဆေး မကြာခင်ဈေးနှုန်းချိုသာတော့မည်။ AZT ကို ဆရာဝန်တိုင်း အသုံးပြုခွင့်မရှိ၊ အထူးသင်တန်းတက်ပြီးသူများသာ သုံးစွဲခွင့်ရှိပါသည်။ တိုးတက်ဆဲနိုင်ငံတွေမှာ လူသားများအတွက် ဒေါ်လာ ၂၀၀၀ မှ ဒေါ်လာ ၄၀၀၀ တန် AZT သုံးရန် လက်မလှမ်းနိုင်သေး။ ရောဂါမဖြစ်ရအောင် နေထိုင်ကြခြင်းသည်သာ အဓိက ဖြစ်ပါသည်။

AZT နှင့် ဆေးသဘောချင်းတူပြီး ဈေးနှုန်းချိုသာစွာ ထုတ်လုပ်နိုင်မည့် ဆေးနှစ်လက်ကိုတော့ သုတေသနပြုနေကြဆဲ။ မကြာခင် အများပြည်သူသုံးစွဲနိုင်သော အဆင့်ကိုရောက်တော့မည်ဖြစ်၏။

ပထမဆေးက DDL (Didanosine)၊ ဘရစ်စတိုစကွစ် ကုမ္ပဏီမှ ထုတ်လုပ်၍ နိုင်ငံပေါင်း ၂၀ တွင် အသုံးပြုခွင့်ရထားပြီးဖြစ်သည်။

ဒုတိယ ဆေးက DDC (Zalcitabine) အမည်ရှိဆေးဖြစ်၏။ ဟော့လင်းလာရိုချ် ကုမ္ပဏီက ထုတ်လုပ်ပြီး၊ နိုင်ငံ ၁၃ နိုင်ငံတွင် သုံးစွဲနေကြပြီဖြစ်သည်။

အထက်ဖော်ပြပါ AZT,DDC နှင့် DDL ဆေးသုံးမျိုးကို စုပေါင်းသုံးစွဲခြင်းဖြင့် ရမည့်စွမ်းပကားကိုလည်း သုတေသနပြုနေကြဆဲ။

အင်ဒိုနီးရှားသမ္မတနိုင်ငံ။ ။မိုးသက်မုန်တိုင်းကျခြင်း၊ မြေလျှောင်လှုပ်ခြင်း စသော သဘာဝဘေးအန္တရာယ်များနှင့် မကြာခဏကြုံတွေ့ရသော အင်ဒိုနီးရှားနိုင်ငံမှာ ဒုတိယကမ္ဘာစစ်မဖြစ်မီ ၁၉၄၂ ခုနှစ်အထိ ဒတ်ချ်ကိုလိုနီဘဝတွင် အရှေ့အိန္ဒိယကျွန်းစုဟုခေါ်တွင်၍ ကျွန်းပေါင်းများစွာ စုပေါင်းထားသည်။ ၁၉၉၂ခုနှစ်၊ ဒီဇင်ဘာလ၌ အင်ဒိုနီးရှားတွင် ကျွန်းပေါ်၌ မီးတောင်ပေါက်ကွဲရာမှ မြေလျှင် လှုပ်ခဲ့ရာ လူပေါင်း ၁၅၀၀ ကျော်သေဆုံးခဲ့ရသည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၃–စာ၊ ၂၉၆–၇။) လေးနှစ်အတွင်း ပထမအကြိမ် မီးတောင်ပေါက်ကွဲခဲ့ပြီးနောက် နှစ်လနီးပါး အကြာ ဒီဇင်ဘာလ ၂၈ ရက်နေ့က အင်ဒိုနီးရှားနိုင်ငံ၌ နာမည်ကျော် ကရာကာတိုမီးတောင် ပေါက်ကွဲရာပြာများမှာ ပေ ၁၃၀၀ ကျော်အထိ တက်ခဲ့သည်။ ထိုအချိန်၌ ဂျားဗားကျွန်း၌ ပြင်းထန်သော မြေလျှင်လှုပ်ပြန်သည်။ မြေလျှင်လှုပ်ခြင်းကြောင့် အင်ဒိုနီရှားနိုင်ငံအရှေ့ပိုင်းကျွန်းများပေါ်၌ မိုးသည်းထန်ပြီး မြေပြိုခြင်းများဖြစ်ခဲ့သည်။

နိုင်ငံခြားအကူအညီနှင့် ရေနံပို့ကုန်အပေါ် မှီခိုနေရမှု လျော့ပါးစေမည့် အင်ဒိုနီးရှားဘတ်ဂျက်မူကြမ်းကို သမ္မတ ဆူဟာတိုက ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် တင်ပြခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ငွေကြေးဖောင်းပွခြင်းနှင့် လိုငွေပြမှုက အင်ဒိုနီးရှားစီးပွားရေးကိုယိုယွင်းစေခဲ့ကြောင်း သို့ရာတွင် ၁၉၉၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် စတင်သော ဘတ်ဂျက်နှစ်တွင် ပိုမိုအလားအလာကောင်းကြောင်း သမ္မတ ဆူဟာတိုက ပြောကြားခဲ့သည်။

ကြည်းတပ်အကြီးအကဲ အိုက်ဒီဆူဒရာဂျတ်သည် နိုင်ငံရေးအင်အားရှိသော တပ်မတော်၏ ဦးစီးချုပ်တာဝန်ထမ်းဆောင်မည်ဟု ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံကကြေညာခဲ့သည်။ မတ်လစောစောပိုင်းတွင် ကျင်းပမည့် ရွေးကောက်ပွဲ၌ နိုင်ငံ၏ဒုသမ္မတဖြစ်ရန် သေချာသော လက်နက်ကိုင်တပ်များ၏ဦးစီးချုပ် ထရိုဆူထရိုစနိုက ယင်းကြေညာချက်ကို သတင်းထောက်များအား ထုတ်ပြန်ပေးသည်။ ကြည်းတပ်ဦးစီးချုပ် အိုက်ဒီကို ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် တရားဝင်ရာထူးလွှဲပေးသည်။ ရဲတပ်ဖွဲ့ အပါအဝင် အင်ဒိုနီးရှားတပ်မတော်မှာ အင်အားငါးသိန်းနီးပါးရှိ၍ နိုင်ငံ၏နိုင်ငံရေး၌ အရေးကြီးသောအခန်းကဏ္ဍ ပါဝင်နေသည်။

စစ်အင်အား ကြီးမားလာသော အင်ဒိုနီးရှားနိုင်ငံမှာ အိမ်နီးချင်း အရှေ့တောင်အာရှနိုင်ငံများအား ခြိမ်းခြောက်မည်မဟုတ်ကြောင်း သမ္မတဆူဟာတိုက ထုတ်ဖော်ပြောကြားခဲ့သည်။ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု

တိုးမြှင့်ရန် စီးပွားရေးလုပ်ငန်းရှင်များ၊ အရာရှိများနှင့် နိုင်ငံရေးသမားများ ၂၀၀ နီးပါးလိုက်ပါလျက်အင်ဒိုနီးရှား နိုင်ငံသို့ ငါးရက်ကြာ လာရောက် လည်ပတ်သော ပါပူဝါနယူးဂီနီဝန်ကြီးချုပ် ပိုင်းယားစ်ဝင်ဂတိနှင့် ဆွေးနွေးစဉ်အတွင်း သမ္မတဆူဟာတိုက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ခွဲဝေယူထားသော နယူးဂီနီကျွန်းကြီးပေါ်တွင် အင်ဒိုနီးရှားနှင့် ပါပူဝါနယူးဂီနီတို့ နယ်စပ်ပြဿနာဖြစ်နေသည်မှာ ကြာပြီဖြစ်သည်။ ယခုအခါ ယင်းပြဿနာအချို့ ပြေလည်သော်လည်း အင်ဒိုနီးရှား အုပ်စိုးမှုကိုတိုက်ခိုက်ရန် သောင်းကျန်းသူလှုပ်ရှားမှု အနည်းငယ်ရှိနေသေးသည်။ အင်ဒိုနီးရှားနိုင်ငံ၏လုံခြုံရေးနှင့် ကာကွယ်ရေးသဘောတရားမှာ နိုင်ငံတော်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်တွင်အခြေခံသည်။ အိမ်နီးချင်းနိုင်ငံများအား ဂျာကာတာအစိုးရက ခြိမ်းခြောက်မှုကို ပြုမည်မဟုတ်ဟု ဖွဲ့စည်းပုံဥပဒေတွင် အာမခံချက် ပေးထားသည်ဟု သမ္မတဆူဟာတိုက ပြောကြားခဲ့သည်။



အင်ဒိုနီးရှားနိုင်ငံသမ္မတ ဆူဟာတို

ကျွန်းပေါင်း ၁၆၀၀၀ ပေါ်တွင် လူဦးရေသန်းပေါင်း ၁၈၀ နေထိုင်သော အင်ဒိုနီးရှားနိုင်ငံမှာ အရှေ့တောင်အာရှ၌ အကြီးဆုံးနိုင်ငံဖြစ်သည်။ မကြာမီက တစ်ပတ်ရစ်ဂျာမန်ရေတပ်သင်္ဘော ၃၉ စင်းဝယ်ယူခဲ့၍ ဗြိတိသျှအာကာသလေကြောင်းဌာနမှ အမောင်းသင်လေယာဉ် ၂၄ စင်းဝယ်ရန် ဆွေးနွေးနေသည်။ အမေရိကန်လုပ် အက်ဖ် ၁၆ စစ်လေယာဉ်များ ဝယ်ယူရန်လည်း အလိုရှိနေသည်။ ခွဲဝေယူခဲ့သော ဘောနီယိုကျွန်းတွင် ၁၉၆၃ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ အင်ဒိုနီးရှားနှင့် မလေးရှားနယ်စပ်ပြဿနာဖြစ်ခဲ့ရသည်။ ၁၉၇၅ ခုနှစ်တွင် ပေါ်တူဂီကိုလိုနီဖြစ်သော အရှေ့တီမောကျွန်းကို အင်ဒိုနီးရှားတပ်မတော်က ဝင်ရောက်သိမ်းခဲ့၍ မကြာမီက ထိုကျွန်းကို ပေါ်တူဂီက စွန့်လွှတ်ခဲ့သည်။ အရှေ့တီမောကျွန်းကို အင်ဒိုနီးရှားနိုင်ငံနှင့်ပေါင်းစည်းလိုက်ရာ ယင်းဆောင်ရွက်ချက်ကို ကုလသမဂ္ဂအဖွဲ့ကြီးက အသိအမှတ်မပြုပေ။

၁၉၉၃ – ၉၈ ခုနှစ် ဒုတိယသမ္မတလောင်းအဖြစ် ထရိုဆူထရီစနိအား အမည်စာရင်းတင်သွင်းရန် ပါတီက ဆုံးဖြတ်ကြောင်း ဂိုလ်ကာပါတီဥက္ကဋ္ဌ ဝါဟိုနိုက မတ်လ ၁ရက်နေ့တွင် သတင်းထောက်များအားပြောကြားခဲ့သည်။ နိုင်ငံတော်၏သမ္မတနှင့် ဒုသမ္မတတို့ကိုရွေးချယ်၍ လာမည့် ငါးနှစ်အတွက် အစိုးရအတွက်ကျယ်ပြန့်သော ဝါဒရေးရာ လမ်းညွှန်ချက်ချမှတ်ရန် ပြည်သူ့အတိုင်ပင်ခံလွှတ်တော်က ၁၁ ရက်ကြာ စည်းဝေးပွဲမစတင်မီနေ့တွင် အထက်ပါ ကြေညာချက်ထွက်ပေါ်လာခဲ့သည်။မကြာမီက တပ်မတော် ဦးစီးချုပ်အဖြစ်မှအနားယူခဲ့သော အသက် ၅၇နှစ်အရွယ်ရှိ ထရိမှာ ၁၉၆၅ ခုနှစ်တွင် ကွန်မြူနစ်များအာဏာသိမ်းရန် ကြိုးပမ်းမှုကို ချေမှုန်းပြီးနောက် အာဏာရရှိလာသော အသက်(၇၁ နှစ်)အရွယ်ရှိ ဆူဟာတိုအားဆက်ခံမည့်သူဖြစ်သည်။ ဆူဟာတိုမှာ နိုင်ငံအကြီးအကဲအနေဖြင့် ပြိုင်ဘက်မရှိ အရွေးခံခဲ့ရသူဖြစ်သည်။ (၆) ကြိမ်မြောက် ငါးနှစ် သက်တမ်းအတွက် ပြန်လည်အရွေးခံရန် အဆင်သင့်ရှိကြောင်း အမျိုးသားလွှတ်တော်ခေါင်းဆောင်များအား မတ်လ ၈ ရက်နေ့တွင် သမ္မတဆူဟာတိုက ပြောကြား ခဲ့သည်။ သမ္မတနှင့် ဒုသမ္မတရွေးချယ်ရန် ပြည်သူ့အတိုင်ပင်ခံ လွှတ်တော်ကို ၁၁ ရက်ကြာ ကျင်းပခဲ့သည်။ ဆူဟာတို(၇၁ နှစ်)နှင့် ထရိ(၅၇ နှစ်)တို့မှာ ပြိုင်ဘက်ကင်းသော သမ္မတနှင့် ဒုသမ္မတတို့ ဖြစ်ကြသည်။

နိုင်ငံတွင် အင်အားအကောင်းဆုံး ဥပဒေပြုလွှတ်တော်ဖြစ်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၀၀၀ ပါဝင်သည့် ပြည်သူ့အတိုင်ပင်ခံလွှတ်တော်က အင်ဒိုနီးရှားသမ္မတ ဆူဟာတို(၇၁ နှစ်)ကို နောက်ထပ် သမ္မတသက်တမ်း ငါးနှစ် ထမ်းဆောင်ရန် ကန့်ကွက်သူမရှိ မတ်လ ၁၀ ရက်နေ့က ရွေးချယ်လိုက်သည်။ တပ်မတော်ကထောက်ခံသော ဆူဟာတို၏အစိုးရက ကမ္ဘာတွင်စတုတ္ထလူဦးရေအများဆုံးနိုင်ငံကိုအုပ်ချုပ်၍ လွှတ်တော်မှာ အစိုးရ၏ဆန္ဒအတိုင်း လိုက်လျောရသည်။ သမ္မတနှင့် ဒုသမ္မတကိုရွေးချယ်ရန်



အင်ဒိုနီးရှားနိုင်ငံမြို့တော် ဂျာကာတာ၏ မြို့လယ်ရှုခင်း

လွှတ်တော်ကို ငါးနှစ်တစ်ကြိမ် ရက်သတ္တနှစ်ပတ်ကြာ ကျင်းပ၍ ကျယ်ပြန့်သောဝါဒရေးရာလမ်းညွှန်ချက်များကို သဘောတူရသည်။ အင်ဒိုနီးရှားဓလေ့ထုံးစံမှာ ဆုံးဖြတ်ချက်ကြီးများချမှတ်ရာတွင် သဘောတူညီမှုဖြင့် ပြုလုပ်ရသောကြောင့် မဲမခွဲရပေ။

သမ္မတဆူဟာတိုသည် သူ၏ခြောက်ကြိမ်မြောက် ငါးနှစ်သက်တမ်း သမ္မတရာထူးအတွက် မတ်လ ၁၁ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုသည်။ သူ၏ရည်မှန်းချက်ပန်းတိုင်မှာ တစ်နိုင်ငံလုံးပြည်သူတို့၏ ဘဝသာယာရေးကို ဖော်ဆောင်ရန်ဖြစ်ကြောင်းစသည်ဖြင့် ပြည်သူ့အတိုင်ပင်ခံလွှတ်တော်၌ မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ အစိုးရအဖွဲ့သစ်ကို မတ်လ ၁၇ ရက်နေ့တွင် သမ္မတဆူဟာတိုက ကြေညာခဲ့သည်။

စီးပွားရေးဆက်လက်ဖွံ့ဖြိုးရေးကို ရှေးရှုသောအမြင်ဖြင့် သူ၏အစိုးရအဖွဲ့ကို ရွေးချယ်ခဲ့ကြောင်း သမ္မတဆူဟာတိုက ပြောကြားသည်။ အစိုးရအဖွဲ့တွင် အတတ်ပညာရှင် ၃ ဦးနှင့် တပ်မတော်မှ ၁၀ ဦးပါဝင်သည်။ အဖွဲ့ဝင် ၄ ဦးပါဝင်သော အစိုးရအဖွဲ့သစ်ဖြင့် မတ်လ ၁၉ ရက်နေ့တွင် သမ္မတဆူဟာတို ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ဝန်ကြီးများအနက် ၁၄ ဦးမှာ အင်ဂျင်နီယာအတွေ့အကြုံရှိရာ စက်မှုလက်မှုဖွံ့ဖြိုးရေး၌ ပိုမိုအလေးထားမည်ဖြစ်သည်။

မေလ ၁၁ ရက်နေ့တွင် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့နိုင်ငံများမှ ဝန်ကြီးများ၏အစည်းအဝေးပွဲကို အင်ဒိုနီးရှားနိုင်ငံ နုဆာဒူဝါမြို့တွင်စတင်ရာ သမ္မတဆူဟာတိုက ဖွင့်လှစ်ပေးခဲ့သည်။ မြောက်ပိုင်းချမ်းသာသော နိုင်ငံများ၏ ကံကြမ္မာမှာ တောင်ပိုင်းဖွံ့ဖြိုးဆဲနိုင်ငံများ၏ကံကြမ္မာနှင့် ခိုင်မြဲစွာ ချည်နှောင်ထားကြောင်း သမ္မတဆူဟာတိုက ပြောကြားသည်။

ယင်းအစည်းအဝေးပွဲသို့ အရှေ့အလယ်ပိုင်း၊ အာရှ၊ ဥရောပ၊ အာဖရိကနှင့် အမေရိကတို့မှ ကိုယ်စားလှယ်များနှင့် လေ့လာသူများတက်ရောက်ခဲ့ကြသည်။ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလက ဂျာကာတာမြို့တွင် ကျင်းပခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (နမ်) ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲအပေါ် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရန် ဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၃ - စာ ၂၃၇ ရှု။) ထို့အပြင် ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးဝန်ထုတ်ဝန်ပိုးများ သက်သာမှုရှိစေရန် သီးခြားဆောင်ရွက်ချက်များဖြင့် ချမှတ်လုပ်ဆောင်သွားရန်ကိုလည်းရည်ရွယ်ပေသည်။ အဆိုပါသီးခြားဆောင်ရွက်ချက်များတွင် ကုလသမဂ္ဂကို ပြန်လည်ပြုပြင် ဖွဲ့စည်းရေး၊ ဘက်မလိုက်လှုပ်ရှားမှုအတွင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ကူညီထောက်ပံ့သူများနှင့် မြီရှင်များဖြစ်ကြသည့် ချမ်းသာသောနိုင်ငံများအား တောင်ပိုင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုပါဝင်ဆောင်ရွက်လာစေရန် လုပ်ဆောင်ရေးတို့ဖြစ်သည်။ ၁၀၈ နိုင်ငံပါဝင်သော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် အင်ဒိုနီးရှားနိုင်ငံမှာ ပြဿနာများကို စိတ်ရှည်ရှည်ထားကာ ကြိုးပမ်းဖြေရှင်းရသည်။

ထို့ပြင် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ စီးပွားရေးဝန်ကြီးများ၏ အစည်းအဝေးကလည်း ဇူလိုင်လတွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် စက်မှုခုနစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် သမ္မတဆူဟာတို၏ ကြိုးပမ်းမှုကို အပြည့်အဝ ထောက်ခံခဲ့ကြသည်။ ဆူဟာတိုသည် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဥက္ကဋ္ဌတစ်ဦးအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြဿနာများကို စက်မှုခုနစ်နိုင်ငံ ခေါင်းဆောင်များအားတင်ပြရန် ဆန္ဒရှိနေပေသည်။

ငွေ ကြေးဖောင်းပွမှုကိုထိန်းချုပ်ရန် ၁၉၉၀ ပြည့်နှစ်တွင် ချမှတ်ကျင့်သုံးခဲ့သော တင်းကြပ်သည့် ငွေကြေးဝါဒကို လျှော့ပေါ့လျက် စီးပွားရေးတိုးတက် လာစေရန် ဆောင်ရွက်ချက်သစ်များကို မေလ ၂၉ ရက်နေ့တွင် အစိုးရက ကြေညာခဲ့သည်။ ငွေကြေးဝါဒသစ်ကြောင့် လွန်ခဲ့သောနှစ်နှစ်ကျော်က ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁၀ ရာခိုင်နှုန်းအောက် ကျရောက်သွားခဲ့သည်။ သို့ရာတွင် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၁၉၉၀ ပြည့်နှစ်တွင် ၇ ဒသမ ၄ ရာခိုင်နှုန်းမှ ၁၉၉၁ ခုနှစ်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်းသို့ ကျဆင်း၍ ၁၉၉၂ ခုနှစ်တွင် ၆ ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်။

မေလ ၂၉ ရက်နေ့၌ စတင်အာဏာတည်သော ယင်းဆောင်ရွက်ချက်မှာ ပြေလမှစတင်သော လက်ရှိဘဏ္ဍာရေးနှစ်အတွက် အစိုးရကစီမံထားသည့်အတိုင်း စီးပွားရေးတိုးတက်မှု ၆ ရာခိုင်နှုန်းကို နိုင်ငံက ထိန်းထားရန်ဟု ဆိုလိုသည်။ ၁၉၉၃ ခုနှစ်၊ ပထမသုံးလအတွက် စီးပွားရေးလုပ်ငန်းရှင်များသို့ ဘဏ်ချေးငွေမှာ ၁၁ ဒသမ ၁ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ရာ အစိုးရစီစဉ်ထားသော ၁၇ ရာခိုင်နှုန်းမှ ကျဆင်းသွားခြင်း ဖြစ်သည်။

သမ္မတဆူဟာတိုသည် ဂျပန်ဧကရာဇ် အကီဟီတိုနှင့် ဇူလိုင်လ ၆ ရက်နေ့က တိုကျိုမြို့တွင် တွေ့ဆုံခဲ့သည်။ စက်မှုခုနစ်နိုင်ငံ (ဂျီ-၇) ခေါင်းဆောင်အားလုံးအား ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ အမြင်များကို တိုက်ရိုက်တွေ့ဆုံရှင်းပြခွင့်ရရှိမည်မဟုတ်သော်လည်း ဂျပန်ဝန်ကြီးချုပ် မိယာဇာဝါနှင့် တွေ့ဆုံဆွေးနွေးရခြင်းအပေါ် များစွာ ကျေနပ် အားရမိကြောင်း ဆူဟာတိုက ဂျပန်ဧကရာဇ်အား ပြောကြားခဲ့သည်။ ဂျပန်၊ အမေရိကန်၊ ကနေဒါ၊ အီတလီ၊ ပြင်သစ်၊ ဂျာမနီ၊ ဗြိတိန်နိုင်ငံများပါဝင်သော စက်မှု ၇ နိုင်ငံ ထိပ်သီးအစည်းအဝေးတွင် မိန့်ခွန်းပြောကြားရန် ဆူဟာတို၏ ကြိုးပမ်းချက်မှာ ပယ်ချခံရသည်။ (စက်မှုခုနစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲ-ရှု) သို့ရာတွင် သမ္မတဆူဟာတိုအား ဂျပန်ဝန်ကြီးချုပ် မိယာဇာဝါကတွေ့ဆုံခဲ့ပြီး ဇူလိုင်လ ၇ ရက်နေ့တွင်စတင်သော စက်မှု ၇ နိုင်ငံ ထိပ်သီးအစည်းအဝေးပွဲသို့ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြဿနာများကို သယ်ဆောင်သွားမည်ဖြစ်ကြောင်း မိယာဇာဝါက ကတိပြု ပြောကြားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြဿနာများတွင် ပိုမိုများပြားလာသော ကြွေးမြီပြဿနာများလည်း ပါဝင်ကြောင်း ဆူဟာတိုက မိယာဇာဝါအား ပြောကြားခဲ့သည်။ သမ္မတဆူဟာတိုသည် နေရပ်သို့မပြန်မီ အမေရိကန် သမ္မတ ကလင်တန်နှင့်လည်း တွေ့ဆုံခဲ့သည်။

ကာကွယ်ရေးနှင့် လုံခြုံရေးဝန်ကြီးဟောင်း အငြိမ်းစား ဗိုလ်ချုပ်ကြီး အဗ္ဗဒူလ်ဟာရစ်နဆူးရှင်းမှာ ပြည်ပသို့ ခရီးသွားခြင်းမှ ပိတ်ပင်ထားသူများတွင် မပါဝင်ကြောင်း တပ်မတော်က အထူးသတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ အသက် ၇၅ နှစ်အရွယ်ရှိ ဗိုလ်ချုပ်ကြီး နဆူးရှင်းမှာ အငြိမ်းစားတပ်မတော်အရာရှိများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် လူ့အခွင့်အရေး လှုပ်ရှားဆောင်ရွက်သူများ ၅၀ အနက် တစ်ဦးအပါအဝင်ဖြစ်သည်။ သမ္မတ ဆူဟာတိုမှာ ဒီမိုကရေစီကို သွေဖည်သူအနေဖြင့် ရှုတ်ချသော ကြေညာချက်ကို ၁၉၈၀ ပြည့်နှစ်၊ မေလတွင် ထိုပုဂ္ဂိုလ် ၅၀ က လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုအချိန်မှစ၍ ထိုပုဂ္ဂိုလ် ၅၀ အုပ်စုအဖွဲ့ဝင်များမှာ အင်ဒိုနီးရှား၌ ထင်ရှားသော အတိုက်အခံအုပ်စုဖြစ်၍ ပြည်ပစွက်ဖက်ခြင်းမှ ပိတ်ပင်ထားခဲ့သည်။ နဆူးရှင်းမှာ ၁၉၆၅ ခုနှစ်တွင် ကာကွယ်ရေးနှင့်လုံခြုံရေးဝန်ကြီးဖြစ်၍မအောင်မြင်သော ကွန်မြူနစ်တို့အာဏာသိမ်းရန်ကြိုးပမ်းမှုတွင်လွတ်မြောက်ခဲ့သော်လည်း သူ၏သမီးတစ်ဦး အသတ်ခံခဲ့ရသည်။ ဂျာဗားကျွန်း အလယ်ပိုင်း မက်ဒီယမ်မြို့၌ ၁၉၄၈ ခုနှစ်က ကွန်မြူနစ်တို့အာဏာသိမ်းရန် ကြိုးပမ်းမှုကို သူချေမှုန်းခဲ့သည်။ ၅၀ အုပ်စုက ဆူဟာတိုကို စဉ်ဆက်မပြတ် ဝေဖန်၍ ရာထူးမှထွက်ပေးပြီး နိုင်ငံအတွင်း၌ ဒီမိုကရေစီကို ပိုမိုခွင့်ပေးရန် အကြိမ်များစွာ တောင်းဆိုခဲ့ကြသည်။

အလုပ်သမားများ ဘဝအခြေအနေတိုးတက်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂကို ပြုပြင်ဖွဲ့စည်းသွားရမည်ဖြစ်ကြောင်း ယင်းသို့ ပြုပြင်ဖွဲ့စည်းခြင်းသည် ပြည်ပဖိအားပေးမှုကြောင့် မဟုတ်ကြောင်း အစိုးရက စက်တင်ဘာလ ၇ ရက် နေ့တွင် ပြောကြားခဲ့သည်။ အစိုးရဦးစီးသော သမဂ္ဂများမှအပ အလုပ်သမားသမဂ္ဂ ဖွဲ့စည်းရေးကို အင်ဒိုနီးရှား၌ ပိတ်ပင်ထားဆဲဖြစ်သည်။ ပြုပြင်ဖွဲ့စည်းခြင်းဖြင့် အလုပ်သမားသမဂ္ဂများအား စက်မှုလုပ်ငန်း ၁၃ မျိုးအောက်၌ သီးခြားလွတ်လပ်သော အလုပ်သမားသမဂ္ဂများဖြစ်လာ၍ အင်ဒိုနီးရှားတစ်နိုင်ငံလုံး၏ အလုပ်သမားသမဂ္ဂ အလံတော်အောက်၌ ရှိရမည်ဖြစ်ကြောင်း၊ အလုပ်သမားဌာန၏မူဝါဒသည် စက်မှုကဏ္ဍ ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးရေးပင်ဖြစ်ကြောင်း၊ လူ့အင် အားအသုံးချရေးဝန်ကြီး အဗ္ဗဒူလာတစ်ဗ်က ပြောကြားခဲ့သည်။ နိုင်ငံလုံးဆိုင်ရာ အဖွဲ့အောက်၌ အလုပ်သမားသမဂ္ဂဝင်ပေါင်း သိန်းပေါင်း ၁၇၀ ရှိပြီး ၄င်းတို့မှာ ကုမ္ပဏီပေါင်း ၁၀၆၁၇ ခု၌ အလုပ်လုပ်ကိုင် နေကြသူများ ဖြစ်ကြသည်။

အင်ဒိုနီးရှားနိုင်ငံသည် ပတ်ဝန်းကျင်နှင့် လူ့အခွင့်

အရေး များဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းပြီး အနောက်အုပ်စု၏ ဖိအားပေးမှုကို ခံနေရသည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး အင်ဒိုနီးရှားလက်နက်ကိုင် တပ်များ၏ တပ်မှူး ဗိုလ်ချုပ်ကြီး တန်ဂျွန်က အနောက်အုပ်စုနိုင်ငံများသည် တတိယကမ္ဘာနိုင်ငံများကို နိုင်ငံရေးကျဆုံးမှုအားလုံး၏ဆုံဆည်းရာဒေသအဖြစ် လက်ညှိုးထိုးပြပြီး ၎င်းတို့၏နိုင်ငံရေးစံနှုန်းများကို လက်ခံလာအောင် အဓမ္မသွတ်သွင်းရန် ကြိုးပမ်းလျက်ရှိနေ ကြောင်း၊ ယင်းသို့ အဓမ္မသွတ်သွင်းရန်ကြိုးပမ်းမှုမှာ ကွန်မြူနစ်လုပ်ပုံလုပ်နည်းကဲ့သို့ပင် အန္တရာယ်ကြီးမားကြောင်းဖြင့် စက်တင်ဘာ ၂၂ ရက်နေ့တွင် ဝေဖန် ပြောကြား ခဲ့သည်။

ပေါ်တူဂီကိုလိုနီဟောင်းအရှေ့တီမောကျွန်း၌ လူ့အခွင့်အရေးများ တိုးတက်လာသည်အထိ အင်ဒိုနီးရှားနိုင်ငံသို့ လက်နက်များရောင်းချမှုကို ပိတ်ပင်ထားရန် အမေရိကန်အထက်လွှတ်တော်တွင် အဆိုပြုခြင်းနှင့် စပ်လျဉ်း၍ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး အလီအလာတပ်စ်က စက်တင်ဘာလဆန်းပိုင်းတွင် ကန့်ကွက်ခဲ့သည်။ ယေဘုယျဦးစားပေးစနစ်အရ အမေရိကန်က ပေးအပ်ထားသော ကုန်သွယ်မှုအခွင့်အရေးများကို လိုချင်လျှင် အလုပ်သမားအခွင့်အရေးများနှင့် အခြေအနေများ တိုးတက်ကောင်းမွန် လာစေရန် ဆောင်ရွက် ပေးရမည်ဟု အမေရိကန်က အင်ဒိုနီးရှားနိုင်ငံအား ဖေဖော်ဝါရီလအထိ အချိန်ပေးထားသည်။

**အိန္ဒိယနိုင်ငံ။** ။အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဥတ္တရပရာဒေ့ရှ် ခေါ်ဆိုသည့် ယူပီပြည်နယ်မြောက်ပိုင်းရှိ အယုဒ္ဓယမြို့ငယ်သည် သာယာလှပသော မြို့တစ်မြို့ဖြစ်သည်။ ဆာယုမြစ်ကလည်း မြို့လယ်ကိုဖြတ်၍ စီးဆင်းနေသည်။ သို့ရာတွင် မြို့၏အလှကိုဖျက်စီးစေမည့် ဆိုးဝါးပြင်းထန်လှသော ဖြစ်ရပ်တစ်ခုရောက်ရှိလာတော့သည်။

၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ဟိန္ဒူ ၃၀၀၀၀၀ ခန့်တို့သည် လွန်ခဲ့သောနှစ်ပေါင်း၄၀၀ ကျော်က အမတ်ကြီး မီးရ်ဘာကီတည်ထားကိုးကွယ်ခဲ့သော ဘာဘရီဗလီကြီးကိုဖြိုဖျက်ကာ ယင်းနေရာတွင် ဟိန္ဒူဘုရားကျောင်းတည်ဆောက်ကြသည်။ ယင်းလုပ်ရပ်ကြောင့် အိန္ဒိယနိုင်ငံတစ်ဝန်းလုံးလိုလိုတွင် ဟိန္ဒူမွတ်စလင်ဘာသာရေး အဓိကရုဏ်းများ ဆက်တိုက်ဖြစ်ပွားလာတော့သည်။

အစ္စလာမ်ဘာသာဝင် မဂိုဘုရင်လက်ထက်တွင် ဟိန္ဒူဘာသာဝင်တို့၏အထွတ်အမြတ်ဆုံးကိုးကွယ်ရာဖြစ်သည့်ရာမမင်းသားမွေးဖွားရာမြေနေရာ၌ မွတ်စလင်တို့ကအနိုင်ကျင့်ကာ ဘာဘရီဗလီကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု သမိုင်းမှတ်တမ်းများကို အကိုးအကားပြု၍ ဟိန္ဒူတို့ကတင်ပြကြသည်။

ယင်းဘာသာရေးအဓိကရုဏ်းသည် ဘုံဘေ၊ ကလကတ္တားအပါအဝင် မြို့ကြီးမြို့ငယ်များသို့ပျံ့နှံ့ကူးစက်သွားပြီး ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ် စသောအစ္စလာမ္မစ်နိုင်ငံများသို့ပါ ဂယက်ရိုက်သွားသည်။ အဓိကရုဏ်းကြောင့် စုစုပေါင်းလူ ၁၀၀၀ ကျော် သေဆုံးခဲ့ရသည်။ ပါကစ္စတန်တွင် ဟိန္ဒူဘုရားကျောင်းများ တိုက်ခိုက်ခြင်းခံရသည်။

အစိုးရက ရဲနှင့် စစ်တပ်ကိုစေလွှတ်၍ အဓိကရုဏ်းကို ဟန့်တားကာကွယ်နိုမ်နင်းသည်။ ယူပီပြည်နယ်အစိုးရကိုလည်းဖြုတ်ချကာ ဗဟိုအစိုးရက တာဝန်ယူလိုက်သည်။ ဖြိုဖျက်ခံရသည့်ဗလီကိုလည်း ပြန်လည်တည်ဆောက်ပေးမည်ဟု အစိုးရကပြောကြားသည်။

စင်စစ်အားဖြင့် ယင်းဘာသာရေးအငြင်းပွားမှုသည် ၁၉၈၉ ခုနှစ်မှစတင်ခဲ့သည်။ ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်သူ ရာဂျစ်ဂန္ဒီက ရှိပြီးသားဗလီကို ဖြိုဖျက်ခြင်းမပြုဘဲ ယင်းနေရာအနီးတွင် ဟိန္ဒူဘုရားကျောင်းတည်ဆောက်ရေးကိုသာ ခွင့်ပြုခဲ့သည်။ ဟိန္ဒူဘုရားကျောင်းသည် ဗလီမှ ၅၀ ဒသမ ၅ မီတာကွာရမည်ဟု သတ်မှတ်ခဲ့သည်။

ယင်းနေ့မှစ၍ ဟိန္ဒူဘာသာရေးအယူသည်းသူတို့နှင့် ဘာရတီယာဂျနာတာပါတီတို့က ရာမမွေးမြေပြန်လည်ရရှိရေးကိုလှုံ့ဆော်ခဲ့သည်။ ဟိန္ဒူတို့၏ ခေါင်းဆောင်မှာ အက်ဗာနီဖြစ်သည်။(စွယ်စုံနှစ်ချုပ် ၁၉၉၁-စာ၊၃၂၆-၅)

ဘာသာရေးနှင့် အုပ်ချုပ်ရေး - အိန္ဒိယနိုင်ငံ၏ အခြေခံဥပဒေတွင် အုပ်ချုပ်ရေးနှင့်ဘာသာရေးကို ခွဲခြားထားသည်။ အယုဒ္ဓယမြို့ရှိ ဘာဘရီ ဗလီကိုဖြိုဖျက်ခြင်းသည် ဘာသာရေးနှင့် အုပ်ချုပ်ရေးကို ခွဲခြားထားသည့်မူအား ဖောက်ဖျက်ရာရောက်သည်သာမက ဒီမိုကရေစီလမ်းစဉ်ကိုလည်းကောင်း၊ တရားဥပဒေစိုးမိုးရေးကိုလည်းကောင်း ဖျက်ဆီးရာရောက်သည်ဟု ဝေဖန်ကြသည်။

ထို့ကြောင့် အိန္ဒိယအစိုးရသည် ဘာသာရေးနှင့် အုပ်ချုပ်ရေးကို ခွဲခြားရန်ဥပဒေကြမ်း တစ်ရပ်ပြုစုလျက်ရှိသည်ဟု ၁၉၉၃ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့က ၎င်း၏ ၇၂နှစ်မြောက်မွေးနေ့အခမ်းအနားတွင်ဝန်ကြီးချုပ်နာရာဆင်ဟာရောင်ကပြောကြားသည်။ ယင်းမှာ ဟိန္ဒူအခြေခံဝါဒီများ အရှိန်အဝါတက်ကြွလာမှုကို ဟန့်တားနိုင်စေရန်အတွက် ဖြစ်သည်။

ယင်းကြိုးပမ်းချက်များကို ဘာရတီယာဂျနာတာပါတီ (ဘီဂျေပီ)က ခါးခါးသီးသီးကန့်ကွက်ခဲ့သည်။ အခြားအတိုက်အခံတို့ကလည်း စုပေါင်းကန့်ကွက်ကြသောကြောင့် ယင်းအစီအစဉ်ကိုရွှေ့ဆိုင်းထားလိုက်ရသည်။ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဗိုပါလ်မြို့၌ ဟိန္ဒူဘာသာဝင် ထောင်သောင်းချီ၍ ရောက်၏ဘာသာရေးနှင့်အုပ်ချုပ်ရေး ခွဲခြားထားသည့် ဥပဒေကြမ်းကို ဆန္ဒပြကန့်ကွက်ကြသည်။ ဟိန္ဒူဘာသာရေး



**အယုဒ္ဓယမြို့ရှိ ဘာဘာရီဗလီကို ဟိန္ဒူဘာသာဝင်များက ဝင်ရောက်စီးနင်း ဖြိုဖျက်နေကြစဉ်**

အစွဲအလမ်းရှိသူများကြောင့်ဘီဂျေပီ၏အင်အားမှာ တောင့်တင်းလာသည်။

**ပြဿနာအထွေထွေ** – ၁၉၆၅ ခုနှစ်မှစ၍လက်နက်ကိုင်ဆန့်ကျင်လျက် ပြည်နယ်ခွဲထွက်ရေးတောင်းဆိုနေသော ဂျမ္မူ၊ ကက်ရှ်မီးယားဒေသအရေး၊ ၁၉၈၀ ပြည့်နှစ်မှစ၍ ခါလစ်စတန်နိုင်ငံထူထောင်ရန် တောင်းဆိုနေသော ဆစ်ခ်ဘာသာဝင်အမျိုးသားများအရေး၊ အာသမ်ပြည်နယ်မှ ဘိုဒိုသူပုန်များကိစ္စ၊ နာဂပြည်နယ်အမျိုးသားအချို့က **ပြည်နယ်ခွဲထွက်**ရေးတောင်းဆိုသည့်ပြဿနာ အစရှိသည့် **အမျိုးမျိုး**အဖုံဖုံသော ပြဿနာများကို ဝန်ကြီးချုပ်ရောင်းနှင့် ၄င်း၏အစိုးရအဖွဲ့က ရင်ဆိုင်ပြီးဖြေရှင်းနေရဆဲ ဖြစ်သည်။

**အယုံအကြည်မရှိအဆို** – ပြဿနာများကို တည်တည်ငြိမ်ငြိမ်နှင့် ဖြေရှင်းနေဆဲမှာပင် ဝန်ကြီးချုပ် ရောင်းနှင့် ပတ်သက်သည့် လာဘ်စားမှုသတင်း ပေါ်ထွက်လာခဲ့သည်။ ယင်းမှာ ဘုံဘေမြို့မှ စတော့ရှယ်ယာပွဲစား ဟာရှတ်မဲထား

**အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် နာရာဆင်ဟာရောင်း**



ဆိုသူက ဝန်ကြီးချုပ် ရောင်းအား ရူပီးငွေ ၁၀ သန်း (ဒေါ်လာ ၃,၂၀,၀၀၀) ပေးရသည်ဆိုသော အမှုဖြစ်သည်။ ယင်းကိစ္စအပါအဝင် အခြားသောပြဿနာများကိုအကြောင်းပြု၍ ၁၉၉၃ ခုနှစ်၊ ဇူလိုင်လတွင် အစိုးရအဖွဲ့အပေါ် အယုံအကြည်မရှိကြောင်းအဆိုကို အတိုက်အခံတို့က ပါလီမန်တွင် တင်သွင်းခဲ့သည်။ ဤတစ်ကြိမ်တွင် ရောင်းအစိုးရ သေချာပေါက် ရှုံးနိမ့်လိမ့်မည်ဟု ဘီဂျေပီပါတီနှင့် ကွန်မြူနစ်ပါတီခေါင်းဆောင်များက ဟောကိန်းထုတ်ကြသည်။ ပါလီမန်၌ သုံးရက်တိုင်တိုင် တစ်ဖက်နှင့်တစ်ဖက် အချေအတင်ပြောကြားကြပြီးနောက် မဲခွဲသောအခါ အယုံအကြည်မရှိအဆိုကို ထောက်ခံသူ ၂၄၈ မဲ၊ ကန့်ကွက်သူ ၂၆၂ မဲဖြင့် ဝန်ကြီးချုပ်ရောင်းက နှာတစ်ဖျားဖြင့် အနိုင်ရရှိခဲ့သည်။

ဗုံးပေါက်ကွဲမှု – ၁၉၉၃ ခုနှစ်၊ မတ်လတွင် ဘုံဘေမြို့၌ ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုမှာ ဘာသာရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့နှင့် ဆက်နွယ်နေသည်ဟု သိရှိရသည်။ ဘဏ်တိုက်များ၊ စီးပွားရေးအဆောက်အဦ များနှင့် လူစည်ကားရာရပ်ကွက်များ၌ ဗုံးများတစ်ပြိုင်နက်လိုလို ပေါက်ကွဲခဲ့သည်။ မတ်လ ၁၄၊ ၁၆၊ ၁၉ ရက်နေ့များတွင် နေရာ ၁၉ နေရာ၌ ဗုံးများပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။ လူအသေအပျောက်များသည်ဟု သိရှိရသည်။ ဗုံးပေါက်ကွဲမှုကို စုံစမ်းထောက်လှမ်းသောအခါ ဖောက်ခွဲသူ ဇနီးမောင်နှံသည် ပါကစ္စတန်နိုင်ငံသို့ထွက်ပြေးလွတ်မြောက်သွားသည်ဟု သိရှိရသည်။ ဗုံးဖောက်ခွဲမှုနှင့် စပ်လျဉ်း၍ ပါကစ္စတန်နိုင်ငံအား သံသယရှိခဲ့သည်။

စီးပွားရေး – အိန္ဒိယနိုင်ငံသည် ပြည်တွင်းစက်မှုလုပ်ငန်းများ၌ ခေတ်မီစွာလုပ်ဆောင်ခဲ့သည့်အပြင် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ၊ ဈေးကွက်ဖွင့်လိုသူများကို လိုက်လှဲစွာ ဖိတ်ခေါ်ခဲ့သည်။

၁၉၉၃ခုနှစ်၊ဇူလိုင်လလယ်တွင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၂၀ ကို ခွင့်ပြုခဲ့သည်။ ကိုးကိုးစားသောက်ဖွယ်လုပ်ငန်းကြီးဖြစ်သော "မားစ်" ကုမ္ပဏီကိုလည်းကောင်း၊ အသားညှပ်ပေါင်မုန့် (ဟမ်ဘာဂါ) ရောင်းချသော ကုမ္ပဏီကိုလည်းကောင်း ခွင့်ပြုခဲ့သည်။ ကုမ္ပဏီ ၂၀ ၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် ရူပီးငွေ သန်း ၂၀၀ ဖြစ်သည်။

ငွေပင်ငွေရင်းမြှုပ်နှံမှုဆိုင်ရာကော်မတီကို လွန်ခဲ့သောနှစ်နှစ်က ဖွဲ့စည်းခဲ့ရာ ယခုအထိ ရူပီငွေကျပ် ဘီလီယံ ၁၆ ဒသမ ၂၀ တန်စီးပွားရေးအဖွဲ့များကို စိစစ်ပြီးဖြစ်သည်။ ဒေါ်လာ ၁၀ သန်းတန် ရင်းနှီးမြှုပ်နှံမှုများကို ဟာယနပြည်နယ်နှင့် နီမာချားလ်ပရဒေ့ရှ်နယ်များ၌ နှစ်နှစ်အတွင်း ထူထောင်မည်ဖြစ်သည်။

အိန္ဒိယထုတ်ရောင်းဝယ်သွင်းဘဏ် (အိတ်ဇင်း) သည် ၁၉၉၂ – ၉၃ ခုနှစ်တွင်း အသားတင်အမြတ် ရူပီး ၄၆၇ သန်းရသဖြင့် ယခင်နှစ်က မြတ်ငွေ ၃၇၆ သန်း ထက်ပိုလာသည်။ မတ်လ ၁ ရက်နေ့တွင် ရရှိသော သတင်းအရ အိန္ဒိယပြည်သူ တစ်ဦး၏ပျမ်းမျှဝင်ငွေသည် ဒေါ်လာ ၂၀၀ ဖြစ်သည်။ မေလတွင် အစိုးရလက်ဝယ် နိုင်ငံခြားငွေဒေါ်လာ ၇၀၀ ဘီလီယံ ရှိသည်

ပြည်ပဆက်ဆံရေး – အိန္ဒိယနိုင်ငံသည်အာဂျင်တီးနားနိုင်ငံနှင့် ကျယ်ကျယ်ပြန့်ပြန့်စီးပွားရေးဖက်စပ်လုပ်ငန်းများထူထောင်သွားမည်ဟု စက်မှုကုန်သွယ်ရေး တွဲဖက်ကုန်သည်ကြီးများအသင်းက ကြေညာသည်။ ဖက်စပ်လုပ်ငန်းများတွင် မော်တော်ယဉ်များ အကြီးစားအင်ဂျင်နီယာ လုပ်ငန်းများ၊ သတ္တုတွင်းများ၊ ဆေးဝါးနှင့် ဓာတုဗေဒပစ္စည်းထုတ်လုပ်မှုများ ပါဝင်သည်ဟု သိရှိရသည်။

အိန္ဒိယဝန်ကြီးချုပ် ရောင်းသည် တရုတ်နိုင်ငံပီကင်းသို့ စက်တင်ဘာလ ၆ ရက်နေ့တွင် ရောက်ရှိသည်။ ၇ ရက်နေ့တွင် တရုတ်ဝန်ကြီးချုပ်လီပင်းနှင့် နယ်စပ်ပြဿနာများ ဆွေးနွေးကာ မိုင် ၂၅၀၀ ရှည်သော နယ်နိမိတ်ရှိ နှစ် ဘက်အစောင့်တပ်များ ရုပ်သိမ်းကြရန် သဘောတူလက်မှတ်ရေးထိုးသည်။

အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် ၁၉၆၁ ခုနှစ်တွင် နယ်စပ်တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် အိန္ဒိယဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီ ပီကင်းသို့သွားရောက်သောအခါ နှစ်နိုင်ငံသင့် မြတ်သွားသည်။ ၁၉၉၁ ခုနှစ်တွင် တရုတ်ဝန်ကြီးချုပ် လီပင်းဒေလီသို့ ရောက်ခဲ့ဖူးသည်။ ထိုစဉ်က တိဗက်အမျိုးသားတို့ လှုပ်ရှားမှုကြောင့် ကောင်းစွာ မဆွေးနွေးခဲ့ရပေ။ နယ်စပ်စစ်တပ်များ ရုပ်သိမ်းကြကာ သင့်မြတ်သွားပြီး နောက်စီးပွားရေး ကုန်သွယ်ရေးလုပ်ငန်းများ ဆက်ဆံလုပ်ကိုင်သွားကြရန် သဘောတူကြသည်။ (တရုတ်နိုင်ငံ – ရှု။)

စစ်အင်အား – နောက်ဆုံးသိရသော သတင်းများအရ အိန္ဒိယနိုင်ငံတွင် ကြည်း၊ ရေ၊ လေ စစ်သည်ပေါင်း ၁,၃,၀၀,၀၀၀ ကျော် ရှိသည်ဟု ဆိုသည်။ ရေတပ်တွင် စစ်မှုထမ်း ၅၂,၀၀၀ ရှိသည်။ သင်္ဘောများ၊ လေယာဉ်တင်သင်္ဘောကြီးများနှင့် ရေငုပ်သင်္ဘောများ အခိုင်အလုံဖွဲ့စည်းထားရှိသည်။ သင်္ဘောများမှာ များသောအားဖြင့် ဆိုဗီယက်လုပ် သင်္ဘောများဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပျက်စီးသွားသောအခါ အမေရိကန် ဗြိတိန်တို့နှင့် စစ်ဘက်ဆိုင်ရာတွင် ပို၍ရင်းနှီးသွားသည်။ အိန္ဒိယရေတပ်သည် အမေရိကန်ရေတပ်နှင့်လည်းကောင်း၊ ဗြိတိသျှရေတပ်နှင့်လည်းကောင်း ပူးတွဲစစ်ရေးလေ့ကျင့်ခဲ့သည်။

အိန္ဒိယတပ်မတော်တွင် ခေတ်မီလက်နက်များ အသုံးပြုလျက်ရှိရာ ယခုအခါ ဒုံးကျည်လက်နက်ကိုပင် ထုတ်လုပ်အသုံးပြုနိုင်သည်။ ထိုတွင်သာမက နျူးကလီးယားလောင်စာများကို ပြည်တွင်း၌ပင်ထုတ်လုပ်တော့မည်ဟု နျူးကလီးယားသိပ္ပံဆိုင်ရာ ထိပ်တန်းပညာရှင် တစ်ဦးက စက်တင်ဘာလ ၁၃ ရက်နေ့တွင် ဖွင့်ဟပြောကြားသည်။

**မြေငလျင်လှုပ်မှု** – ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက် နံနက် အရုဏ်တက် ၃ နာရီခွဲလောက်တွင် ဘုံဘေမြို့အရှေ့ဘက် မိုင် ၂၄၀ ကွာဒေသကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၆ ဒီဂရီရှိသော မြေငလျင်လှုပ်ရာ မဟာရဋ္ဌပြည်နယ် မြို့ကြီးနှစ်မြို့အပါအဝင် ကျေးရွာ ၅၀၀၀ ပျက်စီးကာ လူ ၂၁,၀၀၀ သေဆုံးပြီး ၂၈,၀၀၀ ဒဏ်ရာရသည်။ (သဘာဝဘေးဒဏ်– ရှု။)

၁၉၈၄ ခုနှစ်တွင် ဗိုပါလ်မြို့ ယူနီယံကာဘိုက်ကုမ္ပဏီကြောင့် လူ ၄၀၀၀ သေဆုံးခဲ့ရသည်ထက် အဆများစွာ ပျက်စီးသေဆုံးခဲ့သည်။ ဘုံဘေမြို့မှ မဒရတ်မြို့အထိ ကျယ်ပြန့်သော နယ်မြေအတွင်းရှိ အိုးအိမ်တိုက်တာများ လှုပ်ရှားသွားသည်။ ကော်လိုရာဒိုနယ်ရှိ မြေငလျင်တိုင်းထွာရေးဌာန၏ အဆိုအရ မြေငလျင်လှုပ်နှုန်းသည် ရစ်ချ်တာစကေး ၆ ဒသမ ၄ ရှိသည်ဟုဆိုသည်။

ငလျင်ဒဏ်ခံရသည့်ဒေသသို့ တောင်ပိုင်းစစ်ဌာနချုပ်မှ တပ်သား ၉၀၀၀ ကို ချက်ချင်းအမြန်ပို့လိုက်သည်။ ဆေးဝါး၊ ရိက္ခာ၊ ငွေကြေးများ အမြန်ပံ့ပိုးလျက်ရှိရာ အမေရိကန်အစိုးရက ဒေါ်လာ ၂၅,၀၀၀ ထည့်ဝင်လှူဒါန်းသည်။

**ဦးဘသောင်း**

**အမ်ခိုင်မြဘိုးချိန်၊ဦး(ခရစ် ၁၉၂၆–၁၉၉၂)**။ ။ သတင်းစာဆရာ၊ အယ်ဒီတာဦးအမ်ခိုင်မြဘိုးချိန်ကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ်တွင်အဖဦးအမ်ဘိုးချိန်၊ အမိဒေါ်ဖိတို့မှ ၁၉၂၆ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့၌ မွေးဖွားသည်။

၁၉၃၁ခုနှစ်၌ ကန်တော်ကလေး ထီးတန်းဝမ္မာရုံ ဖြတ်လမ်းရှိ ဆရာကြီးဦးလှဖေကျောင်းတွင် သူငယ်တန်းမှစ၍ ပညာသင်ကြားသည်။ စတုတ္ထတန်းကို စကောလားရှစ်ဖြင့် အောင်မြင်ခဲ့သည်။ ထို့နောက်မြို့မကျောင်းသို့ ပြောင်း၍ပညာသင်ကြားခဲ့သည်။ ၁၉၄၀ ပြည့်နှစ်၊ ဆဋ္ဌမတန်းအရောက်တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်သည်။ စစ်ပြီးနောက်ပိုင်းရေကျော်မက်သဒစ်ကျောင်းတွင် ဆက်လက်ပညာသင်ကြားရာ ၁၉၄၇ ခုနှစ်တွင် ၁၀ တန်း အောင်မြင်သည်။



သတင်းစာဆရာကြီး
အမ်ခိုင်မြဘိုးချိန်

၁၀ တန်းအောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာသင်ကြားစဉ် ၁၉၅၀ပြည့်နှစ်၌၊ တက္ကသိုလ်ကျောင်းသားသမဂ္ဂတွင် အမှုဆောင်အဖွဲ့ဝင်ဖြစ်ခဲ့သည်။ ၁၉၅၁–၅၂ ခုနှစ်တွင် အိုးဝေမဂ္ဂဇင်းအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ အိုးဝေမဂ္ဂဇင်းတွင် တက္ကသိုလ်ဖိုးပျိုကလောင်အမည်ဖြင့် ဆောင်းပါးများရေးသားခဲ့သည်။ ထို့နောက်ကျောင်းမှထွက်၍ ချောက်မြို့အထက်တန်းကျောင်းတွင် အထက်တန်းပြဆရာအဖြစ် အမှုထမ်းသည်။ ဆရာဒေါ်ဆင် နည်းပြကျောင်းတွင် သမိုင်းဘာသာပြဆရာအဖြစ်လည်းကောင်း၊ ဦးလှဖေဝင်းတက္ကသိုလ်တွင် အချိန်ပြည့်ဆရာအဖြစ်လည်းကောင်းသင်ကြားပို့ချခဲ့သည်။

ထို့နောက်သမာဓိ၊ မြန်မာ့အလင်းသတင်းစာတိုက်များတွင် အယ်ဒီတာအဖြစ်အမှုထမ်းဆောင်ပြီး နယူးတိုင်းသတင်းစာ၊ ဟံသာဝတီသတင်းစာ၊ နေ့ရှင်း၊ တိုးတက်ရေး၊ သူရိယသတင်းစာတိုက်များတွင် သတင်းထောက်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ သတင်းစာတိုက်များ ပြည်သူပိုင်သိမ်းသည့်အခါ၌ သတင်းစာလုပ်ငန်းရပ်နားပြီး တောင်ဥက္ကလာပမြို့တွင် နေထိုင်ကာ ဆရာဦးခိုင်မြ အမည်ဖြင့် ကျောင်းဖွင့်ကာသင်တန်းများပို့ချခဲ့သည်။

၁၉၆၉ခုနှစ်တွင်၊ အမှတ် ၁၆၃၊ အခန်း(၁၈) ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်တွင် ကိုယ်ပိုင် နည်းပြသင်တန်းဖွင့်ခဲ့သည်။ ထို့နောက်သင်တန်းအား ရပ်သိမ်းပြီး မိသားစုနှင့်အတူ စျေးရောင်းချ၍အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။

တစ်ခေတ်တစ်ချိန်က ကျော်ကြားခဲ့သည့် သမာဓိသတင်းစာတွင် သတင်း၊ သတင်းဆောင်းပါးနှင့် ခေါင်းကြီးပိုင်းများ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ဆောင်းပါးများ ရေးသားခဲ့သူ သတင်းစာဆရာ၊ အယ်ဒီတာ ဦးအမ်ခိုင်မြဘိုးချိန်သည် ၁၉၉၂ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့၌ ရန်ကုန်မြို့တွင်ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်၌ ဇနီး ဒေါ်လှသင်းနှင့် သမီးသုံးယောက်ကျန်ရစ်သည်။

# အက္ခရာစဉ်အညွှန်း

## မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၄)

ဤမြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ပါဆောင်းပါးများနှင့်အကြောင်းရပ်များကိုတစ်ပုဒ်ချင်း ဖတ်ရှု လေ့လာနိုင်သည့်အပြင် ရည်ညွှန်းကိုးကားဖွယ် အကြောင်းအရာတို့ လွယ်လင့်တကူ အလျင်အမြန်ရှာဖွေလိုပါကလည်း အက္ခရာစဉ်အညွှန်းကို အသုံးပြုနိုင်ပါသည်။ ရည်ညွှန်းကိုးကားဖွယ် အကြောင်းရပ်၏ အမည်ကိုဖတ်ရှုနိုင်သည့် ဆိုင်ရာစာမျက်နှာ အမှတ်နှင့် ယှဉ်တွဲဖော်ပြထားပါသည်။


### က

ကနေဒါနိုင်ငံ ၁၁၄၊ ၁၁၅။
ကရာချတ် ၂၆၃–၂၆၆။
ကလေးငယ်များ ၈၅၊ ၂၀၈။
ကလေးသူငယ်ဥပဒေ ၆၀။
ကလော့စ်, ဗက်ကလပ် ၁၅၃၊ ၁၅၄၊ ၁၆၀။
ကလင်တန်, ဘီလ် ၁၈၃၊ ၁၉၀၊ ၂၈၄။
ကာကွယ်ဆေး ၈၅။
ကီယက်, မိုဗန်၊ ဝန်ကြီးချုပ် ၂၃၀။
ကုလသမဂ္ဂ ၁၁၆၊ ၁၃၉၊ ၁၄၀။
၁၈၀၊ ၂၄၃၊ ၂၄၄။
ကုလသမဂ္ဂကွန်ဗင်းရှင်း ၅၆။
ကုလသမဂ္ဂငြိမ်းချမ်းရေး ၂၀၅။
ထိန်းသိမ်းမှု မစ်ရှင်အဖွဲ့
ကူရှံဟ ၂၆၃၊ ၂၆၄။
ကေလာသ၊ ဆရာတော်ဘဒ္ဒန္တ ၃၆။
ကော့ဆစ်, ဒိဘရိကာ ၂၆၉။
ကိုကိုလေး၊ ဦး ၁၄၀။
ကိုဆိုမို– မိတ်ိုဟိကျာ ၂၆၉။
ကိုရီးယားသမ္မတနိုင်ငံ ၅၊ ၆၊ ၇၊ ၂၄၊
၂၂၉၊ ၂၃၁၊ ၂၃၈။
ကင်ဆာရောဂါ ၈၃၊ ၈၄။
ကုဏ္ဍလ၊ ဆရာတော် ဘဒ္ဒန္တ ၃၆။
ကန္တာချုပ် ၁၈၅။
ကုန်သွယ်ရေးစစ် ၉၀။
ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး ၈၅။
ကမ္ဘာ့စီးပွားရေး ၈၇၊ ၈၉–၉၁။
ကမ္ဘာ့ပိုကုန်များ ၉၀။
ကမ္ဘာ့အိုလံပစ်ပွဲတော် ၁၉၁။
ကမ္ဘောဒီယားနိုင်ငံ ၁၀၊ ၁၆၊ ၂၆၊ ၁၁၈
၁၂၁၊ ၁၄၀–၁၄၉။
ကမ်းဘဲလ်, ကင်မ် ၁၁၅၊ ၁၈၃။
ကျော်ဝင်း၊ ဦး ၁၅၀၊ ၁၅၁။
ကျောက်ကျွံယန် ၁၈၇။
ကျောက်မျက်ရတနာပြပွဲ ၄၊ ၂၉။
ကျွန်စိမ်း ၁၈၇၊ ၁၈၈။
ကျန်းမာရေး ၈၁–၈၅။
ကြူရတနာမောင်မြကြိုင် ၁၅၁။
ကြက်ခြေနီ ၂၂၆၊ ၂၂၈။
ကွာရိုရှို, မိုအင်း ၂၁၈၊ ၂၁၉။

### ခ

ခမာနီ ၁၄၀–၁၄၉။
ခရုစ္စတိုဟ, ဝါရင်း ၂၁။
ခါစဘူလာတော့ဗ်, ရုစလန် ၂၇၉၊ ၂၈၀၊
၂၈၂၊ ၂၈၄၊ ၂၈၆။
ခေမာစာရာဘိဝံသ၊
ဆရာတော် ဘဒ္ဒန္တ ၃၆။
ခင်ညွန့်၊ ဒုတိယ ဗိုလ်ချုပ်ကြီး ၃၊ ၈၊ ၁၀၊
၁၂၊ ၁၃၊ ၁၄၊
၁၈–၂၀၊ ၂၂–၂၄၊
၂၇–၃၀၊ ၃၂၊ ၄၈၊
၈၀၊ ၉၃၊ ၁၀၂၊ ၂၂၈။
ခိုးလ်, ဟဲလ်မွတ် ၁၇၃၊ ၁၇၄၊ ၁၈၃။
ချာနိုမြာဒင်, ဗစ်တာ ၂၇၇၊ ၂၈၂။
ချက်နှင့် စလိုဗက် ၁၅၂–၁၆၀။
ချက်သမ္မတနိုင်ငံ ၁၅၈။
ခွဲစိတ်ကုသခြင်း ၂၉၃၊ ၂၉၄။
ချွန်လီပိုင် ၂၀၅၊ ၂၀၇–၂၀၉။

### ဂ

ဂရာချက်ဗ်, ပေဗယ် ၁၇၄၊ ၂၈၀၊ ၂၈၈။
ဂါဒီယိုဂလူကို, မာမက် ၁၉၃။
ဂါလီ, ဘူထရိုစ် ၁၃၅–၁၃၇။
ဂိုက်ဒါ, ယေဂါ ၂၇၇၊ ၂၇၉။
ဂုဏ်ထူးဆောင်ဘွဲ့များ၊ဂုဏ်ထူး
ဆောင်တံဆိပ်များ(၁၉၉၃) ၁၆၀–၁၆၂။
ဂေါ်အဖွဲ့ ၉၀။
ဂျပန်နိုင်ငံ ၁၇၊၈၇၊၁၆၃–၁၆၉၊
၃၀၃၊၃၀၅၊၃၀၆၊၃၂၁။
ဂျာမနီနိုင်ငံ ၁၆၊၁၆၉–၁၇၄။
ဂျိုဆဲဗင်း(ခုနစ်နိုင်ငံအုပ်စု) ၁၈၃။
ဂျူနေဂျို,မိုဟာမွက်ခန် ၂၁၅။
ဂျော်ဂျီယာသမ္မတနိုင်ငံ ၁၇၅–၁၈၂။

### စ

စပရက်တာလေကျွန်း ၁၉၁။
စယ်၊ငါ ဘက်စုံစိုက်ပျိုးမွေးမြူရေး ၁၈၂–၁၈၃။
စပိန်နိုင်ငံ ၈။
စလိုဗက်နိုင်ငံ ၁၅၈။
တပေနှင့် တနယ်စင်းအဖွဲ့ ၃၂။
တပေဗိမာန်တပေဆုများ ၂၄၉၊၂၅၀။
စီလာကို ၁၉၄။
စီးပွားရေး ၈၇–၉၁။
စီးပွားရေးလုပ်ငန်းများ
(မြန်မာနိုင်ငံ) ၂၅၇၊၂၅၈။
စုစုပေါင်း ပြည်တွင်းထုတ်ကုန် ၈၈၊၈၉။
(ဂျီဒီပီ)
စက်မှုနှစ်နိုင်ငံထိပ်သီး
ဆွေးနွေးပွဲ ၂၀၊ ၁၈၃၊ ၁၈၄။
စက်ရုပ်သစ်များ ၂၅၈၊ ၂၅၉။
စက်သွင်းသဘင် ၄၄။
စိုက်ပျိုးရေး ၂၁၁၊ ၂၁၂။
စင်ကာပူနိုင်ငံ ၂၊ ၁၆၊ ၁၇၊ ၁၈။
စိန်ဝင်း၊ ဦး ၁၈၄–၁၈၆။

### ဆ

ဆူရှမီ ၁၈၂။
ဆူဟာတို ၂၁၊ ၃၁၈–၃၂၂။
ဆေးရုံသစ်များ ၂၅၆၊ ၂၅၇။
ဆိုမားလီးယားနိုင်ငံ ၂၁၊ ၂၂၊ ၁၂၇–၁၃၁။
ဆိုက်ပရပ်နိုင်ငံ ၄၊ ၁၃၃၊ ၁၃၄။

# အက္ခရာစဉ်အညွှန်း


ဓ

ဓိရင်နော့စကီး ၂၈၉။
ဓူဝမ်လီ ၁၉၀။
ဓော်လွင်၊ ရုပ်ရှင်သရုပ်ဆောင် ၁၈၆၊ ၁၈၇။

တ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၂၊ ၁၃၊ ၁၅၊ ၁၆၊
၁၈၇–၁၉၁၊ ၂၄၄၊ ၃၀၅။
တာလာဘာနီ ၁၉၂။
တိဗက် ၁၉၁။
တိရစ္ဆာန် ဥယျာဉ်ငယ် ၈၅။
တူရကီ ၁၉၁၊ ၁၉၂။
တေဇောသာရာဘိဝံသ၊
ဆရာတော်ဘဒ္ဒန္တ ၃၆။
တောမီး ၃၀၄။
တင်ထွေး၊ ဦး ၁၉၆။
တင်ထွန်း၊ ဒုတိယ
ဗိုလ်ချုပ်ကြီး ၈၊ ၉၊ ၂၉။
တင်ဦး၊ ဒုတိယ ၃၊ ၄၊ ၁၂၊ ၁၃၊
ဗိုလ်ချုပ်ကြီး ၁၇၊ ၂၀၊ ၂၃၊ ၂၈၊ ၈၀။
တောင်လေးလုံးဆရာတော်ဘုရား ၄၁။
တောင်အာဖရိက ၁၃၆၊ ၁၃၇။

ထ

ထင်ရှားသော ကွယ်လွန်သူ
ပုဂ္ဂိုလ်များ ၁၉၇–၂၀၃။
ထိုင်းနိုင်ငံ ၂၀၄–၂၀၉၊ ၂၄၄။

ဒ

ဒဂုံကုန်တိုက် ၂၀။
ဒိမိုရယ်, ဆူလေမန် ၁၉၂၊ ၁၉၄၊ ၁၉၅။
ဒိုအီ ၁၆၆။

ဓ

ဓမ္မကထိက ဗဟုဇနဟိတဓရ ၃၄။

န

နဆူးရှင်း, အဗ္ဗဒူလ်ဟာရစ်၊ ဗိုလ်ချုပ်ကြီး ၃၂၁။
နယူတန်ကွန်ပျူတာ ၂၃။
နယူးယောက်မြို့ ၅။
နာရူဟီတို ၁၆၃။
နိုင်ငံခြားကုမ္ပဏီရုံးခွဲများ ၁။
နိုင်ငံခြားငွေ လဲလှယ်နှုန်း ၉၁။
နိုင်ငံခြားငွေလက်မှတ်များ ၂၅၁။
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု ၁၅၊၁၆၊၃၄၊
တည်ဆောက်ရေးအဖွဲ့ ၄၅၊၅၅၊၅၇၊၁၆၁။
နန္ဒဝံသ၊ ဆရာတော်ဘဒ္ဒန္တ ၃၆။
နန္ဒိယ၊ ဆရာတော် ဘဒ္ဒန္တ ၃၅။
နယ်စပ်ဒေသနှင့် တိုင်းရင်းသား
လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး
ဥပဒေ ၆၁၊ ၂၀၉–၂၁၁။
နွေစပါး ၂၁၁၊၂၁၂။

ပ

ပရိမာသာဒါ ၁၄၊၃၀၇၊၃၀၈။
ပါကစ္စတန်နိုင်ငံ ၁၂၊၁၆၊၂၈၊၂၁၂–၂၁၉။
ပါလက်စတိုင်း ၃၁၁–၃၁၄။
ပဲခူးမြို့မ ဆရာတော် ၄၀။
ပေါ်ဦးသက်(ပန်းချီ) ၂၂၀၊၂၂၁။
ပဏ္ဍဝ၊ ဆရာတော် ဘဒ္ဒန္တ ၃၆။
ပဏ္ဍိတ သိရိ၊ ဆရာတော် ဘဒ္ဒန္တ ၃၇။
ပြင်သစ် သမ္မတနိုင်ငံ ၁၃၊၁၆၊၂၂၁၊
၂၂၂–၂၂၉။
ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ၂၅၊၂၈၊
ဖွံ့ဖြိုးရေးအသင်း ၇၁–၈၀။
ပြည်ထောင်စု မြန်မာနိုင်ငံတော်
တပေနှင့် တနယ်ဖင်းအဖွဲ့
ပထမအကြိမ် ညီလာခံ ၂၂၃–၂၂၅။

ဖ

ဖလော့ရင့်နိုက်တင်ဂေးဆု ၂၀၊၂၂၆၊၂၂၈။
ဖိလစ်ပိုင်နိုင်ငံ ၄။
ဖက်ဆစ်တော်လှန်ရေး ၁၈၅။
ဖွံ့ဖြိုးဆဲနိုင်ငံများ ၉၀။
ဖွံ့ဖြိုးရေးလုပ်ငန်းများ ၂၁၀။
ဖွဲ့စည်းပုံ အခြေခံဥပဒေ ၆၂–၇၀။

ဗ

ဗီယက်နမ် ၁၉၀၊၁၉၁၊၂၂၉–၂၃၁။
ဗိုဗန်ကီယက် ၂၃၁။
ဗိုင်းရပ်စ် အသည်းရောင်
အသားဝါရောဂါ (ဘီ) ၈၁–၈၅။
ဗစ်ဆိုကာကစ်,ကွန်စတန်ဆင် ၂၆၉။
ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့
ပြန့်ပွားရေး ဆောင်ရွက်ချက်များ
(၁၉၉၃) ၂၃၂–၂၃၈။
ဗန့်စ်, ဆိုင်းရပ်စ် ၂၆၇။
ဗိုလ်ကျော်ဆန်း ၂၃၈၊၂၃၉။
ဗိုလ်ချုပ်အောင်ဆန်း ၁၈၅။
ဗိုလ်ဇင်ယော် (ရဲဘော်သုံးကျိပ်) ၂၃၉၊၂၄၀။
ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်) ၂၄၀၊၂၄၁။
ဗိုလ်လက်ျာ ၁၈၄။
ဗြိတိန် ၂၊၆၊၂၇၁–၂၇၇။

ဘ

ဘာဘာရိဗလီ ၃၂၂။
ဘိရိုဗစ်,အလီဂျာအက်ဇက် ၂၆၉။
ဘူတို,ဘီနဇီ ၂၁၂–၂၁၉။
ဘေးမဲ့တော ၈၄၊ ၈၅။
ဘောဘဒေါ်, အက်ဒွပ် ၂၂၁။
ဘောလုံး ၄၊ ၅၊ ၁၅။
ဘော့စနီးယား– ၁၇၊ ၁၂၁–၁၂၇၊
ဟာဇီဂိုဗီးနား ၁၈၄။
ဘတ်ကင်ဟမ်နန်းတော် ၂၇၅။
ဘုန်းတော်ကြီးကျောင်းပညာရေး ၂၃၂၊ ၂၃၃။
ဘယ်ရီဂိုဗွိုင်း ၂၂၂၊ ၂၂၃။
ဘွဲ့တံဆိပ်တော်ရ
ဆရာတော်ကြီးများ ၃၃–၄၁၊ ၁၆၂၊ ၂၃၃။

မ

မနန်းစိုး၊ မနန်းစံ ၂၉၄။
မမျိုးဉ ၂၉၁၊ ၂၉၂။
မလေးရှား ၂၀၈။
မဟာသီယာ ၂၁၊ ၂၀၈။
မီယာဇာဝါ ၂၁၊ ၁၆၅၊ ၁၈၃။
မီးတောင်ပေါက်ကွဲခြင်း ၃၀၄။
မီးထရောင်း, ဖရန်ဆွာ ၃၊ ၁၇၄၊ ၁၈၃။
မူးယစ်ဆေးဝါး
အန္တရာယ် ၂၄၊ ၃၁၊ ၂၄၁–၂၄၆၊ ၃၁၇။
မေဝိယ၊ ဆရာတော်ဘဒ္ဒန္တ ၃၆။
မေဂျာ, ဂျွန် ၂၀၊ ၁၈၃၊ ၂၇၂၊ ၂၇၄၊ ၂၇၅။
မေမြ၊ ဒေါ်(ရုပ်ရှင်မင်းသမီးကြီး) ၂၄၆၊ ၂၄၇။
မိုးကြီးရေလျှံခြင်း ၃၀၄–၃၀၆။
မက်စထရစ်ချ်စာချုပ် ၂၃၊ ၂၇၂၊ ၂၇၃၊ ၂၇၄။
မက်စီယာ, ဗလာဒီမာ ၁၅၃၊ ၁၅၄၊ ၁၆၀။
မင်းကွန်းဆရာတော် ၄၀။
မောင်ပြုပြင်(ကျူပျော်) ၂၄၇။
မောင်မောင်ခင်၊ ဒုတိယ
ဗိုလ်ချုပ်ကြီး ၈၊ ၁၅၊ ၂၂၊ ၂၉။
မောင်သင်(အကယ်ဒမီ) ၂၄၇၊ ၂၄၈။
မောင်အေး၊ ဒုတိယ ၁၇၊ ၁၉၊ ၂၄၊ ၂၆၊ ၃၀၊
ဗိုလ်ချုပ်ကြီး ၃၁။
မုန်တိုင်း ၃၀၆၊ ၃၀၇။
မြနန်းစံကျော် ၄၉။
မြေပြိုခြင်း ၃၀၇။
မြောက်ကိုရီးယား ၁၈၄၊ ၁၉၀။
မြင်းစီးနည်း ၃၇မျိုး ၄၄။
မြစ်ယံပွဲကြီး ၄၃။
မြန်မာနိုင်ငံ တပေဆုများ ၂၄၈–၂၅၀။
မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု ၇၁–၈၀၊
၈၃–၈၅၊ ၂၅၀–၂၅၉၊
၃၁၆–၃၁၇။

မြန်မာနိုင်ငံနှင့် ကျွန်းမာရေး
စောင့်ရှောက်မှု စနစ်အမျိုးမျိုး ၉၃။
မြန်မာနိုင်ငံ မိခင်နှင့်ကလေး
စောင့်ရှောက်ရေးအသင်းဥပဒေကို
ပြင်ဆင်သည့် ဥပဒေ ၆၁။
မြန်မာ့ကုန်စည်ပြပွဲ ၃၂။
မြန်မာ့ကုန်တိုက် ၃၂။
မြန်မာ့ရိုးရာ ယဉ်ကျေးမှု ၂၄၊၂၅၊၄၅၊
အဆိုအက အရေးအတီးပြိုင်ပွဲ ၂၅၉-၂၆၁။

ယ

ယူကရိန်း သမ္မတနိုင်ငံ ၂၆၁-၂၆၆။
ယူဂိုဆလားဗီးယားနိုင်ငံ ၂၆၆။
ယူနိုက်တက်ကင်းဒမ်း ၂၆၊၂၇၁-၂၇၇။
ယဲ့လ်ဆင်, ဘောရစ် ၂၄၊၂၆၊၂၆၁၊၂၇၂၊
၂၇၉၊၂၈၆၊၂၈၈၊၂၈၉။

ရ

ရာနာရင် ၁၄၀-၁၄၉။
ရာဘင်,အစ်ဇက် ၂၅၊၃၁၄။
ရစ်ကျိုင်း,အလက်ဇန္ဒား ၂၈၂၊၂၈၄၊၂၈၅၊
၂၈၆။
ရုရှားနိုင်ငံ ၂၇၊၃၁၊၂၆၃၊၂၇၇-၂၈၉။
ရူမီကိုး,ဗလာဒီမာ ၂၈၆။
ရူပေး,ဝေါလကာ ၁၇၂။
ရေခင်းတော် ၄၃၊
ရေအားလျှပ်စစ်ဓာတ်အားပေးရုံများ၂၅၆။
ရင်ချင်းဆက်အပြာ ၂၁၊၂၂၊၂၈၉၊၂၉၅။
ရောင်း,နာရာဆင်ဟာ ၃၂၂-၃၂၄။
ရန်ကုန်-မန္တလေး ခြောက်လမ်း
သွားလမ်း ၂၁။
ရန်ကုန်-သန်လျင်တံတားကြီး ၂၂၊၂၅၅၊
၂၅၆၊၂၉၆၊၂၉၇။
ရုပ်ရှင်ထူးချွန်ဆု(ရွှေကမ္ဘာလုံး) ၂။
ရူရစ်ပ်,နာဝပ် ၂၁၊၂၁၂-၂၁၉။
ရှိုဟာနာဝေ ၁၂။
ရွှေပြ၊ ဦး(သရေစည်သူ) ၂၉၇၊၂၉၉။

လ

လတာနှန်းတိုးမြှင့်သတ်မှတ်ခြင်း ၂၅၁။
လမှန်, နော်မန် ၂၇၅။
လာဘ၊ ဆရာတော် ဘဒ္ဒန္တ ၃၆။
လီပင်း ၁၈၈။
လူ့အခွင့်အရေး ၁၃၈။
လောပြည်သူ့ဒီမိုကရက်တစ်
သမ္မတ နိုင်ငံ ၂၉၉၊ ၃၀၀။
လက်ဇေ့ ၂၊၃၊ ၉၊ ၂၇။
လင်းယုန်သစ်လွင် ၃၀၀-၃၀၂။
လစ်ဗျားနိုင်ငံ ၁၃၄၊ ၁၈၄။
လမ်းတံတားပြုပြင်
တည်ဆောက်ရေး ၂၅၃-၂၅၅။
လှရွှေ၊ ဦး
(အငြိမ်းစားပါမောက္ခချုပ်) ၃၀၂။
လော့ကားဥယျာဉ် ၁၀၆-၁၁၂။

ဝ

ဝါသေဋ္ဌာဘိဝံသ၊ ဆရာတော်
ဘဒ္ဒန္တ ၃၅၊ ၃၉။
ဝိစိတ္တသာရာဘိဝံသ၊ ဆရာတော်
ဘဒ္ဒန္တ ၃၊ ၈၊ ၄၀။

သ

သဘာဝဘေးဒဏ် ၃၀၂-၃၀၇၊ ၃၁၈။
သိရိလင်္ကာနိုင်ငံ ၁၄၊ ၃၀၇-၃၀၉။
သိရိသုဝဏ္ဏသိင်္ဂီ ၃၅။
သီဟဗဟ၊ ဆရာတော်ဘဒ္ဒန္တ ၃၆။
သီဟသုဝဏ္ဏ မဏိဇောတဓရ ၃၅။
သီဟသုဝဏ္ဏသိင်္ဂီ ၃၅။
သီဟာနု ၁၄၀-၁၄၉။
သုခ၊ ဦး ၁၈၆။
သုစိတ္တ၊ ဆရာတော် ဘဒ္ဒန္တ ၃၅။
သုဝဏ္ဏ မဏိဇောတဓရ ၃၅။
သုဝဏ္ဏသိင်္ဂီ ၃၅။
သုမနာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ ၃၅။
သူရိယ၊ ဆရာတော် ဘဒ္ဒန္တ ၃၅။
သေဋ္ဌိလာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ ၃၅၊ ၃၈။
သံဝရာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ ၃၆။
သက်ရှာ, မာဂရက် ၂၇၂၊ ၂၇၅။
သနေ့သားလောင်း ၂၉၁၊ ၂၉၂။
သန်းရွှေ၊ ဗိုလ်ချုပ်မှူးကြီး ၁-၃၂၊ ၀၀၊ ၂၂၅၊

ဟ

ဟာဗဲ, ဗက်ကလပ် ၁၅၄၊ ၁၅၅၊ ၁၅၉။
ဟိုဆိုကာဝါ, မိုရိဟိရိ ၂၂၊ ၁၆၄၊ ၁၆၆။
ဟက်ဘန်း, အော်ဒရေ ၂၀၄။
ဟွန်ဆန် ၁၄၀-၁၄၉။
ဟွန်နက်ကာ, အဲရစ် ၁၆၉။

အ

အပြည်ပြည်ဆိုင်ရာ ငွေကြေး
ရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) ၁၈၄၊
အဘိဓဇ မဟာရဋ္ဌဂုရု ၃၄၊
အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ၃၄၊
အမေရိကန်ပြည်ထောင်စု ၈၈၊ ၂၃၀၊ ၂၄၄၊
အမျိုးသားစာပေဆု(၁၉၉၂) ၂၄၉၊ ၂၅၀၊
အမျိုးသားဆောင်ပုဒ်များ
အကောင်အထည်ဖော်သည့်
စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ၃၁၀၊၃၁၁။
အမျိုးသားညီလာခံ ၂၊ ၂၄၊၂၅၊
၆၂-၇၀၊ ၂၅၁။
အရှေ့အလယ်ပိုင်းဒေသ ၂၅၊၁၃၄၊၃၁၁၊၃၁၄။
အာစီယံနိုင်ငံများ ၁၉၀၊ ၂၀၄၊ ၂၀၆။
အာနန်ပန်ယာချွန် ၂၀၄။
အာယတ်, နက်ဗ်ဇတ် ၁၉၃။
အာရာဖတ်, ယာဆာ ၂၅။
အီဘူဆေ ၂၀၄။
အီရတ်နိုင်ငံ ၂၁၊၁၈၄၊၁၃၁-၁၃၃၊
အီရန်နိုင်ငံ ၁၈၄။
အေဆိုင်ဒီအက်စ် ၂၊၃၊၁၀၊၁၁၊၁၅၊၁၉၊၂၄၊
၃၁၊၁၁၅၊ ၃၁၄-၃၁၈။
အေးအေးငြိမ်းနှင့် အိအိငြိမ်း ၂၉၂-၂၉၄။
အဲလ်မာကေလိုစ် ၂၀၄။
အဲလီဇဘတ်၊ ဘုရင်မကြီး ၂၇၃၊၂၇၅။
အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ၃၄။
အဂ္ဂမဟာ ဂန္ထဝါစက ၃၄။
အဂ္ဂမဟာ ပဏ္ဍိတ ၃၄။
အဂ္ဂမဟာသိရိသုဝဏ္ဏမဏိဇောတဓရ ၃၄။
အဂ္ဂမဟာ သိရိသုဝဏ္ဏသင်္ဂီ ၃၅။
အဂ္ဂမဟာသဒ္ဓမ္မဇောတိက ၃၄။
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ၃၄။
အင်ဒဲဗား၊ အာကာသ လွှန်းပျံယာဉ် ၁၈။
အင်ဒိုနီးရှား သမ္မတနိုင်ငံ ၃၁၈-၃၂၂။
အင်ဒိယနိုင်ငံ ၄၊၂၀။
အောင်ပန်း-ပင်လောင်းရထားလမ်း ၂။
အစ္စရေး ၉၊၂၇၊၁၃၄၊၁၃၅၊၁၈၄၊၃၁၁။
အစ္စလာမ်မစ် ညီလာခံအဖွဲ့ ၂၆၉။
အစ်ရှတ်ခန်,ဂူလမ် ၂၁၅-၂၁၉။
အိန္ဒိယနိုင်ငံ ၄၊၈၊၁၁၊၁၄၊၃၄၊၂၄၄
၃၂၂-၃၂၅။
အိပ်ချ်အိုင်ဗွီပိုး ၃၁၅၊၃၁၇။
ဥတ္တမဝံသ၊ ဆရာတော် ဘဒ္ဒန္တ ၃၆။
ဣန္ဒာစာရ၊ ဆရာတော် ဘဒ္ဒန္တ ၁၃၊ ၁၆၊
၄၀။
အမ်နိုင်ပြဘိုးချိန်၊ ဦး ၃၂၅။
အမ်ယောနမ်၊ ဒေါ် ၂၂၆-၂၂၈။